www.burmeseclassic.com

# တစ်ထောင့်တစ်ည ပုံပြင်များ

သခင်ဘသောင်း

အဋ္ဌမအကြိမ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

Today Book Store
3200.00Ks.
T00230

ရှေးကာလလူများ၏ အဖြစ်အပျက်
အတွေ့အကြုံများသည်
ယခုကာလ လူများအဖို့
မှတ်သားစံယူဖွယ်ရာ ဖြစ်သည်။
ရှေးကာလလူများ၏ ထူးခြားသော
အဖြစ်အပျက်များကို
ကြားသိရသဖြင့် ယခုကာလ
လူများသည် ဆင်ခြင်နိုင်သည်။
ရှေးကာလလူများ၏ အတွေ့အကြုံများကို
လေ့လာမှတ်သားရသဖြင့်
မဆင်မခြင်လုပ်မှုများမှ
ကင်းလွတ်နိုင်သည်။
ဆန်းကြယ်သော တစ်ထောင့်တစ်ည
ဝတ္ထုပုံပြင်များသည် ဤကဲ့သို့
မှတ်သားစံယူဖွယ်
ဝတ္ထုပုံပြင်များ ပေတည်း။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဤဒွန္ဒယာမှာ ...

သင်က သူများကို နိုင်လျှင်
သင့်ကိုလည်း အလာဟုအရှင်က
နိုင်တတ်ပါသည်။

"ကျော်လှိုင်ဦးသည် ဆရာကြီး သခင်ဘသောင်း ဘာသာပြန်ပြီး ပုံဝတ္ထုများကို ဇာတ်ကြောင်း အဆက်အစပ် ရှိရုံသာ အကျဉ်းမျှ ဖော်ပြပြီး ...

အကျဉ်းဖော်ပြထားသော ပုံဝတ္ထုများကို အပြည့်အစုံ ဖတ်ရှုလိုပါက ဆရာကြီး သခင်ဘသောင်း၏ **တစ်ထောင့်တစ်ည** ကို ဖတ်ရှုနိုင်ပါ၏။"

[ ကျော်လှိုင်ဦး၊'ဘာသာပြန်သူ၏ စကားဦး'၊ **တစ်ထောင့်တစ်ည** ပုံပြင်များ(၁)၊ မျက်-ဂ။
စတုတ္ထအကြိမ်၊ ဇူလိုင် ၁၉၉၇ ခုနှစ်၊ စပယ်ဦးစာပေ ]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်"

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## သခင်ဘသောင်း [၁၉၀၁–၁၉၈၁]

မကွေးတိုင်း နတ်မောက်မြို့နယ် ငွေးချိုဒိုင်ကုန်းရွာတွင် အဖ ဦးမြစ်၊ အမိ ဒေါ်လေးခင်တို့က ၁၉၀၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက် ကြာသပတေးနေ့တွင် ဖွားမြင်သည်။ မွေးချင်း လေးယောက် အနက် ဒုတိယမြောက် ဖြစ်သည်။

၁၉၀၆ ခုနှစ်တွင် တောင်တွင်းကြီးမြို့ ဗိမာန်ကျောင်း၌ မြန်မာစာ စတင်သင်ကြားသည်။ ထို့နောက် မြို့သစ်မြို့ ဦးစိုးမင်း၏ တိုင်းရင်းမြန်မာ မူလတန်းကျောင်း၊ တောင်တွင်းကြီးမြို့ အင်္ဂလိပ်–မြန်မာ အစိုးရအလယ်တန်းကျောင်း၊ မန္တလေးမြို့ ဗုဒ္ဓသာသန နုဂ္ဂဟ အထက်တန်းကျောင်း (B.T.N)တို့တွင် ပညာသင်ကြားခဲ့သည်။ ၁၉၂၀ ပြည့်နှစ် ဆယ်တန်းတွင် ပညာသင်ကြား နေစဉ် ကိုလိုနီပညာရေးစနစ်ကို သပိတ်မှောက်ခဲ့ပြီးနောက် ကျောင်းမှ ထွက်ခဲ့ကာ နိုင်ငံရေး လောကသို့ ဝင်ခဲ့သည်။

၁၉၂၂–၂၃ ခုနှစ် အမျိုးသားကျောင်းများ ပေါ်ပေါက်လာသောအခါ မန္တလေး၊ ရွှေဘို၊ ပုသိမ်မြို့ များတွင် စေတနာ့ဝန်ထမ်း အမျိုးသားကျောင်းဆရာအဖြစ် ဝင်ရောက်အမှုထမ်းသည်။ ၁၉၂၄– ၂၅ ခုနှစ်တွင် နယူးဘားမား အင်္ဂလိပ်သတင်းစာ လက်ထောက်အယ်ဒီတာ၊ ထို့နောက် အတွင်းဝန် ရုံးရှိ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်တွင် လက်ထောက် ပိဋကတ်တိုက်မှူး၊ ၁၉၂၈ ခုနှစ် ဩဂုတ်လမှ ၁၉၃၁ ခုနှစ် ဇူလိုင်လအထိ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်း တည်းဖြတ်သူ၊ မြန်မာနိုင်ငံ ပညာပြန့်ပွားရေးအသင်း၏ အတွင်းရေးမှူး၊ ၁၉၃၃ ခုနှစ် ဇန်နဝါရီလ ၂၁ ရက် စနေနေ့တွင် တို့ဗမာ အစည်းအရုံး၏ အာဘော်ဖြစ်သော တို့ဗမာသတင်းစဉ်အတွဲ(၁)၊ အမှတ် (၁)ကို စီစဉ်ထုတ်ဝေခဲ့သည်။ သခင်အမည်ကို စတင်သုံးစွဲသူ ဖြစ်သည့်ပြင် တို့ဗမာအစည်းအရုံး စတင် တည်ထောင်သူများအနက် တစ်ဦးအပါအဝင် ဖြစ်ခဲ့သည်။ ၁၉၄၂ ခုနှစ် ဂျပန်ခေတ်ဦးတွင် ဘာသာပြန်ဌာန၌ ခေတ္တဝင်ရောက်လုပ်ကိုင်ခဲ့သည်။ လွတ်လပ်ရေး ရပြီးနောက် မြန်မာ့ရုပ်ရှင် အဆင့်အတန်း မြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်၊ 'မြန်မာနှင့်ကမ္ဘာ' စာစောင် အယ်ဒီတာအဖွဲ့ဝင်၊ အသံလွှင့်ရုံ ပြန်ကြားရေးဌာန၊ ပြန်ကြားရေးရုံး စိစစ်ရေးမှူး၊ ရုပ်ရှင်စိစစ်ရေးအဖွဲ့တို့တွင်လည်း တာဝန်ယူ ဆောင်ရွက်ခဲ့သည်။

၁၉၁၈ ခုနှစ်ခန့် ရှစ်တန်းကျောင်းသားဘဝကပင် ဗဟိုစည်သတင်းစာတွင် မြန်မာဘာသာဖြင့် လည်းကောင်း၊ နယူးဘားမား သတင်းစာတွင် အင်္ဂလိပ်ဘာသာဖြင့် လည်းကောင်း ဆောင်းပါး များ စတင်ရေးသားခဲ့သည်။ ၁၉၂၇ ခုနှစ်ထုတ် ဂန္ထလောကမဂ္ဂဇင်း၏ တတိယအကြိမ်မြောက် ဘာသာပြန်ပြိုင်ပွဲမှ စတင်၍ ငါးကြိမ်ဆက်တိုက် ပထမဆု ရရှိခဲ့သည်။ ထင်ရှားသည့် စာအုပ်များ မှာ ဆရာဝန်ပါပဲ(၁၉၂၈)၊ ပန်းသာမစာအု(၁၉၃၆)၊ တိုက်သင်္ဘော ဝံပုလွေ (၁၉၄၀)၊ ရေနံ [ပထမတွဲ](၁၉၄၀)၊ တိုင်းပြည့်ရန်သူ(၁၉၄၁)၊ အမေလေး(၁၉၅၀)၊ ခြေလေးချောင်း တော်လှန် ရေး(၁၉၅၁)၊ ဗိုလ်တင်းပုတ် ပြည်ဝင်(၁၉၅၈)၊ မျက်မမြင်တိုင်းပြည်(၁၉၆၀)၊ သူခိုးအာမက် (၁၉၆၁)၊ ဒေးဗစ်ကော့ပါးဖီး(၁၉၆၁)၊ ဗုဒ္ဓ၏ စကြဝဠာတရား (၁၉၇၅) တို့ ဖြစ်ကြသည်။ 'ကမ္ဘာ့ရာဇဝင်ချုပ်' ဖြင့် ဝေလမင်းသားဆု(၁၉၂၉–၃၀)၊ 'ကမ္ဘာပတ်လည် ရက်ရှစ်ဆယ်'ဖြင့် ယူနက်စကို ဘာသာပြန်ဆု(၁၉၅၉–၆၀)၊ ၁၉၈၀ ပြည့်နှစ် ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံတော် ကောင်စီ၏ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်ဘွဲ့ ချီးမြှင့်ခြင်း ခံရသည်။

၁၉၈၁ ခုနှစ် ဧပြီလ ၂၁ ရက်၊ ညနေ ၅ နာရီ ၃၀ မိနစ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ဇနီး ဒေါ်သန်းကြည်နှင့် သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၁ ထုတ်
ရာပြည့်စာအုပ်များ

၁၃၄။ ရွှေဥဒေါင်း၏ သူရဲကောင်းသုံးယောက်
၁၃၅။ စာရေးဆရာများ၏ စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ
၁၃၆။ ဦးရွှေအောင်၏ ကုသိုလ်နှင့် အကုသိုလ်
၁၃၇။ ဇော်ဂျီ၏ မဟာဆန်ချင်သူ
၁၃၈။ ဗိုလ်အေးမောင်၏ လူလော နာနာဘာဝလော (Invisible Man by H.G. Wells)
၁၃၉။ တင်မောင်မြင့်၏ မဒမ်ကျူရီ (Madame Curie by Eve Curie)
၁၄၀။ ဒေါက်တာခင်လေးမြင့်၏ မင်းသားလေး
၁၄၁။ ရွှေဥဒေါင်း၏ ဝသုံးလုံး
၁၄၂။ မြတ်ငြိမ်း၏ တီထွင်တွေး (Creative Thinking by Michael Le Boeuf)
၁၄၃။ မောင်ပေါ်ထွန်း၏ ယက်ဗ်တူရှင်ကို [ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ]
၁၄၄။ ရွှေဥဒေါင်း၏ ရုပ်ခွဲနာမ်ခွဲ နှင့် အခြားဝတ္ထုတိုများ
၁၄၅။ ခင်မျိုးချစ်၏ မိုင်ကယ်အိန်ဂျယ်လို
၁၄၆။ ကျော်အောင်၏ ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ
၁၄၇။ တင်မောင်မြင့်၏ လက်ထပ်ထိမ်းမြားခြင်း အနုပညာ
၁၄၈။ ဦးရွှေအောင်၏ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း
၁၄၉။ မြင့်သန်း၏ ဖရန့်(ဇ) ကာ(ဖ)ကာ၏ စာ [ ဘဝ၊ ဝတ္ထုတိုနှင့် အပိုင်းအစများ ]
၁၅၀။ ကြယ်နီ၏ ဝတ္ထုတိုပေါင်းချုပ်
၁၅၁။ မြသန်းတင့်၏ လွမ်းမောဖွယ် ကမ္ဘောဇ
၁၅၂။ မောင်သိန်းအောင်(နိုင်ငံခြားငွေ)၏ ဟစ်တလာ၏ အမာခံလက်ရုံး ဒေါက်တာဂိုးဘဲလ်
၁၅၃။ မောင်ရဲနိုင်၏ ဆည်းဆာ (The Age of Discretion by Simone de Beauvoir)
၁၅၄။ ဂျာနယ်ကျော်မမလေး၏ ရင်နင့်အောင်မွေး
၁၅၅။ မောင်သန်းဆွေ(ထားဝယ်)၏ ကုန်းဘောင်ရှင်းတမ်း
၁၅၆။ မောင်ထင်၏ ဂါလီဗာ၏ ခရီးစဉ်
၁၅၇။ ရွှေဥဒေါင်း၏ ကိုယ်ရံတော်
၁၅၈။ ကြည်အေး၏ အိပ်မက်နှင်းမြူ ဝတ္ထုတိုစု

၂၀၀၂ ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ဝေမည့် စာအုပ်များ

၁၆၁။ စာရေးဆရာများ၏ ဂေဘာရီယယ် ဂါစီယာ မားကွက်စ်၏ လက်ရွေးစင် ဝတ္ထုတိုများ
၁၆၂။ မောင်သုတ၏ စာဆိုတော်များ အတ္ထုပ္ပတ္တိ (မောင်ခင်မင်-တည်းဖြတ်)
၁၆၃။ ကမ္ဘာ့အကြီးကျယ်ဆုံး သိပ္ပံပညာရှင်များနှင့် တီထွင်သူများ
၁၆၄။ လင်းယုန်မောင်မောင်၏ ဇော်တင်ပြေးစပိုင်
၁၆၅။ မောင်ခင်မင်(ဓနုဖြူ)၏ နှစ်ငလးဆယ် ဘဝမှတ်တိုင်များ
၁၆၆။ ရွှေဥဒေါင်း၏ သုံးပေါက်ချွန်းနှင့် အခြားဝတ္ထုတိုများ
၁၆၇။ စိုးမြိုင်(မြန်မာပြန်) မရဏတော်င်ကြား(ရှားလော့ဟုမ်း ဝတ္ထုရှည်)
၁၆၈။ တက္ကတိုး၏ ဗျွန်ဇော့် အတွေးအခေါ် မှတ်စုများ

ရာပြည့်စာအုပ် ၁၅၉

# သခင်ဘသောင်း

# တစ်ထောင့်တစ်ည

# ပုံပြင်များ

ရာပြည့်စာအုပ်တိုက်
အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ဖုန်း။ ၀၁-၂၉၆၆၇၁ (အိမ်)၊ ၂၅၂၇၉၈ (ဆိုင်)
[ ၁၊ ဇန်နဝါရီ၊ ၂၀၀၂ ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် [၂၂၈/၁၉၉၉ (၃)]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [၄၁/၂၀၀၁ (၉)]

❏

ပုံနှိပ်ခြင်း
ပထမအကြိမ် –(ပ၊ ဒ၊ တ တစ်အုပ်စီ။ ၁၉၅၈) ရှုမဝတိုက်ထုတ်
ဒုတိယအကြိမ် –(ပ၊ ဒ၊ တ ပေါင်းချုပ်။ ၁၉၇၄) စပယ်ဦးစာပေ
တတိယအကြိမ် –(ပ၊ ဒ၊ တ ပေါင်းချုပ်။ ၁၉၇၅) စပယ်ဦးစာပေ
စတုတ္ထအကြိမ် –(ပ၊ ဒ၊ တ ပေါင်းချုပ်။ ၁၉၇၆) စပယ်ဦးစာပေ
ပဉ္စမအကြိမ် –(ပ၊ ဒ၊ တ ပေါင်းချုပ်။ ၁၉၇၉) စပယ်ဦးစာပေ
ဆဋ္ဌမအကြိမ် –(ပ၊ ဒ၊ တ ပေါင်းချုပ်။ ၁၉၉၀) စပယ်ဦးစာပေ
သတ္တမအကြိမ် –(ပ၊ ဒ၊ တ ပေါင်းချုပ်။ ၁၉၉၇) စပယ်ဦးစာပေ
အဋ္ဌမအကြိမ် –(ပ၊ ဒ၊ တ၊ ပေါင်းချုပ်။ ၂၀၀၂) ရာပြည့်စာအုပ်တိုက်
အုပ်ရေ [၁၀၀၀]

❏

မျက်နှာဖုံးနှင့် အတွင်းစာသား ပုံနှိပ်သူ
ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊ ရာပြည့်အော့ဖ်ဆက်
အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❏

ထုတ်ဝေသူ
ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ
အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

❏

အတွင်းဖလင်
အေဇက်

❏

စာအုပ်ချုပ်
ကိုမြင့်

❏

မျက်နှာဖုံး ပန်းချီ
ဇော်မောင်

❏

အတွင်းသရုပ်ဖော်
ဦးငွေကိုင်နှင့် ဦးဘဂျမ်း

❏

တန်ဖိုး
၃၀၀၀ ကျပ်

# မာတိကာ

– မစ္စတာဖာနီဗယ်၏ နိဒါန်း ၉
– INTRODUCTION by Mr. J.S. Furnivall ၁၂
– သခင်ဘသောင်း၏ ပလ္လင်ခံစကား ၁၃
၁။ ယှာဋ္ဌိယ မင်းညီနောင် ၁၇
၂။ တိရစ္ဆာန်စကားတတ်သော တောင်သူကြီး ၃၃
၃။ ဗဂ္ဂဒက် ညီအစ်မသုံးဖော် ၄၄
၄။ ပထမ ဖိုးသူတော် ဝတ္ထု ၅၉
၅။ ဒုတိယ ဖိုးသူတော် ဝတ္ထု ၆၈
၆။ ရန်သူကို ဆုချသော ယောကျာ်းမြတ် ဝတ္ထု ၇၉
၇။ တတိယ ဖိုးသူတော် ဝတ္ထု ၉၄
၈။ ဇိုဗေဒါ ဝတ္ထု ၁၁၄
၉။ အမိနာဝတ္ထု ၁၂၃
၁၀။ တံငါသည်နှင့် သရဲကြီး ဝတ္ထု ၁၃၃
၁၁။ ကျွန်းနက်ရှင် ဝတ္ထု ၁၄၆
၁၂။ သစ်သော့သီး သုံးလုံး ၁၅၄
၁၃။ အလီနှင့် သား ဟာစန် ၁၆၃
၁၄။ ဃနင်ဗင်အေးယုတ်ပုံ ၁၉၉
– ပထမ သင်းကွပ် ဇူခိတ်ပုံ ၂၀၄
– ဒုတိယသင်းကွပ် ကဖူးပုံ ၂၀၆
၁၆။ ဥဒေါင်းဖိုနှင့် ဥဒေါင်းမ ၂၃၀
၁၇။ ရသေ့ကြီး ၂၄၃
၁၈။ ကမာအာဇမန်မင်းသား ၂၄၈
၁၉။ ဗူဒူထိပ်ထားနှင့် ကမာအာဇမန် မင်းသား ၂၉၀

www.burmeseclassic.com

www.burmeseclassic.com


၂၀။ အေဗုံနီမြို့မှ နုဖုမင်းသမီးကလေး ၂၉၈
၂၁။ တေး အမျိုးသား ဟာတင် ၃၁၈
၂၂။ မြို့ဝန် မာအန်း ၃၂၁
၂၃။ အဗဒူလာနှင့် ကုလားအုတ်မ ၃၂၄
၂၄။ တံမြက်လှည်းနှင့် မင်းသမီး ၃၂၈
၂၅။ ပါယုပြည်သား အလီ ၃၃၄
၂၆။ ရွှေစားခွက်ကို လှူသည့်ခွေး ၃၃၉
၂၇။ ကွက်ကျော် အိပ်မက်ပုံ ၃၄၂
၂၈။ စက်မြင်းပျံ ၃၄၄
၂၉။ ကုန်းတွင်းသား ဆင်ဒဗတ်နှင့် ပင်လယ်ခရီးသွား ဆင်ဒဗတ် ၃၇၇
၃၀။ ဆင်ဒဗတ်၏ ပထမ ပင်လယ်ခရီး ၃၈၀
၃၁။ ရေ ဆင်ဒဗတ်၏ နှစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ် ၃၈၉
၃၂။ ရေ ဆင်ဒဗတ်၏ သုံးကြိမ်မြောက် ပင်လယ်ခရီးစဉ် ၃၉၇
၃၃။ ရေ ဆင်ဒဗတ်၏ လေးကြိမ်မြောက် ပင်လယ်ခရီးစဉ် ၄၀၈
၃၄။ ဆင်ဒဗတ်၏ ငါးကြိမ်မြောက် ပင်လယ်ခရီးစဉ် ၄၁၉
၃၅။ ဆင်ဒဗတ်၏ ခြောက်ကြိမ်မြောက် ပင်လယ်ခရီးစဉ် ၄၂၈
၃၆။ ဆင်ဒဗတ်၏ ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ် ၄၃၈
၃၇။ အလာဒင် ၅၀၀


BURMESE CLASSIC .com

## မစ္စတာ ဟာနိဗယ် ၏
## နိဒါန်း

မြန်မာပြည်သည် မိမိရာဇဝင်တစ်လျှောက်လုံး ဘယ်တိုင်းဘယ်ပြည်နှင့်မျှ မဆက်ဆံဘဲ အထီးတည်း နေခဲ့ပြီးနောက် စိတ်ဓာတ်အသစ်ဝင်၍ အခြားအခြားသော တိုင်းကြီး ပြည်ကြီးများနှင့် ရင်ပေါင်တန်း လိုက်လိုသော ဆန္ဒများ ပေါ်လာသည်ကို လွန်ခဲ့သော အနှစ်အစိတ်ခန့်က ကျွန်ုပ်တို့ လေး ငါး ယောက် စေတနာ ထက်သန်စွာဖြင့် စောင့်၍ ကြည့်ခဲ့ကြသည်။ ထိုစဉ်အခါက ခေတ်စားသော၊ စကားလုံးကြွယ်ကြွယ်နှင့် တန်ဆာ ဆင်၍ ရေးသော မြန်မာစာရေးနည်းမျိုးမှာ ရှေးမြန်မာမင်းတို့ ခေတ်အတွက် ကောင်းသော်လည်း ခေတ်သစ်မြန်မာပြည်အဖို့ မလုံလောက်တော့သဖြင့် ယခုခေတ်ပေါ် ရောင်းဝယ်မှု ပညာရပ်များနှင့် လောကဓာတ် (သိပ္ပံ) ပညာရပ်များကို မြန်မာလူမျိုးတို့ ဖတ်ရှုနိုင်စေရန် ပညာဖြန့်ချိရေးအတွက် မြန်မာစာရေးနည်း အသစ်ရှာကြံဖို့ လိုအပ်သည်မှာ ထင်ရှားနေသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ထိုစဉ်က ကျွန်ုပ်တို့ ထုတ်ဝေလျက်ရှိသော လစဉ်ထုတ် **ဂန္ထလောက** မဂ္ဂဇင်းတွင် ထင်ရှားသော အင်္ဂလိပ် စာရေးဆရာကြီးတို့၏ ရေးသားချက်များကို ထုတ်နုတ်၍ မြန်မာဘာသာပြန်ရန် ဘာသာပြန်ပြိုင်ပွဲများ လစဉ် လစဉ် ကျင်းပ ပေးခဲ့သည်။ ထိုဘာသာပြန်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်သူ တစ်ယောက်သည် အခြား ယှဉ်ပြိုင်သူများ မပါဘိသည့်အလား သူချည်း လေးခါ ငါးခါလောက် ဆက်ကာ ဆက်ကာ ဆုကို ယူတော့သည်။

ကျွန်ုပ်တို့သည် လူတစ်ယောက်တည်းကိုချည်း တစ်လပြီး တစ်လ ဆက်ကာ ဆက်ကာ ဆုပေးနေ၍ မဖြစ်။ သည်လိုသာ လူတစ်ယောက်တည်းကို ဆက်ကာ ဆက်ကာ ဆုပေးနေမည်ဆိုလျှင် ကျွန်ုပ်တို့ပြိုင်ပွဲမှာ ရယ်စရာဖြစ်နေဖို့ ရှိတော့သည်။ ထိုအခိုက်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့မှာလည်း ဂန္ထလောက မဂ္ဂဇင်း မြန်မာစာပိုင်းအတွက် တည်းဖြတ်သူ လိုနေသဖြင့် ထိုသူကိုပင် တည်းဖြတ်သူ ခန့်ရမလို ဖြစ်နေသည်။ သူ့ကို တွေ့ရဖို့ကလည်း မလွယ်လှ။ သူက ရှက်တတ်သည်။ သို့ရာတွင် တစ်နေ့သော နံနက်ခင်း၌ အသိဉာဏ် ထူးချွန်၍ စိတ်ဓာတ်ကြံ့ခိုင်သော လူငယ်တစ်ယောက်သည် ကျွန်ုပ်၏ အလုပ်ခန်းသို့ ပေါက်လာပြီးလျှင် ဘာသာပြန်ပြိုင်ပွဲတွင် ဆုရသော မောင်ဘသောင်းမှာ သူပဲ ဖြစ်ပါသည်ဟု ပြောလာသည်။ ဤကား ဤ **တစ်ထောင့်တစ်ည** ရေးသူနှင့် ကျွန်ုပ် ရှေးဦးစွာ စ၍ တွေ့ရခြင်း ဖြစ်သည်။

ထိုအခါက မောင်ဘသောင်းသည် (သတင်းစာတိုက်၌ အမြဲ အလုပ်မလုပ်ဘဲ) လွတ်လပ်စွာ အဝေးမှနေ၍ ဆောင်းပါး ရေးပေးလျက် ရှိသည်။ ထို့နောက် ကျွန်ုပ်က အတော်ကလေး နားချသဖြင့် သူ၏ လွတ်လပ်ခြင်းကို စွန့်လွှတ်ပြီးလျှင် ဂန္ထလောက မဂ္ဂဇင်း၌ ဝင်၍ အလုပ်လုပ်ပါသည်။ ဂန္ထလောက မဂ္ဂဇင်း မြန်မာစာပိုင်းလည်း မောင်ဘသောင်း၏ စိတ်အားထက်သန်မှုကြောင့် အတော်ကလေး ကျော်ကြားလာပြီးလျှင် မြန်မာလူငယ် စာရေးဆရာကလေးများ ပေါက်ပွားရာ မျိုးခင်းအဖြစ်သို့ ရောက်၍၊ ဂန္ထလောက မျိုးခင်းမှထွက်သော မြန်မာလူငယ် စာရေးဆရာကလေးများအနက် နောင် အဖို့တွင် မြန်မာစာလောက၌ ကျော်ကြားလာသူ မနည်းပေ။

မောင်ဘသောင်းသည် ကျွန်ုပ်တို့နှင့် အလုပ်လုပ်နေစဉ်ပင် ပြင်သစ်စာရေးဆရာကြီး မော်လယ်၏ "ဆရာဝန်ပါပဲ" ပြဇာတ်ကို မြန်မာဘာသာ ပြန်သည်။ ထိုနောက် မောင်ဘသောင်းသည် ရန်ကုန်တက္ကသိုလ်တွင် မြန်မာစာနည်းပြဆရာ အဖြစ်နှင့် အကျိုး ဖွံ့ဖြိုးသော အလုပ်ကို လုပ်ခဲ့သည်။ ထိုခေတ်က တက္ကသိုလ်တွင် အလုပ်လုပ်ကြသည့် လူငယ် အများနည်းတူ မောင်ဘသောင်းသည် တပည့်များကို ပညာသင်ပေးရင်း အမျိုးသားရေးကိုလည်း ဝါဒဖြန့်သည်။ ထို့နောက် တက္ကသိုလ်တွင် အမျိုးသားရေး ဝါဒဖြန့်သော အလုပ် မလုပ်ရဟု ပိတ်ပင်လိုက်သောအခါ မောင်ဘသောင်းသည် အလုပ်မှ ထွက်လိုက်သည်။ သည်တော့ ထိုစဉ်က တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာဆလော့က ကျွန်ုပ်အား မိမိစိတ်က မှန်သည်ဟု ယုံကြည်သော အယူဝါဒတို့ မစွန့်ဘဲ မိမိ၏ အသက်မွေးမှု အလုပ်ကို စွန့်သော သူမှာ မောင်ဘသောင်း တစ်ယောက်ပဲ ရှိသည်ဟု မောင်ဘသောင်းအကြောင်း ချီးမွမ်းစကား ပြောပါသည်။ အယူကို မစွန့်ဘဲ





အသက်မွေးမှု အလုပ်ကို စွန့်ခြင်းမှာ ချီးမွမ်းဖွယ်ကောင်းသည်ကား မှန်သည်။ သို့ရာတွင် ထိုသို့ ပြုလုပ်ခြင်းကား လောက၌ ကြီးပွားစေတတ်သော ပြုလုပ်ခြင်းမျိုး မဟုတ်ပေ။

အဲသည်အခါဆီလောက်မှာပင် မောင်ဘသောင်းသည် ကျွန်ုပ်၏ အလုပ်ခန်းသို့ တစ်မနက် ပေါက်လာပြီးလျှင် နောက်ကို သူ့အား ကျွန်ုပ်က ခေါ်သည့်အခါ "သခင် ဘသောင်း"ဟု ခေါ်ပါဟု အကြောင်းကြားလာသည်။ ကျွန်ုပ် သိသလောက်မှာ မောင်ဘသောင်းသည် သခင်ကို ပထမ စသူ ဖြစ်သည်။ မောင်ဘသောင်းက သူ့ကို သခင် ဘသောင်းဟု ခေါ်ပါဟု ပြောသောအခါ ကျွန်ုပ်က ဘာမျှမပြောဘဲ ရယ်လိုက်ပါသည်။ သို့ရာတွင် မောင်ဘသောင်းသည် သူ့စိတ်က လုပ်တော့မည်ဟု ပိုင်းဖြတ်ထားသော အလုပ်ကို သူတစ်ပါး ရယ်ကာမျှဖြင့် စွန့်လွှတ်မည့်သူ မဟုတ်။ နောင် အဖို့တွင် မြန်မာပြည် တစ်ဝန်းလုံး သခင်ဝါဒ ပျံ့နှံ့သွားသည်ကို တွေ့ကသော် မောင်ဘသောင်းသည် ယခင်က သူ့ကို ရယ်ထားသူများအား သူက နောက်ဆုံး ပြန်၍ ရယ်နိုင်ပြီဟု ထင်သည်။

ထို့နောက် မောင်ဘသောင်းနှင့် ကျွန်ုပ်တို့ လမ်းခွဲကြသည်။ သို့ရာတွင် တစ်ယောက်နှင့်တစ်ယောက် မိတ်မပျက်ကြပါ။ ယခုလည်း သူပြောသည့်အတိုင်း ဤစာအုပ်ကို နိဒါန်းရေးပေးရသဖြင့် ကျွန်ုပ် ဝမ်းသာသည်။ သခင်ဘသောင်းကို ကျွန်ုပ်က မြန်မာစာဖတ်ပရိသတ်နှင့် နိဒါန်း ပျိုး၍ မိတ်ဆက်ပေးဖို့ လိုသည် မထင်ပါ။ သူရေးသည့် နိဒါန်းတွင်လည်း ဤစာအုပ်ကို နိဒါန်းသွယ်စရာ ရှိသမျှ အချက်များ စုံလင်စွာ ဖော်ပြပြီး ဖြစ်သည်။ ထို့ကြောင့် ဘာသာစကား အမျိုးမျိုး၊ တိုင်းနိုင်ငံအသီးသီးတွင် ပရိသတ် စွဲပြီးဖြစ်သော ဤ **တစ်ထောင့်တစ်ည** ကို ဘာသာပြန်ရာတွင် ထမြောက် အောင်မြင်ပါစေဟု ဆုတောင်းပြီးနောက်၊ ကျွန်ုပ်၏ တာဝန်မှာ သခင်ဘသောင်းထွက်ရန် ပြည်ဖုံးကား ဖွင့်ဖို့ ကလိုင် (ဂလိုင်)သံ ပေးရန် မျှသာ ဖြစ်ပါသည်။

၁၉၄၉ ခု၊ နိုဝင်ဘာလ ၂၁ ရက်။ (ဂျေ အက်စ် ဖာနီဗယ်)

(J.S. FURNIVALL)

www.burmeseclassic.com

www.burmeseclassic.com

## INTRODUCTION
### BY MR. J. S. FURNIVALL

Some twenty-five years ago a few of us were watching with keen interest the birth of a new Burma, a Burma aspiring after centuries of seclusion to take a place among the nations of the mordern world. The elaborate and ornamental style then regarded as a mark of good Burmese was better suited to a mediaeval Court than to a modern people, and one obvious need for new Burma was a style of writing more convenient for diffusing among Burmans a knowledge of the modern world of business and science. Accordingly we started in "The World of Books" (Gantaloka) a monthly periodical that we were then publishing, a series of competitions in translating into Burmese extracts form well known English authors. For three four months in succession the same competitor outshone all his rivals. We could not go on awarding the prize to the same man month after month or the competition would become a farce. But we wanted an editor for the Burmese section of our magazine, and he seemed a likely choice. It was not easy to get in touch with him, for he was a shy bird. But one morning a young man, obviously outstanding in intelligence and force of character, arrived at my office and introduced himself as the successful competitor, Maung Ba Thaung. That was my first meeting with the author of this book.

He was then a free lance journalist but with some persuasion, he agreed to forego his freedom and joined the staff Under his inspiration the Burmese section of the periodical achieved some distinction as a nursery of young Burmese writers, of whom not a few have subsequently become well known in the world of letters. It was while he was still with us that he produced the first Burmese pya-zat, *Saya-wun-ba-be*, an adaptation of Molier's *Le medecin malgre lui*.

Subsequently Maung Ba Thaung did good work as a Burmese tutor at the University. Like many other young men working in the University he combined teaching with nationalist propaganda. When orders were passed forbidding nationalist propaganda Maung Ba Thaung resigned his post, and Mr. Sloss, then Principal, expressed to me his admiration of him as the only one to sacrifice his job rather than his conscience. Admirable-but not the kind of thing that helps a man to get on in the world.

It was about that time that Maung Ba Thaung came into the office one morning and announced that in future I was to address him as Thakin Ba Thaung. He was, I believe, the first thakin. Of course I laughed at him. But he was not to be laughed out of his determination. And in view of the subsequent spread of the thakin movement he would seem entitled to the last laugh.

Afterwards our paths diverged. But we remained good friends, and I am glad to comply with his request for an introduction to this work. I do not think Thakin Ba Thaung really needs introducing to the Burmese public, and in his preface he has said all that needs saying by way of introduction to the book. So, beyond expressing my good wishes for the success of this translation into Burmese of a work that has proved a favourite in so many different languages, in so many different lands, my part merely is to ring up the curtain and leave Thakin Ba Thaung to take the stage.

*21st November 1949.* J.S. FURNIVALL

BURMESE CLASSIC .com

## သခင်ဘသောင်း ၏
## ပလ္လင်ခံစကား

လောကတွင် မယား မျောက်မွေးခြင်းသည် မဆန်း။ ကျွန်နှင့်မယား အတူမထားနှင့် ဆိုသည်ပင် မဟုတ်လော။

မျောက်မွေးသော မယားကို လင်က သတ်ခြင်းလည်း မဆန်း။

သို့ရာတွင် မျောက်မွေးသော မယားကို သတ်ပြီးနောက် မိန်းမ်တစ်ယောက် မကောင်းသည့်အတွက် မိန်းမတစ်မျိုးလုံးကို သတ်ရန်ကြံလျှင် ဆန်းသည်။

ယှာဠိုယမင်းသည် အကယ်ပင် ဆန်းသော မင်းပေတည်း။

မိမိ၏ မိဖုရားခေါင်ကြီး မျောက်မ ထားသည်ကို မျက်ဝါးထင်ထင် တွေ့မြင် ရသဖြင့် ယှာဠိုယမင်းသည် ကြင်ရာမျောက်သား မိဖုရားကြီးနှင့်တကွ ရာဇဝတ်အိုးကို တုတ်နှင့်ထိုးသူ ကြာခိုယောကျ်ား ငစော်ကားအား ရွှေဓားနှင့် လတ်လတ် အသေသတ်ပြီး နောက် အပြစ်မရှိသော သမီးကညာ တစ်ထောင်တို့အား တစ်ည တစ်ယောက်ကျ ခြေတော်တင်၍ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် သတ်၍ သတ်၍ ပစ်တော်မူသတတ်။

သည်မင်း၏ အဖြစ်မှ မဆန်းလျှင် လောကဌ် ဘယ်သူ့အဖြစ်သည် ဆန်းတော့ အံ့နည်း။

မယားသတ်သနင်း ယှာဠိုယမင်းသာ ဆန်းသည်မဟုတ်၊ ယှာဠိုယမင်းလောက် ကို အပျော့ထား၍ ထဆင်ထူး လုံးကြီးတင် ထိမထင်သည့် အမျိုးသမီးပျို ယှာဠ္ဌာဇတ် ကလည်း ရှိသေးသည်။ ယှာဠ္ဌာဇတ်သည် ဝန်ကြီးချုပ်၏ သမီးချော သမီးလိမ္မာပေတည်း။

အပြစ်မရှိသော အမျိုးကောင်းသမီးတို့ကို ကျီးမနိုးခင် ထ၍ ထ၍ သတ်နေ သော ဓားကမြင်းသည့် အလကားသနင်း ယှာဠိုယမင်းကို လက်စားမချေရသော် ဤ ဒွန္တယာကြီးသည် အဘယ်မှာ နေ၍ ကောင်းနိုင်တော့အံ့နည်း။ ငါသည် အမျိုးကောင်း သမီးတို့၏ သေမင်းဖြစ်သော ဤယှာဠိုယမင်း၏ မိဖုရားအဖြစ်ကို ယူပြီးလျှင် သူ စက်တော်မူရာ သလွန်တော်ပေါ်၌ပင် အမျိုးသမီးတို့၏ကိုယ်စား လက်စားချေတော့အံ့။ ဤသို့ ယှာဠ္ဌာဇတ်သည် ကြံမိဟန် တူသတတ်။

"ရန်ကို ရန်ချင်း မတုံ့နှင်းနှင့်" ဟု ဆိုပါလျက် အဘယ်ကြောင့် ယှာဠ္ဌာဇတ် သည် ယှာဠိုယမင်းကို လက်စားချေရန် ကြံဘိသနည်း။ မှားပြီထင်သည်။ ဒွန္တယာမှာ ကြောက်တတ် ဝန်ကင်း ဆိုသည် မဟုတ်လော။ ယှာဠ္ဌာဇတ်သည် ဆန်းသည်၊ တကယ် ပင် ဆန်းသည်။ ယှာဠိုယမင်းက အမျိုးသမီး တစ်ထောင်ကို မဆီမဆိုင် လက်ပံသားကို ဓားနှင့်ချိုင်သလို သတ်လျှင် ယှာဠ္ဌာဇတ်ကလည်း ယှာဠိုယမင်းအား စက်တော်မူရာ



www.burmeseclassic.com

www.burmeseclassic.com



အဆောင်တွင်းသို့ ကိုယ်တိုင်ဝင်၍ တစ်ထောင့်တစ်ည ကြာအောင် လက်စားချေလိမ့်မည် သာတည်း။

'ကိုင်း . . . ပြောနေ ကြာပါသည် ပါပါကြီးရယ်၊ ဇေတီကိုသာ ရှင်ဘုရင်ကြီး ထံ သည်ည အရောက်ပို့ပါ' ဟု ယှာဋ္ဌာဇတ်က သူ့ဖခင် နန်းရင်းဝန်ကြီးအား ပြောသည်။ သည်တော့ နန်းရင်းဝန်ကြီးက 'ဩော်. . . ဇေတီ ဇေတီ၊ တယ်လည်း အပြောရခက်သည့် ဇေတီပါလားနော်' ဟု သက်မ ချ၍ ညည်းရှာသည်။

နန်းရင်းဝန်ကြီး၏သမီး ယှာဋ္ဌာဇတ်က ယှာဋ္ဌီယမင်းအား လက်စားချေရန် စီကာပတ်ကုံး ဖွဲ့နွဲ့ထားသော အကြောင်းကို "တစ်ထောင့်တစ်ည"ဟု ခေါ်သည်။

**တစ်ထောင့်တစ်ည**ကို ဤနိဒါန်း အဆုံးတွင် ဖတ်ရလတ္တံ့။

**တစ်ထောင့်တစ်ည**သည် ကမ္ဘာပေါ်တွင် အဆန်းဆုံးသော ဝတ္ထုတွဲကြီး တစ်ခုဖြစ်သည်။ အများသော ဝတ္ထုတို့နှင့်မတူ။ ဝတ္ထုဆောင် ဝတ္ထုကောင်တို့က ဝတ္ထု အတွင်းမှနေ၍ ဆီလျော်ရာ ဆီလျော်ရာ ဝတ္ထုများကို သူတစ်ပြန် ကိုယ်တစ်ပြန် အကွက်ကျကျ ဆက်၍ဆက်၍ ပြောကြသဖြင့် နှစ်ပင်လိမ်၊ သုံးပင်လိမ်၊ လေးပင်လိမ် ဝတ္ထုသဘောမျိုးလည်း ဖြစ်သည်။ ဝတ္ထုတစ်ခုနှင့် တစ်ခု ပုလဲလုံး သီသကဲ့သို့ စီကာရီကာ သွယ်ထားသဖြင့် ဝတ္ထုပုလဲကုံးဟုလည်း ဆိုနိုင်ပါသည်။ အဖျင်းအညံ့၊ အနာအဆာ မပါသော လက်ရွေးစင် ပုလဲကုံးတွင် မည်သည့် ပုလဲလုံးက ပို၍ကောင်းသည်ဟု ပြောနိုင် ရန် ခက်သည့်နည်းတူ **တစ်ထောင့်တစ်ည** ဝတ္ထုမှာလည်း ဝတ္ထုကောင်း၊ ပုံပြင်ကောင်း များကို ရွေး၍ အပြောကောင်းကောင်းနှင့် ပြောထားသော ဝတ္ထုဖြစ်သဖြင့် ဘယ်ပုံပြင် ဘယ်ဝတ္ထုက ပို၍ကောင်းသည်ဟု အဖိုးဖြတ်နိုင်ဖို့ ခက်သည်။ သို့ရာတွင် တစ်ခု သေချာ သည်။ တစ်ထောင့်တစ်ညဝင် ပုံပြင်ဝတ္ထုတို့မှာ အားလုံးကုန် တစ်မျိုးစီ ကောင်းကြသည် ချည်း ဖြစ်သည်။

**တစ်ထောင့်တစ်ည** ဝတ္ထုများအနက် ရှေးအကျဆုံးမှာ ခရစ်တော်သက္ကရာဇ် ၆၀၀ နှင့် ၇၀၀ တွင်းလောက်က ပေါ်၍၊ နောက်အကျဆုံးဝတ္ထုမှာ ခရစ်တော် သက္ကရာဇ် ၁၅၀၀ နှင့် ၁၆၀၀ တွင်းလောက်က ပေါ်သည်ဟု ပြောကြသည်။ ရေးသူ၏ အမည်ကို မသိရ။ အဘယ့်ကြောင့်ဆိုသော် ရေးသူ မရှိသောကြောင့်တည်း။ **တစ်ထောင့်တစ်ည**မှာ အာရ္ဗဗီလူမျိုးတို့ အစဉ်အလာ ပြောကြသော ဝတ္ထုပုံပြင်တို့ကို စုဆောင်း၍ ထားချက် မျှသာ ဖြစ်သည်။ **တစ်ထောင့်တစ်ည**မှာ ရှေးဦးစွာ အိန္ဒိယပြည်မှ ပေါ်လာပြီးလျှင် အိဋ္ဌန်ပြည်သို့ ရောက်လာသည်။ အိဋ္ဌန်ပြည်မှ တစ်ဖန် အာဋ္ဌဗီပြည်သို့ ရောက်သည်ဟု အချို့ပညာရှိတို့က ဆိုကြသည်။ အချို့ကလည်း အိဋ္ဌန်ပြည်၌ပေါ်၍ အာဋ္ဌဗီပြည်သို့ ရောက်လာသည်ဟု ဆိုကြသည်။

စင်စစ်ဆိုသော် **တစ်ထောင့်တစ်ည**ကို ဘယ်သက္ကရာဇ်က ဘယ်နိုင်ငံတွင် ဘယ်သူ စ၍ ရေးခဲ့သည် ဆိုသော အချက်နှင့် ပတ်သက်၍ ပညာရှိ အချင်းချင်းပင် ယခုတိုင် သဘောကွဲလျက် ရှိကြသေးသည်။ သို့ရာတွင် ဘယ်သူက ဘာပြောပြော





**တစ်ထောင့်တစ်ည**မှာ အနည်းဆုံး အသက်ခြောက်ရာ ခုနစ်ရာခန့်ရှိသော ဝတ္ထုဟောင်း ကြီး ဖြစ်သည်။ ကြာလေ ကောင်းလေ၊ ဟောင်းလေ သစ်လေ ဝတ္ထုများအနက် **တစ်ထောင့်တစ်ည**သည် ဇော်ထက်ဇော်၊ ကျော်ထက်ကျော် ဖြစ်သည်။

ထို့ကြောင့် **တစ်ထောင့်တစ်ည**ကို ဘယ်သက္ကရာဇ်က ဘယ်နိုင်ငံတွင် ဘယ်သူ ရေးခဲ့သည်ဟူသော အချက်ကို ပြည်ဖုံးကားချ၍၊ ဝတ္ထု၏ ပြကတေ့ကောင်းခြင်းကို အခြေထား၍ ဆုံးဖြတ်မည်ဆိုပါလျှင် **တစ်ထောင့်တစ်ည**သည် အဖိုး မဖြတ်နိုင်သော ဝတ္ထုပုလဲကုံးပေတည်း။

**တစ်ထောင့်တစ်ည**သည် ဖတ်ရသူတို့အား ဖတ်ကြသည့် ခဏ၌ လောက၌ မိမိတို့ လက်ငင်း တွေ့နေကြရသည့် မသာယာမှု အပေါင်းတို့ကို တစ်ခဏသော်မျှ ကင်းငြိမ်းစေနိုင်ပေလိမ့်မည်။

မသာယာသော တရားတို့ ကင်းငြိမ်းသည့် ခဏသည် လောကနိဗ္ဗာန်ပင် မဟုတ် လော။ လောကနိဗ္ဗာန်၏ အရသာကို ခံစားလိုကြကုန်သော၊ မသာယာမှု လှိုင်းဂယက် ရိုက်ပုတ်ခြင်းကို ခံ၍နေကြရသော သင်တို့လို ငါတို့လို အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် မည်သူ့အပေါ်ကိုမျှ မနာလို ဝန်တိုစိတ် မထားရဘဲနှင့် ရနိုင်သော လောက နိဗ္ဗာန်၏ အရသာကို မြည်းလို စားလိုသူ ဖြစ်ပါမူ **တစ်ထောင့်တစ်ည** စားတော်ခွက်သည့် လက်ဆေး၍ မြည်းကြ စားကြနိုင်ရန် အသင့်ရှိပေပြီ။

**တစ်ထောင့်တစ်ည**ကို လွန်ခဲ့သော အနှစ်လေးဆယ်ကျော် ငါးဆယ်ခန့်က ဆရာဝန်ကြီး **ဒေါက်တာဋ္ဌာမန်**[၁] က ပသီပုံပြင် ဟူသော အမည်ဖြင့် မြန်မာလို ရေးဖူး သည်။ ဒေါက်တာဋ္ဌာမန်သည် ဒဂုဏ်ပ ဦးဘတင်၏ဖခင် ဖြစ်သည်။ **တစ်ထောင့် တစ်ည**ကို ပသီပုံပြင်ဟု အမည်ပေးခြင်းမှာ အာဋ္ဌဗီပြည်သား မူဆလင် ခေါ် ပသီ ဘာသာဝင်တို့ အာဋ္ဌဗီ စကားဖြင့် စုဆောင်း ပြောဆိုကြသော ဝတ္ထုများ ဖြစ်သောကြောင့် ဖြစ်ဟန် တူသည်။

လွန်ခဲ့သော အနှစ် ၂၀ ခန့်က ပသီပုံပြင် စာအုပ်ကို ဘားနဒ်ပိဋကတ်တိုက်တွင် သခင်ဘသောင်း တွေ့ဖူးရာ ထိုစာအုပ်မှာ ခပ်သိမ်းသော သတ္တဝါ၊ ခပ်သိမ်းသော အရာတို့၏ နည်းတူ မမြဲသော သဘောကို မလွန်ဆန်နိုင်သဖြင့် ရေးသူနှင့် ပုံနှိပ်သူ၏ အမည်ကိုဆောင်သော အဖုံးလည်း မရှိ။ အစ အဆုံး ဖတ်ရန် စာမျက်နှာလည်း မပြည့်စုံ။ အကိုင် အတွယ်ရ ခက်အောင် စာရွက်တို့လည်း ရော်ဝါ ကြွပ်ကျိုးလျက် ရှိသဖြင့် "လောကကြီးတွင် ဘယ်အကောင် ဘယ်အရာမှ မမြဲဘူးနော်၊ ငါ့ကိုသာ ကြည့်ပေ တော့" ဟု ဆိး၍ တရားပြနေဟန် ထင်ရတော့သည်။

**တစ်ထောင့်တစ်ည**ကို ပြင်သစ်စကားဖြင့် ထုတ်သည်မှာ အနှစ်နှစ်ရာ ပျော့ပျော့ ရှိပြီ။ အင်္ဂလိပ်စကားနှင့် ထုတ်သည်မှာ အနှစ်တစ်ရာကျော်ပြီ။ ထိုသို့ ပြင်သစ်စကား၊ အင်္ဂလိပ်စကားဖြင့် ထုတ်ခဲ့သော စာအုပ်များမှာ အကျဉ်းချုပ်များသာ ဖြစ်သည်။ ပြင်သစ်

[၁] Dr. S. A. Rahman



www.burmeseclassic.com

www.burmeseclassic.com



လို ထုတ်သည့်အခါတွင် ဥရောပ တစ်တိုက်လုံး ဝိုင်း၍ ဖတ်ကြ၍၊ အင်္ဂလိပ်လို ထုတ်သည့် အခါတွင် အင်္ဂလိပ်စာတတ် လောကတစ်ခုလုံး မြိန်မြိန်ရှက်ရှက် လုပ်ဖတ်ကြသော ဟူသတတ်။

**တစ်ထောင့်တစ်ည** အတိုချုပ်များကို မကျေနပ်သဖြင့် ခရစ်တော်သက္ကရာဇ် ၁၈၈၆ ခုနှစ်တွင် **ဆာဗာတွန်**[၁] သည် အာဋ္ဌဗီ မူရင်းအတိုင်း "ပု–ဒိ–မယွင်း၊ ပုဒ်မ ပါ သွင်းပြီးလျှင်" အပြည့်အစုံ ပြန်၍ အတွဲကြီးဆယ်တွဲကို ပိုင်း၍ထုတ်သည်။ ၁၈၈၈ ခုနှစ်တွင် နောက်ထပ် ခြောက်တွဲ ဆက်တိုက်ထုတ်သည်။ အာဋ္ဌဗီစာမူရင်းတွင် အစိုးရ(ဆင်ဆာ) ပိုင်းက ကန့်ကွက်ထိုက်သည်ဟု ယူဆမည့် အသုံးအနှုန်းများ ပါသဖြင့် ဆာဗာတွန်သည် မိမိ၏ **တစ်ထောင့်တစ်ည** စာအုပ်တွဲကြီးများကို လူတိုင်း မရောင်းဘဲ တင်ကြိုမှာထားသူ အသင်းသားတစ်ထောင် အတွက်သာ စာအုပ်ဦးရေ ကန့်သတ်၍ လုံလုံခြုံခြုံ သိမ်းဆည်း၍ ဖတ်ကြရန် ညွှန်ကြားချက်ဖြင့် ထုတ်ရသော ဟူ၏။

သခင်ဘသောင်း၏ **တစ်ထောင့်တစ်ည**မှာ မူအမျိုးမျိုးကို ညှိနှိုင်း၍ တိုလည်း မတိုလွန်း၊ ရှည်လည်း မရှည်လွန်းစေဘဲ မြန်မာစာသာ တတ်သော မြန်မာလူမျိုးတို့အဖို့ အဓိက ရည်ရွယ်၍ အလောတော် ဖြစ်အောင် စီစဉ်၍ ထုတ်သော စာအုပ်ဖြစ်သည်။ ဤ**တစ်ထောင့်တစ်ည**တွင် ချွတ်ယွင်းချက် ပါတန်သလောက်လည်း ပါပေမည်။ သို့ရာတွင် စာ၏ အရသာကို ထိခိုက်လောက်သော တိမ်းချော်ချက်များမှာ ကင်းလွတ်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ယှာဠ္ဇာဇတ်သည် ရှေ့ကရားမှ နတ်ပျားကို လွှတ်သကဲ့သို့ ယှာဠ္ဇိယမင်းအား **တစ်ထောင့်တစ်ည** ပုံပြင်တို့ဖြင့် ရွှေနားတော် သွင်းသည့်နည်းတူ၊ ယခု သခင် ဘသောင်း၏ **တစ်ထောင့်တစ်ည**သည်လည်း စာဖတ်ပရိသတ်တို့အား ဖျော်ဖြေနိုင်ပါစေသတည်း။

အကယ်၍ စာဖတ်ပရိသတ်တို့အနက် တစ်စုံတစ်ယောက်သော သူသည် ဤ **တစ်ထောင့်တစ်ည**ကို ဖတ်ရသဖြင့် တဒင်္ဂပဟာန်သော်မျှ စိတ်နှလုံး ပျော်ရွှင် ချမ်းမြေ့ခြင်း ဖြစ်ခဲ့ဘိမူ သခင်ဘသောင်း၏ အဓိကရည်ရွယ်ချက်ကြီး ပြီးမြောက် အောင်မြင်ပါပြီ။

ယခုအခါ **တစ်ထောင့်တစ်ည**ကို အထိုက်အလျောက် ချီး၍ပြီးပြီ ဖြစ်ပါ၍ ဤနိဒါန်းကို လေပြေထိုးကာ ယှာဠ္ဇာဇတ်ထွက်ရန် ဆိုင်းဆင့်ဖို့ အချိန်တန်ပြီ ဖြစ်သဖြင့် "ယာတောလယ်မှာ၊ ငါ ပြောမယ် ရွှေရှင်ဘုရင်ရဲ့၊ နင် ဆင်ခြင်ဦး" ဆိုသံ နှာခံ၍ ယှာဠ္ဇာဇတ်၏ **တစ်ထောင့်တစ်ည**ကို အမျှော်စိုက်ကြပါကုန်။

အလာဟမ် ဒိုလစ်လာ= ဘုရားသခင်သည် ချီးမွမ်းခြင်း၏ တည်ရာပေတည်း။

**သခင်ဘသောင်း**

၂၂၂၊ ဆူးလေဘုရားလမ်း

နိုဝင်ဘာလ ၁၉၄၉ ခု။ ရန်ကုန်မြို့။

---

၁။ Sir Richard F. Burton

[ ၁ ]

## ယှာဠ္ဇိယ မင်းညီနောင်

ရှေးဘုန်းတော်တေဇာ ဝေဖြာ ကြီးမြင့်တော်မူသော အိဋ္ဌန်ပြည်ရှင် ဘုရင်မင်းဟရား ကြီးတွင် နေလအသွင် ထင်ရှားသော ယှာဠ္ဇိယနှင့် ယှာဇမန် နာမံတော်ရှိ သားတော် နှစ်ပါး ထွန်းကားတော်မူသတတ်။ ခမည်းတော် မင်းကြီး နတ်ရွာစံလတ်သော် သားတော် အကြီး ယှာဠ္ဇိယမင်းသားသည် ထီးနန်းကို ဆက်ခံစိုးစံတော်မူလျက် ညီတော် ယှာဇမန် မင်းသားအား သာမာလကန် ဇနပုဒ်ကို မင်းပြုတော် မူစေသတတ်။

ယှာဠ္ဇိယမင်းသည် မင်းပြုရာ၌ အဓမ္မရာဇာ မင်းယုတ်မာတို့ကဲ့သို့ အဂတိတရား လိုက်စားခြင်း မရှိ။ တရားနှင့်အညီသာလျှင် ကျေးသားရင်သား မခြားနားဘဲ မင်းကောင်းမင်းမြတ်တို့၏ ထုံးတမ်းနှင့်အညီ မင်းပြုတော်မူသဖြင့် တိုင်းနေ ပြည်သူ ခပင်းလူတို့ ရွှင်လန်း ဝမ်းမြောက်ကြပြီးလျှင် 'ငါတို့ပြည့်ရှင် မင်းကြီးသည် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသတည်း' ဟု ဆုတောင်းပတ္ထနာ ပြုကြကုန်သော ဟူ၏။

ညီတော် ယှာဇမန်မင်းလည်း ခမည်းတော်၊ နောင်တော်တို့၏နည်းတူ မင်းမိစ္ဆာတို့၏ ထုံးကို ရှုံမုန်းတော်မူသဖြင့် တိမ်းညွတ်ငဲ့စောင်းခြင်း မရှိဘဲ မင်းကောင်းမင်းမြတ် ပီသစွာ အုပ်စိုးတော်မူသဖြင့် သာမာလကန်ပြည် အားလုံးမှာ ရေချမ်းအိုးကြီးပမာ အေးမြသာယာလှသော ဟူ၏။

ဤသို့လျှင် မိမိတို့ ပိုင်ဆိုင်ရာ နိုင်ငံတော်များကို တော်တည့်ဖြောင့်မှန်စွာ အုပ်စိုးတော်မူကြ၍ ကာလရှည်လတ်သော် နောင်တော် ယှာဠ္ဇိယမင်းသည် ညီတော် ယှာဇမန်မင်းကို ပြင်းစွာ တွေ့လိုသော ဆန္ဒဖြစ်သဖြင့် မိမိ၏ ဝိဇိယာဘွဲ့ခံ နန်းရင်းဝန်ကြီးအား လျောက်ပတ်သော အခြံအရံကိုနှင်း၍ သာမာလကန်ပြည်သို့ သွားကာ ညီတော်အား ခေါ်စေလေသတည်း။

နန်းရင်းဝန်ကြီးလည်း ရင်အုံဖောင်းကြွ၊ လှပဖြူဖွေး၊ မြင်သူငေးလောက်သည့် သမီးကညာ မိန်းမရတနာမှစ၍ အဖိုးအနဂ္ဃ အထိုက်ကြီး ထိုက်လှသော လက်ဆောင် ပဏ္ဏာ အမျိုးမျိုးကိုဆောင်၍ သာမာလကန်ပြည်သို့ ခရီးနှင်ခဲ့သော ဟူသတတ်။



www.burmeseclassic.com

www.burmeseclassic.com



ဝိဇိယာကြီးသည် အမျိုးမျိုးသော ကန္တာရ၊ အထပ်ထပ်သော တောတောင်တို့ကိုဖြတ်လျက် ခရီးပြင်းချီ၍ သာမာလကန်ပြည်သို့ ရောက်လတ်သော် ရွှေနန်းတော်သို့ ဝင်ကာ 'နောင်တော် ယှာဋ္ဌိယမင်းကြီးသည် ညီတော်အား ပြင်းစွာ တွေ့တော်မူလိုသဖြင့် ခေါ်ချေရမည် စေခိုင်းတော် မူသောကြောင့် ရွှေဖဝါးတော်မြတ်အောက် ရောက်ရပါကြောင်း' နှင့် သံတော်ဦး တင်လေသတတ်။

ထိုအခါ ယှာဇမန်မင်းက နောင်တော်၏ အမိန့်ကို ဦးထိပ်ထက် ရွက်ဆင်ရန် အသင့်ရှိကြောင်းနှင့် မိန့်တော်မူပြီးနောက် မိမိ မရှိတော်မူခိုက်တွင် နိုင်ငံတော်အား မိမိကိုယ်စား အုပ်ချုပ်ရန် မိမိ၏ နန်းရင်းဝန်ကြီးအား တာဝန် လွှဲအပ်တော်မူခဲ့ပြီးလျှင် နောင်တော်အား ဆက်သရန် မွန်မြတ်သော လက်ဆောင်ပဏ္ဏာတော်တို့ကို စုဆောင်းတော်မူလျက် နောက်နေ့နံနက်တွင် ခရီးထွက်ရန် အလို့ငှာ မြို့ပြင် တဲနန်းတော်သို့ ထွက်ခွာ စံပယ်တော် မူလေသော ဟူ၏။

လေချိုဖျန်းသော သန်းခေါင်ယံအချိန်သို့ ရောက်လတ်သော် ယှာဇမန်မင်းသည် မိမိ၏ အသက်တမျှ ချစ်မြတ်နိုးတော်မူလှသော မိဖုရားခေါင်ကြီးအား အောက်မေ့လွမ်းဆွတ်တော်မူသဖြင့် ပွေ့ဖက်ယုယ နှုတ်ခွန်းဆက်သတော်မူရန် အလို့ငှာ ရွှေနန်းတော် မိဖုရားကြီး၏ အဆောင်တော်သို့ တိတ်တဆိတ် ဝင်တော်မူလေ သတတ်။ မိမိ၏ ရွှေစိတ်တော်၌လည်း အချိန်မတော် သန်းခေါင်ကျော်ကြီး၌ မိမိ ပြန်လာသည်ကို တွေ့ရသောအခါ ကြင်ရာသက်ထား မိဖုရားကြီးသည် အင်မတိ အင်မတန် ဝမ်းသာလိမ့်မည်ဟု အောက်မေ့တော်မူရှာသော ဟူသတတ်။

သို့ရာတွင် မိမိ၏ အောက်မေ့ တွေးတောတော်မူမိခြင်းမှာ အကယ်ဖြစ်နေသော အခြင်းအရာတို့နှင့် သန္ဓေမစပ် ပဋိခပ် ဖြစ်နေသည်ကို တွေ့ရလေသတတ်။ အဘယ်ကြောင့် ဆိုသော် မိမိ မြတ်နိုးတော်မူလှသော မိဖုရားခေါင်ကြီးမှာ မိမိ ပြန်လာသည်ကို ဝမ်းသာလေဖို့ ဝေး၍ တစ်ချို့ မကွယ်ခင်ပင် တစ်မယ်မေ့ကာ မဖွယ်မရာသော အမှုကို ပြုလျက် နေလေသောကြောင့်တည်း။

လောကတွင် မထင်သဟာသည် ဖြစ်တတ်သည်ဟု ဆိုရိုးစကား ရှိသည့်အတိုင်း သူ၏ ရှုမဝ၊ ချစ်မဆုံး၊ အမြတ်နိုးဆုံး ဖြစ်တော်မူသော မိဖုရားခေါင်ကြီးမှာလည်း မထင်သဟာ ဖြစ်လျက် ရှိလေသတတ်။

သူ့စိတ်ထဲ၌ ခြောက်ပြစ်ကင်း စင်းလုံးချောဟု ထင်နေသော ညာတော်စံသည် သူတို့နှစ်ပါး မွေ့စက်ရာ အဆောင်တော်တွင်း၌ စားတော်ကဲနှင့် ဖက်တွဲ၍ အိပ်စက်လျက် ရှိလေသော ဟူသတတ်။ ယှာဇမန် မင်းသည် မိဖုရားခေါင်ကြီး၏ ဖောက်ပြားမှုကို ကိုယ်တိုင်တော် ရှုမြင်ရသောအခါ ဦးထိပ်ထက်၌ မြွေပေါက်သော သူကဲ့သို့ စကြဝဠာ တစ်ခုလုံး အမိုက်တိုက်ကြီး ဖုံးသလို အောက်မေ့တော်မူပြီးလျှင် 'ဟယ် . . . မိဖုရားမိုက်၊





သင်သည် ရိုင်းပျ စော်ကားလေစွတကား၊ သင်သည် ယခု ငါကိုယ်တိုင် နေပြည်တော်၌ ရှိနေပါသေးလျက် သင့်အရှက်ကိုလည်း သင်မငဲ့၊ ငါ၏ မျက်နှာတော်ကိုလည်း မထောက်ထားဘဲ ဖောက်ပြားရက်လေပြီ။ အကယ်၍သာ နေပြည်တော်၌ ငါ မရှိသည် ဖြစ်ပါဘိမူ ဒွန္နယာကြီးတွင် အသင် ပြည်ကြီးတန်ဆာ မိယုတ်မာ မပြုကျင့်မည့် ဒုစရိုက်ဟူ၍ အဘယ်မှာလျှင် ရှိနိုင်တော့အံ့နည်း။ ဟယ် . . . မိန်းမယုတ်၊ သင့်အား အလာဟ့်အရှင် ဖန်ဆင်းတော်မူသော ဤမဟာ ပထဝီမြေကြီး ဝန်ပေါ့စေခြင်း အကျိုးငှာ ငါသည် ယခုပင် ဇီဝိန်ဖြုတ်တော့အံ့' ဟု မြည်တမ်းပြီးလျှင် လက်သုံးတော် ရွှေသန်လျက်ဖြင့် ခါးလယ်ကို တစ်ချက်တည်း ပိုင်းလိုက်ရာ စည်းစိမ်တော် ယစ်မူး၍နေကြသော မိဖုရားနှင့် ကြင်ဖက်တော် စားတော်ကဲတို့မှာ ပွဲချင်းပြီး ခန္ဓာစဲရှာကြလေတော့သတတ်။

ထို့နောက် ယှာဇမန်မင်းသည် ရုတ်တရက် မိဖုရားကြီး၏ အဆောင်တော်မှ ထွက်ခဲ့၍ မြို့ပြင် တဲနန်းတော်သို့ ပြန်ခဲ့ပြီးလျှင် မိုးမလင်းမီပင် နောက်တော်ပါ အခြွေအရံတို့ဖြင့် နောင်တော်၏ နေပြည်တော်သို့ ချီထွက်တော်မူခဲ့သော ဟူ၏။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ယှာဇမန်မင်းမှာ မိမိ မိဖုရားကြီး၏ အဖြစ်ကို မမေ့နိုင်ဘဲ စိတ်တော်မရွှင် ဖြစ်ပြီးလျှင် အဆွေးကြီး ဆွေးလျက်သာ ခရီးနှင်တော် မူရသော ဟူ၏။ နောင်တော့်နိုင်ငံသို့ရောက်၍ နောင်တော် ယှာဋ္ဌိယမင်းက လျောက်ပတ်သော အဆောင်အယောင် မင်းခမ်းမင်းနားနှင့် လောကဝတ် ပျူငှာ ဆီးကြိုပါသည်ကိုလည်း သာယာ နှစ်သက်တော်မူနိုင်ခြင်း မရှိ။ ပြကတေ့သော သူနာကြီးကဲ့သို့ ညှိုးမှိုင်လျက်သာ ရှိလေသတတ်။

နောင်တော်လည်း ညီတော်၏ မရွှင်ပျသော အဖြစ်ကိုမြင်၍ အကြောင်း အသို့နည်းဟု မေးလတ်သော် ယှာဇမန် မင်းသည် ဟုတ်တိုင်းမှန်ရာကို အပြောရ ခက်သဖြင့် ခရီးပန်းခြင်း၊ ရေပြောင်းလေပြောင်း ဖြစ်ခြင်းတို့ကြောင့် မအီမသာ ရှိ၍ ရွှင်ပျခြင်း မရှိပါကြောင်းနှင့် လျှောက်တင်လေသတတ်။

ယှာဋ္ဌိယမင်းကြီးသည် ညီတော်အား စိတ်နှလုံး ချမ်းမြေ့စေရန် အလို့ငှာ ဥယျာဉ်တော်ဘက်သို့ လေသာပြတင်းပေါက်မှ ရှုမျှော်၍ ကြည့်နိုင်သော ရွှေနန်းဆောင်တွင် စံတော်မူစေပြီးနောက် ညီတော်လည်း မှန်၊ ချေ့သည်တော်လည်း ဟုတ်သော ယှာဇမန်မင်းအား မင်းအချင်းချင်းတို့ ပြုစုအပ်သော ဝတ္တရားနှင့်အညီ အစစ အရာရာ၌ လိုလေးသေး မရှိရလေအောင် ခမ်းနားသိုက်မြိုက်စွာ ပြုစုတော် မူလေသတတ်။

သို့ရာတွင် ယှာဇမန်မင်းမှာ မိမိ၏ မိဖုရားခေါင်ကြီး၏ အဖြစ်ကိုသာ တစိမ့်စိမ့် တရေးရေးနှင့် တွေးလျက်ရှိသဖြင့် လောကကြီးအလုံးကိုပင် စက်ဆုပ် ငြီးငွေ့လုခမန်း ဖြစ်၍နေရကား မည်ကဲ့သို့ပင် လောကွတ်ပျူငှာ ပြုစုပါသော်လည်း သာယာ နှစ်သက်ခြင်း မရှိ။ ညှိုးမှိုင်ခွေရီမြဲ ညှိုးမှိုင်ခွေရီကာ နေသည်ကို မြင်ရသဖြင့် နောင်တော် မင်းကြီးက 'အဘယ် ညီတော်၊ သင်သည် အသို့သော အကြောင်းကြောင့် ဤသို့လျှင် ညှိုးနွမ်းခွေယိုင်ကာ ရှိရဘိသနည်း။ ငါ့အား ဟုတ်မှန်တိုင်းကို တင်ပါလော့' ဟု ဆိုသတတ်။

ယှာဇမန်မင်းလည်း 'မှန်လှပါ၊ ဘုန်းတော်ကြောင့် ညီတော်၏ ဝေဒနာ အတွင်းနာ ဖြစ်ပါသည်' ဟု ဆို၍ မှိုင်တွေမြဲ မှိုင်တွေကာ နေပြန်သတတ်။

ထိုအခါ ယှာဋ္ဌိယမင်းကြီးသည် မိမိ၏ နိုင်ငံတော်အတွင်းရှိ သမားကျော်၊ သမားမော်များကို ခေါ်၍ ယှာဇမန်မင်း၏ ဝေဒနာကို အကုခိုင်းသတတ်။ သမားကျော် သမားမော်တို့လည်း သူ့ထက်ငါ အားကျမခံ မိမိတို့ တတ်သမျှ မှတ်သမျှ ဆေးစွမ်းကောင်း ဝါးစွမ်းကောင်းတို့ဖြင့် ကြိုးစား၍ ကုကြကုန်သတတ်။ သို့ရာတွင် စိတ္တဇ ဝေဒနာတို့ မည်သည် သာမန်ဆေးဝါးတို့ဖြင့် ကုစား၍ ရရိုးထုံး မရှိသည့်အတိုင်း ယှာဇမန်မင်း၏ ဝေဒနာမှာလည်း ပျောက်ကင်းဖို့ကို မဆိုထားဘိ၊ စိုးစဉ်းမျှပင် သက်သာရာ မရသော ဟူသတတ်။

ယှာဋ္ဌိယမင်းလည်း မိမိ၏ညီတော် စိတ်ပျောက်လက်ပျောက် ရှိစေခြင်း အလို့ငှာ မိမိတို့ ညီတော် နောင်တော်နှစ်ပါး တောကစားထွက်ကြရန် အကြံပေးပြန်သတတ်။





သို့ရာတွင် ယှာဇမန် မင်းမှာ သူ့ အကြောင်းကို သူသာလျှင် အသိဆုံး ဖြစ်သဖြင့် 'ဘုရား ညီတော်သည် တောကစားခြင်း အလုပ်ကို မွေ့လျော်ခြင်း မရှိသောကြောင့် ရွှေနန်းတော်ကြီး၌သာ စံနေမြဲအတိုင်း စံနေရစ်ခွင့်ပြုပါရန် လျှောက်ထားပါသည်' ဟုသာ စကားတုံ့ပြန်လေသတတ်။

နောက်တစ်နေ့ နံနက်လင်း၍ နောင်တော် ယှာဋ္ဌိယ မင်းသည် ခြွေရံသင်းပင်းနှင့် တောကစား ထွက်တော်မူလေသော် ယှာဇမန်မင်းသည် စက်ရာမှထ၍ မိမိ၏ မိဖုရားကြီး အကြောင်းကိုသာ ပြန်ပြောင်း တွေးတောရင်း ဥယျာဉ်တော်ဘက်ရှိ လေသာပြတင်းကို အသာဖွင့်၍ ရှုစားတော်မူကာ ပူမီးပွားလျက် နေတော်မူလေသတတ်။ ထိုအချိန်တွင် နန်းတော်အေး၌ လျှို့ဝှက်စွာ ပြုလုပ်ထားသည့် မလွယ်ပေါက်မှ လပြည့်ဝန်းကဲ့သို့ တင့်တယ်ခြင်းနှင့် ပြည့်စုံသော ယှာဋ္ဌိယ မင်းကြီး၏ မိဖုရားခေါင်ကြီးသည် အပျိုတော် နှစ်ကျိပ် ခြံရံ၍ ဥယျာဉ်တော်သို့ ထွက်တော်မူလာသော ဟူသတတ်။ ယှာဇမန်မင်းသည် မိမိ၏ မရီးတော်ကို မြင်သောအခါ လေသာပြတင်းမှ နောက်သို့ အနည်းငယ် ဆုတ်ကာ တချောင်းချောင်း စောင့်စား ကြည့်ရှုကာ နေသတတ်။

ယှာဋ္ဌိယ မင်းကြီး၏ မိဖုရားခေါင်ကြီးနှင့် အပျိုတော်နှစ်ကျိပ်တို့သည် ရေကန်တော် အနီးသို့ ရောက်လတ်သော် ဥယျာဉ်တော်အတွင်း၌ မမြင်ကွယ်ရာ ဖြစ်သည်ဟူသော အမှတ်ဖြင့် အဝတ်ခြုံလွှာကို ချွတ်ကြကုန်သတတ်။ ထိုအခါ အပျိုတော် နှစ်ကျိပ်အနက် တစ်ကျိပ်မှာ ယှာဋ္ဌိယမင်း ခြေတော်တင်သည့် ပျိုမျစ် နုနယ်သော အမျိုးသမီးများ ဖြစ်ပြီးလျှင်၊ ကျန်တစ်ကျိပ်မှာ မိန်းမ အသွင်ကို ဆောင်၍ နေကြသော ကျွန်ယောကျ်ားများ ဖြစ်နေသည်ကို တွေ့ရသဖြင့် ယှာဇမန် မင်းသည် များစွာ အံ့သြခြင်း ဖြစ်တော်မူသော ဟူသတတ်။

ထိုနောက် အပျိုတော် တစ်ကျိပ်သည် ကျွန်ယောကျ်ား တစ်ကျိပ်နှင့် ဒွယ် ဒွယ် စည်းစိမ်ခံကြကုန်၏။ ထိုအခိုက်တွင် ယှာဋ္ဌိယ မင်းကြီး၏ မိဖုရားခေါင်ကြီးမှာ အဖော်ကင်းမဲ့ ဘိသကဲ့သို့ ရှိသော်လည်း ခဏချင်းတွင်ပင် 'အို . . . ခင်မ အချစ်ဆုံး၊ စစ်စေးပုံးကြီးရှင့်' ဟု အချက်ပေးလိုက်ရာ အိုးစရည်းကဲ့သို့ အိုင့်ကြီးသော ဝမ်းလည်း ရှိထသော၊ မည်းတုတ်တုတ် ပုကွကွ အချိုးမကျလှသော ကြာခို ယောကျ်ား သူကောင်းသား တစ်ယောက်သည် ရုတ်တရက် ပေါ်ထွက်၍ လာတဲ့ပြီးလျှင် မိဖုရားကြီး ရှိရာဆီသို့ စိုက်စိုက်ကြီးလာ၍ မနောတော်ဖြူ သဘောတော် တူနှင့်ပြီး ဖြစ်သည့် မိဖုရားခေါင်ကြီးနှင့် အကြောင်းဆက်၍ ပေါင်းဖက်ကြသော ဟူသတတ်။

ဤသို့အားဖြင့် ယှာဋ္ဌိယ မင်းကြီး၏ တောင်ညာစံဒေဝီ မဟေသီ မိဖုရားခေါင်ကြီးနှင့် အပျိုတော် တစ်ကျိပ်တို့သည် ဂေါယာနောက်ကျွန်း နေစက်ယွန်းအောင် စည်းစိမ်ဆောင်ကြပြီးလျှင်၊ ယှဉ်စန္ဒာလဝန်း ပေါ်ထွန်းသည့် အချိန်ကျမှ အဝတ်တန်ဆာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ထည့်ကာ ဝတ်ဆင်ကြပြီးလျှင် ထွက်ခဲ့ကြရင်း မလွယ်ပေါက်အတိုင်း ဣန္ဒြေမပျက် ပြန်ကြလေသတတ်။ ထိုနောက် တစ်ယောက်ထီးတည်း စံပျော်မှီးသော ကြာခိုယောကျ်ား မောင်ကြောင်ပါးလည်း ဆိုင်ရာသို့ ကြွကာ ကွယ်ပျောက်လေသတတ်။

ထိုသို့ ဖြစ်ပုံ အလုံးစုံကို ယှာဇမန် သနင်း စက္ခုတွင်း၌ အကွင်းကွင်း ငှက်ပျောအူဟင်းသို့ ရှင်းရှင်းကြီး မြင်ရသောအခါ ငိုအားထက် ရယ်အားသန်လျက် ဟက်ဟက်ပက်ပက် ရယ်တော်မူပြီးလျှင် "သြော်... ဒွန္ဒယာကြီးမှာ မိန်းမဆိုသဟာမျိုးဟာ သည်လိုပါကလား။ လက်စသတ်တော့ လောကမှာ မဖောက်ပြားသည့် မယားတို့ မရှိဘဲဟာကိုး။ သဟာနှင့်များတောင်မှ သင်းတို့တစ်တွေကို အထင်ကြီးချင်နေကြသည့် လူ့ငနွားတွေများ ရှိကြသေးလျှင် သင်းတို့ရော သင်းတို့ဖာမတွေ ရော၊ အလာဟုအရှင် အပြစ်ဒဏ်ခတ်တော်မူပါစေသတည်း" ဟု သူရှုးပမာ ရေရွတ်တော်မူပြီးလျှင် ဆက်လက်၍ တွေးမိပြန်သည်မှာ "သြော်... ဒွန္ဒယာကြီးသည် များစွာ ခက်ဘိတောင်း။ ငါ၏ နောင်တော်ကဲ့သို့သော ဘုန်းရှင် သမ္မာရှင်၏ မိဖုရားခေါင်ကြီးသော်မှ လင်ယောကျ်ား၏ မျက်ကွယ်၌ လော်လီဖောက်ပြားခဲ့သေးလျှင် ငါလို မင်းနုပ်မင်းငယ်၏ မိဖုရားဆိုလျှင် အဘယ်မှာ ဆိုဖွယ်ရာ ရှိတော့အံ့နည်း။ တော်ပြီ... တော်ပြီ၊ ယခုအချိန်က စ၍ ငါသည် မိန်းမယုတ်တစ်ယောက်အတွက် စိတ်အပင်ပန်း မခံတော့ပြီ" ဟူ၍ ဖြစ်သတတ်။

ထိုအခါမှစ၍ ယှာဇမန်မင်းသည် နောင်တော်၏ အဖြစ်ကို တွေး၍ ကိုယ်ချင်းစာတရားရလျက် စိတ်နှလုံး သက်သာ ချမ်းမြေ့ခြင်း အဖြစ်သို့ ရောက်တော်မူပြီးလျှင် ပွဲတော်တည်ချိန်တွင် မြိန်ရှက်စွာ ပွဲတော်တည်၍၊ စက်တော် ခေါ်ချိန်တွင်လည်း နှစ်ခြိုက်စွာ စက်တော်ခေါ်နိုင်တော် မူလေသတတ်။

ထိုနောက် နောင်တော် ယှာဠိယမင်း တောကစားရာမှ ပြန်လာသောအခါ ယခင်က ပြကတေ့ လူနာကြီးဖြစ်သော မိမိ၏ညီတော်မှာ အသွင်တစ်မူပြောင်း၍ ကျန်းမာဝဖြိုး ကြည်လင် ရွှင်ပျလျက်နေသည်ကို တွေ့ရသဖြင့် အံ့သြလှရကား 'အဘယ် ညီတော်၊ ညီတော်သည် ယခင်က မစားနိုင် မအိပ်နိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်နေရာမှ ယခုကဲ့သို့ မျက်လှည့်ပြဘိအလား တစ်မဟုတ်ချင်း ကျန်းမာဝဖြိုး၍ လာခြင်းမှာ ကေန္ဒအကြောင်းတစ်ခုခု ရှိရမည်။ ထိုအကြောင်းကို နောင်တော် သိလိုသည်။ တရားမှန်မှန် စကားမချန်ဘဲ သံတော်ဦးတင်ရမည် ညီတော်' ဟု မိန့်တော်မူသတတ်။

ထိုအခါ ယှာဇမန်မင်းက 'မှန်လှပါ၊ ဘုရား ညီတော် လျှောက်တင်ပါရစေပါဘုရား။ ဘုရားညီတော်သည် ယခင်က အဘယ်ကြောင့် မစားနိုင် မသောက်နိုင် တမှိုင်မှိုင် တတွေတွေ ဖြစ်ရသည့် အကြောင်းကို လျှောက်ထားပါမည်။ သို့ရာတွင် ထိုသို့ ဖြစ်နေရာမှ တစ်ဖန် ရုတ်တရက် ကျန်းမာဝဖြိုး၍ လာရခြင်း အကြောင်းကိုမူ နောင်တော် သိချင်တော်မမူပါရန် တောင်းပန်လိုပါသည် ဘုရား' ဟု သံတော်ဦး တင်လေသတတ်။





ထိုအခါ ယှာဠိယ မင်းကြီးက 'သည်သို့ဆိုလျှင် ညီတော်သည် ယခင်က အဘယ်ကြောင့် ဝေဒနာသည်ကြီးဖြစ်ကာ နေရသည့် အကြောင်းကိုပင် ငါ့အား လျှောက်တင်လေတော့' ဟု မိန့်တော်မူသတတ်။

ထိုအခါ ယှာဇမန်မင်းက 'မှန်လှပါ နောင်တော်၊ ရွှေနားတော် ဆင်တော်မူပါဘုရား၊ ညီတော်သည် နောင်တော်ဘုရား၏ အမိန့်တော်ကို ဦးထိပ်ထက် ရွက်ဆင်၍ နောင်တော်ဘုရား၏ ရွှေမျက်နှာတော်ကို ဖူးမြော်ရန် ချီထွက်ဖို့ မြို့ပြင်တဲနန်း၌ ထွက်၍ နေပါသည် ဘုရား။ သန်းခေါင်ယံ အချိန်သို့ ရောက်သောအခါ တစ်စုံတစ်ခုသော အကြောင်း ရှိသဖြင့် ရွှေနန်းတော်သို့ ပြန်ပြီးလျှင် ညီတော်၏ မိဖုရားကြီး၏ အဆောင်တော်သို့ ဝင်ပါသည် ဘုရား။ ထိုအခါ...' ဟု အစချီပြီးလျှင် မိမိ၏ ဖြစ်ပျက်သမျှ အကြောင်းတို့ကို ချရားဇေ့တွင်းကျ ကုန်စင်အောင် လျှောက်ပြီးနောက်၊ တစ်ဖန်ဆက်၍ 'မှန်လှပါ၊ အဲသဟာကြောင့် ညီတော်၏ ဝေဒနာမှာ အခြား မဟုတ်ပါ၊ စိတ္တဇ ဝေဒနာပင် ဖြစ်ပါသည် ဘုရား' ဟု လျှောက်သတတ်။

ထိုအခါ ယှာဠိယမင်းက 'အို... ညီတော်၊ သည်လိုသာ ဆိုပါက ဒွန္ဒယာကြီးတွင် မိန်းမထက် ကောက်ကျစ်သည့် သတ္တဝါ မရှိနိုင်တော့ပြီ။ သည်ကိစ္စမှာ ညီတော်မို့သာ တော်တော့သည်၊ နောင်တော်သာ ဆိုပါမူ သည်ဟာမတွေ တစ်ထောင်ထက်မနည်း မသတ်ရဘဲ အဘယ်မှာ ကျေနိုင်ပါမည်နည်း။ သို့သော် ဒီစကားကို ရှိစေဦး။ အဲသည့်နောက်မှ ညီတော်သည် အဘယ်နည်းနှင့် စိတ္တဇဝေဒနာ ပျောက်ကင်းရသည့် အကြောင်းကို နောင်တော် သိလိုသည်။ ဟုတ်တိုင်းမှန်ရာ လျှောက်စမ်းပါ ညီတော်' ဟု မိန့်တော်မူသတတ်။

ထိုအခါ ယှာဇမန်မင်းက 'မှန်လှပါ၊ နောင်တော်ဘုရား သိ၍ မလျော်သော အကြောင်းဖြစ်၍ မလျှောက်ပါရစေနှင့် ဘုရား' ဟု တင်ပြန်သည်။ ယှာဠိယမင်းကလည်း 'ညီတော် သိကောင်းသည့် အကြောင်းများအနက် နောင်တော် မသိကောင်းသော အကြောင်းရှိသည် ဆိုခြင်းကို နောင်တော် လက်မခံနိုင်၊ သို့ဖြစ်၍ ယခုပင်လျှင် ဟုတ်မှန်သည့်အတိုင်း လျှောက်တင်ရမည် ညီတော်' ဟု မိန့်တော်မူပြန်သတတ်။

ယှာဇမန်မင်းကလည်း 'မှန်လှပါ၊ ခြေနှစ်ချောင်းနှင့် ဦးခေါင်းကို အစိုးရတော်မူသော နောင်တော်ဘုရား၊ ညီတော် လျှောက်တင်ရမည့် အကြောင်းမှာ နောင်တော်ဘုရား ရာဇမာန်ပွား၍ ရွှေစိတ်တော် မချမ်းမြေ့ဖွယ်သာ ဖြစ်သဖြင့် မလျှောက်ထားပါရစေရန် နောက်ထပ် ခွင့်ပန်ပါသည် ဘုရား' ဟု ဆိုပြန်သတတ်။

ထိုအခါ ယှာဠိယမင်းကြီးသည် ပို၍ သိချင်ဇောကြီးလျက် 'ညီတော်၏ စကားကို ကြားရသဖြင့် သည်အကြောင်းမှာ နောင်တော် ပို၍ သိထိုက်သောအကြောင်း ဖြစ်သည်ဟု ယူစရာ ရှိသည်။ ယခုပင်လျှင် လျှောက်တင်ရမည်၊ တစ်ချက်လွှတ် အမိန့်တော်' ဟု ဆိုသတတ်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ယှာဇမန်မင်းသည် နောင်တော်၏ အမိန့်တော်ကို မလွန်ဆန်နိုင်ရကား မရီးတော် မိဖုရားခေါင်ကြီး၏ လော်လီဖောက်ပြန် မှောက်မှားဟန်တို့ကို အစမှအဆုံး လျှောက်ကြား၍ 'မှန်လှပါ၊ အဲသည်ကဲ့သို့ နောင်တော်လို ဘုန်းကြီးသော မင်းသော်မှ မိမိ မိဖုရားကြီး၏ ဖောက်ပြန်ခြင်းဒဏ်နှင့် မကင်းနိုင်သည်ကို တွေ့ရသောအခါ ညီတော်ကဲ့သို့ ဇနပုဒ်ကို အုပ်စိုးသော မင်းနုပ် မင်းငယ်အဖို့မှာ အဘယ် ဆိုဖွယ်ရာ ရှိနိုင်တော့အံ့နည်းဟု ဖြေစရာ ရသောကြောင့် ညီတော်၏ စိတ္တဇဝေဒနာ ပျောက်ကင်းသွားပြီးလျှင် ကျန်းမာရွှင်ပျသော အဖြစ်သို့ ပြန်ရောက်လာပါသည် ဘုရား' ဟု လျှောက်တင် လေသတတ်။

ထိုကဲ့သို့ ညီတော် တင်သော စကားကို ရွှေနားနှင့် ဆတ်ဆတ် ကြားရသောအခါ ယှာဋ္ဌိယမင်းသည် မျက်မာန်တော် ပြင်းစွာထွက်၍ လောကအလုံး ပြိုကွဲ၍ သွားဘိသကဲ့သို့ ထင်ရသော ဟူသတတ်။ သို့ရာတွင် အမျက်တော်ကို ချုပ်တည်းတော်မူလျက် 'ဤသို့ ဆိုလျှင် ကောင်းပြီ ညီတော်၊ ယခု ညီတော် လျှောက်တင်သော စကားကို မဟုတ်မမှန် လုပ်ကြံကုန်းချောသော အခြင်းအရာသာ ဖြစ်သည်ဟု ငါ မဆိုလို။ သို့သော်





ညီတော် ပြောတိုင်း မှန်၏ မမှန်၏ကို ငါ ကိုယ်တော်တိုင် မျက်စိနှင့် ကြည့်ပြီးမှသာ ယုံကြည်တော်မူလိုသည်' ဟု မိန့်တော်မူသတတ်။

ယှာဇမန် မင်းကလည်း 'မှန်လှပါ၊ အကယ်၍ နောင်တော်ဘုရားသည် မရီးတော်၏ သစ္စာဖောက်ပြန်၊ လော်လီဟန်ကို ကိုယ်တိုင် ရှုမြင်ချင်သည် ဖြစ်ပါမူ မနက်ဖြန်မိုးသောက်လျှင်ပင် တောကစား ထွက်တော်မူဟန် ပြုပြီးနောက် ညီတော်၏ အဆောင်တော်မှ တိတ်တဆိတ် စောင့်ကြည့်တော်မူပါ ဘုရား' ဟု ဆိုသတတ်။

ယှာဋ္ဌိယ မင်းကြီးသည် ညီတော် ဆိုသည့်အတိုင်း ညီတော်နှင့်တကွ နောက်ပါဗိုလ်ထုကို ခေါ်၍ တောကစား ထွက်တော်မူဟန် ပြုလျက်၊ ညဉ့်အချိန်သို့ ရောက်သောအခါ ရွှေနန်းတော်သို့ ညီတော် နောင်တော်နှစ်ပါး အမှတ်မထင် ပြန်ခဲ့ကြပြီးလျှင် ညီတော် စံသော ရွှေနန်းတော်ဆောင်မှ မိုးသောက်ချိန်ကို မျှော်လျက် စောင့်ဆိုင်းကာ နေတော်မူကြလေသတတ်။

မိဖုရားခေါင်ကြီးသည် ယှာဋ္ဌိယ မင်းကြီး၏ ဥပါယ်ကို မရိပ်မိရကား၊ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် အပျိုတော် အတုတစ်ကျိပ်၊ အစစ်တစ်ဆယ်နှင့် ဥယျာဉ်တော်အတွင်းသို့ ထွက်ကာ ယခင်မူတိုင်း ပိုင်ပိုင်ကြီး မှောက်မှားခန်း ဖွင့်တော်မူပြန်သောဟူသတတ်။

ထိုအခြင်းအရာကို ကိုယ်တော်တိုင် တွေ့ရသော ယှာဋ္ဌိယမင်းကြီးသည် သူရူးပမာ ဆောက်တည်ရာ မရ ဖြစ်လျက် 'အို . . . ဒွန္နယာကြီးသည် ယုတ်မာဘိစွတကား၊ လူမနီးသည့် တောကြီးထဲ၌ တစ်ယောက်တည်း သွား၍ မနေသမျှ ဤဒွန္နယာကြီး၏ ယုတ်မာမှုများနှင့် ကင်းလွတ်နိုင်တော့မည် မဟုတ်။ အို . . . ညီတော်၊ ငါတို့ ညီတော်နောင်တော် နှစ်ပါးသည် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေကြ၍လည်း အကြောင်း ထူးခြားတော့မည် မဟုတ်။ ငါတို့သည် အလာဟုအရှင် ဖန်ဆင်းပေးတော်မူသည့် ကမ္ဘာမြေအပြင်၌ ရောက်လိုရာရောက် ပေါက်လိုရာပေါက် သွား၍ ငါတို့လို အဖြစ်ဆိုးမျိုးနှင့် တွေ့ဖူးသူများ ရှိ မရှိ လိုက်၍ ရှာကြကုန်အံ့။ အကယ်၍ ဒွန္နယာ တစ်ခုလုံး၌ ငါတို့လို အဖြစ်ဆိုးမျိုးနှင့် တွေ့ဖူးသူ ရှာမရဘဲ ငါတို့နှစ်ဦးသာ ကံဆိုးမသွားလေရာ မိုးလိုက်၍ ရွာခြင်း ဖြစ်ပါမူ ဤဒွန္နယာကြီး၌ နေရခြင်းထက် သေရခြင်းကပင် မြတ်တော့မည်။ ကိုင်း ညီတော် . . . ပြောနေ ကြာတော့မည်၊ ယခုပင် ပြေးကြစို့' ဟု ဆိုကာ ညီတော် နောင်တော် နှစ်ပါးတို့သည် ဒိန်းတလိန်းနတ်မင်း၏ ကြိမ်စကြာသံ နာခံ၍ ရွှေနန်းတော် မလွယ်ပေါက်မှ တိတ်တဆိတ် ထွက်ခဲ့ကြလေသတတ်။

ထိုနောက် မယားကံဆိုးသော မင်းနှစ်ပါးသည် ခြေဦးတည့်ရာသို့ မရပ်မနားခရီးနှင်ကြရာ ပင်လယ်ကမ်းနှင့် မနီးမဝေး ချိုးအေးကြည်လင် တသွင်သွင် စီးလျက်ရှိသော ချောင်းစပ်အနီး သစ်ပင်ကြီးတစ်ပင်အောက်သို့ ဝင်ရောက်ကာ အမောဖြေ၍ နားနေကြ



www.burmeseclassic.com

www.burmeseclassic.com



လေသတတ်။ တစ်ပဟိုရ်ခန့် ကြာသောအခါ ပင်လယ်တွင်းမှ လှိုင်းဂယက်များ ထလျက် ဟီးဟီး ဟီးဟီး နှင့် တောင်လောက်နီးနီး မြင့်သော အရာကြီးတစ်ခု ပေါ်လာသည်ကို တွေ့ကြလေသတတ်။ ထိုမြင့်မား မည်းမှောင်သော အရာကြီးသည် မိမိတို့ ရှိရာသို့ ရှေးရှု၍ လာနေသည်ကို တွေ့ကြရသောအခါ အဘယ် အခြင်းအရာ ဖြစ်သည်ကို မသိကြသဖြင့် ထိတ်လန့်သောအားဖြင့် သစ်ပင်ထက်သို့ တက်၍ ပြေးကြလေသတတ်။

မင်းနှစ်ပါးလည်း သစ်ပင်ထက်မှ စောင့်၍ ကြည့်နေကြရာ ရေသရဲကြီးသည် ကျောက်သေတ္တာကြီးကို ထမ်း၍ မိမိတို့ ပုန်းအောင်းနေရာ သစ်ပင်ကြီးဆီသို့ ရှေးရှုကာ လာတည့်ပြီးလျှင်၊ ပခုံးပေါ်မှ ကျောက်သေတ္တာကြီးကို ချလျက် အတွင်းမှ သော့ခုနစ်ချက် ခတ်သော ရွှေကြုတ်ကို ဖွင့်လိုက်ရာ လှပတင့်တယ် ချစ်ချင်စဖွယ် ကောင်းသည့် ပျိုမျစ်နုနယ်သော လူသား မိန်းမတစ်ယောက် ထွက်လာသည်ကို တွေ့ကြရလေသတတ်။

ရေသရဲကြီးသည် ချောလှတင့်တယ် ရှုချင်ဖွယ်ရှိသော ရွှေကြုတ်စံ ဒေဝီ မဟေသီ ထိပ်ထားအား စေ့စေ့ကြည့်ပြီးလျှင် 'ကြည့်မဝ ချစ်မအီသည့် အဘယ် ဇနီးချော၊ ငါသည် အနည်းငယ် မောပန်းသဖြင့် တကဲခဏတာမျှ အိပ်လိုသည်။ သင်၏ ညက်အိသွယ်ပျောင်းသော ပေါင်တံကလေးတို့သည် ငါ၏ခေါင်းအုံး ဖြစ်ပါစေလော့' ဟု ဆိုကာ ဇနီးမျက်ဖျော်ပေါင်တော်ပေါ်၌ ဦးခေါင်းကိုချ၍ အိပ်လိုက်ရာ တခူးခူး တခေါခေါနှင့် အိပ်ပျော်သွားလေသော ဟူသတတ်။

ထိုအခိုက်၌ သရဲ၏ချစ်ခြင်း ခင်ယမင်းသည် သစ်ပင်ထက်သို့ ဦးခေါင်းကို မော်၍ ကြည့်လိုက်ရာ၊ သစ်ပင်ခေါင်ဖျား၌ တထိတ်ထိတ် တလန့်လန့်နှင့် ပုန်း၍ နေကြသော မင်းနှစ်ဖော်ကို မြင်သဖြင့် ကြင်ရာငနဲ ကိုသရဲ၏ ဦးခေါင်းကို ပေါင်ပေါ်မှ အသာကြွ၍ မြေပြင်၌ ချထားခဲ့ပြီးလျှင် သစ်ပင်ပေါ်သို့ လှမ်း၍ 'အို... အမောင်ယောကျ်ား သူကောင်းသားတို့၊ ယခုပင် သစ်ပင်ထက်မှ ဆင်း၍ ငါ့ထံ လာလင့်ကြကုန်လော။ ငါ့လင်မျက်ပြူ ရေသရဲသည် သင်တို့အား တစိုးတစိမျှ ရန်မလုပ်စေရအောင် ငါ တာဝန်ယူပါမည်။ လာမည့် အရေးကိုသာ မဆိုင်းမတွ လာခဲ့ကြပါလော့' ဟုဆို၍ လက်ယပ်ကာ ခေါ်လေသတတ်။

မင်းနှစ်ပါးလည်း ပြင်းစွာ ကြောက်ကြကုန်လျက် 'မတော်ပါဘူး အရှင်မ၊ အရှင်မထံ မလာပါရစေရန် အခွင့်ပန်ပါသည်။ အရှင်မသည် ဣန္ဒြေရှင် ဖြစ်သည့် အတိုင်း ဆင်ခြင်တော်မူထိုက်ကြောင်းပါ' ဟု ဆိုကြသတတ်။

ထိုအခါ သရဲကြင်ရာ မရွှေစာက 'အမောင်လူဖျင်း ယောကျ်ားပျင်းတို့၊ အချိန်မဖြုန်း ကောင်းစွာသုံး၍ ယခုပင် ဆင်းခဲ့ကြပါလော့။ အကယ်၍ သင်တို့သည် ငါ့ဩဇာကို ဖီဆန်၍ မလာဘဲ နေမည်ဆိုလျှင် သင်တို့သည် ဟောသည် သရဲ၏အစာ ဖြစ်ကြရလိမ့်မည် မချွတ်ပြီမို့ သင်တို့လည်း မသေရ၊ ငါ့စကားလည်း နားထောင်ရာ ကျအောင်





ယခုပင် ဆင်းခဲ့ကြပါလော့' ဟု အခြောက်တွင် အညှနှော၍ မင်းနှစ်ပါးအား ခေါ်ပြန်သတတ်။

ကြောက်ခြင်းသည် ဖိစီးအပ်သော မင်းနှစ်ပါးသည် သစ်ပင်ထက်မှ ဆင်း၍ သရဲအသည်း မယ်မီးခဲ၏ ရှေ့တော်မှောက်သို့ ရိုသေစွာ ရောက်ကြသောအခါ 'ကိုင်း... အမောင်ချစ်ဖွယ်၊ ပုလဲသွယ်တို့၊ စကားရှည်ဖွယ်၊ ပြည်မတယ်ဘူး၊ ငါ့ကိုယခု ကြင်ဖက်ပြု၍၊ ကြင်မှုပြီးအောင် ပြုကြပါလော့။ ထိုသို့မဟုတ်၊ အငြင်း ထုတ်၍၊ နောက်ဆုတ်ယက်ကန်၊ သွေဖီဆန်က၊ ဟောသည်သရဲ၊ ဇက်ကိုခဲအောင်၊ ငါနှိုး၍လီဆယ်၊ တိုင်လိုက်မယ်တည့်' ဟု သရဲကတော် တိုင်းလုံးကျော်က တစ်ချက်လွှတ်စကား မိန့်မြွက်ကြားသတတ်။

ထိုအခါ မင်းနှစ်ပါးသည် ပြောသူမရှက် ကြားသူရှက်၍ 'သရဲထိပ်ထား မိဖုရား



www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ အလာဟုသခင်၊ ကျေးဇူးရှင်ကို၊ အားနာထောက်ထား၊ ငဲ့သောအားဖြင့်၊ ခင်မ လိုရာ မလိုက်ပါ ပါရမည့်အကြောင်း၊ နှိမ့်ချကြီးစွာ တောင်းပန်ပါသည်။ ညီအစ်ကိုနှစ်ခု၊ ချိုးဥပမာ၊ တို့ခများမှာ၊ အဲသည်ကိစ္စ၊ ဤကိစ္စကြောင့်၊ လွတ်ရေး ရည်ကာ၊ ပြေးထွက်လာကြသည့်၊ ပြည်ပြေး ဒုက္ခသည်များ ဖြစ်ပါသည်။ ထို့ပြင် တစ်ဝ၊ ခင်မ အကြံ၊ လိုက်ဖို့ရန်မှာလည်း၊ သရဲထိပ်တင်၊ ခင်မလင်ကို၊ ကြောက်လှသည့်တာကြောင့် ဖြစ်နိုင်မည် မဟုတ်ကြောင်း သိတော်မူစေလိုပါသည်' ဟု ဆိုကြလေသတတ်။

ထိုအခါ သရဲကတော်က 'အမောင်လူကောင်း ကြင်ဖက်လောင်းတို့၊ အမောင်တို့သည်၊ ငါ့အကြံသင်းပျံ့၊ ကြာညိုနံ့ကို၊ အတင်းခံ၍၊ ငြင်းဆန်ကြမည် ဆိုပါက၊ ယခုပင်လျှင်၊ သင်တို့နှစ်ယောက်၊ အသက်ပျောက်အောင်၊ ငါ့လင်သရဲကို နှိုးလိုက်မည်' ဆို၍ သရဲအား အကယ်ပင် နှိုးတော့မည့်ဟန် ပြုလိုက်လေရာ မင်းနှစ်ပါးသည် သရဲကတော်၏ အလိုနိုင်ငံသို့ လိုက်ပါ ပါတော့မည်ဟု ဝန်ခံကြရလေ့ကုန်သတတ်။

အလိုတော် ပြည့်တော့မည်မို့ သရဲသက်နှင်း မကျော့ကွင်းမှာ နှလုံးပီတိ ဂွမ်းဆီထိလျက် ပြုံးစိစိ ရှိသတတ်။ သို့ရာတွင် မင်းနှစ်ပါးမှာ အငိုလွယ်သော်လည်း အရှိုက်ကခက်သေးသဖြင့် သရဲကတော်၏ ထံသို့ သူ အလျင် သွားသင့်သည်၊ ငါ အလျင် သွားသင့်သည်ဟု အချင်းများလျက် ရှိကြသတတ်။

သရဲကတော်သည် သည်းမခံစိမ့်သဖြင့် 'အိုဘယ့် ယောကျ်ား ကိုလူသားတို့၊ ယောကျ်ားပီပီ၊ မာန်ဖီဖီနှင့်၊ ပြုဖွယ်အမှု၊ ပြီးအောင် ပြုကြလော့၊ အခါမြင့်ညောင်း၊ အချိန်နှောင်းက၊ သင်တို့သေမင်း၊ ငါ့သက်နှင်းကို၊ တစ်ခါတည်း နှိုးလိုက်တော့အံ့' ဟု ဆိုလေသတတ်။

ထိုအခါ ညီတော်ယှာဇမန်က 'နောင်တော်ဘုရား ရှေ့က ချီတော်မူလျှင် ညီတော်မှာ နောင်တော်က ပါဖို့ အသင့်ပင် ရှိပါသည်' ဟု လျှောက်တင်သံ နာခံ၍ သရဲကတော်၏ အလိုနိုင်ငံသို့ ကြီးစဉ်ငယ်လိုက် အလှည့်ကျ လိုက်ပါကြလေ သတတ်။ သရဲကတော်ကလည်း မိမိအလို ပြည့်ဝသဖြင့် 'သြော်... ကောင်းလေစွ၊ ကောင်းလေစွ၊ ကောင်းလေစွ' ဟု ဝမ်းသာစကား ဆိုပြီးလျှင် ကိုယ်ကျပ်အင်္ကျီတွင်းမှ ရှည်လျားသော လက်စွပ်ကုံးကြီးကို ထုတ်၍ မင်းနှစ်ပါးအား ပြကာ မည်သည့်အရာများ ဖြစ်သည်ဟု သိပါ၏လောဟု မေးသတတ်။ မင်းနှစ်ပါးကလည်း အကြောင်းကို လင်းပါမှသာ သိနိုင်ပါမည်ဟု ဆိုသဖြင့် သရဲကတော်က 'အနှိ အရာများသည် အခြားမဟုတ်၊ ငါနှင့် တိတ်တိတ်ဖက်၍ အိပ်ခဲ့သော လူယောကျ်ားများထံမှ တစ်ယောက်ဆီက တစ်ကွင်းကျ တစ်ကွင်းကျ တောင်းယူထားလိုက်သော လက်စွပ်များ ဖြစ်သည်။ အရေအတွက်အားဖြင့် သချာဖွဲ့လိုက်သည့်ရှိသော် အကွင်း ငါးရာခုနစ်ဆယ် ဖြစ်သည်။ ယခု အမောင်တို့ နှစ်ယောက်နှင့်ငါ ပေါင်းဖော်ခဲ့ကြသည်ကို အထိမ်းအမှတ် ဖြစ်စေခြင်း အလို့ငှာ အမောင်တို့၏





လက်ဝတ်ရတနာများကို ချွတ်၍ ပေးကြလော့' ဟု ဆိုသတတ်။ မင်းနှစ်ပါးလည်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မိမိတို့၏ လက်ဝတ် ရတနာများကို ချွတ်၍ သရဲကတော်အား ပဏ္ဏာသကြလေသတတ်။ သရဲကတော်လည်း မိမိ မျောက်မွေးခြင်း၏ မော်ကွန်းတိုင်ဖြစ်သော ငါးရာခုနစ်ဆယ့်နှစ်ကွင်းသော လက်စွပ်တို့ကို ကိုယ်ချပ်တွင်း၌ တရိုတသေ သိမ်းပြီးလျှင် 'ကိုင်း အမောင်တို့၊ အမောင်တို့နှင့်ငါ မခွဲခွာမီ အမောင်တို့ သိစေရန် ငါ့ဇာတ်ကြောင်းကို အနည်းငယ် နိဒါန်းပြန်လိုသည်။ ဤ ငါ့လင်သရဲသည် ငါ၏ငယ်ချစ် မဟုတ်။ ငါသည် ငါ၏ငယ်ချစ်နှင့် ထိမ်းမြားဖို့ စီစဉ်နေသည့် ညတွင် ဤသရဲသည် ငါ့အား သူတစ်ယောက်တည်း ပေါင်းသင်းဖို့ရန် အကြံနှင့် အတင်းယူဆောင်ပြီးလျှင် ကျောက်သေတ္တာတွင်း၌ သော့ခုနစ်ချက် ခတ်သည့် ရွှေကြုတ်တွင် ထည့်၍ ပင်လယ်ထဲ၌ အမြဲသိမ်း၍ ထားခဲ့သည်။ ဤကဲ့သို့ လုံခြုံစွာ သိမ်းဆည်း၍ ထားသဖြင့် သူ့စိတ်ထဲတွင် ငါ့အား သူကလွဲ၍ အထီးဆိုလျှင် ယင်ဖိုမှ မသမ်းနိုင်ဖူးဘူးဟု ထင်လျက် ရှိသည်။ သို့ရာတွင် ငါသော်တစ်မူကား ငါ အလိုရှိသလောက် လူယောကျ်ား အလုံအလောက်နှင့် တူယှဉ်ဖက်နွဲ့ ပျော်ပွဲဆင်ချင်တိုင်း ဆင်ခဲ့သည်မှာ လက်စွပ်အကွင်း ငါးရာခုနစ်ဆယ့်နှစ်ကွင်းသည် ငါ၏ သက်သေပင်တည်း။ ဒွန္နယာတွင် သူ့ဗီဇနှင့်သူ လာကြသည်ကို သရဲဒုန္နာ မသိရှာချေ။ အတွင်းမှ တားဆီး ပိတ်ပင်ခြင်း မရှိသော စိတ်ကို အပမှ သော့ခုနစ်ချက် မက၍ သော့ခုနစ်ရာပင် ခတ်သော်လည်း အချည်းနှီးပင် ဖြစ်သည်။ ဒွန္နယာတွင် မိန်းမတို့ ကြံချင်လျှင် ဘယ်လို ယောကျ်ားမျိုးမှ မတတ်နိုင်သည့် အဖြစ်ကိုလည်း ငါ့လင် နုံချာ မသိရှာချေ' ဟု အပလိန်းဒို ကာ ဖွင့်လေသတည်း။

ထိုတရားကို ကြားရသော မင်းနှစ်ပါးမှာ ခေါင်းနားပန်းကြီး၍ မျက်လုံးမျက်ဆန် ပြူးကာ၊ အံ့သြတွေဝေကာ နေကြလေသတတ်။ အကြံအိဝ စိတ်တိုင်းကျလျက်ရှိသော သရဲကတော်လည်း သူ့လင်သရဲ အိပ်ပျော်နေရာသို့ သွား၍ ဦးခေါင်းကို အသာ မ ပြီးလျှင် သူ၏ နူးညံ့သော အတွေ့ရှိသည့် ပေါင်တံပေါ်သို့တင်ကာ ပိုနေမြဲ ကျားနေမြဲ နေလျက် 'အို... အမောင်ယောကျ်ား သူကောင်းသားတို့၊ ငါ၏ ဆန္ဒ၊ ပြီးပြည့်ဝပြီမို့၊ သင်တို့လည်း ငါ့လင်သရဲနှင့် ဝေးအောင် လိုရာသို့ ပြေးကြပေတော့' ဟု ဆိုသတတ်။

မင်းနှစ်ပါးလည်း သရဲ၏ မျောက်မထားဒေဝီ မပွေလီရန် လွတ်ကင်းအောင် တစ်မုဟုတ်ချင်း ခရီးပြင်း နှင်ခဲ့ကြပြီးလျှင် 'ဒွန္နယာတွင် အလာဟု အရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိတော့ပြီ။ မိန်းမတို့၏ ယုတ်မာခြင်းမှ ကင်းလွတ်ရန် အလာဟုအရှင်အား ဆည်းကပ်ပါ၏။ အလာဟု အရှင်သည် မိန်းမတို့အား ကြီးလေးသော အပြစ်ဒဏ် ခတ်ပါစေသတည်း' ဟု ရေရွတ်မြည်တမ်းကြလေ သတတ်။

ထို့နောက် ယှာဠိယမင်းသည် သတိတရားနှင့် ဆင်ခြင်၍ 'ဘယ့်နှယ်လဲ



www.burmeseclassic.com

www.burmeseclassic.com



ညီတော်၊ ရေသရဲ၏ အဖြစ်ကို မြင်ပြီ မဟုတ်လော၊ ငါတို့၏အဖြစ်မှာ သူ့အဖြစ်နှင့် စာလျှင် စာဖွဲ့လောက်အောင် မဟုတ်သေး။ ရေသရဲသည် ငါတို့ထက် တန်ခိုးကြီးသူ မှန်လျက် သူ့မယားသည် သူ့မျက်မှောက်၌ပင် သူမသိအောင် ထင်တိုင်း ဖောက်ပြား နိုင်ခဲ့သည်မှာ ငါတို့နှစ်ပါး၏ မျက်မြင်ကိုယ်တွေ့ပင် ဖြစ်သည်။ သို့ဖြစ်ရာ ငါတို့ကဲ့သို့ တန်ခိုးဣဒ္ဓိပါဒ် မရှိသော လူသားမင်းများ အဖို့တွင် အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။ ယခုအခါ ငါတို့သည် တခြားသို့ မသွားတော့မူ၍ ငါတို့ တိုင်းတော် ပြည်တော်သို့ ပြန်ကြပြီးလျှင် ငါတို့အပေါ်၌ မကောင်းသူတို့အား ထိုက်တန်အောင် အပြစ်ပေးကြဖို့ အလုပ်ပင် ရှိတော့သည်။ ပြောနေ ကြာရှေ့မည်၊ ယခုပင် ပြန်ကြကုန်အံ့’ ဟု ဆိုကာ လာလမ်းအတိုင်း ပြန်ကြလေသတတ်။ မိမိတို့ တိုင်းပြည်သို့ ရောက်သောအခါ ယှာဠိုယမင်းသည် နန်းရင်းဝန်ကြီးအား ခေါ်တော်မူ၍ မိမိ၏ မျောက်မထား မိဖုရားကြီးနှင့်တကွ အပျိုတော် အစစ် ဆဲယ်ယောက်နှင့် အတု တစ်ကျိပ်တို့ကို အဆုံးစီရင် စေလေသတတ်။

ထိုနောက် ယှာဠိုယမင်းသည် မိန်းမတို့အပေါ်၌ စိတ်အနာကြီး နာရကား ‘ဒွန္တယာတွင် မဖောက်ပြားသော မိန်းမဟု မရှိ။ ငါသည် ငါ့အပေါ်၌ နောက်ထပ် မည်သည့်မိန်းမမျှ မဖောက်ပြားနိုင်စေခြင်းငှာ ယနေ့မှစ၍ မိန်းမတစ်ယောက်ကို တစ်ည မျှသာ ပေါင်းပြီးနောက်၊ နောက်တစ်နေ့ နံနက်လင်းသည်နှင့် တစ်ပြိုင်နက် အဆုံးစီရင် စေအံ့သတည်း’ ဟု စိတ်ပြဋ္ဌာန်းတော်မူသတတ်။

ညီတော် ယှာဇမန်မင်းလည်း နောင်တော်ထံမှ ခွင့်ပန်၍ မိမိစံရင်း သာမ လကန့်ပြည်သို့ ပြန်လေသတတ်။

ထိုနောက် ယှာဠိုယမင်းသည် နန်းရင်းဝန်အား ခေါ်တော်မူပြီးလျှင် မိမိ၏ ညဉ့်ရိက္ခာ အလို့ငှာ သမီးကညာတစ်ယောက် ရှာ၍ ဆက်ရမည်ဟု မိန့်သတတ်။ နန်းရင်း ဝန်ကြီးသည် လှပစင်ကြယ် ချစ်ချင်စဖွယ်ရှိသော အမျိုးကောင်းသမီး တစ်ယောက်ကို ရှာ၍ ဆက်သလေသတတ်။ ယှာဠိုယမင်းသည် ထိုက်ဆိုးရှာသော အမျိုးသမီးပျိုအား ညဉ့်အဖို့တွင် သဘောတော်ရှိ ခြေတော်တင်ပြီးလျှင် နံနက်လင်းသည်နှင့် တစ်ပြိုင်နက် နန်းရင်းဝန်ကြီးအား အဆုံးစီရင်စေသတတ်။ နန်းရင်းဝန်ကြီးလည်း စေသည့်ကျွန် ထွန်သည့်နွားပမာ အရှင်၏ အမိန့်တော်အတိုင်း သူသတ်အလုပ်ကို လုပ်လေသတတ်။

ဤနည်းဖြင့် ယှာဠိုယမင်းသည် မွန်မြတ်လှသော မင်းအာဏာကို ဦးမည်း ဦးဖြူ များဗိုလ်လူတို့၏ အကျိုးငှာ အသုံးပြုတော်မမူဘဲ တစ်ညတစ်ယောက် သမီးကညာ ကောက်၍ ပန်းဦးကို ပန်တော်မူပြီးလျှင် နောက်တစ်နေ့ နံနက် အရုဏ်တက်သည်နှင့် တစ်ပြိုင်နက် တစ်ညပေါင်း မိဖုရား ပန်တော်ကျများကို ဘဇာအကြောင်း ဘာအကြောင်း ဟု လင်းပြ ရှင်းဟတော် မမူဘဲ သတ်ရခြင်း၏ ပြကတေ့ အရသာ ချိုမြိန်ရှာသည့်အလား နံနက်စဉ် နံနက်ဆက် မိန်းမသတ် သာသနာ ပြုတော်မူ၍ ကာလ ကြာညောင်းလတ်သော် နိုင်ငံတော်အလုံး မီးကြီးအုံးသကဲ့သို့ ရှိလေတော့ သတတ်။





မွေးစဉ် ပန်၍ မနံခင်ပင် ပစ်တော်မူတတ်ထသော မယားသတ်သနင်း ထို ယှာဠိုယမင်း၏ နန်းရင်းဝန်လိမ္မာ ဝိဇီယာလည်း အလိုတော်ရှိ လက်သုံးကျမ်းကို ကျေပွန် သော မင်းခယောကျ်ား ဖြစ်သည့်ပြင် မင်း၏မျက်စောင်း အကြောင်းမရွေးသည်၏ အဖြစ်ကိုလည်း ကောင်းစွာ နှလုံးပိုက်မိသူ ဖြစ်ရကား မိမိ၏အသက်၊ မိမိ၏စည်းစိမ်၊ မိမိ၏ အိုးအိမ်နှင့်တကွ မိမိ၏ လွတ်လပ်ခြင်းကို အစိုးရတော်မူသော ယှာဠိုယဘုရင် ဘဝရှင်အား ‘ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူလှသော အခြေနှစ်ချောင်းနှင့် ဦးခေါင်းကို အစိုးရတော်မူသော အရှင်မင်းကြီး၊ အရှင်မင်းကြီး ယခု ပြုတော်မူလျက် ရှိသော အပျိုရည်ကို ယူ၍ လူကိုသတ်သော အမှုမသမာ ခင်းယုတ်မာများသည် မင်းကောင်းမင်းမြတ်တို့ ပြုကောင်းသော အံမှုများ ဟုတ်ဖို့ဝေးစွ၊ သာမန် လူကောင်း သူကောင်းများပင် ပြုကျင့်ဝံ့သော အလုပ်များ မဟုတ်ပါ။ ထို့ကြောင့် ရွှေနန်းရှင်သည် ဆင်ခြင်သင့်ပါသည် ဘုရား’ ဟု တရားပြ၍ နားချကာ လျှောက်ထားဖူးသည် ဟူ၍လည်း တစ်ခါဖူးမျှ မရှိသော ဟူသတတ်။

ဤနည်းဖြင့် နိုင်ငံတော်အဝန်းရှိ သမီးပျိုများကို ရှင်ဘုရင်က တစ်ည တစ်ယောက် ပေါင်း၍ ကြံရာတော်ပါ နန်းရင်းဝန်က တစ်မနက် တစ်ယောက် အဆုံး စီရင်ဖန် များလတ်သော် ယှာဠိုယမင်း၏ နိုင်ငံတော်၌ အပျိုအရွယ် မိန်းမငယ် ဟူ၍ မရှိသလောက် ရှား၍ သွားပြီးလျှင် အပုန်းအအောင်း ကျင်လည်၍ အသက်တစ်ချောင်းနှင့် ကြွင်းကျန်ရစ်ရှာသူ အပျိုအရွယ် အနည်းငယ်လည်း နိုင်ငံရပ်ခြား တိုင်းတစ်ပါးသို့ ပြေးသွား တိမ်းရှောင်၍ နေကြလေတော့သဖြင့် နောက်ဆုံးတွင် နန်းရင်းဝန်ကြီးမှာ ယှာဠိုယမင်းအဖို့ မိဖုရားလောင်း ရှာ၍ မရနိုင်သဖြင့် အကြံအိုက်လျက်ရှိသော ဟူသတတ်။

ထိုနန်းရင်းဝန်ကြီးတွင် ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသော ယှာဠူဇတ်နှင့် ဒွန်ယာ ဇတ် အမည်ရှိသော သမီးပျိုနှစ်ယောက် ရှိသတတ်။ အကြီးဖြစ်သော ယှာဠူဇတ်သည် ရာဇဝင်သမိုင်း ရှေးဟောင်းပုံပြင်တို့၌ သူမတူအောင် ကျွမ်းကျင်၍ သူ မသုံးသပ်ဖူးသော ကျမ်း၊ သူ မလေ့လာဖူးသော အတတ်ဟူ၍ မရှိသလောက်ပင် ဖြစ်သည်ဟု ပြောကြ သတတ်။ ယဉ်ကျေးပျူငှာ ကိုယ်အမူအရာနှင့် နှုတ်အမူအရာ၌လည်း အလွန်ပင် ချစ်ခင် နှစ်လိုဖွယ်ရှိသော ဟူသတတ်။

ယှာဠူဇတ်သည် မိမိဖခင် စိတ်မချမ်းမသာ ဖြစ်နေသည်ကို မြင်သဖြင့် အပါးသို့ ချဉ်းကပ်ပြီးလျှင် ‘ပါပါဖခင် ကျေးဇူးရှင်သည် အကြောင်း ဘဇာ ဖြစ်သည့်ဟာကြောင့် မှိုင်တွေ၍ နေပါသနည်း။ ဒွန္တယာတွင် ပူစရာတို့ မည်သည်လည်း မမြဲ၊ ပျော်စရာတို့ မည်သည်လည်း တစ်ခဏတာမျှသာ ဖြစ်သည်ကို ပါပါသည် သတိတော် လစ်ဟင်းနေ ဟန် တူပါသည်။ ဖခင့်အပူ သမီးကူ၍ ဖြေပါရန် အခွင့် ပြုသင့်ကြောင်းပါ’ ဟု နှုတ်ချို သံသာ ပြောရှာလေသတတ်။



www.burmeseclassic.com

www.burmeseclassic.com



သမီးအလိမ္မာ၏ စကားကို ကြားရသောအခါ နန်းရင်းဝန်ကြီးသည် မိမိနှင့် ယှာဥ္ဇယမင်းတို့နှစ်ယောက် ဖြစ်ပျက်ကြသမျှကို ကုန်စင်အောင် ပြန်ပြောပြလေသတတ်။ ထိုအခါ ယှာဥ္ဇာဇတ်က 'ဩော် . . . ဖြစ်မှဖြစ်ရပလေ ပါပါရယ်၊ ပါပါတို့ဟာ နောက်ထပ် မူဆလင်အမျိုးသမီးတွေ ဘယ်လောက်များ သတ်နေကြဦးမှာပါလိမ့်။ သည်လိုဆိုလျှင် သမီး အကြံတစ်ခု ပေးပါရစေ၊ သမီးအကြံကို လိုက်မည်ဆိုလျှင် ပါပါ့အသက်လည်း ချမ်းသာပါလိမ့်မည်၊ သမီးတို့ အမျိုးသမီးများလည်း နောက်ထပ် သေရတော့မည် မဟုတ်ပါ' ဟု ဆိုသတတ်။ နန်းရင်းဝန်ကြီးက 'သည်လိုဆိုလျှင် သမီးအကြံ ပါပါ ကြားစမ်းပါရစေ' ဟု ဆိုသတတ်။ ထိုအခါ ယှာဥ္ဇာဇတ်က 'သမီးတော်အကြံက သည်လို ပါ ပါပါရယ်။ ဘုရင်မင်းမြတ်ကြီးအဖို့ တခြား အမျိုးသမီးတစ်ယောက်ကို ရှာနေမည့် အစား၊ မရှိသေ့စကား သမီးကိုပဲ ပါပါက ပို့ဆက်ပေးစေလိုပါသည်၊ သမီးထိုက်နဲ့ သမီးကံပေါ့။ တကယ်လို့ အနန္တ တန်ခိုးတော်ရှင် ကျေးဇူးကြောင့် သမီး အသက်ချမ်းသာ ရာ ရမည်ဆိုလျှင်လည်း သမီးသည် သမီးတို့ အမျိုးသမီးများကို ပါပါနှင့်တကွ ဘုရင် မင်းမြတ်ကြီးရဲ့ဘေးမှ ကယ်တင်နိုင်သည့် အဖြစ်ကို ရောက်ပါလိမ့်မည်' ဟု ဆိုသတတ်။

ထိုစကားကို ကြားလတ်သော် နန်းရင်းဝန်ကြီးက 'အို . . . တယ်မိုက်သည့် သမီးကိုး၊ နင့်ပါးစပ်မို့ ဟရက်၊ ငါဖြင့် ကြက်သီးများပင် ထပါရဲ့။ အသက်ကို ဉာဏ်ရှစောင့် သည်ဆို မဟုတ်လား။ သူတကာ အတွက်နှင့် ဘာလို့ ဝေက်က ဒဏ်ခံ ချင်ရသဟာလဲ' ဟု ဆိုသတတ်။

သို့ရာတွင် ယှာဥ္ဇာဇတ်သည် သူ့ဖခင် ပြောသည်ကို နားမဝင်ဘဲ 'သမီး အစီရင် ခံပါရစေ ပါပါ၊ ပါပါ့စကားကို ပယ်သည်လို့လည်း အမျက်တော် မထွက်ပါနှင့်။ သည် ကိစ္စဟာ သမီး ဉာဏ်မီသလောက်ဆိုလျှင် ဘုရင်မင်းမြတ်ကြီးထံ သမီး မရောက်ဘဲ နှင့် အေးမည့်ကိစ္စ မဟုတ်ဟု ထင်ပါသည်။ သို့ဖြစ်ပါ၍ သမီးကိုသာ ဘုရင်မင်းမြတ်ထံ အမြန် ပို့ဆက်ပေးစေလိုပါသည်။ အကယ်၍ ဘုရင်မင်းမြတ်ကြီးက သမီးကို သတ်မည် ဆိုလျှင်လည်း အမျိုးသမီးများ အသက်ကို ကယ်ဖို့ ကြိုးစားရင်း သေရမှာမို့ အသေ ခံရကျိုး နပ်ပါလိမ့်မည်' ဟု ဆိုပြန်သတတ်။ နန်းရင်းဝန်ကြီးကလည်း 'ဩော် . . . တယ်မိုက်သည့် သမီးပါလား၊ ဒွန္နယာမှာ ကိုယ့်အသက်ထက် သူများ အသက်များ ချစ်နေရသေးသလား၊ ကိုယ့်ဟာကိုယ် အနေသာကြီးဟာ၊ သေပန်း မပွင့်ချင်စမ်းပါနှင့် သမီးရယ်' ဟု အကြံလျှော့အောင် ပြောပြန်သတတ်။

သို့ရာတွင် ယှာဥ္ဇာဇတ်ကမူ အကြံမလျှော့။ မိမိကို ဘုရင်မင်းမြတ်ကြီးထံသို့ အမြန် ပို့ဆောင်ရန်သာ ပြောသည်။ နောက်ဆုံးတွင် နန်းရင်းဝန်ကြီးသည် ယှာဥ္ဇာဇတ် အား အပြစ်တင်လိုသဖြင့် 'သမီး၊ သမီးဟာ ပါပါ့စကားကို နားမထောင်လျှင်တော့ တိရစ္ဆာန်စကား တတ်သော တောင်သူကြီးရဲ့ ပုံထဲကလိုပဲ သမီးဟာ နှာခေါင်းကျည်ပွေ့ တွေ့ရတော့မည် ထင်သည်' ဟု ဆိုသတတ်။





ထိုအခါ 'သဟာဖြင့် ပါပါရယ်၊ ပါပါရဲ့ တောင်သူကြီးပုံကို ပြောစမ်းပါဦး။ သမီး နားထောင်စမ်းပါရစေ' ဟု ဆိုရာ နန်းရင်းဝန်ကြီးက 'ကိုင်း နားထောင်၊ ပါပါ ပြောပြမည်။ တောင်သူကြီးရဲ့ နွားနှင့်မြည်းပုံက သည်လိုတဲ့' ဟု ဆိုကာ ဆိုလတ္တံ့သည့် အတိုင်း ပြောပြသော ဟူသတတ်။

[၂]

## တိရစ္ဆာန်စကား တတ်သော တောင်သူကြီး

ထိုနောက် နန်းရင်းဝန်ကြီးက သူ့သမီး ယှာဥ္ဇာဇတ်၏အကြံ ပျက်စေလို ပျက်စေငြား 'ကိုင်း . . . ငါ့သမီး နားထောင်၊ တောင်သူကြီးတစ်ယောက်ရဲ့ နွားနှင့်မြည်း အကြောင်း ပါပါ ပြောမည်' ဟု ဆိုကာ ဆိုလတ္တံ့သည့်အတိုင်း ပြောပြသတတ်။

ရှေးရှေးတုန်းက အင်မတန် ကုံလုံကြွယ်ဝသည့် တောင်သူကြီးတစ်ယောက် ရှိသတဲ့။ ထိုတောင်သူကြီးသည် တိရစ္ဆာန်စကားကို နားလည်သော်လည်း တိရစ္ဆာန် တို့ ပြောသော စကားများကို မည်သူ့ကိုမျှ တစ်ဆင့်ပြန်၍ ပြောခွင့်မရှိဘူး။ ပြောသည့် နေ့တွင် အလာဟု အရှင်မြတ်က သေဒဏ် ခတ်တော်မူလိမ့်မည်တဲ့။

တစ်နေ့သ၌ ထိုတောင်သူကြီးသည် နွားတင်းကုပ် အနီး၌ ထိုင်နေရာ တင်းကုပ် တွင်းမှ နွားနှင့်မြည်းတို့ အချီအချ စကားပြောနေကြသည်ကို ကြားရသတဲ့။

နွား(ပြော) ။ ။ 'ဘယ့်နှယ်လဲ ကိုရွှေမြည်းရေ မင်းကတော့ သိပ် ကံကောင်း သဟာပဲကွာ။ အစားလည်း ကောင်းကောင်း စားရသည်၊ အနေလည်း ကောင်းကောင်း နေရသည်။ အလုပ်ဆိုလို့လည်း တစ်ခါတလေ တို့သခင် မြို့ကို သွားသည့် အခါကျမှပဲ သယ်ပြီး ပို့ရသဟာပဲ ရှိသည်။ ကျန်သည့် နေ့တွေမှာဖြင့် စားပြီး အိပ်၊ အိပ်ပြီး စားရုံပဲ ရှိသည်။ မင်းလိုများ ငါ ကံကောင်းချင်ပါဘိသည်။ ငါ့မှာဆိုလျှင် ကြည့်စမ်းပါဦး။ စားရသည့် အစာကလည်း ကောက်ရိုးခြောက် မြက်ခြောက်၊ နေရသည့် နေရာကလည်း နောက်ချေးတွေ ဗရပျစ်၊ လုပ်လိုက်ရသည့် အလုပ်ကလည်း အရုဏ်တက်က နေဝင်။ သည်အထဲမှာ သူရင်းငှားကြီးကလည်း တံဗုံးဗုံး ရိုက်လိုက်သေးသည်။ ဆဲလိုက်ဆိုလိုက် သဟာကလည်း နေ့စဉ်နှင့်အမျှပဲ။ ပြီးတော့ ရုန်းလိုက်ရသည့် ထမ်းပိုးကလည်း ပခုံးကို ပေါက်လို့။ သဟာနှင့်တောင် ငါ့ကို ဘယ်သူကမှ ကျေးဇူးမတင်ချင်ကြဘူး'

မြည်း ။ ။ 'သဟာကတော့ ကိုရွှေနွားရာ၊ မင့်ကိုက သိပ်နွားကျ သဟာကိုကွ။ မင့်ကို နွားလို့ ခေါ်သဟာလည်း ခေါ်ထိုက်ပါသည်ကွာ။ မင့်ကိုက တယ် အ သဟာ၊ န သဟာကိုကွ။ မင့်ဟာက နွားပီပီပဲ ဟိုသင်းကျွေးလည်း စား၊ သည်သင်း



www.burmeseclassic.com

www.burmeseclassic.com



ကျွေးလည်း စား၊ ရွံ့ထဲ သိပ်လည်း အိပ်၊ နွံထဲ သိပ်လည်း အိပ်ကိုကွ။ အဲသည်တော့ မင်း ငါ့လို နေချင်သည် ဆိုလျှင်တော့ ငါ ပြောသလို လုပ်ပေါ့ကွာ'

ထိုအခါ နွားက ဆင်းရဲတွင်းမှ လွတ်ကင်း၍ ဘဝသစ်သို့ ရောက်ရတော့မည် ဟူသော မျှော်လင့်ချက်ဖြင့် မြည်းအား အကြံဉာဏ်ပေးရန် တောင်းသတဲ့။

သည်တော့ မြည်းက 'သူငယ်ချင်း ကိုရွှေနွားရေ၊ မင်း သည်လို လုပ်လျှင် ကောင်းမည်ဟေ့၊ ငါက သူငယ်ချင်းချင်းမို့ ပြောသဟာနော်၊ မင်း ကျေးဇူးတင်ချင်မှလည်း တင်'ဟု ဆိုရာ၊ နွားက 'အမယ်လေး ဘယ်မှာ ကျေးဇူးမတင်ဘဲ နေပါ့မလဲ ကိုရွှေမြည်းရာ၊ ကျေးဇူး ဆိုသဟာ မတင်ဘဲ နေကောင်းသဟာမျိုးမှ မဟုတ်ဘဲ၊ တို့နွားမျိုးက အ တော့လည်း အ သပေါ့ကွာ၊ သဟာပေမယ့် ခြေနှစ်ချောင်းနဲ့ နားရွက်တိုများလို ကျေးဇူးတော့ မကန်းတတ်ပါဘူးကွာ၊ မင်း ပေးမည့် အကြံသာ ပေးစမ်းပါ၊ ကျေးဇူးတင်ဖို့ကတော့ ငါ့တာဝန် ထားပါကွာ၊ ငါဟာ ဘဝသစ်ကို ရလျှင် မင့်ကျေးဇူးကို မမေ့ပါဘူး၊ မင်း ပေးမည်ဆိုသည့် အကြံကိုသာ ပေးပါ' ဟု ဆိုသတဲ့။

အဲသည်တော့ သုခမိန်မြည်းက 'သူငယ်ချင်း ကိုရွှေနွားရေ၊ တို့ ခြေလေးချောင်းဓာတ်ဝင် အချင်းချင်းမို့ ပြောသဟာနော်၊ တစ်ကောင်စကား တစ်ကောင် နားနှင့် ဘယ်သူ့မှလည်း မပေါက်ကြားစေနှင့်။ မနက်ဖြန် မနက်ကစပြီး မင့်ကို လယ်ထွန်ဖို့ ခေါ်သွားသည့်အခါ ထမ်းပိုးကို ကောင်းကောင်းမရုန်းနှင့်ကွ၊ ဟိုဘက် ဖယ်ဆွဲ၊ သည်ဘက် ဖယ်ဆွဲလုပ်၊ တစ်ခါတလေလည်း အခွင့်ရလျှင် သူရင်းငှားကြီးကိုပါ မင့် ဦးချိုနှင့် တစ်ချက် နှစ်ချက်လောက် ဝှေ့ပေးလိုက်ပေါ့ကွာ၊ တစ်ခါတလေလည်း မြေကြီးပေါ် လှဲချလိုက်ပြီး မထဘဲ နေပေါ့ကွာ။ ထွန်တုံးဖြုတ်လို့ အိမ်ပြန်လာတော့လည်း မင်း မကြိုက်သည့် ကောက်ရိုးခြောက်တို့ မြက်ခြောက်တို့ကို ကျွေးလျှင် မစားနှင့်၊ နမ်းရုံလောက် နမ်းကြည့်ပြီး နေမကောင်းသလိုလို ဘာလိုလိုနှင့် မြေကြီးပေါ်မှာ စင်းစင်းကြီး လှဲပြီး အိပ်နေပေါ့ကွာ။ သည်တော့ မင်း တကယ် နေမကောင်းဘူး မှတ်ပြီး အစာလည်း ကောင်းကောင်းကျွေး၊ နေရာလည်း ကောင်းကောင်းပေး၊ အလုပ်လည်း အအားထားမှာပေါ့ကွ။ ကိုင်း ဘယ့်နှယ်လဲ၊ ငါပြောသဟာ ကြိုက်ပြီလား' ဟု ပြောသတဲ့။

မြည်း၏ အကြံပေးချက်ကို ကြားရသောအခါ ဘဝသစ်ကို အမြဲ ရော်ရမ်းလျက်ရှိသော ကိုဂေါဏကြီးသည် အင်မတိ အင်မတန် ဝမ်းသာလှသည်ဖြစ်၍ 'ရွှေနိုပ်ဟ၊ သဟာမှ မိတ်ဆွေကောင်းဟ၊ ဒွန္နယာကြီးမှာ အပေါင်းအသင်း ကောင်းဖို့ အရေးကြီးသည် ဆိုသဟာ အဲသဟာကြောင့်ကိုး။ ကျေးဇူးတင်လိုက်သဟာ ပညာရှိ မြည်းမင်းရယ်၊ မြည်းမင်းသာ မကယ်လျှင် ငါဟာ ဘဝသစ်ကို ဘယ်ရောက်နိုင်တော့မတုံး' ဟု ဆိုသတဲ့။

အဲသလို မြည်းနှင့်နွားတို့ နှီးနှောနေကြသည့် စကားကို သူတို့သခင် ဝောင်သူကြီးက အသာ နားထောင်နေတော့ ကြားသဟာပေါ့ သမီး ဗေတိရဲ့။





နောက်တစ်နေ့ အရုဏ်တက်ကျတော့ သူရင်းငှားကြီးက လယ်ထွန်ဖို့ နွားကြီးကို ထုတ်သွားသတဲ့။ ထိုအခါ နွားကြီးသည် သူ့ဆရာ မြည်း သင်ပေးသည့် အတိုင်း ထမ်းပိုးကို ကောင်းကောင်းမရုန်းဘဲ ကိုးရိုးကားရားချည်း လုပ်ပြီး နေသတဲ့။ တစ်ခါတစ်ရံလည်း နေရာက မရွေ့ဘဲ ဝပ်နေသတဲ့။ တစ်ခါတစ်ရံလည်း ဘေးကို ဖယ်၍ ဆွဲသတဲ့။ သူရင်းငှားကြီးက ဘယ်လိုပင် ရိုက်ရိုက် နွားကြီးက မဖြုံဘူးတဲ့။ ဆဲလို့လည်း အလကား၊ ကြိမ်းလို့လည်း မထိ သဟာနှင့် တစ်နေ့လုံး ထွန်ရေး ပျက်တော့သတဲ့။ ညနေ ထွန်ဖြုတ်၍ အိမ်ပြန်ရောက်တော့လည်း နွားကြီးသည် ခါတိုင်းကဲ့သို့ အစာကျွေးသည်ကိုလည်း စားဖော်မရဘဲ တုံးလုံးကြီး လှဲ၍သာ နေသတဲ့။ ထိုအခါ သူရင်းငှားကြီးက မိမိ၏ နွားကြီးသည် အကယ်ပင် နေမကောင်း ဖြစ်နေရှာသည် ထင်သဟာနှင့် တောင်သူကြီးထံ သွားပြီး အကျိုးအကြောင်းကို စုံစေ့အောင် ပြောပြသတဲ့။

သို့ရာတွင် တောင်သူကြီးမှာ မြည်း၏ လက်ချက်ဖြစ်သည်ကို သိနှင့်ပြီး ဖြစ်သဟာနှင့် သူရင်းငှားကြီးကို 'သဟာဖြင့် တပည့်ရေ၊ သည်လိုလုပ်ဟေ့။ သည်နေ့ နွားကြီး နားချင် နားပါစေဦးကွာ၊ မနက်ဖြန်ကျတော့ သူ့အစား မြည်းကို ထမ်းပိုးတပ်ပြီး အထွန်ခိုင်းပေတော့' ဟု ပြောသတဲ့။

သူရင်းငှားကြီးလည်း သူ့သခင် ခိုင်းသည့်အတိုင်း မြည်းကို ထမ်းပိုးတပ်၍ လယ်ထွန်သတဲ့။ မြည်းခမျာမှာ မော၍ပန်း၍မျှ နားချိန်မရ။ တဖုံးဖုံး တဗင်းဗင်းနှင့် အရိုက်ခံရသဖြင့် ကျောကွဲမတတ် ရှိသတဲ့။ ပခုံးလည်းပေါက်၊ ခြေလက်တွေလည်း နာ၊ သေရသဟာကမှ ကောင်းမလောက် ရှိသဖြင့် ညနေ ထွန်တုံးဖြုတ်ချိန်တွင် အိမ်သို့ ပြန်လာသောအခါ အနိုင်နိုင်ပင် ခြေလေးချောင်းကို သယ်လာနိုင်တော့ သတဲ့။

ထိုအခိုက်တွင် ဘဝသစ်ကို ရောက်၍နေသော နွားကံကောင်းကြီးမှာ အိမ်တွင် အစားကောင်းကောင်း စား၍ အိပ်လိုက်၊ အစာဟောင်း ထုတ်လိုက်နှင့် စည်းစိမ်အများကြီး တွေ့လျက် ရှိသတဲ့။

သူ့ကျေးဇူးရှင် ပညာရှိ မြည်းမင်း ထွန်ရုန်းရာမှ ပြန်လာသောအခါ နွားကြီးက အားရဝမ်းသာနှင့် ကျေးဇူးတင်စကား ဆီး၍ ပြောသတဲ့။ သူ့အထင်မှာ လောကဌ် မြည်းလောက် ပညာရှိသော ပုဂ္ဂိုလ် မရှိဘူးတဲ့။ ပညာရှိ မြည်းမင်း၏ အဆုံးအမကိုသာ မခံယူရပါက ဒုက္ခသည် နွားကြီးမှာ ထမ်းပိုးအောက်က လွတ်၍ ဘဝသစ်ကို ရောက်နိုင်ဖို့လမ်း မရှိဘူး တဲ့။

နွားကြီးသည် ကျေးဇူးတင်၍ စကား ဖောင်နေသလောက် မြည်းခမျာမှာ မခံချိ ဖြစ်နေသတဲ့။ မောပန်းလှသဖြင့် စကားတောင် ချက်ချင်း မပြန်နိုင် ဖြစ်နေသဟာနှင့် မြည်းက အတန်ကြာ၍ အမောပြေသော အခါကျမှ "ဒွန္နယာမှာ လောကွတ်မချော်သင့်သည့် နေရာမှာ လောကွတ်ချော်မိလျှင် ဒုက္ခတွေ့ရစမြဲ ဆိုသဟာ တယ်မှန်ပါကလား၊ ငါတော့ ငါ့ဒုက္ခက ငါလွတ်အောင် အကြံထုတ်မှ ဖြစ်တော့မှာပဲ"ဟု ကြံမိသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



'အဲ... ငါ့သမီးလည်း ကိုယ့်ဟာကိုယ် ကောင်းကောင်းမနေဘဲ ကိုယ့်ဒုက္ခကိုယ်ရှာမည်ဆိုလျှင် ပုံထဲက မြည်းမိုက်လို့ ဒုက္ခတွေ့ရမှာပေါ့ သမီးရဲ့။ နှာခေါင်းကျည်ဖွေ့ မတွေ့ချင်ပါနှင့် သမီးရယ်၊ ပါပါ့စကားကို နားထောင်ပါ၊ သမီး သေသဟာကို ပါပါ မမြင်ပါရစေနှင့်' ဟု နန်းရင်းဝန်ကြီးက ဆိုသတဲ့။

ထိုအခါ ယှာဋ္ဌာဇတ်က 'ပါပါ့စကားကို ပယ်သည်ဆိုပြီး သမီး အပေါ်မှာ စိတ်လည်း ရှိတော်မမူပါနှင့်၊ သမီးတော့ ဘုရင်မင်းမြတ်ကြီးထံ သွားရမှပင် အေးပါမည်' ဟု ဆိုပြန်သတဲ့။ 'မတော်ပါဘူး သမီးရယ်၊ မတော်လို့ ပါပါ ဖျက်သဟာပါ' ဟု နန်းရင်းဝန်ကြီးက ပြောပြန်သတဲ့။ ယှာဋ္ဌာဇတ်က 'သမီးတော့ ဘယ်နည်းနှင့်မျှ မသွားဘဲ မနေနိုင်ပါ' ဟု ပြောသောအခါ 'သဟာဖြင့် သမီးဟာ တောင်သူကြီးရဲ့မယား ဒုက္ခဖြစ်သလို ဖြစ်ချင်ပြီ ထင်သည်' ဟု နန်းရင်းဝန်ကြီးက ဆိုသတဲ့။ သည်တော့မှ ယှာဋ္ဌာဇတ်က 'ကိုင်းပါ ပါပါရယ်၊ တောင်သူကြီးမယား ဘယ်လို ဒုက္ခဖြစ်သည် ဆိုသဟာ ပြောပြစမ်းပါဦး၊ သမီး နားထောင်ပါရစေ' ဟု ဆိုပြန်သတဲ့။

နန်းရင်းဝန်ကြီးလည်း သူ့သမီး၏ အကြံ ပျက်လိုပျက်ငြား အားမလျှော့သေးဘဲ ပုံကို ဆက်၍ ပြောပြန်သတဲ့။

ကိုင်း... နားထောင်ဦး သမီး၊ အဲသဟာနှင့် ညကျတော့ တောင်သူကြီးက လသာခန်း ထွက်ပြီး နွားတင်းကုပ်ဘက်ကို မျှော်ကြည့်ရင်း နွားနှင့်မြည်းတို့ ဘာများဆက်ပြီး ပြောကြပါလိမ့်ဦးမလဲလို့ နားစွင့်ပြီး နေသတဲ့။ ထိုအခါ မြည်းက 'ဘယ့်နှယ်လဲ ကိုချိုထောင်ကြီးရေ၊ သင့်ကို မနက်ဖြန်ခါ လယ်ထွန်ဖို့ ခေါ်လျှင် ဘယ့်နှယ်လုပ်မလဲ' ဟု မေးသတဲ့။ နွားကြီးက 'အောင်မာ...ဘာထူးပြီး မေးနေစရာ ရှိသလဲ သုခမိန်ကြီးရဲ့၊ သည်ကနေ့ လုပ်သလိုအတိုင်း ထပ်လုပ်ရုံ ရှိသဟာပေါ့။ ဘဟာကြောင့် မေးသဟာလဲ၊ မြည်းမင်းမှာ အနီအကြံထက် ကောင်းသည့် အကြံများ ရသေးလို့လား' ဟု မေးသတဲ့။

သည်တော့ မြည်းက ပညာရှိ သုခမိန်တို့၏ ခေါင်းခါခြင်းမျိုးဖြင့် သူ့ခေါင်းကို ဋ္ဌာန္ဓေကြီးဖြင့် ခါ၍ 'အဆွေ ဥသဘာ၊ မနက်ဖြန် အဖို့မှာ သင်သည် သည်အကြံအတိုင်း ဆက်၍လုပ်လျှင် အမှားကြီး မှားလိမ့်မည်။ အကြံတို့ မည်သည်မှာ ပြကတေ့အားဖြင့် အခါခပ်သိမ်း ကောင်းသည်ဟု မရှိ။ အခါကာလ၊ နေရာဌာနအလိုက် ပြောင်းသင့်သည့်အခါ ပြောင်းရသည်။ သို့ဖြစ်ရာ မနက်ဖြန်ခါ အဖို့ဆိုလျှင် သင့်အား လယ်ထွန်ဖို့ ချည်တိုင်မှ ဖြုတ်သည်နှင့် တစ်ပြိုင်နက် မဆိုင်းမဖင့်ဘဲ သွက်သွက်ကြီး ထ၍သာ လိုက်သွားပါလော့။ အဘယ့်ကြောင့်ဆိုသော် အကယ်၍ အဆွေသည် ယမန်နေ့က ပရိယာယ်ကို ဆက်၍ သုံးမိပါက အဆွေ့ကို နွားသတ်သမားထံ အမြန်ပို့ရမည်ဟု ငါတို့သခင်က သူရင်းငှားကြီးအား အမိန့်ပေးသည်ကို ငါ နားနှင့်ဆတ်ဆတ် ကြားရသောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် အဆွေ၏ အကျိုးကိုလိုသော ဤငါ့စကားကိုသာ





အဆွေ တစ်သဝေမတိမ်း နားထောင်ပါလော့။ သို့မဟုတ်ပါမူ အဆွေသည် သေမင်းနိုင်ငံသို့ အမှန် လိုက်ရတော့မည် ဖြစ်ပါ၍ ငါလည်း စိတ်ကောင်းနိုင်မည် မဟုတ်ပါ' ဟု ဆိုသတဲ့။

ထိုအခါ နွားကြီးက 'သည်လိုဆိုလျှင် ကောင်းပါပြီ အဆွေ၊ ငါသည် အဆွေ့စကားကို နားထောင်ပါအံ့' ဟု ဆိုပြီးနောက် သူ စားရန်ထားသော စားခွက်ထဲမှ ကောက်ရိုးခြောက်၊ မြက်ခြောက် စသည်တို့ကို မြိန်ရှက်စွာ စား၍ ထမ်းပိုးရုန်းရန် ပခုံးတပြင်ပြင်နှင့် နေသတဲ့။

အဲသည်လို နွားနှင့် မြည်းတို့ နှစ်ကြိမ်မြောက် နှီးနှောကြသော စကားများကို ကြားရသဖြင့် တောင်သူကြီးသည် နံနက်မိုးသောက်တွင် နွားကြီး၏ အခြေအနေကို ထ၍ စောင့်ဆိုင်းကြည့်ရှုကာ နေသတဲ့။ နွားကြီးလည်း သူရင်းငှားကြီးက ချည်တိုင်မှ ဖြုတ်လိုက်သည်နှင့် တစ်ပြိုင်နက် မြူးထူးပျော်ရွှင်သော လက္ခဏာကို ပြလျက် သူရင်းငှားကြီးက မမောင်းရသေးခင်ပင် လယ်တောဘက်သို့ ရှေးရှု ထွက်သွားသတဲ့။ ထိုအခါ တောင်သူကြီးသည် နွားကြီး၏အဖြစ်ကို မရယ်ဘဲ မနေနိုင်သဖြင့် အူနှိပ်၍ ထားရမတတ် ရယ်သတဲ့။ ထိုအခိုက်တွင် တောင်သူကြီး၏ ဇနီးလည်း အနားတွင် ရှိနေသဖြင့် 'ဘယ့်နှယ်လဲ မောင်မင်း၊ ရယ်ချက်သား ကောင်းလှချည်ကလား။ ဘာ့ကြောင့် သဟာလောက် ရယ်သည်ကို ငါ့အား ပြောရမည်' ဟု ဆိုသတဲ့။ တောင်သူကြီးက 'ငါ ရယ်သဟာ တခြားကြောင့် မဟုတ်ပါဘူး ရှင်မရာ၊ လျှို့ဝှက်သည့် အကြောင်းတစ်ခုကို ကြားလို့ပါ။ အဲသည် အကြောင်းကိုတော့ ရှင်မ မသိချင်ပါနှင့်၊ ပြောမိလျှင် ငါ့ အသက် သေရမှာမို့လို့ပါ' ဟု ဆိုသတဲ့။ သည်တော့ တောင်သူကြီး၏ မယားက 'ဟင့်အင် ဟင့်အင်... သည်လိုနှင့် ဘာရမလဲ၊ သည် လျှို့ဝှက်သည် ဆိုသည့် အကြောင်းကို ငါ့ကို ပြောရမည်။ မောင်မင်း သေလည်း မောင်မင်းထိုက်နှင့် မောင်မင်းကံပဲ၊ မပြောဘဲ မနေရဘူး။ ပြောရမည်၊ ပြောရမည်' ဟု အတင်း နားပူသတဲ့။

'မဟုတ်ပါဘူး ရှင်မရဲ့၊ ရှင်မ သိဖို့အကြောင်း မဟုတ်ဘဲနှင့် ဘာလုပ် သိချင်ရသဟာလဲ။ ငါဟာ ကြက် ငှက် တိရစ္ဆာန်တွေ ပြောသည့် စကားကို နားလည်သည်။ သဟာပေမယ့် တခြားသူများကို ပြန်မပြောရဘူး၊ ပြောလို့ရှိလျှင် အလာဟု အရှင်က ငါ့ကို သေဒဏ်ပေးတော်မူလိမ့်မည်။ သဟာကြောင့် မပြောပါရစေနှင့် ရှင်မရယ်' ဟု တောင်သူကြီးက တောင်းပန်သတဲ့။

ထိုအခါ သူ့ဇနီးက 'ဟင့်အင် ဟင့်အင်... ပြောရမည် ပြောရမည်၊ သဟာက မပြောချင်လို့ သက်သက်လိမ်နေသဟာ။ မောင်မင်း ရယ်သဟာ ငါ သိပါသည်၊ တခြားသူကို ရယ်သဟာ မဟုတ်ပါဘူး၊ ငါ့ကို သက်သက်လှောင်ပြီး ရယ်သဟာပါ။ ဟင့်အင် ဟင့်အင် ... ပြောရမည် ပြောရမည်၊ မပြောလျှင် မောင်မင်းကို သည်ညကစပြီး ငါ မပေါင်းတော့ဘူး' ဟု ပြောပြောဆိုဆိုနှင့် ရှိုက်ကြီးတငင် ငိုသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ တောင်သူကြီးက ‘ရှင်မက တယ်ခက်သဟာကိုကွ၊ ငိုစရာ မဟုတ်သဟာကို ဘယ့်နှယ်ကြောင့် ငိုနေရသဟာလဲ။ တိတ်ပါကွာ၊ ပြောမဖြစ်လို့ မပြောသဟာပါ၊ တိတ်စမ်းပါ’ ဟု ချော့သတဲ့။ သို့ရာတွင် သူ့ဇနီးက ဆက်၍ ခေါင်းမာကာ ‘မောင်မင်း ဘာမှ ထွေရာလေးပါးတွေ ပြောမနေနှင့်၊ နွားနှင့်မြည်း ဘာစကား ပြောကြသည် ဆိုသဟာပဲ ပြောရမည်’ ဟု နားပူပြန်သတဲ့။

ထိုကဲ့သို့ ပြောပြီးနောက် တောင်သူကြီး၏ မယားသည် ခေါင်းမာမြဲ ဆက်၍ မာလျက် ရှိသဖြင့် တောင်သူကြီးလည်း လက်လျှော့ပြီးလျှင် ‘ရှင်မ၊ မင်းဟာ သည်လောက်တောင်မှ ပြောမရဆိုမရ ရှိမှ ငါသေချင်လည်း သေပါစေတော့၊ ပြောပါတော့မည်ကွာ’ ဟု ဆို၍ မိဘဆွေမျိုး၊ အိမ်နီးပါးချင်း စသည်တို့ကို နောက်ဆုံးနှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ရန် အကြောင်းကြားခိုင်းသတဲ့။ အားလုံး ပရိသတ်စုံသောအခါ တောင်သူကြီးက သူသည် တိရစ္ဆာန်တို့၏ စကားကို နားလည်ကြောင်း၊ သို့ရာတွင် မည်သူ့မျှ ပြန်၍ ပြောခွင့်မရကြောင်း၊ အကယ်၍ ပြောမိခဲ့သော် သူ၏အသက် ဆုံးရှုံးရမည် ဖြစ်ကြောင်း၊ ယခု သူ့ဇနီးက မပြောလျှင် မနေရဘူးဟု အကြိမ်ကြိမ် နားပူသဖြင့် ပြောရတော့မည် ဖြစ်ကြောင်း၊ ပြောခဲ့လျှင် အလာဟု အရှင်၏ အမိန့်တော်ကို လွန်ဆန်ရာကျသဖြင့် သေရတော့မည်မှာ အမှန် ဖြစ်ကြောင်း၊ ထို့ကြောင့် မသေမီ နှုတ်ဆက်လို၍ ဖိတ်ခေါ်ရခြင်း ဖြစ်ကြောင်း၊ သူသည် အကယ်၍ တစ်စုံတစ်ယောက်သော သူ့အပေါ်၌ အပြစ်များ ပြုမိခဲ့ပါလျှင်လည်း ခွင့်လွှတ်ရန် တောင်းပန်ပါကြောင်းနှင့် ပရိသတ်အား ပြောသတဲ့။ ထိုအခါ ပရိသတ်ထဲမှ တစ်ယောက်သော သူက တောင်သူကြီးဇနီးအား ‘အချင်း အမျိုးသမီး၊ သင်သည် အလာဟုအရှင်၏ မျက်နှာတော်ကို ထောက်သဖြင့် သင်နှင့် မဆိုင်သော အကြောင်းကို မေးရန် မသင့်ပေ။ အကယ်၍ သင် မေးသည့်အတိုင်း သင့်လင်က ပြန်၍ ပြောခဲ့သည်ရှိသော် သင့်မှာလည်း မုဆိုးမ ဖြစ်၍၊ သင်၏ သားသမီးများလည်း ဖသက်ဆုံးကလေးများ ဖြစ်ကြလိမ့်မည်။ ထို့ကြောင့် သင်သည် မေးရန် မသင့်ပေ’ ဟု ဆိုသတဲ့။ သို့ရာတွင် တောင်သူကြီးဇနီးက သူ့လင် သေလျှင်လည်း မတတ်နိုင်၊ သူတော့ဖြင့် သည်အကြောင်းကို သိရမှ အေးမည်ဟု ပြောသဖြင့် ပရိသတ်တို့လည်း လက်လျှော့ကြရသတဲ့။

တောင်သူကြီးလည်း ကိုယ်လက် သန့်ရှင်းအောင် ဆေးကြောပြီးမှ ပြောမည့်အကြံနှင့် စပါးကျီအနီးသို့ သွားသောအခါ မဆူမကြဲ မနိမ့်မမြင့် အရွယ်အမျိုးမျိုး၊ အမွေးအရောင် အသွယ်သွယ်ရှိသော ကြက်မငါးဆယ်ဖြင့် တင့်တယ်စွာ ခြံရံလျက်ရှိသော ကြက်ဖကြီးနှင့် သူ၏ ခွေးလိမ္မာတို့ စကားနီးနှောလျက် နေကြသည်ကို တွေ့ရသတဲ့။

ခွေး ။ ။ ‘ဘယ့်နှယ်လဲ အဆွေတော် ပဟိုရ်ကြီး၊ သင့်ကို ကြည့်ရသဟာ သိပ်ပျော်နေပုံ ရသည်။ တကယ်ဆိုတော့ သည်နေ့လို နေ့မျိုးမှာ သင်ဟာ





သူများနည်းတူ ဝမ်းနည်းစွာ နေဖို့ကောင်းသည်။ တို့ခွေးတွေတော့ ဝမ်းနည်းကြလို့ ခါတိုင်းလို ဟောင်ဖော် အူဖော်တောင် မရကြဘူး၊ သင်ကတော့ ခါတိုင်းလိုပဲ အပျော်အရွှင် မပျက်ဘူး။ ဟိုကြက်မကို ရစ်လိုက်၊ သည်ကြက်မကို လှည့်လိုက်၊ တွန်လိုက် အော်လိုက်နှင့် သင် မရှက်ဘူးလား’

ကြက်ဖ ။ ။ ‘အလို ကိုအောင်နက်၊ သည်နေ့ ဘာဖြစ်လာသလဲ၊ တယ်စကားအဆန်းတွေ ပြောပါကလား။ ဒွန္နယာမှာ သည်နေ့ သေရမလား၊ နက်ဖြန် သေရမလား ဆိုသဟာ ဘယ်သူမှ ပြောနိုင်ကြသဟာ မဟုတ်ဘူး မဟုတ်လား။ သည်တော့ ငါတို့တော့ ပျော်ပျော်ပဲ နေသဟာပဲ ဟေ့၊ ပူသည် ပင်သည် ဆိုသဟာ နားမလည်ဘူး။ နောက်ပြီး သည်ကနေ့မှ ငါက ဘာဖြစ်လို့ ထူးပြီး ပူရမှာလဲ ဖိုးအောင်နက်ရဲ့၊ ပြောပဲ ပြောစမ်းပါဦး’

ခွေး ။ ။ ‘ဟ ဘယ့်နှယ် ငါ့ကောင်၊ အခုထက်ထိ တို့သခင် အကြောင်း မင်း မကြားသေးဘူးလား၊ တယ်ခက်သည့်ကောင်ပဲ’

ကြက်ဖ ။ ။ နေစမ်းပါဦးဟ မောင်အောက်နက်ရ၊ မင်းဟာက မထိတ်သာ မလန့်သာ၊ တို့သခင် ဘာများ ဖြစ်လို့တုံး’

ခွေး ။ ။ ‘ဘာဖြစ်ရမလဲ ကိုဖောင်းပြန်ရဲ့၊ တို့သခင်ဟာ သည်ကနေ့ သေရတော့မည်’

ကြက်ဖ ။ ။ ‘သေဆို့ အကောင်းမှတ်လို့ကွာ၊ တို့သခင်က ဘာလို့ သေချင်သဟာတဲ့လဲ’

ခွေး ။ ။ ‘သေချင်သည်တော့ ဘယ်ဟုတ်ပါ့မလဲ သူငယ်ချင်းရ၊ မလွဲသာလို့ပေါ့။ တို့သခင်က တို့တိရစ္ဆာန် စကားတွေ တတ်သည်ကွ၊ အဲသဟာကို သူ့မယားက သူ့ကို ပြန်ပြောပြရမည်ဆိုလို့ အခု တို့သခင်က ပြန်ပြောရတော့မည်။ ပြန်ပြောလျှင်တော့ အလာဟုအရှင် အမိန့်တော်နှင့် တို့သခင်ဟာ သေရတော့မှာပဲ’

ကြက်ဖ ။ ။ ‘ဟာ ကိုအောင်နက်ကြီးရေ၊ သည်လိုဆိုလျှင် တို့သခင်ဟာ အစသတ်တော့ လူဖျင်းကြီးပဲကွ။ သူ့မှာ မယား ဘယ်နှယောက်များ ရှိလို့လဲ’

ခွေး ။ ။ ‘တစ်ယောက်ပေါ့ကွ၊ ဘယ်နှယောက် ရှိရဦးမလဲ’

ကြက်ဖ ။ ။ ‘သည်လိုဆိုလျှင် ကွာ၊ ငါ့လို မယားငါးကျိပ်များ ထိန်းရလျှင် ခက်ကုန်ရောပေါ့။ မယားကလေးတစ်ယောက်မှ နိုင်အောင် မထိန်းနိုင်သည့် လူစားမျိုးဟာ တို့အချင်းချင်းမို့ ပြောရဦးမည်၊ သူများလည်း မပြောပါနှင့်ကွာ၊ ရှက်စရာကြီး။ အသက်ရှင်နေလို့လည်း တယ်အကြောင်းမထူးပါဘူး၊ မြေလေးရုံလောက်ပဲ ရှိမှာပါပဲ’

ခွေး ။ ။ ‘ဟ ဟ သည်လိုလည်း မပြောပါနှင့်ဦးလေ၊ သဟာ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ သူ့မယား သူချစ်သဟာကိုးကွ၊ ပြောဆိုတော့လည်း ပြောရမှာပေါ့။ အနို့ တို့သခင် မသေရအောင် ဘယ်လိုလုပ်လျှင် ကောင်းမလဲကွ၊ မင်းကတော့ ပညာရှိမို့ သိမည်'

ကြက်ဖ ။ ။ 'မယားတစ်ယောက်လောက်ကို နိုင်အောင် ထိန်းနိုင်ဖို့ အတွက်တော့ ပညာရှိဖို့ မလိုပါဘူးကွာ၊ အလွယ်ကလေးပါ။ ငါ့မှာ မယားငါးကျိပ် တောင် ရှိသည့်အနက် ဘယ်မယားကမှ ငါ့ကို မခန့်လေးစား မလုပ်ဝံ့ဘူး။ သဟာက တော့ ဗုဒ္ဓယာမှာ ပရိယာယ် လိုသဟာပေါ့ကွ။ ငါ့မယား ငါးကျိပ်အနက် ချော့သင့်သူကို လည်း ချော့ရသည်ကွ၊ ခြောက်သင့်သဟာလည်း ခြောက်ရသည်ကွ၊ ဆိတ်သင့်သဟာ လည်း ဆိတ်ရသည်ကွ၊ ခွပ်သင့်သဟာလည်း တစ်ခါတလေ ဗလာ ပစ်ခွပ်လိုက်ရ သည်ကွ'

ခွေး ။ ။ 'သဟာဖြင့် သူငယ်ချင်း ကြက်ခမိန်ကြီးရယ်၊ တို့သခင် ဟာ ဘယ်လိုလုပ်လျှင် ကောင်းမည်လဲ'





ကြက်ဖ ။ ။ 'အောင်မာ အလွယ်ကလေးပါကွာ၊ ငါသာ တို့သခင် ဖြစ်ရင်တော့ ဘာပြောကောင်းမလဲ။ တုတ်တစ်ချောင်း ကောင်းကောင်းရှာပြီး သူ့မယား ကို "ဟဲ့ကောင်မ နင် တစ်ခါ မေးဦးမလားဟဲ့၊ နင် တစ်ခါ မေးဦးမလားဟဲ့"ဆိုပြီး ကျောရော ရင်ရော တစ်ချက်စီ တစ်ချက်စီ စီပြီး နာနာပါအောင် နှံလိုက်လျှင် "အမယ် လေး မမေးပါဘူးတော့၊ အမယ်လေး မမေးပါဘူးတော့"နှင့် ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ပြေးပြီး သည်ကိစ္စဟာ အေးသွားမှာပေါ့ကွ'လို့ ဆိုသတဲ့ဟု ပြောပြီး နန်းရင်းဝန်ကြီး က သူ့သမီးအား ဆက်၍ 'အဲ အခုလည်း ငါ့သမီးဟာ တောင်သူကြီးမိန်းမ အရိုက် ခံရသလို အရိုက်ခံချင်ပြီ ထင်သည်' ဟု ဆိုသတဲ့။

သည်တော့ 'တောင်သူကြီးမိန်းမ အရိုက်ခံရပုံကို တစ်ဆိတ် ဆက်ပြောပါဦး' ဟု ယှာဠာဇတ်က ဆိုပါသတဲ့။

ထိုအခါ နန်းရင်းဝန်ကြီးက ဆက်၍ ပြောပြန်သတဲ့။

ပညာရှိ ကြက်ဖကြီး၏ မိန့်မြွက်သံကို ကြားရသောအခါ တောင်သူကြီးသည် တုတ်တစ်ချောင်းကို ရှာ၍ အသာဝှက်ပြီးလျှင် သူ့မယားအား အခန်းတွင်းသို့ ခေါ်လျက် 'ကိုင်း ... ရှင်မက သဟာလောက်တောင်မှ မသိကောင်းသည့် အကြောင်း သိချင်လှလျှင် ပြောရသဟာပေါ့ကွာ၊ ကဲ ... လာ လာ သူများကြားလို့လည်း မကောင်းဘူးကွ၊ ရှင်မနှင့်ငါ နှစ်ယောက်ကြားပဲ ပြောမည်၊ အခန်းထဲ ဝင်ကွာ' ဟု ဆိုကာ သူ့မယားအား အခန်းထဲသို့ သွင်း၍ တံခါးကို လုံအောင်ပိတ်ပြီးလျှင် 'ကိုင်း ... မမေးပါနှင့် ဆိုသဟာ မေးဦးမလားဟဲ့၊ မမေးပါနှင့် ဆိုသဟာ မေးဦးမလား ဟဲ့' ဆိုပြီး ဝှက်၍ယူလာသော တုတ်နှင့် ငါးဖယ်တေ တေရော့တဲ့။ သည်ကော့ တောင်သူကြီးမိန်းမလည်း 'အမယ်လေး နောက် မမေးတော့ပါဘူး မောင်မင်းရဲ့၊ အမယ်လေး နောက် မမေးတော့ပါဘူး မောင်မင်း ရဲ့၊ ကြောက်ပါပြီ မောင်မင်းရဲ့၊ နောက်ကို ဘယ်တော့မှ မမေးတော့ပါဘူး။ နောက်ကို မေးလို့ရှိရင် သေအောင် ရိုက်ပါတော့ မောင်မင်းရဲ့' ဟု ငယ်သံပါအောင် အော်ပြီး ငိုသတဲ့။ ထို့နောက် တောင်သူကြီးက သူ့မယားကို အခန်းတွင်းမှ ထုတ်လိုက်သောအခါ သူ့မယားသည် အင်မတန် ကျိုးနွံပိပြားသော မယားကောင်းအဖြစ်သို့ ရောက်သွားသဖြင့် စုရုံး၍ လာကြသော ပရိသတ်တို့သည် များစွာ ရွှင်လန်းဝမ်းမြောက်ခြင်း ဖြစ်သွားကြ သည်။ ထိုအခါမှ စ၍ တောင်သူကြီးသည် အိမ်ထောင်အုပ်ချုပ်နည်းကို ပညာရှိ ကြက်မင်း ထံမှ နာယူရသဖြင့် တစ်သက်ပတ်လုံး လင်မယား ပျော်ရွှင်စွာ နေနိုင်ပါတော့သတဲ့။

ထို့နောက် နန်းရင်းဝန်ကြီးက ဆက်၍ 'အခုလည်း ငါ့သမီးဟာ ပါပါ့ စကား နားမထောင်ဘူး ဆိုလျှင် တောင်သူကြီးနည်းအတိုင်း သမီးကို ပါပါက နာနာကြီး ရိုက်ရလိမ့်မည် ထင်သည်' ဟု ပြောပြန်သတဲ့။

ထိုအခါ ယှာဠာဇတ်က 'ပါပါ ပြောသည့် ပုံကတော့ နားထောင်လို့တော့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါရဲ့၊ သို့သော် သမီးတော့ ပါပါ့စကားကို မလိုက်နာနိုင်ပါ။ ပါပါ စိတ်ဆိုးလျှင်လည်း ခံရပါမည်။ အကယ်၍ ပါပါက သမီးကို ဘုရင်ကြီးထံ မပို့ဘူးဆိုလျှင် သမီးဟာ သမီး တစ်ယောက်တည်းသွားပြီး 'မှန်လှပါ၊ အရှင်မင်းကြီးထံ ပို့ဆက်ဖို့ ပါပါ့ကို ပြောရာ ပါပါက လိုက်မပို့သဖြင့် ဘုရားကျွန်မ တစ်ယောက်တည်း ရွှေဖဝါးတော်အောက် အရောက်လာခဲ့ရပါသည်။ ပါပါက ဘုရင်မင်းမြတ်ကြီးဟာ သူ့သမီးနှင့် မတန်ဘူး၊ မရာဘူးဟု ယူဆဟန် တူပါသည်' ဟု လျှောက်ထားမည်လို့ ပြောသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'ဩော်... တယ်ခက်တဲ့ သမီးပါလား၊ သဟာ လောက်တောင် ကြမ္မာငင်လှသဟာ နင့်ထိုက်နှင့် နင့်ကံပေါ့ဟယ်၊ ငါ ပို့ပါမည်' ဟု ဆို၍ ရွှေနန်းတော်သို့ ဝင်ပြီးလျှင် အကျိုးအကြောင်းကို ရွှေနားတော် လျှောက်ထားသတဲ့။ ထိုအခါ ရှင်ဘုရင်ကြီးသည် အံ့အားသင့်လျက် 'ဘယ့်နှယ် သစ္စာစောင့်သိသည့် မတ်ကဝိကြီး၊ နက်ဖြန်နံနက် အရုဏ်တက်လျှင် သင့်သမီးကို သတ်ရမည်ဟု သင့်အား ငါအမိန့်ပေးလျှင် သင်ဟာ ငါ့အမိန့်ကို နာခံနိုင်ပါမည်လော၊ မနာခံလျှင် ငါကိုယ်တိုင်ပင် သင့်အား သတ်ရလိမ့်မည့် အဖြစ်ကို သင် သိသင့်ပါလျက် အဘယ်ကြောင့် သင်သည် ဤစကားကို ဆိုဘိသနည်း' ဟု ဆိုလျှင် နန်းရင်းဝန်ကြီးက 'အခြေနှစ်ချောင်းနှင့် ဦးခေါင်းကို အစိုးရတော်မူသော အရှင်မင်းကြီး၊ အလာဟုအရှင်၏ တန်ခိုးတော်အားဖြင့် အရှင်မင်းကြီးသည် ဘုန်းတော်ကြီး၍ သက်တော်ရှည်ပါစေသတည်း။ ဘုန်းတော်ကြောင့် ဘုရားကျွန်တော်သည် သမီးအား အမျိုးမျိုး အကြောင်းပြ၍ ရွှေဖဝါးတော်အောက်သို့ မခိုလှုံချင်ပါရန် ဖျောင်းဖျ ပြောဆိုပါသည် ဘုရား။ သို့ရာတွင် သေဖို့ချိန်တန် ကြမ္မာဖန်လျက်ရှိသော သမီး မလိမ္မာသည် ယနေ့ညပင် ဘုန်းတော်ကြီးလှသော အရှင်မင်းကြီး၏ တစ်ညပေါင်း မိဖုရား ဖြစ်လိုလှကြောင်းနှင့် အတန်တန် ပြောကြားသဖြင့် သတ္တဝါတစ်ခု ကြမ္မာတစ်ခု ဟူ၍သာ အောက်မေ့ရပါတော့မည် ဘုရား' ဟု လျှောက်ပါသတဲ့။ ရှင်ဘုရင်ကြီးကလည်း 'သည်လိုဆိုလျှင် ကောင်းပြီ သုခမိန်ကြီး၊ ယခုပင် သင် ပြန်၍ ပြင်ဆင်သင့်ရာ ပြင်ဆင်ပြီးလျှင် ညဉ့်အချိန် ရောက်သည်နှင့် တစ်ပြိုင်နက် သင့်သမီးချော ယှာဠှာဇတ်ကို ငါ့ထံသို့ ဆက်လာရမည်' ဟု ဆိုသတဲ့။

နန်းရင်းဝန်ကြီးလည်း အိမ်သို့ရောက်လျှင် 'သမီးရယ်၊ ပါပါတော့ သမီးကို မွေးမိသဟာ မီးလို ပူရတော့မှာပဲ' ဟု ဆိုသတဲ့။ သို့ရာတွင် ယှာဠှာဇတ်မှာမူ အပျော်ကြီး ပျော်လျက် ယူငင်သင့်ရာ ပစ္စည်းများကို ထုပ်ပိုးပြင်ဆင်ပြီးလျှင် ညီမငယ် ဒွန်ယာဇတ်ကို ခေါ်၍ 'သည်မှာ ညီမလေးရေ၊ မမ ပြောသဟာကို သေသေချာချာ နားထောင်ပြီး မှတ်ထားစမ်းယော့၊ ဘုရင်မင်းမြတ်ကြီးထံ မမ ရောက်သည့်အခါကျတော့ မမက ညီမလေးကို ခေါ်လိုက်မည်ပေါ့။ သည်တော့ ညီမလေးက မမနား လာပြီး "မမရယ် မမပြောသည့် ပုံကလေးတွေက နားထောင် ကောင်းလွန်းလို့ သည်ညလည်း တစ်ပုံလောက် ထပ်ပြော





ပါဦး" လို့ ပြောပေါ့။ သည်တော့ မမက ပြောမည်ပေါ့၊ သည်တော့မှ အလာဟု အရှင်၏ တန်ခိုးတော်နှင့် တို့ရှင်ဘုရင်ကြီးလည်း စိတ်ကောင်းဝင်လာပြီး မမတို့လည်း အသက်ချမ်းသာမည်' ဟု ဆိုသတဲ့။ ဒွန်ယာဇတ်ကလည်း 'ကောင်းပါပြီ မမ၊ မမ ပြောသည့်အတိုင်း ညီမလေး လုပ်ပါမည်၊ စိတ်ချ၍သာ နေပါ' ဟု ဆိုသတဲ့။

ညဉ့်အချိန်သို့ ရောက်သောအခါ နန်းရင်းဝန်ကြီးသည် သမီး ယှာဠှာဇတ်ကို ခေါ်၍ ရွှေနန်းတော်ကြီးသို့ ဝင်သတဲ့။ ရှင်ဘုရင်ကြီးကလည်း အားရဝမ်းသာနှင့် 'ဘယ့်နှယ်လဲ သုခမိန်ကြီး၊ ငါ အလိုတော်ရှိသဟာ ပါရဲ့လား' ဟု မေးသတဲ့။ 'မှန်လှပါ၊ ဘုန်းတော်ကြောင့် ပါကြောင်းပါ ဘုရား' ဟု နန်းရင်းဝန်ကြီးက ဖြေသတဲ့။ ထို့နောက် ဘုရင်ကြီးသည် ယှာဠှာဇတ်အား မိမိ အဆောင်တော်သို့ ခေါ်ဆောင်၍ သွားသတဲ့။ စက်ရာပေါ်သို့ ရောက်သောအခါ ယှာဠှာဇတ်က ငိုသဖြင့် ရှင်ဘုရင်ကြီးက 'အလိုလုံမလေး၊ ဘာဖြစ်သလဲ' ဟု မေးသတဲ့။ 'မှန်လှပါ၊ ဘုန်းတော်ကြောင့် ဘုရားကျွန်မမှာ

ရွှေနားဆင်တော်မူပါဘုရား



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံး ဘယ်တုန်းကမှ မခွဲဖူးသည့် ညီမလေးတစ်ယောက် ရှိပါသည်ဘုရား။ အဲသည် ညီမလေးကို မိုးမလင်းမီ နှုတ်ဆက်လိုပါသဖြင့် ဤအဆောင်တော်တွင်း၌ ဤည အိပ်ခွင့်ပြုစေလိုပါသည် ဘုရား' ဟု ဆိုရာ၊ ရှင်ဘုရင်ကြီးက 'ကောင်းပြီ' ဟု ပြော၍ ဒွန်ယာဇတ်ကို ခေါ်တော်မူစေပြီးလျှင် မိမိတို့ စက်တော်ခေါ်မည့် သလွန်ခြေရင်းနားတွင် အိပ်စေသတဲ့။ သန်းခေါင်ကျော်သောအခါ ယှာဋ္ဌာဇတ်သည် တစ်ရေးနိုး၍ သူ့ညီမလေးအား အချက်ပေးလိုက်ရာ ဒွန်ယာဇတ်သည် အိပ်ရာမှထ၍ 'မမရယ် အိပ်လို့လည်း မပျော်ဘူး၊ သဟာကြောင့် အချိန်မြန်မြန် ကုန်လွယ်အောင် နားထောင်ကောင်းသည့် ပုံတစ်ပုံလောက် ပြောပါလား မမရယ်' ဟု ဆိုသတဲ့။ ထိုအခါ ယှာဋ္ဌာဇတ်က 'ဘုန်းတော် ကြီးမြတ်တော်မူလှသော သာသနာ့ဒါယကာ မဟာဇေယျာစ်မင်းမြတ်ကြီးက ခွင့်ပြုတော်မူမည် ဆိုပါလျှင် ပြောရသဟာပေါ့ ညီမလေးရယ်' ဟု ဆိုသည်။ ယှာဋ္ဌိယမင်းကြီးလည်း နိုးတော်မူခိုက် ဖြစ်သဖြင့် အငြိးတော်ပြေ နားထောင်တော် မူလိုသောကြောင့် ယှာဋ္ဌာဇတ်အား ပုံပြောခွင့် ပေးတော်မူသော ဟူသတတ်။

ယှာဋ္ဌာဇတ်လည်း မိမိ စီစဉ်ထားခဲ့သည့်အတိုင်း အကွက်ကိုက်၍ နေပြီဖြစ်သဖြင့် ရွှင်ပျသော နှလုံးဖြင့် 'မှန်လှပါ ရွှေနားဆင်တော်မူပါ ဘုရား' ဟု ယှာဋ္ဌိယမင်းအား ဦးတိုက်လျှောက်ကြားပြီးလျှင် ဆိုလတ္တံ့သော ဝတ္ထုတို့ကို စိကာပတ်ကုံး နာမဆုံးအောင် တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်ကာဆက်ကာ တစ်ထောင်နှင့်တစ်ညတိုင်တိုင် ပြော၍ ယင်တစ်သောက်မျှ သွေးပေါက်မယိုဘဲ နှလုံးရည်ဖြင့် ကြမ်းကြုတ်ခက်ထန် မျက်မာန်ပြင်းရှသော ယှာဋ္ဌိယမင်းကြီးအား အကျွတ်တရား ရစေသော ဟူသတတ်။

ထိုနောက် ယှာဋ္ဌာဇတ်သည် ယှာဋ္ဌိယမင်းကြီးအား 'ရွှေနားဆင်တော်မူပါ ဘုရား၊ ယခု ပြောမည့်ပုံမှာ ဗဂ္ဂဒက် ရွှေမြို့တော်က ညီအစ်မသုံးဖော်အကြောင်း ဖြစ်ပါသည် ဘုရား' ဟု လျှောက်ပြီးလျှင် ဆိုလတ္တံ့သည့်အတိုင်း ပြောပြသတတ်။

## [၃]
## ဗဂ္ဂဒက် ညီအစ်မ သုံးဖော်

တစ်ရံရောအခါ ဗဂ္ဂဒက်နေပြည်တော်တွင် ဝန်ထမ်း[၁] လူပျိုကြီးတစ်ယောက် ရှိပါသတဲ့။ တစ်နေ့သ၌ ထိုဝန်ထမ်း လူပျိုကြီးသည် ငှားသူကိုစောင့်ရင်း တောင်းကို ချ၍ လမ်းဘေးတွင် တွေးမိတွေးရာ တွေးလျက် နေပါသတဲ့။ ထိုအခိုက်တွင် ရုပ်ဆင်းတင့်တယ်သော ရွှေမြို့တော်သူ တစ်ယောက်သည် ရုတ်တရက် ရောက်လာပြီးလျှင် ရွှေချည်ငွေချည်တို့ဖြင့်

[၁] ဝန်ထမ်း = ကူလီ။ စာမတတ်လျှင် သူ၏ဝန်ဆောင်။





ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော ခေါင်းခြုံ ပဝါကို လှစ်၍ ဝန်ထမ်းယောကျ်ားအား သေသေချာချာကြည့်ကာ တောင်းကိုထမ်း၍ မိမိနောက်သို့ လိုက်ခဲ့ရန် ခေါ်ပါသတဲ့။ ဝန်ထမ်းယောကျ်ားသည် ထိုအမျိုးသမီး၏ ရုပ်ဆင်းသဏ္ဌာန်၌သာ စိတ်ဝင်စားနေသဖြင့် သူ ပြောသော စကားကိုပင် ကောင်းကောင်း မကြားလိုက်ဘဲ "သည်နေ့တော့ ငါ ကံကောင်းပြီ၊ သည်နေ့တော့ ငါ့ကို ဘုရား မပြီ"ဟု အောက်မေ့ပြီး ကပျာကယာ တောင်းကို ကောက်ကာ နောက်မှ လိုက်၍သွားပါသတဲ့။ အိမ်တစ်အိမ်သို့ ရောက်ကြ၍ အဘိုးကြီးတစ်ယောက်ကို တွေ့သောအခါ ထိုအမျိုးသမီးသည် စကားမပြောဘဲ အသပြာကို ထုတ်၍ ပေးပါသတဲ့။ အဘိုးကြီးလည်း အချက်သိပြီး အနေမျိုးဖြင့် အိမ်တွင်းသို့ ဝင်ပြီးလျှင် သေအိုး[၁]ကြီးတစ်လုံးကို ထုတ်၍ ပေးပါသတဲ့။ ထို့နောက် သေအိုးကြီးကို ဝန်ထမ်းအား တောင်း၌ အထည့်ခိုင်းပြီးလျှင် 'ကိုင်း… ထမ်း… သွားမည်' ဟု ပြောပြီးလျှင် ဆက်၍ သွားပြန်သတဲ့။ ဝန်ထမ်းလည်း "သည်နေ့တော့ ငါ ကံကောင်းပြီ၊ သည်နေ့တော့ ငါ့ကို ဘုရား မပြီ" ဟု အောက်မေ့ကာ နောက်မှ လိုက်၍ သွားသတဲ့။

ထို့နောက် သစ်သီးဆိုင်သို့ ရောက်သောအခါ စပျစ်သီး၊ သစ်သော်သီး၊ လိမ္မော်သီး၊ ငှက်ပျောသီး၊ စွန်ပလွံသီး စသည့် သစ်သီးမျိုးစုံတို့ကို ဝယ်၍ ဝန်ထမ်းအား တောင်းထဲသို့ အထည့်ခိုင်းပြန်သတဲ့။ ထို့နောက် ပန်းဆိုင်သို့ သွားပြန်၍ နှင်းဆီ၊ စံပယ် စသော အနံ့မွှေး အသွေးလှသည့် ပန်းမျိုးစုံကို ဝယ်ကာ တောင်းထဲသို့ ထည့်စေ၍ 'ကိုင်း… ထမ်း… သွားမည်' ဟုပြောကာ သွားပြန်သတဲ့။ ထို့နောက် အမဲသားဆိုင်၊ ဆိတ်သားဆိုင်၊ ကြက်သားဆိုင်၊ မုန့်ဆိုင် စသည်တို့ကို တစ်ဆိုင်ပြီးတစ်ဆိုင် အစဉ်အတိုင်း ဝင်၍ အလှူကြီး ပေးမည့်ပမာ အားရပါးရ ဝယ်ကာ တောင်းထဲသို့ ထည့်စေပြီးလျှင် 'ကိုင်း… ထမ်း… သွားမည်' ဟု ဆိုသတဲ့။ ဝန်ထမ်းလည်း ပြုံးလျက် 'သည်လောက် ဝယ်စရာတွေ များမှန်း သိလျှင် ကုလားအုတ်တစ်ကောင် ခေါ်လာမှာပေါ့ မမရဲ့' ဟု လောကွတ်စကား ဆိုသတဲ့။ ထိုအခါ အမျိုးသမီးက 'သည်ဟာနှင့် မပြီးသေးဘူး မောင်ကြီး၊ ပရဆေးဆိုင် ဝင်ပြီး သစ်ကြံပိုးတို့၊ ဇီရာတို့၊ ကရဝေးရွက်တို့ ဝယ်ရဦးမည်' ဟု ပြောပြီးလျှင် ဟင်းခတ်ရန် အမွှေးအကြိုင်မျိုးစုံကို ဝယ်၍ တောင်းထဲသို့ ထည့်စေပြီးလျှင် ဝန်ထမ်းအား 'ကိုင်း… ထမ်း… သွားမည်' ဟု ဆိုကာ ရှေ့က သွားသတဲ့။ ဝန်ထမ်းသည် နောက်မှ ထိုအမျိုးသမီး၏ ရုပ်ဆင်းသဏ္ဌာန် ပြေပြစ်ဟန်တို့ကိုသာ တွေး၍ လိုက်သဖြင့် ဝန်ပြည့်သော တောင်းကို ထမ်းရသည့်အတွက် လေးရမှန်း၊ ပင်ပန်းရမှန်း မသိပါဘူးတဲ့။ အမျိုးသမီးနှင့် ဝန်ထမ်းနှစ်ဦးသားတို့သည် အစဉ်အတိုင်း သွားကြလတ်သော် နောက်ဆုံးတွင် မင်းအိမ်မင်းနန်းတမျှ ကြီးကျယ်ခမ်းနားလှသော ဗိမာန်ကြီးတစ်ခု၏ ဝင်းတံခါးသို့ ရောက်သွားကြပါသတဲ့။

[၁] သေအိုး = သေရည်အိုး၊ အရက်အိုး။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းတံခါးမှာ ပိတ်၍ ထားသဖြင့် အမျိုးသမီးက ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းသော လက်ချောင်းကလေးများဖြင့် ဖြည်းညင်းစွာ ခေါက်လိုက်ပါသတဲ့။ ထိုသို့ ခေါက်လိုက်လျှင် ခေါက်လိုက်ချင်း တံခါးရွက်များသည် ပွင့်လာပြီး အတွင်းမှ ပထမ အမျိုးသမီးထက်ပင် ပို၍လှသည်ဟု ထင်ရသော အမျိုးသမီးတစ်ယောက် ထွက်လာပါသတဲ့။ ဒုတိယ အမျိုးသမီးမှာ အခိုင်းအစေ ကျွန်မလည်း မဟုတ်ပါဘူး တဲ့။ ထိုအခါ ပထမ အမျိုးသမီးကို မြင်၍ အလိုလိုမှ ငေးချင်နေရသည့် ဝန်ထမ်း ယောကျ်ားမှာ ပို၍ တင့်တယ်ကြော့ရှင်းသော ဒုတိယ အမျိုးသမီးကို မြင်ရပြန်သောအခါ သတိလုံးလုံးလွတ်၍ တောင်းကြီးပင် လွတ်ကျခမန်းဖြစ်ပြီး "သည်နေ့တော့ ငါ ကံကောင်းပြီ၊ သည်နေ့တော့ ငါ့ကို ဘုရားမ့ပြီ" ဟု အောက်မေ့နေပါသတဲ့။

ပထမ အမျိုးသမီးသည် ဝင်းတွင်းသို့ ရုတ်တရက် မဝင်သေးဘဲ ဝန်ထမ်းယောကျ်ားအား ပြုံးစိစိနှင့် စေ့စေ့ကြည့်၍ နေသဖြင့် ဒုတိယ အမျိုးသမီးက 'ဝင်လျှင်လည်း ဝင်ပါ မမရဲ့၊ သူ့ခမျာ လေးရှာလှရှာမည်' ဟု ပြောပါသတဲ့။ သည်တော့မှ ပထမ အမျိုးသမီးက ဝန်ထမ်းကို ခေါ်၍ ဝင်းတွင်းသို့ ဝင်ပါသတဲ့။ ဒုတိယအမျိုးသမီးသည် တံခါးကို ကောင်းစွာ ပိတ်ခဲ့ပါသတဲ့။ ဝင်းကြီးမှာ ကျယ်ဝန်း၍ အလယ်ကောင်တွင် ကျောက်အင်တုံကြီးတစ်ခု ရှိပါသတဲ့။ ထိုကျောက်အင်တုံကြီးထဲသို့ ရွှေခြသေ့်ခံတွင်းမှ ရေများ အမြဲ သွန်ဆင်းနေပါသတဲ့။ အမျိုးသမီးနှစ်ယောက်နှင့် ဝန်ထမ်းတို့သည် အစဉ်အတိုင်း လျှောက်လာခဲ့ကြရာ ဝင်းကြီး၏ တစ်ဖက်စွန်းရှိ ဇီသုကာကျော်၊ ပန်းပုကျော်၊ ပန်းချီကျော်တို့ ဆန်းကြယ်စွာ ဆောက်လုပ် ခြယ်လှယ်အပ်သော အဆောင်မကြီးသို့ ရောက်ကြ၍ အဆောင်မကြီး၏ အစွန်တွင် အဖိုးထိုက် အဖိုးတန် ကျောက်မျက်ရတနာတို့ဖြင့် မွမ်းမံအပ်သော ညောင်စောင်း တစ်ခုပေါ်တွင် ပထမနှင့် ဒုတိယ အမျိုးသမီးတို့ထက်ပင် ချစ်ခင်မြတ်နိုးစဖွယ် အတင့်တယ်ကြီး တင့်တယ်လှသော အမျိုးသမီးတစ်ယောက် ထိုင်လျက် ရှိပါသတဲ့။ တတိယ အမျိုးသမီးမှာ ရုပ်ရည်ကြန်အင် အနေအထိုင် အပြုအမူကို ကြည့်ရခြင်းအားဖြင့် အမျိုးသမီးသုံးဦးတို့အနက် အစ်မအကြီးဆုံးဖြစ်ဟန်တူသည်ဟု ဝန်ထမ်းကြီး စိတ်၌ ထင်မိပါသတဲ့။ သည်ကဲ့သို့ သူ ထင်ခြင်းလည်း မှန်ပါသတဲ့။ အဘယ်ကြောင့်ဆိုသော် တတိယ တွေ့သော အမျိုးသမီးမှာ အစ်မအကြီးဆုံးဖြစ်၍ ဇိုဗေဒါ ဟု အမည်တွင်ပါသတဲ့။ ပထမ ဈေးဝယ်ထွက်သော အမျိုးသမီး၏ အမည်မှာ အမီနာဖြစ်၍ တံခါးဖွင့်ပေးသော အမျိုးသမီးကိုမူ ဆာဒီဟု ခေါ်ကြပါသတဲ့။

ဝန်ထမ်းမှာ သူ့တစ်သက်တွင် မမြင်ဖူးလောက်အောင် ချောလှသော အမျိုးသမီးသုံးယောက်ကို ဆန်းကြယ်သော အဆောက်အအုံကြီးတွင် တွေ့ရသဖြင့် အအံ့သြကြီးအံ့သြကာ မအီမဝနိုင်လောက်အောင် မျက်စိအာရုံ ခံစားလျက် ရှိပါသတဲ့။

အဆောင်မကြီးသို့ ရောက်ကြပြီဖြစ်လျက် အမီနာနှင့် ဆာဒီတို့က ဝန်ထမ်း၏





တောင်းကြီးကို ဝိုင်း၍ ချမပေးကြသေးသဖြင့် ဇိုဗေဒါသည် ညောင်စောင်းပေါ်မှ ဆင်း၍ လာပြီးလျှင် 'ဟဲ့ . . . တောင်းကြီးကို ချပေးလိုက်ကြပါ ဟဲ့၊ လေးလှရှာပေါ့' ဟု ဆိုပါသတဲ့။

သည်တော့မှ အမီနာနှင့် ဆာဒီတို့က ဝန်ထမ်း၏ ပခုံးပေါ်မှ တောင်းကြီးကို ဝိုင်း၍ ချပေးကြပြီးလျှင် ပစ္စည်းများကို တောင်းမှထုတ်၍ သိမ်းကြပါသတဲ့။ ထို့နောက် ဝန်ထမ်းအား ရက်ရောစွာ အခများ ထုတ်ပေးပါသတဲ့။ ဝန်ထမ်းသည် ထမ်းခ ရသော်လည်း ရုတ်တရက် တောင်းကိုယူ၍ မပြန်သေးဘဲ ယောင်လည်လည် လုပ်၍ နေပါသတဲ့။ သည်တော့ ဇိုဗေဒါက 'ဘယ့်နှယ်လဲ ကိုဝန်ထမ်း၊ မပြန်သေးဘူးလား၊ အခ ရသဟာ နည်းလို့လား' ဟု မေးပါသတဲ့။ ဝန်ထမ်းက 'မဟုတ်ပါဘူး မမရယ်၊ မမတို့ ပေးတဲ့ အသပြာဟာ မနည်းပါဘူး၊ ရသင့်ရထိုက်သဟာထက်တောင် အများကြီး ပိုနေပါသေးသည်။ ငါ ချက်ချင်း မပြန်သေးသဟာကတော့ မမတို့က ရိုင်းတယ်ဟု ဆိုလျှင်လည်း ခံရပါမည်။ အသပြာ နည်း၍ မဟုတ်ပါ။ သည်လောက် ခမ်းနားကြီးကျယ်သည့် မင်္ဂလာအိမ်တော်ကြီးမှာ ယောကျ်ားဆို၍ တစ်ယောက်မှ အရိပ်အခြည် မတွေ့ရဘဲ မမတို့ မိန်းမသားသုံးယောက်တည်း နေကြသည်ကို အံ့သြလို့ မဆုံးနိုင်အောင် ရှိလို့ပါ။ ဒွန္နယာမှာ မမတို့လည်း သိတော်မူကြသည့်အတိုင်း ယောကျ်ားတစ်ယောက်မျှ မရှိဘဲ မိန်းမချည်းနေရမည် ဆိုလျှင် အင်မတန် ပျင်းစရာ ကောင်းပါသည်။ ထိုနည်းအတိုင်းပဲ မိန်းမတစ်ယောက်မျှ မရှိဘဲ ယောကျ်ားချည်း နေရမည်ဆိုလျှင်လည်း ပျင်းစရာ ကောင်းပါသည်' ဟု ဆိုပြီးနောက် သူ ပြောသည့်စကားမှာ ဆင်ကန်းတောတိုး ပြောခြင်း မဟုတ်ဘဲ၊ သက်သေ သာဓက အမျိုးမျိုး ရှိကြောင်းကို ပုံတိုပတ်စနှင့် အကျယ်တဝင့် ပြောပြပြီးလျှင် ဆက်၍ 'အဲသဟာကြောင့် မမတို့သုံးယောက် ညစာ စားသည့်အခါတွင် ငါပါနှင့် လေးယောက်ဖြစ်စေရန် ခွင့်ပြုစေလိုပါသည်' ဟု ဆိုပါသတဲ့။

ထိုအခါ ရွှေမြို့တော်သူ သုံးယောက်တို့က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အံ့သြနေကြပြီးလျှင် အချင်းချင်း တိုင်ပင်၍ ဝန်ထမ်းအား ညစာစားမည့်ဧည့်သည်တစ်ယောက် အဖြစ်ဖြင့် ခွင့်ပြုရန် သဘောတူကြပါသတဲ့။ စင်စစ်သော်ကား ဝန်ထမ်း၏ နှုတ်စ အာစကို ညီအစ်မသုံးယောက်တို့က သဘောကျလျက် ရှိကြပါသတဲ့။ ထို့နောက် ညီအစ်မ သုံးဖော်တို့က 'ကိုဝန်ထမ်းကို ညစာကျွေးဖို့ ဆိုသဟာကတော့ ဝန်မလေးပါဘူး၊ သို့သော် မမတို့မှာ မိန်းမသားများ ဖြစ်တော့ မမတို့ရဲ့ လျှို့ဝှက်စရာ အကြောင်းများကို ကိုဝန်ထမ်းက နှုတ်မလုံခဲ့သော် မမတို့မှာ နစ်နာပါလိမ့်မည်။ ဒွန္နယာမှာ လျှို့ဝှက်စရာအကြောင်း ဆိုသဟာမျိုးဟာ ဘယ်သူ့ကိုမျှ အသိမပေးကောင်းပါဘူး။ ကိုယ့်လျှို့ဝှက်စရာကို ကိုယ့်ဟာ ကိုယ်မှ လုံအောင် မထိန်းနိုင်လျှင် သူတစ်ပါးက လာ၍ ဖုံးဖိပေးလိမ့်မည်ဟုလည်း မထင်ကောင်းပါဘူး' ဟု ပြောကြပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ဝန်ထမ်းက 'သဟာကတော့ သည်လိုပါ မမတို့ရယ်၊ ငါဟာ ယောကျာ်းဖြစ်သော်လည်း သစ္စာမဲ့သည့် အထဲက မဟုတ်ပါဘူး။ ဆင်းရဲ၍ ဝန်ထမ်း စားရပေမဲ့ စာပေကျမ်းဂန်တို့ကို နှံ့စပ်အောင် ဖတ်ဖူးသူ ဖြစ်ပါသည်။ ဒွန္နယာမှာ သူတစ်ပါး၏ အပြစ်ကို ဖုံး၍ အကျိုးကိုသာ ဖော်အပ်သည်ဆိုသော တရားကိုလည်း သိသူ ဖြစ်ပါသည်။ သူယုတ်တို့သည် သူတစ်ပါး၏ အပြစ်အနာကို ပါးစပ် မောင်းခတ် တတ်သော်လည်း သူတော်ကောင်းတို့မှာ နှုတ်လုံစမြဲ ဖြစ်ပါသည်။ မမတို့၏ လျှို့ဝှက် စရာ အကြောင်း တစ်စုံတစ်ရာနှင့် ပတ်သက်လျှင် ငါသည် လူအကဲ့သို့ နေမည့်သူ ဖြစ်ပါသည်' ဟု ဆိုပါသတဲ့။

ထိုအခါ ဓိုဗေဒါက 'အဲသဟာတော့ ဟုတ်ပါပြီ၊ မမတို့မှာ သည်အိမ်ကြီးကို အသပြာ အမြောက်အမြားနှင့် ရင်းနှီးထားရပါသည်။ သည်တော့ မမတို့ဆီမှာ လာပြီး ပျော်ပျော်ပါးပါး စားရသောက်ရ၊ မမတို့လို ရုပ်ဆင်းအင်္ဂါ လှပတင့်တယ်သည့် ရွှေမြို့ တော်သူတို့ကို ကြည့်ရ ရှုရသည့်အတွက် ကိုဝန်ထမ်းက အသပြာ ဘယ်လောက် များများ ကြီး ပေးနိုင်ပါ့မလဲ။ ဒွန္နယာမှာ သမီးပေးမှ သမက်ရသည် ဆို မဟုတ်လော' ဟု ကျီစယ်စကား ပြောပါသတဲ့။

တစ်ဖန် ဆာဒီက ထပ်၍ 'ဒွန္နယာမှာ နည်းနည်းပေးနိုင်သည့် သူသည် နည်းနည်း တော်သည်၊ များများ ပေးနိုင်သူသည် များများတော်သည်၊ ဘာမျှ မပေးနိုင်သူသည် အလကားလူဟု ဆိုသည် မဟုတ်လော' ဟု ကွန့်ပြန်ပါသတဲ့။

သည်တော့မှ အမီနာက 'အို... အစ်မကြီးတို့ကလည်း တော်ကြပါတော့၊ သည်လောက် မကျီစယ်ကြပါနှင့်။ သည်နေ့ သူ့ခမျာ ကျွန်မတို့ ခိုင်းသဟာတွေကို တာဝန်တွေ ကျေပွန်စွာ ရွက်ဆောင်ပြီးရှာပါပြီ။ ဈေးဝယ်တုန်းကလည်း သူ မို့သာ ပေါ့၊ တခြား ဝန်ထမ်းများသာဆိုလျှင် ဈေးများပြီး ကျွန်မနှင့် တကျက်ကျက် ရန်ဖြစ် နေရမှာပဲ' ဟု ဆိုပါသတဲ့။

ထိုအခါ ဝန်ထမ်းလည်း သဘောကျ၍ ဝပ်တွားကာ အရိုအသေ ပေးပြီးလျှင် 'ငါ့မှာတော့ ဟောဒီ မမတို့ ပေးထားသည့် အသပြာပဲ ရှိပါသည်' ဟု ပြော၍ ဝန်ထမ်းခ အသပြာကို ထုတ်၍ ပြပါသတဲ့။

အဲသည်တော့ ဓိုဗေဒါက 'ကိုင်း သဟာတွေကိုတော့ ထားလိုက်ပါတော့။ မမတို့ဆီမှာ သည်နေ့ ညစာ စားချင်သည်ဆိုလျှင် တစ်ခုတော့ ဝန်ခံရလိမ့်မယ်နော်။ အဲသဟာက ဘာလဲဆိုတော့ အစစအရာရာမှာ ယဉ်ယဉ်ကျေးကျေး ရှိဖို့ပဲ။ ပြီးတော့ ကိုယ်နှင့် မဆိုင်သည့် အကြောင်းဆိုလျှင် ဘာဆိုလို့ ဘာမှ ဝင်ပြီး မမေးရဘူး၊ မေးလျှင် တော့ မှားပြီးသားပဲ' ဟု ပြောပါသတဲ့။ သည်တော့ ဝန်ထမ်းက 'အို... သည်အတွက် တော့ ဘာမျှ မစိုးရိမ်ပါနှင့် မမရယ်၊ စိတ်သာချပါ' ဟု ဆိုပါသတဲ့။





ထို့နောက် အမီနာသည် အမဲဟင်းလျာ စားဖွယ်သောက်ဖွယ် သစ်သီးမျိုးစုံ တို့ကို စားပွဲကြီးတစ်ခုတွင် သွားရည်ယိုလောက်စရာ ပြင်၍ သေရည်ကိုလည်း အရန်သင့် ဆောင်ထားပါသတဲ့။ စားပွဲပြင်ပြီးသည်နှင့် တစ်ပြိုင်နက် ညီအစ်မချော သုံးဖော်နှင့် ဧည့်သည်တော် ကိုဝန်ထမ်းတို့သည် ကျနစွာထိုင်၍ ညစာ စားကြပါသတဲ့။ ဝန်ထမ်းသည် မရှုယ်ဘဲနှင့် စော်ကဲမင်း ဖြစ်နေသဖြင့် သူ့ဟာသူ အိပ်မက်များ မက်နေသလားဟုပင် ထင်လျက် ရှိပါသတဲ့။ အမီနာသည် သေတကောင်းမှ သေရည်ကို ရွှေခွက်တွင် ထည့်ပြီး လျှင် တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်တိုင်အောင် သောက်၍ပြပြီးမှ[၁] ဓိုဗေဒါနှင့် ဆာဒီတို့အား သေရည်ကို ငှဲ့၍ ပေးပါသတဲ့။ ဝန်ထမ်း၏ အလှည့်သို့ ကျသောအခါ စိတ်ညစ်ပျောက် ဆေး ဖြစ်သော သေရည်ကို မြိန်မြိန်ကြီး သောက်ပါလော့ဟု ဆိုကာ သေခွက်ကို ကမ်းပါသတဲ့။ ဝန်ထမ်းလည်း သေသောက်ခြင်း၏ အကျိုးတို့ကို လက်တန်း လင်္ကာစပ်၍ သေခွက်ကို လှမ်း၍ ယူလင့်ပြီးလျှင် အားပါးတရ သောက်ပါသတဲ့။ ပြီးလျှင် အရိုအသေ ပြုသော သဘောဖြင့် အမီနာ၏ လက်ဖမိုးကို နမ်းပြီးနောက် သေရည် ယစ်သဖြင့် နှုတ်အာ သွက်သွက်နှင့် သေရည်၏ ဂုဏ်ကျေးဇူးတို့ကို လင်္ကာစပ်၍ ရွတ်ပြန်သတဲ့။

ထို့နောက် ဝန်ထမ်းနှင့် ညီအစ်မသုံးဖော်တို့သည် သေခွက်ကို တစ်ယောက် ပြီး တစ်ယောက် အလှည့်ကျ သောက်ကြပြီးလျှင် သီကြ၊ ဆိုကြ၊ တစ်ယောက် တစ်ယောက် စကြ၊ ပြောင်ကြ၊ ကျီစယ်ကြ၊ စားသောက်ကြနှင့် အလွန် ပျော်ရွှင်လျက် ရှိကြပါသတဲ့။ ဝန်ထမ်းလည်း နတ်ပြည်သို့ရောက်၍ နတ်သမီးများနှင့် စံပျော်၍ နေရ သည်ဟုပင် ထင်မိပါသတဲ့။ သည်ကဲ့သို့ အပျော်ကြီးပျော်၍ စည်းစိမ် ယစ်နေခိုက်တွင်မှ ညီအစ်မသုံးဖော်က 'ကိုင်း... ကိုဝန်ထမ်း အချိန်နည်းပြီ၊ ပြန်ပေတော့' ဟု ဆိုပါသတဲ့။ သည်တော့ ကိုဝန်ထမ်းက 'ခုနှယ် အခါကြီး ငါ ပြန်ရမည်ဆိုလို့ မတော်ပါဘူး။ သေရည် ကလည်း ယစ်၊ အချိန်ကလည်း ညဉ့်နက်၊ မမတို့နှင့် ခွဲဖို့ကလည်း ခက်။ သည်တော့ သည်နေ့တစ်ည မမတို့ အိမ်မှာပဲ အိပ်ပါရစေတော့ မမတို့ရယ်' ဟု ဆိုပါသတဲ့။

ထိုအခါ အမီနာက 'ဟုတ်ပါသည် အစ်မကြီးရယ်၊ သူ ရှိသဟာ ပျော်ပါသည်။ သူလို နှုတ်သွက်အာသွက် ဟာကြီးမျိုး တွေ့ရဖို့လည်း ခဲယဉ်းပါသည်' ဟု ပြောပါသတဲ့။

သည်တော့ ဓိုဗေဒါက 'အင်း... သဟာဖြင့် ကောင်းပြီ၊ ညီမလေးတို့ သဘော ကျလျှင် ပြီးရော။ သို့သော် သည်ည သူ သည်မှာ နေချင်သပဆိုလျှင် သူ့ဆီက ခံဝန် ချက် တစ်ခု ထပ်တောင်းရမည်၊ အဲသည် ခံဝန်ချက်က တခြား မဟုတ်ဘူး၊ သင် မြင်သမျှ တွေ့သမျှ အကြောင်းနှင့် ပတ်သက်၍ ဘာဆိုလို့ ဘာမျှ မမေးရဘူး၊ မေးခဲ့လို့ ရှိလျှင် သင် မနှစ်သက်သဟာကို ကြားရလိမ့်မည်' ဟု ဆိုပါသတဲ့။ သည်တော့ ဝန်ထမ်း

---

၁။ အာဥဗီလူမျိုးတို့ ထုံးစံအရ သူတစ်ပါးအား သေရည်မတိုက်မီ အဆိပ်ခတ်မထားကြောင်း သိသာစေရန် မိမိကိုယ်တိုင် စ၍ သောက်ပြရသည်။



www.burmeseclassic.com

www.burmeseclassic.com



က 'သဟာအတွက်တော့ စိတ်သာချပါ မမရယ်၊ ဘာမျှ မမေးပါဘူး' ဟု ဝန်ခံသည်။ သည်တော့ ညီအစ်မ သုံးဖော်က 'ကိုင်း သဟာဖြင့် ဝင်းတံခါးမှာ ကမ္ပည်းထိုးထားသဟာ ရှိသည်၊ ကိုဝန်ထမ်း သွားကြည့်ချေဦး' ဟု ညွှန်ကြပါသတဲ့။ ဝန်ထမ်းက သွား၍ကြည့်ရာ 'ကိုယ်နှင့် မဆိုင်သဟာကို ပြောသူတို့သည် ကိုယ် မနှစ်သက်သဟာတို့ကို ကြားရလတ္တံ့' ဟူသော စာတန်းကို တွေ့ရပါသတဲ့။

ထို့နောက် အမိနာသည် စားပွဲပေါ်မှ စားပြီးသော ပန်းကန်ခွက်ယောက်တို့ကို သိမ်းဆည်းပြီးလျှင် နောက်ထပ် စားကြသောက်ကြရန် စားပွဲပြင်ပြန်သတဲ့။ စားပွဲပြင်ပြီးသည်နှင့် တစ်ပြိုင်နက် ပထမနည်းတူ စားကြ သောက်ကြ၊ တစ်ယောက် တစ်ယောက် ပြောင်ကြ၊ လှောင်ကြ၊ သရော်ကြ၊ ကျီစယ်ကြ၊ သီကြ၊ ဆိုကြနှင့် အလွန် ပျော်ရွှင်ကြပြန်ပါသတဲ့။

ထိုအခိုက်တွင် ဝင်းတံခါးကို ခေါက်သံကြားသဖြင့် ဆာဒီက သွားကြည့်ပြီး သူ့အစ်မများထံသို့ ပြန်လာ၍ 'အပြင်မှာ ဖိုးသူတော်အဆန်း သုံးယောက် ရောက်နေသည်။ သုံးယောက်စလုံး မျက်စိတစ်ဖက်လပ်ချည်းပဲ။ လပ်သည့် မျက်စိကလည်း ညာဘက်ကချည်းပဲ။ ပြီးတော့ တစ်ယောက်မှ မျက်ခုံးမွေးလည်း မပါဘူး။ သူတို့ ကြည့်ရသဟာ အိဋ္ဌန်ပြည်က ခရီးသွားတွေနှင့် တူသည်။ သည်မြို့ကိုလည်း တစ်ခါမှ မရောက်ဖူးဘူး တဲ့။ သဟာကြောင့် တည်းစရာ မရှိလို့ သည်တစ်ည သည်မှာ တည်းပါရစေတဲ့။ ဘယ်နေရာမှာပဲ တည်းရတည်းရ၊ အိပ်စရာ နေစရာ ရလျှင် တော်ပါပြီတဲ့။ သူတို့ ကြည့်ရသဟာ ဖွယ်ဖွယ်ရာရာ ယဉ်ယဉ်ကျေးကျေးထဲကနှင့်ပဲ တူပါသည်။ ရုပ်တွေကတော့ သိပ်ရယ်စရာကောင်းသည်။ မမတို့ မြင်ကြလျှင် မရယ်ဘဲ နေနိုင်မည် မထင်ပါ' ဟု ပြောပါသတဲ့။

ပထမတွင် ဇိုဗေဒါက ဖိုးသူတော် သုံးယောက်ကို လက်ခံဖို့ သဘောမတူသော်လည်း နောက်မှ ဆာဒီက တိုက်တွန်းသဖြင့် 'အေး . . . အေး၊ သဟာဖြင့်လည်း ညီမလေးသဘောပဲ။ သဟာပေမယ့် သူတို့ကို အစကတည်းက သတိပေးထားနော်။ ကိုယ်နှင့်မဆိုင်သည့် အကြောင်းကို ပြောသူများဟာ ကိုယ်မကြားချင် သဟာကို ကြားရတတ်သည်လို့' ဟု ဇိုဗေဒါက ဆိုပါသတဲ့။

သည်တော့ ဆာဒီလည်း ဝမ်းသာအားရနှင့် တံခါးကိုသွား၍ မိမိတို့အိမ်၏ စည်းကမ်းကို ပြောပြီးလျှင် ဖိုးသူတော်သုံးယောက်ကို ခေါ်လာပါသတဲ့။ ဖိုးသူတော်သုံးယောက်က အထဲသို့ ရောက်လာသောအခါ အိမ်ရှင်မများအား အရိုအသေ ပေး၍ ကျေးဇူးတင်စကား ပြောကြပါသတဲ့။ အိမ်ရှင်မသုံးဦးကလည်း 'ထိုင်ကြပါ၊ ထိုင်ကြပါ' ဟု လောကဝတ်ပျူငှာ ပြောကြပါသတဲ့။ ဖိုးသူတော် သုံးဦးသည် အဆောင်မကြီး၏ ကျယ်ဝန်း ခံ့ညားဟန်၊ ပန်းမန်တန်ဆာပလာတို့ဖြင့် လှပစွာ ပြင်ဆင်ထားဟန်၊ စားပွဲကြီး





၌ သေရည်နှင့်တကွ စားကောင်းသောက်ဖွယ် စုံလင် ပြိုင်ဆိုင်စွာ တည်ထားဟန်၊ အိမ်ရှင်မ သုံးဦးတို့၏ ပြေပြစ်တင့်တယ်ဟန်တို့ကို ရင်သပ်ရှုမော ကြည့်ကြပြီးလျှင် "ဘုရား မ သဟာပဲ၊ ဟန်သပေ့" ဟု အောက်မေ့ကြပါသတဲ့။ ဖိုးသူတော်သုံးယောက်သည် သေရည်ယစ်၍ နေသော ဝန်ထမ်းကို မြင်ကြသောအခါ 'သူလည်း တို့လို အလှူခံစားထဲကပဲနှင့် တူသည်' ဟု ပြောကြပါသတဲ့။ ထိုစကားကို ကြားသောအခါ ဝန်ထမ်းက 'တယ် လျှာရှည်သည့် ဖိုးသူတော်တွေပါလား။ ကိုယ်နှင့်မဆိုင်သဟာ ဘာမျှ မပြောရဘူးလို့ တံခါးဝမှာ ကမ္ပည်းထိုးထားသဟာ မတွေ့ဘူးလား' ဟု စိတ်ဆိုးပြီး ပြောပါသတဲ့။ သည်တော့ ဖိုးသူတော်တို့ကလည်း 'သည်းခံပါ အဆွေ၊ မသိ၍ ပြောမိပါသည်။ နောက်ကို ဘာမျှ မပြောပါဘူး' ဟု တောင်းပန်ကြပါသတဲ့။ အိမ်ရှင်မများက ဝန်ထမ်းနှင့် ဖိုးသူတော်တို့အား တစ်ဦးနှင့်တစ်ဦး အထင်မမှားကြစေရန် ဖျန်ဖြေပြီးလျှင် စားပွဲတွင် အားလုံးထိုင်၍ မြိန်ရှက်စွာ စားကြစေပါသတဲ့။ ထိုအခိုက်တွင် အမိနာက သေရည်ခွက်ကို တစ်ယောက်ပြီး တစ်ယောက် အလှည့်ကျ လှမ်းလင့်ပါသတဲ့။ ဖိုးသူတော်တို့လည်း သေရည်၏ တန်ခိုးဖြင့် မြိန်ရည်ရှက်ရည် စားကြပြီးနောက် အိမ်ရှင်မများကို မိမိတို့က အတီးအမှုတ်ဖြင့် ဖျော်ဖြေလိုပါသဖြင့် စောင်းငြင်း ပတ်သာ တူရိယာ တစ်ခုခု ရှိပါက ပေးပါမည့် အကြောင်းနှင့် တောင်းပန်ကြပါသတဲ့။ သည်တော့ ဆာဒီက အိမ်တွင်းသို့ဝင်၍ ပလွေတစ်ခု၊ စောင်းတစ်ခု၊ ဗုံတစ်ခု ယူ၍ လာပါသတဲ့။ ဖိုးသူတော် သုံးယောက်အနက် တစ်ယောက်က ပလွေ၊ တစ်ယောက်က စောင်း၊ တစ်ယောက်က ဗုံကို ယူ၍ အသံညှိပြီးလျှင် တပျော်တပါးကြီး တီးမှုတ်ကြပါသတဲ့။ အိမ်ရှင်မသုံးဦးကလည်း ပျော်ရွှင်လှသဖြင့် သံကုန်ဟစ်၍ သီချင်းဆိုကြပါသတဲ့။ တစ်ဝင်းလုံး သီချင်းသံ၊ တီးသံ၊ မှုတ်သံများဖြင့် ဆူညံသွားပါသတဲ့။

ထိုအခိုက်တွင် ဝင်းတံခါးကို ခေါက်သံ ကြားရပြန်သတဲ့။ သည်တော့ ဆာဒီက ထွက်၍ ကြည့်ပါသတဲ့။

ထိုနေ့ည နေဝင်ဖျိုးဖျ အချိန်တွင် သာသနာ့ဒါယကာ ဟာရွန် အာရ္ဆာယှစ် ဘုရင်မင်းမြတ်သည် နောက်တော်မှ နန်းရင်းဝန် ဂျက်ဖာနှင့် သက်တော်စောင့် မက်စရူးတို့ကို ခေါ်၍ ကုန်သည်၏အသွင်ကို ဆောင်လျက် မြို့တွင်းသို့ စနည်းနာ ထွက်လာကြရာ ဇိုဗေဒါတို့ အိမ်ရှေ့သို့ ရောက်သောအခါ အတွင်းမှ ဆူညံစွာ သီဆိုတီးမှုတ်နေကြသော အသံကို ကြားကြပါသတဲ့။ ထိုအခါ ရှင်ဘုရင်ကြီးက ထိုအိမ်ထဲသို့ ဝင်၍ ကြည့်လိုသည်ဟု ဆိုပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက သေသောက်ကြူးတို့ မူးရူးဆူပူတဲ့ နေရာသို့ သွားဖို့ မတော်ကြောင်း လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်က ထပ်၍ သည်အိမ်တွင်းသို့ ဝင်၍ မကြည့်ရဘဲ မအေးနိုင်ဟု ဆိုသဟာနှင့် နန်းရင်းဝန်ကြီးက ဝင်းတံခါးကို သွား၍ ခေါက်ရပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆာဒီက တံခါးကို လာ၍ ဖွင့်သောအခါ နန်းရင်းဝန်ကြီးက အရိုအသေ ပြုပြီးလျှင် 'ငါတို့သည် မိုဆူမြို့က ကုန်သည်များ ဖြစ်ပါသည်။ သည်မြို့သို့ ရောက်လာသည်မှာ မကြာသေးပါ။ ငါတို့မှာ သူစိမ်းတစ်ရံဆံများဖြစ်၍ မိုးကလည်း ချုပ်နေသဖြင့် မျက်စိလည်၍ တည်းအိမ်သို့ မပြန်တတ်သောကြောင့် ယနေ့ တစ်ညတာအတွက် သင်တို့အိမ်၌ တည်းခိုခွင့်ပေးပါရန် တောင်းပန်ပါသည်။ ငါတို့အား စောင့်ရှောက် စောင်မသည့်အတွက် အလာဟုအရှင် မ တော်မူပါလိမ့်မည်' ဟု ဆိုသတဲ့။

ဆာဒီက ဧည့်သည်တို့၏ အသွင်အပြင် အမူအရာတို့ကို သေချာစွာ အကဲခတ်ပြီးလျှင် လူကောင်းသူကောင်းထဲကပင် ဖြစ်မည်ဟု သဘောရ၍ သူ့ အစ်မများထံ သွား၍ အကျိုးအကြောင်း ပြောပြသတဲ့။ သူ့အစ်မများကလည်း 'သနားပါသည်၊ သွားခေါ်လိုက်ပါ' ဟု ဆိုကြသတဲ့။ ဆာဒီလည်း ဝင်းတံခါးကို သွား၍ ဖွင့်ပြီးလျှင် ရှင်ဘုရင်ကြီးနှင့် အဖော်နှစ်ယောက်တို့ကို အတွင်းသို့ ခေါ်၍ သွားသတဲ့။ အဆောင်မကြီးသို့ ရောက်သောအခါ ဧည့်သည်သုံးဦးတို့က အိမ်ရှင်မများနှင့် မိတ်ဆွေများအား အရိုအသေ ပြုကြသတဲ့။ ထိုအခိုက်တွင် ဇိုဗေဒါက ထိုင်ရာမှထ၍ ဧည့်သည်သုံးဦးထံ သွားပြီးလျှင် ဣန္ဒြေဖြင့် 'မိတ်ဆွေကြီးများအား ယခုလို ကြုံကြိုက်သည့်အခါမှာ တည်းခွင့်၊ ခိုခွင့် ပေးရသဟာ အင်မတန်ပဲ ဝမ်းသာပါသည်။ သို့သော် မိတ်ဆွေကြီးများ စိတ်လည်း မရှိကြပါနှင့်။ တစ်ခုတော့ဖြင့် တာဝန်ခံကြရပါလိမ့်မည်' ဟု ပြောသတဲ့။ နန်းရင်းဝန်ကြီးက 'ဆံထုံးထုံး၊ အရပ် ဓလေ့ ဆိုသဟာပဲ။ တာဝန်ခံစရာ ရှိသဟာကတော့ ခံရမှာပေါ့။ ဘာကို တာဝန်ခံရမည် ဆိုသဟာသာ အမိန့်ရှိပါ မမ' ဟု ဆိုသတဲ့။

သည်တော့ ဇိုဗေဒါက 'တာဝန်ခံဖို့ဟာကတော့ တခြား မဟုတ်ပါဘူး။ ကိုယ်နှင့် မဆိုင်သည့်ဟာ ဆိုလျှင် ဘာဆိုလို့ ဘာမျှ မမေးဖို့ပါပဲ။ မေးလို့ရှိလျှင် ကိုယ် မကြိုက်သဟာကို ကြားရပါလိမ့်မည်' ဟု ပြောသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'သည်ဟာကတော့ မမ သဘောကျသလို ဖြစ်ရပါစေ့မည်၊ စိတ်သာချတော်မူပါ' ဟု ဆိုသတဲ့။ ဇိုဗေဒါက 'သည်လိုဆိုလျှင် ကောင်းပြီ' ဟု ဆို၍ စားပွဲတွင် ထိုင်ပြီးလျှင် ပျော်ရွှင်မြိန်ရှက်စွာ စားပြန်သတဲ့။

ဇိုဗေဒါနှင့် နန်းရင်းဝန်ကြီး စကားပြောနေခိုက်တွင် ရှင်ဘုရင်ကြီးသည် အဆောင်မကြီး၏ ကြီးကျယ်ခမ်းနားဟန်၊ အိမ်ရှင်မတို့၏ ချောမွေ့ပြေပြစ်ဟန်၊ ဖိုးသူတော် သုံးဦးလုံး ညာဘက် မျက်စိတစ်ဖက်စီ လပ်နေကြဟန်၊ မျက်ခုံးမွေးလည်း တစ်ယောက်မှ မရှိကြဟန်တို့ကို တွေး၍ အံ့သြနေပါသတဲ့။

ထိုနောက် ဇိုဗေဒါက ရှင်ဘုရင်ကြီးအား သေခွက်ကို ကမ်းသတဲ့။ ရှင်ဘုရင်ကြီးက မိမိမှာ ဝါရှောင်ထားသဖြင့် သည်းခံပါမည့် အကြောင်းနှင့် ပြောသတဲ့။ ထိုအခါ အမီနာက သင်းပျံ့မွှေးကြိုင်သော အဖျော်ရည်ကို တိုက်သတဲ့။ တစ်ခဏမျှ ကြာသောအခါ





ဖိုးသူတော် သုံးဦးက ထ၍ ထူးဆန်းစွာ တီးကြ ကကြ ပြန်သတဲ့။ ဖိုးသူတော်သုံးဦး သိ၍ က၍ ပြီးသောအခါ ဇိုဗေဒါက စားပွဲမှထလျက် 'တစ်ဆိတ် အားလုံးသော ဧည့်သည်များ သည်းခံကြစေလိုပါသည်။ ငါတို့မှာ ညတိုင်းညတိုင်း ဆောင်ရွက်မြဲ ဝတ္တရားကို ဆောင်ရွက်ဖို့ ရှိသည့်အတွက် ဧည့်ဝတ် မကျေဘူး ဟူ၍လည်း မအောက်မေ့ကြပါလင့်။ တစ်ခဏမျှ ခွင့်ပြုစေလိုပါသည်' ဟု ဆိုသတဲ့။ ထို့နောက် အမီနာကို 'လာဟေ့' ဟု ခေါ်သတဲ့။ ထို့နောက် အမီနာက စားပွဲပေါ်ရှိ သိမ်းစရာ ဆည်းစရာများနှင့်တကွ စောင်း၊ ပလွေ၊ ဗုံ စသည်တို့ကို သိမ်းပြီးလျှင် ဖိုးသူတော် သုံးယောက်အား အခန်းမကြီး၏ တစ်ဖက်ရှိ ညောင်စောင်းပေါ်တွင် ထိုင်စေ၍ ရှင်ဘုရင်ကြီးနှင့် နောက်ပါ နှစ်ယောက်အား ဖိုးသူတော်သုံးဦးနှင့် မျက်နှာချင်းဆိုင် အခန်းတစ်ဖက်ရှိ နေရာတွင် ထိုင်စေသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အမိနာသည် ထိုင်ခုံတစ်ခုကို ယူလာပြီးလျှင် အခန်းအလယ်၌ ထား၍ 'ကိုင်း... ကိုဝန်ထမ်း သင်က ဧည့်သည်ကြီး လုပ်မနေနှင့်၊ သည်ကို လာစမ်း' ဟု ခေါ်သတဲ့။ သည်တော့ ဝန်ထမ်းက 'မမ ခိုင်းရာလုပ်ဖို့ အသင့်ရှိကြောင်းပါ' ဟု ဆိုသတဲ့။ အမိနာသည် ဝန်ထမ်းကိုခေါ်၍ အခန်းတစ်ခု အတွင်းသို့ ဝင်သွားပြီး ခွေးနက်မကြီးနှစ်ကောင်ကို လည်ပင်းကြိုး တပ်၍ ခေါ်လာခိုင်းသတဲ့။ ထို့နောက် ဇိုဗေဒါသည် ခွေးနှစ်ကောင်ကို ကိုင်ထားသော ဝန်ထမ်းထံသို့သွား၍ 'တစ်ကောင်ကို အမိနာ့ဆီကို ယူသွား၊ တစ်ကောင်ကို သည်ပေး' ဟု ပြောပြီးလျှင် အင်္ကျီလက်များကို ပင့်၍ မချိသော မျက်ရည်ဖြင့် သက်မလည်းချလျက် ဆာဒီထံမှ ကြိမ်ကို တောင်းကာ 'ဝတ္တရားကို လုပ်ရဦးမည်' ဟု ဆိုသတဲ့။ ဝန်ထမ်းလည်း ခွေးတစ်ကောင်ကို အမိနာ့ထံ သွားပေးပြီးနောက် ကျန်တစ်ကောင်ကို ဇိုဗေဒါဆီသို့ ခေါ်လာသောအခါ ထိုခွေးသည် ကြောက်ရှာလွန်းသဖြင့် ငယ်သံပါအောင် အော်ရှာသတဲ့။ သို့ရာတွင် ဇိုဗေဒါသည် သနားသော အမူအရာကို မပြ၊ လက်ပန်းကျသည့် တိုင်အောင် တစ်ချက်ပြီးတစ်ချက် တအားလွှဲ၍ ရိုက်သတဲ့။ ခွေးနက်မကလည်း ကြေကွဲဖွယ်ရာ အော်သတဲ့။ ထို့နောက် ဇိုဗေဒါက ကြိမ်ကိုချ၍ ခွေးနက်မကို ရင်ခွင်၌ပွေ့ကာ မိမိ၏ ခါးပိုက်ဆောင် ပဝါဖြင့် ယုယုယယ မျက်ရည်များ သုတ်ပေးပြီးလျှင် ယုယစွာ နမ်းသတဲ့။

ထို့နောက် ရိုက်ပြီး ခွေးကို အခန်းတွင်းသို့ ပြန်သွင်းစေပြီးလျှင် ကျန်တစ်ကောင်ကို ပထမတစ်ကောင်နည်းတူ ရိုက်ပြန်ပြီးလျှင် ပဝါနှင့် မျက်ရည်ကို သုတ်ပေးပြီးနောက် နမ်း၍ အခန်းထဲသို့ သွင်းစေပါသတဲ့။

ထိုအခိုက်တွင် ဘေးက ကြည့်နေကြသော ဧည့်သည်များမှာ အံ့သြခြင်းမက အံ့သြလှပြီးလျှင် ဘာကြောင့် သည်ကဲ့သို့ ရက်စက်စွာ ရိုက်ရသည့်အကြောင်းကို သိချင်ဇော ပြင်းစွာဖြစ်လျက် ရှိကြသတဲ့။ ဧည့်သည်အားလုံးအနက် ရှင်ဘုရင်ကြီးမှာ ပို၍ သိချင်ဇော ပြင်းသဖြင့် ပါးစပ်က မေးတော့မည် ဟန်တပြင်ပြင် ဖြစ်လျက် ရှိပြီးလျှင် နန်းရင်းဝန်ကြီးအား မေးစေရန် မျက်ရိပ်ပြပါသတဲ့ ။ နန်းရင်းဝန်ကြီးက ရှင်ဘုရင်ကြီး မျက်ရိပ်ပြသည်ကို မမြင်ဟန်ပြုပြီးလျှင် တစ်ဖက်သို့ လှည့်နေသည်။ ဇိုဗေဒါလည်း နေရာမှ မထသေးဘဲ ရှိနေသဖြင့် ဆာဒီက 'မမ ထဦးလေ၊ ညီမလေးလည်း ညီမလေး ဝတ္တရား လုပ်ရဦးမှာပေါ့' ဟု ပြောသတဲ့။ သည်တော့မှ ဇိုဗေဒါသည် ညောင်စောင်းပေါ်သို့ သွား၍ ထိုင်ပြီးလျှင် 'ကိုင်း... မမရဲ့ ညီမလေးကလည်း ကိုယ့်ဝတ္တရား ကိုယ်လုပ်ပော့' ဟု အမိန့်ပေးသတဲ့။

ထိုအခါ ဆာဒီက ဇိုဗေဒါ၏ ညောင်စောင်းအနီး ခုံနိမ့်ကလေးတစ်ခုပေါ်တွင် ထိုင်နေသတဲ့။ အမိနာက အိမ်ထဲသို့ သွား၍ စောင်းကို ယူလာပြီးလျှင် ကြိုးညှိကာ မောင်ဘွဲ့ပူပုံပွား သီချင်းတစ်ပုဒ်ကို ကြေကွဲလွမ်းဆွတ်ဖွယ် ဆို၍ စိတ်ပါလက်ပါ တီးသတဲ့။ အမိနာ၏ သီခြင်း၊ တီးခြင်းတို့သည် ဆာဒီ၏ အပူမီးကို ဆွ၍ ပေးဘိသည့်





အလား ဖြစ်သဖြင့် ဆာဒီက 'အမယ်လေး... မမလေး သီချင်းက ကောင်းလှချည့်လား မမလေးရဲ့' ဟု မြည်တမ်းပြီးလျှင် အသက်ပင် ရှူမရနိုင်လောက်အောင် ဖြစ်ရသဖြင့် အင်္ကျီများကို ဆုတ်ဖြဲ၍ပစ်ပြီးနောက် လဲကျပြီး သတိမေ့၍ သွားသတဲ့။ အမိနာလည်း ဆာဒီအား ရေနှင့် ဖျန်းပေးပြီးလျှင် အင်္ကျီသစ်များ ထပ်၍ လဲပေးပြန်သတဲ့။ ထိုအခိုက်တွင် ရှင်ဘုရင်ကြီးလျှင် အမှူးရှိသော ဧည့်သည် ခုနစ်ယောက်တို့မှာ အနေရအထိုင်ရ ကျပ်လျက် ရှိကြသတဲ့။ ပြီးလျှင် ဆာဒီ၏ အင်္ကျီများ စုတ်ပြဲသွားသောအခါ ဆာဒီ၏ နောက်ကျောတစ်ခုလုံးတွင် ညိုညိုမည်းမည်း ဒဏ်ရာများ ပြည့်လျက်နေသည်ကို မြင်ကြရသတဲ့။ အဲသဟာနှင့် ဆာဒီ၏ နောက်ကျောက ကြိမ်ရာကြိမ်ချက် အမာရွတ်များမှာ သူ့မျက်နှာကလေး၏ လှပတင့်တယ်ခြင်းနှင့် မလိုက်အောင် ဖြစ်သတဲ့။ ဆာဒီအား အင်္ကျီအသစ် လဲပေးပြီးနောက် ပူပုံပွား၍ ရွေအားငယ်သည့် အပူဘွဲ့ သီချင်းတစ်ပုဒ်ကို ထပ်၍ဆိုကာ စောင်းကို တီးပြန်သတဲ့။ ဆာဒီလည်း 'အမယ်လေး... မမလေး သီချင်းက ကောင်းလှချည်လား မမလေးရဲ့' ဟု မြည်တမ်းပြီးလျှင် အင်္ကျီများကို ဆုတ်ဖြဲပစ်ပြီးနောက် သတိမေ့၍ လဲကျသွားပြန်သတဲ့။ သည်တော့ အမိနာက ဆာဒီအား ရေဖျန်းပေးပြီးလျှင် အင်္ကျီသစ်များ ထုတ်၍ ဝတ်ပေးပြန်သတဲ့။ သည်တော့ ရှင်ဘုရင်ကြီး အမှူးရှိသော ဧည့်သည်ခုနစ်ယောက်သည် ဆာဒီ၏ နောက်ကျောမှ အမြင်မကောင်းသော ဒဏ်ရာ ဒဏ်ချက်များကို မြင်ကြရပြန်သတဲ့။ ထို့နောက် တစ်ဖန် အမိနာသည် ပူပုံတော် အေး မတွေ့၍ ဆွေးလှသည့် ဖြစ်အင်ကို ဖွဲ့အပ်သော အဆွေးဘွဲ့ သီချင်းတစ်ပုဒ်ကို သုံးကြိမ်မြောက် သီ၍ စောင်းကို တီးပြန်သတဲ့။ ဆာဒီလည်း ရှေ့နည်းတူ 'အမယ်လေး... မမလေး သီချင်းက ကောင်းလှချည့်လား မမလေးရဲ့' ဟု မြည်တမ်း၍ အင်္ကျီများကို ခါးဝတ်သို့ တိုင်အောင် ဆုတ်ဖြဲပစ်ပြီးနောက် သတိမေ့၍ လဲကျသွားပြန်သတဲ့ ။ အမိနာက ဆာဒီကို ရေဖျန်းပေးပြီးလျှင် အဝတ်သစ်ထုတ်၍ ဝတ်ပေးပြန်သတဲ့။

ထိုအခိုက်တွင် ရှင်ဘုရင်ကြီး အမှူးရှိသော ဧည့်သည် ခုနစ်ဦးမှာ တစ်ယောက်တစ်ယောက် တိုးတိုး တိုးတိုးနှင့် ခေါင်းချင်းရိုက်လျက် ရှိကြသတဲ့။ 'ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီးရဲ့... ဆန်းလှချည်လား၊ ဟို မိန်းမရဲ့ နောက်ကျောက အညိုအမည်း ဒဏ်ရာတွေကလည်း မြင်မကောင်း ရှုမကောင်းချည်းပဲ၊ မြင်လိုက်ရဲ့ မဟုတ်လား၊ ငါတော့ သည်အကြောင်းတွေကို သိချင်လှပြီ။ ခွေးနက်မနှစ်ကောင်ကို ပထမ ရက်ရက်စက်စက် ရိုက်သဟာရယ်၊ နောက်မှ ကြင်ကြင်နာနာ နမ်းရှုပ်ရ ပြန်သဟာရယ်၊ ပြီးတော့ ဟိုမိန်းမ နောက်ကျောမှာ ဘာလို့ မြင်မကောင်း ရှုမကောင်း ဒဏ်ရာတွေ ပြည့်နေရသဟာလည်း ဆိုသဟာရယ်၊ ငါတော့ သိပ်သိချင်တာပဲကွာ၊ မေးစမ်းပါ' ဟု ဆိုသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'မေးလို့ မတော်ပါဘူး ဘုရား၊ မူလကလည်း ကိုယ်နှင့် မဆိုင်သဟာကို ဘာမျှ မမေးပါဘူးလို့ ဝန်ခံထားသဟာလည်း ရှိပါသည်' ဟု လျှောက်သတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသူတော် သုံးဦးကလည်း 'ငါတို့ သည်အိမ်ဝင်ပြီး တည်းမိသဟာတော့ ငါးပါးကြီး မှောက်သဟာပဲဟေ့၊ တယ် စိတ်မချမ်းသာစရာတွေ မြင်ရသဟာပဲ' ဟု ညည်းကြသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'အဲသဟာဖြင့် ဦးသူတော်တို့က သည်အိမ်က မဟုတ်ကြဘူးပေါ့' ဟု ဆိုသတဲ့။ ဖိုးသူတော် သုံးဦးက တစ်ဖန် 'မဟုတ်ပါဘူး၊ ငါတို့ သည်အိမ်ကို ရောက်သဟာ မိတ်ဆွေကြီးများ မရောက်ခင်ကလေးတွင်ကပါ' ဟု ဖြေကြပါသတဲ့။ ရှင်ဘုရင်ကြီးလည်း "သည်လိုဆိုလျှင် အံ့ဩစရာချည်းပဲ"ဟု အောက်မေ့ပြီးလျှင် ဝန်ထမ်းရှိရာသို့ မျက်ရိပ်နှင့်ပြ၍ 'သဟာဖြင့် သည်လူတော့ သည်အကြောင်းတွေ သိမှာပေါ့' ဟု ဆိုသတဲ့။ ပြီးလျှင် ရှင်ဘုရင်ကြီးနှင့် ဖိုးသူတော် သုံးယောက်တို့က ဝန်ထမ်းအား မေးကြသတဲ့။ ဝန်ထမ်းက 'ဒွန္နယာမှာ သည်အပူမျိုး ဆိုသဟာ အတူတူ ချည်း ပါပဲ' ဟု ပြောပြီးနောက် သူသည် ဗဂ္ဂဒက် ရွှေမြို့တော်သား မှန်သော်လည်း သည်အိမ်သို့ သည်တစ်ခါသာ ရောက်ဖူးကြောင်း၊ သည်အိမ်က အဖြစ်အပျက်များကို သူ ဘာမျှ မသိကြောင်း ဖြေသတဲ့။

ထိုအခါ ရှင်ဘုရင်ကြီးက 'ကိုင်း. . . သဟာဖြင့် သည်လို လုပ်ကြလျှင် မကောင်းဘူးလား၊ သူတို့က မိန်းမသား သုံးယောက်တည်းပဲ၊ ငါတို့က ယောကျ်ားကြီးတွေ ခုနစ်ယောက်တောင်မှပဲဟာ။ ဘယ်လိုအကြောင်း ဆိုသဟာ မေးကြမည်၊ ပထမတော့ ချိုချိုသာသာနှင့် မေးကြသဟာပေါ့၊ အဲသည်လို ချိုချိုသာသာနှင့် မေးလို့ ရလျှင် ရ၊ မရဘူး ဆိုလျှင်တော့ ယောကျ်ားတွေပဲ၊ အကြမ်းကိုင်ကြသဟာပေါ့' ဟု အကြံပေးသတဲ့။ သည် အကြံကို နန်းရင်းဝန်ကြီးကလွဲ၍ အားလုံး သဘောတူကြသတဲ့။ နန်းရင်းဝန်ကြီးက 'သင်တို့၏ အကြံတွင် ငါ မပါလို။ ငါတို့မှာ ဧည့်သည်များသာ ဖြစ်သည်။ ဧည့်သည် တို့သည် အိမ်ရှင်၏ အတွင်းရေးတွင် ဝင်၍ မစွက်ကောင်း။ ယခု ဖြစ်ပျက်နေသည့် အခြင်းအရာများသည် ငါတို့နှင့် သက်ဆိုင်သည် မဟုတ်၊ ပြီးတော့ ငါတို့အားလုံးသည် မိမိတို့နှင့် မသက်ဆိုင်သည့် ကိစ္စတွင် ဘာမျှ မမေးမမြန်းပါဘူးဟု တာဝန်ခံထားကြ သူများ ဖြစ်သည်။ သဟာကြောင့် သည်ကိစ္စနှင့် ပတ်သက်၍ ဘာမျှ မမေးကြလျှင် ကောင်းမည်။ ပြီးတော့ မိုးလင်းဖို့လည်း အချိန်နည်းနည်းသာ ကျန်တော့သည်။ မိုးလင်းတော့ ကိုယ့်လမ်း ကိုယ်သွားကြလျှင် ပြီးသဟာပဲ' ဟု ဆိုသတဲ့။

ထို့နောက် နန်းရင်းဝန်ကြီးသည် ရှင်ဘုရင်ကြီးကို လက်တို့၍ 'ယခုလည်း မိုးလင်းဖို့ ဘာမျှ မလိုတော့ပါ။ မိုးလင်းသည်နှင့် တစ်ပြိုင်နက် သူတို့ကို ရွှေနန်းတော်ကြီးသို့ ခေါ်၍ မေးလိုရာ မေးနိုင်ပါသည်' ဟု လျှောက်သတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'မိုးလင်းအောင် ငါ မစောင့်နိုင်ဘူး၊ အခုပင် ငါ သိချင်လှပြီ' ဟု ဆိုပြီးလျှင် ဖိုးသူ တော် သုံးဦးဘက်သို့ လှည့်၍ 'ကိုင်း. . . ဦးသူတော်တို့၊ ဘယ်လို အကျိုးအကြောင်းဆိုသဟာ မေးကြစမ်းပါ' ဟု ခိုင်းသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'မေးချင်လည်း မေးကြ၊





သည်အထဲတော့ ငါတို့ မပါဘူး' ဟု ဆိုသတဲ့။ သဟာနှင့် သူ မေးသင့်သည်၊ ငါ မေးသင့်သည် အချင်းချင်း အငြင်းအခုံ ဖြစ်ကြပြီးလျှင် နောက်ဆုံးတွင် ဝန်ထမ်းကို အမေးခိုင်းရန် သဘောတူကြသတဲ့။

ထိုကဲ့သို့ ကျယ်လောင်ကျယ်လောင်နှင့် ပြောနေကြသော အသံကို ဇိုဗေဒါက ကြားသဖြင့် 'ဘယ့်နှယ်လဲ ဦးဧည့်သည်တို့၊ ဘာဖြစ်ကြသဟာလဲ' ဟု မေးသတဲ့။ သည်တော့ ဝန်ထမ်းက ကပျာကယာ ထ၍ 'သည်လိုပါ မမရယ်၊ အခု ဧည့်သည်များက မမဟာ ဘာလို့ ပထမ ခွေးနက်နှစ်ကောင်ကို တစ်ကောင်ပြီးတစ်ကောင် ရိုက်ပြီးမှ တစ်ဖန် နမ်းရှုပ်ရသည့် အကြောင်း၊ သည်နောက် သတိမေ့သွားသော မမရဲ့ နောက်ကျောမှာ ဘာလို့ ကြည့်မကောင်း ရှုမကောင်း အမာရွတ်တွေ ပြည့်နေရသည့် အကြောင်းကို အင်မတန် သိချင်ကြပါသဖြင့် ငါ့ကို အမေးခိုင်း၍ မေးရပါသည်။ စိတ်လည်း ရှိတော် မမူပါနှင့်' ဟု ဆိုသတဲ့။ အဲသည်တော့ အိမ့်ရှင်မ ဇိုဗေဒါက 'ယခု ဝန်ထမ်း ပြောသည့် စကားဟာ မှန်သလား' ဟု မေးသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးမှတစ်ပါး ကျန်သူ အားလုံးက 'မှန်ပါသည်' ဟု ဆိုကြသတဲ့။ သည်တော့ ဇိုဗေဒါက 'သဟာဖြင့် သင်တို့ကို ဧည့်ဝတ်ကျေပွန်စွာ ပြုစုကျွေးမွေးသည့်အတွက် ကျေးဇူးဆပ်ကြသည် ဆိုပါတော့။ တော်ပါပေသည်၊ တော်ပါပေသည်။ သင်တို့ဟာ ယောကျ်ားပီပီ စကားတည်ကြပါ ပေသည်။ ကိုယ်နှင့် မဆိုင်သည့်ဟာဆိုလျှင် ဘာဆိုလို့ ဘာမျှ မမေးပါဘူးလို့ ဝန်ခံထားကြ သဟာတွေကိုလည်း မေ့ကုန်ပြီပေါ့။ ဒွန္နယာမှာ သည်လိုဟာမျိုးတွေချည်းပဲ။ ကိုင်း. . . သည်တော့ အိုးက ရွံ့လို့ရှိမှ စလောင်းက ရွံ့ရတော့မှာပေါ့' ဟု အပြစ်တင်စကား ပြောပြီးလျှင် လက်ခုပ်သုံးချက်တီး၍ 'ဟဲ့. . . မြန်မြန်ထွက်ခဲ့ကြ' ဟု ဆိုလိုက်တော့ အခန်းတွင်းမှ လေးလုံးခြောက်ဖက် ကျွန်မည်းကြီး ခုနစ်ယောက်သည် ဓားလွတ်ကိုယ်စီ ကိုင်၍ ထွက်လာကြပြီးလျှင် ဧည့်သည် ခုနစ်ယောက်အား ကြမ်းပေါ်သို့ ပစ်လှဲကာ လည်ပင်းကို ဓားမိုးထားကြသတဲ့။ ကုပ်ပေါ်တွင် ဓားဝဲလျက်ရှိသည်၊ နှုတ်မစောင့်သည့် ဧည့်သည်များမှာ သေရတော့မည် မချွတ်ဟု အောက်မေ့လျက် အလ္လာဟုအရှင်၏ ဂုဏ်ကျေးဇူးတော်ကိုသာ အောက်မေ့ပြီး နေကြသတဲ့။

ထိုအခိုက်တွင် 'မမက အမိန့်တော် ပေးလိုက်သည်နှင့် တစ်ပြိုင်နက် သင်းတို့၏ လည်ပင်းကို တိခနဲနေအောင် ဖြတ်လိုက်ဖို့ အသင့်ရှိကြောင်းပါ' ဟု ကျွန်မည်းကြီး ခုနစ်ယောက်က သူတို့သခင်မ အားရအောင် လောကွတ်လုပ်နေကြသတဲ့။ သည်တော့ ဇိုဗေဒါက 'နေကြဦး... နေကြဦး၊ ရှင်တို့က နည်းနည်း နေကြဦး။ သင်းတို့ကို အဆုံး မစီရင် ခင် ငါ စစ်ဦးမည်၊ နင်တို့က ခဏ ဘေးဖယ်နေကြ။ သဟာပေမယ့် အပြင်ကို ထွက်မသွားကြနှင့်နော်' ဟု ဆိုသတဲ့။ သည်တော့ ကျွန်မည်းကြီး ခုနစ်ယောက်က ဓားကိုထမ်း၍ ထရံနားမှာ အဆင်သင့် စောင့်၍ နေကြသတဲ့။ ဝန်ထမ်းမှတစ်ပါး



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခြောက်ယောက်သော ညီသည်တို့မှာ သေရမှာ မချွတ်ပြီဖြစ်လျှင် ရဲရဲစွာပင် သေကြတော့မည်ဟု စိတ်နှလုံးကို တုံးတုံးချ၍ ထားကြသော်လည်း ဝန်ထမ်းမှာ သေဘေးကို အလွန်လျှင် ကြောက်လှသဖြင့် သွေးရူးသွေးတန်းဖြစ်ကာ 'ငါ တစ်ခု အသနားခံပါရစေ မမရယ်၊ အလာဟုသခင် ရွှေမျက်နှာတော် ထောက်ပြီး တစ်ဆိတ် နားထောင်စေလိုပါသည်။ ငါဟာ အပြစ်ရှိသူ မဟုတ်သဖြင့် သူတကာအတွက်နှင့် ဝေက်က ဒဏ်ခံဖြစ်ရမည် ဆိုလျှင် တော်မည် မဟုတ်ပါ။ မမလည်း ပညာရှင်ဖြစ်သဖြင့် လက်ညှိုးမကောင်း လက်ညှိုး၊ လက်မမကောင်း လက်မသာ ဖြစ်စေသင့်ပါသည်။ ယခု ဖြစ်ရသည့်ကိစ္စမှာ ဟိုကာဏာရိပ်သုံးယောက် ဂြိုလ်မွှေ၍ ဖြစ်ရပါသည်။ သူတို့ ရောက်လာသည့်အတွက် ဗဂ္ဂဒက်ရွှေမြို့တော်ကြီးတောင် ကပ်သင့်မည် စိုးရိမ်ရပါသည်။ သူတို့ဟာ သက်သက် ဂြိုဟ်ကောင်တွေ ဖြစ်ပါသည်' ဟု ဆိုသတဲ့။ ဇိုဗေဒါလည်း ဝန်ထမ်း၏ စကားကို ကြားသောအခါ စိတ်ဆိုးနေရာမှ ရယ်ချင်လာသဖြင့် ရယ်ပြီးလျှင် ညီသည်ဆီသို့ သွား၍ 'သင်တို့၏ ဦးခေါင်းနှင့်ကိုယ် အိုးစားမကွဲမီ သင်တို့သည် မှန်ရာကို အစစ်ခံကြရမည်။ သင်တို့သည် ဘယ်သူဘယ်ဝါတွေလဲ၊ သင်တို့သည် ဘယ်က ဘာကိစ္စနှင့် သည်ကို ရောက်လာကြသလဲ၊ သင်တို့သည် သင်တို့ အမျိုးအနွယ်ထဲတွင် အကြီးအကဲများ ဖြစ်ကြသဖြင့် မာန်တက်၍ ယခုကဲ့သို့ မထီလေးစား လာပြီးလုပ်ကြသည် ထင်သည်။ ယခုပင် သင်တို့အကြောင်းကို မှန်သည့်အတိုင်း ပြောကြလော့' ဟု ဆိုသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက သူဟာ ရှင်ဘုရင်ဖြစ်သည့် အကြောင်းကို ပြောလိုက်လျှင် အသက်ချမ်းသာရာ ရတော့မည်ဟု ဝမ်းသာလာသဖြင့် နန်းရင်းဝန်ကြီးအား အသာလက်တို့၍ 'ငါဟာ ရှင်ဘုရင်ဖြစ်သည် ဆိုသည့် အကြောင်းကို ပြောလိုက်ရလျှင် မကောင်းဘူးလား' ဟု မေးသတဲ့။ နန်းရင်းဝန်ကြီးလည်း သူ့သခင်ထက် ပို၍ လိမ္မာရေးခြားရှိသူဖြစ်သဖြင့် မိမိတို့၏ အဖြစ်မှန်ကို ထုတ်၍ပြောလိုက်လျှင် အရှက်ကွဲကြမည်ကို သိရကား 'ကိုယ့်အပြစ်နှင့် ကိုယ်ခံရသဟာ အသာသာ နေပါ' ဟု ဆိုသတဲ့။ ရှင်ဘုရင်ကြီးလည်း အောင့်အည်း၍ အသာသာ ငြိမ်၍ နေရသတဲ့။

ထိုအခါ ဇိုဗေဒါက ဖိုးသူတော် သုံးယောက်အား 'အသင်တို့ သုံးယောက်ဟာ ညီအစ်ကိုလား' ဟု မေးသတဲ့။ သည်တော့ ဖိုးသူတော် သုံးယောက်က 'မဟုတ်ပါဘူး၊ တစ်ယောက်နှင့်တစ်ယောက် ဘာမျှ မတော်ကြပါဘူး' ဟု ဖြေသတဲ့။ သည်တော့ တစ်ခါ ဇိုဗေဒါက ထပ်၍ ဖိုးသူတော်တစ်ယောက်ကို 'သင့်မျက်စိတစ်ဖက် လပ်သဟာက ဝမ်းတွင်းပါလား' ဟု မေးသတဲ့။ သည်တော့ ထိုဖိုးသူတော်က 'ဝမ်းတွင်းပါ မဟုတ်ပါဘူး၊ ငါဟာ မိမွေးတုန်း ဖမွေးတုန်းက အင်္ဂါစုံစုံလင်လင်ပါပဲ၊ ကြီးတော့မှပဲ မျက်စိတစ်ဖက်လပ် ဖြစ်ရပါသည်။ ငါ မျက်စိတစ်ဖက်လပ် ဘဝကို ရောက်ရသည့်အဖြစ်လို ဆန်းကြယ်သည့် အဖြစ်မျိုးတော့ ဒွန္နယာမှာ ရှားပါလိမ့်မည်' ဟု ပြောသတဲ့။ ထို့နောက် ဇိုဗေဒါက





ဒုတိယ ဖိုးသူတော်နှင့် တတိယ ဖိုးသူတော်အား သူတို့ မျက်စိတစ်ဖက်လပ် ဖြစ်ရခြင်းသည် ဝမ်းတွင်းပါလား၊ ကြီးမှ ဖြစ်သလားဟု မေးသတဲ့။ ဖိုးသူတော် နှစ်ယောက်ကလည်း မိမိတို့ မျက်စိတစ်ဖက် ပျက်ရခြင်းမှာ ကြီးမှ ပျက်ရခြင်း ဖြစ်ကြောင်း၊ မိမိတို့မှာ အလှူခံစား၏ အသွင်ကိုဆောင်၍ နေကြသော်လည်း စင်စစ်ဆိုသော် မိမိတို့ သုံးယောက်လုံးမှာ ထီးရုံနန်းရုံ စော်ဘွားစော်ခံတို့ကို အုပ်စိုးရသော၊ ဘုန်းကြီးသော ဘုရင်မင်းမြတ်တို့၏ သားတော်များ ဖြစ်ကြောင်းနှင့် ဖြေကြသတဲ့။

သည်တော့ ဇိုဗေဒါက 'သည်လိုဆိုလျှင် ကောင်းပြီ၊ သင်တို့အားလုံးသည် တစ်ယောက်စီ တစ်ယောက်စီ အလှည့်ကျ သင်တို့ဇာတ်ကို အစကစပြီး နောက်ဆုံး သည်အိမ်သို့ ရောက်လာရသည်အထိ ပြောပြကြရမည်။ အပြောကောင်းသည့် သူကို အသက်ချမ်းသာပေးမည်' ဟု ဆိုပြန်သတဲ့။

သည်တော့ ဝန်ထမ်းက သေတွင်းမှ လွတ်ချင်ဇောနှင့် သုတ်သီးသုတ်ပျာ ထ၍ 'သည်လိုပါ မမ၊ ငါ့အကြောင်းကတော့ မထူးဆန်းပါဘူး။ ငါဟာ ဗဂ္ဂဒက် ရွှေမြို့တော်သား ဝန်ထမ်းစားသည့် လူပျိုကြီးတစ်ယောက် ဖြစ်ပါသည်' ဟု ပြောပြီးလျှင် အမိနာကို လက်ညှိုးထိုးပြလျက် 'ဟောသည် မမက သည်ကနေ့ ငါ့ကို အထမ်းငှားသည့်အတွက် သူ့နောက်က ဆိုင်မျိုးစုံကို တကောက်ကောက်လိုက်ပြီး နောက်ဆုံး တောင်းကြီးနှင့် အပြည့် ပစ္စည်းတွေ ထမ်းပြီး သည်အိမ်ကြီးကို ရောက်လာရပါသည်။ ရောက်လာပြီးနောက် မမတို့ အားလုံးရဲ့ ကျေးဇူးနှင့် ငါဟာ အစားကောင်း အသောက်ကောင်းတွေနှင့် သေရည်ကို စားသောက်ရပြီး ယခု ကုပ်ပေါ် ဓားမိုးခံနေရသည့် အဖြစ်သို့ ရောက်နေရပါသည်။ ငါ့အဖြစ်ကတော့ အဲသဟာပါပဲ' ဟု ပြောသတဲ့။

သည်တော့ ဇိုဗေဒါက ရယ်၍ 'သဟာပဲလား၊ သဟာပဲဖြင့် ကိုဝန်ထမ်း ပြန်နိုင်ပြီ' ဟု ဆိုသတဲ့။ 'ငါ့အကြောင်းကို သူတို့ နားထောင်ကြသလို ငါလည်း သူတို့အကြောင်းကို နားထောင်ပြီးမှပဲ ပြန်နိုင်ပါမည်' ဟု ဆိုသတဲ့။

အဲသည်တော့ ဖိုးသူတော်တစ်ယောက်က ထပြီး သူ့အတ္ထုပ္ပတ္တိကို ဆိုလတ္တံ့သည့် အတိုင်း ပြောပြပါသတဲ့။

## [၄]
## ပထမဖိုးသူတော်ဝတ္ထု

အဲသဟာနှင့် ပထမဖိုးသူတော်က ဇိုဗေဒါအား 'ငါ့အကြောင်းကို မမ သိချင်လို့ ရှိမင့် ငါ ပြောပြပါမည်။ ငါသည် ဘယ်နည်းဘယ်ပုံနှင့် မျက်စိတစ်ဖက်လပ် ဘဝသို့ ရောက်ပြီး ဖိုးသူတော် ဖြစ်နေရသည့် အကြောင်းကို ပြောရမည်ဆိုလျှင် ပထမဆုံး ငါ၏ မျိုးရိုး



www.burmeseclassic.com

www.burmeseclassic.com



ဇာတိက စ၍ ပြောမှ ဖြစ်တော့မည်။ ငါသည် မဟာမျိုးမဟာနွယ် ဖြစ်ပါသည်။ ငါ၏အဖေမှာ ဘုန်းကြီးသော နေထွက်ဘုရင် တစ်ပါးဖြစ်၍ ငါဟာ ထီးမွေနန်းမွေခံ အိမ်ရှေ့စံ ဥပရာဇာ ဖြစ်ပါသည်။ ငါ၏ ဘထွေးတော်ကလည်း တိုင်းနီးပြည်နီးချင်း တစ်ခုတွင် တစ်ထီးဆောင်း တစ်နန်းနေ နေထွက်ဘုရင် မင်းတစ်ပါးပင် ဖြစ်ပါသည်။ ငါ့ဘထွေးတော်မှာ သားတော်တစ်ပါးနှင့် သမီးတော်တစ်ပါး ထွန်းကားပါသည်။ ငါနှင့် ငါ့ဘထွေးတော်ရဲ့ သားတော်ဟာ တစ်နေ့တည်း မွေးကြပြီးလျှင် တစ်ယောက်နှင့် တစ်ယောက်လည်း အလွန် ချစ်ခင်ကြပါသည်။ ငါသည် နှစ်စဉ်နှစ်စဉ် ဘထွေးတော်၏ တိုင်းပြည်သို့ တစ်လ တန်သည်၊ နှစ်လ တန်သည် သွား၍ လည်လေ့ ရှိပါသည်။

နောက်ဆုံးအကြိမ် ဘထွေးတော်၏ နန်းတော်သို့ ငါ သွား၍ လည်သောအခါ ဘထွေးတော်၏ သားက ငါ့အပေါ်တွင် ခါတိုင်း ခါတိုင်းက ပြုစုသည်ထက် အဆပေါင်းများစွာ တိုး၍ ပြုစုပါသည်။ သဟာနှင့် ငါတို့ ညီတော်နောင်တော် နှစ်ယောက်သည် တစ်နေ့တွင် အဖိုးတန် သေရည်များကို လှိုင်လှိုင်ကြီး သောက်ကြပြီးလျှင် စားကောင်း သောက်ဖွယ်များကို နှစ်ယောက်သား ပျော်ပျော်ပါးပါး စားကြပါသည်။ ငါကလည်း အဲသည်နေ့က ခါတိုင်းထက် ပို၍ သေရည်ယစ်ပါသည်။ ထိုအခိုက်တွင် ဘထွေးတော်၏ သားက သူ့မှာ အင်မတိ အင်မတန် အရေးကြီးသော ကိစ္စတစ်ခုရှိ၍ သူ့ကို အကူအညီ ပေးစေလိုကြောင်း၊ သို့ရာတွင် ထိုကိစ္စနှင့် ပတ်သက်၍ မည်သူ့ကိုမျှ ပေါက်ကြားခြင်း မရှိပါဟု သစ္စာဆိုရမည် ဖြစ်ကြောင်းနှင့် ငါ့ကို ပြောပါသည်။ သည်တော့ ငါကလည်း ခပ်မူးမူးနှင့် 'စိတ်သာချပါ၊ လိုချင်သည့် အကူအညီကို ပေးပါမည်၊ ပြီးတော့ ဘယ်သူ့ကိုမျှလည်း မပေါက်ကြားစေရပါဘူး' ဟု တာဝန်ခံလိုက်ပါသည်။

သည်တော့ သူက 'သည်လိုဆိုလျှင် နေရာကျပြီ၊ သည်အကြောင်းကို ဘယ်သူ့မျှ မပြောရဘူးနော်' ဟု ထပ်၍ ပြောပြီးလျှင် နန်းတော်အတွင်းဆောင်သို့ ဝင်သွားပါသည်။ ခဏကြာသောအခါ ပြန်ထွက်လာပြီးလျှင် သူနှင့်အတူ အဖိုးထိုက် အဖိုးတန် ကျောက်မျက် ရတနာ တန်ဆာပလာတို့ကို ဆင်ယင်ထားသော မိန်းမတစ်ယောက် ပါလာပါသည်။ ထိုမိန်းမမှာ ခေါင်းမြီးခြုံပဝါကို ခြုံ၍ထားသဖြင့် သူ့မျက်နှာကို ငါ မမြင်ရပါ။ သူ့နာမည်ကိုလည်း ငါ့ကို ပြောမပြပါ။ ငါကလည်း သူ မပြောချင်သဟာကို မေးလျှင် ရိုင်းရာကျမည်စိုး၍ မမေးလိုက်ပါ။ အဲသဟာနှင့် ဘထွေးတော်ရဲ့သားက ငါ့အား 'သူ့ကို တစ်ဆိတ် ခေါ်သွားနှင့်ပါ၊ အခုပဲ ငါ လိုက်ခဲ့ပါမည်' ဟု ပြောပြီးလျှင် ထိုမိန်းမကို ငါ့ထံအပ်၍ ငါ့အား သင်္ချိုင်းကြီး တစ်ခုထဲသို့ သွားရန် ညွှန်လိုက်ပါသည်။ ငါကလည်း ဘထွေးတော်၏သား ပြောသည့်အတိုင်း တစ်သဝေမတိမ်း လိုက်နာပြီး ထိုမိန်းမကို ခေါ်သွားပါသည်။ သင်္ချိုင်းထဲသို့ ရောက်၍ ဂူကြီးတစ်ခု အနားတွင် ငါတို့နှစ်ယောက် ခဏ အမောဖြေ နေကြစဉ်ပင် ပေါက်ချွန်းတစ်လက်၊ ရေအိုးတစ်လုံးနှင့် အင်္ဂတေမှုန့်





တစ်အိတ်ပါ ပါလာပါသည်။ ဘထွေးတော်၏ သားသည် ရောက်လာလာချင်း ငါ့အား ကျေးဇူးတင်စကား ပြောပြီးလျှင် ရေအိုးနှင့် အင်္ဂတေအိတ်ကို ဘေး၌ချ၍ ဂူကြီးတစ်ခုကို ပေါက်ချွန်းနှင့် ပေါက်၍ ဖျက်ပါသည်။ ထိုဂူကြီးမှ ရသော အုတ်များကိုလည်း တစ်နေရာတွင် စီ၍ ချထားပါသည်။ ဂူကြီးကို ဖျက်ပြီးနောက် ဘထွေးတော်၏ သားသည် မြေကြီးကို အနည်းငယ် ဆက်၍ တူးပြန်ပါသည်။ အနည်းငယ် တူးမိသောအခါ တံခါးရွက်ကြီးတစ်ခု ပေါ်လာပါသည်။ ထိုတံခါးရွက်ကြီးကို ဆွဲ၍ ဖွင့်လိုက်သောအခါ အောက်တွင် ကြောင်လိမ်လှေကားကြီး တစ်ခု တွေ့ရပါသည်။ ထိုအခါ ဘထွေးတော်သားက ငါတို့နှင့် ပါလာသော မိန်းမအား 'သည်နေရာပဲ၊ မောင် ပြောသဟာ' ဟု ပြောပြီးလျှင် အထဲသို့ အဝင်ခိုင်းပါသည်။ ထိုမိန်းမလည်း ဘထွေးတော်သား ပြောသည့်အတိုင်း ဘာမျှ ပြန်မပြောဘဲ ကြောင်လိမ်လှေကားကြီးဖြင့် ဆင်း၍ သွားပါသည်။ ဘထွေးတော်သားလည်း နောက်မှ ထက်ကြပ် လိုက်ပါသွားပြီးလျှင် ကြောင်လိမ်လှေကားကို ဆင်း၍ ခေါင်းမြုပ်ခါနီးသောအခါ ငါ့အား ကျေးဇူးတင်စကား ပြောပြီးလျှင် 'ပြန်ပေတော့' ဟု ဆိုကာ တံခါးကို ပိတ်၍ ပျောက်ကွယ်သွားပါသည်။

ငါလည်း ဘာလုပ်ရမှန်း မသိသဖြင့် ဘထွေးတော်သားက ပြန်ဆိုသည့်အတိုင်း နန်းတော်ကြီးသို့ ပြန်ပြီးလျှင် ငါ့အဆောင်သို့ ဝင်၍ ထိုည အိပ်ပါသည်။ မိုးသောက် အိပ်ရာမှနိုး၍ အမူးပြေသောအခါ ငါသည် ထိုညက အဖြစ်အပျက်များကို အိပ်မက် မက်သကဲ့သို့ တရေးရေး တွေးမိပြီးလျှင် စိတ်မကောင်းသဖြင့် မင်းချင်း တစ်ယောက်ကို ခေါ်၍ ဘထွေးတော်သား၏ အဆောင်သို့ သွား၍ အကြည့်ခိုင်းပါသည်။ မင်းချင်း ပြန်လာ၍ ဘထွေးတော်သား သူ့အဆောင်တွင် ညက ပြန်မအိပ်ကြောင်း ပြောသောအခါ ငါဟာ ပို၍ စိတ်မကောင်းဖြစ်ပြီးလျှင် သင်္ချိုင်းသို့ အလျင်အမြန် သွား၍ ဘထွေးတော်သား ဆင်းသွားသော ဂူကြီးကို ရှာပါသည်။ ထိုညက မူးနေ၍ မမှတ်မိသည်က တစ်ကြောင်း၊ ဂူပျက် နေရာများကလည်း တစ်ခုနှင့်တစ်ခု ဆင်တူလိုချည်း ဖြစ်နေခြင်းက တစ်ကြောင်းကြောင့် ငါဟာ ဘထွေးတော်သား ဆင်းသွားသည့် ဂူကြီးကို ရှာ၍ မတွေ့ပါ။

ထိုအခိုက်တွင် ဘထွေးတော်မှာလည်း တောကစား ထွက်တော်မူခိုက် ဖြစ်သဖြင့် နန်းတော်ကြီး၌ မရှိပါ။ ငါလည်း ဘထွေးတော်သား၌ တစ်စုံတစ်ခုဖြစ်လျှင် ငါ၏ ပယောဂ ကင်းမည် မဟုတ်သည့် အဖြစ်ကို သိသဖြင့် ပို၍ စိတ်မကောင်း ဖြစ်လာပြီးလျှင် ဘထွေးတော်သား ခိုင်းသည့်အတိုင်း ဘာကြောင့် ငါ လိုက်လုပ်ရသလဲဟု ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးပြီးလျှင် ဘထွေးတော်သား ဆင်းသွားသော ဂူကြီးကို မတွေ့ တွေ့အောင် ရှာမည် ဆိုပြီး လေး ငါး ခုနစ်ရက် ဆက်၍ ရှာပါသည်။ ဘယ်လိုပင် ကြိုးစား၍ ရှာသော်လည်း မောရုံသာ ရှိပါသည်။ မတွေ့ပါ။ ထိုအခိုက်တွင် ဘထွေးတော်လည်း တောကစားရာမှ ပြန်မလာသေးပါ။ ဘယ်နေ့ ပြန်လာလိမ့်မည်ဟုလည်း မပြောနိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် ငါလည်း ကြံရာမရသဖြင့် စိတ်ညစ်ညစ်နှင့် ငါ၏ ခမည်းတော် နိုင်ငံသို့ ပြန်ခဲ့ပါသည်။ ခမည်းတော် နိုင်ငံသို့ ရောက်သောအခါ ရွှေနန်းတော် တံခါးဝတွင် ခါတိုင်းနှင့်မတူ အမှုကွဲပြားလျက် နေသည်ကို တွေ့ရသဖြင့် ငါသည် တစ်ပူပေါ် နှစ်ပူ ဆင့် ဖြစ်ပြီး ရင်ဖို၍ သွားပါသည်။ ငါ ရင်ဖိုခြင်းမှာလည်း ဖိုထိုက်ပါသည်။ အဘယ် ကြောင့် ဆိုသော် ငါ ရောက်လာသော အချိန်တွင် ရွှေနန်းတော် တံခါးဝတွင် လက်နက် ကိုင် သူပုန်သူကန်များ ရောက်နေနှင့်ကြသဖြင့် သူပုန်သူ ကန်တို့သည် ငါ့ကို မြင်လျှင် မြင်ချင်း ဝိုင်း၍ ဖမ်းကြသောကြောင့် ဖြစ်ပါသည်။ ငါလည်း ငါ့ကို ဘာ့ကြောင့် ဖမ်းကြ သည့် အကြောင်းကို မေးပါသည်။ ပထမတွင် မည်သူကမျှ အဖြေ မပေးကြပါ။ နောက်မှ သူတို့ထဲမှ ယခင်က ငါတို့ အိမ်တော်ကျွန် ဖြစ်ဖူးသူ တစ်ယောက်က နန်းရင်းဝန်ကြီးသည် စစ်တပ်နှင့် ပူးပေါင်း၍ ပုန်ကန်ပြီးလျှင် ငါ၏ ခမည်းတော်အား အဆုံးစီရင်လိုက်ပြီ ဖြစ်ကြောင်း၊ ယခု နန်းရင်းဝန်ကြီး နန်းတက်လျက်ရှိကြောင်း၊ ငါ့ကို ဖမ်းကြခြင်းလည်း





ယခု နန်းတက်နေသော နန်းရင်းဝန်ကြီး၏ အမိန့်အရ ဖမ်းကြခြင်း ဖြစ်ကြောင်းနှင့် ပြောပြပါသည်။ ထိုအကြောင်းကို ကြားရသောအခါ ငါဟာ မရှူးရုံတစ်မည် ဖြစ်သွား ပါသည်။

ထို့နောက် အာဏာသားတို့သည် ငါ့အား လက်ပြန်ကြိုးချည်၍ နန်းရင်းဝန် ဟောင်း နန်းလုမင်းရှေ့သို့ ခေါ်၍ သွားကြပါသည်။ နန်းလုမင်းလည်း ငါ့ကို မြင်လျှင် စားမတတ် ဝါးမတတ် အမျက်ပြင်းစွာ ထွက်လျက် ရှိပါသည်။ သူနှင့် ငါဟာ ယခင်က ရန်စ ရှိဖူးပါသည်။ ငါသည် ငယ်ငယ်က လောက်လေးပစ် ဝါသနာပါသဖြင့် နန်းရင်း ဝန်ကြီး၏ အိမ်ပေါ်တွင် နားနေသော ငှက်တစ်ကောင်ကို လှမ်း၍ ပစ်လိုက်ရာ ငှက်ကို မမှန်ဘဲ နန်းရင်းဝန်ကြီးကို မှန်သဖြင့် နန်းရင်းဝန်ကြီး ညာဘက်မျက်စိ ပျက်၍ သွား ပါသည်။ ငါက တမင်သက်သက် လုပ်ခြင်း မဟုတ်ပါ။ မတော်တဆ ဖြစ်ခြင်းသာဖြစ်၍ သည်းခံပါရန် လူလွှတ်၍လည်း တောင်းပန်ပါသည်။ နောက် ချက်ချင်းပင် ကိုယ်တိုင် သွား၍လည်း တောင်းပန်ပါသည်။ သို့ရာတွင် ငါဟာ ရှင်ဘုရင်သားမို့သာ အောင့်၍ ခံရသော်လည်း နန်းရင်းဝန်ကြီးသည် သူ့စိတ်ထဲက ငါ့အပေါ်၌ အငြိုးမပြေပါ။ ယခု သူ ရှင်ဘုရင် ဖြစ်နေသောအခါ လက်စားချေဖို့ အလှည့်ရပြီဆိုပြီး ငါ့အား အဆုံးစီရင်ဖို့ အမိန့်ချပါသည်။ ငါကလည်း ငါ့အား အဆုံးစီရင်ထိုက်လောက်အောင် အပြစ် တစ်စုံ တစ်ရာ မကျူးလွန်ဖူးသဖြင့် အသက်ဘေးကို ချမ်းသာပေးရန် အသနားခံပါသည်။ သည်တော့ နန်းလုမင်းသည် သူ့မျက်စိ ကန်းနေသောဘက်ကို လက်ညှိုးနှင့် ထိုးပြ ပြီးလျှင် 'သဟာကို မေ့ပြီလား' ဟု ပြောပါသည်။

သည်တော့ ငါက 'တမင်လုပ်ခြင်း မဟုတ်ပါ၊ မတော်တဆ ခိုက်မိခြင်းသာ ဖြစ်ပါသည်' ဟု ဆိုပါသည်။ သည်တော့ သူက 'မတော်တဆ လုပ်လျှင် ငါက တမင် လုပ်မယ်ကွာ' ဆိုပြီး ငါ၏ ညာဘက်မျက်စိကို တစ်ခါတည်း ထိုး၍ ဖောက်လိုက်ပါသည်။ အဲသဟာ ဟာ ငါ့မျက်စိ တစ်ဖက်လပ် ဖြစ်ရပုံပါပဲ။ ထို့နောက် ငါ့မှာ သွေးရဲရဲ သံရဲရဲနှင့် ဖြစ်နေစဉ် နန်းလုမင်းက အာဏာသားများအား 'သည် ရာဇဝတ်ကောင်ကို သေတ္တာ တစ်ခုထဲ ထည့်ပြီး မြို့ပြင်ထုတ် သတ်စေ၊ သင်းအလောင်းကိုလည်း ကျီးစာ ခွေးစာ ကျွေးစေ' ဟု အမိန့်ပေးလိုက်ပါသည်။

အဲသဟာနှင့် အာဏာသားနှစ်ယောက်သည် ငါ့ကို သေတ္တာကြီးတစ်လုံးထဲ၌ ထည့်၍ မြင်းပေါ် တင်ပြီးလျှင် သဲကန္တာရကြီး တစ်ခုသို့ ရောက်အောင် ခေါ်သွားကြ ပါသည်။ ရောက်သောအခါ ငါ့ကို သတ်တော့မည်ဟု မျက်စိကို အဝတ်နှင့်စည်း၍ ပိတ်ကြပါသည်။ အာဏာသားနှစ်ယောက်မှာ စစ်သည်တော်များ ဖြစ်ကြသဖြင့် ငါက စစ်သည်တော်တို့မည်သည် တိုင်းသူပြည်သားတို့အား ရန်သူ့ဘေးမှ ကာကွယ်ပေးရိုးသာ ရှိပါသည်၊ ဆင်းရဲဒုက္ခ ရောက်နေသော တိုင်းသူပြည်သားတို့၏ သေမင်းတမန် မဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



သင့်ပါ စသည်ဖြင့် အကျိုးအကြောင်း ပြောချ၍ ရှိက်ကြီးတငင် ငိုကာယိုကာ တောင်းပန်ပါသည်။ ထိုအခါ အာဏာသား နှစ်ဦးလည်း ထင်သလောက် မရက်စက်ကြဘဲ ငါ့အပေါ် အသနားဖက်၍ လာကြပါသည်။ ငါကလည်း သူတို့အပေါ်မှာ တစ်စုံတစ်ရာ နစ်နာအောင် မလုပ်ဖူး။ သူတို့ကလည်း ငါ့ခမည်းတော်၏ ကိုယ်ရံတော် အမှုထမ်းများ ဖြစ်ဖူးသဖြင့် ကျေးဇူးသိကြပြီး ငါ့အပေါ် အသနားဖက်လာကြဟန် တူပါသည်။ အဲသဟာနှင့် အာဏာသား အကြီးဖြစ်သူက 'ကိုင်း မင်းသား... တစ်ခါတည်း လွတ်ရာသို့ ပြေးပေတော့၊ သည်တိုင်းပြည်ကိုတော့ ဘယ်တော့မှ ပြန်မလာလေနှင့်၊ ပြန်လာလို့ရှိလျှင် မင်းသားအသက်သာ မဟုတ်ဘဲ ငါတို့ အသက်တွေပါ အဆစ်ပါကုန်လိမ့်မည်' ဟု ပြောပြီးလျှင် လက်ပြန်ကြိုး တုပ်ထားသော ကြိုးများကို ဖြေ၍ ပေးပါသည်။ ငါကလည်း အသက်သခင် ကျေးဇူးရှင် အာဏာသားနှစ်ယောက်အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သည့် အထိမ်းအမှတ်ကို ပြပြီးလျှင် သေတွင်းမှ လွတ်လာသဖြင့် ဝမ်းအသာကြီး သာလျက် မျက်စိတစ်ဖက် ပျက်ရသည့်အတွက်ပင် ဝမ်းမနည်းနိုင်လောက်အောင် ရှိပါသည်။

ထို့နောက် ငါသည် လူသူလေးပါး မမြင်နိုင်အောင် နေ့ နေ့တွင် တောထဲ၌ ပုန်းပုန်းနေပြီးနောက် ည ညမှ တတ်နိုင်သမျှ ကြိုးစား၍ ဘထွေးတော်၏ နိုင်ငံရှိရာသို့ မှန်းဆ၍ သွားပါသည်။ အဲသဟာနှင့်ပင် နောက်ဆုံး၌ ဘထွေးတော်၏ ရွှေမြို့တော်သို့ ဆိုက်မြိုက်စွာ ရောက်သွားပါသည်။ ဘထွေးတော်လည်း သူ့သား ပျောက်သွားပြီးနောက် သတင်းလုံးလုံး မကြားရသဖြင့် သေသည်၊ ရှင်သည် မသိရသောကြောင့် များစွာ ပူဆွေးဒုက္ခ ရောက်နေသည်ကို တွေ့ရပါသည်။ ငါလည်း ငါ့ခမည်းတော်ဘုရားကို နန်းရင်းဝန်ကြီးက လုပ်ကြံလိုက်ပုံ၊ ငါ၏မျက်စိကို နန်းရင်းဝန်ကြီးကိုယ်တိုင် ထိုးဖောက်လိုက်ပုံ၊ ထို့နောက် အာဏာသားများအား ငါ့ကိုသတ်ဖို့ စေခိုင်းလိုက်ပုံ၊ အာဏာသားများက သနားသဖြင့် ငါ့အသက် ချမ်းသာပုံများနှင့်တကွ နောက်ဆုံးတွင် ဘထွေးတော်ထံ ခိုလှုံဖို့ ခဲခဲယဉ်းယဉ်းနှင့် လာခဲ့ပုံများကို ပြောပြပြီးလျှင် ရှိုက်ကြီးတငင် ငိုပါသည်။ ဘထွေးတော်ကလည်း ငါနှင့်ရော၍ ငိုရှာသည်။

ထို့နောက် ငါ၏မျက်စိ ဆေးထည့်ပေးရန် ဘထွေးတော်က ကြည့်သောအခါ မျက်လုံးတစ်လုံးလုံး ပေါက်တောက်ကန်း၍ သွားပြီ ဖြစ်သဖြင့် ဆေးထည့်၍ မဖြစ်နိုင်တော့သည့် အဖြစ်ကို တွေ့ရပါသည်။ ဘထွေးတော်ကလည်း 'မျက်လုံး ကန်းသဟာ အရေးမကြီးပါဘူးကွယ်၊ အသက်မသေလျှင် ပြီးသဟာပါပဲ' ဟု အားပေးစကား ပြောပါသည်။ ပြီးလျှင် ဘထွေးတော်က သူ့သား ပျောက်သွားသည့် အကြောင်းကို ပြောပြီးလျှင် သည်းထန်စွာ ငိုကြွေးပါသည်။ ငါလည်း ဘထွေးတော်နှင့် ဝိုင်း၍ ငိုပါသည်။ စင်စစ်ဆိုသော် ဘထွေးတော်၏ အပူလည်း ငါ့အပူ၊ ငါ့အပူလည်း ဘထွေးတော်၏အပူ ဖြစ်ပါသည်။





အဲသဟာနှင့် ငါလည်း ဘထွေးတော်သား အကြောင်းနှင့် ပတ်သက်၍ မည်သူ့ကိုမျှ မပေါက်ကြားစေရန် ခံထားသော ကတိကိုဖျက်ရန် အချိန်တန်ပြီဟု အောက်မေ့ပြီး ဘထွေးတော်သားနှင့် စပ်လျဉ်း၍ သိသမျှကို ဘထွေးတော်အား လျှောက်ကြားပါသည်။ ဘထွေးတော်လည်း ငါပြော၍မျှ စကားဆုံးမည့် မကြံသေးခင်ပင် စိတ်အနည်းငယ် သက်သာရာရသော အမူအရာကို ပြပြီးလျှင် ငါ့စကား ဆုံးသည်နှင့် တစ်ပြိုင်နက် 'အေး... တူတော်မောင်ရေ့၊ အခုမှ ငါ့သားတော်အကြောင်း ရိပ်မိသည်ဟေ့' ဟု ပြောပြီးလျှင် သူ့သားတော်သည် ကြီးကျယ်ခမ်းနားသော ဂူကြီးတစ်ခု တူးဖော် ဆောက်လုပ်နေသည်ဟု သတင်းသန့်သန့် ကြားဖူးကြောင်းကို ပြောပါသည်။ ထို့နောက် ငါတို့ တူဝရီးနှစ်ယောက်သည် သင်္ချိုင်းတွင်းသို့ သွားပြီးလျှင် ထိုညက ဘထွေးတော်သားနှင့် အမျိုးအမည် မသိသော မိန်းမတစ်ယောက် ဆင်း၍သွားသော ဂူကြီးကို ရှာကြပါသည်။ ငါတို့သည် သင်္ချိုင်းတွင်းရှိ ဂူမှန်သမျှကို တစ်ခုပြီးတစ်ခု သေချာစွာ ကြည့်ကြပါသည်။ နောက်ဆုံးတွင် ဘထွေးတော်သား ဆင်းသွားသော ဂူကို ငါက မှတ်မိသဖြင့် 'ဘထွေးတော်ဖျ၊ သည်ဂူကြီးပဲ' ဟု ပြောပါသည်။ ဘထွေးတော်နှင့် ငါတို့သည် အသင့်ဆောင်လာသော ပေါက်ချွန်းဖြင့် တစ်ယောက်တစ်လှည့် ဂူပျက်ကြီးနေရာကို တူးကြပါသည်။ ဂူပျက်ကြီးနေရာမှာလည်း အောက်မှနေ၍ အင်္ဂတေကိုင်ထားသဖြင့် အတော်ပင် အတူးရခက်နေပါသည်။ နောက်ဆုံးတွင် အပေါ်ကပိတ်သော တံခါးရွက်ကြီး ပေါ်လာသဖြင့် ငါတို့နှစ်ယောက် ဆွဲ၍ ဖွင့်ကြပြီးလျှင် ဘထွေးတော်က ရှေ့က၊ ငါက နောက်က ဂူကြီးထဲသို့ ဆင်းကြပါသည်။ အထစ် ငါးဆယ်ခန့်ရှိသော ကြောင်လိမ်လှေကားကြီးကို ဆင်းမိကြသောအခါ အထဲတွင် အင်မတန် ကျယ်ဝန်းသော ခန်းမကြီးကို တွေ့ရပါသည်။ ထို ခန်းမကြီးတွင် မီးများသည် ထိန်နေအောင် ထွန်းထားပါသည်။ မီးခိုးများလည်း တစ်ခန်းလုံး ပြည့်နေပါသည်။ ထိုအချိန်အထိ ငါတို့မှာ ဘထွေးတော်သားအား အစအန ကိုမျှ မမြင်ကြရသေးပါ။ အဲသဟာနှင့် ငါတို့သည် အခန်းမကြီး ပတ်ဝန်းကျင်ကို ရင်သပ်ရှုမော ကြည့်လျက် အတွင်းသို့ ဆက်၍ ဝင်သွားကြပြန်ပါသည်။ အခန်းမကြီးထဲ၌ စားရေရိက္ခာ အပြည့်အစုံ သိုလှောင်ထားသည်ကိုလည်း တွေ့ရပါသည်။ နောက်ဆုံးတွင် ငါတို့သည် နူးညံ့သိမ်မွေ့သော ပိုး၊ ဖဲ၊ ကတ္တီပါတို့ဖြင့် ဆင်ယင်မွမ်းမံထားအပ်သော ကြာခြည်ဆောင်တွင် ဘထွေးတော်သားနှင့် သူ၏ မြောက်သားတော်တို့ အတူ အိပ်စက်နေကြသည်ကို တွေ့ရပါသည်။ သို့ရာတွင် မင်းသား ဇနီးမောင်နှံတို့မှာ အိုးမည်းတုံးကဲ့သို့ မည်း၍ နေပြီးလျှင် အသက်မရှိကြတော့ပါ။

ထိုအခါ ငါဟာ များစွာ ယူကျုံးမရ ဖြစ်၍သွားသော်လည်း ဘထွေးတော်မှာ သူ့သား၏ အလောင်းကို တွေ့ရသဖြင့် ပူဆွေးခြင်းဖြစ်ပုံ မရလှ၍ 'သည်လောက်တောင် မိုက်လှသည့်သား၊ သည်လို ဖြစ်သဟာပဲ ကောင်းသည်... ထွီ' ဟု မကြင်နာ



www.burmeseclassic.com

www.burmeseclassic.com



သော စကားကို ဆိုပါသည်။ သည်တော့ ငါလည်း အံ့သြသွားပြီး 'ဘထွေးတော်များ၊ သေနေသော သားအပေါ်မှာ သည်လောက်တောင် ရက်စက်တော် မမူသင့်ဟု ထင်ပါသည်' ဟု ပြောမိပါသည်။

သည်တော့မှ ဘထွေးတော်က 'တူတော်မောင်က အကျိုးအကြောင်း မသိဘဲကိုး၊ အခု ငါ့သားတော် ယူထားသည့် မိန်းမဟာက တခြားသူ မဟုတ်ဘူးကွယ့်၊ သူ့နှမအရင်း။ သူတို့မောင်နှမက ငယ်ငယ်လေးတည်းက ကလေးချင်း ဘာဝ ချစ်ကြိုက်နေကြ သဟာကိုး။ သည်အကြောင်းကို ဘထွေးတော်ကလည်း သိလို့ ချော့မေ့ လှမေ့ဆိုသည့် မင်းသမီး တစ်ယောက်ကို ရှာပေးမည်ဟု ချော့၍ ပြောဖူးသည်။ ချော့ပြော၍လည်း မရ။ နောက် တစ်ဖန် ခြောက်ချည်တစ်လှည့်နှင့် ဖျက်ပြန်လည်း မရ။ သဟာနှင့် နည်းနည်း ကြီးလာ ပြန်တော့လည်း သူတို့ချင်း အတူတူ မထားဘဲ သမီးတော်ကို တခြားမှာ ပို့ပြီး ခွဲထား လိုက်သည်။ အဲသလို အမျိုးမျိုးကြံပြီး ခွဲလျက်သားနှင့်မှ သည်လိုဖြစ်မိအောင် လာဖြစ်ရ သေးသည် ဆိုတော့ တူတော်မောင်ပဲ စဉ်းစားကြည့်ပေတော့။ ဘထွေးတော် ဘယ်မှာ စိတ်ကောင်းနိုင်ပါ့မလဲ ။ အခုလည်း မျက်မြင်ပဲ၊ လောင်မီးကျ သေကုန်ကြပြီ။ နောင် အလာဟုအရှင် ရှေ့တော်ရောက်လျှင် သည့်ထက် ကြီးသည့်အပြစ်ကို ခံကြရဦးမည်' ဟု ပြောပြီးလျှင် ရှိုက်ကြီးတငင် ငိုရှာပါသည်။ ငါကလည်း ဘထွေးတော်နှင့်အတူ ရော၍ ငိုလိုက်ပါသည်။

ထို့နောက် ဘထွေးတော်သည် မျက်ရည်များကို ဆည်၍ ငါ့ကို ကြည့်ပြီးလျှင် 'ကိုင်း . . . တူတော်၊ အခု ငါ့မှာ သားရော သမီးရော မရှိတော့ဘူး။ သည်တော့ မင်းပဲ ငါ့သားလုပ်ပြီး ငါနှင့် လိုက်နေပေါ့။ ငါလည်း သည်လောက် မိုက်လှသည့် သားကို မေ့နိုင်အောင် ကြိုးစားရမှာပဲ' ဟု သနားစဖွယ် ပြောရှာပါသည်။ ငါကလည်း နန်းရင်း ဝန်ကြီး၏ လက်ချက်ဖြင့် ငါ့ခမည်းတော် ဆုံးရပုံ၊ သူ့လက်ချက်နှင့်ပင် ငါ့မျက်စိတစ်ဖက် ပျက်ရပုံ၊ ဘထွေးတော်သား ဇနီးမောင်နှံတို့ သေခြင်းဆိုးနှင့် သေရပုံများကို တွေး၍ "သြော် . . . ဒွန္နယာကြီးသည် အင်မတိ အင်မတန် ဆန်းကြယ်ပါကလား" ဟု အောက်မေ့ ကာ ငိုကြွေးမိပြန်ပါသည်။ ဘထွေးတော်လည်း ငါနှင့်အတူ ရော၍ ငိုပြန်ပါသည်။

ထို့နောက် ငါတို့ တူဝရီးနှစ်ယောက်သည် ဆင်းလာခဲ့ကြရင်း ကြောင်လိမ် လှေကားကြီးဖြင့် အပေါ်သို့ ပြန်တက်ကြပြီးလျှင်၊ ဂူဝတံခါးကို လုံခြုံစွာ ပြန်ပိတ်ခဲ့ ပြီးလျှင် ရွှေနန်းတော်ကြီးသို့ အမှတ်မထင် ပြန်ခဲ့ကြပါသည်။

ငါတို့သည် ရွှေနန်းတော်ကြီးသို့ ရောက်၍ အမောမျှ မပြေသေးခင်တွင် မြို့ပြင်မှ စည်သံ၊ မောင်းသံ၊ မြင်းဟီသံ၊ မြင်းခွာသံ၊ ဓားချင်းလှံချင်း ခတ်သံများကို သောသောညံမျှ ကြားကြရပါသည်။ အကြောင်းမည်သို့ဟု သိရန် အသံကြားရာဘက်သို့ မျှော်ကြည့်လိုက် သောအခါ ကောင်းကင်တစ်ခုလုံး တိမ်တောင်တိမ်လိပ်များ ဖုံးသကဲ့သို့ အပြင်းချီလာ





ကြသော ရန်သူတို့၏ ခြေသည်တပ်၊ မြင်းတပ်တို့ကြောင့် ထနေသော ဖုန်ခိုး ဖုန်လိပ် များဖြင့် မည်းမှောင်၍ နေသည်ကို တွေ့ရပါသည်။ ထို့နောက် တစ်ခဏမျှကြာ၍ ငါတို့ ကင်းထောက်များ ပြန်လာကြသောအခါ ငါ့ခမည်းတော်ကို အဆုံးစီရင်၍ ငါတို့ နိုင်ငံကို သိမ်းယူသော နန်းရင်းဝန်ဟောင်း နန်းလုမင်းသည် ဘထွေးတော်၏ နိုင်ငံကို သိမ်းယူရန် အလုံးအရင်းနှင့် ချီတက်လာပြီ ဖြစ်ကြောင်းကို သိရပါသည်။ ငါလည်း မျက်လုံးမျက်ဆန်များ ပြူးသွားပြီးလျှင် အထူးပင် တုန်လှုပ်ချောက်ချား၍ သွားပါသည်။ ဘထွေးတော်၏ မြို့စောင့်တပ်များလည်း အင်အားချင်း မမျှသဖြင့် ရန်သူတို့ကို ခုခံ၍ အချည်းနှီးသာ ဖြစ်မည်ကို သိကြသောကြောင့် လက်နက်ချကာ မြို့တံခါးကို ဖွင့်၍ ပေးလိုက်ကြပါသည်။ ဘထွေးတော်လည်း ပြေး၍ မလွတ်သဖြင့် ရန်သူတို့၏ လက်ချက် ဖြင့် ခန္ဓာစဲရှာရပါသည်။

ငါလည်း ကိုယ်လွတ်ရန်းကာ မလွယ်တံခါးမှ ဒရောသောပါး ထွက်၍ ပြေးခဲ့ရ ပါသည်။ မြို့ပြင်သို့ ရောက်သောအခါ လူသူလေးပါး မမှတ်မိစေနိုင်ခြင်းငှာ ငါသည် ဦးဆံ မုတ်ဆိတ်မှစ၍ မျက်ခုံးမွေးပါမကျန် ပြောင်အောင်ရိတ်ပြီးလျှင် ဗဂ္ဂဒက်ရွှေမြို့တော် ဟာဠူအာဠာယှစ်မင်း၏ ဘုန်းတော်ရိပ်ကို သွားရောက်ခိုလှုံမည့် အကြံနှင့် လူသွားလူလာ များသော လမ်း၊ လူနေစည်ကားသော မြို့ရွာများကို ရှောင်၍ လူသွားလူလာပြတ်သော လမ်းဖြင့် ခရီးနှင်၍ လူနေအိမ်ခြေ ခြောက်သွေ့သော မြို့ရွာများကို ဖြတ်ကာ လာခဲ့ ပါသည်။ အဲသလို ခြေကျင်ခရီးဖြင့် ပုန်းလျှိုးကွယ်လျှိုး သုံးလေးလခန့် လာခဲ့ရာ နောက်ဆုံးတွင် အလာဟုအရှင်၏ အလိုတော်ဖြင့် ဤဗဂ္ဂဒက် နေပြည်တော်သို့ ခိုလှုံမိ ပါသည်။ ဤသို့ ခိုလှုံမိလျှင် ခိုလှုံမိချင်း ငါ၏စိတ်၌ "ငါသည် ရန်သူ၏လက်ချက်ဖြင့် အသက်ဆုံးရှုံးဖို့ မရှိတော့ပြီ" ဟု အောက်မေ့ကာ ဝမ်းသာမိပါသည်။ အဘယ်ကြောင့် ဆိုသော် တရားနှင့်အညီ မင်းပြုတော်မူသော၊ မင်းကောင်းမင်းမြတ်တို့ စိုးစံသော တိုင်းပြည်တွင် တိုင်းသူပြည်သား လူအများတို့၏ အသက်စည်းစိမ် အိုးအိမ်ဥစ္စာတို့မှာ လုံခြုံစမြဲ ဖြစ်သောကြောင့် ဖြစ်ပါသည်။

ငါသည် ဤရွှေမြို့တော်၏ တံခါးဝတွင် ခပ်သိမ်းသော ဧည့်သည်တို့၏ ထုံး အတိုင်း ဘယ်သွား ဘယ်လာ ရမည်ဟု မဝေခွဲနိုင်သဖြင့် တယောင်လည်လည် ဖြစ်နေစဉ် အတွင်း၊ ဟောသည်က ဒုတိယဖိုးသူတော် ရောက်လာပြီး သူက အလို သူလည်း ကိုယ့်လို ဧည့်သည် ဖိုးသူတော်နှင့်ပဲ တူပါသည်ဟု ပြောပါသည်။ သည်တော့ ငါက မှန်ပါသည်၊ ဧည့်သည် ဖိုးသူတော်ပါပဲဟု ပြန်ပြောပါသည်။ သဟာနှင့် ငါတို့ ဧည့်သည် ဖိုးသူတော် နှစ်ယောက်သည် ဘယ်သွားရမှန်း ဘယ်လာရမှန်း မသိကြ၍ အကြံအိုက်နေကြတုန်းမှာပဲ ဟောသည်က တတိယဖိုးသူတော် ထပ်ရောက်လာပြန်ပါသည်။ အဲသဟာနှင့် ကံတူ အကျိုးပေး ငါတို့ ဖိုးသူတော် သုံးယောက်သည် အလာဟုအရှင် အားကိုးနှင့် ဗဂ္ဂဒက်



www.burmeseclassic.com

www.burmeseclassic.com



နေပြည်တော်ထဲသို့ ဝင်လာခဲ့ကြရာ၊ အချိန်ကလည်း သီသီလင့်ပြီဖြစ်သဖြင့် အလာဟု အရှင် ချထားတော်မူချက်ဖြင့်ပင် ဤမမတို့၏ မင်္ဂလာအိမ်တော်ကြီးသို့ တည်းခိုရန် ရောက်လာခဲ့ရသည်မှာ အထူး အစီရင်ခံဖို့ မလိုပါ။ မမတို့ သိတော်မူသည့် အတိုင်းပင် ဖြစ်ပါသည်။

ဤကွင် ငါသည် ရွှေလင်ပန်းနှင့် အချင်းဆေးသော မင်းသွေးမင်းသား ဖြစ်လျက် မျက်စိတစ်ဖက်ပျက်၍ နောက်ဆုံး ဖိုးသူတော်ဘဝ ရောက်ပုံ ပြီးပြည့်စုံပါပြီ။

ထိုအခါ ဇိုဗေဒါက 'ဦးသူတော် အကြောင်းက နားထောင်လို့ အကောင်းသားပဲ၊ ကိုင်း... သဟာဖြင့် ဦးသူတော် လိုရာ သွားနိုင်ပါပြီ' ဟု ဆိုသတဲ့။ သည်တော့ ဖိုးသူတော်က 'သည်လိုနှင့်တော့ မပြန်ပါရစေနှင့်ဦး မမရယ်၊ တခြား လူတွေအကြောင်း နားထောင်ပြီးမှပဲ ပြန်ပါရစေ' ဟု ဆိုသတဲ့။ သည်တော့ ဇိုဗေဒါက 'သည်လိုဆိုလျှင် ကောင်းပြီ၊ နားထောင်နိုင်သည်။ ကိုင်း... ဒုတိယ ဦးသူတော်တစ်ယောက်က ဘုရင့်သွေးဘဝက မျက်စိတစ်ဖက်ပျက်ပြီး ဖိုးသူတော် ဖြစ်ရသည့် အကြောင်းကို လင်းပေတော့' ဟု ဆိုသတဲ့။

သည်တော့ ဒုတိယ ဖိုးသူတော်က ဆိုလတ္တံ့သည့်အတိုင်း သူ့အကြောင်းကို သူပြန်၍ ပြောပါသတဲ့။

## [၅]
## ဒုတိယ ဖိုးသူတော်ဝတ္ထု

ထို့နောက် ဒုတိယ ဖိုးသူတော်က အိမ်ရှင်မ ဇိုဗေဒါအား အကြောင်းကို မမ သိတော်မူလိုသည်ဆိုလျှင် အစီရင်ခံပါမည်။ ငါ့အကြောင်းက တော်တော်ပင် ဆန်းပါသည်။ နောင်လာနောင်သားများ ဖတ်ရှုဆင်ခြင်စရာ ကမ္ပည်းထိုးထားဖို့တောင် ကောင်းပါသည်။ ငါ့မိခင် မွေးစဉ်က အင်္ဂါစုံလင်ပါလျက် ဆန်းဆန်းကြယ်ကြယ်ကြီးမှ မျက်စိတစ်ဖက် ပျက်ရပါသည်။ ယခု ငါဟာ အခြေအနေ နုပ်စုတ်၍ နေသော်လည်း ငါဟာ ဘုရင်၏ ရင်သွေးတော်ပင် ဖြစ်ပါသည်။ ငါ မျက်စိတစ်ဖက် ဘယ်နည်းဘယ်ပုံနှင့် ပျက်ရသည့် အကြောင်းကို ပြောပြရမည်ဆိုလျှင် ငါ၏ အဖြစ်အပျက်ကို အစကနဦးက နေ၍ အစီရင်ခံမှသာ လိပ်ပတ်လည်ပါလိမ့်မည်။

ငါဟာ အ ကလေးအရွယ် လူမမည်ကပင် အလွန် ဉာဏ်ကောင်းပါသည်။ ငါ့ခမည်းတော်ကလည်း အရွယ်နှင့် မလိုက်အောင် ဉာဏ်ကောင်းမှန်း သိသဖြင့် ငါ့အား အထူးဂရုစိုက်၍ ပညာသင်ပေးပါသည်။ ငါသည် စာပေကျမ်းဂန်ဘက်တွင် အထူး ပြောင်မြောက်သဖြင့် ငါ့ကို သင်ကြားပို့ချသော ဆရာကြီး သမားကြီးများပင် လက်ဖျား





ခါကြရပါသည်။ ရာဇဝင်ဆိုလျှင်လည်း ငါ ထုံးလိုချေ ရေလိုနှောက်နိုင်ပါသည်။ ကဗျာလင်္ကာကိုလည်း တစ်ဖက်ကမ်းခပ် တတ်ပါသည်။ ဓမ္မသတ် ရာဇသတ်ဘက်၌လည်း ငါ့ကို ပြိုင်နိုင်သူ မရှိပါ။ မင်းသားတို့ တတ်အပ်သော အတတ်အမျိုးမျိုး ဆိုလျှင်လည်း သူမတူအောင် တတ်ပါသည်။ တိုတိုပြောရလျှင် ငါမလေ့လာ မသင်ကြားဖူးသော ပညာဟု မရှိသလောက်ပင် ဖြစ်ပါသည်။ ငါ တတ်သမျှ အတတ်ပညာ အမျိုးမျိုးအနက် အလွန် အရေးရခက်သော အာဋ္ဌဗီ အက္ခရာများကို ရေးသည့်နေရာတွင် ငါ့ကို တုပြိုင်နိုင်သူ မရှိသဖြင့် ငါ့ဂုဏ်သတင်းမှာ ငါ့နိုင်ငံတွင်သာ မဟုတ်ဘဲ အတိုင်းတိုင်း အပြည်ပြည် ထိအောင် ပျံ့နှံ့ ကျော်ကြားပါသည်။ ခရီးများစွာ ကွာလှမ်းသော ဟိန္ဒူစတန်ပြည့်ရှင် ဘုရင်မင်းတရားကြီးပင် ငါ၏ ဂုဏ်သတင်းကို ကြားသဖြင့် ငါ့အား ချီးမြှင့်ရန် သူ၏ ရွှေနန်းတော်သို့ ဖိတ်ခေါ်ပါသည်။ ဟိန္ဒူစတန်မင်းထံမှ အဖိုးထိုက် အဖိုးတန် လက်ဆောင်ပဏ္ဏာများနှင့် ငါ့အား ဖိတ်ခေါ်ရန် သံကြီးတမန်ကြီးများကို စေလွှတ်သောအခါ ငါ၏ ခမည်းတော်လည်း အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ငါ့အား ဟိန္ဒူစတန်မင်းထံ အမြန် သွားရောက် ဖူးမြော်ချေရမည်ဟု စေခိုင်းပါသည်။ ငါကလည်း ခမည်းတော်ဘုရား စေခိုင်းတော်မူသည့်အတိုင်း ဟိန္ဒူစတန်မင်းအား ဆက်သရန် မင်းထိုက်မင်းတန် လက်ဆောင် ပဏ္ဏာတော်များကို ကုလားအုတ် ဆယ်စီးဖြင့် တင်၍ သူ့ထံမှ စေလွှတ်လိုက်သော သံကြီးတမန်ကြီးများနှင့်အတူ ငါ၏နိုင်ငံမှ ထွက်ခဲ့ပါသည်။ ငါတို့နိုင်ငံနှင့် ဟိန္ဒူစတန် မင်းနေပြည်တော်မှာ ခရီးကလည်း ဝေး၊ ကန္တာရကလည်း ကြမ်းသဖြင့် နောက်လိုက်နောက်ပါ အဆောင်အယောင် များများ မခေါ်နိုင်ဘဲ အားလုံးပေါင်း နှစ်ကျိပ်ငါးယောက် လောက်သာ ခေါ်၍ သွားနိုင်ပါသည်။

ငါတို့သည် ခရီးထွက်ခဲ့၍ တစ်လခန့် ကြာသောအခါ လမ်းတွင် မြင်းစီးခရီးသည် ငါးကျိပ်ခန့်နှင့် တွေ့ပါသည်။ မြင်းစီးခရီးသည် ငါးကျိပ်တို့မှာ ကိုယ်အမူအရာ နှုတ်အမူအရာကလည်း ကြမ်းတမ်း၊ လက်နက်မျိုးစုံလည်း ကိုင်ဆောင်၍ ငါတို့ရှိရာသို့ တရကြမ်း ခွာစုံစိုင်း၍ စီးလာကြသဖြင့် ဓားပြ ခိုးသားများ ဖြစ်လိမ့်မည်ဟု ငါတို့ တွေးမိပါသည်။ ထိုသို့ တွေးမိသည့်အတိုင်းလည်း မှန်ပါသည်။ ငါတို့မှာ လူအားလက်နက်အား မမျှသဖြင့် ခိုးသားများကို ခုခံနိုင်ဖို့ လမ်းမမြင်ပါ။ သို့ရာတွင် "မရဲသော်လည်း ပြေးခဲစေ" ဆိုသည့်အတိုင်း ငါက ခိုးသားမှူးအား 'သင်တို့သည် မည်သူမည်ဝါများ ဖြစ်ကြသနည်း၊ ငါသည် ဘုရင်မင်းမြတ်၏သားတော် ဖြစ်သည်။ ယခုအခါ ဘုန်းတော်ကြီးသော ဟိန္ဒူစတန်မင်းထံ သွားရောက်ဖူးမြော်ရန် အရေးကြီးသောကိစ္စ ရှိသဖြင့် သင်တို့က အနှောင့်အယှက် မပြုကြဘဲ ငါ့ကို လမ်းဖယ်၍ ပေးကြလော့' ဟု ဆိုပါသည်။

ခိုးသားမှူးက ငါ ပြောသည်ကို လေးစားပုံ မရပါ။ ထို့နောက် မထီလေးစား



www.burmeseclassic.com

www.burmeseclassic.com



ပြုံး ပြုံးပြီးလျှင် ခိုးသားမှူးက 'အချင်းမင်းသား၊ ငါတို့သည် ဘယ်မင်း၏ ကျေးစူး သစ္စာတော်ခံများမှ မဟုတ်။ ဒွန္တယာတွင် "လက်နက်ရှိသူတို့ဘုန်း မိုးသို့ချုန်း" ဖြစ်သဖြင့် ဤနေရာ ဤဒေသသည် ငါတို့ဘုန်းကြီးသော နေရာဖြစ်သည်။ သင်တို့၌ ပါလာသော ပစ္စည်းများကို ယခုပင် ငါတို့အား ပေးကြလော့' ဟု ဆိုကာ ငါတို့လူစုကို ထိုးကြ ခုတ်ကြပါသည်။ ငါတို့လည်း တတ်နိုင်သလောက် ခုခံကြပါသည်။ အတော်ကြာ ခုခံမိသောအခါ ဟိန္ဒူစတန်မင်း၏ သံကြီးတမန်ကြီးများကို ခိုးသားတို့ မိ၍ သွားပါသည်။ အဲသဟာနှင့် ငါလည်း မဖြစ်ဘူးဟု အောက်မေ့ပြီးလျှင် မြင်းကို ကြိမ်သုတ်၍ ကိုယ်လွတ် ရုန်းပါတော့သည်။ ငါ၏မြင်းလည်း ခိုးသားတို့ ထိုးခုတ်လိုက်သော ဒဏ်ချက်ဖြင့် လမ်းတွင် လဲ၍ သေပါသည်။ အဲသဟာနှင့် ငါလည်း မြင်းပေါ်မှ ခုန်ဆင်းကာ ခိုးသားတို့ နောက်မှ လိုက်လာသေးသလားဟု လှည့်ကြည့်ရာ ခိုးသားတို့မှာ ငါတို့၏ ပစ္စည်းများကို သယ်ဆောင်ယူငင် နေကြသဖြင့် အလုပ်များနေကြပြီးလျှင် ငါ့နောက်သို့ လိုက်မလာကြ သည်ကို တွေ့ရပါသည်။ အဲသဟာနှင့် ငါလည်း ငါ၏ ဒဏ်ရာများကို ဖြစ်ကတတ်ဆန်း စည်းနှောင်ပြီးလျှင် လမ်းမကြီးမှ ဖယ်၍ ပြေးခဲ့ပါသည်။

အလာဟု အရှင်၏ အလိုတော် အားလျော်စွာ ငါ၏ ဒဏ်ရာများမှာ မပြင်း ထန်လှပါ။ ငါလည်း တောထူရာသို့ ချဉ်းပြီးလျှင် ပြေးရင်းလွှားရင်း ခူးခဲ့ကောက်ခဲ့ သော သစ်သီးသစ်ဖုတို့ကို စား၍၊ ညဉ့်အချိန် ရောက်သောအခါ ဂူကြီးတစ်ခုထဲသို့ ဝင်၍ အိပ်ပါသည်။ အဲသည်လိုနှင့် တစ်လလုံးလုံး ခြေဦးတည့်ရာသို့ လျှောက်ခဲ့ရာ နောက်ဆုံးတွင် စိမ်းစိုသာယာသော မြို့ကြီးတစ်မြို့သို့ ရောက်သွားပါသည်။

လူသူမနီး တောကြီးထဲ၌ တစ်ယောက်ထီးတည်း ဆင်းရဲပင်ပန်းစွာ အင်တင် အပြတ်ပြတ် ခရီးသွား၍ နေခဲ့ရရာမှ လူသူလေးပါးနှင့် ပေါင်းသင်းဆက်ဆံ ရောယှက် ရင်းနှီးစွာ နေရတော့မည့် အဖြစ်ကို တွေးမိသောအခါ ငါဟာ များစွာ ဝမ်းသာသွား ပါသည်။ သို့ရာတွင် ငါ၏ကိုယ်ကို ငါပြန်၍ ကြည့်လိုက်သောအခါ ငါ့မှာ နေပူစပ်ခါး သွားရဖန်များသဖြင့် အသားများလည်း အိုးမည်းတုံးဖြစ်၍၊ အဝတ်အစားလည်း စုတ်ပြတ် ပေရေပြီး ခြေနင်းလည်း မပါတော့သဖြင့် လူထဲ မဝင်ဝံ့လောက်အောင်ဖြစ်ကာ အားပျက် ၍ သွားပါသည်။ သို့ရာတွင် ငါသည် စိတ်တင်း၍ မြို့ထဲသို့ ဝင်သွားရာ မြို့တံခါးနှင့် မနီးမဝေးတွင် အပ်ချုပ်သည် တစ်ဦးနှင့် တွေ့ရပါသည်။ အပ်ချုပ်သည်ကလည်း အကဲခတ်ကောင်းသူ တစ်ယောက်ဖြစ်သဖြင့် ငါ၏ အပြင်အပ မြင်ရသော အခြေအနေ များကို ပမာဏ မထားဘဲ ငါ့အား ပျူပျူငှာငှာ လက်ခံပြီးလျှင် ငါ၏အကြောင်းကို မေးပါသည်။ ငါလည်း အဖြစ်အပျက်ကို စုံလင်စွာ ပြောပြပါသည်။

သည်တော့ အပ်ချုပ်သည်က 'ကြမ်းကြား လေကြား တိုးတိုးပြောပါ မောင်၊ အခု မောင် ပြောသည့် အကြောင်းတွေကို ဘယ်သူ့မှ နောက်ထပ် ပြောမပြပါနှင့်။





သည်နိုင်ငံက ရှင်ဘုရင်နှင့် မောင့်ဖခင်ဟာက တစ်ယောက်နှင့်တစ်ယောက် အင်မတန် အငြိုးကြီးကြသည့် ရန်သူကြီးတွေပါ။ သည်တော့ တကယ်လို့များ မောင့်အကြောင်းကို သည်နိုင်ငံက ရှင်ဘုရင်ကြီး ကြားသွားလျှင် မောင့်ကို ရန်မူနေမှာ စိုးရပါသည်' ဟု ပြောပါသည်။

အဲသဟာနှင့် ငါလည်း အပ်ချုပ်သည်၏ စကားကို နားထောင်ပြီး ငါ့ အကြောင်း ကို နောက်ထပ် ဘယ်သူမှ မသိစေရပါဘူးဟု ဝန်ခံပြီးနောက် သူ စီမံသလို ငါ နာခံ ပါမည်ဟုလည်း ပြောလိုက်ပါသည်။

အဲသဟာနှင့် အပ်ချုပ်သည်က 'ကိုင်း မောင့်အကြောင်းကိုတော့ သိရပါပြီ၊ အနို . . . မောင်တို့ မင်းသားများမှာ ဆင်းရဲဒုက္ခ ရောက်သည့်အခါမှာ အသက်မွေး ဝမ်းကျောင်းနိုင်ဖို့ အတတ်ပညာ တစ်ခုခု သင်ထားရသည် မဟုတ်လား။ သည်တော့ မောင် အသက်မွေးဖို့ ဘာပညာများ တတ်ခဲ့သလဲ' ဟု ငါ့ကို မေးပါသည်။ သည်တော့ ငါက အားရဝမ်းသာနှင့် 'ငါဟာ သဒ္ဒါကိုလည်း ကောင်းကောင်း တတ်ပါသည်၊ ဥပဒေဘက်ကလည်း ပါရဂူပါပဲ၊ ကဗျာကိုလည်း ပြောင်မြောက်အောင် တတ်ပါသည်။ အထူးသဖြင့် လက်ရေးအလှ ရေးရာတွင် သူမတူအောင် တတ်ပါသည်' ဟု ပြောပါသည်။

သည်တော့ အပ်ချုပ်သည်က သဘောမကျဟန်မျိုးဖြင့် ခေါင်းခါ၍ 'မောင့် ပညာမျိုးတွေကို သည်နိုင်ငံက မသုံးဘူး၊ သည်နိုင်ငံက ပညာရှိကို အလိုမရှိဘူး။ သည် နိုင်ငံက လူတွေဟာ အသပြာရဖို့ တစ်ခုတည်းပဲ ဂရုစိုက်သည်။ အဲသည်တော့ မောင် စိတ်လည်း မပျက်ပါနှင့်။ မောင်ဟာ အရွယ်လည်းငယ်၊ အားခွန်ဗလလည်း ကောင်း သားပဲ။ ငါက ပုဆိန်တစ်လက်နှင့် ကြိုးတစ်ချောင်း ပေးပါမည်။ ထင်းခုတ်ပြီး ရောင်း သဟာပေါ့' ဟု ဆိုပါသည်။ ငါလည်း ငယ်စဉ်က အတတ်ပညာ သင်မိပါလျက် ထင်းချိုးထင်းတိုက် လူမိုက်အားကိုး လုပ်စားရမည့် အဖြစ်သို့ ရောက်နေရသဖြင့် အတော် စိတ်မချမ်းမသာ ဖြစ်သွားပါသည်။ သို့ရာတွင် ငါ့မှာ အပ်ချုပ်သည်၏ စီမံချက်ကို လွန်ဆန်နိုင်သည့် အခြေအနေ မရှိသဖြင့် သူ ပြောသည့်အတိုင်း လုပ်ပါမည်ဟုသာ ဝန်ခံလိုက်ရပါသည်။

ထိုနောက် အပ်ချုပ်သည်က ငါ့အား သူ့အိမ်၌ နေရာထိုင်ခင်း ပေးပြီးလျှင် အစားအသောက်များ ကျွေးမွေးပါသည်။ ငါကလည်း တော်တော်နှင့် အားရပါးရ စားပါ သည်။ နောက်တစ်နေ့ နံနက်တွင် ငါဟာ အပ်ချုပ်သမား၏ ကျေးဇူးဖြင့် ရပ်ထဲရွာထဲမှ ထင်းခုတ်သမား အဖော်များနှင့် ထင်းခုတ် လိုက်သွားပါသည်။ ငါဟာ အလျင်က အားတိုက်အလုပ်ကို မလုပ်ဖူးသော်လည်း ပထမနေ့၌ပင် ထင်းခုတ်၍ အတော်ကလေး ရပါသည်။ နောက်တွင် တစ်နေ့ထက်တစ်နေ့ အလုပ် ကျင်လည်လာသဖြင့် ထင်းခုတ် ရောင်းရင်းနှင့်ပင် အသပြာ အတော်ကလေး စုမိလာပါသည်။ အဲသဟာနှင့် အပ်ချုပ်



www.burmeseclassic.com

www.burmeseclassic.com



သည်ဆီက ချေးငှား သုံးစွဲထားသမျှကလေးတွေကိုလည်း ပေးဆပ်နိုင်ပါသည်။ သည်လိုနှင့်ပင် ငါဟာ ထင်းခုတ်သမား ဘဝနှင့် တစ်နှစ်ခန့် ကြာသွားပါသည်။

တစ်နေ့တော့ ထင်းခုတ်သမားများနှင့်အတူ ထင်းခုတ်နေရင်း ငါဟာ တောလည်း အနည်းငယ် ကျေလာသဖြင့် တောနက်ရာသို့ တစ်ယောက်တည်း ထွက်၍ သွားပါသည်။ တောနက်ကြီးထဲတွင် ဟိုလျှောက်သည်လျှောက် လျှောက်၍ ဟိုအပင်ခုတ်ရကောင်းနိုး၊ သည်အပင် ခုတ်ရကောင်းနိုးနှင့် လှူးလာခေါက်တုံ့ လုပ်နေစဉ် သစ်ခြောက်ပင်ကြီး တစ်ပင်ကို တွေ့သဖြင့် အရင်းမှနေ၍ ခုတ်ပါသည်။ ထိုအခါ သစ်ပင်အမြစ်နားဆီမှ တစ်စုံတစ်ခုသော အရာကို ပုဆိန်နှင့် ပေါက်မိသဖြင့် ချွင်ခနဲ မြည်သွားသံ ကြားရပါသည်။ ငါလည်း အကြောင်းမည်သို့ ဟု သိရန် ပုဆိန်ကို ချ၍ ကြည့်သောအခါ သံကွင်းတစ်ခု တပ်၍ထားသော ဆွဲတံခါးတံစ်ခုကို တွေ့ရပါသည်။ ထိုတံခါးကို တအားဆွဲ၍ ဖွင့်လိုက်သောအခါ မြေတွင်းသို့ဆင်းသော လှေကားကြီးကို တွေ့ပါသည်။

ငါသည် ပုဆိန်ကို ကိုင်၍၊ လှေကားထစ်များကို တစ်ခုပြီးတစ်ခု နင်း၍ ဆင်းသွားသောအခါ အင်မတန် ခံ့ညားကြီးကျယ်သော မြေတွင်းနန်းတော်ကြီးကို တွေ့ရပါသည်။ နန်းတော်တိုင်များမှာ ဖန်တိုင်မှန်တိုင်များဖြစ်၍ လက်ရန်းများတွင် ပယင်းပွတ်လုံးများ တပ်ဆင်ထားပါသည်။

ငါသည် နန်းတော်ကြီးထဲသို့ ဆက်၍ ဝင်သွားရာ အတော်ကလေး ကြာသောအခါ အလွန် လှပပြေပြစ်သော မိန်းမတစ်ယောက် ထွက်၍ လာပါသည်။ ထိုမိန်းမမှာ အလွန်ချောသဖြင့် ငါ့စိတ်ထဲမှာ မြေတွင်းနန်းတော်ကြီးထဲ၌ လပြည့်ဝန်းကြီးတစ်ခု ထွက်၍ နေသည်ဟုပင် ထင်မိပြီးလျှင် ဘာမှ သတိမရဘဲ ထိုမိန်းမ၏ လှပခြင်းကိုသာ တွေး၍ အံ့ဩနေမိပါသည်။

ထိုမိန်းမလည်း ငါ့ဆီသို့ တည့်တည့်မတ်မတ်လာ၍ 'အသင် ဘယ်သူလဲ၊ လူလား သရဲလား' ဟု မေးပါသည်။ သည်တော့ ငါက 'ငါသည် လူသားဖြစ်ပါသည်၊ သရဲ မဟုတ်ပါ' ဟု ပြောပါသည်။ သည်တော့ ထိုမိန်းမက 'အဲသဟာဖြင့် သည်နေရာကို သင် ဘယ်နည်းနှင့် ရောက်လာသလဲ၊ သည်နေရာကို လူသားဆိုလို့ တစ်ယောက်မှ မလာဖူးဘူး၊ သည်နေရာမှာ ငါ နေသဟာ အနှစ်အစိတ်တောင် ရှိပြီ၊ လူသားဆိုလို့ သင်တစ်ယောက်ပဲ လာဖူးသေးတယ်' ဟု ပြောပါသည်။ ငါကလည်း ထိုမိန်းမ၏ ချိုသာပြေပြစ်သော စကားကို ကြားရသဖြင့် အားတက်သလိုလို ဖြစ်လာပြီး 'အရှင်မ မေးသဟာကိုလည်း ငါ ဖြေပါမည်၊ သို့သော် ငါ့အား ပျူပျူငှာငှာ ဆီးကြို ပြောဆိုသည့်အတွက် ရှေးဦးစွာ ကျေးဇူးတင်စကား ပြောပါရစေ။ အရှင်မနှင့် ယခုလို အဆန်းတကြယ် လာ၍ တွေ့ရသည့် အတွက်လည်း ငါ့မှာ ပြော၍ မဆုံးနိုင်အောင် ဝမ်းသာပါသည်။





ငါ ရောက်လာခြင်းသည်လည်း ကောင်းသောမင်္ဂလာ ဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်' ဟု ပြောပါသည်။ ထို့နောက်မှ ငါက ငါ၏ အဖြစ်အပျက်တို့ကို စုံစိအောင် ပြောပြပါသည်။

ထိုမိန်းမက ငါ၏အကြောင်းကို ဂရုစိုက် နားထောင်ပြီးနောက် 'သင်က သင့်အကြောင်းကို ပြောပြလို့ရှိမှ ငါကလည်း ငါ့အဖြစ်အပျက်ကို ပြောပြရသဟာပ။ ငါဟာလည်း ယခု မြေတွင်းနန်းစံ သရဲ၏မယား ဖြစ်နေရသော်လည်း သရဲဇာတိ မဟုတ်ပါ။ ငါဟာ အေဗနုတ်ပြည့်ရှင် ဘုရင်မင်းတရားကြီး၏ သမီးတော် ဖြစ်ပါသည်။ ငါ အရွယ်ရောက်၍ ခမည်းတော်ဘုရားက ငါ့ကို တစ်ဝမ်းကွဲ မောင်တော်တစ်ယောက်နှင့် စုလျားရစ်ပတ်ဖို့ စီစဉ်နေတုန်းမှာပဲ၊ ငါ့ကို အခု သရဲကြီးက အတင်းလာ၍ ကောင်းကင်ခရီးဖြင့် ဆောင်ကြဉ်းပြီး ဤမြေတွင်းနန်းတော်ကြီးထဲ၌ ထားကာ ပေါင်းသင်းနေပါသည်။

'ပထမတွင် ငါဟာ တငိုတည်းငို၍ နေပြီးလျှင် သရဲကြီးအား ဆဲဆို ကန့်ကျောက်လုပ်၍ အနားကပ် မခံပါ။ နောက် ကာလရှည်ကြာလာသောအခါ သူ့လက်တွင်းမှလည်း လွတ်လမ်း မရှိသဖြင့် သူနှင့်ပင် ယဉ်ပါးရပါသည်။ အဆင်တန်ဆာ ရွှေငွေရတနာ စားဖွယ်သောက်ဖွယ် စသည်ဘက်တွင် လိုလေသေး မရှိရအောင် သရဲကြီးက ငါ့ကို ပေးကမ်း၍ ထားပါသည်။ ယခု သရဲကြီးလက်ထဲ ငါ ရောက်နေရသည်မှာ အနှစ်အစိတ်ပင် ရှိပါပြီ။ သရဲကြီးသည် ငါ့ဆီကို ဆယ်ရက်လျှင် တစ်ကြိမ်သာ လာ၍ ကျန်ကိုးရက်တွင် ငါဟာ ဤနန်းတော်ကြီးထဲ၌ တစ်ယောက်တည်း နေရပါသည်။ အရေး တစ်စုံတစ်ရာ ရှိ၍ သရဲကြီးကို လာစေချင်လျှင် အိပ်ရာ ခေါင်းရင်းနားက လက်ဖွဲ့ကို လှုပ်လိုက်လျှင် သရဲကြီးသည် ချက်ချင်း ရောက်၍ လာပါသည်။ ယခု သူ လာဖို့ ခြောက်ရက်လိုပါသေးသည်။ သည်တော့ သူ မလာခင် စပ်ကြား ငါးရက်အတွင်းမှာ သင့်ကို ငါက ဧည့်သည်တစ်ဦးအဖြစ်နှင့် ပြုစုကျွေးမွေးလိုပါသည်။ သူ လာမည့်နေ့ကျတော့ဖြင့် သင်က တခြားမှာ ရှောင်နေရပါလိမ့်မည်။ ဘယ့်နှယ်လဲ၊ ငါ့ ပြောသဟာ သဘောကျရဲ့လား' ဟု ပြောပါသည်။

သည်တော့ ငါဟာ အချိုရှာတုန်း သကာတွေ့သဖြင့် 'ထိပ်ထား၏ ဖိတ်မန်ချက်ကို ငါ့ဘက်က ငြင်းဖို့ မရှိပါ။ ထိပ်ထားကသာ ကြည်ဖြူတော်မူပါသမူ ငါသည် ထိပ်ထားအနားတွင် ငါးရက်မျှမက ငါးနှစ်ပင်သော်လည်း ခစားရန် အသင့်ရှိပါသည်' ဟု ပြန်ပြောပါသည်။

အေဗနုတ် မင်းသမီးလည်း ငါ ပြောသည်ကို သဘောကျသဖြင့် 'ကိုင်း သည်လိုဆိုလျှင် လာ၊ မောင်တော့်ကို ရေချိုးပေးပါမည်' ဟု ပြောပြီးလျှင် လက်ကိုဆွဲ၍ ရေချိုးဆောင်သို့ ခေါ်သွားပါသည်။ ထို့နောက် ငါတို့နှစ်ယော ်သည် အဝတ်တန်ဆာများကို ချွတ်၍ ပျော်ရွှင်စွာ ရေချိုးကြပါသည်။ ရေချိုးပြီးနောက် ငါ့အား မင်းသမီးက မင်းထိုက်



www.burmeseclassic.com

www.burmeseclassic.com



မင်းတန် အ၀တ်တန်ဆာများ ၀တ်ဆင်ပေးပြီးလျှင် မြိန်ရှက်ဖွယ်ရာ စားကောင်းသောက်ဖွယ် စုံလင်စွာ တည်ခင်း ကျွေးမွေးပါသည်။ ငါလည်း ရေငတ်တုန်း ရေတွင်းထဲကျသူကဲ့သို့ တအီတ၀ စားပြီးလျှင် အဆီယစ်၍ အိပ်ချင် သမ်းဝေ၍ လာပါသည်။ မင်းသမီးလည်း ပါးနပ်လိမ္မာသူ ဖြစ်သဖြင့် ငါ၏ အခြေအနေကို အကဲခတ်မိပြီး အမောပြေ တစ်ရေးတစ်မော အိပ်ရန် သလွန်ကို ပြင်၍ ပေးပါသည်။ ငါလည်း ထင်းခုတ်ရ၍ မောပန်းလာသည်က တစ်ကြောင်း၊ ငတ်ပြတ်နေသော စားကောင်းသောက်ဖွယ်များကို ဖောဖောသီသီ စားလိုက်ရသည်က တစ်ကြောင်းတို့ကြောင့် ခဏချင်းပင် အိပ်ပျော်၍ သွားပါသည်။

အတန်ကြာ၍ အိပ်ရာမှ နိုးသောအခါ အေဗနုတ်မင်းသမီးသည် လဲ၀ါစုကဲ့သို့ နူးညံ့သော လက်ချောင်းကလေးများဖြင့် ငါ၏သလုံးသားကို နှိပ်ပေးလျက် နေသည်ကို တွေ့ရပါသည်။ သည်တော့ ငါက 'ထိပ်ထားရယ် လက်ကလေးတွေ နာကုန်ပါမည်၊ တော်ပါတော့၊ မောင်တော် မညောင်းပါဘူး' ဟု ပြောပြီး ငါတို့နှစ်ယောက် ချစ်တင်းနှီးနှော၍ကြပါသည်။ ထို့နောက် မင်းသမီးက သေအိုးကို ထုတ်၍ ငါ့ကို တိုက်ပါသည်။ သေရည်အနည်းငယ် ယစ်၍ လာသောအခါ ငါက မင်းသမီးအား သရဲကြီး ပေးထားသော မြေတွင်းနန်းတော်ကြီးကို စွန့်ပစ်ပြီး အလာဟုအရှင် ဖန်ဆင်းပေးသော နေမင်းကြီး၏ အလင်းရောင်ရသည့် လူ့ပြည်သို့ လိုက်ခဲ့ရန် ပြောပါသည်။ သည်တော့ မင်းသမီးက 'မဖြစ်နိုင်ပါဘူး မောင်တော်၊ မောင်တော်ဟာ သည်သရဲကြီး၏ အကြောင်းကို မသိပါဘူး။ သည်မှာပဲ နှမတော်နှင့် အတူနေပြီး ဆက်ရက်တစ်ခါ၊ ဆယ်ရက်တစ်ခါ သရဲကြီး လာမည့်နေ့ကျတော့ အပြင်မှာ ထွက်ထွက်ရှောင်နေလျှင် ကောင်းပါသည်' ဟု ပြောပါသည်။

သည်တော့ သေရည်ကလည်း အတော်ယစ်လာပြီ ဖြစ်သဖြင့် ငါက 'နှမတော်က သရဲကြီးကို ကြောက်လို့လား၊ သည်သရဲလောက်များ မမှုလောက်ပါဘူး နှမတော်ရယ်၊ မောင်တော်တစ်ယောက်လုံး ရှိပါသေးသည်။ မောင်တော်ဟာ ဒီသရဲကြီးကို သတ်ပြီး သရဲသတ်မင်းဘွဲ့နှင့် နန်းတက်မည့် ယောကျာ်းပါ၊ တွေ့ခဲ့သမျှ သရဲတွေကို သတ်လာခဲ့ပြီး သည်သရဲကျမှ ရှောင်ရမည်ဆိုလို့ ရာဇ၀င် ရိုင်းမှာပေ့ါ နှမတော်ရဲ့။ ပြောနေ ကြာပါသည် နှမတော်ရယ်၊ ဘယ်မှာလဲ သူ့လက်ဖွဲ့' ဟု ပြောပြီး သေရည်၏ တိုက်တွန်းချက်ဖြင့် သရဲကြီး၏ လက်ဖွဲ့ကို တအားပြေး၍ ခြေထောက်နှင့် ကန်လိုက်ရာ တစ်ခါတည်း ကြေမွ၍ သွားပါသည်။ ထိုအခိုက် မင်းသမီးက 'အမယ်လေး တစ်ခါဖြင့် ကိုယ်ကျိုးနည်းကြပါပေ့ါ' ဟု အော်လိုက်သံကို ငါကြားလိုက်ရပြီး နန်းတော်ကြီးတစ်ခုလုံး အမိုက်တိုက်ဖုံးပြီးလျှင် ဥပါယ် တော်လည်းပြီး လျှပ်စစ် လျှပ်ကာ မဟာပထဝီမြေကြီးလည်း သွက်သွက်ခါ၍ သွားပါသည်။





ငါလည်း ကြောက်အားကြီးသည်နှင့် ချွေးဒီးဒီးပြန်၍ သေရည် အယစ်ပြေသွားပြီးလျှင် 'နှမတော်ရဲ့၊ ဘာဖြစ်သဟာလဲ' ဟု မင်းသမီးကို မေးပါသည်။ သည်တော့ မင်းသမီးက 'ဘာမျှ မေးမနေနှင့်တော့ မောင်တော်ရေ့၊ သရဲကြီး လာပြီ။ မောင်တော့် အသက်အတွက် လွတ်အောင်သာ ပြေးပေတော့' ဟု ဆိုပါသည်။ သည်တော့ ငါလည်း ကြောက်အားလန့်အားနှင့် တစ်ဟုန်တည်း လှေကားသို့ တက်၍ ပြေးရသဟာနှင့် ငါ့ခြေနင်းနှင့် ပုဆိန် မေ့ကျန်ရစ်ခဲ့ပါသည်။ လှေကား အလယ်ထစ်သို့ ရောက်၍ ခြေနင်းနှင့် ပုဆိန်ကို ပြန်၍ ယူမည့်အကြံနှင့် လှည့်ကြည့်လိုက်သောအခါ သရဲကြီး ရောက်နေသည်ကို တွေ့ရပါသည်။

ထိုအခါ သရဲကြီးက မင်းသမီးအား 'ဘာအရေး ဘာအကြောင်းကြောင့် ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



အလျှင်စလို ခေါ်ရသလဲ' ဟု မေးပါသည်။ သည်တော့ မင်းသမီးက 'ဘာအရေး ဘာအကြောင်းမှ မရှိပါဘူး၊ ကျွန်မ ရင်ထဲက ကျပ်သဟာနှင့် သေရည်ကို နည်းနည်းသောက်လိုက်မိပြီး နောက်ဖေးသွားမည်လို့ ထလိုက်တော့ မူးလဲပြီး လက်ဖွဲ့ကို မတော်တဆ သွားခိုက်မိသဟာပဲ။ သည့်ပြင်တော့ ဘာအကြောင်းမှ မရှိပါဘူး' ဟု ပြောပါသည်။ သည်တော့ သရဲကြီးက 'ငါ့ကို မလိမ်နှင့်၊ သည်ပုဆိန်နှင့် သည်ခြေနင်းက ဘာလဲ၊ သဟာ နင့်လင်စောင်ဟာတွေ မဟုတ်လား' ဟု ပြောကာ ငါ ကျန်ရစ်ခဲ့သော ပုဆိန်နှင့် ခြေနင်းကို လက်ညှိုး ထိုး၍ ပြပါသည်။ သည်တော့ မင်းသမီးက 'အလိုလေး ကြံကြီးစည်ရာ ငါ ဘယ်သိမလဲ၊ သင့်ဟာသင် ကမန်းကတန်း လာရင်းနှင့် တစ်နေရာရာက ယောင်ပြီး ကောက်ချင် ကောက်လာမိမှာပေါ့။ ငါတော့ သင်ပြမှပဲ မြင်ပါသည်။ သည်အကြောင်း ငါ ဘာမှ မသိရပါဘူး' ဟု ဘူးခံပါသည်။ ထိုအခါ သရဲကြီးက ဘာမျှပြန်မပြောဘဲ မင်းသမီးကို ရက်စက်စွာ ရိုက်နှက်ပါသည်။ မင်းသမီးလည်း ရှိုက်ကြီးတငင် ငိုယိုမြည်တမ်းပါသည်။

ငါလည်း ဆက်၍မကြည့်ဝံ့သဖြင့် လှေကားထစ်ဆုံးအောင် အမြန်တက်ပြီး တံခါးပေါက်ကိုပိတ်၍ မြေပြင်သို့ ထွက်ခဲ့ပါသည်။ ထို့နောက် ငါသည် မင်းသမီး ပေးထားသော အဖိုးတန် အဝတ်တန်ဆာများကို ချွတ်၍ ငါ့မှာ ပါလာခဲ့ရင်း အဝတ်ဟောင်းများကို ဝတ်ကာ ငါ၏မိတ်ဆွေ အပ်ချုပ်သမားအိမ်သို့ စိတ်နှလုံး ညှိုးငယ်စွာနှင့် ပြန်ခဲ့ပါသည်။ အပ်ချုပ်သမားမှာလည်း ငါ ပြန်မလာသဖြင့် များစွာ စိတ်ပူ၍ နေရာ ငါ ပြန်လာမှပင် သူ့ခမျာလည်း စိတ်အေးသွားပါသည်။ ငါကလည်း ငါ့ အဖြစ်အပျက်ကို အပ်ချုပ်သမားအား ဘာမှ ပြန်မပြောဘဲ ငါ့အခန်းသို့ အခြေမပျက် ဝင်၍ နောင်တကြီးစွာ ဖြစ်၍ နေပါသည်။

အခန်းတွင်းသို့ ရောက်၍ တအောင့်လောက် ကြာသောအခါ ငါ့ဆီသို့ အပ်ချုပ်သမား ပေါက်လာပြီး 'အပြင်မှာ မောင့်ကို တွေ့ချင်လို့တဲ့၊ အဘိုးကြီးတစ်ယောက် စောင့်နေသည်။ မောင့်ပုဆိန်နှင့် ခြေနင်းလည်း လမ်းက ကောက်ရလို့ သူယူလာသတဲ့၊ ဥစ္စာရှင် မသိလို့ ထင်းခုတ်သမားတွေဆီက မေးလာရသတဲ့၊ ထွက်တွေ့ပြီး ကျေးဇူးတင်စကား ပြောလိုက်ပါ' ဟု ပြောပါသည်။ အပ်ချုပ်သမား၏ စကားကို ကြားရသောအခါ ငါဟာ ခေါင်းနားပန်းကြီးပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားပါသည်။ အပ်ချုပ်သမားကလည်း ငါ၏ မျှမမှန်ပုံကို မြင်သဖြင့် အကြောင်းတစ်ခုတော့ ရှိပြီဆိုပြီး ငါ့ကို မေးတော့မည်လို လုပ်ပါသည်။ ထိုအခိုက်တွင် ငါ၏ အခန်း ကြမ်းပြင်ကြီး ပွင့်ထွက်သွားပြီး ဘွားခနဲ အဘိုးကြီး ပေါ်၍ လာပါသည်။ အဘိုးကြီးက 'ငါဟာ သရဲမင်း အီဗလိပ်ရဲ့ မြေးတော်ပဲ၊ သဟာဟာ နင့်ခြေနင်းနှင့် ပုဆိန် မဟုတ်လား၊ လာ... လိုက်ခဲ့' ဟု ဆိုကာ ငါ့လည်ကုပ်ကို ကိုင်၍ ကောင်းကင်သို့ တစ်ဟုန်တည်း ထိုး၍ တက်သွားပြီးလျှင်





တစ်ဟုန်တည်း ထိုး၍ ဆင်းလိုက်ရာနှင့် အေဗနုတ် မင်းသမီးတို့ ပျော်ရွှင်စွာ နေခဲ့သော မြေတွင်းနန်းတော်ကြီးထဲသို့ ရောက်၍ သွားပါသည်။

သည်တစ်ခေါက် မြေတွင်းနန်းတော်ကြီးထဲသို့ ငါ ရောက်ရခြင်းမှာ အလျှင်တစ်ခေါက်က ရောက်ရခြင်းနှင့် မတူပါ။ ယခင်က ငါ လာသည်ကို ပျူပျူငှာငှာ သံစာစာဖြင့် ဆီး၍ကြိုသော အေဗနုတ် မင်းသမီးမှာ ယခုအခါ ဒုက္ခသည် ဘဝသို့ ရောက်နေပြီးလျှင် ကြမ်းပေါ်တွင် သွေးအလိမ်းလိမ်းနှင့် လဲ၍ နေရှာသည်ကို တွေ့ရပါသည်။

မင်းသမီး အနီးသို့ ငါ ရောက်သွားလျှင် သွားချင်း သရဲကြီးက 'ဟဲ့ ... မျောက်မထားမ၊ သည်ဟာ နင့်လင်စောင် မဟုတ်လား' ဟု မင်းသမီးကို မေးပါသည်။ သည်တော့ မင်းသမီးက မျက်လုံးကလေးများကို အသာဖွင့်၍ ငါ့ကို ကြည့်ပြီးလျှင် 'ငါ သူ့ကို သည်တစ်ခါပဲ မြင်ဖူးပါသည်၊ ဘယ်သူဘယ်ဝါလို့ မသိပါဘူး' ဟု လေသံဖြင့် ပြောပါသည်။ သည်တော့ သရဲကြီးက 'အာဂဟာမ၊ နင့်ကို ဒါလောက် နှိပ်စက်နေသဟာတောင် မှန်သဟာ မပြောချင်သေးဘူး။ သူ့ကို ငါ မသိရပါဘူး လုပ်နေသေးသည်' ဟု ဆိုပါသည်။ သည်တော့ မင်းသမီးက 'လိမ်ပြောလျှင် အလာဟုအရှင် မကြိုက်ပါဘူး၊ ငါ မသိလို့ မသိဘူး ပြောသဟာပါ' ဟု ပြောပါသည်။ သည်တော့တစ်ခါ သရဲကြီးက 'သဟာဖြင့် ရော့... သည်ဓားနှင့် သူ့ကို ခုတ်သတ်' ဟု ဆိုပါသည်။ သည်တော့ မင်းသမီးက 'ခက်တော့သဟာပဲ၊ အပြစ်မရှိဘဲနှင့် လူတစ်ယောက်ကို အလကား သတ်ရမည် ဆိုသဟာ ငါတို့ ထုံးစံ မရှိပါဘူး' ဟု ဆိုပါသည်။ သည်တော့ သရဲကြီးက 'အေးပါ... ငါ သိပါသည်၊ လင်စောင်ဆိုတော့ ဘယ်သတ်ရက်မလဲ' ဟု ငေါ့ပြီးနောက် ငါ့ဘက်သို့ လှည့်၍ 'ဟော့ လူသား၊ သင်လည်း သူ့ကို မသိဘူး မဟုတ်လား' ဟု မေးပါသည်။

သည်တော့ ငါကလည်း မင်းသမီး၏ အတုကို လိုက်ပြီး 'ဟုတ်ပါသည်၊ မသိပါဘူး၊ အလျှင်က တစ်ခါမျှလည်း မမြင်ဖူးပါဘူး' ဟု ပြောပါသည်။ အဲသည်တော့ သရဲကြီးက 'သဟာဖြင့် ရော့ ... သည်ဓားနှင့် သူ့ကို ခုတ်သတ်' ဟု ငါ့ကို ခိုင်းပါသည်။ ထို့နောက် သရဲကြီးက ဆက်၍ 'သင် သူ့ကို အလျှင်က မသိဖူးဘူး ဆိုလျှင် သူ့ကို သတ်ဖို့ ဘာတာဝန်လေးနေစရာ ရှိသလဲ။ သူ့ကို သတ်လျှင် သင့်အသက်ကို ငါ ချမ်းသာပေးမည်' ဟု ငါ့ကို ပြောပါသည်။ သည်တော့ ငါက ဓားကိုယူပြီး 'ကောင်းပါပြီ၊ သည်လိုဆိုလျှင် ငါ သတ်ပါမည်' ဟု ပြောကာ မင်းသမီးဘက်သို့ လှည့်၍ 'ဘာမျှ မကြောက်ပါနှင့်၊ အလကား ဟန်ဆောင်သဟာပါ' ဟု မျက်ရိပ်ပြ၍ ပြောပါသည်။

သည်တော့ မင်းသမီးကလည်း 'သည်လိုဆိုလျှင် ကျေးဇူးပါပဲရှင်' ဟု မျက်ရိပ်ပြ၍ ပြန်ပြောပါသည်။ ငါက သရဲကြီးဆီမှ ဓားကို လှမ်း၍ ယူလိုက်ခြင်းမှာ မင်းသမီးအား



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ရာ အန္တရာယ်ပြုရန်အတွက် မဟုတ်ပါ။ ငါ့ကိုယ်ငါ အစတုံး စီရင်ဖို့ အကြံပင်ဖြစ်ပါသည်။ သို့ရာတွင် မင်းသမီးက ငါ့အား ကျေးဇူးတင်သည့် အမူအရာဖြင့် မျက်ခုံးကလေးများကို ပင့်၍ ကြည့်လိုက်သောအခါ ငါ့ရင်ထဲမှာ ဆို့၍သွားပြီးလျှင် မျက်ရည်များလည်လာပြီး ကိုယ့်ကိုယ်ကိုယ် မသတ်ရဲတော့ဘဲ ဓားကို ပစ်ချလိုက်ပြီး 'အို . . . တန်ခိုးကြီးသော သရဲမင်း၊ အားငယ်သော မိန်းမသားတစ်ဦးအား အကြောင်းမဲ့ သတ်ရမည်ဆိုလျှင် ဒွန္တယာတွင် ငါ့ထက် ယောကျ်ားမဲပီသသောသူ ရှိတော့မည် မဟုတ်ပါ။ ထို့ကြောင့် ငါ့ကို သရဲမင်း ထင်သလို ပြုနိုင်ပါသည်။ သရဲမင်း၏ အမိန့်ကို ငါ မနာခံနိုင်ပါ' ဟု ပြန်ပြောပါသည်။ သည်တော့ သရဲကြီးက 'နှစ်ယောက်ကတော့ဖြင့် တယ်အတိုင်အဖောက် ညီပါလားဟေ့၊ သည်လိုဆိုလျှင် ငါ့အကြောင်းကို သိကြရောပေါ့ကွာ' ဟု ပြောပြီးလျှင် ဓားကိုကောက်၍ မင်းသမီး၏ လက်တစ်ဖက်ကို ခုတ်ဖြတ်လိုက်ပါသည်။

မင်းသမီးသည် မချိသော ဝေဒနာဖြင့် ငါ့ကို နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့်နှုတ်ဆက်လေဟန်ဖြင့် ကျန်သော လက်တစ်ဖက်နှင့် ဝှေ့ယမ်းကာ ပြပါသည်။ ငါဟာလည်း မင်းသမီး၏ ဖြစ်အင်ကို မကြည့်ရက်နိုင်သဖြင့် တအောင့်လောက် သတိလစ်၍သွားပါသည်။ ငါ သတိပြန်ရ၍ ကြည့်လိုက်သောအခါ မင်းသမီးမှာ လက်အပြတ်ပြတ်၊ ခြေအပြတ်ပြတ်နှင့် သေ၍ နေရှာသည်ကို တွေ့ရပါသည်။ အဲသည်တော့ ငါက သရဲကြီးအား 'ဒုက္ခ ကြာရှည်ခံမနေပါရစေနှင့်တော့၊ ငါ့ကို မြန်မြန်သာ သတ်တော်မူပါတော့' ဟု တောင်းပန်ပါသည်။

သို့ရာတွင် သရဲကြီးသည် ငါ့ကို ရုတ်တရက် မသတ်သေးဘဲ 'တို့သရဲမှာ လင်စောင်ထားသည့် မယားကို သတ်ဖို့ ထုံးစံရှိသည်။ ငါ့မယားဟာ ဆယ့်နှစ်နှစ်သမီးအရွယ် ကတည်းက ငါ အတင်းယူပြီး ပေါင်းခဲ့သဟာ အခု အနှစ်အစိတ်ရှိမှ လင်စောင်ထားတော့ သတ်ထိုက်သဟာပေါ့။ သင်လူသားကို သတ်ဖို့ မသတ်ဖို့ဟာလည်း ငါ့သဘောပဲ။ သရဲများဟာ ဘယ်တော့မှ မသနားတတ်ဘူးလို့ သင်တို့က ပြောချင်ပြောမည်။ သို့သော် အခု သင့်ကို ငါ မသတ်ပါဘူး၊ သင့်အပြစ်ကို ငါ သတ်လောက်သည်လို့ မယူဆဘူး။ သည်တော့ သင် တောင်းချင်သည့် ဆုတစ်ခုခုကို တောင်းပေတော့' ဟု ပြောပါသည်။ သည်တော့ မမရယ် ... ငါဖြင့် ဘယ်လို ဝမ်းသာသွားနည်း ဝမ်းသာသွားမှန်း မသိပါဘူး။

အဲသဟာနှင့် ငါက တစ်ခါ 'သရဲမင်းရယ်၊ သရဲမင်းရဲ့ ကျေးဇူးဟာ အင်မတန်ကြီးပါသည်။ ငါ ဘယ်လိုဆုမျိုးကို တောင်းရမယ် ဆိုသဟာ အမိန့်ရှိတော်မူပါ' ဟု ပြောပါသည်။

သည်တော့ သရဲကြီးက 'သင့်ကို လူသားအသွင်နှင့်တော့ ငါ မထားနိုင်ဘူး။





တိရစ္ဆာန်ထဲက ဘာကောင်ဖြစ်ချင်သလဲ ... ပြော။ ခွေး ဖြစ်ချင်သလား၊ မြည်း ဖြစ်ချင်သလား၊ ငှက် ဖြစ်ချင်သလား၊ ခြသေ့ ဖြစ်ချင်သလား။ သင် ဖြစ်ချင်ရာ အကောင်တစ်ကောင်ကောင် ဖြစ်အောင် ငါ အသွင်ပြောင်းပေးလိုက်မည်' ဟု ပြောပါသည်။ အဲသည်တော့ ငါက သရဲကြီးတော့ တော်တော် အမျက်ပြေလာပြီ ထင်သည်။ ငါ ဆက်ပြီး သနားအောင်ပြောလျှင်တော့ ငါ့ကို အပြစ်လွှတ်ချင် လွှတ်မှာပဲလို့ အောက်မေ့ပြီး 'သည်လိုပါ သရဲမင်း၊ ငါဟာ သရဲမင်း သတ်လျှင်လည်း သေရမည့် သူပါ၊ ထားလျှင်လည်း ရှင်ရမည့် သူပါ။ အခု ငါ့ကို သရဲမင်းက မသတ်တော့ဘူးဆိုလျှင် တိရစ္ဆာန်ဘဝသို့ မကူးရဘဲ လူ့ဘဝနှင့်ပဲ ဆက်၍ နေခွင့်ပြုဖို့ တောင်းပန်ပါသည်။ ငါဟာ မွတ်ဆလင်တစ်ယောက် ဖြစ်ပါသည်။ သရဲမင်း၏ အပေါ်၌ ဘာအပြစ်မှ မလုပ်ဖူးသော မွတ်ဆလင်တစ်ယောက်၏ အသက်ကို ချမ်းသာပေးခဲ့ပါလျှင် အလာဟု အရှင်သည် သရဲမင်းအား စောင်မတော် မူပါလိမ့်မည်' ပြောပါသည်။

သည်တော့ သရဲကြီးက 'ဟေ့လူသား ... တယ်လျှာရှည်သဟာကိုကွယ့်၊ သင် ဘာကောင်ဖြစ်ချင်သလဲ ဆိုသဟာသာ ပြောပါကွယ်၊ အပြစ်လုံးလုံးလွှတ်ဖို့ ဆိုသဟာတော့ မမျှော်လင့်ပါနှင့်၊ အသက်ကို ချမ်းသာပေးလျှင် မတော်သေးဘူးလား' ဟု ပြောပါသည်။

သည်တော့ တစ်ခါ ငါက သရဲကြီးလည်း အနည်းငယ် အမျက်ပြေမှန်း သိပြီး လူသားစင်စစ်က တိရစ္ဆာန်ဘဝသို့ ရောက်ရမည့် အဖြစ်ကိုလည်း တွေး၍ မရနိုင်သဖြင့် ဆက်၍ 'မိမိအသက်ကို သေကြောင်းကြံသော ရန်သူကိုပင် ရန်တုံ့မမူဘဲ ခွင့်လွှတ်၍ ဆုလာဘ်ပကာ ပေး၍ လွှတ်ဖူးသော ယောကျ်ားမြတ်ကြီး၏ ထုံးကို နှလုံးသွင်း၍ ငါ့ကိုလည်း အခွင့်လွှတ်တော်မူပါရန် တောင်းပန်ပါသည်' ဟု ဆိုပါသည်။ သည်တော့ သရဲကြီးက 'သင့်ယောကျ်ားမြတ်ကြီးထုံးက ဘယ်လိုလဲ၊ ဆိုစမ်းပါဦး' ဟု ပြောပါသည်။

သည်တော့ ငါက 'ယောကျ်ားမြတ်ကြီးထုံးက သည်လိုပါ သရဲမင်း' ဟု အစချီ၍ ဆိုလတ္တံ့သည့်အတိုင်း ပြောပြပါသည်။

## [ ၆ ]

## ရန်သူကို ဆုချသော ယောကျ်ားမြတ်ဝတ္ထု

အဲသဟာနှင့် ငါကလည်း သရဲကြီး အမျက်များ ပြေလိုပြေငြား 'သည်လိုပါ့ သရဲမင်းခင်ဗျာ။ ယခင်က မင်းနေပြည်နှင့် မနီးမဝေး ခရိုင်မြို့ကလေး တစ်မြို့မှာ အိမ်နီးချင်းနှစ်ယောက် ရှိကြပါသတဲ့' လို အစချီပြီး ဆိုလတ္တံ့သည့်အတိုင်း ပြောပြပါသည် မမ။

အဲသည် အိမ်နီးချင်း နှစ်ယောက်အနက် တစ်ယောက်ကတော့ စိတ်ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး၊ တစ်ယောက်ကတော့ အင်မတန် မနာလို ဝန်တိုစိတ် အားကြီးပါသတဲ့။ တစ်နေ့တော့ စိတ်ကောင်းရှိသည့် အိမ်နီးချင်းက "သည်လူဟာ ငါ့ကို နေ့စဉ်နေ့စဉ် မြင်နေရလျှင် ငါ့အပေါ်မှာ တစ်နေ့ထက်တစ်နေ့ တိုးပြီး အမုန်းပွားနေလိမ့်မည်။ အကယ်၍ သူ့မျက်စိအောက်က ငါ ပျောက်သွားလျှင် သူဟာ ငါ့ကို သတိမရတော့ဘဲ အမုန်းပျောက်သွားလိမ့်မည် ထင်သည်" ဟု အောက်မေ့ပြီး သူ့အိမ်နှင့်တကွ ရှိစုမဲ့စု ပစ္စည်းကလေးများကို ရောင်းချကာ မင်းနေပြည်သို့ ပြောင်းသွားပါသတဲ့။ ထို့နောက် မင်းနေပြည်နှင့် မနီးမဝေးတွင် ဥယျာဉ်ကလေးတစ်ခုကို ဝယ်၍ အေးအေးချမ်းချမ်း နေပါသတဲ့။ အဲသည် ဥယျာဉ်လေးရဲ့ အလယ်ကောင်မှာလည်း ရေတွင်းအိုကြီးတစ်ခု ရှိပါသတဲ့။

ထို့နောက် ထိုသူသည် လူမှုကိစ္စတို့၏ ဆင်းရဲဒုက္ခတို့မှ လွတ်ကင်းစေခြင်းအကျိုးငှာ ဝတ်ကြောင်ကို စွန့်ပြီးလျှင် ရသေ့လုပ်၍ နေပါသတဲ့။ သူ့အိမ်ကိုလည်း အခန်းကလေး အခန်းကလေးများ ဖွဲ့ပြီးလျှင် ရသေ့သင်္ခမ်း လုပ်၍ အခြား ရသေ့များကိုလည်း သီတင်းသုံးဖော် အဖြစ်ဖြင့် ခေါ်ထားသတဲ့။ အဲသဟာနှင့် ရသေ့ကြီး၏ ဂုဏ်သတင်းဟာ တဖြည်းဖြည်းနှင့် ကျော်ကြားလာပြီး မင်းဆွေစိုးမျိုး၊ သူဌေး သူကြွယ်၊ ကုန်သည် လယ်လုပ်မှ စ၍ ကြည်ညို ဆည်းကပ်ကြပါသတဲ့။

အဲသဟာနှင့် ရသေ့ကြီးရဲ့ အကျင့်ဖြူစင်၍ ကြည်ညိုဆည်းကပ်သူ ပေါများသည့် သတင်းဟာ တစ်ယောက်စကား တစ်ယောက်နားနှင့် သူ့ကို မုန်းနေသည့် သူ့အိမ်နီးချင်းဟောင်း နားကို ပေါက်သွားပါသတဲ့။ အဲသည်တော့ မနာလိုအိုး အိမ်နီးချင်းဟောင်းသည် ရသေ့ကြီးအား ပျက်စီးအောင် မကြံရလျှင် မနေပြီဟူသော စိတ်ဖြင့် သူ့အိမ်နှင့် ပစ္စည်းများကို စွန့်ပစ်ခဲ့ပြီး ရသေ့သင်္ခမ်းသို့ သွားပါသတဲ့။ ဟိုရောက်လို့ ရသေ့ကြီးကို တွေ့တော့ 'အဆွေ၊ ငါသည် အင်မတိ အင်မတန် အရေးကြီးသော ကိစ္စတစ်ခု ရှိ၍ သင်နှင့် နှစ်ဦးချင်း တိုင်ပင်ရန် လာခဲ့သည်။ သည်ကိစ္စနှင့် ပတ်သက်၍ သင်၏ သီတင်းသုံးဖော် ရသေ့များလည်း မကြားသိစေလို။ ထို့ကြောင့် သင်နှင့် ငါသည် ရေတွင်းအိုကြီး အနီးသို့ သွား၍ စကြံလျှောက်ရင်း တိုင်ပင်ကြမည်' ဟု ပြောပါသတဲ့။ သည်တော့ ရသေ့ကြီးကလည်း စိတ်ရိုး စေတနာရိုးနှင့် ''ကောင်းပြီ အဆွေ၊ ယခုပင် ငါလိုက်ခဲ့မည်' ဟု ပြောပြီး လိုက်သွားပါသတဲ့။ အဲသဟာနှင့် မနာလိုအိုးသည် ရသေ့ကြီးနှင့် ဟိုဘက်သည်ဘက် စကြံ နှစ်ခေါက်သုံးခေါက်လောက် လျှောက်ပြီး မသိလိုက် မသိပါ ရသေ့ကြီးအား ရေတွင်းအိုကြီး အနီးသို့ရောက်အောင် ဆေးနှင့် တွန်း၍ တွန်း၍ သွားပါသတဲ့။ အဲသဟာနှင့် ရေတွင်းအိုကြီး အနီးသို့ ရောက်သွားတော့ အချိန်ကလည်း မှောင်မိုက်စ ပြုလာသဟာနှင့် ရသေ့ကြီးကို အတင်းဖက်ပြီး ရေတွင်းအိုကြီးထဲသို့ တစ်ခါတည်း တွန်းချလိုက်ပါသတဲ့။ ပြီးတော့ သူ့အကြံ အောင်ပြီ ဆိုပြီး 'ဖေကြံသဟာကွ၊ ဖေကြံသဟာ' လို အော်ပြီး ပြေးပါရောတဲ့။





သို့ရာတွင် ရသေ့ကြီးမှာ သူ ထင်သကဲ့သို့ မသေဘဲ ရေတွင်းထဲသို့ ကျသွားသောအခါ ရေတွင်းစောင့် နတ်သမီးများက ဆီး၍ ကယ်ထားကြပါသတဲ့။ အဲသည်တော့ ရသေ့ကြီးကလည်း သူ့မှာ ရေတွင်းသို့ ဦးခေါင်းဇောက်ထိုးကျလျက် တစ်စုံတစ်ရာ ထိခိုက်နာကျင်ခြင်း မရှိသည်ကို တွေ့ရတော့ "ဧကန္တ ငါ့ကို ရေတွင်းစောင့် နတ်သမီးများ ကယ်ထားပြီ" လို့ သိပြီး မလှုပ်မယှက်ဘဲ နားစွင့်နေပါသတဲ့။

သည်တော့ နတ်သမီးတစ်ပါးက 'ဟော့... ညီမလေးတို့ရေ၊ ခု ငါတို့ ကယ်ထားတဲ့သူဟာ ဘယ်သူလဲ သိကြရဲ့လားဟေ့' လို့ မေးပါသတဲ့။ သည်တော့ ကျန်သည့် နတ်သမီးများက 'မသိပါဘူး မမရယ်၊ ဘယ်သူဘယ်ဝါ ဆိုသဟာ မမကိုယ်တိုင် အကြောင်း လင်းပါမှ သိရပါမည်' လို ပြန်ပြောသတဲ့။ အဲသည်တော့မှ နတ်သမီးအကြီးက ရသေ့ကြီးနှင့် မနာလိုအိုးတို့ရဲ့ အကြောင်းကို အစအဆုံး ပြန်ပြောပြပြီး 'အခုလည်း သည်ရသေ့ကြီးဟာ ငါတို့ ကယ်လိုက်ပေလို့ပေါ့၊ ငါတို့သာ မကယ်လိုက်ဘူးဆိုလျှင် မနက်ဖြန် ဘုရင်မင်းမြတ်ကြီး သူ့ဆီကို ထွက်တော်မူလာလျှင် ဘယ်တွေ့လိုက်ရတော့မှာလဲအေ့' ဟု ပြောပါသတဲ့။

အဲသည်တော့ ကျန်သည့် နတ်သမီးများက 'နေပါဦး မမရဲ့၊ ဘုရင် မင်းမြတ်ကြီးက သည်ရသေ့ကြီးဆီကို ဘာဇာကိစ္စနှင့် ထွက်တော်မူလာမှာတဲ့တုံး' ဟု မေးကြပါသတဲ့။ သည်တော့ နတ်သမီးအကြီးက 'ဘုရင်မင်းမြတ်ကြီးရဲ့ သမီးတော်ကို သရဲဖမ်းစားထားလို့ အကုခိုင်းဖို့ ရသေ့ကြီးဆီ ထွက်တော်မူလာမှာအေ့။ သရဲဖမ်းစားသဟာကို ကုဖို့ကတော့ အလွယ်ကလေးပါအေ။ အခု ရသေ့သင်္ခမ်းမှာ ကြောင်နက်ကြီးတစ်ကောင် ရှိသည် မဟုတ်လားအေ့။ အဲသည် ကြောင်နက်ကြီးရဲ့ အမြီးဖျားကို သေသေချာချာ ကြည့်လျှင် အမွေးဖြူကလေးတွေ ရှိသည်။ အဲသည် အမွေးဖြူကလေး ခုနစ်ပင်ကို နုတ်ပြီး မင်းသမီးကလေးရဲ့ ဦးခေါင်းပေါ်မှာ မီးရှို့လိုက်လျှင် သရဲဖမ်းစားသဟာ တစ်ခါတည်း ပျောက်သဟာပေါ့အေ' ဟု ပြောပါသတဲ့။ သည်တော့ ရသေ့ကြီးက နတ်သမီးအကြီး ပြောသမျှ စကားတွေကို လုံးစေ့ပတ်စေ့ မှတ်ထားလိုက်ပါသတဲ့။ မနက်လင်းတော့ ရသေ့ကြီးက ရေတွင်းအိုကြီး ပေါင်တစ်ဖက် ပြိုနေသည့် နေရာက အသာကလေး နင်းတက်သွားပြီး သူ့သင်္ခမ်းကို သူ ပြန်သွားပါသတဲ့။ သူ့သင်္ခမ်း ရောက်တော့ သီတင်းသုံးဖော် ရသေ့တွေက ရသေ့ကြီး ပြန်လာလို့ အားရဝမ်းသာ ဆီးကြိုပြီး အကျိုးအကြောင်းကို ဝိုင်းပြီး မေးကြပါသတဲ့။ သည်တော့ ရသေ့ကြီးက ညတုန်းက သူ ရေတွင်းအိုကြီးထဲ တွန်းအချ ခံရသည့်အကြောင်း ပြောပြပြီး သူ့သင်္ခမ်းထဲသို့ တိတ်ဆိတ်စွာ ဝင်သွားပါသတဲ့။ သူ့သင်္ခမ်းထဲသို့ ရောက်တော့ ကြောင်နက်ကြီးက ညတုန်းက သူ့သခင် ပျောက်နေသည်ဆိုပြီး အားရဝမ်းသာ လာပြီး ဦးခေါင်းနှင့် တိုက်ကာ တိုက်ကာ နှုတ်ဆက်ပါသတဲ့။ သည်တော့ ရသေ့ကြီးက "ဟန်ကျပြီ" ဆိုပြီး ကြောင်နက်ကြီးကို အသာဖမ်းပြီး၊



www.burmeseclassic.com

www.burmeseclassic.com



အမြီးများက အမွေးဖြူ ခုနစ်ပင်ကို နုတ်ပြီး အလိုရှိလျှင် အဆင်သင့် ရနိုင်ရန် တရိုတသေ သိမ်းထားပါသတဲ့။

အဲသဟာနှင့် နောက်တစ်နေ့ မနက်ကျတော့ နေထွက်တစ်ပြုလောက်ပဲ ရှိသေးသည်။ ဘုရင်မင်းမြတ်ကြီးက နောက်ပါ အခြွေအရံများနှင့် ရသေ့ကြီး၏ သခ်မ်းကို ထွက်တော်မူ လာပါသတဲ့ ။ အဲသည်တော့ ကျောင်းထိုင်ရသေ့ကြီးနှင့် သီတင်းသုံးဖော်များက သောင်းသောင်းဖြဖြ ဆီး၍ ကြိုကြပါသတဲ့။ ရှင်ဘုရင်ကြီးလည်း ရောက်တော်မူလာသည်နှင့် တစ်ပြိုင်နက် ကျောင်းထိုင်ရသေ့ကြီး၏ အပါးသို့ ချဉ်းကပ်ပြီးလျှင် 'ဆရာတော် ရသေ့ကြီးသည် ယခု ဒကာတော် ရောက်လာရသည့် ကိစ္စကို ရိပ်မိတော်မူပြီဟု ထင်ပါသည်' ဟု ဆိုပါသည်။ သည်တော့ ရသေ့ကြီးကလည်း 'ဒကာတော် ရေမြေ့ရှင် ရောက်လာတော်မူခြင်း အကြောင်းသည် သမီးတော်၏ ဝေဒနာအတွက်ပင် ဖြစ်လိမ့်မည်ဟု ထင်ပါသည်၊ မှန်ပါစ ဒကာတော်' လို့ ပြောပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်ကြီးက ဝမ်းသာတော်မူပြီး 'ဆရာတော် ရသေ့ကြီး အမိန့်ရှိသည့်အတိုင်း မှန်ပါသည်။ သမီးတော်၏ ထူးဆန်းသော ဝေဒနာကို ဆရာတော် ကုသ၍ ပေးတော်မူပါမည်ဆိုလျှင်





ဆရာတော်၏ ကျေးဇူးသည် သည်တစ်သက်တွင် ဆပ်၍ ကုန်နိုင်ဖွယ်ရာ ရှိတော့မည် မဟုတ်တော့ပါ' ဟု ဆိုပါသတဲ့။ သည်တော့ ရသေ့ကြီးက 'သမီးတော်ကို ဤသခ်မ်းသို့ ဆောင်ခဲ့ပါမူ ငါ တတ်နိုင်သမျှ ကြိုးစား၍ ကုပေးပါမည်' ဟု ပြောပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်ကြီးသည် တမန်တော်များ လွှတ်၍ သမီးတော်အား အခြံအရံနှင့် တကွ ရသေ့ကြီး၏ သခ်မ်းသို့ ချက်ချင်း လိုက်ခဲ့ရမည်ဟု အမိန့်တော် မှတ်ပါသတဲ့။ သမီးတော်လည်း ခေါင်းမြီးခြုံပဝါများဖြင့် မျက်နှာကို လုံခြုံစွာ အုပ်ပြီးလျှင် ရသေ့ကြီး၏ ရှေ့မှောက်သို့ ရောက်လာပါသတဲ့။ သည်တော့ ရသေ့ကြီးက အသင့်ဆောင်၍ထားသော ကြောင်နက်ကြီး၏ အမြီးများမှ အမွေးဖြူ ခုနစ်ပင်ကို မင်းသမီး၏ ဦးခေါင်းထက်တွင် မီးရှို့လိုက်ပါသတဲ့။ အဲသလို ရှို့လိုက်၍ ကြောင်မြီးမွေးလည်း ပြာကျသွားရော မိုးချုန်းသကဲ့သို့ ကြောက်ခမန်းလိလိ အသံကြီးများ ထွက်ပေါ်လာသဟာပါပဲတဲ့။

အဲသည်တော့ ရသေ့ကြီးက "သည်အသံဟာ ဧကန္တ သမီးတော်ကို ဖမ်းစားသည့် သရဲကြီး၏အသံ ဖြစ်မှာပဲ" ဟု တွေးမိပြီး 'လွတ်ပြီ ကျွတ်ပြီ' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် သမီးတော်လည်း မိမွေးတိုင်း ဖမွေးတိုင်း လူကောင်းပကတိ အဖြစ်သို့ ပြန်ရောက်ပြီး ခေါင်းမြီးခြုံပဝါများကို လှစ်လိုက်ပြီး 'အလို ငါ ဘယ်ရောက်နေပါလိမ့်' ဟု ဆိုပါသတဲ့။

သည်တော့ ဘုရင်မင်းမြတ်ကြီးကလည်း ဝမ်းသာတော်မူရှာလွန်းလို့ သမီးတော်ကို ပွေ့ဖက်ပြီး ရသေ့ကြီးကိုလည်း အကြိမ်များစွာ ကန်တော့ပါသတဲ့။ ထို့နောက် ဘုရင်မင်းမြတ်ကြီးက နောက်ပါ မှူးကြီးမတ်ရာ သေနာပတိတို့အား ရသေ့ကြီး၏ ကျေးဇူးကို မည်ကဲ့သို့ ဆပ်ရမည်နည်းဟု မေးပါသတဲ့။ သည်တော့ အားလုံးကပဲ 'ကျေးဇူးဆပ်ဖို့ အခြားနည်းတော့ မရှိပါ၊ သမီးတော်နှင့် စုလျားရစ်ပတ် ပေးဖို့ပဲ ရှိပါသည်' ဟု တစ်ညီတည်း လျှောက်ကြပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်ကြီးက 'မောင်မင်းတို့ အကြံနှင့် ငါ့အကြံ တူလိုက်လေ မောင်မင်းတို့ရယ်၊ သည်အချိန်ကစပြီး ဆရာတော် ရသေ့ကြီးကို ငါ၏ သမက်တော်ဟု မှတ်ကြရမည် မောင်မင်းများ' ဟု အမိန့်တော်မှတ်ပါသတဲ့။

အဲသည့်နောက် မကြာခင်ဘဲ နန်းရင်းဝန်ကြီး ကွယ်လွန်သွားသဟာနှင့် ရသေ့ကြီးကို နန်းရင်းဝန်ရာထူး နှင်းပါသတဲ့။ အဲသည်နောက် မကြာခင် တစ်ခါ ဘုရင်မင်းမြတ်ကြီး နတ်ရွာစံပြန်ပါရောတဲ့။ အဲသဟာနှင့် ဘုရင်မင်းမြတ်ကြီးမှာလည်း သားတော် မထွန်းကားသဟာနှင့် ရဟန်းရှင်လူ ပြည်သူအများက သမက်တော် နန်းရင်းဝန် ရသေ့ကြီးကိုပဲ ရှင်လန်းဝမ်းမြောက်စွာ အားလုံး သဘောတူ ဘိသိက်သွန်းပြီး မင်းမြှောက်လိုက်ကြပါသတဲ့။

အဲသဟာနှင့် တစ်နေ့တော့ ရသေ့ဟောင်း ဘုရင်ကြီးက နောက်ပါ အခြွေ



www.burmeseclassic.com

www.burmeseclassic.com



အရံ မြောက်မြားစွာဖြင့် တိုင်းခန်းလှည့်လာပါသတဲ့။ သည်တော့ တိုင်းသူပြည်သားများကလည်း သောင်းသောင်းဖြဖြ ကောင်းချီးသြဘာ ပေးကြပါသတဲ့။ ထိုအခိုက်တွင် ကံအားလျော်စွာပဲ ရသေ့ဘဝတုန်းက မိမိအား ရေတွင်းထဲ တွန်းချပြီး သေကြောင်းကြံသည့် မနာလိုအိုးကို ပရိသတ်ထဲမှာ ဘုရင်မင်းမြတ်ကြီး မြင်တော်မူသွားပါသတဲ့။

သည်တော့ ဘုရင်မင်းမြတ်ကြီးက သူ့နန်းရင်းဝန်ကြီးအား အသာခေါ်၍ ‘ဟော ဟိုမှာ ရပ်နေသည့် သူကို မြင်သည် မဟုတ်လား၊ သွားပြီး ငါ့ဆီ ခေါ်ခဲ့။ သူ့ကို ကြောက်အောင် လန့်အောင် ဘာမျှ မလုပ်နှင့်’ ဟု အမိန့်တော် မှတ်ပါသတဲ့။ နန်းရင်းဝန်ကြီးလည်း အမိန့်တော်အတိုင်း ဘုရင်မင်းမြတ်ကြီး အလိုရှိသော သူကို ရှေ့တော်သို့ သွင်း၍ လာပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်ကြီးက ‘အဆွေ၊ အဆွေ့ကို ကျန်းကျန်းမာမာနှင့် ငါ ပြန်တွေ့ရသဟာ ဝမ်းသာလိုက်သဟာ အဆွေရယ်’ ဟု ပြောပြီး မင်းချင်းတစ်ယောက်ကို ခေါ်၍ ‘ဟောသည့် ငါ့မိတ်ဆွေကို ငါ၏ ကိုယ်ပိုင် ဘဏ္ဍာတော်ထဲမှ ရွှေစင် တစ်ထောင်နှင့်တကွ အဖိုးထိုက် ဖိုးတန် ကျောက်မျက်ရတနာ၊ အထည်အလိပ်စသည်တို့ လှည်းအစီး နှစ်ဆယ်တိုက် ပေးပြီး အစောင့်အရှောက်နှင့် လိုက်ပို့လိုက်’ ဟု အမိန့်တော်မှတ်ပြီး ရွှေနန်းတော်သို့ ပြန်သွားပါသတဲ့။

အဲသလို ပြောပြီး သရဲကြီးအား ငါက ‘ရသေ့ ဘုရင်ကြီးသည် သူ့အား သေကြောင်းကြံသူကို အပြစ်လွှတ်ရုံသာ မဟုတ်သေးဘဲ ဆုတော် လာဘ်တော်များပင် အမြောက်အမြား ချလိုက်ဖူးသော ထုံးကို နှလုံးသွင်း၍ အသင် သရဲမင်းကလည်း ငါ့အား ဆုလာဘ် မချစေကာမူ အပြစ် လွှတ်တော်မူသင့်ပါသည်’ ဟု အသနားခံပါသည်။

သည်တော့ သရဲကြီးက ‘သင်တို့ လူသားအချင်းချင်း ကျတော့မှပဲ အဲသည်လို အပြစ်လွှတ်ဖို့ ပြောကြည့်သေးသဟာပကွာ။ ငါကတော့ဖြင့် သရဲကို စော်ကားလျှင် ဘေးဖြစ်တတ်သည် ဆိုသဟာ သိလောက်အောင် ငါ ပြောထားသည့်အတိုင်းပဲ လုပ်ရလိမ့်မည်’ ဟု ပြောပြီး ပြောပြောဆိုဆိုနှင့် ငါ့ကုပ်ကိုကိုင်၍ တစ်ဟုန်ထိုး ကောင်းကင်သို့ ပျံတက်သွားရာ ဤကမ္ဘာကြီးကို လက်သီးဆုပ်လောက်ကလေးသာ မြင်ရပါတော့သည်။ ထို့နောက် လျှပ်စစ်ပြက်သကဲ့သို့ တစ်ဟုန်ထိုး ထိုးဆင်းလာပြီးလျှင် ငါ့ကို တောင်ထိပ်တစ်ခုပေါ်တွင် ချပါသည်။ ထို့နောက် သရဲကြီးသည် မြေကြီး လက်တစ်ဆုပ်ခန့်ကို ကောက်၍ မန်းပြီးလျှင် ‘လူအသွင် ပျောက်၍ မျောက်အသွင် ပေါက်စေသတည်း’ ဟု ဆိုကာ ငါ့ ခေါင်းပေါ်သို့ ကြဲပါသည်။ သည်တော့ ငါလည်း တစ်ခါတည်း မျောက်အသွင် ပြောင်းသွားပြီး သရဲကြီးလည်း ကွယ်သွားပါသည်။

အဲသဟာနှင့် ငါလည်း တောင်ထိပ်ပေါ်မှာ နေလို့တော့ အချည်းနှီးပဲဟု အောက်မေ့ကာ မြေပြင်သို့ ဆင်း၍ ခြေဦးတည့်ရာသို့ လျှောက်၍သွားရင်း ပင်လယ်





ကမ်းနားသို့ ရောက်သွားပါသည်။ ထိုအခါ ကမ်းနှင့် မနီးမဝေးတွင် သင်္ဘောကြီးတစ်စင်း ဆိုက်နေသည်ကို တွေ့သဖြင့် လှိုင်းလေလည်း ငြိမ်သက်သည်နှင့် ငါသည် သစ်ကိုင်းများကို ချိုး၍ ဖောင်လုပ်ပြီးလျှင် သင်္ဘောကြီး ရှိရာသို့ တုတ်တို တစ်ချောင်းကို တက်လုပ်၍ လှော်သွားပါသည်။

သင်္ဘောကုန်းပတ်ပေါ်က လူများသည် ငါ့ကို မြင်သောအခါ အချို့ကလည်း ‘သည်မျောက်ကို ရိုက်ချကြဟေ့’၊ အချို့ကလည်း ‘သည်မျောက်ဟာ ဂြိုဟ်ကောင်ပဲဟေ့၊ မြားနှင့် ပစ်ကြ’၊ အချို့ကလည်း ‘သည်မျောက်ကို တစ်ခါတည်း ရေထဲသာ ကန်ချလိုက်ပါကွာ’ ဟု ဆိုကြပါသည်။ ငါလည်း ‘ငါ့ကို သရဲကြီး ပေးလိုက်သည့် အသက်မှာ သည်သင်္ဘောသားတွေ လက်ထဲကျမှ သေရတော့မှာပဲ’ ဟု အောက်မေ့ကာ ကျောက်ကြိုးကို ဆွဲ၍ သင်္ဘောပေါ်သို့ ကပျာကယာ တက်သွားပြီးလျှင် သင်္ဘောသားများ မဖမ်းနိုင် မရိုက်နိုင်ခင် ကပ္ပတိန်၏ ခြေထောက်များကို ပြေး၍ ဖက်ပြီးလျှင် “ငါ၏ အသက်ကို ကယ်တော်မူပါ” ဟူသော သဘောဖြင့် လက်ပြခြေပြ ဆလံပေး၍ တောင်းပန်ပါသည်။

သည်တော့မှ ကပ္ပတိန်က ငါ့ကို သနားလာပြီးလျှင် ‘ဟေ့... မလုပ်ကြပါနှင့်ကွာ၊ သည်မျောက်ကို ငါ မွေးထားပါမည်၊ သနားပါသည်’ ဟု ဆိုပါသည်။ သည်တော့မှပဲ ငါလည်း စိတ်အေး၍ သွားပါသည်။

ထို့နောက် ငါတို့သည် နှစ်လ နီးပါးမျှ သင်္ဘောလွှင့်မိသောအခါ စည်ကားသော ဆိပ်ကမ်းမြို့ကြီး တစ်မြို့သို့ ရောက်ကြပါသည်။ ငါတို့သင်္ဘောသည် ကျောက်ချလိုက်သည်နှင့် တစ်ပြိုင်နက် လှုပေါင်း မြောက်မြားစွာသည် လှေငယ်ကလေးများဖြင့် ငါတို့သင်္ဘောသို့ စုရုံး၍ လာကြပါသည်။ အချို့သူတို့မှာ ငါတို့ သင်္ဘောပေါ်တွင် ပါလာသော မိတ်ဆွေသင်္ဂဟများကို ခရီးဦးကြိုပြုကြရန် ဖြစ်ပါသည်။ အချို့မှာလည်း အကြောင်းမဲ့ အပျင်းပြေ လာရောက် ကြည့်ရှုကြခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ စုရုံး၍ လာကြသည့် လှေငယ်ကလေးများအနက် တစ်စင်းတွင် မှူးကြီးမတ်ရာများ ပါလာသည်။ မှူးကြီးမတ်ရာတို့သည် ငါတို့သင်္ဘောတွင် ပါလာသော ခရီးသွား ကုန်သည်များကို ဘုရင်မင်းမြတ်၏ ကိုယ်တော်စား ဆီးကြို နှုတ်ဆက်ကြပြီးလျှင် မိမိတို့ တိုင်းပြည်တွင် မကြာမီက နန်းရင်းဝန်ကြီး ကွယ်လွန်သွားသဖြင့် နန်းရင်းဝန်လောင်းရှာရန် ဘုရင်မင်းမြတ်ကြီး၏ အမိန့်တော်နှင့် လာခဲ့ကြရခြင်း ဖြစ်ကြောင်း၊ ကွယ်လွန်သွားသူ နန်းရင်းဝန်ကြီးမှာ အလွန် လက်ရေးကောင်းသဖြင့် သူကဲ့သို့ လက်ရေးကောင်းသူ တစ်ယောက်ကို သူ့နေရာ၌ နန်းရင်းဝန် ခန့်ထားရမည်ဟု အမိန့်တော်ပါကြောင်း၊ ထို့ကြောင့် သင်္ဘောပေါ်၌ ပါလာကြသူ အပေါင်းသည် မှူးကြီးမတ်ရာတို့ ယူဆောင်လာသော စက္ကူလိပ်တွင် လက်ရေး လေးငါးကြောင်းစီလောက် ရေးပြကြရမည် ဖြစ်ကြောင်းနှင့် ပြောပါသည်။

ထို့နောက် မှူးကြီးမတ်ရာတို့က ‘ယနေ့တိုင်အောင်တော့ ကွယ်လွန်သူ နန်းရင်း



www.burmeseclassic.com

www.burmeseclassic.com



ဝန်ကြီးလို လက်ရေးလှအောင် ရေးနိုင်သူ ရှာမတွေ့သေးဘူး၊ ယခု သင်္ဘောပေါ်စီးသည့် လူတွေထဲမှာတော့ မပြောတတ်ဘူး’ ဟု ပြောပါသည်။ ငါတို့ သင်္ဘောပေါ်တွင် ပါလာသော ခရီးသွားတို့လည်း တစ်ယောက်ပြီးတစ်ယောက် ကိုယ့်လက်ရေး ကိုယ်ရေး၍ ပြကြပါသည်။ အားလုံးသော ခရီးသည်များ ရေး၍ ပြီးကြသောအခါ ငါက ကပျာကယာ ထပြီး စက္ကူနှင့် မင်တံကို ထ၍ ဆွဲပါသည်။ သည်တော့ တချို့ကလည်း ‘သည်မျောက်ဟာ တိရစ္ဆာန်ပီပီ မနေဘဲနှင့် လူထဲ ဝင်ရှုပ်ပြန်ပြီ’ ဆိုကြပါသည်။ သူတို့ စိတ်ထဲက ငါက စက္ကူများကို ဆုတ်ဖြဲပစ်လိမ့်မည်ဟု စိုးရိမ်ကြဟန် တူပါသည်။ သည်တော့ ငါ့ရဲ့ ကပ္ပတိန်က ငါ့အကြောင်း သိပြီး ဖြစ်နေသဖြင့် ‘သူလည်း ရေးချင်လို့ ထင်ပါရဲ့၊ ရေးပါစေ’ ဟု ဆိုပြီးနောက် ငါ့ဘက်သို့ လှည့်၍ ‘ကောင်းကောင်းရေးလျှင် ရေးနော်၊ ကြောင်ခြစ်ထားသလို ဟိုခြစ် ဒီခြစ် လုပ်လျှင်တော့ ရေထဲကို တစ်ခါတည်း တွန်းချလိုက်မည်’ ဟု ဆိုပါသည်။

ငါက “ကောင်းကောင်း ရေးပြမည်” ဟု လက်ဟန်ခြေဟန် ပြ၍ ပြောသောအခါ အားလုံး အံ့သြ၍ နေကြပြီးလျှင် ကပ္ပတိန်က ‘သည်မျောက်ဟာ တိရစ္ဆာန်သာ ဆိုသည်၊ သိပ်လိမ္မာတာပဲ ။ လူထဲမှာတောင် သူလောက် အကင်းပါးသဟာ အတော်ရှားသည်။ သေသွားသည့် ငါ့ သားတောင် သူ့လောက် အကင်းမပါးဘူး’ ဟု ပြောပြီး တစ်ဖန် ငါ့ဘက်လှည့်ပြီး ‘သင် ကောင်းကောင်း ရေးပြလျှင် ငါ့သား အရင်းလိုပဲ သဘောထားပြီး သင့်ကို ငါ မွေးထားမည်’ ဟု အားပေးစကား ပြောပါသည်။

အဲသဟာနှင့် ငါက မင်တံကို ကျကျနန ကိုင်၊ စက္ကူကို သေသေချာချာ ဖြန့်ပြီး ဘုရင်မင်းမြတ်ကြီး၏ ဘုန်းတော်ဘွဲ့ ကဗျာများကို အာဋ္ဌဗီစာ ခြောက်မျိုးဖြင့် ရေး၍ ပြပါသည်။

ထို့နောက် မှူးကြီးမတ်ရာတို့လည်း ဝမ်းသာအားရနှင့် လက်ရေး အမျိုးမျိုး ပါသော စက္ကူလိပ်ကြီးကို တရိုတသေ ထမ်းပြီးလျှင် ရွှေနန်းတော်သို့ ပြန်ကြပါသည်။ ဘုရင်မင်းမြတ်ကြီးလည်း ငါ့လက်ရေးကို မြင်လိုက်သည် ဆိုလျှင်ပင် အခြား လက်ရေးများကို မကြည့်တော့ဘဲ ‘မှူးတော်မတ်တော်တို့၊ ဟောသည် အောက်ဆုံးက ရေးသူကို ငါ၏ ရှေ့တော်မှောက်သို့ ခေါ်ဆောင်ခဲ့ရမည်။ ထိုသူဖို့ အဖိုးထိုက် အဖိုးတန် အဆင်တန်ဆာများကိုလည်း ယူသွားကြ။ ပြီးတော့ တူရိယာ အတီးအမှုတ် စုံလင်စွာနှင့် ကြိုဆိုပြီးလျှင် အဖိုးအနဂ္ဃ တန်သော၊ ကကြိုးတန်ဆာ ဆင်အပ်သော မြည်းမယာဉ်သာဖြင့် တင်၍ အမြန်ခေါ်ခဲ့ကြ’ ဟု မိန့်တော်မူပါသည်။

သည်တော့ မှူးကြီးမတ်ရာတို့က ဝိုင်း၍ ရယ်ကြပါသည်။ ရှင်ဘုရင်ကြီးကလည်း သူ့ကို မခန့်လေးစား ရယ်ကြရမလား ဆိုပြီး အမျက်တော် ထွက်ပါသည်။ သည်တော့မှ အမတ်ကြီးများက ‘မှန်လှပါ ဘုရား၊ ကျွန်တော်မျိုးများ ရယ်သဟာ အရှင်





မင်းတရားကြီးအား မလေးစား၍ ရယ်သဟာ မဟုတ်ပါ ဘုရား၊ ယခု သွားခေါ်ရမည့် သူဟာ အရှင်ဘုရား ထင်တော်မူသလို လူသား မဟုတ်ဘဲ အဟိတ်တိရစ္ဆာန် မျောက် ဖြစ်ခြင်းကြောင့်သာ ရယ်မိခြင်း ဖြစ်ပါသည်’ ဟု လျှောက်ကြပါသည်။ သည်တော့မှ ဘုရင်မင်းမြတ်ကြီးလည်း အမျက်တော် ပြေလျက် ‘ဟော ဟုတ်လား၊ မှူးတော်မတ်တော်တို့ တင်သည့်စကားဟာ မှန်သနော်’ ဟု ဆိုပါသည်။ သည်တော့ အမတ်ကြီးများက ‘ဘုန်းတော်ကြောင့် မှန်ကြောင်းပါ၊ ဘုရား ကျွန်တော်မျိုးများ ကိုယ်တိုင် မျက်စိနှင့် မြင်လာရ၍သာ လျှောက်ရခြင်း ဖြစ်ပါသည် ဘုရား’ ဟု တင်ကြပါသည်။

သည်တော့ ရှင်ဘုရင်ကြီးက ‘သဟာဖြင့် သည်မျောက်ကိုပဲ တန်ဆာပလာ ဆင်ပြီး ငါ အမိန့်တော်ရှိသလို အခမ်းအနားနှင့် အမြန်သွား၍ ခေါ်ချေရမည်’ ဟု အမိန့်တော် မှတ်ပါသည်။

အဲသဟာနှင့် မှူးကြီးမတ်ရာတို့လည်း ငါတို့ သင်္ဘောသို့ ရေးကြီးသုတ်ပျာနှင့် လာကြပြီးလျှင် ကပ္ပတိန်အား ရှင်ဘုရင်၏ အမိန့်တော်ကို ပြ၍ ငါ့အား နန်းရင်းဝန် အဝတ်ကို ဆင်မြန်းကာ ခေါ်ဆောင်သွားကြပါသည်။

ငါလည်း မြည်းမယာဉ်သာကို ဣန္ဒြေရစွာ စီး၍ တူရိယာ တီးမှုတ်သူတို့ ခြံရံလျက် မြို့တွင်းသို့ဝင်ကာ ရွှေနန်းတော်သို့ ရှေးရှုသွားပါသည်။ မြို့တွင်းသို့ ရောက်သော် မြို့သူမြို့သားတို့သည် ‘မျောက် မြည်းစီးလာသဟေ့၊ မျောက် မြည်းစီးလာသဟေ့’ ဟူ၍ လည်းကောင်း၊ ‘တို့ ရှင်ဘုရင်က မျောက်ကို နန်းရင်းဝန် ခန့်မလို့တဲ့ဟေ့’ ဟူ၍ လည်းကောင်း၊ ‘ဟယ် မျောက်ကလေးက လိမ္မာလိုက်သဟာ’ ဟူ၍ လည်းကောင်း၊ ‘သည်မျောက်က တယ် ဘုန်းကြီးသည့်မျောက်ပဲ’ ဟူ၍ လည်းကောင်း အမျိုးမျိုး ဟစ်အော်ပြောဆိုကာ ငါ့ကို ဝိုင်း၍ ကြည့်ကြပါသည်။

ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ ရောက်သွားသောအခါ ဘုရင်မင်းမြတ်ကို ငါက သုံးကြိမ်သုံးခါ ဝပ်တွား ဦးနှိမ်၍ အရိုအသေ ပြုပါသည်။ ထိုအခါ နန်းတော်သူ နန်းတော်သားတို့က ‘အမယ် အာဂမျောက်ဟဲ့၊ ရှင်ဘုရင်မှန်း ဘာမှန်းလဲ သူ သိသည် ဟဲ့’ ဟု ဆိုကြပါသည်။ ငါကလည်း စကားမပြောတတ်သဟာက လွဲ၍ နန်းတွင်း ဓလေ့ထုံးစံတို့ကို တစ်ခုမကျန် လိုက်နာပါသည်။ ရှေ့တော်သို့ ငါ ရောက်သွားသည် ဆိုလျှင်ပင် ဘုရင်မင်းမြတ်ကြီးက ညီလာခံ ခွဲလိုက်သဖြင့် နန်းရင်ပြင်၌ ဘုရင်မင်းမြတ်ကြီးနှင့် ငါတို့နှစ်ယောက်ပြင် မင်းလုလင် တစ်ယောက်နှင့် အနောက်ဆောင်မှူးတို့သာ ရှိကြပါသည်။ ထို့နောက် ဘုရင်မင်းမြတ်ကြီးသည် အတွင်းဆောင်တစ်ခုတွင် စားဖွယ် သောက်ဖွယ်များကို ပြင်စေပြီးလျှင် ငါ့ကို သူနှင့်အတူ ပွဲတော်တည်ရန် ခိုင်းပါသည်။ ငါကလည်း ဘုရင်မင်းမြတ်ကြီးအား ရိုသေစွာ ဦးနှိမ်ပြီးလျှင် စားပွဲတွင် ငါ့ဖို့ထားသော နေရာ၌ ထိုင်ကာ ဣန္ဒြေရရ စားပါသည်။ ထို့နောက် ဘုရင်မင်းမြတ်ကြီးက ငါ့အား



www.burmeseclassic.com

www.burmeseclassic.com



သေတကောင်းမှ သေငှဲ့၍ တိုက်ပြန်ပါသည်။ ငါကလည်း သေခွက်ကို ယူ၍ ဣန္ဒြေရစွာ သောက်ပါသည်။

ထို့နောက် ဘုရင်မင်းမြတ်ကြီးက စစ်တုရင်ခုံကို အယူခိုင်းပြီးလျှင် ငါ့ကို စစ်တုရင် ထိုးတတ်သလားဟု မေးပါသည်။ ငါက စစ်တုရင် ထိုးတတ်ကြောင်း လက်ဟန် ခြေဟန်နှင့် ပြပြီး ဘုရင်မင်းမြတ်ကြီးနှင့် ငါနှင့် စစ်တုရင် ထိုးကြပါသည်။ ပထမပွဲတွင် ဘုရင်မင်းမြတ်ကြီးက နိုင်၍၊ ဒုတိယပွဲတွင် ငါက နိုင်၍ သရေဖြစ်ပါသည်။ သဟာနှင့် အရှုံးအနိုင် ပေါ်စေရန် တတိယပွဲ ဆက်၍ ထိုးကြသောအခါ ငါက နိုင်ပါသည်။ ထိုအခါ ဘုရင်မင်းမြတ်ကြီး ရွှေမျက်နှာတော် မကောင်းသဖြင့် ငါက ကဗျာကယာ ဘုန်းတော်ဘွဲ့တစ်ပုဒ်ကို ရေး၍ ဆက်သလိုက်ပါသည်။

ပွဲတော်ခွက်များ မသိမ်းမီတွင်လည်း သစ်သော့သီးပေါ်တွင် ဘုန်းတော်ဘွဲ့ ထိုး၍ ဘုရင်မင်းမြတ်ကြီးကို ငါက ဆက်ပါသည်။ ထို့နောက် သေခွက်တွင်လည်း





ဘုန်းတော်ဘွဲ့ ရေး၍ ဆက်ပါသေးသည်။ သည်တော့ ဘုရင်မင်းမြတ်ကြီးက 'မျောက်မို့ သာပေါ့ကွာ၊ လူဆိုလျှင်တော့ ကျော်ရှော့ပဲ' ဟု မိန့်တော်မူပါသည်။ တစ်ခဏမျှ ကြာသောအခါ မျောက်လိမ္မာ ငါ့အား သမီးတော် လှထိပ်တင်ကို ပြချင်တော်မူသဖြင့် အနောက်ဆောင်မှူးအား သမီးတော်ကို သွား၍ အမြန် ခေါ်ချေရမည်ဟု စေလွှတ်တော်မူပါသတဲ့။

သမီးတော်လည်း ချက်ချင်းရောက်လာ၍ ငါ့ကို မြင်သဟာနှင့် တစ်ပြိုင်နက် သူ့မျက်နှာကို ပဝါနှင့် ဖုံးလိုက်ပြီးလျှင် 'ခမည်းတော်ဘုရားကလည်း ဘယ်လို လုပ်တော်မူသဟာပါလိမ့်၊ သမီးတော်ကို ခေါ်ပြီး အရှက်ခွဲသဟာ ထင်ပါရဲ့' ဟု ရှက်ကိုးရှက်ကန်း ပြောပါသည်။ သည်တော့ ဘုရင်မင်းမြတ်ကြီးက 'ဘဇာလဲ သမီးတော်ရဲ့၊ သည်မှာ သူတစိမ်း ဘယ်သူရှိလို့လဲ။ ခမည်းတော်ရယ်၊ အနောက်ဆောင်မှူးရယ်၊ လက်ပါးစေရယ်၊ ပြီးတော့ သည်မျောက်ကလေးရယ်ပဲ ရှိသဟာပဲ' ဟု ဆိုပါသည်။ သည်တော့ သမီးတော်က 'သည်မျောက်ဟာ မျောက် မဟုတ်ဘူးဖျ၊ ခမည်းတော်လို ဘုရင်မင်းမြတ်တစ်ပါးရဲ့ သားတော်ပဲ၊ အေဗနုတ် သရဲကြီး ဖမ်းစားထားလို့ မျောက်ဖြစ်နေသဟာ' ဟု လျှောက်ပါသည်။ သည်တော့ ဘုရင်မင်းမြတ်ကြီးသည် များစွာ အံ့သြသွားပြီးလျှင် 'ဟဲ့ သမီးတော် ပြောသဟာ ဟုတ်သလား' ငါ့ကို မေးပါသည်။ ငါကလည်း ဟုတ်သည့်အကြောင်း လက်ဟန် ခြေဟန်နှင့် ပြပြီးလျှင် ဝမ်းနည်းလာ၍ ငိုပါသည်။

ထို့နောက် ဘုရင်မင်းမြတ်ကြီးက သမီးတော်အား 'အဲသဟာကတော့ ဟုတ်ပါပြီ၊ သည်အကြောင်းကို ငါ့သမီးတော်က ဘယ်လိုလုပ် သိရသလဲ' ဟု မေးပါသည်။ သည်တော့ သမီးတော်က 'မှန်လှပါ၊ ဖျ သမီးတော်ကို ငယ်စဉ်က ချီချော့ရသည့် အထိန်းတော်ကြီးသည် ကဝေအတတ်၌ တစ်ဖက်ကမ်းခပ် တတ်သဖြင့် သမီးတော်အား လက်ပူး လက်ကြပ် သင်ပေးသောကြောင့် သမီးတော်လည်း ကဝေအတတ် နည်းပေါင်းတစ်ရာ ကျော်ခန့် တတ်ပါသည်။ ခမည်းတော်ဘုရား အလိုတော်ရှိလျှင် သမီးတော်သည် ခမည်းတော်ဘုရား၏ ရွှေနန်းတော်ကြီးကို သမုဒ္ဒရာ အလယ်ကောင်၌ ဓောက်ထိုးပင် ပြောင်း၍ ထားပြီးလျှင် တိုင်းသူပြည်သားများကိုလည်း ငါးတွေဖြစ်သွားအောင် လုပ်နိုင်ပါသည်။ သည့်ပြင်လည်း အထိန်းတော် ကဝေမကြီး၏ ကျေးဇူးကြောင့် သရဲဖမ်းစား၊ စုန်းပြုစားထားသူ တစ်ဦးဦးကို မြင်လိုက်လျှင် ဘယ်သရဲ ဖမ်းစားသည်၊ ဘယ်စုန်း ပြုစားထားသည်ဟု တစ်ခါတည်း ပြောပြနိုင်ပါသည်' ဟု လျှောက်ပါသည်။

သည်တော့ ဘုရင်မင်းမြတ်ကြီးက 'သမီးတော် ပညာတွေ သဟာလောက် တတ်မှန်း အခုမှပဲ ငါ သိရသည်။ သဟာဖြင့် သမီးတော်ရယ်၊ သည်မျောက်ကလေးကို လူပြန်ဖြစ်အောင် လုပ်ပေးလိုက်ပါ။ ဘယ့်နှယ်လဲ၊ သမီးတော် တတ်နိုင်ပါ့မလား' ဟု ဆိုပါသည်။ သည်တော့ သမီးတော်က 'မှန်လှပါ၊ ဘုန်းတော်ကြောင့် တတ်နိုင်ကြောင်းပါ



www.burmeseclassic.com

www.burmeseclassic.com



ဘုရား။ ဒွန္နယာတွင် တတ်ကောင်းတတ်ရာ လျှို့ဝှက်အပ်သော အတတ်များစွာရှိ၍ မိမိ တတ်ကြောင်းကိုလည်း လူတိုင်း မသိအောင် ထားရပါသည် ဘုရား' ဟု လျှောက်ပါသည်။

သည်တော့ တစ်ခါ ဘုရင်မင်းမြတ်ကြီးက 'သည်မျောက်ကလေးကိုသာ လူပြန်ဖြစ်လာအောင် သမီးတော် လုပ်ပေးနိုင်လျှင်တော့ ခမည်းတော်ဘုရား အားကြီးဝမ်းသာမှာပဲ။ ခမည်းတော်ဘုရားက သူ လူပြန်ဖြစ်လာလျှင် နန်းရင်းဝန်ရာထူး ပေးပြီး သမီးတော်နှင့် စုလျားရစ်ပတ်ပေးဖို့ ကြံထားလို့' ဟု မိန့်တော်မူပါသည်။

သည်တော့ သမီးတော်က 'မှန်လှပါ၊ ခမည်းတော်ဘုရား အလိုတော်အတိုင်း သည်မျောက်ကလေးကို လူပြန်ဖြစ်အောင် သမီးတော် စီရင်ပါမည် ဘုရား' ဟု လျှောက်ထားပြီးလျှင် သူ၏ အဆောင်တော်သို့ ဝင်၍ သွားပါသည်။

ထို့နောက် သမီးတော်သည် အဆောင်တော်တွင်းမှ အင်းချထားသော ဓားတစ်လက်ကို ကိုင်၍ လာပြီးလျှင် ဘုရင်မင်းမြတ်ကြီးနှင့်တကွ ငါတို့အားလုံးကို ဝင်းကြီးတစ်ခုထဲသို့ ခေါ်၍သွားပါသည်။ ထိုဝင်းကြီးထဲသို့ ရောက်သောအခါ ငါတို့ကို ဘေး၌ ထိုင်စေပြီးလျှင် သမီးတော်သည် ဝင်းကြီးအလယ်ကောင်၌ စည်းဝိုင်းကြီးတစ်ခု တားပါသည်။ ပြီးလျှင် သမီးတော်သည် စည်းဝိုင်းကြီး အလယ်ကောင်၌ ရပ်လျက် အာဠဗိအက္ခရာများဖြင့် အင်းများ ချပြီးလျှင် ငါတို့ နားမလည်သော ဂါထာမန္တရားများကို ရွတ်ပါသည်။ ထိုအခါ ကမ္ဘာမြေကြီးသည် သွက်သွက်ခါအောင် တုန်လှုပ်ပြီးလျှင် မှောင်ကြီးအတိ ကျ၍ လာသဖြင့် ငါတို့ဟာ များစွာ ကြောက်လန့်ကြပါသည်။ ထိုသို့ ကြောက်လန့်နေဆဲမှာပင် မြွေပွရာ ကင်းမှောင့်သကဲ့သို့ အေဗနုတ် သရဲကြီးသည် ကြောက်မက်ဖွယ်ကောင်းစွာ ကိုယ်ထင်ပြ၍ ပေါ်လာပါသည်။

ထိုအခါ သမီးတော်က 'ဟဲ့ ခွေး၊ နင် ဘာလာလုပ်သဟာလဲ၊ သွား မလာနှင့်' ဟု ဆိုပါသည်။ သည်တော့ သရဲကြီးက 'ဟဲ့ သစ္စာဖောက်မ၊ နင် ဘာလို့ ငါ့ထဲ ဝင်ရှုပ်ရသလဲ၊ သေပေတော့' ဟု ဆိုကာ ရုတ်တရက် ခြင်္သေ့အသွင် ပြောင်းပြီးလျှင် သမီးတော်အား တစ်ခါတည်း ခုန်၍ ဝါးပါသည်။ ငါတို့လည်း မကြည့်ဝံ့သဖြင့် 'အလာဟုအရှင် ကယ်တော်မူပါ၊ အလာဟုအရှင် ကယ်တော်မူပါ' ဟု အော်ပြီးလျှင် မျက်နှာကို လက်ဝါးနှင့် အုပ်၍ ထားကြပါသည်။ ခဏနေ၍ မျက်နှာများကို ဖွင့်၍ ကြည့်လိုက်သောအခါ သမီးတော်သည် လျင်မြန်စွာ ဘေးသို့ တိမ်းလိုက်သဖြင့် ခြင်္သေ့ ခံတွင်းထဲသို့ မရောက်ဘဲ ရှိသည်ကို တွေ့ရပါသည်။

သမီးတော်သည် သရဲကြီး၏ အကြောင်းကို သိပြီး ဖြစ်သဖြင့် ဘေးသို့ တိမ်းလိုက်ပြီးသည်နှင့် တစ်ပြိုင်နက် မိမိဦးခေါင်းမှ ဆံပင်တစ်ချောင်းကို နုတ်၍ ဝှေ့လိုက်ရာ ဓားဖြစ်၍ လာပါသည်။ ထိုဓားဖြင့် ခြင်္သေ့ကြီးအား ပိုင်းလိုက်ရာ ခြင်္သေ့ကြီးသည် ခေါင်း





တခြား ကိုယ်တခြား ဖြစ်၍ သွားပါသည်။ ခြင်္သေ့ကြီး၏ ခါးပိုင်းမှာ ကောင်းကင်သို့ ပျံတက်သွားပြီး ပျောက်ကွယ်သွား၍ ဦးခေါင်းပိုင်းမှာ ကင်းမြီးကောက်ဖြစ်၍ သွားပါသည်။

သည်တော့ သမီးတော်က မြွေကြီး၏အသွင်ကို ပြောင်းပြီးလျှင် ကင်းမြီးကောက်ကို လိုက်၍ ပေါက်ပါသည်။ မြွေကြီးနှင့် ကင်းမြီးကောက်တို့သည် သူ တစ်ပြန် ငါ့တစ်ပြန် ပေါက်ကြ၊ ထိုးကြပြီးနောက် ကင်းမြီးကောက်သည် မြွေကြီး၏ ဏ်ကို မခံနိုင်သဖြင့် လင်းတကြီးယောင် ဆောင်၍ ပျံပြေးပါသည်။ သည်တော့ တစ်ခါ မြွေကြီးကလည်း လင်းယုန်ငှက်ကြီးယောင်ဆောင်၍ လင်းတကြီးကို တစ်ဟုန်တည်း ထိုးလိုက်ပြန်ပါသည်။ ထို့နောက် တစ်နာရီခန့်မျှ ပြေးမိသောအခါ လင်းတကြီးသည် လင်းယုန်ကြီး၏ ဒဏ်ကို မခံနိုင်ပြန်သဖြင့် ကြောင်နက်ကြီးယောင်ဆောင်၍ ပြေးပြန်ပါသည်။ သည်တော့ လင်းယုန်ငှက်ကြီးက ဝံပုလွေယောင်ဆောင်၍ လိုက်ပြန်ပါသည်။ ကြောင်နက်ကြီးသည် ဝံပုလွေ၏ ဒဏ်ကို မခံနိုင်သဖြင့် သစ်သီးပိုးယောင်ဆောင်ပြီးလျှင် မြေကြီးပေါ်တွင် ကြွေကျနေသော သလဲသီးကြီးထဲသို့ ဝင်သွားပြီးလျှင် သလဲသီးကြီးသည် ရွှေဖရုံသီးကြီးလောက် ကြီးလာပြီး ကောင်းကင်သို့ ပျံတက်သွားပြီးနောက် မြေကြီးပေါ်သို့ ပြန်ကျ၍ ပေါက်ကွဲသွားရာ သလဲစေ့များ ဟိုတစ်စေ့ သည်တစ်စေ့ ပျံ့ကြဲလွင့်စဉ်၍ သွားပါသည်။ သည်တော့တစ်ခါ ဝံပုလွေက ကြက်ဖကြီးယောင် ဆောင်ပြီးလျှင် သလဲစေ့များကို တစ်စေ့ပြီးတစ်စေ့ အကုန်ကောက်၍ မျိုပါသည်။

ထို့နောက် ကြက်ဖကြီးသည် အတောင်များခတ်၍ တွန်ပြီးလျှင် 'သလဲစေ့များ ဘယ်နေရာ ကျန်သေးသလဲ၊ သလဲစေ့များ ဘယ်နေရာ ကျန်သေးသလဲ' ဟု နှုတ်သီးဖြင့် ပေါက်၍ မေးပါသည်။ သို့ရာတွင် ငါတို့မှာ ကြက်ဖကြီးက ဘာဆိုလိုသည်ဟု မရိပ်မိကြပါ။ ထို့နောက် ကြက်ဖကြီးသည် ဝင်းထဲ၌ ပတ်ပတ်လည် သလဲစေ့များကို လိုက်၍ ရှာပါသည်။ နောက်ဆုံးတွင် သလဲစေ့တစ်စေ့မှာ ရေကန်ဘေးတွင် ကျနေသည်ကို တွေ့သဖြင့် ကြက်ဖကြီးသည် ကမန်းကတန်း ကောက်၍ မျိုဖို့ လုပ်ပါသည်။

ထိုအခါ သလဲစေ့သည် ရေကန်ထဲသို့ လိမ့်၍ ဆင်းသွားသဖြင့် ကြက်ဖကြီးမှာ ကော၍ ကျန်ရစ်ခဲ့ပါသည်။ သလဲစေ့သည် ရေကန်ထဲသို့ ရောက်သွားသောအခါ ငါးဖြစ်ပြီး ငုပ်သွားပါသည်။ ထိုအခါ ကြက်ဖကြီးကလည်း သူ့ထက် ပို၍ကြီးသော ငါးကြီးယောင် ဖန်ဆင်းပြီး ရေထဲသို့ ဆင်း၍ နောက်က လိုက်ပြန်ပါသည်။

သည်လိုနှင့် ငါးနှစ်ကောင်ဟာ တစ်ကောင်က ရှေ့က ပြေး၊ တစ်ကောင်က နောက်က အတင်းလိုက်နှင့် နှစ်နာရီခန့် ကြာသွားပါသည်။ သည်အတောအတွင်းမှာ ငါတို့ ဘာမျှ မမြင်ကြရပါ။ ကြောက်မက်ဖွယ်ကောင်းသော အော်သံဟစ်သံများသာ ကြားရပါသည်။ နောက်ဆုံးတွင် သရဲကြီးသည် သမီးတော်၏ ဒဏ်ကို မခံနိုင်သဖြင့် သရဲ၏ အသွင်ကို ပြောင်း၍ ကုန်းသို့ တက်လာပြီးလျှင် ခံတွင်းမှ မီးလျှံများကို လွှတ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သမီးတော်လည်း လှူအသွင်ကို ယူပြီးနောက် သရဲကြီးနည်းတူ ခံတွင်းမှ ပို၍ ပြင်းထန်သော မီးလျှံများကို လွတ်ပါသည်။

သရဲကြီးနှင့် သမီးတော်တို့မှာ တစ်ဦးခံတွင်းမှတစ်ဦး မီးလျှံများ လွတ်ဖို့ မထောင်းတာကြသော်လည်း ငါတို့ ဆားက ကြည့်နေရသူများမှာ ကြာလျှင် နန်းတော်ကြီးကို မီးစွဲသွားမည် စိုးရိမ်သဖြင့် ရင်တမမနှင့် ဖြစ်နေကြရပါသည်။

ထို့နောက် သရဲကြီးသည် သမီးတော် လွတ်သော မီးလျှံဒဏ်ကို မခံနိုင်သဖြင့် ငါတို့ဘက်သို့ လှည့်၍ မီးလျှံများ လွတ်သောအခါ ငါတို့မှာ တစ်ခါတော့ ခက်ကြပြီဟု အောက်မေ့ကာ အသက်ပင် မှန်မှန် မရှူနိုင်ကြပါ။

သမီးတော်လည်း ငါတို့ဘက်သို့ သရဲကြီး လှည့်၍ လာသည်ကို မြင်သဖြင့် နောက်မှ လိုက်၍ မီးလျှံလွတ်ကာ တိုက်ပြန်ပါသည်။ သရဲကြီးလည်း နောက်မလုံသဖြင့် သမီးတော်ဘက်သို့ ပြန်၍လှည့်ကာ ခုခံတော့မှ ငါတို့မှာ အနည်းငယ် သက်သာရာ ရပါသည်။ သည်အတောအတွင်း၌ နန်းတော်ကြီးတစ်ခုလုံး မီးခိုးများ ပြည့်လျက်ရှိသဖြင့် ငါတို့မှာ အသက်ရှူ၍ပင် မရအောင် ရှိကြပါသည်။ ဘုရင်မင်းမြတ်ကြီးကလည်း 'ဤဒွန္နယာကြီးတွင် အလာဟု အရှင်မှတစ်ပါး ဘုန်းကြီးသူ မရှိ၊ အလာဟု အရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိ' ဟု တတွတ်တွတ် ရွတ်လျက် ရှိပါသည်။

ငါတို့ဘက်သို့ သရဲကြီး လှည့်၍ လွတ်လိုက်သော မီးလျှံတစ်ခုမှာ ဘုရင်မင်းမြတ်ကြီးဘက်သို့ ရောက်လာသဖြင့် ဘုရင်မင်းမြတ်ကြီး၏ မုတ်ဆိတ်ကို လောင်၍ သွားပါသည်။ အခြား မီးလျှံတစ်ခုမှာ အနောက်ဆောင်မှူးဘက်သို့ ရောက်လာသဖြင့် အနောက်ဆောင်မှူးမှာ တစ်ကိုယ်လုံး မီးသွေးတုံးဖြစ်၍ သွားပါသည်။ ငါ့ဘက်သို့ မီးလျှံတစ်ခုမျှ မလာသော်လည်း မီးပွားစဉ်၍ မှန်သဖြင့် ငါ၏ လက်ယာဘက် မျက်စိ ပျက်၍ သွားပါသည်။ အဲသဟာနှင့် ငါတို့လည်း ငါတို့တော့ မုချ သေရတော့မှာပဲဟု စိတ်အားလျှော့လိုက်ကြပါသည်။ အဲသည်လို စိတ်အား လျှော့လိုက်တုန်းပဲ 'အောင်ပြီ အောင်ပြီ' ဟူသော အသံကို ကြားကြရပါသည်။ ထိုအသံမှာ သမီးတော်၏ အသံဖြစ်သဖြင့် ငါတို့လည်း များစွာ ဝမ်းသာကြပါသည်။ အဲသဟာနှင့် ငါတို့က သမီးတော် ရှိရာသို့ လှည့်ကြည့်လိုက်သောအခါ သရဲကြီးမှာ တုံးလုံးကြီး ပြာကျ၍ သေနေသည်ကို တွေ့ကြရပါသည်။

ထို့နောက် သမီးတော်လည်း သရဲကြီးနှင့် တန်ခိုးပြိုင်ရ၍ မောပန်းနေသည်ကို ပမာဏ မထားဘဲ လက်ပါးစေကလေးအား ရေတစ်ခွက် အမြန်ခပ်ခဲ့ဟု ခိုင်းပြီးလျှင် ထိုရေကိုမန်း၍ ငါ့ကို ကြည့်ပြီးလျှင် 'ဤမျောက်သည် မိမွေးတိုင်း ဖမွေးတိုင်း လူစင်စစ်သို့ ပြန်၍ ရောက်စေသတည်း' ဟူ ဆိုကာ ရေမန်းနှင့် ဖျန်းလိုက်ရာ ငါလည်း တစ်ခါတည်း လူ့အသွင်သို့ ပြန်ရောက်လာပါသည်။ သို့ရာတွင် ငါ၏ မီးပွားစဉ်၍ ပျက်သွားသော မျက်စိမှာ ပြန်၍ ကောင်းမလာတော့ပါ။





အဲသဟာနှင့် ငါက ကျေးဇူးတင်သော သဘောနှင့် သမီးတော်အား ကန်တော့မည်ဟု သမီးတော်ဘက်သို့ လှည့်၍ ဦးနှိမ့်လိုက်ကာ ရှိသေးသည်၊ သမီးတော်က 'အမယ်လေး ပူလှချည့်၊ ပူလှချည့်' ဟု အော်ပြီးလျှင် ဘုရင်မင်းမြတ်ကြီးဘက်သို့ လှည့်၍ 'မှန်လှပါ ခမည်းတော်ဘုရား၊ ဘုရား သမီးတော်ဟာ သရဲကြီးနှင့် ပညာပြိုင်လို့ နိုင်တော့ နိုင်ပါသည်။ သို့သော် သရဲကြီး လွတ်လိုက်သော မီးလျှံတစ်ခုသည် ဖျာသမီးတော်၏ နှလုံးသည်းပွတ်ကို ထိ၍ သွားပါသဖြင့် ဖျာသမီးတော်လည်း မကြာမီပင် သေရပါတော့မည်။ အကယ်၍ ဖျာသမီးတော်သည် သလဲစေ့ အကုန်လုံးကိုသာ ကောက်၍ မျိုနိုင်လိုက်ခဲ့ပါလျှင် သရဲကြီးမှာ အဲသည်တွင် အသက်ပျောက်ဖို့ ရှိပါသည်။ သလဲစေ့ တစ်စေ့ကို ရှာတရက် ရှာမတွေ့လိုက်ရသည့်အတွက် ယခုကဲ့သို့ မီးလျှံလွတ်၍ တိုက်ရသော အခြေအနေသို့ ရောက်ရပါသည်။ မီးလျှံလွတ်၍ တိုက်ရသည့် နေရာတွင်လည်း သမီးတော်သည် သရဲကြီးထက် လျင်သဖြင့် သရဲကြီးမှာ ပြာကျ၍ သွားပါသည်။ သို့ရာတွင် သူ လွတ်လိုက်သော မီးလျှံတစ်ခုလည်း သမီးတော်ကို ထိ၍ သွားပါသဖြင့် သမီးတော်မှာ သေမင်းနိုင်ငံသို့ လိုက်ပါရပါတော့မည်' ဟု လျှောက်ပါသည်။

ထိုအခါ ဘုရင်မင်းမြတ်ကြီးက 'အမယ်လေး... တစ်ခါဖြင့် ခက်ကြပေါ့၊ သမီးတော်လည်း သေ၊ ခမည်းတော်လည်း မုတ်ဆိတ် မီးလောင်၊ အနောက်ဆောင်မှူးလည်း ပြာကျ၊ သမီးတော် ကယ်လိုက်သည့် မင်းသားလည်း မျက်စိတစ်ဖက် ပျက်' ဟု ပြောပြီး ဆို့၍ စကားမဆက်နိုင်ဘဲ ရှိပါသည်။ သမီးတော်လည်း 'အမယ်လေး ပူလှချည့်... ပူလှချည့်' ဟု အော်ရင်း အသက်ပျောက်၍ သွားရှာပါသည်။

အဲသဟာနှင့် ငါလည်း ရင်ထုမနာဖြစ်ပြီး "သြော်... ငါဟာ မျောက်ဘဝနှင့်ပဲ နေရလျှင် သမီးတော်လည်း အသက်ဆုံးရမှာ မဟုတ်ဘူး၊ အနောက်ဆောင်မှူးလည်း သေရမှာ မဟုတ်ဘူး၊ ဘုရင်မင်းမြတ်ကြီးလည်း ဒုက္ခဖြစ်ရမှာ မဟုတ်ဘူး။ ငါ့ မျက်စိ တစ်ဖက်လည်း ပျက်ရမှာ မဟုတ်ဘူး" ဟု အောက်မေ့မိပါသည်။ ဘုရင်မင်းမြတ်ကြီးလည်း မဖြေနိုင် မဆည်နိုင် ပူမီးလှိုင်လျက် ရှိပြီးလျှင် တစ်တိုင်းလုံး တစ်ပြည်လုံးလည်း သမီးတော် ဆုံးရသည့်အတွက် ယူကျုံးမရ ရှိကြပါသည်။

သမီးတော်၏ မသာတော်ကို ခုနစ်ရက်ထားပြီး ကြီးကျယ်ခမ်းနားစွာ ဂူသွင်း သင်္ဂြိုဟ်လိုက်ပါသည်။ ဘုရင်မင်းမြတ်ကြီးလည်း မသာတော် အပြီးတွင် စိတ်ပန်းကိုယ်ပန်း ဖြစ်၍ မမာတော်မူပြီးလျှင် တစ်လခန့်မျှ စက်ရာတော်မှ မထနိုင်ဘဲ ရှိပါသည်။ ဘုရင်မင်းမြတ်ကြီးသည် ကျန်းမာတော်မူလာသောအခါ ငါ့ကို ရှေ့တော်သို့ ခေါ်၍ 'အသင်မင်းသား မရောက်ခင်က ငါတို့မှာ အားလုံးပင် ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင် ရှိကြသည်။ အသင်ရောက်လာမှ အသင့်ကို ကယ်ဆယ်ရေးနှင့် ငါ၏ သမီးတော်လည်း အသက်ဆုံးရပြီ။ အခြား ဒုက္ခများမှာ သင် သိသည့်အတိုင်းပင် ဖြစ်သည်။ ဒွန္နယာ၌



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရသမျှမှာ အလာဟုအရှင်၏ အလိုတော်အတိုင်းသာ ဖြစ်ရသဖြင့် ငါသည် အသင့်အား အပြစ်မဆိုလို။ သို့သော် အသင့်ကို ဆက်၍ တွေ့မြင်နေရလျှင် ငါ့မှာ ဆက်၍ ပူမီးပွားနေဖို့ ရှိသဖြင့် အသင်သည် ယနေ့ပင် ငါ့တိုင်းပြည်မှ ထွက်၍ တော်ရာသို့ သွားပါလော့။ အကယ်၍ ငါ့အမိန့်ကို အသင် ဖီဆန်ခဲ့ပါလျှင် ငါသည် အသင်၏ အသက်ကို ချမ်းသာပေးနိုင်လိမ့်မည် မဟုတ်ပါ' ဟု အမိန့်တော်မှတ်ပါသည်။

အဲသဟာနှင့် ငါလည်း ဘုရင်မင်းမြတ်၏ အမိန့်ကို လွန်ဆန်နိုင်သူ မဟုတ်သည့်အတိုင်း ဘုရင်မင်းမြတ်ကြီးအား ရှိသေစွာ ကန်တော့ခဲ့ပြီး မျက်ခုံးမွေး၊ မုတ်ဆိတ်မွေးတို့ကို ရိတ်ပြီး ဖိုးသူတော်အဝတ်နှင့် ခြေဦးတည့်ရာ လျှောက်၍ လာခဲ့ပြီး နောက်ဆုံးတွင် ဗဂ္ဂဒက်ပြည့်ရှင် ဘုရင်မင်းတရားကြီး၏ ဘုန်းတော်ရိပ်ကို ခိုလှုံရန် အကြံနှင့် ဤနေပြည်တော်သို့ ရောက်လာပါသည်။ နေပြည်တော် တံခါးဝ ကျသောအခါ ပထမ ဖိုးသူတော်နှင့် တွေ့ပြီး တစ်ယောက် တစ်ယောက် နှုတ်ခွန်းဆက်နေတုန်း တတိယ ဖိုးသူတော် ထပ်ရောက်လာပါသည်။ အဲသဟာနှင့် ငါတို့ ဖိုးသူတော်သုံးဦး တည်းစရာ ခိုစရာ ရှာရင်း မမတို့ မင်္ဂလာအိမ်တော်သို့ ရောက်လာသဟာပါပဲ' ဟု ဒုတိယ ဖိုးသူတော်က အိမ်ရှင်မ ဇိုဗေဒါကို အစီရင်ခံသတဲ့။

သည်တော့ ဇိုဗေဒါက 'ဦးသူတော် ပုံကိုတော့ သဘောကျပြီ၊ ဦးသူတော်လည်း လိုရာ ကြွနိုင်ပါပြီ' ဟု ဆိုသတဲ့။

သည်တော့ ဒုတိယ ဖိုးသူတော်က 'ဘာ . . . သည်လိုနှင့် ပြန်နိုင်မလဲ မမရာ၊ ငါ့အကြောင်း သူတို့ နားထောင်ကြသလိုပဲ ငါလည်း သူတို့အကြောင်းကို နားထောင်ပြီးမှ ပြန်နိုင်မှာပေါ့' ဟု ပြောသတဲ့။

သည်တော့ ဇိုဗေဒါက 'ကောင်းပြီ၊ နားထောင်နိုင်သည်' ဟု ဆိုသတဲ့။

ထို့နောက် ဇိုဗေဒါက 'ကိုင်း . . . ပထမ ဖိုးသူတော်နှင့် ဒုတိယ ဖိုးသူတော်တို့ကတော့ သူတို့အကြောင်း သူတို့ စုံလင်အောင် ဖောက်လှန်ပြီးကြပြီ။ အခု တတိယ ဖိုးသူတော် အလှည့် ကျန်တော့သည်' ဟု ဆိုသတဲ့။ သည်တော့ တတိယ ဖိုးသူတော်က ဆိုလတ္တံ့သည့်အတိုင်း စီကာပတ်ကုံး ပြောပြသတဲ့။

## [၇]

## တတိယ ဖိုးသူတော် ဝတ္ထု

အဲသဟာနှင့် တတိယဖိုးသူတော် အလှည့်ရောက်တော့ တတိယဖိုးသူတော်က 'ငါ့အကြောင်းကတော့ ဟိုဖိုးသူတော် နှစ်ယောက် အကြောင်းထက်ပဲ ဆန်းပါသေးသည်။ ဒွန္နယာမှာ မင်းထိုက်စိုးတန် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းနှင့် ပြည့်စုံသည့် အခြေအနေသို့





ရောက်ပြီးမှ တစ်ခါ ဆင်းရဲနွမ်းပါးပြီး ကလေကချေ ဖြစ်ရသည့် ဘဝသို့ ရောက်ရသည့် ဆိုသဟာလည်း အလာဟုအရှင်ရဲ့ အလိုတော်လို့ပဲ ဆိုရမှာပေါ့ မမ' ဟု အစချီပြီးလျှင် ဆိုလတ္တံ့သည့်အတိုင်း သူ့အဖြစ်အပျက်ကို ဇိုဗေဒါအား သူ ပြန်ပြောသတဲ့။

ငါဟာ မင်းသားလည်း မင်းသား၊ ရှင်ဘုရင်လည်း ရှင်ဘုရင် ဖြစ်ပါသည်။ ငါ့အမည်မှာ အာဂျစ်ဖြစ်၍ ငါ၏ ခမည်းတော်၏ နာမည်တော်မှာ ခါဆစ် ဖြစ်ပါသည်။ ခမည်းတော် ခါဆစ် ဘုရင်မင်းမြတ် နတ်ရွာစံသောအခါ ငါပင် ထီးနန်းဆက်ခံ၍ မင်းပြုရပါသည်။ ငါသည် သတ္တဝါအများကို ရင်ဝယ်သားကဲ့သို့ တရားမျှတ သနားကြင်နာစွာ အုပ်စိုးသဖြင့် ငါ့တွင် ရန်လိုမုန်းထားသူ တစ်ယောက်မျှ မရှိဘဲ တစ်တိုင်းလုံး တစ်ပြည်လုံးက ချစ်ခင် ကြည်ညိုကြပါသည်။

ငါ နန်းစိုက်သော မြို့မှာ အင်မတန် စည်ကားသာယာသော ဆိပ်ကမ်းမြို့ကြီး ဖြစ်ပါသည်။ ငါဟာ ပင်လယ်ကမ်းခြေ၌ နေသူတို့ ဘာဝအလျောက် ပင်လယ်ခရီး သွားလာခြင်း၌ အင်မတန် ဝါသနာ ပါပါသည်။ ငါ ပိုင်သော ကျွန်းကြီး ကျွန်းငယ် ရှိသမျှအနက် သင်္ဘောစီး၍ ငါ တိုင်းခန်း မလှည့်ဖူးသောကျွန်း ဟူ၍ တစ်ခုမျှ မရှိပါ။

တစ်နေ့တွင် ငါသည် ပင်လယ်ရပ်ခြား တိုင်းတစ်ပါးသို့ သွား၍ အကြားအမြင် ရှာမှီးရန် သင်္ဘောအစင်းငါးဆယ်ဖြင့် ထွက်ခဲ့ပါသည်။ အရက်လေးဆယ်မျှ သင်္ဘောလွှင့်မိပြီးနောက် တစ်ညတွင် လေကြီးမိုးကြီး မိ၍ ငါတို့သင်္ဘောမှာ မျောချင်ရာ မျော ရောက်ချင်ရာရောက် ဖြစ်ပြီးလျှင် ကမ်းမမြင်သော ပင်လယ်တွင်း၌ မျက်စိလည် လမ်းမှား၍ သွားပါသည်။ အဲသလိုနှင့်ပဲ ဆယ်ရက်ခန့် ကြာပါသည်။ သင်္ဘောသူကြီးကလည်း ငါတို့ဟာ ဘယ်ဆီဘယ်စခန်း ရောက်နေကြမှန်း သူလည်း မပြောနိုင်ဟု ဆိုပါသည်။

အဲသဟာနှင့် ငါတို့သည် သင်္ဘောသားတစ်ယောက်အား ရွက်တိုင်ထိပ်သို့ တက်စေပြီး အရပ်လေးမျက်နှာသို့ အကြည့်ခိုင်းပါသည်။ သင်္ဘောသားကလည်း တောင်ကြည့်လည်း ကမ်းမမြင်၊ မြောက်ကြည့်လည်း ကမ်းမမြင်၊ ဘယ်ဘက်ကို ကြည့်၍မျှ ကမ်းမမြင်သည့်အကြောင်း၊ သို့ရာတွင် သင်္ဘော၏ပဲ့ပိုင်း တူရူတွင် မီးသွေးအတုံးကဲ့သို့ မည်းမှောင်သော အရာကြီးတစ်ခုကို မြင်ရကြောင်းနှင့် ပြောပါသည်။

ထိုသင်္ဘောသား၏ စကားကို ကြားသောအခါတွင် သင်္ဘောသူကြီးမှာ မျက်နှာတွင် သွေးမရှိတော့ဘဲ အင်မတန် ကြောက်ရွံ့သော အမူအရာကို ပြလျက် 'တစ်ခါဖြင့် ခက်ကြပြီ၊ အားလုံး သေကြရတော့မည်' ဟု မြည်တမ်းပါသည်။ သည်တော့ ငါတို့က သင်္ဘောသူကြီးအား အကျိုးအကြောင်းကို ဝိုင်း၍ မေးကြပါသည်။ သင်္ဘောသူကြီးက 'အခု မြင်ရသည့် မည်းမည်းကြီးဟာ တခြား မဟုတ်ဘူး၊ သံလိုက်တောင်ကြီး။ သည် သံလိုက်တောင်ကြီးအနီး ရောက်သွားလျှင် ဘယ်သင်္ဘောမှ မခံနိုင်ဘူး၊ အကုန်ပျက်



www.burmeseclassic.com

www.burmeseclassic.com



သဟာပဲ၊ မနက်ဖြန် မွန်းတည့်လောက်ဆိုလျှင် သည်သင်္ဘောထဲမှာရှိသည့် သံတိုမယ်နမှန်သမျှ တစ်ခုမကျန် အကုန်ကျွတ်ထွက်ပြီး သံလိုက်တောင်ကြီးကို ပြေးကပ်ကုန်ကြတော့မည်။ သည်တော့ သင်္ဘောလည်း စုံးစုံးမြုပ်ကရောပဲ၊ အဲသဟာကြောင့် သည်တစ်ခါတော့ အားလုံး သေကြတော့မှာပဲလို့ ငါ ပြောသဟာ' ဟု ဆိုပါသည်။

ထို့နောက် သင်္ဘောသူကြီးက ဆက်၍ 'သည် သံလိုက်တောင်ကြီး မည်းနေသဟာလည်း အခြားကြောင့် မဟုတ်ဘူး၊ အဲသလို အနားရောက်လာသည့် သင်္ဘောတွေထဲက ကျွတ် ကျွတ် ထွက်ပြီး ကပ်နေသည့် သံတိုမယ်နတွေကြောင့်ပဲ၊ ပြီးတော့ သည်သံလိုက်တောင်ကြီးရဲ့ ထိပ်မှာ ပွတ်ခုံတိုင်ကြီးတွေနှင့် ဆောက်ထားသည့် ကြေးပြာသာဒ်ကြီး ရှိသတဲ့။ အဲသည် ကြေးပြာသာဒ်ကြီး ထိပ်ပေါ်မှာ ကြေးမြင်းရုပ်ကြီးကို စီးနေသည့် လူရုပ်ကြီးလည်း ရှိသတဲ့။ အဲသည် မြင်းစီးနေသည့် သူ့ရဲ့ ရင်အုပ်တန်ဆာတွေကတော့ ခဲမပုပ်နှင့် လုပ်ထားသဟာတဲ့။ အဲသည် ရင်အုပ် တန်ဆာပေါ်မှာလည်း အင်းအမျိုးမျိုး ချထားသတဲ့။ အဲသည် မြင်းစီးနေသည့် အရုပ်ကြီး ပင်လယ်ထဲ လိမ့်ကျမသွားမချင်း သည်နားရောက်လာသည့် သင်္ဘောတွေဟာ သည်လိုပဲ ပျက်ကြမှာပဲတဲ့' ဟု ပြောပြီးလျှင် ရှိုက်ကြီးတငင် ငိုပါသည်။ သင်္ဘောသားတို့လည်း နောက်နေ့ မွန်းတည့်လျှင်ပင် မိမိတို့ သင်္ဘောပျက်၍ သေကြရတော့မည့် အဖြစ်ကို သိသဖြင့် အကယ်၍ မသေ၍ ကျန်ခဲ့သူများရှိလျှင် မိမိတို့ မိဘ ဆွေမျိုးများအား အကျိုးအကြောင်း ပြောပြလိုက်ရန် တစ်ယောက် တစ်ပြန် အမျိုးမျိုး မှာကြပါသည်။

နောက်နေ့ မွန်းတည့်ချိန် ရောက်သောအခါ သင်္ဘောသူကြီး ပြောသည့်အတိုင်းပင် ငါတို့ သင်္ဘောထဲ၌ ရှိသော သံတိုမယ်န မှန်သမျှသည် အားလုံး ကျွတ်ထွက်ပြီး သံလိုက်တောင် ရှိရာသို့ သူ့ထက်ငါ အလျင်ရောက်အောင် အပြေး ပြိုင်ကြသည့်အလား အကုန်ပြေး၍ ကပ်ကြပြီးလျှင် ပြင်းသောအဟုန်ဖြင့် သံလိုက်တောင်ကို ဆောင့်ကြသော အသံမှာလည်း နားပွင့်ခမန်း ဖြစ်ပါသည်။ သင်္ဘောတွင်း၌ ရှိသမျှသော သံများ ကျွတ်၍ ထွက်သွားသည်နှင့် တစ်ပြိုင်နက် ငါတို့သင်္ဘောလည်း တစ်ခါတည်း သင်္ဘောသားများကိုပါ ဆောင်ကာ မြုပ်၍ သွားပါသည်။ ထိုအခါ ငါ့မှာ အလာဟုအရှင်၏ အလိုတော်အရ ပျဉ်တစ်ချပ်ကို ဖက်မိသဖြင့် ကမ်းနားသို့ ဘေးမသီ ရန်မခဘဲ ရောက်၍ သွားပါသည်။ ငါသည် ကုန်းပေါ်သို့ တက်လိုက်လျှင် တက်လိုက်ချင်း တောင်ထိပ်သို့တက်ရန် လုပ်ထားသော လှေကားထစ်များကို တွေ့ပါသည်။ ထိုလှေကားထစ်များမှာ မတ်လည်း မတ်စောက်၊ ကျဉ်းလည်း ကျဉ်းမြောင်းလှသဖြင့် လေအနည်းငယ် တိုက်ရုံမျှနှင့် တက်သောသူမှာ အောက်သို့ လိမ့်ကျ၍ သေနိုင်ပါသည်။ ငါလည်း သတိကြီးစွာနှင့် လှေကားထစ်များကို တစ်ထစ်ပြီးတစ်ထစ် နင်းပြီး တက်သွားရာ တောင်ထိပ်သို့ ချောချောမောမော ရောက်၍ သွားပါသည်။ တောင်ထိပ်ကျသောအခါ သင်္ဘောသူကြီး ပြောလိုက်သည့်အတိုင်း ကြေးပြာသာဒ်ကြီးနှင့် ခေါင်မိုးပေါ်တွင် မြင်းစီး၍နေသော ကြေးရုပ်ကြီးကို





တွေ့ပါသည်။ ငါလည်း တောင်ထိပ်သို့ ရောက်လျှင်ရောက်ချင်း မောမောနှင့် ပြာသာဒ်ကြီး အောက်၌ လှဲအိပ်လိုက်ရာ တစ်ခါတည်း အိပ်ပျော်သွားပါသည်။

ထိုသို့ အိပ်ပျော်နေစဉ် အဘိုးကြီးတစ်ယောက်က လာ၍ 'ဟေ့ အာဂျစ်၊ မင်းအိပ်ရာက နိုးလျှင်နိုးချင်း အခု မင်းအိပ်နေသည့် အောက်ကို တူးကြည့်။ လေးတစ်လက်နှင့် ခဲမြား သုံးစင်းကို တွေ့လိမ့်မည်။ ခဲမြားသုံးစင်းနှင့် မြင်းပေါ်က လူကိုပစ်လျှင် သူတစ်ခါတည်း ပင်လယ်ထဲ ထိုးကျသွားလိမ့်မည်။ မြင်းကတော့ မင်းခြေရင်း လဲကျလာလိမ့်မည်။ မြင်းအလောင်းကို လေးနှင့်မြား တွေ့သည့်နေရာမှာ မြှုပ်လိုက်။ ပြီးတော့ ပင်လယ်ရေ တက်လာပြီး တောင်ထိပ်ကို လွှမ်းသွားလိမ့်မည်။ မကြောက်နှင့်။ ပြီးတော့ သတ္တုရုပ်ကြီးတစ်ခု' လှေလှော်၍ လာလိမ့်မည်။ သည်အခါ မင်းက ဘာမှ မပြောဘဲ လှေကို အသာတက်စီး။ သည်တော့ သူက မင်းကို ကမ်းသို့ ပို့ပေးလိမ့်မည်။ အေး . . . တစ်ခုတော့ မင်း သတိထား၊ ကမ်းကို လှမ်းမြင်လိုက်သည့် အခါကျတော့ မင်းက ဝမ်းသာပြီး အလာဟုအရှင်ကို မတလိုက်လေနှင့်။ အဲသဟာပဲ ငါ မှာလိုက်မည်' ဟု အိပ်မက်ပေးပါသည်။ အဘိုးကြီးလည်း ငါ့အား မှာစရာ ရှိသမျှကို မှာပြီးလျှင် ပျောက်ကွယ်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း အိပ်ရာက နိုးသည်နှင့် တစ်ပြိုင်နက် အဘိုးကြီး မှာသည့်အတိုင်း လေးနှင့် မြားသုံးစင်းကို တူး၍ ယူပြီးလျှင် ပြာသာဒ်ထိပ်က မြင်းစီးရုပ်အား ပစ်ချလိုက်ရာ တတိယအလက်တွင် တစ်ခါတည်း ပင်လယ်ထဲသို့ ကျွမ်းပြန်၍ ကျသွားပါသည်။ မြင်းရုပ်ကြီးမှာ ငါ၏ခြေရင်းသို့ ကျလာသဖြင့် ငါက ကပျာကယာ တူး၍ မြှုပ်လိုက်ပါသည်။ မြင်းကြီးကို မြှုပ်၍ပြီးသည်နှင့် တစ်ပြိုင်နက် ပင်လယ်ရေသည် တက်၍ လာပြီးလျှင် တောင်ထိပ်သို့ လွှမ်း၍ သွားပါသည်။ ထိုအချိန်နှင့် တစ်ပြိုင်နက် သတ္တုရုပ်ကြီးသည် လှေလှော်၍ လာသဖြင့် ငါလည်း ဘာမျှမပြောဘဲ အသာတက်စီးပြီး လိုက်သွားပါသည်။ သတ္တုရုပ်ကြီးလည်း ကိုးရက်နှင့်ကိုးည မနားမနေ လှေလှော်၍ သွားသောအခါ ကမ်းကို မြင်ရပါသည်။ ငါလည်း ဝမ်းသာလုံးဆို့သွားပြီး အဘိုးကြီး မှာလိုက်သော စကားကို မေ့သွားသဖြင့် 'အလာဟု အရှင်သည် ချီးမွမ်းခြင်း၏ တည်ရာပေတည်း၊ အလာဟု အရှင်သည် ချီးမွမ်းခြင်း၏ တည်ရာပေတည်း' ဟု အမှတ်တမဲ့နှင့် အော်လိုက်မိပါသည်။ အဲသလို အော်လည်း အော်လိုက်ပါရော၊ ငါ စီးလာသည့် လှေလည်း တစ်ခါတည်း မြုပ်သွားသဟာပါပဲ။

အဲသဟာနှင့် ငါလည်း အနီးဆုံးကမ်းသို့ ရောက်အောင် အားကုန်ထုတ်၍ ကူးရပါသည်။ ရေကူးလည်း ကျင်လည်ပေလို့သာ တော်ပါသည်။ တစ်နေ့နှင့်တစ်ည မနေမနား ကူးမိတော့ လေမုန်တိုင်းကြီး ကျလာပြီးလျှင် လှိုင်းပုတ်သဟာနှင့် ငါလည်း ကမ်းပေါ်သို့ စဉ်၍ ရောက်သွားပါသည်။ ကမ်းပေါ်သို့ ရောက်သွားတော့ ငါလည်း ဝတ်ထားသော အဝတ်များကို ချွတ်ပြီး နေလှန်း၍ နေပူလှုံကာ မောမောနှင့် အိပ်ပါသည်။ နောက်နေ့ နံနက် အိပ်ရာက နိုး၍ တောင်မြောက်လေးပါး ကြည့်လိုက်တော့ လူရိပ်လူခြည်ဆို၍ အစအနမျှ မမြင်ရပါ။ ငါ ရောက်နေသည့် နေရာမှာလည်း ကုန်းမကြီး မဟုတ်ဘဲ ရေပတ်လည်ဝိုင်းနေသော ကျွန်းသာ ဖြစ်သည်ကို တွေ့ရပါသည်။

ငါသည် ထိုကျွန်းပေါ်တွင် ရှိသော တောသစ်သီးများကို ရှာဖွေစားသောက်ပြီး ပင်လယ်ဘက်သို့ မျှော်ကြည့်လိုက်သောအခါ ငါနေသော ကျွန်းတူရူသို့ သင်္ဘောတစ်စင်း လာနေသည်ကို တွေ့ရပါသည်။ ထိုသင်္ဘောတွင် ပါသည့်လူများမှာ မိတ်ဆွေလား၊ ရန်သူလား ခွဲခြား၍ မသိနိုင်သဖြင့် ငါသည် အခက်အလက် ကောင်းသော သစ်ပင်ကြီးတစ်ပင်ပေါ်သို့ တက်၍ ပုန်းနေပါသည်။ ထိုသင်္ဘောသည် ချောင်းဝတစ်ခုသို့ ဝင်၍ ကပ်ပြီးလျှင် သင်္ဘောပေါ်မှ ပေါက်တူး၊ ပေါက်ချွန်းများကို ကိုင်ကာ ကျွန်မည်းတစ်ကျိပ်ကို ချ၍ ပေးပါသည်။

ထိုသူများသည် ကျွန်းအလယ်ကောင်သို့ ရောက်သောအခါ ရပ်၍ မြေကြီးကို တူးကြပါသည်။ အတော်ကြာ တူးမိသောအခါ မြေကြီးတွင်းမှ ဆွဲတံခါးနှင့် တူသော အရာတစ်ခုကို ဆွဲ၍ ဖွင့်ပြီးလျှင် သင်္ဘောသို့ ပြန်တက်ကြပါသည်။ ထို့နောက် ထိုသူတို့





သည် သင်္ဘောပေါ်မှ စားရေရိက္ခာ တောင်းများ၊ အိမ်ထောင်ပရိဘောဂ ပစ္စည်းများကို သုံးလေးခေါက် သယ်၍၊ ဆွဲတံခါးမှ ဝင်၍ မြေတွင်းသို့ ချကြပါသည်။ နောက်ဆုံးအခေါက်တွင် အဘိုးကြီးတစ်ယောက်နှင့် ဆယ့်လေးငါးနှစ်အရွယ် သနားကမား လူရွယ်တစ်ယောက် ပါလာပါသည်။ ထို့နောက် အဘိုးကြီး သားအဖနှင့် ကျွန်တစ်ကျိပ်တို့သည် မြေတွင်းထဲသို့ ဆွဲတံခါးပေါက်ဖြင့် ဝင်သွားကြပါသည်။ အတန်ကြာသောအခါ အဘိုးကြီး၏သား မပါဘဲ အဘိုးကြီးနှင့် ကျွန်တစ်ကျိပ်သာ ပြန်တက်လာကြသည်ကို တွေ့ရပါသည်။ အဘိုးကြီးနှင့် ကျွန်တစ်ကျိပ်သည် အပေါ်သို့ ရောက်သောအခါ ဆွဲတံခါးကိုပိတ်၍ အပေါ်က မြေကြီးများ လုံအောင် ဖုံးခဲ့ပြီးလျှင် သင်္ဘောသို့ ပြန်၍ သင်္ဘောလွှင့်သွားကြပါသည်။

ငါလည်း သစ်ပင်ပေါ်မှ နေ၍ သင်္ဘောလွှင့်သွားသည်ကို မျက်စိတစ်ဆုံး ကြည့်နေပြီးလျှင် သစ်ပင်ပေါ်မှ ဆင်း၍၊ အဘိုးကြီးသားကို သွင်း၍ ထားခဲ့သော မြေတွင်းရှိရာသို့ သွားကာ မြေကြီးကို တူးဖော်၍ ဆွဲတံခါးကြီးကို ဖွင့်လိုက်ရာ ကျောက်လှေကားကြီးကို တွေ့ရပါသည်။ ထိုကျောက်လှေကားကြီးအတိုင်း ဆင်း၍ သွားသောအခါ ကြီးကျယ်ခမ်းနားသော မြေတွင်းဗိမာန်ကြီးကို တွေ့ရပါသည်။ ငါလည်း ဟိုကြည့်သည်ကြည့် ကြည့်ရင်းနှင့် ဝင်၍ သွားသောအခါ အခန်းတစ်ခုထဲတွင် အသက် ၁၅ နှစ်ခန့် ရှိသော သူငယ်တစ်ယောက် ပိုးဖဲကတ္တီပါတို့ဖြင့် ဆန်းကြယ်စွာ တန်ဆာဆင်အပ်သော မှီအုံးပေါ်တွင် ထိုင်၍ နေသည်ကို တွေ့ရပါသည်။ ထိုသူငယ်လည်း ငါ့ကို မြင်သောအခါ အတော်ပင် ထိတ်လန့်တုန်လှုပ်သွားပုံ ရပါသည်။ သဟာနှင့် ငါက 'ငါ လာခြင်းအတွက် တစ်စုံတစ်ရာ စိုးရိမ်ကြောင့်ကြတော်မူခြင်း မဖြစ်ပါလင့်။ ငါသည် မင်းလည်းမင်းသား၊ ရှင်ဘုရင်လည်း ရှင်ဘုရင် ဖြစ်ပါသည်။ ငါ၏ လာခြင်းသည်လည်း ကောင်းသောလာခြင်း ဖြစ်ပါသည်' ဟု ပြောပါသည်။

သည်တော့မှ ထိုသူငယ်သည် ကြောက်စိတ်ပြေပြီး ငါ့ဘက်သို့ လှည့်၍ 'ငါ မြေကြီးထဲမှာ လာပြီး ပုန်းနေသည့် အကြောင်းကတော့ အံ့စရာကြီးပါပဲ။ ငါ့အဖေဟာ အင်မတန် ကြွယ်ဝချမ်းသာသည့် သူဌေးကြီးတစ်ယောက် ဖြစ်ပါသည်။ လယ်တွေယာတွေလည်း အများကြီး ပိုင်ပါသည်။ လှေတွေ သင်္ဘောတွေလည်း အများကြီး ပိုင်ပါသည်။ ရတနာ ရွှေငွေနှင့်လည်း ပြည့်စုံပါသည်။ ကျောက်သံပတ္တမြားလည်း ပေါများပါသည်။ အဲသလို ပစ္စည်းဥစ္စာနှင့် ပြည့်စုံသော်လည်း သူ့အမွေကို ဆက်ခံမည့် သားသမီး မထွန်းကားသဖြင့် ငါ့အဖေဟာ များစွာပဲ စိတ်မကောင်း ဖြစ်နေပါသည်။ တစ်နေ့တော့ မကြာမီဘဲ သားတစ်ယောက် ရလိမ့်မည်လို့ ငါ့အဖေက အိပ်မက် မက်ပါသတဲ့။ အဲသလို အိပ်မက် မက်သည့်အတိုင်းပဲ နောက်တစ်နှစ်ကျတော့ ငါ့ကို မွေးပါသည်။

သည်တော့ ငါ့အဖေလည်း ဝမ်းသာလွန်းလို့ ဗေဒင်ကျော် ဗေဒင်မော်များကို



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ပြီး ငါ့ရဲ့ဇာတာကို အစစ်ခိုင်းပါသည်။ သည်တော့ ဗေဒင်ဆရာ နက္ခတ်ဆရာ အကုန်လုံးကပဲ 'သူဌေးကြီးရဲ့သားဟာ ၁၅ နှစ် အရွယ်ရောက်လျှင် သေဖို့ မြင်သည်' ဟု တညီတညွတ်တည်း ဟောကြပါသည်။ သည်တော့ ငါ့အဖေက 'သေမည် ဆိုသဟာ တော့ ဟုတ်ပါပြီ ခင်ဗျာ၊ ဘယ်ပုံဘယ်နည်းနှင့် သေမည် ဆိုသဟာ တစ်ဆိတ် လင်း တော်မူကြပါ' လို့ ဆိုပါသည်။ သည်တော့ ဗေဒင်ပညာရှိများက သူဌေးကြီး၏သားဟာ အသက် ၁၅ နှစ် အရွယ်သို့ ရောက်သောအခါ ခါဆစ်မင်း၏သား အာဂျစ်ဘုရင်မင်းသည် သံလိုက်တောင်က မြင်းစီးကြေးရုပ်ကြီးကို လေးနှင့် ခွင်းပါလိမ့်မည်။ ထိုသို့ ခွင်းပြီးနောက် အရက်ငါးဆယ် ကြာသောအခါ ထိုအာဂျစ်ဘုရင်၏ လက်ချက်နှင့်ပင် သူဌေးမင်း သား သေပါလိမ့်မည်လို့ ဟောကြပါသည်။

အဲသဟာနှင့် ငါ့အဖေဟာ ငါ့အတွက် တထိတ်ထိတ် တလန့်လန့်နှင့် ဖြစ်နေ ရှာပါသည်။ သည်အတွင်းမှာပဲ ငါကလည်း အသက် ၁၅ နှစ် ရောက်လာပါသည်။ သည်တော့ ငါ့အဖေကလည်း ငါ့အတွက် ပို၍ စိုးရိမ်လာပါသည်။ မနေ့ကတော့ တစ်ခါ သံလိုက်တောင်ပေါ်က မြင်းစီးကြေးရုပ်ကြီးကို အာဂျစ်ဘုရင် လေးနှင့်ခွင်းလိုက်သဟာ ဆယ်ရက်ရှိပြီဆိုသည့် သတင်းကို ကြားရပြန်သည်။ သဟာနှင့် ငါ့အဖေလည်း အာဂျစ် မင်း၏ လက်ချက်ဖြင့် ငါ့အသက် မသေရလေအောင် ဆိုပြီး ဟောသည် မြေတွင်း တိုက်ကြီးထဲမှာ အစားအသောက် အပြည့်အစုံနှင့် ငါ့ကို လာထားသဟာပါပဲ။ နောက် အရက်လေးဆယ်လွန်တော့ ငါ့ကို ငါ့အဖေက လာခေါ်ပါလိမ့်မည်။ ငါ့အထင်တော့ အာဂျစ်ဘုရင်ဟာ ငါ့ကို ဘယ်နည်းနှင့်မှ သည်နေရာထိအောင်တော့ လိုက်ရှာမှာ မဟုတ်ဘူး' ဟု ပြောပါသည်။

အဲသည်တော့ ငါလည်း "ဘာမျှ အပြစ်မရှိသည့် သူငယ်တစ်ယောက်ကို ငါက အကြောင်းမဲ့ သတ်ပစ်ရမည်ဆိုသဟာ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်ပါဘူး" ဟု အောက်မေ့ပြီး ဝမ်းထဲက ပြုံးမိပါသည်။ ငါက "အာဂျစ်ဘုရင် ဆိုသဟာ တခြား မဟုတ်ဘူး၊ ငါပဲ" ဟု ပြောလိုက်လျှင်လည်း သူဌေးသားကလေး ပို၍ ကြောက်သွားမည်စိုးသဖြင့် ငါသည် မည်သူမည်ဝါ ဖြစ်သည်ဟု ပြောမပြဘဲ ငါ့အား မိတ်ကောင်းတစ်ယောက် အဖြစ်နှင့် သဘောထားနိုင်ကြောင်း၊ ငါကလည်း မိတ်ဆွေကောင်း ပီသစွာ သေစရာရှိတောင်ပင် အသေခံ၍ သူ့ကို ကာကွယ်စောက်ရှောက်ပေးမည့် အကြောင်း၊ နောက် သူ့အဖေ သင်္ဘော နှင့် လာခေါ်သည့် အခါကျတော့သာ ငါ့ကို ထားမပစ်ခဲ့ဘဲ ငါ့တိုင်းပြည်သို့သာ ပို့ပေးဖို့ အကြောင်း၊ မြေတွင်းတိုက်ကြီးထဲ၌ နေစဉ်အတွင်း ငါ့ကို ကျွန်ကောင်းတစ်ယောက်ဟု သဘောထားနိုင်ကြောင်းနှင့် ပြောပြပါသည်။

သည်တော့ သူဌေးသားလည်း များစွာ ဝမ်းသာသွားပါသည်။ ထို့နောက် ငါတို့ နှစ်ယောက်သည် အပျင်းပြေ ထွေရာလေးပါး စကားအမျိုးမျိုး ဆွေးနွေးကြပါသည်။





သူဌေးသားသည် အသက်ပင် ငယ်သော်လည်း အကြားအမြင်နှင့် ပြည့်စုံ၍ အစစ အရာရာတွင် အတော်ခေါက်မိသော သူငယ်ဖြစ်သည်ကို တွေ့ရပါသည်။ ထို့နောက် ငါက ဝတ္တရားကျေပွန်သော ကျွန်ကောင်းပမာ စားဖွယ်သောက်ဖွယ်များ ပြင်၍ သူဌေး သားကို ကျွေးပါသည်။ ငါလည်း စားပါသည်။ ညအချိန်သို့ ရောက်သောအခါ အိပ်ရာ ပြင်၍ သူဌေးသားကို သိပ်ပြီးမှ ငါက အိပ်ပါသည်။ နံနက် လင်းသောအခါလည်း သူဌေးသား အိပ်ရာမှ မထခင် ငါက ထ၍ သူ မျက်နှာသစ်ရန်၊ ရေချိုးရန် ရေနွေးတည်၍ ပေးပါသည်။

သည်လိုနှင့် သူဌေးသားလည်း ငါ့ကို ချစ်ခင်နေပြီး သူ့အပေါ်မှာ ပြုစု စောင့် ရှောက် နေသည့်အတွက် များစွာ ကျေးဇူးတင်သည့်အကြောင်း၊ အကယ်၍ သူသည် ခါဆစ်မင်း၏သား အာဂျစ်ဘုရင်၏ လက်ချက်ဖြင့် မသေရပါမူ ငါ့ကို သူ့အဖေထံသို့ ခေါ်သွားပြီးလျှင် ငါ့တစ်သက်စာ မကုန်အောင် ဆုလာဘ်များ ပေးမည်ဖြစ်ကြောင်း၊ အကယ်၍ အလာဟုအရှင် အလိုတော်ရှိသဖြင့် သေရမည် ဆိုသည့်တိုင်အောင်ပင် ငါ့ကျေးဇူးကို မေ့မည် မဟုတ်ကြောင်းနှင့် ပြောပါသည်။

သည်တော့ ငါက ငါသည် သူဌေးသားအား အသက်ထက်ဆုံး ကျန်းမာ ချမ်းသာစွာနှင့် တွေ့မြင်ရလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ အကယ်၍ သေမင်းနိုင်ငံ သို့ လိုက်ပါရမည် ဖြစ်လျှင်လည်း သူဌေးသား အလျှင် ငါ လိုက်ပါရဖို့ ဆုတောင်း ပါကြောင်း ပြောပါသည်။ ထို့နောက် ငါလည်း သခင့်ဝတ် သိသော ကျွန်လိမ္မာကဲ့သို့ သူဌေးသားအပေါ်တွင် အခါမလပ် ပြုစုကာ နေပါသည်။ အဲသဟာနှင့် သူဌေးသား ကလေးနှင့် ငါဟာ သူကလည်း ငါ့ကိုခင်၊ ငါကလည်း သူ့ကိုချစ် ဖြစ်ပြီး စားကြ သောက်ကြ၊ ပျော်ကြပါးကြနှင့် နေလိုက်ကြသဟာ သုံးဆယ့်ကိုးရက် လွန်သွားပါ သည်။

အရက်လေးဆယ်မြောက်သည့်နေ့ နံနက်လင်းတော့ ငါကလည်း ဝတ္တရား မပျက်၊ သူ အိပ်ရာမှ နိုးသည်ဆိုလျှင် အဆင်သင့် မျက်နှာသစ်ဖို့ရအောင် ရေနွေး များ ကျိုထားပါသည်။ ပြီးတော့ ငါတို့နှစ်ယောက် နံနက်စောစောစာ စားနေကြရင်း သူဌေးသားက 'သည်နေ့ အရက်လေးဆယ် ပြည့်ပြီ၊ အာဂျစ်မင်းက ငါ့ကိုတော့ လာသတ် တော့မှာ မဟုတ်ပါဘူး၊ မနက်ဖြန်ခါဆိုလျှင် ငါ့အဖေ လာခေါ်လိမ့်မည်။ သည်နေ့ ရေမိုးချိုးပြီး အဆင်သင့် လုပ်ထားရအောင်၊ တစ်ဆိတ် ရေနွေး တည်ပေးပါလား အစ်ကိုကြီးရယ်' ဟု ငါ့ကို ပြောပါသည်။ ငါကလည်း သူဌေးသား အလိုရှိသော ရေနွေးကိုတည်၍ ပေးပြီးနောက် ငါကိုယ်တိုင်ပင် သူ့ကို ရေချိုး၍ ပေးပါသည်။ ပြီးတော့ ငါတို့နှစ်ယောက် ပျော်ပျော်ပါးပါး စားကြသောက်ကြ၊ စကားစမြည် ပြောကြနှင့် ထိုနေ့ အချိန်ကုန်၍ သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်အနည်းငယ် နက်လာတော့ သူဌေးသားက အိပ်ရာပေါ် လှဲနေရင်း 'အစ်ကိုကြီးရယ် ဆာလိုက်သဟာ၊ ဖရဲသီးနှင့်သကြား စားလိုက်လျှင်တော့ ကောင်းမှာပဲ' ဟု ဆိုပါသည်။ သဟာနှင့် ငါက စားဖိုဆောင်မှ ဖရဲသီးနှင့်သကြားကို သွားယူပြီး လင်ပန်းနှင့် ထည့်၍ စားပွဲပေါ်မှာ တင်ထားပါသည်။ ထို့နောက် ငါက 'သဟာထက် ညီလေးရယ်၊ ဓား ဘယ်မှာထားသလဲဟေ့' လို့ မေးပါသည်။ သည်တော့ သူက 'အစ်ကိုကြီးရေ၊ ငါ့ခေါင်းရင်းက စင်ပေါ်မှာ တင်ထားပါသည်။ အစ်ကိုကြီး တစ်ဆိတ် တက်ယူလိုက်ပါ' ဟု ဆိုပါသည်။ အဲသဟာနှင့် ငါကလည်း ဓားကိုယူရန် သူ့ခုတင် ခေါင်းရင်းနားက ခပ်ခဲခဲယဥ်းယဥ်းနှင့် တက်ပါသည်။

ထို့နောက် ငါက ဓားကို မမှီတမီနှင့် လှမ်း၍ဆွဲလိုက်ရာ ဓားလည်း လက်ထဲ ရောက်လည်းရောက်ရော ငါဟာ ခြေချော်ပြီး သူဌေးသားအပေါ်သို့ လိမ့်ကျသွားသဟာ ပါပဲ။ သူဌေးသားလည်း 'အမလေး သေပါပြီ အစ်ကိုကြီးရဲ့' ဟု တစ်ခွန်းတည်း အော် နိုင်ပြီး အသံတိတ်၍ သွားပါသည်။ ငါလည်း လန့်ပြီး သူဌေးသားကို ကြည့်လိုက်ရာ ငါ၏ဓားမှာ သူ၏ရင်ဘတ်တွင် တန်းလန်းကြီး တပ်လျက် နေပြီးလျှင် သူဌေးသားမှာ နောက်ထပ် စကားမေး မရတော့ဘဲ ပွဲချင်းပြီး သေနေသည်ကို တွေ့ရပါသည်။

ငါလည်း ငါ.အင်မတန် ချစ်ခင်သော ကျေးဇူးရှင် သူဌေးသားမှာ ငါ၏ လက်ချက်ဖြင့် သေပွဲဝင်ရပြီ ဖြစ်သဖြင့် ယူကျုံးမရဖြစ်ကာ ရင်ဘတ်စည်တီး ငိုပါသည်။ သို့ရာတွင် ဒွန္နယာမှာ ဖြစ်ရလေသမျှသည် အလာဟုအရှင်၏ အလိုတော် အတိုင်းသာ ဖြစ်ရခြင်း ဖြစ်သဖြင့် ငါသည် ငိုရုံကလွဲ၍ ဘာမျှ မတတ်နိုင်ပါ။ ထို့နောက် ထိုမြေတွင်း တိုက်ကြီးထဲ၌ ငါ ဆက်၍နေခဲ့သော် နောက်တစ်နေ့ သူဌေးကြီး လာသောအခါ ငါ့အား သူ့သားကို သတ်သူဟု ကောန် စွပ်စွဲတော့မည် ဖြစ်ပါသည်။ မည်ကဲ့သို့ပင် ထုချေသော် လည်း ရတော့မည် မဟုတ်ပါ။ ထို့ကြောင့် ငါသည် ကပျာကယာ လှေကားကြီးသို့ တက်၍၊ အပေါ်က ပိတ်ထားသော တံခါးကို တွန်း၍ ဖွင့်ပြီးလျှင် အပြင်သို့ ထွက်ခဲ့ပြီး နောက် တံခါးကို ပြန်ပိတ်ကာ မြေကြီးများဖြင့် ပြန်၍ လုံခြုံစွာ ဖုံးခဲ့ပါသည်။

ငါ အပြင်သို့ ရောက်၍ ပင်လယ်ဘက်သို့ မျှော်ကြည့်လိုက်ရာ သင်္ဘောကြီး တစ်စင်းသည် ငါနေသော ကျွန်းသို့ ရှေးရှု၍ လာနေသည်ကို တွေ့ရပါသည်။ သည်တော့ ငါလည်း ကိုယ့်ဟာကိုယ် လိပ်ပြာမလုံသဟာနှင့် အနီးမှာရှိသော သစ်ပင်ကြီး တစ်ပင် ပေါ်သို့ တက်၍ ပုန်းနေပါသည်။ ငါ သစ်ပင်ကြီးပေါ်သို့ ရောက်၍ တအောင့်လောက် ကြာသောအခါ သင်္ဘောကြီးလည်း ချောင်းဝသို့ ဝင်၍ ကပ်ပြီးလျှင် သင်္ဘောပေါ်မှ သူဌေးအဘိုးကြီးနှင့် သူ့ကျွန်များ ဆင်း၍ လာကြပါသည်။

မြေတွင်းတိုက် အဝင်ဝ တံခါးနေရာသို့ ရောက်ကြသောအခါ ဆွဲတံခါးကို အပေါ်ယံက ဖုံး၍ထားသော မြေကြီးများမှာ ခြေရာလက်ရာပျက်၍ မြေသစ်များ ဖြစ်၍





နေသည်ကို တွေ့ကြသဖြင့် သူဌေးကြီးနှင့်တကွ နောက်ပါ အခြွေအရံများမှာ မျက်လုံး မျက်ဆန်ပြူး၍ သွားကြပါသည်။ ထို့နောက် ဆွဲတံခါးကို ဒရောသောပါး ဖွင့်ပြီးလျှင် သူဌေးသား၏ နာမည်ကို တကြော်ကြော်ခေါ်ကာ အပြေးအလွှား ဆင်း၍ သွားကြပါ သည်။ သူတို့အားလုံး အထဲသို့ ရောက်၍ သွားကြသောအခါ တစ်ခဏမျှ ဘာသံမျှ မကြားရပါ။ အတန်ငယ်ကြာမှ သံကုန်ဟစ်၍ ငိုကြသော အသံကို ကြားရပါသည်။

ထို့နောက် သူဌေးကြီး၏ ကျွန်များသည် သူဌေးကြီးအား ပွေ့၍ ထွက်လာ ပါသည်။ သူဌေးကြီးမှာ သူ့သားအတွက် အပူမီး ဆို့ပြီးလျှင် မေ့မြော၍ သွားရှာပါသည်။ အဘိုးကြီး၏ ကျွန်များသည် သူတို့သခင်အား သတိပြန်၍ ရအောင် တတ်သမျှ မှတ်သမျှ ဝိုင်း၍ လုပ်ကြပါသည်။ သို့ရာတွင် အဘိုးကြီးခမျာမှာ တော်တော်နှင့် သတိမရပါ။ အတော်ကြီးကြာမှ သတိရသောအခါ သူ့ကျွန်များသည် သူဌေးသား၏ အလောင်းကို မြှုပ်ရန် တွင်းတူးကြပါသည်။ ထို့နောက် သူဌေးသား၏ အလောင်းကို သန့်ရှင်းဖြူစင် သော ပိုးဖဲအထည်တို့ဖြင့် ပတ်၍ မြေမြှုပ်လိုက်ကြပါသည်။

အဘိုးကြီးလည်း သည်းထန်စွာ ငိုကြွေးပါသည်။ ထို့နောက် ကျွန်များသည် မြေတွင်းတိုက်ကြီးထဲမှ ပစ္စည်းများကို သယ်၍ သင်္ဘောပေါ်သို့ ပို့ကြပြီးလျှင်၊ ပူမီးလောင်၍ အားပျော့နေသော အဘိုးကြီးအား ထမ်းစင်ဖြင့် ထမ်းပြီးလျှင် သင်္ဘောပေါ်သို့ ဆောင်သွား ကြပြီးနောက် ကြေကွဲသော နှလုံးဖြင့် သူဌေးသား မပါဘဲ သင်္ဘောလွှင့်၍ သွားရှာကြ ပါသည်။

အဲသဟာနှင့် ငါလည်း ကျွန်းကြီးပေါ်မှာ တစ်ကောင်ကြွက် တစ်မျက်နှာ ကျန်ရစ်ခဲ့ပါသည်။ သည်တော့ ငါ့စိတ်ထဲက "ငါဟာ သည်လိုနေလို့တော့ မဖြစ်ဘူး၊ လူသူလေးပါးရှိရာ ကမ်းသို့ ရောက်အောင် ကြိုးမှပဲ" လို့ အောက်မေ့ပြီး ကျွန်းကြီး တစ်ကျွန်းလုံး လှူးလာခေါက်တုံ့လျှောက်ပြီး တစ်လလောက် ထွက်လမ်းကို ရှာပါ သည်။ တစ်နေ့တော့ ငါနေသည့် ကျွန်းတစ်ဖက်ဟာ ကုန်းမကြီးနှင့် ချောင်း တိမ်တိမ် ကျဥ်းကျဥ်းကလေးသာ ခြားနေသည်ကို တွေ့ရပါသည်။ အဲသဟာနှင့် ငါလည်း သူဌေး သား အလောင်း မြှုပ်သည့်နေရာသို့ သွားပြီးလျှင် "အစ်ကိုကြီး လက်ချက်နှင့် ညီလေး သေရသဟာ အစ်ကိုကြီး စိတ်မကောင်းပါဘူး ညီလေးရယ်၊ အစ်ကိုကြီး တမင်လုပ် သဟာ မဟုတ်ပါဘူးနော်၊ အစ်ကိုကြီး အပေါ်မှာ ဗွေမယူပါနှင့်၊ အခု အစ်ကိုကြီး သွားတော့မည်၊ ညီလေး နေရစ်ခဲ့ပေတော့" ဟု နှုတ်ဆက်ပြီး မျက်ရည်ဖြိုင်ဖြိုင် ကျ၍ လာပါသည်။

ထို့နောက် ငါသည် ချောင်းကလေးကို ဖြတ်၍ ကုန်းမကြီးရှိရာသို့ ကူးပါသည်။ ကုန်းမကြီးဘက်သို့ ရောက်သောအခါ ရွှံ့တစ်တန် သဲတစ်တန်ကို ပင်ပန်းကြီးစွာနှင့် ဖြတ်ကျော်ပြီးမှ မြေမာမြေကောင်းသို့ ရောက်ပါသည်။ မြေမာမြေကောင်းသို့ ရောက်သော



www.burmeseclassic.com

www.burmeseclassic.com



အခါ ငါဟာ အတော်မော၍ နေပါပြီ။ သို့ရာတွင် နားဖို့ရန် သင့်တော်သောနေရာ မဟုတ်သေးသဖြင့် ရှေ့သို့ ခရီးဆက်သွားရန် မျှော်ကြည့်လိုက်သောအခါ ငါ၏ ရှေ့တူရူ အရပ်တွင် မီးလျှံကြီးတစ်ခုကို တွေ့ပါသည်။ ငါသည် သိချင်ဇောနှင့် ထိုမီးလျှံကြီးကို သေသေချာချာ ဆက်၍ ကြည့်သောအခါ ထိုမီးလျှံကြီးမှာ မီးလျှံမဟုတ်ဘဲ နေရောင် ဟပ်သဖြင့် မီးလျှံအသွင် ပေါက်၍နေသော ကြေးနီဗိမာန်ကြီး ဖြစ်သည်ကို တွေ့ရ ပါသည်။

အဲသဟာနှင့် ငါလည်း အကြောင်းမည်သို့ဟု သိရန် ကြေးနီဗိမာန်ကြီး ရှိရာသို့ ခြေကုန်သုတ်၍ သွားပါသည်။ ခရီးလေးငါးတိုင်ခန့် လျှောက်မိ၍ ထိုဗိမာန်ကြီးအနီးသို့ ချဉ်းမိသောအခါ ငါ့တစ်သက်တွင် ထိုမျှလောက် ကြီးကျယ်ခမ်းနားသော အဆောက်အအုံ မျိုးကို မတွေ့ဖူးသဖြင့် ငါဟာ ရင်သပ်ရှုမော အံ့သြ၍ မဆုံးနိုင်အောင် ဖြစ်သွားပါသည်။ ထိုအခိုက်တွင် ဗိမာန်ကြီးထဲမှ အရပ်ရှည်ရှည် အဘိုးကြီးတစ်ယောက်သည် ရုပ်ရည် သန့်ရှင်းလှပသော ယောကျ်ားပျို့တစ်ကျိပ် ရံ၍ ထွက်လာပါသည်။ အားလုံးသော ယောကျ်ားပျို့ တစ်ကျိပ်လုံးမှာ လက်ယာဘက် မျက်စိ တစ်ဖက်လပ်ချည်း ဖြစ်ပါသည်။ သည်တော့ ငါ့စိတ်ထဲမှ “တယ် ဆန်းပါကလား၊ ကြေးနီဗိမာန်ကြီးကလည်း ဆန်း၊ သည်သူ တစ်ကျိပ် မျက်စိကန်းပုံကလည်း ဆန်း၊ ဘယ်လိုဟာများပါလိမ့်” ဟု အောက် မေ့ပြီး တစ်ခဏမျှ တွေ၍ နေမိပါသည်။

ထိုအခိုက်တွင် အဘိုးကြီးနှင့် အဖော်တစ်ကျိပ်က ငါ့ကို ‘ဘယ်လိုအကြောင်း ဘယ်လိုကိစ္စနှင့် သည်ကို ရောက်လာပါသနည်း’ ဟု ဖော်ဖော်ရွေရွေ မေးကြပါသည်။ သည်တော့ ငါကလည်း ငါ့အဖြစ်အပျက်များကို စုံလင်စေ့ငစွာ ပြန်ပြောပြပါသည်။ ထို့နောက် သူတို့အားလုံးကပင် ငါ ပြောသဟာကို သဘောကျသဖြင့် ငါ့ကို သူတို့ ကြေးနီဗိမာန်ကြီးသို့ လိုက်ဖို့ ခေါ်ပါသည်။ သည်တော့ ငါက အားရဝမ်းသာနှင့် လိုက်၍ သွားပါသည်။

ကြေးနီဗိမာန်ကြီးသို့ ရောက်သောအခါ သူတို့နေကြသော အဆောင်မကြီး သို့ မရောက်မီ ဖြတ်၍သွားရသော အခန်းပေါင်းမှာ ငါ့စိတ်အထင်ဖြင့် မရေမတွက် နိုင်လောက်အောင်ပင် ရှိပါသည်။ သူတို့နေသော အဆောင်မကြီး အတွင်းတွင် နူးညံ့ ပျော့ပျောင်းသော ပိုးဖဲတို့ဖြင့် စီရင်အပ်သည့် ညောင်စောင်းငယ်ငယ် ဆယ်ခုနှင့် အဆောင်မကြီး၏ အလယ်ကောင်တွင် ညောင်စောင်းကြီးတစ်ခု ရှိပါသည်။ ညောင် စောင်းငယ် ဆယ်ခုမှာ ယောကျ်ားပျို့တစ်ကျိပ် အိပ်ရန်၊ ထိုင်ရန် ဖြစ်၍ အလယ်ကောင်က ညောင်စောင်းကြီးမှာ အဘိုးကြီးအတွက် ဖြစ်ပါသည်။

အားလုံးသော ညောင်စောင်းတို့မှာ တစ်ယောက် ထိုင်လောက်ရုံသာ ရှိသဖြင့် ငါ့ကို ကြမ်းပေါ်က ကော်ဇောပေါ်တွင် အထိုင်ခိုင်းပါသည်။ ထို့နောက် ငါ့အား သူတို့





အားလုံးက ငါတွေ့မြင်ရသမျှနှင့် ပတ်သက်၍ ဘာမျှ မေးလား မြန်းလား မလုပ်ရန် ပြောကြပါသည်။ ညောင်စောင်းအားလုံးကို ဖုံးအုပ်သော အထည်ကမ္ဗလာတို့မှာ အားလုံး အပြာရောင်ချည်း ဖြစ်ပါသည်။ အဘိုးကြီးသည် တအောင့်လောက် ကြာသောအခါ အတွင်းသို့ သွား၍ စားဖွယ်သောက်ဖွယ်များကို ယူလာပြီးလျှင် ငါ့ကို ညစာ ကျွေးပါ သည်။

ငါလည်း ဆာဆာနှင့် ဝအောင် အီအောင် စားပါသည်။ ထို့နောက် ငါနှင့် တကွ အားလုံး စား၍သောက်၍ ပြီးသောအခါ ယောကျ်ားပျို့ ကာဏာရိပ်များက ငါ၏ အဖြစ်အပျက်ကို ပြန်၍ပြောပါဦး ဆိုသဖြင့် ငါကလည်း ပြန်၍ ပြောရပါသည်။ ထို့နောက် ညဥ့်လည်း အတော်နက်သွားသဖြင့် ယောကျ်ားပျို့များက ‘ငါတို့လည်း အိပ်ချင်ကြပြီ၊ အဘိုး တာဝန်ရှိသဟာ လုပ်ဦးလေ’ ဟု ဆိုပါသည်။ သည်တော့ အဘိုးကြီးက အခန်း ကလေး တစ်ခုထဲ ဝင်သွားပြီး ပုဆိုးပြာနှင့် အုပ်၍ ထားသော ခွက်ကြီးဆယ်လုံးကို ထုတ်လာပြီးလျှင် ယောကျ်ားပျို့ တစ်ကျိပ်အား တစ်ယောက်တစ်လုံးစီ ဝေပေးပါသည်။ ပြီးတော့ သူ့အတွက် ခွက်တစ်လုံး ချန်ထားပါသည်။ ပြီးတော့ မီးရှူးတိုင် တစ်တိုင်စီလည်း ထွန်း၍ ပေးပါသည်။

ထို့နောက် ယောကျ်ားပျို့ တစ်ကျိပ်သည် မိမိတို့ ရှေ့တွင် ချထားသော ခွက်ကြီး များကို ကိုယ်စီကိုယ်င ဖွင့်လိုက်ကြသောအခါ အထဲတွင် ပြာများ၊ မီးသွေးမှုန့်များ၊ ကျပ်ခိုးများ ထည့်ထားသည်ကို တွေ့ရပါသည်။ ထို့နောက် ယောကျ်ားပျို့တို့သည် ပြာ၊ မီးသွေးနှင့် ကျပ်ခိုးများကို သမအောင် ရော၍ သူတို့ကိုယ်ကို သူတို့မျက်နှာပါ မကျန်အောင် လိမ်းကြပြီးလျှင် ရင်ဘတ်ကို ထု၍ထု၍ ငိုကြပါသည်။ ‘ကိုယ့်ဟာကိုယ် အေးအေးမနေနိုင်လို့ သည်လို ဖြစ်ရသည်၊ ကိုယ့်ဟာကိုယ် အေးအေးမနေနိုင်လို့ သည်လို ဖြစ်ရသည်’ ဟုလည်း ပါးစပ်က တဖျစ်တောက်တောက် မြည်တမ်းကြပါသည်။

အဲသလိုပဲ ပြာတွေ လိမ်းလိုက်၊ ငိုလိုက်၊ ရင်ဘတ် ထုလိုက်၊ ပါးစပ်က တဖျစ် တောက်တောက် မြည်တမ်းလိုက်နှင့်ပင် မိုးလင်းခါနီး၍ သွားပါသည်။ ထိုအခါကျမှ အဘိုးကြီးက ရေများ ခပ်ပေး၍၊ ယောကျ်ားပျို့တို့လည်း မိမိတို့ကိုယ်ကို ဆေးကြော၍ အဝတ်လဲကြပြီးလျှင် အိပ်ကြပါသည်။ အဲသည်လို အရူးမဟုတ် အကောင်းမဟုတ်၊ မဟုတ်သဟာတွေ လုပ်နေကြတော့ ငါက ကြားထဲက ကြည့်နေရသဟာ မနေနိုင်ဘဲ ဖြစ်လာပြီး သူတို့ကို မေးချင်လို့ ပါးစပ်ယားလာပါသည်။

အဲသည်လိုနှင့် မိုးလင်းလို့ အိပ်ရာက ထ ကြတော့ ငါက မေးပါသည်။ ‘အဆွေတို့ . . . အဆွေတို့ဟာ စိတ်မနံ့သဟာလည်း မဟုတ်ကြဘူး၊ ပြီးတော့ အဆွေ တို့ ညတုန်းက လုပ်ကြသဟာကတော့လည်း စိတ်မနံ့သည့်သူတွေ လုပ်ကြသလိုပဲ။ အဆွေတို့ကတော့ ဘာမျှ မေးလားမြန်းလား မလုပ်ပါနှင့်လို့တော့ ပြောထားသဟာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ။ သဟာပေမင့် ငါကတော့ မမေးဘဲ မနေနိုင်ဘူး၊ ဘဇာကြောင့် အဆွေတို့ဟာ အဲသလို လုပ်ကြသည် ဆိုသဟာ ငါ့ကို ပြောပြစမ်းပါလို့’

သည်တော့ သူတို့က ‘ကိုယ်နှင့် မဆိုင်သဟာကို မသိချင်ပါနှင့်၊ သင့်အကျိုး အတွက် မပြောသဟာပါ’ လို့ ဆိုပါသည်။ အဲသဟာနှင့်ပဲ နေ့ နေ့ကျတော့လည်း သူတို့ဟာ အကောင်းသား၊ တောင်စကား ပြော၊ မြောက်စကားပြောနှင့် သူလို ကိုယ်လိုပဲ။ ညညကျတော့ သူတို့ဟာက အရူးလိုပဲ။ တစ်ကိုယ်လုံး အိုးမည်းသုတ်ကြ၊ ရင်ဘတ်ထုကြ၊ ငိုကြ၊ ပါးစပ်က ဖျစ်တောက်ဖျစ်တောက်နှင့် မြည်ကြနှင့်။ နေ့ရက် ကြာသွားတော့ ငါလည်း သူတို့အကြောင်းတော့ ငါ မသိရ မနေဘူး၊ မရ ရအောင် မေးမည်ဆိုပြီး ဇွတ်ထပ်ပြီး မေးပြန်ပါသည်။

သည်တော့ သူတို့က ‘သင့်အကျိုးကို ငဲ့ပြီး သင် မေးသဟာကို မပြောသဟာပါ၊ သည်လောက်တောင်မှ သင်ဟာ ကြမ္မာငင်လျှင်လည်း ပြောရ သဟာပ . . .’ လို့ ဆိုကြပါသည်။ သည်တော့ ငါက ‘ပြောသာပြောပါ၊ နောက်တော့ ကိုယ့်ထိုက်နှင့်ကိုယ့်ကံ ဖြစ်ချင်သဟာ ဖြစ်ပါစေ’ လို့ ဆိုပါသည်။ သည်တော့ ယောကျ်ားပျို တစ်ယောက်က ‘သင် မေးသဟာကို မပြောသဟာက တခြားကြောင့် မဟုတ်ပါဘူး၊ ပြောလို့ရှိလျှင် သင်လည်း ငါတို့လို မျက်စိတစ်ဖက်လပ် ဖြစ်သွားမှာ မို့ပါ။ ပြီးတော့ မျက်စိတစ်ဖက်လပ် ဖြစ်ပြီးသည့်နောက်လည်း ငါတို့ဆီမှာ သင် နေဖို့ နေရာ မရှိသည့်အတွက် သင့်ကို ငါတို့ သည်မှာ ထားနိုင်မှာ မဟုတ်ပါဘူး၊ သဟာကြောင့် သင် ဘာမျှ မသိချင်ပါနှင့်လို့ ပြောသဟာပါ’ လို့ ပြောပါသည်။

သည်တော့ ငါက ‘အဆွေတို့နှင့် ခွဲရမှာတော့လည်း မခွဲချင်ပါဘူး။ သို့သော် လည်း ငါတော့ အဆွေတို့ အကြောင်းကို မသိရဘဲနှင့် မအေးနိုင်ပါ’ ဟု ပြောပါသည်။ သည်တော့ ယောကျ်ားပျိုတစ်ကျိပ်သည် သိုးတစ်ကောင်ကိုယူ၍ သတ်ပြီးလျှင် အရေကို ခွာ၍ ‘သင့်ကို ငါတို့ သည်သိုးရေထဲမှာ ထည့်ချုပ်ပြီး အပြင်မှာ ချထားပါမည်။ ဟောသည် ဓားကိုလည်း သင် ဆောင်သွားပါ။ သင့်ကို အပြင်မှာ ချထားသောအခါ သင့်ကို တကယ့် သိုး ထင်ပြီး ကောင်းကင်မှ အင်မတန် ကြီးမားသော ငှက်ကြီးရော လာ၍ သုတ်ပြီးလျှင် တောင်ထိပ်ပေါ်သို့ ချီ၍ သွားပါလိမ့်မည်။ မကြောက်ပါလင့်၊ သင့်ကို တောင်ထိပ်ပေါ်သို့ ချလိုက်သောအခါ သင်က သိုးရေကို ချုပ်ထားသော ကြိုးများကို ဖြတ်၍ ထွက်ပါ။ ထိုအခါ ငှက်ကြီးရောသည် လန့်၍ ပျံသွားပါလိမ့်မည်။ သည်တော့ သင်က ကျောက်သံ ပတ္တမြားတွေ စီထားသော ရွှေဗိမာန်ကြီး ရှိရာသို့ ရှေးရှု၍ သွားပါ။ အမြဲဖွင့်၍ ထားပါသည်။ အထဲသို့ရောက်လျှင် အထဲမှာ ဘာတွေရှိ၍ ငါတို့ ဘယ်လိုဖြစ်သည်ကို ပြောဖို့ မလိုပါ။ သင် ရောက်သွားသောအခါ ကိုယ်တွေ့ တွေ့ရပါလိမ့်မည်။ ငါတို့တော့ဖြင့် မျက်စိတစ်ဖက်လပ်ဖြစ်ပြီး ညစဉ် ညစဉ် ငိုပွဲခံနေကြရပါသည်။ အဲသဟာပဲ ပြောလို ပါသည်’ ဟု ဆိုပါသည်။





ထို့နောက် ယောကျ်ားပျို တစ်ကျိပ်သည် ငါ့ကို သိုးရေထဲတွင် ထည့်၍ ချုပ်ပြီး အပြင်မှာထုတ်၍ ထားခဲ့ပြီးလျှင် အဆောင်မကြီးသို့ ပြန်ကြပါသည်။ ငါလည်း တထိတ် ထိတ်နှင့် ငှက်ကြီး လာ၍ အသုတ်ကို စောင့်၍ နေပါသည်။ ငှက်ကြီးလည်း မကြာမီ လာ၍ ရောမ ခြေသည်းကြီးများဖြင့် ငါ့ကို သုတ်၍ သွားပါသည်။ ငှက်ကြီးဇရာတို့သည် အင်မတန် အားကောင်းသဖြင့် ဆင်ပြောင်ကြီးများကိုပင် ပေါ့ပေါ့နှင့် ဆောင်၍ သွားနိုင် သည်ဟုလည်း ပြောကြပါသည်။ ငါလည်း သတိကြီးစွာထား၍ ငှက်ကြီးချီရာသို့ လိုက် ပါသွားပြီးလျှင် တောင်ထိပ်ပေါ်သို့ ချလိုက်မှန်း သိသည်နှင့် တစ်ပြိုင်နက် ဓားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးများကိုဖြတ်၍ သိုးရေကို ခွာပစ်လိုက်ပါသည်။ ငှက်ကြီးရောလည်း ငါ့ကိုမြင်လျှင် လန့်၍ တစ်ခါတည်း ပျံပြေးပါသည်။

အဲသည်တော့မှ ငါလည်း ရွှေဗိမာန်ကြီးရှိရာသို့ ရော်ရမ်း၍ သွားပါသည်။ ငါးပဟိုရ် ခြောက်ပဟိုရ်လောက် သွားမိသောအခါ ရွှေဗိမာန်ကြီးသို့ ရောက်ပါသည်။ ငါ တွေ့ဖူး မြင်ဖူးသမျှ ဗိမာန် အဆောက်အအုံကြီးများအနက် သည်လောက် ကျယ်ဝန်း ပြန့်ပြော ဆန်းပြား ကြီးကျယ်သည်ကို တစ်ခါမျှ မတွေ့ဖူးပါ။ ဗိမာန်ကြီးမှာ တံခါး တစ်ရာရှိ၍ ကိုးဆယ့်ကိုးတံခါးမှာ အဖိုးထိုက်အဖိုးတန် သစ်သားတံခါးများ ဖြစ်ပါသည်။ ကျန်တံခါးတစ်ခုမှာ ရွှေတံခါး ဖြစ်ပါသည်။ တံခါးပေါက်များမှ အတွင်းသို့ လှမ်း၍ ကြည့်လိုက်သောအခါ အလွန်သာယာ ရှုမောဖွယ်ရှိသော ဥယျာဉ်များ၊ အဖိုးအနဂ္ဃ ထိုက်တန်သော ဘဏ္ဍာတိုက်ကြီးများကို တွေ့မြင်ရပါသည်။ ထို့နောက် ငါသည် ပွင့်၍နေသော တံခါးတစ်ခုထဲသို့ ဝင်၍ သွားပါသည်။

အထဲသို့ ရောက်သောအခါ ခန်းမကြီးတစ်ခုထဲ၌ နတ်သမီးတမျှ အလှကြီး လှကြသည့် မိန်းမပျို လေးကျိပ်တို့ တင့်တယ်စွာ လဲလျောင်း၍ နေကြသည်ကို တွေ့ပါ သည်။ သူတို့၏ အဝတ်တန်ဆာတို့မှာလည်း နတ်ဝတ်တန်ဆာတို့ကဲ့သို့ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံပါသည်။ မိန်းမပျိုလေးကျိပ်တို့သည် ငါ့ကို မြင်လျှင် မြင်ချင်း လဲလျောင်းရာမှ သုတ်သီးသုတ်ပျာ ထကြပြီးလျှင် ချိုသာသော စကားကို ဆို၍ ဆီးကြို ကြပါသည်။ ထို့နောက် ငါ့အား 'မောင်တော်ဘုရား၊ သည်ကို ကြွတော်မူပါ' ဟု ဆိုပြီး သူတို့နေသော နေရာထက် မြင့်သောနေရာကို ပေးပါသည်။ အမှန်ဆိုလျှင် ငါသည် သူတို့ထက် မြင့်သော နေရာနှင့် ထိုက်တန်သူ မဟုတ်ပါ။ သည်မျှတွင် မကပါ၊ မိန်းမပျို လေးကျိပ်သည် ငါ့အား မရောက်ခင်ကတည်းက ရောက်လိမ့်မည်ဟု မျှော်နေကြ သည့်ပမာ အချို့က ငါဝတ်ရန် အဝတ်တန်ဆာကို ယူ၍ ပေးပါသည်။ တချို့က နံ့သာရည်ဖြင့် ငါ၏လက်များကို ဆေး၍ ပေးပါသည်။ တချို့က ငါ စားသောက်ရန် မွန်မြတ်သော စားဖွယ်သောက်ဖွယ်တို့ကို ယူ၍ လာပါသည်။ ငါလည်း မောမောဆာဆာ နှင့် သူတို့ တည်ခင်းကျွေးမွေးသော အစားအစာနှင့်တကွ သူတို့ တိုက်သော သေရည်ကို တမြိန်တဝ သောက်ပြီးသောအခါ မိန်းမပျိုလေးကျိပ်လုံး ငါ့အနားသို့ လာ၍ ငါ၏ အဖြစ်အပျက်များကို အကုန်အစင် ပြောပြရန် ကန့်ကလျ ဝိုင်း၍ တောင်းပန်ကြပါသည်။

သည်တော့ ငါကလည်း ငါ့အဖြစ်အပျက်များကို အစမှ အဆုံးတိုင်အောင် ပြန်၍ ပြောပါသည်။ ငါ့အကြောင်းကို ပြောပြီးသောအခါ မှောင်စ ပြုလာသဖြင့် မိန်းမပျို လေးကျိပ်သည် မီးရှူးမီးတိုင်များကို ဗိမာန်ကြီးတစ်ခုလုံး ထိန်နေအောင် ထွန်းကြပါသည်။ ငါ့အထင်မှာ နေ့ထက်တောင် လင်းပါသေးသည်။ ထို့နောက် မိန်းမပျို လေးကျိပ်တို့သည် သစ်သီးစုံ သစ်သီးခြောက် အမျိုးမျိုး တည်ခင်း၍ ငါ့ကို ကျွေးကြပါသည်။ သူတို့လည်း ပျော်ပျော်ပါးပါး ဝိုင်း၍ စားကြပါသည်။





ထို့နောက် နတ်ပြည်ဖြစ် သေရည်ကဲ့သို့ မွန်မြတ်သော သေရည်ကို ငါ့အား တိုက်ပါသည်။ သူတို့လည်း တပျော်တပါးကြီး ငါနှင့် ဝိုင်း၍ သောက်ကြပါသည်။ ထို့နောက် သီချင်းဆိုသူက ဆို၊ ကသူက က၍ ငါ့ကို ဖြေဖျော်ကြပါသည်။ ငါလည်း ဆင်းရဲဒုက္ခ ရောက်ခဲ့သည်များကို တစ်ခါတည်းမေ့၍ "ဒွန္နယာကြီးသည် ပျော်ဖွယ် ကောင်းဘိတောင်း။ အကယ်၍ ဤပျော်ရွှင်မှုတို့သည် အစဉ် တည်မြဲသည် ဖြစ်ပါမူ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း" ဟု အောက်မေ့မိပါသည်။ အဲသလို စားလား သောက်လား၊ ပျော်လား ရွှင်လားနှင့် အချိန်ကုန်၍ ကုန်မှန်းမသိဘဲ သန်းခေါင်ယံ အချိန်သို့ ရောက်၍ သွားပါသည်။

သည်တော့ မိန်းမပျိုလေးကျိပ်က 'မောင်တော်ဘုရား စက်တော်ခေါ်ရန် အချိန် တော်ပါပြီ။ ယနေ့ညအဖို့ မောင်တော်ဘုရားအား ခြေဆုပ်လက်နယ်ပြုရန် နှမတော် လေးကျိပ်ထဲမှ မောင်တော်ဘုရား မြတ်နိုးတော်မူရာကို ကောက်၍ စက်ခန်းသို့ ဝင်တော် မူပါ' ဟု ဆိုပါသည်။ ငါလည်း ဖော့ဖယောင်းကဲ့သို့ ပျော့ပျောင်းသော မိန်းမပျို တစ်ယောက်ကို ရွေး၍ စက်ခန်းသို့ ဝင်ပါသည်။ နံနက်လင်းသောအခါ ငါသည် ပထမ နေ့ကနည်းတူ မိန်းမပျို လေးကျိပ်နှင့်အတူ စားလား သောက်လား၊ ပျော်လား ရွှင်လား နှင့်ပင် စည်းစိမ်ယစ်ကာ တစ်နေ့ကုန်ပြန်ပါသည်။

သည်လိုနှင့်ပင် မိန်းမပျို လေးကျိပ်သည် ငါ့ကို တစ်ညတစ်ယောက် အလှည့်ကျ ခြေဆုပ်လက်နယ် ပြုကြပါသည်။ လေးဆယ့်တစ်ရက်မြောက်သောနေ့ နံနက်တွင် မိန်းမပျိုလေးကျိပ်သည် မရွှင်ပျသော မျက်နှာဖြင့် ငါ့ထံ စုရုံး၍ လာကြပြီးလျှင် 'နှမတော် တို့သည် မောင်တော်ဘုရားနှင့် ကွဲကြဖို့ အချိန်ရောက်ပြီ ထင်ပါသည်' ဟု ဆိုကာ ငိုကြပါသည်။ ငါကလည်း မိန်းမပျိုလေးကျိပ်တို့က ဘာကို ဆိုလိုသည်ဟု မသိသဖြင့် 'မပြောကောင်း ပြောကောင်း နှမတော်တို့ရယ်၊ ဘာဖြစ်ကြောင့် ကွဲကြရမှာလဲ၊ ပြောကြ စမ်းပါဦး' ဟု တောင်းပန်ပါသည်။

သည်တော့ သူတို့ထဲမှ တစ်ယောက်က 'နှမတော်တို့ဟာ ဘုရင်မင်းမြတ်များရဲ့ သမီးတော်များ ဖြစ်ပါသည်။ နှမတော်တို့မှာ ရှေးထုံးစဉ်လာအရ လျှို့ဝှက်သည့် ကိစ္စ တစ်ခုအတွက် နှစ်စဉ်နှစ်စဉ် အရက်လေးဆယ်တာမျှ ဤဗိမာန်ကြီးမှ ခွာ၍ သွားကြရ ပါသည်။ ယခုနှစ်အတွက် နှမတော်တို့ သွားကြဖို့ အချိန်ရောက်ပါပြီ။ နှမတော်တို့ မရှိသည့်အတွင်း မောင်တော်ဘုရား ပျော်ရွှင်စွာ စံနေတော်မူနိုင်ရန် ဤဗိမာန်ကြီးက သော့များကို မောင်တော်ဘုရားအား အပ်ခဲ့ပါမည်။ မောင်တော်ဘုရားသည် နှမတော်တို့ မှာသည့်စကားကို နားထောင်တော်မူမည် ဆိုပါလျှင် နှမတော်တို့ လာသည့်အခါ မောင်တော်ဘုရားနှင့် ပြန်၍ တွေ့ကြရပါလိမ့်မည်။ သို့သော် မောင်တော်ဘုရားသည် နှမတော်တို့၏ စကားကို နားထောင်လိမ့်မည်ဟု မထင်ပါ။ အဲသဟာကြောင့် မောင်တော် ဘုရားနှင့် နှမတော်တို့ ရှင်ကွဲ ကွဲကြရလေတော့မှာမို့ ငိုခြင်းဖြစ်ပါသည်' ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ငါက ‘နမတော်တို့နှင့် ကွဲရမည့် အလုပ်ဆိုလျှင် မောင်တော် ဘာမျှ မလုပ်ဘူး၊ နမတော်တို့ မှာစကားကိုလည်း မောင်တော် တစ်သဝေမတိမ်း လိုက်နာပါမည်။ သည့်အတွက် စိုးရိမ်နောင့်၍ ကြောင့်ကြတော်မူရန် မရှိပါ။ နမတော်တို့ မှာစရာရှိသဟာကိုသာ မှာတော်မူပါ’ ဟု ပြောပါသည်။ သည်တော့ သူတို့က ‘နမတော်တို့ မှာစရာကတော့ အခြား မဟုတ်ပါဘူး၊ သည်ဗိမာန်ကြီးထဲမှာ အခန်းလေးဆယ် ရှိပါသည်။ အဲသည် အခန်းလေးဆယ်အနက် သုံးဆယ့် ကိုးခန်းကိုတော့ မောင်တော်ဘုရားသဘောအတိုင်း ဖွင့်ချင်ရာ အခန်းကို ဖွင့်နိုင်ပါသည်။ ကျန်သည့် ရွှေတံခါးနှင့် အခန်းကိုတော့ ဖွင့်တော်မမူပါနှင့်။ ဖွင့်တော်မူခဲ့လျှင် ယခု နမတော်တို့ကို တွေ့ရခြင်းသည် နောက်ဆုံး တွေ့ရခြင်း ဖြစ်ပါလိမ့်မည်’ ဟု ဆိုပါသည်။

သည်တော့ ငါက ‘အို . . . နမတော်တို့နှင့် ကွဲရမည့် အလုပ်ဆိုလျှင် မောင်တော် ဘာဆိုလို့ ဘာမျှ မလုပ်ပါဘူး။ နမတော်တို့ စကားကို မောင်တော် နားထဲမှာ သံမှိနှက်သလို စွဲနေအောင် မှတ်ထားပါမည်။ နမတော်တို့ သွားစရာ ရှိသဟာကိုသာ စိတ်ချလက်ချ သွားကြပါ။ မောင်တော့်အတွက် ဘာမျှ မပူကြပါနှင့်’ ဟု လေးနက်စွာ ပြောပါသည်။ အဲသဟာနှင့် မိန်းမပျိုလေးကျိပ်သည် ငါ့ကို ယုယစွာ ပွေ့ဖက်နှုတ်ဆက်ပြီး မျက်ရည်နှင့်မျက်ခွက် ထွက်သွားကြပါသည်။ ငါဟာလည်း မျက်ရည်များ တွေတွေဆင်းကာ ကျန်ရစ်ခဲ့ပါသည်။

ထိုနေ့ ညနေစောင်းသောအခါ ငါလည်း တစ်ယောက်တည်း ပျင်းသည်နှင့် ပထမတံခါး တစ်ခုကို စ၍ ဖွင့်ကြည့်ပါသည်။ ထိုအခါ နတ်ဥယျာဉ်တမျှကဲ့သို့ သာယာရှုမောဖွယ်ရှိသော ဥယျာဉ်ကြီးကို တွေ့ပါသည်။ ဥယျာဉ်ကြီးအတွင်း၌ သီးပင်ပွင့်ပင်အမျိုးစုံနှင့် ကျေးငှက်အမျိုးစုံကို တွေ့ရပါသည်။ ငါသည် ဥယျာဉ်ကြီးထဲ၌ လူးလားခေါက်တုံ့ ဟိုမှသည်မှ လျှောက်၍ ကြည့်ရင်းနှင့်ပင် အချိန်ကုန်၍ သွားပါသည်။ နောက်တစ်နေ့တွင် အခန်းတစ်ခုကို ထပ်ဖွင့်ကြည့်သောအခါ ငှက်မျိုးစုံကို မွေး၍ထားသော ငှက်ဥယျာဉ်ကို တွေ့ရပါသည်။ ထို့နောက် ငါသည် အစဉ်သဖြင့် တံခါးများကို တစ်ခုပြီး တစ်ခု ဖွင့်၍ ကြည့်သောအခါ အချို့ဥယျာဉ် ထဲတွင် အဖိုးထိုက် အဖိုးတန် ရွှေငွေ စိန်ကျောက် ပုလဲ သန္တာ စသည်တို့ကို တွေ့ရပါသည်။ အဲသဟာနှင့် တစ်နေ့ တစ်ခန်းကျ ဖွင့်၍ကြည့်ရင်း သုံးဆယ့်ကိုးခန်း ပြည့်၍ သွားပါသည်။

သည်တော့ ငါ့စိတ်ထဲက “ဒွန္နယာမှာ ငါလိုလူ မရှိတော့ဘူး၊ ယခု ငါသည် အဖိုးထိုက် အဖိုးတန် ရွှေငွေ ရတနာများနှင့်လည်း ပြည့်စုံပြီး မိန်းမရတနာ လေးကျိပ်တို့၏ အရှင်လည်း ဖြစ်ပြီး ဘယ်ဘုရင် ဘုန်းကြီးသည်ဆိုသော်လည်း ငါ့ကို တုပြိုင်နိုင်မည် မဟုတ်” ဟု အောက်မေ့ကာ အတော် ဘဝင်မြင့်၍ သွားပါသည်။ အရက်လေးဆယ် ပြည့်သောနေ့တွင် ငါ ဖွင့်ခွင့်ရသော တံခါးလည်း ကုန်နေပြီ ဖြစ်သဖြင့်





ငါ့ကို ဘယ်နည်းနှင့်မျှ မဖွင့်ပါလေနှင့်ဟု မိန်းမပျိုလေးကျိပ် မှာခဲ့သော တံခါးသာ ကျန်ပါတော့သည်။ နောက်တစ်နေ့ မိုးသောက်လျှင် မိန်းမပျိုလေးကျိပ်တို့လည်း ပြန်လာပါတော့မည်။

သို့ရာတွင် ငါ့မှာ အဖော်လည်း မရှိ၊ အလုပ်လည်း မရှိသဖြင့် မနေနိုင် မထိုင်နိုင်အောင် ပျင်း၍ လာပြီးလျှင် မဖွင့်ရဘူးဆိုသော တံခါးကို ဖွင့်၍ ကြည့်လိုသောစိတ်ဖြစ်၍ လာပါသည်။

အဲသဟာနှင့် ငါဟာ ရွှေတံခါးကို ဖွင့်၍ ကြည့်ရကောင်းမလား၊ မကောင်းဘူးလားဟု အတော်ကြာ ချီတုံချတုံဖြစ်၍ နေပါသည်။ နောက်ဆုံးတွင် ပျက်စီးဖို့ကြမ္မာငင်သဖြင့် ငါ့စိတ်ထဲက “ဖွင့်ရုံဖွင့်ပြီး အထဲဝင် မကြည့်လျှင် ပြီးသဟာပဲ” ဟု အောက်မေ့ကာ ကိုယ့်ဟာကိုယ် တာဝန်ခံလိုက်ချက်ကိုလည်း သတိမရ၊ မိန်းမပျိုလေးကျိပ်တို့ အတန်တန် မှာခဲ့သော စကားကိုလည်း နားမထောင်ဘဲ လေးဆယ်မြောက် ရွှေတံခါးကို တစ်ခါတည်း ဖွင့်၍ ကြည့်လိုက်ပါသည်။ အဲသလို ဖွင့်ကြည့်လိုက်ရော ဘယ်ပန်းရနံ့၊ ဘယ်ရေမွှေးနှင့်မျှ မတူသော မွှေးကြိုင်သော ရနံ့များသည် ငါ့နှာခေါင်းထဲသို့ လုံး၍ ဝင်လာပြီးလျှင် ငါလည်း မူး၍ လဲသွားပါသည်။

တစ်ပဟိုရ်လောက်ကြာမှ သတိရ၍၊ လဲရာမှ ဖုတ်ဖက်ခါ၍ ထပြီးလျှင် ငါသည် နောက်သို့ တုံ့ရမည့်အစား နောက်သို့ မတုံ့ဘဲ အခန်းထဲသို့ တစ်ခါတည်း စွတ်ဝင်သွားပါသည်။ အခန်းကြီးမှာ ပွတ်ခုံတိုင်ကြီးများဖြင့် ဆန်းကြယ်ခမ်းနားစွာ ဆင်ယင်၍ ထားသည်ကို တွေ့ရပါသည်။ ပြီးတော့ အခန်းကြီးထဲ၌ မီးရှူးမီးတိုင်များကိုလည်း ထိန်နေအောင် ထွန်းထားပါသည်။ မျက်နှာကြက်မှလည်း ရွှေမီးအိမ်၊ ငွေမီးအိမ်များ ဆွဲ၍ ထားပါသည်။ အမျိုးမျိုးသော မွှေးရနံ့တို့လည်း ကြိုင်၍ နေပါသည်။

အခန်းတွင်း၌ အဖိုးထိုက် အဖိုးတန် ရတနာများ ပြည့်၍နေသော်လည်း ငါသည် ဘာမျှ လိုချင်စိတ် မရှိဘဲ အခန်းထောင့် တစ်ထောင့်၌ရှိသော မြင်းနက်ကြီးကိုသာ မျက်စိကျ၍ နေပါသည်။ ထိုမြင်းနက်ကြီးမှာ ငါ တွေ့ဖူး မြင်ဖူးသော မြင်းများထက် အဆပေါင်းများစွာ လှ၍၊ အဆပေါင်းများစွာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံပါသည်။ ထိုမြင်းနက်ကြီးကို ဆင်ထားသော ကကြိုးတန်ဆာများမှာလည်း ရွှေသားပကတိ ဖြစ်ပါသည်။ သူ စားသော စားခွက်တစ်ခြမ်းတွင် မုယောစပါးနှင့် နှမ်းများ ထည့်ထား၍၊ အခြား တစ်ခြမ်းတွင် နံ့သာရည်များ ထည့်ထားပါသည်။ မြင်းကြီးကလည်း လှ၊ ကကြိုးကလည်း ပြင်ပြီးဖြစ်သဖြင့် ငါသည် အလွန် စီးချင်စိတ်ဖြစ်လာပြီး မြင်းကြီးကို ဇက်ကြိုးမှကိုင်၍ အပြင်သို့ ထုတ်ခဲ့ပါသည်။ အပြင်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် မြင်းကြီး၏ ကျောပေါ်သို့ လွှား၍ တက်လိုက်ပြီးလျှင် ဇက်ကြိုးကိုလှုပ်၍ မောင်းပါသည်။ သို့ရာတွင် မြင်းကြီးသည် နေရာက မရွေ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် ငါက အခန်းထဲမှ ယူ၍လာခဲ့သော ဆေးကြိမ်လုံးဖြင့် အသာကလေး တို့၍ ပေးလိုက်ပါသည်။ သည်တော့ မြင်းကြီးသည် နားပွင့်ခမန်း ဟီပြီးလျှင် အတောင်နှစ်ဖက်ကို ဖြန့်ကာ ကောင်းကင်သို့ တစ်ခါတည်း ထိုး၍ ပျံတက်သွားပါသည်။ အောက်မြေကြီးသို့ ကြည့်၍ မမြင်နိုင်လောက်အောင် မြင့်သောအခါ မြင်းပျံကြီးသည် တစ်ဟုန်တည်း အောက်သို့ ထိုး၍ ပျံဆင်းပြီးလျှင် ငါ့ကို ဗိမာန်ကြီးတစ်ခု၏ လသာဆောင် ပေါ်တွင် ခါ၍ချကာ အမြီးနှင့် ပြင်းစွာ ခတ်၍ ပစ်ခဲ့ပါသည်။ ငါလည်း သတိမေ့၍ ကျန်ရစ်ခဲ့ပြီး သတိရ၍ ကြည့်လိုက်သောအခါ မြင်းမြီးခတ် ခံရသည့်ဒဏ်ဖြင့် ငါ့လက်ယာဘက် မျက်စိကန်း၍ သွားသည်ကို တွေ့ရပါသည်။

ထို့နောက် ငါသည် ဗိမာန်ကြီးထဲသို့ လျှောက်၍ ကြည့်သောအခါ ထိုဗိမာန်ကြီးမှာ အခြားမဟုတ်၊ ပထမ ငါ ရောက်ခဲ့သော ဗိမာန်ကြီးပင် ဖြစ်သည်ကို တွေ့ရပါသည်။ ငါ ရောက်လာမှန်း သိသောအခါ ယောကျ်ားပျို ကာဏာရိပ် တစ်ကျိပ်နှင့် အဘိုးကြီးတို့ ထွက်လာပြီး 'ကိုင်း ဘယ့်နှယ်လဲ၊ ကြမ္မာငင်သဟာ မှတ်ပြီလား' ဟု မေးကြပါသည်။ သည်တော့ ငါက သူတို့ပြောသည့် စကားကို နားမထောင်မိသည့်အတွက် များစွာ နောင်တရကြောင်း၊ ယခု ငါ့မှာ သူတို့ကဲ့သို့ပင် ကာဏာရိပ်ဘဝသို့ ရောက်ပြီဖြစ်သဖြင့် သူတို့ကဲ့သို့ပင် ပြာလိမ်း၍ ရင်ထုကာ ညစဉ်ညစဉ် ငိုပွဲဆင်ရန် အသင့်ရှိကြောင်းနှင့် ပြောပြပါသည်။

သည်တော့ သူတို့က သင့်အား အားတော့ နာပါသည်။ သို့ရာတွင် ငါတို့မှာ သင့်ကိုပေးရန် နေရာ မရှိသဖြင့် သင့်ကို လက်ခံနိုင်မည် မဟုတ်ပါ။ ထို့ကြောင့် သင်သည် လွတ်ရာသို့သာ အမြန်သွားပါလော့' ဆိုကာ နှင်ကြပါသည်။

အဲသဟာနှင့် ငါလည်း "ကိုယ့်ဟာကိုယ် စည်းစိမ်ချမ်းသာနှင့် နေရပါလျက် ကိုယ့်စိတ်ကို မထိန်းနိုင်လို့ သည်လို ဆင်းရဲရသဟာပဲ" ဟု အောက်မေ့ကာ စိတ်ညစ်ညစ်နှင့် ဗိမာန်ကြီးထဲမှ ထွက်၍ လာခဲ့ပါသည်။ အပြင်သို့ ရောက်သောအခါ ငါသည် မျက်ခုံးမွေး၊ ဆံမုတ်ဆိတ်တို့ကို အကုန်ရိတ်၍ ဖိုးသူတော်အသွင်ကို ယူပြီးလျှင် ရောက်လိုရာ ရောက်၊ ပေါက်လိုရာ ပေါက် လျှောက်၍လာခဲ့ရာ ရက်ရှည် လများ ကြာသောအခါ အလာဟုံအရှင်၏ အလိုတော်ဖြင့် ဤဗဂ္ဂဒက် နေပြည်တော်သို့ ယနေ့ညနေပင် ဆိုက်ရောက်၍ လာပါသည်။

မြို့ပြင်တွင် ပထမ ဖိုးသူတော်နှင့် ဒုတိယ ဖိုးသူတော်တို့ကို တွေ့ပါသည်။ သူတို့က သူတို့လည်း အဝေးရောက် ဧည့်သည်များ ဖြစ်ကြောင်း၊ ငါလည်း ဧည့်သည်ပင် ဖြစ်မည် ထင်ကြောင်းနှင့် ပြောကြပါသည်။ သည်တော့ ငါကလည်း သူတို့ ထင်သည့်အတိုင်းပင် ငါလည်း ခရီးသွားဧည့်သည်ပင် ဖြစ်ကြောင်း ပြောပြီးလျှင် ကြမ္မာတူ ဖိုးသူတော်သုံးဦး မိတ်ဖွဲ့၍ မြို့တွင်းသို့ ဝင်လာကြရင်း နောက်ဆုံးတွင် အလာဟုအရှင်၏ အလိုတော်အရ မမတို့ ဗိမာန်သို့ ရောက်လာသဟာ ပါပဲဟု ပြောပါသည်။





သည်တော့ ဇိုဗေဒါက 'သဟာဖြင့် ကောင်းပြီ၊ တတိယ ဖိုးသူတော်လည်း လိုရာ သွားနိုင်ပါပြီ' ဟု ဆိုသတဲ့။ သည်တော့ တစ်ခါ တတိယ ဖိုးသူတော်က 'သည်လိုတော့ ဘာတရားမလဲ မမရယ်၊ ငါလည်း ကျန်သည့် လူတွေအကြောင်း နားထောင်ပြီးမှပဲ သွားနိုင်မှာပေါ့' ဟု ဆိုသတဲ့။ အဲသည်တော့ ဇိုဗေဒါက 'သည်လိုဆိုလျှင် ကောင်းပြီ၊ တတိယ ဦးသူတော်လည်း ကျန်လူများအကြောင်း နားထောင်နိုင်သည်' ဟု ပြောပြီးလျှင် ရှင်ဘုရင်ကြီးနှင့် နန်းရင်းဝန်ကြီးတို့ဘက်သို့ လှည့်၍ 'ကိုင်း . . . ဆရာကြီးတို့ အလှည့် ရောက်ပြီ၊ ဆရာကြီးတို့ကကော ဘယ်လို ပြောကြဦးမလဲ' ဟု မေးသတဲ့။ ထိုအခါ နန်းရင်းဝန်ကြီးက မတ်ရပ်ထ၍ 'ငါတို့အကြောင်းကတော့ ထူးထူးထွေထွေ ပြောစရာ မရှိပါဘူး မမ' ဟု အစချီပြီးလျှင် သူတို့ ရောက်စက အစီရင်ခံပြီးသည့်အတိုင်း သူတို့မှာ မိုဆူမြို့က ကုန်သည်များ ဖြစ်ကြောင်း၊ အချိန်လွန်နေသဖြင့် တည်းအိမ်သို့ မပြန်နိုင်၍ ဇိုဗေဒါတို့အိမ်သို့ ဝင်၍ တည်းရကြောင်းနှင့် ပြောသတဲ့။ သည်တော့ ဇိုဗေဒါက 'သည်လိုဆိုလျှင် ကောင်းပြီ၊ သင်တို့အားလုံးပင် ပြန်နိုင်ပြီ' ဟု ဆိုပြီးနောက် ဓားကိုယ်စီထမ်း၍ စောင့်နေသော ကျွန်နက်ကြီး ခုနစ်ယောက်အား 'ကိုင်း . . . နင်တို့လည်း သွားနိုင်ပြီ' ဟု အမိန့်ပေးလိုက်သတဲ့။ အဲသဟာနှင့် ကျွန်နက်ကြီး ခုနစ်ယောက်လည်း အခန်းထဲသို့ ဝင်သွားကြပြီးလျှင် ဘုရင်ကြီး အမှူးရှိသော ဧည့်သည်ခုနစ်ဦးလည်း ဇိုဗေဒါတို့အား နှုတ်ဆက်၍ ကျေးဇူးတင်စကား ပြောပြီးလျှင် ပြန်ကြသတဲ့။

အပြင်သို့ ရောက်ကြသောအခါ ရှင်ဘုရင်ကြီးက ဖိုးသူတော်သုံးဦးအား 'ဘယ့်နှယ်လဲ အဆွေတို့၊ မိုးလည်း မလင်းသေးဘူး၊ တည်းစရာနေရာ ရှိကြရဲ့လား' ဟု မေးသတဲ့။ သည်တော့ ဖိုးသူတော်သုံးဦးက 'မရှိကြောင်းပါ' ဟု ပြန်ပြောသဖြင့် ရှင်ဘုရင်ကြီးက 'အဲသဟာဖြင့် ဂျက်ဖာအိမ်သို့ လိုက်၍ အိပ်ကြ၊ မနက်ကျတော့ တွေ့ကြသေးသဟာပေါ့' ဟု ဆိုပြီးလျှင် နန်းရင်းဝန်ကြီးအား ဖိုးသူတော်သုံးဦးကို သူ့အိမ်သို့ ခေါ်၍သွားရန် အမိန့်ပေးပြီးနောက် ရွှေနန်းတော်သို့ ဝင်တော်မူသတဲ့။

မိုးလင်းလတ်သော် ရှင်ဘုရင်ကြီးသည် မိမိ ညက တွေ့ခဲ့သော ဇိုဗေဒါတို့ ညီအစ်မ သုံးယောက်နှင့် ခွေးနက်မကြီးနှစ်ကောင် အကြောင်းကို သိချင်ဇော ပြင်းသည်နှင့် နန်းရင်းဝန်ကြီးကို ခေါ်တော်မူ၍ ဇိုဗေဒါတို့ ညီအစ်မသုံးယောက်နှင့် ဖိုးသူတော်သုံးဦးအား ရှေ့တော်သို့ သွင်းခဲ့ရမည်ဟု အမိန့်တော် မှတ်သတဲ့။ နန်းရင်းဝန်ကြီးက ရှင်ဘုရင် အမိန့်ရှိသည့်အတိုင်း ဇိုဗေဒါတို့ ညီအစ်မသုံးယောက်နှင့် ဖိုးသူတော်သုံးဦးအား ရှေ့တော်သို့ သွင်းပြီးနောက် ရှေ့တော်သို့ ရောက်လာသောအခါ ဇိုဗေဒါတို့ဘက်သို့ လှည့်၍ 'မယ်မင်းတို့သည် ညက ငါတို့အပေါ်တွင် မခန့်လေးစား ပြုလုပ်ကြသည်။ သို့ရာတွင် အဲသည်တုန်းက ငါတို့သည် ဘယ်သူ ဘယ်ဝါ ဖြစ်သည်ဟုလည်း မယ်မင်းတို့ မသိကြ။ ပြီးတော့ မယ်မင်းတို့သည် ငါတို့အပေါ်တွင် လောကဝတ် ကျေပွန်စွာလည်း ပြုစု



www.burmeseclassic.com

www.burmeseclassic.com



ညှော်ခံကြသည်။ ထို့ကြောင့် မယ်မင်းတို့၏ အပြစ်ကို ငါတို့ မွေမယူဘူး။ ညက မယ်မင်းတို့အိမ်၌ တည်းကြသော မိုဆူမြို့သား ကုန်သည်များမှာ အခြားမဟုတ်၊ သာသနာ့ဒါယကာ မဟာကေရာဇ် ဘုရင်မင်းမြတ်ကြီးနှင့် ငါတို့ပင် ဖြစ်သည်။ ယခုအခါ သင်တို့သည် ဘုရင်မင်းမြတ်ကြီး၏ ရှေ့တော်သို့ ရောက်နေကြပြီ ဖြစ်သဖြင့် ဘုရင်မင်းမြတ်ကြီး မေးတော်မူသည်ကို မှန်ကန်စွာ လျှောက်ထားကြရမည်။

'သင်တို့သည် ညတုန်းက အဘယ်ကြောင့် ခွေးနက်မနှစ်ကောင်ကို ရက်စက်စွာ ရိုက်ပြီး နောက်မှ ယုယစွာ နမ်းကြပြန်သနည်း၊ ပြီးတော့ အငယ်မ၏ နောက်ကျောက ဒဏ်ရာတွေကကော ဘာဖြစ်သဟာတွေလဲ' ဟု ဆိုသတဲ့။ သည်တော့ ဇိုဗေဒါက ထ၍ ရှင်ဘုရင်ကြီးအား အရိုအသေပြုပြီးလျှင် 'မှန်လှပါ၊ သာသနာ့ဒါယကာ မဟာကေရာဇ် ဘုရင်မင်းမြတ်ကြီး ရွှေနားဆင်တော်မူပါ ဘုရား။ ငါ့အကြောင်းကတော့ ဆန်းလည်း အင်မတန် ဆန်းပါသည်၊ မှတ်ဖို့လည်း အင်မတန် ကောင်းပါသည်။ ဆင်ခြင်တတ်သူတို့ အဖို့လည်း ဆင်ခြင်စရာအကြောင်း ရပါလိမ့်မည်' ဟု အစချီပြီးလျှင် ဆိုလတ္တံ့သည့်အတိုင်း ပြောသတဲ့။

## [ ၈ ]
## ဇိုဗေဒါ ဝတ္ထု

ထို့နောက် ဇိုဗေဒါက ရှင်ဘုရင်ကြီးအား 'ရေမြေ့ရှင် ရွှေနားဆင်တော်မူပါ ဘုရား' ဟု အစချီပြီးလျှင် သူ၏ ဖြစ်ကြောင်းကုန်စင်ကို အောက်ပါအတိုင်း ပြောပြသတဲ့။

မှန်လှပါ၊ ငါ့အကြောင်းကတော့ ဆန်းလည်း ဆန်း၊ မှတ်သားဖို့လည်း ကောင်းပါသည်။ ညတုန်းက ငါ ကြိုးနှင့်ချည်၍ ရိုက်သော ခွေးနက်မကြီး နှစ်ကောင်သည် ငါနှင့် ဖအေတူ မအေတူ အစ်မရင်း နှစ်ယောက် ဖြစ်ပါသည်။ ယခု ငါနှင့်အတူ နေကြသည့် အမိနာနှင့် ဆာဒီတို့ကတော့ ငါ့ရဲ့ ဖအေတူ မအေကွဲ ညီမ နှစ်ယောက်ပါ။ ငါ့ရဲ့ အဖေနှင့် အမေတို့ ဆုံးသွားသည့်အခါ မိဘအမွေများကို ငါတို့ ညီအစ်မသုံးယောက် ညီတူမျှတူ ဝေယူကြပါသည်။ သည်ကဲ့သို့ အမွေဝေပြီးသည့်နောက် မကြာခင်ပဲ ငါရဲ့ အစ်မ နှစ်ယောက်ဟာ အိမ်ထောင်ပြုကြပါသည်။ သူတို့နှစ်ယောက်ရဲ့ ခင်ပွန်းများသည် မယားပါ ပစ္စည်းများဖြင့် ရောင်းဝယ်ဖောက်ကားကြပြီးလျှင် နောက်ဆုံးတွင် သူတို့ ဇနီးများကို ခေါ်၍ တိုင်းတစ်ပါးသို့ ပြောင်း၍ သွားကြပါသည်။

နောက် ငါးနှစ်လောက် ကြာသောအခါ ငါရဲ့ အစ်မအကြီးဆုံးသည် အင်မတန် စုတ်စုတ်ပြတ်ပြတ်နှင့် ငါ့အိမ်သို့ ပေါက်၍ လာပါသည်။ သူ့အဝတ်အစားများမှာ အမြင်မတော်လောက်အောင် ဟောင်းနွမ်းစုတ်ပြတ်လှသဖြင့် ငါသည် ရုတ်တရက် ကိုယ့်





အစ်မကြီးကိုပင် ကိုယ် မမှတ်မိပါ။ နောက် သေသေချာချာ ကြည့်တော့မှ မှတ်မိသဖြင့် 'အလိုလေး အစ်မကြီး၊ ဘယ်လို ဖြစ်လာသဟာလဲ။အစ်မကြီးကို ကြည့်ရသဟာ စိတ်မချမ်းသာလိုက်သဟာ' လို့ ဆိုပါသည်။ သည်တော့ အစ်မကြီးက 'ဖြည်းဖြည်းတော့ ပြောပါမည် ညီမလေးရယ်၊ ဒွန္နယာမှာ အလာဟုအရှင်၏ အလိုတော်အတိုင်းချည်း ဖြစ်ကြရသဟာပေါ့' ဟု ဆိုပြီး သူ့လင်က သူ့ပစ္စည်းများကို ဖြုန်း၍ ပစ္စည်းကုန်သောအခါ သူ့ကို သူစိမ်းတစ်ရံဆံတွေ အကြား၌ ပစ်ထားခဲ့ကြောင်းနှင့် ပြောပြပါသည်။

သည်တော့ ငါက 'အလာဟုအရှင်၏ အလိုတော်အတိုင်း ဖြစ်ရသဟာပဲ၊ ဝမ်းနည်းမနေပါနှင့် အစ်မကြီးရယ်' ဟု အားပေးစကား ပြောပြီးလျှင်၊ ရေမိုးချိုး၍ အဝတ်သစ် အစားသစ်များ လဲပေးပြီးလျှင် အိမ်ဦးခန်းမှာ တင်၍ အမိအရာ၌ ထားကာ ပြုစုကျွေးမွေးပါသည်။ ထို့နောက် ငါက အစ်မကြီးကို 'ညီမလေးမှာတော့ အလာဟုအရှင်၏ အလိုတော်အတိုင်း စီးပွားဥစ္စာ တိုးတက်လျက် ရှိပါသည်။ သည်တော့ အစ်မကြီး ဘာမျှ အားငယ်ဖို့ မရှိပါ' ဟု ပြောပါသည်။ အဲသည်လိုနှင့် ညီအစ်မနှစ်ယောက် တစ်နှစ်လောက် ပျော်ပျော်ပါးပါး နေကြပါသည်။

တစ်နှစ်လောက် ကြာတော့ ငါ့အစ်မလတ် ထပ်၍ ရောက်လာပြန်ပါသည်။ သူ့ကြည့်ရသဟာ အစ်မကြီးထက်ပင် အဝတ်အစား စုတ်ပြတ်ပါသေးသည်။ သူကလည်း သူ့လင်က သူ့ပစ္စည်းများကို ကုန်အောင်ဖြုန်းပြီး သူ့ကို သူတစိမ်းတွေ ကြားထဲမှာ ပစ်ထားခဲ့ကြောင်း ပြောပါသည်။ အဲသည်တော့ ငါကလည်း အလာဟုအရှင်၏ အလိုတော်အတိုင်း ဖြစ်ကြရသဟာမို့ အားငယ်ဖို့ မရှိကြောင်း ပြောပြီးလျှင် အစ်မကြီးကို ပြုစုသည်ထက်ပင် ပို၍ ဂရုစိုက်ပြီး ပြုစုပါသည်။

ထို့နောက် ငါ့အစ်မနှစ်ယောက်က 'ညီမလေးရယ်၊ အစ်မကြီးတို့ သည်လို လင်သားမရှိဘဲ နေရသဟာ မနေတတ်ဘူး၊ တစ်မျိုးပဲ၊ ဟာတာတာကြီး။ သဟာကြောင့် အစ်မကြီးတို့ နောက်ထပ် အိမ်ထောင်ပြုချင်သည်' ဟု ပြောပါသည်။ သည်တော့ ငါလည်း အတော်ပဲ အံ့အားသင့်သွားပြီး 'အံ့ပါရဲ့ အစ်မကြီးတို့ရယ်၊ အစ်မကြီးတို့ဟာ တစ်ခါ သေဖူးလို့လည်း ပျဉ်ဖိုး နားမလည်ကြသေးဘူးဘဲကိုး။ အခုကာလမှာ လင်ကောင်းရဖို့ အင်မတန် ခဲယဉ်းသည် ဆိုသဟာလည်း အထူးပြောဖို့ မလိုပါဘူး၊ အစ်မကြီးတို့ ကိုယ်တွေ့ပါပဲ။ သဟာနှင့်များတောင် အစ်မကြီးတို့ နောင်မကြဉ်ကြသေးဘူး ဆိုလျှင်တော့ အစ်မကြီးတို့ သဘောအတိုင်းပေါ့။ ညီမလေးတော့ အစ်မကြီးတို့ အကြံကို နည်းနည်းကလေးမှ သဘောမတူဘူး' ဟု ပြောပါသည်။ သည်တော့ အစ်မကြီး နှစ်ယောက်က 'အိမ်ထောင်ပြုသည့် ကိစ္စကို ညည်း နားမလည်သေးပါဘူးအေ' ဟု ပြောပြီးနောက် သူတို့သဘောနှင့် သူတို့ နောက်ထပ် အိမ်ထောင်ပြုကြပါသည်။

သည်တော့ ငါကလည်း သဘောကြီးကြီး ထားပြီး လိုအပ်သည့် အိမ်ထောင်



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို မညှိုးငယ်စေရအောင် ဝယ်၍ ပေးပါသည်။ ထို့နောက် အစ်မကြီး နှစ်ယောက်သည် သူတို့၏ ခင်ပွန်းများနှင့် အသီးသီး ထွက်ခွာ၍ သွားကြပါသည်။ သို့ရာတွင် စလယ်ဝင် ဖင်မမည်းခင်ပင် ငါ့အစ်မကြီး နှစ်ယောက်တို့သည် ညှိုးငယ်သော မျက်နှာဖြင့် ပြန်လာကြပြီးလျှင် ‘ညီမလေးရယ်… အစ်မကြီးတို့ဟာ အသက်ကြီးပေမင့် ညီမလေးလောက် အမြော်အမြင် မရှိကြပါဘူး၊ ညီမလေး ပြောသဟာ သိပ်မှန်သဟာပဲ။ ခုကာလမှာ လင်ကောင်းရှားသည် ဆိုသဟာ အခု တို့လင်တွေက တို့ကို ပစ်သွားကြပြီ။ သည်တစ်ခါတော့ ညီမလေး စကားကို နားထောင်ပါတော့မည်။ လင်ယူဖို့အကြောင်း ဆိုလျှင် စကားထဲတောင် ထည့်မပြောတော့ပါဘူး။ သည်တစ်ခါတော့ အစ်မကြီးတို့ကို ညီမလေးရဲ့ အခိုင်းအစေလို သဘောထားပြီး အိမ်မှာ ထားပါ’ ဟု ဆိုကြပါသည်။

သို့ရာတွင် ငါသည် အစ်မကြီးနှစ်ယောက် အပေါ်၌ စေတနာ မကွက်ဘဲ အလျှင်ကထက်ပင် တိုး၍ ပြုစုပါသည်။ အဲသလို ညီအစ်မသုံးယောက် ဥမကွဲ သိုက်မပျက် တစ်နှစ်လောက် နေကြပြီးတော့ ငါက ‘အစ်မကြီးတို့ရယ် ညီမလေး ဗာဆရာမြို့ကို ကုန်ရောင်းသွားချင်သည်။ အစ်မကြီးတို့ အိမ်မှာ နေရစ်မလား၊ ညီမလေးနှင့်အတူ လိုက်ကြမလား’ လို့ မေးပါသည်။ သည်တော့ အစ်မကြီးတို့က ‘ညည်းသွားလျှင်'တို့လည်း လိုက်မှာပေါ့အေ့၊ ဘာလို့ အိမ်မှာ ချန်နေရစ်မှာလဲ’ လို့ ပြောပါသည်။ အဲသဟာနှင့် ငါက ရှိသမျှ ပစ္စည်းများကို နှစ်စုခွဲပြီး တစ်စုကို ကုန်များဝယ်၍ သင်္ဘောကြီးတစ်စင်း၌ တင်ပါသည်။ ကျန်တစ်စုကိုတော့ ခြေချော် လက်ချော် ကုန်ရှုံးလျှင် နောက်ထပ် ရင်းနိုင် နှီးနိုင်ဖို့အတွက် လုံခြုံရာတွင် သိမ်းဆည်း၍ ထားပါသည်။

သည့်နောက် ငါတို့ ညီအစ်မသုံးယောက် သင်္ဘောနှင့် ကုန်ရောင်းထွက်ကြပါသည်။ ဆယ်ရက် ဆယ့်ငါးရက်ခန့် သင်္ဘောလွှင့်မိသောအခါ သင်္ဘောသူကြီးက မိမိတို့ သင်္ဘောသည် လမ်းမှား၍ လာသဖြင့် ဘယ်ဆီ ဘယ်စခန်း ရောက်၍နေမှန်း မသိကြောင်းနှင့် ပြောပါသည်။ ထို့နောက် ဥတုလည်း သာသည်နှင့် ဆယ်ရက်ခန့် ဆက်၍ သင်္ဘောလွှင့်ကြပြီးလျှင် သင်္ဘောသားတစ်ဦးအား ဘယ်ဆီဘယ်စခန်းသို့ ရောက်နေပြီဟု သိနိုင်ရန် ရွက်တိုင်ပေါ်သို့ တက်၍ အကြည့်ခိုင်းပါသည်။ သင်္ဘောသား လည်း ရွက်တိုင်ပေါ်သို့ တက်ကြည့်ပြီး အားရဝမ်းသာနှင့် ‘ကိစ္စမရှိဘူး၊ မြို့ကြီးတစ်မြို့ကို မြင်ရပြီ’ ဟု အော်ကာ ဆင်း၍ လာပါသည်။

နောက်တစ်နာရီခန့် ကြာသောအခါ ဆိပ်ကမ်းနှင့်တကွ အဆောက်အအုံများကို ထင်ထင်ရှားရှား မြင်ရသဖြင့် အားလုံးပင် ဝမ်းသာကြပါသည်။ ထို့နောက် မိမိတို့ လှမ်း၍ မြင်ရသော မြို့ကြီးမှာ ဘာမြို့ဖြစ်သည်ကို သင်္ဘောသူကြီးအား မေးကြသောအခါ သင်္ဘောသူကြီးက သူလည်း ဘာမြို့မှန်း မသိကြောင်း၊ သည်ဘက်ဆီကို တစ်ခါမျှ သူ မရောက်ဖူးကြောင်း၊ ဘေးမသီ ရန်မခဘဲနှင့် ဆိပ်ကမ်းသို့ ရောက်လာကြသည်ကိုပင်





ဝမ်းသာကြဖို့ ရှိကြောင်း၊ အကယ်၍ ထိုဆိပ်ကမ်းတွင် မိမိတို့ ကုန်များ ဈေးကိုက်လျှင် လည်း ရောင်းနိုင်ကြောင်း၊ အကယ်၍ ဈေးမကိုက်လျှင် နှစ်ရက် သုံးရက်ခန့် နား၍ ရိက္ခာတင်ပြီးလျှင် သင်္ဘော ဆက်၍လွှင့်မည် ဖြစ်ကြောင်းနှင့် ပြောပါသည်။

ဆိပ်ကမ်းသို့ ကပ်မိသောအခါ အားလုံး ဝမ်းသာအားရ ဆင်းကြပြီးလျှင် မြို့တွင်းသို့ လှည့်၍ ကြည့်ပါသည်။ ထိုအခါ မြို့တွင်းရှိ လူအားလုံးမှာ ကျောက်ရုပ် ကြီးတွေ ဖြစ်၍နေသည်ကို တွေ့ရပါသည်။ သက်ရှိလူသားဆို၍ တစ်ယောက်မျှ မတွေ့ ရပါ။ ဈေးဘက်တန်းသို့ လျှောက်၍ သွားသောအခါ ဈေးသည်များမှာ မိမိတို့ ကုန်စည် ပစ္စည်း၊ ရွှေ၊ ငွေ စသည်တို့ မသိမ်းဆည်းနိုင်ဘဲ ထိုင်သူလည်း ထိုင်ရင်း၊ ရပ်သူလည်း ရပ်ရင်း၊ ကုန်းသူလည်း ကုန်းရင်း မလှုပ်မယှက် ကျောက်ရုပ်ချည်း ဖြစ်၍ နေကြသည်ကို တွေ့ရပါသည်။

သူတို့၏ ဥစ္စာပစ္စည်းများမှာလည်း သူတို့ ထားကြရင်းအတိုင်း ခြေရာမပျက် လက်ရာမပျက် နေရာမယွင်း ရှိကြပါသည်။ အဲသဟာနှင့် သင်္ဘောပါ ပရိသတ်အားလုံး သည် ဈေးတန်းမှနေ၍ တစ်ယောက်တစ်ကွဲ လမ်းခွဲကြပြီးလျှင် ကိုယ်လိုရာ ပစ္စည်းဥစ္စာ၊ ရွှေ၊ ငွေ၊ ဘဏ္ဍာတို့ကို သယ်နိုင်ပိုးနိုင်သလောက် ကြိုက်နှစ်သက်ရာ သယ်ကြ ပိုးကြပြီး တစ်ယောက်ကိုတစ်ယောက် သတိမရနိုင်ကြပါ။

ငါကတော့ ဘာပစ္စည်းမျှ မယူဘဲ နန်းတော်ကြီး တူရူသို့ သွားပြီးလျှင် ရွှေစင် တံခါးမှ နေ၍ အထဲသို့ စိုက်စိုက်ကြီး ဝင်သွားပါသည်။ ရှင်ဘုရင်နှင့် မှူးကြီးမတ်ရာ သေနာပတိတို့မှာလည်း ညီလာခံ ကျင်းပရင်းနှင့် ကျောက်ရုပ်တွေ ဖြစ်၍နေကြသည်ကို တွေ့ရပါသည်။ ရှင်ဘုရင် စံပယ်တော်မူသော ပလ္လင်တော်မှာလည်း စိန်အတိ၊ မြအတိ ခြယ်လှယ်မွမ်းမံ၍ ထားပါသည်။

အနောက်ဆောင်ဘက်သို့ ဆက်၍ ဝင်သွားသောအခါ မိဖုရားကြီးမှာလည်း ကျောက်မျက်ရတနာ အပြည့်ဆင်၍ အပျိုတော်များ ဝန်းရံခစားရင်း ကျောက်ရုပ်ဖြစ်၍ နေပါသည်။ အချို့ နန်းတော်ဆောင်မှ ကျောက်မျက်ရတနာတို့သည် နေရောင် လရောင် ကဲ့သို့ အရောင်များ တဖိတ်ဖိတ်တောက်၍ နေပါသည်။

ထို့နောက် နန်းတော်ကြီး တစ်ခုလုံး၌ အသက်ရှင်နေသူ တစ်ယောက်မျှ မတွေ့ ဘဲလျက် မီးရှူးမီးတိုင်များ ထွန်း၍ထားသော အဆောင်တစ်ခုကို တွေ့ရပြန်သဖြင့် ဧကန္တ ကျောက်ရုပ်မဖြစ်ဘဲ ကျန်နေသူ တစ်ယောက်ယောက်တော့ ရှိမည်ဟု ငါ့စိတ်ထဲက အောက်မေ့မိပါသည်။ သို့ရာတွင် ရှာတ်တရက် ရှာ၍မတွေ့ပါ။ အဲသဟာနှင့် နန်းတော်ကြီး တစ်ခုလုံး ဟိုလျှောက်ရှာ၊ သည်လျှောက်ရှာ ရှာရင်းနှင့်ပင် နေဝင်သွားပါသည်။

ညဉ့်နက်၍ တစ်နေရာတွင် အိပ်မည်ဟု လှဲပါသော်လည်း နန်းတော်ကြီး တစ်ခုလုံး၏ ဖြစ်ရပုံ ဆန်းကြယ်သည်များကို တွေးတောနေသည်နှင့် အိပ်၍ မရပါ။



www.burmeseclassic.com

www.burmeseclassic.com



သန်းခေါင်ကျော်လောက် ကျသောအခါ မီးရှူးမီးတိုင်များ ထွန်းထားသော အဆောင်ဆီမှ ဘုရားစာ တရားစာများ ရွတ်သံ ကြားရပါသည်။ အဲသဟာနှင့် အသံကြားရာဘက်သို့ အသာ သွား၍ ကြည့်သောအခါ ချစ်မြတ်နိုးဖွယ်ကောင်းသော ယောကျ်ားပျိုတစ်ယောက်သည် တစ်ယောက်တည်း ဘုရားစာများကို ဖတ်၍နေသည်ကို တွေ့ရပါသည်။ အဲသဟာနှင့် ငါက သူ့အဆောင်ထဲသို့ အသာဝင်သွားပြီး အရိုအသေ ပြုပါသည်။ သည်တော့ သူကလည်း ပြန်၍ အရိုအသေ ပြုပြီးလျှင် 'အသင် ဘယ်သူလဲ၊ ဘယ်နည်းဘယ်ပုံနှင့် သည်ကို ရောက်လာသလဲ' ဟု မေးပါသည်။ သည်တော့ ငါကလည်း အကျိုးအကြောင်းကို စုံလင်အောင် ပြောပါသည်။

သည်တော့ ယောကျ်ားပျိုက ငါ့ကို သူ့အပါး၌ ထိုင်စေပါသည်။ ငါ့ အထင်မှာ ဒွန္နယာကြီး တစ်ခုလုံး၌ ထိုယောကျ်ားပျိုကဲ့သို့ လှပတင့်တယ် ရှုချင်ဖွယ်ရှိသော





ယောကျ်ား မရှိပါ။ လပြည့်ဝန်းကြီးကဲ့သို့ ကျက်သရေမင်္ဂလာနှင့်လည်း ပြည့်စုံပါသည်။ သူ့မျက်နှာကို တစ်ချက် လှမ်း၍ ကြည့်လိုက်မိသည်တွင် ငါ့စိတ်တွင် အသည်းနှလုံးကို ယူကျုံးလိုက်သကဲ့သို့ပင် ထင်ရပါသည်။

ထို့နောက် ယောကျ်ားပျိုက ညီလာခံအလယ်တွင် ကျောက်ရုပ်ဖြစ်၍ နေသော ရှင်ဘုရင်ကြီးသည် သူ၏ခမည်းတော် ဖြစ်ကြောင်း၊ အနောက်ဆောင်တွင် အပျိုတော်များနှင့် တင့်တယ်စွာ စံပယ်တော်မူရင်း ကျောက်ရုပ်ဖြစ်သွားသော မိဖုရားကြီးမှာလည်း သူ၏မယ်တော် ဖြစ်ကြောင်း၊ သူ၏ခမည်းတော် မယ်တော်တို့နှင့်တကွ မြို့သူမြို့သား အားလုံးမှာ မီးကို ကိုးကွယ်ကြသော တိတ္ထိများ ဖြစ်ကြောင်း၊ ထို့ကြောင့် သူတို့အား အလာဟုအရှင် အမျက်တော်ထွက်၍ ကျောက်ရုပ်များအသွင်သို့ ပြောင်းပစ်လိုက်ကြောင်း၊ သူ့အဖို့မှာ အလာဟုအရှင်ကို ကြည်ညိုယုံကြည်သူ ဖြစ်သည့်အတွက် ချမ်းသာရာ ရကြောင်း၊ နန်းတော်ကြီးထဲ၌ ကျောက်ရုပ်တွေကြားတွင် သူတစ်ယောက်တည်း နေရသည်မှာ ကြာပြီဖြစ်၍ ပျင်းလှပြီ ဖြစ်ကြောင်းများကို သနားစဖွယ် စီကာပတ်ကုံး ပြောပြပါသည်။

သည်တော့ ငါက မင်းသားကလေးကို 'မောင်တော်သည် ဤကျောက်ရုပ်တွေ နေသော နန်းတော်ကြီးကို စွန့်၍ နှမတော်တို့ နေသော ဗဂ္ဂဒက် ရွှေမြို့တော်သို့ လိုက်ခဲ့တော်မူစေလိုပါသည်။ နှမတော်သည် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းနှင့် ပြည့်စုံသူဖြစ်သော်လည်း ဗဂ္ဂဒက် နေပြည်တော်သို့ မောင်တော် လိုက်ပါတော်မူမည် ဆိုပါလျှင် မောင်တော်အား အိမ်ဦးခန်း၌ တင်၍ ခြေဆုပ်လက်နယ် လုပ်ကျွေးပြုစုပါမည်၊ မောင်တော် ဘာမျှ မျက်နှာ မငယ်စေရပါ၊ ယခု နှမတော်မှာ သင်္ဘောကြီးတစ်စင်းနှင့် ကုန်အပြည့် ပါပါသည်' ဟု ကိုယ့်အလိုသို့ ပါအောင် တတ်သမျှ မှတ်သမျှ ဖြားယောင်းဖျောင်းဖျ၍ ပြောပါသည်။

အဲသဟာနှင့် ငါက တီတီတာတာ သံစာစာနှင့် ပြောတော့ မင်းသားကလေးက 'ကောင်းပါပြီ၊ နှမတော်တို့ ဗဂ္ဂဒက် နေပြည်တော်သို့ လိုက်ပါမည်' ဟု ဝန်ခံရှာပါသည်။ သည်တော့ ငါ့စိတ်ထဲမှာ ဘယ်လို ဝမ်းသာနည်း သာမှန်း မသိခဲ့ပါ။ အဲသည်ညက ငါဟာ မင်းသားကလေးအား ခြေဆုပ်လက်နယ်ပြုရင်း သူ့ခြေရင်းမှာပင် အိပ်ပါသည်။ နံနက်လင်းသောအခါ မင်းသားကလေးနှင့် ငါတို့နှစ်ယောက်သည် ဘဏ္ဍာတော်တိုက်သို့ သွား၍ ဝန်ပေါ့ အဖိုးတန်ပစ္စည်းများကို ယူကြပြီးလျှင် နန်းတော်ကြီးထဲမှ နှစ်ယောက်သား တွဲ၍ ပြုံးရွှင်စွာ ထွက်လာခဲ့ကြပါသည်။

သင်္ဘောသူကြီးနှင့်တကွ ငါ၏ အစ်မနှစ်ယောက်ကလည်း 'တစ်ညလုံး ဘယ်ပျောက်နေသလဲ၊ စိတ်ပူလိုက်ရသဟာ ခုမှပဲ စိတ်အေးပေတော့သည်' ဟု ပြောကြပါသည်။ ငါကလည်း နန်းတော်သူ နန်းတော်သားများနှင့်တကွ မြို့သူမြို့သား အားလုံး



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ရုပ်ဖြစ်သွားရပုံ၊ နန်းတော်ကြီးထဲ၌ မင်းသားကလေးနှင့် တွေ့ခဲ့ပုံ စသည်တို့ကို စုံလင်အောင် ပြန်ပြောပြပါသည်။

သည်တော့ သူတို့အားလုံးက သဘောကျကြပါသည်။ သို့ရာတွင် မင်းသားကလေးက ငါ့ကို သူ၏ အလုပ်အကျွေးအဖြစ်နှင့် သူ့ခြေရင်းတွင် ထားတော့မည်ဆိုသော အကြောင်းကို ကြားသောအခါ ငါ့အစ်မကြီးနှစ်ယောက်၊ ဟောသည် ခွေးနက်မကြီးနှစ်ကောင်က မျက်နှာမကောင်းကြပါ။ မင်းသားကလေးကို သူတို့သာ လိုချင်ကြပါသည်။ အဲသဟာနှင့် ငါ့အစ်မကြီးနှစ်ယောက်က ငါ့အပေါ်မှာ ကျိတ်ပြီး အကောက်ကြံ၍ နေကြပါသည်။ ငါကလည်း သူတို့အကြံကို မရိပ်မိသဖြင့် အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်ပါသည်။ အဲသဟာနှင့် ငါတို့လည်း ကျောက်ရုပ်တွေနေသော မြို့ကြီးမှ သင်္ဘောလွှင့်ခဲ့ကြပါသည်။

သင်္ဘောပေါ် ပါသည့် သူများမှာလည်း ကိုယ်စီကိုယ်င လိုချင်သမျှ ပစ္စည်းများ ရလာခဲ့ကြသဖြင့် အားလုံးပင် ဝမ်းသာလျက် ရှိပါသည်။ ငါကတော့ ပစ္စည်းတွေ ရသဟာထက် မင်းသားကလေးကို ရလာသည့်အတွက် သူတကာထက် ပို၍ ဝမ်းသာနေပါသည်။ သမုဒ္ဒရာကြီး အလယ်ကောင်လောက်ကျတော့ ငါ့အစ်မကြီး နှစ်ယောက်က 'နေပါဦးအေ့၊ ညည်းက ဟိုကျလျှင် သည်မင်းသားကလေးကို ယူမှာလား' လို့ မေးကြပါသည်။ သည်တော့ ငါက 'ယူမှာပေါ့ အစ်မကြီးတို့ရဲ့၊ မေးမှ မေးပလေ' ဟု ဆိုပါသည်။ သည်တော့ သူတို့က 'သဟာဖြင့်လည်း ကောင်းသားပဲအေ့' ဟု ဝမ်းထဲက မပါဘဲနှင့် ပြောကြပါသည်။

ငါကလည်း သူတို့ရဲ့ ဝမ်းတွင်းကောက်ကို မမြင်နိုင်သဖြင့် အမှုမဲ့ အမှတ်မဲ့ပင် နေလိုက်ပါသည်။ တစ်ညကျတော့ ငါနှင့် မင်းသားလေးတို့ အိပ်မောကျနေကြတုန်း ငါ့အစ်မကြီး နှစ်ယောက်က ငါ့ကို အိပ်ရာပါ တစ်ခါတည်း မပြီး ရေထဲသို့ ပစ်ချလိုက်ပါသည်။ ပြီးတော့ မင်းသားကလေးကိုလည်း အဲသလိုပဲ ရေထဲသို့ ပစ်ချလိုက်ကြပါသည်။

ငါ့မှာ သေကံမရောက် သက်မပျောက် ဆိုသလိုပဲ မသေချင်သည့် လူဆိုတော့ ထင်းတုံးတစ်တုံး မျောလာသဟာနှင့် သွား၍ တွေ့ပါသည်။ သဟာလည်း အလာဟု အရှင်ရဲ့ အလိုတော်လို့ ဆိုရမှာပါပဲ။ အဲသဟာနှင့် ငါလည်း ထင်းတုံးကို တွယ်ပြီး ဟိုမျော သည်မျော မျောနေရင်း နောက်ဆုံးတော့ လှိုင်းပုတ်ပြီး ကမ်းပေါ်သို့ ရောက်သွားပါသည်။ အဲသဟာနှင့် ငါလည်း မောပန်းသည်နှင့် ညအဖို့တွင် နားနေပြီး နံနက်လင်းသည်နှင့် တစ်ပြိုင်နက် ဟိုဟိုသည်သည် လျှောက်၍ ကြည့်ပါသည်။ သည်တော့မှ ငါရောက်နေသော နေရာမှာ ကုန်းမကြီး မဟုတ်သေးဘဲ ကျွန်းမျှသာ ဖြစ်သည်ကို တွေ့ရပါသည်။

ထို့နောက် ကုန်းမကြီး ရှိရာသို့ ရှေးရှု၍ သွားပြီးလျှင် ချောင်းငယ်လေးတစ်ခုကို





ဖြတ်ကူးပြီးနောက် ကုန်းမကြီးပေါ်သို့ တက်မိပါသည်။ ကုန်းမကြီးပေါ်သို့ ရောက်သောအခါ တစ်ယောက် သွားသာရုံသာ ရှိသော မြေလမ်းကလေးဖြင့် ညို့ညို့မှိုင်းမှိုင်းနှင့် မြင်ရသော မြို့ကြီးရှိရာသို့ ရည်မှန်း၍ သွားပါသည်။ မြို့ကြီးနှင့် မနီးမဝေးသို့ ရောက်သောအခါ နောက်မှ သဲသဲ သဲသဲနှင့် အသံကြားပါသည်။

အဲသဟာနှင့် ကြောက်ကြောက်နှင့် လှည့်ကြည့်လိုက်တော့ စွန်ပလွံပင်လုံးလောက် လုံးပတ်ရှိသည့် မြွေကြီးတစ်ကောင်သည် ကြောက်အားလန့်အားနှင့် လူးကာလွန့်ကာ ပြေးလာသည်ကို တွေ့ရပါသည်။ သူ့နောက်က နဂါးငယ်တစ်ကောင်က အတင်းလိုက်၍ နေပါသည်။ နဂါးမှာ နှစ်လံ သုံးလံလောက်သာ ရှည်၍ လုံးပတ်လည်း သိပ်မကြီးလှပါ။ ရှေ့မှ ကြောက်အားလန့်အားနှင့် ပြေးလာသော မြွေကြီးဟာ ငါ့အနီးသို့ ရောက်လည်း ရောက်လာရော နောက်က နဂါးက မီလာပြီး သူ့အမြီးကို လှမ်း၍ ကိုက်လိုက်ပါသည်။

သည်တော့ မြွေကြီးလည်း ကြောက်သည်လည်း တစ်ကြောင်း၊ နာသည်လည်း တစ်ကြောင်းကြောင့် ပြင်းစွာအော်၍ လျှာကြီးတန်းလန်း ထွက်လာပါသည်။ သည်တော့ ငါက မြွေကြီးကို သနားလာပြီး အနားမှာရှိသည့် ကျောက်တုံးကြီးနှင့် ကောက်ပြီး ပါးစပ်က အလာဟု အရှင်ကို တပြီး နဂါးရဲ့ဦးခေါင်းကို တအား ပေါက်လိုက်ပါသည်။ အလာဟု အရှင်ရဲ့ အလိုတော်အရပဲ နဂါးလည်း အဲသည် နေရာတွင်ပဲ ပွဲချင်းပြီး သေသွားပါသည်။ နဂါး သေသဟာနှင့် တစ်ပြိုင်နက် မြွေကြီးသည်လည်း ကောင်းကင်သို့ တစ်ခါတည်း ပျံတက် ပျောက်ကွယ်သွားပါသည်။

ထို့နောက် ငါလည်း မောသဟာနှင့် အဲသည်နေရာမှာပဲ လှဲပြီး တစ်ရေး အိပ်လိုက်ပါသည်။ အတော်ကြာ၍ အိပ်ရာမှ နိုးသောအခါ မီးသွေးတုံးကဲ့သို့ မည်းနက်သော လုံမပျိုတစ်ဦးသည် ငါ၏ ခြေသလုံးကို နှိပ်ပေးနေသည်ကို တွေ့ရပါသည်။ သူ့အနားမှာလည်း ခွေးနက်မကြီးနှစ်ကောင် ရှိပါသည်။ အဲသဟာနှင့် ငါလည်း ရှိုးတိုးရှန့်တန့်ဖြစ်သွားပြီး 'နေပါဦး... သည်က ညီမက ဘယ်ကပါလဲ၊ နာမည်ကကော ဘယ်လိုခေါ်ပါသလဲ' ဟု မေးပါသည်။

သည်တော့ သူက 'ဪ မမကလည်း ကျွန်မကို မမှတ်မိတော့ဘူးလား၊ ကျွန်မဟာ အခုတင်တုန်းကပဲ မမ ကယ်လိုက်သဟာလေ၊ နဂါးလိုက်လို့ ပြေးလာသည့် မြွေမကြီးပေါ့။ အဲသည်တုန်းက မမ ကယ်လိုက်ပေလို့ပေါ့၊ ငါဟာ သရဲမပါ။ ငါ့ကို နောက်က လိုက်သည့် နဂါးဟာကတော့ သရဲထီးပါ။ ငါနှင့် သူနှင့် မတည့်ကြဘူး။ သဟာကြောင့် ငါ့ကို အသေသတ်ဖို့ သူ လိုက်သဟာပါ။ သည်တုန်းမှာ မမက ဝင်ပြီး ကယ်လိုက်ပေလို့ ငါ အသက်ချမ်းသာရာ ရသွားပါသည်။

'ငါဟာ နဂါးရန်က လွတ်သွားသဟာနှင့် တစ်ပြိုင်နက် မမကို ရေထဲ ပစ်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည့် အစ်မကြီးနှစ်ယောက် စီးသွားသည့် သင်္ဘောရှိရာသို့ တစ်ခါတည်း ပြေးလိုက်သွားပြီး၊ သင်္ဘောပေါ်က ပစ္စည်းများကို ဗဂ္ဂဒက်မြို့က မမအိမ်သို့ အကုန် ပို့ပြီး သင်္ဘောကိုလည်း တစ်ခါတည်း မြှုပ်ပစ်လိုက်ပါသည်။ ပြီးတော့ မမရဲ့ အစ်မကြီး နှစ်ယောက်ကိုလည်း ခွေးနက်မကြီးနှစ်ကောင် အသွင်ပြောင်းပစ်လိုက်ပြီး ခေါ်လာခဲ့ပါသည်။ သည်ခွေးနက်မကြီး နှစ်ကောင်ဟာ မမကို သေကြောင်းကြံသည့် အစ်မကြီးနှစ်ယောက်ပေါ့၊ မမ မြတ်နိုးသည့် မင်းသားကလေးကတော့ ရေနစ်သေရှာပြီ' ဟု ပြောပါသည်။

သည်လိုလည်း ပြောပြီးရော သရဲမသည် ငါနှင့်တကွ ခွေးနက်မကြီး နှစ်ကောင်ကို ကောင်းကင်ခရီးဖြင့် ငါ့အိမ်သို့ တစ်ခါတည်း ဆောင်၍ သွားပါသည်။ အိမ်သို့ ရောက်၍ ကြည့်လိုက်သောအခါ သင်္ဘောပေါ်က ပစ္စည်းများအနက် တစ်ခုမျှ ပျောက်ခြင်း ရှခြင်း မရှိဘဲ စေ့စေ့စုံစုံ ရောက်နေသည်ကို တွေ့ရပါသည်။

ထို့နောက် သရဲမက 'ကိုင်း မမ... မမ ကျေးဇူးကိုလည်း ဆပ်ပြီးပြီ၊ ငါလည်း ပြန်တော့မည်။ သို့သော် မပြန်ခင် ငါ တစ်ခု မှာပါရစေ၊ ည ညကျလျှင် သည်ခွေးနက်မကြီး နှစ်ကောင်ကို တုတ်ကောင်းကောင်းတစ်ချဖြင့် အချက် နှစ်ရာ သုံးရာစီထက် မနည်းအောင် ရိုက်ပါ၊ တစ်ညမျှ မပျက်ပါစေနှင့်။ ပျက်လို့ရှိလျှင် မမကို ငါ တစ်သက်လုံး မြေတိုက်ထဲမှာ သွင်းပြီး ထားရပါလိမ့်မည်' ဟု ဆိုပါသည်။ သည်တော့ ငါကလည်း 'ကောင်းပါပြီ၊ မှာသည့်အတိုင်း လုပ်ပါမည်၊ မပျက်ကွက်စေရပါဘူး' ဟု တာဝန်ခံလိုက်ရပါသည်။

ထို့နောက် တစ်ခါ သရဲမက 'မမ ငါ့ကို လိမ်လို့ရှိလျှင်တော့ မမကိုလည်း မမရဲ့ အစ်မကြီးများကို လုပ်သလိုပဲ ခွေးနက်မကြီး ဖြစ်အောင် လုပ်ပစ်လိုက်မှာပဲ၊ နောက်တော့ ငါ့ကို အဆိုး မဆိုနှင့်' ဟု ဆိုပြီးနောက် သရဲမလည်း ကွယ်သွားပါသည်။

အဲသည်ကတည်းက စပြီး ငါဟာ သရဲမ မှာသည့်အတိုင်း ညစဉ်ညစဉ် သည်ခွေးနက်မ ငါ့အစ်မကြီးနှစ်ယောက်ကို မရိုက်ချင်ဘဲနှင့် ရိုက်၍ နေရပါသည်။ အစ်မကြီး နှစ်ယောက်ကလည်း သူတို့အပြစ်နှင့် သူတို့ ခံကြရသဟာမို့ ငါ့အပေါ်မှာ စိတ်မရှိကြပါ။ သို့သော် ရိုက်ရသူ ငါ့မှာတော့ စိတ်မကောင်းပါ။ သဟာကြောင့် ရိုက်ပြီးသည့်အခါတွင် ခွေးနက်မကြီးများကို ငါက ယုယစွာ နမ်းရှုပ်ခြင်း ဖြစ်ပါသည်။ ငါ့အကြောင်းကတော့ သဟာပါပဲ' ဟု ဆိုကာ ဇိုဗေဒါက သူ့အတ္တုပ္ပတ်ကို နိဂုံးချုပ်လိုက်သတဲ့။

သည်တော့ ဟာဠူအာဠာယှစ်မင်းကြီးက 'အကြီးမ ဇိုဗေဒါကတော့ သူ ဘာလို့ ခွေးနက်မကြီး နှစ်ကောင်ကို ရိုက်ပြီး နမ်းရသည့် အကြောင်းနှင့်တကွ သူ့အဖြစ်အပျက်ကို အစုံအလင် ပြောပြပြီးပြီ။ ကိုင်း... အငယ်မ အမီနာ အလှည့်ပဲ ကျန်တော့သည်။ မယ်မင်းကကော မယ်မင်းကျောက ဒဏ်ရာတွေဟာ ဘယ်လိုနည်းနှင့် ရသည် ဆိုသဟာကို ဘယ်လို သံတော်ဦးတင်မလဲ' ဟု မိန့်တော်မူသတဲ့။





သည်တော့ အမီနာက ဆိုလတ္တံ့သည့်အတိုင်း သူ့အဖြစ်အပျက်ကို နားမငြီးအောင် ပြောပြသတဲ့။

[၉]

## အမီနာ ဝတ္ထု

'ငါ့အကြောင်းကတော့...' ဟု အစချီပြီးလျှင် အမီနာက ဟာဠူအာဠာယှစ်မင်းအား သူ၏ အဖြစ်အပျက်ကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြသတဲ့။

ရှေ့နားဆင်တော်မူပါ၊ ငါ့အဖေ ကွယ်လွန်သောအခါ ငါသည် အမွေ အမြောက်အမြား ရလိုက်ပါသည်။ ငါ့အဖေ ကွယ်လွန်ပြီးနောက် များမကြာမီ ငါ အိမ်ထောင်ပြုပါသည်။ ငါ၏ခင်ပွန်းသည် သူဌေးကြီးတစ်ဦး ဖြစ်ပါသည်။ ငါဟာ အလာဟုအရှင်၏ အလိုတော်အရ ငါ့ခင်ပွန်းနှင့် တစ်နှစ်ကျော်ကျော်ကလေးပဲ ပေါင်းလိုက်ရပြီးနောက် ငါဟာ မုဆိုးမ ဖြစ်သွားပါသည်။ ငါဟာ မုဆိုးမဖြစ်သော်လည်း အဖေဆီကရသော အမွေနှင့် ခင်ပွန်းသည် ထားရစ်ခဲ့သော ပစ္စည်းများကြောင့် သုံးမကုန်နိုင်လောက်အောင် ကြွယ်ဝချမ်းသာပါသည်။ ငါဟာ အရွယ်ကလည်း ကောင်း၊ ဆင်ဆင်ပြင်ပြင်လည်း နေတတ်၊ ပစ္စည်းဥစ္စာကလည်း ပြည့်စုံ၊ အခြေအရံလည်း ပေါများ၊ အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာတို့ကိုလည်း တစ်နာရီ တစ်ခါလောက် တစ်မျိုးပြီးတစ်မျိုး လဲ၍ ဝတ်တတ်သဖြင့် ရပ်ထဲ ရွာထဲ၌ များစွာ ဂုဏ်သတင်းကြီးပါသည်။

တစ်နေ့တော့ ငါ့အိမ်သို့ အမယ်အို ရှုတ်တွကြီးတစ်ယောက် လာ၍ ငါ၏ ခြေထောက်ကို ဖက်၍ ငိုပြီးလျှင် 'သမီးရယ်၊ အလာဟုအရှင်၏ မျက်နှာတော်ကို ထောက်ပြီး အမေတို့ကို ကယ်ပါဦး၊ အမေတို့ဟာ တစ်မြို့တစ်ရွာက သူစိမ်းတစ်ရံဆံ ဖြစ်သည့်အတွက် သည်မြို့မှာ မျက်နှာမရှိပါဘူး၊ အမေ့မှာ ဖသက်ဆုံး သမီးကလေး တစ်ယောက် ရှိပါသည်။ သူ့ကို အခု ထိမ်းမြားမင်္ဂလာပြုမလို့ ရပ်ထဲရွာထဲမှာ ဖိတ်တန်သလောက် လူများလည်း ဖိတ်ထားပြီးပါပြီ။ သည်မင်္ဂလာပွဲကို အထူးသဖြင့် သမီးကြီးကိုယ်တိုင် ကြွရောက် ချီးမြှောက်စေလိုပါသည်။ သမီးကြီး လာသည်တဲ့ ဆိုလျှင် ရပ်ထဲရွာထဲက ဂုဏ်သရေရှိ အမျိုးသမီးများလည်း သမီးကို ကြည့်ချင်သဟာနှင့်ပဲ လာကြပါလိမ့်မည်။ သမီးကြီး ကြွလာမည်ဆိုလျှင် အိမ်က သမီးငယ်လည်း အင်မတန် အားရှိပါလိမ့်မည်။ အမေတို့ အခုလို မျက်နှာငယ်နေသည့် အခါမှ သမီးကြီးက လာပြီး စောင့်ရှောက်မည်ဆိုလျှင် သမီးကြီးကို အလာဟုအရှင် စောင်မတော်မူပါလိမ့်မည်' ဟု ဝမ်းနည်းကြေကွဲဖွယ် ပြောပါသည်။

သည်တော့ ငါက အဘွားကြီးကို သနားသွားပြီး 'သည့်အတွက် မပူပါနှင့်



www.burmeseclassic.com

www.burmeseclassic.com



အမေရယ်၊ အမေ့သမီး မင်္ဂလာဆောင်ကို ငါ လာခဲ့ပါမည်။ လာခဲ့ရုံတွင် မကသေးပါဘူး၊ အမေ့သမီး မင်္ဂလာအခါမှာ ဝတ်ဖို့ ငါ ဝတ်သည့် အဝတ်ထဲက ဝတ်စုံတစ်စုံ ပေးပါမည်။ ပုတီး၊ လက်ကောက်၊ ရွှေ၊ ငွေ ရတနာပါ မကျန်စေရပါဘူး’ လို့ ပြောပါသည်။

သည်တော့ အမယ်အိုကြီးက ‘အမယ်လေး . . . ကျေးဇူးတင်လိုက်လေ သမီးကြီးရယ်၊ အမေတို့ကို ခုလို ကြည့်ရှုစောင်မသည့်အတွက် သမီးကြီးကိုလည်း အလာဟုအရှင်က မုချ စောင်မတော်မူပါလိမ့်မည်။ ကိုင်း . . . သဟာဖြင့် အမေ စိတ်ချပြီး ပြန်လိုက်ဦးမနော်၊ တော်တော်ကြာတော့ အမေ ပြန်လာပြီး ခေါ်မယ်။ သည်က သမီးက အဆင်သင့် ဖြီးလိမ်း ဝတ်စားထားနှင့်’ ဟု ဆိုပြီးလျှင် ပြန်သွားပါသည်။

အဲသဟာနှင့် ငါက ဖြီးလိမ်းပြီး သစ်ပေ့ဆန်းပေ့ လှပေ့ကောင်းပေ့ အဖိုးတန်ပေ့ ဆိုသည့် အဝတ်တန်ဆာ ကျောက်သံ ပတ္တမြားတို့ကို ဝတ်ဆင်ပြီး စောင့်နေပါသည်။

အဲသလို ငါလည်း ဖြီးလိမ်းဝတ်ဆင်ပြီးရော အမယ်ကြီးလည်း ပေါက်လာပြီး ‘ဘယ့်နှယ်လဲ သမီးကြီးရေ... ဖြီးလိမ်းပြင်ဆင်ပြီးပြီလား၊ မြို့ထဲက လူကုံထံ အမျိုးသမီးတွေ ရောက်ကုန်ကြပြီ။ သူတို့က သမီးကြီး လာမည် ဆိုသဟာ ကြားလို့ “ဘယ့်နှယ်လဲ ... သူဌေးမ အမီနာ မရောက်သေးဘူးလား၊ ဘယ့်နှယ်လဲ ... သူဌေးမ အမီနာ မရောက်သေးဘူးလား” နှင့် တစ်မေးတည်း မေးနေကြသည်။ ကိုင်း . . . လာ သွားကြစို့’ ဟု ဆိုပါသည်။

အဲသဟာနှင့် ငါက နောက်ပါ အစေအပါး မိန်းကလေးများကို ခေါ်ပြီး ‘ကိုင်း . . . အမေက ရှေ့ကသွား၊ ငါတို့က နောက်ကလိုက်မယ်’ လို့ ပြောပြီး အမေကြီးနောက်သို့ လိုက်၍ သွားပါသည်။ မင်္ဂလာဆောင်အိမ်သို့ ရောက်သောအခါ အမေကြီး ပြောသလို ဆင်းရဲသည့် လက္ခဏာကို မတွေ့ရဘဲ အင်မတန် ခမ်းနားကြီးကျယ်စွာ ပြင်ဆင်မွမ်းမံထားသည်ကို တွေ့ရပါသည်။

အဲသဟာနှင့် အထဲသို့ ဝင်သွားတော့ ပြင်ဆင်မွမ်းမံထားသဟာတွေက ခမ်းနားကြီးကျယ်လွန်းသဖြင့် ရှင်ဘုရင်၏ သားတော်၊ သမီးတော်များ စုလျားရစ်ပတ်မည့် ထီးဖြူရုံ ဟုပင် ထင်မိပါသည်။ အထဲသို့ ရောက်သောအခါ သူမတူအောင် လှပသော မိန်းမပျိုတစ်ယောက် ထွက်လာပြီးလျှင် ‘သည်ကိုကြွပါ မမ၊ မမ ကြွလာမည်ဆိုလို့ ငါတို့ မျှော်လိုက်ကြရသဟာ လည်ပင်းများကို ရှည်လို့၊ ကြွပါ မမ... ကြွပါ’ ဟု ငါ့ကို နှုတ်ချိုသံသာ ပြောလိုက်ပါသည်။

အဲသည် မိန်းမပျိုလို ချောသဟာ လှသဟာမျိုးလည်း ငါ့ဖြင့် တစ်ခါမျှ မမြင်ဖူးဘူးပါ။ အဲသဟာနှင့် ငါလည်း သူ ခေါ်ရာကို လိုက်သွားတော့ အဲသည် မိန်းမပျိုက ‘ထိုင်စမ်းပါဦး မမရယ်၊ မမကို ငါ ပြောစရာကလေး တစ်ခုရှိလို့ပါ’ ဆိုပြီး သူနှင့်အတူ





ယှဉ်ထိုင်ခိုင်းပါသည်။ ပြီးတော့ သူက ‘မမ လာသဟာလေ ငါတို့ သိပ်ဝမ်းသာသဟာပဲ၊ မမကို ငါ ပြောချင်သဟာကတော့ တခြား မဟုတ်ပါဘူး။ ငါ့မှာ အစ်ကိုတစ်ယောက် ရှိပါသည်၊ သူက ငါ့ထက် လှပါသေးသည်။ မမကလည်း သိပ်ချောပါသည်။ မမကသာ မသိသဟာပါ။ မမ ထိမ်းမြားမင်္ဂလာပွဲတွေ ကြွလာတိုင်း ငါ့အစ်ကိုက မမကို အမြဲ စောင့်ပြီး ကြည့်နေပါသည်။ အဲသလို မမကို မြင်ရဖန်များတော့ ငါ့အစ်ကိုက မမ အပေါ်မှာ မေတ္တာသက်ဝင်လာပါသည်။

‘အဲသဟာနှင့် မမနှင့် ငါတို့နှစ်ယောက် တွေ့ကြရအောင်ဆိုပြီး ဟိုအသွားကြီးကို အသပြာပေးပြီး မမဆီ လွှတ်လိုက်သဟာပါပဲ။ မမဟာလည်း ဂုဏ်သရေရှိ အမျိုးကောင်း သားသမီးဖြစ်သည် ဆိုသဟာကို ငါတို့ သိပါသည်။ ငါတို့ကလည်း ဆွေကောင်းမျိုးကောင်းထဲက ပါပဲ။ မမလိုပဲ ပစ္စည်းဥစ္စာနှင့်လည်း ပြည့်စုံပါသည်။ အဲသည်တော့ တိုတိုပြောရမယ်ဆိုလျှင် မမရယ်... ငါ့အစ်ကိုက မမကို အလာဟုအရှင် သက်သေထားပြီး ရိုးရိုးဖြောင့်ဖြောင့် လုပ်ကျွေးပြုစုချင်ပါသတဲ့။ သည်ကိစ္စဟာ ဒွန္နယာ့ ဓမ္မတာနှင့် ဆန့်ကျင်သည့်အလုပ် မဟုတ်သဖြင့် မမလည်း ရှက်စနိုးတော်မူဖို့ မရှိဘူး ထင်ပါသည်။ ငါ့အကြံကို မမ သဘောတော် ကြည်ဖြူလိမ့်မည်ဟု မျှော်လင့်ပါသည်’ ဟု နားချပါသည်။

သည်တော့ ငါကလည်း “အင်း . . . ငါတော့ သူတို့လက်တွင်း ရောက်နေပြီ၊ ငြင်းလို့လည်း ရတော့မည် မဟုတ်။ သည့်အတူတူ ချော်လဲတုန်း ရောထိုင်လိုက်တော့မည်” ဟု အောက်မေ့ပြီး ‘သဟာကတော့ ညီမလေးတို့ ကောင်းမည်ထင်လျှင် မမက မငြင်းပါဘူး၊ ညီမလေးတို့ပဲ ကြည့်လုပ်ကြသဟာပေါ့’ ဟု ပြောကာ သဘောတူလိုက်ပါသည်။

သည်တော့ မိန်းမပျိုက ဝမ်းသာအားရနှင့် လက်ခုပ်တီး၍ ဩဘာပေးပါသည်။ သူ့လက်ခုပ်သံကို ကြားသောအခါ အခန်းတစ်ခုတွင်းမှ လှလည်းလှ၊ ဘုန်းကျက်သရေနှင့်လည်း ပြည့်စုံ၍ တင့်တယ်ခြင်းအစုဖြစ်သော ယောကျ်ားပျို တစ်ယောက်သည် အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာတို့ကို ဆင်၍ ထွက်လာပါသည်။

ငါကလည်း သူ့ကို မြင်လိုက်သည့် တစ်ခဏာ၌ပင် မေတ္တာစိတ် ယိုဖိတ်၍ လာပါသည်။ ထို့နောက် ယောကျ်ားပျို သတို့သားသည် ငါ့အပါးသို့ ချဉ်း၍ ထိုင်ပြီးလျှင် ချိုသာသော စကားကိုဆို၍ နှုတ်ဆက်ပါသည်။ ထိုအခိုက်တွင် မိန်းမပျိုက လက်ခုပ်တီး၍ အချက်ပေးလိုက်ရာ အခန်းတွင်းမှ မြို့ဝန်နှင့် ရပ်ရွာလူကြီး လေးငါးယောက် ထွက်လာကြပြီးလျှင် ငါတို့နှစ်ယောက်အား အရိအသေ ပေးပြီးနောက် ထိမ်းမြားမှု စာချုပ်ကိုရေး၍ ငါတို့ သတို့သားနှင့် သတို့သမီး နှစ်ယောက်ကို လက်မှတ်ထိုးစေပြီးလျှင် ပြန်ဝင်သွားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တို့နှစ်ယောက်တည်း ကျန်ကြသောအခါ သတို့သားက သူက လွဲ၍ အခြားယောကျ်ားများ အပေါ်မှာ ကိုယ်ရောစိတ်ရော မတိမ်းညွှတ်ပါဘူးဟု သစ္စာ အဆိုခိုင်းပါသည်။ သည်တော့ ငါကလည်း သူကလွဲ၍ အခြား ဘယ်ယောကျ်ား အပေါ်မှ ကိုယ်ရောစိတ်ရော မတိမ်းညွှတ်ပါဘူးဟု သွက်သွက်ကြီး သစ္စာဆိုပါသည်။ သည်တော့ သတို့သားလည်း ဝမ်းသာအားရနှင့် ငါ၏လည်ကို ဖက်၍ နမ်းပါသည်။

ထို့နောက် ငါတို့ သတို့သားနှင့် သတို့သမီးမောင်နှံသည် အသင့်ပြင်၍ ထားသော စားပွဲကြီးသို့ သွား၍ မွှန်မြတ်ချိုမြိန်သော စားဖွယ်သောက်ဖွယ်တို့ကို ပျော်ရွှင်စွာ စားကြပါသည်။ ထိုကဲ့သို့ စားသောက်၍ နေခိုက်တွင် ငါ့စိတ်ထဲက "အချိန်မြန်မြန်ကုန်ပြီး မိုးမြန်မြန်ချုပ်ပါစေတော့"ဟု အောက်မေ့မိပါသည်။

ထို့နောက် မိုးချုပ်၍ အိပ်ချိန်တန်သောအခါ သတို့သားသည် ငါ့ကိုတွဲ၍ အိပ်ခန်းသို့ ဆောင်သွားပါသည်။ ငါ့တစ်သက်တွင် အဲသည် ညကလောက် တစ်ခါမျှ မပျော်ရွှင်ဖူးပါ။ အဲသလို ငါတို့ ဇနီးမောင်နှံ ပျော်ပျော်ပါးပါး နေကြရင်း တစ်လလောက် ကြာသွားတော့ ငါက ဝယ်ချင်သဟာလေးများ ဝယ်ရအောင် သူ့ဆီမှ အခွင့်တောင်းပြီး ဈေးသို့ သွားပါသည်။

သည်တော့ ငါ့ကို ပရိယာယ်ဆင်ပြီး လာခေါ်သည့် အမယ်ကြီးက ငါနှင့် အတူလိုက်၍ လာပါသည်။ ဈေးသို့ ရောက်သောအခါ အမယ်ကြီးက သူ့အသိ ပိုးကုန်သည် ယောကျ်ားပျိုတစ်ယောက် ဆိုင်သို့ ခေါ်သွားပါသည်။ အဲသည် ပိုးထည်ဆိုင်သို့ မရောက်ခင်လည်း အဘွားကြီးက 'သည် ပိုးထည်ရောင်းသည့် သူငယ်ဟာ အဖေ အမေလည်း မရှိဘူး၊ အမွေရထားလို့ ချမ်းသာလိုက်သဟာလည်း ပြောစရာ မရှိဘူး။ တစ်ဈေးလုံးမှာ သူ့ဆိုင်လို စုံသဟာ မရှိဘူး' ဟု ပြောပါသည်။

ဆိုင်သို့ ရောက်သွားသောအခါ အမယ်ကြီးကပင် စ၍ 'ဟေ့ မောင်ရင်၊ ဟော သည် မမလေးကို အဆန်းဆုံး အမျိုးအကောင်းဆုံး ပိုးထည်ထဲက ပြလိုက်စမ်းပါ' ဟု ပြောပြီး ငါ့အနားသို့ ကပ်ကာ 'မမလေးက သူ့အပေါ်မှာ ချိုချိုသာသာ ပြောပါ' ဟု တိုးတိုးပြောပါသည်။ သည်တော့ ငါက 'ငါ့ခင်ပွန်းက လွဲလျှင် ဘယ်ယောကျ်ားနှင့်မျှ စကားမပြောပါဘူးလို့ ငါ သစ္စာပြုထားသဟာပဲ' ဟု ဆိုပါသည်။ သည်တော့ အမယ်ကြီး က ငါ ပြောသည့် စကားကို မကြားဟန်ပြု၍ ပိုးကုန်သည် ယောကျ်ားပျိုကို ချီးမွမ်းစကား ပြောပါသည်။

သည်တော့ ငါက 'ငါ သည်ကို လာသဟာဟာ အထည်ဝယ်ဖို့ လာသဟာ ပါ၊ အဘွား စကားပြောကောင်းသဟာကို နားထောင်ဖို့ လာသဟာ မဟုတ်ပါဘူး' ဟု ခပ်တိုတိုပဲ ပြောလိုက်ပါသည်။ ထို့နောက် ငါ ကြိုက်သည့်အထည်ကို ယူပြီး အဖိုး ဘယ်လောက်ပေးရမလဲဟု ဆိုင်ရှင်ကို မေးပါသည်။ သည်တော့ ဆိုင်ရှင် ယောကျ်ားပျိုက





'ဘယ်လောက်မျှ မပေးပါနှင့်၊ လက်ဆောင်လို သဘောထားပြီး အလကား ယူသွားပါ' ဟု ဆိုပါသည်။

သည်တော့ ငါက သူ့အထည်ကို ပြန်ပေးလိုက်ပြီး အမယ်ကြီးအား 'အလကား တော့ မလိုချင်ဘူး၊ လာ . . . အဘွား သွားမည်' ဟု ဆိုပါသည်။ သည်တော့ ဆိုင်ရှင်က 'အလာဟုအရှင် ကယ်တော်မူပါ၊ သည်ဆိုင်က ကုန်များကို အသပြာ ဘယ်လောက် ပေးပေး မရနိုင်ပါ။ မမပါးသို့ တစ်ရှုပ်တည်း နမ်းခွင့်ပြုမည် ဆိုပါလျှင် ပိုးထည် တစ်ထည် နှစ်ထည်တွင် မဟုတ်ဘဲ တစ်ဆိုင်လုံးကိုပင် လက်ဆောင်အဖြစ်နှင့် အလကား ယူနိုင်ပါသည်' ဟု ပြောပါသည်။

သည်တော့ အမယ်ကြီးက 'အဲသည်လို နမ်းရတော့ မောင်ရင့်အဖို့မှာ ဘယ်လို အကျိုးထူးမှာလဲ' ဟု မေးပြီးလျှင် ငါ့ဘက်ကို လှည့်၍ 'သမီးရယ် သည်ကောင်က သိပ်ခက်သည့် အကောင်ပဲ၊ နမ်းချင် နမ်းပါစေအေ၊ ပါးပဲ့သွား သဟာမှ မဟုတ်ဘဲ၊ ကိုယ်လိုချင်သဟာ အလကားရလျှင် ပြီးသဟာပဲ' ဟု ပြောပါသည်။ သည်တော့ ငါက 'မတော်သဟာပဲ အဘွားရယ်၊ အလာဟုအရှင် မကြိုက်သဟာကို ငါ မလုပ်နိုင်ပါဘူး' ဟု ပြန်ပြောပါသည်။

သည်တော့ တစ်ခါ အမယ်ကြီးက 'သမီးကလည်း လျှာရှည်လိုက်သဟာ၊ သူ့ဟာသူ နမ်းချင်သဟာ နမ်းပါစေ၊ ကိုယ်က ပါးစပ်ကလည်း ဘာမျှမပြောနှင့်၊ ကိုယ်ကိုလည်း သူ့ဘက် ညွှတ်မပေးဘဲ နေလိုက်လျှင် ကိုယ်လည်း ဝိနည်းလည်း လွတ် ရော၊ ကိုယ် လိုချင်သဟာလည်း အလကားရရော မဟုတ်လား။ ပြီးတော့ ကိုယ့်မှာလည်း ဘာမျှ ဖြစ်မှာမှ မဟုတ်ဘဲနှင့်' ဟု နားသွင်းပါသည်။ သည်တော့ ငါကလည်း မတော် သည့် အကြောင်း၊ မဖြစ်နိုင်သည့် အကြောင်းနှင့် အတန်တန် ငြင်းပါသည်။

သည်တော့ အမယ်ကြီးက 'နမ်းသဟာများအေ ဘာဖြစ်သဟာ လိုက်လို့၊ ခဲခဲယဉ်းယဉ်း ရှိလိုက်သဟာ' လို့ ထပ်တလဲလဲ တိုက်တွန်းပါသည်။ အဲသဟာနှင့်ပဲ နောက်ဆုံးကျတော့ ငါလည်း နားယောင်ပြီး ပါးစပ်က တငြင်းတည်း ငြင်းရင်း တခြား လူတွေလည်း မမြင်နိုင်အောင် ခြုံလွှာကို ဖြန့်ကိုင်ပြီး မျက်နှာကိုစောင်း၍ ပေးလိုက် ပါသည်။ သည်တော့ ဆိုင်ရှင် ယောကျ်ားပျိုက တစ်ခါတည်း ငါ့ပါးကို ပေါက်သွားအောင် ကိုက်ဆွဲပါသည်။ ထို့နောက် သွေးများ ဖြိုင်ဖြိုင်ကျပြီး ငါလည်း သတိမေ့သွား ပါသည်။

နောက် သတိရ၍ ကြည့်လိုက်သောအခါ ဆိုင်လည်း ပိတ်ထားပြီး၊ ငါ့ကို အမယ်ကြီးက ပွေ့ထားပြီး 'အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့် သဟာလောက်နှင့်ပဲ ပြီးသွားသဟာပဲ တော်ပါသေးရဲ့' လို့ ပြောသံကို ကြားရပါသည်။

ထို့နောက် အမယ်ကြီးက 'ကိုင်း . . . လာ . . . လာ၊ အိမ်ပြန်ကြမည်။ တော်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြာ လူတွေ သိသွားပြီး အရှက်တကွဲ အကျိုးနည်း ဖြစ်ကုန်မည်။ အိမ်ရောက်တော့ ကပျာကယာ အခန်းထဲဝင်ပြီး နေမကောင်းချင်ယောင်ဆောင်ပြီး အိပ်ရာထဲမှာ စောင်ခြုံ အိပ်နေသဟာပေါ့။ သည်တော့မှ မမလေးရဲ့ အနာထည့်ဖို့ အမေ ဆေးရှာလာခဲ့မည်။ ကိစ္စမရှိပါဘူးအေ၊ နှစ်ရက် သုံးရက်လောက်နေလျှင် ပျောက်သွားမှာပါပဲ၊ မပူပါနှင့်' ဟု ဆိုပါသည်။

အဲသဟာနှင့် ငါလည်း အိမ်ကို ပြန်လာပြီး အိမ်ရောက်တော့ နေမကောင်း ချင်ယောင်ဆောင်ပြီး အိပ်ရာထဲမှာ ဝင်ခွေနေပါသည်။ ညကျတော့ ငါ့ခင်ပွန်းက လာပြီး 'ရှင်မ ဈေးသွားရင်း ဘာဖြစ်လာလို့ အိပ်ရာထဲက မထနိုင်ရသဟာလဲ' ဟု မေးပါသည်။ သည်တော့ ငါက 'ဘာမှ မဖြစ်ပါဘူး၊ ခေါင်းတွေကိုက်လွန်းလို့ ခဏလှဲနေသဟာပါ' လို့ ပြောပါသည်။

သည်တော့ သူက မီးရှူးတိုင်တစ်တိုင် ထွန်းကာ ငါ့ကို သေသေချာချာ ကြည့်ပြီး 'နေပါဦး၊ ရှင်မ ပါးက အနာက ဘာဖြစ်သဟာလဲ၊ ဖြစ်မှ ဖြစ်ရပလေ၊ အသားနုသည့် နေရာမှ ရွေးပြီး အနာပေါက်ရသည်' ဟု ဆိုပါသည်။ သည်တော့ ငါက 'ဘာမှဖြစ်လို့ မဟုတ်ပါဘူး၊ ထင်းတင်လာသည့် ကုလားအုတ်ကြီးက ဝင်တိုးသဟာနှင့် ထင်းစနှင့် ထိုးမိသွားလို့ပါ။ လမ်းကလည်း ကျဉ်းတော့ လွတ်အောင် မရှောင်နိုင်ပါဘူး' ဟု ဆိုပါသည်။

သည်တော့ သူက 'သည်လိုဆိုလျှင် ငါ မခံဘူး၊ ထင်းသည်တွေ အကုန်လုံး ကပ်သင့်အောင် မြို့ဝန်ကို ငါ သွားတိုင်မည်' ဟု ဆိုပါသည်။ သည်တော့ ငါက 'သည်လိုလည်း ဒေါသရှေ့မထားပါနှင့် ရှင်၊ အခု ဖြစ်ရသဟာက ငါ့အပြစ်နှင့် ငါ ဖြစ်ရသဟာပါ။ ငါက မြည်းစီးပြီး ပြန်လာတော့ မြည်းပေါ်က လိမ့်ကျပြီး ထင်းနှင့်ပဲ တိုက်မိသလား၊ ဖန်ကွဲပဲ ရှသွားသလား မပြောတတ်ပါဘူး။ ကိုယ့်အပြစ်နှင့်ကိုယ် ဖြစ်ရသဟာကို ကြားက မဆိုင်သည့် သူတွေကို ဒုက္ခဖြစ်ရမည်ဆိုလို့ မတော်ပါဘူး' ဟု ပြောပါသည်။

သည်တော့ တစ်ခါ သူက 'သည်လိုဆိုလျှင် မြည်းရှင်တွေ အကုန်လုံး ဒုက္ခ ရောက်အောင် နန်းရင်းဝန်ကြီးကို ငါ သွားတိုင်မည်' ဟု ဆိုပြန်ပါသည်။ သည်တော့ တစ်ခါ ငါက 'မဟုတ်ပါဘူး၊ အခု ငါ ဖြစ်ရသဟာက ကိုယ့်ကြမ္မာနှင့်ကိုယ် အလာဟု အရှင်၏ အလိုတော်အတိုင်း ဖြစ်ရသဟာပါ။ သည်တော့ တခြားသူများကိုလည်း ရန်မရှာ ချင်ပါနှင့်' ဟု ပြောပါသည်။

သည်တော့ သူက 'သည်လိုနှင့် ငါ မအေးနိုင်ဘူး၊ သင်းတို့တစ်တွေ အကုန်လုံး သေကုန်အောင် ငါ လုပ်မည်' ဟု ကြိမ်းဝါးပြီး ငါ့ကို အမျိုးမျိုး အဖုံဖုံ စစ်ပါသည်။ ငါကလည်း 'အလာဟုအရှင်ရဲ့ အလိုတော်အတိုင်း ဖြစ်ရသဟာပါ၊ ဘယ်သူ့အပေါ်မှ ရန်မလုပ်ချင်ပါနှင့်' ဟု ပြောပြန်ပါသည်။





သည်တော့ ငါ မူမမှန်သဟာ သူ ရိပ်မိလာပြီး 'ဟဲ့ . . . သစ္စာဖောက်မ၊ နင့်ကို ငါ အရှင်မထားဘူး' ဟု ဆိုပြီး ကျွန်များကို လှမ်း၍ ခေါ်လိုက်ပါသည်။ ထိုအခါ ကျွန်မည်းကြီး ခုနစ်ယောက် ဝင်လာကြပါသည်။ သည်တော့ သူက 'ဟဲ့ . . . လာကြစမ်း၊ သည်ကောင်မကို ကြိုးနှင့် တုပ်ကြစမ်း' ဟု အမိန့်ပေးပြီး ဓားကိုဆွဲကာ 'ရော့ . . . သည်ကောင်မကို ခါးလယ်က ပိုင်းပြီး တိဂ္ဂြစ်မြစ်ထဲ ပစ်ချကြပြီး ငါးစာ ကျွေးလိုက်ကြ' ဟု ဆိုပါသည်။

သည်တော့ ငါက ငိုပြီး ဓားကြီးဝင့်၍နေသော ကျွန်မည်းကြီးကို 'ခဏ ဆိုင်းပါဦးဟယ်၊ ငါ အလာဟုအရှင်ကို အာရုံပြုချင်လို့ပါ' လို့ ပြောပါသည်။

အဲသည်တုန်းမှာပဲ အမယ်ကြီးလည်း အူယားဖားယားနှင့် ပြေးလာပြီး ငါ့ခင်ပွန်း ရဲ့ ခြေထောက်ကို ဖက်ပြီး 'လက်လွန်ကုန်ပါမည် မောင်၊ သည်းခံပါ။ မောင်ဟာ အသက်လည်း ငယ်ပါသေးသည်။ အကယ်၍ သည်သူငယ်မကို မောင် သတ်လိုက်လို့



www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင်လည်း မောင့်အသက်လည်း ချမ်းသာရမည် မဟုတ်ပါဘူး။ ပြီးတော့ သည်သူငယ်မမှာလည်း အဆုံးစီရင်လောက်အောင် အပြစ်မရှိပါဘူး။ သည်တော့ အမေ့စကားကို နားထောင်ပါ။ အမေလည်း မောင့်ဆီမှာ အမှုထမ်းလာသဟာ ကြာပါပြီ' ဟု ဆိုပါသည်။

သည်တော့ ငါ့ခင်ပွန်းလည်း စိတ်ဆိုးအနည်းငယ် ပြေသွားပြီး 'ကောင်းပြီ၊ သည်လိုဆိုလျှင် သူ့အသက်ကို ချမ်းသာပေးလိုက်မည်။ သို့သော် သည်သစ္စာဖောက်မကိုတော့ မှတ်လောက်အောင် လုပ်လိုက်ရမှ ငါ အေးမည်' ဟု ပြောပြီးလျှင် ငါ့ကို မလှုပ်နိုင်မယှက်နိုင်အောင် ခြေရောလက်ရော ကိုင်ထားစေပြီးလျှင် တစ်ကိုယ်လုံး ကြိမ်ရာချင်းယှက်သွားအောင် ရိုက်ပါသည်။ သည်တော့ ငါလည်း နာလွန်းသဖြင့် မြော၍သွားပါသည်။

ထို့နောက် နေဝင်မိုးချုပ် အချိန်သို့ ရောက်သောအခါ ငါ့ခင်ပွန်း၏ အမိန့်ဖြင့် ကျွန်မည်းကြီးများသည် ငါကို ထမ်းပြီးလျှင် ငါ၏ ပထမ နေရင်းအိမ်သို့ ပြန်ပို့ကြပါသည်။ ငါ၏ နေအိမ်သို့ ပြန်ရောက်ပြီးနောက် ငါ၏ဒဏ်ရာများမှာ ပြင်းထန်လှသဖြင့် လေးလလောက်ကြာအောင် ဆေးကုယူရပါသည်။

ထို့နောက် ငါဟာ တစ်ယောက်တည်း မနေချင်သဖြင့် ငါ၏ အဖေတူ အမေကွဲ အစ်မ … ဟောသည် မမဇိုဗေဒါ အိမ်သို့ သွားပြီး ငါ၏ ဖြစ်ပျက်ရပုံ အလုံးစုံကို ပြောပြပါသည်။ သည်တော့ ဇိုဗေဒါက 'ညီမရယ်၊ ဒွန္နယာမှာ သည်လိုပဲ တွေ့ကြုံရသဟာပေါ့။ သည်တော့ ညီမလည်း ဖြစ်ပြီးသားအကြောင်းကို ဝမ်းနည်းမနေဘဲ အသက်မသေရသည့် အတွက်သာ အလာဟုအရှင်ကို ကျေးဇူးတင်ပေတော့' ဟု ပြောပါသည်။

ငါ ရောက်သွားတော့ ဟောသည် ခွေးနက်မကြီး နှစ်ကောင်ကိုလည်း တွေ့ပါသည်။ ထို့နောက် မမ ဇိုဗေဒါကလည်း 'ဒွန္နယာမှာ ပစ္စည်းဥစ္စာ ဆုံးပါး၍ မိတ်ဆွေသင်္ဂဟတို့က စွန့်ပစ်သွားသည့် အခါတွင် ဝမ်းနည်းပူဆွေးခြင်း မရှိဘဲ နေတတ်ဖို့ အရေးကြီးကြောင်း' နှင့်လည်း တရားချပါသည်။

ပြီးတော့ မမဇိုဗေဒါကလည်း သူ့မင်းသားကလေးနှင့် ကွဲခဲ့ရပုံ၊ သူ့အစ်မကြီးနှစ်ယောက် ခွေးနက်မကြီးများ ဘဝသို့ ရောက်သွားရပုံများကို စုံလင်အောင် ပြောပြပါသည်။ အဲသဟာနှင့်ပဲ ငါတို့ ညီအစ်မနှစ်ယောက်ဟာ လင်ယူသားမွေးဖို့ အကြောင်းကို စိတ်မကူးကြဘဲ စားလား သောက်လားနှင့် သုံးနှစ်တာမျှ ပျော်ပျော်ပါးပါး နေကြပါသည်။

ထို့နောက် ငါတို့အိမ်သို့ ဟောသည်က မမဆာဒီလည်း ရောက်လာပါသည်။ အဲသဟာနှင့် မမဆာဒီက ဈေးသွား၊ ငါက အိမ်က ထမင်းချက်ပြီး မမ ဇိုဗေဒါဆီမှာ စိတ်ချမ်းသာ လက်ချမ်းသာ မှီခိုနေထိုင်ကြသည်မှာ မနေ့ညက ဧည့်သည်ခုနစ်ယောက် ရောက်လာသည့် အချိန်ထိ ဖြစ်ပါသည်။ ဧည့်သည်ခုနစ်ယောက် ရောက်ပြီးနောက် ဖြစ်ပျက်သည့် အကြောင်းများကတော့ သာသနာ့ဒါယကာ မဟာဇေကရာဇ် ဘုရင်မင်းမြတ်





ကြီး သိတော်မူပြီးမို့ ထပ်၍လျှောက်ရန် မလိုတော့ပါ။ ငါ့ရဲ့အကြောင်းက တော့ သဟာပါပဲ' ဟု အမီနာက ဟာရွန် အာရ္ဟာယှစ် ဘုရင်ကြီးအား လျှောက်သတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက ဖိုးသူတော်သုံးယောက်နှင့်တကွ ဇိုဗေဒါနှင့် အမီနာတို့ အဖြစ်အပျက်များကို အက္ခရာ တင်ပြီးလျှင် ရွှေတိုက်တော်၌ နောင်လာနောက်သားများ ဖတ်ရှုဆင်ခြင်နိုင်စေခြင်း အကျိုးငှာ သိမ်း၍ ထားရမည် ဟု နန်းရင်းဝန်ကြီးအား အမိန့်ပေးသတဲ့။

ထို့နောက် ရှင်ဘုရင်ကြီးက ဇိုဗေဒါအား 'အနို့ နေပါဦး၊ အခု မယ်မင်းရဲ့ အစ်မကြီးနှစ်ယောက်ကို ဖမ်းစားထားသည့် သရဲမ ဘယ်မှာနေသည် ဆိုသဟာကော မယ်မင်း သိသလား' ဟု ဇိုဗေဒါကို မေးသတဲ့။ သည်တော့ ဇိုဗေဒါက 'မှန်လှပါ၊ ဘုန်းတော်ကြောင့် သည်သရဲမကို အရှင်မင်းမြတ်၏ ရှေ့မှောက်သို့ ရောက်လာအောင် လုပ်နိုင်သည့်နည်း ရှိကြောင်းပါ' ဟု ဆိုပြီးလျှင် သရဲမက သူ့ကို လာစေချင်လျှင် မီးရှို့လိုက်ဖို့ ပေးထားခဲ့သော ဆံခြည်ပင်များ ရှိကြောင်းကို ပြောပြီးလျှင် ထိုသရဲမ၏ ဆံခြည်ပင်များကို ရှင်ဘုရင်ကြီးအား ဆက်သသတဲ့။

ထိုအခါ ဘုရင်ကြီးသည် သရဲမ၏ ဆံခြည်ပင်များကို ဇိုဗေဒါထံမှ ယူ၍ မီးဖိုထဲသို့ ပစ်ထည့်လိုက်သတဲ့။ ဆံခြည်ပင်များ မီးကျွမ်း၍ သွားသည်နှင့် တစ်ပြိုင်နက်ကြောက်မက်ဖွယ်ကောင်းသော အသံကြီး ထွက်ပေါ်လာပြီးလျှင် နန်းတော်ကြီး တစ်ခုလုံး မှောင်ကြီးမည်းကြီး ကျကာ သွက်သွက်ခါအောင် တုန်လှုပ်သွားပါသတဲ့။

ထို့နောက် သရဲမသည် ကိုယ်ထင်ပြ၍၊ ရှင်ဘုရင်ကြီး၏ ရှေ့တော်မှောက်၌ ခစား၍ သူ့ကို အဘယ်ကြောင့် ခေါ်ရသည့် အကြောင်းကို မေးလျှောက်သတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက 'ဇိုဗေဒါ၏ အစ်မကြီး နှစ်ယောက်ဟာ သင်ဖမ်းစားသဖြင့် ခွေးနက်မကြီးများ ဖြစ်နေရသည်ဟု ပြောသည်။ ယခု သင်သည် အဲသည် ခွေးနက်မကြီးနှစ်ကောင်ကို မိမွေးတိုင်း ဖမွေးတိုင်း လူ့အဖြစ်သို့ ပြန်ရောက်အောင် သင်၏ပညာကို ပြန်၍ ဖြေပေးစေလိုသည်' ဟု အမိန့်တော်မှတ်သတဲ့။

သည်တော့ သရဲမက ဇိုဗေဒါသည် သူ၏ အသက်သခင် ကျေးဇူးရှင် ဖြစ်ကြောင်း၊ သူ့ကို သရဲထီးတစ်ကောင်က နဂါးယောင်ဆောင်၍ လိုက်သဖြင့် သူက မြွေယောင်ဆောင်၍ ပြေးရစဉ်က ဇိုဗေဒါက ကယ်လိုက်ကြောင်း၊ ထို့ကြောင့် ဇိုဗေဒါ အပေါ်တွင် သေကြောင်းကြံသည့် အစ်မကြီးနှစ်ယောက်ကို ပထမ သတ်ပစ်လိုက်မည်ဟု ကြံပြီးနောက်မှ ဇိုဗေဒါ စိတ်မကောင်းဖြစ်မည် စိုးသဖြင့် မသတ်ဘဲ ခွေးနက်မကြီးများ အဖြစ်သို့ ပြောင်းပစ်လိုက်ကြောင်းများကို လျှောက်ထားပြီးလျှင်၊ ရေတစ်ခွက်ကို တောင်း၍ မန်းကာ ခွေးနက်မကြီးနှစ်ကောင်ကို ဖျန်းပြီးနောက် 'သင်တို့သည် လူအဖြစ်သို့ ပြန်ရောက်ကြစေသတည်း' ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ခွေးနက်မကြီးနှစ်ကောင်လည်း လူပြန်ဖြစ်၍ လာကြသတဲ့။

ထို့နောက် ရှင်ဘုရင်ကြီးက 'ဟုတ်ပြီ၊ ဗိုဗေဒါရဲ့ အစ်မကြီးနှစ်ယောက် ကိစ္စကတော့ သရဲမ ကျေးဇူးကြောင့် ပြီးသွားပြီ။ အမိနာကို နှိပ်စက်သည့် သူကို တွေ့အောင် ရှာ၍ စစ်ဆေးပြီး အမှုနှင့်တူအောင် စီရင်ဖို့ပဲ ကျန်တော့သည်' ဟု မိန့်တော်မူသတဲ့။

သည်တော့ သရဲမက 'မှန်လှပါ၊ အမိနာကို ရိုက်နှက်သည့် ယောကျ်ားကို ဝေးဝေးမှာ ရှာဖို့ မလိုပါ။ ထိုယောကျ်ားမှာ အခြားသူ မဟုတ်ပါ၊ အသင်မင်းကြီး၏ သားတော်ပင် ဖြစ်ပါသည် ဘုရား' ဟု လျှောက်သတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက သားတော်ကို ရှေ့တော်သို့သွင်း၍ စစ်ဆေးတော်မူသတဲ့။ သားတော်ကလည်း ဟုတ်မှန်သည့်အတိုင်း ဝန်ခံသတဲ့။ ထိုအခါ ရှင်ဘုရင်ကြီးက 'သဟာဖြင့် ကောင်းပြီ၊ ယခုအခါ ငါသည် ငါ သေပြီးနောက် နောင်လာနောက်သားများ ပြောစမှတ် ပြုလောက်အောင် တရားစီရင်မည်' ဟု အမိန့်တော် ရှိပြီးလျှင် မှူးမတ် အစုံအလင်ကို ညီလာခံ ခေါ်ပြီးနောက် ညီလာခံဗိုလ်ထု အရှုခံ စုံသောအခါ ဗိုဗေဒါနှင့် တကွ ခွေးနက်မပျောင်း သူ့အဖေတူ မအေတူ အစ်မကြီးနှစ်ယောက်အား မင်းသား ဖြစ်သော ဖိုးသူတော်သုံးဦးနှင့် ဒွယ် ဒွယ် စုံဖက်၍ ပေးပြီးလျှင် လျှောက်ပတ်သော ရာထူးဌာနန္တရတို့ကို ချီးမြှင့်တော်မူသတတ်။

ထို့နောက် အမိနာအား မိမိသားတော်နှင့် ပြန်၍ လက်ဆက်ပေးသတဲ့။ ထို့နောက် ဈေးဝယ်ကောင်းသော အပျိုကြီး ဆာဒီကိုမူ သူကိုယ်တိုင် မြတ်နိုးတော်မူသဖြင့် သိမ်းပိုက်၍ မိဖုရား အဆောင်အယောင်ကို နှင်းသတဲ့။

ထိုအခါ ရှင်ဘုရင်ကြီး၏ သနားကြင်နာ ကရုဏာ ရှိတတ်ပုံ၊ အမြော်အမြင် အဆင်ခြင် အလိမ္မာနှင့် ပြည့်စုံပုံကို တိုင်းသားပြည်သူ ရှင်လူအများက ကောင်းချီးသြဘာ ပေးကြသတဲ့။ ထိုအခါမှစ၍ ဟာဠုံအာဌာယုစ်မင်းကြီးလျှင် အမှူးရှိသော ဆယ်ဦးသော သတို့သားနှင့် သတို့သမီးတို့မှာ အသက်ထက်ဆုံး ချမ်းသာပျော်ရွှင်စွာ နေကြပါသတဲ့။

ဤသို့လျှင် ဗဂ္ဂဒက်မြို့တော်သူ သုံးဦးနှင့် ဖိုးသူတော် သုံးယောက်တို့၏ အကြောင်းကို နားထောင်၍ မငြီးနိုင်လောက်အောင် စီကာပတ်ကုံး ပြောပြီးနောက် ယှာဌာဇတ်သည် ခပ်မဆိတ် နေသည်။

သည်တော့ ညီမငယ် ဒွန်ယာဇတ်က 'မမရယ်... မမ ပြောသည့် ပုံတွေက သိပ်ကောင်းသဟာပဲ၊ နားထောင်လို့ကို အားမရနိုင်ဘူး၊ မိုးလည်း မလင်းသေးပါဘူး မမရယ်၊ နောက်ထပ် တစ်ပုံလောက် ပြောပါဦး' ဟု ဆိုသည်။

သည်တော့ ယှာဌာဇတ်က 'ဘုန်းတော်ကြီးသော သာသနာ့ဒါယကာ မဟာ





ကေရာဇ် ဘုရင်မင်းမြတ်ကြီးက ခွင့်ပြုတော်မူမည် ဆိုလျှင်တော့ ပြောရသဟာပေါ့ ညီမလေးရယ်' ဟု ဆိုသည်။

သည်တော့ ယှာဠီယမင်းကြီးက 'အင်း... ကောင်းပြီ၊ ပြောနိုင်သည်။ သိပ်လည်း မရှည်စေနှင့်' ဟု မိန့်တော်မူသည်။ သည်တော့ ယှာဌာဇတ်က ဆိုလတ္တံ့သည့်ပုံကို ထပ်၍ပြောကာ ယှာဠီယမင်းကြီးအား ရွှေနားတော် သွင်းသတဲ့။

## [၁၀]
## တံငါသည်နှင့် သရဲကြီးဝတ္ထု

ထို့နောက် ယှာဌာဇတ်က ယှာဠီယမင်းကြီးကို 'မှန်လှပါ၊ မင်းတရားကြီး ရွှေနားဆင်တော်မူပါ ဘုရား' ဟု အစချီပြီးလျှင် တံငါသည် အဘိုးကြီးနှင့် သရဲကြီးပုံကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြသတဲ့။

ဟိုး... ရှေးရှေးတုန်းက တံငါသည် အဘိုးကြီးလင်မယား ရှိကြသတဲ့။ သူတို့မှာ သားသမီးသုံးယောက် ရှိသည့်အနက် နှစ်ယောက်က မိန်းကလေး၊ တစ်ယောက်က ယောကျ်ားကလေး ဖြစ်သတဲ့ ။ အဲသည် တံငါသည် အဘိုးကြီးဟာ အတော်ပဲ ဆင်းရဲနွမ်းပါးသော်လည်း တစ်နေ့တစ်နေ့မှာ ကွန် လေးခါသာ ပစ်ပါသတဲ့။

တစ်နေ့တော့ အဲသည် တံငါသည် အဘိုးကြီးသည် နေမွန်းတည့် အချိန်လောက်တွင် ပင်လယ်ကမ်းနားသို့ သွား၍ ကွန်ပစ်သတဲ့။ ပထမ တစ်ကြိမ် ပစ်လိုက်ပြီး ကွန်ကို ဆွဲလိုက်သောအခါ သိပ်လေးသဟာနှင့် မဆွဲနိုင်လို့ အဘိုးကြီးက "ဟိတ်... သည်နေ့တော့ နေရာကျပြီ" လို့ အောက်မေ့ပြီး ရေထဲဆင်းကာ ကွန်ကို ဖော်သတဲ့။ ကုန်းပေါ်သို့ ရောက်၍ ကြည့်လိုက်သောအခါ ကွန်ထဲမှာ ငါးဆိုလို့ တစ်ကောင်မျှ မပါဘဲ မြည်းသေကောင်ကြီး ပါလာသတဲ့။

သည်တော့ တံငါသည်ကြီးက "ဩော်... တစ်နေ့မှ ကွန်ကလေး လေးခါပဲ ပစ်ပါသည်။ တစ်ခါတော့ ကောသွားပြန်ပြီ။ သို့သော် ဒွန္ဒယာမှာ အလာဟုအရှင် အလိုတော်အတိုင်း ဖြစ်ရသဟာပဲ၊ မတတ်နိုင်ဘူးလေ၊ အလာဟုအရှင် သနားတော်မူလျှင်လည်း ရမှာပဲ" ဟု ညည်းပြီး ဒုတိယတစ်ကြိမ် ထပ်ပြီး ကွန်ပစ်ပြန်သတဲ့။ ဒုတိယတစ်ကြိမ်မှာလည်း ကွန်ကို ဆွဲလိုက်သောအခါ ပထမ အကြိမ်ကထက်ပဲ လေးနေပြန်သတဲ့ ။ သဟာနှင့် တံငါသည်ကြီးက "သည်တစ်ခါတော့ဖြင့် ငါးတွေ တော်တော်များများ ပါတန်ကောင်းပါရဲ့လေ" ဟု အောက်မေ့ပြီး ကွန်ကို ရေထဲဆင်းပြီး ဖော်ပြန်သတဲ့။ သည်တစ်ခါမှာလည်း ငါးဆိုလို့ တစ်ကောင်မျှ မပါဘဲ ရွှံ့တွေ သဲတွေ ပြည့်နေသည့် အိုးကြီးတစ်လုံးပဲ ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အဘိုးကြီးက "ဩော် . . . ငါ၏ ကံကြမ္မာသည် ခေလှဘိတကား၊ ငါသည် ရိုးရိုးဖြောင့်ဖြောင့်နှင့် ဘယ်လိုပင် ကြိုးစားအားထုတ်သော်လည်း ကြိုးစားအားထုတ်ကျိုး မနပ်။ ဤဗ္ဗနယာကြီးကား ရိုးရိုးဖြောင့်ဖြောင့် လုပ်ကိုင် စားသောက်သူတို့ အသက်မွေးကျပ်၍ မသူတော်တို့ လာဘ်ရွှင်ပြီးလျှင် ပညာမဲ့သူတို့ အရောင်တောက်၍ ပညာရှိတို့ နေဖို့ခက်သော ဌာနကြီးပင် ဖြစ်ဟန် ရှိ၏တကား" ဟု ညည်းညူပြီးလျှင် တတိယအကြိမ် ကွန် ထပ်၍ ပစ်ပြန်သတဲ့။

သည်တစ်ခါလည်း ပထမအခါနှင့် ဒုတိယအခါများ ကဲ့သို့ပင် ကွန်ကို လေးလေးလံလံ ကုန်းပေါ်သို့ ဆွဲ၍ တင်ရသော်လည်း ငါးဆို၍ တစ်ကောင်မျှ မပါဘဲ အိုးခြမ်းကွဲ၊ ပုလင်းကွဲ စသည်များသာ ပါလာသတဲ့။ အဲသဟာနှင့် တံငါသည်ကြီးလည်း စိတ်ပျက်လက်ပျက်ဖြစ်ပြီး "ဩော် ငါတော့ဖြင့် ခက်တော့ သဟာပဲ၊ သည်တစ်ခါ ပစ်လို့မှ ဘာမျှ မရလျှင်တော့ ငါတို့ သားအမိ သားအဖ တစ်တွေ ငတ်ကြရတော့မှာပဲ။ သည်တော့ အလာဟု အရှင်ကိုပဲ အားကိုးရတော့မည်။ အလာဟု အရှင်သည် ငါ့အား စောင့်ရှောက် စောင်မတော်မူစေသတည်း" ဟု ဘုရားကို တိုင်တည်ပြီးလျှင် စတုတ္ထအကြိမ် ကွန်ကို ပစ်ပြန်သတဲ့။

သည်တစ်ခါမှာလည်း ပထမ သုံးခါတုန်းကလိုပဲ ကွန်ကို ကုန်းပေါ်သို့ ဆွဲ၍ မရပြန်ဘူးတဲ့။ အဲသဟာနှင့် တံငါသည်ကြီးလည်း ကွန်ကြိုးကို ကုန်းပေါ်မှာ ခိုင်အောင် ချည်ပြီး အဝတ်အစား ချွတ်ကာ ရေထဲသို့ ဆင်းငုပ်ပြီးလျှင် ကွန်ကို ဖော်၍ ကုန်းပေါ်သို့ ဆောင်ပြန်သတဲ့။ ကုန်းပေါ်သို့ ရောက်၍ ကြည့်လိုက်သောအခါ ငါးဆို၍ တစ်ကောင်မျှ ပါမလာဘဲ ကြေးဘူးကြီး တစ်ဘူး ပါလာသတဲ့။

သည်တော့ အဘိုးကြီးက "ဟား . . . သည်တစ်ခါတော့ ဟန်ပြီဟေ့၊ သည် ကြေးဘူးကြီးကို ဈေးထဲမှာ သွားရောင်းလျှင် အသပြာ အများကြီး ရပြီးသာ်ပဲ" ဟု အောက်မေ့ပြီး ကြေးဘူးကြီးကို အသေအချာ ကိုင်၍ ကြည့်သတဲ့။ သည်တော့ ဘူးကြီးမှာ ခဲမပုပ် ဘူးဆို့နှင့် ပိတ်ထားပြီး စောလမုန်အရှင်၏ တံဆိပ်တော် ခပ်နှိပ်ထားသည်ကို တွေ့ရသတဲ့။

အဲသဟာနှင့် အဘိုးကြီးသည် ကြေးဘူးကို ဖွင့်ပြီး အထဲ၌ ဘာများ ပါသလဲ ဟု သိရအောင် မှောက်၍ သွန်လိုက်သတဲ့။ သည်တော့ ကြေးဘူးကြီးက လေးသာ လေးသည်၊ အထဲမှာတော့ ဘာမျှ မရှိဘူးတဲ့။ အဲသဟာနှင့် တံငါသည်ကြီးသည် ကြေးဘူး ကြီးကို ပြန်၍ ထောင်လိုက်ပြီးလျှင် တအောင့်လောက် တွေ၍ ကြည့်နေသတဲ့။

သည်တော့ ကြေးဘူးကြီးထဲက မီးခိုးလုံးကြီး အိအိ အိအိနှင့် ထွက်လာပြီး ကောင်းကင်သို့ ထိုး၍ တက်သွားသတဲ့။ အဲသဟာနှင့် အဘိုးကြီးကလည်း "ဆန်းပေ့ကွာ၊ ဗ္ဗနယာကြီးဟာ ဘယ်လိုပါလိမ့်" ဟု အောက်မေ့ပြီး သွားသတဲ့။ ထိုနောက် မီးခိုးလုံးကြီး





သည် ကြည့်ရင်းကြည့်ရင်းနှင့်ပင် တဖြည်းဖြည်း ကျုံ့လာပြီး နောက်ဆုံးတွင် အင်မတန် ကြောက်မက်ဖွယ်ကောင်းသည့် သရဲကြီး ဖြစ်လာသတဲ့။ အဲသဟာနှင့် တံငါသည်ကြီးဟာ သရဲကြီးကို မြင်လိုက်ရသည် ဆိုလျှင်ပဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး အာခေါင်တွေ ဘာတွေ ခြောက်သွားသတဲ့။

သည်တုန်းမှာပဲ သရဲကြီးက 'ဗ္ဗနယာတွင် အလာဟုအရှင်မှ တစ်ပါး ဘုန်းကြီးသူ မရှိ၊ စောလမုန်အရှင်သည် အလာဟုအရှင်၏ တမန်တော်တည်း' ဟု ပါးစပ်က



www.burmeseclassic.com

www.burmeseclassic.com



ရွတ်သတဲ့။ သည်တော့ တံငါသည်ကြီးက 'အလို သရဲမင်း၊ အသင်သည် အဘယ့်ကြောင့် စောလမုန်အရှင်ကို တဘိသနည်း၊ စောလမုန်အရှင် မရှိတော်မူသည်မှာ ယခု အနှစ် နှစ်ထောင်ပင် နီးပြီ မဟုတ်လော။ ပြီးတော့ အသင် သရဲမင်းသည် အဘယ့်ကြောင့် ကြေးဘူးကြီးထဲ၌ ဝင်နေပြီး စောလမုန်အရှင်ကို တရသည် ဆိုသဟာကို ငါ့အား လင်းပါလော့' ဟု ဆိုသတဲ့။

သည်တော့ သရဲကြီးက 'အို တံငါသည်၊ ငါ ပြောမည် နားထောင်' ဟု ဆိုသတဲ့။ သည်တော့ တံငါသည်က 'ပြောမှာသာ ပြောပါ၊ နားထောင်လျက် ရှိပါသည်' ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက 'ငါ ပြောမှာက တခြား မဟုတ်ဘူး၊ နင့်ကို ငါ သတ်ရလိမ့်မည် ဆိုသည့် အကြောင်းပဲ' ဟု ဆိုသတဲ့။ သည်တော့ တံငါသည်က 'မဟုတ်ပါဘူး သရဲမင်းရယ်၊ ငါဟာ သင့်အသက်ကို ကယ်သည့် သူပါ။ ဘာ့ကြောင့် ငါ့ကို သတ်ချင်ရသဟာလဲ' ဟု မေးသတဲ့။ သည်တော့ သရဲကြီးက 'စကားရှည် မနေပါနှင့်ကွ၊ သင် ဘယ်လိုနည်းနှင့် သေချင်သည် ဆိုသဟာသာ ငါ့ကို ပြောပါ' ဟု ဆိုသတဲ့။

သည်တော့ တံငါသည်ကြီးက တစ်ခါ 'ငါဟာ သင်သရဲမင်းကို ပင်လယ် ထဲကနေ ဆယ်ပြီး ကုန်းပေါ်ရောက်အောင် တင်ပေးရသည့် လူပါ။ သည်တော့ ငါ့ကို မသတ်ချင်ပါနှင့်' ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက 'ငါပြောမည် နားထောင်၊ သင့်ကို ငါ သတ်ချင်သဟာက တခြားကြောင့် မဟုတ်ဘူး' ဟု ဆိုသတဲ့။ သည်တော့ တံငါသည်က 'ပြောလျှင်လည်း မြန်မြန်ပြောပါ သရဲမင်းရာ၊ ငါ ကြောက်လှပြီ' ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက 'ကောင်းပြီ၊ သဟာဖြင့် ငါ ပြောမည် နားထောင်။ နင့်ကို ငါသတ်မည် ဆိုသဟာက တခြားကြောင့် မဟုတ်ဘူး။ ပထမ ငါ ဖြစ်ရသည့် အကြောင်းက စ ပြောမည်။

'အလျှင်တုန်းက ငါဟာ အလာဟုအရှင်ကို မကိုးကွယ်ဘူး။ အဲသဟာနှင့် စောလမုန်အရှင်က ငါ့ကိုခေါ်ပြီး တရားဟောသည်။ အလာဟုအရှင်ကို ယုံကြည် ရမည်လို့။ သည်တော့ ငါက သူ့စကားကို နားမထောင်ဘူး၊ အဲသဟာနှင့် ငါ့ကို စောလမုန်အရှင်က သည်ဘူးကြီးထဲမှာ ထည့်ပြီး ပင်လယ်ထဲ ပစ်ချထားသဟာ။ အဲသဟာနှင့် ငါလည်း စိတ်ညစ်ညစ်နှင့် ငါ့ကို ပထမ အနှစ်တစ်ရာ အတွင်းမှာ ကယ်မည့် သူ ပေါ်လျှင် ထိုသူကို ငါ တစ်သက်စားမကုန်နိုင်အောင် ရွှေငွေ ရတနာတွေ ပေးမည်လို့ စိတ်ပိုင်းဖြတ်လိုက်သည်။ သဟာပေမယ့် ပထမ အနှစ်တစ်ရာ အတွင်းမှာ ငါ့ကို ကယ်မည့်သူ မပေါ်လာဘူး။

'အဲသဟာနှင့် ငါက တစ်ခါ ငါ့ကို ဒုတိယ အနှစ်တစ်ရာ အတွင်းမှာ ကယ် မည့်သူ လာလျှင် ထိုသူအား မြေတွင်းရတနာများ အကုန်ပေးမည်ဟု စိတ်ကို ပိုင်းဖြတ်





လိုက်ပြန်သည်။ အဲသည် ဒုတိယ အနှစ်တစ်ရာ အတွင်းမှာလည်း ငါ့ကို ကယ်မည့်သူ မပေါ်လာဘူး။

'အဲသဟာနှင့် တစ်ခါ ငါက ငါ့ကို တတိယ အနှစ်တစ်ရာ အတွင်းမှာ ကယ်မည့်သူလာလျှင် ထိုသူအား သူ အလိုရှိရာ ဆုသုံးခု ပေးမည်ဟု စိတ်ကို တစ်ခါ ပိုင်းဖြတ်လိုက်ပြန်သည်။ သဟာပေမင့် ငါ့ကို တတိယ အနှစ်တစ်ရာ အတွင်းမှာလည်း ကယ်မည့်သူ မပေါ်လာဘူး။ အဲသဟာနှင့် ငါလည်း စိတ်ဆိုးလာပြီး သည်လောက်တောင် ရှိလှသဟာ သည်တစ်ခါ ငါ့ကို လာကယ်သည့်သူ မှန်လျှင် ဘယ်သူပဲဖြစ်ဖြစ် သူ ကြိုက်သည့် နည်းအတိုင်း သူ့ကို ငါ သတ်ပစ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

'အဲသဟာကြောင့် သင် ဘယ်နည်းနှင့် သေချင်သလဲလို့ သင့်ကို ငါ မေးသဟာ။ အခု သင် ငါ့ကို လာကယ်သဟာက နောက်ကျနေပြီ။ ငါ ပင်လယ်ထဲမှာ နေရသဟာ အနှစ်သုံးရာ ကျော်သွားပြီ။ အဲသဟာကြောင့် သင် စကားရှည်မနေနှင့်တော့၊ ဘယ်နည်း နှင့် သေချင်သည် ဆိုလဟာသာ ပြော။ သင့်ကို ငါ ဘယ်နည်းနှင့်မျှ ချမ်းသာမပေး နိုင်ဘူး' ဟု ဆိုသတဲ့။ သည်တော့ တံငါသည်ကြီးက သေရမည် ကြောက်သဖြင့် "အလာဟုအရှင် ကယ်တော်မူပါ၊ ဩော် ငါ့နှယ် ဖြစ်မှ ဖြစ်ရပလေ၊ သည်အချိန် သည်အခါမျိုးမှပဲ သူ့ကို ကယ်မိလျက်သား ဖြစ်နေသည်" ဟု ညည်းပြီးနောက် 'သည်လို ပါ သရဲမင်းရယ်၊ ဒွန္နယာမှာ ကိုယ်က သူများကိုနိုင်လျှင် ကိုယ့်ကို အလာဟု အရှင်က နိုင်တတ်ပါသည်။ သဟာကြောင့် ငါ့အသက်ကို ချမ်းသာပေးပါ၊ သင့်ကို အလာဟုအရှင် စောင်မတော် မူပါလိမ့်မည်' ဟု ဆက်၍ ပြောသတဲ့။

သည်တော့ သရဲကြီးက 'သည်ဟာတွေ ငါ နားမလည်ဘူး၊ နင့်ကို ငါ သတ်ရ မှာပဲ' ဟု ဆိုပြန်သတဲ့။ သည်တော့ အဘိုးကြီးက 'တစ်ခုလည်း စဉ်းစားပါ သရဲမင်း၊ အသင် သရဲမင်းဟာ ငါ မကယ်လျှင် အခုလို ကြေးဘူးကြီးထဲက လွတ်ပြီး ကုန်းပေါ်သို့ ရောက်နေရမှာ မဟုတ်ပါဘူး၊ သဟာကြောင့် သည်ကျေးဇူးကို ထောက်ပြီး ငါ့အသက်ကို ချမ်းသာပေးပါ' ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက တစ်ခါ 'အဲသလို ငါ့ကို ကယ် သည့် အတွက်ပဲ သင့်ကို ငါ သတ်ရမှာ။ သဟာကြောင့် စကား မရှည်နှင့်တော့၊ ဘယ်နည်းနှင့် သေချင်သည် ဆိုသဟာသာ ပြော' ဟု ဆိုသတဲ့။

သည်တော့ တံငါသည်ကြီးက 'အို . . . သရဲမင်း၊ ဒွန္နယာမှာ ကျေးဇူး မသိတတ် သည့် သူထက် ယုတ်မာသူ မရှိပါ။ နွားပိန်ထူ လူဗွေ့ဆိုသည့် စကားလည်း မှန်ပုံ ရပါသည်' ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက 'သဟာတွေ ပြောနေလို့ သင် မောရုံပဲ ရှိမည်၊ သင် ဘယ်နည်းနှင့် သေချင်သည် ဆိုသဟာသာ ပြော' ဟု ဆိုသတဲ့။

သည်တော့ တံငါသည်ကြီးက "ငါသည် အစဉ်းစား အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသည့် လူသားဖြစ်သည်။ သင်းက ဘာမဟုတ်သည့် သရဲစုတ်ပဲ။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



သင်းလက်တွင်းက ငါ လွတ်အောင် အကြံထုတ်ဦးမည်” ဟု အောက်မေ့ပြီး ‘သည့်လိုပါ သရဲမင်းရယ်၊ သရဲမင်းဟာ ငါ့ကို တကယ်ပဲ သတ်တော့မည် ဆိုလျှင်လည်း သတ်ပါတော့၊ ငါ ခံပါမည်။ သို့သော် အလာဟုအရှင်၏ မျက်နှာတော်ကို ထောက်ထားပြီး ငါ မေးသဟာကို မှန်မှန် ပြောစမ်းပါ’ ဟု ပြောသတဲ့။

သည်တော့ သရဲကြီးက ‘ကောင်းပြီ၊ မေးချင်သဟာ မေး၊ ငါ မှန်မှန်ပြောမည်’ ဟု ဆိုသတဲ့။ သည်တော့ တံငါသည်ကြီးက ‘နေစမ်းပါဦး၊ သရဲမင်းဟာ သည်ကြေးဘူးကြီးထဲက ထွက်လာသည် ဆိုသဟာ အမှန်ပဲလား’ ဟု မေးသတဲ့။ သည်တော့ သရဲကြီးက ‘အမှန်ပေါ့ဟ၊ သင်က မယုံလို့လား’ ဟု ဆိုသတဲ့။ သည်တော့ တံငါသည်ကြီးက ‘သင် ပြောလို့သာ ကြားရသည်၊ ငါတော့ မယုံပေါင်။ သင့် အကောင်အထည်ကြီးက ရောမ ဟာကြီးနှင့်၊ ဘယ့်နှယ် သည်ကြေးဘူးငယ်ငယ်ကလေးထဲမှာ သင် ဝင်နေနိုင်မှာလဲ’ ဟု ဆိုသတဲ့။

သည်တော့ သရဲကြီးက ‘မဟုတ်ပါဘူး၊ သင် မယုံဘူး ဆိုသဟာ တကယ်လား’ ဟု ဆိုသတဲ့။ သည်တော့ တံငါသည်က ‘တကယ်ပေါ့ သရဲမင်းရဲ့၊ အခု ငါကတော့ သရဲမင်းကိုယ်တိုင် ငါ့မျက်စိအောက်မှာ သည်ဘူးထဲ ဝင်မပြမချင်း မယုံကြီးထဲကပဲ’ ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက ‘သဟာဖြင့် ငါ အခု ဝင်ပြမလေ၊ ကြည့်’ ဆိုပြီး မီးခိုးလုံးကြီးအဖြစ်သို့ ပြောင်းလိုက်ပြီးနောက် တစ်ခါ မီးခိုးလုံးကြီးသည် တဖြည်းဖြည်း ကျုံ့၍ကျုံ့၍ လာပြီးလျှင် ကြေးဘူးထဲသို့ ဝင်သွားသတဲ့။ သည်တော့ တံငါသည်ကြီးက ကပျာကယာ စောလမုန်အရှင်၏ တံဆိပ်တော် ခတ်ထားသော ဘူးဆို့နှင့် ကောက်၍ ပိတ်ထားလိုက်သတဲ့။ ထို့နောက် တံငါသည်က သရဲကြီးရှိသည့် ကြေးဘူးထဲသို့ လှမ်းပြီး ဟေ့... သရဲယုတ်၊ သင် ဘယ်နည်းနှင့် သေချင်သလဲ၊ ပြောစမ်း။ သင့်ကို တစ်ခါတည်း ပင်လယ်ထဲ ပစ်ချလိုက်မည်။ ပြီးတော့ သင့်ကို ဘယ်သူမှ လာပြီး မကယ်နိုင်အောင် သည်နေရာက ငါ စောင့်ပြောနေမည်။ သည်နေရာမှာပဲ ငါ တစ်ခါတည်း အိမ်ဆောက်ပြီး သင့်အကြောင်းကို လာသမျှ လူတိုင်း ငါ စောင့်ပြောမည်’ ဟု ဆိုသတဲ့။

တံငါသည်ကြီး၏ ချုပ်ချယ်သော စကားများကို ကြားသောအခါ သရဲကြီးသည် အမျက် ပြင်းစွာထွက်ပြီး ကြေးဘူးကြီးထဲက လွတ်မြောက်ရန် ကြိုးစားသတဲ့။ သို့ရာတွင် စောလမုန်အရှင်၏ တံဆိပ်တော် ခံနေသည့်အတွက် အချည်းနှီးသာ ဖြစ်သတဲ့။ ထို့နောက် တံငါသည်ကြီးသည် ကြေးဘူးကို ပင်လယ်ကမ်းစပ်သို့ ယူသွားပြီးလျှင် ‘သေပေတော့ သရဲယုတ်’ ဟု ဆိုပြီး ပစ်ချလိုက်မည် လုပ်သောအခါ သရဲကြီးက ‘ဟ... ဟ... နေပါဦးဟ’ ဟု အော်သတဲ့။

သည်တော့ တံငါသည်က ‘ဟ... ဟ... မနေဘူး၊ အခုပဲ ပစ်ချလိုက်မည်





ဟ...’ ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက လေပျော့လာပြီး ‘နေပါဦး အဆွေ တံငါကြီးရယ်၊ အခု ငါ့ကို ဘယ်လိုလုပ်မှာလဲ’ ဟု မေးသတဲ့။

သည်တော့ တံငါသည်က ‘ဘာမေးနေစရာ လိုသလဲ၊ သင့်ကို ကမ္ဘာ မပျက်မချင်း ပင်လယ်ထဲက မတက်ရအောင် ငါ ပစ်ချလိုက်မှာပေါ့။ သင့်ကို ငါ အစတုန်းက တောင်းပန်သည် မဟုတ်လား။ ငါ့ကို ချမ်းသာပေးပါဟယ်၊ ငါ့ကို ချမ်းသာပေးလျှင် သင့်ကို အလာဟုအရှင် မ ပါလိမ့်မည်လို့။ ပြီးတော့ ငါ့ကို သင် သတ်လျှင် သင့်ကို အလာဟုအရှင် အပြစ်ပေးလိမ့်မည်လို့လည်း ငါ ပြောသည် မဟုတ်လား။ သဟာပေမင့် သင်ဟာ ငါ အတန်တန် တောင်းပန်လို့ မရဘူး။ သင်ဟာ သိပ်ယုတ်မာသည်၊ အခုတော့ ကောင်းသည်။ သင့်ကို အလာဟု အရှင်က ငါ့လက်ထဲ အပ်လိုက်ပြီ။ သင် သေဖို့သာ ပြင်ပေတော့’ ဟု ဆိုသတဲ့။

သည်တော့ သရဲကြီးက ‘ငါ့ကို ဖွင့်ပေးပါဟယ်၊ သင့်ကို ကျေးဇူး ခံစားရအောင် ငါ လုပ်ပေးပါမည်’ ဟု ဆိုသတဲ့။ သည်တော့ တံငါသည်က တစ်ခါ ‘ဟဲ့... သရဲယုတ်၊ ငါ့ကို လိမ်မနေနှင့်။ သင့်ကို ငါ ကယ်လျက်သားနှင့် သင် ငါ့ကို သတ်ဖို့ ကြံသည် မဟုတ်လား။ သည်တော့ သင့်ကို ငါ ချမ်းသာမပေးဘူး၊ သင့်ကို သည်ကြေးဘူးကြီး ထဲမှာ တစ်သက်လုံး အကျဉ်းခံနေရအောင် ပင်လယ်ထဲကို ပစ်ချလိုက်မည်’ ဟု ဆိုသတဲ့။

သည်တော့ တစ်ခါ သရဲကြီးက ‘အလာဟုအရှင် မျက်နှာတော် ထောက်ထားပြီး ငါ့ကို သနားပါဦးဟယ်။ ငါက သင့်အပေါ် မကောင်းကြံမိသဟာတော့ မှန်ပါသည်၊ သဟာပေမင့် ရန်ကို ရန်ချင်း မတုံ့နှင်းရဘူးဆိုသည့် စကားပုံလည်း ရှိပါသည်။ ပြီးတော့ သူ မကောင်းလုပ်လျှင် သူ့အပြစ်နှင့်သူ ရှိပါစေ၊ ကိုယ်က ပြန်၍ မကောင်းလုပ်လျှင် ကိုယ့်မှာပါ ပြန်ပြီး အပြစ်ဖြစ်လိမ့်မည် ဆိုသည့် ပုံထဲကလိုပဲ ငါ့အပေါ်မှာ သနားဖက်ပါဦးဟယ်’ ဟု ဆိုသတဲ့။

သည်တော့ တံငါသည်က ‘သင့်ပုံက ဘယ်လိုတဲ့တုံး၊ ပြောစမ်းပါဦး’ ဟု ဆိုသတဲ့။ သည်တော့ သရဲကြီးက ‘အခုအခါဟာ ပုံပြောနေဖို့အခါ မဟုတ်ပါဘူး ဟယ်၊ ငါ့ကို ပထမ သည်ကြေးဘူးကြီးထဲက လွှတ်ပါဦး၊ ပြီးတော့ ငါ ပြောပါမည်’ ဟု ဆိုသတဲ့။ သည်တော့ တံငါသည်က ‘သည်လိုနှင့် ငါ့ကို လှည့်ပတ်လို့ ဘာရမလဲ။ သင်ဟာ တကယ့်ကို ယုတ်မာသည့် သရဲပဲ၊ သည်တော့ သင့်ကို ငါ မလွှတ်နိုင်ဘူး၊ သင်ဟာ ပင်လယ်ထဲမှာ တစ်သက်လုံး အောင်းနေဖို့ပဲ တော်သည်’ ဟု ဆိုသတဲ့။

သည်တော့ သရဲကြီးက ‘နောက်ကို ငါ သင့်အပေါ်မှာ ဘယ်လိုမှ မကောင်းမကြံတော့ပါဘူး ဆိုသဟာ ငါ သစ္စာဆိုပါမည်။ မကောင်းမကြံရုံတွင် မဟုတ်ပါဘူး၊ သင့်ကို တစ်သက်လုံး ချမ်းသာအောင် ငါ စောင်မပါမည်’ ဟု ဆိုသတဲ့။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



တံငါသည်က 'သဟာဖြင့် နင် တကယ် သစ္စာဆိုမလား၊ သစ္စာဖောက်သည့် သူကို အလာဟုအရှင် မကြိုက်ဘူးနော်။ သင် ကောင်းကောင်း မှတ်ထား' ဟု ဆိုပြီးနောက် သရဲကြီးကို အမျိုးမျိုး သစ္စာအပြုခိုင်း၊ အကျိန်အတွယ် ခိုင်းပြီးနောက် ကြေးဘူးကြီးကို ဖွင့်၍ ပေးလိုက်သတဲ့။

သည်တော့ သရဲကြီးသည် ကြေးဘူးကြီးထဲက ပထမ မီးခိုးလုံးကြီး အသွင်နှင့် ထွက်လာပြီး၊ နောက်မှ သရဲကြီးအသွင်ဖြင့် တံငါသည် ရှေ့တွင် ရပ်ပြီးလျှင် ကြေးဘူးကြီးကို ကပျာကယာ ပင်လယ်ထဲသို့ ခြေနှင့်ကန်၍ ချလိုက်သတဲ့။ သည်တော့ တံငါသည်က 'ဟော့... ဘာလုပ်သဟာလဲ၊ သစ္စာမဖောက်နှင့်နော်၊ အလာဟုအရှင် အပြစ်ဒဏ်ခတ်လို့ ဟုတ်ပေ့ ရှိနေမည်' ဟု ဆိုသတဲ့။

သည်တော့ သရဲကြီးက 'ဟား... ဟား... ဟား၊ ငါဟာ စကားတစ်လုံးကို ဖျက်သည့် အစားထဲက မဟုတ်ပါဘူးကွ၊ လာ လိုက်ခဲ့' ဟု ဆိုပြီးလျှင် ရှေ့က ထွက်သွားသတဲ့။ အဲသည်တော့ တံငါသည်က ကြောက်ကြောက်နှင့် နောက်က ယောင်လည်ယောင်လည်နှင့် လိုက်၍ သွားသတဲ့။

သရဲကြီးနှင့် တံငါသည်တို့သည် ခရီးအတော်ကြာ သွားမိကြသောအခါ တောင်ကြီးတစ်ခုသို့ ရောက်သွားကြသတဲ့။ ထိုတောင်ကြီးကို ကျော်၍ သွားကြသောအခါ သဲကန္တာရကြီး တစ်ခုကို တွေ့သတဲ့။ သဲကန္တာရကြီးအလယ်တွင် ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေအိုင်ကြီးတစ်ခု ရှိသတဲ့။ သည်တော့ သရဲကြီးက တံငါသည်ကြီးကို 'ဟဲ့ သင့်ကွန် ယူခဲ့၊ သည်ရေအိုင်ထဲမှာ ပစ်စမ်း' ဟု ခိုင်းသတဲ့။ အဲသဟာနှင့် တံငါသည်ကြီးက ရေအိုင်ထဲကို ကြည့်လိုက်တော့ ... လားလား ရေအိုင်ထဲမှာ ငါးအဖြူတွေရယ်၊ ငါးအနီတွေရယ်၊ ငါးအဝါတွေရယ်၊ ငါးအပြာတွေရယ် တွေ့ရသတဲ့။

တံငါသည်က "ဆန်းလည်း ဆန်းပါ့ကွာ၊ ဘယ်လို ငါးတွေမှန်းလဲ မသိဘူး" ဟု အောက်မေ့ပြီးလျှင် ကွန်ကိုဖြန့်၍ ရေအိုင်ထဲသို့ ပစ်ချလိုက်သတဲ့။ ထို့နောက် ရေထဲသို့ ကွန်မြုပ်သွား၍ ကွန်ကို ကုန်းပေါ်သို့ ဆွဲတင်လိုက်သောအခါ ငါးအဖြူ တစ်ကောင်၊ ငါးအနီ တစ်ကောင်၊ ငါးအပြာ တစ်ကောင်၊ ငါးအဝါ တစ်ကောင်၊ ငါးလေးကောင် ပါလာသတဲ့။

သည်တော့ တံငါသည်ကြီးဟာ အတိုင်းမသိ ဝမ်းသာပြီး ပြုံးပြုံး ပြုံးပြုံးနှင့် ဖြစ်၍နေသတဲ့။ သည်တော့ သရဲကြီးက 'သည်ငါးလေးကောင်ကို စူလတန် (ရှင်ဘုရင်) ထံ သွားပြီး သင် ဆက်ချေ၊ သင့်ကို ဆုတော်လာဘ်တော် အများကြီး ပေးလိမ့်မည်။ အေး... အခုတော့ သင့်ကို ငါ သဟာလောက်ပဲ စောင်မနိုင်မည်၊ နည်းသည်လို့လည်း မအောက်မေ့နှင့်။ သင် သိသည့်အတိုင်းပဲ၊ ငါလည်း ပင်လယ်ထဲမှာ နေရဲ သဟာ အနှစ် နှစ်ထောင်လောက် ရှိပြီ။ အခုမှပဲ ကုန်းပေါ်သို့ ရောက်ရသည်။ သဟာ





ကြောင့် သင့်ကျေးဇူးကို ငါ သဟာလောက်ပဲ ဆပ်နိုင်မည်၊ နည်းသည်လို့ မအောက်မေ့နှင့်နော်။ ပြီးတော့ သင့်ကို ငါ တစ်ခု မှာရဦးမည်။ သည်အိုင်ထဲမှာ သင် တစ်နေ့ကို ကွန်တစ်ခါပဲ လာပစ်၊ တစ်ခါထက် ပိုပြီး မပစ်နှင့်၊ အဲသဟာပဲ။ ကိုင်း... သွားတော့၊ ငါလည်း သွားတော့မည်' ဟု ဆိုပြီး သရဲကြီးသည် မြေကြီးကို ဖနောင့်နှင့် ပေါက်၍ ခွဲပြီး ဝင်သွားသတဲ့။

ထို့နောက် တံငါသည် အဘိုးကြီးသည် ဝမ်းသာအားရနှင့် ငါးလေးကောင်ကို ယူ၍ သူ့အိမ်သို့ ပြန်ပြီးလျှင် အိုးတစ်လုံးမှာ ထည့်၍၊ စူလတန်နန်းတော်သို့ သွား၍ ဆက်သတတ်။ စူလတန်လည်း အရောင်လေးမျိုးနှင့် ငါးလေးကောင်ကို မြင်သောအခါ အအံ့သြကြီး အံ့သြပြီး ဝမ်းမြောက်တော်မူသည်နှင့် နန်းရင်းဝန်ကြီးကို ခေါ်တော်မူပြီးလျှင် 'ဝိဇီယာကြီး၊ သည်တံငါသည်ကို ရွှေစ လေးရာ ပေးသနားပြီးလျှင် ငါးများကို ငါတို့ စားတော်ကဲမ လက်ထဲကို အပ်လိုက်' ဟု မိန့်တော်မူသတဲ့။ နန်းရင်းဝန်ကြီးလည်း စူလတန် အမိန့်ရှိသည့်အတိုင်း ငါးလေးကောင်ကို စားတော်ကဲမကို အပ်၍ 'ဟဲ့... စားတော်ကဲမ၊ နင့်အစွမ်းကို စူလတန်က သိချင်သည် ပြောသည်။ သည်ငါးများကို အထူးကောင်းအောင် ချက်ပြီး ဆက်ရမည်' ဟု ဆိုသတဲ့။ ထို့နောက် တံငါသည် အဘိုးကြီးလည်း ရွှေစ လေးရာကို ပိုက်၍ သူ့အိမ်သို့ ပျော်ရွှင်စွာ ပြန်၍သွားသတဲ့။

အဲသဟာနှင့် စားတော်ကဲမလည်း ငါးလေးကောင်ကို စင်ကြယ်စွာ ဆေးကြောပြီးလျှင် ဒယ်အိုးမှာ ထည့်၍ ကြော်သတဲ့။ ငါးလေးကောင်ကို တစ်ဖက်က ကျက်၍ တစ်ဖက်သို့ လှန်လိုက်သောအခါ စားဖိုဆောင် နံရံသည် ထက်ခြမ်းကွဲကာ အထဲမှ ရုပ်ရည်ရူပကာနှင့် ပြည့်စုံသော နတ်သမီးတစ်ပါးသည် လက်တွင် တောင်ဝှေးတို တစ်ခု ကိုင်၍ ပေါ်လာပြီးလျှင် ဒယ်အိုးထဲကို တောင်ဝှေးနှင့်ထိုး၍ 'ငါး ငါး၊ သင်တို့ ကတိ မေ့ပြီလား' ဟု မေးသတဲ့။ စားတော်ကဲမလည်း ထိုအခြင်းအရာကို မြင်ရသောအခါ လန့်ပြီး သတိမေ့၍ သွားသတဲ့။

သည်တော့ ဒယ်အိုးထဲက ငါးများက ခေါင်းထောင်၍ 'မမေ့ဘူး မမေ့ဘူး၊ ငါတို့ မမေ့ဘူး ဟု အော်သတဲ့။ ထို့နောက် နတ်သမီးက ဒုတိယတစ်ကြိမ် 'ငါး ငါး၊ သင်တို့ကတိ မေ့ပြီလား' ဟု မေးပြန်၍ ငါးများက ခေါင်းထောင်ပြီး 'မမေ့ဘူး မမေ့ဘူး၊ ငါတို့ မမေ့ဘူး' ဟု အော်ကြသတဲ့။ တတိယအကြိမ် နတ်သမီးက ထိုကဲ့သို့ မေးပြန်၍ ငါးများကလည်း ယခင်နည်းအတိုင်း ခေါင်းထောင်ပြီးနောက် 'မမေ့ဘူး၊ ငါတို့ မမေ့ဘူး' ဟု အော်ကြပြန်ပြီး၊ တစ်ဖန် ဆက်၍ 'သင် ပြန်လျှင် ငါတို့ပြန်မည်၊ သင်လာလျှင် ငါတို့ လာမည်၊ သင် သွေလျှင် ငါတို့ သွေမည်' ဟု အော်ကြသတဲ့။ သည်တော့ နတ်သမီးက ဒယ်အိုးကို တောင်ဝှေးနှင့်ထိုး၍ မှောက်ပစ်လိုက်ပြီး စားဖိုဆောင် နံရံတွင်းသို့ ပြန်၍ ဝင်သွားသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စားတော်ကဲမသည် သတိရ၍ ငါးအိုးကို ကြည့်လိုက်သောအခါ ငါးအိုးမှာ မှောက်၍၊ ငါးများ မီးသွေးတုံးဖြစ်၍ နေသည်ကို တွေ့ရသတဲ့။ အဲသဟာနှင့် စားတော်ကဲမက "ဩော်... ငါ့ကံနှယ် ဆိုးလိုက်သဟာ၊ သည်နေ့မှပဲ စူလတန်အဖို့ ငါ စားတော်ချက်ရသည်။ သည်နေ့ပဲ သည်လို ဖြစ်ရသည်" ဟု ညည်းသတဲ့။

ထိုအခိုက်တွင် နန်းရင်းဝန်ကြီး ရောက်လာပြီးလျှင် 'ဟဲ့... ငါးကြော်လို့ မပြီးသေးဘူးလား၊ စူလတန်ကြီး ဆာလှပြီ' ဟု ပြောသတတ်။ သည်တော့ စားတော်ကဲမက ငိုပြီး ဖြစ်ပျက်သမျှကို ပြန်ပြောသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'အေး... ဖြစ်ပုံကတော့ တယ်ဆန်းသဟာပဲဟေ့၊ သည်လိုဆိုလျှင် တံငါသည်ကို မြန်မြန်သွားခေါ်မှ ဖြစ်မည်' ဟု ဆိုကာ တံငါသည်ကို အခေါ်လွှတ်သတဲ့။

တံငါသည် ရောက်လာသောအခါ 'ဟေ့... တံငါသည်၊ မောင်မင်း မနေ့က ဆက်သော ငါးလေးကောင်လို ငါးမျိုး သည်ကနေ့ အမြန်ရှာပြီး ဆက်လှည့်ရမည်' ဟု အမိန့်ပေးသတတ်။ တံငါသည်လည်း ရေအိုင်သို့ အမြန်သွား၍ ငါးဖြူ၊ ငါးနီ၊ ငါးပြာ၊ ငါးဝါ လေးကောင်ကို နန်းရင်းဝန်ကြီးအား ဆက်သတတ်။ သည်တော့ နန်းရင်းဝန်ကြီးက စားတော်ကဲမကို ခေါ်ပြီး 'ဟဲ့ လာစမ်း၊ ဟောသည် ငါးလေးကောင်ကို ငါ့ရှေ့တွင် ကြော်စမ်း၊ ငါ ကြည့်မည်' ဟု အမိန့်ပေးသတဲ့။

သည်တော့ စားတော်ကဲမလည်း ငါးလေးကောင်ကို ခုတ်ထစ်၊ ရေစင်စင်ဆေးပြီး ပထမနည်းတူ ဒယ်အိုးထဲ ထည့်၍ ကြော်ပြန်သတဲ့။ သည်တော့ နတ်သမီးလည်း စားဖိုနံရံမှ ရှေးနည်းတူ ထွက်လာပြီးလျှင် ဒယ်အိုးကို တောင်ဝှေးနှင့် ထိုး၍ 'ငါး ငါး၊ သင်တို့ကတိ မေ့ပြီလား' ဟု မေးပြန်သတဲ့။ သည်တော့ ငါးများကလည်း 'မမေ့ဘူး မမေ့ဘူး၊ ငါတို့ မမေ့ဘူး' ဟု ခေါင်းထောင်၍ အော်ကြပြန်သတဲ့။ ထို့နောက် နတ်သမီးက တစ်ဖန် ဒုတိယတစ်ကြိမ် ထပ်၍ မေးပြန်ရာ ငါးများကလည်း ပထမနည်းတူ ခေါင်းထောင်၍ အော်ကြပြန်သတဲ့။ ထို့နောက် နတ်သမီးက တတိယတစ်ကြိမ် 'ငါး ငါး၊ သင်တို့ကတိ မေ့ပြီလား' ဟု မေးပြန်တော့လည်း ငါးများက 'မမေ့ဘူး မမေ့ဘူး၊ ငါတို့ မမေ့ဘူး' ဟု အော်ကြပြန်သတဲ့။ ထို့နောက် နတ်သမီးသည် ဒယ်အိုးကို တောင်ဝှေးနှင့် ထိုး၍ မှောက်ပစ်လိုက်ပြီး ပထမနည်းတူ စားဖိုဆောင်နံရံတွင်းသို့ ဝင်၍ သွားသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'သည်ကိစ္စကို စူလတန်ကြီး မသိအောင် ထိမ်ထားလို့ မဖြစ်ဘူး၊ အခု ငါ သွားလျှောက်မည်' ဟု ပြောပြီး နန်းတော်သို့ဝင်၍ စူလတန်အား သူကိုယ်တိုင် တွေ့မြင်သမျှကို သံတော်ဦးတင်သတဲ့။

သည်တော့ စူလတန်ကြီးက 'သည်လိုဆိုလျှင် တယ်ဆန်းသည်၊ တံငါသည်ကို





ခေါ်၍ နောက်ထပ် သည်ငါးမျိုး လေးကောင် အဆက်ခိုင်းရမည် နန်းရင်းဝန်ကြီး' ဟု အမိန့်တော်မှတ်သတဲ့။ တံငါသည်လည်း ရေအိုင်သို့ သွားပြီးလျှင် ငါးလေးကောင် ဖမ်း၍ ဆက်သတဲ့။ သည်တော့ စူလတန်က တံငါသည်ကို ရွှေစ လေးရာ ဆုချပြီး လွှတ်လိုက်သတဲ့။

ထို့နောက် နန်းရင်းဝန်ကြီးကို 'သည်တစ်ခါ သည်ငါးလေးကောင်ကို ငါ့ရှေ့မှာ မောင်မင်းကိုယ်တိုင် ကြော်ရမည်' ဟု ဆိုသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက ငါးလေးကောင်ကို ဆေးကြော၊ ခုတ်ထစ်ပြီး ဒယ်အိုးထဲမှာ ထည့်၍ သူကိုယ်တိုင် ကြော်သတဲ့။ ငါးများ တစ်ဖက်ကျက်၍ တစ်ဖက်သို့ လှန်လိုက်သည်နှင့် တစ်ပြိုင်နက် စားဖိုဆောင်နံရံတွင်းမှ ကြောက်စရာကောင်းသော လူမည်းကြီးတစ်ယောက်သည် သစ်ကိုင်းတစ်ခုကို ကိုင်၍ ထွက်လာပြီးလျှင် နတ်သမီး ဆိုသည့်အတိုင်း 'ငါး ငါး၊ သင်တို့ကတိ မေ့ပြီလား' ဟု အော်သတတ်။ သည်တော့ ငါးများကလည်း ပထမ နှစ်ခါကအတိုင်း ပြန်၍ အော်ကြသတဲ့။ သည်နည်းဖြင့် လူမည်းကြီးသည် ဒုတိယတစ်ကြိမ်၊ တတိယတစ်ကြိမ် ဆက်၍ မေးသတဲ့။ သည်တော့ ငါးများကလည်း ရှေ့နည်းအတိုင်းပင် 'မမေ့ဘူး၊ ငါတို့ မမေ့ဘူး၊ သင် ပြန်လျှင် ငါတို့ ပြန်မည်၊ သင် လာလျှင် ငါတို့ လာမည်၊ သင် သွေ့လျှင် ငါတို့ သွေ့မည်' ဟု အော်ကြပြီးနောက် လူမည်းကြီးသည် ဒယ်အိုးကို သစ်ကိုင်းနှင့်ထိုး၍ မှောက်ပစ်ခဲ့ပြီး စားဖိုဆောင် နံရံထဲသို့ ဝင်၍ သွားပါသတဲ့။

ထိုကဲ့သို့ မဖြစ်ဖူးမြဲ ထူးကဲသော အဖြစ်ကို ကိုယ်တော်တိုင် မြင်ရသော စူလတန်ကြီးသည် အံ့ဩခြင်းမက အံ့ဩလှပြီးလျှင် "သည်ငါးများမှာ သာမန်ငါးများ မဟုတ်၊ ကေန္ဒ ထူးခြားသောအကြောင်း ရှိရမည်" ဟု အောက်မေ့တော်မူပြီးနောက် တံငါသည်အား ရှေ့တော်သို့ သွင်းရမည်ဟု အမိန့်တော် မှတ်သတဲ့။ ရှေ့တော်သို့ တံငါသည် ရောက်လာသောအခါ 'ဟယ် တံငါသည်၊ သင် ငါ့ကို ဆက်သသော ငါးများမှာ ထူးဆန်းလှသည်။ သည်ငါးများကို သင် ဘယ်က ရသနည်း။ ငါ့အား မှန်သည့်အတိုင်း လျှောက်လော့' ဟု မိန့်တော်မူသတဲ့။

သည်တော့ တံငါသည်က 'မှန်လှပါ၊ ဘုန်းတော်ကြောင့် ရွှေမြို့တော် ပြင်ဘက်က တောင်ကြီးကို ကျော်၍သွားပြီးနောက် တောင်လေးလုံး ကာလျက် ရှိသော ရေအိုင်ကြီးက ရပါသည်' ဟု တင်သတဲ့။ သည်တော့ စူလတန်ကြီးက 'အဲသည် ရေအိုင်သည် ငါတို့ ရွှေမြို့တော်နှင့် ခရီးမည်မျှ ကွာသနည်း' ဟု မေးတော်မူသတဲ့။ သည်တော့ တံငါသည်က 'မှန်လှပါ၊ ရွှေမြို့တော်မှ နာရီဝက်ခန့်သွားလျှင် ရောက်ပါသည်' ဟု လျှောက်သတဲ့။ သည်တော့ တစ်ခါ စူလတန်ကြီးက 'သည်လိုဆိုလျှင် ယခုပင် ငါ ချီထွက်၍ သည်အိုင်ကို ကြည့်တော်မူမည်' ဟု ဆိုပြီးနောက် တံငါသည်ကို ခေါ်ပြီးလျှင် နောက်တော်ပါ အခြွေအရံများနှင့် ရေအိုင်ကြီး ရှိရာသို့ ချီထွက်တော်မူသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



မြို့ပြင်က တောင်ကြီးကို ကျော်မိ၍ သဲကန္တာရကြီး အလယ်၌ တောင်လေးလုံး ရံလျက်ရှိသော ရေအိုင်ကို မြင်တော်မူသောအခါ စူလတန်ကြီးသည် များစွာ အံ့ဩလျက် 'သည်နေရာမှာ ရေအိုင်ရှိသည်ကို သင်တို့အထဲက ကြားဖူးမြင်ဖူးသူများ ရှိကြသလော' ဟု နန်းရင်းဝန်ကြီးနှင့်တကွ နောက်တော်ပါ အခြွေအရံများကို မေးတော်မူသတဲ့။

ထိုအခါ နန်းရင်းဝန်ကြီးနှင့်တကွ အခြွေအရံများက 'မှန်လှပါ၊ သည် ရေအိုင်ကြီးကို မြင်ဖူးဖို့ကို မဆိုထားဘိ၊ ရှိသည်ဟုပင် မကြားဖူးကြောင်းပါ' ဟု လျှောက်ကြသတဲ့ ။

သည်တော့ စူလတန်ကြီးက 'သည်လိုဆိုလျှင် ကောင်းပြီ၊ ငါတို့ သည်မှာပဲ စခန်းချ၍ နားနေကြမည်' ဟု ဆိုပြီးလျှင် နန်းရင်းဝန်ကြီးကို 'နန်းရင်းဝန်ကြီး၊ ငါသည် သည်ရေအိုင်နှင့် ဖြူ၊ နီ၊ ဝါ၊ ပြာ ငါးလေးမျိုးအကြောင်းကို အလွန်တရာ သိချင်တော်မူသည်။ ထို့အတွက် ယခုညပင် ငါကိုယ်တော်တိုင် ထွက်၍ စုံစမ်းတော်မူမည်။ ငါမရှိတော်မူသည့် အခိုက်တွင် ငါ့ထံ ဝင်ထွက်နေသူများအား သင်က ကြည့်၍ စူလတန်ကိုယ်တော်မြတ်ကြီး နာမကျန်းရှိသဖြင့် မည်သူမျှ အဖူးအမြင် မရှိစေရဟု စောင့်၍ ပြောနှင့်ရမည်။ ငါ ထွက်တော်မူသည့် အကြောင်းကိုလည်း မည်သူမျှ မသိစေနှင့်' ဟု မှာထားပြီးနောက် လက်သုံးတော် ရွှေဓားကို ကိုင်၍ တစ်ကိုယ်တည်း တဲနန်းမှ ထွက်ခွာသွားတော်မူသတဲ့။

ထို့နောက် ရှင်ဘုရင်ကြီးသည် တစ်ညလုံး ချီတော်မူပြီးနောက် မိုးလင်းသော်လည်း ရပ်နားတော်မမူသေးဘဲ နေမြင့်၍ နေပူရှိန်ကို မခံနိုင်တော့မှပင် တစ်ခဏနားတော်မူသတဲ့။

ထို့နောက် နေအနည်းငယ် အေးသည်နှင့် ခရီးဆက်၍ ချီပြန်ရာ နောက်ဆုံးတွင် နှစ်ညနှင့် နှစ်နေ့ ချီတော်မူမိသောအခါ ရှေ့တူရူ ခပ်လှမ်းလှမ်းတွင် မည်းနက်သော အရာကြီးတစ်ခုကို တွေ့ရတော်မူသတဲ့။ အဲသဟာနှင့် စူလတန်ကြီးသည် ခရီးဆက်၍ ချီသွားသောအခါ ထိုမည်းနက်သော အရာကြီးမှာ နန်းတော်ကြီး ဖြစ်နေသည်ကို တွေ့ရသတဲ့။

ထိုနန်းတော်ကြီး၏ တံခါးတစ်ဖက်မှာ ပွင့်လျက်နေသဖြင့် စူလတန်ကြီးသည် တံခါးကိုခေါက်၍ ဘံခါးမှူးများကို ခေါ်တော်မူသတဲ့။ သို့ရာတွင် စကားပြန်မရသဖြင့် သုံးကြိမ်တိုင်အောင် တံခါးကို ခေါက်တော်မူပြီးလျှင် 'အချင်းတို့၊ ငါသည် အဝေးရောက်ဧည့်သည် ဖြစ်ပါသည်။ စားရေရိက္ခာ တစ်စုံတစ်ရာရှိလျှင် ပေးကြပါလော့' ဟု ဆိုတော်မူသတဲ့။ သို့ရာတွင် အတွင်းမှ စကားပြန် မရဘဲ ရှိသတဲ့။





အဲသဟာနှင့် စူလတန်ကြီးက "ဧကန္တ သည်မြို့ထဲမှာတော့ လူတစ်ယောက်မျှ မရှိဘူး ထင်သည်။ ငါ ဝင်ကြည့်ဦးမည်"ဟု အောက်မေ့ပြီးလျှင် မြို့တွင်းသို့ဝင်၍ ကြည့်တော်မူသတဲ့။ မြို့တွင်း နန်းတော်ကြီးသို့ ရောက်သောအခါ ပစ္စည်းဥစ္စာ ရတနာ ရွှေငွေ အပြည့်အစုံ နေရာမပျက်၊ ခြေရာလက်ရာ မပျက် ရှိကြသော်လည်း လူဆို၍ တစ်ယောက်မျှ တွေ့တော်မမူရဘူး တဲ့။

နန်းတော်ကြီး၏ အလယ်က ရွှေခြင်္သေ့ကြီးလေးကောင်၏ ခံတွင်းမှလည်း ရေများ တသွင်သွင် စီးဆင်းလျက် ရှိသတဲ့။ အဲသဟာနှင့် စူလတန်ကြီးသည် တောင်မြောက် လေးပါးကို ကြည့်၍ ရှာသော်လည်း လူစလူနကို မတွေ့သဖြင့် သူ သိချင်သော အကြောင်းကို ဘယ်လိုလုပ်၍ ဘယ်သူ့ကို မေးရမည် မကြံတတ်သဖြင့် တံခါးဝတွင် ထိုင်ကာ အကြံအိုက်၍ နေသတဲ့။

ထိုအခိုက်တွင် တစ်စုံတစ်ယောက်သော သူက ဝမ်းနည်းကြေကွဲဖွယ် ညည်းညူကာ နေသည့် အသံကို ကြားရတော်မူသတဲ့။ အဲသဟာနှင့် စူလတန်ကြီးသည် အသံကြားရာဆီသို့ ဝင်၍ သွားသောအခါ အခန်းတစ်ခုထဲ၌ ရုပ်ရည်ချောမောသော လူရွယ်တစ်ယောက် ညောင်စောင်းပေါ်တွင် ထိုင်၍နေသည်ကို တွေ့ရသတဲ့။ သည်တော့ စူလတန်ကြီးက လူတစ်ယောက်မှ မရှိသည့် နေရာမှာ လူတစ်ယောက်ကို တွေ့ရသဖြင့် ဝမ်းသာတော်မူ၍ သွားပြီးလျှင် ထိုင်နေသူအား အရိုအသေပြုကာ နှုတ်ဆက်တော်မူသတဲ့။

သည်တော့ ထိုင်နေသူက ဖော်ဖော်ရွေရွေ ပြန်၍ နှုတ်ဆက်ပြီးနောက် မိမိသည် ဧည့်သည်တော်၏ အရွယ်နှင့် ဂုဏ်ကိုထောက်သဖြင့် ထ၍ ခရီးဦးကြို ပြုသင့်သော်လည်း မိမိမှာ ထိုင်ရာမှ မထနိုင်သည့်အတွက် အပြစ်လွှတ်ရန် တောင်းပန်ပြီးလျှင် ရှိုက်ကြီးတငင် ငိုသတဲ့။

သည်တော့ စူလတန်ကြီးက အံ့အားသင့်သွားပြီး 'အလို အမောင်လုလင်၊ အဘယ်ကြောင့် သည်ကဲ့သို့ သည်းထန်စွာ ငိုကြွေးရဘိသနည်း' ဟု မေးသတတ်။ သည်တော့ ထိုင်နေသော လုလင်က သူ၏ ခါးအောက်ပိုင်းကို ဖုံးထားသော အဝတ်ကို ဖယ်ရှား၍ သူ၏ အောက်ပိုင်းမှာ ကျောက်ဖြစ်နေသဖြင့် မထနိုင်သည့် အကြောင်းကို ပြောပြသတဲ့။ ထို့နောက် စူလတန်ကြီးက ရေအိုင်ထဲမှ ငါးဖြူ၊ ငါးနီ၊ ငါးပြာ၊ ငါးဝါတို့ အကြောင်းကို မေးသဖြင့် လုလင်က 'သည်ငါးတွေ အကြောင်းကတော့ အင်မတန်ဆန်းကြယ်ပါသည်၊ သူတို့ အဖြစ်အပျက်ကို နဖူးပြင်မှာ စာတင်လို့များ ထားလိုက်ရလျှင် နောင်လာနောက်သားတို့ မှတ်သားဆင်ခြင်ဖွယ်ရာ အများကြီး ရစရာပင် ရှိပါသည်' ဟု ဆိုပြီးနောက် ကျွန်းနက်ရှင် ဝတ္ထုကို ဆိုလတ္တံ့သည့်အတိုင်း စီကာပတ်ကုံး ပြောပြသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

# [၁၁]
# ကျွန်းနက်ရှင်

ထို့နောက် ကိုယ်တစ်ပိုင်း ကျောက်ဖြစ်၍နေသော လုလင်က ရှုလတန်ကြီးအား သူ့အဖြစ်အပျက်ကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြသတဲ့။

ငါ၏နာမည်မှာ မာမွတ်ဖြစ်၍ ငါ၏ခမည်းတော်မှာ ဤနေရာရှိ တောင်လေးလုံး ကာလျက်ရှိသော နေပြည်တော်နှင့်တကွ ကျွန်းနက်များကို စိုးပိုင်တော်မူသော ဘုရင်မင်းမြတ် ဖြစ်ပါသည်။ ငါ၏ ခမည်းတော်သည် အနှစ်ခုနစ်ဆယ်မျှ မင်းပြု၍ နတ်ရွာစံလတ်သော် ငါပင် ဆက်ခံ စိုးစံပြီးနောက် ငါသည် ငါ၏ ဦးရီးတော်သမီးနှင့် စုလျားရစ်ပတ်ပါသည်။

ငါတို့ဇနီးမောင်နှံမှာ တစ်ယောက်နှင့်တစ်ယောက် အင်မတန် ချစ်ခင်ကြင်နာကြပါသည်။ ငါ၏ မြောက်သားတော်သည် ငါ့ကို မမြင်ရလျှင် အစာရေစာကိုပင် မစားပါ။ သည်လိုနှင့် ငါတို့ ဇနီးမောင်နှံသည် ငါးနှစ်တာမျှ ပျော်ရွှင်စွာ နေကြပါသည်။

ထို့နောက် တစ်နေ့သောအခါတွင် ငါ၏ဇနီးသည် ငါ့ထံမှ ခွင့်ပန်၍ ရေချိုးထွက်သွားပါသည်။ ထိုအခိုက်တွင် ငါသည် ငါ၏ စက်ခန်းတွင် လဲလျောင်း၍ အပျိုတော်နှစ်ယောက်အား ခေါင်းရင်းမှတစ်ယောက်၊ ခြေရင်းမှတစ်ယောက် ငါ့ကို ယပ်ခတ်ပေးရန် ခိုင်းပါသည်။ သည်တော့ ငါက ငါ၏ဇနီး မရှိသဖြင့် အောက်မေ့လွမ်းဆွတ်ပြီး အိပ်၍ မပျော်နိုင်ပါ။ သဟာနှင့် ငါသည် မျက်စိများကို မှိတ်ကာ မှိန်း၍ နေပါသည်။

ထိုအခါ အပျိုတော်နှစ်ယောက်သည် ငါ အိပ်ပျော်နေပြီ အထင်နှင့် အချင်းချင်း တီးတိုးစကား ပြောကြပါသည်။ ပထမ ငါ၏ ခေါင်းရင်းဘက်မှ အပျိုတော်က 'တို့ဘုရင်မင်းမြတ်ဟာတော့ဖြင့် အတော် ကံဆိုးရှာသဟာပဲနော်၊ တို့သခင်မ လုပ်နေပုံတွေတော့ ငါဖြင့် ပြောပဲ မပြောချင်တော့ပါဘူး၊ သဟာလောက်တောင် ဖောက်ပြန်လွန်းတော့ ဒွန္နယာမှာ ဘယ်ကောင်းနိုင်တော့မလဲ' ဟု ပြောပါသည်။

သည်တော့ ငါ၏ ခြေရင်းဘက်က အပျိုတော်က 'ဖောက်လွဲဖောက်ပြန် လုပ်သည့် မိန်းမများ ငါတော့ သိပ်မုန်းသဟာပဲအေ့၊ ညတိုင်း ညတိုင်း သူမို့လို့ပဲ ထွက်ထွက်ကမြင်းနိုင်သအေ့၊ ငါဖြင့် ပြောပဲ မပြောချင်တော့ဘူး' ဟု ဆိုပါသည်။ သည်တော့ တစ်ခါ ခေါင်းရင်းဘက်က အပျိုတော်က 'တို့ မင်းတရားကြီးကလည်း နေပဲ နေနိုင်လွန်းပါသအေ၊ အေးစက်စက်နှင့်။ တကယ်ဆို ကိုယ့်မိန်းမအကြောင်း နည်းနည်းများ စုံစမ်းကြည့်ရောပေါ့' ဟု ဆိုပါသည်။

သည်တော့ ခြေရင်းဘက်က အပျိုတော်က 'သဟာတော့လည်း မပြောနှင့်အေ၊ သူ့ခမျာ ဘာအကြောင်းမှ မသိရှာဘဲဟာကိုအေ့။ ပြီးတော့ တို့သခင်မကလည်း





အပါးအနပ်ပဲ၊ ဘယ်အသိပေးမလဲ။ ညစက်ရာဝင်ချိန်ကျလျှင် မင်းတရားကြီး သောက်သည့် သေရည်ထဲမှာ အိပ်ဆေး ခတ်ခတ်တိုက်တော့ မင်းတရားကြီးလည်း အိပ်လိုက်သဟာ တုံးပေါ့အေ့။ အဲသည်လို မင်းတရားကြီး အိပ်ပျော်နေမှ တို့သခင်မက ထွက်ထွက်ပြီး ကမြင်းသဟာအေ့။ မိုးလင်းလို့ ကမြင်းအားရပြီဆိုမှ ပြန်ပြန်လာပြီး မင်းတရားကြီး နှာခေါင်းဝနားမှာ အမွှေးတိုင်ညှိပြီး အိပ်ဆေးကို ဖြေသဟာအေ့။ သည်တော့ တကယ်ဆိုတော့လည်း တို့မင်းတရားကြီး ခမျာဟာ သနားစရာပဲ' ဟု ဆိုပါသည်။

အဲသလို အပျိုတော်နှစ်ယောက် ပြောကြဆိုကြသံကို ကြားရတော့ ငါ၏ မျက်စိများသည် အမိုက်တိုက် ဖုံးသကဲ့သို့ ဘာမျှ မမြင်ဘဲ ဖြစ်၍ သွားပါသည်။ ထို့နောက် ငါ၏ဇနီးသည် ရေချိုးရာမှ ပြန်လာပြီး ငါတို့ ပွဲတော်တည်ကြပါသည်။ ထို့နောက် ငါက သောက်နေကျ သေရည်ကို တောင်းပါသည်။ သည်တော့ ငါ၏ဇနီးက သေရည်ကို ဖလားနှင့်ထည့်၍ ငါ့ကို ပေးပါသည်။ ငါက သေရည်ဖလားကို သောက်ချင်ယောင်ဆောင်ပြီးလျှင် ငါ၏ ရင်ဘတ်ပေါ်သို့ သွန်ချလိုက်ပြီး စက်ရာပေါ်သို့ လှဲ၍ အိပ်လိုက်ပါသည်။

သည်တော့ ငါ၏ဇနီးက အနားသို့လာပြီး 'အိပ် အိပ်၊ အသေအမြော အိပ်၊ သင့်ကို အလာဟုအရှင် အလိုတော်ရှိလို့သာ ငါ ပေါင်းနေရသည်၊ ငါ နည်းနည်းမှ မချစ်ဘူး။ သင်နှင့် နေရသဟာလည်း ငါ စိတ်မချမ်းသာဘူး' ဟု ဆိုပြီးလျှင် ထ၍ အဝတ်အစားလဲ၊ ပန်းနံ့သာ လိမ်းပြီးလျှင် ဓားတစ်လက်ကို ကိုင်၍ ထွက်သွားပါသည်။

အဲသည်တော့ ငါက အသာကလေး သူ့နောက်မှ နောက်ယောင်ခံပြီး လိုက်ကြည့်ပါသည်။ ငါ၏ ဇနီးသည် မြို့လယ်မှ ဖြတ်ပြီးလျှင် မြို့တံခါးသို့ ရောက်သောအခါ ပါးစပ်က တွတ်တွတ် တွတ်တွတ်နှင့် မန်းပါသည်။ ထိုအခါ တံခါးမှ သော့များ ပြုတ်ကျပြီး တံခါးလည်း ပွင့်သွားပါသည်။ ထို့နောက် ငါ၏ ဇနီးသည် မြို့ပြင်သို့ထွက်၍ ကုန်းတန်းကလေးတစ်ခု အနီးကို သွားပြီးလျှင် တဲပုတ်ကလေး တစ်ခုထဲသို့ ဝင်သွားပါသည်။

ငါကလည်း နောက်က သူ မသိအောင် လိုက်၍ ကြည့်နေပါသည်။ ငါ၏ ဇနီး ဝင်သွားသော တဲပုတ်ကလေးမှာ အမိုးအကာလည်း လုံလုံခြုံခြုံ မရှိသဖြင့် ခပ်လှမ်းလှမ်းကနေ ကြည့်သောအခါ အတွင်း၌ ဖြစ်ပျက်နေသမျှကို အကုန် မြင်ရပါသည်။ ထိုတဲပုတ်ကလေးထဲတွင် အင်မတန် အကျည်းတန် အရုပ်ဆိုးသော လူမည်းကြီး တစ်ယောက် ရှိပါသည်။ ထိုလူမည်းကြီးဆီသို့ ရောက်သောအခါ ငါ၏ ဇနီးက ပျာပျာသလဲ အရိုအသေ ပြုပါသည်။

ထိုအခါ လူမည်းကြီးက 'သည်အချိန်ကြီးကျမှ ဘာလို့ လာသေးသလဲ၊ ငါ့အဖော် လူမည်းတွေဟာ အကုန်လုံး သေရည်သောက်ပြီး သူတို့ဟာမတွေနှင့် သူတို့ တစ်တွဲစီ



www.burmeseclassic.com

www.burmeseclassic.com



တစ်တွဲစီ တွဲပြီး ပျော်ကုန်ကြပြီ၊ ငါ့မှာ နင် မလာသဟာနှင့် သူတို့ပေးသည့် သေရည် တောင် မသောက်နိုင်သေးဘူး... ထွီ’ ဟု ဆိုပါသည်။

သည်တော့ ငါ၏ဇနီးက ‘သည်းခံပါ သခင်၊ သခင်၏ ကျွန်မမှာ မိမိ မချစ် မနှစ်သက်သူ၏ လက်တွင်း၌ ရောက်နေရသဖြင့် လွတ်လပ်သူ မဟုတ်ပါ။ ယခုလည်း စိတ်ဆင်းရဲလှသဖြင့် သည်မြို့ကြီး တစ်ခုလုံးကိုပင် ဖျက်ဆီး၍ ပစ်လိုက်မည် ကြံလျက် ရှိပါသည်’ ဟု ဆိုပါသတဲ့။

သူလင်စောင် လူမည်းကြီးက ‘ဟဲ့... မိဗိုင်းဒါ၊ စကားမရှည်နှင့်၊ သင် အလေ လိုက်ချင်တိုင်း လိုက်နေလို့ နောက်တစ်ခါ သည်လို ကြန့်ကြာနေလျှင် သင့်ကို ငါ ခြေမတင်တော့ဘူး၊ အဲသဟာပဲ ငါပြောမည်။ ငါ့ကို သင်တို့ အဖြူကောင်တွေလို မှတ်ပြီး မထီလေးစား မလုပ်နှင့်၊ ဇက်ပြုတ်သွားမည်’ ဟု ဆိုပါသည်။

သည်တော့ ငါ၏ဇနီးက ရှိုက်ကြီးတငင် ငို၍ ‘သည်ကျွန်မမှာ သခင်မှ တစ်ပါး မြတ်နိုးသူ ချစ်ခင်သူ မရှိပါ။ သခင်သာလျှင် သည်ကျွန်မ၏ အားထားရာ ကိုးကွယ်ရာ ဖြစ်ပါသည်။ သည်ကျွန်မကို သခင်ကသာ ပစ်ပယ်လိုက်မည် ဆိုပါလျှင် ဒွန္နယာကြီးသည် နေဖို့ကောင်းတော့မည် မဟုတ်ပါ။ ထို့ကြောင့် သည်တစ်ခါ အနည်းငယ် နောက်ကျ သည်ကို သည်းခံတော်မူပါ’ ဟု ဝပ်တွားကာ တောင်းပန်ပါသည်။

သည်တော့မှ လူမည်းကြီးသည် အမျက်ပြေ၍ သွားပါသည်။ ထို့နောက် ငါ၏ ဇနီးသည် လူမည်းကြီးနှင့်အတူ အိပ်ပါသည်။

အဲသည်တော့ ငါဟာ အမျက်ကို မချုပ်တည်းနိုင်တော့သဖြင့် သူတို့နှစ်ယောက် အိပ်နေကြသော တဲပုတ်ထဲသို့ ပြေးဝင်ပြီးလျှင် ငါ့ဇနီး၏ ဓားကို ဆွဲကာ နှစ်ယောက်စလုံး သေရောဟဲ့ဆိုပြီး လည်ပင်းကို ပိုင်း၍ ထွက်ခဲ့ပါသည်။ သို့ရာတွင် ကံအားလျော်စွာ လူမည်းကြီးမှာ လည်ပင်းပြတ်မသွားပဲ လည်မျိုသာ ပေါက်၍သွားသဖြင့် ဂူးဂူးဝဲဝဲ အော်ကာ ကျန်ရစ်ခဲ့ပါသည်။

သည်တော့ ငါ၏ဇနီးလည်း အိပ်ရာမှ လန့်နိုးပြီး နန်းတော်သို့ပြန်၍ ငါ၏ စက်ရာဆောင်မှာ မိုးလင်းအောင် အိပ်ပါသည်။ နံနက်လင်းသောအခါ ငါ့ဇနီးသည် ဦးဆံများကို ရိတ်ပြီးလျှင်၊ အပူသည်တို့ ဝတ်မျိုး အဝတ်ကိုဝတ်၍ ငါ့ထံလာပြီးလျှင် ‘အို... မောင်တော်၊ ယခုကဲ့သို့ နှမတော်သည် ဦးဆံကိုဖြတ်၍ အပူသည်အသွင်ကို ဆောင်လာသဖြင့် မောင်တော် တစိုးတစိ စိတ်မရှိပါလင့်။ သည်ကဲ့သို့ နှမတော် လုပ်ရ ခြင်းမှာ တခြားကြောင့် မဟုတ်ပါ။ ယနေ့နံနက်ပင် နှမတော်၏မယ်တော် ဆုံးသည့် အကြောင်းကို ကြားရပါသည်။ ထို့နောက် နှမတော်၏ ခမည်းတော်လည်း သာသနာရေး စစ်ပွဲတွင် ကံကုန်တော်မူကြောင်း ကြားရပြန်ပါသည်။

‘သဟာတွင် မဟုတ်သေးပါ၊ နှမတော်၏ မောင်တော်နှစ်ယောက်အနက်





တစ်ယောက်က အဆိပ်စားမိ၍ သေကြောင်း၊ တစ်ယောက်က အိပ်ပြိုကျ၍ ဆုံးကြောင်းကို ကြားရပြန်ပါသည်။ သည်တော့ ဒွန္နယာကြီးမှာ နှမတော်မှ မပူလျှင်၊ မငိုလျှင် အဘယ် သူသည် ပူငိုတော့အံ့နည်း’ ဟု ဆိုပါသည်။

သည်တော့ ငါက သူ့ကို ဘာမျှ အပြစ်တင်စကား မပြောဘဲ ‘နှမတော် ကောင်းမည် ထင်သဟာသာ လုပ်ပါ၊ မောင်တော် ဘာမျှ မပြောပါဘူး’ ဟု ဆိုပါသည်။ အဲ့သဟာနှင့် ငါ၏ဇနီးသည်သည် တစ်နှစ်တာမျှကြာအောင် ပူပွဲ ငိုပွဲ ဆင်ကာ နေပါ သည်။ ငါကလည်း ဘာမျှ မပြောပါ။

ထို့နောက် ငါ၏ ဇနီးက ‘မောင်တော်၏ နေပြည်တော်တွင်း၌ နှမတော် ကြီးကျယ် ခမ်းနားသော ဂူကြီးတစ်ခု တည်၍ ထိုဂူကြီးထဲတွင် နှမတော် စိတ်ရှိလက်ရှိ သွား၍ ပူပွဲဆင်နိုင်ရန် လိုဏ်ခန်းတစ်ခုလည်း ထားလိုပါသည်။ ထိုဂူကြီးကို ရှွေသည်းနာ ဂူဟု ခေါ်ပါမည်’ ဟု ငါ့ကို ပြောပါသည်။ သည်တော့ ငါကလည်း ‘နှမတော် ကောင်းမည် ထင်သဟာ လုပ်ပါ’ လို့ ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲ့သဟာနှင့် ငါ၏ဇနီးသည် ရွှေသည်းနာဂူကြီးကို တည်ပြီးလျှင် အဲသည် ဂူကြီးထဲ၌ သူ့လင်စောင်ကို သွား၍ ထားပါသည်။ သူ့လင်စောင်မှာ ငါ ခုတ်လိုက်သော ဓားဒဏ်ရာကြောင့် စကားလည်း မပြောနိုင်ပါ။ အိပ်ရာထဲကလည်း မထနိုင်ပါ။ အစာလည်း မစားနိုင်ပါ။ သေရည်တစ်ခုတည်းသာ သောက်နိုင်ပါသည်။ ငါ၏ဇနီးလည်း နေ့ထွက် နေဝင် သူ့လင်စောင်၏ ဂူကိုသွားကာ ပြုစုလုပ်ကျွေး နေပါသည်။

အဲသည်လိုနှင့်ပဲ တစ်နှစ်လောက် ကြာသွားပါသည်။ ထို့နောက် တစ်နေ့သ၌ ငါက ငါ့ဇနီးအဆောင်သို့ အမှတ်တမဲ့ ဝင်သွားရာ ငါ့ဇနီးဟာ တရှုပ်ရှုပ်နှင့် ငိုနေသည်ကို တွေ့ရပါသည်။ အဲသည်တော့ ငါက ဒေါသကို မချုပ်တည်းနိုင်သဖြင့် ငါ၏ဇနီးကို လက်ကိုင်ဓားနှင့် တအား ပိုင်းလိုက်ရန် ရွယ်ပါသည်။

သည်တော့ ငါ့ဇနီးက ထိုင်ရာမှထပြီး 'သင့်လက်ချက်နှင့် ငါချစ်သည့်သူဟာ အိပ်ရာထဲက မထနိုင်တော့ဘူး။ သည်တော့ သင့်ကို ငါ သည်လို မထားနိုင်ဘူး။ သင့်ကို ငါ သေအောင် မလုပ်ဘူး။ မသေမရှင် အောက်တစ်ပိုင်းကို ကျောက်ဖြစ်အောင် လုပ်မည်' ဆိုပြီး ငါ့ကို ကျောက်တစ်ပိုင်းဖြစ်အောင် ပြုစားလိုက်ပါသည်။

ထို့နောက် ငါ၏ဇနီးသည် ငါ၏နန်းတော်သူ နန်းတော်သားများနှင့် နေပြည်တော်သူ နေပြည်တော်သားများကို တစ်ဖန် ပြုစားပြန်သည်။ အဲသဟာနှင့် ငါ၏ နေပြည်တော်သူ နေပြည်တော်သားများလည်း သူတို့ ကိုးကွယ်သည့် ဘာသာအလိုက် အစွလာမ် ဘာသာဝင်တို့က ငါးဖြူများ ဖြစ်သွားပါသည်။ မာဂျီဘာသာဝင်တို့က ငါးနီများ ဖြစ်သွားပါသည်။ ခရစ်ယာန်ဘာသာဝင်တို့က ငါးပြာများ ဖြစ်သွားပါသည်။ ရေဝတီ ဘာသာဝင်တို့က ငါးဝါများ ဖြစ်သွားပါသည်။

ထို့နောက် ငါ ပိုင်သော ကျွန်းလေးကျွန်းကိုလည်း တောင်လေးလုံး ဖြစ်အောင် လုပ်ပြီး ရေအိုင်ဘေးပတ်လည် ကာ၍ ထားပါသည်။ အဲသည် အချိန်က စပြီး ငါ၏ ဇနီးသည် ငါ့ကို နေ့စဉ်နေ့စဉ် သားရေတံပြာဖြင့် အချက်ပေါင်းများစွာ ရိုက်၍ နှိပ်စက်ပါသည်ဟု ကျောက်တစ်ပိုင်း ဖြစ်နေသော လုလင်က စူလတန်ကြီးကို ပြောသတဲ့။

သည်တော့ စူလတန်ကြီးက 'သင်၏ အဖြစ်အပျက်ကို ကြားရသဟာ ငါ၏ စိတ်နှလုံးကို များစွာ ထိခိုက်သည်။ ယခု သည်မိန်းမ ဘယ်မှာနေသနည်း၊ ငါ့ကို ပြောလော့' ဟု ဆိုသတဲ့။ သည်တော့ ကျောက်တစ်ပိုင်း ဖြစ်နေသော လုလင်က 'ဟို ဂူကြီးထဲမှာ သူ့လင်စောင်နှင့် နေပါသည်။ နေ့စဉ်နေ့စဉ် ငါ့ဆီကို လာ၍ နှိပ်စက် ပါသည်' ဟု ဆိုသတဲ့။

သည်တော့ စူလတန်ကြီးက 'သည်လိုဆိုလျှင် မစိုးရိမ်လင့်။ ကမ္ဘာကြေ၍ ဥဒါန်းမကျေစရာ ဖြစ်အောင် သင့်ကို ငါ ကယ်မည်' ဟု မိန့်သတဲ့။ နောက်တစ်နေ့ နံနက်လင်းသောအခါ စူလတန်ကြီးသည် လက်သုံးတော် ရွှေဓားကို ကိုင်၍ ရွှေသည်းနာ





ဂူကြီးသို့ သွားပြီးလျှင် ကဝေမိဖုရား၏ လင်မြှောင်လူမည်းကြီးကို တစ်ချက်တည်းနှင့် အသေသတ်လိုက်ပြီးနောက် အလောင်းကို အနီးရှိ ရေတွင်းထဲသို့ ပစ်၍ ချလိုက်သတဲ့။ ထို့နောက် စူလတန်ကြီးသည် ဂူကြီးထဲသို့ ပြန်ဝင်ပြီးလျှင် သေသွားသော လူမည်းကြီး ယောင်ဆောင်၍ ကဝေမ အလာကို စောင့်၍ နေသတဲ့။

ကဝေမလည်း သူ့လင်ကြီးကိုသွား၍ နှိပ်စက်ခဲ့ပြီးနောက် ရွှေသည်းနာ ဂူကြီးသို့ ပြန်သွားပြီးလျှင် ငိုကာရယ်ကာ တစာစာနှင့် 'အမယ်လေး အချစ်ကြီးရဲ့၊ ငါ့ကို ဘာလို့ စကားမပြောရ သဟာလည်း အချစ်ကြီးရဲ့။ အခုလို ဖြစ်ရသဟာ ငါက မချစ်လို့ ဖြစ်ရသဟာ မဟုတ်ပါဘူး အချစ်ကြီးရဲ့' ဟု ဆိုပါသည်။ သည်တော့ စူလတန်ကြီးက လူမည်းကြီး၏ အသံကို တုပြီးလျှင် မပွင့်တပွင့်နှင့် 'ဤဒွန္နယာကြီးမှာ အလာဟု အရှင်မှ တစ်ပါး တန်ခိုးကြီးသူ မရှိ' ဟု ဆိုသတဲ့။

လူမည်းကြီးသည် လည်မျိုကို ဓားခုတ်ခံရသည့် အချိန်က စ၍ စကား မပြောနိုင်သဖြင့် ယခုတစ်ကြိမ် စ၍ ပြောသောအသံကို ကြားသောအခါ ကဝေ မိဖုရားသည် ဝမ်းသာလုံးဆို့ကာ မေ့သွားပါသည်။ ထို့နောက် သတိရသောအခါ 'အခု အချစ်ကြီး နေကောင်းလာပြီနော်' ဟု ဆိုပါသည်။ သည်တော့ စူလတန်ကြီးက လူမည်းကြီး၏ အသံမျိုးဖြင့် 'ဟဲ့ မိန်းမယုတ်၊ နင့်ကို ငါ စကားမပြောချင်ဘူး' ဟု ဆိုသတဲ့။

သည်တော့ ကဝေမက 'ဘာ့ကြောင့် မပြောချင်ရသဟာလဲ အချစ်ကြီးရဲ့' ဟု မေးပါသည်။ သည်တော့ လူမည်းအတု စူလတန်ကြီးက 'ဘာ့ကြောင့်ရမှာလဲ၊ သင်က သင့်လင်ကြီးကို နေ့တိုင်း သွား သွား နှိပ်စက်နေတော့ သင့်လင်ကြီးက နေ့တိုင်း အလာဟု အရှင်ကို တိုင်တည်နေလို့ပေါ့။ အခု ငါ့အနာ မပျောက်နိုင်သဟာလည်း သင့်လင်ကြီးက နေ့တိုင်း ကျိန်ဆဲနေလို့ပဲ။ အဲသဟာတွေကြောင့် သင့်ကို ငါ စကား မပြောသဟာ သိလား' ဟု ဆိုသတဲ့။

သည်တော့ ကဝေမက 'သဟာဖြင့် သူ့ကို ငါ ဖြေလိုက်ရမလား' ဟု မေးသတဲ့။ သည်တော့ စူလတန်ကြီးက 'အေး မြန်မြန်ဖြေလိုက်၊ သည်တော့မှ ငါ့အနာလည်း ပျောက်မည်' ဟု ဆိုသတဲ့။

သည်တော့ ကဝေမိဖုရားသည် နန်းတော်သို့ သုတ်သီးသုတ်ပျာ သွားပြီးလျှင် ရေတစ်ခွက်ကို ယူ၍ မန်းလိုက်ရာ ရေများ ပွက်ပွက်ဆူ၍ လာသတဲ့။ ထို့နောက် ထို ရေမန်းဖြင့် သူပြုစားထားသော သူ့လင်ကြီးကို 'ငါ၏ ဂါထာတန်ခိုးဖြင့် သင်သည် ကျောက်တစ်ပိုင်း ဖြစ်နေရာမှ မိမွေးတိုင်း ဖမွေးတိုင်း လူသားပကတိ ပြန်၍ ဖြစ်လာစေသတည်း' ဟု ဆိုလိုက်ရာ ရှင်ဘုရင်သည် လူကောင်းပကတိ ပြန်၍ ဖြစ်လာသတဲ့။

ထို့နောက် ကဝေမိဖုရားက 'သင် အခုချက်ချင်း သည်တိုင်းပြည်က ထွက်သွား ရမည်။ ထွက်မသွားလျှင် နင့်ကို အရှင်မထားနိုင်ဘူး' ဟု ရှင်ဘုရင်ကို ပြောသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် ရှင်ဘုရင်လည်း မြို့ပြင်သို့ အဆောတလျင် ထွက်၍ သွားရသတဲ့။ ထို့နောက် ကဝေမသည် ရွှေသည်းနာဂူကြီးသို့ ပြန်ပြီးလျှင် သူ့ လင်စောင်ယောင် ဆောင်၍နေသော စုလတန်ကြီးထံ သွား၍ 'အလိုတော်ရှိသည့်အတိုင်း လုပ်ခဲ့ပါပြီ၊ သဟာကြောင့်မို့ သည်ကျွန်မအပါးသို့ ကြွခဲ့တော်မူပါတော့' ဟု ဆိုသတဲ့။

သည်တော့ စုလတန်ကြီးက 'သဟာလောက်နှင့် မပြီးသေးဘူး။ အခု သင် လုပ်ခဲ့သပဲ့ာက အကိုင်းအခက်ပဲ ရှိသေးသည်။ အမြစ်နှင့် ပင်မကြီးက သည်လိုပဲ ရှိနေသေးသည်' ဟု ဆိုသတဲ့။ သည်တော့ ကဝေမက 'အချစ်ကြီးက ဘယ်လို ဆိုလိုသည် ဆိုသဟာ သည်က ကျွန်မ နားမလည်ပါ။ တစ်ဆိတ် ရှင်းအောင် ထပ်၍ လင်းပါဦး' ဟု ဆိုသတဲ့။ သည်တော့ စုလတန်ကြီးက 'ဘာ နားမရှင်းစရာ ရှိသလဲ၊ ကျွန်းလေးကျွန်းကို တောင်လေးလုံး လုပ်ထားသဟာနှင့် တိုင်းသူပြည်သားတွေကို ငါးတွေဖြစ်အောင် လုပ်ထားသဟာ ရှိသေးသည် မဟုတ်လား။ ဖြေမည့်ဖြေလျှင် အဲသဟာတွေပါ အကုန်ဖြေမှပေါ့။ အခု ရေကန်ထဲက ငါးတွေက နေ့တိုင်းနေ့တိုင်း အလာဟုအရှင်ကို တိုင်ကြလွန်းလို့ ငါ အင်မတန် အနေရကျပ်နေသည်' ဟု ဆိုသတဲ့။

အဲသည်လို ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ကဝေမသည် ရေအိုင်ကြီးသို့ ကမန်းကတန်း ပြေးသွားပြီး ရေကို လက်ခုပ်နှင့် ခပ်၍ မန်းသတဲ့။ ထိုအခါ ရေအိုင်ထဲမှ ငါးများသည် လူးလွန့်၍ ဦးခေါင်းထောင်လာပြီးလျှင် လူသားပကတိ အဖြစ်သို့ ပြန်၍ ရောက်လာကြသတဲ့။

ထို့နောက် တောင်လေးလုံးလည်း ကျွန်းလေးကျွန်း ပြန်၍ ဖြစ်သွားပြီးလျှင် မြို့သူမြို့သားတို့လည်း ယခင်က ကဲ့သို့ပင် သွားကြ လာကြ၊ ရောင်းကြ ဝယ်ကြနှင့် ပျော်ရွှင်စွာ နေကြသတဲ့။ ထို့နောက် ကဝေမသည် ဂူကြီးသို့ ပြန်ပြီးလျှင် စုလတန်ကြီး အား အကျိုးအကြောင်းကို ပြန်၍ ပြောသတဲ့။ သည်တော့ စုလတန်ကြီးက ကဝေမ အား သူ့အနား ခေါ်ပြီးလျှင် လက်သုံးတော်ဓားဖြင့် စလွယ်သိုင်း ပိုင်း၍ သတ်လိုက်သတဲ့။

ထို့နောက် စုလတန်ကြီးသည် ကျောက်တစ်ပိုင်း ဖြစ်နေရာမှ လူပြန်၍ ဖြစ်လာသော ရှင်ဘုရင်ကလေးထံ သွား၍ 'ယခု အသင်သည် ဤပြည်မှာ နေရစ်မည်လော၊ ငါနှင့်အတူ ငါ၏ တိုင်းတော်ပြည်တော်ကို လိုက်ခဲ့မည်လော' ဟု မေးသတဲ့။ သည်တော့ ရှင်ဘုရင်ကလေးက 'အရှင်မင်းကြီး၏ နေပြည်တော်သို့ ဖဝါးခြေထပ် လိုက်ခဲ့ပါမည်' ဟု ဆိုသတဲ့။ သည်တော့ စုလတန်ကြီးက 'သည်လိုဆိုလျှင် ကောင်းပြီ၊ ငါ့မှာ သည်အသက် သည်အရွယ်ထိအောင် သားတော်တစ်ယောက်မျှ မထွန်းကားဘူး။ သည်တော့ သင့်ကိုပင် ငါ့သားတော်အရာ၌ ထားမည်' ဟု ဆိုသတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ကလေးသည် ငါးဘဝမှ လူပြန်ဖြစ်လာသော သူ့





တိုင်းပြည်မှ မှူးကြီးမတ်ရာ သေနာပတိများကို ညီလာခံခေါ်၍ ထီးနန်းကို ခဏ လွှဲခဲ့ပြီးလျှင် စုလတန်ကြီးနှင့် လိုက်၍ သွားသတဲ့။

စုလတန်ကြီးသည် သူ့တိုင်းပြည်သို့ ပြန်ရောက်သွားသောအခါ တံငါသည်ကို ခေါ်တော်မူပြီးလျှင် 'ကဝေမ ပြုစား၍ ငါးဖြစ်နေကြသော လူများမှာ သင့်ကို အကြောင်း ပြု၍ ယခု လူပြန်ဖြစ်ကြရပြီ။ ပြီးတော့ ကျောက်တစ်ပိုင်း ဖြစ်၍နေသော ကျွန်းနက်ရှင် ကလေးလည်း သင့်ကို အကြောင်းပြု၍ပင် လူပြန်ဖြစ်ရပြီ' ဟု ဆိုပြီးနောက် တံငါသည်ကို ဆုလာဘ်များစွာ ပေးပြီးလျှင် တံငါသည်ကြီး၌ သမီး နှစ်ယောက်၊ သားတစ်ယောက် ရှိသည့်အနက် သမီးတစ်ယောက်ကို ကိုယ်တော်တိုင် သိမ်းပိုက်ပြီးလျှင်၊ ကျန်သမီး တစ်ယောက်ကို ကျွန်းနက်ရှင်ကလေးနှင့် စုလျားရစ်ပတ်၍ ပေးလိုက်သတဲ့။

ထို့နောက် တံငါသည်ကြီး၏ သားကို ရွှေတိုက်စိုးဝန်ကြီး ခန့်ပြီးလျှင် နန်းရင်း ဝန်ကြီးအား ကျွန်းနက်ပြည်သို့သွား၍ မင်းပြုစေသတဲ့။ ထိုအခါမှစ၍ စုလတန်ကြီးနှင့် တကွ ကျွန်းနက်ရှင်ကလေးတို့မှာ တံငါသည်ကြီး၏ သမီးနှစ်ယောက်ကို မိဖုရား မြှောက်ကာ ဥမကွဲ သိုက်မပျက် တစ်သက်ပတ်လုံး ပျော်ရွှင်စွာ နေကြသတဲ့။ ပြီးတော့ အိုက်ကောင်းသော မင်းယောက္ခမ တံငါသည်ကြီးမှာလည်း အသက်ထက်ဆုံး စားမကုန် လှုမခန်း ချမ်းသာစွာ နေရသတဲ့။

ထို့နောက် ယှာဋ္ဌာဇတ်က ယှာဋ္ဌိယမင်းအား 'ဘုန်းတော်ကြောင့် တံငါသည် ကြီးနှင့် သရဲကြီးပုံ ဤတွင် ပြီးကြောင်းပါ' ဟု လျှောက်သတဲ့။

သည်တော့ ညီမငယ် ဒွန်ယာဇတ်က 'မမ ပြောသည့်ပုံက သိပ်နားထောင် ကောင်းသဟာပဲ၊ သည်လိုပုံမျိုး ညီမလေးဖြင့် တစ်ခါမျှ မကြားဖူးပါဘူး' ဟု ဆိုသတဲ့။

သည်တော့ တစ်ခါ ယှာဋ္ဌာဇတ်က 'သည်ပုံက ဘာဟုတ်သေးသလဲအေ၊ သည့်ထက် ကောင်းတဲ့ပုံတွေ အများကြီး ရှိပါသေးသည်' ဟု ဆိုသတဲ့။

သည်တော့ ဒွန်ယာဇတ်က 'သဟာဖြင့် နောက်ထပ် တစ်ပုံလောက် ပြောပါ ဦးလား မမရယ်' ဟု တောင်းပန်သတဲ့။

သည်တော့ တစ်ခါ ယှာဋ္ဌာဇတ်က 'အခုတော့ မိုးလည်း လင်းပါပြီအေ၊ ပြောချိန်လည်း မရှိတော့ပါဘူး။ အကယ်၍ ငါတို့ မင်းတရားကြီးက သနားတော်မူ လို့ မမကို ယနေ့ သတ်တော်မမူသေးဘူးဆိုလျှင် ညကျတော့ ပြောသဟာပေါ့ အေ' ဟု ဆိုသတဲ့။

သည်တော့ ယှာဋ္ဌိယမင်းကြီးကလည်း နားထောင်ကောင်းသည်နှင့် 'ပြောစေ' ဟု ဆိုလိုက်သည်။ ထိုအခါ ယှာဋ္ဌာဇတ်က 'ဘုန်းတော်ရှင် ရွှေနားဆင်တော်မူပါ' ဟု ဆိုကာ သစ်သော့သီးသုံးလုံးပုံကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၂ ]

## သစ်သော့သီး သုံးလုံး

ဟာရွန်အာရ္ဗာယှစ်မင်းကြီးသည် တစ်ညသောအခါတွင် နန်းရင်းဝန်ကြီး ဂျစ်ဖားကို ခေါ်၍ 'ငါ၏ အမှုထမ်း အရာထမ်းများသည် တိုင်းပြည်ကို ကောင်းစွာ အုပ်ချုပ်ကြသည်၊ မအုပ်ချုပ်ကြသည်ကို ငါ သိလိုသဖြင့် ယနေ့ည ငါ စနည်းနာ ထွက်တော်မူပြီးလျှင် တိုင်းသူပြည်သားတို့အား ညှဉ်းပန်းနှိပ်စက်သည်ဟု ကြားရသော အမှုထမ်းများကို ရာထူးမှ ချ၍ တိုင်းသူပြည်သားတို့အား အဂတိ မလိုက်စားဘဲ တော်တည့် ဖြောင့်မှန်စွာ အုပ်ချုပ်သည်ဟု ကြားရသော အမှုထမ်း အရာထမ်းများကို ရာထူး တိုးမြှင့်ပေးလိုသည်။ သင်သည် ငါနှင့်အတူ လိုက်ခဲ့ရမည်' ဟု မိန့်တော်မူသည်။ နန်းရင်းဝန်ကြီးက 'အမိန့်တော် အတိုင်း လိုက်ပါရန် အသင့်ရှိကြောင်းပါ' ဟု လျှောက်သည်။

ထို့နောက် မင်းတရားကြီးသည် အနောက်ဆောင်မှူး မတ်စရူးကိုပါ ခေါ်၍ မြို့ပြင်လေးရပ်သို့ စနည်းနာ ထွက်တော်မူသည်။ လမ်းမြောင်ကြား တစ်ခုသို့ ဝင်မိသော အခါ လက်တစ်ဖက်က ကွန်ကိုကိုင်၍ ခေါင်းပေါ်တွင် ငါးကလေး သုံးလေးကောင်ကို တောင်းနှင့် ရွက်၍လာသော တံငါသည် အဘိုးကြီးတစ်ယောက်ကို တွေ့သည်။

အဘိုးကြီး၏ ပါးစပ်က 'ဒွန္တယာကြီးတွင် မိုးပျံအောင် ပညာတတ်၍ နေသော်လည်း ကံမကောင်းလျှင် အချည်းနှီးသာတည်း။ ကံမကောင်းသည့် တစ်နေ့တွင် ပညာကို ပေါင်စား၍ ရလိမ့်မည် မဟုတ်။ ကံမကောင်း၍ ဆင်းရဲနေကြရသူများမှာ ဖုန်းတောင်း ယာစကာကဲ့သို့သာ နေကြရသည်။ သူတို့သည် နွေကျလျှင် ငတ်၊ မိုးကျလျှင် ပြတ်၍ ဆောင်းကျလျှင် မီးလှုံရသော စည်းစိမ်ကိုသာ အမြတ်တနိုး ထားကြရသည်။ ငကံဆိုး ဆင်းရဲသားများဆိုလျှင် လူက လေးစားဖို့ကို မဆိုထားနှင့်၊ ခွေးကတောင်ပင် မခန့်ကြ။ သူတို့ကို မြင်လျှင် လမ်းဘေးတွင် အိပ်နေရသည့် ခွေးလေခွေးလွင့်များကတောင်ပင် ဟောင်ချင် ကိုက်ချင်ကြသည်။ သူတို့ အဖြစ်ကို ပြောပြပြန်လျှင်လည်း ကြင်နာမည့်သူ၊ သနားမည့်သူ မရှိ။ နောက်ဆုံးတွင် သူတို့မှာ ဆင်းရဲခြင်းကို ကြဲကြဲကြီး ခံကြရင်းဖြင့်ပင် သေရွာသို့ လိုက်ကြရသည်' ဟု အဓိပ္ပာယ်ဆောင်သော လင်္ကာကို တတွတ်တွတ်နှင့် ရွတ်လျက် ရှိသည်။

မင်းတရားကြီးသည် အဘိုးကြီး ပါးစပ်က တတွတ်တွတ် ရွတ်၍ နေသည်ကို ကြားတော်မူလတ်သဖြင့် ဤသူဆင်းရဲကား အတော်ပင် ဆင်းရဲတွင်း နက်ဟန် တူသည်ဟု အောက်မေ့တော်မူပြီးလျှင် အနားသို့ချဉ်း၍ 'အဘိုးကြီး ဘာလုပ်စား' ဟု မေးတော်မူသည်။ တံငါသည်ကြီးက 'သားကျွေးဖို့ မယားကျွေးဖို့ ငါးဖမ်းစားရပါသည်။ ယနေ့ မွန်းတည့်အချိန်က ငါးရှာထွက်လိုက်သဟာ အလာဟုအရှင်က မ တော်မမူလို့ သားစာ





မယားစာ ဘာမျှ မရခဲ့ပါဘူး။ ငါတော့ ခက်တော့သဟာ ပါပဲ။ အခုနေ ငါ့ကိုယ်ငါ ရောင်းချင် ပေါင်ချင်တောင် ရောင်း၍ ပေါင်၍ ရမှာ မဟုတ်ပါဘူး။ သဟာကြောင့် ငါတော့ သေသာ သေချင်သဟာပါပဲ' ဟု ပြောသည်။

သည်တော့ မင်းတရားကြီးက 'သည်လိုဆိုရင် သင်နှင့် ငါနှင့် တိဂရိုတ်မြစ်ကို သွားပြီး သင့်ကံနှင့် ငါ့ကံကို စမ်းကြမလား။ ဟိုကျလျှင် သင်က ကွန်ပစ်၊ သင် ကွန်ပစ်လို့ ဘာပဲရရ၊ ငါက သင့်ဆီမှ အသပြာတစ်ရာပေးပြီး ဝယ်မည်။ သည်အကြံကို ကြိုက်ကဲ့လား' ဟု မေးတော်မူသည်။ သည်တော့ အဘိုးကြီးက 'သင့်အကြံ နိပ်သည်၊ စိန်လိုက်။ လာ . . . သွားကြမည်' ဟု ပြန်ပြောသည်။

တိဂရိုတ်မြစ်သို့ ရောက်သောအခါ တံငါသည်ကြီးသည် ကွန်ကိုဖြန့်၍ ပစ်လိုက်ပြီးလျှင် တအောင့်လောက် စောင့်၍နေသည်။ ပြီးလျှင် ကွန်ကို ကမ်းပေါ်သို့ ဆွဲတင်လိုက်သည်။ ကွန်ထဲတွင် တစ်ကောင်မျှ ငါးမပါဘဲ သော့နှင့်ခတ်၍ ပိတ်ထားသော သေတ္တာကြီးတစ်လုံး ပါလာသည်။ ထိုသေတ္တာကြီးကို မင်းတရားကြီးက လက်နှင့် မ၍ ကြည့်သောအခါ အလွန်လေးသည်ကို တွေ့ရသဖြင့် မင်းတရားကြီးသည် တံငါသည်ကြီးအား အသပြာနှစ်ရာကို ပေး၍ သူလိုရာသို့ သွားခွင့်ပြုလိုက်သည်။ တံငါသည်ကြီးသည် ဝမ်းသာအားရနှင့် ပြန်သွားသည်။ ထို့နောက် မင်းတရားကြီးသည် သေတ္တာကြီးကို အနောက်ဆောင်မှူးအား အထမ်းခိုင်းပြီးလျှင် နန်းတော်သို့ ပြန်သည်။ နန်းတော်သို့ ရောက်၍ သေတ္တာကြီးကို ဖွင့်လိုက်သောအခါ အထဲတွင် လျှော်နီနှင့် တုပ်နှောင်၍ ထားသော ဖာတစ်လုံးကို တွေ့ရသည်။ ဖာကို ဖွင့်လိုက်သောအခါ ကော်ဇောပိုင်းတစ်ခုကို တွေ့ရသည်။ ကော်ဇောပိုင်းကို ဖွင့်လိုက်သောအခါ လေးခေါက်ခေါက်ထားသော မိန်းမ ခြုံစောင် တစ်ခုကို တွေ့ရသည်။ ခြုံစောင်ကို လှန်လိုက်သောအခါ ဓားနှင့် ကိုးပိုင်းပိုင်း၍ သတ်ထားသော ဖြူဖြူဖွေးဖွေး မိန်းမတစ်ယောက်၏ အလောင်းကို တွေ့ရသည်။ ထိုအခါ မင်းတရားကြီးက 'ဖြစ်မှ ဖြစ်ရလေ ကရို' ဟု ညည်းတော်မူပြီး သူ့မျက်စိများမှ မျက်ရည်များ ကျလာသည်။

ထို့နောက် မင်းတရားကြီးသည် နန်းရင်းဝန်ကြီးဘက်သို့ လှည့်၍ 'ဘယ့်နှယ်လဲ ကိုရွှေဝန်ကြီး၊ ငါ့လက်ထက်တော်မှာ လူတွေကို သည်လို သတ် သတ်ပြီး မြစ်ထဲ ချ ချပစ်နေလျှင် ဘယ်ဖြစ်နိုင်မလဲ။ သည်လိုသာဆိုလျှင် အလာဟုအရှင် ရှေ့တော်မှောက် အစစ်ခံရောက်သည့်အခါ ငါ့မှာ အလျှောက်ရခက်လိမ့်မည်။ သည်တော့ ကိုရွှေဝန်ကြီးက သည်မိန်းမကို သတ်သည့် တရားခံကို မတွေ့ တွေ့အောင် ရှာ၍ ငါ့ထံ ဆက်ရမည်။ တရားခံမှာ သေစား သေထိုက်သူ ဖြစ်သည်။ တရားခံကို တွေ့အောင်ရှာ၍ မဆက်နိုင်လျှင် သင်နှင့်တကွ သင့်ဆွေမျိုး လေးကျိပ်ကို ငါ၏ နန်းတော်တံခါးဝတွင် ကားစင်တင်၍ သတ်တော်မူမည်' ဟု မိန့်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



နန်းရင်းဝန်ကြီးက တရားခံကို ရှာရန် သုံးရက် ခွင့်ပေးပါဟု လျှောက်သည်။ မင်းတရားကြီးက 'ကောင်းပြီ၊ ပေးမည်' ဟု ဆိုသဖြင့် နန်းရင်းဝန်ကြီးသည် သူ့အိမ်သို့ သူပြန်သွားသည်။ သူ့အိမ်သို့ ရောက်သောအခါ မကြံတတ်သဖြင့် သုံးရက်လုံးလုံး အိမ်ထဲက အိမ်ပြင်သို့ မထွက်ဘဲ နေသည်။ လေးရက်မြောက်သော နေ့တွင် မင်းတရားကြီးက မင်းလုလင်တစ်ဦးကို လွှတ်၍ နန်းရင်းဝန်ကြီးအား နန်းတော်သို့ ခေါ်တော်မူသည်။ ရောက်သောအခါ 'တရားခံ ဘယ်မှာလဲ' ဟု မေးသည်။

သည်တော့ နန်းရင်းဝန်ကြီးက 'အရှင်မင်းကြီး၊ ငါသည် လူသတ်တရားခံကို ရှာသော အမှုထမ်း မဟုတ်သဖြင့် အဘယ်မှာ ရှာနိုင်အံ့နည်း' ဟု ဆိုသည်။

ထိုအခါ ဘုရင်မင်းမြတ်သည် အမျက်တော် ခြောင်းခြောင်းထွက်၍ 'နန်းရင်းဝန်ကြီးနှင့် သူ့ဆွေမျိုးလေးကျိပ်ကို နန်းတော်အနီးတွင် ကားစင်တင်၍ သတ်ရမည်။ သို့ သတ်သောအခါ ကြည့်လိုသော မြို့သူမြို့သားများ လာကြည့်နိုင်စေရန် မောင်းကြေးနင်း လည်၍ ခတ်ရမည်' ဟု အမိန့်တော် မှတ်လေသည်။

မြို့သူမြို့သားတို့သည် နန်းရင်းဝန်ကြီးနှင့် ဆွေမျိုးလေးကျိပ်ကို သတ်ရန် ကားစင် တင်ထားသော နေရာသို့ စုရုံး၍ လာကြသည်။ နန်းရင်းဝန်ကြီးနှင့် ဆွေမျိုး လေးကျိပ်ကို ဘုရင်မင်းမြတ်က အဘယ့်ကြောင့် သတ်တော်မူမှာပါလိမ့်ဟု တစ်ယောက်နှင့် တစ်ယောက် တီးတိုးစကား ဆိုကြပြီးလျှင် နန်းရင်းဝန်ကြီးနှင့် ဆွေမျိုးလေးကျိပ်ကို သနားသဖြင့် ငိုကြသည်။ ထို့နောက် ပါးကွက်အာဏာသားတို့က နန်းရင်းဝန်ကြီးနှင့် ဆွေမျိုးလေးကျိပ်ကို သတ်ရန် ပြင်ဆင်၍ မင်းတရားကြီး အမိန့်ကို စောင့်နေကြသည်။ မြို့သူမြို့သားများက 'ဖြစ်မှ ဖြစ်ရပလေ၊ ဖြစ်မှ ဖြစ်ရပလေ' ဟု ညည်းကြသည်။

ထိုအခိုက်တွင် မြို့သူမြို့သား ပရိသတ်ထုကြီး ကြားမှ အလွန် လှပတင့်တယ် နှစ်လိုဖွယ်ရှိသော လူငယ်တစ်ယောက်သည် တိုး၍ ထွက်လာပြီးလျှင် နန်းရင်းဝန်ကြီး၏ ရှေ့မှောက်သို့ ရောက်အောင် သွား၍ 'ဝန်ကြီးအပေါင်းတို့၏ ထိပ်တင်၊ ဆင်းရဲသူ ဆင်းရဲသားတို့၏ အားကိုးရာဖြစ်သော နန်းရင်းဝန်ကြီး၊ ငါသည်ပင်လျှင် လူသတ်တရားခံ ဖြစ်ပါသည်။ ထို့ကြောင့် ငါ့ကိုပင်လျှင် ယခု အဆုံးစီရင်ဖို့ လုပ်တော်မူပါလော့' ဟု ရဲဝံ့စွာ ပြောသည်။

ထိုအခါ နန်းရင်းဝန်ကြီးမှာ အသက်ဘေးမှ ချမ်းသာရတော့မည် ဖြစ်သဖြင့် သူ့အဖို့ အလွန် ဝမ်းသာသော်လည်း တရားခံ လူချောကလေးအတွက် များစွာ စိတ်မကောင်း ဖြစ်သွားသည်။

ထိုအခိုက်တွင်ပင် အဘိုးကြီးတစ်ယောက်သည် လူပရိသတ်ကြားမှ တိုး၍ ထွက်လာပြန်ပြီးလျှင် နန်းရင်းဝန်ကြီးနှင့် တရားခံဆိုသူကလေး ရှိရာသို့ ကပ်၍ 'နေကြပါဦး… နေကြပါဦး၊ သည်သူငယ် ပြောသဟာကို မယုံကြပါနှင့်။ တရားခံ အစစ်ဟာ





ငါသာလျှင် ဖြစ်ပါသည်။ ထို့ကြောင့် ငါ့ကိုသာ တရားနှင့်အညီ စီရင်ပါလော့' ဟု ဆိုလာပြန်သည်။

ထိုအခါ တရားခံ လူချောကလေးက 'သည် အဘိုးကြီးဟာ သူငယ် ပြန်နေပြီ ဖြစ်သဖြင့် သူ ပြောသည်ကို မယုံကြည်သင့်ပါ။ ထိုမိန်းမကို သတ်သော တရားခံအစစ်မှာ ငါသာလျှင် ဖြစ်ပါသည်။ ငါ့ကိုသာ အဆုံးစီရင်ပါလော့' ဟု ဆိုပြန်သည်။

ထိုအခါ အဘိုးကြီးက 'သားရယ်၊ သင့်အရွယ်ကလေးဟာ ငယ်ပါသေးသည်။ သင့်မှာ ဒွန္နယာရဲ့ စည်းစိမ်တွေကို ခံဖို့ အချိန်အများကြီး ကျန်ပါသေးသည်။ ငါ့အဖို့မှာ ဆိုလျှင် ဒွန္နယာရဲ့ စည်းစိမ်တွေကို ခံရ၍ ဝအီနေပါပြီ။ ထို့ကြောင့် သင်ရယ်၊ နန်းရင်းဝန်ကြီးရယ်၊ သူ၏ ဆွေမျိုးလေးကျိပ်ရယ်၏ ဒဏ်ကို ငါ့ကိုသာလျှင် ခံခွင့် ပေးစေလိုပါသည်။ ငါ့မှာ သွားလေသူ အမျိုးသမီး မရှိတော့သည့်နောက်တွင် အသက်ဆက်၍ ရှင်နေလိုသောစိတ် မရှိတော့ပါ။ ထို့ကြောင့် ယခုပင်လျှင် ငါ့ကို သတ်ကြပါလော့' ဟု ထပ်လောင်း၍ ပြောပြန်သည်။

ထိုအခါ နန်းရင်းဝန်ကြီးမှာ အစဉ်းစားရ ခက်သဖြင့် တရားခံဆိုသူနှစ်ဦးအား မင်းတရားကြီး၏ ရှေ့တော်မှောက်သို့ သွင်း၍ သွားပြီးလျှင် မင်းတရားကြီးအား 'လူသတ်တရားခံကို တွေ့ပါပြီ' ဟု လျှောက်သည်။

မင်းတရားကြီးက 'ဘယ်မှာလဲ တရားခံ' ဟု မေးသောအခါ နန်းရင်းဝန်ကြီးက 'သည် သူငယ်ကလည်း သူဟာ တရားခံအစစ်ပဲလို့ ပြောပါသည်။ သည် အဘိုးကြီးကလည်း တရားခံအစစ်ဟာ သူသာလျှင် ဖြစ်သည်ဟု ဆိုပါသည်။ ယခု သူတို့နှစ်ယောက်လုံးသည် ရှေ့တော်မှောက်သို့ ရောက်နေပါပြီ' ဟု လျှောက်သည်။

ထိုအခါ မင်းတရားကြီးက အဘိုးကြီးနှင့် လူငယ်ကို ကြည့်၍ 'သင်တို့နှစ်ယောက်ထဲက မိန်းကလေးကို သတ်သူဟာ ဘယ်သူလဲ၊ မှန်မှန်ပြောစမ်း' ဟု မေးသည်။ လူငယ်က သူဟာ သတ်သူ အမှန်ပါပဲ၊ အခြားသူ သတ်ခြင်း မဟုတ်ပါဟု ပြောသည်။ အဘိုးကြီးကလည်း သူသာလျှင် သတ်သူ ဖြစ်ပါသည်ဟု ဆိုသည်။

သည်တော့ မင်းတရားကြီးက 'ဒင်းတို့နှစ်ယောက်လုံးကို ကားစင်တင် သတ်လိုက်' ဟု မိန့်သည်။ သည်တော့ နန်းရင်းဝန်ကြီးက 'သူတို့နှစ်ယောက်ထဲက တစ်ယောက်သာလျှင် အပြစ်ရှိပါသည်၊ ကျန်တစ်ယောက်မှာ အပြစ် မရှိပါ။ အပြစ် မရှိသည့် သူတစ်ယောက်ကို သတ်ခြင်းသည် တရားနှင့် မညီပါ' ဟု လျှောက်သည်။

ထိုအခါ လူငယ်က အလာဟုအရှင်ကို တိုင်တည်၍ သူသည်သာလျှင် သတ်သူ အစစ်ဖြစ်ကြောင်း ပြောပြီးနောက် သူ သတ်ခဲ့ပုံကို အစမှအဆုံး ပြန်၍ ပြောပြသည်။ သည်တော့မှ မင်းတရားကြီးသည် တရားခံ အမှန်ကို သိပြီး 'အနို့ သင်က ဘာလို့ သည်သူငယ်မကို သည်လို သတ်ရသဟာလဲ။ ပြီးတော့ သင် သတ်သည့်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာကြောင့် သင့်ဟာသင် ဖြောင့်ချက်ပေးရ သဟာလဲ။ သင့်ကို ဘယ်သူကမှ ရိုက်နှက်စစ်ရသဟာလဲ မဟုတ်ဘူး။ ပြီးတော့ တစ်ခါ သင့်ကို အဆုံးစီရင်ပါတော့လို့ ဆိုခြင်းကကော ဘယ်လိုသဘောလဲ' ဟု မိန့်သည်။

သည်တော့ လူငယ်က 'မှန်လှပါ၊ သာသနာ့ ဒါယကာ ဘုရင်မင်းမြတ် နားဆင်တော်မူပါ' ဟု အစချီပြီးလျှင် သူ သတ်ပစ်သည့် မိန်းမမှာ သူနှင့် အဖေ့ဘက်က မောင်နှမ တစ်ဝမ်းကွဲတော်သူ သူ့မယားဖြစ်ကြောင်း၊ အဘိုးကြီးမှာ သူ့အဖေ၏ ညီ၊ သေသူမိန်းမ၏ အဖေ၊ သူ့ယောက္ခမ ဖြစ်ကြောင်း၊ သူ့မှာ သေသူက မွေးခဲ့သည့် သားကလေးသုံးယောက် ရှိကြောင်း၊ သူတို့လင်မယားသည် တစ်ယောက်နှင့်တစ်ယောက် ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ရှိခဲ့ကြကြောင်း၊ လဆန်း တစ်ရက်နေ့က သူ့မိန်းမ ဖျားနေသဖြင့် ဆေးသမားခေါ်၍ ကုရကြောင်း၊ သူ့မိန်းမသည် တဖြည်းဖြည်းနေမှ ပြန်၍ မာလာကြောင်း၊ ထို့နောက် နာလန်ထတွင် သူ့မိန်းမက သစ်သော့သီး စားချင်သော ချင်ခြင်းဖြစ်ကြောင်းကို ပြော၍ သစ်သော့သီး လိုက်၍ ရှာရာ တစ်မြို့လုံး ဘယ်မှာမျှ ရှာမရကြောင်း၊ သူ့အိမ်သို့ ပြန်လာသောအခါ သူ့မိန်းမမှာ ရောဂါတိုး၍ နေကြောင်း၊ သို့နှင့် သူသည် စိတ်ပူသဖြင့် နောက်နေ့နံနက် စောစောထ၍ ဥယျာဉ် ရှိသမျှကိုသွား၍ သစ်သော့သီး ရှာရာ ဥယျာဉ်မှူး





တစ်ယောက်က ဗတ်သောရ္ဌမြို့ရှိ ဘုရင်မင်းမြတ်၏ ဥယျာဉ်တော်တွင် သစ်သော့သီး ရှိကြောင်းကို ပြောလိုက်၍ ဗတ်သောရ္ဌမြို့သို့ သွား၍ရှာရာ အသွား ဆယ့်ငါးရက်၊ အပြန် ဆယ့်ငါးရက် ကြာကြောင်း၊ သူ လိုချင်သော သစ်သော့သီးလည်း သုံးလုံး ရခဲ့ကြောင်း၊ တစ်လုံးကို အသပြာ တစ်ပြားစီ ပေးခဲ့ရကြောင်း၊ သူ့အိမ်သို့ ပြန်ရောက်၍ သူ့မိန်းမအား သစ်သော့သီးကို ပေးရာ သူ့မိန်းမမှာ ရောဂါတိုးနေ၍ မစားနိုင်သဖြင့် သူ့အနားတွင် သစ်သော့သီးသုံးလုံးကို ချထားခဲ့ပြီး သူလည်း ဈေးရောင်းဖို့ အလုပ်ရှိသည်နှင့် အိမ်မှ ဈေးတန်းသို့ ထွက်သွားကြောင်း၊ မွန်းတည့်ချိန်လောက်တွင် ကျွန်ယောကျ်ား မည်းမည်းတစ်ယောက်သည် သစ်သော့သီး တစ်လုံးကို ကိုင်၍ လာသည်ကို တွေ့သဖြင့် 'သည်သစ်သော့သီးကို သင် ဘယ်က ရခဲ့သလဲ' ဟု မေးကြောင်း၊ ထိုအခါ ကျွန်ယောကျ်ားက ရယ်၍ 'ဘယ်ကမှ ဝယ်သဟာ မဟုတ်ဘူး၊ ငါ့အမြှောင်မက ပေးလိုက်သည့် သစ်သော့သီးပါ' ဟု ပြောကြောင်းနှင့် လျှောက်သည်။

ထို့နောက် လူငယ်က ဆက်၍ လျှောက်သည်မှာ ကျွန်ယောကျ်ား ပြောသည့် အရဆိုလျှင် သူ့အမြှောင်မ၏ လင်သည် နွားလိုလင်သာ ဖြစ်သည်။ သူ့လင်နွားက ဗတ်သောရ္ဌမြို့ကို သွား၍ သစ်သော့သီးသုံးလုံးကို သုံးအသပြာ ပေး၍ ဝယ်ပေးသတဲ့။ သူသည် သူ့အမြှောင်မထံတွင် ပျော်ပျော်ပါးပါး စားသောက်ပြီး သစ်သော့သီးတစ်လုံးကို ယူ၍လာခဲ့သည်ဟု အမိပ္ပာယ် ရောက်နေပါသည်။ ထိုကျွန်ယောကျ်ား ပြောသောစကားကို ကြားရသောအခါ သူ့အမြှောင်မ ဆိုသူမှာလည်း အခြားသူ မဟုတ်ဘဲ ငါ၏မိန်းမပင် ဖြစ်နေပါသဖြင့် ငါ့မှာ ခေါင်းနားပန်း ကြီးသွားပါသည်။ သို့နှင့် ငါသည် ဆိုင်ကိုပိတ်၍ ချက်ချင်း အိမ်သို့ ပြန်သွားပါသည်။ အိမ်သို့ ရောက်သောအခါ သစ်သော့သီးသုံးလုံးကို ရှာပါသည်။ နှစ်လုံးသာ တွေ့သဖြင့် 'ဟဲ့ သစ်သော့သီး တစ်လုံးကော ဘယ်မှာလဲ နှမ' ဟု မေးပါသည်။ သည်တော့ သူက ခေါင်းကို မထူနိုင် ထူနိုင်နှင့် ထူပြီး 'နှမ မပြောတတ်ပါဘူး မောင်ရယ်၊ ဘယ်များ ရောက်သွားပါလိမ့်' ဟု ဆိုပါသည်။ ထိုအခါတွင် ကျွန်ယောကျ်ား ပြောသဟာ မှန်ပြီ အောက်မေ့ပြီးလျှင် ငါလည်း နောက်ထပ် ဘာမျှ မမေးတော့ဘဲ ဓားကိုဆွဲ၍ ငါ၏မယားကို တစ်ခါတည်း ပိုင်း၍ သတ်လိုက်ပါသည်။ သတ်ပြီးနောက် ကော်ဇောပိုင်းနှင့်ထုပ်၊ အပေါ်က မြဲစောင်နှင့်အုပ်၊ ဖာထဲထည့်၊ ကြိုးနှင့်ချည်၊ သေတ္တာထဲ ထည့်ပိတ်ပြီး တိဂြိုတ်မြစ်ထဲ ငါကိုယ်တိုင် သွားပြီး ပစ်ချလိုက်ပါသည်။ ထို့ကြောင့် ငါသည်သာလျှင် တရားခံ အစစ် ဖြစ်သဖြင့် ငါ့ကိုသာလျှင် အရှင်မင်းကြီးသည် အဆုံးစီရင်တော်မူပါလော့။ ငါ ယခုကဲ့သို့ ငါ့မယားကို သတ်၍ မြစ်ထဲပစ်ချသည့် အကြောင်းကိုလည်း မည်သူတစ်ယောက်မျှ မသိပါ။

ထို့နောက် ငါ့အိမ်သို့ ပြန်ရောက်သွားသောအခါ ငါ၏သားအကြီးဆုံး ကလေးဟာ ငို၍နေသည်ကို တွေ့ရပါသည်။ သဟာနှင့် ငါက 'ဟဲ့ သား၊ ဘာလို့ ငိုရသလဲ' ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးပါသည်။ ထိုအခါ သားကလေးက 'အမေ့ ဘေးနားမှာရှိသည့် သစ်သော့သီး သုံးလုံးထဲက အမေ မသိအောင် ငါတစ်လုံးယူပြီး လမ်းထဲကို ကစားဖို့ ထွက်သွားပါသည်။ သည်တော့ ကျွန်ယောကျ်ား မည်းမည်းကြီးတစ်ယောက် ပေါက်လာပြီး ငါ့သစ်တော့သီးကို အတင်း လုယူသွားပါသည်။ ငါက ငိုပြီး ပြန်တောင်းပါသည်။ ပြီးတော့ ကျွန်ယောကျ်ားက သည်သစ်သော့သီးကို သင် ဘယ်ကရသလဲ ဟု ငါ့ကို မေးပါသည်။ သည်တော့ ငါက သည်သစ်သော့သီးတွေဟာ ဟိုးအဝေးကြီး ဗတ်သောဋ္ဌမြို့က ငါ့အဖေ ဝယ်ပြီးလာသဟာ အသပြာ သုံးပြား ပေးရသည်ဟု ပြောပြီး သူလုထားသည့် သစ်သော့သီးကို ပြန်တောင်းပါသည်။ သူက မပေးဘဲနှင့် ငါ့ကို ထိုးကြိတ်ပြီး သစ်သော့သီးကို အတင်း ယူသွားပါသည်။ သဟာနှင့် ငါလည်း အမေ ရိုက်မှာကြောက်လို့ ညီလေးကို ခေါ်ပြီး မြို့ပြင်မှာ သွားနေပါသည်။ အခု ညနေစောင်းမှပဲ ငါပြန်လာပါသည်။ အဖေရယ် သည်အကြောင်းကို အမေ့ကို မပြောလိုက်ပါနှင့်၊ အမေ ကြားလျှင် စိတ်ဆိုးပြီး ရောဂါ တိုးနေပါဦးမည်' ဟု ပြောပြပါသည်။

'သည်အကြောင်းကို ကြားရတော့မှ ဟိုကျွန်ယုတ်ဟာ ငါ့မယားအကြောင်းကို သက်သက်မဲ့ မဟုတ်မတရား ပြောကြောင်းကို ငါ သိရပြီး ငါ့မယားကို ငါ သတ်မိသဟာ ဟာ မှားကြောင်းကိုလည်း ငါ သိပါသည်။ သည်တော့မှ ငါလည်း ချုံးချုံးချ၍ ငိုပါသည်။ သည်လို ငိုနေသည့် အတောအတွင်းမှာပဲ ဟောသည်က ငါ့ယောက္ခမ အဘိုးကြီး ရောက်လာပါသည်။ သည်တော့ ငါကလည်း ဖြစ်သမျှ အကြောင်းကို ပြန်ပြောပြပြီး နှစ်ယောက်သား သန်းခေါင်လောက်အထိ ငိုကြပါသည်။ သည့်နောက် လွန်ခဲ့သည့် ငါးရက်လုံးလုံး အဘိုးကြီးနှင့် ငါတို့ ဆက်၍ ငိုကြပါသည်။ သဟာကြောင့် အရှင့်မင်းကြီးသည် ငါ့ကိုသာ အမြန်ဆုံး စီရင်တော် မူပါလော့။ ငါ့မယား မရှိသဖြင့် ငါလည်း အသက်ရှင်၍ မနေလိုတော့ပါ' ဟု ဆိုသည်။

ထိုအခါ မင်းဘရားကြီးသည် အံ့သြတွေဝေ၍ 'သင်တို့ သည်လို ဖြစ်ရသဟာ ဟာ ဟိုကျွန်ယုတ် မကောင်းလို့ ဖြစ်ရသဟာပဲ။ သည်တော့ တခြားလူကို သတ်ဖို့ မလိုဘူး၊ အဲသည် ကျွန်ယုတ်ကိုပဲ သတ်မှဖြစ်မည်' ဟု မိန့်တော်မူပြီးလျှင် နန်းရင်းဝန်ကြီးဘက်သို့ လှည့်၍ 'သည်မှာ နားထောင်စမ်း နန်းရင်းဝန်ကြီး၊ ဟိုကျွန်ယုတ်ကို သင့် တွေ့အောင်ရှာပြီး ငါ့ရှေ့တော်သို့ သွင်းခဲ့ရမည်။ ဒင့်ကြောင့် ယခုကဲ့သို့ မသေသင့်ဘဲနှင့် မိန်းမတစ်ယောက်' အလကား သေသွားရသည်။ သင်းကို တွေ့အောင်ရှာ၍ ခေါ်မလာနိုင်လျှင် သင်းအစား သင် နန်းရင်းဝန်ပင် သေရလိမ့်မည်' ဟု မိန့်သည်။

ထိုအခါ နန်းရင်းဝန်ကြီးက ငို၍ 'ငါ့မှာ အခြား ကိုးကွယ်ရာ မရှိတော့ဘူး၊ အလာဟု အရှင်ပဲ ရှိတော့သည်။ ယခင်ကလည်း အလာဟုအရှင် ကယ်တော်မူ၍ ငါ့အသက် ချမ်းသာရာ ရခဲ့သည်။ ယခုတစ်ခါလည်း အလာဟုအရှင် အလိုတော် ရှိသည့်





အတိုင်းသာ ငါ နာခံတော့မည်' ဟု မြည်တမ်းကာ အိမ်သို့ ပြန်လာပြီး အိမ်ထဲမှ သုံးရက်လုံးလုံး မထွက်ဘဲ နေသည်။

လေးရက်မြောက်သော နေ့တွင် နန်းရင်းဝန်ကြီးသည် မြို့ဝန်ကို ခေါ်၍ သေတမ်းစာ ရေးပြီးလျှင် သူ့ဇနီးနှင့် သားသမီးများကို နောက်ဆုံး မှာစရာ ရှိသည်များကို မှာခဲ့ပြီးနောက် ငို၍နေသည်။ ထိုအခိုက်တွင် မင်းတရားကြီးထံမှ မင်းလုလင်တစ်ယောက် ရောက်လာပြီးလျှင် 'မင်းတရားကြီးသည် အသင် နန်းရင်းဝန်ကြီးကို အမျက်ပြင်းစွာ ထွက်၍ နေပါသည်။ မင်းတရားကြီး အလိုတော်ရှိသော တရားခံ ကျွန်ယောကျ်ားကို တွေ့အောင် ရှာပေးနိုင်လျှင် ရှာပေးပါ၊ မပေးနိုင်လျှင် မင်းတရားကြီးသည် အသင်ဝန်ကြီးမင်းကို ယနေ့ အမှန်ပင် ကားစင်တင်၍ သတ်ပါလိမ့်မည်' ဟု ပြောသည်။

ထိုစကားကို ကြားရသောအခါ နန်းရင်းဝန်ကြီးနှင့်တကွ သူ့အိမ်မှာ ရှိကြသည့် သားမယား ခြွေရံသင်းပင်းတို့သည် အကုန်လုံး ငိုကြသည်။ ထို့နောက် နန်းရင်းဝန်ကြီးသည် အိမ်သူအိမ်သားများကို နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ပြီးလျှင် သမီး အထွေးဆုံးကို ခေါ်၍ ယုယစွာ နမ်းသည်။

ထိုအခိုက်တွင် သမီးအထွေးဆုံး၏ အောက်ခံအင်္ကျီအိတ်ထဲတွင် ဖောင်း၍နေသော အရာတစ်ခုကို စမ်းမိသဖြင့် နန်းရင်းဝန်ကြီးက 'ဟဲ့ သမီး၊ သဟာကြီးက ဘာကြီးလဲ' ဟု မေးသည်။ ထိုအခါ သမီးကလေးက သူ့ကို သူတို့အိမ်က ကျွန်ယောကျ်ား ဋ္ဌာယုန်က လေးရက်အလွန်လောက်က ပေးသည့် သစ်သော့သီး ဖြစ်ကြောင်း၊ သစ်သော့သီးမှာ ရှင်ဘုရင်၏ တံဆိပ်တော်ပါကြောင်း၊ ထို သစ်သော့သီးအတွက် ဋ္ဌာယုန်ကို အသပြာနှစ်ပြား ပေးလိုက်ရကြောင်းနှင့် ပြောပြသည်။

ထိုစကားကို ကြားသောအခါ နန်းရင်းဝန်ကြီးသည် ဝမ်းသာအားရနှင့် သူ့သမီးကလေး အိတ်ထဲမှ သစ်သော့သီးကို နှိုက်၍ယူပြီးလျှင် 'ဟဲ့ ဋ္ဌာယုန်ကို ခေါ်ခဲ့ကြစမ်း' ဟု ဆိုပြီးလျှင် အနန္တတန်ခိုးတော်ရှင် အလာဟုသခင်၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းသည်။

ဋ္ဌာယုန် ရောက်လာသောအခါ နန်းရင်းဝန်ကြီးက 'ဟဲ့... ဋ္ဌာယုန်၊ သင် သည်သစ်သော့သီးကို ဘယ်က ရသလဲ၊ မှန်မှန်ပြောစမ်း' ဟု ဆိုသည်။

ထိုအခါ ဋ္ဌာယုန်က 'မှန်လှပါ၊ သစ်သော့သီးကို ငါသည် ဝန်ကြီးမင်း၏ ဥယျာဉ်မှ ခိုးယူခြင်း မဟုတ်ပါ။ ဘုရင်မင်းမြတ်ကြီး၏ ဥယျာဉ်တော်က ခိုးယူခြင်းလည်း မဟုတ်ပါ။ မှန်သဟာကို ပြောပါမည်၊ မမှန်သဟာကို ပြောလျှင် တစ်ကြိမ် တစ်ခါ ချမ်းသာရာ ရတတ်ပါသည်၊ မှန်သဟာကို ပြောလျှင် ကြိမ်ဖန်များစွာ ချမ်းသာရာ ရတတ်ပါသည်။ သဟာကြောင့် ငါသည် မှန်သည့်အတိုင်း လျှောက်ပါမည်။ လွန်ခဲ့သည့် ငါးရက်လောက်က ငါသည် မြို့ထဲသို့ လမ်းလျှောက်သွားရာ လမ်းပေါ်တွင် ကစားနေသော ကလေးကို တွေ့၍ သူ့လက်ထဲက သစ်သော့သီးကို ငါက အတင်း ထိုးကြိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လုယူပါသည်။ ထိုသို့ လု၍ ယူသောအခါ ကလေးက "သည်သစ်သော့သီးဟာ ငါ့အမေ သစ်သော့သီးပါ။ ငါ့အမေဟာ ဖျားနေပါသည်။ ငါ့အမေက သစ်သော့သီး စားချင်သည် ဆိုလို့ ငါ့အဖေက ဇတ်သောဥမြို့ကို သွားပြီး သစ်သော့သီးသုံးလုံးကို အသပြာ သုံးပြား ပေးပြီး ဝယ်လာခဲ့သဟာပါ။ အဲသည်ထဲက ငါ တစ်လုံး ယူလာသဟာပါ။ ငါ့ဟာကို ပြန်ပေးပါ" ဟု ပြောပြီး ငိုပါသည်။ ငါက ကလေး ငိုနေသည်ကို ဂရုမစိုက်ဘဲ သစ်သော့ သီးကိုသာ ရအောင် ယူလာပါသည်။ အိမ်ကျတော့ ဟောသည်က မမလေးက သစ်သော့ သီး လိုချင်သည် ဆိုသဟာနှင့် သူ့ဆီက အသပြာနှစ်ပြား တောင်းပြီး သစ်သော့သီးကို ပေးလိုက်ပါသည်။ ယခု ငါ ပြောသည့်အတိုင်း မှန်ပါသည်' ဟု ဆိုသည်။

ထိုစကားကို ကြားသောအခါ နန်းရင်းဝန်ကြီးက 'သင်းကြောင့် ဟိုမိန်းမ ဟာ မသေသင့်ဘဲနှင့် သေရသဟာပဲ' ဟု အံ့သြခြင်းမက အံ့သြခြင်းဖြစ်ပြီး သူ့ကိုယ်ရေး အတွက် ဝမ်းသာမိသော်လည်း သူ့ကျွန်အတွက် များစွာ စိတ်မကောင်း ဖြစ်သွားသည်။ သို့ရာတွင် "ကိုယ့်မှာ ကိုယ့်ကျွန်ကြောင့် သေစရာရှိလျှင် ကိုယ့်ကျွန်ကို မညှာပါနှင့်။ ကျွန်ကို နောက်ထပ် ရနိုင်သည်။ ကိုယ့်အသက်မှာ တစ်ခါသေပြီးလျှင် ပြန်၍ ရှင်မျိုး မဟုတ်ပါ" ဆိုသော စကားပုံကို သတိရသဖြင့် နန်းရင်းဝန်ကြီးသည် သူ့စိတ်ကို သူဖြေပြီး ဥာယုန်ကို ဘုရင်မင်းမြတ်၏ အရှေ့တော်သို့ ပို့လိုက်သည်။ ဘုရင်မင်းမြတ်၏ ရှေ့တော် သို့ ရောက်၍ ဥာယုန်က အကြောင်း အလုံးစုံကို ပြန်၍ သံတော်ဦးတင်သောအခါ ဘုရင်မင်းမြတ်သည် အံ့သြခြင်းမက အံ့သြလှပြီး သည်အကြောင်းအရာများကို မှတ်တမ်း တင်ထားပြီး အများပြည်သူတို့ သိအောင် ကြေညာရမည်ဟု အမိန့်တော်မှတ်သည်။

ထိုအခါ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ သည်အကြောင်းဟာ ဘာမှ အံ့သြ စရာ မကောင်းသေးပါ။ အီဂျစ်ပြည်က နန်းရင်းဝန်ကြီး အလီနှင့် သူ့သား ဟာစန်တို့ အကြောင်းက သည့်ထက်ပင် အံ့သြစရာ ကောင်းပါသေးသည်' ဟု လျှောက်သည်။

သည်တော့ မင်းတရားကြီးက 'သဟာဖြင့် အလီနှင့် ဟာစန်အကြောင်း ပြောစမ်း' ဟု မိန့်သည်။

သည်တော့ နန်းရင်းဝန်ကြီးက 'အရှင် မင်းတရားကြီးက ဥာယုန်၏ အသက်ကို ချမ်းသာပေးတော်မူမည် ဆိုမှသာ ပြောနိုင်ပါမည်။ သည်လို မဟုတ်လျှင် မပြောနိုင်ပါ' ဟု လျှောက်သည်။

သည်တော့ မင်းတရားကြီးက 'သင့်အလီနှင့် ဟာစန်အကြောင်းက သည် သစ်သော့သီးသုံးလုံး အကြောင်းထက် အံ့သြစရာ ကောင်းလျှင်တော့ သင့်ကျွန်၏ အသက်ကို ငါ ချမ်းသာပေးမည်၊ သို့မဟုတ်လျှင် ငါ ချမ်းသာမပေးနိုင်ဘူး' ဟု မိန့်တော် မူသည်။

ထိုအခါ နန်းရင်းဝန်ကြီး ဂျစ်ဖားက အလီနှင့် ဟာစန်ပုံကို ဆိုလတ္တံ့သည့် အတိုင်း ပြောသတဲ့။

[၁၃]

# အလီနှင့် သား ဟာစန်

အရှင်မင်းကြီး နားဆင်တော်မူပါ။ ဟို ရှေးရှေးတုန်းက အီဂျစ်ပြည်ကို တရားမျှတ သဘောပြည့်ဝသည့် ဘုရင်တစ်ပါး အုပ်စိုးပါသတဲ့။ အဲဒီဘုရင်ကြီးဟာ ပညာရှိများ၊ သူတော်ကောင်းများကို ချီးမြှောက်ပြီး ဘုရား တရား ကြည်ညို ကိုင်းရှိုင်းသည့် ဆင်းရဲ နွမ်းပါးသူများကိုလည်း ကရုဏာ ထားပါသတဲ့ ။ သူ့မှာ နိုင်ငံအုပ်ချုပ်မှုကို တစ်ဖက် ကမ်းခပ် တတ်မြောက်သည့် အလွန် လိမ္မာရေးခြားရှိသည့် နန်းရင်းဝန်ကြီး တစ်ပါးလည်း ရှိပါသတဲ့။ အဲသည် နန်းရင်းဝန်ကြီးဟာ အသက်အရွယ်ကလည်း အတော်ပင် ကြီးရင့်ပြီး နေပါပြီတဲ့။ ပြီးတော့ သူ့မှာ လနှစ်စင်းကဲ့သို့ တင့်တယ်သော သားနှစ်ယောက်လည်း ရှိပါသတဲ့။ သားအကြီးရဲ့ နာမည်ကတော့ မဟာမက်လို့ ခေါ်ပြီး၊ သားအငယ်ရဲ့ နာမည် ကတော့ အလီလို့ ခေါ်ပါသတဲ့။ အဲသည် သားနှစ်ယောက်အနက် သားငယ်အလီက ပိုချောပြီး ပိုယဉ်ကျေးသိမ်မွေ့သည့်အတွက် တခြား တိုင်းပြည်များကပါ အီဂျစ်ပြည်ကို လာပြီး အလီကို ကြည့်ကြရပါ သတဲ့။

တစ်နေ့တော့ အရွယ်ကြီးရင့်သည့် နန်းရင်းဝန်ကြီး ကွယ်လွန်သွားသဟာနှင့် အီဂျစ်ဘုရင်မင်းမြတ်က မဟာမက်နှင့်အလီ ညီအစ်ကို နှစ်ယောက်ကို ရွှေနန်းတော်သို့ ခေါ်ပြီး သူတို့အဘ၏ ရိုက်ရာ နန်းရင်းဝန် ရာထူးကို နှစ်ယောက် တွဲဖက်ဆောင်ရွက်ရန် အပ်နှင်းတော်မူပါသတဲ့။ အဲသဟာနှင့် မဟာမက်နှင့် အလီဟာ တစ်ယောက်လျှင် ခုနစ်ရက်ကျ တစ်ယောက်တစ်လှည့် နန်းရင်းဝန် တာဝန်များကို ထမ်းဆောင်ကြပါသတဲ့။ သူတို့ ညီအစ်ကို နှစ်ယောက်ဟာ တစ်ယောက်နှင့် တစ်ယောက်လည်း အလွန် ချစ်ခင် ကြသည့်အတွက် တစ်အိမ်တည်းမှာပဲ အတူတူ နေကြပြီး ဘုရင်မင်းမြတ် တိုင်းခန်း လှည့်ထွက်တော်မူသည့် အခါမှာလည်း တစ်ယောက် တစ်လှည့်ကျ နောက်တော်က လိုက်ပါကြပါသတဲ့။

အဲသဟာနှင့် တစ်နေ့တော့ ဘုရင်မင်းမြတ် နယ်လှည့်ထွက်ရာမှာ နောက်တော် က လိုက်ဖို့ မဟာမက်ရဲ့ အလှည့်ကျပါသတဲ့။ သည်တော့ မဟာမက်က သူ့ညီကိုခေါ်ပြီး 'ညီလေး အလီရေ၊ ငါ အကြံတစ်ခု ရသကွာ၊ နားထောင်စမ်း၊ သင် ဘယ်လို သဘော ရသလဲ' လို့ ပြောပါသတဲ့။ သည်တော့ အလီက 'အစ်ကိုကြီး သဘောကျရင် ငါလည်း သဘောကျသဟာပေါ့ အစ်ကိုကြီးရာ၊ အထူးပြောဖို့ မလိုပါဘူး၊ အစ်ကိုကြီး အကြံသာ ပြောစမ်းပါ' လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က 'ညီလေးရဲ့၊ ငါ့အကြံက သည်လို ကွယ့်။ တို့ညီအစ်ကိုနှစ်ယောက် မင်းရယ် ငါရယ်လေ ညီအစ်မနှစ်ယောက်ကို ရှာပြီး တစ်ချိန်တည်း တစ်ညတည်း အိမ်ထောင်ပြုချင်သည်ကွာ။ ဘယ့်နှယ်လဲ၊ သည်အကြံ



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးလားဟေ့’ လို့ ပြောပါသတဲ့။ သည်တော့ အလီက ‘နိပ်လိုက်သဟာ အစ်ကိုကြီးရာ၊ သည်အကြံကို မလျှော့ပါနှင့်၊ ညီလေး အားကြီး သဘောကျပါသည်’ လို့ ပြန်ပြောပါသတဲ့။

သဟာနဲ့ မဟာမက်က တစ်ခါဆက်ပြီး ‘ညီလေးရေ၊ အလာဟုအရှင် မတော်မူလို့များ တို့ညီအစ်ကိုနှစ်ယောက် အမျိုးသမီး ညီအစ်မနှစ်ယောက်နှင့်များ တစ်ညတည်း အိမ်ထောင်ပြုကြပြီး အဲသည် အိမ်ထောင်ပြုသည့်နေ့မှာပဲ သင့် မယားရော ငါ့မယားရော ကလေးရပြီး၊ မင်းမယားက သားကလေးမွေး၊ ငါ့မယားက သမီးကလေး မွေးကြမည်ဆိုရင် မင့်သားနှင့် ငါ့သမီးနှင့် မောင်နှမ တစ်ဝမ်းကွဲချင်း ပေးစားကြရင် မကောင်းဘူးလား ဟေ့’လို့ ပြောပါသတဲ့။ သည်တော့ အလီက ‘နိပ်လိုက်လေ အစ်ကိုကြီးရာ၊ သဟာထက် နေစမ်းပါဦး၊ အဲသည်တော့ အစ်ကိုကြီးရဲ့ သမီးအတွက် ငါက ဘာလက်ဖွဲ့ရမလဲ’ လို့ မေးပါသတဲ့။ သည်တော့ မဟာမက်က ‘အသပြာ သုံးထောင်ရယ်၊ ဥယျာဉ်ကြီး သုံးခုရယ်၊ လယ်သုံးပွဲရယ် လက်ဖွဲ့မှပေါ့ကွ။ သဟာထက်နည်းလျှင် သင့်သားအတွက် ဘယ်မျက်နှာလှမလဲ’ လို့ ပြန်ပြောပါသတဲ့။ သည်တော့ တစ်ခါ အလီက ‘ဟာ အစ်ကိုကြီးဟာက မဟုတ်သေးပါဘူး၊ သဟာလောက် ပစ္စည်းတွေ လက်ဖွဲ့ရမယ်ဆိုလို့ မနိပ်ပါဘူး။ တကယ်ဆိုတော့ အစ်ကိုကြီးနှင့် ငါနှင့် ဆိုသဟာလည်း ညီအစ်ကိုအရင်းပဲ မဟုတ်လား။ ပြီးတော့ အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့် နှစ်ယောက်စလုံး ဝန်ကြီးချုပ်ချည်းမို့ ရာထူးကလည်း အတူတူပဲ မဟုတ်လား။ သည်တော့ တကယ်လို့ ငါ့သားအတွက် လက်ဖွဲ့ရမည် ဆိုရင်လည်း ဒွန္နယာ ထုံးစံအတိုင်း စတိလောက် လက်ဖွဲ့လျှင် တော်ရောပေါ့။ ပြီးတော့ အစ်ကိုကြီး သိတဲ့အတိုင်းပဲ ယောကျ်ားဆိုသဟာက မိန်းမထက် အဖိုးတန်သဟာပဲ မဟုတ်လား။ ပြီးတော့ သားစဉ်မြေးဆက် မှတ်တမ်းတင်တဲ့ အခါကျတော့လည်း ငါ့သား ယောကျ်ားလေးဘက်ကသာ တင်ရမှာပါ။ အစ်ကိုကြီး သမီး မိန်းကလေးဘက်က တင်ရမှာ မဟုတ်ပါဘူး အစ်ကိုကြီးရ’ လို့ ဆိုပါသတဲ့။ အဲသည်တော့ မဟာမက်က ‘သည်လိုဆိုတော့ ငါ့သမီးမှာ ဘာမျှရဖို့ မျှော်လင့်ချက် မရှိတော့ဘူးပေါ့’ လို့ ဆိုပါသတဲ့။ သည်တော့ အလီက ‘သည်မှာ အစ်ကိုကြီး၊ အစ်ကိုကြီး ပြောသဟာက ဝယ်သူ လန့်သွားစေချင်ရင် ဈေးကိုတင်ပြီး ပြောရမယ်လို့ ဆိုသဟာမျိုး ဖြစ်နေပြီ။ တစ်နည်း ပြောရမည် ဆိုရင်လည်း သူတစ်ယောက်က အကူအညီလိုလို့ သူ့မိတ်ဆွေက စိတ်ချပါ၊ ရပါစေ့မယ် မိတ်ဆွေ၊ သဟာပေမင့် သည်နေ့တော့ သည်းခံပါဦး၊ မနက်ဖြန်တော့ လာခဲ့ပါလို့ ဆိုလိုက်တော့ အဲသည် လူက မနက်ဖြန်မှ ရမည်ဆိုသည့် အကူအညီမျိုးကို ပညာရှိတို့သည် ယုံကြည်ရိုး မရှိလို့ ပြန်ပြောလိုက်သလို ကျနေပြီ’ လို့ ပြောပါသတဲ့။

သည်တော့ မဟာမက်က စိတ်ဆိုးလာပြီး ‘အို . . . အလီ၊ သင့်သားက ငါ့သမီး





ထက် ပို၍ အရေးပါ အရာရောက်သည်ဟု ဆိုခြင်းသည် ငါ့အား မထီမဲ့မြင် ပြုခြင်းပင် ဖြစ်သည်။ သင်သည် အသိဉာဏ် နည်းလေစွ။ သင် စဉ်းစားဦး၊ ယခု သင် နန်းရင်းဝန်ကြီး ရာထူးကို ငါနှင့်တွဲ၍ လုပ်နေရခြင်းသည် သင့်အစွမ်းအစကြောင့်ဟု သင် ထင်သလား။ သင့်ကို ငါ သနားသဖြင့်သာ သင် မျက်နှာမငယ်စေခြင်းငှာ ငါ၏ လက်ထောက်အဖြစ် ခန့်ခြင်း ဖြစ်သည်။ ယခု သင်က ငါ့အား မထီမဲ့မြင် ပြောလာမှ သင် သိရန် ငါပြောမည်။ သင်က ငါ့သမီးနှင့် ရွှေကို အလေးချိန်၍ လက်ဖွဲ့မည် ဆိုစေကာမူ ငါ့သမီးကို သင့်သားနှင့် မပေးစားတော့ပြီ’ လို့ ပြောပါသတဲ့။

သည်တော့ အလီက စိတ်ဆိုးလာပြီး ‘အို . . . အစ်ကိုကြီး၊ ငါကလည်း သင့်လိုပင်တည်း။ ငါ့အား မသေဆေးကိုရှာ၍ ပေးမည် ဆိုသည့်တိုင်အောင် ငါသည် ငါ့သားကို သင့်သမီးနှင့် ပေးစားမည် မဟုတ်’ လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က တစ်ခါ ‘အို . . . အလီ၊ တကယ်ဆိုတော့ သင့်သားသည် ငါ့သမီးနှင့် တန်သည်ပင် မဟုတ်။ သင့်သားသည် ငါ့သမီး စွန့်ပစ်သည့် ခြေသည်း လက်သည်းလောက်မျှ အဖိုးမတန်။ ယခု ငါသည် ဘုရင်မင်းမြတ်နှင့် ခရီးထွက်ရမည့်ဆဲဆဲမို့သာ သင် သက်သာရာ ရတော့သည်။ သို့မဟုတ်ပါမူ သင့်အား မှတ်လောက်အောင် ငါ လုပ်၍ပြမည်သာ ဖြစ်သည်။ သို့သော် ငါ ပြန်လာလျှင် ငါ့အကြောင်းကို သင် သိစေမည်’ ဟု ကြိမ်းပါသတဲ့။ အဲသည်အခါမှာ အလီဟာ အင်မတန် စိတ်ဆိုးသွားပါသတဲ့။ သဟာပေမင့် ပညာရှိအမျက် ပြင်မထွက် ဆိုသလို သူ့အမျက်ကို အသာချုပ်တည်းပြီး ဘာမျှ ပြန်မပြောပါဘူးတဲ့။ အဲသည်ညမှာ ညီအစ်ကို နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ပြင်းပြစွာ အမျက်ထွက်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် တခြားစီ ခွဲအိပ်ကြပါသတဲ့။ နောက်နေ့ အရုဏ်တက်သောအခါ မဟာမက်က ဘုရင်မင်းမြတ်နှင့်အတူ တိုင်းခန်းလှည့် လိုက်သွားပါသတဲ့။ မိုးလင်းသည့် အခါကျတော့ အလီက သူ့အစ်ကို၏ ရန်ကို ကြောက်သဟာနှင့် လွယ်အိတ်ငယ်နှစ်လုံးထဲမှာ ရွှေသားအပြည့်ထည့်ပြီး ခရီးသွားဖို့ စီစဉ်ပါသတဲ့။ ပြီးတော့ ခရီးသွားခြင်းသည် မိတ်ဟောင်းများအစား မိတ်သစ်များကို ရတတ်စေကြောင်း၊ လောကစည်းစိမ် ဆိုသည်မှာ အပင်ပန်း အဆင်းရဲ မခံဘဲနှင့် ရမျိုး မဟုတ်ကြောင်း၊ တစ်ရွာပြောင်းမှသာ သူကောင်းဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် မိမိဇာတိ ရပ်ရွာကို စွန့်၍ ကမ္ဘာတစ်ခွင်သို့ ခရီးနှင်ကြရမည် ဖြစ်ကြောင်း၊ လှောင်ထားသော ရေများသည် ပုပ်သွားတတ်ကြောင်း၊ တသွင်သွင် စီး၍နေသော ရေမှသာ ချိုအေးကြောင်း၊ လသည် ဆန်းခြင်း ဆုတ်ခြင်း မရှိဘဲ အမြဲပြည့်၍ နေမည်ဆိုပါလျှင် လပြည့်ဝန်းကို မည်သူမျှ လည်ပင်းတရှည်ရှည်နှင့် ကြည့်ချင် ကြလိမ့်မည် မဟုတ်ကြောင်း၊ ခြင်္သေ့သည် ဂူထဲ၌ အမြဲအောင်းနေလျှင် အစာ စားရလိမ့်မည် မဟုတ်ကြောင်း၊ မြားသည် လေးကို မစွန့်ဘဲနှင့် အဝေးသို့ ရောက်နိုင်မည် မဟုတ်ကြောင်း၊ ရွှေမှုန့်သည် မြေကြီးထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



အမြဲ ကိန်းအောင်းနေလျှင် တန်ဖိုးမရှိသော ရွှေအမှုန့် အဖြစ်နှင့်သာ နေရလိမ့်မည်ဖြစ်ကြောင်း၊ သစ်ပင်သည် ဘူ ပေါက်ရင်းနေရာမှ ခရီးမထွက်ဘဲ နေမည်ဆိုလျှင် နောက်ဆုံးတွင် ခြောက်၍ ထင်းသာလျှင် ဖြစ်ရမည်ဖြစ်ကြောင်း၊ ရွှေသည် မြေတွင်းအကျဉ်းထောင်မှ အပြင်သို့ ခရီးထွက်ခဲ့သည့် အခါတွင် အဖိုးတန်ရတနာ အဖြစ်သို့ ရောက်၍ သစ်ပင်လည်း တောကိုစွန့်၍ တိုင်းပြည်ရပ်ခြားသို့ ရောက်မှသာ အဖိုးတန်ပစ္စည်းအဖြစ်သို့ ရောက်လာနိုင်ကြောင်း အဓိပ္ပာယ်ရှိသည့် ကဗျာကို ရွတ်ပါသတဲ့။ အဲသည်နောက် အလီက လက်ပါးစေတစ်ယောက်အား အဖိုးတန် မြည်းမကို အဖိုးထိုက် အဖိုးတန် ကကြိုးတန်ဆာများ အဆင်ခိုင်းပြီး အသပြာအိတ်နှစ်လုံးကို ကုန်းနှီး ဟိုဘက်သည်ဘက်တွင် ချိတ်၍ တင်စေပါသတဲ့။

ပြီးတော့ မင်းထိုက်မင်းတန် ရတနာမြည်းမကို တက်စီးပြီး လက်ပါးစေအား 'အမောင်လုလင်၊ ငါ့တွင် စိတ်မကောင်းစရာ အကြောင်းတစ်ခု ရှိသဖြင့် စိတ်ပျောက်လက်ပျောက် ရှိစေရန်အတွက် မြို့မှထွက်၍ ငါ သုံးရက်ခန့် အလည်သွားဦးမည်။ ငါ့နောက်ကို ဘယ်သူမှ လိုက်မလာစေနှင့်' လို့ မှာခဲ့ပြီး ကိုင်ရိုမြို့တော်မှ ထွက်ခဲ့ပါသတဲ့။ တစ်နေ့နှင့်တစ်ည ခရီးနှင်မိသည့် အခါကျတော့ အလီဟာ ယေဋ္ဌုဆလင်မြို့သို့ ရောက်ပါသတဲ့။ အဲသည်ကမှ တစ်ဖန်ဆက်ပြီး ခြေဦးတည့်ရာ ခရီးနှင်ခဲ့တော့ နောက်ဆုံးမှာ ဗတ်သောဋ္ဌမြို့တော်သို့ ရောက်သွားပါသတဲ့။ အလီဟာ ဗတ်သောဋ္ဌမြို့ ခရီးသည်စခန်းက တံခါးစောင့်ထံမှာ သူ့မြည်းကို အပ်ထားပါသတဲ့။ သည်တော့ ဗတ်သောဋ္ဌ နန်းရင်းဝန်ကြီးက သူ့မြည်းကို မြင်သွားပြီး သည်မြည်းဟာ မင်းသုံးစိုးတန် အဖိုးတန် မြည်းပင်ဖြစ်သည်လို့ ပြောပါသတဲ့။ အဲသည်နောက် နန်းရင်းဝန်ကြီးက အလီရဲ့ မြည်းရှိရာကို ကိုယ်တိုင်လာပြီး မည်သူ့မြည်းနည်းလို့ မေးပါသတဲ့။ တံခါးစောင့်က ခရီးသွား ကုန်သည်တစ်ဦး၏ မြည်းဖြစ်ကြောင်း၊ ထိုမြည်းရှင်သည် တည်လည်း တည်ကြည်၍ ယဉ်ကျေးဖွယ်ရာလည်း ရှိကြောင်းနှင့် ပြန်ပြောပါသတဲ့။ အဲသည်တော့ နန်းရင်းဝန်ကြီးက အလီရှိရာသို့ ဦးတိုက်သွားပြီး 'သားက ဘယ်က လာပါသလဲ' လို့ မေးပါသတဲ့။ သည်တော့ အလီက လောကဝတ် ထုံးစံနှင့်အညီ အရိုအသေ အလေးပြုပြီး 'ဖခင်... ငါသည် ကိုင်ရိုမြို့မှ လာခဲ့ပါသည်။ ငါ၏အဖမှာ နန်းရင်းဝန်ကြီးဖြစ်၍ အလာဟုအရှင်ရဲ့ အလိုတော်အရ မကြာမီကပင် ကွယ်လွန်ခဲ့ပါသည်' လို့ ပြောပါသတဲ့။ ပြီးတော့ အလီက သူ၏ အဖြစ်အပျက် အလုံးစုံကို စေ့စုံအောင် ပြောပြပြီး 'အို... ဖခင်၊ ငါသည် အတိုင်းတိုင်း အပြည်ပြည်သို့ လှည့်၍ မပြီးမချင်း ကိုင်ရိုမြို့သို့ ပြန်တော့မည် မဟုတ်ပါ' လို့ ဆိုပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'အသွားမတော်တော့ တစ်လှမ်းဆို မဟုတ်လား သားရယ်၊ ဒွန္နယာမှာ ဘယ်အလုပ်မဆို စဉ်းစဉ်းစားစား လုပ်သဟာ ကောင်းပါသည်' လို့ ပြောပြီး အလီကို သူ့အိမ်သို့ ခေါ်သွားပြီး လောကဝတ် ကျေပွန်စွာ ပြုစုကျွေးမွေး





ပါသတဲ့။ သူ့အိမ်ကို ရောက်တော့ နန်းရင်းဝန်ကြီးက အလီကို 'အို... သားမောင်၊ ဖခင်သည် ယခုအခါ အသက်အရွယ် ကြီးရင့်ပါပြီ။ မကြာမီပင် အလာဟုအရှင် ခေါ်ပါတော့မည်။ ဖခင်မှာ သား မထွန်းကားဘဲ သမီးတစ်ယောက်သာ ထွန်းကားပါသည်။ ဖခင်၏ သမီးတော်သည် ရုပ်ဆင်းအင်္ဂါတွင် သားမောင်နှင့် ယှဉ်နိုင်သူ ဖြစ်ပါသည်။ ဖခင်၏သမီးနှင့် လက်ဆက်လိုသူ အများပင် လာကြပါသည်။ ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝသူများကိုပင် ဖခင် လက်မခံလိုက်ပါ။ ယခု ဖခင်သည် သားမောင်ကို မြင်လျှင်မြင်ချင်း အလွန်ပင် ချစ်ခင်လှသဖြင့် သားမောင်သည်ပင် ဖခင်၏သမီးကို သိမ်းပိုက်စေလိုပါသည်။ သားမောင်သည် ဖခင်၏ အကြံကို သဘောကျသည် ဆိုပါလျှင် ဖခင်သည် သားမောင်အား ဗတ်သောဋ္ဌပြည့်ရှင် ဘုရင်မင်းမြတ်ကြီး၏ ရှေ့တော်သို့ ခေါ်ဆောင်သွားပြီးလျှင် ဖခင်၏ ရာထူးကို လွှဲပြောင်းပေးရန် ဘုရင်မင်းမြတ်ကြီးအား သံတော်ဦးတင်ပါမည်။ ဖခင်မှာ အိုမင်းမစွမ်းပြီ ဖြစ်သဖြင့် ဒွန္နယာကြီးကို ငြီးငွေ့ပါပြီ' လို့ ပြောပါသတဲ့။

သည်တော့ အလီက 'ဖခင်၏အမိန့်ကို လိုက်နာရန် သားမောင် အသင့်ရှိကြောင်းပါ' လို့ ပြန်ပြောပါသတဲ့။ အဲသည်တော့ နန်းရင်းဝန်ကြီးဟာ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး သူ့သမီးနှင့် အလီကို ထိမ်းမြားရန် သူ့အိမ်ခန်းမကြီးကို သိုက်မြိုက်တင့်တယ်စွာ မွမ်းမံ ခြယ်လှယ်စေပါသတဲ့။ ထိမ်းမြားမင်္ဂလာ ပြုသည့်နေ့တွင် ရောက်လာကြသော မင်းပရိသတ်ကြီးကို နန်းရင်းဝန်ကြီးက 'သူ၏ သမက်လောင်းမှာ အီဂျစ်ပြည်က နန်းရင်းဝန်ကြီး၏ ဒုတိယသား၊ သူ၏ တူအရင်းပင် ဖြစ်ကြောင်း၊ သူ့မှာ သမီးတစ်ယောက်သာ ထွန်းကားသဖြင့် မိဘအချင်းချင်းက ကတိရှိခဲ့သည်အတိုင်း သူ့သမီးကို သူ့တူ အလီနှင့် စုံဖက်ရကြောင်း၊ ထိမ်းမြားမင်္ဂလာ ပြီးသည့်အခါတွင် အလီတို့ ဇနီးမောင်နှံမှာ သူတို့ ပျော်ပိုက်ကြလျှင် မိမိနှင့်အတူ နေနိုင်ကြောင်း၊ အကယ်၍ မပျော်ပိုက်၍ အီဂျစ်ပြည်သို့ ပြန်ချင်သည်ဆိုလျှင်လည်း ပြန်နိုင်ကြောင်း' နှင့် ပြောပြပါသတဲ့။ သည်တော့ ထိမ်းမြားမင်္ဂလာ အခမ်းအနားသို့ လာရောက်ကြသည့် ပရိသတ်ကြီးက သောင်းသောင်းဖြဖြ သြဘာပေးကြပါသတဲ့။

အဲသဟာနှင့် အလီ၏အစ်ကို မဟာမက်ဟာ အီဂျစ်ပြည်ရှင် ဘုရင်မင်းမြတ်နှင့် တိုင်းခန်းလှည့်လည်ရာမှ ပြန်လာတော့ သူ့ညီ အလီကို အိမ်မှာ မတွေ့တော့ပါဘူးတဲ့။ သည်တော့ မဟာမက်က သူ့လက်ပါးစေများထံ စုံစမ်းကြည့်ပါသတဲ့။ လက်ပါးစေများက သူတို့ သိသမျှ အကုန်ပြန်၍ ပြောပြကြပါသတဲ့။ သည်တော့ မဟာမက်က ခရီးမထွက်ခင် တစ်ညက အလီကို သူ ကြိမ်းမောင်းလိုက်သည့်အတွက် အလီဟာ ကြောက်လန့်ပြီး ထွက်ပြေးခြင်း ဖြစ်သည်လို့ ယူဆပြီး နောင်တပြင်းစွာဖြစ်ပြီး အလီကိုရှာရန် အရပ်လေးမျက်နှာသို့ စေတမန်များကို စေလွှတ်ပါသတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



သဟာပေမင့် အလီကိုရှာလို့ မတွေ့ကြပါဘူးတဲ့။ ပြီးတော့ မကြာမီဘဲ မဟာမက်ဟာ သူဌေးကြီးတစ်ဦး၏ သမီးနှင့် ထိမ်းမြားပါသတဲ့။ အဲသည် ထိမ်းမြားသည့် ညဟာလည်း အလီနှင့် ဗတ်သောဋ္ဌ နန်းရင်းဝန်ကြီး သမီးနှင့် ထိမ်းမြားသည့် ညပါပဲတဲ့။ ပြီးတော့ ထိုညမှာပဲ အလီရဲ့ ဇနီးမှာရော၊ မဟာမက်ရဲ့ ဇနီးမှာရော ကိုယ်ဝန် တည်ကြပါသတဲ့။ ပြီးတော့ နေ့လစေ့သည့် အခါကျတော့ သူတို့ ညီအစ်ကိုနှစ်ယောက် တောင့်တခဲ့ကြသည့်အတိုင်း မဟာမက်ရဲ့ဇနီးက သမီးကလေး မွေးပြီး၊ အလီရဲ့ ဇနီးက သားကလေး မွေးပါသတဲ့။ အလီရဲ့ သားကလေးကိုတော့ သူ့အဘိုး နန်းရင်းဝန်ကြီးက ဟာစန်လို့ နာမည်ပေးပါ သတဲ့။ ဟာစန်လေး အသက်ခုနစ်ရက် ပြည့်သည့်နေ့မှာ အလီကို သူ့ယောက္ခမ နန်းရင်းဝန်ကြီးက ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ကို ခေါ်သွားပြီး 'မှန်လှပါ၊ အရှင်မင်းကြီး၏ ရှေ့တော်မှောက်တွင် ယခု အခစားရောက်လျက်ရှိသော လုလင်မှာ အီဂျစ် နန်းရင်းဝန်ကြီး၏ သား၊ ငါ၏တူ၊ ငါ့သမီး၏ ခင်ပွန်းအလီ ဖြစ်ပါသည်။ ငါသည် ယခုအခါ အသက်အရွယ် ကြီးရင့်၍ ခါးကိုင်းပြီး နားထိုင်းပြီ ဖြစ်သဖြင့် အရှင်မင်းကြီး၏ အမှုတော်ကို ပျို့ရွယ်စဉ်ကကဲ့သို့ ကျေပွန်အောင် မထမ်းရွက်နိုင်ပါ။ ထို့ကြောင့် ငါ့ကို အားလပ်ခွင့် ပေးပြီးလျှင် ငါ၏တူသမက် အလီကိုပင် နန်းရင်းဝန်ရာထူး ပေးသနားပါရန် လျှောက်တင်ဝံ့ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်က အလီရဲ့ ရုပ်လက္ခဏာကို နှစ်သက်တော်မူသဟာနှင့် နန်းရင်းဝန်ကြီးရာထူး အပ်နှင်းတော် မူလိုက်ပါသတဲ့။

အဲသည်အခါမှာ ဉာဏ်ပညာ ထက်သန်သူလည်းဖြစ်၊ အမှုထမ်းလည်း ကျေပွန်သည့်အတွက် ဘုရင်မင်းမြတ်က အလီကို များစွာ နှစ်သက်တော်မူပါ သတဲ့။ အဲသည်လို နှစ်သက်တော်မူသည့်အတိုင်းလည်း မြှောက်စား ချီးမြှင့်တော်မူပါသတဲ့။ ဟာစန် အသက်လေးနှစ် ရှိသည့်အခါမှာ သူ့အဘိုး နန်းရင်းဝန်ကြီး ကွယ်လွန်သွားသည့်အတွက် သူ့အဘိုးရဲ့ အမွေအားလုံးကို ဟာစန် ရပါသတဲ့။ သူ့အဘိုး ဆုံးသွားသည့်အခါမှာ အလီက ဟာစန်ကလေးကို ဘုရင်မင်းမြတ်၏ ရှေ့တော်သို့ နေ့တိုင်း နေ့တိုင်း ခေါ်ပြီး သွားပါသတဲ့။ ဘုရင်မင်းမြတ်ကလည်း ဟာစန်ကလေးကို မြတ်နိုးတော်မူသဟာနှင့် နေ့တိုင်း နေ့တိုင်း ရှေ့တော်သို့ ခေါ်ခဲ့ရမည်လို့ အမိန့်တော် မှတ်ပါသတဲ့။ ဟာစန်ကလေးဟာ အင်မတိ အင်မတန် လှပ ပြေပြစ်သည့်အတွက် မြင်သူတကာက ချစ်ကြပါသတဲ့။ ဟာစန် အသက် ၂၀ အရွယ်ကို ရောက်သည့်အခါမှာ သူ့အဖေ နန်းရင်းဝန်ကြီး အလီဟာ ပြင်းထန်စွာ မမာမကျန်း ဖြစ်ပါသတဲ့။ အဲသဟာနှင့် ဟာစန်ကိုခေါ်ပြီး 'ငါ့သား၊ ငါမသေခင် ငါ့သားကို မှာခဲ့ချင်သည်' လို့ ပြောပြီး သူ့အစ်ကို မဟာမက်နှင့် သူ့ဇာတိ အီဂျစ်ပြည်ကို ပြန်ပြီး အောက်မေ့သဟာနှင့် ငိုပါသတဲ့။

ပြီးတော့ မျက်ရည်များကို သုတ်ပြီး 'အီဂျစ်ပြည်က နန်းရင်းဝန်ကြီး မဟာမက်





ဆိုသဟာ ငါ့သားရဲ့ ဘကြီး တော်သည်၊ ငါ့ အစ်ကိုပဲ ။ ငါဟာ သူ့စကား နားမထောင်ဘဲနှင့် သည်ကို အတင်းထွက်လာခဲ့သည်' လို့ ပြောပြီး ဟာစန်ကို စက္ကူတစ်ရွက် အယူခိုင်းပြီး သူ့အဖြစ်အပျက် အလုံးစုံကို မှတ်ယူစေပါသတဲ့ ။ ပြီးတော့မှ 'ငါ့သား၊ အဲသည် စာရွက်ကို မပျောက်စေနှင့်။ သင့်မှာ အရေးတစ်စုံ ကြုံလို့ ဆင်းရဲဒုက္ခ ဖြစ်သည်ဆိုရင် သင့်ဘကြီးဆီသွားပြီး သည်စာကိုပြ။ ပြီးတော့ ငါလည်း သူတစိမ်းတွေ ကြားထဲမှာ ဆွေမျိုး မျိုးများကို လွမ်းဆွတ် တသရင်းနဲ့ပဲ သေသွားသည်လို့ ပြောပြလိုက်ပါ' လို့ ဟာစန်ကို ပြောပါသတဲ့။ သည်တော့ ဟာစန်က သူ့အဖေရဲ့ သေခါနီးမှာချက် စာရွက်ကို တရိုတသေ သိမ်းထားပြီး ငိုပါသတဲ့။ ပြီးတော့ အလီက တစ်ခဏတာမျှ မြောသွားပါသတဲ့။ မြောသွားရာမှ သတိတစ်ခါရပြီး ဟာစန်ကို သူ မသေခင် အချက်ကြီး ငါးချက်ကို မှာသွားပါသတဲ့။ 'တစ်အချက်က သားမောင်၊ ဒွန္နယာမှာ မည်သူနှင့်မျှ ထဲဝင်ပြင်ထွက် ဗလုံးဗထွေး ဖြစ်လောက်အောင် မပွန်းတီးလွန်းပါစေနှင့်။ အရောဝင်လည်း မလွန်ပါစေနှင့်။ မည်သူ့ဆီကိုမျှလည်း အဝင်အထွက် မလွန်ပါစေနှင့်။ လူတို့ မည်သည်မှာ



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းက ခွာ၍ ပေါင်းမှသာ ကောင်းပါသည်။ ပညာရှိကြီးတစ်ဦးက မိန့်ဖူးသည်။ ဤဒွန္နယာကြီး၌ အတိဒုက္ခ တွေ့ကြုံရသည့် အခါတွင် ကိုယ့်ကိုယ်က လွဲ၍ အားကိုးရမည့်သူ ဟူ၍ မရှိ။ ထို့ကြောင့် သူတစ်ပါးကို အားကိုးမည် ဆိုသောစိတ် လုံးလုံး မထားလေနှင့်။ ဤသို့ ငါဆုံးမ၏ လို့။

'ပြီးတော့ အချက်နှစ် ဖခင် မှာလိုသဟာက မည်သူ့ကိုမျှ မကောင်း မလုပ်ပါနှင့်။ သူများကို မကောင်းလုပ်လျှင် ကိုယ့်မှာ မကောင်းဖြစ်တတ်ပါသည်။ ဤဒွန္နယာကြီးတွင် အမြဲ ကောင်းစားနေသူဟု မရှိပါ။ သည်နေ့ ချမ်းသာသူသည် နက်ဖြန်ခါ ဆင်းရဲချင် ဆင်းရဲ၍၊ သည်နေ့ ဆင်းရဲနေသူလည်း နက်ဖြန် ချမ်းသာချင် ချမ်းသာတတ်ပါသည်။ ပစ္စည်းဥစ္စာ ဆိုသည်မှာလည်း ပြန်ပြီး ပေးဆပ်ရမည့် ကြွေးမြီ သဘောမျိုးသာ ဖြစ်သည်။ ပြီးတော့ ပညာရှိကြီး တစ်ဦးက မိန့်ဖူးသည်။ သူတစ်ပါးအပေါ်မှာ ကြင်နာစိတ် ရှိပါ။ တစ်နေ့နေ့တွင် ကိုယ်လည်း သူတစ်ပါး၏ ကြင်နာခြင်းကို ခံယူဖို့ လိုတတ်ပါသည်။ ကိုယ်က မတရားလုပ်လျှင် ကိုယ့်ကို မတရားလုပ်မည့်သူ ပေါ်လာတတ်ပါသည် လို့။

'ပြီးတော့ တတိယ အချက်ကတော့ နှုတ်စောင့်တတ်ဖို့ လေ့လာပါ ဆိုသဟာပါပဲ သားမောင်။ သူတစ်ပါး၏ အပြစ်ကို မရှုပါနှင့်။ ကိုယ့်အပြစ်ကိုသာ ကိုယ်သုံးသပ်ပါ။ ပညာရှိကြီး တစ်ဦးကလည်း မိန့်ဖူးသည်။ နှုတ်စောင့်လျှင် ဘေးကင်းသည်။ နှုတ်စောင့်ခြင်းသည် အဖိုးတန်သည်။ စကားပြောခြင်းကို ဆင်ခြင်နိုင်သမျှ ဆင်ခြင်ပါ။ နှုတ်စောင့်၍ နောင်တ တစ်ခါဖြစ်ရလျှင် တစ်ခါသာ ဖြစ်ရမည်။ နှုတ်မစောင့်သည့် အတွက်မူကား နောင်တ အခါပေါင်းများစွာ ဖြစ်နိုင်သည် လို့။

'ပြီးတော့ လေးအချက် အဖေ မှာခဲ့ချင်သဟာကတော့ သေရည် မသောက်ဖို့ဘဲ။ သေရည်ဟာ မကောင်းမှု မှန်သမျှရဲ့ ဦးခေါင်းလည်း ဖြစ်သည်။ အဆင်ခြင်တရားကိုလည်း ကင်းမဲ့စေသည်။ သဟာကြောင့် သေရည် မကြူးပါနှင့် ဆိုသဟာကို အဖေ ထပ်ကာထပ်ကာ မှာခဲ့ချင်သည်။ ပညာရှိ တစ်ဦးကလည်း ပြောဖူးသည်။ ငါသည် သေရည်မှရှောင်၍၊ သေသောက်ကြူးသူတို့နှင့် လွဲစေ၍ ကောင်းမှုတံခါးကို ဟင်းလင်း ပွင့်စေသည် လို့။

'ပြီးတော့ နောက်ဆုံးအချက် ငါးကတော့ သင်က ဥစ္စာကို ခင်လျှင် ဥစ္စာက သင့်ကို ခင်လိမ့်မည်ဆိုတဲ့ အကြောင်းပါပဲ။ သင်၏ အသပြာကို သင်က စောင့်ရှောက်လျှင် သင်၏အသပြာက သင့်ကို စောင့်ရှောက်လိမ့်မည်။ ပစ္စည်းကို မဖြုန်းပါနှင့်။ ဖြုန်းလျှင် မွဲတေ၍ အမျိုးယုတ်သူတို့ထံသို့ပင် သွား၍ တောင်းစားရတတ်သည်။ အသပြာသည် ဒွန္နယာကြီးတွင် စွဲကပ်တတ်သော အနာရောဂါ အပေါင်းကို ပျောက်ကင်းစေတတ်သော နတ်ဆေးဟု သဘောထား၍ အသပြာကို စုနိုင်သမျှ စုပါ။ ပညာရှိကြီး တစ်ဦးကလည်း မိန့်ဖူးသည်။ ဥစ္စာ မရှိလျှင် မိတ်ဆွေ မရှိ။ ဥစ္စာပေါလျှင် မိတ်ဆွေပေါသည်။ ဥစ္စာရှိလျှင်





ကူ၍ သုံးပေးမည့်သူ ပေါသည်။ ဥစ္စာမရှိလျှင် အသိ လုပ်ချင်သူပင် မရှိ' ဟုလို့ ပြောပါသတဲ့။ အဲသည်လို သား ဟာစန်ကို အထပ်ထပ် အခါခါ မှာကြားခဲ့ပြီးတော့ အလီဟာ အသက် ထွက်သွားပါသတဲ့။

သည်တော့ ဟာစန်ဟာ ငို၍မဆုံးနိုင်အောင် ဖြစ်ပြီး၊ အပူမီး အတောက်လောင်ကြီး တောက်လောင်ပြီး၊ မိမိ၏တာဝန် ဝတ္တရားများကို လျစ်လျူရှုပြီး အိမ်တွင်းက အိမ်ပြင်သို့ နှစ်လတာမျှ မထွက်ဘဲ နေပါသတဲ့။ အဲသည်တော့ ဘုရင်မင်းမြတ်က ရာဇမာန်ရှပြီး ဟာစန်ကို ရာထူးမှချပြီး နန်းရင်းဝန်ကြီး အသစ် ခန့်တော်မူလိုက်သတဲ့။ ပြီးတော့ ဟာစန်ရဲ့ အိုးအိမ် ပစ္စည်းအားလုံးကို သိမ်းယူပြီး ဟာစန်ကို ဖမ်းဖို့ အမိန့်ထုတ်တော်မူပါသတဲ့။ အဲသည်အကြောင်းကို ဟာစန်ရဲ့ဖခင် နန်းရင်းဝန်ကြီး အလီရဲ့ ကျွန်အရင်းတစ်ယောက်က သိသဟာနှင့် ဟာစန့်ဆီ အမြန်ပြေးပြီး အကြောင်းကြားပါသတဲ့။

သည်တော့ ဟာစန်က 'လမ်းမှာ သုံးဖို့ စွဲဖို့ ပစ္စည်းကလေးများ ယူဖို့ အချိန်ရပါဦးမလား မိတ်ဆွေရယ်' လို့ အဲသည် ကျွန်ကို မေးပါသတဲ့။ သည်တော့ 'အို . . . အရှင်၊ အချိန် ရှိခိုက်ကို ဤလမ်းမှ အမြန်ပြေးပါ။ ဒွန္နယာမှာ အသက် ချမ်းသာဖို့ပဲ အရေးကြီးပါတယ်။ အိမ်ဆိုသဟာတော့ လျောက်လျားရှိပါစေ။ နေဖို့ဆိုသဟာမျိုးဟာ ရှာမည်ဆိုလျှင် အစားရနိုင်ပါသည်။ အသက် ဆိုသဟာကတော့ တစ်ခါသေသွားလျှင် ဘယ်အခါမျှ အစားပြန်ရှာ၍ မရကောင်းပါဘူး။ ဒွန္နယာကြီးဟာလည်း ဆန်းလှဘိသည်။ အလာဟုအရှင်က ရောမ မြေပြင်ကျယ်ကျယ်ကြီးကို ပေးထားတော်မူပါလျက် လူတို့သည် ကျဉ်းကျဉ်းမြောင်းမြောင်း အိမ်နှင့်မှ နေချင်ကြသည်' လို့ အဲသည်ကျွန်က ပြောပါသတဲ့။

အဲသည် စကားကိုကြားတော့ ဟာစန်က ပုဆိုးတစ်ခုကိုယူပြီး ခေါင်းကို အုပ်ပြီး သူ့နေအိမ်က တစ်ခါတည်း ထွက်ပြေးပါသတဲ့။ နန်းရင်းဝန်သစ်က နောက်ပါ အခြွေအရံများနှင့် ဟာစန်ကို ဖမ်းရန် လာသည့်အခါမှာ ဟာစန်ဟာ မြို့ပြင်ကိုရောက်၍ သွားပါပြီတဲ့။ မြို့သူမြို့သားတို့ကလည်း ဟာစန်ရဲ့ ဖြစ်ရပ်ကို ကြားရသဟာနှင့် ဖြစ်မှ ဖြစ်ရလေခြင်းဟု ညည်းညူကာ ဟာစန်ကို သနားကြပါ သတဲ့။ ဟာစန်ဟာ ခြေဦးတည့်ရာသို့ သုတ်သီးသုတ်ပျာ ထွက်၍ လာခဲ့ပြီး နောက်ဆုံးမှာ သူ့အဖေ၏ သင်္ချိုင်းကို ရောက်သွားပါသတဲ့။ အဲသည်လို ဟာစန်က သူ့အဖေရဲ့ ဂူအနီးမှာ ထိုင်ပြီး အမောဖြေနေတုန်းမှာ လွယ်အိတ်နှစ်လုံးထဲမှာ အသပြာ အပြည့်ထည့်ပြီး လွယ်လာသည့် ရေဝတီ သူကြွယ် တစ်ယောက် ပေါက်လာပါသတဲ့။ အဲသည် ရေဝတီက 'အလို . . . နန်းရင်းဝန်ကြီး ပါကလား၊ ဘယ်လို အရေးအကြောင်းနှင့် အချိန်မဟုတ် အခါမဟုတ်ကြီး သင်္ချိုင်းတွင်း ရောက်နေရပါသလဲ။ အဝတ်အစားများတောင် မလဲခဲ့ပါလား' လို့ ဆိုပါသတဲ့။ သည်တော့ ဟာစန်က 'သဟာကတော့ သည်လိုပါ သူကြွယ်ကြီး၊ ငါ အိပ်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



ငါ့အဖေက သူ့ဆီကို အကန်တော့ မလာကောင်းလားဆိုပြီး လာပြီး အိပ်မက်ပေးသဟာနှင့် ငါလည်း အိပ်ရာက လန့်နိုးပြီး ကမန်းကတန်း ထလာခဲ့သဟာနှင့် အဝတ်အစားတောင် မလဲခဲ့နိုင်သဟာပါ' လို့ ပြန်ပြောပါသတဲ့။

သည်တော့ တစ်ခါ ရေဝတီသူကြွယ်က 'နန်းရင်းဝန်ကြီးရဲ့ ဖခင်ရဲ့ ကုန်သင်္ဘောများဟာ မကြာခင် ကုန်များနှင့် ဆိုက်ပါလိမ့်မည်။ ပထမဆုံး ရောက်သည့် သင်္ဘောထဲက ပါသည့်ကုန်များကို ငါ့အား ရောင်းပါ' ဟု ပြောပြီးလျှင် အသပြာထောင်ထုပ်ကို ဟာစန်အား ပေးပါသတဲ့။

သည်တော့ ဟာစန်က သင်္ဘောပါ ကုန်များကို ရောင်းပြီး ဖြစ်သည့်အကြောင်း ပြေစာရေး၍ ရေဝတီသူကြွယ်အား ပေးလိုက်ပါသတဲ့။ အဲသဟာနှင့် သူကြွယ်လည်း ပြေစာကိုယူပြီး ဝမ်းသာအားရ ပြန်သွားပါသတဲ့။ ပြီးတော့ ဟာစန်က သူ့အဖြစ်ကို သူ ဝမ်းနည်းလာသဟာနှင့် ငိုပါသတဲ့။ အဲသည်အချိန်မှာ မိုးချုပ်သွားပြီး ဟာစန်လည်း မောပန်းသဟာနှင့် သူ့အဖေဂူကို မှီပြီး အိပ်ပျော်သွားပါသတဲ့။ ညဦးနက်လာတော့ ဟာစန်ဟာ သူ မှီနေရာက ဘေးကို လဲကျသွားပြီး မြေကြီးပေါ်မှာ ခြေပစ်လက်ပစ် ဆက်ပြီး အိပ်ပျော်နေပါသတဲ့။ အဲသည်ညက လကြီးကလည်း သာလိုက်သဟာ ထိန်လို့ပါပဲ တဲ့။ အဲသည် သင်္ချိုင်းက တစ္ဆေသရဲ ပေါသည့် သင်္ချိုင်းဖြစ်သည့်အတိုင်း သရဲမတစ်ကောင် ပေါက်လာပြီးလျှင် ဟာစန်ကို မြင်သဟာနှင့် "အလို... တယ်လှသည့် လူယောကျ်ားပါလား၊ လူသားစင်စစ်မှ ဟုတ်ပါလေစ" လို့ အောက်မေ့ပြီး ခပ်လှမ်းလှမ်းကနေ ကြည့်ဖို့ရန် ကောင်းကင်သို့ ပျံတက်သွားပါသတဲ့။ ကောင်းကင်ကျတော့ သရဲထီးတစ်ကောင်နှင့် တွေ့သဟာနှင့် သရဲမက 'အလို... မောင်ကြီး၊ ဘယ်က လာခဲ့ပါသလဲ' လို့ မေးပါသတဲ့။ သည်တော့ သရဲထီးက 'ငါ အီဂျစ်ပြည်က ပြန်လာသည်' လို့ ပြောပါသတဲ့။ သည်တော့ သရဲမက 'အမယ်လေး... ပြောရဦးမည် မောင်ကြီးရယ်၊ ဟောဟို သင်္ချိုင်းထဲမှာ ဆန်းဆန်းပြားပြား လူယောကျ်ားတစ်ယောက် အိပ်နေလိုက်တာ လှကလည်း လှပါဘိသနှင့်။ သည်လို လှသဟာမျိုး ငါဖြင့် ငါ့တစ်သက်မှာ တစ်ခါမျှ မမြင်ဖူးပါဘူး မောင်ကြီးရယ်။ မောင်ကြီး တစ်ဆိတ် လိုက်ကြည့်စမ်းပါလား' လို့ ပြောပါသတဲ့။ သည်တော့ သရဲထီးက 'အေး... ကောင်းပြီ၊ ငါ လိုက်ကြည့်မည်' လို့ ပြောပြီး သရဲထီးနှင့် သရဲမတို့ဟာ နှစ်ကောင်သား ဟာစန် အိပ်နေသည့် သင်္ချိုင်းကို သွားကြပါသတဲ့။ သင်္ချိုင်းကိုရောက်တော့ သရဲထီးက 'အေး... နှမရေ၊ သင် ပြောသဟာ ဟုတ်သဟဲ့။ တကယ်လည်း ချောတဲ့ လူယောကျ်ားပါပဲ။ အင်း... သဟာထက် သူ့မြင်လို့ သတိရသဟာနဲ့ ပြောလိုက်ရဦးမည်။ ငါလည်း သည်နေ့ အီဂျစ်ပြည်ကို ရောက်ခဲ့ရင်းနဲ့ သူလိုပဲ ချောသည့် လှသည့် မိန်းကလေးတစ်ယောက်ကို မြင်ရသည်။ ချောပုံကတော့ သူတို့နှစ်ယောက် မောင်နှမအရင်းဆိုတောင် ယုံလောက်ပါရဲ့။ အဲသည်





မိန်းကလေးဟာ အသက် ၁၉ နှစ် ပြည့်တော့ အီဂျစ်ပြည် ရှင်ဘုရင်ကြီးက တောင်ညာတင်ချင်သည်ဆိုပြီး အဲသည် မိန်းကလေးရဲ့အဖေ နန်းရင်းဝန်ကြီးကို ပြောသဟာကိုဟဲ့။ အဲသည်တော့ နန်းရင်းဝန်ကြီးက မှန်လှပါ၊ ငါ့ညီရဲ့သား ငါ့တူနှင့် ထိမ်းမြားဖို့ မိဘချင်း ကတိ ထားပြီးသည့်အတွက် သည်းခံတော်မူပါလို့ ပြန်ပြီး လျှောက်ပါသတဲ့။ ပြီးတော့ တစ်ခါ နန်းရင်းဝန်ကြီးက ဘုရင်မင်းမြတ်ကို ရှေးနားဆင်တော်မူပါလို့ ဆိုပြီးလျှင် သူတို့ ညီအစ်ကိုနှစ်ယောက် တစ်ယောက်သားနှင့် တစ်ယောက်သမီး ထိမ်းမြားကြဖို့ ကတိထားကြပုံကို လျှောက်ပါသတဲ့။

ပြီးတော့တစ်ခါ နန်းရင်းဝန်ကြီးက ဆက်ပြီး 'သဟာကြောင့် ငါ့သမီးကို ငါ့ညီရဲ့သား ငါ့တူနှင့် ထိမ်းမြားရန် သူတို့မောင်နှမနှစ်ယောက် မမွေးမီကပင် ကတိထားပြီး ဖြစ်ပါသည်။ အဲသဟာကြောင့် ငါ၏သမီးကို အခြားမည်သူနှင့်မျှ ထိမ်းမြားနိုင်မည် မဟုတ်ပါ။ ငါတို့ ညီအစ်ကိုနှစ်ယောက် နန်းရင်းဝန်ကြီးရာထူးကို တွဲဖက်ဆောင်ရွက်ခဲ့ကြသည်မှာ ၁၉ နှစ်အထက်၊ ယခု ငါ၏ ၁၉ နှစ်သမီး အသက်နှင့် အမျှပင် ဖြစ်ပါသည်။ ယခု နောက်ဆုံး သတင်းအရဆိုလျှင် ငါ့ညီဟာ ဗတ်သောဋ္ဌ နေဖြည်တော်က နန်းရင်းဝန်ကြီးရဲ့ သမီးနှင့် ထိမ်းမြားပြီး သားတစ်ယောက် အရတွင် ကွယ်လွန်၍ သွားပါသည်။ ငါ့သမီး၏ ဇာတာကို စစ်ဆေးကြည့်တော့ ငါ့သမီးဟာ ငါ့တူနှင့်သာ သင့်မြတ်ဖို့ မြင်ပါသည်။ အရှင်မင်းတရားကြီး၏ ရှေ့နန်းတော်တွင် အရှင်မင်းတရားကြီးနှင့် ထိုက်တန်သော သမီးကညာ မြောက်မြားစွာ ရှိပါသဖြင့် ငါ့သမီးအား ကောက်ယူတော်မူခြင်းမှ ခွင့်လွှတ်တော်မူပါရန် လျှောက်ထားဝံ့ပါသည်' လို့ ပြောပါသတဲ့။

အဲသည်လို နန်းရင်းဝန်ကြီးက လျှောက်လိုက်တော့ ဘုရင်မင်းမြတ်က မျက်မာန်တော် ရှပြီး 'သင့်သမီးလိုဟာမျိုးကို ငါလို ဘုရင်တစ်ပါးက လိုချင်သည် ဆိုခြင်းသည် သင့်အဖို့ ဝမ်းသာစရာ မဟုတ်ပါလော။ သို့ဖြစ်လျက် သင်သည် မဖွယ်မရာ အကြောင်းရှာ၍ ငါ၏အလိုတော်ကို ငြင်းပယ်ခဲ့ပြီ။ မလောက်လေး မလောက်စား ရှိစွ၊ ငါသည် သင့်သမီးအား ငါ၏မြင်းတော်ထိန်း ကေုန်းနှင့် သည်နေ့ညပင် ပေးစား၍ပစ်အံ့' ဟု မိန့်တော်မူပြီးလျှင် ကေုန်းကို ထိုနေ့ညပင် နန်းရင်းဝန်ကြီး သမီးနှင့် ထိမ်းမြားရန် စီစဉ်တော်မူပါသတဲ့။

အဲသလို သရဲထီးက သရဲမကို ပြောပြပါသတဲ့။ ပြီးတော့ သရဲထီးက သရဲမကို ဆက်ပြီး 'ငါ အခုပဲ ကိုင်ရိုမြို့က ကောင်းကင်ခရီးဖြင့် ပြန်လာခဲ့သည်ဟ နှမလေးရ။ ကေုန်းလည်း ဘုရင်မင်းမြတ်က ပေးထားတဲ့ အဆောင်အယောင် တပည့်တပန်းတွေနဲ့ ရေချိုးပြီး ကျုန်ရစ်သည်။ သူ့တပည့်တပန်း အချို့ကလည်း မီးရှူးမီးတိုင်တွေ ကိုင်လို့ဟ။ နန်းရင်းဝန်ကြီး သမီးခမျာကိုတော့ ထိမ်းမြားဖို့အတွက် သူ့ကျွန်မတွေက ဝိုင်းပြီး ဆင်ပြင်ဖြီးလိမ်းပေးနေကြသဟ။ ကလေးမ ကတော့ တရှုပ်ရှုပ်နဲ့ ငိုလို့ယိုလို့ပေါ့ဟာ။ သူ့အဖေ



www.burmeseclassic.com

www.burmeseclassic.com



နန်းရင်းဝန်ကြီးကိုလည်း အနားလာခွင့် မပြုကြဘူးတဲ့ဟာ။ နမရာ ငါဖြင့် သည်ငကုန်းလို အကျည်းတန်သဟာ၊ အရုပ်ဆိုးသဟာ မမြင်ဖူးပါဘူးဟာ၊ တကယ့်ကို အော့နှလုံး နာစရာ ကောင်းသည့် သတ္တဝါပါပဲ။ ကလေးမကလေးက ဆိုသဟာ လှလိုက်ချောလိုက် သဟာ မပြောပါနဲ့တော့ဟာ။ ငါဖြင့် သည်လို လှသဟာ ချောသဟာများ မြင်ပဲ မမြင်ဖူး ပါဘူး။ သည်သူငယ်ထက်တောင် ချောသေးသဟာပေါ့ဟာ' လို့ ပြောပါသတဲ့။ သည် တော့ တစ်ခါ သရဲမက 'အမယ်... မောင်ကြီးက မကြွားပါနဲ့၊ ဒွန္တယာကြီးမှာ သည် သူငယ်ထက် ချောသဟာ မရှိနိုင်ပါဘူး' လို့ ဆိုသတဲ့။ သည်တော့တစ်ခါ သရဲထီးက 'ငါက ကြွားသဟာ မဟုတ်ဘူးဟ၊ တကယ် ပြောသဟာ။ ဟိုမိန်းကလေးက သင့် သူငယ်ထက် ချောသေးသည်။ သဟာပေမင့်ဟာ သူတို့နှစ်ယောက်ဟာ မောင်နှမအရင်း လို့ ပြောတောင် ယုံစရာပဲ ။ အလွန်ဆုံး မောင်နှမ တစ်ဝမ်းကွဲ ဆိုလျှင် မယုံမည့်လူ ရှိမှာ မဟုတ်ပါဘူး။ ငကုန်းနှင့်သာ ရသွားလျှင်တော့ ကလေးမတော့ ရင်ကျိုးရော ပေါ့ဟာ' လို့ ပြန်ပြောပါသတဲ့။

သည်တော့ သရဲမက 'ကိုင်း... သည်လိုဆိုလျှင် မောင်ကြီးရေ၊ ပြောနေ ကြာရော့မယ်။ သည်သူငယ်ကို မြန်မြန်ပွေ့ချီပြီးသာ ယူခဲ့ပေတော့။ ဘယ်သူက ပိုချော သည် ဆိုသဟာကို ငါတို့ မောင်နှမနှစ်ယောက် ကိုင်ရှီမြို့ကို သွားကြည့်ကြမည်' လို့ ပြောပါသတဲ့။ ပြီးတော့ သရဲထီးက ဟာစန်ကိုပွေ့ပြီး လေထဲက ဆောင်သွားပါသတဲ့။ သရဲမက ဘေးကလိုက်ပြီး ကိုင်ရှီမြို့ကို ရောက်သည့်အခါ ကျတော့ ဟာစန်ကို ကျောက် ဖျာ ပေါ်မှာ ချပြီး အိပ်ပျော်နေရာမှ နှိုးလိုက်ကြပါ သတဲ့။ ဟာစန်က အိပ်ရာကနိုးလို့ ကြည့်လိုက်တော့ သူ့အဖေ သချိုင်းနားမှာ မဟုတ်တော့ဘဲ အခြား တစ်နေရာကို ရောက် နေသဟာ တွေ့ရတော့ လန့်သွားပါသတဲ့။ သဟာနဲ့ အော်မည်လုပ်တော့ သရဲထီးက မအော်ဖို့ အချက်ပေးလိုက်တော့မှ ဟာစန်က ငြိမ်နေပါသတဲ့။ ပြီးတော့ သရဲထီးက ဟာစန်ကို အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာ ဝတ်ဆင်ပေးပြီး မီးရှူးတိုင် တစ်တိုင် ကိုလည်း ပေးပါသတဲ့။ အဲ့သည်တော့ အချိန်ကလည်း အကာလ ညအခါ ရောက်နေ ပါပြီတဲ့။ ပြီးတော့ သရဲထီးက ဟာစန်ကို 'သည်မှာ လူကလေးရဲ့၊ သင့်ကို ငါတို့ သည်ခေါ်လာသဟာက ကောင်းသဟာ လုပ်ဖို့ ခေါ်လာသဟာပါ။ သည်တော့ လူကလေး ဘာမျှ မကြောက်ပါနှင့်။ ဟောသည် မီးရှူးတိုင်ကို ကိုင်ပြီး ဟိုရေချိုးဆိပ်က လူတွေဆီ ရောက်အောင် သွားပြီးတော့ သူတို့တစ်တွေနဲ့ အတူတူ ထိမ်းမြားပွဲရှိသည့် အိမ်ကို ရောက်အောင် လိုက်သွားပါ။ ဟိုရောက်တော့လည်း ဘာမျှ ကြောက်မနေပါနဲ့။ တစ်ခါ တည်း အခန်းကြီးထဲကို ရောက်အောင် စွတ်ဝင်သွားပြီး သတို့သား ငကုန်းရဲ့ ညာဘက် ဘေးက ဝင်ထိုင်ပါ။ ပြီးတော့ ကချေသည်မတွေ၊ အထိန်းအချီမတွေနဲ့ တွေ့လို့ရှိရင် သင့်အိတ်ထဲကို နှိုက်ကြည့်ပါ။ အသပြာတွေ တွေ့ပါလိမ့်မယ်။ အဲသည် အသပြာတွေဟာ





မကုန်နိုင်ပါဘူး။ တစ်ယောက် တစ်ဆုပ် နှိုက်ပြီး ပေးသာ ပေးလိုက်ပါ။ အဲသည် အသပြာတွေဟာ အလာဟုအရှင်က ပေးသည့် အသပြာတွေပါ။ သူ့အလိုတော်အတိုင်း ဖြစ်ဖို့ သူက ပေးသဟာ ဘာမျှ မကြောက်ပါနဲ့' လို့ ပြောသတဲ့။

သည်တော့ ဟာစန့် စိတ်ထဲက ငါ့နှယ် ဘာ့လို့ သဟာလောက် ကံကောင်း နေပါလိမ့်မည်လို့ အောက်မေ့ပြီး သရဲထီး မှာသည့်အတိုင်း မီးရှူးတိုင်ကို ကိုင်ပြီး လူတွေနှင့် ရောလိုက်သွားပါသတဲ့။ ရေချိုးဆိပ်တံခါးကို ဟာစန် ရောက်သွားတော့ ငကုန်းဟာ ရေချိုးပြီး အဝတ်အစားလဲပြီးလို့ မြင်းပေါ်မှာ ရောက်နေပါပြီတဲ့။ သူ့နောက်က ဝတ်ကောင်းစားလှနှင့် ယောကျ်ား အခြွေအရံတွေကလည်း တစုတရုံးကြီး ပါပဲတဲ့။ သဟာနှင့် ဟာစန်က မီးရှူးတိုင် ကိုင်ပြီး လိုက်သွားတော့ ကချေသည်မတွေက ပရိသတ် တွေဆီက ဆုလာဘ် တောင်းကြပါသတဲ့။ သည်တော့ ဟာစန်က သူ့အိတ်ထဲက နှိုက် နှိုက်ပြီး အသပြာတွေနှင့် ဆုချလိုက်သဟာ အောတိုက်သွားသဟာပါပဲတဲ့။ သည်တော့ ကချေသည်မတွေကလည်း တယ်ပြီး ဆုလာဘ် အပေး ရက်ရောပါကလားလို့ အောက် မေ့ပြီး ဟာစန်ကို မျက်လုံးပြူးပြူး မျက်ဆန်ပြူးပြူးနဲ့ ဝိုင်းပြီး ကြည့်ကြပါသတဲ့။ တခြား ပရိသတ်တွေကတော့ ဟာစန် ချောပုံ၊ သူ့အဝတ်အစား လှပုံ၊ အဖိုးတန်ပုံတွေကို ကြည့်ပြီး အံ့သြကြပါသတဲ့။ ဟာစန်ကတော့ လမ်းတစ်လျှောက်လုံး ကချေသည်မတွေကို ဆုချရင်းနှင့်ပဲ သူ့ဘကြီး နန်းရင်းဝန်ကြီးအိမ်ကို ရောက်သွားပါသတဲ့။ ဟိုရောက်တော့ အစောင့်အရှောက်တွေက ရှေ့ကို ဆက်မသွားဖို့ တားကြပါသတဲ့။ သည်တော့ ကချေ သည်မတွေက ဟာစန် မသွားရလျှင် သူတို့လည်း မသွားဘူး၊ သတို့သားကိုလည်း မပေးဘူး၊ သူတို့မှာ ဟာစန်က ဆုလာဘ်တွေ ပေးထားတဲ့ အသက်ပဲ ရှိသည်' လို့ ဆိုကြသတဲ့။ အဲသဟာနှင့် ဟာစန်လည်း ကချေသည်မတွေနှင် ရောလိုက်သွားပြီး ငကုန်းရဲ့ဘေးက ဝင်ထိုင်လိုက်ပါသတဲ့။ သည်တော့ ငကုန်းကလည်း မျက်စိမျက်နှာ ပျက်ပျက်နှင့် ဟာစန်ကို မျက်စောင်းကြီး တခဲခဲနဲ့ ကြည့်နေပါသတဲ့။ ထိမ်းမြားပွဲကို ရောက်လာကြသည့် မင်းကတော် စိုးကတော်၊ မင်းသမီး စိုးသမီးတွေကလည်း မီးရှူး မီးတိုင်တွေကိုင်ပြီး သတို့သား ထိုင်သည့်နေရာက နေပြီး သတို့သမီးအခန်း ရောက်အောင် ဘေးက စီးတန်းနေကြပါသတဲ့။ သူတို့အားလုံးဟာ ဟာစန်ကို မြင်ကြသဟာနှင့် တစ်ပြိုင် နက် ဟာစန်အပေါ်မှာ မေတ္တာစိတ် ယိုဖိတ်ကုန်ကြပါသတဲ့။ ဟာစန်ကလည်း ချော လိုက်သဟာ လမင်းကြီး ထွက်နေသလို အောက်မေ့ရပါသတဲ့။ ကချေသည်မတွေ ကလည်း 'သည်လူချောကလေးက ငါတို့ကို အသပြာ အမြောက်အမြား ဆုချထားသည် သဟာကြောင့် မိန်းမများရဲ့ ဝတ်မပျက်ကြဘဲ သူ ပြောသမျှကို အကုန် နားထောင်ကြ ရမည်၊ ဘာပဲ သူပြောပြော' လို့ ပရိသတ်ကို ပြောပါသတဲ့။

ကချေသည်မတွေက အဲသလို ပြောသဟာနှင့် မိန်းမပရိသတ်က ဟာစန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းကြည့်ကြပြီး "သြော်... သူ့ရင်ခွင်ထဲမှာ တစ်နာရီလောက်ပဲ ဖြစ်ဖြစ်၊ တစ်နာရီမကလို့ တစ်နှစ်လောက်ပဲဖြစ်ဖြစ် မှိန်းနေလိုက်ရလျှင် သိပ်ဇိမ်ရှိမှာပဲ" လို့ အောက်မေ့ကြပါသတဲ့။ ပြီးတော့ ဟာစန်ကိုရသည့် မိန်းမ၊ ဟာစန်ကယူသည့် မိန်းမမှာ ကံထူးသူသာ ဖြစ်ရမည်လို့လည်း ပြောကြပါသတဲ့။ ပြီးတော့ သူတို့ အားလုံးက ကေုန်းကို ဝိုင်းပြီး ကျိန်ဆဲကြပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကိုလည်း ဝိုင်းပြီး ကျိန်ဆဲကြပါသတဲ့။

ပြီးတော့ ကချေသည်မတွေက မြိုင်ဆိုင်စွာ သီဆို တီးမှုတ်ကြပြီး သတို့သမီးအလာကို ကြိုကြပါသတဲ့။ ပြီးတော့ နန်းရင်းဝန်ကြီးရဲ့ သမီးက လှပ မွေးကြိုင်စွာ ဖြီးလိမ်းပြီး အခိုင်းအစေ မိန်းမများ ခြေားကရံပြီး ထွက်လာပါသတဲ့။ သူ့ကို ကြည့်ရသဟာ ကျက်သရေတုံးကြီးလို့ အောက်မေ့ရပါသတဲ့။ တစ်ခါတစ်ခါ ကောင်းကင်ဘုံက နတ်သမီးများ ဆင်းလာသလားလို့တောင် ထင်ရပါသတဲ့။ အဲသည်အချိန်မှာ ပရိသတ်အားလုံးက ဟာစန်ကို ဝိုင်းပြီး ကြည့်နေကြပါသတဲ့။ ကေုန်းကတော့ ပြုံးပြုံးကြီးနှင့် သတို့သမီးအလာကို စောင့်ကြည့်နေပါသတဲ့။ သဟာပေမင့် သတို့သမီးက ကေုန်းဆီကို မသွားဘဲနှင့် ဟာစန့်ဆီကို တောက်လျှောက်သွားပြီး ဟာစန့်အနားမှာ ရပ်နေပါသတဲ့ ။ သည်တော့ ပရိသတ်ကြီးက ဝိုင်းပြီး သြဘာပေးကြပါသတဲ့။ ကချေသည်မများကလည်း ငါတို့သဘော ဆိုလျှင် ငါတို့သခင်မလေးကို သည်လူချောကလေးနှင့်သာ ပေးစားလိုက်မှာပဲလို့ ဆိုကြပါသတဲ့။ သည်တော့ ဟာစန်က သူ့အိတ်ထဲက အသပြာတွေကို တစ်ဆုပ်ကြီးတစ်ဆုပ်ကြီး နှိုက်နှိုက်ပြီး ကချေသည်မတွေကို ဆုချပါသတဲ့။ ကေုန်းအနားမှာတော့ ပရိသတ် တစ်ယောက်မှ မရှိဘဲ အားလုံး ဟာစန်အနားမှာပဲ ဝိုင်းနေကြပါသတဲ့။ ကေုန်းအနားမှာ ထွန်းပေးထားသည့် မီးရှူးတိုင်များလည်း ဘယ်လို ငြိမ်းငြိမ်းသွားမှန်း မသိဘဲနှင့် ငြိမ်းငြိမ်းသွားသဟာနှင့် ကေုန်းဟာ မှောင်ကြီးမည်းမည်းနှင့် ဖြစ်နေပါသတဲ့။ ဟာစန်ကလည်း သတို့သား ကေုန်းအနားမှာ ဘယ်သူမှမနေဘဲ သူ့အနားချည်း အကုန် ဝိုင်းနေကြတော့ ဘယ်လိုများပါလိမ့်လို့ အောက်မေ့ပြီး အံ့သြခြင်းမက အံ့သြသွားပါသတဲ့။ နောက် သူနှင့် နှမတော်သည့် သတို့သမီးကို ကြည့်လိုက်တော့ သူ့စိတ်ထဲမှာ အင်မတိအင်မတန် ပီတိဖြစ်သွားပါသတဲ့။ သူ့စိတ်ထဲ သတို့သမီးမျက်နှာကို သေသေချာချာများ ကြည့်လိုက်ရလျှင် ကောင်းမှာပဲလို့ အောက်မေ့နေတုန်းမှာပဲ အပျိုရံတွေက သတို့သမီးရဲ့ အုပ်ထားတဲ့ ပဝါကို ဖွင့်ပေးလိုက်ကြပါသတဲ့။ သတို့သမီးက ရှက်သွေးဖွှန်ပြီး မျက်စိမှိတ်ထားရာက မျက်စိဖွင့်လိုက်လို့ ဟာစန်ကို မြင်ရတော့ 'အို... အလာဟု အရှင်သခင်၊ ငါ့ကို ကေုန်းရန်မှ ကယ်ပြီး ဤလူချော၏ လက်သို့ရောက်အောင် မ တော်မူပါလော့' လို့ ဆိုပြီး ဘုရားကို တိုင်တည်ပါသတဲ့။ အဲသည်အချိန်မှာ သတို့သမီးကို အခန်းအပ်ရန် အဝတ်လဲဖို့ အပျိုရံများက အိပ်ခန်းထဲသို့ ဝင်သွားကြသဟာနှင့် ပရိသတ်များဟာ တစ်ယောက်မကျန် ပြန်ကုန်ကြလို့ ခန်းမကြီးထဲမှာ ဟာစန်နှင့်ကေုန်း နှစ်ယောက်





တည်းပဲ ကျန်ရစ်ပါသတဲ့။ သည်တော့ ကေုန်းက ဟာစန်ဆီ သွားပြီး 'အဆွေ၊ အဆွေတော် ... ဤနေ့ည လာရောက်ချီးမြှင့်သည်ကို ငါတို့ ကျေးဇူးများစွာ တင်ပါသည်။ သို့သော် ယခုအခါ အဆွေ ပြန်ရန် အချိန်ရောက်ပြီမို့ ပြန်တော်မူပါရန် တောင်းပန်ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ ဟာစန်က 'ကောင်းလှပါပြီ၊ ငါ ပြန်ပါမည်' လို့ ပြောပြီး အခန်းတံခါးမှ ထွက်လာပါသတဲ့။ သည်တော့ သရဲထီးနှင့် သွားတွေ့ပြီး သရဲထီးက 'သင် မပြန်နှင့်၊ နေမြဲနေရာမှာ သွားနေပါ။ ကေုန်း နောက်ဖေးသွားဖို့ ထွက်သွားသည့် အခါမှာ သင်က ခပ်မြန်မြန် သတို့သမီးရဲ့ အိပ်ခန်းထဲကို ဝင်သွားပြီး သတို့သမီးကို "သင်နှင့် ထိမ်းမြားရမည့် သတို့သား အစစ်ဟာ ငါပါ။ ယခုတွင်က ကေုန်းဟာက ငါ့မြင်းထိန်းသာ ဖြစ်ပါသည်။ ဘုရင်မင်းမြတ်က ယတြာချေဖို့သာ ကေုန်းကို သတို့သား ဟန်ဆောင်ပြီး လွှတ်ထားသဟာပါ" လို့ ပြောပါ။ သည်လိုပြောပြီးသဟာနှင့် တစ်ပြိုင်နက် သတို့သမီးရဲ့ အနားကို ရဲရဲကြီးကပ်ပြီး မျက်နှာအုပ်ခြုံလွှာကို တစ်ခါတည်း ဖွင့်လိုက်ပါ' လို့ ပြောပါသတဲ့။

အဲသည်လို ပြောနေတုန်းမှာ ကေုန်းသည် နောက်ဖေးသွားဖို့ အိမ်သာထဲသို့ ဝင်သွားပါသတဲ့ ။ ကေုန်းလည်း အိမ်သာထဲမှာ ထိုင်မိသဟာနှင့် တစ်ပြိုင်နက် သရဲထီးက ကြွက်ယောင်ဆောင်ပြီး ရေအိုးထဲကနေပြီး ကျွိ ကျွိ ကျွိ ကျွိ လို့ မြည်လိုက်ပါသတဲ့။ သည်တော့ ကေုန်းက 'ဟဲ့ ကြွက်၊ ဘာဖြစ်သလဲ' လို့ မေးပါသတဲ့။ ကြွက်က ကြည့်ရင်းကြည့်ရင်းနှင့် တဖြည်းဖြည်း ကြီး ကြီးလာပြီး ကြောင်နက်ကြီး ဖြစ်သွားပြီး ညောင်ညောင်ညောင်ညောင်နဲ့ မြည်ပါသတဲ့။ ပြီးတော့ ကြောင်နက်ကြီးက တဖြည်းဖြည်း ကြီး ကြီးလာပြီး ခွေးကျားကြီး ဖြစ်သွားပြီး ဝေါက်ဝေါက် ဝေါက်ဝေါက်နဲ့ ဟောင်ပါသတဲ့။ သည်တော့ ကေုန်းက ကြောက်လာပြီး 'ဟဲ့ခွေး၊ ဟဲ့ခွေး' နှင့် ငယ်သံပါအောင် အော်ပါရောတဲ့။ ခွေးကြီးက တစ်ခါ ကြီးကြီး ကြီးကြီး လာပြီး မြည်းပေါက်ကလေး ဖြစ်သွားပြီး ကေုန်းကို ခွာနှင့် ပိတ်ပေါက်ပါသတဲ့။ သည်တော့ ကေုန်းက 'အမယ်လေး ... အိမ်ရှင်တို့၊ ကယ်တော်မူကြပါ၊ ကယ်တော်မူကြပါ' လို့ အော်ပါသတဲ့။ သည်တော့ တစ်ခါ မြည်းပေါက်ကလေးက ကြီးကြီး ကြီးကြီးလာပြီး ကျွဲကြီး ဖြစ်သွားပြန်ပါသတဲ့။ ကျွဲကြီးက လူစကားနှင့် 'ဟဲ့ ကေုန်း မြင်းထိန်းယုတ်၊ သေပေတော့' လို့ ဆိုပြီး ကေုန်း အိမ်သာထဲက မထွက်နိုင်အောင် ရှေ့ကနေပြီး ပိတ်ထားပါသတဲ့။ သည်တော့ ကေုန်းလည်း ဒူးတွေတုန်၊ မေးတွေခေါက်ပြီး ကြောက်ချေးပါချင် သဟာနှင့် အဝတ်မလှန်နိုင်ဘဲ အိမ်သာပေါ် ထိုင်ချလိုက်ပါသတဲ့။ သည်တော့မှ သရဲထီးက 'ဟဲ့ ကေုန်း၊ ဒွန္နယာမှာ မိန်းမ သဟာလောက်က ရှားလို့ ငါ့အချစ်ကို လာပြီး လုပ်ရသလားဟင်။ ပြောစမ်း... နင့်ကို သည်နေရာမှာ ငါ တစ်ခါတည်း သတ်ပစ်လိုက်မည်၊ ငါ့ကို ဘာမှတ်လို့လဲ' လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကေုန်းက 'အရှင်ကျွဲမင်း၊ သည်သူငယ်မကို ငါက ယူချင်လို့ မဟုတ်ပါဘူး။ သူတို့က အတင်းယူရမယ်ဆိုလို့ ငါ ယူရမှာပါ။ ပြီးတော့ သူဟာ ကျွဲမင်းနှင့် ချစ်ကြိုက်နေကြောင်းကိုလည်း ငါ မသိလို့ပါ။ ငါ မှားပါပြီ ကျွဲမင်းရယ်၊ ငါ့အသက်ကို ချမ်းသာပေးပါ' လို့ တောင်းပန်ပါသတဲ့။ သည်တော့ ကျွဲကြီးက 'ဟဲ့ ကေုန်း၊ နင် သည်နေ့ည သည်အိမ်သာထဲက ဘယ်မှမထွက်ရဘူး၊ ကြားလား။ ပြီးတော့ မိုးမလင်းမချင်း သင် ဘာသံမှလည်း မပေးရဘူး။ ငါ့စကားကို နားမထောင်လျှင် သင်တော့ သေပြီးသားပဲမှတ်' လို့ ပြောပြီး သရဲထီးက ကေုန်းကို အိမ်သာပေါက်ထဲမှာ ခေါက်ထိုး ချထားပြီး 'ဟဲ့ ကေုန်း၊ မိုးမလင်းမချင်း သင် သည်နေရာက ဘယ်မှ မသွားရဘူးနော်။ သွားလျှင် သင့်ကို ခြေနှစ်ချောင်းကို ငါ ရိုက်ချိုးပြီး သတ်ပစ်မည်။ ငါ အခု ထွက်သွားပေမင့် သင့်ကို အပြင်က စောင့်ကြည့်နေမှာ၊ ယီးတီးယားတား မလုပ်နဲ့၊ သေသွားမည်' လို့ ပြောပြီး အပြင်ကို ထွက်သွားခဲ့ပါသတဲ့။ ပြီးတော့ သရဲထီးက ဟာစန်ဆီသွားပြီး သတို့သမီး အိပ်ခန်းထဲကို လိုက်ပို့လိုက်ပါသတဲ့။ သည်အခါမှာ သတို့သမီးက အဝတ်အစား လဲပြီး အမယ်ကြီးတစ်ယောက်နှင့် အခန်းထဲ ဝင်လာပါသတဲ့။ အမယ်ကြီးကတော့ အခန်းဝကနေပြီး 'အို အရှင့်သား၊ အလာဟုအရှင် ပေးသနားတော် မူသဟာကို လာပြီး ယူလှည့်ပါလော့' လို့ ပြောပြီး အခန်းအပ်ကာ ပြန်သွားပါသတဲ့။ သည်တော့မှ သတို့သမီးက အတွင်းဆောင်ထဲ ဝင်လာပြီး "ငါ့အသက် သေသွားချင် သေသွားပစေ၊ သည် ကေုန်းမယားတော့ ငါ မလုပ်ဘူး" လို့ သူ့ဝမ်းထဲမှာ သူ့ဘာသာသူ အောက်မေ့နေပါသတဲ့။ ပြီးတော့ သူ့အတွင်းဆောင်ထဲမှာ ရောက်နေသူဟာ ကေုန်း မဟုတ်ဘဲ ဟာစန်ဖြစ်မှန်း သိတော့မှ သတို့သမီးက 'အလို... ဘယ့်နှယ်လဲ၊ သင် မပြန်သေးဘူးလား။ သည်က စိတ်ထဲမှာ ကေုန်းအစား သင်ဟာ သတို့သားဖြစ်လျှင် ကောင်းမှာပဲလို့ အောက်မေ့နေပါသည်။ သည်လို မဟုတ်တောင်မှဘဲ ကေုန်းနှင့် ရှင်နှင့် ငါ့ကို ဝေယူကြလျှင် ကောင်းမှာပဲလို့ အောက်မေ့နေပါသည်' လို့ ပြောပါသတဲ့။ သည်တော့ ဟာစန်က 'အို မဟုတ်သဟာ အလှရယ်၊ ဘယ်က ကေုန်းက အလှနား လာကပ်ရမှာလဲ၊ ကြဲကြီးစည်ရာ။ သူနှင့် ဝေယူဖို့ ဆိုသဟာ မဖြစ်နိုင်ပါဘူး' လို့ ပြောပါသတဲ့။ သည်တော့ သတို့သမီးက 'နေပါဦး၊ သည်က ခင်ပွန်းသည်က ဘယ်သူလဲ၊ ကေုန်းလား ... သင်လား' လို့ မေးပါသတဲ့။ သည်တော့ ဟာစန်က 'သည်လိုပါ အလှရယ်၊ အခု အစီအစဉ်က ပျော်ဖို့ပါးဖို့ လုပ်နေသည့် အစီအစဉ် မဟုတ်ပါဘူး။ အလှနှင့် သည်က ကြားမှာ အဖျက်အဆီးများ ရှိနေသည့်အတွက် ယတြာချေဖို့ သဘောနှင့် မြင်းထိန်းကေုန်းကို အသပြာ ဆယ်ပြားနှင့်ငှားပြီး အယောင်ဆောင် ခေါ်လာရသဟာပါ။ ယခု သူ့ကိစ္စ ပြီးလို့ ကေုန်းကိုလည်း ပြန်လွှတ်လိုက်ပါပြီ။ သဟာကြောင့် တကယ်ဆိုတော့ အလှရဲ့ ခင်ပွန်းဟာ ကေုန်း မဟုတ်ပါဘူး၊ သည်ကပါပဲ' လို့ ပြောပါ





သတဲ့။ သည်လို ဟာစန်က ပြောတော့ မိန်းမလှက ဝမ်းသာလွန်းလို့ 'သည်လိုပါလား' လို့ ပြောပြီး ချစ်စဖွယ် ရယ်ရှာပါသတဲ့။ ပြီးတော့ မိန်းမလှက 'သည်က ဝမ်းထဲမှာ လောင်နေသည့် မီးဟာတော့ သင်က ငြိမ်းလို့ ငြိမ်းသွားပါပြီ၊ သည်တော့ ကိုလူချော ဆံနက်မောင်က မယ့်ကို သိမ်းလိုက်ပြီး ပွေ့ပိုက်တော်မူပါတော့' လို့ ပြောပါသတဲ့။ ပြီးတော့ မိန်းမလှလေးက 'မောင်ရယ်၊ အလာဟု အရှင်၏ တန်ခိုးတော်နှင့် သည်က နှလုံးကို ခြေတင်ပါတော့။ မောင့်ခြေတင်ရန် စောင့်ရသဟာ ကြာလှပါပြီ။ ပြီးတော့ တိုးတိုးကလေး သည်မယ့်နားထဲကို မောင်က ချစ်တင်း ဆိုလို့ ပြစေချင်ပါသည်။ ဒွန္နယာမှာ သင် ချစ်တင်းလို ချိုသဟာမျိုး ဘယ်မှာမှ ရှိနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ ဘယ်လူပျိုမျှလည်း သည်က နှလုံးပေါ်ကို မသမ်းဖူးသေးပါဘူး။ သဟာကြောင့်မို့ ဆိုပြပါ၊ ဆိုပြပါ၊ သင့်အချစ်တေးသံကိုသာ' လို့ သီချင်းဆိုပါသတဲ့။

ထို့နောက် မိန်းမချောကလေးက အပေါ်ခြုံလွှာကို ဖယ်ရှားလိုက်ပြီးလျှင် ကိုယ်ချပ်ကို လည်တိုင်မှ အောက်သို့ ဖြေချလိုက်ပါသတဲ့။ သည်တော့ သူ့ရဲ့ ပကတိကိုယ်၏



www.burmeseclassic.com

www.burmeseclassic.com



ပြေပြစ်ခြင်းနှင့် တင်ဆုံ၏ ဝိုင်းဝန်းခြင်းကို ဟာစန်က မြင်ရပါသတဲ့။ အဲသလို မွန်မြတ်ရသာ အခြင်းအရာကို မြင်လိုက်ရတော့ ဟာစန်ဟာက အလိုဆန္ဒတွေ ယိုဖိတ်ပြီး သူ့မှာ ပါလာတဲ့ အသပြာ ထောင်အိတ်ကို ခုတင်အောက်ကို ပစ်သွင်းလိုက်ပြီး အတွင်းခံဝတ်လုံကို ချွန်ပြီး အပေါ်ရဲ အဝတ်များကို ချွတ်လိုက်ပါသတဲ့ ။ သည်တော့ မိန်းမချောကလေးက ဟာစန်ကို သူ့အနားကို ဆွဲခေါ်လိုက်ပါသတဲ့။ ဟာစန်ကလည်း သူ လုပ်သလိုပဲ ပြန်လုပ်ပါသတဲ့။ ပြီးတော့ ဟာစန်က မိန်းမချောကလေးကို သူ့ရင်ထဲမှာ ပွေ့ထားပါသတဲ့ ။ မိန်းမချောကလေးဟာက ပုလဲလုံး အရိုင်းကလေး သဘောအတိုင်း ပါပဲတဲ့။ အဲသဟာနှင့် အဲသည်ညမှာ မိန်းမချောကလေးက ဟာစန်လက်ကို ခေါင်းအုံး၊ ဟာစန်က မိန်းမချောကလေး လက်ကို ခေါင်းအုံးပြီး နှစ်ယောက်သား ဖက်ကာ အိပ်ပျော်သွားကြပါရောတဲ့။ ပြီးတော့ အဲသည် ညမှာပဲ မိန်းမချောကလေးမှာ သန္ဓေရပါသတဲ့။ သူတို့နှစ်ယောက်သား အိပ်နေကြသဟာလည်း ကဗျာဆိုရိုတစ်ဦး စာဖွဲ့ထားသည့် ပုံအတိုင်းပါပဲတဲ့။ အဲသည် ကဗျာဆိုရိုတစ်ဦးက ဘယ်လို စာဖွဲ့ထားပါသလဲ ဆိုတော့ "မလိုသူ ပြောစကားကို ဖယ်ရှားပြီး သင့်ချစ်သူဆီ သွားပါ။ ချစ်စိတ်ဝင်နေသူတို့ကို ဝန်တို ငြူစူသူတို့က ကရော်ချော်မယ် မပြုနိုင်ပါ။ အလာဟုအရှင် ဖန်ဆင်းတော်မူသမျှထဲတွင် ကိုယ်ပိုင် ပျော်ရွှင်ခြင်းဖြင့် ခြုံပြီး တစ်ယောက်နှင့်တစ်ယောက် ရင်ဘတ်ချင်း ကပ်ပြီး တစ်ယောက်လက်မောင်း တစ်ယောက် ခေါင်းအုံးကာ တစ်အိပ်ရာတည်းမှာ နှစ်ယောက်တွဲကာ အိပ်နေကြသူ နှစ်ဦးထက် ရှုချင်ဖွယ် ကောင်းသောအရာ မရှိပါ။ အချစ်လျှာဖြင့် ရင်တွင်း နှလုံးတွင်းမှ ချစ်တင်းဆိုနေကြသူ နှစ်ဦးကို ခွဲရန် ကြံသူတို့သည် ဆီနှင့် စိမ်ထားသည့် သံတုံးကို တူနှင့် ထုသကဲ့သို့သာ ရှိမည်။ သင့်အနားမှ မခွာမည့် အချောမယ်ကို တွေ့လျှင် ထိုအချောမယ်ကို သင့်ရဲ့ရင်တွင်း နှလုံးတွင်းကို သွင်းထားပြီး ရာသက်ပန် ပေါင်းပါ။ ချစ်ခြင်းအလုပ်သည် စိတ်ထားမမှန်သူတို့ အရာ မဟုတ်ပါ" လို့။

ဟာစန်တို့ ချစ်သူမောင်နှံ အိပ်ပျော်သွားကြတော့ သရဲထီးက သရဲမအား 'နှမလေးရေ ... မိုးလင်းခါနီးပြီဟေ့၊ လူချောကလေးကို အသာပွေ့ပြီး သူ့နေရာကို ပြန်ပို့ပေတော့' လို့ ပြောပါသတဲ့။ သည်တော့ သရဲမက သရဲထီး ပြောသည့်အတိုင်း ဟာစန်ကို အသာအယာ ပွေ့ပြီး ကောင်းကင်ခရီးဖြင့် ဆောင်သွားပါသတဲ့။ ဟာစန်မှာလည်း ညက ဝတ်ထားသည့် အောက်ခံဝတ်လုံပဲ ပါပါသတဲ့။ ကျန်သည့် အဝတ်နှင့် အသပြာ ကျပ်ကတော့ မိန်းမချောကလေး အခန်းထဲမှာ ကျန်ရစ်ခဲ့ပါသတဲ့။ အရဏ်တက်ချိန် ရောက်တော့ တစ်ဝက်ခရီးရောက်ပြီး ဗလီက ဘုရားရှိခိုး ခေါ်သံများကိုလည်း ကြားရပါသတဲ့။ အဲသည်အခါမှာ အလာဟုအရှင်က စေလွှတ်လိုက်သည့် လောင်မီးဟာ သရဲထီးကို မှန်ပြီး သရဲထီးဟာ ပြာကျသွားပါသတဲ့။ အဲသဟာနှင့် သရဲမလည်း ဟာစန်ကို ဗတ်သောဋမြို့ကို ရောက်အောင်ပို့လျှင် အန္တရာယ်ဖြစ်စရာ မြင်သဟာနှင့် ခရီး ဆက်





မသွားတော့ဘဲ အဲသည်နေရာမှာပဲ ဆင်းပြီး ချထားခဲ့ပါသတဲ့။ အဲသည်နေရာဟာက ဆီဋ္ဌိယပြည် ဒမတ်စကမြို့ တံခါးဝ ဖြစ်ပါသတဲ့။ သရဲမဟာ ဟာစန်ကို ချထားခဲ့ပြီး ပြန်ပြေးပါသတဲ့။ နံနက်လင်းလို့ မြို့သူမြို့သားတွေ မြို့တံခါးဖွင့်ပြီး ထွက်လာကြတော့ ဟာစန်က ညက ပင်ပန်းလာသဟာနှင့် မိုးကြီး ထိန်ထိန်လင်းတောင် မနိုးပါဘူးတဲ့။ သည်တော့ မြို့သူမြို့သားတွေက ဟာစန်ကိုကြည့်ပြီး 'ညက သူနှင့် အိပ်ရသည့် မိန်းမကတော့ ကံထူးသဟာပဲဟေ့' လို့ ပြောကြပါသတဲ့။ အချို့ကတော့ 'ဆွေကြီး မျိုးကြီးသားတွေများ လုပ်လိုက်လျှင်တော့ သည်လိုကြီးပဲဟေ့၊ ညက သည်သူငယ်ဟာ သေရည်ကြူးပြီး မူးမူးဖြင့် ပြန်အလာမှာ မြို့တံခါး ပိတ်သဟာနှင့် သည်နေရာမှာ လာပြီး အိပ်နေသည် ထင်ပါရဲ့' လို့ ပြောကြပါသတဲ့။ မြို့သူမြို့သားတွေက အဲသည်လို တစ်ယောက်တစ်မျိုး တွေးနေကြတုန်းမှာ မိုးသောက်လေ သွေးလိုက်သဟာနှင့် ဟာစန်ရဲ့ ဝတ်လုံဟာ သူ့ရင်ခေါင်းထိအောင် လန်သွားပါသတဲ့။ ဟာစန်ရဲ့ ခြေသလုံးတို့၊ ပေါင်တံတို့ဟာ ဖြူဖွေးနေပါသတဲ့။ သည်တော့ မြို့သူ မြို့သားတွေက 'ဟ ... သည်ကောင်ကတော့ တကယ်ချောတဲ့ အကောင်ပဲဟ' လို့ ဝိုင်းပြီး ပြောကြပါသတဲ့။ သဟာနှင့် ဟာစန်လည်း အိပ်ရာကနိုးပြီး အံ့သြခြင်းမက အံ့သြပြီး 'အလို ... ငါ ဘယ်ရောက်နေပါလိမ့်ကရို့၊ အရပ်ကတို့ ... ငါ ဘယ်ရောက်နေသလဲ၊ သင်တို့က ငါ့ကို ဝိုင်းကြည့်နေကြသဟာကကော ဘာအကြောင်းကြောင့်ပါလဲ' လို့ မေးပါသတဲ့ ။ သည်တော့ မြို့သူမြို့သားတွေက 'ငါတို့လည်း မပြောတတ်ဘူး၊ သင့်ကို သည်တံခါးဝမှာ အိပ်ပျော်နေသဟာ တွေ့သဟာပဲ။ အနို့ နေစမ်းပါဦး၊ သင် ညက ဘယ်မှာ အိပ်ခဲ့သတုံး' လို့ မေးကြပါသတဲ့ ။ သည်တော့ ဟာစန်က 'ညတုန်းက ငါ ကိုင်ရိုမြို့မှာ အိပ်ခဲ့ပါသည်' လို့ ပြောပါသတဲ့။

သည်တော့ တစ်ခါ တချို့က 'ငါ့လူ ဆေးခြောက်ရှူလာပြီ ထင်သည်' လို့ ပြောပါသတဲ့။ တချို့ကတော့ 'အရူးပါကွာ' လို့ ပြောကြသတဲ့။ တချို့ကလည်း 'ငါ့လူ စိတ်မှ နှံ့ရဲ့လား၊ အိပ်တော့ ကိုင်ရိုမြို့မှာ၊ နိုးတော့ ဒမတ်စက မြို့တံခါးမှာ၊ သင့်ဥစ္စာ မဟုတ်သေးပါဘူး' လို့ ပြောကြသတဲ့။ သည်တော့ ဟာစန်က 'ဟုတ်ပါတယ် အဆွေတို့၊ ညက ငါ ကိုင်ရိုမြို့မှာ အိပ်ခဲ့ရိုး မှန်ပါသည်။ မိုးမချုပ်ခင်ကတော့ ငါဟာ ဗတ်သောဋမြို့မှာ ရှိပါသည်' လို့ ပြောပါသတဲ့။

သည်တော့ တချို့က 'ဟုတ်ပေ့ကွာ၊ ဟုတ်ပေ့ကွာ' လို့ ပြောကြပါသတဲ့။ တချို့ကြတော့လည်း 'ပြော်၊ ပြော်' လို့ ပြောကြပါသတဲ့ ။ တချို့ကလည်း 'ဆိုပါတော့၊ ဆိုပါတော့' လို့ ပြောကြပါသတဲ့။ တချို့ကလည်း 'သည်လုလင်ဟာ သရဲ ပူးနေပြီ' လို့ ပြောကြပါသတဲ့။ အဲသဟာနှင့် အားလုံးကပဲ ဟာစန်ကို လက်ခုပ်တီးပြီး ဝိုင်းလှောင်ကြပါသတဲ့။ ပြီးတော့ တချို့က တစ်ခါ 'သည်လုလင်ဟာ သနားစရာပါပဲကွာ၊ ရူးနေ



www.burmeseclassic.com

www.burmeseclassic.com



ရှာပါသည်။ ဒွန္နယာမှာ ရှုးချင်လျှင် ဘယ်လို လူမျိုးမဆို ရှုးနိုင်သဟာပဲ’ လို့ ပြောကြပါသတဲ့။ တချို့ကတော့လည်း ‘သတိထား ပြောပါ လုလင်၊ သင့်ဟာက မနေ့တုန်းကပင် သင် ဗတ်သောင္ဒမှာရှိသည်။ မနေ့ညကျတော့ ကိုင်ရိုမှာ အိပ်သည်။ သည်နေ့မနက်ကျတော့ ဒမတ်စကမှာ ရှိသည် ဆိုလို့ ဘယ့်နှယ် ဖြစ်နိုင်ပါ့မလဲ’ လို့ ပြောကြပါသတဲ့။ သည်တော့ ဟာစန်က ‘တကယ် ပြောသဟာပါ အဆွေတို့၊ ငါဟာ ညတုန်းက ကိုင်ရိုမှာ ရှိပါသည်။ ငါဟာ သတို့သားပါ’ လို့ ပြောပြန်ပါသတဲ့။ သည်တော့ တချို့က ‘ငါ့ကောင် အိပ်မက် မက်နေသဟာနှင့် တူပါသည်။ အခု သင် ပြောသဟာတွေဟာ အကုန်လုံး အိပ်မက်ထဲမှာ တွေ့သဟာတွေချည်းပဲ မဟုတ်လား’ လို့ မေးကြပါသတဲ့။ သည်တော့ ဟာစန်က တစ်ခါ ‘ငါ အိပ်မက် မက်နေသဟာ မဟုတ်ပါဘူး အဆွေတို့ရဲ့၊ တကယ့်ကို ညက ငါ ကိုင်ရိုမှာ ရှိနေသဟာ အမှန်ပါပဲ။ ငါနှင့် အတူတူ ငကုန်းတောင် ရှိပါသေးသည်။ ငကုန်းနှင့် ငါနှင့် ထိုင်နေကြသဟာ မဝေးပါဘူး။ ပြီးတော့ သတို့သမီးလည်း ရှိပါသေးသည်။ တကယ်လို့ ငါ အိပ်မက် မက်နေသဟာဆိုလျှင် ငါ့အသပြာအိတ်တို့၊ ငါ့ဘောင်းဘီတို့၊ ငါ့ခေါင်းပေါင်းတို့ ရှိရမှာပေါ့။ အခု သည်ဟာတွေ တစ်ခုမှ မရှိတော့ဘဲနှင့်’ လို့ ပြောပြီး၊ ဟာစန်ဟာ မြို့ထဲသို့ဝင်ပြီး၊ လမ်းကြိုလမ်းကြားမကျန် အကုန်လျှောက်ပြီး နောက်ဆုံး ဈေးထဲကို ရောက်သွားပါသတဲ့။ မြို့သူမြို့သားတွေကလည်း သူ့နောက်က ဝိုင်းလိုက်ကြပြီး ‘အရူး၊ အရူး’ လို့ အော်ကြပါသတဲ့။ သည်တော့ ဟာစန်က စိတ်မရှည်နိုင်သဟာနှင့် ထမင်းဆိုင်တစ်ဆိုင်ထဲ ဝင်ခိုနေပါသတဲ့။ ထမင်းဆိုင်ရှင်က လူရှုပ်လူပွေ ခိုးတိုက်စားခဲ့သူ ဖြစ်ပါသတဲ့။ သဟာပေမင့် အလာဟုအရှင်၏ အလိုတော်အရ မကောင်းမှုကို နောင်တရပြီး ထမင်းဆိုင် တည်နေပါသတဲ့။ အဲသဟာကြောင့် သူ့ကို မြို့သူမြို့သားတွေက ကြောက်ကြလို့ သူ့ဆိုင်ထဲ ဟာစန် ဝင်သွားတော့ ဘယ်သူမှ ဝင်မလိုက်ဝံ့ကြဘဲ ပြန်သွားကြပါရောတဲ့။ ထမင်းဆိုင်ရှင်ကလည်း ပါးရည်နပ်ရည်ရှိသူဖြစ်တော့ ဟာစန်ကို မြင်မြင်ချင်း အကဲခတ်လိုက်ပြီး “သည်လုလင်ဟာ ခေသည့်အထဲက မဟုတ်ဘူး” လို့ အောက်မေ့လိုက်ပါသတဲ့။

သဟာနှင့် ထမင်းဆိုင်ရှင်က ဟာစန်ကို ‘အမောင်လုလင်၊ ငါသည် သင့်ကို မြင်လျှင်မြင်ချင်း ငါ့အသက်ထက်ပင် ခင်ပါသေးသည်။ ထို့ကြောင့် သင် ဘယ်လို ဖြစ်လာခဲ့သည်ကို ငါ့အား ပြန်ပြောပါလော့’ လို့ ဆိုသတဲ့။ သည်တော့ ဟာစန်က သူ့အဖြစ်အပျက်ကို တစ်လုံးမကျန် ပြန်ပြောပါသတဲ့။ သည်တော့ ထမင်းဆိုင်ရှင်က ‘လူကလေးရယ်၊ မောင့်အဖြစ်ကဖြင့် တကယ်ပဲ ဆန်းပြား မှတ်သားဖွယ် ကောင်းပါပေသည်။ သည်တော့ သည်အကြောင်းတွေကို အသာကလေး သိုဝှက်ထားပြီး ငါနှင့်အတူ သည်မှာပဲ နေသဟာပေါ့ကွယ်။ ငါ့မှာ သားသမီးလည်း မရှိသဟာနှင့် အဆင်သင့်ပါပဲ။ တစ်နေ့ကျတော့ အလာဟု အရှင် မ တော်မူလိမ့်ဦးမပေါ့ကွယ်။ အားမငယ်ပါနှင့်’ လို့





ဆိုသတဲ့။ သည်တော့ ဟာစန်က ‘ကောင်းပါပြီ ဦးတော်ရယ်၊ ဦးတော် ပြောသည့်အတိုင်းပဲ ငါ နေပါ့မည်’ လို့ ပြောပါသတဲ့။ သဟာနှင့် ထမင်းဆိုင်ရှင်က ဈေးထဲသွားပြီးတော့ ဟာစန် ဝတ်ဖို့ အဝတ်အစားများ ဝယ်ပါသတဲ့။ ပြီးတော့ ဟာစန်ကို အဝတ်သစ် အစားသစ် ဆင်ပြီး၊ မြို့ဝန်အိမ်ကို ခေါ်သွားပြီး သားအဖြစ် မွေးစားလိုက်ပါသတဲ့။ အဲသဟာနှင့် ဟာစန်ကို ဒမတ်စက တစ်မြို့လုံးက ထမင်းဆိုင်ရှင်သားလို့ ခေါ်ကြပါသတဲ့။ ဟာစန်ရဲ့ အလုပ်က ဈေးဝယ်လာသည့် လူတွေဆီမှ အသပြာကို ကြည့်ပြီး သိမ်းရပါသတဲ့။ အဲသလိုနှင့်ပဲ ဟာစန်ဟာ ဒမတ်စကမြို့မှာ အတော်ကြာကြာ နေရပါသတဲ့။

ကိုင်း ဟာစန့်အကြောင်းကို သည်မှာ ခဏရပ်ပြီး ကိုင်ရိုက မိန်းမချောကလေး အကြောင်းကို ပြောပြပါဦးမည်။

မိန်းမချောကလေးဟာ မိုးလင်းလို့ အိပ်ရာကနိုးတော့ ဟာစန်ကို မတွေ့တော့ပါဘူးတဲ့။ သဟာပေမင့် သူ့စိတ်ထဲက ဟာစန် တစ်ခါတည်း ပျောက်သွားသည်လို့ မထင်ဘဲ နောက်ဖေး ထသွားသည် ထင်သဟာနှင့် တစ်နာရီလောက် အိပ်ရာနားကနေပြီး စောင့်နေပါသတဲ့။ အဲသည်အချိန်မှာ သူ့အဖေ မဟာမက် ရောက်လာပါသတဲ့။ မဟာမက်ကလည်း သူ့သမီးအဖြစ်ကို တွေးပြီး၊ စိတ်မကောင်း ဖြစ်ပြီး သူ့စိတ်ထဲက “ငါ့သမီးဟာ သူ့အအလိုအလျောက်များ ငကုန်းရဲ့ အလိုကို လိုက်ပြီး ငကုန်းရဲ့မယား အဖြစ်ခံလျှင်တော့ တစ်ခါတည်း သတ်ပစ်မည်” လို့ ကြံထားပါသတဲ့။ အဲသဟာနှင့် သူ့သမီးရဲ့ အခန်းဝ သွားပြီး ‘ဟေ့ . . . သမီးချောရေ’ လို့ ခေါ်ပါသတဲ့။ သည်တော့ သူ့သမီးက ညက ခံစားထားသည့် စည်းစိမ်များကြောင့် နုံးနုံးခွေခွေနှင့် ဒယီးဒယိုင် ထွက်လာပြီး ‘သမီး ဒီမှာ ရှိပါသည် အဖေ’ လို့ ဆိုပါသတဲ့။ သူ့သမီးကလည်း ဟာစန်ရဲ့ ရင်ခွင်ထဲ တစ်ညအိပ်လိုက်မှ အလျင်က ထက်တောင် ပိုပြီး ချောလှနေပါသေးသတဲ့။ သည်တော့ သူ့အဖေ မဟာမက်က စိတ်ဆိုးပြီး ‘ဟဲ့ . . . အယုတ်မ၊ ငကုန်းကိုရလို့ နင်က အပျော်ကြီးပျော်နေသဟာ ပေါ့လေ’ လို့ ဆိုပါသတဲ့။

သည်တော့ သူ့သမီး အလှထိပ်တင်က ချစ်စရာကလေး ပြုံးပြီး ‘အဖေက သမီးကို အပြစ်တင် မစောပါနှင့်ဦး အဖေရယ်၊ မနေ့က ငကုန်းနှင့် သူများတွေ လှောင်စရာပြောင်စရာ ဖြစ်ရသဟာ ဟာ အလကားပါ။ တကယ်ဆိုတော့ ငကုန်းဟာ သမီး ယောကျ်ားရဲ့ ဖိနပ်အောက်က ကပ်နေတဲ့ ခြေမှုန့်လောက်တောင် အဖိုးတန်သည့် အကောင် မဟုတ်ပါဘူး။ သမီးဖြင့် ညကလို ညမျိုးတော့ တစ်ခါမျှ မတွေ့ဖူးဘူးပါဘူး။ သဟာကြောင့် အဖေက ငကုန်းနှင့် ကျီစယ်မနေပါနှင့်တော့’ လို့ ပြောပါသတဲ့။ သည်တော့ မဟာမက်က စိတ်သိပ်ဆိုးလာပြီး ‘ဟဲ့ . . . အယုတ်တမာမ၊ ငါ့ကို ဘာရိသ့ဲသဲ့ ပြောနေရသဟာလဲ။ ညတုန်းက သင်ဟာ ငကုန်းနှင့် အိပ်ပြီးတော့ သည်ငကုန်းကောင်များ



www.burmeseclassic.com

www.burmeseclassic.com



သင်က-ရွှေမင်းသားကလေး ထင်နေသလား’ လို့ ဆိုပါသတဲ့။ သည်တော့ သူ့သမီးက ‘အလာဟုအရှင် သိပါသည် အဖေရယ်၊ သမီး ညတုန်းက ကျေန်းနှင့် မအိပ်ရပါဘူး။ ကျေန်းကို အသပြာ ဆယ်ပြားပေးပြီး ဟန်ဆောင်ဖို့ ခေါ်လာသဟာပါ အဖေရဲ့။ သူ့ကို အသပြာဆယ်ပြားပေးပြီး အစားကလေး ဘာလေး ကျွေးလိုက်လို့ ကျေန်း ပြန်သွားပါပြီ။ သမီးရဲ့ ဖူးစာရှင် အမှန်က ညတုန်းက ကချေသည်မတွေက သမီးဆီကို လမ်းပြပေးလိုက်ကြလို့ ရောက်လာသည့် လူပါ။ တခြားပါ အဖေရဲ့။ မျက်လုံးကလည်း ကောင်း၊ မျက်ခုံးကလည်း ကောင်း၊ ချောလိုက်သဟာကလည်း လွန်လို့ပါ အဖေရယ်။ သမီး ညတုန်းက သူ့ရင်ခွင်ထဲမှာပဲ အိပ်ပါသည် အဖေရဲ့’ လို့ မိန်းမချောကလေးက ပြောပါသတဲ့။

သူ့သမီးက သည်လို ပြောပေမင့် မဟာမက်က မယုံပါဘူးတဲ့။ အဲသဟာနှင့် သူ့သမီးကို ပိုပြီး စိတ်ဆိုးလာပြီး ‘ဟဲ့... အော့ကြောလန်မ၊ သင် ရူးနေသလား၊ ဘာတွေ လျှောက်ပြောနေရသလဲ’ လို့ ဆိုပါသတဲ့။ သည်တော့ သူ့သမီးက ‘အဖေကလည်း တယ် ခက်သဟာကိုး အဖေရဲ့၊ တကယ် ပြောနေသဟာပါ အဖေရဲ့။ သမီးရဲ့ ပန်းဦးပန်ဟာ နောက်ဖေးကို ခဏသွားနေပါသည်။ ပြီးတော့ သမီးလည်း ယခု ကိုယ်ဝန် နှင့်ပါ’ လို့ ပြောပါသတဲ့။ သည်တော့ မဟာမက်က အံ့ဩသွားပြီး အိမ်သာဘက်သို့ ထွက်သွားပါသတဲ့။ အိမ်သာထဲရောက်တော့ လားလား ကျေန်းဟာ အိမ်သာပေါက်ထဲမှာ အုန်းပင်စိုက်ပြီး ခြေထောက်နှစ်ချောင်းက မိုးမျှော်ဖြစ်နေသဟာ တွေ့ရပါသတဲ့။

သည်တော့ မဟာမက်က ‘ဟဲ့... ကျေန်း မဟုတ်လား၊ နင် ဘာလုပ်နေသဟာလဲ’ လို့ မေးပါသတဲ့။ သည်တော့ ကျေန်းက သရဲထီးလာသည် မှတ်လို့ လန့်သွားပြီး ‘အမယ်လေး... အလာဟုအရှင် ကယ်တော်မူပါ’ လို့ အော်ပါသတဲ့။ သည်တော့ တစ်ခါ မဟာမက်က ‘ဟဲ့...ကျေန်း၊ နင် ဘာလုပ်နေသဟာလဲ၊ ပြောစမ်း၊ မပြောဘူးလား။ မပြောလျှင် နင့်ကို ငါ တစ်ခါတည်း ခေါင်းဖြတ်သတ်လိုက်မည်’ လို့ ဆိုပါသတဲ့။

သည်တော့ ကျေန်းက ‘ငါ့အသက်ကို ချမ်းသာပေးပါ သရဲမင်းရယ်။ ငါဟာ သင် ထားခဲ့သည့်အတိုင်း သည်နေရာက ဘယ်မှ မရွေ့ပါဘူး။ သဟာ့ကြောင့် အလာဟု အရှင်ရဲ့ မျက်နှာတော်ကို ထောက်ပြီး ငါ့ကို သက်သက်ညှာညှာ လုပ်ပါ သရဲမင်းရယ်’ လို့ ပြောပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီး မဟာမက်က ‘ဟဲ့... ကျေန်း၊ သင် ဘာတွေ လျှောက်ပြောနေရသလဲ။ ငါ သရဲ မဟုတ်ဘူးဟဲ့၊ သတို့သမီးရဲ့ အဖေလေ’ လို့ ဆိုပါသတဲ့။ သည်တော့ ကျေန်းက ‘တော်စမ်းပါ နန်းရင်းဝန်၊ သင့်ကြောင့် ငါကံကောင်းလို့ မသေရသည်။ သရဲမင်း မလာခင် သင် သွားစရာ ရှိသဟာ သင့်ဟာသင် မြန်မြန် သွားစမ်းပါ။ သင်ဟာ ငါ့ကို သင့်သမီး ကျွဲကြိုက်မ၊ သရဲကြိုက်မနှင့်မှ ပေးစားဖို့ ကြံရသလား၊ တခြားမိန်းမတွေ မရှိလို့လား၊ ယခု ငါ သည်လို ဖြစ်ရသဟာဟာ သည် ဟာမနှင့် ငါ့ကို ပေးစားဖို့ လုပ်ကြလို့ ဖြစ်ရသဟာပဲ။ သဟာကြောင့် သည်ဟာမရော၊





ငါ့ကို သည်ဟာမနှင့် ပေးစားဖို့ လုပ်ကြသည့် လူတွေရော အလာဟုအရှင် အပြစ်ဒဏ် ခတ်တော်မူပါစေ’ လို့ ကျိန်ဆဲပါသတဲ့။

သည်တော့ မဟာမက်က ‘ဟဲ့ ကျေန်း၊ သင့်ကို ငါ အသွားခိုင်းနေသဟာ သင် မသွားဘူးလား’ လို့ မေးပါသတဲ့။ သည်တော့တစ်ခါ ကျေန်းက ‘ဟဲ့ ငါ အရူး မဟုတ်ဘူးဟဲ့၊ နင် သွားဆိုတိုင်း ငါ မသွားနိုင်ဘူး။ သရဲမင်းက ငါ့ကို မှာထားခဲ့သည်၊ နေထွက်မှ သွားရမည်လို့။ ဘယ့်နှယ်လဲ၊ အခု နေထွက်ပြီလား’ လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က ‘ဟဲ့ ကျေန်း၊ သည်အိမ်သာထဲကို သင့်ကို ဘယ်သူ ခေါ်လာသလဲ’ လို့ မေးပါသတဲ့။ သည်တော့ ကျေန်းက ‘သည် အိမ်သာထဲကို ငါ လာသဟာက သူများကို တစ်ဆင့် ခိုင်းလို့မရသည့် ကိစ္စအတွက် လာရသဟာ’ လို့ ဆိုပြီး လွန်ခဲ့သည့် ညက သရဲနှင့် သူနှင့် ဖြစ်ပုံများကို အစအဆုံး ပြန်ပြောပြပါသတဲ့။ သည်တော့မှ မဟာမက်က ကျေန်းဆီသွားပြီး အိမ်သာပေါက်ထဲက ဆွဲထုတ်ပေးလိုက်ပါသတဲ့။ သည်တော့ ကျေန်းလည်း ဝမ်းသာအားရနှင့် တစ်ခါတည်း ထွက်ပြေးပြီး၊ နန်းတော်ထဲ ဝင်ပြီး ရှင်ဘုရင်ကို အကျိုးအကြောင်း အကုန် ပြန်လျှောက်ပါသတဲ့။

အဲဒီအချိန်မှာ မဟာမက်က သူ့သမီးအခန်းထဲသွားပြီး ‘သင့်ဟာက ဘယ်လို ဟာလဲ သမီးရယ်၊ ငါ စိတ်ရှုပ်လိုက်ပါဘိ’ လို့ ပြောပါသတဲ့။ သည်တော့ သူ့သမီးက ‘သမီးလည်း ဘာသိမလဲ အဖေ၊ သူတို့က သမီးနှင့် ထိမ်းမြားဖို့ဆိုသည့် သတို့သားနှင့်ပဲ တစ်ညလုံးအိပ်ပြီး အခုတော့ သမီးမှာ ကိုယ်ဝန်ရနေပြီ အဖေရဲ့။ သမီး ပြောသဟာကို မယုံလို့ရှိရင် ဟောဟိုမှာ ကြည့်ပါလား။ သူ့ခေါင်းပေါင်းရယ်၊ သူ့ဓားရယ်၊ ပြီးတော့ ဘာလဲ မသိဘူး၊ ထုပ်ထားသည့် အထုပ်ကလည်း တစ်ခု ရှိသေးသည်’ လို့ ပြောသတဲ့။

သည်တော့ မဟာမက်က ဟာစန် ကျန်ရစ်ခဲ့သည် ခေါင်းပေါင်းရယ်၊ ဘောင်းဘီရယ်၊ အထုပ်ရယ်ကို ကြည့်ပြီး ‘ဟဲ့... သည် ခေါင်းပေါင်းဟာ ဆင်းရဲသားတွေ ပေါင်းသည့် ခေါင်းပေါင်းမျိုး မဟုတ်ဘူး။ နန်းရင်းဝန်များ ပေါင်းသည့် ခေါင်းပေါင်းမျိုးဟာ။ ဟောသည်မှာလည်း အသပြာတစ်ထောင်ပါကော’ ဟု ပြောပြီး နောက်ထပ် သေသေ ချာချာ ရှာတော့ စာရွက်ကလေးတစ်ခု တွေ့ပါသတဲ့။ အဲသည် စာရွက်က အီဂျစ်ပြည်သား အလီရဲ့သား ဟာစန်နှင့် ရေဝတီတို့ အရောင်းအဝယ် လုပ်ကြသည့် စာချုပ် ဖြစ်နေပါသတဲ့။ မဟာမက်က အဲသည်စာချုပ်ကို ဖတ်လိုက်ရတော့ တစ်ခါတည်း အကျိုးစုံ အကြောင်းစုံကို သိသွားပြီး၊ ‘အမယ်လေး ဖြစ်မှ ဖြစ်ရလေသည်’ လို့ အော်ပြီး၊ သတိ လစ်ပြီး လဲသွားပါသတဲ့။ နောက် သတိရတော့မှ အံ့ဩသွားသည့် မျက်နှာနှင့် သူ့သမီးကို ကြည့်ပြီး ‘သမီးရေ... ဗွန္နယာကြီးမှာ အလာဟု အရှင်သာ စိုးပိုင်သဟ၊ အခု သမီးရဲ့ ပန်းဦးပန်ဟာ တခြားသူ မဟုတ်ဘူးဟေ့။ ငါ့ညီ အလီရဲ့သား သင့်မောင်ပဲဟ’ လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တစ်ခါ ဟာစန်ရဲ့ ပစ္စည်းများကို ရှာဖြန်တော့ သူညီ အလီ သေခါနီး ရေးပေးသွားတဲ့ မှာတမ်းကိုပါ တွေ့ပြန်ပါသတဲ့။ သည်တော့ မဟာမက်က သည်းထန်စွာ ငိုကြွေးပြီးတော့ အလီရဲ့စာကို ဖတ်ကြည့်ပါသတဲ့။ နောက်ပြီးတော့ သက္ကရာဇ်များကို အသေအချာ စစ်ကြည့်လိုက်တော့ သူ ထိမ်းမြားသည့် အချိန်နှင့် သူ့သမီး ပဋိသန္ဓေတည်တဲ့ အချိန်ဟာလည်း တစ်ချိန်တည်း ဖြစ်နေပါသတဲ့။ အဲသဟာနှင့် အားရဝမ်းသာ စာကို ယူသွားပြီး ရှင်ဘုရင်ကြီးကို သွားလျှောက်ပါသတဲ့။ ရှင်ဘုရင်ကလည်း ဖြစ်ရပုံ ဆန်းကြယ် သဟာနှင့် အံ့သြခြင်းမက အံ့သြပြီး အဲသည် အဖြစ်အပျက်များကို ရွှေတိုက်မှာ မှတ်တမ်း အတင် ခိုင်းထားပါသတဲ့။

အဲသဟာနှင့် မဟာမက်လည်း သူ့တူသမက် ဟာစန် အလာကိုသာ စောင့်နေပါသတဲ့။ ဟာစန်က တစ်ရက်လည်း မလာ၊ နှစ်ရက်လည်း မလာ၊ သုံးရက်လည်း မလာ၊ နောက်ဆုံးကျတော့ ခုနစ်ရက် ရှိသော်လည်း မလာပါဘူးတဲ့။ ပြီးတော့ သတင်းလည်း ဘာမျှ မကြားရပါဘူးတဲ့။ အဲသဟာနှင့် မဟာမက်က သူ့သမီး ထိမ်းမြားသည့် အိမ်ကြီးကို အခန်းကြီး၊ အခန်းငယ်၊ အိပ်ရာ၊ ခြင်ထောင် မကျန် ပြည့်စုံအောင် ပုံစံဆွဲထားပါသတဲ့။ ပြီးမှ အိမ်ထောင် ပရိဘောဂတွေကို သူ့အိမ်ကို အကုန်လုံး ပြောင်းထားပြီး ဟာစန်ရဲ့ ပစ္စည်းများကို အခန်းတစ်ခုထဲမှာ သော့ခလောက်ကြီး ကြီးကြီးနှင့် ခတ်၍ သိမ်းထားပြီး ဟာစန် အလာကိုပဲ စောင့်နေပါသတဲ့။ သူ့သမီးကလည်း နေ့ လစေ့တော့ ဟာစန်လိုပဲ နဖူးရေ ဒူးရေနှင့် ပြည့်စုံတဲ့ လပြည့်ဝန်းနှင့်တူသည့် သားချောသားလှကလေးကို မွေးပါသတဲ့။ ပြီးတော့ သူ့သားကလေးကို အဂျစ်လို့ နာမည်ပေးပါသတဲ့။ အဓိပ္ပာယ် ကတော့ အံ့ဖွယ်လို့ ရပါသတဲ့။

အံ့ဖွယ်ကလေးဟာ အင်မတန် ထွားကျိုင်း သန်စွမ်းပါသတဲ့။ အဲသဟာနှင့် ခုနစ်နှစ်သား အရွယ်ကျတော့ ပညာသင်ဖို့ ကျောင်းကို ပို့လိုက်ပါသတဲ့။ ကျောင်းရောက်သွားသည့်အခါမှာ အံ့ဖွယ်ကလေးက ကျောင်းသားဖော်များကို မခံနိုင်လောက်အောင် ထိုးကြိတ်ကန်ကျောက် ဆဲဆိုတိုင်းထွာ လုပ်ပါသတဲ့။ အဲသဟာနှင့် ကျောင်းသားဖော်များဟာ သူ့နားကို ဘယ်သူမှ မကပ်ဝံ့ကြပါဘူးတဲ့။ တစ်နေ့တော့ ကျောင်းသားများက စုပြီး အကြီးအကဲ လုပ်သည့် ကျောင်းသားမှူးဆီသို့ သွားတိုင်ကြပါသတဲ့။ သည်တော့ ကျောင်းသားမှူးက 'ငါ့ကောင်တို့ ... သည်လိုဆိုလျှင် ငါ အကြံတစ်ခု ပေးမည်၊ နောက်နေ့ အံ့ဖွယ် ကျောင်းကို လာသည့်အခါမှာ သင်တို့က သူကြားလောက်အောင် သင်တို့ အချင်းချင်း ပြောကြရမည်။ တို့ထဲမှာ ကိုယ့်အမေ ဘယ်သူ၊ ကိုယ့်အဖေ ဘယ်သူ ဆိုသဟာ ပြောနိုင်သည့်သူမှ တို့ကစားသည့် အထဲကို ပါရမည်။ လူဖြစ်ပြီး ကိုယ့်အမေ ဘယ်သူ၊ ကိုယ့်အဖေ ဘယ်သူ ဆိုသဟာ မသိလျှင် အလေဏတောထဲက ဖြစ်လို့ တို့နှင့် မကစားရဘူးလို့ ပြောကြရမည်။ ပြီးတော့ သင်တို့ အချင်းချင်း သင့်အမေ ဘယ်သူလဲ၊ သင့်အဖေ ဘယ်သူလဲလို့ မေးကြရမည်' လို့ အကြံပေးပါသတဲ့။





နောက်တစ်နေ့ အံ့ဖွယ် ကျောင်းတက်လာတော့ ကျောင်းသားတွေက သူတို့ ကျောင်းသားမှူး စီစဉ်ထားသည့်အတိုင်း 'သင့်အမေ ဘယ်သူလဲ၊ သင့်အဖေ ဘယ်သူလဲ' လို့ တစ်ယောက်နှင့်တစ်ယောက် မေးကြပါသတဲ့။ သည်တော့ ကျောင်းသားတိုင်း ကျောင်းသားတိုင်းကပဲ သူ့အမေ ဘယ်သူ၊ သူ့အဖေ ဘယ်သူ ဆိုသဟာ ပြောကြပါသတဲ့။ သဟာနှင့် အံ့ဖွယ်အလှည့် ရောက်တော့ အံ့ဖွယ်က သူ့အမေဟာ အလှထိပ်တင် ဆစ်တယဟုန်း ဖြစ်သည်လို့ ပြောပါသတဲ့။ သည်တော့ ကျောင်းသားတွေက 'သဟာဖြင့် သင့်အဖေကကော' လို့ မေးကြပြန်ပါသတဲ့။ သည်တော့ အံ့ဖွယ်က 'ငါ့အဖေဟာ အီဂျစ်ပြည်က နန်းရင်းဝန်ကြီးပေါ့' လို့ ပြောပါသတဲ့။ သည်တော့ ကျောင်းသားတွေက ဝိုင်းရယ်ပြီး 'တယ်ဟုတ်သည်' လို့ ဆိုကြပါသတဲ့။ ပြီးတော့ ကျောင်းသားတွေက အံ့ဖွယ်ကို 'ဟဲ့ အံ့ဖွယ်ရဲ့၊ နန်းရင်းဝန်ကြီးက နင့်အဖေ မဟုတ်ဘူးဟဲ့။ နင့်အမေရဲ့ အဖေ၊ နင့်အဘိုးဟဲ့' လို့ ပြောကြပါသတဲ့။

ပြီးတော့ ကျောင်းသားတွေက အံ့ဖွယ်ကို ဝိုင်းပြီး 'ကောင်လေးတစ်ယောက် ရှက်ပါသဟေ့၊ သူ့အဖေ ဘယ်သူမှန်းလဲ မသိဘူး' လို့ လှောင်ကြပါသတဲ့။ ပြီးတော့ ကျောင်းသားမှူးက 'သင့်အမေကို ရှင်ဘုရင်က မြင်းထိန်းကေုန်းနှင့် ပေးစားလိုက်သည်။ အဲသည်အခါမှာ သရဲထီးက သင့်အမေနဲ့ ဝင်အိပ်သွားသဟာ။ သင့်မှာ အဖေလို့ မည်မည်ရရ ခေါ်စရာ ရှိသဟာ မဟုတ်ဘူး။ သဟာနှင့်များတောင် သင်က လူဝါးဝပြီး ဟိုလူ့လိုက် အနိုင်ကျင့်၊ သည်လူ့လိုက် အနိုင်ကျင့် လုပ်နေရသေးသည်။ လူမှန်လျှင် သူတောင်းစားတောင်မှ သူ့အဖေ ဘယ်သူဆိုသဟာကို ပြောနိုင်သည်။ သည်တော့ ငါ့လူရာ သိပ်ပြီး လူဝါးမဝချင်ပါနှင့်' လို့ ပြောပါသတဲ့။ သဟာနှင့် အံ့ဖွယ်ကလေးဟာ ရှက်သွားပြီး သူ့အမေဆီကို တစ်ခါတည်း ပြန်ပြေးပြီး၊ ငိုယိုပြီး တိုင်ပါသတဲ့။

အိမ်ရောက်သွားတော့ အံ့ဖွယ်က 'အမေရေ... ငါ့အဖေ ဘယ်သူလဲ' လို့ မေးပါသတဲ့။ သည်တော့ သူ့အမေက 'ဟဲ့ သားရဲ့၊ သင့်အဖေဟာ အီဂျစ် နန်းရင်းဝန်ကြီးပေါ့ကွယ်' လို့ ပြောပါသတဲ့။ သည်တော့ အံ့ဖွယ်လေးက 'အမေက ငါ့ကို ညာမနေပါနှင့်၊ နန်းရင်းဝန်ကြီးဟာ ငါ့အဖေ မဟုတ်ပါဘူး၊ အမေရဲ့ အဖေပါ။ ငါ့အဖေ ဘယ်သူလဲ ပြောပါ၊ မပြောလျှင် ငါ ကြိုးဆွဲချသေမည်' လို့ ဆိုပါသတဲ့။

အဲသဟာနှင့် သူ့အမေကလည်း အပြောရ ခက်သဟာနှင့် ငိုပါသတဲ့။ သည်တော့ အံ့ဖွယ်ကလေးကလည်း သူ့အမေနှင့်ရောပြီး ငိုပါသတဲ့။ အဲသည်အခါ မှာ နန်းရင်းဝန်ကြီး မဟာမက် ရောက်လာပြီး အကျိုးအကြောင်းကို မေးပါသတဲ့။ သည်တော့ အံ့ဖွယ်နှင့် သူ့အမေက အကျိုးအကြောင်း ပြန်ပြောပြပါသတဲ့။ အဲသဟာနှင့် မြေးအဘိုးသုံးယောက် အကြံအိုက်ပြီး ခေါင်းချင်းဆိုင်ပြီး ငိုကြပါသတဲ့။ ပြီးတော့ မဟာမက်က ဘုရင့်ရှေ့တော်မှောက်ကို ဦးတိုက်ဝင်ပြီး၊ အကျိုးအကြောင်း လျှောက်ပြီး သူ့သမက် ဟာစန်ကို



www.burmeseclassic.com

www.burmeseclassic.com



ဗတ်သောဥမြို့ သွားပြီးရှာရန် ခွင့်တောင်းပါသတဲ့။ ပြီးတော့ ဟာစန်ကို တွေ့လျှင် တွေ့ရာနေရာမှာ ဖမ်းပြီး ခေါ်လာနိုင်ဖို့ အမိန့်တော်လည်း ရေးပြီး ပေးလိုက်ဖို့ ရှင်ဘုရင်ကို လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်က အကျိုးအကြောင်း နားထောင်ပြီး မဟာမက်ကို ဟာစန် သွားရှာဖို့ ခွင့်ပေးလိုက်ပါသတဲ့။ မဟာမက် အလိုရှိတဲ့ အမိန့်တော်ကိုလည်း ရေးပေးလိုက်ပါသတဲ့။ အဲသဟာနှင့် မဟာမက်က သူ့အိမ် ပြန်လာပြီး ဟာစန်ကို အရှာထွက်ဖို့ ပြင်ဆင်ပါသတဲ့ ။ ပြင်ဆင်လို့ ပြီးတော့ တပည့်တပန်း အစုံအလင်နှင့် ဗတ်သောဥမြို့ဘက်သို့ ထွက်ခဲ့ကြပါသတဲ့။

ဗတ်သောဥမြို့ မရောက်ခင် ဒမတ်စကမြို့ ရောက်တော့ မြို့ပြင်မှာ တဲထိုးပြီး နားနေကြပါသတဲ့။ အဲသည်တော့ အံ့ဖွယ်နှင့် သူ့အထိန်းတစ်ယောက်က ဒမတ်စကမြို့ထဲသို့ သွားလည်ကြပါသတဲ့။ အဲသလို လည်ကြရတော့ သူ့အဖေ ဟာစန်ရဲ့ မုန့်ဆိုင်ရှေ့ကို ရောက်သွားကြပါသတဲ့။ ဟာစန်ကလည်း သူ့ကို မွေးစားသည့် ဆိုင်ရှင် သေသွားသဟာနှင့် ဆိုင်တစ်ခုလုံးကို အမွေရလိုက်ပြီး မုန့်ဆိုင်ရှင် ဟာစန် ဖြစ်နေပါသတဲ့။ အံ့ဖွယ်ကလည်း လူချောကလေးတစ်ယောက် ဖြစ်တော့ မြို့သူမြို့သားတွေက နောက်က ဝိုင်းလိုက်ပြီး ကြည့်ကြပါသတဲ့။

ဟာစန့်ဆိုင်ရှေ့ ရောက်တော့ သွေးပြောသဟာနှင့် ဟာစန်ကလည်း အံ့ဖွယ်ကို မြင်လျှင်မြင်ချင်း အင်မတိ အင်မတန် ချစ်ပါသတဲ့။ အံ့ဖွယ်ကလည်း ဟာစန်က ချစ်သလိုပဲ ပြန်ပြီး ချစ်ပါသတဲ့။ အဲသဟာနှင့် ဟာစန်က အံ့ဖွယ်ကို မုန့်စားဖို့ ဆိုင်ထဲကို ခေါ်ပါသတဲ့။ အံ့ဖွယ်က ဆိုင်ထဲကို ဝင်မည်လုပ်တော့ သူ့အထိန်းက နန်းရင်းဝန်ကြီး တစ်ယောက်ရဲ့ မြေးဟာ တွေ့ကရာ ဆိုင်ထဲကို ဝင်လျှင် မတော်ပါဘူးလို့ ပြောပါသတဲ့။ သည်တော့ ဟာစန်က သူ့အထိန်းကို အကျိုးအကြောင်း ပြောပြီး တောင်းပန်ပါသတဲ့။ အဲသဟာနှင့် အံ့ဖွယ်က ဆိုင်ထဲဝင်ပြီး ဟာစန် ကျွေးသဟာ မွေးသဟာတွေကို စားပါသတဲ့။

ပြီးတော့ အံ့ဖွယ်က တစ်နေ့မှာ အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် သူတို့ ရှာနေသူကို တွေ့ကောင်းပါရဲ့လို့ ပြောပါသတဲ့။ သည်တော့ ဟာစန်က ‘သြော်... သားတို့ အရွယ်ကလေးတောင်မှ ချစ်သူခင်သူများနှင့် ကွဲနေရှာရသကိုး’ လို့ ဆိုပါသတဲ့။ သည်တော့ အံ့ဖွယ်က ‘မှန်ပါသည် ဦးရယ်၊ အခု ငါ ရှာနေသူဟာ တခြားသူ မဟုတ်ပါဘူး၊ ငါ့အဖေပါပဲ။ ငါ့အဘိုးလည်း အခု ငါနှင့်အတူ ပါလာပါသည်။ ငါ့အဖေကို ငါ သိပ်ပြီး တွေ့ချင်သဟာပါပဲ ဦးရယ်’ လို့ ဆိုပါသတဲ့။ ပြီးတော့ အံ့ဖွယ်က ငိုရှာပါသတဲ့။ သည်တော့ ဟာစန်ကလည်း သနားပြီး ဝိုင်းငိုပါသတဲ့။

ပြီးတော့ စားလို့သောက်လို့လည်း ဝကြသဟာနှင့် အံ့ဖွယ်နှင့် သူ့အထိန်းတို့ ဆိုင်ထဲကထွက်ပြီး ပြန်ကြပါသတဲ့။ သည်တော့ ဟာစန် စိတ်ထဲမှာ အသည်း





ကြွေသွားသလို ဖြစ်ပြီး မနေတတ် မထိုင်တတ် ဖြစ်သွားပါသတဲ့။ အဲသလိုနှင့် အံ့ဖွယ်ကို သူ့မျက်စိအောက်က အပျောက်မခံနိုင်သဟာနှင့် ဟာစန်က ဆိုင်ကို ပိတ်ပြီး အံ့ဖွယ်တို့နောက် လိုက်သွားပါသတဲ့။ ဟာစန်က ခြေကုန်သုတ်ပြီး လိုက်သွားသဟာနှင့် အနောက်တံခါး မထွက်ခင်ဘဲ အံ့ဖွယ်နှင့် သူ့အထိန်းကို မီပါသတဲ့။ အဲသည်အခါမှ အထိန်းက နောက်လှည့်ကြည့်လိုက်တော့ ဟာစန်ကို မြင်ပြီး သည်ကောင် ဘာလို့ ငါတို့နောက် ထက်ကြပ် လိုက်လာပါလိမ့်လို့ အောက်မေ့ပြီး ‘သင် ဘာဖြစ်လာသလဲ’ လို့ မေးပါသတဲ့။

သည်တော့ ဟာစန်က ‘သင်တို့ ပြန်သွားကြတော့ ငါ့စိတ်ထဲမှာ ငါ့လိပ်ပြာဟာ သင်တို့နောက်ကို တစ်ခါတည်း ပါသွားသလို ဖြစ်သွားပါသည်။ သဟာနှင့် ငါလည်း မြို့ပြင်မှာ ကိစ္စတစ်ခုရှိတော့ သင်တို့နှင့် အတူလိုက်ပြီး မြို့ပြင်ကျမှ ငါ့ကိစ္စရှိရာကို သွားမည်လို့ အောက်မေ့လို့ပါ’ ပြောပါသတဲ့။ သည်တော့ အထိန်းက စိတ်ဆိုးလာပြီး ‘ငါ ထင်သည့်အတိုင်း ဖြစ်သဟာပဲ၊ သူ ကျွေးသဟာကို ငါတို့စားမိသဟာ ငါတို့တော့ ဂြိုဟ်မွှေသဟာပဲ။ ကျေးဇူးကန်းသဟာတော့လည်း မဟုတ်ပါဘူး။ အခု ကြည့်လေ၊ သည်ကောင်က တို့သွားရာနောက်က တကောက်ကောက် လိုက်နေပြီ။ လူမှု နားမလည် သည့် လူတွေဟာ သည်လိုချည်းပါပဲ’ လို့ အံ့ဖွယ်ကို ပြောပါသတဲ့။

သဟာနှင့် အံ့ဖွယ်က လှည့်ကြည့်လိုက်တော့ ဟာစန်က နောက်က လိုက်လာတုန်းပဲ ရှိသေးသတဲ့။ သည်တော့ အံ့ဖွယ်ကလည်း စိတ်ဆိုးပြီး မျက်နှာ နီလာပါသတဲ့။ သဟာနှင့် အံ့ဖွယ်က ‘လမ်းမကြီးအတိုင်းတော့ သူ လိုက်ပါစေဦးကွာ။ တို့တဲဘက်ကို ကွေ့သွားလို့များ သူ ဆက်လိုက်လာလျှင်တော့ သူ့ကို လူမှု နားလည်သွားအောင် လုပ်ပြလိုက်ရမှာပေါ့’ လို့ အထိန်းကို ပြောပါသတဲ့။

အဲသဟာနှင့် အံ့ဖွယ်တို့ နှစ်ယောက်က ခေါင်းငုံ့ပြီး သူတို့ တဲဘက်ကို ဆက်လျှောက်လာကြပါသတဲ့။ တဲနားနီးလို့ လှည့်ကြည့်လိုက်တော့ ဟာစန်က သူတို့ နောက်နားက ကပ်ပြီး လိုက်လာသဟာကို တွေ့ရပါသတဲ့။ သည်တော့ အံ့ဖွယ် စိတ်ထဲမှာ မတော်တဆ သူ့အထိန်းက အဘိုးကို ပြန်များ ပြောလိုက်မလား ဆိုပြီး အများကြီး ပူသတဲ့။ ဆိုင်ထဲ ဝင်စားမိသဟာက တစ်ပြစ် ဖြစ်နေသည့် အပေါ်မှာ စားလည်းပြီးရော ဆိုင်ရှင်က နောက်က တကောက်ကောက် လိုက်လာပြန်သည် ဆိုတော့ ပိုဆိုးနေသဟာနှင့် အံ့ဖွယ်က နောက်ပြန် လှည့်ကြည့်လိုက်တော့ ဟာစန်က သူ့ကို မျက်တောင် မခတ်ဘဲနှင့် စိုက်ကြည့်နေသဟာကို တွေ့ရပါသတဲ့။

သည်တော့ အံ့ဖွယ်က “တန်တော့၊ သည်ကောင်ဟာ ရိုးသည့်အကောင် ဟုတ်မှာ မဟုတ်ဘူး။ သဟာမှ မဟုတ်လည်း ပန်းစုပ်ကောင် ဖြစ်ချင် ဖြစ်နေမှာပဲ” လို့ အောက်မေ့ပါသတဲ့။ အဲသဟာနှင့် တွေးရင်းတွေးရင်း စိတ်ဆိုးလာပြီး၊ တစ်ဆယ်သား



www.burmeseclassic.com

www.burmeseclassic.com



လောက် လေးသည့် ကျောက်ခဲတစ်လုံးကို ကုန်းကောက်ပြီး အံ့ဖွယ်က သူ့အဖေကို တအား ပစ်လိုက်သဟာ သူ့အဖေဟာ နဖူးကိုမှန်ပြီး တစ်ခါတည်း လဲကျသွားပါသတဲ့။ အဲသဟာနှင့် ဟာစန်ဟာ မျက်ခုံးနှစ်ဖက် ပြတ်သွားပြီး၊ သွေးတွေ ဖြာထွက်လာပြီး မေ့သွားပါသတဲ့။

အဲသည်အခါကျတော့ အံ့ဖွယ်နဲ့ အထိန်းတို့ဟာ သူတို့တဲထဲကို ဝင်သွားကြပါသတဲ့။ တအောင့်လောက်နေလို့ သတိရသည့် အခါကျတော့ ဟာစန်က လဲနေရာက ထပြီး၊ သူ့ခေါင်းပေါင်းစကို ဆုတ်ပြီး သွေးများကို သုတ်ပါသတဲ့။ ပြီးတော့ "ငါ ဆိုင်ပိတ်ပြီး သည်သူငယ်နောက် လိုက်လာမိသဟာဟာ မှားသဟာပဲ။ သည်လိုဆိုတော့ သူ့စိတ်ထဲကလည်း တစ်မျိုးတစ်မည် ထင်စရာကြီး ဖြစ်သွားသဟာပေါ့" လို့ ပြောပြီး ပြန်သွားပါသတဲ့။ အဲ့သဟာနှင့် ဟာစန်လည်း ဗတ်သောဋမြို့က သူ့မိခင်ကို အောက်မေ့ပြီး "ဒွန္နယာကြီးကို တရား ရမည်ဟု ပြောလျှင် ပြောသူသည် မတရား။ ဒွန္နယာကြီးကို ဘယ်တော့မှ အပြစ်မပြောနှင့်။ မကောင်းသမျှကို ဖယ်ရှားပြီး ဒွန္နယာကြီးက ပေးသမျှကို ယူပါ။ ကောင်းချင်သည့်အခါတွင် ကောင်း၏။ မကောင်းချင်သည့်အခါ မကောင်းခြင်းသည် ဒွန္နယာကြီး၏ သဘောပင်တည်း" လို့ မြည်တမ်းပါသတဲ့။ အဲသည်နောက် ဟာစန်ဟာ သူ့စိတ် သူဖြေပြီး မုန့်ရောင်းမြဲ ရောင်းနေပါသတဲ့။

အဲသည် အတောအတွင်းမှာ မဟာမက်တို့ မြေးအဘိုးဟာ ဒမတ်စကမြို့မှာ သုံးရက်နားပြီး ဟာစန်ကို ရှာရန် ဗတ်သောဋမြို့ဘက်ကို ခရီးဆက်ကြပြန်ပါသတဲ့။ လမ်းတစ်လျှောက်လုံးလည်း ရွာစဉ်လျှောက်ဝင်ပြီး ဟာစန်ရဲ့ သတင်းကို နားထောင်ကြပါသတဲ့။ သို့သော်လည်း ဘာသတင်းမျှ မရကြပါဘူးတဲ့။ အဲသဟာနှင့်ပဲ နောက်ဆုံးတော့ ဗတ်သောဋမြို့ကို ရောက်သွားကြပါသတဲ့။ ရောက်သွား သွားချင်းပဲ ရှင်ဘုရင့်ရှေ့တော်ကို ဝင်ခစားပြီး မဟာမက်က သူ လာခဲ့ရသည့် အကြောင်းကို အစအဆုံး လျှောက်ပါသတဲ့။

သည်တော့ ရှင်ဘုရင်က 'သင့်ညီ အလီဟာ ၁၅ နှစ်လုံးလုံး ငါ့ရဲ့ နန်းရင်းဝန်ကြီးပေါ့။ ငါလည်း အလီကို မြှောက်စားပါတယ်။ အဲ သူ သေသွားတော့လည်း သူ့သား ဟာစန်ကို ငါ ဆက်ပြီး နန်းရင်းဝန် ခန့်ပါသဟယ်။ သဟာပေမင့် ဟာစန်က ငါ့ဆီမှာ အမှုထမ်းပြီး ပျောက်သွားသဟာ ယနေ့အထိပါပဲဟာ။ ငါလည်း သူ့အကြောင်း ဘာသတင်းမျှ မရတော့ဘူး။ အင်း . . . ဟာစန်ရဲ့ အမေတော့ဖြင့် ရှိသေးသည်ဟေ့' လို့ ပြောပါသတဲ့။

သည်တော့ မဟာမက်က ဝမ်းသာအားရနှင့် 'ဟာစန်ရဲ့အမေ၊ သူ့ခယ်မကို တွေ့ချင်ပါသည်' လို့ ရှင်ဘုရင်ကို လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်ကလည်း 'ကောင်းပြီ၊ သင် တွေ့နိုင်သည်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် မဟာမက်က ဟာစန်ရဲ့ အမေရှိရာသို့ ချက်ချင်း သွားပါသတဲ့။ အဲသည်အခါမှာ ဟာစန်ရဲ့ အမေကလည်း





လင်သေ၊ သားပျောက် ဖြစ်နေသဟာနှင့် ငိုနေပါသတဲ့။ ဟာစန်ရဲ့အမေကို တွေ့တော့ မဟာမက်က ဇာတ်ကြောင်းကို ကုန်စင်အောင်လှန်ပြီး နောက်ဆုံး ဆယ်နှစ်လောက် အလွန်တုန်းက ဟာစန် ပေါက်လာပြီး သူ့သမီးနှင့် အကြောင်းပါပုံ၊ နောက် အံ့ဖွယ်ကလေးကို ရပုံပါမကျန် အကုန်လုံး ပြန်ပြောပြပါသတဲ့။ အလီရဲ့ မိန်းမကလည်း သူ့သား ဟာစန် မသေသေးဘူး ကြားရတော့ အလွန့် အလွန် ဝမ်းသာသွားပါသတဲ့။ အဲသည်အချိန်မှာ မဟာမက်က အံ့ဖွယ်ကို သွားပြီး အခေါ် ခိုင်းလိုက်ပါသတဲ့။ အံ့ဖွယ်ရောက်လာတော့ သူ့အဘွားက လည်ပင်းဖက်ပြီး ငိုပါသတဲ့။ သည်တော့ မဟာမက်က 'သည်လို ငိုနေလို့ မပြီးသေးဘူး ခယ်မရယ်၊ ဟာစန်ကို တွေ့အောင်ရှာဖို့က လိုသေးသည်။ ကိုင်း . . . အဲ့ထုပ်အပိုး ပြင်ပြီး ငါတို့နှင့် တစ်ခါတည်း လိုက်ခဲ့ပေတော့။ ဟာစန်ကို သွားပြီး ရှာကြမည်' လို့ ဆိုပါသတဲ့။

ပြီးတော့ မဟာမက်က ရှင်ဘုရင့်ထံ အခွင့်ဝင်ပန်ပြီး ဗတ်သောဋမြို့က ထွက်ခဲ့ပါသတဲ့။ ရှင်ဘုရင်ကြီးကလည်း မဟာမက်ကို အဖိုးထိုက် အဖိုးတန် လက်ဆောင်ရတနာတွေ အများကြီး ပေးလိုက်ပါသတဲ့။ အဲသဟာနှင့် အံ့ဖွယ်တို့ အဘိုးအဘွားတစ်စုဟာ ဒမတ်စကမြို့ကို ရောက်လာကြပြီး ပထမ သွားတုန်းက တည်းသည့် နေရာမှာပဲ တည်းကြပါသတဲ့။

သည်တော့ အံ့ဖွယ်က သူ့အထိန်းကို ခေါ်ပြီး 'ပျင်းသကွာ၊ ဈေးတန်းထဲ သွားလည်ကြရအောင်၊ ပြီးတော့ တို့ တစ်နေ့က ခေါင်းခွဲထားသည့် မုန့်သည်ကြီးလည်း ဘယ်လိုနေလဲ သွားကြည့်ချေရအောင်' လို့ ဆိုပြီး နှစ်ယောက်သား ဟာစန်ရဲ့ ဆိုင်ရှေ့ကို သွားကြပါသတဲ့။ အဲသည် အချိန်မှာလည်း ဟာစန်က ဆိုင်ရှေ့မှာ ထွက်ပြီး ရပ်နေသဟာနှင့် အဆင်သင့်ပဲ အံ့ဖွယ်ကို မြင်ပါသတဲ့။

အံ့ဖွယ်ကလည်း ဟာစန်ကို မြင်မြင်ချင်း သွေးပြောသဟာနှင့် အလွန် ချစ်ပြီး 'နေလို့ ထိုင်လို့ ကောင်းပါရဲ့လား၊ ငါဟာ သင့်ကို မြင်လျှင်မြင်ချင်းပဲ အင်မတိ အင်မတန် ချစ်ခင်ပါသည်' လို့ ပြောပါသတဲ့။ ဟာစန်ရဲ့ နဖူးက အံ့ဖွယ် ခဲနှင့် ပေါက်ထားသည့် အမာရွတ်ကြီးကလည်း မည်းလို့ပါတဲ့။ ဟာစန်က သူ့သားကို မြင်လိုက်တော့ ရင်ထဲမှာ ဆို့သွားပြီး ရုတ်တရက် စကားမပြောနိုင်ပါဘူးတဲ့။ ခဏကြာတော့မှ ဟာစန်က 'မောင်ရယ် . . . ငါ့ကို စိတ်ချမ်းသဟာဖြင့် ငါ ကျွေးသည့် ဟာလဝါမုန့်ကလေး တစ်ဆိတ် စားသွားပါဦး' လို့ ဆိုပါသတဲ့။

သည်တော့ အံ့ဖွယ်က 'သင်ဟာ ငါ့ကို တကယ်ပဲ ခင်ပါပေသည်။ သဟာပေမင့် ယခင်တစ်ခါက ကျွေးသလို ကျွေးပြီး ငါတို့နောက် တကောက်ကောက် လိုက်နေဦးမှာဖြင့် ငါတို့ မစားဝံ့ဘူး။ ငါတို့ စားစေချင်လျှင် စားပြီးလို့ ငါတို့ ထွက်သွားသည့်အခါမှာ သင် ထွက်ပြီး လိုက်မလာဘူးလို့ တာဝန်ခံရလိမ့်မည်။ တာဝန်ခံနိုင်ပါ့မလား' လို့ မေးပါ



www.burmeseclassic.com

www.burmeseclassic.com



သတဲ့။ သည်တော့ ဟာစန်က စားသာ စားပါ၊ တာဝန်ခံပါမည်လို့ ဆိုသဟာနှင့် အံ့ဖွယ်တို့ ဆရာတပည့်နှစ်ယောက် ဟာစန်ကျွေးသည့် ဟာလဝါမုန့်ကို စားလိုက်ကြသဟာ ဗိုက်ကို တင်းသွားကြသဟာပါပဲတဲ့။

စားပြီးတော့ အံ့ဖွယ်နှင့် သူ့အထိန်းဟာ သူတို့တဲကို သုတ်သီးသုတ်ပျာ ပြန်ကြပါသတဲ့။ ရောက်သွားတော့ အံ့ဖွယ်က ဟာစန်ရဲ့အမေ သူ့အဘွားဆီကို ဝင်သွားပါသတဲ့။ သည်တော့ သူ့အဘွားက 'ဟဲ့... နင်တို့ ဘယ်သွားနေကြသလဲ၊ လာ... လာ စားစမ်း' ဆိုပြီး သူ လုပ်ထားသည့် ဟာလဝါမုန့်ကို ကျွေးပါသတဲ့။ အထိန်းကိုလည်း 'ဟဲ့... နင်ပါ ဝင်စားလေ' လို့ ဆိုပါသတဲ့။

အဲသဟာနှင့် အံ့ဖွယ်နှင့် အထိန်းဟာ နှစ်ယောက်သား ထိုင်ပြီး အံ့ဖွယ်က သူ့အဘွားရဲ့ ဟာလဝါမုန့်ကို နည်းနည်း မြည်းကြည့်ပါသတဲ့။ နဂိုကလည်း ဝ‌နေတော့ ဟာလဝါမုန့်က သိပ်ချိုလွန်းသည်ဟု ထင်သဟာနှင့် 'အဘွား ဟာလဝါမုန့်က ကောင်းလည်း မကောင်းဘူး' လို့ ဆိုပါသတဲ့။ သည်တော့ သူ့အဘွားက 'ဟဲ့... သည်ဟာလဝါက ငါကိုယ်တိုင် လုပ်သည့် ဟာလဝါဟဲ့။ သည်လို ဟာလဝါမျိုး ငါ့သား ဟာစန်နှင့် ငါပဲ လုပ်တတ်သည်။ တခြား ဘယ်သူမှ လုပ်တတ်သဟာ မဟုတ်ဘူး' လို့ ပြောပါသတဲ့။

သည်တော့ အံ့ဖွယ်က 'အမယ် အဘွားက မဝါပါနှင့်၊ အခုပဲ ငါတို့ မြို့ထဲက ဟာလဝါ စားလာပါသည်။ အဘွား ဟာလဝါထက်တောင် ကောင်းပါသေးသည်' လို့ ပြောပါသတဲ့။ သည်တော့ သူ့အဘွားက အထိန်းကို 'ဟဲ့ကောင် သင် ငါ့မြေးကို ပေါက်ကရဆိုင်တွေထဲ ခေါ်သွားသဟာပေါ့လေ၊ သေပေတော့' လို့ ဆိုပါသတဲ့။ သည်တော့ အထိန်းက 'မဟုတ်ပါဘူး' လို့ ငြင်းပါသတဲ့။ သည်တော့ အံ့ဖွယ်က 'အမယ် သင်က ဘာလိမ်နေရသလဲ၊ စားသဟာ စားသဟာပေါ့' လို့ ဆိုပါသတဲ့။ အဲသည်တော့မှ အထိန်းက 'ဟုတ်ပါသည်၊ စားပါသည်။ အဲသည် ဟာလဝါဟာ အခု စားရသည့် ဟာလဝါထက် အများကြီး ကောင်းပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ အဘွားကြီးက ပိုစိတ်ဆိုးလာပြီး 'သဟာဖြင့် အဲသည် မုန့်ဆိုင်ကို သင် မြန်မြန်သွားပြီး ဟာလဝါ အဝက်သား သွားဝယ်ခဲ့၊ ကြာမနေစေနှင့်။ သူ့ဟာလဝါနှင့် ငါ့ဟာလဝါ ဘယ်သူ့ ဟာလဝါက ကောင်းသလဲ၊ ငါ စားကြည့်မည်' လို့ ပြောပါသတဲ့။ အဲသဟာနှင့် အထိန်းလည်း ဟာစန်ဆိုင်ကို အပြေးအလွှား သွားပြီး 'ကိုင်း... မုန့်သည်ကြီး၊ ဟာလဝါ အဝက်သား မြန်မြန် ထည့်ပေးစမ်းပါ။ ရော့ သည်မှာ အသပြာ၊ တို့သခင်အိမ်မှာ အလောင်းအစား လုပ်နေသည်။ သင့် ဟာလဝါက ကောင်းသလား' လို့ ပြောပါသတဲ့။

သည်တော့ ဟာစန်က 'သည်ဟာလဝါမျိုးကို လုပ်တတ်သည့်လူ ဒွန္နယာကြီးမှာ နှစ်ယောက်တည်းပဲ ရှိတယ်၊ ငါရယ် ငါ့အမေရယ်ပဲ သည်ဟာလဝါမျိုးကို





လုပ်တတ်သည်။ ငါ့အမေကတော့ ဟို အဝေးကြီးမှာ နေသည်' လို့ ပြောပြီး သူ လုပ်ထားသည့် ဟာလဝါကို ထည့်ပေးလိုက်ပါသတဲ့။

အဲသဟာနှင့် အထိန်းက ဟာလဝါဝယ်ပြီး ပြန်လာတော့ ဟာစန့်အမေက 'ပေးစမ်း ပေးစမ်း' ဆိုပြီး ဟာလဝါကို မြည်းကြည့်လိုက်ပါသတဲ့။ အဲသည်လိုလည်း မြည်းကြည့်လိုက်ရော သည်ဟာလဝါဟာ သူ့သားလုပ်သည့် ဟာလဝါပဲ ဆိုသဟာကို တစ်ခါတည်း သိသွားပြီး မေ့လဲသွားပါသတဲ့။ နောက် သတိရလာတော့ 'မဟုတ်မှ လွဲရော့မည်၊ ငါ့သားဟာ မသေသေးဘူး ဆိုလျှင်ဖြင့် သည်ဟာလဝါမျိုးကို ငါနှင့်သူနှင့် နှစ်ယောက်တည်း လုပ်တတ်သည်' လို့ ပြောပါသတဲ့။ သည်စကားကို နန်းရင်းဝန်ကြီးက ကြားတော့ ဝမ်းသာအားရနှင့် 'ရွှေ့ နိုပ်ဟ၊ သည်တစ်သက်မှာ ငါ့ညီရဲ့ သားနှင့် တွေ့ရတော့မှာ မဟုတ်ဘူးလို့ အောက်မေ့နေသဟာဟာ အခုတော့ အခုတော့ အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့် တွေ့ရပဟ' လို့ ပြောပါသတဲ့။

အဲသလို ပြောလည်းပြီးရော မဟာမက်က အပြင်ထွက်ပြီး သူ့တပည့် ငါးဆယ်ခြောက်ဆယ်လောက်ကို 'ဟဲ့... တုတ် တစ်ယောက် တစ်ချောင်းကိုင်ပြီး ထွက်ခဲ့ကြစမ်း၊ ဟိုမုန့်ဆိုင်ကို သွားကြ၊ ဆိုင်ကိုလည်း တစ်ခါတည်း ဆွဲဖျက်၊ ဆိုင်ရှင်ကိုလည်း သူ့ခေါင်းပေါင်းနှင့်သူ လက်ပြန်ကြိုးတုပ်ပြီး ငါ့ဆီကို ချက်ချင်း ခေါ်ခဲ့။ သဟာပေမင့် သူ့ကို ဘယ်လိုမှ နာအောင် မလုပ်ကြနှင့်နော်၊ ကြားလား။ သွားကြ၊ မြန်မြန်သွားကြ' လို့ ဆိုပါသတဲ့။ သည်တော့ သူ့တပည့်တွေကလည်း 'စိတ်ချတော်မူပါ' လို့ ဆိုပြီး ဟာစန်ဆိုင်ကို သွားကြပါသတဲ့။

သည်အတောအတွင်းမှာ နန်းရင်းဝန်ကြီး မဟာမက်က ဘုရင်ခံနန်းတော်သို့ အပြေးအလွှား သွားပြီး အီဂျစ်ပြည်ရှင် ဘုရင်မင်းမြတ်ထံမှ ပါလာသည့် ဟာစန်ကို တွေ့ရာမှာ ဖမ်းခေါ်သွားနိုင်ဖို့ အမိန့်တော်ကို သွားပြပါသတဲ့။ သည်တော့ ဘုရင်ခံက 'ကောင်းပါပြီ၊ ဘုရင်မင်းမြတ် အမိန့်တော်အတိုင်း ဖမ်းသွားနိုင်ပါသည်။ သဟာထက် အဲသည် တရားခံက ဘယ်သူလဲ' လို့ မေးပါသတဲ့။

သည်တော့ မဟာမက်က 'မုန့်သည်တစ်ယောက်ပါ' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ဘုရင်ခံကလည်း ဟာစန်ကို ဖမ်းပေးဖို့ သူ့လူများကို လွှတ်လိုက်ပါသတဲ့။ ဘုရင်ခံဆီက လူများ ရောက်လာတော့ ဟာစန့်ဆိုင်လည်း ပျက်နေပြီ၊ ဟာစန်ဟာ မဟာမက်လူတွေလက်ထဲ ပါသွားနှင့်ပါပြီ တဲ့။

အဲသဟာနှင့် ဟာစန်ကို လက်ပြန်ကြိုးတုပ်ပြီး မဟာမက်ရှေ့ ခေါ်သွားတော့ ဟာစန်က ငိုပြီး 'ငါ့မှာ ဘာအပြစ်ရှိလို့ ဖမ်းရသဟာလဲ' လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က 'ဟဲ့ ... ဟို ဟာလဝါဟာ နင် လုပ်သဟာ မဟုတ်လား' လို့ မေးပါသတဲ့။ သည်တော့ ဟာစန်က 'မှန်လှပါ၊ ဟာလဝါ လုပ်ရုံနဲ့ ငါ့ကို မသတ်ထိုက်ပါဘူး' လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါသတဲ့။ သည်တော့ မဟာမက်က 'သတ်ထိုက်ရဲ့ ဘယ်က မလဲကွာ' လို့ ဆိုပါသတဲ့။ သည်တော့ ဟာစန်က တစ်ခါ 'သည် ဟာလဝါ ဘာဖြစ်လို့ ငါ့ကို သတ်ထိုက်သည် ဆိုသဟာ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ 'ဖြည်းဖြည်းတော့ ငါ ပြောမယ်' လို့ မဟာမက်က ပြောပြီး သူ့တပည့်တွေကို 'ဟဲ့... ကုလားအုတ်တွေ ယူခဲ့စမ်း' လို့ အမိန့်ပေးပါသတဲ့။ ပြီးတော့ ဟာစန်ကို သေတ္တာကြီးတစ်လုံးထဲ ထည့်ပြီး၊ သော့ခတ်ပြီး ကုလားအုတ်ပေါ်ကို အတင်းတင်ခိုင်းပါသတဲ့။ ပြီးတော့ မဟာမက်တို့ လူစုဟာ ဟာစန်ကို သေတ္တာကြီးထဲ ထည့်ပြီး အပြင်း ခရီးနှင်သွားကြပါသတဲ့။ ညသန်းခေါင်လောက်ကျတော့ ကုလားအုတ်များကို ခဏ အနားပေးပြီး၊ ဟာစန်ကို သေတ္တာထဲက ဖွင့်ပြီး အစာကျွေးပါသတဲ့။ ပြီးတော့ သေတ္တာထဲ ထည့်ပြီး ပြန်ပိတ်ပြီး၊ ကုလားအုတ်ပေါ် တင်ပြီး ခေါ်သွားပြန်ပါရောတဲ့။ နောက်တစ်စခန်း ရောက်ပြန်တော့လည်း အဲသလိုပဲ ဟာစန်ကို သေတ္တာကြီးထဲက ထုတ်ပြီး အစာကျွေးပြန်ပါသတဲ့။ ကျွေးပြီးတော့ မဟာမက် ဆီကို ခေါ်သွားပါသတဲ့။

သည်တော့ မဟာမက်က 'ဟဲ့... ဟိုဟာလဝါ နင် လုပ်သဟာပဲ မဟုတ်လား' လို့ မေးပါသတဲ့။

သည်တော့ ဟာစန်က 'မှန်ပါသည်၊ ငါ လုပ်သဟာပါပဲ' လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က 'သဟာဖြင့် သင့်ကို ကြိုးနှင့် တုပ်ကြ' လို့ အမိန့်ပေးပါသတဲ့။ အဲသဟာနှင့် သူ့တပည့်များက ဟာစန်ကို ကြိုးနှင့်တုပ်ပြီး၊ သေတ္တာကြီးထဲမှာ ထည့်ပြီး ကုလားအုတ်နှင့် တင်ခေါ်သွားကြပြန်ပါရောတဲ့။ အဲသဟာနှင့်ပဲ သူတို့ဟာ ကိုင်ရိုမြို့စွန်ကို ရောက်သွားကြပါသတဲ့။

ကိုင်ရိုမြို့ မြို့စွန်မှာ ခဏနားပြီး မဟာမက်က ဟာစန်ကို သေတ္တာထဲက အထုတ်ခိုင်းပါသတဲ့။ ဟာစန် အပြင်ရောက်လာတော့ တစ်ခါ မဟာမက်က 'ဟဲ့... လက်သမားတစ်ယောက် သွားခေါ်စမ်း' လို့ ဆိုပါသတဲ့။ လက်သမား ရောက်လာတော့ မဟာမက်က 'သည်ကောင်ဖို့ ကားစင်တစ်ခု ငါ့ကို အမြန်လုပ်ပေးရမည်' လို့ အမိန့်ပေးပါသတဲ့။ သည်တော့ ဟာစန်က 'ကားစင်က ဘာလုပ်ဖို့ ပါလဲ' လို့ မေးပါသတဲ့။ သည်တော့ မဟာမက်က 'သင့်ကို ကားစင်မှာတင်ပြီး မြို့ထဲ လျှောက်ပြဖို့ပေါ့ဟ' လို့ ဆိုပါသတဲ့။ သည်တော့ ဟာစန်က 'ငါ့မှာ ဘာအပြစ်ရှိလို့ သည်လိုလုပ်မှာလဲ' လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က 'သင် ဟာလဝါ လုပ်ရောင်းလို့ပေါ့၊ ဗာဒံစေ့ မထည့်ဘဲနှင့်များ သင်မို့လို့ ဟာလဝါ လုပ်ရောင်းပလေသည်ဟယ်' လို့ ဆိုပါသတဲ့။

သည်တော့ ဟာစန်က 'ဟာလဝါမှာ ဗာဒံစေ့ မပါရုံကလေးနှင့်များ ငါ့ကို သည်လို စီရင်မှာလား။ ငါ့မှာ အပြစ်ရှိသည်ဆိုလျှင် အခုလောက်ရှိလျှင် ကျေထိုက်လောက်ပါပြီ။ အခု ငါ့ဆိုင်ကိုလည်း သင်တို့ ဖျက်သေးသည်၊ ငါ့ကိုလည်း သေတ္တာကြီးထဲ





ထည့်ပိတ်ထားသေးသည်၊ အစာလည်း တစ်နေ့ တစ်နပ်တည်းပဲ ကျွေးသည်။ သဟာလောက်ဆိုလျှင် တော်လောက်ရောပေါ့' လို့ ပြောပါသတဲ့။ သည်တော့ မဟာမက်က 'သင့်ဟာက ဗာဒံစေ့ နည်းနည်းပါးပါး ပါသည်ဆိုလျှင် တော်သေးရဲ့၊ အခုတော့ ဗာဒံစေ့ တစ်စေ့မှမှ မပါဘူးဆိုတော့ သင့်ကို ကားစင်မတင်လို့ ဘယ်ဖြစ်မလဲ' လို့ ဆိုပါသတဲ့။

သည်တော့ ဟာစန်က အံ့သြသွားပြီး တွေနေပါသတဲ့။ မဟာမက်က 'ဟေ့... ဘာတွေ စဉ်းစားနေသလဲ' လို့ မေးပါသတဲ့။ သည်တော့ ဟာစန်က 'သင့်မှာ ဉာဏ် တစ်ရွေးသားလောက်များရှိလျှင် သင်ဟာ ငါ့ကို သည်လိုလုပ်မှာ မဟုတ်ဘူး ဆိုသဟာ ငါ စဉ်းစားနေသဟာ' လို့ ဆိုပါသတဲ့။ သည်တော့ မဟာမက်က 'သင့်ကို အပြစ်မပေးလို့ရှိလျှင် သင်ဟာ သည်လိုပဲ ဆက်ပြီး လုပ်နေဦးမှာပဲ။ သဟာကြောင့် သင့်ကို အပြစ်ပေးဖို့ ငါ့မှာ တာဝန်ရှိသည်' လို့ ဆိုပါသတဲ့။

သည်တော့ ဟာစန်က 'ငါ့မှာ အပြစ်ရှိသည် ဆိုလျှင်လည်း အခု သင်တို့ ငါ့အပေါ် လုပ်သဟာတွေနှင့် ကြေရုံမကဘူး၊ ပိုတောင်နေပါပြီ' လို့ ဆိုပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'သည်အပြစ်မျိုးဟာ ကားစင်တင်ရသည့် အပြစ်မျိုးပဲ' လို့ ဆိုပြန်ပါသတဲ့။ အဲသည် အတောအတွင်းမှာ လက်သမားကလည်း ဟာစန် ရှေ့မှာပဲ ကားစင်ကို လုပ်နေပါသတဲ့။ အဲသဟာနှင့် ညမိုးချုပ်သွားတော့ နန်းရင်းဝန်ကြီးက ဟာစန်ကို သေတ္တာကြီးထဲ သွင်းလိုက်ပြီး လက်သမားကိုတော့ နောက်နေ့ကျမှ ဆက်လုပ်ဖို့ ပြောလိုက်ပါသတဲ့။

အဲသဟာနှင့် ဟာစန် အိပ်ပျော်ချိန်ကျတော့ မဟာမက်က ဟာစန်ကို ထည့်ထားသည့် သေတ္တာကြီးကို သူ့အိမ်ကို ယူသွားပါသတဲ့။ သူ့အိမ်ရောက်တော့ 'သမီးရေ... လာဟေ့၊ နင့်ယောကျ်ား ပါလာပြီ၊ အိမ်ကို နင်တို့ ပထမ ထိမ်းမြားသည့် ညကအတိုင်း ပြင်ဆင်ထားပစေဟဲ့' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် သူ့သမီး လှထိပ်တင်က တပည့်တပန်းတွေ ခေါ်ပြီး အိမ်ကို ခင်းကျင်းပြင်ဆင် ခိုင်းပါသတဲ့။ မဟာမက်ကလည်း သူမှတ်ထားသည့် အခန်းနေပုံ စာရွက်ကြီးယူပြီး လိုလေသေးမရှိအောင် ကူပြီး ပြင်ဆင်ပေးပါသတဲ့။ ပြီးတော့ ပထမ ညကအတိုင်း ဟာစန်ရဲ့ ခေါင်းပေါင်းတို့၊ ဘောင်းဘီတို့ကိုလည်း သူ့နေရာသူ ပြန်ထားစေပါ သတဲ့။ အဲသဟာနှင့် အခန်းဟာ ဘယ်သူမြင်မြင် ပထမညက အတိုင်းပဲ မှတ်ရပါသတဲ့။

ပြီးတော့ မဟာမက်က သူ့သမီးကိုလည်း အဲသည် ညကလိုပဲ အဝတ်အစားများကို ချွတ်ပြီး အိပ်ရာပေါ်မှာ အိပ်နေစေပါသတဲ့။ ပြီးတော့ မဟာမက်က သူ့သမီးကို 'သင့်မောင် လာတော့ သင်က အခန်းထဲသို့ခေါ်ပြီး မောင် နောက်ဖေး သွားသဟာက တယ်ကြာသဟာကိုး။ လာပါ၊ အိပ်ပါလို့ခေါ်။ မနက်ကျမှ သူ့ကို ငါတို့ အကျိုးအကြောင်း ပြန်ပြောပြမည်' လို့ မှာပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဟာစန်ကို သေတ္တာထဲက ထုတ်၊ နှောင်ကြိုးတွေ ဖြုတ်၊ အဝတ်အစားကိုလည်း ဟိုညက ဝတ်သည့် အောက်ခံအင်္ကျီ တစ်ခုတည်း ချန်ထားပြီး အကုန်ချွတ်ပြီးထားပါသတဲ့။ ဟာစန်ကလည်း မောမောပန်းပန်းနှင့် အိပ်ပျော်နေလို့ ဘာမှ မသိပါဘူးတဲ့။ ခဏနေလို့ ဟာစန် နိုးလို့ မျက်စိဖွင့်ကြည့်လိုက်တော့ မီးတွေ ထိန်နေသည့် အိမ်ခန်းထဲကို ရောက်နေသဟာကို တွေ့ရပါသတဲ့ ။ သည်တော့ ဟာစန်က "ဘယ်လိုဟာများပါလိမ့်၊ ငါ အိပ်မက်များ မက်နေသလား မပြောတတ်ဘူး" လို့ ဆိုပြီး အခန်းထဲ လျှောက်ကြည့်တော့၊ လား . . . လား သူ ယခင်က ထိမ်းမြားခဲ့သည့်အခန်း ဖြစ်နေသဟာကို တွေ့ရပါသတဲ့။

အဲသဟာနှင့် ရှေ့တိုးရမလို၊ နောက်ဆုတ်ရမလို ဖြစ်ပြီး "ငါ အိပ်မက် မက်နေသဟာလည်း မဟုတ်ပါဘူး။ ဟုတ်ပါသည်၊ သည်အခန်းဟာ ငါ ထိမ်းမြားခဲ့သည့်အခန်းပါပဲ။ ဘယ့်နှာပါလိမ့်၊ အခုတွင်တုန်းကပဲ ငါဟာ သေတ္တာကြီးထဲမှာ ရောက်နေသည်၊ အခု ဘယ့်နှယ်ကြောင့် သည်ကို ရောက်လာရပါလိမ့်မည်နည်း" လို့ သူ့ဟာသူ တစ်ယောက်တည်း ပြောနေပါသတဲ့။ သည်တော့မှ အလှထိပ်တင်က ကန့်လန့်ကာအစွန်းကို ဖွင့်လိုက်ပြီး 'မောင် နောက်ဖေးသွား သဟာကလည်း ကြာလိုက်သဟာရှင်၊ လာပါ မြန်မြန်၊ စောင့်ရသည့် လူများ အားနာပါဦး' လို့ ပြောပါသတဲ့။

သည်တော့ ဟာစန်က သူ့ဇနီးမျက်နှာကို ကြည့်ပြီး၊ ဟက်ဟက်ပက်ပက် ရယ်ပြီး 'ဟုတ်ပါသည်၊ ငါတော့ ထမင်းလုံးတဆွေ ခြောက်နေပါပြီ' လို့ ဆိုပါသတဲ့။ ပြီးတော့ သူ့အကြောင်း သူ ပြန်စဉ်းစားပါသတဲ့။ သဟာပေမင့် စဉ်းစားလို့ မရပါဘူးတဲ့။ သည့်နောက် သူ့ခေါင်းပေါင်းတို့၊ သူ့ဘောင်းဘီတို့၊ သူ့အသပြာအိတ်တို့ကို သွားမြင်ပြန်တော့ သူ့ဟာသူ ပိုပြီး အတွေးရ ကျပ်သွားပြန်ပါသတဲ့။ အဲသဟာနှင့် ဟာစန်က 'ဒွန္တယာကြီးအကြောင်းကို အလာဟု အရှင်သာ သိတော်မူသည်၊ ငါတော့ဖြင့် အကြီးအကျယ်ထမင်းလုံးတဆွေ ခြောက်နေပြီ' လို့ ဆိုပါသတဲ့ ။

သည်တော့ အလှထိပ်တင်က 'ဘာများ ဖြစ်နေသဟာလဲ မောင်ရဲ့၊ မိုးတောင်မှမလင်းသေးဘူး၊ မောင့်စိတ်က ပြောင်းသွားပြီလား' လို့ ဆိုပါသတဲ့။

သည်တော့ ဟာစန်က ရယ်ပြီး 'နေစမ်းပါဦး၊ နှမဆီက မောင် သွားနေသဟာဘယ်လောက်ကြာပြီလဲ' လို့ မေးပါသတဲ့။ သည်တော့ လှထိပ်တင်က 'မောင် နောက်ဖေးသွားမယ်ဆိုပြီး ထွက်သွားသဟာ တစ်နာရီလောက်ပဲ ရှိပါသေးသည်၊ မောင်ကလည်းစိတ်မနှံ့သည့်သူ ကျနေသဟာပဲ' လို့ ဆိုပါသတဲ့။

သည်တော့ ဟာစန်က 'နှမ ပြောသဟာကတော့ မှန်ပါသည်။ သဟာပေမင့်မောင် အိမ်သာထဲ ရောက်သွားတော့ အိပ်ပျော်သွားပြီး အိပ်မက်ထဲမှာ မောင်ဟာဒမတ်စကမြို့ ရောက်သွားပြီး မုန့်သည် လုပ်နေရသဟာ ဆယ်နှစ်တောင်မှ ကြာပါသည်။





အဲသည်တုန်းမှာ လူကုံထံ သားကလေးတစ်ယောက်နှင့် သူ့အထိန်းလည်း မောင့်မုန့်ဆိုင်ကို ရောက်လာကြပါသည်' လို့ ပြောပါသတဲ့။ အဲသည်လို ပြောနေတုန်းမှာပဲ သူ့နဖူးကိုသူ စမ်းကြည့်လိုက်တော့ အမာရွတ်ကို စမ်းမိသဟာနှင့် 'ဟာ . . . မောင်ဟာ အိပ်မက်မက်နေသဟာ မဟုတ်ပါဘူး၊ တကယ် ဖြစ်နေသဟာပါ။ ဟောသည်မှာ ကြည့်ပါလား၊ မောင့်နဖူးမှာ အမာရွတ်ကြီးတောင် ရှိသေးသည်။ အဲသည် သူငယ်ကပေါ့၊ မောင့်နဖူးကို ခဲနှင့် ပေါက်သဟာ' လို့ ဆိုပါသတဲ့။

ပြီးတော့ ခဏစဉ်းစားပြီး ဟာစန်က 'မောင်ဟာ အိပ်မက်လည်း မက်ပါသေးသည် ထင်ပါသည်။ သည်အခန်းထဲမှာ နှမနှင့်မောင် အိပ်နေကြရင်းနှင့် ခေါင်းပေါင်းတွေ၊ ဘောင်းဘီတွေ ထားပစ်ခဲ့ပြီး မောင် ဒမတ်စကမြို့ သွားပြီး မုန့်ရောင်းနေရသည်လို့။ ပြီးတော့ အဲသည်မှာ မောင် ဟာလဝါမုန့်လုပ်တော့လည်း ဗာဒံစေ့ မထည့်မိခဲ့ဘူးထင်ပါရဲ့။ အနို့ နေပါဦး၊ မောင် အိပ်မက် မက်နေသဟာ ဘယ်လောက် ကြာပြီလဲ' လို့ မေးပါသတဲ့။

သည်တော့ အလှထိပ်တင်က 'နေပါဦး၊ အိပ်မက်ထဲမှာ သည့်ပြင်ကော မောင် ဘာတွေများ တွေ့သေးသလဲ' လို့ မေးပါသတဲ့။ သည်တော့ ဟာစန်က 'အမယ်လေး အိပ်ရာက နိုးသဟာ စောပေလို့ပေါ့။ မောင့်ကို ကားစင်တင် သတ်ကြမလို့ နည်းနည်းကလေးပဲ လိုတော့သည်' လို့ ဆိုပါသတဲ့။ သည်တော့ အလှထိပ်တင်က ပြုံးပြီး 'ကားစင်တင် သတ်မှာက ဘာလို့တဲ့လဲ မောင်ရဲ့' လို့ ဆိုပါသတဲ့။

သည်တော့ ဟာစန်က 'ဟာလဝါမုန့်ထဲ ဗာဒံစေ့ မထည့်မိလို့ပေါ့ နှမရယ်။ ပြီးတော့ မောင့်ဆိုင်ကိုလည်း သူတို့ ဖျက်ပစ်ကြသေးသည် ထင်ပါရဲ့။ မောင့်ကိုလည်း ကြိုးနှင့်တုပ်ပြီး သေတ္တာကြီးထဲမှာလည်း ထည့်ထားသေးသည် ထင်ပါသည်။ နောက်ပြီးတော့ လက်သမားတစ်ယောက်က မောင့်ကို သတ်ဖို့ ကားစင်ကြီးလည်း လုပ်နေသေးသည် ထင်ပါရဲ့။ အဲသဟာတွေကတော့ အိပ်မက် မက်နေသဟာတွေပါပဲ' လို့ ဟာစန်က ဆိုပါသတဲ့။

သည်တော့ အလှထိပ်တင်က ဟာစန်ကို ဖက်ပြီး ရင်ချင်း ကပ်ထားပါသတဲ့။ ဟာစန်ကလည်း အလှထိပ်တင်ကို ပြန်ပြီး ဖက်ကာ ရင်ချင်းကပ်ပါသတဲ့။ ပြီးတော့ ဟာစန်က သူ့အဖြစ်ကို သူပြန်စဉ်းစားပြီး 'မဟုတ်ပါဘူး၊ မောင်ဟာ အိပ်မက် မက်နေသဟာ မဟုတ်ပါဘူး၊ တကယ် ဖြစ်နေသဟာပါ' လို့ ဆိုပြန်ပါသတဲ့။ တစ်ခါတစ်ခါလည်း သူ့ဟာသူ အိပ်မက် မက်နေသည်လို့ အောက်မေ့ပါသတဲ့။ အဲသဟာနှင့်ပဲ မိုးလင်းသွားပါရောတဲ့။

မနက်မိုးလင်းတော့ နန်းရင်းဝန်ကြီး မဟာမက် ပေါက်လာပြီး ဟာစန်ကို နှုတ်ဆက်ပါသတဲ့။ သည်တော့ ဟာစန်က 'ဟော . . . သင်ပဲ မဟုတ်လား၊ ငါ့ဆိုင်ကို ဖျက်ပြီး ငါ့ကို ကြိုးနှင့်တုပ်ပြီး ကားစင်တင်သတ်ဖို့ လုပ်သဟာ' လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ မဟာမက်က 'သည်မှာ သားရဲ့၊ သင့်အပေါ် အခုလို လုပ်ရသဟာက သင်ဟာ ငါ့ညီရဲ့သား ဟုတ်မဟုတ်၊ ပြီးတော့ ဟိုညက ငါ့သမီးနှင့် ထိမ်းမြားသဟာလည်း သင် ဟုတ်မဟုတ်၊ ထင်ထင်ရှားရှား သိရအောင်လို့ လုပ်ရသဟာပါ။ အခုတော့ သင် သည်ကို ရောက်လာလို့ သင့်ပစ္စည်းတွေလည်း သင် အကုန်မှတ်မိ၊ သင့်ဇနီးကိုလည်း သင် မှတ်မိတော့ အဖေတို့လည်း သံသယ ရှင်းရရော မဟုတ်လား။ ပြီးတော့ သားရဲ့အမေကိုလည်း ဗတ်သောဋ္ဌမြို့က သည်ကို ငါတို့ ခေါ်လာခဲ့ပါပြီ' လို့ ဆိုပြီး သူ့တူသမက် ဟာစန်ကို ဖက်ပြီး ဝမ်းသာလုံး ဆို့ကာ ငိုပါသတဲ့။

ဟာစန်ကလည်း ဝမ်းသာလွန်းအားကြီးသဟာနှင့် ငိုပါသတဲ့။ ပြီးတော့ နန်းရင်းဝန်ကြီး မဟာမက်က 'သားရယ်၊ နောက်ဆုံးတော့ အခုလို ဖြစ်ရသဟာ တို့ ညီအစ်ကို နှစ်ယောက် စကားများကြသဟာနှင့် ဖြစ်ရသဟာပါပဲ' လို့ ဆိုပြီး သူ့ညီ အလီနှင့် သူနှင့် အဖြစ်အပျက်ကို အစအဆုံး ဖောက်လှန်ပါသတဲ့။

ပြီးတော့ မဟာမက်က အဂျစ်(အုံ့ဖွယ်) ကို အခေါ်လွှတ်လိုက်ပါသတဲ့။ အဂျစ် ရောက်လာတော့ ဟာစန်က 'ယောသည် သူငယ်ပဲ၊ ငါ့နဖူးကို ခဲနှင့်ပေါက်သဟာ' လို့ သူ့နဖူးကို စမ်းကြည့်ရင်း ပြောပါသတဲ့။ သည်တော့ မဟာမက်က 'အဲသဟာ သင့်သားပေါ့' လို့ ပြောပါသတဲ့။ သည်တော့ ဟာစန်က အဂျစ်ကို ဖက်ပြီး ငိုပါသတဲ့။ ပြီးတော့ တစ်ခါ ဟာစန်ရဲ့အမေလည်း ရောက်လာပြန်သဟာနှင့် သားအမိနှစ်ယောက် ဖက်ပြီး ငိုကြပြန်သတဲ့။ အဲသည်လို ဝမ်းသာလုံးဆို့ပြီး အားရအောင် ငိုကြပြီးတော့ သူတို့ဟာ အဲသလို မသေမပျောက် ပြန်ပြီး တွေ့ကြရသည့်အတွက် အလာဟုအရှင်ကို ကျေးဇူးတင်ကြပါသတဲ့။

နောက် နှစ်ရက်လောက် နေတော့ နန်းရင်းဝန်ကြီး မဟာမက်က ရှင်ဘုရင်ရဲ့ ရှေ့တော်ကို ဝင်ခစားပါသည်။ သည်တော့ ရှင်ဘုရင်က နန်းရင်းဝန်ကြီး ကျန်းကျန်းမာမာနှင့် ပြန်ရောက်လာသည့်အတွက် ဝမ်းသာကြောင်း ပြောပြီး သူ့သမက် ဟာစန်ကို ရှေ့တော်သို့ သွင်းခဲ့ဖို့ ပြောပါသတဲ့။ အဲသဟာနှင့် နောက်တစ်နေ့ကျတော့ မဟာမက်က ဟာစန်ကို ရှေ့တော် ခေါ်သွားပါသတဲ့။

ရှင်ဘုရင်က ဟာစန်ကို အားရဝမ်းသာ နှုတ်ဆက်ပြီး၊ မေးခွန်းတွေ အမျိုးမျိုး ထုတ်ပြီး ဟာစန်ကို ပညာစမ်းပါသတဲ့။ ဟာစန်ကလည်း ရှင်ဘုရင် မေးသမျှကို အကုန်လုံး သဘောတော်ကျအောင် ဖြေနိုင်ပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်က ဟာစန်ကို သဘောတော်ကျပြီး အတွင်းတော်သား အဖြစ်နှင့် ချီးမြှောက်ပြီး နန်းတော်ထဲမှာ ခစားစေပါသတဲ့။

အဲသည်အချိန်က စပြီး ဟာစန်တို့သားအဖ အဘိုးအဘွားတစ်တွေဟာ အသက် ထက်ဆုံး ချမ်းသာပျော်ရွှင်စွာ နေကြပါသတဲ့။





အလီနှင့်သား ဟာစန်ပုံကို နန်းရင်းဝန်ကြီး ဂျက်ဖားကပြောလို့ ဟာဠုံ အာဠာယှစ် မင်းကြီးက ဂျက်ဖားရဲ့ကျွန်ကို အသက်ဘေးမှ ချမ်းသာရာ ပေးလိုက်ပါသတဲ့။ ပြီးတော့ သူ့မယားကို အထင်မှားပြီး သတ်ပစ်သည့် လူငယ်ကိုလည်း တစ်သက်လုံး ချမ်းချမ်းသာသာ စားနေနိုင်လောက်အောင် ဆုတော်လာဘ်တော်များ ချပြီး၊ ဘုရင်မင်းမြတ်က သူ ခြေတော်တင်သည့် အပျိုတော်တစ်ယောက်နှင့် ပေးစားပြီး အတွင်းတော်သား အဖြစ်နှင့် အမှုတော် ထမ်းစေပါသတဲ့။

ဤသို့ ပြောပြီးလျှင် ယှာဠာဇတ်က ယှာဠူမင်းအား 'မှန်လှပါ၊ သည်ပုံက သဟာလောက် အံ့စရာ မကောင်းသေးပါဘူး၊ ဃနင်ဗင်အေးယုတ်ရဲ့ပုံက သည်ပုံထက်ပဲ အံ့စရာ ကောင်းပါသေးသည်' လို့ လျှောက်သည်။

## [ ၁၄ ]
## ဃနင်ဗင်အေးယုတ် ပုံ

ထိုအခါ ယှာဠူယမင်းကြီးက 'အနို့ အဲသည်ပုံက ဘယ်လိုတဲ့လဲဟ၊ ပြောစမ်းပါဦး' လို့ မိန့်တော်မူသည်။

'ရွှေနားတော်ဆင်ပါ မင်းတရားကြီး' ဟု အစချီပြီးလျှင် ယှာဠာဇတ်က ဃနင်ဗင်အေးယုတ် ပုံကို ပြောပြသည်မှာ ဆိုလတ္တံ့သည့် အတိုင်းပင် ဖြစ်သည်။

ဟိုရှေးရှေးတုန်းက ဒမတ်စကမြို့မှာ အလွန်တရာ ချမ်းသာကြွယ်ဝတဲ့ ကုန်သည်ကြီးတစ်ဦး ရှိပါသတဲ့။ သူ့မှာ သားတစ်ယောက်ဆို ဆိုသလောက် လပြည့်ဝန်းကြီးလို ချစ်စရာကောင်းတဲ့ ဃနင်ဗင်အေးယုတ် ဆိုတာ ရှိပါသတဲ့။ ဃနင်ဗင်အေးယုတ်ကို အပူသည်လို့လည်း ခေါ်ကြပါသတဲ့။ အချစ်ရဲ့ ကျွန်လို့လည်း ခေါ်ကြပါသတဲ့။ ပြီးတော့ အဲသည်ကုန်သည်ကြီးမှာ ဖစ်တနာ ခေါ်သည့် အတုမရှိအောင် လှပတင့်တယ်သည့် သမီးတစ်ယောက်လည်း ရှိပါသတဲ့။

တစ်နေ့တော့ အဲသည် ကုန်သည်ကြီးဟာ သေသွားပါသတဲ့။ သေသွားတော့ ဃနင်နှင့် ဖစ်တနာ မောင်နှမနှစ်ယောက်အဖို့ ပစ္စည်းတွေ အများကြီး ကျန်ရစ်ခဲ့ပါသတဲ့။ ရောမ ပိုးထည်သေတ္တာကြီးတွေကလည်း အလုံးတစ်ရာ ရှိပါသတဲ့။ အဲသည် သေတ္တာကြီးတွေမှာလည်း "သည်ပိုးသေတ္တာကြီးသည် ဗဂ္ဂဒက်မြို့တော် ပို့ရန်အတွက်" လို့ ကမ္ပည်းထိုးထားပါသတဲ့။ အမှန်မှာတော့ ဃနင်တို့ အဖေက အဲသည် သေတ္တာကြီးတွေကို သူကိုယ်တိုင် ဗဂ္ဂဒက် နေပြည်တော်ကို တင်ပြီး ရောင်းဖို့ ကြံထားသဟာပါတဲ့။ သဟာပေမင့် အလာဟုအရှင်ရဲ့ အလိုတော်အရ သေရွာသို့ လိုက်ပါသွားရတဲ့အတွက် သူ့အကြံ မမြောက်ခဲ့ပါဘူးတဲ့။ အဲသည် ဃနင်တို့ အဖေ သေသဟာက ဟာဠုံအာဠာယှစ် မင်းတရားကြီးရဲ့ လက်ထက်တော်အခါမှာ ဖြစ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖေ သေပြီးလို့ မကြာခင်ဘဲ ဃနင်က သူ့အမေ၊ သူ့ဆွေမျိုးတွေကို အကုန်နှုတ်ဆက်ပြီး ဗဂ္ဂဒတ်မြို့တော်ကို ကုန်သည်ဖော်တွေနှင့် လိုက်သွားပြီး ပိုးသေတ္တာကြီးတွေကို သွားရောင်းပါသတဲ့။ အဲသည်တော့ အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် ဃနင်ဟာ ဗဂ္ဂဒက်မြို့ကို ဘေးမသိ ရန်မခဘဲနှင့် ချောမောစွာ ရောက်သွားပါသတဲ့။ ရောက်သွားပြီးတော့ အင်မတန် ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီးတစ်ခုကို ငှားပြီး သိုက်မြိုက်စွာ မွှမ်းမံ ခြယ်လှယ်ပြီး နေပါသတဲ့။

အဲသည်တော့ ဗဂ္ဂဒက်နေပြည်တော်က ကုန်သည်ကြီးတွေက ဃနင်ဆီကို လာပြီး ပျူပျူငှာငှာ လောကဝတ် ကျေပွန်စွာနှင့် မိတ်ဆွေဖွဲ့ကြပါသတဲ့ ။ ပြီးတော့ ဃနင်က ဈေးထဲသွားပြီး အင်မတိ အင်မတန် အဖိုးထိုက်တန်တဲ့ ပိုးထည် ဆယ်ထည်ကို ပြပါသတဲ့။ ကုန်သည်တွေကလည်း သူ့ကို အင်မတန် လေးစားကြပါသတဲ့။ ဈေးထဲရောက်သွားတော့ သူ့ပိုးထည်တွေကို ဈေးသူကြီးဆီမှာ အပ်ထားပြီး ဈာစ်ကျပ်တန်တဲ့ ပစ္စည်းကို၊ တစ်ကျပ်ခေါင်း တစ်ကျပ်ခေါင်းမှာ နှစ်ကျပ် နှစ်ကျပ် အမြတ်တင်ပြီး ရောင်းပါသတဲ့။ အဲသည်လိုနှင့်ချည်း နေ့တိုင်း နေ့တိုင်း ဆက်ဆက်ရောင်းလိုက်သဟာ တစ်နှစ်ကြာသွားပါသတဲ့။

တစ်နှစ်စေ့သွားပြီး နောက်တစ်နေ့ကျတော့ ဃနင်က ခါတိုင်းလိုပဲ သူ့ကုန်တွေကို ရောင်းဖို့ ဈေးကို သွားပြန်ပါသတဲ့။ ဈေးရောက်သွားတော့ ဈေးရောင်းသည့်သူ တစ်ယောက်မှ မတွေ့ရဘဲ ဈေးတစ်ခုလုံး ပိတ်ထားသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် ဃနင်က 'သည်နေ့ ဘာလို့ ဈေးပိတ်ပါလိမ့်' လို့ စုံစမ်းကြည့်တော့ လူတစ်ယောက်က 'သည်နေ့ ကုန်သည်ကြီးတစ်ယောက် သေလို့ အားလုံး မသာပို့ သွားကုန်ကြလို့ ဈေးပိတ်ထားသည်။ သင်လည်း ကုသိုလ်ရချင်လျှင် မသာပို့ လိုက်ပါဦးလား' လို့ ပြောပါသတဲ့။ အဲသဟာနှင့် ဃနင်ကလည်း 'သည်လိုဆိုလျှင် အဟုတ်သွားပဲ၊ ငါလည်း မသာလိုက်ပို့ဦးမည်၊ မသာက ဘယ်အရပ်မှာလဲ' လို့ မေးပါသတဲ့။

အဲသဟာနှင့် ဟိုလူက ညွှန်လိုက်သည့်အတိုင်း မသာအိမ်ရှိသည့် အရပ်ကို သွားပြီး မသာပို့ လိုက်သွားပါသတဲ့။ သင်္ချိုင်းမှာလည်း မသာရှင်က မဏ္ဍပ်ကြီး ဟိန်းနေအောင် ထိုးထားပါသတဲ့။ ပြီးတော့ မီးရှူးတိုင်တွေလည်း ယူလာပါသတဲ့။ ပြီးတော့ အလောင်းကို မမြှုပ်ခင် "ကိုရအန်" ကျမ်းစာကို ရွတ်ဖတ် သရဇ္ဈာယ်ကြပါသတဲ့။ အဲသဟာနှင့် အချိန်က အတော် ကြာသွားပါသတဲ့။ သည်တော့ ဃနင်က သူ့အိမ် သူ ပြန်ချင်လှပါပြီတဲ့။ သဟာပေမယ့် တခြား မသာပို့တွေ မပြန်ခင် သူတစ်ယောက်တည်း ထပြန်သွားရမှာ ရှက်သဟာနှင့် ငါလည်း သူတို့ပြန်မှပဲ ပြန်ပါ့မလေလို့ အောက်မေ့ပြီး မပြန်ဘဲ စောင့်နေပါသတဲ့။ အဲသဟာနှင့် နေဝင်သွားပါရောတဲ့။ သည်တော့ မသာပို့တွေကို မသာရှင်က စားကောင်းသောက်ဖွယ်တွေနှင့် ဧည့်ခံပါသတဲ့ ။ မသာပို့တွေက





စားသောက်ပြီးကြတော့လည်း မပြန်ကြသေးဘဲ သူတို့ ပထမ ထိုင်သည့် နေရာမှာပဲ အသီးသီး ပြန်ထိုင်ကြပါသတဲ့။

အဲသည်တော့ ဃနင် စိတ်ထဲက "ငါက သည်အရပ်သားလည်း မဟုတ်ဘူး။ ငါ့အိမ်မှာလည်း ပစ္စည်းတွေကို စိတ်မချရဘူး၊ ငါ မရှိဘူးဆိုလျှင် သူခိုး သူဝှက်တွေ လာပြီး ခိုးဝှက်ကြကုန်လျှင် ငါတော့ ကိုယ်ကျိုးနည်းရတော့မှာပဲ" လို့ အောက်မေ့ပြီး အရေးကြီးသည့် ကိစ္စရှိလို့ ခဏသွားရလေဟန်ဖြင့် သူတစ်ယောက်တည်း ပြန်လာခဲ့ပါ သတဲ့။ အဲသဟာနှင့် မြို့တံခါးဝ ရောက်လာပါရောတဲ့။ သည်တော့ အချိန်ကလည်း သန်းခေါင်ကျော်နေသည့်အတွက် မြို့တံခါးက ပိတ်နေပါပြီ တဲ့။

မြို့ထဲ ဝင်သည့်လူလည်း တစ်ယောက်မျှမရှိ၊ မြို့ထဲက ထွက်သည့်လူလည်း တစ်ယောက်မျှ မရှိပါဘူးတဲ့။ အဲသဟာနှင့် ဃနင်က "ရော... သဟာမှ ခက်သဟာပဲ၊ ငါ ဘယ်လိုလုပ်ရပါ့" လို့ ညည်းပါသတဲ့။ အဲသည်အခိုက်မှာ မြို့ပြင်က ခွေးအ တွေ၊ ဝံပုလွေတွေကလည်း ဘာသာဘာဝ ဟောင်ကြ အူကြပါသတဲ့။ သည်တော့ ဃနင်က "သည်တစ်ခါ ငါတော့ဖြင့် ခက်ပြီ" လို့ အောက်မေ့ပြီး "ဒွန္နယာမှာ အလာဟုအရှင်မှ တစ်ပါး ကိုးကွယ်ရာမရှိ။ ဒွန္နယာမှာ အလာဟု အရှင်မှတစ်ပါး ကိုးကွယ်ရာမရှိ" လို့ ဆိုပါသတဲ့ ။ ပြီးတော့ "ငါဟာ ပစ္စည်းကို နှမြောလို့ ပြန်လာသည်။ အခုတော့ ငါ့အသက် တောင်ပင် သေရတော့မလို ဖြစ်နေပြီ'" လို့ အောက်မေ့ပြီး သင်္ချိုင်းဘက်ကို ပြန်ပြီး တုံ့သွားပါသတဲ့။ လမ်းကျတော့ အုတ်တံတိုင်း ကာထားသည့် ဂူကြီးတစ်ခုကို တွေ့ပါသတဲ့။


အဲသဟာနှင့် ဃနင်က 'ငါတော့ မိုးမလင်းခင် သည်ဂူကြီးထဲ ဝင်ပုန်းနေပြီး မိုးလင်းမှပဲ မြို့ထဲ ပြန်တော့မလေ' လို့ အောက်မေ့ပြီး အုတ်တံတိုင်း တံခါးကလည်း ပွင့်နေသဟာနှင့် တံတိုင်းတွင်းကို ဝင်သွားပါသတဲ့။ တံတိုင်းအတွင်း အလယ်က ကွက်လပ်ထဲမှာ စွန်ပလွံပင်တစ်ပင် ရှိပါသတဲ့။ တံတိုင်းမှခ်ပေါက်ကလည်း ကျောက်သားနှင့် လုပ်ထားပါသတဲ့။ အဲသည်တော့ ဃနင်က အိပ်ကလည်း အိပ်ချင်လှပါပြီတဲ့။ သဟာပေမင့် သင်္ချိုင်းထဲမှာ သူတစ်ယောက်တည်း ဂူတွေ ပတ်လည်ဝိုင်းနေတော့ ကြောက်ပြီး အိပ်လို့လည်း မရပါဘူးတဲ့။ အဲသဟာနှင့် ဃနင်ဟာ တံတိုင်းတံခါးက ထွက်ပြီး သူ လာခဲ့သည့် လမ်းဘက်ကို မျှော်ကြည့်လိုက်ပါသတဲ့။

သည်တော့ မြို့တံခါးဆီက လက်လက် လက်လက်နှင့် မီးရောင်တစ်ခုကို မြင်ပါသတဲ့။ အဲသဟာနှင့် မီးရောင် မြင်ရသည့်ဘက်ဆီကို အနည်းငယ် လျှောက်ပြီး ကြည့်လိုက်တော့ မီးရောင်က သူ့ဆီကို ရွေးရှုလာနေသဟာကို တွေ့ရပါသတဲ့။ သည်တော့ ဃနင်က ကြောက်ပြီး တံတိုင်းတွင်းကို ပြန်ဝင်ပြေးပြီး၊ တံတိုင်းတံခါးကို ပိတ်ပြီး ကြောက်ကြောက်နှင့် စွန်ပလွံပင်ပေါ် တက်ပြီး ပုန်းနေပါသတဲ့။ အဲသည်တော့ မီးရောင်က



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် နီးလာပြီး နောက်ဆုံးကျတော့ သူနေတဲ့ သချိုင်းနားကို ရောက်လာပါသတဲ့။ အဲသဟာနှင့် ဃနင်က စွန်ပလွံပင်ပေါ်ကနေပြီး အသာလှမ်းကြည့်လိုက်တော့ ကျွန်မည်းကြီး သုံးယောက်အနက် တစ်ယောက်က မီးအိမ်ကို လက်တစ်ဖက်က ကိုင်ပြီး လက်တစ်ဖက်ကတော့ ပေါက်ချွန်းရယ်၊ အင်္ဂတေမှုန့်ထုပ်ကြီးရယ် ကိုင်လာပြီး ကျန်နှစ်ယောက်ကတော့ သေတ္တာကြီးတစ်လုံးကို ထမ်းလာကြသဟာကို တွေ့ရပါသတဲ့။

အဲသည် ကျွန်မည်းကြီး သုံးယောက်အနက် တစ်ယောက်က 'ဟေ့ ဆာဝတ်၊ ဘာတွေနေရသလဲကွ' လို့ မေးပါသတဲ့။ သည်တော့ တစ်ယောက်က 'ဟေ့ ကဖူး၊ တို့ ခပ်စောစောက ရောက်တုန်းက သည်က ဝင်းတံခါးကို ဖွင့်ထားခဲ့ကြသည် မဟုတ်





လားကွ' လို့ မေးပါသတဲ့။ သည်တော့ ကဖူးက 'အဲ ဟုတ်သဟာပေါ့ဟ၊ အခုတော့ တံခါးကြီးကို ပိတ်ပြီး ကန့်လန့်တောင် ထိုးထားလိုက်ပါသေးသလားဟ'။ သည်တော့ ဗူခိတ်ခေါ်သည့် ကျန်သည့်တစ်ယောက်က 'သဟာကတော့ သည်လိုပါ သူငယ်ချင်းရာ၊ သည်သချိုင်းရှင်က လာပြီး ရှင်းရင်းလင်းရင်းနှင့် တို့လို ကောင်မည်းကြီးတွေနှင့် တွေ့သွားလျှင် သူ့ကို သတ်ပြီး ကင်စားမှာကြောက်လို့ တံခါးကို လုံအောင်ပိတ်ထားသဟာနှင့် တူပါသဟာ' လို့ ပြောပါသတဲ့။ သည်တော့ အခြားနှစ်ယောက်က 'ဟေ့ ဗူခိတ်၊ တို့ သုံးယောက်ထဲမှာတော့ သင်ဟာ အဖျင်းဆုံးပဲဟ။ သင် ပြောသဟာ ဘယ်နည်းနှင့်မျှ မဟုတ်နိုင်ဘူးဟ' လို့ ဆိုကြပါသတဲ့။ သည်တော့ ဗူခိတ်က မခံချင်သဟာနှင့် 'သင်တို့က ငါ ပြောသဟာကို မယုံလို့ရှိရင် သင်တို့ကို ယုံအောင် ငါ လုပ်ပြရသဟာပ။ လာ အထဲကို ဝင်ပြီး စွန်ပလွံပင်ပေါ် တက်ပြီး ပုန်းနေတဲ့ကြွက်ကို ငါ ဖမ်းပြမည်။ သည်ကြွက်ဟာ တို့ လာသဟာ မြင်သဟာနှင့် စွန်ပလွံပင်ပေါ် ဘက်ပြေးပြီး ပုန်းနေသဟာပါဟ။ ငါ တွေးလိုက်ရင် မမှားပါဘူး' လို့ ဆိုပါသတဲ့။

အဲသည်လို ဆိုသဟာကို စွန်ပလွံပင်ပေါ်က ဃနင်က ကြားတော့ "ငါတော့ သည်ကောင်မည်းတွေ လက်ထဲက လွတ်တော့မည် မထင်ပါဘူး" လို့ အောက်မေ့ပြီး အလာဟုအရှင် ကယ်တော်မူပါလို့ တ ပါသတဲ့။

အဲသည် အတောအတွင်းမှာ သေတ္တာကြီးကို ထမ်းလာကြသည့် ကျွန်မည်းကြီး နှစ်ယောက်က 'ဟေ့… ဗူခိတ်၊ တံတိုင်းကျော်တက်ပြီး တံခါးကို သွားဖွင့်စမ်းပါကွာ။ တို့ ထမ်းရသဟာ လေးလှပြီကွ။ တို့ အထဲ ရောက်သွားလို့ တွေ့တဲ့ ကြွက်ကြီးကိုလည်း သင်တို့ကို ကင်ပြီး ဝအောင် ကျွေးပါမည်ကွ' လို့ ဆိုပါသတဲ့။

သည်တော့ ဗူခိတ်က 'ငါတစ်ယောက်တည်း အထဲကို ဝင်ရမှာ စိတ်မလုံပါဘူးကွာ။ သည်သေတ္တာကြီးကို တံတိုင်းပေါ်က ကျော်ပြီး ပစ်ချလိုက်သဟာပေါ့ကွ။ တို့ပစ္စည်းပဲ၊ ဘာဖြစ်သဟာလိုက်လို့' ဟု ဆိုပါသတဲ့။ သည်တော့ ကျန်သည့်နှစ်ယောက်က 'ဟာ… ပစ်ချလိုက်ရင် ကွဲသွားမှာပေါ့ကွ၊ မဟုတ်သဟာပဲကွာ' လို့ ဆိုပါသတဲ့။ သည်တော့ ဗူခိတ်က 'ငါတစ်ယောက်တည်း အထဲဝင်ရမှာ ကြောက်သည်ကွ။ သည်အချိန်က သန်းခေါင်ယံဆိုတော့ သူခိုးတွေ မင်းမူသည့် အချိန်ကွ။ သူခိုးဆိုသည့် အကောင်မျိုးက ယုံရသဟာ မဟုတ်ဘူး။ သူတို့ စိတ်က မထင်လျှင် လူတစ်ဖက်သားကို သတ်ချင်သတ်ပစ်တတ်သဟာ' လို့ ဆိုပါသတဲ့။ သည်တော့ သေတ္တာကြီး ထမ်းထားသည့် နှစ်ယောက်က ဗူခိတ်က တယ်ဖျင်းသည့် အကောင်ကိုးကွ' လို့ ဆိုပြီး ပခုံးပေါ်က သေတ္တာကြီးကို ချပြီး၊ တံတိုင်းပေါ် ကျော်တက်ပြီး တံခါးကို ဖွင့်ကြပါသတဲ့။ ပြီးတော့ သေတ္တာကြီးကို ထမ်းသွင်းပြီး တံခါးကို ပြန်ပိတ်ထားလိုက်ကြပါသတဲ့။

သချိုင်းတွင်း ရောက်သွားပြီးတော့ တစ်ယောက်က 'ဟေ့… အချိန်လည်း



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်လှပြီကွာ။ တို့တစ်တွေမှာ သည်သေတ္တာကြီးကို ချီရ မရသဟာ၊ တံတိုင်း တံခါးကို ဖွင့်ရသဟာနှင့် မောလည်းမောလှပြီ။ အခုတိုင်း ဆက်ပြီး ဂူကြီးကို ဖောက်ပြီး သည်သေတ္တာကြီးကို မြှုပ်ရမည်ဆိုလျှင် တို့ တတ်နိုင်ကြမည် မဟုတ်တော့ဘူး၊ မောလှပြီ။ အဲသည်တော့ တို့ သည်လိုလုပ်ကြလျှင် မကောင်းဘူးလား။ တို့သုံးယောက် နှစ်နာရီ သုံးနာရီလောက် အမောဖြေရင်း နားကြမည်။ နားပြီးတော့မှ လုပ်စရာရှိသဟာ ဆက်လုပ်ကြမည်။ အဲသည်လို နားနေသည့် အချိန်အတွင်းမှာ အချိန်ကုန်လွယ်အောင် တို့သုံးယောက် ဘယ်နည်း ဘယ်ပုံနှင့် ဇေးအသင်း ခံကြရသည် ဆိုသဟာကို အစက အဆုံး တစ်ယောက်တစ်လှည့် ပြောကြမည်ကွာ။ ဘယ့်နှယ်လဲ၊ အဲသည်လိုဆိုလျှင် မကောင်းဘူးလား' လို့ ဆိုပါသတဲ့။

သည်တော့ ဗူခိတ်က 'သည်အကြံ ကောင်းသဟိတ်၊ ငါကပဲ စပြီး ငါ့ အကြောင်းကို ပြောပြမည်' လို့ ဆိုပါသတဲ့။ သည်တော့ ကျန်သည့်နှစ်ယောက်ကလည်း 'စိန်လိုက်ကွာ၊ ပြောပေတော့။ ငါတို့ နားထောင်မည်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့်ပဲ ဗူခိတ်က သူ့အဖြစ်အပျက်ကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြပါသတဲ့။

## ပထမသင်းကွပ် ဗူခိတ်ပုံ

အဲသည်တော့ ဗူခိတ်က 'ကိုင်း... သူငယ်ချင်းတို့ နားထောင်ကြ၊ ငါ့အဖြစ်အပျက် ကို ငါ ပြောပြမည်' လို့ ဆိုပြီး သူ့အကြောင်းကို ပြောပြပါသတဲ့။

အဲသည်တုန်းက ငါကလည်း ငါးနှစ်သားလောက်ပဲ ရှိပါသေးသကွာ။ ငါးနှစ် သား ဆိုတော့ ကလေးပဲပေါ့ကွ။ အဲသည်တုန်းမှာ ကျွန်ကုန်သည် တစ်ယောက်က ငါတို့ရွာ လာပြီး ငါ့ကို ဖမ်းသွားသဟာကိုးကွ။ အဲသည်လို ဖမ်းသွားပြီးတော့ ငါ့ကို ရှင်ဘုရင်ရဲ့ အမှုထမ်းတစ်ယောက်ဆီမှာ ရောင်းစားလိုက်သကွ၊ အဲသည် ငါ့သခင်မှာ လည်း သုံးနှစ်သမီးကလေးတစ်ယောက် ရှိသကွ။ အဲသည် ကောင်မလေးနှင့် ငါနှင့်ဟာ ကစားဖော် ကစားဖက် ဆိုပါတော့ကွာ။ ငါ့ကိုတော့ သူတို့တစ်တွေက လှောင်လိုက်၊ ပြောင်လိုက်၊ သီချင်းအဆိုခိုင်းလိုက်၊ အကခိုင်းလိုက်ပေါ့ကွာ။ ငါကလည်း သူတို့ကျွန် ဆိုတော့ သူတို့ ခိုင်းသဟာကို အကုန် လုပ်ရသဟာပေါ့ကွာ။

အဲသဟာနှင့် ဘရွေ့ရွေ့နှင့် ငါလည်း တစ်ဆယ့်နှစ်နှစ်သား အရွယ်ရောက် လာရောကွ။ သည်တော့ ကောင်မလေး အသက်က ဆယ့်နှစ်ပေါ့ကွာ။ အဲသည် အရွယ် ရောက်အောင်ပဲဟေ့၊ သူတို့ကလည်း ငါ့ကို သည်ကောင်မလေးနှင့် အရောတဝင် အနေ ခိုင်းကြသဟာပဲဟ။ အဲ့သဟာနှင့် တစ်နေ့တော့ ငါက ကောင်မလေးဆီကို ဝင်သွား သဟာပေါ့ကွာ။ ကောင်မလေးကလည်း အတွင်းဘက် အိမ်ခန်းထဲမှာ ထိုင်လို့ကွ။ သူ့ကြည့်ရသဟာ ရေမိုးချိုးပြီးခါစနှင့် တူပါသကွာ။ ဝတ်ဆင်ထားလိုက်သဟာကလည်း





ကြော့လို့ကွ။ ဖြီးလိမ်းထားလိုက်သဟာကလည်း မွှေးလို့ကြိုင်လို့ကွ။ မျက်နှာကလေး ကလည်းကွာ လပြည့်ဝန်းလို ဝိုင်းလို့စက်လို့ကွ။ သည်တော့ ကောင်မလေးကလည်း ငါ့ကို ပလူးပလဲ လုပ်သကွ။ ငါကလည်း ပြန်ပြီး ပလူးပလဲ လုပ်သဟာပေါ့ကွာ၊ အိမ်ခန်း ထဲမှာ ငါတို့နှစ်ယောက်ပဲ ရှိကြသဟာကိုကွ။ အဲသဟာနှင့်ကွာ နောက်ဆုံး တိုတို ပြောရမည် ဆိုလျှင်တော့ ငါလည်း ငါ့ဟာငါ ဘာလုပ်မိလို့ ဘာလုပ်မိမှန်း မသိပါဘူးကွာ။ ကောင်မလေး အပျိုရည် ပျက်သွားရောကွ။ ပြီးတော့ ငါလည်း ငါ့ဟာငါ ဘာလုပ်မိသည် ဆိုသဟာကို သတိရသဟာနှင့် တစ်ပြိုင်နက် တစ်ခါတည်း ထွက်ပြေးပြီး ငါ့သူငယ်ချင်း တစ်ယောက် အိမ်မှာ သွားပုန်းနေရောကွ။

အဲသည်အခိုက်မှာပဲ သူ့အမေကြီးက ကောင်မလေးဆီကို ဝင်လာတော့ ကောင်မ လေးရဲ့ အဖြစ်အပျက်ကို တွေ့သွားသဟာပေါ့ကွာ။ သည်တော့ မိန်းမကြီးလည်း မူးလဲ သွားသဟာပဲကွ။ သဟာပေမင့် သူ့အမေကြီးက အလိမ္မာနှင့် သည်အကြောင်းကို သူ့လင် မသိအောင် အသာဖုံးထားသကွ။ တစ်ကြောင်းကတော့ ငါ့လည်း သနားလို့ပေါ့ကွာ။ ပြီးတော့ ငါ့ကိုလည်း ငါ ပုန်းနေသည့် နေရာက ရအောင် ချော့ခေါ်ပြီး သူတို့အိမ်မှာပဲ ထားသကွ။ နောက်နှစ်လလောက် ကြာတော့ ကောင်မလေးကို ဆတ္တာသည်ကလေး တစ်ယောက်နှင့် ပေးစားလိုက်သကွ။ အဲသည် ဆတ္တာသည်ကလေးက ကောင်မလေး အဖေကို မုတ်ဆိတ် လာလာ ရိတ်ပေးနေကျ ဆတ္တာသည်ကလေးကိုကွ။ သည်တော့ မိန်းမကြီးကလည်း သူ့သမီးအတွက် ရွှေတွေ ငွေတွေ အများကြီး လက်ဖွဲ့သဟာပေါ့ကွာ။ သူတို့နှစ်ယောက် ထိမ်းမြားမည့် ညကျတော့ အမေကြီးက ခိုကလေးတစ်ကောင် သတ်ပြီး သူ့သမီးရဲ့ အတွင်းခံထဘီမှာ ခိုသွေးတွေ သုတ်ထားသကွ။ ပြီးတော့ နောက်မကြာခင် ပါပဲကွာ၊ ငါ့ကို ဖမ်းပြီး အမှတ်တမဲ့နှင့် ဇေးသင်းပစ်လိုက်ကြသကွ။

ပြီးတော့ ငါ့ကို ကောင်မလေးရဲ့အထိန်း ခန့်ထားပြီး ငါက ကောင်မလေး ဘယ်သွားသွား အနားက တစ်ဖဝါးမကွာ အမြဲလိုက်ရသကွ။ အဲသည်တော့ ငါလည်း ကောင်မလေးနှင့်အတူ သူ့အသက်ထက်ဆုံးပဲ အိပ်အတူ နေအတူ ဆိုသလိုပဲ နေရသကွ။ နောက်ဆုံးကျတော့ ကောင်မလေးလည်း သေ၊ သူ့လင်လည်း သေ၊ သူ့အဖေ အမေတွေ လည်း သေသွားတော့ ငါတစ်ယောက်တည်းပဲ ကျန်ရစ်ခဲ့တော့သကွ။ သည်တော့မှ နန်းတော်ကြီးက လာပြီး ငါ့ကို အရှင် မရှိသည့် ပစ္စည်းဆိုပြီး ဘုရင့်ဘဏ္ဍာတော်အဖြစ် သိမ်းယူလိုက်သဟာကိုးကွ။ ငါ မင်းတို့ဆီကို ရောက်လာသဟာရယ်၊ သင်းကွပ် ဖြစ်ရ သဟာရယ်ဟာ အခု ငါ ပြောသည့် အတိုင်းပါပဲကွာ လို့ ပြောပါသတဲ့။

အဲသည်လို ဗူခိတ်က သူ့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို ပြောပြီးတော့ ဒုတိယ သင်းကွပ် ကဖူးက သူ့အကြောင်းကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယသင်းကွပ် ကဖူး ပုံ

ငါ ကျွန်ဘဝရောက်တော့ ငါ့အသက်က ရှစ်နှစ်ပဲ ရှိသေးသကွ။ အဲသည်တော့ ငါကလည်း တစ်နှစ်မှာတစ်ခါ အချိန်မှန်မှန် မဟုတ်သဟာကို တစ်ခုကျ တစ်ခုကျ ပြောသကွ။ အဲသဟာနှင့် ငါ့ကိုရသည့် ကျွန်ကုန်သည်တွေဟာ သူတို့ချင်း မတည့်မရှ ဖြစ်ဖြစ်ပြီး အကုန် ဒုက္ခများကုန်ကြသကွ။

အဲသဟာနှင့် နောက်ဆုံးကျတော့ ငါ့သခင်က သည်းမခံနိုင်တော့သဟာနှင့် ငါ့ကို ရောင်းပစ်ဖို့ ကျွန်ဈေးထဲကို ခေါ်သွားသကွ။ ကျွန်ဈေးထဲ ရောက်သွားတော့ ကျွန်ပွဲစားတွေကို အော်ပြီး အရောင်းခိုင်းသကွ။ 'ဟောသည့် ကျွန်ကို ဝယ်ချင်ကြလျှင် ဈေးလျှော့ပေးမည်၊ သူ့မှာတော့ မကောင်းသည့် အကျင့်ကလေးတော့ တစ်ခုရှိသည်' လို့။ သည်တော့ ဝယ်မည့်သူတစ်ယောက်က 'နေစမ်းပါဦး၊ သူ့ မကောင်းသည့် အကျင့် ဆိုသဟာ ဘယ်လိုဟာလဲ' လို့ မေးသကွ။ သည်တော့ ငါ့ ကျွန်ပွဲစားက 'သူ့ မကောင်းသည့် အကျင့်က တခြားတော့ မဟုတ်ပါဘူး။ တစ်နှစ်မှ တစ်ခါပဲ လိမ်ပြီးပြောတတ်သည့် အပြစ်ပါပဲ' လို့ ပြောသကွ။

သည်တော့ ကျွန်ကုန်သည်တစ်ယောက်က 'သဟာဖြင့် သူ့ကို ဘယ်လောက်နှင့် ရောင်းမတုံး' လို့ မေးသကွ။ သည်တော့ ကျွန်ပွဲစားက အသပြာ ခြောက်ရာရလျှင် ရောင်းမည်လို့ ပြောသကွ။ အဲသဟာနှင့် ဈေးတည့်သွားတော့ ငါ့ကို ကျွန်ကုန်သည် တစ်ယောက်က ဝယ်သွားပါရောကွာ။ ကျွန်ပွဲစားကတော့ ပွဲခ အသပြာနှစ်ဆယ် ရလိုက်သကွ။ အဲသဟာနှင့် ငါလည်း အဲသည် ကုန်သည်ဆီမှာပဲ နေရသဟာပေါ့ကွာ။ အဲသည် ကုန်သည်ကလည်း ငါ့ကို တော်အောင် ကြည့်ပြီး အဝတ်အစားလေး ဘာလေး ဆင်ထားသကွ။ အဲသလိုနှင့် တစ်နှစ် ပြည့်ခါနီးသွားရော ဆိုပါတော့ကွာ။ နှစ်သစ်က လည်း ကူးခါနီးကိုကွ။ နှစ်သစ်ကူးတော့ ပျော်ပျော်ပါးပါးပေါ့ကွာ။ အဲသည်နှစ်ကလည်း လယ်တွေယာတွေကလည်း အတော်ကောင်းသကွ။ ကုန်သည်တွေလည်း စီးပွားလမ်း ဖြောင့်ကြလို့ ပျော်ပျော်ပါးပါး သုံးကြစွဲကြပေါ့ကွာ။ ကုန်သည်ကြီးတွေကလည်း အချင်းချင်း တစ်ယောက် တစ်လှည့်ကျ ကျွေးမွေးပွဲ လုပ်ကြသကွ။

တစ်နေ့တော့ ငါ့သခင်ရဲ့ ကျွေးမွေးဖို့အလှည့် ရောက်သဟာနှင့် ငါ့သခင်က မြို့ပြင်က ပန်းဥယျာဉ်ကြီး တစ်ခုထဲသွားပြီး သူ့မိတ်ဆွေတွေကို ကျွေးမွေးသကွ။ အစား အသောက်တွေ ဆိုသဟာကတော့ လှိုင်လို့ပေါ့ကွာ။ သေရည်ဆိုသဟာလည်း မိုးမွှန် လို့ပဲကွ။ အဲသဟာနှင့် ကုန်သည်ကြီးတွေလည်း စားသည့်လူက စား၊ သောက်သည့်လူက သောက်၊ သီချင်းဆိုသည့်လူက ဆိုနှင့် ပျော်ပျော်ပါးပါး နေလိုက်ကြသဟာ နေ့လယ် ရောက်သွားပါရောကွာ။ သည်တော့ ငါ့သခင်က ပစ္စည်းတစ်ခု ယူစရာ ရှိသဟာနှင့် ငါ့ကိုခေါ်ပြီး 'ဟဲ့ကောင် လာစမ်း၊ ဟောသည် မြင်းကို စီးသွား။ အိမ်ရောက်တော့ နင့်သခင်မဆီက ငါ မှာလိုက်သဟာကို ယူပြီး အမြန်ပြန်ခဲ့' လို့ ဆိုသကွ။





သည်တော့ ငါကလည်း မြင်းကို ကပျာကယာစီးပြီး အိမ်ကို အပြင်းသုတ် သဟာပေါ့ကွာ။ အိမ်နားလည်း ရောက်ခါနီးရော ငါက ရှိုက်ကြီးတငင် ငိုသဟာပါပဲကွာ။ သည်တော့ ငါတို့အရပ်ထဲက လူတွေက အကုန်ဝိုင်းလာကြပြီး 'ဟဲ့ ကဖူးရဲ့၊ ဘာဖြစ် လာသလဲ' လို့ မေးကြသကွ။ သည်တော့ ငါက 'အမယ်လေး . . . မမေးကြပါနှင့်တော့၊ ကိုယ်ကျိုးနည်းကုန်ကြပါပြီ။ သည်အိမ်က သခင်နှင့် ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ ဟာ ဥယျာဉ်ထဲမှာ ပျော်ပွဲစားနေကြတုန်း အုတ်နံရံကြီး ပြိုကျလို့ အကုန်သေကုန်ကြပါပြီ။ အဲသဟာနှင့် ငါဟာ သည်မြင်းကို စီးပြီး သည်ကို အကျိုးအကြောင်းပြောဖို့ ပြေးလာခဲ့ ပါသည်။ ဟီး ဟီး' ဆိုပြီး ငါက ပြောလည်းပြော၊ ငိုလည်း ငိုသဟာကိုကွ။

ငါကလည်း အဲသလိုလည်း ပြောလိုက်ကရော တို့သခင်မလည်း ရောက်လာ ပြီး၊ တို့သခင်မနှင့် သူ့သမီးတွေကလည်း တစ်ခါတည်း ငိုကြသဟာ ပါပဲကွာ။ အဲသည် တော့ အရပ်ထဲက လူတွေကလည်း ဝိုင်းလို့ပေါ့ကွာ။ တို့သခင်မကလည်း ဟော့၊ တစ်ခါ တည်း သူ့ရင်ဘတ် သူထု၊ သူ့အဝတ်အစားတွေ သူဆုတ်၊ အိမ်ထဲမှာ ရှိတဲ့ ပန်းကန်ခွက် ယောက်တွေ ခွဲပစ်ပြီး အိမ်ထောင် ပရိဘောဂတွေ ရိုက်ချိုးပစ်တော့ သဟာပါပဲကွာ။ ပြီးတော့ တို့သခင်မက 'ဟဲ့ . . . ကဖူးရဲ့ လာစမ်းပါဦးဟဲ့၊ ငါ့ကို ကူပြီး ခွဲပေးစမ်းပါ ဦးဟဲ့' လို့ ဆိုသကွ။ အဲသဟာနှင့် ငါကလည်း အိမ်မှာရှိတဲ့ ပစ္စည်းတွေကို တစ်ခုမကျန် ကူပြီး ထုခွဲရိုက်ချိုး လုပ်လိုက်သဟာပေါ့ကွာ။ အိမ်အောက်ထပ်မှာရှိသည့် ပစ္စည်းတွေ ကုန်တော့ တစ်ခါ ငါက အပေါ်ထပ်တက်ပြီး ကန့်လန့်ကာရော၊ အခန်းဆီးရော၊ ရေအိုးစင်ရော၊ ဘာရော ညာရော ဘာမှ မကျန်အောင် အကုန်တက်ပြီး ခွဲဖျက် ပေးလိုက် သေးသကွ။ ပြီးတော့ တို့သခင်မက ခေါင်းမြီးခြုံအဝတ်တောင် မပါ ပါဘူးကွာ။ အိမ်ပေါ် က သူ့သမီးတွေပါ ခေါ်ပြီး ဆင်းလာပြီး 'ဟဲ့ . . . ကဖူးရဲ့ လာပါဟဲ့၊ ငါ့ကို နင့်သခင် အလောင်းရှိသည့် နေရာကို လိုက်ပို့ပါဟဲ့' ဆိုသကွ။ ငါကလည်း 'အမယ်လေး သခင်ရဲ့၊ ဖြစ်မှဖြစ်ရလေခြင်း သခင်ရဲ့' လို့ ဆိုငိုပြီး တို့သခင်မနှင့် သမီးတွေကို ခေါ်လာသဟာ ပေါ့ကွာ။ အဲသည်တော့ အရပ်ထဲက လူတွေကလည်း အကုန်လုံး ဝိုင်းလိုက်ကြသကွ။ အရပ်ထဲမှာ ဘယ်သူဆိုလို့ ဘယ်သူမှ မကျန်ရစ်တော့ပါဘူးကွာ။ ကလေးရော၊ လူကြီး ရော၊ လူပျိုရော၊ လူအိုရော၊ အဘိုးကြီးရော၊ အမယ်ကြီးရော အကုန်ပါပဲကွာ။

'ဟဲ့ . . . ဘယ်လို ဖြစ်သဟာလဲဟဲ့၊ ကဖူးရဲ့' ဟို့ ငါ့ကို အရပ်ထဲက လူတွေ က မေးကြတော့ ငါကလည်း 'သည်လို သည်လိုပဲ၊ ပျော်ပွဲစားနေတုန်းမှာ အုတ်နံရံ ကြီး ပြိုကျပြီး အကုန် သေကုန်ကြသဟာပဲ' လို့ ပြောတော့ သူတို့ကလည်း 'ဖြစ်မှ ဖြစ်ရလေသည်၊ ဖြစ်မှ ဖြစ်ရလေသည်။ သဟာကြောင့် ဒွန္နယာကြီးမှာ အလာဟု အရှင်မှ တစ်ပါး ကိုးကွယ်ရာမရှိလို့ ဆိုသဟာပဲ' လို့ ဆိုကြသကွ။ ပြီးတော့ လူတစ်ယောက်က 'အခု သေတဲ့ ကုန်သည်ကြီးဟာ သာမညောင်ညလူ မဟုတ်ဘူး၊ သည်တော့ မြို့ဝန်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကိုပါ သိအောင် အကြောင်းသွားကြားလျှင် ကောင်းလိမ့်မည်’ ဆိုပြီး သွားပြီး အကြောင်းကြားသတဲ့။ သဟာနှင့် မြို့ဝန်ကြီးကလည်း အကြောင်းကို ကြားလျှင်ကြားချင်း တပည့်တပန်းတွေကို တူးရှင်းတို့၊ ပေါက်တူးတို့၊ ခြင်းတောင်းတို့ ယူခဲ့ကြဆိုပြီး သူပါ တစ်ခါတည်း ငါ့နောက် လိုက်လာသကွ။ ငါကလည်း လှုအုပ်ကြီးကို ရှေ့က ခေါင်းဆောင်ပြီး ပါးစပ်ကလည်း တဟီးဟီးနှင့် ငို၊ ရင်ဘတ်ကိုလည်း တဒုန်းဒုန်းနှင့် ထုလို့ပေါ့ကွာ။

အဲသဟာနှင့် ဥယျာဉ်နား နီးသွားတော့ ငါက ရှေ့က ခြေကုန်သုတ်ပြေးနှင့်ပြီး ဥယျာဉ်ကြီးထဲလည်း ရောက်လို့ ငါ့သခင်လည်း မြင်လိုက်ရော ငါက ရင်ဘတ်တီးပြီး ‘အမယ်လေး... ကိုယ်ကျိုးနည်းကုန်ပါပြီ၊ အိမ်မှာ သခင်မကြီးရော၊ သမီးတွေရော တစ်ယောက်မှ မရှိတော့ဘူး သေကုန်ကြပါပြီ။ အမယ်လေး သခင်မကြီးရဲ့၊ အခု ငါ ဘယ်သူ့ အားကိုးရတော့မလဲ၊ သခင်မကြီး သေမည့်အစား ငါ သေလို့ရလျှင် ကောင်းပါလေရဲ့၊ အမယ်လေး... အသက်ချင်း လဲလို့ရလျှင် လဲလိုက်ချင်ပါရဲ့’ လို့ ဆိုပြီး ငိုသဟာကိုကွ။

သည်တော့ ငါ့သခင်က ‘ဟဲ့... ကဖူးရဲ့ နေစမ်းပါဦး၊ ဘယ်လို ဖြစ်သဟာတုံး၊ ငါ့ကို ပြောစမ်းပါဦး’ လို့ ဆိုသကွ။ သည်တော့ တစ်ခါ ငါက ‘ငါလည်း မြည်းစီးသွားလို့ အိမ်လည်း ရောက်လည်းရောက်ကရော၊ အိမ်ကြီး ပြိုကျပြီး သခင်မကြီးနှင့် သမီးတွေ အကုန် သေကုန်ကြသဟာပါပဲ’ လို့ ပြောသကွ။ သည်တော့ တို့သခင်က ‘ဟဲ့... ကဖူးရဲ့ နေစမ်းပါဦး၊ ဘယ်သူမှ မကျန်တော့ဘူးလား’ လို့ မေးသကွ။ သည်တော့ ငါက ‘တစ်ယောက်မှ မကျန်ပါဘူး၊ အကုန်လုံး သေကုန်ပါသည်။ ပထမဆုံး သခင်ရဲ့ သမီးအကြီး သေဆုံးပါသည်’ လို့ ပြောသကွ။ သည်တော့ တစ်ခါ သူက ‘ဟဲ့... ကဖူးရဲ့၊ ငါ့သမီးအငယ်ကော မလွတ်ဘူးလား’ လို့ မေးသကွ။ သည်တော့ ‘သခင် သမီးအငယ်လည်း မလွတ်ပါဘူး’လို့ ပြောသကွ။ သည်တော့ တစ်ခါ သူက ‘အနို့ ငါ စီးသည့် မြည်းကော’ လို့ မေးပြန်သကွ။ သည်တော့ ငါက ‘မြည်းမလည်း မကျန်ပါဘူး၊ အိမ်မှာရှိသည့် ခွေးတို့၊ ကြောင်တို့၊ ကြက်တို့၊ ဘဲတို့တောင် မကျန်ပါဘူး၊ အကုန် သေကုန်ပါသည်’ လို့ ပြောသကွ။ သည်တော့ တစ်ခါ တို့သခင်က‘အနို့ ငါ့သား အကြီးကောဟဲ့ ကဖူးရဲ့’ လို့ မေးသကွ။ သည်တော့ ‘သူလည်း မကျန်ပါဘူး’ လို့ ငါက ပြောသကွ။ သည်တော့ တို့သခင်ဟာ တစ်ခါတည်း အရူးလို ဖြစ်သွားပြီး သူ့အဝတ်အစားတွေ သူ ဆွဲဆုတ်၊ သူ့မျက်နှာသူ လက်သီးနှင့်ထုပြီး ငိုတော့သဟာပါပဲကွာ။ ပြီးတော့ တို့သခင်ဟာ ‘အမယ်လေး... ဒွန္နယာကြီးမှာ ငါ့လိုပူသည့်လူ ရှိနိုင်ပါဦးမလားဟဲ့ ကဖူးရဲ့’လို့ ဆိုပြီး ဥယျာဉ်ထဲက ပြေးထွက်လာသကွ။ သည်တော့ သူ့မိတ်ဆွေတွေကလည်း နောက်က တစ်ခါတည်း လိုက်လာကြသဟာပေါ့ကွာ။ အဲသဟာနှင့် ဥယျာဉ် တံခါးဝကို သူတို့ ရောက်လာကြတော့ ဥယျာဉ်ဘက်ကို ဖုတ်တွေ တထောင်းထောင်းနှင့် လာနေသည့် လူအုပ်ကြီးကို မြင်ကြသဟာကိုကွ။





သည်တော့ ဘယ်လိုဟာတွေများပါလိမ့် ဆိုပြီး သူတို့က အသေအချာ ကြည့်ကြတော့ ... လားလား မြို့ဝန်ကြီးက ရှေ့ဆုံးက၊ သူ့နောက်က တို့သခင်မ အိမ်သားတစ်စု၊ သူတို့နောက်ကမှ အရပ်ထဲက လူတွေ ပါလာသဟာကို တွေ့ရသဟာကိုကွ။ အားလုံးဟာ ငိုလို့ပေါ့ကွာ။ သည်တော့ တို့သခင်မတွေက တို့သခင်ကို မြင်လိုက်သည်ဆိုလျှင်ပဲ အားရဝမ်းသာနှင့် ‘အမယ်လေး... မသေလို့ တွေ့ရသဟာ ဝမ်းသာလိုက်သဟာ’ လို့ ဆိုကြသကွ။ တို့သခင်ကလည်း သည်တော့မှ ပြုံးနိုင် ရယ်နိုင်ပြီး ‘နေကြစမ်းပါဦး၊ ဘယ်လိုဖြစ်ကြသဟာလဲ၊ ပြောကြစမ်းပါဦး’ လို့ ဆိုသကွ။ သည်တော့ တို့သခင်မတွေကလည်း ‘အလာဟုအရှင် ကျေးဇူးတော်ပါပဲ၊ မသေမပျောက် တွေ့ရသဟာ’ လို့ ဆိုကြသကွ။ ပြီးတော့ ဝမ်းသာကြလွန်းလို့ တစ်ယောက်တစ်ယောက် ဖက်ပြီး ငိုကြသဟာပါပဲကွာ။ ပြီးတော့ တို့သခင်မက ‘အနို့ ရှင့်မိတ်ဆွေတွေကော အသက် ချမ်းသာကြရဲ့လား’ လို့ မေးသကွ။ သည်တော့ တို့သခင်က ‘အနို့ တို့အိမ်သားထဲက ဘယ်သူများ သေကြသေးသလဲ’ လို့ ပြန်ပြီး မေးသကွ။ သည်တော့ တို့သခင်မကြီးက ‘အားလုံး အိမ်သားတွေ ကျန်းကျန်းမာမာပါပဲ၊ ဘယ်သူမှ ဘာမျှ မဖြစ်ကြပါဘူး။ ကဖူးကသာ ငိုကြီး ယိုကြီးနှင့် ရှင်တို့အားလုံး အုတ်နံရံပြိုပိပြီး သေကုန်ကြပါသည်လို့ ပြောပါသည်’လို့ ပြောသကွ။ သည်တော့ တို့သခင်က တစ်ခါ ‘ငါ့ကိုလည်း ကဖူးက အိမ်မှာ သခင်မကြီးတို့ အိမ်သားတွေ အကုန်လုံး အိမ်ပြိုကျပြီး သေကုန်ကြပြီလို့ ပြောသည်’လို့ ပြောပြန်သကွ။ ပြီးတော့ တို့သခင်က ငါ့ကို ကြည့်ပြီး ‘ဟဲ့ ကဖူး၊ လာစမ်းပါဦး’ လို့ ဆိုသကွ။ ငါက သူ့အနား ရောက်သွားတော့ တို့သခင်က ‘ဟဲ့... ကျွန်ယုတ်၊ မိန်းမရှင်မသား၊ သင် ဘယ်လို လုပ်သဟာလဲ ပြောစမ်း။ သင် လုပ်ပုံ ကောင်းသလား၊ ကြည့်စမ်း’ လို့ ပြောသကွ။ ပြီးတော့ ‘သင့်ကို အရေကွာကျအောင် ငါ ရိုက်မည်’ လို့လည်း ပြောသကွ။

သည်တော့ ငါက ‘အို... သခင်၊ သင်သည် ငါ့ကို ဝယ်စဉ်က ငါ့မှာ မကောင်းသည့် အကျင့်တစ်ခု ရှိသည်ကို သင်သိလျက်နှင့် ဝယ်ပါသည်။ သဟာ့ကြောင့် သင်သည် ငါ့ကို ရိုက်နှက်ခြင်း မပြုနိုင်ပါ။ ငါ့ကို သင် ဝယ်စဉ်က ရိုးဖြောင့်သော သက်သေတွေ ရှိပါသည်။ ငါသည် တစ်နှစ်တစ်ခါ မဟုတ်သဟာကို ပြောတတ်သည် ဆိုသဟာကို သင် သိပြီးမှသာ ငါ့ကိုဝယ်ခြင်း ဖြစ်ပါသည်။ ယခု ငါ ပြောသဟာ မဟုတ်သဟာ တစ်ခုလုံး မဟုတ်သေးပါ၊ တစ်ဝက်သာ ရှိပါသေးသည်။ နှစ်ကုန်သည့်အခါတွင် ကျန်သည့်တစ်ဝက်ကို ငါ ဆက်ပြောပါဦးမည်။ သည်တော့မှ တစ်ခုပြည့်ပါလိမ့်မည်’ လို့ ပြန်ပြောသကွ။ သည်တော့ ငါ့သခင်က ‘ဟဲ့ ခွေးသား၊ ကျွန်စုတ် ကျွန်ယုတ်၊ သဟာတောင်မှ မဟုတ်သဟာ တစ်ခုလုံး မဟုတ်သေးဘူးလား။ သင့် မဟုတ်သဟာ တစ်ဝက်ဟာ ငါ့မှာ ဘယ်လောက် ဒုက္ခများသွားသလဲ။ သင့်ကို ငါ အခု လွတ်လပ်ခွင့် ပေးလိုက်ပြီ။ သင် သွားချင်ရာ သွားတော့’ လို့ ပြောသကွ။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ငါက 'အို... သခင်၊ သင်က ငါ့ကို လွတ်လပ်ခွင့် ပေးသော်လည်း ငါက သင့်ကို တစ်နှစ်မပြည့်မချင်း လွတ်လပ်ခွင့် မပေးနိုင်သေးပါ။ ယခု မဟုတ်သဟာကို တစ်ဝက်ပြောပြီးပြီ။ နှစ်ကုန်လျှင် ကျန်သည့်တစ်ဝက်ကို ငါ ဆက်ပြောရဦးမည်။ အဲသည်လို ပြောပြီးတော့မှ သင်သည် ငါ့အား ကျွန်ဈေးသို့ ခေါ်သွားပြီး ငါ့ကို ဝယ်စဉ်ကကဲ့သို့ ငါ့အပြစ်ကိုပြောပြီး ပြန်ရောင်းပါ။ ယခုလို သင်က လွတ်ခြင်းကို ငါ လက်မခံနိုင်ပါ။ ငါဟာ အသက်မွေးမှု ဘာမျှ နားမလည်ပါ။ သင် ယခု ငါ့ကို လွှတ်လိုက်လျှင် ငါ့မှာ နေစရာ စားစရာ မရှိဘဲ ဖြစ်သွားပါလိမ့်မည်။ ယခု ငါ ပြောနေသည့် စကားသည် ဥပဒေစကား ဖြစ်ပါသည်။ ကျွန်လွတ်ဥပဒေကို ကြည့်လျှင် သင်သိပါလိမ့်မည်' လို့ ပြောသကွ။ အဲသည်လို ပြောနေတုန်းမှာ မြို့ဝန်ကြီးနှင့် အရပ်ထဲက လူတွေ ရောက်လာကြသကွ။ သည်တော့ မြို့ဝန်ကြီးကလည်း တို့သခင်ကို အသက်မသေသည့်အတွက် ဝမ်းသာစကား ပြောသကွ။ သည်တော့ တို့သခင်က သူ ဘာမှဖြစ်သဟာ မဟုတ်ပါဘူး။ သူ့ကျွန် ကဖူးက မဟုတ်သဟာ တစ်ဝက်ကို ပြောလို့ သည်လို ဖြစ်ရပါ, သည်လို့ ပြန်ပြောသကွ။ သည်တော့ မြို့ဝန်ကြီးနှင့် ပရိသတ်တွေက 'ကဖူး ပြောသည့် မဟုတ်သဟာ ဟာ တစ်ဝက်တွင် မဟုတ်ဘူး၊ တစ်ခုလုံးသာ ဖြစ်ရမည်။ တစ်ခုလုံးတောင်မှပဲ အင်မတိ အင်မတန် ကြီးကျယ်သော မဟုတ်သဟာသာ ဖြစ်ရမည်' လို့ ပြောကြသကွ။

ပြီးတော့ ငါ့ကို အကုန်လုံးက ဝိုင်းပြီး ဆဲကြဆိုကြသကွ။ ငါကတော့ ရယ်လို့ပေါ့ကွာ။ ပြီးတော့ ငါက ငါ့သခင်ဟာ ငါ့အပြစ်ကို သိလျက်သားနှင့် ဝယ်သဟာဖြစ်လို့ ငါ့ကို ဘယ်လိုမှ အပြစ်မပေးနိုင်ဘူးလို့ ထပြီး ပြောလိုက်သေးသကွ။ အဲသဟာနှင့် တို့သခင်က အိမ်ကို ပြန်သွားသကွ။ အိမ်ရောက်တော့ အိမ်မှာ ဘာပစ္စည်းမှ အကောင်း မကျန်တော့သဟာကို တွေ့ရသဟာကိုကွ။ အဲသည် ပစ္စည်းတွေဟာ ငါ ခွဲဖျက်ပစ်သဟာ တွေချည်းပေါ့ကွ။ အဖိုးထိုက် အဖိုးတန်တွေချည်းပါပဲကွာ။ ပြီးတော့ တို့သခင်မက ပြောသကွ၊ သဟာတွေ ကဖူး ခွဲပစ်သဟာတွေချည်းပေါ့လို့။

သည်တော့ တို့သခင်က သိပ်စိတ်ဆိုးသွားပြီး 'ဟဲ့ ကဖူး...၊ ဒွန္နယာမှာ သင်လို ယုတ်မာသည့် ကျွန်များ ရှိသေးသလားဟင်၊ ပြည့်တန်ဆာမသား။ ပြီးတော့ သင်က ပြောလိုက်သေးသည်၊ သဟာဟာ မဟုတ်သဟာကို တစ်ဝက်တည်း ပြောရသေးသည်လို့။ တကယ်လို့များ မဟုတ်သဟာ တစ်ခုလုံးကိုသာ သင် ပြောလိုက်လို့ရှိလျှင် ငါ့စည်းစိမ်သာ မဟုတ်ဘူး၊ တစ်မြို့လုံးတောင် ပျက်သွားဦးမည် ထင်သည်' လို့ ပြောသကွ။

ပြီးတော့ ငါ့သခင်က စိတ်ဆိုးဆိုးနှင့် မြို့ဝန်ကြီးဆီ သွားပြီး တိုင်တော့သဟာပါပဲကွာ။ သည်တော့ မြို့ဝန်ကြီးက ငါ့ကိုခေါ်ပြီး ကျကျနန ရိုက်တော့ သဟာပဲဟေ့။ ရိုက်လည်းပြီးရော ငါ့ကို တုတ်တိုတုတ်စတွေကို အစားခိုင်းသဟာပဲကွ။ သဟာနှင့်





ငါလည်း ဗိုက်ပြည့်ပြီး မူးလဲသွားသဟာပဲကွ။ အဲသလို ငါ မေ့လဲနေတုန်းမှာ ဘာမျှ မပြောပါနှင့်တော့ကွာ၊ ဆတ္တာသည်ကို ခေါ်ပြီး ငါ့ ပါရင်းကို တစ်ခါတည်း ဖြတ်ပစ်လိုက်တော့သဟာပါပဲကွာ။ ငါလည်း သတိရလို့ ကြည့်လည်း ကြည့်လိုက်ရော၊ ငါဟာ သင်းကွပ်ဖြစ်နေတော့သဟာ တွေ့ရသဟာ ပေါ့ကွာ။ ပြောင်သလင်းကို ခါသွားသဟာ ပါပဲကွ၊ မပြောပါနှင့်တော့။

အဲသည်တော့မှ ငါ့သခင်က ငါ့ကို 'ကဖူး... သင်ဟာ ငါ့ကို အလွန် မြတ်နိုးသည့် အရာများကို ဆုံးရှုံးအောင် လုပ်ပစ်လိုက်သည့်နည်းတူ ငါလည်း သင့်ကို အခု ဒွန္နယာမှာ သင် အမြတ်နိုးဆုံးထားသည့် သင့်ပါရင်းကို ဆုံးရှုံးအောင် လုပ်ပစ်လိုက်ပြီ၊ မှတ်ကရော' လို့ ပြောသကွ။ ပြီးတော့မှ ငါ့ကို ကျွန်ဈေးကို ခေါ်သွားပြီး အမြတ်တင် ရောင်းပစ်လိုက်သကွ။ ငါက သင်းကွပ် ဖြစ်သွားတော့ ဈေးပိုပေးကြသဟာပေါ့ကွာ။

ငါလည်း ဟေ့၊ ဘယ်သူ့ဆီရောက်ရောက် ဒုက္ခဖြစ်အောင် လုပ်လိုက်သဟာ ချည်းပဲဟေ့။ အဲသဟာနှင့်ငါဟာ ဟိုသခင့်ဆီရောက်၊ သည်သခင့်ဆီရောက်ပေါ့ကွာ။ အဲသလိုနှင့်ပဲ နောက်ဆုံးတော့ ငါလည်း သာသနာ့ဒါယကာ မင်းမြတ်ရဲ့ ရွှေနန်းတော်ထဲကို ရောက်သွားရော ဆိုပါတော့ကွာ။ အခုတော့ ငါဟာ စိတ်တွေလည်း ကျပြီး ဉာဏ်လည်းတုံး၊ ကပ်ပယ်အိတ်လည်း ဆုံးပဲ ဆိုပါတော့ကွာ' ဟု ဒုတိယသင်းကွပ်က သူ့အဖြစ်အပျက်ကို ပြောပြပါသတဲ့။

သည်တော့ ကျန်သည့် သင်းကွပ်နှစ်ယောက်က 'ကဖူးရေ ဒွန္နယာမှာ သင်လို ရှုပ်ရှုပ်ပွေပွေ ပြောတတ်သည့်ကောင်မျိုးတော့ မရှိဘူးဟ' လို့ ပြောကြပါသတဲ့။

အဲသည်နောက် ဗူခိတ်နှင့် ကဖူးက တတိယသင်းကွပ်ကို 'ကိုင်း သူငယ်ချင်း၊ သင့်အလှည့် ရောက်ပြီ၊ သင့်အကြောင်းကို ပြောပြပေတော့၊ ငါတို့ နားထောင်ကြမည်' လို့ ပြောပါသတဲ့။

သည်တော့ တတိယ သင်းကွပ်က 'သင်တို့အကြောင်းက ဘာဟုတ်သေးသလဲကွာ၊ ငါ့ကပ်ပယ်အိတ် ဆုံးရပုံကမှ ဆန်းသဟာကွ။ တကယ်ဆိုတော့ ငါ့မှာ အပိုကပ်ပယ်အိတ်များ ရှိလျှင်တောင် နောက်ထပ် ဆုံးထိုက်ပါသေးသည်။ ဘာလို့လဲဆိုတော့ ငါ လုပ်လိုက်သဟာက ငါ့သခင်မရော၊ သူ့သားအကြီးဆုံးရော နှစ်ယောက်စလုံး ဒုက္ခဖြစ်သွားသဟာကိုးကွ။ သဟာပေမင့် ငါ့အကြောင်းက ပြောရလျှင် အရှည်ကြီးကွ။ အခုလည်း မိုးလည်း လင်းခါနီးပြီ။ မိုးလင်းလို့မှ သည်သေတ္တာကြီးကို မမြှုပ်ရသေးဘူးဆိုလျှင် ငါတို့တစ်တွေ အကုန်လုံး သေကုန်ကြလိမ့်မည်။ သည်တော့ ထကြပါကွာ၊ တံခါးဖွင့်ကြပါ။ တို့ကိစ္စပြီးလို့ နန်းတော်ကြီး ပြန်ရောက်တော့ ငါ အကုန်ပြောပြပါမည်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် သူတို့သုံးယောက်သားဟာ တံတိုင်းကို ကျော်တက်၊ တံခါး ဖွင့်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြီး မီးခွက်ပြသူက ပြကာ ဂူကြီးလေးခု အလယ်ကောင်မှာ သေတ္တာကြီးကို မြှုပ်ရန် တွင်းကြီး တူးကြပါသတဲ့။ လူတစ်ရပ်လောက် တွင်းကြီး နက်သွားသည့်အခါ သေတ္တာကြီးကို ထည့်ပြီး ဝိုင်းမြေဖို့ကြပါသတဲ့။ သူတို့ကိစ္စ ပြီးသည့် အခါကျတော့ သင်းကွပ်သုံးယောက်ဟာ ဃနင်ဗင်အေးယုတ် မျက်မှောက်က ပျောက်သွားကြပါရောတဲ့။

သည်တော့ ဃနင်က စွန်ပလွံပင်ပေါ်ကနေပြီး "သည်သေတ္တာကြီးထဲ ဘာများ ရှိပါလိမ့်၊ ငါသိချင်လိုက်သဟာနော်" လို့ အောက်မေ့ပါသတဲ့။

အဲသဟာနှင့် ဃနင်က မိုးလင်းအောင် စောင့်နေပြီး အရဏ်လည်း တက်





ကရော၊ စွန်ပလွံပင်ပေါ်က ဆင်းပြီး ညက သင်းကွပ်သုံးယောက် မြှုပ်ထားခဲ့သည့် သေတ္တာကြီးကို လက်နှစ်ဖက်နှင့် ယက်ပြီး ဖော်သဟာပဲတဲ့။ သေတ္တာကြီး ပေါ်လာတော့ ဃနင်က ကျောက်ခဲကြီးတစ်လုံးကို ကောက်ပြီး သော့ခလောက်ကို ရိုက်ချိုးလိုက်ပါသတဲ့။ ပြီးလို့ သေတ္တာကြီးကို ဖွင့်လိုက်တော့ သေတ္တာကြီးထဲက ရုပ်ရည်လည်း ပြောစရာမရှိအောင် လှ၊ ဝတ်ထားသည့် အဝတ်တန်ဆာတွေကလည်း အင်မတိအင်မတန် အဖိုးတန်သည့် လုံမတစ်ယောက်ကို တွေ့ရပါသတဲ့။

အဲသည် လုံမဟာ ညက အိပ်ဆေး အခတ်ခံရလို့ အိပ်ပျော်နေသဟာပါတဲ့။ အသက်တော့ သေသဟာ မဟုတ်ပါဘူးတဲ့။ အဲသဟာနှင့် ဃနင်က အဲသည် လုံမကို သေတ္တာကြီးထဲက ဆွဲထုတ်ပြီး၊ မြေကြီးပေါ်မှာ ပက်လက်လှန်ပြီး ချထားလိုက်ပါသတဲ့။ သည်တော့ လုံမဟာ လေကောင်းလေသန့် ရှူရသဟာနှင့် ဟတ်ချိုး ဟတ်ချိုးလို့ ချေပြီး သတိရလာပါသတဲ့။ သဟာပေမင့် အသက်ရှူရသဟာ အားမရလို့ 'ဩော်... သည်လေကလည်း မကောင်းလိုက်တာ၊ အားရအောင် အသက်ရှူလိုက်ချင်ပါဘိ' လို့ ပြောပြီး 'ဟဲ့ သည်မှာ ဘယ်သူတွေ ရှိကြသလဲ' ဆိုပြီး သူ့အခိုင်းအစေမတွေရဲ့ နာမည်တွေကို လျှောက်ခေါ်ပါသတဲ့။ သည်တော့ ဃနင်က အနားက ဘာမျှ မပြောဘဲနှင့် အသာစောင့်ကြည့်နေပါသတဲ့။ သည်တော့ တစ်ခါ လုံမက 'ဟဲ့... ဘယ်သူမှလဲ ခေါ်လို့ မရပါလား၊ ငါ့ကို သချိုင်းများ လာပစ်ထားကြသလား။ ငါ့အဆောင်က ဇာတင်းတိမ်တွေ၊ ပိုးကန့်လန့်ကာတွေကော ဘယ်ရောက်ကုန်ပြီလဲ' လို့ မေးပါသတဲ့။

သည်တော့မှ ဃနင်က 'အို... မမ၊ သည်မှာ ဇာတင်းတိမ်တွေလည်း မရှိပါဘူး၊ ပိုးကန့်လန့်ကာတွေလည်း မရှိပါဘူး။ အလာဟုအရှင်က စေလွှတ်လိုက်သည့် မမရဲ့ကျွန် ဃနင်ဗင်အေးယုတ်ပဲ ရှိပါသည်' လို့ ပြောပါသတဲ့။ သည်တော့ လုံမက သူ့မျက်နှာကို သူ့လက်နှစ်ဖက်နှင့် အုပ်ပြီး 'အို လုလင် ... ငါ သတိရလာပြီ၊ ငါ့ကို သည်နေရာ ဘယ်သူတွေ ခေါ်လာကြသလဲ' လို့ ချစ်စရာ အသံကလေးနှင့် နွဲ့နွဲ့ကလေး မေးပါသတဲ့။ သည်တော့ ဃနင်က ညတုန်းက ကျွန်မည်းကြီးသုံးယောက် သေတ္တာကြီးနှင့် ထည့်ယူလာသဟာက စပြီး ဖြစ်သမျှ အကြောင်းကို အကုန် ပြန်ပြောပြပါသတဲ့။ ပြီးတော့ ဃနင်က 'မမက ဘယ်သူ ဘယ်ဝါ ဖြစ်ပါသလဲ' လို့ မေးပါသတဲ့။ သည်တော့ လုံမက 'အို လုလင်၊ သင် မေးသည်ကို ငါ နောက်မှဖြေမည်။ ငါ့ကို အခု သေတ္တာကြီးထဲကို ပြန်ထည့်ပြီး၊ ကုလားအုတ်မောင်းသမား တစ်ယောက်ယောက်ကို အမြန်ခေါ်ပြီး သင့်အိမ်ကိုသာ ဆောင်သွားပါ။ သင့်အိမ်ကို ရောက်တော့ ငါ အကုန်လုံး ပြန်ပြောပြပါမည်။ သည်အခါကျတော့ သင်လည်း ငါ့ကို ကယ်ရကျိုး နပ်ပါစေမည်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် ဃနင်ကလည်း ကပျာကယာ သချိုင်းဝင်းထဲက ထွက်ပြီး၊ မြည်းသမား တစ်ယောက်ကို ခေါ်လာပြီး၊ လုံမကို သေတ္တာကြီးထဲ ထည့်ပြီး၊ မြည်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်ပြီး သူ့အိမ်ကို ခေါ်သွားသတဲ့။ အဲသည်တော့ မိုးလည်း ထိန်ထိန် လင်းနေပါပြီတဲ့။ ဃနင်က သူ့အိမ်ရောက်သွားတော့ သေတ္တာကြီးကို မြည်းပေါ်က ချပြီး၊ လုံမကို သေတ္တာကြီးထဲက ဖွင့်ပြီး ထုတ်လိုက်ပါသတဲ့။ လုံမက ကြည့်လိုက်တော့ ဃနင့်အိမ်က အဖိုးထိုက် အဖိုးတန် ပစ္စည်းတွေနှင့် ပြင်ဆင်ထားသဟာကို တွေ့ရပါသတဲ့။ သည်တော့ လုံမက ဃနင်ဟာ ချမ်းသာသည့် ကုန်သည်လည်း ဖြစ်ပြီး လူငယ်လူချောတစ်ယောက်လည်း ဖြစ်သဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် လုံမကလည်း မြင်လျှင်မြင်ချင်း ဃနင့်ကို အချစ်စိတ်တွေ ယိုဖိတ်သွားပြီး 'အို အရှင်၊ ငါ့ကို စားဖွယ်တစ်ခုခု ပေးပါလော့' လို့ ဆိုပါသတဲ့။

သည်တော့ 'လိုသဟာကို ရပါစေ့မည် မမ' လို့ ဆိုပြီး ဃနင်က ဈေးတန်းထဲ တစ်ခါတည်း ပြေးပြီး အစားအသောက်တွေ သွားဝယ်ပါသတဲ့။ ဃနင် ကလည်း ဈေးတန်းထဲက ဝယ်လာလိုက်သဟာ စားစရာ သောက်စရာတွင် မကဘူး၊ ရေမွှေးတို့ နံ့သာမှုန့်တို့ပါ မကျန်ပါဘူးတဲ့။ ဃနင် ပြန်လာတော့ လုံမနှင့် သူနှင့် နှစ်ယောက်သား စားလိုက်ကြ သောက်လိုက်ကြသဟာ အိပ်ပျော်သွားသည့် အချိန်အထိပါပဲတဲ့။ ညကျတော့ ဃနင်က သူ့အိမ်မှာ မီးရှူးတိုင်တွေ ထိန်နေအောင် ထွန်းထားပြီး သေရည်ပွဲတည်ပြီး နှစ်ယောက်သား သောက်ကြပြန်ပါသတဲ့။ ဃနင့် ခွက်ထဲမှာ သေရည်ကုန်ရင်း လုံမက ထည့်ရင်း၊ လုံမခွက်ထဲမှာ သေရည်ကုန်ရင်း ဃနင်က ထည့်ရင်း ထည့်ထည့်ပြီး နှစ်ယောက်သား သောက်လိုက်ကြ၊ သီချင်း ဆိုလိုက်ကြ၊ ကျီစယ်လိုက်ကြသဟာ သိပ်ပျော်ကြ သဟာပဲတဲ့။ အဲသဟာနှင့် နှစ်ယောက်သားဟာ ပျော်ကြလွန်းလို့ တစ်ယောက်နား တစ်ယောက် တိုး တိုး လာကြရင်းနှင့် မိုးလင်းခါနီး သွားပါသတဲ့။ သည်တော့မှ သေရည်ကလည်း ယစ်၊ အိပ်ကလည်း အိပ်ချင်ကြသဟာနှင့် ကိုယ့်နေရာမှာပဲကိုယ် တစ်ယောက် တခြားစီ အိပ်ပျော်သွားပြီး မိုးထိန်ထိန်လင်းမှပဲ နိုးကြပါတော့သတဲ့။

မိုးလင်းတော့ ဃနင်က ဈေးတန်းထဲ သွားပြီး စားစရာတွေ ဝယ်ပြန်ပါသတဲ့။ ဝယ်ပြီးလို့ အိမ်ပြန်ရောက်လာတော့ နှစ်ယောက်စလုံး ပျော်ပျော်ပါးပါး စားကြ သောက်ကြ ပါသတဲ့။ ပြီးတော့ ဃနင်က သေရည်ပွဲ ပြင်ပြီး နှစ်ယောက်သား သေရည် သောက်ကြပြန်ပါသတဲ့။ အဲသဟာနှင့် ဃနင်က သေရည်ကလည်း ယစ်၊ ချစ်စိတ်ကလည်း မွှန်လာတော့ 'မမရယ် မမနှုတ်ခမ်းကလေးကို တစ်ခါလောက် စုပ်ပါရစေလား မမရယ်၊ မမနှုတ်ခမ်းကလေးကို တစ်ခါလောက် စုပ်လိုက်ရလျှင် ငါ့ရင်ထဲက အချစ်မီးကြီး ငြိမ်းသွားလိမ့်မည် ထင်ပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ လုံမငယ်က 'သည်လိုလုပ်ပါလား ဃနင်ရယ်၊ ငါ သေရည်မူးလို့ လဲပြီး၊ တုံးဖြစ်နေတော့မှ ငါမသိအောင် ငါ့နှုတ်ခမ်းကို ခိုးပြီးစုပ်ပါလား' လို့ ပြောပါသတဲ့။ အဲသလိုလည်း ပြောပြီးရော လုံမက သူ့အပေါ်ဝတ်ထည်ကို ချွတ်ပစ်လိုက်ပြီး သူ့အတွင်း





အဝတ် ပါးပါးလေးနှင့် ခေါင်းပေါ်မှာ ပဝါပါးပါးကလေးခြုံပြီး ထိုင်နေပါသတဲ့။ သည်တော့ ဃနင်က အချစ်မီးတွေ ပိုလောင်လာပြီး 'အို... မမကလည်း ငါ တောင်းသဟာကို မပေးချင်ဘူးလား' လို့ ဆိုပါသတဲ့။ သည်တော့ လုံမက 'မဖြစ်နိုင်လို့ပါ ဃနင်ရယ်၊ ငါ့ဆောင်းဘီခါးစည်းကြိုးမှာ ထိုးထားသည့် ကမ္ပည်းက ပြင်းထန်လွန်းလို့ပါ' လို့ ဆိုပါသတဲ့။ သည်လို မဖြစ်နိုင်ဘူးဆိုလေ ဃနင်ရဲ့ အလိုဆန္ဒက ပိုပြီး ပြင်းထန်လေပါသတဲ့။ အဲသဟာနှင့် ဃနင်က တစ်ခါ ထပ်ပြီး နားပူပြန်သတဲ့။ သည်တော့ လုံမက 'ဘယ်နည်းနှင့်မှ မဖြစ်နိုင်လို့ပါ ဃနင်ရယ်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့်ပဲ တစ်ယောက်နှင့် တစ်ယောက် ကျီစယ်ကြရင်း ဆက်ပြီး သေရည် သောက်ကြပြန်ပါသတဲ့။ သေရည်ယစ်လေ ဃနင်ရဲ့ အချစ်မီးက ပိုတောက်လာလေပါပဲတဲ့။ ဃနင်က အချစ်မီးပြင်းလေ လုံမက ပိုပိုပြီး ရှောင်လေ ဖယ်လေ ပါပဲတဲ့။ အဲသဟာနှင့်ပဲ နေဝင်သွားပြီး ဒွန္နယာကြီးကို အမှောင်တိုက်ကြီး ဖုံးသွားပါရောတဲ့။ သည်တော့ ဃနင်က မီးရှူးမီးတိုင်တွေ ထွန်း၊ သိမ်းစရာ ဆည်းစရာတွေကို သိမ်းပြီး လုံမရဲ့ ခြေသလုံးကို လက်နှစ်ဖက်နှင့် ကိုင်ပြီး နှုတ်ခမ်းနှင့် စုပ်ပါသတဲ့။ လုံမရဲ့ ခြေသလုံးကလည်း ဝါစုလို နုနေသဟာနှင့် ဃနင်က သူ့ပါးနှင့် ဖက်ပြီး ကပ်ထားပြန်ပါသတဲ့။ ပြီးတော့ ဃနင်က 'ငါ့ကို သနားပါဦး မမရယ်၊ ငါ့အသည်းကို မမရဲ့ အချစ်ငါးမျှားချိတ် စူးနေပါပြီ၊ ငါ့စိတ်လည်း ငါ အစိုးမရတော့ပါဘူး' လို့ ဆိုပြီး ဃနင်က ငိုပါသတဲ့။ သည်တော့ လုံမက 'ဃနင်ရယ် သင့်ကို ငါ ချစ်ပါသည်၊ သင်က ငါ့ကို ချစ်သည်ဆိုတာကိုလည်း ငါ ယုံကြည်ပါသည်။ သဟာပေမယ့် သင့်လက်ထဲကိုတော့ ငါ ဘယ်နည်းနှင့်မျှ ရောက်နိုင်မှာ မဟုတ်ပါဘူး' လို့ ပြောသတဲ့။ သည်တော့ ဃနင်က 'ဘယ်လို အခက်အခဲများ ရှိနေလို့ပါလဲ' လို့ မေးပါသတဲ့။ သည်တော့ လုံမက 'သည်ညပဲ ပြောပြပါမည်၊ သည်တော့ ငါပြောသဟာ သင် ယုံရောပေါ့' လို့ ဆိုပါသတဲ့။

နောက်ပြီးတော့ လုံမက ဃနင်ရဲ့လည်ပင်းကို ပုလဲပုတီးနှင့် စွပ်ထားသလို လက်နှစ်ဖက်နှင့် ဖက်ပြီး၊ ပလူးပလဲ လုပ်ပြီး ဃနင်ရဲ့နှုတ်ခမ်းကို စုပ်ပါသတဲ့။ ပြီးတော့ ဃနင်ကိုလည်း 'အလိုရှိသဟာကို ရပါစေမည်၊ မပူပါနှင့်' လို့ ပြောသတဲ့။ အဲသဟာနှင့် ဃနင်နှင့် လုံမဟာ နှစ်ယောက်သား ရယ်ကြ၊ ကျီစယ်ကြရင်းနှင့် တစ်ယောက်အသည်းကို တစ်ယောက် အချစ်ငါးမျှားနှင့် ခိုင်နေအောင် ချိတ်ထားကြပါသတဲ့။

အဲသည်လိုနှင့် နေလိုက်ကြသဟာ တစ်လလောက် ကြာသွားပါသတဲ့။ အဲသည် အတောအတွင်းမှာ အိပ်တော့ ညောင်စောင်းတစ်ခုတည်းမှာ အတူတူ အိပ်ကြသတဲ့။ သဟာပေမင့် ဃနင်က ပေါင်းသင်းမည် လုပ်တိုင်း လုံမက ဖယ်ဖယ်ပစ်လိုက်ပါသတဲ့။ အဲသည် အတောအတွင်းမှာ တစ်ယောက်ကိုတစ်ယောက် ပို ပို ချစ်လာကြပြီး မခွဲနိုင် မခွာရက် ဖြစ်လာကြပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် တစ်ညတော့ လုံမက သေရည်ယစ်ယစ်နှင့် စောင်းစောင်းကလေး အိပ်ပျော်နေရာက နိုးလာပြီး ကပျာကယာ သူ့ဘောင်းဘီ ခါးစည်းကြိုးကို သူ စမ်းကြည့်လို့ ကြိုးမပြတ်မှန်း သိတော့မှ ပြန်ပြီး အိပ်သွားပါသတဲ့။ သည်တော့ တစ်ခါ ဃနင်က လုံမရဲ့ ဘောင်းဘီကြိုးကို လက်နှင့်စမ်းပြီး ဆွဲဖြုတ်ပါသည်။ သည်တော့ လုံမက အိပ်ရာက ငေါက်ခနဲ ထထိုင်လိုက်ပြီး ဃနင်ကို 'သင် ဘာလိုချင်သလဲ' လို့ မေးပါသတဲ့။ သည်တော့ ဃနင်က 'ငါ သင်နှင့် အိပ်ချင်ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ လုံမက 'သဟာဖြင့် ငါ့အကြောင်းကို သင် သိအောင် ပြောပြတော့မည်' လို့ ဆိုပြီး သူ့ဘောင်းဘီ ခါးစည်းကြိုးကို ဆွဲဖြေလိုက်ပြီး 'ကိုင်း... ဟောသည် ကြိုးပြားပေါ်မှာ ရေးထားသည့် စာကိုပဲ ကြည့်ပါတော့ ချစ်သူရယ်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ဃနင်က ကြိုးပြားပေါ်မှာ ထိုးထားသည့် ကမ္ပည်းကို ကြည့်လိုက်တော့ "အို... တမန်တော်၏ အနွယ်တော် မင်းမြတ်၊ ငါသည် သင့်ဥစ္စာဖြစ်၍ သင်သည် ငါ့ဥစ္စာ ဖြစ်ပါသည်" လို့ ရေးထားသဟာကို တွေ့ရပါသတဲ့။

အဲသည်စာကို မြင်လိုက်တော့ ဃနင်က နောက်ကိုဆုတ်ပြီး လုံမကို 'အနို့ သင်က ဘယ်သူလဲ' လို့ မေးပါသတဲ့။ သည်တော့ လုံမက 'ငါဟာ ဘုရင်မင်းမြတ်ရဲ့ ခြေတော်တင်တစ်ဦး ဖြစ်သည်။ ငါ့နာမည်က **ကွတ်တယ်ကုလွတ်** လို့ ခေါ်သည်။ ငါ့ကို ငယ်ငယ်ကလေးကတည်းက နန်းတော်ထဲမှာ ဘုရင်မင်းမြတ်က မွေးထားသည်။ ငါ အရွယ်ရောက်လာတော့ အလွန်လှသဟာနှင့် ဘုရင်မင်းမြတ်က အဆောင်တစ်ခု သနားတော်မူပြီး ထားသည်။ ငါ့ကို ဘုရင်မင်းမြတ်က အလွန်လည်း မြတ်နိုးတော်မူသည်။ ငါ့ကို ပြုစုဖို့ ကျွန်မကလေး တစ်ကျိပ်လည်း သနားတော်မူထားသည်။ အဖိုးထိုက် အဖိုးတန် တန်ဆာပလာများ သနားတော်မူထားသဟာလည်း သင် မြင်သည့်အတိုင်း ပါပဲ' လို့ ပြောပါသတဲ့။ ပြီးတော့ တစ်ခါ ဆက်ပြီး 'အဲသဟာနှင့် တစ်နေ့တော့ ဇူဗေဒါက ငါ့ကျွန်မတစ်ယောက်ကို ခေါ်ပြီး "ဟဲ့ နင့်သခင်မ အိပ်ပျော်နေသည့် အခါမှာ ရော့... ဟောသည် ဆေးကိုယူပြီး သူ့နှာခေါင်းဝမှာ တော့ထားပြီးတော့ သူသောက်သည့် သေရည်ထဲမှာလည်း ထည့်လိုက်။ သင် လိုချင်သလောက် အသပြာ ငါပေးမည်" လို့ ပြောသည်။ သည်တော့ ကျွန်မကလေးက "စိတ်သာချတော်မူပါ" ဆိုပြီး အဲသည် အိပ်ဆေးကို ယူပြီး မိဖုရားခေါင်ကြီး မှာသည့်အတိုင်း လုပ်သည်။ အဲသည်အဆိပ်ကို သောက်လည်း သောက် မိရော ငါလည်း တစ်ခါတည်း မေ့လဲသွားသဟာပဲ။ သည်တော့မှ ငါ့ကို သေတ္တာကြီး တစ်လုံးထဲ ထည့်ပြီး သင် မြင်သည့်အတိုင်း သင်္ချိုင်းကို ပို့လိုက်သဟာပဲ။ အဲသဟာနှင့် နောက်ဆုံး သင် ကယ်လို့သာ အခုလို သင့်အိမ်ကို ငါ ရောက်လာသဟာပဲ။ ငါ မရှိသည့် အတွင်းမှာ ဘုရင်မင်းမြတ် ဘယ်လို နေသည်တော့ ငါ မသိဘူး။ ငါ ပြောစရာကတော့ သဟာပါပဲ။ ဘယ်သူ့ကိုမှတော့ မပေါက်ကြားလိုက်ပါနှင့်' လို့ ပြောပါသတဲ့။





ဃနင်က အဲသလို လုံမဟာ ဘုရင်ရဲ့ ဘဏ္ဍာတော်ဖြစ်မှန်း သိသဟာနှင့် တစ်ချက်တည်း နောက်ကိုဆုတ်ပြီး 'ဖြစ်မှ ဖြစ်ရပလေသည်' ဆိုပြီး 'ဩော်... ဒွန္နယာကြီးမှာ အချစ်ရဲ့ အရသာဟာ ချိုတော့ ချိုပါရဲ့၊ သဟာပေမင့် ခါးပြီး ချိုသည့် အချိုပဲ' လို့ ဆိုပြီး ငိုသဟာပါပဲတဲ့။

သည်တော့ ကွတ်တယ်ကုလွတ်က ဃနင်ကို သူ့ရင်ခွင်ထဲမှာ ပွေ့ထားပြီး နှုတ်ခမ်းကို စုပ်ပါသတဲ့။ တစ်ခါနှစ်ခါ မကဘူး၊ ထပ်တလဲလဲပဲ စုပ်ပါသတဲ့။ ပြီးတော့ နှစ်ယောက်သား အကြာကြီး စကားပြောနေလိုက်ကြပါသတဲ့။ အဲသဟာနှင့် မိုးလင်း သွားတော့ ဃနင်က ခါတိုင်းလိုပဲ စားစရာ သောက်စရာ ဝယ်ဖို့ ဈေးတန်းဘက်ကို လျှောက်သွားပါသတဲ့။ ဃနင်ကလည်း ခါတိုင်းလိုပဲ စုံနေအောင် ဝယ်ပြီးမှ ပြန်လာ ပါသတဲ့။ သည်တော့ လုံမက ငိုနေသဟာ တွေ့ပါသတဲ့။ သဟာပေမင့် လုံမက ဃနင်ကို မြင်လိုက်တော့ မျက်ရည်ဆည်ပြီး မငိုချင်ယောင် ဆောင်နေပါသတဲ့။ ဃနင်ကို မြင် လိုက်တော့ လုံမက မျက်ရည်သုတ်ပြီး 'သင် ဈေးတန်းသွားသဟာကလည်း ကြာလိုက် သဟာ။ ငါဖြင့် တစ်နှစ်လောက်တောင် ကြာသည် ထင်သဟာပဲ။ သင့်ကိုချစ်လို့ ငါ့ အကြောင်းကို အကုန်လုံး ပြောပြီးပြီ။ သဟာတွေကို ဘာမှ မတွေးနှင့်တော့။ ငါ့ကို သင် သဘောရှိသလိုသာ ချစ်ပါတော့' လို့ ချစ်စရာကလေး ပြောပါသတဲ့။ သည်တော့ ဃနင်က 'အမယ်လေး ရာဇဝတ်အိုး တုတ်မထိုးဝံ့ပါဘူး၊ ခြသေ့်နေရာ ခွေးတက် နေလို့လည်း မတော်ပါဘူး။ အရှင့် ဘဏ္ဍာတော်ကိုလည်း ကျွန် မကျူးကျော် ကောင်း ပါဘူး' လို့ ပြောပြီး ချောင်ထဲမှာ သွားထိုင်နေပါသတဲ့။

အဲသည်လို ဃနင် ရှောင်သွားတော့ လုံမက နေမထိ ထိုင်မထိ ဖြစ်ပြီး ဃနင် ရှိရာကိုလိုက်ပြီး အတင်း ပလူးပလဲ လုပ်ပါသတဲ့။ အဲသည်အခါမှာ သေရည်ကလည်း ယစ်ပြန်တော့ လုံမဟာ သူ့အရှက်ကို သူ ထိန်းချင်သည့် စိတ်တောင် မရှိတော့ပါဘူးတဲ့။ အဲသဟာနှင့် လုံမက 'သည်လို ရှက်သဟာ ကြောက်သဟာတွေ ရှိနေသမျှတော့ ချစ်သူတို့ရဲ့ အသည်းဟာ ထက်ခြမ်းကွဲသွားမှာပဲ။ အို... ငါ့အပြစ် မရှိဘဲနှင့် ရှောင်ဖယ် နေသူရဲ့၊ တောထဲက သမင်ကလေးတွေတောင် သင်ပေးရင် ယဉ်နိုင်သေးသည် မဟုတ် လား။ ချစ်သူကလေးများဟာ သူတို့ချစ်သူနှင့် ခွဲနေရမည်၊ သူတို့ချစ်သူက သုန်မှုန် နေမည်၊ သူတို့ချစ်သူက ရန်လုပ်နေမည် ဆိုလျှင် အဲသည် ဆင်းရဲခြင်းဒဏ်ကို ဘယ်မှာ ခံနိုင်ရှာကြပါမလဲ' လို့ သီချင်းဆိုပါသတဲ့။

သည်တော့ ဃနင်က ငိုပါသတဲ့။ ဃနင် ငိုတော့ လုံမကလည်း ရောပြီး ငိုပါ သတဲ့။ ပြီးတော့ နှစ်ယောက်သား သေရည် ဆက်ပြီး သောက်ကြပြန်ပါသတဲ့။ အဲသဟာ နှင့်ပဲ ညဉ့်နက်သွားတော့ ဃနင်က တစ်ယောက်တခြားစီ အိပ်ဖို့ အိပ်ရာနှစ်ခု ပြင်ပါသတဲ့။ သည်တော့ လုံမက 'သည်အိပ်ရာ ဘယ်သူ့ဖို့လဲ' လို့ ဃနင်ကို မေးပါသတဲ့။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



ဃနင်က 'တစ်ခုက ငါ့ဖို့၊ တစ်ခုက သင့်ဖို့ပေါ့။ သည်ညကစပြီး သင်နှင့်ငါနှင့် တစ်အိပ်ရာတည်း မအိပ်တော့ဘူး။ အရှင် ပိုင်သဟာ ကျွန်နှင့် မဆိုင်ဘူး' လို့ ဆိုပါသတဲ့။ သည်တော့ လုံမက 'သဟာတွေ လုပ်မနေစမ်းပါနှင့် မယ့်သခင်ရယ်၊ ဒွန္နယာကြီးမှာ ကံကြမ္မာ ဖန်တီးသလို အကုန်ဖြစ်ကြရ သဟာပါ' လို့ ပြောပါသတဲ့။ သဟာပေမင့် ဃနင်က 'ဟင့်အင်း . . . မဖြစ်နိုင်ပါဘူး' လို့ ဆိုပါသတဲ့။ သည်တော့ လုံမရဲ့ ရင်ထဲက အချစ်မီးဟာ ပိုတောက်လာသဟာနှင့် ဃနင်ကို အတင်းဖက်ထားပြီး 'ဟင့်အင်း . . . တခြားစီ မအိပ်ဘူး၊ အတူတူ အိပ်မယ်' လို့ ဆိုပါသတဲ့။ သဟာပေမင့် ဃနင်က အတူတူ မအိပ်ဘဲနှင့် သူ့ဟာသူ တခြား ခွဲအိပ်ပါသတဲ့။ သည်လို ဃနင်က ရှောင်လေ၊ လုံမက အချစ်တွေ ပိုပိုလာပြီး မခံနိုင်အောင် ဖြစ်လာသဟာပါပဲတဲ့။

သည်လိုနှင့်ချည်း တစ်ယောက်တခြားစီ အိပ်နေကြသဟာ သုံးလလုံးလုံး ကြာသွားပါသတဲ့။ အဲသည် သုံးလအတွင်းမှာ လုံမက ဃနင်ကို စ ပေမင့် ဃနင်က 'အရှင်ပိုင်သဟာ ကျွန်နှင့် မဆိုင်ဘူး' ဆိုပြီး လုံမကို အနားကပ်မခံပါဘူးတဲ့။

ဃနင်နှင့် လုံမတို့ အဲသည်လို ဖြစ်နေကြတုန်းမှာ မိဖုရားကြီး ဇူဗေဒါက ကွတ်တယ်ကုလွတ်ကို အိပ်ဆေး ခတ်လိုက်တဲ့အတွက် "မင်းတရားကြီး ပြန်လာလျှင် ငါ ဘယ်လိုပြောရပါ့" ဆိုပြီး စိတ်ပူနေပါသတဲ့။ အဲသဟာနှင့် နန်းတွင်းသူ အမယ်ကြီးတစ်ယောက်ကို ခေါ်ပြီး ကွတ်တယ်ကုလွတ် သေသွားသဟာကို ရှင်ဘုရင် ပြန်လာလျှင် ဘယ်လိုကြံပြီး ပြောရမည်လဲလို့ မေးပါသတဲ့။ သည်တော့ နန်းတွင်းသူအမယ်ကြီးက 'မှန်လှပါ၊ မင်းတရားကြီးလည်း ပြန်လာချိန်လည်း နီးပါပြီ။ သည်တော့ ပန်းပုသမားတစ်ယောက်ကို အမြန်ခေါ်ပြီး ကွတ်တယ်ကုလွတ်ရဲ့ ပုံတူ အမြန်လုပ်ခိုင်းပါ။ ပြီးတော့ နန်းတော်တွင်းမှာပဲ အဲဒီပုံတူ မြှုပ်ပါ။ ပြီးတော့ အပေါ်က ဂူတည်ပြီး မီးရှူးတိုင်တွေ ထွန်းထားပါ။ ပြီးတော့ နန်းတော်သူ နန်းတော်သားတွေကိုလည်း ဝမ်းနည်းသည့် အထိမ်းအမှတ်နှင့် အဝတ်မည်းများကို ဝတ်ခိုင်းပါ။ ပြီးတော့ နန်းတော်ထဲမှာလည်း ကောက်ရိုးများ ဖြန့်ကြဲထားခိုင်းပါ။ ပြီးတော့ မင်းတရားကြီး ပြန်လာလို့ ဘာဖြစ်သဟာလဲလို့ မေးလျှင် ကွတ်တယ်ကုလွတ် သေလို့ဆိုသည့် အကြောင်းကို ပြောကြပါစေ။ သည်တော့ မိဖုရားခေါင်ကြီးကလည်း ကွတ်တယ်ကုလွတ်ကို မြတ်နိုးသည့်အတွက် သူ့နန်းတော်ထဲမှာပဲ သင်္ဂြိုဟ်ထားသည် ဆိုသဟာကို မင်းတရားကြီး သိသွားပါလိမ့်မည်။ သည်အခါမှာ မင်းတရားကြီးလည်း ပူဆွေးပြီး ငိုကြွေးပါလိမ့်မည်။ ပြီးတော့ မင်းတရားကြီးဟာ ဂူနားမှာပဲ နေ့ရောညပါ နေပါလိမ့်မည်။ တကယ်လို့ လွမ်းဆွတ်သည့်ဒဏ်ကို မခံနိုင်လို့ မင်းတရားကြီးက ဂူဖွင့်ကြည့်ချင်သည်လို့ ဆိုလျှင်လည်း ပူစရာ မရှိပါ။ ဂူကိုဖွင့်ပြီး အလောင်းပုံ ပေါ်လာသည့်အခါ ကျပ်စည်းထားသည်ကို တွေ့ပါလိမ့်မည်။ သည်အခါမှာ ကျပ်စည်းထားသဟာကို ဖြေကြည့်ချင်သည်လို့ဆိုလျှင် သည်အလုပ်ဟာ အလာဟုအရှင်





ကြိုက်သည့် အလုပ် မဟုတ်ပါဘူးလို့ လျှောက်နိုင်ပါသည်။ သည်ခါမှာ မင်းတရားကြီးလည်း သည်းခံတော်မူပြီး ကွတ်တယ်ကုလွတ်ဟာ တကယ်သေသည်ပဲ အောက်မေ့သွားပါလိမ့်မည်။ သည်အခါမှာ ထိပ်ထားသခင်မလည်း အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် အခုလို ပူပန်နေရသဟာတွေ ပျောက်သွားပါလိမ့်မည်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် မိဖုရားကြီးကလည်း နန်းတော်သူ အမယ်ကြီး အကြံပေးသည့်အတိုင်း အကုန်လုပ်ပြီး၊ ကွတ်တယ်ကုလွတ် သေပြီဆိုသည့် အကြောင်းကို သတင်းလွှင့်ထားပါသတဲ့။ နောက် ရှင်ဘုရင် ပြန်လာတော့ နန်းတော်သူ နန်းတော်သားတွေ အဝတ်မည်းတွေ ဝတ်ဆင်ထားသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် အကျိုးအကြောင်း မေးကြည့်တော့ ကွတ်တယ်ကုလွတ် သေလို့ ဆိုသဟာကို သိရပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်လည်း ရှိုက်ကြီးတငင် ငိုပါသတဲ့။ အဲသည်လိုနှင့်ပဲ ရှင်ဘုရင်က ယုံလိုက်တစ်ချက်၊ မယုံလိုက်တစ်ချက် ဖြစ်နေပါသတဲ့။ နောက်ဆုံးကျတော့ သူ့စိတ်ထဲက မသင်္ကာသဟာနှင့် ဂူကို အဖွင့်ခိုင်းပြီး ကြည့်ပါသတဲ့။ ဂူကို ဖွင့်လိုက်လို့ ကျပ်စည်းထားသည့် အလောင်းပုံတွေ့တော့ ရှင်ဘုရင်က ကျပ်စည်းထားသဟာကို အဖြေခိုင်းပါသတဲ့။ သည်တော့ ဇူဗေဒါမိဖုရားနှင့် ကြံရာပါ နန်းတော်သူ အမယ်ကြီးက 'သည်းခံတော်မူပါဘုရား၊ အလာဟုအရှင် ကြိုက်သည့်အလုပ် မဟုတ်ပါဘူး ဘုရား' လို့ ပြောပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်လည်း ကျပ်စည်းထားသဟာကို ဖြေမကြည့်တော့ဘဲ အလောင်းကို ဂူထဲ ပြန်အသွင်း ခိုင်းလိုက်ပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ဟာလည်း ကွတ်တယ်ကုလွတ်ကို အောက်မေ့ လွမ်းဆွတ်တော်မူသဟာနှင့် တမှိုင်မှိုင် တတွေတွေ နေပါသတဲ့။ အဲသဟာနှင့် တစ်လလောက်ကြာတော့ စက်တော်ခေါ်နေရင်း ခေါင်းရင်းဘက်က ယပ်ခတ်ပေးနေသည့် ကျွန်မငယ်နှင့် ခြေရင်းဘက်က သလုံးနှိပ်ပေးနေသည့် ကျွန်မငယ် နှစ်ယောက် စကားပြောနေကြသဟာကို ရှင်ဘုရင်က ကြားပါသတဲ့။

ခေါင်းရင်းဘက်က ကျွန်မငယ်က ခြေရင်းဘက်က ကျွန်မငယ်ကို 'ဟော့ကောင်မရေ . . . တို့ မိဖုရားကြီးဟာ လုပ်ပုံကတော့ အတော် အကြံပိုင်သဟာပဲ အေ့' လို့ ပြောပါသတဲ့။ သည်တော့ ခြေရင်းဘက်က ကျွန်မ ငယ်ငယ်က 'ဘယ်လိုလဲအေ့၊ တို့မိဖုရားကြီးက ဘယ်လို အကြံပိုင်သဟာလဲ၊ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ ခေါင်းရင်းက ကျွန်မငယ်က 'ညည်းကလည်း မသိဘူးလားအေ့၊ တို့မင်းတရားကြီးဟာ ကွတ်တယ်ကုလွတ် ထိပ်တင်မရဲ့ ဂူနားသွား သွားပြီး မှိုင်မှိုင်နေသဟာအေ့။ ဂူထဲမှာ ဘာမှရှိသဟာ မဟုတ်ဘူးအေ့။ သစ်သားရုပ်ကြီးကို လူသေကောင်လုပ်ပြီး ထည့်ထားသဟာ' လို့ ပြောပါသတဲ့။ သည်တော့ ခြေရင်းက ကျွန်မငယ်က 'အနို့ ကွတ်တယ်ကုလွတ် ထိပ်တင်မဟာ သေသဟာ မဟုတ်ဘူးပေါ့အေ့၊ အမှန်က ဘယ်လိုဖြစ်သဟာလဲ အေ့၊ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ခေါင်းရင်းက ကျွန်မငယ်က ကွတ်တယ်ကုလွတ်ကို ဗူဗေဒါ မိဖုရားက အိပ်ဆေးခတ်ပြီး သချိုင်းကို သွားမြှုပ်ခိုင်းသဟာက စပြီး ဃနင့်အိမ်မှာ ကွတ်တယ်ကုလွတ် ရောက်နေသည့် အကြောင်းထိအောင် အကုန်လုံး ပြောပြပါသတဲ့။ အဲသလို ပြောသဟာတွေကို ရှင်ဘုရင်ကလည်း အိပ်မပျော်သဟာနှင့် အကုန်ကြားပါသတဲ့။ သည်တော့ ရှင်ဘုရင်က အမျက်ထွက်ပြီး နန်းရင်းဝန်ကြီးကို ခေါ်ပြီး 'ပါးကွက်အာဏာသားတွေနှင့် ဃနင့်အိမ်ကို သွားဝိုင်းပြီး ဃနင့်ကို ဖမ်းခဲ့ရမည်။ သူပိုင် အိုးအိမ်ပစ္စည်းတွေကိုလည်း ဖျက်ဆီးပစ်ရမည်' လို့ အမိန့်ထုတ်ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးကလည်း ဘုရင့်အမိန့်အတိုင်း ဃနင့်အိမ်ကို လက်နက်ကိုင် ပါးကွက်အာဏာသားတွေနှင့် သွားဝိုင်းပါသတဲ့။

ဤသည်အချိန်မှာ ဃနင်ကလည်း ဈေးတန်းထဲမှာ စားစရာ သောက်စရာ





တွေ ဝယ်ခြမ်းပြန်လာလို့ ရောက်ခါစ ရှိပါသေးသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ပြတင်းပေါက်က အပြင်ကို လှမ်းကြည့်လိုက်တော့ ပါးကွက်အာဏာသားတွေ အိမ်ကို ဝိုင်းထားသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် တစ်ခါတော့ ခက်ကြပြီ ဆိုပြီး ကွတ်တယ်ကုလွတ်က 'အို... ဃနင်၊ သင် တစ်ခါတည်း ကိုယ်လွတ် ပြေးပေတော့' လို့ ဆိုပါသတဲ့။ သည်တော့ ဃနင်က 'အခုမှတော့ ဘယ့်နှယ်ပြေးဖြစ်တော့မလဲ၊ ကြံစမ်းပါဦး အချစ်ရဲ့' လို့ ပြောပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က 'အို... မပူပါနှင့်' ဆိုပြီး ဃနင် ဝတ်ထားသည့် အဝတ်များကို ချွတ်ပြီး အဝတ်စုတ် အဝတ်ဟောင်းတွေကို အဝတ်ခိုင်းပါသတဲ့။ ပြီးတော့ ဗန်းကလေးတစ်ခုထဲမှာ ထမင်းကျန်ဟင်းကျန်တွေကို ထည့်ပြီး ခေါင်းပေါ်မှာ အရွက်ခိုင်းပါသတဲ့။ ပြီးတော့ 'ကိုင်း... ဃနင်၊ သည်အတိုင်း ဗြောင်ဆင်းပြီး လူတွေကြားထဲက ထွက်သွားပေတော့' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ဃနင်လည်း ဆင်းရဲသားယောင်ဆောင်ပြီး ထွက်သွားပါသတဲ့။

ပြီးတော့ နန်းရင်းဝန်ကြီးနှင့် ပါးကွက်အာဏာသားတွေက ဃနင့်အိမ်ပေါ် တက်လာကြပါသတဲ့။ သည်အခါမှာ ကွတ်တယ်ကုလွတ်က ကြော့နေအောင် ဝတ်စားဆင်ယင်ထားပါသတဲ့။ နန်းရင်းဝန်ကြီး အိမ်ပေါ်ရောက်လာတော့ ကွတ်တယ်ကုလွတ်က နှုတ်ဆက်ပြီး 'ဒွန္တယာကြီးဟာ အလာဟုအရှင် စီစဉ် သတ်မှတ်တော်မူသည့်အတိုင်း ဖြစ်ရသဟာပါပဲ' လို့ ဆိုသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက သူ့မှာ ဘုရင့်အမိန့်တော်နှင့် ဃနင့်ကို ဖမ်းဖို့ လာရပါသည်လို့ ပြောပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က 'ဩော်... ဃနင်ဟာ သူ့ပစ္စည်းတွေကို ထုပ်ပိုးထားခဲ့ပြီး ဒမတ်စကမြို့ကို ထွက်သွားပါသည်။ သည်သေတ္တာများကို နန်းတော်သို့ ထိပ်ထားအတွက် ဆောင်ကြဉ်းသွားလိုပါသည်' လို့ နန်းရင်းဝန်ကြီးကို ပြောပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက အမိန့်တော်အတိုင်းပါ ဆိုပြီး သေတ္တာများကို ပါးကွက်အာဏာသားများကို ဆောင်ကြဉ်းသွားခိုင်းပါသတဲ့။ ပြီးတော့ ကွတ်တယ်ကုလွတ်ကိုလည်း ရိုရိုသေသေ စောင့်ရှောက်ပြီး နန်းတော်ကို ခေါ်သွားရမည်လို့ မှာလိုက်ပါသတဲ့။ သည်တော့ ပါးကွက်အာဏာသားတွေက အမိန့်အတိုင်းပါလို့ ဆိုပြီး ဃနင်ရဲ့အိမ်ကို ဖျက်ဆီးပစ်ခဲ့ကြပြီး ကွတ်တယ်ကုလွတ်နှင့် ပစ္စည်းများကို နန်းတော်ကို ဆောင်သွားကြပါသတဲ့။

နန်းရင်းဝန်ကြီးက ဘုရင့်ရှေ့တော်ကို ရောက်သွားပြီး အကျိုးအကြောင်းကို သံတော်ဦးတင်ပါသတဲ့။ သည်တော့ ဘုရင်က ဃနင်ကို ဖမ်းဖို့ရာ ဒမတ်စက မြို့ဝန်ကို အမိန့်ထုတ်လိုက်ပါသတဲ့။ သည်တော့ မြို့ဝန်က ဃနင့်အိမ်က ပစ္စည်းများကို ယူချင်သည့်သူများ သဘောရှိ သွားပြီး ယူနိုင်သည်လို့ အမိန့်ထုတ်လိုက်ပြီး ဃနင်ရဲ့ အမေနှင့် နှမအိမ်ကိုသွားပြီး ဝိုင်းပါသတဲ့။ ဃနင်ရဲ့ အမေနှင့် နှမကလည်း ဃနင် သေပြီဆိုပြီး အိမ်မှာ အထိမ်းအမှတ် ဂူတည်ထားပြီး ငိုယိုနေကြပါသတဲ့။ အဲသဟာနှင့် မြို့ဝန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အာဇာနာသားတွေက ဃနင်ရဲ့ အမေနှင့် နှမကို တစ်ခါတည်း ဖမ်းပြီး မြို့ဝန်ဆီကို ခေါ်သွားကြပါသတဲ့။ မြို့ဝန်ဆီကို ရောက်တော့ မြို့ဝန်က ဃနင့်အကြောင်းကို မေးပါသတဲ့။ သည်တော့ ဃနင်ရဲ့ အမေနှင့်နှမက ဃနင့် အကြောင်းကို သတင်းမရသဟာ တစ်နှစ်လောက် ရှိပါပြီလို့ ပြောပါသတဲ့။ အဲသဟာနှင့် မြို့ဝန်က သူတို့ကို ပြန်လွှတ်လိုက်ပါသတဲ့။ သည်အကြောင်းကို သည်တွင်ထားပြီး ဃနင်အကြောင်းကို ပြောပါဦးမည်။ ဃနင်က သူ့မှာ ရှိသမျှ ပစ္စည်းတွေလည်း ကုန်၊ နေစရာ ထိုင်စရာလည်း မရှိတော့ ငိုယိုနေပါသတဲ့။ အဲသဟာနှင့် ဃနင်ဟာ ခြေဦးတည့်ရာ လျှောက်သွားရင်း နောက်ဆုံးတော့ နေစရာလည်း မရှိ၊ စားစရာလည်း မရှိ၊ မောကလည်း မောသဟာနှင့် ရွာတစ်ရွာက ဇရပ်မှာ ဝင်ပြီး ထရံကိုမှီပြီး ဖျာကလေးတစ်ချပ်ပေါ်မှာ ထိုင်နေပါသတဲ့။ အဲသဟာနှင့် အမောဆို့ပြီး လဲကျသွားပါသတဲ့။ တစ်ညလုံး အစားလည်း မစားရသဟာနှင့် မေ့မြောပြီး သွားပါသတဲ့။ အရုဏ်တက်လို့ ဘုရားရှိခိုးသည့် လူတွေ လာကြတော့ ဃနင်ဟာ လဲလျက်ကြီး ဖြစ်နေပါသတဲ့။ အဲသဟာနှင့် ဘုရားရှိခိုးပြီးတော့ လူတွေက ဃနင့်ဆီကို လာပြီး ဘယ်အရပ်ကလဲ၊ ဘယ်လို ဖြစ်လာသလဲလို့ မေးကြပါသတဲ့။ သည်တော့ ဃနင်က စကားပြန် မပေးဘဲ ငိုသာငိုသဟာပါပဲတဲ့။ အဲသဟာနှင့် လူတစ်ယောက်က သနားပြီး သူ့အဝတ်ဟောင်းများကို ဃနင်ဝတ်ဖို့ ထုတ်ပေးပါသတဲ့။ ပြီးတော့ တခြား လူတစ်ယောက်ကတော့ ဃနင်ကို မုန့်ပေးပါသတဲ့။ မိုးလင်းတော့ ဘုရားရှိခိုးလာသည့် လူတွေလည်း သူတို့အလုပ်ကို သူတို့ သွားကြပါရောတဲ့။

အဲ့သည်လိုနှင့်ပဲ ဃနင်ဟာ ဇရပ်ထဲမှာ တစ်လလောက် ကြာသွားပါသတဲ့။ အရပ်ထဲက လူတွေကလည်း သူ့ကို သနားကြသဟာနှင့် ငိုသည့်လူက ငိုကြပါသတဲ့။ တစ်နေ့တော့ အရပ်သားတွေက ဃနင်ကို ဗဂ္ဂဒက်မြို့ ဆေးရုံကို ပို့ပေးဖို့ စီမံကြပါသတဲ့။

အဲသည် အတောအတွင်းမှာပဲ ဃနင် နေသည့် ဇရပ်ကို သူတောင်းစားမ နှစ်ယောက် ရောက်လာကြပါသတဲ့။ သည် သူတောင်းစားမ နှစ်ယောက်က တခြား မဟုတ်ပါဘူးတဲ့။ ဃနင်ရဲ့ အမေနှင့် ဃနင်ရဲ့ နှမပါတဲ့။ သူတို့နှစ်ယောက်ဟာ ဃနင် နေသည့် အနားမှာပဲ လာပြီး တည်းကြပါသတဲ့။ ဃနင်ကလည်း သူ့မှာရှိသည့် အစာကို သူတောင်းစားမ နှစ်ယောက်ကို ခွဲပြီး ပေးပါသတဲ့။ သဟာပေမင့် အဲသည် သူတောင်းစားမ နှစ်ယောက်ဟာ သူ့အမေနှင့် သူ့နှမ ဆိုသဟာကို မသိပါဘူးတဲ့။ သူ့အမေနှင့် သူ့နှမကလည်း ဃနင်ကို မမှတ်မိကြပါဘူးတဲ့။ အဲသည် ညကလည်း ဃနင်ရဲ့ အမေနှင့် နှမဟာ ဃနင့်အနားမှာပဲ အိပ်ကြပါသတဲ့။ မနက်မိုးလင်းတော့ အရပ်သားတွေက မြည်းသမားတစ်ယောက်ကို ငှားလာပြီး ဃနင်ကို ဗဂ္ဂဒက်မြို့ ဆေးရုံကိုပို့ဖို့ လုပ်ကြပါသတဲ့။ ပြီးတော့ ဃနင်ကို အိပ်ပျော်နေတုန်းမှာ ပွေ့လာပြီး မြည်းပေါ်မှာ ကြိုးနှင့် ချည်ထားပြီး တင်ကြပါသတဲ့။





ပြီးတော့ အရပ်သားတွေက ဃနင်ကို မြည်းပေါ်မှာ တင်သဟာကို ဝိုင်းကြည့်နေပါသတဲ့။ သည်အထဲမှာ ဃနင်ရဲ့ အမေနှင့် နှမလည်း ပါပါသတဲ့။ အဲသဟာနှင့် သူတို့က သည်လူ့နှယ် ... ဃနင်နှင့် တူလိုက်သဟာလို့ အောက်မေ့ကြပါသတဲ့။ အဲသည်အခါ ဃနင်ကလည်း အိပ်ရာက နိုးလာလို့ သူ့ကို ကြိုးတွေနှင့် ချည်ထားသဟာကို တွေ့တော့ ငိုပါသတဲ့။ သည်တော့ သူ့အမေနှင့် နှမကလည်း ငိုကြပါသတဲ့။ ပြီးတော့ မြည်းသမားက ဃနင်ကို ဗဂ္ဂဒက်မြို့ ချထားပစ်ခဲ့ပြီး ပြန်သွားပါသတဲ့။ မိုးလင်းလို့ ဗဂ္ဂဒက်မြို့သားတွေက ဃနင်ကို မြင်ကြတော့ ဝိုင်းပြီး ကြည့်ကြပါသတဲ့။ သည် အတော အတွင်းမှာ ဈေးခေါင်း ရောက်လာတော့ ဈေးခေါင်းက ဃနင်ကိုကြည့်ပြီး 'ငါတော့ ကုသိုလ်ရအောင် လုပ်လိုက်ဦးမှပဲ၊ သည်လူမမာကို ငါ့အိမ်ခေါ်ပြီး ဆေးကုပေးမည်၊ ဆေးရုံကို ပို့လိုက်လျှင် သူ့ကို နေ့ချင်း သတ်ပစ်လိုက်ကြမှာပဲ' လို့ ပြောပြီး ဃနင်ကို သူ့တပည့်တပန်းတွေနှင့် ပွေ့ပြီး သူ့အိမ်ကို ယူသွားပါသတဲ့။

သူ့အိမ်ရောက်သွားတော့ ဈေးခေါင်းက သူ့ဇနီးကို 'ဟော့ ... သည်လူကို ဂရုစိုက်ပြီး ပြုစုပါကွယ်' လို့ ပြောပါသတဲ့။ သည်တော့ ဈေးခေါင်းရဲ့မိန်းမက 'စိတ်ချပါရှင်၊ ပြုစုပါမည်' လို့ ပြောပါသတဲ့။ ပြီးတော့ ဈေးခေါင်းမိန်းမက ရေနွေးအတည်ခိုင်းပြီး ဃနင်ရဲ့ တစ်ကိုယ်လုံးကို လက်တွေ ခြေတွေပါ မကျန်အောင် ရေနွေးနှင့် ဆေးကြောပေးပါသတဲ့။ ပြီးတော့ သူ့ကျွန်မတစ်ယောက်ရဲ့ ဝတ်လုံနှင့် ထွေးပေးပြီး နှင်းရည် ဖျန်းပေးပါသတဲ့။ ပြီးတော့မှ ဃနင်ဖို့ အိပ်ရာသစ်၊ ခေါင်းအုံးသစ်များ ထုတ်ပေးပြီး အအိပ်ခိုင်းပါ သတဲ့။ အဲသဟာနှင့် ဃနင်ဟာလည်း နေထိုင်ကောင်းလာပါသတဲ့။

ပြီးတော့ သူချစ်သည့် ကွတ်တယ်ကုလွတ်ကို အောက်မေ့သဟာနှင့် ဃနင်ဟာ အခွေးကြီး ခွေးနေပါသတဲ့။ ဃနင့်အကြောင်းကို သည်လောက်ပဲ ပြောပြီး ကွတ်တယ်ကုလွတ် အကြောင်းကို ပြောပါဦးမည်။ အဲသဟာနှင့် ဘုရင်မင်းမြတ်ကလည်း ကွတ်တယ်ကုလွတ်ကို အမျက်တော်ထွက်ပြီး အလင်းရောင်မရသည့် တိုက်ခန်းထဲမှာ ရှစ်ရက်ထည့်ပြီး ထားပါသတဲ့။ ရှစ်ရက်လွန်သွားသည့် နေ့ကျတော့ ဘုရင်မင်းမြတ်က ကွတ်တယ်ကုလွတ် ထားသည့် တိုက်ခန်းနားကို ဘုရင်မင်းမြတ် ရောက်လာပါသတဲ့။ အဲသည်အခါမှာ ကွတ်တယ်ကုလွတ်ကလည်း ဃနင်ကို အောက်မေ့သဟာနှင့် သီချင်းဆိုနေပါသတဲ့။ ပြီးတော့ 'ဩော် ... မယ့်အချစ် ဃနင် ... ဃနင်၊ ဒွန္တယာမှာ သင်လို စိတ်ကောင်းရှိသည့်သူ၊ သင်လို သဘောဖြူသည့်သူဟာ ရှာမှ ရှားပါသည်။ သင်ဟာ သင့်ကို မကောင်းလုပ်သည့် သူ အပေါ်မှာလည်း ကောင်းသဟာပဲ လုပ်သည်။ သင့်ကို ဂုဏ်ပျက်အောင် လုပ်သည့်သူရဲ့ ဂုဏ်ကိုလည်း သင်က စောင့်ရှောက်ပေးသည်။ သင့်ကို ရော သင့် ချစ်သူကိုပါ အကျဉ်းချထားသူရဲ့ မောင်းမဆောင်ကိုလည်း ဂုဏ်မပျက်အောင် သင်က ကာကွယ်ပေးသည်။ သဟာပေမင့် ကိစ္စမရှိပါဘူး၊ တစ်နေ့ကျတော့ သင်ရော



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးရော အလာဟုအရှင်ရဲ့ ရှေ့တော်မှောက်မှာ အစစ်ခံကြရဦးမှာပဲ။ သည်တော့ နတ်သမီး နတ်သားတွေကို သက်သေထားပြီး သင်က မှန်သည့်အတိုင်း အစစ်ခံနိုင်ပါလိမ့်မည်’ လို့ တတွတ်တွတ် ပြောနေပါသတဲ့။ အဲသည်လို ကွတ်တယ်ကုလွတ်ပြောနေသဟာတွေကို ဘုရင်မင်းမြတ်က ကြားသွားတော့ ဘုရင်မင်းမြတ်က ကွတ်တယ်ကုလွတ်ကို သူ့အကျဉ်းချထားသဟာတော့ မှားပြီဆိုသဟာကို သိပါသတဲ့။ အဲသဟာနှင့် အနောက်ခေါ်တော်မှူး သင်းကွပ် မတ်စဋ္ဌူးကို အခေါ်ခိုင်းတော်မူပါသတဲ့။ မတ်စဋ္ဌူးရောက်လာတော့ ‘ဟဲ့ . . . မတ်စဋ္ဌူး၊ နင် အခုချက်ချင်း ကွတ်တယ်ကုလွတ်ကို ခေါ်ပြီး ရှေ့တော်သွင်းခဲ့ရမည်’ လို့ အမိန့်တော် မှတ်ပါသတဲ့။ အဲသဟာနှင့် မတ်စဋ္ဌူးက ကွတ်တယ်ကုလွတ်ကို အမြန်သွားခေါ်ပြီး ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ကို သွင်းသွားပါသတဲ့။ သည့်အခါမှာ ကွတ်တယ်ကုလွတ်ရဲ့ မျက်စိထဲမှာ မျက်ရည်တွေ အိုင်ထွန်းပြီး သူ့ရဲ့ ရင်ထဲမှာလည်း အပူမီးတွေ တောက်လောင်နေပါသတဲ့။

သည်တော့ ဘုရင်မင်းမြတ်က ‘သည်မှာကြည့်စမ်း ကွတ်တယ်ကုလွတ်၊ သင်က ငါ့ကို တရားနှင့်အညီ မပြုဘူး၊ နှိပ်စက်ကလူ ပြုသည်လို့ ဆိုသည်။ ပြီးတော့ ငါ့အပေါ် အကောင်းပြုသည်ကိုလည်း ငါက မကောင်းလုပ်သည်လို့လည်း ဆိုသည်။ ပြီးတော့ ငါ့ဂုဏ်ကို စောင့်ရှောက်သည့် လူ့ရဲ့ ဂုဏ်ကိုလည်း ငါက ဖျက်သည်လို့လည်း သင် ဆိုသည်။ ကိုင်း . . . လျှောက်စမ်းပါဦး၊ ငါက ဘယ်သူ့ ဂုဏ်ကို ဖျက်ပြီး ဘယ်သူက ငါ့ဂုဏ်ကို စောင့်ရှောက်သလဲ’ လို့ ကွတ်တယ်ကုလွတ်ကို မေးတော်မူပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ‘အဲသည်သူဟာ တခြားမဟုတ်ပါဘူး၊ အေးယုတ်ရဲ့ သား ဃနင်ပါပဲ။ အို . . . သာသနာ့ ဒါယကာ မင်းကြီး၊ ငါ ကျိန်ရဲပါသည်။ ဃနင်သည် ပက်စက်သည့်အကြံ၊ ဖောက်ပြန်သည့် စိတ်နှင့် ငါ့အနားသို့ တစ်ခါဖူးမျှ မချဉ်းဖူးပါဘူး’ လို့ လျှောက်ထားပါသတဲ့။

သည်တော့ မင်းကြီးက ‘အို . . . ကွတ်တယ်ကုလွတ်၊ ဗွန္ဒယာမှာ အလာဟုအရှင်မှတစ်ပါး ဘုန်းကြီးသူ၊ မြင့်မြတ်သူ မရှိ။ သင်သည် ငါ့ထံ၌ လိုရာဆုကို တောင်းလော့’ လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ‘အို . . . သာသနာ့ဒါယကာ မင်းမြတ်၊ အေးယုတ်ရဲ့သား ငါချစ်သည့် ဃနင်ကိုသာ ငါ့အား ပေးတော်မူပါလော့။ အခြား ဘာကိုမျှ ငါ အလိုမရှိပါ’ လို့ လျှောက်ပါသတဲ့။

သည်တော့ မင်းကြီးက ‘သင့်အလိုအတိုင်း ပြည့်စေ’ လို့ ဆိုပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ‘အရှင်မင်းကြီး၊ အကယ် ငါသည် ဃနင်ကို ရှေ့တော်မှောက်သို့ ခေါ်လာပါလျှင် အရှင်မင်းကြီးသည် ဃနင်အား ငါ့ကို ပေးပါမည်လော’ လို့ မေးပါသတဲ့။ သည်တော့ တစ်ခါ မင်းကြီးက ‘ဃနင် ငါ့ရှေ့တော်သို့ ရောက်လာလျှင် သစ္စာစောင့်သော မင်းတို့သည် သစ္စာဖောက်ရိုး မရှိသည့်အတိုင်း သစ္စာစောင့်သော မင်း၏ ဆုတော်လာဘ်တော် အဖြစ်ဖြင့် ဃနင်ကို သင့်အား ပေးပါအံ့’ လို့ မိန့်ပါသတဲ့။





သည်တော့ ကွတ်တယ်ကုလွတ်က ‘သာသနာ့ဒါယကာ မင်းကြီး၊ ငါ့အား ဃနင်ကို ရှာခွင့်ပြုတော်မူပါလော့။ အလာဟု အရှင်သည် ငါ့အား ဃနင် ရှိရာကို ညွှန်ကြားတော်မူတန်ရာပါသည်’ လို့ လျှောက်ထားပြီး ရှေ့တော်မှ ခွာခဲ့ပါသတဲ့။

အဲသဟာနှင့် ကွတ်တယ်ကုလွတ်ဟာ ဝမ်းအသာကြီးသာပြီး၊ အသပြာတစ်ထောင် ယူပြီး အမြို့မြို့ အရွာရွာက ဗလီတွေမှာ သွားပြီး ဃနင်ရဲ့ကိုယ်စား အလှူပေးပါသတဲ့။ ပြီးတော့ တစ်ခါ ပွဲရုံသွားပြီး ပွဲရုံဥက္ကဋ္ဌဆီမှာ အသပြာအပ်ပြီး ဃနင်ရဲ့ကိုယ်စား ရပ်ဝေးသားများကို လှူပါလို့ ပြောသတဲ့။ ပြီးတော့တစ်ခါ ဈေးတန်းသွားပြီး ဈေးခေါင်းထံမှာ ရပ်ဝေးက လာသည့်သူများကို လှူပေးပါဆိုပြီး အသပြာတစ်ထောင် အပ်ပြန်ပါသတဲ့။ သည်တော့ ဈေးခေါင်းက ကွတ်တယ်ကုလွတ်ကို စေ့စေ့ပါအောင် ကြည့်ပြီး ‘အို . . . အမျိုးကောင်းသမီး၊ ငါ့အိမ်မှာ ရပ်ဝေးသား လုလင်ပျိုတစ်ယောက် ရောက်နေသည်၊ သင် လိုက်ကြည့်ပါလား။ လူက လူချောပဲ၊ ကျက်သရေလည်း ရှိသည်’ လို့ ပြောပါသတဲ့။ သဟာပေမင့် သူကလည်း သူ့အိမ် ရောက်နေသည့် လုလင်ပျိုဟာ ဃနင်ပဲ ဆိုသဟာကိုတော့ မသိပါဘူးတဲ့။ သူ့စိတ်ထဲမှာ ဃနင်ဟာ ရွာစဉ် လျှောက်တောင်းစားနေသည့် သူတောင်းစားပဲလား၊ ကြွေးရှင်က ပစ္စည်းအသိမ်းခံရသည့် သူပဲလား၊ ချစ်သူနှင့် ကွဲလာသည့် အပူသည်ပဲလား ဆိုသဟာ မဝေခွဲနိုင်ပါဘူး တဲ့။

အဲသည်အကြောင်း ကြားလိုက်ရတော့ ကွတ်တယ်ကုလွတ် ရင်ထဲမှာ ဆို့ပြီး သွားပါသတဲ့။ ပြီးတော့ အဲသည် လုလင်ပျိုကိုလည်း သိပ်ပြီး တွေ့ချင်ဇော ဖြစ်လာပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က အဲသည် ဈေးခေါင်းကို ‘တစ်ဆိတ် လူတစ်ယောက်လွှတ်ပြီး လိုက်အပို့ခိုင်းပါလားရှင်’ လို့ ပြောပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်ကို သူ့အိမ် လိုက်ပြဖို့ လူငယ်တစ်ယောက်ကို ဈေးခေါင်းက ထည့်လိုက်ပါသတဲ့။ အိမ်ရောက်သွားတော့ အိမ်ရှင်မက ကွတ်တယ်ကုလွတ်ကို သိသဟာနှင့် လေးလေးစားစား ဆီးပြီး နှုတ်ဆက်ပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ‘သည်အိမ်မှာ တည်းနေသည်ဆိုသည့် ဧည့်သည်ဟာ ဘယ်မှာလဲ၊ တစ်ဆိတ် ပြပါ’ လို့ ပြောသတဲ့။ သည်တော့ အိမ်ရှင်မက ငိုပြီး ‘ရှိပါသည် မမ၊ သူ့ကို ကြည့်ရသဟာ ဆွေကောင်းမျိုးကောင်းထဲကနှင့် တူပါသည်။ ကိုယ်အမူအရာ နှုတ်အမူအရာကလည်း ယဉ်ကျေးလှပါသည်။ ဟောဟိုမှာ အိပ်နေပါသည်၊ ကြည့်ပါလား’ လို့ ပြောသတဲ့။

အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ဃနင်ဆီကို လှမ်းပြီး ကြည့်လိုက်ပါသတဲ့။ ဃနင်ကလည်း ဖျားပြီး ဝါးခြမ်းပြားကို ထောင်ထားသလိုပဲ ပိန်နေပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ဃနင်လို့လည်း ထင်ပါသတဲ့။ ကောင်းကောင်းတော့လည်း မမှတ်မိပါဘူးတဲ့။ သဟာပေမင့် လူမမာကို ကြည့်ရသဟာက သနားစရာ



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် တစ်ညတော့ လုံမက သေရည်ယစ်ယစ်နှင့် စောင်းစောင်းကလေး အိပ်ပျော်နေရာက နိုးလာပြီး ကပျာကယာ သူ့ဘောင်းဘီ ခါးစည်းကြိုးကို သူ စမ်းကြည့်လို့ ကြိုးမပြတ်မှန်း သိတော့မှ ပြန်ပြီး အိပ်သွားပါသတဲ့။ သည်တော့ တစ်ခါ ဃနင်က လုံမရဲ့ ဘောင်းဘီကြိုးကို လက်နှင့်စမ်းပြီး ဆွဲဖြုတ်ပါသည်။ သည်တော့ လုံမက အိပ်ရာက ငေါက်ခနဲ ထထိုင်လိုက်ပြီး ဃနင်ကို 'သင် ဘာလိုချင်သလဲ' လို့ မေးပါသတဲ့။ သည်တော့ ဃနင်က 'ငါ သင်နှင့် အိပ်ချင်ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ လုံမက 'သဟာဖြင့် ငါ့အကြောင်းကို သင် သိအောင် ပြောပြတော့မည်' လို့ ဆိုပြီး သူ့ဘောင်းဘီ ခါးစည်းကြိုးကို ဆွဲဖြေလိုက်ပြီး 'ကိုင်း... ဟောသည် ကြိုးပြားပေါ်မှာ ရေးထားသည့် စာကိုပဲ ကြည့်ပါတော့ ချစ်သူရယ်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ဃနင်က ကြိုးပြားပေါ်မှာ ထိုးထားသည့် ကမ္ပည်းကို ကြည့်လိုက်တော့ "အို... တမန်တော်၏ အနွယ်တော် မင်းမြတ်၊ ငါသည် သင့်ဥစ္စာဖြစ်၍ သင်သည် ငါ့ဥစ္စာ ဖြစ်ပါသည်" လို့ ရေးထားသဟာကို တွေ့ရပါသတဲ့။

အဲသည်စာကို မြင်လိုက်တော့ ဃနင်က နောက်ကိုဆုတ်ပြီး လုံမကို 'အနို့ သင်က ဘယ်သူလဲ' လို့ မေးပါသတဲ့။ သည်တော့ လုံမက 'ငါဟာ ဘုရင်မင်းမြတ်ရဲ့ ခြေတော်တင်တစ်ဦး ဖြစ်သည်။ ငါ့နာမည်က **ကွတ်တယ်ကုလွတ်** လို့ ခေါ်သည်။ ငါ့ကို ငယ်ငယ်ကလေးကတည်းက နန်းတော်ထဲမှာ ဘုရင်မင်းမြတ်က မွေးထားသည်။ ငါ အရွယ်ရောက်လာတော့ အလွန်လှသဟာနှင့် ဘုရင်မင်းမြတ်က အဆောင်တစ်ခု သနားတော်မူပြီး ထားသည်။ ငါ့ကို ဘုရင်မင်းမြတ်က အလွန်လည်း မြတ်နိုးတော်မူသည်။ ငါ့ကို ပြုစုဖို့ ကျွန်မကလေး တစ်ကျိပ်လည်း သနားတော်မူထားသည်။ အဖိုးထိုက် အဖိုးတန် တန်ဆာပလာများ သနားတော်မူထားသဟာလည်း သင် မြင်သည့်အတိုင်း ပါပဲ' လို့ ပြောပါသတဲ့။ ပြီးတော့ တစ်ခါ ဆက်ပြီး 'အဲသဟာနှင့် တစ်နေ့တော့ ဇူဗေဒါက ငါ့ကျွန်မတစ်ယောက်ကို ခေါ်ပြီး "ဟဲ့ နင့်သခင်မ အိပ်ပျော်နေသည့် အခါမှာ ရော့... ဟောသည် ဆေးကိုယူပြီး သူ့နှာခေါင်းဝမှာ တော့ထားပြီးတော့ သူသောက်သည့် သေရည်ထဲမှာလည်း ထည့်လိုက်။ သင် လိုချင်သလောက် အသပြာ ငါပေးမည်" လို့ ပြောသည်။ သည်တော့ ကျွန်မကလေးက "စိတ်သာချတော်မူပါ" ဆိုပြီး အဲသည် အိပ်ဆေးကို ယူပြီး မိဖုရားခေါင်ကြီး မှာသည့်အတိုင်း လုပ်သည်။ အဲသည်အဆိပ်ကို သောက်လည်း သောက် မိရော ငါလည်း တစ်ခါတည်း မေ့လဲသွားသဟာပဲ။ သည်တော့မှ ငါ့ကို သေတ္တာကြီး တစ်လုံးထဲ ထည့်ပြီး သင် မြင်သည့်အတိုင်း သင်္ချိုင်းကို ပို့လိုက်သဟာပဲ။ အဲသဟာနှင့် နောက်ဆုံး သင် ကယ်လို့သာ အခုလို သင့်အိမ်ကို ငါ ရောက်လာသဟာပဲ။ ငါ မရှိသည့် အတွင်းမှာ ဘုရင်မင်းမြတ် ဘယ်လို နေသည်တော့ ငါ မသိဘူး။ ငါ ပြောစရာကတော့ သဟာပါပဲ။ ဘယ်သူ့ကိုမှတော့ မပေါက်ကြားလိုက်ပါနှင့်' လို့ ပြောပါသတဲ့။





ဃနင်က အဲသလို လုံမဟာ ဘုရင်ရဲ့ ဘဏ္ဍာတော်ဖြစ်မှန်း သိသဟာနှင့် တစ်ချက်တည်း နောက်ကိုဆုတ်ပြီး 'ဖြစ်မှ ဖြစ်ရပလေသည်' ဆိုပြီး 'ဩော်... ဒွန္ဒယာကြီးမှာ အချစ်ရဲ့ အရသာဟာ ချိုတော့ ချိုပါရဲ့၊ သဟာပေမင့် ခါးပြီး ချိုသည့် အချိုပဲ' လို့ ဆိုပြီး ငိုသဟာပါပဲတဲ့။

သည်တော့ ကွတ်တယ်ကုလွတ်က ဃနင့်ကို သူ့ရင်ခွင်ထဲမှာ ပွေ့ထားပြီး နှုတ်ခမ်းကို စုပ်ပါသတဲ့။ တစ်ခါနှစ်ခါ မကဘူး၊ ထပ်တလဲလဲပဲ စုပ်ပါသတဲ့။ ပြီးတော့ နှစ်ယောက်သား အကြာကြီး စကားပြောနေလိုက်ကြပါသတဲ့။ အဲသဟာနှင့် မိုးလင်းသွားတော့ ဃနင်က ခါတိုင်းလိုပဲ စားစရာ သောက်စရာ ဝယ်ဖို့ ဈေးတန်းဘက်ကို လျှောက်သွားပါသတဲ့။ ဃနင်ကလည်း ခါတိုင်းလိုပဲ စုံနေအောင် ဝယ်ပြီးမှ ပြန်လာပါသတဲ့။ သည်တော့ လုံမက ငိုနေသဟာ တွေ့ပါသတဲ့။ သဟာပေမင့် လုံမက ဃနင်ကို မြင်လိုက်တော့ မျက်ရည်ဆည်ပြီး မငိုချင်ယောင် ဆောင်နေပါသတဲ့။ ဃနင်ကို မြင် လိုက်တော့ လုံမက မျက်ရည်သုတ်ပြီး 'သင် ဈေးတန်းသွားသဟာကလည်း ကြာလိုက် သဟာ။ ငါဖြင့် တစ်နှစ်လောက်တောင် ကြာသည် ထင်သဟာပဲ။ သင့်ကိုချစ်လို့ ငါ့ အကြောင်းကို အကုန်လုံး ပြောပြီးပြီ။ သဟာတွေကို ဘာမှ မတွေးနှင့်တော့။ ငါ့ကို သင် သဘောရှိသလိုသာ ချစ်ပါတော့' လို့ ချစ်စရာကလေး ပြောပါသတဲ့။ သည်တော့ ဃနင်က 'အမယ်လေး ရာဇဝတ်အိုး တုတ်မထိုးဝံ့ပါဘူး၊ ခြသေ့်နေရာ ခွေးတက် နေလို့လည်း မတော်ပါဘူး။ အရှင့် ဘဏ္ဍာတော်ကိုလည်း ကျွန် မကျူးကျော် ကောင်း ပါဘူး' လို့ ပြောပြီး ချောင်ထဲမှာ သွားထိုင်နေပါသတဲ့။

အဲသည်လို ဃနင် ရှောင်သွားတော့ လုံမက နေမထိ ထိုင်မထိ ဖြစ်ပြီး ဃနင် ရှိရာကိုလိုက်ပြီး အတင်း ပလူးပလဲ လုပ်ပါသတဲ့။ အဲသည်အခါမှာ သေရည်ကလည်း ယစ်ပြန်တော့ လုံမဟာ သူ့အရှက်ကို သူ ထိန်းချင်သည့် စိတ်တောင် မရှိတော့ပါဘူးတဲ့။ အဲသဟာနှင့် လုံမက 'သည်လို ရှက်သဟာ ကြောက်သဟာတွေ ရှိနေသမျှတော့ ချစ်သူတို့ရဲ့ အသည်းဟာ ထက်ခြမ်းကွဲသွားမှာပဲ။ အို... ငါ့အပြစ် မရှိဘဲနှင့် ရှောင်ဖယ် နေသူရဲ့၊ တောထဲက သမင်ကလေးတွေတောင် သင်ပေးရင် ယဉ်နိုင်သေးသည် မဟုတ် လား။ ချစ်သူကလေးများဟာ သူတို့ချစ်သူနှင့် ခွဲနေရမည်၊ သူတို့ချစ်သူက သုန်မှုန် နေမည်၊ သူတို့ချစ်သူက ရန်လုပ်နေမည် ဆိုလျှင် အဲသည် ဆင်းရဲခြင်းဒုက္ခကို ဘယ်မှာ ခံနိုင်ရှာကြပါမလဲ' လို့ သီချင်းဆိုပါသတဲ့။

သည်တော့ ဃနင်က ငိုပါသတဲ့။ ဃနင် ငိုတော့ လုံမကလည်း ရောပြီး ငိုပါ သတဲ့။ ပြီးတော့ နှစ်ယောက်သား သေရည် ဆက်ပြီး သောက်ကြပြန်ပါသတဲ့။ အဲသဟာ နှင့်ပဲ ညဉ့်နက်သွားတော့ ဃနင်က တစ်ယောက်တခြားစီ အိပ်ဖို့ အိပ်ရာနှစ်ခု ပြင်ပါသတဲ့။ သည်တော့ လုံမက 'သည်အိပ်ရာ ဘယ်သူ့ဖို့လဲ' လို့ ဃနင်ကို မေးပါသတဲ့။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



ဃနင်က 'တစ်ခုက ငါ့ဖို့၊ တစ်ခုက သင့်ဖို့ပေါ့။ သည်ညကစပြီး သင်နှင့်ငါနှင့် တစ်အိပ်ရာတည်း မအိပ်တော့ဘူး။ အရှင် ပိုင်သဟာ ကျွန်နှင့် မဆိုင်ဘူး' လို့ ဆိုပါသတဲ့။ သည်တော့ လုံမက 'သဟာတွေ လုပ်မနေစမ်းပါနှင့် မယ့်သခင်ရယ်၊ ဒွန္နယာကြီးမှာ ကံကြမ္မာ ဖန်တီးသလို အကုန်ဖြစ်ကြရ သဟာပါ' လို့ ပြောပါသတဲ့။ သဟာပေမင့် ဃနင်က 'ဟင့်အင်း . . . မဖြစ်နိုင်ပါဘူး' လို့ ဆိုပါသတဲ့။ သည်တော့ လုံမရဲ့ ရင်ထဲက အချစ်မီးဟာ ပိုတောက်လာသဟာနှင့် ဃနင်ကို အတင်းဖက်ထားပြီး 'ဟင့်အင်း . . . တခြားစီ မအိပ်ဘူး၊ အတူတူ အိပ်မယ်' လို့ ဆိုပါသတဲ့။ သဟာပေမင့် ဃနင်က အတူတူ မအိပ်ဘဲနှင့် သူ့ဟာသူ တခြား ခွဲအိပ်ပါသတဲ့။ သည်လို ဃနင်က ရှောင်လေ၊ လုံမက အချစ်တွေ ပိုပိုလာပြီး မခံနိုင်အောင် ဖြစ်လာသဟာပါပဲတဲ့။

သည်လိုနှင့်ချည်း တစ်ယောက်တခြားစီ အိပ်နေကြသဟာ သုံးလလုံးလုံး ကြာသွားပါသတဲ့။ အဲသည် သုံးလအတွင်းမှာ လုံမက ဃနင်ကို စ ပေမင့် ဃနင်က 'အရှင် ပိုင်သဟာ ကျွန်နှင့် မဆိုင်ဘူး' ဆိုပြီး လုံမကို အနားကပ်မခံပါဘူးတဲ့။

ဃနင်နှင့် လုံမတို့ အဲသည်လို ဖြစ်နေကြတုန်းမှာ မိဖုရားကြီး ဇူဗေဒါက ကွတ်တယ်ကုလွတ်ကို အိပ်ဆေး ခတ်လိုက်တဲ့အတွက် "မင်းတရားကြီး ပြန်လာလျှင် ငါ ဘယ်လိုပြောရပါ့" ဆိုပြီး စိတ်ပူနေပါသတဲ့။ အဲသဟာနှင့် နန်းတွင်းသူ အမယ်ကြီး တစ်ယောက်ကို ခေါ်ပြီး ကွတ်တယ်ကုလွတ် သေသွားသဟာကို ရှင်ဘုရင် ပြန်လာလျှင် ဘယ်လိုကြံပြီး ပြောရမည်လဲလို့ မေးပါသတဲ့။ သည်တော့ နန်းတွင်းသူအမယ်ကြီးက 'မှန်လှပါ၊ မင်းတရားကြီးလည်း ပြန်လာချိန်လည်း နီးပါပြီ။ သည်တော့ ပန်းပုသမား တစ်ယောက်ကို အမြန်ခေါ်ပြီး ကွတ်တယ်ကုလွတ်ရဲ့ ပုံတူ အမြန်လုပ်ခိုင်းပါ။ ပြီးတော့ နန်းတော်တွင်းမှာပဲ အဲဒီပုံတူ မြှုပ်ပါ။ ပြီးတော့ အပေါ်က ဂူတည်ပြီး မီးရှူးတိုင်တွေ ထွန်းထားပါ။ ပြီးတော့ နန်းတော်သူ နန်းတော်သားတွေကိုလည်း ဝမ်းနည်းသည့် အထိမ်းအမှတ်နှင့် အဝတ်မည်းများကို ဝတ်ခိုင်းပါ။ ပြီးတော့ နန်းတော်ထဲမှာလည်း ကောက်ရိုးများ ဖြန့်ကြဲထားခိုင်းပါ။ ပြီးတော့ မင်းတရားကြီး ပြန်လာလို့ ဘာဖြစ်သဟာလဲလို့ မေးလျှင် ကွတ်တယ်ကုလွတ် သေလို့ဆိုသည့် အကြောင်းကို ပြောကြပါစေ။ သည်တော့ မိဖုရားခေါင်ကြီးကလည်း ကွတ်တယ်ကုလွတ်ကို မြတ်နိုးသည့်အတွက် သူ့နန်းတော်ထဲမှာပဲ သင်္ဂြိုဟ်ထားသည် ဆိုသဟာကို မင်းတရားကြီး သိသွားပါလိမ့်မည်။ သည်အခါမှာ မင်းတရားကြီးလည်း ပူဆွေးပြီး ငိုကြွေးပါလိမ့်မည်။ ပြီးတော့ မင်းတရားကြီးဟာ ဂူနားမှာပဲ နေ့ရောညပါ နေပါလိမ့်မည်။ တကယ်လို့ လွမ်းဆွတ်သည့်ဒဏ်ကို မခံနိုင်လို့ မင်းတရားကြီးက ဂူဖွင့်ကြည့်ချင်သည်လို့ ဆိုလျှင်လည်း ပူစရာ မရှိပါ။ ဂူကိုဖွင့်ပြီး အလောင်းပုံ ပေါ်လာသည့်အခါ ကျပ်စည်းထားသည်ကို တွေ့ပါလိမ့်မည်။ သည်အခါမှာ ကျပ်စည်းထားသဟာကို ဖြေကြည့်ချင်သည်လို့ဆိုလျှင် သည်အလုပ်ဟာ အလာဟုအရှင်





ကြိုက်သည့် အလုပ် မဟုတ်ပါဘူးလို့ လျှောက်နိုင်ပါသည်။ သည်ခါမှာ မင်းတရားကြီးလည်း သည်းခံတော်မူပြီး ကွတ်တယ်ကုလွတ်ဟာ တကယ်သေသည်ပဲ အောက်မေ့သွားပါလိမ့်မည်။ သည်အခါမှာ ထိပ်ထားသခင်မလည်း အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် အခုလို ပူပန်နေရသဟာတွေ ပျောက်သွားပါလိမ့်မည်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် မိဖုရားကြီးကလည်း နန်းတော်သူ အမယ်ကြီး အကြံပေးသည့်အတိုင်း အကုန်လုပ်ပြီး၊ ကွတ်တယ်ကုလွတ် သေပြီဆိုသည့် အကြောင်းကို သတင်းလွှင့်ထားပါသတဲ့။ နောက် ရှင်ဘုရင် ပြန်လာတော့ နန်းတော်သူ နန်းတော်သားတွေ အဝတ်မည်းတွေ ဝတ်ဆင်ထားသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် အကျိုးအကြောင်း မေးကြည့်တော့ ကွတ်တယ်ကုလွတ် သေလို့ ဆိုသဟာကို သိရပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်လည်း ရှိုက်ကြီးတငင် ငိုပါသတဲ့။ အဲသည်လိုနှင့်ပဲ ရှင်ဘုရင်က ယုံလိုက်တစ်ချက်၊ မယုံလိုက်တစ်ချက် ဖြစ်နေပါသတဲ့။ နောက်ဆုံးကျတော့ သူ့စိတ်ထဲက မသင်္ကာသဟာနှင့် ဂူကို အဖွင့်ခိုင်းပြီး ကြည့်ပါသတဲ့။ ဂူကို ဖွင့်လိုက်လို့ ကျပ်စည်းထားသည့် အလောင်းပုံတွေ့တော့ ရှင်ဘုရင်က ကျပ်စည်းထားသဟာကို အဖြေခိုင်းပါသတဲ့။ သည်တော့ ဇူဗေဒါမိဖုရားနှင့် ကြံရာပါ နန်းတော်သူ အမယ်ကြီးက 'သည်းခံတော်မူပါဘုရား၊ အလာဟုအရှင် ကြိုက်သည့်အလုပ် မဟုတ်ပါဘူး ဘုရား' လို့ ပြောပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်လည်း ကျပ်စည်းထားသဟာကို ဖြေမကြည့်တော့ဘဲ အလောင်းကို ဂူထဲ ပြန်အသွင်း ခိုင်းလိုက်ပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ဟာလည်း ကွတ်တယ်ကုလွတ်ကို အောက်မေ့ လွမ်းဆွတ်တော်မူသဟာနှင့် တမှိုင်မှိုင် တတွေတွေ နေပါသတဲ့။ အဲသဟာနှင့် တစ်လလောက် ကြာတော့ စက်တော်ခေါ်နေရင်း ခေါင်းရင်းဘက်က ယပ်ခတ်ပေးနေသည့် ကျွန်မငယ်နှင့် ခြေရင်းဘက်က သလုံးနှိပ်ပေးနေသည့် ကျွန်မငယ် နှစ်ယောက် စကားပြောနေကြသဟာကို ရှင်ဘုရင်က ကြားပါသတဲ့။

ခေါင်းရင်းဘက်က ကျွန်မငယ်က ခြေရင်းဘက်က ကျွန်မငယ်ကို 'ဟေ့ ကောင်မရေ . . . တို့ မိဖုရားကြီးဟာ လုပ်ပုံကတော့ အတော် အကြံပိုင်သဟာပဲ အေ့' လို့ ပြောပါသတဲ့။ သည်တော့ ခြေရင်းဘက်က ကျွန်မငယ်ငယ်က 'ဘယ်လိုလဲအေ့၊ တို့မိဖုရားကြီးက ဘယ်လို အကြံပိုင်သဟာလဲ၊ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ ခေါင်းရင်းက ကျွန်မငယ်က 'ညည်းကလည်း မသိဘူးလားအေ့၊ တို့မင်းတရားကြီးဟာ ကွတ်တယ်ကုလွတ် ထိပ်တင်မရဲ့ ဂူနားသွား သွားပြီး မှိုင်မှိုင်နေသဟာအေ့။ ဂူထဲမှာ ဘာမှရှိသဟာ မဟုတ်ဘူးအေ့။ သစ်သားရုပ်ကြီးကို လူသေကောင်လုပ်ပြီး ထည့်ထားသဟာ' လို့ ပြောပါသတဲ့။ သည်တော့ ခြေရင်းက ကျွန်မငယ်က 'အနို့ ကွတ်တယ်ကုလွတ် ထိပ်တင်မဟာ သေသဟာ မဟုတ်ဘူးပေါ့အေ့၊ အမှန်က ဘယ်လိုဖြစ်သဟာလဲ အေ့၊ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ခေါင်းရင်းက ကျွန်မငယ်က ကွတ်တယ်ကုလွတ်ကို ဓူဗေဒါ မိဖုရားက အိပ်ဆေးခတ်ပြီး သချိုင်းကို သွားမြှုပ်ခိုင်းသဟာက စပြီး ဃနင့်အိမ်မှာ ကွတ်တယ်ကုလွတ် ရောက်နေသည့် အကြောင်းထိအောင် အကုန်လုံး ပြောပြပါသတဲ့။ အဲသလို ပြောသဟာတွေကို ရှင်ဘုရင်ကလည်း အိပ်မပျော်သဟာနှင့် အကုန်ကြားပါသတဲ့။ သည်တော့ ရှင်ဘုရင်က အမျက်ထွက်ပြီး နန်းရင်းဝန်ကြီးကို ခေါ်ပြီး 'ပါးကွက်အာဏာသားတွေနှင့် ဃနင့်အိမ်ကို သွားဝိုင်းပြီး ဃနင့်ကို ဖမ်းခဲ့ရမည်။ သူပိုင် အိုးအိမ်ပစ္စည်းတွေကိုလည်း ဖျက်ဆီးပစ်ရမည်' လို့ အမိန့်ထုတ်ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးကလည်း ဘုရင့်အမိန့်အတိုင်း ဃနင့်အိမ်ကို လက်နက်ကိုင် ပါးကွက်အာဏာသားတွေနှင့် သွားဝိုင်းပါသတဲ့။

ဤသည်အချိန်မှာ ဃနင်ကလည်း ဈေးတန်းထဲမှာ စားစရာ သောက်စရာ





တွေ ဝယ်ခြမ်းပြန်လာလို့ ရောက်ခါစ ရှိပါသေးသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ပြတင်းပေါက်က အပြင်ကို လှမ်းကြည့်လိုက်တော့ ပါးကွက်အာဏာသားတွေ အိမ်ကို ဝိုင်းထားသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် တစ်ခါတော့ ခက်ကြပြီ ဆိုပြီး ကွတ်တယ်ကုလွတ်က 'အို . . . ဃနင်၊ သင် တစ်ခါတည်း ကိုယ်လွတ် ပြေးပေတော့' လို့ ဆိုပါသတဲ့။ သည်တော့ ဃနင်က 'အခုမှတော့ ဘယ့်နှယ်ပြေးဖြစ်တော့မလဲ၊ ကြံစမ်းပါဦး အချစ်ရဲ့' လို့ ပြောပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က 'အို . . . မပူပါနှင့်' ဆိုပြီး ဃနင် ဝတ်ထားသည့် အဝတ်များကို ချွတ်ပြီး အဝတ်စုတ် အဝတ်ဟောင်းတွေကို အဝတ်ခိုင်းပါသတဲ့။ ပြီးတော့ ဗန်းကလေးတစ်ခုထဲမှာ ထမင်းကျန် ဟင်းကျန်တွေကို ထည့်ပြီး ခေါင်းပေါ်မှာ အရွက်ခိုင်းပါသတဲ့။ ပြီးတော့ 'ကိုင်း . . . ဃနင်၊ သည်အတိုင်း ပြောင်ဆင်းပြီး လူတွေကြားထဲက ထွက်သွားပေတော့' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ဃနင်လည်း ဆင်းရဲသားယောင်ဆောင်ပြီး ထွက်သွားပါသတဲ့။

ပြီးတော့ နန်းရင်းဝန်ကြီးနှင့် ပါးကွက်အာဏာသားတွေက ဃနင့်အိမ်ပေါ် တက်လာကြပါသတဲ့။ သည်အခါမှာ ကွတ်တယ်ကုလွတ်က ကြော့နေအောင် ဝတ်စားဆင်ယင်ထားပါသတဲ့။ နန်းရင်းဝန်ကြီး အိမ်ပေါ်ရောက်လာတော့ ကွတ်တယ်ကုလွတ်က နှုတ်ဆက်ပြီး 'ဒွန္နယာကြီးဟာ အလာဟုအရှင် စီစဉ် သတ်မှတ်တော်မူသည့်အတိုင်း ဖြစ်ရသဟာပါပဲ' လို့ ဆိုသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက သူ့မှာ ဘုရင့်အမိန့်တော်နှင့် ဃနင့်ကို ဖမ်းဖို့ လာရပါသည်လို့ ပြောပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က 'သြော် . . . ဃနင်ဟာ သူ့ပစ္စည်းတွေကို ထုပ်ပိုးထားခဲ့ပြီး ဒမတ်စကမြို့ကို ထွက်သွားပါသည်။ သည်သေတ္တာများကို နန်းတော်သို့ ထိပ်ထားအတွက် ဆောင်ကြဉ်းသွားလိုပါသည်' လို့ နန်းရင်းဝန်ကြီးကို ပြောပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက အမိန့်တော်အတိုင်းပါ ဆိုပြီး သေတ္တာများကို ပါးကွက်အာဏာသားများကို ဆောင်ကြဉ်းသွားခိုင်းပါသတဲ့။ ပြီးတော့ ကွတ်တယ်ကုလွတ်ကိုလည်း ရိုရိုသေသေ စောင့်ရှောက်ပြီး နန်းတော်ကို ခေါ်သွားရမည်လို့ မှာလိုက်ပါသတဲ့။ သည်တော့ ပါးကွက်အာဏာသားတွေက အမိန့်အတိုင်းပါလို့ ဆိုပြီး ဃနင်ရဲ့အိမ်ကို ဖျက်ဆီးပစ်ခဲ့ကြပြီး ကွတ်တယ်ကုလွတ်နှင့် ပစ္စည်းများကို နန်းတော်ကို ဆောင်သွားကြပါသတဲ့။

နန်းရင်းဝန်ကြီးက ဘုရင့်ရှေ့တော်ကို ရောက်သွားပြီး အကျိုးအကြောင်းကို သံတော်ဦးတင်ပါသတဲ့။ သည်တော့ ဘုရင်က ဃနင်ကို ဖမ်းဖို့ရာ ဒမတ်စက မြို့ဝန်ကို အမိန့်ထုတ်လိုက်ပါသတဲ့။ သည်တော့ မြို့ဝန်က ဃနင့်အိမ်က ပစ္စည်းများကို ယူချင်သည့်သူများ သဘောရှိ သွားပြီး ယူနိုင်သည်လို့ အမိန့်ထုတ်လိုက်ပြီး ဃနင်ရဲ့ အမေနှင့် နှမအိမ်ကိုသွားပြီး ဝိုင်းပါသတဲ့။ ဃနင်ရဲ့ အမေနှင့် နှမကလည်း ဃနင် သေပြီဆိုပြီး အိမ်မှာ အထိမ်းအမှတ် ဂူတည်ထားပြီး ငိုယိုနေကြပါသတဲ့။ အဲသဟာနှင့် မြို့ဝန်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အာဇာနာသားတွေက ဃနင်ရဲ့ အမေနှင့် နှမကို တစ်ခါတည်း ဖမ်းပြီး မြို့ဝန်ဆီကို ခေါ်သွားကြပါသတဲ့။ မြို့ဝန်ဆီကို ရောက်တော့ မြို့ဝန်က ဃနင့်အကြောင်းကို မေးပါသတဲ့။ သည်တော့ ဃနင်ရဲ့ အမေနှင့်နှမက ဃနင့် အကြောင်းကို သတင်းမရသဟာ တစ်နှစ်လောက် ရှိပါပြီလို့ ပြောပါသတဲ့။ အဲသဟာနှင့် မြို့ဝန်က သူတို့ကို ပြန်လွှတ်လိုက်ပါသတဲ့။ သည်အကြောင်းကို သည်တွင်ထားပြီး ဃနင်အကြောင်းကို ပြောပါဦးမည်။ ဃနင်က သူ့မှာ ရှိသမျှ ပစ္စည်းတွေလည်း ကုန်၊ နေစရာထိုင်စရာလည်း မရှိတော့ ငိုယိုနေပါသတဲ့။ အဲသဟာနှင့် ဃနင်ဟာ ခြေဦးတည့်ရာ လျှောက်သွားရင်း နောက်ဆုံးတော့ နေစရာလည်း မရှိ၊ စားစရာလည်း မရှိ၊ မောကလည်း မောသဟာနှင့် ရွာတစ်ရွာက ဇလီမှာ ဝင်ပြီး ထရံကိုမှီပြီး ဖျာကလေးတစ်ချပ်ပေါ်မှာ ထိုင်နေပါသတဲ့။ အဲသဟာနှင့် အမောဆို့ပြီး လဲကျသွားပါသတဲ့။ တစ်ညလုံး အစားလည်း မစားရသဟာနှင့် မေ့မြောပြီး သွားပါသတဲ့။ အရုဏ်တက်လို့ ဘုရားရှိခိုးသည့် လူတွေ လာကြတော့ ဃနင်ဟာ လဲလျက်ကြီး ဖြစ်နေပါသတဲ့။ အဲသဟာနှင့် ဘုရားရှိခိုးပြီးတော့ လူတွေက ဃနင့်ဆီကို လာပြီး ဘယ်အရပ်ကလဲ၊ ဘယ်လို ဖြစ်လာသလဲလို့ မေးကြပါသတဲ့။ သည်တော့ ဃနင်က စကားပြန် မပေးဘဲ ငိုသာငိုသဟာပါပဲတဲ့။ အဲသဟာနှင့် လူတစ်ယောက်က သနားပြီး သူ့အဝတ်ဟောင်းများကို ဃနင်ဝတ်ဖို့ ထုတ်ပေးပါသတဲ့။ ပြီးတော့ တခြား လူတစ်ယောက်ကတော့ ဃနင်ကို မုန့်ပေးပါသတဲ့။ မိုးလင်းတော့ ဘုရားရှိခိုးလာသည့် လူတွေလည်း သူတို့အလုပ်ကို သူတို့ သွားကြပါရောတဲ့။

အဲ့သည်လိုနှင့်ပဲ ဃနင်ဟာ ဇလီထဲမှာ တစ်လလောက် ကြာသွားပါသတဲ့။ အရပ်ထဲက လူတွေကလည်း သူ့ကို သနားကြသဟာနှင့် ငိုသည့်လူက ငိုကြပါသတဲ့။ တစ်နေ့တော့ အရပ်သားတွေက ဃနင်ကို ဗဂ္ဂဒက်မြို့ ဆေးရုံကို ပို့ပေးဖို့ စီမံကြပါသတဲ့။

အဲသည် အတောအတွင်းမှာပဲ ဃနင် နေသည့် ဇလီကို သူတောင်းစားမ နှစ်ယောက် ရောက်လာကြပါသတဲ့။ သည် သူတောင်းစားမ နှစ်ယောက်က တခြား မဟုတ်ပါဘူးတဲ့။ ဃနင်ရဲ့ အမေနှင့် ဃနင်ရဲ့ နှမပါတဲ့။ သူတို့နှစ်ယောက်ဟာ ဃနင် နေသည့် အနားမှာပဲ လာပြီး တည်းကြပါသတဲ့။ ဃနင်ကလည်း သူ့မှာရှိသည့် အစာကို သူတောင်းစားမ နှစ်ယောက်ကို ခွဲပြီး ပေးပါသတဲ့။ သဟာပေမင့် အဲသည် သူတောင်းစားမ နှစ်ယောက်ဟာ သူ့အမေနှင့် သူ့နှမ ဆိုသဟာကို မသိပါဘူးတဲ့။ သူ့အမေနှင့် သူ့နှမကလည်း ဃနင်ကို မမှတ်မိကြပါဘူးတဲ့။ အဲသည် ညကလည်း ဃနင်ရဲ့ အမေနှင့် နှမဟာ ဃနင့်အနားမှာပဲ အိပ်ကြပါသတဲ့။ မနက်မိုးလင်းတော့ အရပ်သားတွေက မြည်းသမားတစ်ယောက်ကို ငှားလာပြီး ဃနင်ကို ဗဂ္ဂဒက်မြို့ ဆေးရုံကိုပို့ဖို့ လုပ်ကြပါသတဲ့။ ပြီးတော့ ဃနင်ကို အိပ်ပျော်နေတုန်းမှာ ပွေ့လာပြီး မြည်းပေါ်မှာ ကြိုးနှင့် ချည်ထားပြီး တင်ကြပါသတဲ့။





ပြီးတော့ အရပ်သားတွေက ဃနင်ကို မြည်းပေါ်မှာ တင်သဟာကို ဝိုင်းကြည့်နေပါသတဲ့။ သည်အထဲမှာ ဃနင်ရဲ့ အမေနှင့် နှမလည်း ပါပါသတဲ့။ အဲသဟာနှင့် သူတို့က သည်လူ့နှယ် ... ဃနင်နှင့် တူလိုက်သဟာလို့ အောက်မေ့ကြပါသတဲ့။ အဲသည်အခါ ဃနင်ကလည်း အိပ်ရာက နိုးလာလို့ သူ့ကို ကြိုးတွေနှင့် ချည်ထားသဟာကို တွေ့တော့ ငိုပါသတဲ့။ သည်တော့ သူ့အမေနှင့် နှမကလည်း ငိုကြပါသတဲ့။ ပြီးတော့ မြည်းသမားက ဃနင်ကို ဗဂ္ဂဒက်မြို့ ချထားပစ်ခဲ့ပြီး ပြန်သွားပါသတဲ့။ မိုးလင်းလို့ ဗဂ္ဂဒက်မြို့သားတွေက ဃနင်ကို မြင်ကြတော့ ဝိုင်းပြီး ကြည့်ကြပါသတဲ့။ သည် အတော အတွင်းမှာ ဈေးခေါင်း ရောက်လာတော့ ဈေးခေါင်းက ဃနင်ကိုကြည့်ပြီး 'ငါတော့ ကုသိုလ်ရအောင် လုပ်လိုက်ဦးမှပဲ၊ သည်လူမမာကို ငါ့အိမ်ခေါ်ပြီး ဆေးကုပေးမည်၊ ဆေးရုံကို ပို့လိုက်လျှင် သူ့ကို နေ့ချင်း သတ်ပစ်လိုက်ကြမှာပဲ' လို့ ပြောပြီး ဃနင်ကို သူ့တပည့်တပန်းတွေနှင့် ပွေ့ပြီး သူ့အိမ်ကို ယူသွားပါသတဲ့။

သူ့အိမ်ရောက်သွားတော့ ဈေးခေါင်းက သူ့ဇနီးကို 'ဟေ့ ... သည်လူကို ဂရုစိုက်ပြီး ပြုစုပါကွယ်' လို့ ပြောပါသတဲ့။ သည်တော့ ဈေးခေါင်းရဲ့မိန်းမက 'စိတ်ချပါရှင်၊ ပြုစုပါမည်' လို့ ပြောပါသတဲ့။ ပြီးတော့ ဈေးခေါင်းမိန်းမက ရေနွေးအတည်ခိုင်းပြီး ဃနင်ရဲ့ တစ်ကိုယ်လုံးကို လက်တွေ ခြေတွေပါ မကျန်အောင် ရေနွေးနှင့် ဆေးကြောပေးပါသတဲ့။ ပြီးတော့ သူ့ကျွန်မတစ်ယောက်ရဲ့ ဝတ်လုံနှင့် ထွေးပေးပြီး နှင်းရည် ဖျန်းပေးပါသတဲ့။ ပြီးတော့မှ ဃနင်ဖို့ အိပ်ရာသစ်၊ ခေါင်းအုံးသစ်များ ထုတ်ပေးပြီး အအိပ်ခိုင်းပါ သတဲ့။ အဲသဟာနှင့် ဃနင်ဟာလည်း နေထိုင်ကောင်းလာပါသတဲ့။

ပြီးတော့ သူချစ်သည့် ကွတ်တယ်ကုလွတ်ကို အောက်မေ့သဟာနှင့် ဃနင်ဟာ အဆွေးကြီး ဆွေးနေပါသတဲ့။ ဃနင့်အကြောင်းကို သည်လောက်ပဲ ပြောပြီး ကွတ်တယ်ကုလွတ် အကြောင်းကို ပြောပါဦးမည်။ အဲသဟာနှင့် ဘုရင်မင်းမြတ်ကလည်း ကွတ်တယ်ကုလွတ်ကို အမျက်တော်ထွက်ပြီး အလင်းရောင်မရသည့် တိုက်ခန်းထဲမှာ ရှစ်ရက်ထည့်ပြီး ထားပါသတဲ့။ ရှစ်ရက်လွန်သွားသည့် နေ့ကျတော့ ဘုရင်မင်းမြတ်က ကွတ်တယ်ကုလွတ် ထားသည့် တိုက်ခန်းနားကို ဘုရင်မင်းမြတ် ရောက်လာပါသတဲ့။ အဲသည်အခါမှာ ကွတ်တယ်ကုလွတ်ကလည်း ဃနင်ကို အောက်မေ့သဟာနှင့် သီချင်းဆိုနေပါသတဲ့။ ပြီးတော့ 'ဩော် ... မယ့်အချစ် ဃနင် ... ဃနင်၊ ဒွန္နယာမှာ သင်လို စိတ်ကောင်းရှိသည့်သူ၊ သင်လို သဘောဖြူသည့်သူဟာ ရှာမှ ရှားပါသည်။ သင်ဟာ သင့်ကို မကောင်းလုပ်သည့် သူ အပေါ်မှာလည်း ကောင်းသဟာပဲ လုပ်သည်။ သင့်ကို ဂုဏ်ပျက်အောင် လုပ်သည့်သူရဲ့ ဂုဏ်ကိုလည်း သင်က စောင့်ရှောက်ပေးသည်။ သင့်ကို ရော သင့် ချစ်သူကိုပါ အကျဉ်းချထားသူရဲ့ မောင်းမဆောင်ကိုလည်း ဂုဏ်မပျက်အောင် သင်က ကာကွယ်ပေးသည်။ သဟာပေမင့် ကိစ္စမရှိပါဘူး၊ တစ်နေ့ကျတော့ သင်ရော



www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးရော အလာဟုအရှင်ရဲ့ ရှေ့တော်မှောက်မှာ အစစ်ခံကြရဦးမှာပဲ။ သည်တော့ နတ်သမီး နတ်သားတွေကို သက်သေထားပြီး သင်က မှန်သည့်အတိုင်း အစစ်ခံနိုင်ပါလိမ့်မည်’ လို့ တတွတ်တွတ် ပြောနေပါသတဲ့။ အဲသည်လို ကွတ်တယ်ကုလွတ် ပြောနေသဟာတွေကို ဘုရင်မင်းမြတ်က ကြားသွားတော့ ဘုရင်မင်းမြတ်က ကွတ်တယ်ကုလွတ်ကို သူ အကျဉ်းချထားသဟာတော့ မှားပြီဆိုသဟာကို သိပါသတဲ့။ အဲသဟာနှင့် အနောက်ဆောင်မှူး သင်းကွပ် မတ်စဋ္ဌူးကို အခေါ်ခိုင်းတော်မူပါသတဲ့။ မတ်စဋ္ဌူးရောက်လာတော့ ‘ဟဲ့ . . . မတ်စဋ္ဌူး၊ နင် အခုချက်ချင်း ကွတ်တယ်ကုလွတ်ကို ခေါ်ပြီး ရှေ့တော်သွင်းခဲ့ရမည်’ လို့ အမိန့်တော် မှတ်ပါသတဲ့။ အဲသဟာနှင့် မတ်စဋ္ဌူးက ကွတ်တယ်ကုလွတ်ကို အမြန်သွားခေါ်ပြီး ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ကို သွင်းသွားပါသတဲ့။ သည့်အခါမှာ ကွတ်တယ်ကုလွတ်ရဲ့ မျက်စိထဲမှာ မျက်ရည်တွေ အိုင်ထွန်းပြီး သူ့ရဲ့ ရင်ထဲမှာလည်း အပူမီးတွေ တောက်လောင်နေပါသတဲ့။

သည်တော့ ဘုရင်မင်းမြတ်က ‘သည်မှာကြည့်စမ်း ကွတ်တယ်ကုလွတ်၊ သင်က ငါ့ကို တရားနှင့်အညီ မပြုဘူး၊ နှိပ်စက်ကလူ ပြုသည်လို့ ဆိုသည်။ ပြီးတော့ ငါ့အပေါ် အကောင်းပြုသည်ကိုလည်း ငါက မကောင်းလုပ်သည်လို့လည်း ဆိုသည်။ ပြီးတော့ ငါ့ဂုဏ်ကို စောင့်ရှောက်သည့် လူ့ရဲ့ ဂုဏ်ကိုလည်း ငါက ဖျက်သည်လို့လည်း သင်ဆိုသည်။ ကိုင်း . . . လျှောက်စမ်းပါဦး၊ ငါက ဘယ်သူ့ ဂုဏ်ကို ဖျက်ပြီး ဘယ်သူက ငါ့ဂုဏ်ကို စောင့်ရှောက်သလဲ’ လို့ ကွတ်တယ်ကုလွတ်ကို မေးတော်မူပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ‘အဲသည်သူဟာ တခြားမဟုတ်ပါဘူး၊ အေးယုတ်ရဲ့သား ဃနင်ပါပဲ။ အို . . . သာသနာ့ ဒါယကာ မင်းကြီး၊ ငါ ကျိန်ရဲပါသည်။ ဃနင်သည် ပက်စက်သည့်အကြံ၊ ဖောက်ပြန်သည့် စိတ်နှင့် ငါ့အနားသို့ တစ်ခါဖူးမျှ မချဉ်းဖူးပါဘူး’ လို့ လျှောက်ထားပါသတဲ့။

သည်တော့ မင်းကြီးက ‘အို . . . ကွတ်တယ်ကုလွတ်၊ ဒွန္နယာမှာ အလာဟု အရှင်မှတစ်ပါး ဘုန်းကြီးသူ၊ မြင့်မြတ်သူ မရှိ။ သင်သည် ငါ့ထံ၌ လိုရာဆုကို တောင်းလော့’ လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ‘အို . . . သာသနာ့ဒါယကာ မင်းမြတ်၊ အေးယုတ်ရဲ့သား ငါချစ်သည့် ဃနင်ကိုသာ ငါ့အား ပေးတော်မူပါလော့။ အခြား ဘာကိုမျှ ငါ အလိုမရှိပါ’ လို့ လျှောက်ပါသတဲ့။

သည်တော့ မင်းကြီးက ‘သင့်အလိုအတိုင်း ပြည့်စေ’ လို့ ဆိုပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ‘အရှင်မင်းကြီး၊ အကယ် ငါသည် ဃနင်ကို ရှေ့တော်မှောက်သို့ ခေါ်လာပါလျှင် အရှင်မင်းကြီးသည် ဃနင်အား ငါ့ကို ပေးပါမည်လော’ လို့ မေးပါသတဲ့။ သည်တော့ တစ်ခါ မင်းကြီးက ‘ဃနင် ငါ့ရှေ့တော်သို့ ရောက်လာလျှင် သစ္စာစောင့်သော မင်းတို့သည် သစ္စာဖောက်ရိုး မရှိသည့်အတိုင်း သစ္စာစောင့်သော မင်း၏ ဆုတော်လာဘ်တော် အဖြစ်ဖြင့် ဃနင်ကို သင့်အား ပေးပါအံ့’ လို့ မိန့်ပါသတဲ့။





သည်တော့ ကွတ်တယ်ကုလွတ်က ‘သာသနာ့ဒါယကာ မင်းကြီး၊ ငါ့အား ဃနင်ကို ရှာခွင့်ပြုတော်မူပါလော့။ အလာဟု အရှင်သည် ငါ့အား ဃနင် ရှိရာကို ညွှန်ကြားတော်မူတန်ရာပါသည်’ လို့ လျှောက်ထားပြီး ရှေ့တော်မှ ခွာခဲ့ပါသတဲ့။

အဲသဟာနှင့် ကွတ်တယ်ကုလွတ်ဟာ ဝမ်းအသာကြီးသာပြီး၊ အသပြာတစ်ထောင် ယူပြီး အမြို့မြို့ အရွာရွာက ဇလီတွေမှာ သွားပြီး ဃနင်ရဲ့ကိုယ်စား အလှူပေးပါသတဲ့။ ပြီးတော့ တစ်ခါ ပွဲရုံသွားပြီး ပွဲရုံဥက္ကဋ္ဌဆီမှာ အသပြာအပ်ပြီး ဃနင်ရဲ့ကိုယ်စား ရပ်ဝေးသားများကို လှူပါလို့ ပြောသတဲ့။ ပြီးတော့တစ်ခါ ဈေးတန်းသွားပြီး ဈေးခေါင်းထံမှာ ရပ်ဝေးက လာသည့်သူများကို လှူပေးပါဆိုပြီး အသပြာတစ်ထောင် အပ်ပြန်ပါသတဲ့။ သည်တော့ ဈေးခေါင်းက ကွတ်တယ်ကုလွတ်ကို စေ့စေ့ပါအောင် ကြည့်ပြီး ‘အို . . . အမျိုးကောင်းသမီး၊ ငါ့အိမ်မှာ ရပ်ဝေးသား လုလင်ပျို တစ်ယောက် ရောက်နေသည်၊ သင် လိုက်ကြည့်ပါလား။ လူက လူချောပဲ၊ ကျက်သရေလည်း ရှိသည်’ လို့ ပြောပါသတဲ့။ သဟာပေမင့် သူကလည်း သူ့အိမ် ရောက်နေသည့် လုလင်ပျိုဟာ ဃနင်ပဲ ဆိုသဟာကိုတော့ မသိပါဘူးတဲ့။ သူ့စိတ်ထဲမှာ ဃနင်ဟာ ရွာစဉ် လျှောက်တောင်းစားနေသည့် သူတောင်းစားပဲလား၊ ကြွေးရှင်က ပစ္စည်းအသိမ်းခံရသည့် သူပဲလား၊ ချစ်သူနှင့် ကွဲလာသည့် အပူသည်ပဲလား ဆိုသဟာ မဝေခွဲနိုင်ပါဘူး တဲ့။

အဲသည်အကြောင်း ကြားလိုက်ရတော့ ကွတ်တယ်ကုလွတ် ရင်ထဲမှာ ဆို့ပြီး သွားပါသတဲ့။ ပြီးတော့ အဲသည် လုလင်ပျိုကိုလည်း သိပ်ပြီး တွေ့ချင်ဇော ဖြစ်လာပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က အဲသည် ဈေးခေါင်းကို ‘တစ်ဆိတ် လူတစ်ယောက်လွှတ်ပြီး လိုက်အပို့ခိုင်းပါလားရှင်’ လို့ ပြောပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်ကို သူ့အိမ် လိုက်ပြဖို့ လူငယ်တစ်ယောက်ကို ဈေးခေါင်းက ထည့်လိုက်ပါသတဲ့။ အိမ်ရောက်သွားတော့ အိမ်ရှင်မက ကွတ်တယ်ကုလွတ်ကို သိသဟာနှင့် လေးလေးစားစား ဆီးပြီး နှုတ်ဆက်ပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ‘သည်အိမ်မှာ တည်းနေသည်ဆိုသည့် ဧည့်သည်ဟာ ဘယ်မှာလဲ၊ တစ်ဆိတ် ပြပါ’ လို့ ပြောသတဲ့။ သည်တော့ အိမ်ရှင်မက ငိုပြီး ‘ရှိပါသည် မမ၊ သူ့ကို ကြည့်ရသဟာ ဆွေကောင်းမျိုးကောင်းထဲကနှင့် တူပါသည်။ ကိုယ်အမူအရာ နှုတ်အမူအရာကလည်း ယဉ်ကျေးလှပါသည်။ ဟောဟိုမှာ အိပ်နေပါသည်၊ ကြည့်ပါလား’ လို့ ပြောသတဲ့။

အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ဃနင်ဆီကို လှမ်းပြီး ကြည့်လိုက်ပါသတဲ့။ ဃနင်ကလည်း ဖျားပြီး ဝါးခြမ်းပြားကို ထောင်ထားသလိုပဲ ပိန်နေပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ဃနင်လို့လည်း ထင်ပါသတဲ့။ ကောင်းကောင်းတော့လည်း မမှတ်မိပါဘူးတဲ့။ သဟာပေမင့် လူမမာကို ကြည့်ရသဟာက သနားစရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသဟာနှင့် ကွတ်တယ်ကုလွတ်က "ဩော် သူဟာ မင်းသားပင် ဖြစ်တောင်မှပဲ သူ့စိတ်ကတော့ ချမ်းသာပုံ မရရှာဘူး" လို့ အောက်မေ့ပြီး ငိုပါသတဲ့။ ငိုမည့်သာ ငိုသဟာပါတဲ့။ တကယ်ဆိုတော့ လူမမာဟာ ဃနင် ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုသဟာကိုလည်း သေသေချာချာ သိသဟာ မဟုတ်ပါဘူး တဲ့။

ပြီးတော့ ကွတ်တယ်ကုလွတ်က လူမမာ ခေါင်းရင်းနားက ထိုင်ပြီး လူမမာ စားဖို့သောက်ဖို့ ဆေးတို့ သေရည်တို့ ပေးခဲ့ပြီး နန်းတော်ထဲ ပြန်လာခဲ့ပါသတဲ့။ နောက်နေ့ကျတော့ ကွတ်တယ်ကုလွတ်က သည်လိုပဲ ဈေးတန်းတွေကို လျှောက်ပြီး သူ့ချစ်သူကို ဆက်ကာဆက်ကာ ရှာပြန်သဟာပါပဲတဲ့။ အဲသဟာနှင့် တစ်နေ့တော့ ဃနင်ရဲ့အမေရယ်၊ ဃနင်ရဲ့နှမ ဖစ်တနာရယ်က ဗဂ္ဂဒက်မြို့ကို ရောက်လာကြပါသတဲ့။ သည်တော့ ဈေးခေါင်းက အဲသည် မိန်းမနှစ်ယောက်ကို ကွတ်တယ်ကုလွတ်ဆီကို ခေါ်သွားပြီး 'အို... အလှူမေ့ ရက်ရောသူတို့၏ သခင်မ၊ သည်မြို့ကို အဲသည်မိန်းမ သားအမိနှစ်ယောက် ရောက်လာပါသည်။ သူတို့ ကြည့်ရသဟာ အဝတ်အစား စုတ်ပြတ်ပေမင့် မျိုးကောင်းဆွေကောင်းထဲကနှင့် တူပါသည်။ သူတို့လည်ပင်းမှာလည်း လွယ်အိတ် တစ်လုံးစီ ဆွဲလျက် ပါပါသည်။ အပြောအဆို အနေအထိုင်လည်း ရည်ရည်မွန်မွန် ရှိပါသည်။ မျက်ရည်စက်လက်နှင့် သူတို့ ဝမ်းထဲက အပူမီးလည်း ကြီးပုံ ရပါသည်။ ဆင်းရဲသူ သားအမိနှစ်ဦးကို မမထံ ခေါ်လာသဟာကတော့ မမက သူတို့နှစ်ဦးကို သူတောင်းစားအဖြစ်မှ ကယ်တင်ဖို့အတွက် ဖြစ်ပါသည်။ သူတို့ဟာ သူတောင်းစား မျိုး ဟုတ်ပုံ မရပါဘူး။ သူတို့နှစ်ဦးကို ပေးလှူရသည့်အတွက် မမနှင့် ငါသည် အလာဟုအရှင်က အလိုတော် ကျခဲ့လျှင် ကောင်းကင်ဘုံကို ရောက်ကြဖို့ပါပဲ' လို့ ပြောပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က 'အမယ်လေး၊ သည်မိန်းမ နှစ်ယောက်ကို တွေ့ချင်လိုက်သဟာ၊ သွားခေါ်လိုက်စမ်းပါ၊ သွားခေါ်လိုက်စမ်းပါ' လို့ ပြောပြီး သူ့အထိန်း သင်းကွပ်ကို အခေါ်လွှတ်လိုက်ပါသတဲ့။

ဃနင်ရဲ့ အမေနှင့် ဃနင်ရဲ့နှမ ရောက်လာတော့ ကွတ်တယ်ကုလွတ်က ကြည့်ပြီး အင်မတန် ချောသဟာ၊ လှသဟာကို တွေ့သဟာနှင့် ဝမ်းနည်းပြီး 'သူတို့ဟာ ဆွေကောင်းမျိုးကောင်းထဲကပဲ၊ အလျင်ကဆိုလျှင် ပစ္စည်းဥစ္စာလည်း ရှိပုံရသည်' လို့ ဆိုပြီး ငိုပါသတဲ့။ သည်တော့ ဈေးခေါင်းကတော်က 'အို... မမ ငါတို့မှာ မရှိဆင်းရဲသည့် သူများကို ချစ်ပါသည်။ သူတို့ကို ချစ်ရသည့် အကျိုးဟာလည်း ကောင်းကင်ဘုံ ရောက်တော့ အထူး ခံစားရမှာမို့ပါ။ သူတို့ သားအမိနှစ်ယောက်ကို ကြည့်ရသဟာတော့ တစ်ယောက်ယောက်က သူတို့ ပစ္စည်းကို ယူပြီး သူတို့ကို နှိပ်စက်လွှတ်လိုက်သဟာနှင့် တူပါသည်' လို့ ပြောပါသတဲ့။

အဲသည်လို ပြောသဟာ ကြားရတော့ ဃနင်ရဲ့ အမေနှင့် ဃနင်ရဲ့ နှမက





သူတို့ဖြစ်ရပ်ကို သူတို့ ဝမ်းနည်းလာပြီး ရှိုက်ကြီးတငင် ငိုကြပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်ကလည်း ဝင်ပြီး ငိုပါသတဲ့။ ပြီးတော့ ဃနင်ရဲ့ အမေက 'အို... အလာဟုအရှင်၊ ငါ့အား ငါ့ရဲ့သား ဃနင်နှင့် ပြန်၍ တွေ့ရအောင် မ တော်မူပါ' လို့ ဆုတောင်းပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်ကလည်း အဲသည် မိန်းမနှစ်ယောက်ဟာ ဃနင်ရဲ့အမေနှင့် ဃနင်ရဲ့နှမ ဖြစ်သည် ဆိုသဟာကို သိသဟာနှင့် မဆည်နိုင် မဖြေနိုင်အောင် ဝမ်းနည်းလာပြီး ငိုလိုက်သဟာ သတိတောင် မေ့သွားသဟာပါပဲတဲ့။

ကွတ်တယ်ကုလွတ်က သတိပြန်ရလာသည့် အခါကျတော့ ဃနင်ရဲ့ အမေနှင့် နှမကို ပြောပါသတဲ့။ 'သင်တို့ သားအမိနှစ်ယောက် အခုအချိန်က စပြီး ဘာမျှ မပူကြပါနှင့်တော့၊ သည်နေ့ဟာ သင်တို့ ဆင်းရဲရသဟာ နောက်ဆုံးနေ့ပါပဲ။ သည်နေ့က စပြီး သင်တို့ တောင်းမစားရတော့ဘူးလို့သာ တွက်ပါတော့။ သည်နေ့ဟာ သင်တို့ ဆင်းရဲရသဟာ နောက်ဆုံးနေ့ပါပဲ။ သည်နေ့က စပြီး သင်တို့ ကောင်းစားရပါတော့မည်' လို့။

ပြီးတော့ ကွတ်တယ်ကုလွတ်က ဈေးခေါင်းကို အသပြာ လုံလောက်အောင် ပေးလိုက်ပြီး 'ကိုင်း... သည်အမျိုးကောင်းသမီး နှစ်ယောက်ကို သင့်အိမ်ကို ခေါ်သွားပြီး အစစ အရာရာ မငြိုငြင်ရအောင် ပြုစုထားပါ။ ဈေးခေါင်းကတော် ကလည်း ရေချိုး ဆိပ်ကို ခေါ်သွားပြီး ရေချိုးပေးပါ။ ပြီးတော့ အဝတ်သစ် အစားသစ်များလည်း ဝတ်ဆင် ပေးပါ' လို့ ပြောသတဲ့။ နောက်တစ်နေ့ကျတော့ ကွတ်တယ်ကုလွတ်က ဈေးခေါင်းအိမ်ကို သွားပြီး ဃနင်ရဲ့အမေနှင့် ဃနင်ရဲ့ နှမကို သွားကြည့်ပါသတဲ့။ သည်တော့ ဈေးခေါင်း ကတော်က ရေမိုးချိုးပြီး ဝတ်စား ဆင်ယင် ပေးထားသဟာနှင့် ဃနင်ရဲ့ အမေနှင့်နှမဟာ အလျင် သူတို့ ကောင်းစားတုန်းက မူမျိုးအတိုင်း တင့်တင့်တယ်တယ် ရှုချင်ဖွယ် ဖြစ်နေသဟာကို တွေ့ရပါသတဲ့။

ပြီးတော့ ကွတ်တယ်ကုလွတ်က ဃနင်ရဲ့ အမေနှင့် နှမတို့ကို ခဏထိုင်ပြီး စကားစမြည် ပြောပါသတဲ့။ ပြီးတော့မှ ဈေးခေါင်းကတော်ကို ခေါ်ပြီး 'ဘယ်မှာလဲ သင့်အိမ်က သူနာဟာ' လို့ မေးပါသတဲ့။ သည်တော့ ဈေးခေါင်းကတော်က 'လူမမာ ကတော့ သည်လိုပါပဲ၊ မထူးခြားပါဘူး။ အခုလည်း အခန်းထဲမှာ အိပ်နေပါသည်' လို့ ပြောပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က 'သဟာဖြင့် လူမမာကို သွားကြည့် ရအောင်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်ရယ်၊ ဈေးခေါင်းကတော် ရယ်၊ ဃနင်ရဲ့ အမေနှင့် နှမရယ် လေးယောက်သားဟာ လူမမာကို သွားပြီး ကြည့်ကြ ပါသတဲ့။ အဲသဟာနှင့် သူတို့ စကားပြောကြရင်းနှင့် ကွတ်တယ်ကုလွတ်ဆိုတဲ့ အသံကို လည်း ကြားလည်း ကြားလိုက်ကရော၊ ဃနင်က သူ့ချစ်သူနာမည် ဖြစ်သဟာနှင့် အားတက်လာပြီး အိပ်ရာကနေပြီး မနိုင့်တနိုင်နှင့် ခေါင်းထောင်ကြည့်ပြီး 'အမယ်လေး...



www.burmeseclassic.com

www.burmeseclassic.com



ကွတ်တယ်ကုလွတ်ရဲ့' လို့ ဆိုပြီး ငိုပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ဃနင်မှ ဟုတ်မှ ဟုတ်ကဲ့လားဆိုပြီး အသေအချာ စိုက်ကြည့်ပါသတဲ့။ ဃနင်ကလည်း ဖျားပြီး ပိန်နေလို့ ကွတ်တယ်ကုလွတ်က မမှတ်မိပါဘူးတဲ့။ နောက် အသေအချာ ကြည့်တော့မှ သူ့ချစ်သူ ဃနင်မှန်းသိပြီး 'အို . . . ဃနင်ပါလား' လို့ ဆိုပါသတဲ့။ သည်တော့မှ ဃနင်က 'သည်နားတိုးစမ်းပါ ကွတ်တယ်ရယ်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ကွတ်တယ်ကုလွတ်က ဃနင်နားကို တိုးသွားပြီး 'သင်ဟာ တကယ် ဃနင်ပဲနော်' လို့ မေးပါသတဲ့။ သည်တော့ ဃနင်က 'ဟုတ်ပါတယ်၊ ငါဟာ ဃနင်အစစ်ပါပဲ' လို့ ဆိုပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က ဝမ်းသာလုံးဆို့ပြီး သတိမေ့သွားပါသတဲ့။ အဲသည်လို ဃနင်နှင့် ကွတ်တယ်ကုလွတ်တို့ နှစ်ယောက်သား ပြောနေကြသဟာတွေကို ဃနင်ရဲ့ အမေနှင့် နှမက ကြားတော့ သူတို့ ရှာနေကြသည့် ဃနင်ကို တွေ့ပြီး သူတို့နှစ်ယောက်လည်း ဝမ်းသာလုံးဆို့ပြီး သတိမေ့သွားကြပြန်ပါရောတဲ့။

နောက် သူတို့ သုံးယောက်သား သတိပြန်ရလာကြတော့ ကွတ်တယ်ကုလွတ်က 'အခု အားလုံး ပြန်ဆုံတွေ့ကြရသဟာ ဟာ အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့် ပါပဲ' လို့ ပြောပါသတဲ့။ ပြီးတော့ ကွတ်တယ်ကုလွတ်က သူနှင့် ဃနင်တို့ ပေါင်းသင်း နိုင်ဖို့အတွက် သူက ဘုရင်မင်းမြတ်ကို ပြောပြီးသည့် အကြောင်း၊ ဘုရင်မင်းမြတ်က ကျေနပ်တော်မူသဖြင့် ဃနင့်ကို တွေ့တော်မူလိုသည့် အကြောင်းများကို ပြောပြပါသတဲ့။ ပြီးတော့ ကွတ်တယ်ကုလွတ်က ဃနင်ကို 'ဃနင်ရေ . . . ငါ မင်းတရားကြီးကို ပြောသည်၊ ဃနင်ကို ငါ့ကို ပေးပါလို့။ သည်တော့ မင်းတရားကြီးက အေး . . . ကောင်းပြီ၊ ဃနင်ကို သင် ယူတော့' လို့ ပြောပါသတဲ့။

အဲသဟာနှင့် ဃနင်က ဝမ်းအသာကြီး သာသွားပါသတဲ့။ ပြီးတော့ ကွတ်တယ်ကုလွတ်က 'ကိုင်း အားလုံး သည်မှာပဲ နေရစ်ကြဦး၊ ငါ နန်းတော်ထဲကို ပြန်လိုက်ဦးမယ်' လို့ ပြောပါသတဲ့။ နန်းတော်ကို ပြန်ရောက်သွားတော့ ကွတ်တယ်ကုလွတ်က ဃနင်အိမ်မှ ယူလာခဲ့သည့် သေတ္တာကြီးထဲက အသပြာတွေကို ယူပြီး ဈေးခေါင်းကို အပ်ပြီး မှာပါသတဲ့။ 'သူတို့အားလုံးကို ဝတ်စုံ လေးစုံစီ ဝယ်ပေးလိုက်ပါ။ သည့်ပြင် လိုသဟာ ရှိသမျှကိုလည်း အကုန်ပြည့်စုံအောင် ဝယ်ပေးလိုက်ပါ။ ဘာမျှ လိုလေသေး မရှိပါစေနှင့်' လို့။ ပြီးတော့ ကွတ်တယ်ကုလွတ်က ဃနင်ရဲ့ အမေနှင့်နှမကို ရေချိုးဆိပ်ကို ခေါ်သွားပြီး ရေချိုးပေးပါ သတဲ့။ ပြီးတော့မှ အဝတ်သစ် အစားသစ်များကို ဆင်ပေးပြီး အစားကောင်း အသောက်ကောင်းတွေကို ကျွေးပါသတဲ့။ အဲသဟာနှင့် သုံးရက်လောက် ကြာတော့ ဃနင်ရဲ့အမေတို့ သားအမိဟာ အသားအရေ ပြည့်ဖြိုးလာပြီး ရွှင်ရွှင်ပျပျ ဖြစ်လာကြပါသတဲ့။ ပြီးတော့ ဃနင်ရဲ့အမေတို့ သားအမိကို တစ်ခါ ရေဆိပ်ကို ခေါ် သွားပြီး ရေချိုးပေးပြန်သတဲ့။ အဲသလို ရေမိုးချိုးပြီးတော့ သူတို့သားအမိကို ဈေးခေါင်း





အိမ်ကို ပြန်ပို့ပြီး၊ ကွတ်တယ်ကုလွတ်ကလည်း သူ့နန်းတော်ကိုပြန်ပြီး မင်းကြီး ရှေ့တော်မှာ ဝင်ခစားခွင့် တောင်းပါသတဲ့။ မင်းကြီး ရှေ့တော်ဝင်ပြီး ခစားခွင့် ပေးတော့မှ ကွတ်တယ်ကုလွတ်က 'မှန်လှပါ၊ ဘုန်းတော်ကြောင့် အေယုတ်ရဲ့သား ဃနင်နှင့်တကွ သူ့မိခင် သူ့နှမ ဖစ်တနာတို့ဟာ ဗဂ္ဂဒက်ရွှေမြို့တော်မှာ ရောက်နေကြောင်းပါ' လို့ သံတော်ဦးတင်ပါသတဲ့။

သည်တော့ ဘုရင်မင်းမြတ်က အနောက်ဆောင်မှူး တစ်ယောက်ကို ခေါ်တော်မူပြီး ဃနင်ကို ငါ့ရှေ့တော် သွင်းခဲ့ရမည်လို့ အမိန့်ပေးပါသတဲ့။ သည်တော့ ကွတ်တယ်ကုလွတ်က အနောက်ဆောင်မှူး အလျင် ရှေ့က ပြေးပြီး ဃနင်ကို သွားပြောပါသတဲ့။ 'ဃနင်ရေ၊ သင့်ကို မင်းတရားကြီးက အခေါ်တော် လွှတ်လိုက်ပြီ။ မင်းတရားကြီး ရှေ့တော်ကို ရောက်လျှင် လျှောက်စရာ ရှိသမျှကို ချေချေငံငံ ချိုချိုသာသာနှင့် တည်တည် ကြည်ကြည်သာ လျှောက်ပေတော့' လို့။ ပြီးတော့ ကွတ်တယ်ကုလွတ်က ဃနင်ကို ကျက်သရေရှိသည့် အဝတ်တန်ဆာများ ဝတ်ဆင်ပေးပြီး အသပြာတွေလည်း အများကြီး ပေးလိုက်ပါသတဲ့။ ပြီးတော့လည်း 'သည်မှာ ဃနင်၊ ရွှေနန်းတော်ထဲ ရောက်သွားသည့် အခါမှာ မင်းတရားကြီးရဲ့ အိမ်တော်သူ အိမ်တော်သားတွေကို ရက်ရက်ရောရော လက်ဆောင်ပဏ္ဏာများ ပေးဖို့ မမေ့နှင့်နော်' လို့လည်း မှာလိုက်ပါသတဲ့။ အဲသည် လိုလည်း မှာလည်းပြီးရော နန်းရင်းဝန်ကြီးကိုယ်တိုင် ဃနင်ကို ခေါ်ဖို့ ရောက်လာ ပါသတဲ့။ သည်တော့ ဃနင်က နန်းရင်းဝန်ကြီးကို အရှိအသေ ပေးပြီး ဆီးကြိုပါသတဲ့။ အဲသည်အခါက စပြီး ဃနင်ရဲ့ ဇာတာစန်းလာဘ်ဟာလည်း ကောင်းလာပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးနှင့် ဃနင်တို့ နှစ်ဦးသားဟာ ရွှေနန်းတော်ကြီးကို ရောက် အောင် သွားကြပြီး မင်းတရားကြီးရဲ့ ရှေ့တော်မှောက် ရောက်သွားတော့ မင်းတရားကြီး ရဲ့ ဘုန်းတော်ဘွဲ့ကို လက်တန်းကောက်ပြီး ရွတ်လိုက်ပါသတဲ့။ သည်တော့ မင်းတရား ကြီးက သဘောတော်ကျလွန်းလို့ ဃနင်ရဲ့ အာဝဇ္ဇန်းကောင်းပုံကို ချီးမွမ်းတော်မူပြီး 'ဟဲ့ . . . ဃနင်၊ ရှေ့တိုး ခစားဟဲ့' လို့ မိန့်တော်မူပါသတဲ့။ အဲသဟာနှင့် ဃနင်က မင်းတရားကြီး ရှေ့တော်ကို တိုးပြီး ခစားတော့ မင်းတရားကြီးက 'ကိုင်း . . . ဃနင်၊ သင့် အဖြစ်အပျက်ကို အမှန်တိုင်း သံတော်ဦးတင်စမ်း' လို့ မိန့်တော်မူပါသတဲ့။ သည်တော့ ဃနင်က သူ ပထမ ဗဂ္ဂဒက်မြို့ကို ရောက်လာပုံ၊ နောက် သင်္ချိုင်းထဲ ရောက်သွားပုံ၊ သင်္ချိုင်းထဲ ရောက်သွားတော့ သင်းကွပ် သုံးယောက်က သေတ္တာကြီး တစ်လုံး ယူလာပြီး သင်္ချိုင်းထဲမှာ မြှုပ်ထားကြပုံ၊ သေတ္တာကြီးကို သူက ဖော်ကြည့်တော့ အထဲမှာ ကွတ်တယ်ကုလွတ်ကို တွေ့ရပုံက စပြီး အစအဆုံး တစ်ခုမကျန် ပြန်ပြီး လျှောက်ထားပါသတဲ့။ သည်တော့ မင်းတရားကြီးက ဃနင်ဟာ သစ္စာရှိသည့် သူပဲလို့ ဆိုသဟာကို ယုံကြည်တော်မူသွားပါသတဲ့။ အဲသဟာနှင့် မင်းတရားကြီးက ဃနင်ကို



www.burmeseclassic.com

www.burmeseclassic.com



အဖိုး အင်မတန်ထိုက်သည့် ဝတ်လုံကို သနားတော်မူပြီး အပါးမှာ ခစားစေပါသတဲ့။ ပြီးတော့ မင်းတရားကြီးက သူ့ဘက်က တာဝန်ပျက်ကွက်ခဲ့သဟာများ ရှိလျှင် သည်းခံဖို့ ပြောပါသတဲ့။ သည်တော့ ဃနင်က 'မှန်လှပါ၊ ငါဟာ အရှင်မင်းတရားကြီးရဲ့ ကျေးကျွန် ဖြစ်သည့်အတွက် အရှင်မင်းတရားကြီး ပြုချင်သလို ပြုပိုင်သူ ဖြစ်ပါ၍ အရှင်မင်းတရားကြီး ဘက်မှ ဘာမှ တာဝန်ပျက်ကွက်ခြင်း မရှိနိုင်ပါ' လို့ လျှောက်ပါသတဲ့။ သည်တော့ မင်းတရားကြီးက ပိုပြီး သဘောတော် ကျသွားသဟာနှင့် ဃနင်ကို နန်းတော်ဆောင် တစ်ဆောင်ကို သနားတော်မူပါသတဲ့။ ပြီးတော့ ဆုတော် လာဘ်တော်တွေ ပေးသနားတော် မူလိုက်သဟာလည်း အတိုင်းအဆတောင် မရှိပါဘူးတဲ့။ အဲသဟာနှင့် ဃနင်လည်း သူ့အမေနှင့် သူ့နှမ "ဖစ်တနာ" ကို ခေါ်လာပြီး နန်းတော်ထဲမှာ နေပါသတဲ့။ ဖစ်တနာ ကလည်း "ဖစ်တနာ"(မာယာ) ဆိုသည့်အတိုင်းပဲ မြင်ရသူ ငေးလောက်အောင် ချောပါ လှပါသတဲ့။ အဲသဟာနှင့် မင်းတရားကြီးက ဃနင်ကို ခေါ်တော်မူပြီး ဖစ်တနာကို မိဖုရားမြှောက်ချင်သည့် အကြောင်းကို မိန့်တော်မူပါသတဲ့။ သည်တော့ ဃနင်က 'မှန်လှပါ၊ ငါဟာ အရှင်မင်းတရားကြီးရဲ့ ကျေးပိုင်ကျွန်ပိုင် ဖြစ်သလိုပဲ ဖစ်တနာဟာ လည်း အရှင်မင်းတရားကြီးရဲ့ ကိုယ်လုပ်တော်ပဲ ဖြစ်ပါသည်' လို့ လျှောက်ပါသတဲ့။

သည်တော့ မင်းတရားကြီးက ရွှေဘောတော် တွေ့သွားပြီး ဃနင်ကို အသပြာ တစ်သိန်း ဆုချတော်မူပါသတဲ့။ ပြီးတော့ အဲသည့်နေ့မှာပဲ မင်းတရားကြီးနှင့် ဖစ်တနာကို စုလျားရစ်ပတ်ဖို့နှင့် ဃနင်နှင့် ကွတ်တယ်ကုလွတ်တို့ ထိမ်းမြားဖို့ စီစဉ်တော်မူပါသတဲ့။ အဲသဟာနှင့်ပဲ နှစ်မင်္ဂလာဟာ အဲသည်ညမှာပဲ ထမြောက် အောင်မြင်သွားပါသတဲ့။

မနက်မိုးလင်းတော့ မင်းတရားကြီးက ဃနင်ရဲ့ အဖြစ်အပျက်ကို အစ အဆုံး မှတ်တမ်းတင်ထားစေပြီး၊ နောင်လာနောက်သားများ ဖတ်ပြီး အလာဟ္ အရှင်ရဲ့ အလိုတော်ဟာ ဆန်းကြယ်ပုံကို နားလည်နိုင်ကြစေခြင်း အကျိုးငှာ ရွှေတိုက်တော်မှာ လုံခြုံစွာ သိမ်းထားရမည်လို့ အမိန့်တော်မှတ်ပါသတဲ့။

## [ ၁၆ ]
## ဥဒေါင်းဖိုနှင့် ဥဒေါင်းမ

ဘုန်းတော်ကြီးသည့် ဘုရင်မင်းတရားကြီးကို ယှာဇ္ဇာဇာတ်က ဆိုလတ္တံ့သည့် အတိုင်း ပြောပြသတတ်။

ရှေးရှေးတုန်းက ပင်လယ်ကမ်းနားမှာ ဥဒေါင်းဖိုနှင့် ဥဒေါင်းမ နေကြပါသတဲ့။ သူတို့ နေသည့်နေရာက သစ်ဝါး ထူထပ်၊ မြစ်ချောင်းတွေလည်း များပြားပြီး ခြင်္သေ့၊ သစ်၊ ကျား၊ သားရဲတိရစ္ဆာန်တွေလည်း ပေါများပါသတဲ့။





အဲသည် ဥဒေါင်းမောင်နှံဟာ နေ့ နေ့ကို အစာရှာထွက်ပြီး၊ ညညကျတော့ သားရဲတိရစ္ဆာန်များကို ကြောက်သဟာနှင့် သစ်ပင်မြင့်မြင့်ကြီး တစ်ပင်ပေါ်မှာ အိပ်ကြ ပါ သတဲ့။

အဲသလို နေကြရင်းနှင့်ပဲ တစ်နေ့တော့ သားရဲတိရစ္ဆာန်တွေ ရန်ကို ကြောက် ကြသဟာနှင့် ကျွန်းကြီးတစ်ကျွန်းကို ပြောင်းသွားကြပါသတဲ့။ အဲသည် ကျွန်းကြီး ကလည်း မြစ်တွေ၊ ချောင်းတွေ ပေါပြီး သစ်သီးမျိုးစုံလည်း ရှိပါသတဲ့။ အဲသဟာနှင့် အဲသည်ကျွန်းကြီးမှာ ဥဒေါင်းမောင်မယ်ဟာ သစ်သီးကိုစား၊ ချောင်းရေမြစ်ရေကို သောက်ပြီး ပျော်ပျော်ပါးပါး နေကြပါသတဲ့။

တစ်နေ့တော့ ဝမ်းဘဲမ တစ်ကောင်ဟာ ကြောက်ကြီးလန့်ကြီးနှင့် သူတို့ နှစ်ကောင် နေသည့် သစ်ပင်ပေါ်ကို ပျံလာပါသတဲ့။ အဲသည်တော့မှဘဲ ဝမ်းဘဲမလည်း အကြောက်ပြေသွားပါသတဲ့။

သည်တော့ ဥဒေါင်းဖိုက သည်ဝမ်းဘဲမဟာ တစ်ခုခုတော့ ဖြစ်လာပြီ ဆိုသဟာ သိပြီး ဝမ်းဘဲမကို 'ဘာများဖြစ်လာလို့ သဟာလောက်တောင် ထိတ်လန့်လာရသလဲ' လို့ မေးပါသတဲ့။ သည်တော့ ဝမ်းဘဲမက 'အမယ်လေး မပြောပါနဲ့တော့၊ ငါဖြင့် သေသဟာ သေချင်သဟာပါပဲ။ ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ တယ်ကြောက်စရာ ကောင်း ပါလား' လို့ ပြောပါသတဲ့။

သည်တော့ ဥဒေါင်းဖိုက 'ငါတို့ ရှိပါသဟယ်၊ မကြောက်ပါနှင့်တော့' လို့ ပြောပြန်ပါသတဲ့။ သည်တော့ ဝမ်းဘဲမက 'အလာဟုအရှင် ကျေးဇူးပါပဲ၊ သင်တို့ နှစ်ဦးနှင့် မိတ်ဆွေဖြစ်ရလို့ အခုတော့ ငါ စိတ်အေးသွားပါပြီ' လို့ ဆိုပါသတဲ့။

အဲသည်တုန်းမှာ ဥဒေါင်းမက ဝမ်းဘဲမ အနားသွားပြီး 'ပျော်ပျော်သာ နေပါ မဘဲမရယ်၊ သည်နေရာမှာတော့ ခြေနှစ်ချောင်းနှင့် နားရွက်တို ရန်ကို ကြောက်ဖို့ မလိုတော့ပါဘူး။ မဘဲမနှင့် ခြေနှစ်ချောင်းနှင့် နားရွက်တိုတို့ ဘာဖြစ်လာကြသည် ဆိုသဟာကိုသာ တစ်ဆိတ် ငါ့ကို ပြောပြစမ်းပါ' လို့ ပြောပါသတဲ့။

သည်တော့ ဝမ်းဘဲမက 'သည်လိုပါ မဒေါင်းမရယ်၊ သည်ကျွန်းပေါ်မှာ ငါ နေသဟာ ကြာပါပြီ။ သည်အတောအတွင်းမှာ တစ်ခါမှ ပူစရာ ပင်စရာရယ်လို့ မတွေ့ရ ဖူးပါဘူး။ သဟာပေမင့် တလောကတော့ ညမှာ ငါ အိပ်နေရင်းနဲ့ အိပ်မက်ထဲမှာ ခြေနှစ်ချောင်းနှင့် နားရွက်တို တစ်ယောက်နှင့် တွေ့ရသည်။ အဲသဟာနှင့် သူနှင့် ငါနှင့် စကားပြောကြသည်။ သည်လို ပြောနေတုန်းမှာ အသံတစ်ခုကို ငါ ကြားရသည်။ အဲသည်အသံက 'အချင်း ဝမ်းဘဲမ၊ ခြေနှစ်ချောင်းနှင့် နားရွက်တိုကို သတိထားပါ။ သူ ပြောသဟာဆိုလျှင် ဘာမျှ မယုံပါလေနှင့်။ သည်ကောင်ဟာ သိပ်ပရိယာယ်ဝေဝစ် များသည်၊ ကြပ်ကြပ်သတိထားပါ။ ဒွန္နယာမှာ သည်ကောင့်ထက် သစ္စာမဲ့သည့် သတ္တဝါ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ ရှေးက လက်ာဆရာဝစ်ဦး ပြောဖူးသလိုပဲ သည်ကောင်ဟာ လျှာအရိုးမရှိသလောက် ပျားသကာလို ချိုချိုပြောတတ်သည်။ ကောက်ကျစ်စဉ်းလဲသည့် နေရာမှာတော့ မြေခွေး စေဉ်းလဲထက် သာသည်။ ခြေနှစ်ချောင်းနှင့် နားရွက်တို့ဟာ ရေထဲနေသည့် ငါးတွေကိုလည်း ကုန်းပေါ် ရောက်လာအောင် ကြံနိုင်သည်။ ကောင်းကင် ပျံနေသည့် ငှက်တွေကိုလည်း လောက်စာလုံးနှင့် သေအောင် ပစ်နိုင်သည်။ ဆင်ပြောင်ကြီးတွေကိုလည်း ကျုံးသွင်းပြီး ဖမ်းနိုင်သည်။ သူ့ရဲ့ ယုတ်မာသည့် ဒဏ်ကို ဘယ်သူမှ မခံနိုင်ဘူး။ ငှက်လည်း သူ့ရန်က မလွတ်နိုင်ဘူး။ သားရဲ တိရစ္ဆာန်တွေလည်း သူ့ရန်က မလွတ်နိုင်ဘူး။ အဲသဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို့အကြောင်း ငါ ကြားဖူးသမျှ သင့်ကို ပြောပြသဟာပဲ' လို့ ပြောသည်။ အဲသဟာနှင့် ငါလည်း အိပ်ရာက လန့်နိုးလာသည်။ အဲသည်လို နိုးလာသည့် အချိန်ကစပြီး ငါဟာ သင်းရန်ကို ကြောက်သဟာနှင့် မနေဝံ့ မထိုင်ဝံ့ ဖြစ်နေသည်။ သင်းက အမှတ်တမဲ့နှင့် ငါ့ကို ဘယ်လိုလာပြီး ဥပါယ်တံမျဉ်နှင့် ထောင်ဖမ်းလိုက်မလဲ၊ ဘယ်လို အလစ်ကို ဝင်သတ်လိုက်မလဲ ဆိုပြီး ငါဖြင့် တထိတ်တည်း ထိတ်နေရသည်။ အဲသဟာနှင့် ငါ့အင်အားဟာလည်း တစ်နေ့တခြား ဆုတ်ယုတ်လာသည်။ စိတ်ဓာတ်လည်း တစ်နေ့တခြား ပျက်ပြားလာသည်။ တစ်နေ့တစ်နေ့ အဆာမခံနိုင်လို့သာ အစာရှာစား နေရပေမင့် ငါ့စိတ်က နည်းနည်းမှ မချမ်းသာဘူး။ တလောက ဟိုဘက်က တောင်ကြီးနား ရောက်သွားတော့ ခြင်္သေ့ပေါက်ကလေးက ငါ့ရဲ့ ကိုယ်ဟန်ကြော့ရှင်း သဟာကို သဘောကျပြီး ဝမ်းသာအားရ သူ့အနားကို လာဖို့ပြောသည်။ ငါက သူ့အနား သွားတော့ ခြင်္သေ့ကလေးက မေးသည်။ 'သင့်နာမည်က ဘယ်လို ခေါ်ပါသလဲ၊ သင်က ဘယ်သတ္တဝါမျိုးထဲကလဲ' လို့။ သည်တော့ ငါက ပြန်ပြောသည်။ 'ငါ့ နာမည်က ဝမ်းဘဲလို့ ခေါ်သည်။ ငါ့အမျိုးက ငှက်မျိုး' လို့။ ပြီးတော့ တစ်ခါ ခြင်္သေ့ပေါက်ကလေးကို ငါက မေးသည်။ 'သဟာထက် သင် ဘာလို့ သည်နေရာမှာ နေသလဲ' လို့။ သည်တော့ ခြင်္သေ့ကလေးက ပြောသည်။ 'ငါ့အဖေက ငါ့ကို ခဏခဏ သတိပေးသည်။ ငါ့သား ... သင်ဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို သတိထားနော်။ သင်ဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို သတိထားနော်' လို့။ ပြီးတော့ ခြင်္သေ့ကလေးက ညတုန်းကလည်း သူဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို တွေ့ရသည်လို့ အိပ်မက်မက်သည့် အကြောင်း၊ အိပ်မက်ထဲမှာ အခုတင်က မဒေါင်းမကို ငါ ပြောသလိုပဲ၊ ခြေနှစ်ချောင်းနှင့် နားရွက်တို့ ကောက်ကျစ်စဉ်းလဲပုံတွေ တွေ့ရသည့် အကြောင်းကိုလည်း ငါ့ကို ပြောပြသေးသည်။

အဲသည်လို ခြင်္သေ့ကလေးက ပြောသဟာတွေ ကြားရတော့ ငါက ခြင်္သေ့ကလေးကို ပြောသည်။ ငါလည်း သင် ခြင်္သေ့ကလေး အနားမှာပဲ နေပါမည်။ ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို သတ်ဖို့ အကြံကိုလည်း အသင် ခြင်္သေ့ကလေးက မလျှော့





ပါနှင့်။ ငါက အပါးကနေပြီး အမြဲ အကြံပေးပါမည်။ ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို ငါ့ဟာငါ ကြောက်နေရသည့် အထဲမှာ သင် ခြင်္သေ့ကလေးကလည်း ငါ ကြောက်သလိုပဲ ကြောက်နေပြန်သည်ဆိုတော့ ငါဟာ ပိုပြီး ကြောက်လာပါသည်။ သဟာပေမင့် အသင်ကတော့ တောတိရစ္ဆာန်တွေရဲ့ ဘုရင်ပါ လို့။

ပြီးတော့ ငါက ခြင်္သေ့ကလေးကို တဖွဖွ သတိပေးသည်။ 'ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို သတိထားပါ၊ သတိထားပါ' လို့။ ပြီးတော့ သင်းကို တွေ့ရာမှာ သတ်ဖို့ကိုလည်း ငါက တိုက်တွန်းသည်။ အဲသဟာနှင့် ခြင်္သေ့ကလေးက သူ့ဂူဝက ထွက်ပြီး ခြေနှစ်ချောင်းနှင့် နားရွက်တို့ကို ရှာဖို့သွားသည်။ သည်တော့ ငါက နောက်က ထက်ကြပ်လိုက်သွားသည်။ ခြင်္သေ့ကလေးက အမြီး တဖျပ်ဖျပ်ခတ်ပြီး ရှေ့က သွား၊ ငါက နောက်က ဖောက်ချိုက် ဖောက်ချိုက်နဲ့ လိုက်နှင့် နှစ်ဦးသား သွားလိုက်ကြသဟာ နောက်ဆုံးကျတော့ လမ်းဆုံတစ်ခုကို ရောက်သွားကြသည်။

အဲသည်တော့ ငါတို့ တူရှုအရပ်က ဖုန်တွေ တထောင်းထောင်း ထ လာသဟာကို တွေ့ရသည်။ ဖုန်လုံးကွဲသွားလို့ ကြည့်လိုက်တော့ လား လား ... မြည်းတစ်ကောင်ဟာ မောကြီးပန်းကြီးနှင့် ငါတို့ဆီ ပြေးလာသည်။ သည်တော့ ခြင်္သေ့ကလေးက 'ဟဲ့ ... ဘယ်လဲ၊ သည်ကို လာစမ်း' လို့ ပြောသည်။ သည်တော့ မြည်းက နှိပ်စက်ချင်သည့် မျက်နှာကလေးနှင့် ခြင်္သေ့ကလေး အပါးကို သွားသည်။ သည်တော့ ခြင်္သေ့ကလေးက 'ဟဲ့ ... ဉာဏ်နုပ်၊ သင်ဟာ ဘယ်အမျိုး ဘယ်အနွယ်ထဲကလဲ။ သင် သည်ကို ဘာလို့ လာရသလဲ၊ ငါ့ကို ပြောစမ်း' လို့ မေးသည်။

သည်တော့ မြည်းက 'အို ... ခြင်္သေ့မင်းသား၊ ငါသည် မြည်းမျိုးဖြစ်ပါသည်။ ခြေနှစ်ချောင်းနှင့် နားရွက်တို့ရန်ကို ကြောက်လို့ သည်ကို ငါ ပြေးလာခဲ့ရပါသည်' လို့ ပြန်ပြောသည်။ သည်တော့ ခြင်္သေ့ကလေးက 'ခြေနှစ်ချောင်းနှင့် နားရွက်တို့က သင့်ကို သတ်မှာကြောက်လို့ ပြေးလာသဟာလား' လို့ မေးသည်။ သည်တော့ မြည်းက 'အို ... ခြင်္သေ့မင်းသား၊ ငါ့ကို သတ်မှာကြောက်လို့ မဟုတ်ပါ။ ငါ့ကို လိမ်ပြီး ငါ့ကျောပေါ် တက်စီးမှာ ကြောက်လို့ပါ။ ခြေနှစ်ချောင်းနှင့် နားရွက်တို့မှာ ကုန်းနှီးဆိုသဟာ ရှိပါသည်။ ပြီးတော့ ဝမ်းပတ်ဆိုသဟာလည်း ရှိပါသည်။ ပြီးတော့ မြီးသိုင်း ဆိုသဟာလည်း ရှိပါသည်။ ပြီးတော့ ဇက် ဆိုသဟာလည်း ရှိပါသည်။ ပြီးတော့ ကြိမ်လုံးဆိုသဟာလည်း ရှိပါသည်။ ကုန်းနှီးကို ငါ့ကျောပေါ်မှာတင်၊ ဝမ်းပတ်နှင့် ငါ့ဗိုက်ကို နာနာပတ်၊ မြီးသိုင်းကို အမြီးမှာ တပ်၊ ဇက်ကို ငါ့ပါးစပ်ထဲ ခွံ့၊ ကြိမ်လုံးနှင့် ငါ့ကို ရွှမ်းရွှမ်းပါအောင် ရိုက်ပြီး ငါ့ကို သက်လုံကွဲအောင် အပြေးမောင်းပါသည်။ မတော်တဆ ငါ ခွာလီပ်သွားလျှင်လည်း ဆဲပါသည်။ ငါ ဟီလျှင်လည်း ရေရွတ်ပါသည်။ နောက်ဆုံး ငါ အသက်ကြီးလာလို့ အားမရှိတော့လည်း ငါ့ကျောပေါ်မှာ သစ်သားပေါင်တင်ပြီး ငါ့ကို ရေသည်တွေဆီကို



www.burmeseclassic.com

www.burmeseclassic.com



ရောင်းစားပါသည်။ ရေသည်တွေဆီ ရောက်ပြန်တော့ သူတို့က ငါ့ကျောပေါ်ကို သားရေစည်တွေ တင်ပြီး ရေအသယ်ခိုင်းပြန်ပါသည်။ အဲသည်လိုနှင့်ပဲ ငါ့ကို သူတို့ဟာ မသေမချင်း ခိုင်းနေကြသဟာပါပဲ။ ပြီးတော့ သေတော့လည်း ငါ့အလောင်းကို ခွေးစာအဖြစ် အမှိုက်ပုံပေါ် ပစ်လိုက်ကြသဟာပါပဲ။ သည်တော့ ဒွန္နယာကြီးမှာ သည်လို ကြောက်စရာ ကောင်းသည့် ဆင်းရဲခြင်းရှိမည် မဟုတ်ပါဘူး' လို့ ပြောသည်။

အဲ့သည်လို မြည်းက ပြောသဟာကို ကြားရတော့ ငါ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထ လာသဟာပါပဲ မဒေါင်းမရဲ့။ အဲသဟာနှင့် ငါက ခြသေ့်ကလေးကို ပြောသည်။ 'သည်မြည်းဟာ ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ကြောက်မည်ဆိုလည်း ကြောက်စရာပါပဲ' လို့။

သည်တော့ ခြသေ့်ကလေးက မြည်းကို မေးသည်။ 'သဟာဖြင့် သင် အခု ဘယ်ကို သွားမလို့လဲ' လို့။ သည်တော့ မြည်းက 'သည်နေ့ မိုးမလင်းခင် ခြေနှစ်ချောင်းနှင့် နားရွက်တိုကို အဝေးကြီးမှာ လှမ်းမြင်လိုက်သဟာနှင့် ငါဟာ တစ်ခါတည်း ခွာစုံပေါက်ပြီး ပြေးလာခဲ့သည်။ သည်ကနေပြီးလည်း ငါ ရောက်ရာ ရောက်၊ ပေါက်ရာ ပေါက်၊ ပြေးဦးမှာပဲ' လို့ ခြသေ့်ကလေးကို ပြောသည်။ အဲသည်လို ပြောပြီးတော့ မြည်းဟာ အကြောက်ကြီး ကြောက်ပြီး ငယ်သံပါအောင် အော်ပြီး ဘူခနဲ အီးပါသွားသဟာပဲ' လို့ ဘဲမက ဒေါင်းမကို ပြောပြသည်။ ပြီးတော့ တစ်ခါ ဘဲမက ဆက်ပြီး ဒေါင်းမကို ပြောပြပြန်သည်။ 'နောက်ပြီးလို့ ဖုန်ထသဟာ ရပ်သွားတော့ မြင်းနက်ကြီးတစ်ကောင် ပေါ်လာသည်။ သူ့ထိပ်ကလည်း ဖြူဖြူဝိုင်းဝိုင်း ကြာကြီးနှင့်။ အဲသည် မြင်းနက်ကြီးကလည်း ကြောက်လွန်းလို့ ဟီပြီး လာသည်။ ခြသေ့်ကလေးရှေ့ကို ရောက်တော့ ခြသေ့်ကလေးက မြင်းနက်ကြီးကို 'အို... ကျက်သရေရှိသည့် သားရိုင်းကြီး၊ သင်သည် ဘယ်အမျိုး ဘယ်အနွယ်ထဲကပါလဲ။ သင်ဟာ ဘာကြောင့် သဟာလောက် ကြောက်လန့်ပြီး ပြေးလာရပါသလဲ' လို့။ သည်တော့ မြင်းနက်ကြီးက 'ငါဟာ မြင်းမျိုးထဲက ဖြစ်ပါသည်။ အခုလို အလန့်တကြား ငါ ပြေးလာရသဟာကတော့ တခြားကြောင့် မဟုတ်ပါဘူး၊ ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ကြောက်လို့ပါ' လို့။

သည်တော့ ခြသေ့်ကလေးက အံ့သြသည့် မျက်နှာထားနှင့် မြင်းနက်ကြီးကို ကြည့်ပြီး 'အို... မြင်းနက်ကြီး၊ သင်သည် အင်အားဗလနှင့် ပြည့်စုံပြီး အခုလို ပြောခြင်းဟာ သင့်အဖို့ ရှက်ဖွယ်ကောင်းလေစွ။ သင်သည် မြင့်မား ထွားကျိုင်းသူလည်း ဖြစ်သည်။ အပြေးလည်း မြန်သည်။ သဟာနှင့်ပင် သင်က ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ကြောက်ရသည် ဆိုခြင်းမှာ ယုံနိုင်ဖွယ် မရှိ။ ငါသည် သင့်လောက် ကိုယ်လုံးကိုယ်ပေါက်လည်း မကြီးပါ။ သို့နှင့်လည်း ငါသည် ခြေနှစ်ချောင်းနှင့် နားရွက်တိုကို မကြောက်ပါ။ ငါသည် အခု ခြေနှစ်ချောင်းနှင့် နားရွက်တိုကို တွေ့လျှင်တွေ့ချင်း ကိုက်စားရန် ဆုံးဖြတ်ထား





ပါသည်။ ဟောသည် ဘဲမကိုတောင်မှ ဘာမျှ မကြောက်ဖို့ ငါ ပြောထားပါသည်။ အခုတော့ သင့်လို အင်အားဗလကောင်းသည့် သတ္တဝါကြီးတစ်ကောင်က ခြေနှစ်ချောင်းနှင့် နားရွက်တိုလောက် အကောင်ကလေးကို ကြောက်နေရသည်ဆိုတော့ ငါတောင် စိတ်အား ပျက်ရမလို ဖြစ်နေပါသည်။ တကယ်ဆိုလျှင် သင်ကသာ တစ်ချက်လောက် ချက်ကောင်းကို ပိတ်ကန်လိုက်လျှင် ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ သင့်ကို ဘာမျှ ပြန်မလုပ်နိုင်ဘဲ တစ်ခါတည်း သေပွဲကို ဝင်သွားရမည်သာ ဖြစ်ပါသည်' လို့ ပြောသည်။

သည်တော့ မြင်းက ရယ်ပြီး 'အို... ခြသေ့်မင်းသား၊ ငါသည် ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ဘယ်နည်းနှင့်မျှ မနိုင် နိုင်ပါ။ ငါ့ရဲ့ ကိုယ်ကောင်ကြီးသဟာကို ကြည့်ပြီး ခြေနှစ်ချောင်းနှင့် နားရွက်တိုအပေါ်မှာ မဆုံးဖြတ်ပါနှင့်။ ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ အင်မတန် ဉာဏ်နီဉာဏ်နက် များပါသည်။ သူက ငါ့ခြေလေးချောင်းကို ကြိုးနှင့် တိုင်လေးတိုင်မှာ ချည်ပြီး ငါ့လည်ပင်းကို တိုင်မြင့်မြင့်ကြီးမှာ ဆွဲချည်ထားလျှင် ငါ့မှာ အိပ်လည်း မအိပ်နိုင်၊ လှဲလည်း မလှဲနိုင်ဘဲနှင့် မတ်တတ်ကြီးပဲ နေရပါသည်။ ပြီးတော့ သူ ငါ့ကို စီးချင်ပြန်လျှင်လည်း သူ့ခြေနင်းနောက်ဘက်မှာ သံဆူးတပ်ထားပြီး အဲသည် သံဆူးနှင့် ငါ့သား နှစ်ဖက်ကို ဆောင့်ပါသည်။ ပြီးတော့ ငါ့ကျောပေါ်မှာလည်း ကုန်းနှီးဆိုသဟာကို တင်ပြီး ငါ့လက်မောင်းရင်းနားက ကပ်ပြီး ငါ့ဗိုက်ကိုလည်း ဝမ်းပတ်ကြိုးဆိုသဟာနှင့် ကျပ်တည်းနေအောင် ပတ်ထားပါသေးသည်။ ငါ့ပါးစပ်ထဲကိုလည်း ဇက်ဆိုသဟာကို ခွံ့ထားပြီး အဲသည် ဇက်ကို ကြိုးနှင့်တပ်ပြီး ဆွဲပါသေးသည်။ အဲသလို ငါ့ကို ချုပ်နှောင်ပြီး ငါ့ကျောပေါ် ခွထိုင်ပြီး စီးပြန်တော့လည်း ဇက်ကြိုးကိုသာ သူလိုရာ ဆွဲသဟာ မဟုတ်ပါဘူး။ သူ့ခြေနင်းနား တပ်ထားသည့် သံဆူးနှင့်လည်း သွေးတွေ ထွက်အောင်ပင် ဖိဖိပြီး ဆောင့်ပါသေးသည်။ အို... ခြသေ့်မင်းသား၊ ငါ့ကို ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ ဘယ်လောက် နှိပ်စက်သည် ဆိုသဟာကို အဲသဟာပဲ ကြည့်ပါတော့။ ပြီးတော့ ငါ အိုသွားလို့ မြန်မြန်ထက်ထက် မပြေးနိုင်ပြန်တော့လည်း ငါ့ကို တစ်ခါ ကြိတ်စက်လှည့်ဖို့ ကြိတ်စက်သမားဆီကို ရောင်းပစ်ပြန်ပါသည်။ အဲသည် ကြိတ်စက်သမားကမှ တစ်ခါ ငါ့ကို သားသတ် သမားဆီကို ရောင်းစားပြန်ပါသည်။ သားသတ်သမားဆီ ရောက်သွားသည့် အခါကျတော့ ငါ့လည်ပင်းကို ဓားနှင့်လှီးသတ်၊ ငါ့အရေကို ခွာပြီး သားရေနယ်သမားဆီကို ရောင်းစားပါသည်။ ပြီးတော့ ငါ့အမြီးကို ဖြတ်ပြီး ဆန်ခါထိုးသည့် သူ့ဆီကို ရောင်းစားပါသည်၊ ပြီးတော့ ငါ့အဆီကိုလည်း ထုတ်ပြီး ဆီးမီးတိုင် လုပ်ပြီး ရောင်းစားပါသည်' လို့ ပြောသည်။

အဲသည်လို မြင်းနက်ကြီး ပြောသဟာတွေ ကြားတော့ ခြသေ့်ကလေးက ပို စိတ်ဆိုးလာပြီး 'အနို့ နေစမ်းပါဦး ကိုမြင်းနက်ကြီးရဲ့၊ သင် ခြေနှစ်ချောင်းနှင့် နားရွက်တို ဆီက ဘယ်တုန်းက ထွက်ပြေးလာခဲ့သလဲ' လို့ မေးသည်။ သည်တော့ မြင်းနက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



က 'မွန်းတည့်လောက်က ထွက်ပြေးလာပါသည်၊ အခု သူ ငါ့နောက် လိုက်နေပါသည်' လို့ ပြောသည်။

အဲသလို မြင်းနက်ကြီး ပြောပြီးတော့ တစ်ခါ ဖုန်တွေ တထောင်းထောင်းနှင့် သတ္တဝါတစ်ကောင် ပြေးလာသဟာကို မြင်ကြရပြန်သည်။ အနားရောက်လို့ ကြည့်လိုက်တော့ မောကြီးပန်းကြီးနှင့် ပြေးလာသည့် ကုလားအုတ်ကြီးကို တွေ့ရသည်။

သည်တော့ ကုလားအုတ်ရဲ့ ကိုယ်လုံးကိုယ်ပေါက် ကြီးမားထွားကျိုင်းသဟာ တွေ့ရသဟာနှင့် ခြသေ့်ကလေး စိတ်ထဲက "တန်တော့၊ သည်ကောင်ဟာ ခြေနှစ်ချောင်းနဲ့ နားရွက်တိုနဲ့ပဲ တူသည်" ဆိုပြီး ခုန်ပြီး ကိုက်မည်လို့ လုပ်လိုက်သည်။ သည်တော့မှ ငါက ခြသေ့်ကလေးကို 'အို... အရှင့်သား၊ သည်ဟာ ဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို မဟုတ်ပါဘူး။ သင်းကို ကြောက်လို့ ပြေးလာသည့် ကုလားအုတ်ပါ' လို့ ပြောရသည်။ ပြီးတော့ ကုလားအုတ်ကြီးက ခြသေ့်ကလေး အနား ကပ်ပြီး အလေးပြုပါသည်။ သည်တော့မှ ခြသေ့်ကလေးက ပြန်ပြီး အလေးပြုပြီး 'သင် သည်ကို ဘာလို့ ပြေးလာသလဲ' လို့ မေးသည်။ သည်တော့ ကုလားအုတ်က 'ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ကြောက်လို့ပါ' လို့ ပြောသည်။

သည်တော့ ခြသေ့်ကလေးက 'သင်ဟာ သဟာလောက်တောင် ကိုယ်ကာယ ကြီးနေသဟာ၊ သင်က တစ်ချက်ကန်လိုက်လျှင် ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ တစ်ခါတည်း သေသွားမှာပေါ့။ သင်းကို သင်က ဘာကြောက်နေစရာ လိုသလဲ' လို့ ပြောသည်။ သည်တော့ ကုလားအုတ်က ခြသေ့်ကလေးကို 'အို... အရှင့်သား၊ ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ အင်မတိ အင်မတန် ပရိယာယ်ဝေဝုစ် များပါသည်။ သူ့ ပရိယာယ်ဝေဝုစ် ဒဏ်ကို ဘယ်သူမှ မခံနိုင်ပါဘူး။ သူ့ကို သေမင်းမှတစ်ပါး ဘယ်သူမျှ မနိုင်ပါဘူး။ သူဟာ ငါ့နှာခေါင်းကိုလည်း ဖောက်ပြီး နှာဖျား (နဖား) ထိုးထားပါသည်။ ငါ့လည်ပင်းမှာလည်း ဒေါက်ကြီးချည်ပြီး ဆွဲထားပါသည်။ အဲသလို လုပ်ပြီးလျှင် ငါ့ကို ကလေးကလေးက နှာဖျားကြိုး ကိုင်ဆွဲသွားလျှင်လည်း ငါ့ ကိုယ်ကာယကြီးဟာ ဘယ်လောက်ကြီးကြီး ငါဟာ ကောက်ကောက်ပါအောင် လိုက်သွားရသဟာပါပဲ' လို့ ပြောသည်။ 'ပြီးတော့ ငါ့ကျောကုန်းပေါ်မှာ လေးလံသည့်ကုန်တွေ တင်ပြီး နေ့ည အချိန်မရွေး ခရီး ဝေးဝေးလံလံကြီး အသွားခိုင်းတော့သဟာပါပဲ။ နောက် ငါ အိုမင်းမစွမ်း ဖြစ်လာလို့ သူခိုင်းချင်သဟာ ခိုင်းလို့မရသည့် အချိန်ကျတော့ ငါ့ကို သူက ဆက်ကျွေး မထားတော့ပါဘူး။ သားသတ်သမားတွေဆီ ရောင်းစားလိုက်သဟာပါပဲ။ သားသတ်သမားတွေဆီ ရောက်တော့ ငါ့ကို လည်လှီးသတ်၊ ငါ့အရေကို သားရေနယ်သမားဆီပို့၊ ငါ့အသားကို စားဖို့မှူးတွေဆီ ရောင်းစားသဟာပါပဲ။ သဟာလောက်ဆိုလျှင် ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ ငါ့အပေါ် ဘယ်လောက်ဆိုးသည် ဆိုသဟာကို သိနိုင်လောက်ပါပြီ' လို့ ကုလားအုတ်က ပြောသည်။





သည်တော့ ခြသေ့်ကလေးက ကုလားအုတ်ကို 'အနို့ သင် ခြေနှစ်ချောင်းနှင့် နားရွက်တိုဆီက ထွက်ပြေးလာသဟာ ဘယ်လောက်ကြာပြီလဲ' လို့ မေးသည်။ သည်တော့ ကုလားအုတ်က 'အို အရှင့်သား၊ နေဝင်မိုးချုပ် အချိန်ကပဲ ငါ ထွက်ပြေးလာပါသည်။ အခုလောက်ရှိလို့ ငါ့ချည်တိုင်မှာ ငါ့ကို မတွေ့လျှင် သူ ငါ့နောက် လိုက်ရှာနေတော့မှာပဲ။ သဟာကြောင့် ရောက်ရာရောက်၊ ပေါက်ရာပေါက် ပြေးပြီး ငါ သွားပါရစေတော့' လို့ ခြသေ့်ကလေးကို ပြောသည်။

သည်တော့ ခြသေ့်က 'အလျင်မလိုပါနဲ့ ကိုကုလားအုတ်ရယ်၊ ခဏကလေး စောင့်စမ်းပါဦး၊ သည်ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ငါ ဆုတ်ဖွဲ့ပြီး သတ်စားသဟာကို စောင့်ကြည့်စမ်းပါဦး။ သင်လည်း သင်းအသားကို မြည်းဖူးသည်ရှိအောင် မြည်းကြည့်ဖို့ ငါ ပေးပါမည်။ ငါကတော့ သင်း အရိုးတွေကို ကျွတ်ကျွတ်ပါအောင် ဝါးစားပြီး သင်းသွေးတွေကိုလည်း ဂွတ်ဂွတ်နှင့်နေအောင် သောက်ပစ်လိုက်မည်' လို့ ပြောသည်။

သည်တော့ ကုလားအုတ်က 'အို... အရှင့်သား၊ ခြေနှစ်ချောင်းနှင့် နားရွက်တိုကို သည်လို အထင်သေးတော် မမူပါနှင့်။ သည်ကောင်ဟာ အင်မတန် ဥပါယ်များပါသည်။ "မတရားမင်း ရောက်ရာအရပ်မှာ ကုန်းကောက်စရာတောင် မကျန်ဘူး" ဆိုသည့် စကားလိုပဲ သည်ကောင့်ဒဏ်ကို ဘယ်သူမှ မခံနိုင်ပါဘူး' လို့ ခြသေ့်ကလေးကို ပြောသည်။

အဲသည်လို ကုလားအုတ်ကြီးက ပြောနေတုန်းမှာပဲ ဖုန်တထောင်းထောင်းနှင့် အားအင်ဗလ မရှိသည့် အဘိုးကြီးတစ်ယောက် ပြေးလာသဟာကို တွေ့ရသည်။ အဘိုးကြီးက လက်သမား လက်နက်တွေကို တောင်းနှင့် ပခုံးမှာထမ်းပြီး ခေါင်းပေါ်မှာ ပျဉ်ပြားရှစ်ချပ်နှင့် သစ်ကိုင်းတစ်ကိုင်းကို ရွက်လာသည်။ လက်တစ်ဖက်ကလည်း ကလေးတွေကို ဆွဲလို့။ 'အဲ့သည် အဘိုးကြီးက ခြသေ့်ကလေးနား ရောက်လာတော့ ငါဖြင့် ကြောက်လိုက်သဟာ မမရယ် မပြောပါနှင့်တော့' လို့ ဝမ်းဘဲမက ဥဒေါင်းမကို ပြောသည်။ ပြီးတော့ ဝမ်းဘဲမက ဆက်ပြောပြန်သည်။ 'သဟာပေမင့် မမရေ့၊ ခြသေ့်ကလေးကတော့ မကြောက်ဘူး မမရဲ့၊ တစ်ခါတည်း အဘိုးကြီးဆီကို ဦးတိုက် သွားတွေ့သဟာပဲ' လို့။

သည်တော့ အဘိုးကြီးက ရိုသေသမှုပြုပြီး လျှာသွက်အာသွက်နှင့် ခြသေ့်ကလေးကို ပြောသည်။ 'အို... ရန်ကို ကာကွယ်ပေးတတ်သော၊ ဘုန်းတော်ကြီးသော မင်းတရား၊ အလာဟုအရှင်သည် သင် မင်းတရားအား စောင့်ရှောက် စောင်မတော်မူပါစေသတည်း။ အို... မင်းတရား၊ သင် မင်းတရားသည် ငါ့အား ဆင်းရဲပေးနေသော အရာများမှ ကယ်တော်မူပါလော့။ ငါ့မှာ မင်းတရားမှတစ်ပါး အားကိုးရာ မရှိပါဘူး' လို့ ပြောသည်။ အဲသလို ပြောပြီးတော့ အဘိုးကြီးဟာ ရှိုက်ကြီးတငင် ငိုပါသည်။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



ခြသေ့်ကလေးက အဘိုးကြီးကို 'သင့်အား ငါ စောင့်ရှောက်အံ့၊ သင့်ကို ဘယ်သူ စော်ကားသနည်း၊ ငါ့ကို ပြောလော့။ အို . . . သားရိုင်းကြီး၊ သင်သည် ဘယ်အမျိုး ဘယ်အနွယ် ဖြစ်သနည်း။ သင်နှင့် တူသဟာကို ငါ တစ်ခါမျှ မမြင်ဖူးဘူး။ သင်လို ကိုယ်ဟန်ကြော့ရှင်းပြီး သင်လို စကား သွက်လက်သူလည်း ငါ မတွေ့ဖူးဘူး။ သင့်အဖြစ်ကိုသာ ပြောပါလော့' လို့ ဆိုသည်။

သည်တော့ အဘိုးကြီးက ခြသေ့်ကလေးကို 'အို . . . တောနက်ရှင်၊ ငါသည် လက်သမားအမျိုးအနွယ် ဖြစ်ပါသည်။ ငါ့ကို နှိပ်စက်ညှဉ်းပန်းသူမှာ အခြား မဟုတ်ပါ။ ခြေနှစ်ချောင်းနှင့် နားရွက်တိုပင် ဖြစ်ပါသည်။ ယနေ့ည လွှန်လို့ မနက်ဖြန် နံနက်ရောက်လျှင် သူဟာ သည်ကို ရောက်လာပါလိမ့်မည်' လို့ ပြောသည်။


အဲသည်လို ပြောသဟာ ကြားလိုက်တော့ ခြသေ့်ကလေးဟာ ဒေါသအမျက်ခြောင်းခြောင်းထွက်ပြီး 'သည်လိုဆိုလျှင် သည်ည ငါ မအိပ်ဘဲနှင့် မိုးသောက်ထိ စောင့်နေမည်။ သည်ခြေနှစ်ချောင်းနှင့် နားရွက်တိုကို မသတ်ရဘဲနှင့် ငါ့အဖေဆီလည်း ငါ မပြန်ဘူး' လို့ ပြောသည်။ ပြီးတော့ ခြသေ့်ကလေးက အဘိုးကြီးကို 'အချင်း လက်သမား၊ သင် စိတ်လည်းမရှိနှင့်၊ သင်ဟာ အခြား တိရစ္ဆာန်တွေလို မြန်မြန် မသွားနိုင်ဘူး။ သည်တော့ သင် ဘယ်ဆီကိုသွားမည် စိတ်ကူးသလဲ' ဟု မေးသည်။ သည်တော့ လက်သမားကြီးက 'ငါသည် ငါ့ဖခင် ဝန်ကြီးချုပ် ဦးကြောင်ပါးဆီကို သွားမလို့ပါ။ ဝန်ကြီးချုပ် ဦးကြောင်ပါးက သည်ဒေသမှာ ခြေနှစ်ချောင်းနှင့် နားရွက်တို ရောက်နေသည် ကြားလို့ သူ မနေဝံ့သဟာနှင့် သူ့ဖို့ အိမ်ဆောက်ပေးရမည်ဆိုလို့ ဟောသည် ပျဉ်ပြားတွေယူပြီး ငါ လာခဲ့ပါသည်။ အခု ဦးကြောင်ပါးကို သွားရှာမလို့ပါ' လို့ ပြောသည်။

အဲသည် စကားကို ကြားရတော့ ခြသေ့်ကလေးက မနာလိုစိတ် ပေါ်လာပြီး 'အချင်း လက်သမားကြီး၊ သည်လိုလုပ်ပါ။ ဦးကြောင်ပါးအတွက် အိမ်ကို နောက်မှ ဆောက်ပေးပြီး သည်ပျဉ်ပြားတွေနှင့် ငါ့ဖို့ အိမ်ကို ပထမ ဆောက်ပေးပါ။ ငါ့အိမ်ပြီးတော့ ဦးကြောင်ပါးဆီ သင်သွားပြီး သူ အလိုရှိသည့်အတိုင်း လုပ်ပေးပါ' လို့ ပြောသည်။

သည်တော့ လက်သမားကြီးက 'အို တောသားအပေါင်းတို့ရဲ့အရှင်၊ ငါသည် ဦးကြောင်ပါးအဖို့ အိမ်ကို ပထမ ဆောက်ပေးမှပင် ဖြစ်ပါမည်။ သူ့အိမ် ပြီးလျှင် အရှင်ရဲ့ အမှုတော်ကို လာထမ်းရွက်ပြီး အရှင့်အဖို့ အိမ်ကို ဆောက်ပေးပါမည်' လို့ ဆိုသည်။

သည်တော့ ခြသေ့်ကလေးက 'သည်လို မရဘူး၊ သည်ပျဉ်ပြားတွေနှင့် ငါ့အိမ်ကို အလျင် ဆောက်ပေးရမည်' လို့ ပြောပြီး ပြောပြောဆိုဆိုနှင့် လက်သမားကြီးကို ခုန်အုပ်





လိုက်ပြီး လက်နက်တောင်းကြီးကိုလည်း ပုတ်ချပစ်လိုက်သည်။ သည်တော့ လက်သမားကြီးလည်း မှေ့ပြီး လဲကျသွားသည်။ သည်တော့ ခြသေ့်ကလေးက သဘောကျပြီး ရယ်ပြောသည်။ 'ငါ့လက်သမားက ဘာမျှလည်း အားမရှိဘဲကိုဟ။ သည်တော့ ခြေနှစ်ချောင်းနှင့် နားရွက်တိုကို သင်က ကြောက်သည်ဆိုလည်း ကြောက်ပေမှာပေါ့' လို့ ပြောသည်။

လက်သမားကြီးက အဲသလို သူ လဲကျသွားတော့ သိပ်စိတ်ဆိုးသွားသည်။ သဟာပေမင့် အလိမ္မာနှင့် စိတ်မဆိုးဟန်ဆောင်ပြီး 'သည်လိုဆိုလျှင် အရှင့်အဖို့ အိမ်ကိုပဲ ပထမ ဆောက်ပေးပါမည်' လို့ ပြောသည်။ အဲသလို ပြောပြီးတော့ ပျဉ်ပြားရှစ်ချပ်နှင့် ခြသေ့်ကလေးနေဖို့ သေတ္တာကြီး လုပ်ပေးသည်။ တစ်ဖက်က ဝင်ပေါက်တစ်ခု လုပ်ပြီး တံခါးလည်း ခိုင်ခိုင်ကြီး တပ်ထားသည်။ ပြီးတော့ ခြသေ့်ကလေးကို အိမ်အကျဉ်းအကျယ် သိရအောင် ဝင်ကြည့်ဖို့ ပြောသည်။ ခြသေ့်ကလေးက ဝင်ကြည့်တော့ ကျပ်နေသည်။ သည်တော့ လက်သမားကြီးက ခြေလက်များကို ဝပ်ပြီး ဝင်ပါလို့ ပြောသည်။ သည်တော့ ခြသေ့်ကလေးကလည်း သူပြောသည့်အတိုင်း လုပ်သည်။ သဟာပေမင့် အမြီးက အပြင်မှာ တန်းလန်းကြီး ကျန်နေသည်။ သည်တော့ ခြသေ့်ကလေးက ပြန်ထွက်မည် လုပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ လက်သမားကြီးက 'ခဏ သည်းခံပါ၊ အမြီးပါ ထားလောက်အောင် ပြင်ပြီး လုပ်ပေးပါမည်' လို့ ပြောပြီး အမြီးခွေပြီး အိမ်ထဲ ထည့်လိုက်သည်။ ပြီးတော့ တစ်ခါတည်း တံခါးကို ဆွဲပိတ်လိုက်ပြီး သံမှိုနှင့် ခိုင်ခိုင်ကြီး ရိုက်တွယ်လိုက်သည်။

သည်တော့ ခြသေ့်ကလေးက 'ဘယ့်နှယ်လဲ ဆရာကြီး၊ ဘယ်လို လုပ်သဟာလဲ၊ သင့်အိမ်က ကျပ်လှချည့်ကလား၊ ဖွင့်စမ်းပါဦး။ ငါ ပြန်ထွက်ပါရစေ' လို့ ပြောသည်။ သည်တော့ လက်သမားကြီးက 'ဟဲ့... ခြသေ့်၊ ပြန်ထွက်ဖို့များ စိတ်ကူးနေရသေးသလား။ လွန်ပြီးသား အမှုဟာ နောင်တ ရနေလို့ အလကားပေါ့။ သင့်မှာ ပြန်ထွက်ဖို့လမ်း မရှိတော့ဘူး' လို့ ပြောသည်။ ပြီးတော့ လက်သမားကြီးက ရယ်ပြီး ပြောပြန်သည်။ 'ဟဲ့... တိရစ္ဆာန်ယုတ်၊ သင်ဟာ အလိမ်မိသွားပြီ၊ အခုမှတော့ ကြောက်မနေနှင့်တော့၊ အကြောင်းမထူးတော့ဘူး' လို့။ သည်တော့ ခြသေ့်ကလေးက 'မတော်သည့် စကားတွေ မပြောပါနှင့် နောင်ကြီးရယ်' လို့ ပြောသည်။ သည်တော့ လက်သမားကြီးက 'ဟဲ့... ခွေးခြသေ့်၊ အခု သင်ဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို့ လက်တွင်းကို ရောက်နေပြီ။ သဟာဟာ သင့် ကံကြမ္မာပဲ၊ ကြမ္မာဆိုသဟာ ရှောင်လို့မရဘူး' လို့ ပြောသည်။

အဲသလို လက်သမားကြီးက ပြောသဟာ ကြားတော့မှပဲ ခြသေ့်လေးလည်း 'သြော်... လက်စသတ်တော့ သည်ကောင်ဟာ ခြေနှစ်ချောင်းနှင့် နားရွက်တို ပါလား' ဆိုသဟာကို သိရှာသည်။ အဲသည်တော့မှပဲ ခြေနှစ်ချောင်းနှင့် နားရွက်တိုဟာ သူပဲလို့ ဆိုသဟာ ငါလည်း အသေအချာ သိရတော့သည်လို့ ဝမ်းဘဲမက ဥဒေါင်းမကို ပြောပြသည်။ ပြီးတော့ ဝမ်းဘဲမက ဥဒေါင်းမကို ဆက်ပြီး ပြောပြသည်။ အဲသဟာနှင့် ငါလည်း ကြောက်လာပြီး အသာကလေး နောက်ဆုတ်ပြီး လက်သမားကြီးက ခြသေ့်ကလေးကို ဘယ်လိုများ လုပ်ဦးမလဲ ဆိုသဟာကို ခပ်ကွာကွာက စောင့်ကြည့်နေသည်။ အဲသလို ကြည့်နေတော့ လက်သမားကြီးက ခြသေ့်ကလေး ထည့်ထားသည့် သေတ္တာကြီး ဘေးနားက ကပ်ပြီး တွင်းကြီးတစ်ခု တူးသည်။ တူးပြီးတော့ အဲသည် သေတ္တာကြီးကို အဲသည် တွင်းကြီးထဲ တွန်းချလိုက်ပြီး၊ အပေါ်က သစ်ကိုင်းခြောက်တွေ ပုံပြီး မီးနှင့် ရှို့ပစ်လိုက်သည်။ 'သည်တွင် မမရယ်၊ ငါလည်း တစ်ခါတည်း ခြေနှစ်ချောင်းနှင့် နားရွက်တိုကို ကြောက်ပြီး ထွက်ပြေးလာသဟာ အခုဆိုလျှင် နှစ်နေ့နှင့်နှစ်ညတောင် ရှိသွားပါပြီ' လို့။

သည်တော့ ဥဒေါင်းမက ဝမ်းဘဲမကို 'ညီမလေးရယ်၊ ငါတို့ အခု နေကြသည့် နေရာဟာကတော့ ဘေးပတ်လည်က ပင်လယ်ကြီး ဝိုင်းနေလို့ ခြေနှစ်ချောင်းနှင့် နားရွက်တို လာနိုင်ဖို့လမ်း မရှိပါဘူး။ သဟာကြောင့် ညီမလေးလည်း မမတို့နှင့်ပဲ စိတ်ချလက်ချ နေသဟာပေါ့။ တစ်နေ့တော့ ညီမလေးနှင့် မမတို့အတွက် အလာဟု အရှင် ကြည့်ပြီး စီစဉ်ပေးပါလိမ့်မည်' လို့ ပြောသည်။

သည်တော့ ဝမ်းဘဲမက ပြန်ပြောသည်။ 'သေမည့်ဘေး ပြေးမလွတ်ဘူး





ဆိုသဟာ ရှိသည် မမရဲ့၊ သည်တော့ ညီမလေးဖြင့် ညအခါမှာ တစ်ခုခု မတော်တဆ ဖြစ်မှာ သိပ်ကြောက်သဟာပဲ' လို့။

သည်တော့ တစ်ခါ ဥဒေါင်းမက ပြန်ပြောပြန်သည်။ 'မပူပါနှင့် ညီမလေးရယ်၊ ညည်းလည်း သည်မှာပဲ မမတို့နှင့်အတူ သွေးသားလိုပဲ နေကြသဟာပေါ့' လို့။ အဲသည်တော့ ဝမ်းဘဲမက 'ညီမလေးမှာ ရန်သူကို ခုခံနိုင်သည့်အား ဘာမှ မရှိဘူး မမရဲ့၊ သဟာပေမင့် မမတို့ပဲ အားကိုးပြီး ညီမလေးလည်း သည်မှာပဲ နေပါတော့မည်' လို့ ပြန်ပြောသည်။

သည်တော့ ဥဒေါင်းမက 'ညီမလေးရယ်၊ ဗြဟ္မာကြီးမှာ ဘယ်သူမဆို ကိုယ့် နဖူးစာရှိသည့်အတိုင်း ဖြစ်ကြရမှာချည်းပါပဲ။ တစ်နေ့ သေနေ့စေ့လာကြသည့် အခါကျတော့ ဘယ်သူမှ မကယ်နိုင်ပါဘူး။ ပြီးတော့ သေနေ့မစေ့ပဲလည်း ဘယ်သူမှ မသေရပါဘူး' လို့ ဝမ်းဘဲမကို ပြောသည်။

အဲသလို ဥဒေါင်းမနှင့် ဝမ်းဘဲမတို့ နှစ်ကောင်သား အချီအချ ပြောနေကြတုန်းမှာ ဖုန်တွေ တထောင်းထောင်းနှင့် သူတို့ဘက်ကို တစ်စုံတစ်ယောက် ပြေးလာသဟာကို မြင်ကြရသည်။

အဲသည်တော့ ဝမ်းဘဲမက 'ကြမ္မာကို ဘယ်သူမှ လွတ်အောင် မရှောင်နိုင်ဘူးဆိုသဟာတော့ ဟုတ်ပါသည်။ သဟာပေမင့် သတိထားပါ' လို့ ငယ်သံပါအောင် အော်ပြီး ပင်လယ်ထဲ ဆင်းပြေးသည်။

ခဏနေလို့ ဖုန်သိပ်သွားတော့ တောဆိတ်တစ်ကောင် ပြေးလာသဟာကို တွေ့ကြသည်။ သည်တော့ ဥဒေါင်းမက 'ကိစ္စမရှိပါဘူး ညီမလေးရဲ့၊ တောဆိတ်ပါ၊ သူ့ကို ဘာမှ ကြောက်စရာ မရှိပါဘူး။ မြက်၊ သစ်ရွက် စားတတ်သည့် တောတိရစ္ဆာန်မျိုးပါ။ ညီမလေးဟာ ငှက်မျိုး ဖြစ်သလိုပါပဲ။ ညီမလေးကလည်း ကိုယ့်စိတ်ကိုယ် ချမ်းသာအောင် မွေးမှပေါ့။ ပူလွန်းတော့ ကိုယ်နွမ်းတတ်ပါသည်' လို့ ဝမ်းဘဲမကို ပြောသည်။

အဲသဟာနှင့် တောဆိတ်လည်း အမောဖြေဖို့ သူတို့နေကြသည့် နေရာက အရိပ်ထဲကို ဝင်လာသည်။ တောဆိတ်က ဥဒေါင်းမနှင့် ဝမ်းဘဲမကို မြင်တော့ အရိုအသေ ပေးပြီး ပြောသည်။ 'သည်နေ့ပဲ ငါလည်း သည်ကျွန်းကြီးကို ရောက်လာသည်။ သိပ်စိမ်းစိုသာယာသည့် ကျွန်းပဲ' လို့။ ပြီးတော့ တောဆိတ်က သူ့ကိုလည်း 'မိတ်ဆွေရင်းလို သဘောထားပါ' လို့ ပြောသည်။ အဲသဟာနှင့် သူတို့သုံးကောင်ဟာ မိတ်ဆွေ ဖြစ်သွားကြပြီး အတူတူ သွား၊ အတူတူ စား။ အတူတူ ချစ်ချစ်ခင်ခင် နေကြသည်။ အဲသလိုနှင့်ပဲ သူတို့ သုံးကောင်ဟာ ဘေးမသီ ရန်မခဟဲ နေကြသည်။

တစ်နေ့တော့ သင်္ဘောတစ်စင်းဟာ လမ်းမှားပြီး သူတို့နေကြသည့် ကျွန်းကို



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာသည်။ သဘော်သားတွေကလည်း ကုန်းပေါ်တက်ပြီး ဟိုတစ်ယောက် သည် တစ်ယောက် လျှောက်လည်ကြသည်။ အဲသဟာနှင့် ဥဒေါင်းမရယ်၊ ဝမ်းဘဲမရယ်၊ တောဆိတ်ရယ် အဆွေခင်ပွန်းသုံးဦးကို သူတို့ တွေ့သွားကြသည်။ သည်တော့ ဥဒေါင်းမက လန့်ပြီး သစ်ပင်ပေါ် ပျံတက်သွားပြီး သစ်ပင်ပေါ်ကမှ တစ်ခါ တခြား ဝေးရာကို ပျံသွားသည်။ တောဆိတ်ကလည်း ခြေကုန်သုတ်ပြီး လွတ်ရာကို ပြေးသည်။ ဝမ်းဘဲမကတော့ အကြောက်လွန်ပြီး ဘယ်ပြေးရမှန်း မသိ ဖြစ်နေသည်။ အဲသဟာနှင့် သဘော်သားတွေက သူ့ကို ဝိုင်းပြီး ဖမ်းသွားကြသည်။ သည်တော့ ဝမ်းဘဲမက ပြောသည်။ 'ဒွန့်ယာကြီးမှာ ဘယ်လောက် သတိထားထား ကြမ္မာကို ဘယ်သူမှ လွတ်အောင် မရှောင်နိုင်ဘူး' လို့။

အဲသဟာနှင့် ဥဒေါင်းမလည်း ဝမ်းဘဲမရဲ့ အဖြစ်ကို မြင်တော့ 'ကြမ္မာဟာ အကုန်လုံးနောက် တကောက်ကောက် လိုက်နေသဟာပါလား။ ဟောဟို သဘော်သာ သည်ကို ရောက်မလာလျှင် ငါတို့ဟာ ဝမ်းဘဲမနှင့် ကွဲကြရမှာ မဟုတ်ဘူး' လို့ ပြောပြီး အဲသည်ကျွန်းက ဖယ်သွားတော့မလို့ ကြံသည်။

နောက် တောဆိတ်နှင့် ဥဒေါင်းမ ပြန်တွေ့ကြတော့ တစ်ကောင်နှင့်တစ်ကောင် မသေလို့ တွေ့ကြရလို့ ဝမ်းသာကြောင်း ပြောပြီး တောဆိတ်က မေးသည်။ 'ဝမ်းဘဲမ တစ်ကောင်ကော' လို့။ ပြီးတော့ ဥဒေါင်းမက 'ဝမ်းဘဲမ ရန်သူ့လက်ထဲ ပါသွားရှာပြီ၊ သဟာကြောင့် ငါလည်း သည်ကျွန်းမှာ မနေချင်တော့ဘူး' လို့ ပြောသည်။ သည်တော့ တောဆိတ်ဟာ ဝမ်းနည်းပက်လက် ဖြစ်သွားသည်။ ပြီးတော့ တောဆိတ်က ဥဒေါင်းမကို ပြောသည်။ 'မမဒေါင်းရယ် . . . သည်ကျွန်းမှာပဲ ဆက်ပြီးနေပါ၊ တခြားကို ဘယ်မှ ထွက်မသွားပါနှင့်တော့' လို့။

အဲသဟာနှင့်ပဲ သူတို့နှစ်ကောင်ဟာ အဲသည် ကျွန်းမှာပဲ ဆက်ပြီး ဘေးမသီ ရန်မခဘဲ နေကြသည်။ သွားလေသူ သူတို့အဖော် ဝမ်းဘဲမကိုလည်း သူတို့နှစ်ကောင်ဟာ တစ်နေ့မျှ မမေ့ကြဘူး။ တစ်နေ့တော့ တောဆိတ်က ဥဒေါင်းမကို ပြောသည်။ 'ဝမ်းဘဲမနှင့် တို့နှင့် ကွဲရသဟာ ဟာ ဟိုသဘော် သည်ကို ရောက်လာလို့ပဲ။ သဟာကြောင့် ခြေနှစ်ချောင်းနှင့် နားရွက်တိုကို အမြဲ သတိထားပါ။ သူဟာ သိပ်ပြီး အကောက်ဉာဏ် များပါသည်' လို့။ သည်တော့ ဥဒေါင်းမက 'သဟာကတော့ သည်လိုပါ မောင်လေး ဆိတ်ရယ်၊ မဘဲမကလေး သေရသဟာ ဟာ တကယ်ဆိုတော့ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို မေ့လျော့သည့် အတွက်ကြောင့်ပါ။ တခြားကြောင့် မဟုတ်ပါဘူး။ ငါလည်း မဘဲမကို ခဏခဏပဲ သတိပေးဖူးပါသည်။ ဟဲ့ . . . ညီမလေး၊ ညည်းဟာ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးရမှန်းလည်း မသိဘူး။ ငါဖြင့် ညည်းအစား ရင်လေးပါသည် အေ။ အလာဟု အရှင်က ဖန်ဆင်းထားသည့် အရာမှန်သမျှဟာ





အလာဟုအရှင်ရဲ့ ဘုန်းတော်ဂုဏ်တော်ကို ချီးကျူးဖို့ မမေ့ရဘူးအေ့။ မေ့သည့် တစ်နေ့မှာ ပျက်စီးတတ်သည်' လို့ တောဆိတ်ကို ပြန်ပြောပြသည်။

အဲသည်အခါက စပြီး တောဆိတ်ဟာ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အမြဲ ရွတ်ဖတ်ပြီး နေတော့သဟာပါပဲ တဲ့။

အဲသည် အချိန်မှာ မိုးက လင်းသွားတော့ ယှာဠာဇတ်က 'ပုံမဆုံးခင်ဘဲ မိုးက လင်းသွားပါပြီ' လို့ ယှာဠိယမင်းကြီးကို လျှောက်သည်။

သည်တော့ သူ့ညီမ ဒွန်ယာဇတ်က 'မမ ပုံကလည်း နားထောင်လို့ ကောင်း လိုက်သဟာ မမရယ်၊ ဆက်ပြီး ပြောပါဦး' လို့ ပူဆာသည်။

သည်တော့ ယှာဠာဇတ်က 'ဘဝရှင် မင်းတရားကြီးက အခွင့်ပြုတော်မူမည် ဆိုလျှင်တော့ ညကျလျှင် မမ ဆက်ပြောပါမည် ညီမလေးရယ်' ဟု ပြန်ပြောသည်။

သည်တော့ ယှာဠိယမင်းကြီးက ညကို ဆက်ပြောစေလို့ မိန့်တော်မူသည်။

## [ ၁၇ ]
## ရသေ့ကြီး

'မှန်လှပါ၊ ရွှေနန်းရှင် နားဆင်တော်မူပါ' ဟု အစချီပြီးလျှင် ယှာဠာဇတ်က ရသေ့ကြီး တွေ ပုံကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြသည်။

ဟို . . . ရှေးရှေးတုန်းက တောင်ကြီး တစ်တောင်ပေါ်မှာ ရသေ့ကြီးတစ်ပါး တရားအားထုတ်ပြီး နေပါသတဲ့။

အဲသည်အခါမှာ အဲသည်ရသေ့ကြီးကို အမှီပြုပြီး ခိုဖိုနှင့်ခိုမ နှစ်ကောင် နေပါ သတဲ့။ ရသေ့ကြီးက သူ နေ့စဉ်နေ့စဉ် စားမည့်အစာကို သူချည်း မစားဘဲ တစ်ဝက် ထစ်ဝက်ကို ခွဲခွဲပြီး ခိုဖိုနှင့် ခိုမကို ကျွေးပါသတဲ့။ ပြီးတော့ ရသေ့ကြီးက ခိုဖိုနှင့်ခိုမ ကျန်းမာချမ်းသာစွာ ရှိပြီး သားသမီးများ ပေါက်ပွားစေဖို့လည်း နေ့စဉ် ဆုတောင်း ပါသတဲ့။ အဲသဟာနှင့် ခိုတွေ အများကြီး ပေါက်ပွားလာပါသတဲ့။ ပြီးတော့ အဲသည် ခိုတွေကလည်း ရသေ့ကြီး နေသည့် တောင်က ဘယ်မှ မခွာကြပါဘူးတဲ့။ အလာဟု အရှင်ရဲ့ ဂုဏ်ကျေးဇူးကိုလည်း အမြဲ အောက်မေ့ကြပါသတဲ့။

အဲသဟာနှင့်ပဲ ခိုဖိုနှင့် ခိုမရယ်၊ သူတို့က ပေါက်ပွားထားသည့် သားသမီး မြေးမြစ်တွေရယ်ဟာ စိတ်ရဲ့ချမ်းသာခြင်း၊ ကိုယ်ရဲ့ချမ်းသာခြင်းနှင့် အမြဲ ပြည့်စုံပြီး ရသေ့ကြီးနှင့် အသက်ထက်ဆုံးပဲ နေကြပါသတဲ့။ တစ်နေ့ ရသေ့ကြီး အရွယ်ကြီးရင့်လို့ သေသွားတော့မှပဲ အဲသည်ခိုတွေလည်း အစုအဝေးခွဲပြီး အမြို့မြို့ အရွာရွာကို တစ်ကွဲစီ ပြောင်းသွားကြပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသည်အခိုက်မှာလည်း အခြား တောင်တစ်ခုမှာ သိုးထိန်းရသေ့ကြီး တစ်ယောက် ရှိပါသတဲ့။ သည် သိုးထိန်းရသေ့ကြီးက အင်မတန် ဖြူစင်ပြီး အလာဟု အရှင်ကို အင်မတန် ကြည်ညိုကိုင်းရှိုင်းပါသတဲ့။

အဲသည် သိုးထိန်းရသေ့ကြီးဟာ သိုးမွေးကိုရောင်း၊ သိုးနို့ကို သောက်ပြီး နေ့စဉ်နှင့် အမျှ တရားကိုပဲ အားထုတ်နေပါသတဲ့။ သူနေသည့် တောင်ကြီးမှာ သစ်ပင် ဝါးပင်တွေလည်း စည်ကား၊ သိုးစာတွေလည်း ပေါများပြီး သားရဲတိရစ္ဆာန်တွေလည်း အားကြီးပေါသတဲ့။ သဟာပေမင့် ရသေ့ကြီးရဲ့ အကျင့်တန်ခိုးကြောင့် သားရဲတိရစ္ဆာန်တွေက သူနှင့် သူ့သိုးတွေကို ရန်မရှာကြပါဘူးတဲ့။

တစ်နေ့တော့ သိုးထိန်းရသေ့ကြီးဟာ အလာဟု အရှင်ရဲ့ အလိုတော်အရ အသည်းအသန် နာမကျန်း ဖြစ်ပါသတဲ့။ အဲသဟာနှင့် သိုးထိန်းရသေ့ကြီးဟာ လှိုဏ်ကြီး တစ်ခုထဲမှာ ပြောင်းပြီး နေပါသတဲ့။ သူ့သိုးတွေကလည်း နံနက်လင်းသည် ဆိုလျှင် စားကျက်ရှိရာကို ထွက်သွားကြပြီး ညနေစောင်းသည့် အခါကျမှ သူနေသည့် လှိုဏ်ကြီးထဲကို ပြန်ပြန် လာကြပါသတဲ့။

အဲသည်လို ရသေ့ကြီး နာမကျန်းဖြစ်နေတုန်းမှာ တစ်နေ့တော့ အင်မတိ အင်မတန် လှပတင့်တယ် ရှုချင်ဖွယ်ရှိသည့် မိန်းမတစ်ယောက် ရောက်လာပြီး ရသေ့ကြီး ရှေ့မှာ လာပြီး ထိုင်ပါသတဲ့။

အဲသည်မိန်းမကို မြင်လိုက်တော့ ရသေ့ကြီးဟာ ကြက်သီးမွေးညင်းတွေ ထပြီး အင်မတိ အင်မတန် တုန်လှုပ် ချောက်ချားသွားပါသတဲ့။ အဲသဟာနှင့် ရသေ့ကြီးက 'အို... အချင်းမိန်းမ၊ ငါ့သခ်မ်းသို့ အသင် အဘယ်ကိစ္စနှင့် လာခဲ့သနည်း။ ငါ့မှာ သင် ဆောင်ကြဉ်းပေးနိုင်သည့်ကိစ္စ မရှိပါ။ သင်နှင့်ငါနှင့် ဆက်ဆံဖို့ အကြောင်းလည်း မရှိပါ' လို့ အဲသည်မိန်းမကို ပြောပါသတဲ့။

သည်တော့ အဲသည်မိန်းမက 'အို... အချင်းယောကျ်ား၊ သင်သည် ငါ၏ လှပခြင်း၊ ငါ၏ ချစ်ခင်ဖွယ်ရှိခြင်း၊ ငါ၏ ခံတွင်းနံ့ သင်းပျံ့ခြင်းကို သတိမမူမိပါသလော။ ဒွန္နယာတွင် ယောကျ်ားသည် မိန်းမနှင့်ကင်း၍ လည်းကောင်း၊ မိန်းမသည် ယောကျ်ားနှင့်ကင်း၍ လည်းကောင်း နေမဖြစ်သည်ကို သင် မသိယောင်တကား။ ငါက သင်နှင့် ပေါင်းသင်းရခြင်း အရသာကို လို၍ သင့်အနီးသို့ ငါ့သဘောနှင့် ငါ လာသည်ကို သင့်အား ငါ့အနီးသို့ မချဉ်းကပ်ရန် ဘယ်သူကမျှ တားမြစ်မည် မဟုတ်ပါ။ စင်စစ်သော်ကား ငါသည် ငါ့အလိုအလျောက် မတွန့်မဆုတ်ဘဲ သင့်ထံသို့ လာခဲ့ပါသည်။ ယခု သည်နေရာမှာ သင်နှင့် ငါ့အပြင် အခြား သင်နှင့်ငါ ကြောက်ရမည့်သူလည်း တစ်ယောက်မျှ မရှိပါ။ ငါသည် ဤတောင်တွင် သင်နေသမျှ ကာလပတ်လုံး အဖော်အပေါင်း မိတ်ဆွေကောင်း အဖြစ်နှင့် သင့်အပါးတွင် နေလိုပါသည်။ သင့်မှာ လုပ်ကျွေး





ပြုစုမည့် မိန်းမသား မရှိ၍ ငါသည် သင်၏ အလုပ်အကျွေး ပြုလုပ်လိုပါသည်။ သင်သည် ငါနှင့် ပေါင်းဖက်ခဲ့ပါလျှင် သင်၏ နာမကျန်းခြင်း ပျောက်၍၊ မိမွေးတိုင်း ဖမွေးတိုင်း ကျန်းမာသောအဖြစ်ကို ပြန်ရောက်ပါလိမ့်မည်။ အဲသည်အခါတွင် သင်သည် ယခင်က မိန်းမနှင့် ကင်းနေခဲ့ရသော သင်၏ ကုန်ခဲ့သည့် ရက်တွေကိုပင် နှမြော၍ လာပါလိမ့်မည်။ သင် စိတ်ကူးမမှားပါလင့်၊ ငါ့စကားကို နားထောင်ပြီး ငါ့ဆီကို ကပ်ပါလော့' လို့ ရသေ့ကြီးကို ပြောပါသတဲ့။

သည်တော့ ရသေ့ကြီးက 'ဟယ်... မိန်းမယုတ်၊ သင့်အပေါ်တွင် ငါ့စိတ်သည် ညွတ်လိမ့်မည် မဟုတ်။ ယခုပင် သင်သည် ငါ့ထံမှ ဖယ်လော့။ ငါသည် သင့်ကိုလည်း အဖော်မပြုလို၊ သင်နှင့်လည်း မစပ်ယှက်လို။ သင်တို့ မိန်းမတို့သည် လူသတ္တဝါများကို ရှေးကလည်း ဖြားယောင်းခဲ့ဖူးပြီ၊ ယခုလည်း ဖြားယောင်းဆဲ ရှိသည်။ နောင်တမလွန် အကျိုးကို ခင်မင်သူတို့သည် သင်တို့အမျိုးကို ရှောင်ကြမည်သာတည်း' လို့ အဲသည်မိန်းမကို ပြောပါသတဲ့။

သည်တော့ မိန်းမက 'အို... အမှန်ကို ကျောခိုင်း၍ လမ်းမှားကို သွားနေသည့် အချင်းယောကျ်ား၊ ရှေးပညာရှိထုံး နှလုံးသွင်းပြီး ငါ၏ တင့်တယ်ခြင်းကို ရှု၍



www.burmeseclassic.com

www.burmeseclassic.com



သင့်အနား၌ ငါနေခိုက်တွင် သင်၌ အကျိုးအပြည့်အဝ ရှိအောင် လုပ်ပါလော့။ ရှေးပညာရှိတို့သည် သင့်ထက် အတွေ့အကြုံ ပြည့်စုံ၍ သင့်ထက် ဉာဏ်ထက်မြက်ပါသည်။ ရှေးပညာရှိတို့သည် မိန်းမ၏ စည်းစိမ်ကို ယခု သင် ပယ်ရှားသလို မပယ်ရှားကြဘဲ ပြည့်ပြည့်ဝဝ ခံစားပြီး အပေါင်းအဖော် လုပ်ကြပါသည်။ ထိုသို့ လုပ်ကြသည့် အတွက်လည်း သူတို့မှာ မျက်မှောက်အကျိုး၊ တမလွန်အကျိုး ဆုတ်ယုတ်ပျက်စီးခြင်း မရှိကြပါ။ ထို့ကြောင့် သင်၏ အဓိဋ္ဌာန်ဟောင်းကို ဖျက်၍ ငါနှင့် ပေါင်းသင်းဖို့ အဓိဋ္ဌာန်သစ်ကို ချပါလော့’ လို့ ရသေ့ကြီးကို ပြန်ပြောပါသတဲ့။

သည်တော့ တစ်ခါ ရသေ့ကြီးက ‘သင် ပြောသမျှကို ငါ တစ်ခုမျှ နားမဝင်။ သင် ပေးသဟာကိုလည်း ငါ အလိုမရှိ။ သင်သည် မာယာလည်း များ၍ သစ္စာလည်း မဲ့သည်။ ရိုးဖြောင့်ခြင်းလည်း ကင်း၍ ဣန္ဒြေလည်း မစောင့်။ သင်၏ အပေါ်ယံ အလှ၏ နောက်ဘက်တွင် စက်ဆုပ်စရာတွေ ဘယ်လောက်ရှိသည်ကိုလည်း ငါ မမြင်နိုင်။ သင်သည် တရားအားထုတ်နေသူပေါင်း ဘယ်နှယောက်ကို ဖြားယောင်း ဖျက်ဆီးခဲ့ပြီကိုလည်း ငါ မသိနိုင်။ အို . . . သူတစ်ပါးကို ဖျက်ဆီးရခြင်း၌ မွေ့လျော်သော အခၢင်းအဖျက်မ၊ ယခုပင် ငါ့ထံမှ ဖယ်လော့’ လို့ မိန်းမကို ပြောပါသတဲ့။

အဲသည်လို ပြောပြီးတော့ ရသေ့ကြီးက အဲသည်မိန်းမကို မမြင်ရအောင် ဆိတ်မွေး ပုဆိုးဖြင့် သူ့ဦးခေါင်းကို သူ အုပ်ထားလိုက်ပြီး အလာဟုအရှင်၏ ဂုဏ်ကျေးဇူးများကို ရွတ်ဖတ်ပါသတဲ့။ အဲသည် ရသေ့ကြီးကို လာပြီး ဖြားယောင်းသည့် မိန်းမဟာက တကယ်ဆိုတော့ လူသားမိန်းမ မဟုတ်ပါဘူးတဲ့။ အလာဟုအရှင်က ရသေ့ကြီးကို သီလစမ်းဖို့ လွှတ်လိုက်သည့် မိန်းမယောင်ဆောင်လာသည့် တမန်တော်နတ်သားပါတဲ့။

အဲသဟာနှင့် တမန်တော် နတ်သားလည်း ရသေ့ကြီးကို သီလ ဖျက်မရလို့ သဘောကျပြီး ကောင်းကင်ဘုံကို ပြန်သွားပါသတဲ့။

ပြီးတော့ အဲသည်အချိန်မှာ အဲသည်ရသေ့ကြီး နေသည့် တောင်နှင့် မနီးမဝေးမှာ ရွာတစ်ရွာ ရှိပါသတဲ့။ အဲသည်ရွာမှာလည်း အကျင့်ဖြူစင်သည့် ရသေ့တစ်ပါး ရှိပါသတဲ့။ တစ်ညတော့ အဲသည်ရသေ့က အိပ်မက် မြင်မက်ပါသတဲ့။ အိပ်မက်ထဲမှာ တစ်စုံတစ်ယောက်က သူ့ကို ပြောပါသတဲ့။ သင် နေသည့်ရွာနှင့် မနီးမဝေးမှာ အကျင့်မွန်မြတ်သည့် ရသေ့ကြီးတစ်ပါး ရှိသည်။ အဲသည် ရသေ့ကြီးကို သင် ဆည်းကပ်ပြီး အလုပ်အကျွေး ပြုရမည်လို့။

အဲသဟာနှင့် အဲသည်ရသေ့က နံနက်လင်းတော့ အိပ်ရာက ထပြီး တောင်ပေါ်က ရသေ့ ရှိရာကို သွားပါသတဲ့။ နေ အတော်မြင့်လာတော့ တသွင်သွင် စီးနေသည့် ချောင်းကလေးတစ်ခုကို တွေ့ပါသတဲ့။ ချောင်းကမ်းပါးပေါ်မှာလည်း အရိပ်ကောင်းသည့် သစ်ပင်ကြီးတစ်ပင် ရှိပါသတဲ့။ အဲသဟာနှင့် ရသေ့က အမောအပန်းဖြေရင်း သစ်ပင်





ရိပ်မှာ ဝင်နားပါသတဲ့။ အဲသည်လို နားနေတုန်းမှာ တောတိရစ္ဆာန်တွေ၊ ငှက်တွေ၊ ကျေးတွေက ရေသောက်ဖို့ လာကြပါသတဲ့။ သဟာပေမင့် ရသေ့ကိုမြင်တော့ အကုန်လုံး လန့်ပြီး ထွက်ပြေးကုန်ကြပါသတဲ့။

သည်တော့ ရသေ့က အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးကို ရွတ်ပြီး “သြော် . . . ငါ သည်နေရာ ရောက်လာသဟာ ဟာ တောတိရစ္ဆာန်တွေနှင့် ကျေးငှက်တွေ ရေငတ်ဖို့ ဖြစ်နေပါကလား။ သည်မှာ ငါ ကြာကြာနေလို့တော့ မတော်ဘူး ထင်သည်။ သည် သတ္တဝါတွေဟာလည်း အလာဟုအရှင် ဖန်ဆင်းထားသဟာတွေပဲ။ ငါ့ကိုလည်း အလာဟုအရှင် ဖန်ဆင်းထားသဟာပဲ။ သည်တော့ ငါဟာ အလာဟုအရှင် ဖန်ဆင်းထားသည့် သတ္တဝါတွေကို အနှောင့်အယှက် မဖြစ်စေထိုက်ဘူး။ ငါ မြန်မြန်သွားမှပဲ ဖြစ်မည်’ လို့ အောက်မေ့ပါသတဲ့။ ပြီးတော့ သတ္တဝါတွေဟာ သူ့ကြောင့် ရေမသောက်ကြရဘဲနှင့် ပြန်ပြေးကုန်ကြရှာပြီလို့ ဆိုပြီး စိတ်မကောင်းသဟာနှင့် ငိုပါသတဲ့။ ပြီးတော့ သစ်ပင်ရိပ်က အမြန်ဖယ်ပြီး တောင်ပေါ်က ရသေ့ကြီးဆီကို သွားပါသတဲ့။

တောင်ပေါ်က ရသေ့ကြီးကို တွေ့တော့ ရွာကလာသည့် ရသေ့က အရိုအသေ ပေးပါသတဲ့။ သည်တော့ တောင်ပေါ်က ရသေ့ကြီးကလည်း ပြန်ပြီး အရိုအသေပေးပြီး ‘ငါ့ဆီကို လူဆိုလို့ တစ်ခါမျှ မလာဖူးဘူး၊ သင် ဘယ်အတွက် ငါ့ဆီကို ရောက်လာရသလဲ’ လို့ မေးပြီး ရွာက ရသေ့ကို ဖက်ပြီး ငိုပါသတဲ့။

အဲသည်တော့ ရွာက ရသေ့က သူ အိပ်မက် မက်သည့်အကြောင်း၊ အဲသည် အိပ်မက်အရ သူ လာခဲ့သည့် အကြောင်းကို ပြောပြပါသတဲ့။ ပြီးတော့ ရသေ့နှစ်ပါးဟာ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို အမြဲ နှလုံးသွင်းပြီး အဲသည်တောင်ကြီးမှာ ရှိသည့် လှိုဏ်ကြီးအထဲမှာပဲ အရှည်အကြာ စိတ်ချမ်းသာ ကိုယ်ချမ်းသာ သီတင်းသုံးနေကြသဟာ ဟာ နောက်ဆုံး ဘယ်သူမှ မလွန်ဆန်နိုင်သည့် သေခြင်းတရားနှင့် တွေ့ရသည့် အချိန်အထိပါပဲ တဲ့။

ထို့နောက် ယှာဋ္ဌာဇတ်က ရသေ့ကြီးတွေ ပုံကတော့ သည်တွင်ပဲ ဆုံးပါပြီလို့။ ယှာဋ္ဌိယမင်းကြီးက ‘အဘယ် ယှာဋ္ဌာဇတ်၊ သင် ပြောသော ပုံများသည် နားမငြီးဖွယ်စွ တကား၊ အံ့ဖွယ်လည်း ရှိစွ တကား။ အဲသည်လို မှတ်သားဖွယ် ကောင်းသည့် ပုံများ ရှိသေးလျှင် ငါ့ကို နောက်ထပ် တစ်ပုံလောက် ပြောပါဦးလော့ အို . . . ယှာဋ္ဌာဇတ်’ လို့ မိန့်တော်မူသည်။

သည်တော့ ယှာဋ္ဌာဇတ်က ‘မင်းတရားကြီး ရွှေနားဆင်တော်မူပါ’ လို့ အစချီပြီး **ကမာအာဇမန် မင်းသားကလေး** ပုံကို စီကာပတ်ကုံး ပြောပြပြန်သည်မှာ ဆိုလတ္တံ့သည့် အတိုင်းပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

## ကမာအာဇမန် မင်းသား

ရှေးရှေးတုန်းက ပါယှ အမျိုးသားများ နေကြသည့် နယ်နှင့် နယ်ချင်းစပ်လျက် ရှိသည့် ခါလိဒန်ကျွန်းများကို အုပ်စိုးသည့် ယှာဋ္ဌိမန်ဆိုသည့် ရှင်ဘုရင်ကြီးတစ်ပါး ရှိပါသတဲ့။ အဲသည် ယှာဋ္ဌိမန်ဘုရင်ကြီးဟာ ဘုန်းတန်ခိုး အင်မတန် ကြီးပြီး ဗိုလ်ပါရဲမက်တွေလည်း အမြောက်အမြား ရှိပါသတဲ့။

အဲသည် ရှင်ဘုရင်ကြီးမှာ မိဖုရားကြီးလေးပါး၊ မိဖုရားငယ်ခြောက်ဆယ် ရှိသော်လည်း သက်တော် ကြီးရင့်လာသည့်တိုင်အောင် သားတော်တစ်ပါးမှ မထွန်းကားပါဘူး တဲ့။ အဲသဟာနှင့် ယှာဋ္ဌိမန်ဘုရင်ကြီးဟာ စိတ်တော် မချမ်းသာနိုင်ဘဲ ဖြစ်နေပါသတဲ့။ တစ်နေ့တော့ ယှာဋ္ဌိမန် ဘုရင်ကြီးက မှူးတော်မတ်တော်များကို ခေါ်ပြီး 'မှူးတော်မတ်တော်တို့၊ ငါဟာ ယခုအခါ သက်တော်လည်း ကြီးရင့်ပြီ။ ငါ့မှာ ထီးမွေနန်းမွေခံ သားတော်လည်း တစ်ပါးမှ မထွန်းကားဘူး။ ငါ နတ်ရွာစံလျှင် ဆက်ခံစိုးစံမည့် သားတော် မရှိသဖြင့် ငါ့နိုင်ငံတော် ပျက်ရချေတော့မည်။ ငါ၌ သားတော်ထွန်းကားရန် ဘယ်သို့ပြုရမည်ကို သင် မှူးတော်မတ်တော်တို့က အကြံပေးကြရမည်' လို့ မိန့်ပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ စိတ်ငယ်တော် မမူပါနှင့်၊ အလာဟုအရှင် မတော်မူလျှင် အရှင်မင်းကြီး၌ သားတော် ထွန်းကားနိုင်ပါသေးသည်။ ထို့ကြောင့် အရှင်မင်းကြီးသည် အလာဟုအရှင်၏ ဂုဏ်ကျေးဇူးကို အမြဲ နှလုံးတော်သွင်းပြီးလျှင် သားဆုတောင်းရန် သင့်ပါသည်။ ပြီးတော့လည်း ဆင်းရဲနွမ်းပါးသူများကို နန်းတော်သို့ ဖိတ်၍ စားပွဲ တည်ခင်းကျွေးမွေးပြီး သားဆုပန်လျှင်လည်း သားတော် ထွန်းကားရန် လမ်းရှိပါသည်။ စားပွဲသို့ ရောက်လာသည့် ဆင်းရဲနွမ်းပါးသူများထဲတွင်လည်း တစ်စုံတစ်ယောက်သော သူသည် အကျင့်သီလနှင့် ပြည့်စုံသည်ရှိသော် ထိုသူမျိုးကို ကျွေးမွေးရခြင်းအတွက် အရှင်မင်းကြီး၌ ဆုတောင်းပြည့်နိုင်သည့် လမ်းလည်း ရှိပါသည်။ ထို့ပြင် တိုင်းသူပြည်သားတို့အား အစားအစာ တည်ခင်း ကျွေးမွေးပြီးလျှင် အရှင်မင်းကြီး၏ ကိုယ်စား အလာဟု အရှင်ထံတွင် သားဆုပန်ခိုင်းလျှင်လည်း အရှင်မင်းကြီး တောင့်တတော် မူသည့်အတိုင်း သားရတနာ ထွန်းကားနိုင်သည့် လမ်းလည်း ရှိပါသည်' လို့ လျှောက်ပါသတဲ့။

အဲသဟာနှင့် ယှာဋ္ဌိမန်မင်းကြီးက သူ့နန်းရင်းဝန်ကြီး အကြံပေးသည့်အတိုင်း ကိုယ်လက် သန့်စင်အောင် လုပ်ပြီး၊ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကို နှလုံးသွင်းပြီး သားဆုပန်ပါသတဲ့။ ပြီးတော့ အဲသည်လို သားဆုပန်ပြီး သဟာနှင့် တစ်ပြိုင်နက် မိဖုရားကြီးရဲ့ အဆောင်တော်ကူးပြီး လျှောင်းစက်တော်မူပါသတဲ့။





အဲသဟာနှင့် အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးတော်ကြောင့် အဲသည် ညမှာပဲ ယှာဋ္ဌိမန်မင်းကြီးရဲ့ မိဖုရားခေါင်ကြီးမှာ သားရတနာ ပဋိသန္ဓေ တည်ပါသတဲ့။ ပြီးတော့ မိဖုရားကြီးဟာ နေ့လစေ့တော့ လပြည့်ဝန်းလို ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည့် သားရတနာကို ဖွားမြင်ပါသတဲ့။ ယှာဋ္ဌိမန် ဘုရင်မင်းမြတ်က သူ့ သားတော်ကလေးကို ကမာအာဇမန်လို့ ဘွဲ့တော် ပေးပါသတဲ့။ ပြီးတော့ ယှာဋ္ဌိမန့်ဘုရင်မင်းမြတ်ဟာ သားတော်ကလေး ရသည့်အတွက် စိတ်နှလုံးတော် သာယာလှသဖြင့် ရွှေမြို့တော်တစ်ခုလုံးကို လှပစွာ တန်ဆာဆင်စေပြီး သားတော်ရဲ့ အထိမ်းအမှတ်ပွဲတော် ကျင်းပပါသတဲ့။ သားတော်ကို ပြုစုစောင့်ရှောက်ဖို့ အတွက်လည်း အထိန်းတော် အချီတော်များ လိုလေသေး မရှိအောင် ခန့်ထားပါသတဲ့။ အဲသလိုနှင့်ပဲ နောက်တော့ သားတော်ကလေးဟာ အသက် တစ်ဆယ့်ငါးနှစ်အရွယ် ရောက်လာပါသတဲ့။ ကမာအာဇမန် မင်းသားကလေးဟာ အင်မတိ အင်မတန် လှပတင့်တယ် ရှုချင်ဖွယ် ရှိပါသတဲ့။ အဲသဟာနှင့် ဘုရင်မင်းမြတ်ကြီးကလည်း သူ့သားတော်ကလေးကို ချစ်လွန်းလို့ သားတော်ကလေး အနားက တစ်နေ့မှ မခွာပါဘူး တဲ့။

အဲသဟာနှင့် တစ်နေ့တော့ ယှာဋ္ဌိမန်မင်းကြီးက နန်းရင်းဝန်ကြီးကို ခေါ်ပြီး မိန့်တော်မူပါသတဲ့။ 'အို . . . နန်းရင်းဝန်ကြီး၊ ငါသည် ငါ၏သားတော်ကို အလွန်လျှင် ချစ်မြတ်နိုးတော်မူသည်။ ဒွန္နယာတွင် လူတို့မည်သည် ရုတ်တရက် သေချင်လည်း သေရမျိုး ဖြစ်သည်။ ထို့ကြောင့် ငါ မသေမီ ငါ၏သားတော်ကို ငါကိုယ်တိုင် ထိမ်းမြားစုံဖက်၍ ပေးတော်မူခဲ့ချင်သည်။ သင် အသို့ဆိုမည်နည်း' လို့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ လူတို့ကိစ္စတွင် ထိမ်းမြား စုံဖက်ခြင်း အလုပ်သည် အမွန်မြတ်ဆုံး အလုပ်တစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် အရှင့်သားကို ထီးမွေနန်းမွေ မပေးမီ အရှင်ကိုယ်တော်တိုင် ထိမ်းမြား စုံဖက်၍ ပေးတော်မူထိုက်ကြောင်းပါ ဘုရား' လို့ ယှာဋ္ဌိမန်မင်းကြီးကို လျှောက်ပါသတဲ့။

အဲသည်တော့ ဘုရင်မင်းမြတ်က သားတော် ကမာအာဇမန်ကို ရှေ့တော်သို့ ခေါ်ပြီး 'အို . . . သားတော်၊ ငါသည် သားတော်အား ငါ နတ်ရွာမစံမီ ထိမ်းမြား စုံဖက်၍ ပေးလိုသည်။ သားတော် အသို့ သဘောရသနည်း' လို့ မေးပါသတဲ့။ သည်တော့ မင်းသားကလေးက 'မှန်လှပါ ခမည်းတော်ဘုရား၊ သားတော်သည် ထိမ်းမြားစုံဖက်ဖို့ တပ်မက်သော စိတ်မရှိပါ။ မိန်းမတို့အပေါ်၌ ညွတ်သောစိတ်လည်း မရှိပါ။ မိန်းမတို့ မာယာများပုံ၊ စဉ်းလဲပုံများကို ကျမ်းအစောင်စောင်တွင် သားတော် ဖတ်ရပါသည်။ ကြားလည်း ကြားရဖူးပါသည်။ ပြီးတော့ ကဗျာဆိုရ် တစ်ဦးကလည်း "မိန်းမတို့အကြောင်းနှင့် ပတ်သက်လို့ ငါ့ကို မေးလျှင် ငါ ဖြေမည်။ ငါသည် မိန်းမကိစ္စတွင် တစ်ဖက်ကမ်းခပ် ပါရဂူပင်တည်း။ ယောကျ်ား၏ ဦးခေါင်း၌ ဆံပင်ဖြူ ထိုးလာသောအခါနှင့် ယောကျ်ား၌ စီးပွားဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ပြုန်းသော အခါများတွင် မိန်းမသည် ထိုယောကျ်ားအား သူ၏ အချစ်ကို ဝေစုခွဲ၍ ပေးမျိုး မဟုတ်" လို့ ဆိုပါသည် ဘုရား။ ထို့နောက် အခြား ကဗျာစိုရ်တစ်ဦးကလည်း "သင်သည် မိန်းမကို ပုန်ကန်၍ အလာဟုအရှင် အမှုတော်ကို ထမ်းပါ။ မိန်းမကို ဇက်ပုံ၍ ပေးသော လုလင်ပျိုသည် ကြီးပွားဖို့ လမ်းကို စွန့်လွှတ်ရလိမ့်မည်။ မသေမချင်း တရားကို ရှာရာ၌လည်း မိမိက အနှစ်တစ်ထောင်ပင် ကြိုးစားသော်လည်း မိန်းမ ဖျက်က ရနိုင်မည် မဟုတ်" လို့ ဆိုပါသည် ဘုရား။ သဟာကြောင့် ဘုရားသားတော်သည် သေမင်းပြည်သို့ လိုက်ရမည် ဆိုစေကာမူ ထိမ်းမြားမှု ကိစ္စအတွက် သဘောတူနိုင်လိမ့်မည် မဟုတ်ပါ' လို့ သူ့ခမည်းတော်ကို လျှောက်ပါသတဲ့။

အဲသည်စကားကို ကြားရတော့ ခမည်းတော်မင်းကြီး စိတ်မှာ ဒွန္နယာကြီး တစ်ခုလုံး အမိုက်တိုက် ဖုံးသွားသလို ထင်ရပါသတဲ့။ သဟာပေမင့် သားတော် တစ်ပါးဆိုဆိုသလောက် ချစ်တော်မူရှာသည့်အတွက် သားတော်ကို ဘာမျှ အပြစ်တင်တော်မမူဘဲ အထိုက်အလိုက် ကြင်နာယုယစွာ ပြုစုတော်မူပါသတဲ့။

အဲသလို နေရင်းနှင့်ပဲ မင်းသားကလေးဟာ တစ်နေ့ထက် တစ်နေ့ ပိုချောပိုလှ လာပါသတဲ့။ အဲသဟာနှင့် တစ်နှစ်လောက်ကြာတော့ သားတော်ကလေးဟာ ပညာများလည်း ပြည့်စုံအောင် တတ်မြောက်လာပါသတဲ့။ သူ့ကို မြင်လျှင် ဘယ်သူမှ ငေးမကြည့်ဘဲ မနေနိုင်ပါဘူး တဲ့။ စကားပြောပုံကလေးကလည်း ပျားသကာလို ချိုချိုမြမြကလေးပါတဲ့။ ပါးကလေးနှစ်ဖက်ကလည်း နီလို့တွတ်လို့ပါတဲ့။

အဲသဟာနှင့် တစ်နှစ်ကျော်သွားတော့ ယှာဋ္ဌိမန်မင်းကြီးက သူ့သားတော်ကလေးကို တစ်ခါ ခေါ်တော်မူပြန်ပြီး 'အို... သားတော်၊ သင်သည် ငါ့စကားကို နားမထောင်ပြီလော' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက 'မှန်လှပါ၊ ဘုရားသားတော်ကို မူလက အလာဟုအရှင် ဖန်ဆင်းထားတော်မူခြင်းကိုက ခမည်းတော်ဘုရား၏ အမိန့်တော်ကို နာခံဖို့ ဖန်ဆင်းထားတော်မူခြင်းသာ ဖြစ်ပါသည်။ ကလန်ကဆန် တော်လှန်သွေဖည်ဖို့ မဟုတ်ကြောင်းပါ ဘုရား' လို့ သူ့ခမည်းတော်ကို လျှောက်ပါသတဲ့။

သည်တော့ သူ့ခမည်းတော်က တစ်ခါ 'အို... သားတော်၊ ငါသည် ငါ နတ်ရွာမစံမီ သင့်ကို ထိမ်းမြားစုံဖက်၍ နန်းတော် အပ်တော်မူခဲ့ချင်သည်။ သင် အသို့ဆိုမည်နည်း' လို့ ပြောပါသတဲ့။ သည်တော့ မင်းသားကလေးက 'မှန်လှပါ၊ ထိမ်းမြားမှုကိစ္စကို ဘယ်အခါမှ သားတော် မပြုပါရစေနဲ့ ဘုရား။ သားတော်သည် သေမင်းပြည်သို့ လိုက်သော်သာ လိုက်ပါမည်။ ထိမ်းမြားမှုကို မပြုလိုပါ။ သားတော်သည် သာသနာရေးတွင် ခမည်းတော်၏ အမိန့်တော်ကို နာခံဖို့တာဝန် ရှိသည်ကို သားတော် သိပါသည်။ သို့ရာတွင် အလာဟုအရှင်၏ မျက်နှာတော်ကို ထောက်၍ သားတော်အား ထိမ်းမြားမှု





ကိစ္စတွင် တိုက်တွန်းတော် မမူသင့်ကြောင်းပါ ဘုရား။ ပြီးတော့ သားတော်တစ်သက်တွင် သားတော်သည် ထိမ်းမြားစုံဖက်ခြင်းကို ပြုလိမ့်မည်ဟုလည်း ထင်တော်မမူသင့်ကြောင်းပါ ဘုရား။ သားတော်သည် ရှေးဟောင်းကျမ်းများနှင့် မျက်မှောက်ခေတ်ကျမ်းများကို ဖတ်ဖူးသဖြင့် မိန်းမတို့၏ မာယာအပလိန်း များကြောင်းကိုလည်း သိပါသည် ဘုရား။ ပြီးတော့ ကဗျာစိုရ်တစ်ဦးကလည်း "မိန်းမတို့ ညွှတ်ကွင်းသို့ သက်ဆင်းသော ယောကျ်ားသည် ဘယ်အခါမှ အမြိုက်တရားကို ရလိမ့်မည် မဟုတ်။ သံမဏိမြို့ရိုးတစ်ထောင်ကာရံ၍ ထားသော်လည်း ထိုယောကျ်ားသည် မိန်းမတို့ မာယာဒဏ်ကို ခံနိုင်လိမ့်မည် မဟုတ်။ ကမ္ဘာမြေပြင်တစ်ဝိုက်တွင် မိန်းမတို့မာယာ မရောက်သောအရပ် ဟူ၍ မရှိ။ သွေးလိမ်းသော လက်၊ မြင်သူငေးလောက်သော ဆံထုံး၊ ပိတုန်းရောင်ခြယ် မျက်ခမ်းဖြင့် မိန်းမတို့သည် ယောကျ်ားတို့အား ဆင်းရဲဘောင်သို့ ပို့ကြကုန်၏" လို့ ဆိုပါသည် ဘုရား' လို့ သူ့ခမည်းတော်ကို လျှောက်ပါသတဲ့။

သည်တော့ ယှာဋ္ဌိမန်မင်းကြီးက သူ့သားတော်ရဲ့ စကားကို ရွှေဘောတော်မတွေ့ပါဘူးတဲ့။ သဟာပေမင့် သားတော်ကို ချစ်မြတ်နိုးသည့်အတွက် ဘာမျှ ဆန့်ကျင်ဘက် ပြောတော်မမူဘဲ နန်းရင်းဝန်ကြီးကိုသာ ခေါ်တော်မူပြီး 'အို... နန်းရင်းဝန်ကြီး၊ ငါသည် သင် အကြံပေးသည့်အတိုင်း ငါ့သားတော်ကို ထိမ်းမြား စုံဖက်ဖို့အကြောင်း ပြောသည်။ ငါ့သားတော်သည် ကျမ်းအမျိုးမျိုးကို ကိုးကား၍ ငါ့စကားကို ပယ်သည်။ သည်တော့ နောက်ထပ် ငါ ဘယ်လိုလုပ်ရမည် ဆိုသဟာကို သင် နန်းရင်းဝန်ကြီးက အကြံပေးပါဦးလော့' လို့ မိန့်တော်မူပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ သည်လိုဖြစ်လျှင် နောင်တစ်နှစ်စောင့်တော်မူပါ ဘုရား။ တစ်နှစ်ပြည့်သည့် အခါတွင် အရှင့်သားကို ထိမ်းမြားစုံဖက်ဖို့ နောက်ထပ် အမိန့်ပေးတော်မူပါ ဘုရား။ သည်အခါတွင် အရှင့်သားအား အခြားသူတို့၏ ကွယ်ရာတွင် အမိန့်မပေးဘဲ အရှင်ဘုရား ညီလာခံကျင်းပစဉ် ခေါ်၍ အမိန့်ပေးတော်မူပါ ဘုရား။ အဲသည်လို မှူးမတ်ဗိုလ်ပါ စုံလင်သည့် ရှေ့မှာ အမိန့်ပေးပါလျှင် အရှင့်သားတော်သည် အရှင်ဘုရား၏ အမိန့်ကို လွန်ဆန်ဝံ့မည် မဟုတ်ကြောင်းပါ ဘုရား' လို့ ယှာဋ္ဌိမန် မင်းကြီးကို လျှောက်ပါသတဲ့။

အဲသည်လို နန်းရင်းဝန်ကြီးက လျှောက်တော့ ယှာဋ္ဌိမန်မင်းကြီးဟာ ရွှေဘောတော် အလွန်ကျပြီး နန်းရင်းဝန်ကြီးအား ဆုတော်လာဘ်တော်များ ပေးသနားတော်မူပါသတဲ့။ ပြီးတော့ ယှာဋ္ဌိမန်မင်းကြီးက သားတော်ရဲ့အလိုကို လိုက်ပြီး တစ်နှစ်ပတ်လုံး ကြင်နာယုယစွာ ပြုစုစောင့်ရှောက်တော်မူပါသတဲ့။ တစ်နှစ်ပြည့်တော့ သည်တစ်ခါတော့ သူ့သားတော်ဟာ ထိမ်းမြားစုံဖက်ဖို့ သဘောတူမည်ဆိုပြီး ယှာဋ္ဌိမန်မင်းကြီးဟာ စိတ်နှလုံး အပျော်ကြီး ပျော်နေတော်မူပါသတဲ့။ အဲသည် အတောအတွင်းမှာ ကမာအာဇမန် မင်းသားကလေးကလည်း တစ်နေ့တခြား တိုး တိုးပြီး လှလှ လာပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်ပြည့်သည့် နေ့ကျတော့ မင်းတရားကြီးက မှူးကြီးမတ်ရာ သေနာပတိ ဗိုလ်မှူး ဗိုလ်ချုပ်တွေ ဖိတ်ပြီး ညီလာခံပွဲကြီး ကျင်းပပါသတဲ့။ ပြီးတော့ သားတော်ကို ရှေ့တော်ခေါ်ပြီး 'အို . . . သားတော်၊ ငါသည် ငါ နတ်ရွာမစံမီ သားတော်အား ထိမ်းမြား စုံဖက်ပေးပြီး ရွှေနန်းကို အပ်ခဲ့လိုသည်။ သားတော် အသို့ သဘောရပါသနည်း' လို့ မေးတော်မူပါသတဲ့။

သည်တော့ မင်းသားကလေးက မျက်နှာကလေး အိုသွားပြီး လူငယ်တို့ ဘာဝ စိတ်လိုက်မာန်ပါ ပြန်ပြောပါသတဲ့။ 'သားတော် သဘောနှင့် သားတော် ဆိုလျှင် ဘယ်တော့မှ ထိမ်းမြားဖို့ စိတ်မကူးပါဘူး။ သေဆေးကို သောက်ဆိုလျှင်သာ သောက်ပါမည်။ ခမည်းတော်ဟာ သက်တော်ပင် ကြီးသော်လည်း ဆင်ခြင်ခြင်း မရှိပါ။ အလျင်ကလည်း နှစ်ကြိမ်မေး၍ နှစ်ကြိမ်လုံးလုံး သားတော်က မထိမ်းမြားလိုကြောင်း ပြောခဲ့ပါပြီ။ ယခု တစ်ခါလည်း ခမည်းတော် ထပ်၍ မေးမြန်းပါသည်။ ခမည်းတော်သည် ကိုယ့်သားမှသား မှတ်လွန်းပါသည်။ ခမည်းတော်သည် လူအများကို အုပ်ချုပ်ဖို့ မတော်ပါ' လို့။ အဲသည်လို ပြောပြီး ကမာအာဇမန် မင်းသားကလေးက စိတ်ဆိုးမပြေသေးသဟာနှင့် သူ့ခမည်းတော် ရှေ့မှာ အင်္ကျီလက်ကို တံတောင်ဆစ် ပေါ်အောင် ပင့်ပြီး တင်လိုက်ပါသတဲ့။ ပြီးတော့ လည်း စိတ်ဆိုးနေသဟာနှင့် သူ့ခမည်းတော်ကို မသင့်လျော်သည့် စကားတွေကိုလည်း အများကြီး ပြောပါသတဲ့။ သူ့ဟာသူ ဘာပြောလို့ ဘာရောက်မှန်းလည်း မသိပါဘူးတဲ့။

သည်တော့ မင်းတရားကြီးလည်း ညီလာခံ ဗိုလ်ပုံအလယ်မှာ ဖြစ်သည့်အတွက် အရှက်ကြီးရှက်ပြီး ရာဇမာန် ရှတော်မူသဟာနှင့် သူ့သားတော်ကို တစ်ခါတည်း ထပြီး ငေါက်ပစ်လိုက်ပါသတဲ့။ သည်တော့ မင်းသားကလေးဟာ ကြောက်ပြီး တုန်နေရှာပါ သတဲ့။ ပြီးတော့ မင်းတရားကြီးက ကိုယ်ရံတော်သားများကို ခေါ်ပြီး မင်းသားကလေးကို အဖမ်းခိုင်းပါသတဲ့။

အဲသဟာနှင့် ကိုယ်ရံတော်သားတွေက မင်းသားကလေးကို ဖမ်းပြီး သူ့ ခမည်း တော်ရှေ့မှာ ထားပါသတဲ့။ သည်တော့ မင်းတရားကြီးက သူ့သားတော်ကို လက်ပြန်ကြိုး တုပ်ထားခိုင်းပါသတဲ့။ ကိုယ်ရံတော်များက မင်းသားကလေးကို လက်ပြန်ကြိုး တုပ်ပြီး ရှေ့တော်မှာ ထားတော့ မင်းသားကလေးဟာ သူ့အသက်ဘေး သူ စိုးရိမ်ပြီး ချွေးဒီးဒီး ပြန်လာပါသတဲ့။

မင်းတရားကြီးကလည်း အမျက်တော် ထွက်သဟာနှင့် 'ဟယ် . . . မျောက်မ ထား မ သား၊ အသို့လျှင် သင်သည် ငါ့ကို ညီလာခံသဘင် အလယ်၌ ထ၍ စော်ကားဝံ့ သနည်း။ သင်သည် အလိုလိုက်၍ အမိုက်စော်ကားလေပြီ' လို့ ရေရွတ်တော်မူပြီး ရဲတိုက် တွင်းသွင်း အကျဉ်းချထားဖို့ အမိန့်ပေးလိုက်ပါသတဲ့။

အဲသဟာနှင့် အာဏာသားများကလည်း မင်းသားကလေးကို ချက်ချင်းပဲ ရဲတိုက်





ထဲသွင်းပြီး အကျဉ်းချထားလိုက်ကြပါသတဲ့။ အဲသည် အကျဉ်းထားသည့် ရဲတိုက်ကြီး ကလည်း နေ့ကြောင်တောင်ကြီးတောင် မှောင်မည်းနေသဟာနှင့် ဖယောင်းတိုင် ထွန်း နေရပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးဟာ စိတ်ညစ်ညစ်နှင့် သူ့ အိပ်ဖို့ ပေးထား သည့် သလွန်ပေါ်မှာ ခွေပြီး အိပ်နေပါသတဲ့။ ပြီးတော့ သူ့ပါးစပ်ကလည်း 'ထိမ်းမြားသည့် အလုပ်တွေ၊ ထိမ်းမြားဖို့ဟာတွေ အကုန်လုံးကို အလာဟုအရှင် အပြစ်ဒဏ်ခတ်တော် မူပါစေသတည်း' လို့ ကျိန်ဆဲ နေပါသတဲ့။ ပြီးတော့ သူ့ဟာသူ နောင်တရပြီး "ငါဟာ ငါ့ခမည်းတော်စကား နားထောင်ပြီး ထိမ်းမြားလိုက်လျှင် ငါ သည်လို အကျဉ်းခံနေရမှာ မဟုတ်ဘူး။ အကျဉ်းထောင်ထဲ နေရသဟာတော့ ထိမ်းမြားလိုက်ရသဟာကပဲ ကောင်းဦး မည်"လို့လည်း အောက်မေ့ နေပါသတဲ့။

အဲသည် အတောအတွင်းမှာ မင်းတရားကြီးဟာလည်း စိတ်မချမ်းသာတော် မူသဟာနှင့် ရာဇပလ္လင်ပေါ်မှာ တစ်နေ့လုံး နေဝင်ထိအောင် စကားတစ်ခွန်းမျှ မပြောဘဲ ငုတ်တုတ်ကြီး ထိုင်နေပါသတဲ့။ နေဝင်သွားတော့မှပဲ 'နန်းရင်းဝန်ကြီး၊ ငါဟာ သင့်စကား နားထောင်မိသည့်အတွက် ငါ့သားတော်နှင့် ငါနှင့် သည်လို ဖြစ်ရသည်။ သင့်စကားကို နားမထောင်မိလျှင် သည်လိုဖြစ်ရမှာ မဟုတ်ဘူး။ ကိုင်း . . . သင် အခု ဘယ်လို ထပ်ပြီး အကြံပေးဦးမလဲ' လို့ ဆိုပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ အရှင်ဘုရား သားတော်ကို အကျဉ်း ထောင်ထဲ၌ ရက်သတ္တနှစ်ပတ် ထားတော်မူပါဘုရား။ ရက်သတ္တနှစ်ပတ် ပြည့်တော့မှ အရှင့် ရှေ့တော်မှောက်ကို ခေါ်ပြီး ထိမ်းမြားဖို့ အမိန့်ပေးလျှင် အရှင့်သားတော်ဟာ သည်တစ်ခါ အရှင့်စကားကို ပယ်တော့မည် မဟုတ်ကြောင်းပါ' လို့ လျှောက်ပါသတဲ့။

အဲသဟာနှင့် မင်းတရားကြီးလည်း နန်းရင်းဝန်ကြီး ပေးသည့် အကြံကို လိုက်ပြီး မင်းသားကလေးကို အကျဉ်းချထားပါသတဲ့။ ညကျတော့ မင်းတရားကြီးဟာ သားတော် ကလေးအတွက် စိတ်မကောင်းသဟာနှင့် စက်တော်မခေါ်နိုင်ပါဘူးတဲ့။ မင်းတရားကြီး ဟာ သားတော်ကလည်း သည်တစ်ပါးတည်း ရှိပြီး ညတိုင်း ညတိုင်းလည်း သားတော် ကလေးကို သူ့လက်မောင်းကို ခေါင်းအုံးခိုင်းပြီး သိပ်လေ့ ရှိသဟာနှင့် အိပ်စက်တော် မမူနိုင်ပါဘူးတဲ့။ ပြီးတော့ အိပ်မပျော်လေ အချိန်ကလည်း ကုန်ခဲလေ ဖြစ်နေပါသတဲ့။ တစ်ခါ တစ်ခါလည်း မိုးများ လင်းမှ လင်းပါဦးမလားလို့တောင် အောက်မေ့မိပါသတဲ့။

ပြီးတော့ မင်းသားကလေးကလည်း ထောင်ထဲမှာ သူ့ခမည်းတော်လိုပဲ မအိပ်နိုင် ရှာပါဘူး တဲ့။ ပွဲတော်လည်း နည်းနည်းကလေးပဲ တည်နိုင်ရှာပါသတဲ့။ ပြီးတော့ သူ့ဟာ သူ မှားလေခြင်းလို့ နောင်တဖြစ်ပြီး "ငါဟာ နှုတ်မစောင့်လို့ သည်လို ဖြစ်ရသည်။ ဒွန္နယာကြီးမှာ နှုတ်မစောင့်ခြင်းထက် ကြောက်စရာ ကောင်းသည့် ရန်သူ မရှိပါကလား" လို့ ညည်းရှာပါသတဲ့။ ပြီးတော့ အလာဟုအရှင်ကို အာရုံပြုပြီး သလွန်ပေါ်မှာ လှဲပြီး



www.burmeseclassic.com

www.burmeseclassic.com



အိပ်လိုက်ပါသတဲ့။ အဲသဟာနှင့် ညဥ့်ဦးယံအဖို့မှာ ရှေ့ရေးကို ဘယ်လိုဖြစ်ဦးမည်လို့ မမြင်နိုင်ဘဲ အိပ်ပျော်သွားပါသတဲ့။

မင်းသားကလေးကို အကျဉ်းချထားသည့် ရဲတိုက်ကြီးကလည်း ရဲတိုက်အိုကြီးပါတဲ့။ အလယ်ကောင်မှာလည်း ရေတွင်းကြီးတစ်တွင်း ရှိပါသတဲ့။ အဲသည် ရေတွင်းကြီးထဲမှာ မေမ္ဘူနာဆိုသည့် ဥစ္စာစောင့်မ တစ်ယောက် နေပါသတဲ့။ မင်းသားကလေး အိပ်ပျော်နေတော့ ဥစ္စာစောင့်မ မေမ္ဘူနာက ကောင်းကင်တက်ပြီး နတ်သမီး နတ်သားတွေ စကားပြောသဟာ နားထောင်ဦးမည် ဆိုပြီး ရေတွင်းထဲက တက်လာပါသတဲ့။ သည်တော့ ရေတွင်းနှုတ်ခမ်းပေါ် တက်မိသည်ဆိုလျှင်ပဲ ရဲတိုက်ထဲက မီးရောင်ကို မြင်ပါသတဲ့။ အဲသဟာနှင့် မေမ္ဘူနာက အောက်မေ့ပါသတဲ့။ "အလို... သည်ရဲတိုက်မှာ ငါ နေသဟာလည်း ကြာလှပြီ၊ သည်လို မီးရောင်လည်း တစ်ခါမျှ မတွေ့ဖူးပါဘူး၊ ဘယ်လိုအကြောင်းများ ထူးပါလိမ့်။ ငါ သွားကြည့်ဦးမှ တော်တော့မကို..."လို့။ အဲသဟာနှင့် မေမ္ဘူနာလည်း မီးရောင်ရှိရာကို သွားကြည့်ပါသတဲ့။ သည်တော့ ရဲတိုက်ထဲမှာ ကင်းစောင့်ရသည့် သင်းကွပ်တစ်ယောက် အိပ်ပျော်နေသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် တစ်ခါ မီးရောင် ရှိရာကို အသာကလေး ဆက်သွားပြန်တော့ သလွန်ပေါ်မှာ ကမာအာဇမန် မင်းသားကလေး ခေါင်းမြီးခြုံပြီး အိပ်နေသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် ခေါင်းက အဝတ်ကလေးကို အသာ ဖွင့်ကြည့်လိုက်တော့ မင်းသားကလေးရဲ့ မျက်နှာကို မြင်ပါသတဲ့။ အဲသည်တော့ မင်းသားကလေး မျက်နှာကလေးက လှလွန်းလို့ ဥစ္စာစောင့်မဟာ တစ်နာရီလောက် မျက်တောင်မခတ်ဘဲနှင့် စိုက်ကြည့်နေပါသတဲ့။

ပြီးတော့ ဥစ္စာစောင့်မ စိတ်ထဲက အောက်မေ့ပါသတဲ့။ "ဩော်... သည်လောက် လှသည့် လုလင်ပျိုကလေးကို ဘယ်သူကများ သည်ရဲတိုက်အိုကြီးထဲ လာထားကြပါလိမ့်လဲ" လို့။ ပြီးတော့ "သည်လုလင်ပျိုကို ဘယ်သူကမှ ရန်မမူနိုင်အောင် ငါ စောင့်ရှောက်မည်။ အခုနေများ မကောင်းဆိုးဝါး တစ်ကောင်ကောင်ကများ တွေ့သွားလျှင် သူ့ခမျာ ခက်ရှာရတော့မည်။ သူ့ကိုတော့ ငါကယ်မှပဲ" လို့ ဆိုပြီး မင်းသားကလေးရဲ့ မျက်ခုံးနှစ်ခုကြားကို အသာကလေး ခိုးပြီး နမ်းပါသတဲ့။ ပြီးတော့ မင်းသားကလေး ခေါင်းမြီးခြုံထားသည့် ပုဆိုးကလေးကို အသာဆွဲယူပြီး၊ သူ့မျက်နှာကို အုပ်ထားပြီး မေမ္ဘူနာက ကောင်းကင်ကို ပျံတက်သွားပါသတဲ့။

အဲသဟာနှင့် ကောင်းကင်ကျတော့ ဥစ္စာစောင့် အထီးတစ်ယောက်နှင့် သွားတွေ့ပါသတဲ့။ အဲသည် ဥစ္စာစောင့်အထီးက မေမ္ဘူနာထက် အောက်တန်းကျလို့ မေမ္ဘူနာ လာသဟာကို တွေ့တော့ ကြောက်လွန်းလို့ တုန်နေပါသတဲ့။ အဲသဟာနှင့် ဥစ္စာစောင့် အထီးက သူ့အသက်ကို ချမ်းသာပေးပါလို့ မေမ္ဘူနာကို တောင်းပန်ပါသတဲ့။ အဲသဟာနှင့် မေမ္ဘူနာက 'သင် အခု ဘယ်က သည်နေရာကို ရောက်လာသလဲလို့ ငါ့ကို မှန်မှန် ပြောရမည်' လို့ ဆိုပါသတဲ့။





သည်တော့ ဥစ္စာစောင့်အထီးက 'ငါ့အသက်ကို ချမ်းသာပေးပါ၊ သည်ကနေ့ ငါ မြင်လာသည့် အထူးအဆန်း တစ်ခုကို ငါ သင့်ကို ပြောပြပါမည်' လို့ မေမ္ဘူနာကို ပြောပါသတဲ့။ သည်တော့ မေမ္ဘူနာက 'အေး... ကောင်းပြီ၊ သင် ပြောမည်ဆိုသဟာကို မှန်မှန်ပြော။ မဟုတ်သဟာကို လုပ်ကြံပြောလျှင် သင့်ကို ငါကိုယ်တိုင် အရေဆုတ်ပြီး သတ်ပစ်မယ်' လို့ ဆိုပါသတဲ့။

သည်တော့ ဥစ္စာစောင့်အထီးက 'သည်ည ငါ တရုတ်ပြည် ဃာယူမင်းနန်းတော်ကို ရောက်ခဲ့ပါသည်။ အဲသည် ဃာယူမင်းကြီးမှာ သမီးတော်တစ်ပါး ရှိပါသည်။ ဘွဲ့တော်က ဗူဒူပါတဲ့။ ဒွန္နယာကြီးမှာ ဗူဒူမင်းသမီးလောက် ချောသည့်သူ မရှိပါ။ သမီးတော်တစ်ပါးကို မြတ်နိုးတော်မူသည့်အတွက် ခမည်းတော် ဃာယူမင်းကြီးကလည်း နန်းမ ခုနစ်ဆောင် သနားတော်မူထားပါသည်။ ဗူဒူ မင်းသမီးကို မိဖုရားမြှောက်ချင်သည့် မင်းအပေါင်းဟာ လက်ဆောင်အမျိုးမျိုးနှင့် လာကြပါသည်။ သဟာပေမင့် ဗူဒူက ဘယ်သူ့ကိုမျှ လက်မခံပါဘူး။ ခမည်းတော် မင်းကြီးက စုလျားရစ်ပတ်ဖို့ အကြံပေးသည့် အခါလည်း သမီးတော်ဗူဒူက "မှန်လှပါ၊ သမီးတော်ဟာ စုလျားရစ်ပတ်ချင်သည့်စိတ် လုံးလုံးမရှိပါဘုရား။ သမီးတော်ဟာ ယောကျ်ားများကို အုပ်စိုးရသည့် ဘုရင်မတစ်ဆူ ဖြစ်သဖြင့် ယောကျ်ားတို့က သမီးအပေါ် အုပ်စိုးခြင်းကို မခံလိုပါ ဘုရား" လို့ ပြန်ပြောပါသည်။ အဲသည်လို ဗူဒူမင်းသမီးက ဘယ်မင်းကိုမှ လက်မခံလေလေ၊ မိဖုရားတင်ချင်ကြသည့် မင်းတွေဆီက လက်ဆောင်တော်တွေနှင့် သဝဏ်လွှာတွေ လာလေလေပါပဲတဲ့။ သည်အတွင်းမှာ ဃာယူမင်းကြီးက သမီးတော်ကို စုလျားရစ်ပတ်ဖို့ တိုက်တွန်းပါသည်။ အဲသည်လို တိုက်တွန်းဖန်များတော့ ဗူဒူမင်းသမီးက "နောက်ထပ် ခမည်းတော် ဘုရားက သမီးတော်ကို စုလျားရစ်ပတ်ဖို့ တိုက်တွန်းပါလျှင် သမီးတော်သည် အဆောင်တော်ထဲ ဝင်ပြီး လက်သုံးတော်ဓားနှင့် သမီးတော်ကိုယ် သမီးတော် အဆုံးစီရင် ရပါလိမ့်မည် ဘုရား" လို့ လျှောက်ပါသတဲ့။

'အဲသဟာနှင့် ဃာယူမင်းကြီးဟာ သမီးတော်အတွက် စိုးရိမ်ခြင်းမက စိုးရိမ်နေပါသည်။ ပြီးတော့ သမီးတော်အတွက်နှင့် တစ်ပါးသော မင်းများနှင့် အချင်းများရမည်ကိုလည်း စိုးရိမ်တော်မူပါသည်။ အဲသဟာနှင့် ဃာယူမင်းကြီးက သူ့သမီးတော်ကို ခေါ်ပြီး "သမီးတော်သည် ဘယ်နည်းနှင့်မျှ စုလျားရစ်ပတ်လိုစိတ် မရှိပါဘူးဆိုပါလျှင် အပြင်ကို ထွက်၍ ဟိုသွားသည်သွား သွားခြင်းများကို ရပ်စဲပါ" လို့ ပြောပြီး ဗူဒူကို အိမ်ကြီးတစ်ဆောင်ထဲမှာ ထည့်ပြီး ပိတ်ထားပါသည်။ အဲသည် အခါကစပြီး ဗူဒူမင်းသမီးဟာ နန်းမ ခုနစ်ဆောင်မှာ မစံရတော့ပါဘူး။ သူ့အနားက မိန်းမဖော်တစ်ကျိပ် အမြဲစောင့်နေပါသည်။ ပြီးတော့ ဃာယူမင်းကြီးက သမီးကလေးအပေါ် စိတ်ဆိုးချင်ယောင်ဆောင်ပြီး မင်းသမီးကလေးဟာ နတ်ဆိုးတွေ ဖမ်းစားထားလို့ ရူးနေသည်။ ရူးနေသဟာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ တစ်နှစ်ရှိနေပြီ ဆိုပြီး အပြည့်ပြည့် မင်းများဆီ စာတိုစာရှည် ကမ်းထားပါသည်’လို့ ဥစ္စာစောင့်ထီး ဒါနတ်က မေမ္မနာကို ပြောပြပါသည်။

ပြီးတော့ တစ်ခါ ဒါနတ်က ဆက်ပြီး ပြောပါသေးသည်။ ‘အဲသဟာနှင့် ငါလည်း ဗုဒ္ဓမင်းသမီးလေး စက်တော်ခေါ်တုန်း အိမ်ကြီးထဲ ဝင်ကြည့်ပါသည်။ မမရယ်၊ ဘယ်လို လှနည်း လှမှန်း မသိပါဘူး။ အဲသဟာနှင့် ငါလည်း ချစ်လွန်းလို့ သူ့မျက်ခုံးလေး နှစ်ခုကြား အသာကလေး နိုးပြီးတောင် နမ်းခဲ့ပါသေးသည်။ သည့်ပြင်တော့ ငါ ဘာမျှ ကျူးကျူးကျော်ကျော် မလုပ်ပါဘူး မမရယ်။ ဗုဒ္ဓလို လှသဟာမျိုး ငါဖြင့် တစ်ခါမျှ မမြင်ဖူးပါဘူး မမရယ်။ ငါလည်း ဘယ်လိုလှသည် ဆိုသဟာကို မပြောတတ်ပါဘူး။ ငါ ပြောသဟာကို မယုံလို့ရှိလျှင် မမကိုယ်တိုင် အခု ငါနှင့် လိုက်ကြည့်လှည့်ပါ။ ငါ ပြောသဟာ မဟုတ်ဘူးဆိုလျှင် ငါ့ကို မမ သဘောအတိုင်း ပြုပါ။ ငါဟာ မမက သေဆိုသေ၊ ရှင်ဆို ရှင်ရမည့်သူပါ’ လို့။

သည်တော့ မေမ္မနာက ‘သေခြင်းဆိုး၊ ငါ အဟုတ်မှတ်လို့ သင် ပြောသဟာကို နားထောင်နေသည်။ သင့်မင်းသမီး ချောသည်ဆိုသဟာက ငါ့လုလင်ပျိုကလေး အိပ်နေသလောက် ရှိမှာပါဟ။ သင်က ငါ့လုလင်ပျိုကလေးကို မမြင်ရသေးလို့ပါ။ သည်နေ့ည ငါ တွေ့ခဲ့သည့် လုလင်ပျိုလို ချောသဟာမျိုးတော့ ရှာလို့ တွေ့မှာ မဟုတ်ပါဘူး။ သင်သာ မြင်ရလျှင် သွားရည်တောင် ယိုလာဦးမည်’ လို့ ဒါနတ်ကို ပြောပါသတဲ့။ သည်တော့ ဒါနတ်က ‘သဟာဖြင့် အဲသည် လုလင်ပျိုက ဘယ်သူတဲ့လဲ၊ သူ ဘယ်မှာ နေသလဲ’ လို့ မေမ္မနာကို မေးပါသတဲ့။ သည်တော့ မေမ္မနာက ‘အို... ဒါနတ်နှယ် ငါဖြင့် ပြောပဲ မပြောချင်ပါဘူး။ အဲသည် ငါ ပြောသည့် လုလင်ပျိုကလေး အဖြစ်ကလည်း သင် ပြောသည့် ဗုဒ္ဓကလေးအဖြစ်နဲ့ သိပ်တူသဟာပဲ’တဲ့။ ‘သူကလည်း သင့် ဗုဒ္ဓကလေး လိုပဲ သူ့ခမည်းတော်က ထိမ်းမြားဖို့ ခဏခဏ နားချသဟာကို မရလို့ နောက်ဆုံးတော့ သူ့ခမည်းတော်က အမျက်တော်ရှပြီး အခု ငါနေသည့် ရဲတိုက်ကြီးထဲမှာ အကျဉ်းချထားသည်’ လို့ ဒါနတ်ကို ပြောပါသတဲ့။

အဲသဟာနှင့် ဒါနတ်က ‘သဟာဖြင့် မမရယ်၊ မမ ပြောသည့် လုလင်ပျိုကို ငါ လိုက်ကြည့်စမ်းပါရစေ၊ ဗုဒ္ဓကလေးနှင့် ဘယ်သူက ချောသလဲလို့ သိရအောင်။ ငါ့အထင်တော့ သည်ခေတ်ကြီးမှာ ဗုဒ္ဓလို ချောသဟာမျိုး ရှိမယ် မထင်ပါဘူး’ လို့ မေမ္မနာကို ပြောပါသတဲ့။ သည်တော့တစ်ခါ မေမ္မနာက ‘ဟဲ့ သေခြင်းဆိုး မိစ္ဆာကောင်၊ နင့်မင်းသမီးနှင့် ငါ့မင်းသားကလေးကို နင်က နှိုင်း နှိုင်း မပြောနှင့်ဟဲ့။ ဒွန္တယာကြီး တစ်ခုလုံးမှာ ငါ့မင်းသားကလေးလို ချောသဟာ ရှိသဟာ မဟုတ်ဘူး’ လို့ ဒါနတ်ကို ပြောပါသတဲ့။

အဲသည်တော့ ဒါနတ်က ‘သဟာလောက် ရှိလှသဟာ မမရယ်၊ ငါ့ မင်းသမီး





ကလေးကိုပဲ မမ အလျင် လိုက်ကြည့်၊ ပြီးတော့မှ ငါ မမရဲ့ မင်းသားကလေးကို လိုက်ကြည့်ပါ့မယ်။ သည်လိုဆိုရင် မမ တယ်လိုသဘောရသလဲ’ လို့ မေမ္မနာကို မေးပါသတဲ့။ သည်တော့ မေမ္မနာက ‘ဟဲ့... သေခြင်းဆိုး၊ သင် သည်လိုပြောရုံနှင့် ငါ မလိုက်နိုင်ဘူး။ သင်နဲ့ ငါနဲ့ အလောင်းအစား လုပ်ပြီးမှ ငါ လိုက်နိုင်မည်။ သင် ချစ်သည့်၊ သင် မြတ်နိုးသည့်၊ သင် လှသည်ဆိုသည့် ဟာမလေးဟာ ငါ ချစ်သည့်၊ ငါ မြတ်နိုးသည့်၊ ငါ လှသည် ဆိုသည့် ဟာကလေးထက် လှသည်ဆိုရင် သင်အနိုင်။ သဟာမှ မဟုတ်ဘဲနှင့် ငါ ချစ်သည့်၊ ငါ မြတ်နိုးသည့်၊ ငါ လှသည် ဆိုသည့် ဟာကလေးက သင် ချစ်သည့်၊ သင် မြတ်နိုးသည့်၊ သင် လှသည် ဆိုသည့် ဟာမလေးထက် လှသည်ဆိုရင် သင်က အရှုံး၊ ငါက အနိုင်။ ကိုင်း... ဘယ့်နှယ်လဲ၊ သည်လိုဆိုရင် သင် သဘောကျပြီလား’ လို့ ပြန်မေးပါသတဲ့။

သည်တော့ ဒါနတ်က ‘မမ ပြောသည့်အတိုင်းပဲ စိန်လိုက်ပါ၊ ငါ ကြိုက်ပါသည်။ ကိုင်း... သဟာဖြင့် လာ ဗုဒ္ဓကလေးကို သွားပြီး ကြည့်ကြမည်’ လို့ ပြောပါသတဲ့။ သည်တော့ မေမ္မနာက ‘အမယ် သည်လိုတော့ နင်က ဘာရမလဲ၊ ငါ့ မင်းသားကလေး ဆီကို အလျင် သွားကြည့်မှာပေါ့။ ငါ့ မင်းသားကလေး နေသဟာက သည်အောက် တည့်တည့် နီးနီးကလေးပဲ ။ နင့် ဗုဒ္ဓကလေး နေသဟာက အဝေးကြီးဟာပဲ။ ငါ့ မင်းသား ကလေး ဆီကို အလျင် သွားကြည့်မည်’ လို့ ဆိုပါသတဲ့။ သည်တော့ ဒါနတ်က ‘ကိုင်း... သဟာဖြင့် မမ ကြိုက်သလို လုပ်၊ လာ... မမ မင်းသားကလေးကို သွားကြည့်ကြ မည်’ လို့ ပြောပြီး နှစ်ဦးသား ကောင်းကင်က ဆင်းပြီး ကမာအာဇမန် မင်းသားကလေး နေသည့် ရဲတိုက်ကြီးကို ဆင်းပြီး ကြည့်ကြပါသတဲ့။ ရဲတိုက်ကြီးထဲ ရောက်တော့ မေမ္မနာက မင်းသားကလေး အိပ်နေသည့်အနား အသာကလေးသွားပြီး သူ့မျက်နှာကို ဖုံးထားသည့် ပုဆိုးကလေးကို ဖွင့်ပြီး ကြည့်ပါသတဲ့။ သည်တော့ မင်းသားကလေးရဲ့ မျက်နှာကလေးက တက်သစ်စ နေလုလင်လို ဝင်းထိန် နေပါသတဲ့။ အဲသဟာနှင့် မေမ္မနာ လည်း မင်းသားကလေးရဲ့ မျက်နှာကို အတော်ကြာကြာ စိုက်ကြည့်နေပြီးမှ ‘ဟဲ့... ဒါနတ်၊ သေခြင်းဆိုး၊ သည်မှာကြည့်စမ်း၊ ငါ့ဟာလေးက ဘယ်လောက် လှသလဲ’ လို့ ပြောပါသတဲ့။ သည်တော့ ဒါနတ်က မင်းသားကလေးကို သေသေချာချာ စိုက်ကြည့်ပြီး ‘ဟုတ်ပါရဲ့၊ မမဟာ့လေးကလည်း မမ ပြောသလောက်ပဲ လှပါပေသည်။ သဟာပေမင့် ယောက်ျားနှင့် မိန်းမဆိုသဟာ လှပုံချင်းတော့ မတူဘူးပေါ့။ ငါ့ မင်းသမီးကလေးကလည်း သူ့နည်းနှင့် သူတော့ လှသဟာပါပဲ။ ငါ့အထင်တော့ ဒွန္တယာကြီးမှာ သူတို့နှစ်ယောက်ဟာ သိပ်ပြီး အလှညီသည် ထင်သဟာပဲ’ လို့ မေမ္မနာကို ပြောပါသတဲ့။ သည်တော့ ဒါနတ်က သူ့မင်းသမီးလေးဟာ သူ့မင်းသားကလေးလောက် လှသည် ပြောရမလားဆိုပြီး မေမ္မနာ က ဒါနတ်ခေါင်းကို သူ့အတောင်နှင့် တအား ပိတ်ရိုက်လိုက်သဟာ ကံကောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ဒါနတ်ဟာ အဲသည်နေရာမှာပဲ ပွဲချင်းပြီး သေမသွားပါသတဲ့။ ပြီးတော့မှ မေမ္ဘနာက 'ဟဲ့ . . . ဒါနတ်၊ သေခြင်းဆိုး၊ နင့်ဟာမကလေး ချောလှသည်ဆိုသဟာ ငါ ကြည့်ချင်သည်။ အခု ချက်ချင်း နင် သွားပြီး နင့်ဟာမကလေးကို ဆောင်ခဲ့ရမည်။ သည် ရောက်လာတော့မှ နင့်ဟာမကလေးနှင့် ငါ့ဟာကလေးဟာ ဘယ်သူက ချောသည်ဆိုသဟာ အတူတူ ယှဉ်သိပ်ပြီး ကြည့်မည်' လို့ ဆိုပါသတဲ့။

သည်တော့ ဒါနတ်က 'ကောင်းပါပြီ မမမ္ဘနာရယ်၊ ငါ အခုပဲ သွားပြီး ငါ့ မင်းသမီးကလေးကို ခေါ်ခဲ့ပါမည်။ တကယ်ဆိုတော့ ငါ့ မင်းသမီးကလေးက သင့်ဟာကလေးထက် ချောသဟာကတော့ အမှန်ပဲ' လို့ ပြောပြီး ကောင်းကင်ကို ပျံတက်သွားသတဲ့။ သည်တော့ မေမ္ဘနာကလည်း ဒါနတ်ကို စောင့်ရှောက်ဖို့ အတူပျံတက်ပြီး လိုက်သွားပါသတဲ့။ မင်းသမီးကလေး နေသည့် အိမ်ကြီးထဲ ရောက်သွားတော့ ဒါနတ်က မင်းသမီးကလေးကို ပွေ့ပြီး ယူလာပါသတဲ့။ အဲသဟာနှင့် ဒါနတ်နှင့် မေမ္ဘနာဟာ နှစ်ယောက်သား မင်းသမီးကလေးကို ကမာအာဇမန် မင်းသားကလေးရှိသည့် ရဲတိုက်ကြီးထဲကို ဆောင်လာကြပါသတဲ့။ ရဲတိုက်ကြီးထဲရောက်တော့ မင်းသမီးကလေးကို မင်းသားကလေးရဲ့ ဘေးနားမှာ ယှဉ်သိပ်ထားပြီး ဒါနတ်နှင့် မေမ္ဘနာက ဘယ်သူက လှသလဲ ဆိုပြီး ကြည့်ကြပါသတဲ့။ သည်တော့ ဒါနတ်က 'အံမာ . . . မမဟာလေးက ငါ့ မင်းသမီးလောက် မလှပါဘူး' လို့ ဆိုပါသတဲ့။

သည်တော့ မေမ္ဘနာက 'ဟဲ့ . . . သေခြင်းဆိုး၊ သင့်မှာ မျက်စိ မပါဘူးလား။ ငါ့ မင်းသားလေးကမှ တကယ်ချောသဟာဟဲ့။ ရုပ်လည်း ပြောစရာ မရှိဘူး၊ အချိုးအစားလည်း ပြောစရာ မရှိဘူး၊ ကိုယ်ပေါက်ကိုယ်ရောက်လည်း ပြောစရာ မရှိဘူး' လို့ ပြောပါသတဲ့။ ပြီးတော့ မေမ္ဘနာက မင်းသားကလေးရဲ့ မျက်ခုံးနှစ်ခုကြားကို ထပ်တလဲလဲ နမ်းပါသတဲ့။ ပြီးတော့ မေမ္ဘနာက မင်းသားကလေးကို ကဗျာဖွဲ့ပြီး ချီးကျူးပါသတဲ့။

သည်တော့ ဒါနတ်က မင်းသမီးကလေးရဲ့ မျက်ခုံးကလေး နှစ်ခုကြားကို ကြိမ်ဖန်များစွာ နမ်းပြီး 'မမက မမရဲ့ ဟာကလေးအတွက် ကဗျာဖွဲ့မှ ငါကလည်း ငါ့မင်းသမီးကလေးအတွက် ကဗျာဖွဲ့ရဦးမှာပဲ' ဆိုပြီး မင်းသမီးကလေးရဲ့ လှပုံကို ကဗျာဖွဲ့ပြီး ရွတ်ပြပါသတဲ့။ သည်တော့ မေမ္ဘနာက 'အေး . . . သင့်ကဗျာလည်း အကောင်းသားပဲဟဲ့။ သဟာပေမင့် ဟဲ့ . . . ဒါနတ်၊ သင် ငါ့ကို မှန်မှန်ပြောစမ်း။ သင့်ဟာမလေးနှင့် ငါ့ဟာလေးဟာ ဘယ်သူက ပိုပြီး ချောသလဲ' လို့ ဆိုပါသတဲ့။

သည်တော့ ဒါနတ်က 'ဩော် . . . မမနှယ်၊ မေးမှ မေးရက်ပလေသည်။ ငါ့ မင်းသမီးကလေးက ပိုပြီး ချောသဟာပေါ့ မမရဲ့' လို့ ပြန်ပြောပါသတဲ့။ သည်တော့ မေမ္ဘနာက 'အံမယ် . . . ငါ့ဟာကလေးက ပိုပြီး ချောပါသည်တော်' လို့ ပြန်ပြောပါသတဲ့။ သည်တော့တစ်ခါ ဒါနတ်က 'အံမယ် . . . မမကလည်း ငါ့ မင်းသမီးက ပိုချောပါသည်





မမရဲ့' လို့ ပြောပြန်ပါသတဲ့။ သည်တော့တစ်ခါ မေမ္ဘနာကလည်း သူ့မင်းသားကလေးက ပိုချောသည်လို့ ပြောပြန်ပါသတဲ့။ အဲသဟာနှင့် တစ်ယောက်တစ်ပြန် ငြင်းနေကြရင်း မေမ္ဘနာက စိတ်ဆိုးလာပြီး ဒါနတ်ကို ရိုက်မည် လုပ်ပါသတဲ့။

သည်တော့ ဒါနတ်က 'ကိုင်း . . . မမနှင့် ငါနှင့် ငြင်းနေကြလို့ ပြီးမှာ မဟုတ်ဘူး။ မှန်သည့်အတိုင်း သိရအောင် ကြားလူတစ်ယောက်ကို ခုံတင်ပြီး ဆုံးဖြတ်ကြမယ်။ အဲသည်ခုံက ဆုံးဖြတ်သဟာကို မမရော ငါရော လိုက်နာကြရမယ်။ ဘယ့်နှယ်လဲ မမ၊ သဘောတူရဲ့လား' လို့ ပြောပါသတဲ့။ သည်တော့ မေမ္ဘနာက 'ကောင်းပြီ၊ သည်လိုဆိုလျှင် ခုံလုပ်မည့်သူကို ငါ ခေါ်လိုက်မည်' လို့ ပြောပြီး မြေကြီးကို ဖနောင့်နှင့် ပေါက်လိုက်တော့ မြေကြီးထဲက မျက်စိက တစ်ဖက်လပ်၊ ကျောက ကုန်းကုန်း၊ မျက်စိပေါက်က ဒေါင်လိုက်၊ ခေါင်းပေါ်က ချိုခုနစ်ခု၊ ဆံပင်ကလည်း ဖားလျား၊ လက်ချောင်းတွေကလည်း ခက်ရင်းသွား၊ ပေါင်တံက အိမ်တိုင်၊ လက်သည်းတွေက ကျားလက်သည်း၊ ခြေထောက်က လားခြေထောက်နှင့် ဥစ္စာစောင့် အဘိုးအိုကြီးတစ်ယောက် ပေါ်လာပါသတဲ့။

သည်တော့ ဥစ္စာစောင့်ကြီးက မေမ္ဘနာကို ပြောပါသတဲ့။ 'အို သခင်မ၊ ဘယ်အရေး ဘယ်အကြောင်းနှင့် ငါ့ကို ခေါ်ပါသလဲ' လို့။ သည်တော့ မေမ္ဘနာက 'သည်မှာ ကပ်သကပ်ရဲ့၊ ဟောသည် သေခြင်းဆိုး ဒါနတ်နှင့်ငါနှင့် အငြင်းအခုံ ဖြစ်နေကြလို့ သင်က ကြားထဲက သမာသမတ် ဖြစ်အောင် ဆုံးဖြတ်ပေးဖို့ သင့်ကို ခုံတင်ချင်လို့ ခေါ်သဟာပါ' လို့။ ပြီးတော့ မေမ္ဘနာက ကပ်သကပ်ကို ဒါနတ်နှင့် သူနှင့် မင်းသမီးကလေးနှင့် မင်းသားကလေး အချောပြိုင်ကြသည့် အကြောင်းကို အစအဆုံး ပြန်ပြောပါသတဲ့။

သည်တော့ ကပ်သကပ်က နှစ်ယောက်သား တစ်ယောက်လည်ပင်း တစ်ယောက် ဖက်ပြီး အိပ်ပျော်နေသည့် မင်းသားကလေးနှင့် မင်းသမီးကလေးကို အသေအချာ ကြည့်ပြီး 'သည်မှာ မမ၊ အလာဟုအရှင်ကို သက်သေထားပြီး မှန်သည့်အတိုင်း ပြောရမှာဖြင့် မမရဲ့ မင်းသားကလေးနှင့် သည်က ဒါနတ်ကောင်ရဲ့ မင်းသမီးကလေးဟာ လှပုံချင်းရော၊ ပြေပြစ်ပုံချင်းရော၊ ကျက်သရေရှိပုံချင်းရောဟာ ဘယ်သူကမှ ဘယ်သူထက် မသာပါဘူး။ နှစ်ယောက်စလုံး လှကြ ချောကြ သဟာချည်းပါပဲ။ အဲ . . . တစ်ခုပဲ၊ ယောကျ်ားနှင့် မိန်းမမို့ တစ်ယောက်နှင့်တစ်ယောက် မတူကြသဟာပဲ ပြောစရာရှိသည်။ သည့်ပြင် ချောသည့် နေရာမှာတော့ ငါ့သဘော အရတော့ အတူတူပါပဲ။ သည်တော့ ငါ သည်လို လုပ်ချင်သည်။ သူတို့နှစ်ယောက်ကို တစ်ယောက်စီ မသိအောင် နှိုးပြီး၊ ဘယ်သူဟာ ဣန္ဒြေ စောင့်စည်းနိုင်သည်၊ ဘယ်သူက ဣန္ဒြေမစောင့်စည်းနိုင်ဘူး ဆိုသဟာကို မမတို့ ငါတို့က ချောင်းကြည့်ကြမည်။ သည်အခါမှာ ဣန္ဒြေ မစောင့်စည်းနိုင်သူဟာ အရှုံးပဲ။ ဘယ့်နှယ်လဲ၊ ငါ့အကြံကို မကြိုက်ဘူးလား' လို့ ပြောပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မေမူနာနှင့် ဒါနတ် နှစ်ဦးလုံး ကပ်သကပ်ရဲ့ အကြဲကို သဘောတူကြပါသတဲ့။ အဲသဟာနှင့် ဒါနတ်က ခွေးလှေးယောင်ဆောင်ပြီး ကမာအာဇမန် မင်းသားလေးရဲ့ လည်ကုပ်ကို ကိုက်လိုက်ပါသတဲ့။ အဲသဟာနှင့် မင်းသားလေးလည်း အိပ်ရာက လန့်နိုးပြီး အိပ်မှုန်စုံမွှားနှင့် ခွေးလှေးကိုက်ထားသည့် နေရာကို နာနာပါအောင် ကုတ်ပါသတဲ့။ ပြီးတော့ လှိမ့်ပြီး တစ်ဖက်လှည့်လိုက်တော့၊ လား လား သူ့အနားမှာ မင်းသမီးကလေး ရောက်နေသဟာကို တွေ့ပါသတဲ့။ မင်းသမီးကလေးရဲ့ အာခံတွင်းကလည်း ကတိုးနံ့ထက်ပဲ သင်းပါသေးသတဲ့။ အသားကလေးတွေကလည်း ထောပတ်ဆီဉလောက်ပဲ နူးညံ့ပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးလည်း အံ့အားအသင့်ကြီးသင့်ပြီး မင်းသမီးကလေးရဲ့ မို့မောက်သည့်ရင်၊ နီမြန်းသည့် ပါးပြင်ကလေးတွေကို ကြည့်ပြီး သက်ပြင်းကြီး ချပြီး "သည်တစ်ခါတော့ ငါဖြင့် ခက်ပြန်ပြီ" လို့ အောက်မေ့ပါသတဲ့။ မင်းသမီးကလေး ဝတ်ထားသည့် တန်ဆာပလာများကလည်း အဖိုးထိုက် အဖိုးတန်တွေချည်းပါပဲ တဲ့။ သဟာပေမင့် ခါတိုင်းဝတ်နေကျ အတွင်းခံ ဘောင်းဘီကလေးတော့ မပါဘူးတဲ့။ အဲသဟာနှင့် မင်းသားကလေးဟာ မင်းသမီးကလေးကို ကြည့်ရင်း ကြည့်ရင်းနှင့် သူ့အတွင်းက အပူဓာတ်ဟာ ဟုန်းဟုန်း ဟုန်းဟုန်း တောက်လာပါ သတဲ့။

သည်တော့ မင်းသားကလေးက "ဟယ် . . . တတ်နိုင်ပါဘူး၊ ဒွန္နယာကြီးမှာ ဘယ်သူမှ ဘာမှ တတ်နိုင်ကြသဟာ မဟုတ်ပါဘူး။ အလာဟုအရှင် အလိုရှိသည့် အတိုင်းသာ ဖြစ်ကြရမှာချည်းပဲ" လို့ အောက်မေ့ပြီး မင်းသမီးကလေးကို လက်နှင့် အသာဆွဲပြီး လှည့်လိုက်ပါသတဲ့။ ပြီးတော့ ကိုယ်ကျပ်အင်္ကျီ လည်ချာသီးကလေးကို ဖြုတ်လိုက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးရဲ့ ရင်ပုံကလေးဟာ အထင်းအလင်း ပေါ်လာပါသတဲ့။ ရင်သားကလေး နှစ်ခုကလည်း ဆင်စွယ်ထုထားသည့် နေဝန်းလဝန်းများလို လုံးဝန်းနေပါသတဲ့။ သည်တော့ မင်းသားကလေးရဲ့ အတွင်းက အပူဓာတ်ကလည်း ဆတက်တိုးပြီး ပူပြင်းလာပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက မင်းသမီးကလေးကို လက်နှင့် အသာလှုပ်ပြီး 'အို . . . ချစ်သူ ထပါဦး၊ ငါ့ကို ကြည့်ပါဦး၊ ငါဟာ ကမာအာဇမန်ပါ' လို့ ဆိုပါသတဲ့။ သဟာပေမင့် မင်းသမီးကလေးက မေမူနာနှင့် ဒါနတ်တို့ တန်ခိုးကြောင့် နိုးလို့ မနိုးပါဘူး တဲ့။ အဲသဟာနှင့် ကမာအာဇမန်လေးလည်း မင်းသမီးကလေးကို အကြာကြီး ကြည့်နေပြီး "သြော် . . . ငါ့ခမည်းတော်က ငါ့ကို ထိမ်းမြားမည်လို့ သုံးနှစ်လုံး ပြောနေသဟာ ဟာ သူကလေးနှင့်ပဲ တူသည်။ အင်း . . . ယှားလား(ဘုရားသခင် အလိုတော်ရှိမည် ဆိုလျှင်) မိုးသောက်သဟာနှင့် တစ်ပြိုင်နက် ခမည်းတော်ကို ငါ လျှောက်မည်။ သားတော်ကို သည်ဟာကလေးနှင့် ချက်ချင်း ထိမ်းမြားပေးပါလို့။ ပြီးတော့ မွန်းမတည့်ခင်ဘဲ ငါဟာ သူ့ကာမပိုင် ဖြစ်အောင်လုပ်ပြီး သူ့





လှသဟာတွေ၊ ချစ်စရာကောင်းသဟာတွေကို ဝသွား အီသွားအောင် စည်းစိမ်ခံလိုက်မည်' လို့ အောက်မေ့နေပါသတဲ့။ ပြီးတော့ မင်းသားကလေးက မင်းသမီးကလေးကို နမ်းဖို့ ကုန်းလိုက်ပါသတဲ့။ သည်တော့ မေမူနာက မျက်စိမျက်နှာ ပျက်သွားပြီး တုန်နေပါသတဲ့။ ဒါနတ်ကတော့ ဝမ်းသာလုံး ဆို့သွားမတတ် ဖြစ်ပါသတဲ့။ အဲသည်တုန်းမှာ မင်းသားကလေးက "ဟယ် အလာဟုအရှင် ရှေ့တော်မှောက်မှာ ငါ သည်လိုလုပ်လို့ မတော်ပါဘူး" လို့ သတိရပြီး မင်းသမီးကလေးရဲ့ နှုတ်ခမ်းကလေးကို စုပ်မယ် ကြံသဟာကို မစုပ်လိုက်ဘဲနှင့် ပြန်ပြီး ကိုယ်ရှိန်သတ်ပြီး နောက်ကို ဆုတ်လိုက်ပါသတဲ့။

ပြီးတော့ သူ့စိတ်ထဲက အောက်မေ့ပါသတဲ့။ "ငါ သည်လို အလျင်စလို လုပ်လျှင် မှားမှာပေါ့။ သည်ဟာမကလေး သည်နေရာ ရောက်နေသဟာ ဟာ ငါ ခမည်းတော်ရဲ့ ပရိယာယ်ပဲ ဖြစ်ချင်ဖြစ်မည်။ အကယ်၍ ငါ့ခမည်းတော်ဟာ တစေ့တစောင်း ချောင်းမြောင်းကြည့်နေမည် ဆိုလျှင် ငါ့အရှက်ကို ငါ ခွဲသဟာနှင့် တူနေမည်။ သည်ဟာမလေးကိုပဲ ငါ့ခမည်းတော်က သင်က အသာလေး အိပ်ချင်ယောင် ဆောင်နေ၊ ပြီးတော့ ငါ့သားက သင့်ကို ဘာလုပ်သည် ဆိုသဟာတွေကို ငါ့ကို အကုန်လုံး ပြန်ပြော၊ သည် လောက်တောင် အပြောကြီးလှသည့် အကောင် သိရောပေါ့လို့ မှာချင်လည်း မှာထားမည်။ ဘယ်သူ သိနိုင်မလဲ။ တကယ်လို့ အခုနေ ငါက မဟုတ်တရုတ် လုပ်လိုက်လို့ ငါ့ခမည်းတော် သိသွားလျှင် 'ဘယ့်နှယ်လဲ သားတော်၊ သားတော်က ထိမ်းမြားချင်သည့်စိတ် မရှိသေးပါဘူး ဆို။ အခုတော့ သည်ဟာမကလေးကို နမ်းတောင်နမ်းသည် ဆိုတော့ ထိမ်းမြားချင်စိတ်တွေ မိုးမွှန်ကုန်ပြီလား' လို့ မေးပြီး ငါ့ကို လှောင်တော်မူလိမ့်မည်" လို့။ အဲသည်လို အောက်မေ့ပြီး မင်းသားကလေးဟာ မင်းသမီးကလေးကို နမ်းဖို့ အကြံကို လျှော့လိုက်ပါသတဲ့။

ပြီးတော့ တစ်ခါ မင်းသားကလေးက "သဟာပေမင့် သူ့ဆီက အမှတ်အသား ရအောင် တစ်ခုခုတော့ ငါ ယူထားဦးမှပဲ" လို့ ကြံပြီး မင်းသမီးကလေး ဝတ်ထားသည့် အဖိုးတန် လက်ဝတ်ရတနာကလေး တစ်ခုကို ချွတ်ယူပြီး သူ့လက်မှာ ဝတ်ထားလိုက်ပါသတဲ့။ ပြီးတော့ မင်းသားကလေးက မင်းသမီးကလေးကို ကျောပေးပြီး အိပ်ပျော်သွားပါရောတဲ့။ သည်တော့မှ မေမူနာဟာ စကားပြောနိုင်လာပြီး 'သဟာကြောင့် ငါ ပြောသည် မဟုတ်လား ဒါနတ်ရဲ့၊ ငါ့မင်းသားကလေးဟာ သူ့ကိုယ်သူ ထိန်းသိမ်းနိုင်ပါသည်လို့။ ကိုင်း . . . သင် မြင်သည် မဟုတ်လား၊ သည်လောက် ချောသည့် လှသည့် မင်းသမီးကလေး သူ့အိပ်ရာဘေးမှာ ရောက်နေသဟာတောင် ငါ့မင်းသားကလေးက ကြည့်ရုံပဲ ကြည့်ပြီး ဖက်ခြင်း၊ နမ်းခြင်း၊ ကိုင်တွယ်ခြင်းတောင် မလုပ်ဘူး။ သူ့ဟာသူ ကျောပေးပြီး ပြန်အိပ်သွားသဟာပဲ' လို့ ပြောပါသတဲ့။

သည်တော့ ဒါနတ်က 'မမ ပြောသဟာ မှန်ပါသည်၊ ကိုင်း . . . ငါ့မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



ကလေးကို စမ်းဖို့အလှည့် ရောက်ပါပြီ' လို့ ဆိုပါသတဲ့။ သည်တော့ မေမူနာကတစ်ခါ ခွေးလှေးယောင်ဆောင်ပြီး မင်းသမီးကလေးရဲ့ သလုံးကလေးက နေပြီး ပေါင်တွင်းသား ထိအောင် လျှောက်တက်သွားပြီး၊ အဲသည်ကမှ တစ်ခါ အထက်ကို အစဉ်အတိုင်း ဆန်တက်သွားပြီး မင်းသမီးကလေးရဲ့ ချက်အောက် လေးရတီလောက် အရောက်မှာ ကိုက်လိုက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးလည်း ဖြုန်းခနဲ အိပ်ရာက လန့်နိုးပြီး ထ ထိုင်လိုက်ပါသတဲ့။ သည်တော့မှ၊ လား လား သူ့အနားမှာ အိပ်မောကျနေသည့် မင်းသားကလေးကို တွေ့ပါသတဲ့။ မင်းသားကလေးကလည်း လှလိုက်သဟာ ဟာ မိုးပေါ်က နတ်သားလေး ကျနေသဟာပါပဲတဲ့။ အဲသဟာနှင့် မင်းသမီးကလေးလည်း ချစ်စိတ်တွေ၊ ကြိုက်စိတ်တွေ ဘောင်ဘင်ခတ်ကုန်သဟာပါပဲတဲ့။ ပြီးတော့ မင်းသမီး ကလေး စိတ်ထဲက အောက်မေ့ပါသတဲ့။ "သည် လုလင်ပျိုကို ငါလည်း မသိပါဘူး၊ ဘယ့်နှယ်ကြောင့် ငါ့အိပ်ရာထဲမှာ သူ လာရောက်နေပါလိမ့်" လို့။ ပြီးတော့တစ်ခါ မင်းသမီးကလေးက မင်းသားကလေးကို နှစ်ကြိမ်မြောက် ကြည့်ပြီး "ချောမှ ချောတတ် ပါပလေသဟယ်၊ ငါ့နှယ် ခက်တော့သဟာပါပဲ၊ ငါ့အသည်းတွေလည်း ကွဲကုန်ပြီ ထင်ပါရဲ့၊ ငါဖြင့် ရှက်လည်း ရှက်ပါသည်။ ငါ့ခမည်းတော်က ငါနှင့် ထိမ်းမြားပေးမည် ဆိုသည့် လုလင်ပျိုဟာ သူပဲ ဆိုလျှင်တော့ အစကတည်းက ငါမငြင်းပါဘူး" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ မင်းသားကလေးကို 'အို . . . ခင်မျက်ရှု၊ ယခုပင် ထပါလော့၊ သည် မယ့်မျက်နှာ ချစ်စရာကို ကြည့်တော်မူပါဦးလော့' လို့ ဆိုပြီး ဆွဲနိုးပါသတဲ့။ သဟာပေမင့် မေမူနာရဲ့ တန်ခိုးကြောင့် မင်းသားကလေးက အိပ်ရာက မနိုးပါဘူးတဲ့။ သည်တော့ မင်းသမီးကလေးက တစ်ခါ မင်းသားကလေးကို လှုပ်ပြီး နှိုးပြန်ပါသတဲ့။ သဟာပေမင့် မင်းသားကလေးက အိပ်မောကျမြဲ ကျနေပါသတဲ့။ အဲသဟာနှင့် တစ်ခါ မင်းသမီး ကလေးက 'ထပါဦး မောင်တော်ရဲ့၊ သည်မယ်ရဲ့ ခါးတုံးလုံးကလေးနှင့် ချက်တုံးလုံး ကလေးကို ရှုပြီး စည်းစိမ်တော် ခံစမ်းပါဦး။ သည်မယ့်ကို ပွေ့ပိုက် မလုပ်တော့ဘူးလား၊ တော်တော်ကြာ မိုးသောက်သွားပါလိမ့်မည်။ ထပါ မောင်ရဲ့၊ ခေါင်းအုံးကြီးကို ဖယ် လိုက်ပါ၊ ထပြီး ထိုင်စမ်းပါ၊ ပွေ့စမ်း ဖက်စမ်းပါ' လို့ တီတီတာတာ ပြောပြန်ပါသတဲ့။

သဟာပေမင့် ကမာအာဇမန်ကလည်း မေမူနာရဲ့ တန်ခိုးနှင့် အိပ်ရာက မနိုး ပါဘူး တဲ့။ သည်တော့တစ်ခါ မင်းသမီးကလေးက 'ဩော် . . . ခက်လိုက်တာနော်၊ မောင်တော်က အလှဂုဏ်ကိုးပြီး သည်က ခေါ်တာကိုတောင် မကြားတော့ဘူးလား။ သည်ကလည်း သူများလှသလို လှသဟာပါပဲ။ ဘယ်သူကများ ကြားဝင်ပြီး တိုက်ထားလို့ သူများအပေါ်မှာ သဟာလောက်တောင် သုန်မှုန်နေရသဟာလဲ' လို့ ပြောပြန်ပါသတဲ့။

သဟာပေမင့် မင်းသားကလေးက အိပ်ရာက မနိုးပါဘူးတဲ့။ အဲသည်တော့





မင်းသမီးကလေးက ပိုပြီး မခံချိ မခံသာ ဖြစ်လာပါသတဲ့။ ပြီးတော့ အလာဟု အရှင်က လည်း မင်းသမီးကလေးရဲ့ အသည်းကို အချစ်မီးတိုက်ပေးနေပါသတဲ့။

အဲသည်တုန်းမှာ မင်းသမီးကလေးက ကမာအာဇမန် မင်းသားကလေးကို တစ်ချက်ခိုးပြီး ကြည့်လိုက်ပါသတဲ့။ အဲသည်လို ကြည့်လိုက်မိသည့်အတွက် အခါ တစ်ထောင်လောက် သက်မ ချယူရပြီး သူ့ရင်တွေလည်း တဖျပ်ဖျပ် ခုန်၊ အူတွေ အသည်းတွေ ပြောင်းပြန်လန်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသဟာပါပဲ တဲ့။ အဲသဟာနှင့် မင်းသမီးကလေးက တစ်ခါ ကမာအာဇမန်ကို ရန်တွေ့ပြန်သတဲ့။ 'အို မောင်တော်၊ မောင်တော်ဟာ ဘာကြောင့် သဟာလောက် နှလုံးမာကျောရတာလဲ' လို့။ ပြီးတော့ မင်းသမီးကလေးက ကမာအာဇမန်ကို သူ့ဘက် ဆွဲလှည့်လိုက်ပါသတဲ့။

သည်တော့ ကမာအာဇမန်ရဲ့ လက်မှာ သူ့လက်ဝတ်ရတနာကို ဝတ်ထား သဟာကို တွေ့ပါသတဲ့။ သည်တော့ မင်းသမီးကလေးက၊ 'အမယ်လေး ကြည့်စမ်း ပါဦး၊ သည်က လက်ဝတ်ရတနာလည်း သူ့ဆီမှာ ရောက်နေပါပကော။ သူဟာ ငါ့ကို ချစ်ပါသည်၊ သူဟာ ငါ အိပ်ပျော်နေတုန်း ငါ့ကို ဘယ်လိုများလုပ်သလဲ မပြောတတ်ဘူး။ ငါ့ကို ချစ်လို့ လက်ဝတ်ကိုတော့ ယူထားပြီး အခု ငါ ခေါ်တော့ မထူးဘူး။ သဟာဟာ သက်သက် ငါ့ကို မခံချင်အောင် လုပ်နေသဟာနှင့် တူသည်။ သဟာပေမင့် ငါ့ လက်ဝတ်တော့ ငါ ပြန်မယူပါဘူး' လို့ ဆိုပြီး ကမာအာဇမန်ရဲ့ အင်္ကျီကြယ်သီးကို ဖြုတ်ပြီး အပေါ်ကစီးပြီး ကမာအာဇမန်ကို နမ်းပါသတဲ့။ ပြီးတော့ သူ့ဆီက အမှတ် အသား ရအောင် တစ်ခုခု ယူမည်ဆိုပြီး ယူဖို့ပစ္စည်း ရှာပါသတဲ့။ သည်တော့ ယူစရာ ပစ္စည်းလည်း တစ်ခုမျှ မတွေ့ပါဘူး တဲ့။

အဲသဟာနှင့် ကမာအာဇမန်ရဲ့ ရင်ကို နှိုက်စမ်းကြည့်ပါသတဲ့။ သည်တော့ သူ့အသားက ချောမွတ်နေသဟာနှင့် မင်းသမီးကလေးရဲ့ လက်ဟာ ကမာအာဇမန်ရဲ့ ခါးနားကို လျှောပြီး ရောက်သွားပါသတဲ့။ သည်တော့ မိန်းမတို့အလိုဟာ ယောကျ်ားတို့ အလိုထက် ပြင်းထန်သဟာနှင့် မင်းသမီးကလေးဟာ တပ်မက်သည့် စိတ်တွေမွှန်ပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေပါသတဲ့။ အဲသဟာနှင့် သူ အရှက်မရှိသဟာကို သူ့ဟာ သူတောင် ပြန်ရှက်မိပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက ကမာအာဇမန်ရဲ့ လက်ဝတ် ရတနာကို ယူပြီး သူ့လက်မှာ ဝတ်လိုက်ပါသတဲ့။ ပြီးတော့ မင်းသားကလေးရဲ့ နှုတ်ခမ်း တို့၊ လက်တို့ကို နမ်းပါသတဲ့။ တကယ်ဆိုတော့ တစ်ကိုယ်လုံး ဘာမျှမကျန်အောင် အကုန် လျှောက်နမ်းသဟာပါပဲ တဲ့။ ပြီးတော့ မင်းသားကလေးကို သူ့ရင်ခွင်ထဲမှာ ဖက်၊ သူ့လက်တစ်ဖက်ကို မင်းသားလေးရဲ့ လည်ပင်းအောက်မှာ လျှို၊ တစ်ဖက်က မင်းသားကလေး ချိုင်းကြားထဲသွင်းပြီး ရင်ငွေ့လုံ့ကာ အိပ်လိုက်သဟာ တစ်ခါတည်း အိပ်ပျော်သွားသဟာပါပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည့်တော့ မေမ္မနာက ဒါနတ်ကို ပြောပါသတဲ့။ 'ကိုင်း ဘယ့်နှယ်လဲ သေခြင်းဆိုး၊ သင် မြင်ပြီ မဟုတ်လား။ ငါ့မင်းသားကလေးက ဘယ်လောက် ဣန္ဒြေစောင့်သလဲ။ သင့်ဟာမ လုပ်ပုံနှင့်ကွာသည် မဟုတ်လား။ တကယ်ဆိုတော့ ငါ့ဟာလေးက သင့်ဟာမလေးထက် လှသဟာ နင် မငြင်းနိုင်ပါဘူး။ သဟာသေမင့် အဲသဟာတော့ ထားလိုက်ပါတော့၊ အခု သင့်ကို ကျွန်အဖြစ်က ငါ ခွင့်လွှတ်ပေးလိုက်မယ်၊ ကြားလား သေခြင်းဆိုး' လို့။ ပြီးတော့ မေမ္မနာက ဒါနတ်ကို လွှတ်ခွင့်ပေးသည့် စာချုပ်ကိုရေးပြီး ကပ်သကပ်ကို ခေါ်ပြီး 'သည်မှာ ကပ်သကပ်၊ သွား . . . သင် ဒါနတ်နှင့် လိုက်ပြီး မင်းသမီးကလေးကို သူ့နန်းတော်ရောက်အောင် ပြန်ပို့လိုက်၊ အချိန်တော်တော် နည်းသွားပြီ၊ မိုးတောင် လင်းခါနီးပြီ' လို့ ပြောပါသတဲ့။

သည့်တော့ ကပ်သကပ်နှင့် ဒါနတ်ဟာ နှစ်ဦးသား မင်းသမီးကလေးကို ပွေ့ပြီး ကောင်းကင်ခရီးက ခေါ်သွားပြီး သူ့နန်းတော်ကြီးထဲမှာ သွားထားကြပါသတဲ့။ သည်အတောအတွင်းမှာ မေမ္မနာက မင်းသားကလေးနားမှာ ကျန်ရစ်ပြီး အိပ်ပျော်နေသည့် မင်းသားကလေးကို တစိမ့်စိမ့် ကြည့်နေပါသတဲ့။ နောက် မိုးလင်းခါနီးတော့မှ မေမ္မနာလည်း သူ့ အလိုရှိရာကို ပြန်သွားပါသတဲ့။

အဲသဟာနှင့် မိုးသောက်တော့ မင်းသားကလေးလည်း စက်ရာက နိုးလာပါသတဲ့။ နိုးလာလာချင်း သူ့နားမှာ ညက အိပ်နေသည့် မင်းသမီးကလေးကို ရှာတော့ မတွေ့ပါဘူးတဲ့။ သည်တော့ သူ့စိတ်ထဲက ထင်ပါသတဲ့။ "သူ့ခမည်းတော်က သည်မင်းသမီးကလေးနှင့် သူ့နှင့် ထိမ်းမြားပေးချင်လို့ ညက သူ့အနားမှာ တိတ်တိတ်ကလေး လာသိပ်ထားပြီး၊ တစ်ခါ သူ့ကို မခံချိမခံသာဖြစ်အောင် မင်းသမီးကလေးကို တိတ်တိတ်ကလေး သူ မနိုးခင် ပြန်ခေါ်သွားသည်" လို့။ အဲသဟာနှင့် သူ့အိမ်ဖန်စောင့်ကိုခေါ်ပြီး 'ဟဲ့ကောင် ဆာဝပ်၊ ထစမ်း' လို့ ဆိုပါသတဲ့။ သည်တော့ ဆာဝပ်က ထပြီး မျက်နှာသစ်ရေ ဆက်ပါသတဲ့။ မင်းသားကလေးကလည်း မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး အလာဟုအရှင်ရဲ့ ဂုဏ်တော် ကိုးဆယ့်ကိုးပါးကို ပုတီးစိပ်ပါသတဲ့။ ပြီးတော့မှ ဆာဝပ်ကို မေးပါသတဲ့။ 'ဟဲ့ ဆာဝပ်၊ ညတုန်းက ငါ့ဘေးမှာ အိပ်နေသည့် လုံမပျိုဟာ ဘယ်ရောက်သွားသလဲ' လို့။ သည်တော့ ဆာဝပ်က 'ဘယ်က လုံမပျိုကို ပြောနေသလဲ ကိုယ်တော်လေးရဲ့' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက 'ဘယ်က လုံမပျိုရမှာလဲဟဲ့၊ ညတုန်းက ငါနှင့်အတူတူ အိပ်နေသည့် ဟာမလေးပေါ့' လို့ ပြောပါသတဲ့။ သည်တော့ ဆာဝပ်က 'အင်း ကိုယ်တော်ကလေးကတော့ လုပ်တော့မည်၊ သည် အဆောင်တော်ထဲကို ဘယ်က လုံမပျိုက လာနိုင်ပါ့မလဲ။ အဆောင်တော် တံခါးကလည်း တံကျင်ထိုးထားသည်။ ပြီးတော့ ငါကလည်း တံခါးဝမှာ စောင့်ပြီး အိပ်နေသည်။ အလာဟုအရှင် သိရပါစေရဲ့၊ ညက သည်အဆောင်တော်ထဲကို မိန်းမလည်း တစ်ယောက်မျှ မလာပါဘူး၊ ယောကျာ်းလည်း တစ်ယောက်မှ မလာပါဘူး' လို့ ပြောပါသတဲ့။





သည်တော့ မင်းသားကလေးက ဆာဝပ်ကို 'ဟဲ့ . . . ကျွန်ယုတ်၊ သင်က ငါ့ကို ဘာလို့ လိမ်နေရသဟာလဲ။ ငါ မေးသဟာကို ပြောစမ်းပါ။ ညက ငါနှင့် အတူတူ အိပ်နေသည့် လုံမပျိုကို ဘယ်သူ လာခေါ်သွားသလဲ၊ မှန်မှန်ပြောစမ်း' လို့ ဆိုပါသတဲ့။ သည်တော့ သင်းကွပ်ဆာဝပ်က 'မှန်လှပါ၊ ညက သည်အဆောင်ထဲကို လုံမပျိုလည်း တစ်ယောက်မှ မလာပါဘူး' လို့ ပြန်ပြောပါသတဲ့။ သည်တော့ မင်းသားကလေးက အမျက်ထွက်လာပြီး 'ဟဲ့ . . . ဆာဝပ်၊ သည်နား တိုးခဲ့စမ်း' လို့ ဆိုသတဲ့။ အဲသဟာနှင့် ဆာဝပ်က သူ့နား တိုးသွားတော့ မင်းသားကလေးက ဆာဝပ်ကို လည်ပင်းကိုင်ပြီး ပေါက်လိုက်သဟာ ဆာဝပ်ခများမှာ ဘူခနဲ အီးပါ သွားသဟာပါပဲတဲ့။ အဲသဟာနှင့် ဆာဝပ်က ကြမ်းပေါ်မှာ တုံးလုံးကြီး လဲနေပါသတဲ့။ သည်တော့ တစ်ခါ မင်းသားကလေးက ဆာဝပ်ဆီ သွားပြီး၊ ခြေထောက်နှင့် ကန်ပြီး လည်ပင်းကို ညှစ်ပြန်သဟာနှင့် ဆာဝပ်လည်း မေ့မြောသွားပါသတဲ့။

သည်တော့တစ်ခါ မင်းသားကလေးက ဆာဝပ်ကို ကြိုးနှင့်တုပ်ပြီး ရေတွင်းထဲကို ချပြီး ရေငင်သလို ရေတွင်းထဲမှာ ဆောင့်ဆောင့်ချနေပါသတဲ့။ အဲသလိုပဲ ရေထဲနှစ်လိုက်၊ အပေါ် ဆွဲတင်လိုက်နှင့် လုပ်နေသဟာ အကြာကြီးပါပဲတဲ့။ ပြီးတော့ အချိန်ကလည်း ဆောင်းတွင်းကြီးမို့ ဆာဝပ်ဟာ ချမ်းပြီး မေးခေါက်နေပါသတဲ့။ အဲသည်လိုပဲ ရေထဲနှစ်လိုက်၊ အပေါ် ဆွဲတင်လိုက် လုပ်ပါများတော့ ဆာဝပ်က ငယ်သံပါအောင် ကယ်ပါ၊ ယူပါလို့ အော်ပါသတဲ့။ သည်တော့ မင်းသားကလေးက 'ဟဲ့ . . . ကျွန်မိုက်၊ ညက ငါနှင့် အတူတူ အိပ်နေသည့် လုံမပျိုကို ငါ အိပ်ပျော်နေတုန်းမှာ ဘယ်သူ လာခေါ်သွားသလဲ ဆိုသဟာကို ပြောမလား၊ မပြောဘူးလား။ မပြောလျှင်တော့ သင် သေဖို့သာ ပြင်ပေတော့' လို့ ဆိုပါသတဲ့။

သည်တော့ ဆာဝပ်က သေရမှာကြောက်ပြီး 'ငါ့အသက်ကို ချမ်းသာပေးပါ၊ ပြောပါတော့မည်၊ ပြောပါတော့မည်' လို့ ဆိုပါသတဲ့။

အဲသည်တော့မှ မင်းသားကလေးက ဆာဝပ်ကို ရေတွင်းထဲက အပေါ်ကို ဆွဲတင်လိုက်ပါသတဲ့။ သည်တော့ ဆာဝပ်ဟာ ရေမွန်းသဟာကလည်း တစ်ကြောင်း၊ ရေတွင်းနံရံနှင့် တိုက်လို့ ပွန်းပဲ့နေသဟာကလည်း တစ်ကြောင်းနှင့် မသေရုံတမည်ပဲ ကျန်ပါတော့သတဲ့။ သည်တော့ မင်းသားကလေးက ဆာဝပ်ကို သနားလာပါသတဲ့။ အဲသဟာနှင့် ဆာဝပ်ကလည်း ရေတွင်းထဲက အပေါ်ကို ရောက်လာသဟာနှင့် တစ်ပြိုင်နက် 'အခု ရေစိုနေသည့် ငါ့အဝတ်တွေကို ချွတ်ပြီး အဝတ်သစ် သွားလဲပါရစေဦး။ ပြီးတော့ ငါ ပြန်လာပြီး မှန်သည့်အတိုင်း ပြောပြပါမည်' လို့ ဆိုပါသတဲ့။ သည်တော့ ကမာအာဇမန်က 'ဟဲ့ . . . ကျွန်မိုက်၊ သင်ဟာ အခုမှ သေရမှာကြောက်လို့ ပြောတော့မည် မဟုတ်လား။ ကောင်းပြီ၊ သွား . . . အဝတ်လဲပြီး မြန်မြန်ပြန်ခဲ့၊ နင် မှန်မှန်ပြောရမည်နော် . . . သိလား' လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် ဆာဝပ်လည်း ကြောက်အားလန့်အားနှင့် တစ်ခါတည်း ခြေကုန်သုတ်ပြီး ဘုရင်မင်းမြတ်ရဲ့ ရှေ့တော်ကို တန်းပြီး ပြေးပါသတဲ့။ အဲသည် အချိန်မှာ ဘုရင်ကြီးကလည်း သူ့သားတော်အတွက် ရတက်မအေးလို့ နန်းရင်းဝန်ကြီးကို မေးနေပါသတဲ့။ 'ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီး၊ ညက ငါ့သားတော် ကမာအာဇမန်အတွက် ရတက်မအေးလို့ ငါ စက်လို့ မပျော်ဘူး၊ ငါ့သားတော်ကို အကျဉ်းချထားရသဟာ ငါ့စိတ်တော် မကောင်းပါဘူး။ အကျဉ်းချထားလို့ ဘာများ အကျိုးထူးဖို့ မြင်သလဲ' လို့။ သည်တော့ နန်းရင်းဝန်ကြီးက 'အရှင်မင်းကြီးရဲ့ သားတော်အတွက် ဘာမျှ ရတက်မအေးမဖြစ်သင့်ပါ။ အလာဟုအရှင် ရှိသဖြင့် အရှင့်သားတော်၌ ဘေးအန္တရာယ်ကျရောက်ဖို့





မရှိပါ။ သည်ကဲ့သို့ နောက်ထပ် တစ်လလောက် အကျဉ်းချထားပါလျှင် အရှင့်သားတော်ဟာ နောင်တ ရလာပါလိမ့်မည်' လို့ လျှောက်ပါသတဲ့။

အဲသည်လို ဘုရင်မင်းမြတ်နှင့် နန်းရင်းဝန်ကြီး ပြောနေကြတုန်းမှာ သင်းကွပ်ဆာဝပ်က နန်းတော်ထဲသို့ အူယားဖားယားနှင့် ပြေးဝင်လာပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်ကြီးလည်း ထိတ်လန့်သွားပါသတဲ့။ ဆာဝပ်ကလည်း ဘုရင်မင်းမြတ်ကြီးကို မြင်သဟာနှင့် တစ်ချက်တည်း 'မင်းတရားကြီး ဘုရား၊ အရှင့် သားတော်ဟာ သွေးလေချောက်ချားပြီး ရူးသွားပါပြီ ဘုရား' လို့ လျှောက်ပါသတဲ့။ သည်တော့ မင်းတရားကြီးက 'ဟဲ့ ဆာဝပ်ရဲ့၊ ရူးသည်ဆိုသဟာ ဘယ်လိုလဲ ဟဲ့၊ ငါ့ကို ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ ဆာဝပ်က 'ညတုန်းက သူဟာ လုံမပျိုကလေးတစ်ယောက်နှင့် အိပ်ရသည်လို့ ပြောပါသည်။ အဲသည် လုံမပျိုကို ဘယ်သူ ခေါ်သွားသလဲ ဆိုသဟာကို ပြောရမည်လို့ ဆိုပြီး သည်က ဆာဝပ်ကိုလည်း နှိပ်စက်ပါသည်။ ဆာဝပ်ကလည်း ညက လုံမပျိုလည်း မလာကြောင်း၊ လုလင်ပျိုလည်း မလာကြောင်း၊ ဆာဝပ် တံခါးကို သော့ခတ်ပြီးထားကြောင်း ပြောပါသည်။ သဟာပေမင့် သားတော်က နားမဝင်ဘဲ ဆာဝပ်ကို ရေတွင်းထဲကြိုးနှင့်ချည်ပြီး နှစ်ပါသည်။ သည်မှာ ဆာဝပ် တစ်ကိုယ်လုံးလည်း ကြည့်ပါတော့' လို့ ပြောပါသတဲ့။

သည်တော့ မင်းကြီးက 'သြော်... သားတော်... သားတော်၊ ဖြစ်မှဖြစ်ရပလေ သားတော်ရယ်' လို့ ညည်းပြီး နန်းရင်းဝန်ကြီးကို အမျက်တော် ထွက်ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးကို ခေါ်ပြီး 'သည်မှာ နန်းရင်းဝန်ကြီး၊ ပြေးစမ်း၊ ပြေးစမ်း၊ ငါ့သားတော်ဆီ ပြေးစမ်း။ ငါ့သားတော် ဘယ်လိုဖြစ်သလဲ ဆိုသဟာ သင် ကိုယ်တိုင်သွားပြီးစုံစမ်း' လို့ ပြောပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးလည်း ကြီးတောင့်ကြီးမှ ကမန်းကတန်း မင်းသားကလေးဆီကို ဒုန်းဆော် ပြေးရပါသတဲ့။ သည်တော့ ဆာဝပ်ကလည်း နောက်က ထက်ကြပ် လိုက်သွားပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးကို အကျဉ်းချထားသည့် ရဲတိုက်ကြီးထဲ ရောက်သွားတော့ မင်းသားကလေးက ကိုရန်ကျမ်းတော်ကြီးကို ဖတ်ပြီး အလာဟု အရှင်ကို နှလုံးသွင်း နေပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးက ခဏစောင့်နေပြီး 'မှန်လှပါ အရှင့်သား၊ ဟောသည်က ကျွန်ဆာဝပ်က ရှေ့နန်းတော်လာပြီး ဦးတိုက် လျှောက်သဟာနှင့် ခမည်းတော် မင်းကြီးလည်း စိတ်မကောင်း ဖြစ်နေပါသည်' လို့ ပြောပါသတဲ့။ သည်တော့ ကမာအာဇမန်က 'နေစမ်းပါဦး၊ သည် ဆာဝပ်ကောင်က ခမည်းတော်ကို ဘာတွေများ သွားလျှောက်ပြန်သလဲ။ သည်ကောင်ဟာ ငါ့ကိုသာ အနှောင့်အယှက် လုပ်သဟာ မဟုတ်ဘူး၊ ခမည်းတော်ကိုပါသွားပြီး မဟုတ်မဟတ်သဟာတွေ သွားလျှောက်နေပြန်ပြီ ထင်သည်' လို့ ဆိုပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ အရှင့်သား၊ သည်ကျွန်ယုတ် ဆာဝပ်



www.burmeseclassic.com

www.burmeseclassic.com



ပြောသဟာတွေသာ အရှင့်သားကို ပြန်ပြောရမည် ဆိုလျှင် ယုံနိုင်ဖွယ်တောင် ရှိမည် မဟုတ်ပါဘူး။ ပြောလိုက်သဟာတွေဟာ မကြားကောင်း မနာသာတွေချည်းပါပဲ၊ အရှင့်သားရဲ့ လူပျိုဂုဏ်ကိုတောင် ထိခိုက်ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ မင်းသားကလေးက 'သည်အကောင်က ဘာတွေများ ငါ့ အကြောင်း မကောင်းပြောသလဲ နန်းရင်းဝန်ကြီးရဲ့' လို့ မေးပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'အရှင့်သားဟာတဲ့၊ ဆာဝပ်က ပြောပါသည်၊ ရူးနေပါပြီတဲ့။ ညကလည်း လုံမပျိုတစ်ယောက် အရှင့်သားဆီမှာ လာအိပ်သည်လို့ အရှင့်သားက ပြောသည်လို့လည်း ဆာဝပ်က ပြောပါသည်။ ပြီးတော့ တစ်ခါ အရှင့်သားက အဲသည် လုံမပျိုကို ရအောင် ရှာပေးရမည်ဆိုပြီး သူ့ကို နှိပ်စက်သည်လို့လည်း ပြောပါသည်' လို့ ကမာအာဇမန်ကို ပြောပါသတဲ့။ သည်တော့ မင်းသားကလေးက အမျက်ထွက်ပြီး 'တော်တော့ နန်းရင်းဝန်ကြီး၊ တော်တော့။ သင်တို့ အကြံတွေကို ငါ အကုန်သိပြီ၊ သည်ဆာဝပ်ကို သင်တို့ အကုန် သင်ဉာဏ်ပေးပြီး စီစဉ်ထားကြသည် မဟုတ်လား။ လုံမပျို ဘယ်ရောက်သွားသည် ဆိုသဟာကို မပြောသဟာလည်း သင်တို့က ဆာဝပ်ကို နှုတ်ပိတ်ထားကြလို့ပင် မဟုတ်လား။ ကိုင်း... သင်က ဆာဝပ်ထက် ပညာရှိသည်။ သည်တော့ ငါ့ကိုပြောစမ်း၊ ညက ငါ့ဆီလာသည့် လုံမပျိုဟာ ဘယ်မှာလဲ၊ သည်လုံမပျိုဟာ ငါ့ဆီကို လွှတ်လိုက်သဟာပဲ မဟုတ်လား၊ ညတုန်းက လုံမပျိုနှင့် ငါနှင့် ဖက်အိပ်နေကြသည်၊ မနက်ကျတော့ မရှိတော့ဘူး။ ကိုင်း... လုံမပျို ဘယ်မှာလဲ ပြောစမ်း' လို့ ဆိုသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'သတိထားတော်မူပါ အရှင့်သား၊ ညက အရှင့်သားဆီကို ဘယ်လုံမပျို၊ ဘယ်သူဘယ်ဝါ တစ်ဦးတစ်ယောက်မှ မလာပါဘူး။ အရှင့်သားဟာ ဒီရဲတိုက်ထဲမှာ တစ်ပါးတည်းပဲ ရှိပါသည်။ ရဲတိုက်တံခါးလည်း သော့ပိတ်ထားပြီး သည့်က ဆာဝပ် စောင့်နေပါသည်။ သည်တော့ အရှင့်သား စိတ်တော်မနှံ့၍သာ ဖြစ်ပါမည်။ အရှင့်သားဆီကို ညက ဘယ်သူမှ မလာကြောင်းမှာ ထင်ရှားပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက 'ညက ငါ့ဆီကို လုံမပျိုလာပြီး ငါနှင့် အိပ်သဟာကို ငါ့ထက် ဘယ်သူ့က ပိုသိဦးမလဲ။ ပါးအို့ကလေးတွေကလည်း နီလို့၊ မျက်လုံးကလေးတွေကလည်း ကြည်လို့၊ ချော့လိုက်သဟာကလည်းလေ မပြောပါနှင့်တော့။ ငါကိုယ်တိုင် အိပ်ရသည့်သူထက် သင်တို့က ပိုသိချင်သေးသလား' လို့ ဆိုပါသတဲ့။

သည်တော့ တစ်ခါ နန်းရင်းဝန်ကြီးက 'ညက လုံမပျို လာတုန်းက အရှင့်သား မျက်စိနှင့် ကိုယ်တိုင် မြင်လိုက်သဟာလား၊ အိပ်ပျော်နေရင်းနှင့် သွေးလေချောက်ချားပြီး အိပ်မက်သဟာလား' လို့ မေးပါသတဲ့။





သည်တော့ ကမာအာဇမန်က 'အို နန်းရင်းဝန်ကြီး၊ လုံမပျိုကို ငါက မျက်စိနှင့် မမြင်လို့ နားနှင့်မြင်သည်လို့ သင်က ဆိုချင်လို့လား။ ဟောသည် မျက်စိနှင့် ငါ အိပ်ရာက နိုးနေရင်းနှင့် မြင်လိုက်သဟာ နန်းရင်းဝန်ကြီးရဲ့။ သူ့ကို ငါ ထိုင်ပြီး ကြည့်နေသဟာကိုက အကြာကြီးပဲ။ သဟာပေမင့် သင်တို့က လုံမပျိုကို ဉာဏ်ပေးထားလို့ လုံမပျိုက အိပ်ချင်ယောင်ဆောင်နေပြီး ငါ့ကို စကားတစ်ခွန်းမှ ပြန်ပြောမသွားဘူး။ အဲသဟာနှင့် ငါလည်း သူနှင့် ဖက်အိပ်နေသဟာ တစ်ညလုံးပဲ။ မိုးလင်းလို့ ကြည့်လိုက်တော့သာ သူ ဘယ်ရောက်သွားမှန်း မသိတော့ဘူး' လို့ ပြောပါသတဲ့။

သည်တော့ တစ်ခါ နန်းရင်းဝန်ကြီးက 'အရှင့်သားဟာ အိပ်ပျော်နေရင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက် မက်နေသဟာနှင့် တူပါသည်။ အစားမျိုးစုံကို စားသည့်အခါ အစာမကြေပြီး သည်လိုပဲ အိပ်မက် မက်တတ်ပါသည်။ တစ်ခါတလေလည်း အစိမ်းသရဲတွေ လှည့်စားလို့လည်း ထွေရာလေးပါး အိပ်မက်တွေကို မက်တတ်ပါသည်’ လို့ ဆိုပါသတဲ့။

သည်တော့ တစ်ခါ မင်းသားကလေးက ‘အို ခက်မှ ခက်ရပလေ နန်းရင်းဝန်ကြီးရယ်၊ သည်ဆာဝပ်ကိုယ်တိုင်က ငါ့ဆီကို ညက လာသည့် လုံမပျိုကို သူကိုယ်တိုင် ချက်ချင်း ခေါ်ပေးပါမည်လို့ ငါ့ကို ပြောပြီးမှ သင်က ငါ့ကို အိပ်မက် မက်နေသလိုလို ဖြစ်အောင် လုပ်နေချင်ရသေးသလား’ လို့ ဆိုပြီး မင်းသားလေးဟာ ပြောရင်းပြောရင်းနှင့် အမျက်ကို မချုပ်တည်းနိုင်သဟာနှင့် နန်းရင်းဝန်ကြီးရဲ့ မုတ်ဆိတ်ရှည်ကြီးကို လက်နှစ်ဖက်နှင့် စုံကိုင်ဆွဲပြီး ပစ်လှဲပစ်လိုက်ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီး ကြမ်းပေါ်မှာ တုံးလုံးကြီး လဲသွားတော့ ကမာအာဇမန်က အပြင်းအထန် ထိုးကြိတ်ကန်ကြောက် လုပ်ပါသတဲ့။

အဲသဟာနှင့် နန်းရင်းဝန်ကြီးလည်း ကြမ်းပေါ်မှာ စန့်စန့်ကြီးလဲပြီး သေတော့မလို ဖြစ်နေပါသတဲ့။

သည်တော့မှ နန်းရင်းဝန်ကြီးက စိတ်ကူးမိပါသတဲ့။ “သည် မင်းသားရူးကို သည်လို မှန်သည့်အတိုင်း ငါပြောနေလျှင် ငါ့အသက် သေရရုံ ရှိမည်။ သည်တော့ ငါလည်း ဆာဝပ်လို အလိမ္မာဖက်ပြီး လိမ်လေတော့မှ တော်မည်” လို့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးက တုန်တုန်ယင်ယင်နှင့် ‘မှန်လှပါ အရှင့်သား၊ အရှင့်သားကို ငါ လိမ်ပြီး ပြောရသဟာက ခမည်းတော်ဘုရားက သည်လုံမပျိုအကြောင်းနှင့် ပတ်သက်ပြီး ဘာမျှ မပြောရဘူးလို့ ပိတ်ထားသည့် အတွက်သာ ဖြစ်ပါသည်။ ငါဟာ အသက်ကြီးရင့်သည့်အတွက် အားအင် ဆုတ်ယုတ်ပြီး အထိုးအကြိတ် ဒဏ်ကိုလည်း ခံနိုင်ရည် မရှိတော့ပါ။ သဟာ့ကြောင့် အရှင့်သားက ငါ့အပေါ်မှာ သည်းခံစေလိုပါသည်။ သင် သိလိုသော လုံမပျိုအကြောင်းကိုလည်း ငါ ပြောပြမည်’ လို့ ပြောပါသတဲ့။

သည်တော့ မင်းသားကလေးက ‘သည်လိုဆိုလျှင် အရိုက်အနှက် မခံရခင်ကပဲ ပြောလိုက်ရောပေါ့ အစ်ကိုကြီးရယ်။ ကိုင်း... ကိုင်း... ထ... ထ ပြောစမ်းပါဦး’ လို့ ဆိုပါသည်။ သည်တော့ နန်းရင်းဝန်ကြီးက ‘အရှင်သား မေးနေသဟာဟာ မျက်နှာကလေးလည်း လှ၊ ကိုယ်လုံးကိုယ်ပေါက်ကလေးကလည်း အဆင်ပြေသည့် လုံမပျိုကလေး မဟုတ်လား’ လို့ မေးပါသတဲ့။

သည်တော့ မင်းသားကလေးက ‘သဟာပ နန်းရင်းဝန်ကြီးရဲ့၊ ကိုင်း... ကိုင်း ပြောစမ်းပါဦး၊ အဲသဟာမကလေးဟာ ငါ့ဆီကို ဘယ်သူက လွှတ်လိုက်လို့ ငါနှင့် လာအိပ်သဟာလဲ၊ ပြီးတော့ သူ့ကို ဘယ်သူက ပြန်ခေါ်သွားသလဲ၊ အခု သူ ဘယ်မှာလဲ၊ ငါ တစ်ခါတည်း လိုက်သွားမည်။ ငါ့ ခမည်းတော်က ငါ့ကို စမ်းသဟာ ဆိုလျှင်လည်း





ခမည်းတော်ကို လျှောက်လိုက်ပါ။ အကျီစယ် သန်တော်မမူပါနှင့်၊ သည်ဟာမလေးနှင့် ထိမ်းမြားဖို့ သဘောတူပါတော့မည်၊ ငါ ယူပါတော့မည်လို့။ ကိုင်း ပြောနေကြာရော့မည်၊ နန်းရင်းဝန်ကြီး ရွှေနန်းတော်ကို ပြေးပြီး ခမည်းတော်ဘုရားကို လျှောက်ပေတော့။ သားတော်ဟာ သဟာမကလေးက လွဲပြီး ဘယ်သူ့ကိုမှ မယူဘူး၊ သဟာမကလေးကိုပဲ ယူမည်။ သဟာပဲနော် နန်းရင်းဝန်ကြီး၊ ဟိုကျတော့ သည်က မှာလိုက်သဟာတွေကို မေ့မနေနှင့်ဦး၊ စုံအောင် စေ့အောင် ခမည်းတော်ဘုရားကို ပြောပြ။ ကိုင်း ပြေးပေတော့’ လို့ ပြောပါသတဲ့။

အဲသည်တော့ နန်းရင်းဝန်ကြီးလည်း မင်းသားကလေး လက်ထဲက လွတ်ပြီဆိုပြီး တစ်ခါတည်း သုတ်သီးသုတ်ပျာနှင့် နန်းတော်ကို ပြန်လာပါသတဲ့။ နန်းတော် ရောက်သွားတော့ ရှင်ဘုရင်ကြီးက ‘အလို... နန်းရင်းဝန်ကြီး၊ ဘယ်လိုများ ဖြစ်လာသလဲ၊ မျက်နှာကလည်း မသာမယာနှင့်ပါလား။ ပြောလေ၊ ဘာဖြစ် လာသတုံး၊ စကားမေးတောင် မရတော့ဘူးလား’ လို့ ဆိုပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက ‘မှန်လှပါ၊ သတင်းကောင်းများ ပါပါသည်ဘုရား’ လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက ‘ဆိုစမ်းပါဦးဟဲ့၊ ဆိုစမ်းပါဦး၊ ဘယ်လို သတင်းကောင်းများလဲ’ လို့ မေးပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက ‘မှန်လှပါ၊ အရှင့်သားတော်ဟာ သွက်သွက်လည်အောင် ရူးသွားကြောင်းပါဘုရား’ လို့ လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးလည်း မျက်စိတွေ ပြာသွားပြီး ‘ဟဲ့ နေစမ်းပါဦး၊ ရူးသွားသည် ဆိုသဟာက ဘယ်လို ရူးသွားသဟာလဲ၊ ငါ့ကို ပြောစမ်းပါဦး’ လို့ ဆိုပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက လုံမပျိုအကြောင်းနှင့် ပတ်သက်ပြီး မင်းသားကလေး ဖြစ်ပျက်နေပုံနှင့် သူ့ကို ရိုက်နှက်ညှဥ်းပန်း လုပ်ပုံတွေကို အကုန် ပြန်လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘ကောင်းပြီ နန်းရင်းဝန်ကြီး၊ သည်လိုဆိုလျှင် ငါကလည်း ငါ့သားအတွက် သတင်းကောင်း ကြားရလို့ သင့်ကို သတင်းကောင်း ပြန်ပေးရသဟာပေါ့။ သတင်းကောင်း ဆိုသဟာကတော့ တခြား မဟုတ်ပါဘူး နန်းရင်းဝန်ကြီးရာ၊ သင့်ခေါင်းနှင့် သင့်ကိုယ် အိုးစားကွဲရမည်ဆိုသည့် သတင်းပါပဲ။ ဟဲ့ အမတ်ယုတ်၊ ယခုလို ငါ့သား ဖြစ်ရသဟာဟာ သင် အကြံပေးကောင်းလို့ပဲ မဟုတ်လား။ ငါ့သားတော်သာ ရူးသွားရိုးမှန်လျှင်တော့ သင့်ကို နန်းတော်ခေါင်မှာ တွဲလဲဆွဲပြီး လည်လှီး သတ်ပြီးသားသာ မှတ်ပေရော့’ လို့ ဆိုပါသတဲ့။ အဲသည်လိုလည်း မြွက်ပြီးရော ရှင်ဘုရင်ကြီးက တစ်ခါတည်း နန်းရင်းဝန်ကြီးကို မင်းသားကလေးဆီကို ဆွဲခေါ်ပြီး သွားပါသတဲ့။ မင်းသားကလေးကို အကျဉ်းချထားသည့် ရဲတိုက်ကြီး ရောက်သွားတော့ မင်းသားကလေးက ခမည်းတော်ကို ဆီးပြီး အရိုအသေပေးပြီး မျက်ရည်စက်လက်နှင့် ‘မှန်လှပါ၊ သားတော်



www.burmeseclassic.com

www.burmeseclassic.com



မှားမိသမျှ အပြစ်များကို ဖွေယူတော်မမူပါနှင့် ဘုရား။ ခမည်းတော်ဘုရား သနားတော်မူမှသာ သားတော်ဟာ အသက်ချမ်းသာရာ ရမည့်သူ ဖြစ်ပါသည် ဘုရား' လို့ လျှောက်ပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက သားတော်ကလေးကို ပွေ့ဖက်ပြီး ယုယ ချစ်ခင်စွာ နမ်းတော်မူပြီး ဘေးနားမှာ ထိုင်ခိုင်းပါသတဲ့။ ပြီးတော့မှ နန်းရင်းဝန်ကြီးဘက် လှည့်ပြီး 'ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီး၊ သင် ပြောတော့ ငါ့သားဟာ စိတ်မနှံ့တော့ဘူးဆို' လို့ မေးပါသတဲ့။ ပြီးတော့ တစ်ခါ သားတော်ဘက် လှည့်ပြီး 'သည်မှာ သားတော်၊ သည်နေ့ဟာ ဘာနေ့လဲ' လို့ မေးပါသတဲ့။ သည်တော့ သားတော်ကလေးက 'မှန်လှပါ၊ ဥပုသ်နေ့ ဖြစ်ကြောင်းပါ' လို့ လျှောက်သတဲ့။ ပြီးတော့ တစ်ခါ ရှင်ဘုရင်ကြီးက 'သဟာဖြင့် သားတော် ကျန်သည့်နေ့တွေ အစဉ်အလိုက် ရွတ်ပြစမ်းပါ' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက တစ်လုံးမှ မမှားအောင် ရွတ်ပြပါသတဲ့။ သည်တော့ တစ်ခါ ရှင်ဘုရင်ကြီးက လတွေ အမည်ကို မေးပြန်ပါသတဲ့။ သည်တော့လည်း မင်းသားကလေးက မှန်သည့်အတိုင်းပဲ ရွတ်ပြနိုင်ပါသတဲ့။ သည်တော့မှ ရှင်ဘုရင်ကြီးက သူ့သားတော်ဟာ ရူးသဟာ မဟုတ်ဘူးဆိုသဟာ သိပြီး ဝမ်းသာသွားပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်ကြီးက နန်းရင်းဝန်ကြီးရဲ့ မျက်နှာကို တံတွေးနှင့်ထွေးပြီး 'သဟာနှင့်များ ဝန်ယုတ်အိုက ငါ့သားတော်ကို ရူးသည်လို့ ပြောရသေးသည်။ သင်သာ ရူးသဟာ၊ ငါ့သားတော်ဟာ မရူးဘူး' လို့ ပြောပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက သူ မရူးသည့်အကြောင်း၊ မင်းသားကလေးသာ ရူးသည့်အကြောင်းကို ပြန်ပြောမည်လို့ ကြံလိုက်ပါသတဲ့။ သဟာပေမင့် တော်တော်ကြာ သူ့အလိုလို ထင်ရှားလာလိမ့်မည် ဆိုပြီး အသာ ငြိမ်နေလိုက်ပါသတဲ့။ အဲသဟာနှင့် တစ်ခါ ရှင်ဘုရင်ကြီးက 'သည်မှာ သားတော်၊ သားတော်က ဆာဝပ်နှင့် သည်နန်းရင်းဝန်ကြီးကို ပြောသည်ဆို၊ သားတော်ဆီမှာ မိန်းမပျိုတစ်ယောက် လာအိပ်သည်လို့။ အဲသည် မိန်းမပျို ဆိုသဟာက ဘယ်လိုဟာလဲ သားတော်ရဲ့' လို့ မေးပါသတဲ့။

သည်တော့ မင်းသားကလေးက 'မှန်လှပါ၊ သည်အကြောင်းနှင့် ပတ်သက်လို့ ခမည်းတော်ဟာ သားတော်ကို နောက်ထပ် ကျီစယ်တော် မမူသင့်ကြောင်းပါဘုရား။ သားတော်သည် စိတ်တို၍ နေနှင့်ပြီ ဖြစ်သဖြင့် နောက်ထပ် တစ်လုံးတစ်ပါဒမျှ နောက်ပြောင် ကျီစယ်ခြင်းကို ခံနိုင်တော့မည် မဟုတ်ကြောင်းပါဘုရား။ သားတော်သည် ခမည်းတော်ရဲ့ အလိုတော်အတိုင်း ထိမ်းမြားဖို့ကို သဘောတူပါတော့မည်။ သို့သော် သားတော်သည် တခြား လုံမပျိုနှင့် မထိမ်းမြားနိုင်ပါ။ ညက သားတော်ဆီကို လာ၍ အိပ်သွားသော လုံမပျိုဟာ ခမည်းတော် လွှတ်လိုက်သည့် လုံမပျို ဆိုသဟာကိုသာ သားတော် သိပါသည်။ ခမည်းတော်ရဲ့ အကြံအတိုင်း သားတော်ဟာ လုံမပျိုကို ချစ်စိတ်





ဝင်သွားပါပြီ။ သည်နောက်မှ ခမည်းတော်က တစ်ဖက်လှည့်နှင့် လုံမပျိုကို အရဏ်မတက်မီ ခေါ်ဆောင်၍ သွားခြင်းဟာ မလျှောက်ပတ်ပါ' လို့ လျှောက်သတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက အံ့အားသင့်သွားပြီး 'အို . . . သားတော်၊ သင်သည် သတိကင်းယောင်တကား။ အလာဟုအရှင် သိတော်မူသည့် အတိုင်းပင် ငါသည် သားတော်ဆီသို့ ဘယ် လုံမပျိုမျှလည်း မလွှတ်ရ။ လွှတ်ပြီးသည့်နောက်လည်း ပြန်မခေါ်ရ။ သားတော်သည် သွေးလေချောက်ချား၍ သတိကင်းလွတ်နေဟန် တူသည်။ သတိထားပါ သားတော်၊ ထိမ်းမြားဖို့အကြောင်းကို ဝိုင်း၍ တိုက်တွန်းဖန်များသဖြင့် သားတော် စိတ်စွဲလမ်း၍ လုံမပျိုကို အိပ်မက်မြင်ဟန် တူသည်။ သားတော်ကို ထိမ်းမြားဖို့ အကြောင်း တိုက်တွန်းမိ၍ ခမည်းတော် နောင်တ ဖြစ်တော်မူသည်။ ယခု သားတော်သည်ကဲ့သို့ ဖြစ်ရပုံမှာ အိပ်မက် လှည့်ဖြားချက်အရ သားတော်စိတ်၌ စွဲလမ်း ထင်မှတ်နေခြင်းသာ ဖြစ်သည်' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက 'မှန်လှပါ၊ ခမည်းတော်သည် အကျယ်အကျယ် မငြိမ်းဖွယ်စကားကို ပြောတော်မမူဘဲ ခမည်းတော်သည် ညက လုံမပျိုကို သားတော်ဆီသို့ မလွှတ်ရကြောင်းကို အလာဟုအရှင်ကို သက်သေထား၍ ကျိန်နိုင်လျှင် ကျိန်၍ ပြောစေလိုပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက 'ခမည်းတော်ဟာ အလာဟုအရှင်ကို သက်သေထားပြီး ကျိန်ရဲပါသည်။ သားတော်ပြောသည့် လုံမပျိုကို သားတော်ထံသို့ ခမည်းတော် မလွှတ်မိကြောင်း မှန်ပါသည်။ သားတော်ဟာ စိတ်စွဲလမ်း၍ အိပ်မက် မက်နေခြင်းသာ ဖြစ်ဟန်တူပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ တစ်ခါ မင်းသားကလေးက 'သားတော်သည် သွေးလေ ချောက်ချား၍ ကယောင်ကတမ်း ပြောနေသည် မဟုတ်ပါ။ ခမည်းတော်ဘုရား ယုံကြည်လောက်အောင် သားတော် သက်သေပြပါမည်။ ဒွန္နယာတွင် တစ်စုံတစ်ယောက်သောသူသည် အိပ်မက်ထဲ၌ ဓားကိုင်၍ ပြင်းထန်သော စစ်ပွဲကို တိုက်ရသည်ဟု အိပ်မက် မြင်မက်သည်ဆိုလျှင် အိပ်ရာက နိုးလာသောအခါ လက်ထဲ၌ သွေးစက်စက်နှင့် ဓားကိုကိုင်လျက် တွေ့နိုင်ပါမည်လော' လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက 'အို သားတော်၊ အိပ်မက် မက်သည်သာ ဖြစ်မူ ထိုသူသည် အိပ်ရာက နိုးသောအခါ လက်ထဲ၌ သွေးစက်စက်နှင့် ဓားကို တွေ့နိုင်မည် မဟုတ်ပါ' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက သူနှင့် မင်းသမီးကလေး တွေ့ရပုံကို အကုန်လုံး ပြန်ပြောပြီး 'အဲသဟာနှင့် သားတော်က သူ့လက်မှာ ဝတ်ထားသည့် လက်ဝတ် ရတနာကလေးကို ချွတ်ပြီး ယူထားလိုက်ပါသည်။ ပြီးတော့ သားတော် အိပ်ပျော်နေခိုက်မှာလည်း သူက သားတော်ရဲ့ လက်ဝတ်ရတနာကို ချွတ်ပြီး သူ့လက်မှာ ဝတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အကယ်၍ အိပ်မက်သဟာဆိုလျှင် ဟောသည် လက်ဝတ်ရတနာကို သားတော် ရနိုင်မည်လား' လို့ ပြောပြီး သူ့ခမည်းတော်အား မင်းသမီးကလေးဆီမှ သူ ချွတ်ယူထားလိုက်သည့် လက်ဝတ်ရတနာကို ပြပါသတဲ့။ ပြီးတော့ တစ်ခါ ဆက်ပြီး ပြောပြန်ပါသတဲ့။ 'အကယ်၍ သူ့လက်ဝတ်ရတနာကိုသာ သားတော် ရမထားလိုက်ပါလျှင် သားတော်ကိုယ်တိုင်ပင် အိပ်မက် မက်နေသည် ဟူ၍သာ ထင်ပါလိမ့်မည်။ ယခုတော့ သည် လက်ဝတ်ရတနာက သက်သေခံ ရှိနေတော့ သားတော်ဟာ ညက လုံမပျိုကို တွေ့ရသည် ဆိုခြင်းကို သံသယ မဖြစ်ထိုက်ကြောင်းပါ' လို့ လျှောက်ပါသတဲ့။ အဲသည်လို လျှောက်ပြီးတော့ မင်းသားကလေးက မင်းသမီးကလေးဆီက သူ ချွတ်ယူထားလိုက်သည့် လက်ဝတ်ရတနာကို သူ့ခမည်းတော်ကို ဆက်ပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက သူ့သားတော်ဆီက လက်ဝတ်ရတနာကို ယူကြည့်ပြီး 'အို သားတော်၊ သည်လက်ဝတ်ရတနာသည် ဖြေဖြတ်ဖို့ ခဲယဉ်းသည့် ပြဿနာပင် ဖြစ်တော့သည်။ ဤသို့ဖြစ်ရခြင်းဟာ အရင်းကို စစ်လိုက်လျှင် သည်နန်းရင်းဝန်ကြီး၏ စနက်ပင် ဖြစ်တော့သည်။ သို့သော် သားတော် ဤ ပြဿနာကို အလာဟုအရှင်သည် ဖြေဖြတ်၍ ပေးသဖြင့် နောက်ဆုံးတွင် သားတော် စိတ်အေးရဖို့ ဖြစ်လိမ့်မည် ငါ မျှော်လင့်သည်' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက 'မှန်လှပါ၊ ခမည်းတော်ဘုရားသည် သားတော်အပေါ်တွင် သက်ညှာတော်မူသောအားဖြင့် သည်လုံမပျိုကို အမြန်ရှာ၍ ပေးတော်မူစေလိုပါသည်။ သားတော်သည် သည်လုံမပျိုကိုမှ မရလျှင် သေပွဲသို့ ဝင်ရရုံသာ ရှိပါတော့မည်' လို့ သနားစဖွယ် လျှောက်ပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက 'အို သားတော်၊ သည်အရေးမှာ အလာဟု အရှင်ကိုသာ အားကိုးရတော့မည်။ ဒွန္နယာကြီးတွင် အလာဟုအရှင်မှတစ်ပါး အားကိုးရာ မရှိ၊ အလာဟုအရှင်မှတစ်ပါး ကယ်နိုင်သူ မရှိ' လို့ ပြောပြီး သားတော်ကို လက်ဆွဲကာ ရွှေနန်းတော်ကြီးကို ခေါ်သွားပါသတဲ့။ ရွှေနန်းတော်ကြီး ရောက်သွားတော့ မင်းသားကလေးဟာ သလွန်ပေါ်မှာ ခွေပြီး တငိုငို တရယ်ရယ် ဖြစ်နေပါသတဲ့။ သူ့ခမည်းတော်ကလည်း သားတော်ကလေး အပါးက နေ့ရောညပါ မခွာဘဲနှင့် နန်းတော်တွင်းက တစ်ခါတည်း မထွက်တော့ဘဲ နေပါသတဲ့။ အဲသဟာနှင့် တစ်နေ့တော့ နန်းရင်းဝန်ကြီးက ရှင်ဘုရင်ကြီးကို လျှောက်ပါသတဲ့။ 'အရှင် မင်းကြီး၊ အရှင်မင်းကြီးသည် စစ်သည်တပ်သားများကို ပစ်၍ တစ်သက်လုံး ဤကဲ့သို့ပင် အရှင်မင်းကြီး၏ သားတော်အနားမှာပဲ နေတော့မည်လား။ အရှင်မင်းကြီး၏ ထီးရုံနန်းရုံ မှူးတော်မတ်တော်များကို ညီလာခံဝင်ခွင့်မပေးဘဲ အရှည်အကြာ ထားခဲ့သော် ပြည်ရွာ ဆူပူချောက်ချား ရှိတတ်ပါသည်။ ပညာရှိတို့မည်သည် မိမိကိုယ်တွင် ကပ်ရောက်သော ရောဂါဝေဒနာများအနက် အပြင်း





ထန်ဆုံးသော ဝေဒနာကို သက်သာအောင် ရှေးဦးစွာ ဆောင်ရွက်ကြမြဲ ဖြစ်ပါသည်။ ထို့ကြောင့် အရှင်မင်းကြီးအား ငါ လျှောက်လိုပါသည်။ အရှင်မင်းကြီး၏ သားတော်ကို ဤနန်းတော်တွင် မထားဘဲ ပင်လယ်ပြင်ကို ရှုမျှော်ခင်း ပြုလျက်ရှိသော နန်းတော်ဆောင်သို့ ပြောင်းရွှေ့ကာ ထားပြီးလျှင်၊ အရှင်မင်းကြီး ကိုယ်တော်တိုင်လည်း သားတော်နှင့်အတူ သွား၍ နေတော်မူပြီးလျှင် တနင်္ဂနွေ တစ်ပတ်အနက် တနင်္လာနေ့နှင့် ကြာသပတေးနေ့ နှစ်နေ့ကို မှူးကြီးမတ်ရာ သေနာပတိများနှင့် တိုင်ပင် ဆွေးနွေးဖို့ သတ်မှတ် ပေးသင့်ပါသည်။ ကျန်သည့် နေ့များတွင် အရှင်မင်းကြီးနှင့် သားတော်တို့သည် အလာဟုအရှင်မ တော်မူသည့်တိုင်အောင် ပူပွဲဆင်၍ နေကြပါ။ ပြောင်းလဲတတ်သော တရားတို့သည် နိုပ်စက်ကြလိမ့်မည် မဟုတ်ဟု မှတ်ထင်နေတော် မမူသင့်ပါ။ ပညာရှိတို့မည်သည် ဘယ်အခါမျှ သတိလွတ်ကင်း၍ မနေပါ' လို့။

သည်တော့ ရှင်ဘုရင်ကြီးကလည်း သတိရလာပြီး 'သြော် . . . ငါ့နန်းရင်းဝန်ကြီး ပြောသဟာ ဟုတ်သားပဲ' ဆိုပြီး သူ့သားတော်ကို ချက်ချင်း ပင်လယ်နန်းဆောင်သို့ ပြောင်းထားလိုက်ပါသတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ကြီးဟာ တနင်္ဂနွေ တစ်ပတ် နှစ်ကြိမ် မှူးကြီးမတ်ရာ သေနာပတိတွေနှင့် တိုင်ပင်ဆွေးနွေးပြီး တိုင်းပြည်ကို အုပ်ချုပ်ပြီး ကျန်သည့် နေ့များမှာတော့ သားတော်ကို ကူပြီး ပူပွဲဆင်ပေးပါသတဲ့။ အဲသဟာနှင့် ရက်ရှည် လများကြာသွားတော့ မင်းသားကလေးဟာ ပိန်ချုံးပြီး အရိုးပေါ် အရေဖုံး ဖြစ်သွားပါသတဲ့။

အဲသည် အတောအတွင်းမှာ မင်းသမီးကလေးကလည်း သူ့နန်းတော် သူ ပြန်ရောက်သွားတော့ စက်ရာက နိုးသဟာနှင့် တစ်ပြိုင်နက် အပျိုတော်များကို မေးပါသတဲ့။ 'ဟဲ့ . . . ငါ့အနားမှာ ညက အိပ်နေသည့် လုလင်ပျိုဟာ ဘယ်ရောက်သွားသလဲ' လို့။

သည်တော့ အပျိုတော်များကလည်း 'သြော် . . . ထိပ်ထားကလေး အိပ်မက်များ မက်နေသလား၊ ညက ထိပ်ထားအနားမှာ ဘယ်လုလင်ပျိုမှ မရှိပါဘူး' လို့ ဆိုကြပါသတဲ့။

သည်တော့ မင်းသမီးလေးက 'ညည်းတို့က ငါ့ကို နောက်တီး နောက်တောက် လုပ်မနေကြပါနှင့်အေ၊ ငါကိုယ်တိုင် အတူတူ အိပ်ရတဲ့ လူထက် ညည်းတို့က ပိုသိချင်ကြသေးသလား။ ပြောကြစမ်းပါအေ့၊ သူ ဘယ်ရောက်သွားသလဲ' လို့ မေးပါသတဲ့။ သည်တော့ တစ်ခါ အပျိုတော်တွေက ရယ်ပြီး 'သြော် . . . ထိပ်ထား၊ စိတ်များမှ နှံ့သေးရဲ့လား' လို့ မေးပါသတဲ့။

သည်တော့ မင်းသမီးကလေးက သူ့လက်မှာ ဝတ်ထားသည့် မင်းသားကလေးရဲ့ လက်ဝတ်ရတနာကို ကြည့်ပြီး 'ဟဲ့ . . . ကောင်မတွေ၊ သဟာ ဟာ ငါ စိတ်မနှံ့သဟာလား။ သည်မှာ ကြည့်စမ်း၊ သည် လက်ဝတ်ရတနာဟာ သူ့ဟာ မဟုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့ဟာလဲ။ ညည်းတို့က ငါ့ကို လှောင်သလို ပြောင်သလို လုပ်မနေကြပါနှင့်’ လို့ ဆိုပါသတဲ့။

သည်တော့ အပျိုတော်ကြီးက ‘အမယ်လေး . . . ထိပ်ထားကို ပြောင်ရ လှောင်ရ သဟာ မဟုတ်ပါဘူး ထိပ်ထားရယ်၊ ထိပ်ထားအနားမှာ ဘယ်သူမှ အိပ်သဟာ မတွေ့ ဘူးလို့ ပြောသဟာပါ’ လို့ ဆိုပါသတဲ့။

သည်တော့ မင်းသမီးကလေးက စိတ်ဆိုးပြီး လက်သုံးတော်ဓားနှင့် အပျိုတော် ကြီးကို ဆွဲပိုင်းလိုက်တော့ အပျိုတော်ကြီးဟာ ပွဲချင်းပြီး သေသွားပါသတဲ့။

အဲသဟာနှင့် အဆောင်မှူးသင်းကွပ်နှင့် အပျိုတော်တွေဟာ လန့်ဖျပ်ပြီး မင်းသမီး ကလေးရဲ့ ခမည်းတော် ဘုရင်ကြီးဆီကို ပြေးပြီး လျှောက်ကြပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ချက်ချင်း လိုက်လာပြီး ‘အို သမီးတော် ဘယ်လိုဖြစ်ရသဟာလဲ’ လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက ‘ခမည်းတော်ဘုရား၊ ညက သမီးတော်နှင့် စက်တော်ခေါ်သည့် လုလင်ပျိုဟာ ဘယ်မှာလဲ’ လို့ မေးပြီး တစ်ခါတည်း စိတ်နောက်





သွားပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးဟာ တောင်ကြည့်မြောက်ကြည့် ကြည့်ပြီး သူ့အဝတ်တန်ဆာတွေကို ထဘီပါ မကျန်အောင် အကုန်လုံး ဆွဲဆုတ်ပစ်ပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်ကြီးက အပျိုတော်တွေကို ‘ဟဲ့ ငါ့သမီးတော်ကို ဖမ်းကြ ဆီးကြ’ ဆိုပြီး လည်ပင်းမှာ သံကြိုးတပ်ပြီး ပြတင်းပေါက်မှာ ချည်အထားခိုင်းပါသတဲ့။ အဲသဟာ နှင့် အပျိုတော်တွေကလည်း ရှင်ဘုရင်ကြီး အမိန့်တော် မှတ်သည့်အတိုင်း မင်းသမီး ကလေးကို လည်ပင်းမှာ သံကြိုးတပ်ပြီး ပြတင်းပေါက်မှာ ချည်ထားကြပါသတဲ့။

အဲသည်တော့ ရှင်ဘုရင်ကြီးကလည်း သူ့သမီးတော်ကို သမီးတော် တစ်ယောက် ဆို ဆိုသလောက် မြတ်နိုးတော်မူသဟာနှင့် အင်မတိ အင်မတန် စိတ်မကောင်း ဖြစ်တော်မူပါသတဲ့။ အဲသဟာနှင့် နိုင်ငံတော်မှာ ရှိသမျှ ဆေးသမား အကျော်အမော်တွေ ကို အကုန်ခေါ်ပြီး သူ့သမီးတော်ရဲ့ ရူးသွပ်သော ဝေဒနာကို ပျောက်အောင် ကုနိုင်သည့်သူ မှန်လျှင် ဗေဒင်ဆရာဖြစ်ဖြစ်၊ ဗိန္ဒောကျမ်းဆရာ ဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် သမီးတော်နှင့် စုံဖက်ပြီး စည်းစိမ်တော်တစ်ဝက် ပေးမည်၊ အကယ်၍ ပျောက်အောင်မကုနိုင်လျှင် ဦးခေါင်းကိုဖြတ်၍ သတ်မည်လို့ ပြောပါသတဲ့။ အဲသဟာနှင့် ဗေဒင်ဆရာ၊ နက္ခတ်ဆရာ၊ ဗိန္ဒောဆရာ၊ ပယောဂဆရာတွေဟာ လာ လာပြီး ကုကြ၊ ကုကြလို့ မပျောက်ရင် ရှင်ဘုရင်က ခေါင်းဖြတ်သတ်ရင်းနှင့် ဆေးသမားက လေးကျိပ်၊ နက္ခတ်ဆရာက လေးကျိပ် ဖြစ်သွားပါသတဲ့။ အဲသဟာနှင့် နောက်တော့ သမီးတော်ကို ကုရဲသည့် ဆေးသမား မရှိတော့ပါဘူး တဲ့။

အဲသည် အတောအတွင်းမှာ မင်းသမီးကလေးကလည်း မင်းသားကလေး ကိုသာ တ တပြီး ငိုနေရှာပါသတဲ့။ အဲသည်လိုနှင့် သုံးနှစ်သုံးမိုး ကြာသွားပါရော တဲ့။ အဲသဟာထက် မင်းသမီးကလေးမှာ မွေးစားသည့် မောင်တော်တစ်ယောက် ရှိပါ သတဲ့။ သူ့ဘွဲ့တော်က မာဇဝန်ပါတဲ့။ မာဇဝန်ကလည်း အပြည်ပြည် အရွာရွာကို လျှောက်ပြီး ခရီးသွားနေသဟာနှင့် မင်းသမီးလေး ရူးနေသည့်အခါမှပဲ ပြန်ရောက်လာ ပါသတဲ့။ မာဇဝန်ကလည်း နှမတော်လေးကို သိပ်ပြီး ချစ်ရှာပါသတဲ့။ အဲသဟာနှင့် ရောက်လာ လာချင်းပဲ သူ့မယ်တော်ကို နှမတော်မင်းသမီးလေး အကြောင်းကို မေးပါ သတဲ့။ သည်တော့ သူ့မယ်တော်က သားတော်မောင်ရဲ့ နှမတော်တော့ သည်လိုသည်လိုပဲ၊ ရူးနေသဟာနှင့် သံကြိုးနှင့် ချည်ထားရသည်လို့ ပြောပါသတဲ့။ သည်တော့ မာဇဝန်က သူ့နှမတော် ဗုဒ္ဓူမင်းသမီးလေးကို သွားကြည့်ချင်ပါသည်၊ ကြည့်ရလို့ရှိလျှင် ကုစားဖို့ အကြံဉာဏ်ပေးချင်လည်း ပေးနိုင်ပါလိမ့်မည်လို့ သူ့မယ်တော်ကို ပြောပါသတဲ့။

သည်တော့ သူ့မယ်တော်က ‘သားတော် သွားကြည့်ချင်လည်း သွားကြည့် သဟာပေါ့။ သဟာပေမင့် သည်နေ့တော့ မသွားပါနှင့်ဦး၊ မနက်ဖြန်ထိ စောင့်ပါ။ သည်အတောအတွင်းမှာ သားတော် ဘယ်လိုနည်းနှင့်သွားလျှင် တော်မည်ကို မယ်တော်



www.burmeseclassic.com

www.burmeseclassic.com



ကြံစမ်းပါရစေဦး’ လို့ ပြောပါသတဲ့။ အဲသည်လို ပြောပြီး နောက်နေ့ကျတော့ မင်းသမီး ကလေးရဲ့ မယ်တော်က မင်းသမီးကလေးဆီကို သွားပါသတဲ့။ မင်းသမီးကလေး နေသည့် အဆောင်တော်ကိုရောက်တော့ အထိန်းတော် သင်းကွပ်ကို ဆုလာဘ်ပေးပြီး ပြောပါ သတဲ့။ ‘သည်မှာ အထိန်းတော်ကြီး၊ ငါ့မှာ သင့်ထိပ်ထားနှင့် အတူတူ ငယ်ငယ်က မွေးလာခဲ့သည့် သမီးတစ်ယောက် ရှိသည်။ အခုတော့ သူဟာ အိမ်ထောင်ကျနေပါသည်။ သင့်ထိပ်ထား အခုလို စိတ်မနှံ့ ဖြစ်သွားသည့်အကြောင်း ကြားတော့ ငါ့သမီးက စိတ် မကောင်းရှာလို့ သင့်ထိပ်ထားကို ခဏလောက် ကြည့်ချင်သည် ပြောသည်။ အဲသည် တော့ သင်က ငါ့ကို နည်းနည်း စောင့်ရှောက်ပေးပါ။ ငါ့သမီးဟာ သင့်ထိပ်ထားကို ခဏလောက် ကြည့်ပြီး ပြန်ပါလိမ့်မည်။ သည်အကြောင်းကိုလည်း သင်က ဘယ်သူ့မှ အသိမပေးပါနှင့်’ လို့။

သည်တော့ အထိန်းတော် သင်းကွပ်က ‘သည်လိုဆိုလျှင် ညကို မင်းတရား ကြီး လာပြီးလို့ ပြန်သည့်အချိန်မှာ သားအမိနှစ်ယောက် လာခဲ့ကြပါ၊ အဲသည် အချိန်မှပဲ ကောင်းပါသည်’ လို့ ပြောပါသတဲ့။ အဲသဟာနှင့် မိဖုရားကြီးလည်း သူ့အဆောင်တော်ကို ပြန်လာခဲ့ပြီး နောက်နေ့ည အရောက်ကို စောင့်နေပါသတဲ့။ နောက်နေ့ည ရောက်တော့ မိဖုရားကြီးက မာဇဝန်ကို မိန်းမလို ဝတ်စေပြီး မင်းသမီးကလေး အဆောင်တော်ကို သားအမိနှစ်ယောက် လက်တွဲပြီး သွားကြပါသတဲ့။ ရောက်လို့ အထိန်းတော်သင်းကွပ် ကို တွေ့တော့ သင်းကွပ်က ‘ကိုင်း လာကြပါ၊ သဟာပေမင့် သိပ်မကြာကြပါစေနဲ့နော်’ လို့ မှာလိုက်ပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးရဲ့ အဆောင်တော်ထဲ ရောက်သွား တော့ မင်းသမီးကလေးကို လည်ပင်း သံကြိုးချည်ထားသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် သူ့မယ်တော်က မာဇဝန်ကို မိန်းမအဝတ်ကို ချွတ်ပြီး ယောကျ်ားအဝတ်ကို ပြန်ဝတ်စေပါသတဲ့။ ပြီးတော့ မာဇဝန်က သူယူလာသည့် စာအုပ်ကိုထုတ်ပြီး ဖယောင်း တိုင် ထွန်းပြီး ဂါထာမန္တန်တွေကို ရွတ်ပါသတဲ့။ သည်တော့ မင်းသမီးကလေးက မာဇဝန်ကို ကြည့်ပြီး ‘အလို မောင်တော်ပါလား၊ မောင်တော်ခရီးထွက်သွားကတည်းက မောင်တော်ရဲ့ သတင်းကို ဘာမျှ မကြားရဘူး’ လို့ ဆိုပါသတဲ့။

သည်တော့ မာဇဝန်က ‘ဟုတ်ပါသည်၊ အခုတော့ အလာဟုအရှင်ရဲ့ အလိုတော် ကြောင့် ကျန်းကျန်းမာမာ ခရီးပြန်ထွက်မလို့ပဲ၊ အခုလို နှမတော်ရဲ့အကြောင်း ကြား ရသဟာနှင့် နှမတော်ရဲ့ ဝေဒနာကို မောင်တော် ကုပေးလို ပေးနိုင်ငြား မောင်တော် လာခဲ့ပါသည်’ လို့ ပြောပါသတဲ့။

သည်တော့ မင်းသမီးကလေးက ‘အို မောင်တော့်စိတ်ထဲက နှမတော်ဟာ ရူးနေသည် ထင်လို့လား’ လို့ မေးပါသတဲ့။ သည်တော့ မာဇဝန်က ‘သဟာပ နှမတော် ရဲ့’ လို့ ဆိုပါသတဲ့။ သည်တော့ တစ်ခါ မင်းသမီးကလေးက ‘အို မောင်တော်၊ နှမတော်





ဟာ ရူးသဟာ မဟုတ်ပါဘူး’ လို့ ဆိုပြီး သူ့အဖြစ်အပျက်ကို အကုန်အစင် ပြောပြပြီး ငိုရှာပါသတဲ့။ သည်တော့ မာဇဝန်က ‘အခု နှမတော် ပြောသဟာကို မောင်တော် အကုန် ယုံပါသည်။ တစ်ခုပဲ ရှိပါသည်၊ နှမတော်ဆီကို လာသည်ဆိုသည့် လုလင်ပျို အကြောင်းကိုတော့ မောင်တော် မတွေးတတ်အောင် ရှိပါသည်။ သဟာပေမင့် အတိုင်း တိုင်း အပြည်ပြည်ကို လျှောက်ပြီး နှမတော်ရဲ့ လုလင်ပျိုကို ရှာပေးပါမည်။ အလာဟု အရှင် အလိုတော်ကြောင့် မတွေ့ဘူးလို့လည်း မပြောနိုင်ပါဘူး။ သည်တော့ အခုလို မောင်တော် လိုက်ရှာနေတုန်းမှာ နှမတော်က သည်းခံပြီး စောင့်တော်မူပေါ့’ လို့ ဆိုပါ သတဲ့။ အဲသည်လို ပြောပြီးတော့ မာဇဝန်တို့ သားအမိလည်း ပြန်ခဲ့ကြပါသတဲ့။ နောက်နေ့ အရုဏ်တက်တော့ မာဇဝန်လည်း အထုပ်အပိုးပြင်ပြီး သူ့နှမတော်ရဲ့ လုလင်ပျိုကို အရှာထွက်သွားပါသတဲ့။ အဲသဟာနှင့် မာဇဝန်ဟာ တစ်လလုံးလုံး ဟိုမြို့က သည်မြို့၊ သည်မြို့က ဟိုမြို့ လျှောက်ပြီး ရှာလိုက်သဟာ သူ မရောက်သည့်မြို့၊ သူ မရောက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းရယ်လို့ မကျန်တော့သလောက်ဘဲ ဖြစ်သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ မာဇဝန်ဟာ အာတေဠတ်ခေါ်သည့် မြို့ကို ရောက်သွားပါသတဲ့။ အဲသည်မြို့ကို ရောက်သွားတော့ မာဇဝန်က စနည်းလျှောက်နာပါသတဲ့။ သည်တော့ မြို့ထဲက ပြောကြပါသတဲ့။ ယှာဠိမန်မင်းကြီးရဲ့ သားတော် ကမာအာဇမန် မင်းသားကလေးဟာ စိတ္တဇရောဂါဖြစ်ပြီး စက်ရာက မထနိုင်ဘူးလို့။ အဲသဟာနှင့် မာဇဝန်က အဲသည် မင်းသားကလေး နေသည့်နေရာကို မေးကြည့်တော့ အဲသည်မင်းသားကလေး နေသည့် ခါလိဒန်ဆိုသည့် ကျွန်းဟာ ကုန်းကြောင်းက သွားလျှင် ခြောက်လခရီး သွားရပြီး၊ ပင်လယ်ကြောင်းက သွားလျှင် တစ်လခရီး သွားရသည်လို အာတေဠတ်မြို့သားတွေက ပြောကြပါသတဲ့။ အဲသဟာနှင့် မာဇဝန်လည်း သင်္ဘောစီးပြီး ခါလိဒန်ကျွန်းကို သွားပါသတဲ့။ တစ်လခရီးရှိလို့ ခါလိဒန်မြို့တော်ကို မြင်ရတော့မှ လေမုန်တိုင်းမိပြီး သင်္ဘော ပျက်သွားပါသတဲ့။ သည်တော့ သင်္ဘောပေါ်မှာ ပါလာကြတဲ့ ခရီးသည်တွေဟာ ကိုယ့်အသက်ကိုယ် ချမ်းသာရာရဖို့ ဟိုကူးသည်ကူး ကူးကြပါသတဲ့။ အဲသည်အခါမှာ မာဇဝန်ကတော့ ရေကြောင်းအလှည့်သင့်ပြီး ကမာအာဇမန် မင်းသားကလေး စံနေသည့် နန်းတော်ဆီကို ရောက်သွားပါသတဲ့။ အဲသည်နေ့ဟာလည်း အလာဟုအရှင်ရဲ့ အလိုတော် အားလျော်စွာ ယှာဠိမန်မင်းကြီးက မှူးတော်မတ်တော်များနှင့် ညီလာခံနေသည့် နေ့ပါတဲ့။ သည်တော့ မင်းသားကလေးကလည်း သူ့ခမည်းတော်ရဲ့ ပေါင်တော်ပေါ်မှာ ခေါင်းအုံးပြီး ပွဲတော် မတည်နိုင်သဟာလည်း နှစ်ရက်ရှိနေသဟာနှင့် စကားလည်း မပြောနိုင်ဘဲ ပက်လက်ကလေး ဖြစ်နေပါသတဲ့။ အဲသည်အခါမှာ နန်းရင်းဝန်ကြီးကလည်း သူ တစ်ယောက်တည်း ခွဲပြီး ပြတင်းပေါက်က ပင်လယ်ဘက်ကို မျှော်ကြည့်နေပါသတဲ့။ သဟာနှင့် မာဇဝန်ကို လှိုင်းတွေကြားမှာ သွားမြင်ပါသတဲ့။ အဲသည်တော့ နန်းရင်းဝန်ကြီးက သနားစိတ်ပေါ်လာပြီး မင်းတရားကြီးကို လျှောက်ပါသတဲ့။ 'မှန်လှပါ၊ ရွှေနန်းဆောင် ရေတံခါးကို ဖွင့်၍ လူတစ်ယောက် ရေနစ်နေသည်ကို ကယ်ခွင့် ပေးစေလိုပါသည် ဘုရား။ ထိုသူကို ကယ်ရသည့် အကျိုးအားဖြင့် အရှင်မင်းကြီးရဲ့ သားတော်တွင် ယခု စွဲကပ်လျက်ရှိသည့် ဝေဒနာဟာ ပျောက်ဖို့အကြောင်း ပေါ်လာလျှင်လည်း ပေါ်လာလိမ့်မည် ဘုရား' လို့။

သည်တော့ ရှင်ဘုရင်ကြီးက 'အခု ငါ့သား သည်လို ဖြစ်နေရသဟာ သင့်ကြောင့်ပဲ။ ရေနစ်နေတဲ့ သူကို သင် ကယ်လိုက်လျှင် ထိုသူသည် ငါတို့ အကြောင်းကို သိပြီး ရယ်ချင်ရယ်လိမ့်မည်။ သည်တော့ သင့်ကို ငါ တစ်ခု သတိပေးမည်။ အဲသည် ရေနစ်သူက ငါတို့အကြောင်းကို သိသွားပြီး ရပ်ထဲရွာထဲမှာ လျှောက်ပြောမည်ဆိုလျှင် သင့်ခေါင်းနှင့် သင့်ကိုယ်ဟာ အိုးစားကွဲရပြီသာ မှတ်ပေတော့၊ အဲသဟာပဲ ငါ ပြောမည်။ သင့်သဘောအတိုင်း ရေနစ်သူကို သင် ကယ်ချင်လျှင် ကယ်နိုင်သည်' လို့ ပြောပါသတဲ့။





သည်တော့ နန်းရင်းဝန်ကြီးက ရေဆိပ်ကို ပြေးပြီး ဆင်းသွားပါသတဲ့။ အဲသည်အခါမှာ မာဇဝန်ကလည်း ကမ်းနားရောက်လာပြီး မြုပ်ချည်တစ်ခါ ပေါ်ချည်တစ်လှည့် ဖြစ်နေပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးက ကမ်းပေါ်က နေပြီး မာဇဝန်ရဲ့ဆံပင်ကို လှမ်းဆွဲပြီး ဆွဲတင်လိုက်ပါသတဲ့။

အဲသဟာနှင့် ကုန်းပေါ် ရောက်လာတော့ မာဇဝန်ဟာ သတိမရပါဘူး တဲ့။ သည်တော့ နန်းရင်းဝန်ကြီးက မာဇဝန်ရဲ့ ဝမ်းထဲက ရေတွေကို အန်အောင် လုပ်ပေးပြီး ပုဆိုးခြောက်များနှင့် ထွေးပေးသတဲ့။ ပြီးတော့ မာဇဝန် သတိပြန်ရလာအောင် စောင့်နေပါသတဲ့။ အဲသဟာနှင့် ခဏလောက်နေလို့ မာဇဝန် သတိပြန်ရလာတော့မှ နန်းရင်းဝန်ကြီးက 'သည်မှာ အမောင်လုလင်၊ ယခု သင့်အသက်ကို ငါ ကယ်လိုက်ပြီနော်၊ အဲသလို ကယ်လိုက်ရသည့်အတွက် ကျေးဇူးဆပ်သောအားဖြင့် ငါ့အသက်ရော၊ သင့်အသက်ပါ ဆုံးရှုံးရမည့် အလုပ်များတော့ မလုပ်ပါနှင့်' လို့ ပြောပါသတဲ့။

သည်တော့ မာဇဝန်က 'ဘယ်လို ဆိုသဟာပါလဲ' လို့ နန်းရင်းဝန်ကြီးကို မေးပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'သင့်ကို ယခု သည်ကနေပြီး ငါ မှူးကြီးမတ်ရာ သေနာပတိတွေ အလယ်ကို ခေါ်သွားမလို့။ အဲသည် မှူးကြီးမတ်ရာ သေနာပတိတွေဟာ မင်းတရားကြီးရဲ့သားတော် ကမာအာဇမန် မင်းသားကလေး မမာနေသည့်အတွက် တစ်ယောက်မျှ စကားမပြောဘဲ ငုတ်တုတ်ကြီးတွေ ထိုင်နေကြပါသည်' လို့ ပြောပါသတဲ့။ အဲသည်လို ကမာအာဇမန် ဆိုသည့် နာမည်ကို ကြားလိုက်တော့ မာဇဝန်က "ဟာ ငါ့အကြံတော့ အောင်ပြီ၊ သည် ကမာအာဇမန် ဟာ ငါ ရှာနေသည့် ကမာအာဇမန်ပဲ ဖြစ်မှာပဲ" လို့ အောက်မေ့ပြီး ဝမ်းသာသွားပါ သတဲ့။ သဟာပေမင့် မာဇဝန်က အသာကလေး မသိသေးချင်ဟန် ဆောင်နေပြီး 'သဟာထက် ကမာအာဇမန် ဆိုသဟာက ဘယ်သူပါလဲ' လို့ နန်းရင်းဝန်ကြီးကို မေးပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မောင်ရေ၊ ကမာအာဇမန်ဆိုသဟာက ငါတို့ မင်းတရားကြီး ယှာဠိမန်မင်းကြီးရဲ့ တစ်ပါးတည်းသော သားတော်ပဲ။ ကိုယ်တော်ကလေးက မမာနေသဟာ ကြာပြီ။ စက်ရာကလည်း မထနိုင်ဘူး၊ သလွန်ပေါ်မှာ တုံးလုံးကလေး လဲလို့။ ပွဲတော်လည်း မတည်နိုင်ဘူး၊ ရေတော်လည်း မသောက်နိုင်ဘူး။ သေဖို့နဲ့ ရှင်ဖို့ သေဖို့ပဲ များနေသည်။ သည်တော့ အမောင်က ကမာအာဇမန် မင်းသားကလေးကို တွေ့လျှင် အကြာကြီး စိုက်ကြည့်မနေပါနှင့်။ ကိုယ့်မျက်စိအောက်မှာ ရှိသဟာလောက်ကိုပဲ ကိုယ်ကြည့်ပါ။ တောင်တောင်မြောက်မြောက် ဟိုလျှောက်ကြည့် သည်လျှောက်ကြည့်လည်း ကြည့်မနေပါနှင့်။ အဲသလို ကြည့်နေလျှင် မောင့်အသက် ဆုံးရပါလိမ့်မည်၊ ငါ့အသက်လည်း ချမ်းသာမှာ မဟုတ်ပါဘူး' လို့ ပြောပါသတဲ့။

သည်တော့ မာဇဝန်က 'အဲသဟာက အရေးမကြီးပါဘူး၊ သဟာထက် အဲသည်



www.burmeseclassic.com

www.burmeseclassic.com



ကမာအာဇမန် မင်းသားကလေး မမာမကျန်း ဖြစ်နေရပုံကို သိလျှင် ငါ့ကို တစ်ဆိတ် ပြောပြပါလား အဘိုးရယ်' လို့ ဆိုပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'သည်လိုလေ မောင်ရဲ့ သည်လို၊ အဘိုးလည်း သိပ်တော့မသိဘူး၊ သဟာပေမင့် အဘိုး သိသလောက်တော့ ပြောပြရသဟာပ' လို့ ဆိုပြီး မင်းသားကလေးကို သူ့ခမည်းတော်က ထိမ်းမြားဖို့ လုပ်သည့်အကြောင်းက စပြီး နောက်ဆုံး အိပ်ရာထဲ လဲနေသည့် အခြေအနေ ရောက်အောင် ပြန်ပြောပြပြီး 'အဲသဟာကြောင့် နန်းတော်ထဲ မောင် ရောက်သွားသည့်အခါမှာ ကမာအာဇမန် မင်းသားကလေးကို သိပ်ပြီး မကြည့်ပါနှင့်။ အမှုမဲ့ အမှတ်မဲ့ ကိုယ်သွားစရာ ရှိသဟာကို သွားပါ။ ဘယ်ကိုမျှ ဟိုကြည့်သည်ကြည့် မလုပ်ပါနှင့်။ မင်းတရားကြီးကလည်း သူ့ သားတော်အတွက်နှင့် ပတ်သက်ပြီး ငါ့အပေါ်မှာ အများကြီး အမျက်တော် ရှနေသည်' လို့ ပြောပါသတဲ့။

ပြီးတော့ နန်းရင်းဝန်ကြီးက မာဇဝန်ကို နန်းတော်ထဲ ခေါ်သွားပါသတဲ့။





နန်းတော်ထဲရောက်တော့ နန်းရင်းဝန်ကြီးက မင်းသားကလေးရဲ့ ခြေရင်းမှာ ကုပ်ပြီး ထိုင်နေပါသတဲ့။ သည်တော့ မာဇဝန်က နန်းတော်ထဲမှာ ဘာမျှလည်း လုပ်စရာ မရှိသဟာနှင့် ကမာအာဇမန် မင်းသားကလေးအနားသွားပြီး တစ်ခါတည်း စိုက်ကြည့်နေပါရောတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက ကြောက်လွန်းလို့ တုန်နေရှာသဟာပါပဲတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးက မာဇဝန်ကို လက်ပြ ခြေပြ လုပ်သဟာကို မာဇဝန်က မမြင်ချင်ယောင်ဆောင်ပြီး ကမာအာဇမန် မင်းသားကလေးကို ဆက်ကြည့်မြဲ ကြည့်နေပါသတဲ့။ နောက်ဆုံးကျတော့ သဟာဖြင့် သူ ရှာနေသည့် မင်းသားကလေးပဲဆိုသဟာ သိတော့မှပဲ အကြည့်ရပ်သွားပါ သတဲ့။ ပြီးတော့ မာဇဝန်က 'ဩ အလာဟု အရှင်နှယ်နော်၊ သည်မင်းသားကလေးနှင့် ဟိုမင်းသမီးကလေးကို ရုပ်ရည်ပုံပန်း၊ အသွေးအရောင် တူအောင် ဖန်ဆင်းမှ ဖန်ဆင်းတော်မူတတ်ပါပေသည်' လို့ အသံကျယ်ကျယ်နှင့် ပြောပါသတဲ့။

အဲသလို မာဇဝန် ပြောသံကိုကြားတော့ မင်းသားကလေးက စက်ရာမှ မျက်လုံးကလေးများကို ဖွင့်ကြည့်ပြီး နားစွင့်ထောင်ပြီး သူ့ခမည်းတော်ကို လျှောက်ပါသတဲ့။ 'မှန်လှပါ ခမည်းတော်ဘုရား၊ သည်လုလင်ပျိုကို သားတော် အနားမှာ လာပြီး ထိုင်ခွင့်ပြုတော်မူပါ ဘုရား' လို့။ အဲသည်လို သားတော်ကလေး ပြောလိုက်တော့ ရှင်ဘုရင်ကြီးက ဝမ်းသာသွားပါသတဲ့။ လက်ဦးတုန်းကတော့ ရှင်ဘုရင်ကြီးက မာဇဝန်ကို ကြည့်ပြီး သဘောမကျလို့ သည်ကောင့် ခေါင်းတော့ ဖြတ်ပစ်မှပဲလို့ အောက်မေ့နေပါသတဲ့။ အဲသည်လို သူ့သားတော်က ပြောလိုက်တော့ ရှင်ဘုရင်ကြီးက ရွှေဘောတော် တွေ့သွားပြီး မာဇဝန်ကို ကိုယ်တော်တိုင် လက်နှင့်ဆွဲပြီး ကမာအာဇမန် မင်းသားကလေးရဲ့ အနားကို ပို့ပေးပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ကြီးက မာဇဝန်ကို 'သင် အသက်ချမ်းသာရာ ရသဟာ ဟာ အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့်ပဲ' လို့ ဆိုပါသတဲ့။ သည်တော့ မာဇဝန်က ရှင်ဘုရင်ကြီးကို ကြည့်ပြီး 'သင့်အား လည်းကောင်း၊ သင်၏ သားတော်အား လည်းကောင်း အလာဟုအရှင်သည် စောင်မတော်မူပါစေသတည်း' လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'သင် ဘယ်တိုင်းပြည်ကလဲ' လို့ မာဇဝန် ကို မေးပါသတဲ့။ သည်တော့ မာဇဝန်က 'ငါသည် အကျွန်းကျွန်း သခင်၊ ပင်လယ်များ အရှင်၊ နန်းခုနစ်ဆောင်ဘုရင် ဃာယူမင်းတရားကြီး ပိုင်စံသည့် ကုန်းတွင်း ပင်လယ်ပြည်က ဖြစ်ပါသည်' လို့ လျှောက်ပါသတဲ့။

သည်တော့ ယှာဋ္ဌိမန်ဘုရင်ကြီးက 'သင် ရောက်လာခြင်းသည် ငါ့ သားတော်အဖို့ ကောင်းသောနိမိတ်ပင် ဖြစ်ရသည်' လို့ ပြောပါသတဲ့။ သည်တော့ မာဇဝန်က 'အလာဟုအရှင်၏ အလိုတော်အရ အရှင်မင်းမြတ်၏ သားတော်၌ မကောင်းသော



www.burmeseclassic.com

www.burmeseclassic.com



ရန်ဟူသမျှ ပျောက်ကင်းမည်သာ ဖြစ်ပါသည်’ လို့ ပြောပြီး တစ်ခါ ရှင်ဘုရင်ကြီးနှင့် မှူးတော်မတ်တော်များ မကြားအောင် မင်းသားကလေး နားနား ကပ်ပြီး ‘အရှင့်သား ပူပန်တော်မမူပါလင့်၊ စိတ်နှလုံး အေးချမ်းစွာသာ နေတော်မူပါ။ အရှင့်သား ချစ်သသူ အတွက် ပူပန်တော်မူဖို့ မရှိပါ။ အရှင့်သားသည် သူ့အတွက် ရတက်ပွား၍ နာမကျန်း ဖြစ်နေရသည့် နည်းတူ အရှင့်သား၏ ချစ်သသူလည်း အရှင့်သားအတွက် ရတက် ပွား၍ ယခုအခါ ရူးသွပ်နေပြီးလျှင် အကျဉ်းထောင်အတွင်း၌ လည်ပင်းတွင် သံကြိုး အတည်းခံ၍ နေရပါသည်။ သို့ရာတွင် ဤအကြောင်းများကြောင့် ပူပန်တော်မမူပါလင့်၊ အလာဟုအရှင် အလိုရှိတော် ရှိသည်ဖြစ်ပါမူ အရှင့်သားနှင့် ချစ်သသူ နှစ်ဦးစလုံးအား ငါ ကုစား၍ ပေးနိုင်ပါလိမ့်မည်’ လို့ ပြောပါသတဲ့။

အဲသည်လို မာဇဝန်က ပြောလိုက်တော့ ကမာအာဇမန်ရဲ့ ရောဂါဟာ ယူပစ် လိုက်သလို သက်သာသွားပြီး ထ ပြီးထိုင်ရန် သူ့ခမည်းတော်အား ထူ၍ ပေးပါလို့ ပြောပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးကလည်း ဝမ်းသာလွန်းလို့ ထ ခုန်ချင်သလို ဖြစ်သွားပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်ကြီးက ကပျာကယာ သားတော်ကို ပွေ့ပြီး ထူပေးပါသတဲ့။ ပြီးတော့ အခစား ဝင်နေကြသည့် မှူးတော် မတ်တော်များကိုလည်း နန်းတော်တွင်းက ထွက်သွားကြဖို့ အချက်တော် ပေးလိုက်ပါသတဲ့။ ပြီးတော့ သားတော် မှီနေဖို့ ခေါင်းအုံးနှစ်လုံး ဆင့်ပေးတော်မူပြီး နန်းတော် တစ်ခုလုံးကို နံ့သာရည်များဖြင့် ပက်ဖျန်းစေပါသတဲ့။ ပြီးတော့ မာဇဝန်ကို အပါးသို့ ခေါ်တော်မူပြီး ‘အို သားတော်၊ သင်၏ လာခြင်းသည် ကောင်းသောလာခြင်း ပင်တည်း’ လို့ ဆိုပါသတဲ့။ ပြီးတော့ မာဇဝန် စားဖို့ ပွဲတော်အုပ်ကို အယူခိုင်းပါသတဲ့။ ပွဲတော်အုပ် ရောက်လာလို့ မာဇဝန် အနားမှာ ချထားတော့ မာဇဝန်က ကမာအာဇမန်ကို ‘သင်သည် ငါနှင့် လာ၍ စားလှည့်ပါလော့’ လို့ ပြောပါသတဲ့။

သည်တော့ ကမာအာဇမန်က မာဇဝန် ပြောသည့်အတိုင်း ထလာပြီး ပွဲတော် တည်ပါသတဲ့။ သည်တော့ ယှာဋ္ဌိမန်မင်းကြီးက ဝမ်းသာတော်မူလွန်းလို့ မာဇဝန်ကို ‘သင်၏ လာခြင်းသည် ကောင်းလေစွ၊ ကောင်းလေစွ’ လို့ ပြောပါသတဲ့။ ပြီးတော့ ကမာအာဇမန် မင်းသားကလေး ပွဲတော်တည်သဟာကို တွေ့ရတော့ ရှင်ဘုရင်ကြီးက ဝမ်းသာအားရနှင့် မိဖုရားကြီးကို သွားပြောပါသတဲ့။ ပြီးတော့ တစ်နန်းတော်လုံး အကုန် လျှောက်ပြောပါသတဲ့။ ပြီးတော့ တစ်တိုင်း ပြည်လုံးကို သူ့သားတော် ကျန်းမာလာသည့် အကြောင်းကို ကြေညာပြီး ပျော်ပွဲသဘင်ကြီး ကျင်းပစေပါသတဲ့။

အဲသဟာနှင့် အဲသည့်ညမှာ မာဇဝန်ရယ်၊ ကမာအာဇမန် မင်းသားကလေး ရယ်၊ ခမည်းတော် မင်းကြီးရယ် အတူတူ စက်တော်ခေါ်ကြပါသတဲ့။ မိုးသောက်တော့ ယှာဋ္ဌိမန်မင်းကြီးလည်း ထွက်တော်မူသွားသဟာနှင့် ကမာအာဇမန်နှင့် မာဇဝန်





နှစ်ယောက်တည်း နန်းတော်ထဲမှာ ကျန်ရစ်ခဲ့ပါသတဲ့။ သည်တော့ ကမာအာဇမန်က သူ့အဖြစ်အပျက်ကို အစအဆုံး ကုန်စင်အောင် မာဇဝန်ကို ပြောပြပါသတဲ့။

သည်တော့ မာဇဝန်က ‘သင့်ကို ငါ မေးလို့သာ မေးနေသဟာပါ၊ တကယ် ဆိုတော့ သင့်အကြောင်း ငါ အကုန်သိပါသည်။ သင့်ဆီကို ညလာအိပ်သည် ဆိုသည့် မိန်းမပျိုကိုလည်း ငါ သိပါသည်။ သူ့နာမည်က ဗူဒူထိပ်ထားလို့ ခေါ်ပါသည်။ ဃာယူ မင်းကြီးရဲ့ သမီးတော် ဖြစ်ပါသည်’ လို့ ပြောပါသတဲ့။ ပြီးတော့မှ တစ်ခါ မာဇဝန်က မင်းသမီးကလေးရဲ့ ဖြစ်ပျက်နေပုံကို ကုန်စင်အောင် ပြောပြပါသတဲ့။ ပြီးတော့ တစ်ခါ မာဇဝန်က မင်းသားကလေးကို ‘အခု သင် ဖြစ်နေသလိုပဲ ဗူဒူထိပ်ထားကလေးလည်း ဖြစ်နေရှာပါသည်။ သင်ဟာလည်း သူ့ချစ်သသူ၊ သူဟာလည်း သင်ချစ်သသူ အမှန်ပါပဲ။ သဟာကြောင့် သင် ဘာမျှ အားမငယ်ပါနှင့်၊ သင်တို့နှစ်ဦး တွေ့ဆုံ ပေါင်းဖက်ကြဖို့ ငါ ကြံဆောင်ပေးပါမည်’ လို့ ဆိုပါသတဲ့။

ပြီးတော့ မာဇဝန်က မင်းသားကလေးကို ပျော်ပျော်စား၊ ပျော်ပျော်အိပ်ဖို့သာ အားပေးသဟာနှင့် မင်းသားကလေးလည်း တစ်ခါတည်း ကျန်းမာ ဝဖြိုးလာပါသတဲ့။ အဲသဟာနှင့် ယှာဋ္ဌိမန်မင်းကြီးလည်း ဝမ်းသာတော်မူလို့ အကျဉ်းသားများကို ဘေးမဲ့ ပေးပြီး၊ မှူးတော်မတ်တော် မှုထမ်းရာထမ်းများကိုလည်း ဆုတော်လာဘ်တော်များ ပေးပါသတဲ့။ ပြီးတော့ မရှိဆင်းရဲသည့် တိုင်းသူ ပြည်သားများကိုလည်း အလှူတော်ကြီး ပေးပါသတဲ့။

အဲသဟာနှင့် တစ်နေ့တော့ မာဇဝန်က မင်းသားကလေးကို ပြောပါသတဲ့။

‘ယခု သင့်ဆီကို ငါ လာခဲ့ခြင်းဟာ တခြားကြောင့် မဟုတ်ဘူး၊ ဗူဒူ ထိပ်ထား ကလေးရဲ့ ရူးသွပ်သည့် ဝေဒနာကို ပျောက်အောင် ကုစားပေးဖို့ ဖြစ်သည်။ သည်တော့ ယခု သင်နှင့်ငါမှာ ဗူဒူထိပ်ထားကလေးကို ကုစားပေးကြဖို့ တာဝန်ကျန်သေးသည်။ အဲသည်တော့ အကြံထုတ်ကြဦးမှ ဖြစ်မည်။ ယခု သင်နှင့်ငါနှင့် ဗူဒူထိပ်ထားဆီကို သွားကြမည်ဆိုလျှင် သင့်ခမည်းတော်က သင့်ကို မခွဲနိုင်သည့်အတွက် ခွင့်ပြုမည် မဟုတ်ဘူး။ သည်တော့ ငါ သည်လို ကြံမည်။ မနက်ဖြန် မိုးသောက်လျှင် သင်က သင့် ခမည်းတော်ထံမှာ သင်နှင့်ငါနှင့် တောကစား သွားကြဖို့ ခွင့်ပန်ပါ။ ခွင့်ရတော့ အသပြာ အပြည့်ထည့်ထားသည့် အိတ်နှစ်လုံးကိုလည်း မြင်းနှင့်တင်ပြီး ယူခဲ့ပါ။ ပြီးတော့ သင်စီးသည့် မြင်းအပြင် နောက်ထပ် မြင်းတစ်ကောင်လည်း အပိုဆောင်ခဲ့ပါ။ ငါကလည်း သင်လိုပဲ လုပ်မည်။ သင့်ခမည်းတော်ကိုတော့ တောကစား သွားမှာဟာ တစ်ညအိပ်ပဲ ကြာမည်လို့ ပြောပါ။ ပြီးတော့ နောက်တော်ပါ တစ်ယောက်မျှ မခေါ်ခဲ့ပါနှင့်။ သင်နှင့် ငါနှင့် နှစ်ယောက်တည်းပဲ သွားကြမည်။ တောထဲ ရောက်တော့မှ သင်နှင့်ငါ အကြံရှိရာကို သွားကြမည်’ လို့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ကမာအာဇမန်က 'သည်အကြံ ကောင်းသည်' လို့ ပြောပြီး သူ့ခမည်းတော်ထံ တစ်ညအိပ် တောကစားထွက်ဖို့ ခွင့်ပြုပါလို့ လျှောက်ပါသတဲ့။ သည်တော့ ယှာဋ္ဌိမန်မင်းကြီးက 'သားတော် ကျန်းမာလာသည့်အတွက် ခမည်းတော် ဝမ်းမြောက်တော်မူသည်၊ သားတော် အလိုရှိသည့်အတိုင်း တောကစား ထွက်စေ။ သို့သော် တစ်ညအိပ်ထက် ပိုမကြာစေနှင့် သားတော်၊ နောက်တစ်နေ့ နံနက်ဆိုလျှင် သားတော် ပြန်ရောက်ပါစေ။ ခမည်းတော်အဖို့မှာ သားတော်နှင့် ခွဲနေရလျှင် အချည်းနှီးသာ ဖြစ်သည်။ ပြီးတော့ သားတော်လည်း လုံးလုံးလျားလျား ကျန်းမာသေးသည် မဟုတ်ဘူး' လို့ ပြောပါသတဲ့။

ပြီးတော့ ယှာဋ္ဌိမန်မင်းကြီးက သားတော် ကမာအာဇမန် မင်းသားကလေးနှင့် မာဇဝန်တို့ တောကစားသွားဖို့အတွက် လိုသမျှ အစီအစဉ်တွေကို ပြည့်စုံအောင် စီမံပေးပါသတဲ့။

အဲသဟာနှင့် မာဇဝန်နှင့် ကမာအာဇမန်တို့ နှစ်ယောက်ဟာ အခြွေအရံ မခေါ်ကြဘဲ အသပြာတင်ဖို့ ကုလားအုတ်တစ်ကောင်၊ သောက်ရေတင်ဖို့ ကုလားအုတ်





တစ်ကောင်နှင့် မြင်းကိုယ်စီးစီး၊ တစ်ကောင်စီ အပိုဆောင်ပြီး တောကစား ထွက်သွားကြပါသတဲ့။

အဲသဟာနှင့် မာဇဝန်နှင့် ကမာအာဇမန် မင်းသားကလေးတို့ဟာ နှစ်ယောက်သား နေထွက်က နေဝင်ထိအောင် မြင်းစီးပြီး ခရီးနှင်သွားကြပါသတဲ့။ ညရောက်တော့မှပဲ အနားယူ၊ အစာစားပြီး အိပ်ကြပါသတဲ့။ နောက်နေ့ကျတော့ နှစ်ယောက်သား ခရီးဆက်ပြီး နှင်ကြပြန်ပါသတဲ့။ အဲသည်လိုနှင့်ပဲ လေးနေ့နှင့် လေးည ကြာသွားတော့ ချုံကလေးတစ်ခုရှိသည့် ကွင်းပြင်ကြီးထဲ ရောက်သွားကြပါသတဲ့။ အဲသည် ချုံကလေးနား ရောက်တော့ မာဇဝန်နှင့် ကမာအာဇမန်ဟာ မြင်းပေါ်က ဆင်းကြပါသတဲ့။ ပြီးတော့ မာဇဝန်က မြင်းတစ်ကောင်နှင့် ကုလားအုတ် တစ်ကောင်ကို ဓားနှင့် အပိုင်းပိုင်း ခုတ်သတ်။ ကမာအာဇမန်ရဲ့ ကိုယ်ဝတ်ကို ယူ၊ အပိုင်းပိုင်း ဆုတ်၊ မြင်းသွေးနဲ့ လိမ်းပြီး လမ်းဆုံမှာ ပစ်ထားပါသတဲ့။

ပြီးတော့မှ သူတို့နှစ်ယောက်သား အစာစားကြပြီး ခရီးဆက်နှင်ကြပြန်ပါသတဲ့။ သည်တော့ ကမာအာဇမန်က မာဇဝန်ကို ဘာလို့ မြင်းနှင့် ကုလားအုတ်ကို သတ်ပြီး၊ သူ့ကိုယ်ဝတ်ကို သွေးတွေလူးပြီး လမ်းဆုံမှာ ပစ်ထားခဲ့သဟာလဲလို့ မေးပါသတဲ့။ သည်တော့ မာဇဝန်က 'သဟာက သည်လိုလေ ကမာအာဇမန်ရဲ့၊ ငါတို့ နှစ်ယောက်ဟာ တစ်ညအိပ်ပြီးလို့ နန်းတော်ကို ပြန်မလာဘူးဆိုတော့ နောက် တစ်နေ့ကျလျှင် သင့်ခမည်းတော်က ငါတို့နောက်ကို မြင်းသည်တော်တွေ လွှတ်ပြီး ရှာမည် မဟုတ်လား။ အဲသည်လို ရှာတော့ သင့်ကိုယ်ဝတ်မှာ သွေးတွေ ပေနေသဟာရယ်၊ မြင်းတစ်ကောင်နှင့် ကုလားအုတ်တစ်ကောင် သေနေသဟာရယ် တွေ့လိမ့်မည်။ တွေ့တော့ သင့်ခမည်းတော်က "အင်း . . . ဧကန္တ ငါ့သားတော်နှင့် မာဇဝန်တို့တော့ လူဆိုးသူဆိုးတွေ လက်ထဲ ရောက်ပြီး တစ်ခုခု ဖြစ်ကုန်ပြီ"လို့ အောက်မေ့ပြီး လိုက်ရှာဖို့ အကြံကို လျှော့သွားလိမ့်မည်။ သည်တော့ တို့အကြံ အောင်ပြီး သွားချင်ရာ သွားနိုင်မည် မဟုတ်လား'လို့ ဆိုပါသတဲ့။

သည်တော့ ကမာအာဇမန်က 'ဩော် . . . သင့်အကြံက တယ်ကောင်းသည့် အကြံပါလား' လို့ ဆိုပါသတဲ့။ ပြီးတော့ နှစ်ယောက်သား နေ့ရောညပါ ခရီးဆက်ပြီး နှင်သွားကြပါသတဲ့။ အဲသည် အတောအတွင်းမှာ ကမာအာဇမန်ကတော့ တညည်းတည်းညည်းပြီး လိုက်ပါသွားပါသတဲ့။ တစ်ခါတစ်ခါလည်း ငိုပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ လမ်းဆုံးလို့ ရွာတွေ့တော့ မာဇဝန်က ပြောပြသတဲ့။ 'ကိုင်း ကမာအာဇမန်၊ ငါတို့ လိုရာကို ရောက်ကြပြီ။ ဟော . . . ဟိုရှေ့က မြင်ရသည့်ဟာဟာ ဃာယူမင်းကြီး ပိုင်စံသည့် ကျွန်းများပဲ' လို့ ပြောပါသတဲ့။ သည်တော့မှ ကမာအာဇမန်လည်း ရယ်နိုင်သွားပြီး ဝမ်းသာအားရနှင့် မာဇဝန်ရဲ့ မျက်ခုံးနှစ်ခုကြားကို နမ်းပြီး မာဇဝန်ကို အားရပါးရ ဖက်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် မြို့တွင်း ရောက်သွားကြတော့ တည်းအိပ်တစ်ခုမှာ သုံးရက် ဝင်ပြီး သုံးရက် တည်းနေကြပါသတဲ့။ ပြီးတော့ ရေမိုးချိုး၊ အဝတ်အစား လဲကြပါသတဲ့။ ပြီးတော့ မာဇဝန်က ကမာအာဇမန်ကို ကုန်သည်ဟန်ဆောင်စေပြီး၊ ရွှေစင်ဖြင့် လုပ်ထားသည့် နက္ခတ်ကိရိယာများ ပေးပြီး 'အို... အရှင့်သား၊ အရှင့်သားသည် ဃာယူမင်းကြီးရဲ့ နန်းတော်မြို့ရိုးကို ချဉ်းပြီး "ငါသည် သင်္ချာအတတ်ကို ကျွမ်းကျင်သူတည်း။ ငါသည် ပျောက်သူနှင့် ရှာသူကို မြင်သတည်း။ ငါသည် လောကဓာတ် ပညာ ပါရဂူတည်း။ ငါသည် အာကာသသျှတ္တရကို နှံ့စပ်သူတည်း။ သူပျောက်ရှာသူတို့သည် ငါ့ဆီကို လာကြကုန်လော့" လို့ အော်တော်မူပါလော့။ အဲသည်လို အော်တော်မူလို့ ဃာယူမင်းကြီး ကြားတော်မူလျှင် အရှင့်သားကို ရွှေနန်းတော်သို့ ခေါ်တော်မူပြီးလျှင် သမီးတော် ဗူဒူထိပ်ထားထံကို ဆောင်ကြဉ်းသွားပါလိမ့်မည်။ အဲသည်အခါမှာ အရှင့် သားက ပြောပါ။ "ငါ့အား ဗူဒူထိပ်ထားကို ကုစားဖို့ ခွင့်သုံးရက်ပေးပါ။ ပျောက်ခဲ့သော် ငါ့အား သမီးတော်နှင့် စုံဖက်ပြီး ပေးတော်မူပါ။ အကယ်၍ ငါသည် ထိုသုံးရက်အတွင်း၌ သမီးတော်ရဲ့ ရူးသွပ်ခြင်းကို ပျောက်အောင် မကုနိုင်ပါလျှင် ငါ့အား အလျှင်အလျှင်က ဆရာများကို စီရင်သည့်နည်းတူ စီရင်ပါ" လို့ ပြောပါ။ သည်အခါမှာ ဘုရင်မင်းမြတ်က အရှင့်သားရဲ့ အကြံကို လိုက်နာပါလိမ့်မည်။ လိုက်နာလို့ ဗူဒူထိပ်ထားရှေ့ ရောက်သွားသဟာနှင့် တစ်ပြိုင်နက် အရှင့်သားက မိမိဟာ ကမာအာဇမန်မင်းသားဖြစ်သည် ဆိုသဟာကို မှန်သည့်အတိုင်း ပြောပြပါ။ သည်လို ပြောပြလျှင် ဗူဒူထိပ်ထားရဲ့ ရူးသွပ်သည့် ဝေဒနာလည်း တစ်ခါတည်း ပျောက်ကင်းသွားပါလိမ့်မည်။ ပျောက်ကင်းသွားတော့မှ ဗူဒူကို အစားအစာ ပေးပါ။ သည်တော့ သူ့ခမည်းတော်က ဝမ်းသာပြီး ဗူဒူနှင့် စုံဖက်ပေးပါလိမ့်မည်။ ဃာယူမင်းကြီးက သူ့သမီးတော်ရဲ့ ဝေဒနာကို ပျောက်အောင် ကုနိုင်သူကို သမီးတော်နှင့် စုံဖက်ပေးမည်လို့ ဝန်ခံထားပါသည်။ သူ့ဝန်ခံချက်ကို သူ မဖျက်နိုင်ပါဘူး။ ကိုင်း... စိတ်အေးလက်အေးသာ သွားပေတော့' လို့ ဆိုပါသတဲ့။

သည်တော့ ကမာအာဇမန်က မာဇဝန်ကို 'ငါ့ကို ပစ်မထားပါနှင့်၊ အခုလို အကြံကောင်းများကို ဆက်ပြီးပေးပါ' လို့ ပြောပါသတဲ့။ ပြီးတော့ ကမာအာဇမန်ဟာ မာဇဝန် အကြံပေးသည့်အတိုင်း ဃာယူမင်းကြီးရဲ့ ရွှေနန်းတော် မြို့ရိုးနားက သွားပြီး 'ငါသည် နက္ခတ်ဆရာ၊ ဗေဒင်ဆရာတို့၏ ဘုရင်တည်း။ ငါသည် သင်္ချာအတတ်တွင် တွက်ချက်ခြင်း မပြုဘဲနှင့် အဖြေသိသူတည်း။ သူပျောက် ရှာသူတို့သည် ငါ့ဆီသို့ ချဉ်းကပ်ကြလော့' လို့ အော်ပါသတဲ့။

သည်တော့ မြို့သူမြို့သားတွေက ကမာအာဇမန်ဆီကို ဝိုင်းလာကြပြီး 'ဆရာလေး ကလည်း လူချောလေးပါလား' လို့ ဆိုကြပါသတဲ့။ ပြီးတော့ မြို့သူ မြို့သား





တစ်ယောက်က 'ဘာလဲ လုလင်ပျို၊ သင်ဟာ သေပန်းပွင့်ချင်ပြန်ပြီလား။ သင့်ကိုယ်သင် အထင်ကြီးပြီး သမီးတော်ကို သွားပြီး မကုချင်လေနှင့်။ ဟိုမှာ မြင်လား၊ အသတ်ခံရတဲ့ ဆရာတွေရဲ့ ဦးခေါင်းတွေ ဆွဲထားလိုက်သဟာ တိုးလိုး တန်းလန်းနှင့်။ သမီးတော်ကို မရဘဲနှင့် တစ္ဆေပြည်ကို ရောက်နေဦးမယ် ကြားလား၊ ငယ်ငယ်လေးနှင့် သေချင်လှပြီလား' လို့ ဆိုပါသတဲ့။

သည်လို ပြောပေမင့် ကမာအာဇမန်က နားမထောင်ဘဲနှင့် 'ငါသည် ဆရာအကျော် ဆရာအမော်တည်း။ သူပျောက်ကို ရှာသည့်အရာတွင် ငါ့ကိုမီသူ မရှိ။ သူရူးကို ကုသည့် အရာတွင် ငါ့ခြေဖျားကို ကပ်နိုင်သူ မရှိ' လို့ ဆက်ပြီး အော်ပြန်ပါသတဲ့။

သည်တော့ တစ်ခါ မြို့သူမြို့သားတွေက ဝိုင်းပြီး ဖျက်ကြပြန်ပါသတဲ့။ သဟာပေမင့်လည်း ကမာအာဇမန်က နားမထောင်ဘဲနှင့် 'သူပျောက်ရှာသည့် နေရာတွင် ငါ့ကို ဘယ်သူပြိုင်ကြမည်နည်း။ သူရူးကုသည့် နေရာတွင် ငါလိုလူ ရှိလိမ့်မည် မဟုတ်။ သူပျောက် ရှာလိုသူ၊ သူရူး ကုလိုသူတို့သည် ယခုပင် ငါ့ထံသို့ ဆည်းကပ်ကြလော့' လို့ အော်ပြန်ပါသတဲ့။

သည်တော့ မြို့သူမြို့သားတွေက သူတို့ ပြောသဟာကို နားမထောင်ကောင်းလား ဆိုပြီး ကမာအာဇမန်ကို စိတ်ဆိုးလာကြပြီး 'သင် ဘယ်လိုပဲ အရမ်း အော်နေအော်နေ၊ သင်ဟာ သက်သက် ဘဝင်မြင့်ပြီး သေပန်းပွင့်နေသဟာ၊ သင့် ရုပ်ရည်ကလေးများမှ သင် ပြန်မသနားဘူးလား' လို့ ဆိုကြပါသတဲ့။ သည်တော့ တစ်ခါ ကမာအာဇမန်က ပိုကဲပြီး 'ငါလို နက္ခတ်ဗေဒင် နားလည်သည့်သူ ဘယ်မှာ ရှာရမလဲ။ ငါလို ဓာတ်ရိုက်ကောင်းသည့်သူ မရှိ။ ယတြာချေသည့် ဘက်ကကော ငါ့ကို ဘယ်သူ ယှဉ်နိုင်မလဲ။ ရူးသသူတို့သည် ငါနှင့်တွေ့လျှင် ချက်ချင်း ကောင်းရမည်' လို့ အော်ပြန်ပါသတဲ့။

အဲသဟာနှင့်ပဲ နောက်ဆုံးကျတော့ ကမာအာဇမန် အော်သည့်အသံနှင့် မြို့သူမြို့သားတွေက ဆူဆူညံညံ ဝိုင်းဖျက်ကြသည့် အသံကို ဃာယူမင်းကြီးက ကြားသွားပြီး သူ့နန်းရင်းဝန်ကြီးကို 'သည်မှာ နန်းရင်းဝန်ကြီး၊ မြန်မြန်သွားစမ်း၊ ဟိုမှာ အော်နေသည့် နက္ခတ်သုခမိန်ကို ငါ့ ရှေ့တော် ခေါ်ခဲ့စမ်း' ဆိုပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးလည်း ကပျာကယာ ပြေးတည့်ပြီး ကမာအာဇမန်ကို ရှေ့တော်ကို သွင်းလာပါသတဲ့။ ရှေ့တော်ရောက်တော့ ကမာအာဇမန်က ဃာယူမင်းကြီးရဲ့ ဘုန်းတော်ဘွဲ့ကို လက်တန်းသီပြီး ဆိုလိုက်ပါသတဲ့။ သည်တော့ ဃာယူမင်းကြီးက ရွှေဘောတော် တွေ့သွားပြီး ကမာအာဇမန်ကို သူ့အနားမှာ အခစားခိုင်းပြီး 'နာခံစမ်း သားတော်၊ သင်သည် အကယ်စင်စစ် ဆေးဝါးမန္တန်ကို တတ်သိနားလည်သူ မဟုတ်လျှင် အတင့်မရဲပါလင့်။ ငါ့သမီးတော်ကို သင် ပျောက်အောင် မကုနိုင်လျှင် သင့်အသက် သေရမည် အမှန်ဖြစ်သည်။ ငါ့သမီးတော်ကို ပျောက်အောင် မကုနိုင်သည့် သမား ဟူးရားမှန်သမျှကို ကွပ်မျက်တော်



www.burmeseclassic.com

www.burmeseclassic.com



မူဖို့ ငါ သစ္စာပြုထားသည်။ ကုနိုင်သူကို ငါ့သမီးတော်နှင့် စုလျားရစ်ပတ်ဖို့လည်း ငါ သစ္စာပြုထားသည်။ သည်တော့ ယခုလည်း အကယ်၍ သင်သည် ငါ့သမီးတော်ကို ပျောက်အောင် မကုနိုင်ခဲ့ပါလျှင် ငါသည် သင့်အသက်ကို ချမ်းသာပေးနိုင်လိမ့်မည် မဟုတ်ပါ။ အဲသဟာကြောင့် သင် ကောင်းကောင်း စဉ်းစားပြီးမှ ငါ့သမီးတော်ကို ကုမည် မကုမည် ဆုံးဖြတ်ပါ။ ငါသည် လူချောလူလှတစ်ယောက် ဖြစ်သည်လို့ သင့်အထင်နှင့်သင် လှုဂုဏ်မောက်ပြီး အတင့်ရဲလျှင် သင့်အသက် သေရရုံပင် ရှိပါလိမ့်မည်' လို့ မိန့်တော်မူပါသတဲ့။

သည်တော့ ကမာအာဇမန်က 'မကုနိုင်လျှင် သတ်တော်မူဖို့ ဆိုသဟာမှာ အရှင်မင်းကြီး၏ တာဝန် ဖြစ်ပါသည်။ ငါသည် ဤကို မလာမီကပင် ဤ အကြောင်းကို သိနှင့်ပြီး ဖြစ်ပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ ဃာယူ မင်းကြီးက 'သည်လို ဆိုလျှင် ကောင်းပြီ။ ကိုင်း လာကြစမ်း မြို့ဝန်တွေ၊ သင်တို့ အားလုံး သက်သေနော်။ သည်ဆရာကလေးက ငါ့သမီးတော်ကို ပျောက်အောင် ကုမတဲ့' လို့ မိန့်ပါသတဲ့။ ပြီးတော့ ဃာယူမင်းကြီးက လက်ပါးစေ သင်းကွပ်တစ်ယောက်ကို ခေါ်ပြီး 'ဟဲ့ လာစမ်း၊ ဆရာလေးကို သမီးတော်ဆီကို ခေါ်သွားစမ်း' လို့ ဆိုပါသတဲ့။

သည်တော့ သင်းကွပ်က ကမာအာဇမန်ကို လက်ဆွဲပြီး ဗူဒူမင်းသမီးကလေး ရှေ့တော်ကို ခေါ်သွားဖို့ လုပ်ပါသတဲ့။ သည်တော့ ကမာအာဇမန်က သင်းကွပ်အခေါ်ကို မစောင့်ဘဲ သင်းကွပ် ရှေ့ကနေပြီး မင်းသမီးကလေးရဲ့ အဆောင်တော်ကို တစ်ခါတည်း ဒုန်းချပြေးပါသတဲ့။ သည်တော့ သင်းကွပ်က နောက်ကနေ လိုက်ပြီး 'နေစမ်းပါဦး ဆရာလေးရဲ့၊ သေမင်းနိုင်ငံ သွားသဟာကို သဟာလောက် အလျင်မလိုစမ်းပါနှင့်။ ငါဖြင့် ဆရာတွေလည်း တွေ့ဖူးလှပါပြီ။ သည်ဆရာလေးလို သေရမှာ အလျင်လို သဟာတော့ မရှိပါဘူး။ ဩော်... ဆရာလေးက သေသည်ဆိုသဟာများ အကောင်း မှတ်နေ ထင်ပါရဲ့' လို့ ဆိုပါသတဲ့။ ပြီးတော့ ကမာအာဇမန်ရဲ့နောက်က ကောက်ကောက် ပါအောင် လိုက်သွားပါသတဲ့။

[၁၉]

## ဗူဒူထိပ်ထားနှင့် ကမာအာဇမန်မင်းသား

အဲသဟာနှင့် သင်းကွပ်က ကမာအာဇမန်ရဲ့နောက်က ထက်ကြပ်မကွာ ပြေးလိုက်သွားပြီး မင်းသမီးကလေးရဲ့ အဆောင်တော်ထဲ ရောက်သွားတော့ ကမာအာဇမန်ကို တင်းထိမ်နောက်ကွယ်မှာ နေစေပါသတဲ့။ သည်တော့ ကမာအာဇမန်က 'သည်မှာ သင်းကွပ်၊ သင့်ထိပ်ထားကို ငါ ဘယ်လို ကုပေးစေချင်သလဲ။ သည် တင်းထိမ်တွင်းက





နေပြီး ကုပေးရမလား၊ သဟာမှ မဟုတ်လျှင် အတွင်းကို ဝင်ပြီး ကုပေးစေချင်သလား' လို့ မေးပါသတဲ့။ သည်တော့ သင်းကွပ်က' ဆရာကလေးရဲ့ဆေး စွမ်းသည် မစွမ်းသည် သိရအောင် သည်တင်းထိမ်တွင်းကပဲ နေကုပါလား' လို့ ဆိုပါသတဲ့။

အဲသဟာနှင့် ကမာအာဇမန်က တင်းထိမ်အကွယ်မှာ ထိုင်ပြီး စာရွက်နှင့် မင်တံကိုယူပြီး စာရေးပါသတဲ့။ "သည်စာသည် အချစ်မီးလောင်၍ အပူမီးပွားလျက် နေသူ၊ မအိပ်နိုင်သူ၊ မစားနိုင်သူ၊ ဒွန္ဒယာတွင် မပျော်ပိုက်သူ၊ အမြဲတစေ သေဖို့သာ ကြံနေသူ၊ အရိုးပေါ် အရေဖုံးနေသူ၊ အေးကွက် မမြင်သူ၊ အပူသည်၏စာ ဖြစ်ပါသည်" လို့။ ပြီးတော့ သူ လွမ်းပုံ ဆွေးပုံတွေကိုလည်း တရှည်တမြောကြီး ရေးထည့်



www.burmeseclassic.com

www.burmeseclassic.com



ပါသတဲ့။ ပြီးတော့မှ ဗုဒ္ဓမင်းသမီးကလေးရဲ့ လက်ဝတ်ရတနာကို တံဆိပ်ခတ်ပြီး၊ စာနှင့်ရောပြီး သင်းကွပ်ကို အပေးခိုင်းလိုက်ပါသတဲ့။

အဲသဟာနှင့် သင်းကွပ်က ကမာအာဇမန်ရဲ့ စာနှင့် မင်းသမီးကလေးရဲ့ လက်ဝတ်ရတနာကို သူ့ထိပ်ထားဆီကို သွားပေးပါသတဲ့။ မင်းသမီးကလေးက ကမာအာဇမန် ပါးလိုက်သည့် သူ့လက်ဝတ်ရတနာနှင့် စာကို မြင်တော့၊ သည်စာဟာ သူ့ချစ်သူက ပေးလိုက်သည့်စာ ဆိုသဟာကို တစ်ခါတည်း သိသွားပါသတဲ့။ အဲသဟာနှင့် ဗုဒ္ဓကလေးက သူ့ချစ်သူကို တွေ့ချင်ဇောနှင့် တစ်ခါတည်း သူ့လည်ပင်းမှာ တပ်ထားသည့် သံကြိုးကို ခြေစုံကန်ပြီး ဆွဲလိုက်သဟာ သံကြိုးဟာ ထောင်းခနဲ ပြတ်သွားပါသတဲ့။ အဲသဟာနှင့် ဗုဒ္ဓဟာ သူ့ချစ်သူရှိရာ တင်းထိမ်ကွယ်ကို အတင်းပြေးသွားပြီး ကမာအာဇမန်ရဲ့ နှုတ်ခမ်းကို ငှက်များ အစာခွံ့သလို စုပ်ထည့်ပြီး ကမာအာဇန်ကို တင်းကျပ်နေအောင် ဖက်ထားပါသတဲ့။ ပြီးတော့ 'မောင်တော်ရယ်၊ အခု နှမတော်ဟာ မောင်တော့်ကို တကယ် တွေ့သဟာနော်၊ အိပ်မက်မက်နေသဟာ မဟုတ်ဘူးနော်။ အခုလို ကွဲပြီးမှ ပြန်တွေ့ရသဟာ အလာဟုအရှင်ရဲ့ ကျေးဇူးပါပဲနော်' လို့ ဆိုပါသတဲ့။

အဲသလို ဗုဒ္ဓကလေးက ကမာအာဇမန် မင်းသားကလေးကို အားပါးတရ ဖက်ထားသဟာကို မြင်တော့ သင်းကွပ်က တစ်ခါတည်း ခြေစုံသုတ်ပြီး နန်းတော်ကြီးကို ပြေးပြီး ဃာယူမင်းကြီးကို လျှောက်ပါသတဲ့။ 'မှန်လှပါ၊ သည်ဗေဒင်ဆရာကလေးဟာ တကယ်စွမ်းသည့် ဗေဒင်ဆရာကလေးပါ ဘုရား၊ တခြား ဗေဒင်ဆရာတွေဟာ အလကားချည်းပါပဲဘုရား၊ သည်ဆရာကလေးက ထိပ်ထားကလေးရဲ့ အနားတောင် မသွားဘဲနှင့် သူ့တင်းထိမ်တွင်းကနေပြီး ကုလိုက်သဟာနှင့် ထိပ်ထားကလေးရဲ့ ဝေဒနာဟာ တစ်ခါတည်း ပျောက်သွားပါပြီ ဘုရား' လို့။

သည်တော့ ဃာယူမင်းကြီးက 'ဟဲ့ . . . သင်းကွပ်ရဲ့၊ နင် ပြောသဟာ အဟုတ်ပဲ လားဟဲ့။ ဟုတ်မှလည်း ပြောပါ သင်းကွပ်ရယ်' လို့ ဆိုပါသတဲ့။ သည်တော့ သင်းကွပ်က 'အရှင်မင်းကြီး ယုံတော်မမူလျှင် ကိုယ်တော်တိုင် အခု လိုက်ကြည့်တော်မူပါ။ အကု မကောင်းသည် ကောင်းသည်တော့ မပြောပါနှင့်တော့၊ ထိပ်ထားရဲ့ လည်ပင်းက သံကြိုး တောင် တစ်ခါတည်း ပြတ်သွားပါသည်။ အခု ဆိုလျှင် ဆရာလေးကို ထိပ်ထားကလေး က ဖက်ပြီးတောင် နမ်းနေပြီ' လို့ ပြောပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးကလည်း တစ်ခါတည်းပြေးပြီး သမီးတော်ရဲ့ အဆောင် တော်ကို လိုက်သွားပါသတဲ့။ သည်တော့ ဗုဒ္ဓကလေးက သူ့ခမည်းတော်ကို မြင်ပြီး ရှက်သွားသဟာနှင့် သူ့မျက်နှာကလေးကို မြပဝါကလေးနှင့် အုပ်ထားပါသတဲ့။





သည်တော့ ရှင်ဘုရင်ကြီးကလည်း အားကြီး ဝမ်းသာသွားသဟာနှင့် ကမာ အာဇမန်ရဲ့ အမျိုးအမည်ကို မေးပါသတဲ့။ သည်တော့ ကမာအာဇမန်က သူဟာ ယှာဋ္ဌိမန် ဘုရင်ရဲ့သားတော် ကမာအာဇမန် ဖြစ်ပါသည်လို့ လျှောက်ပါသတဲ့။ ပြီးတော့ သူနှင့် ဗုဒ္ဓမင်းသမီးကလေးနှင့် ဖြစ်ပျက်ပုံကို တစ်ခုမကျန် သံတော်ဦး တင်ပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက အံ့သြသွားပြီး 'အင်း . . . ဆန်းပါ့ကွာ၊ သည်လို အဖြစ်အပျက်မျိုးဟာ နောင်လာနောက်သားများ ဖတ်ကြဖို့ မှတ်သားထားဖို့တောင် ကောင်းသဟေ့' လို့ ဆိုပါသတဲ့။

ပြီးတော့ ဃာယူမင်းကြီးက မှူးတော်မတ်တော်များ၊ မြို့ဝန်များကို ခေါ်ပြီး ဗုဒ္ဓမင်းသမီးကလေးကို ကမာအာဇမန် မင်းသားကလေးနှင့် စုံဖက်ပေးလိုက်ပါ သတဲ့။ ပြီးတော့ ရွှေမြို့တော်ကို တန်ဆာဆင်စေပြီး ခုနစ်ရက်တိုင်တိုင် ပျော်ပွဲရွှင်ပွဲများ ကျင်းပ စေပါသတဲ့။

အဲသဟာနှင့် ကမာအာဇမန်နှင့် ဗုဒ္ဓ ချစ်သူနှစ်ဦးဟာ အချစ်စည်းစိမ်ကို မြိန်မြိန် ရှက်ရှက်ကြီး ခံစားနေလိုက်ကြသဟာဟာ ရက်တွေ လတွေ အတော် ညောင်းသွား ပါသတဲ့။ သည်တော့မှ ကမာအာဇမန်က သူ့ခမည်းတော်ကို ပြန်အောက်မေ့ပြီး အိပ်မက် မက်ပါသတဲ့။ အိပ်မက်ထဲမှာ "ဘယ့်နှယ်လည်း သားတော်ရယ်၊ ခမည်းတော်ကို သားတော် သည်လိုပဲ လုပ်သွားတော့မလား။ ခမည်းတော်ကတော့ ငါ့သားတော်ဟာ ကြန့်ကြာနေပေမင့် သူ့ချစ်သူကိုတော့ တစ်နေ့ တွေ့မှာပဲ ဆိုပြီး ဖြေနေပါသည်" လို့ သူ့ခမည်းတော်က ပြောပါသတဲ့။

အဲသဟာနှင့် နံနက်ကျတော့ ကမာအာဇမန်က မျက်နှာမကောင်းပါဘူး တဲ့။ သည်တော့ ဗုဒ္ဓက 'ချစ်သူရယ်၊ ဘာကြောင့် မျက်နှာ မသာရပါသလဲ' လို့ မေးပါသတဲ့။ သည်တော့ ကမာအာဇမန်က အကျိုးအကြောင်းကို ပြန်ပြောပြပါသတဲ့။ သည်တော့ ဗုဒ္ဓက 'သည်လိုဆိုလျှင် ခမည်းတော်ဘုရားဆီမှာ ခွင့်ပန်ပြီး ဗုဒ္ဓနှင့် ချစ်သူနှင့် ချစ်သူတို့ ခမည်းတော်ဆီကို သွားကြမည်' လို့ ဆိုပါသတဲ့။ ပြီးတော့ ရွှေနန်းတော်ကြီးကို နှစ်ဦး သား ဝင်ပြီး ဃာယူမင်းကြီးထံမှာ ခွင့်ပန်ကြပါသတဲ့။

သည်တော့ ဃာယူမင်းကြီးက ကမာအာဇမန်ကို သွားဖို့ ခွင့်ပြုပါသတဲ့။ သည်တော့ ဗုဒ္ဓက 'မောင်တော် ကမာအာဇမန် မရှိလျှင် သမီးတော် မနေတတ်ပါ ဘူး' လို့ လျှောက်ပါသတဲ့။ သည်တော့ 'သဟာဖြင့်လည်း သမီးတော်လည်း လိုက်သွား ပေတော့။ သဟာပေမင့် တစ်ဆယ့်နှစ်လထက်တော့ မကြာကြပါစေနှင့်နော်' လို့ ဃာယူမင်းကြီးက ဆိုပါသတဲ့။

ပြီးတော့ ဃာယူမင်းကြီးက လမ်းခရီးအတွက် စားနပ်ရိက္ခာ အပြည့်အစုံနှင့်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



နောက်လိုက်ဗိုလ်ပါ အပြည့်အစုံ ထည့်လိုက်ပြီး သူ့ကိုယ်တိုင်လည်း နယ်စပ်ထိအောင် လိုက်ပို့တော်မူပါသတဲ့။ ပြီးတော့ ဃာယူ မင်းကြီးဟာ မျက်ရည်စက်လက်နှင့် ပြန်လာခဲ့ပါ သတဲ့။

အဲသဟာနှင့် ကမာအာဇမန်နှင့်ဗူဒူ နှစ်ယောက်ဟာ နောက်လိုက်နောက်ပါများနှင့် ခရီးကို မနားဘဲနှင့် နှင်လိုက်ကြသဟာ တစ်လလောက် ကြာတော့ ကွင်းကြီးတစ်ခုထဲ ရောက်သွားကြပါသတဲ့။ သည်တော့မှ နေရာကလည်း သာယာ၊ ခရီးကလည်း ပန်းလာကြသဟာနှင့် အဲသည် နေရာမှာပဲ စခန်းချနေ ကြပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်တို့ မောင်နှံဟာ စားသောက်၊ အမောအပန်း ဖြေပြီး ညကျတော့ ဗူဒူက တဲနန်းတော်ထဲမှာ သွားပြီး လဲလျောင်းနေပါ သတဲ့။ သည်တော့ ကမာအာဇမန်က ဗူဒူရှိရာ လိုက်သွားပြီး ကြည့်ပါသတဲ့။ ကြည့်လိုက်တော့ ဗူဒူကလေးက အိပ်ပျော်နေပါသတဲ့။ သူ့ကိုယ်မှာလည်း နံ့သာရောင် အတွင်းခံအင်္ကျီပဲ ဝတ်ထားပါသတဲ့။ အဲသဟာနှင့် သူ့တစ်ကိုယ်လုံး မိမွေးတိုင်း ဖမွေးတိုင်းပဲ မြင်ရပါသတဲ့။ အဲသည်အထဲမှာ လေပြည်ကလေးက ဝှေ့လိုက်လို့ အတွင်းခံအင်္ကျီက အထက်ကို လန်သွားပြန်တော့ ချက်ကလေးပါ ပေါ်သွားပြန်ပါသတဲ့။ ပြီးတော့ ဗိုက်ကလေးကလည်း ဖြူလို့ ဖွေးလို့ပါပဲတဲ့။ ပါးချိုင့်ကလေး နှစ်ခုကလည်း လက်ညှိုးနှင့် နှိုက်ပြီး ကလိချင်စရာကလေးပါပဲတဲ့။ အဲသဟာနှင့် ကမာအာဇမန်က အချစ်ဇောတွေ ထ လာပြီး အတွင်းခံဘောင်းဘီခါးစည်းကြိုးကလေးကို ဆွဲဖြုတ်လိုက်ပါသတဲ့။ သည်တော့ နီမြန်းနေသည့် ကျောက်မျက်ရတနာတစ်လုံး ခါးစည်းကြိုးမှာ ချည်ထားသဟာ တွေ့ပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က ကျောက်မျက်ရတနာကို ဖြုတ်ပြီး အသေအချာ ကြည့်တော့ ဖတ်လို့မရသည့် စာတန်းနှစ်ခု ထိုးထားသဟာကို တွေ့ပါသတဲ့။ သည်တော့ ကမာအာဇမန်က အံ့သြသွားပြီး သူ့စိတ်ထဲက "သည် ကျောက်မျက်ရတနာဟာ အင်မတိ အင်မတန် အဖိုးမထိုက်တန်ဘဲ၊ အကြောင်းထူး တစ်ခုခု မရှိဘဲနှင့်တော့ သူဟာ ဘယ်နည်းနှင့်မျှ သည်လို လျှို့ဝှက်သည့်နေရာမှာ ထားမှာ မဟုတ်ဘူး။ တစ်နည်းနည်းတော့ အင်မတန် အဖိုးထိုက်တန်ပြီး အကြောင်းထူး ရှိလို့သာ မပျောက်ပျက်နိုင်အောင် သည်လို ထားသဟာဖြစ်မှာပဲ။ ဘယ်လို အကြောင်းများလဲ ဆိုသဟာ သိချင်စမ်းလိုက်သဟာ" လို့ အောက်မေ့ပါသတဲ့။

အဲသည်လို အောက်မေ့ပြီးတော့ တဲအပြင် အလင်းရောင်မှာ သွားကြည့်မည်ဆိုပြီး ကျောက်မျက်ရတနာကို ကမာအာဇမန်က ယူသွားပါသတဲ့။ တဲပြင်ရောက်လို့ အလင်းရောင်ဘက်မှာ ကျောက်မျက်ရတနာကို ကိုင်ပြီး ကြည့်လည်း ကြည့်လိုက်ကရော ကောင်းကင်က ငှက်ကြီးတစ်ကောင်က ပျံလာပြီး သုတ်ယူသွားပါရောတဲ့။ တော်တော်





ကလေး လှမ်းသွားတော့ ငှက်ကြီးက မြေကြီးပေါ်မှာ နားနေပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က တစ်ခါတည်း ပြေးပြီး လိုက်သွားပါသတဲ့။ သည်တော့ ငှက်ကြီးက ထပြီး ပျံသွားပါသတဲ့။ ငှက်ကြီးက ပျံပေမင့် သိပ်ဝေးဝေးကြီး ရောက်သွားအောင်လည်း မပျံပါဘူးတဲ့။ ကမာအာဇမန် မမီနိုင်ရုံလောက်သာ ရှေ့နားက နေနေပြီး ပျံပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်လည်း တစ်တောင်ပြီးတစ်တောင် တစ်လျှိုပြီးတစ်လျှို ကျော်ကျော်ပြီး ငှက်ကြီးနောက်ကို ကောက်ကောက်ပါအောင် လိုက်သွားပါသတဲ့။ အဲ



www.burmeseclassic.com

www.burmeseclassic.com



သဟာနှင့် မိုးချုပ်လို့ နေဝင်သွားတော့ ငှက်ကြီးက သစ်ပင်မြင့်မြင့်ကြီးပေါ်မှာ အိပ်ပါသတဲ့။ သည်တော့ ကမာအာဇမန်က မောလည်းမော၊ ဆာလည်းဆာသဟာနှင့် လှည့်ပြန်တော့မည် ကြံပါသတဲ့။ သဟာပေမင့် မှောင်ကြီးမည်းကြီးထဲမှာ လမ်းရှာလို့ရမှာ မဟုတ်သဟာနှင့် "ဖွန္နယာကြီးမှာ အာလာဟု အရှင်ကိုပဲ အားကိုးစရာရှိသည်" လို့ ဆိုပြီး မပြန်ဘဲနှင့် သစ်ပင်ကြီးအောက်မှာပဲ အိပ်နေပါသတဲ့။ နံနက်ကျလို့ သူအိပ်ရာက နိုးလာတော့ ငှက်ကြီးကလည်း နိုးပြီး ထပျံသွားပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က ငှက်ကြီးနောက်ကို တစ်ခါ လိုက်ပြန်ပါရောတဲ့။ သည်တစ်ခါတော့ ငှက်ကြီးက သူမောနေသဟာကို အလိုက်သိတဲ့အတိုင်းပဲ သူလိုက်နိုင်လောက်အောင် ဖြည်းဖြည်းပျံပါသတဲ့။ သည်တော့ ကမာအာဇမန်က ပြုံးပြီး "ဆန်းပါ့ကွာ . . . အဟိ၊ မနေ့ကဆိုလျှင် သည်ငှက်ကြီးဟာ ငါ မြန်မြန် ပြေးနိုင်သလောက် သူကလည်း မြန်မြန်ပျံသည်။ သည်နေ့ ဆိုတော့ ငါက မြန်မြန် မပြေးနိုင်တော့ဘူး ဆိုသဟာ သူက သိနေလို့ ထင်ပါရဲ့၊ ဖြည်းဖြည်းပဲ ပျံသည်၊ ဆန်းပါ့ကွာ။ သည်တော့ ငါ သေချင်လည်းသေ၊ ရှင်ချင်လည်း ရှင်၊ ငါတော့ သူ့နောက်ကို အစအဆုံးပဲ လိုက်တော့မည်။ နောက်ဆုံး လမ်းဆုံးတော့လည်း ရွာတော့ တွေ့ဦးမှာပါပဲ" လို့ သူဟာသူ ပြောပါသတဲ့။

အဲသဟာနှင့် ငှက်ကြီးကလည်း အပေါ်က ပျံ၊ ကမာအာဇမန်ကလည်း အောက်က တကောက်ကောက်လိုက်။ ညညကျ ငှက်ကြီးက သစ်ပင်ပေါ်မှာအိပ်၊ ကမာအာဇမန်က သစ်ပင်အောက်မှာ အိပ်နှင့်၊ ဆယ်ရက် ကြာသွားပါသတဲ့။ အဲသည် အတောအတွင်းမှာ ငှက်ကြီးနောက်ကို ပြေးလိုက်ရင်းနှင့် တွေ့ရာ သစ်သီး သစ်ဖုကလေးတွေပဲ စားသွားရပါသတဲ့။ အဲသဟာနှင့် နောက်ကျတော့ မြို့ကြီး တစ်မြို့ကို ရောက်သွားပါသတဲ့။ အဲသည်တော့ ငှက်ကြီးကလည်း မြို့ထဲ တစ်ဟုန်တည်း ထိုးဆင်းသွားသဟာနှင့် ကမာအာဇမန်လည်း ငှက်ကြီးကို မျက်ခြည်ပြတ်သွားပါရော တဲ့။ သည်တော့ ကမာအာဇမန့် စိတ်ထဲက "ဘယ်လိုဟာပါလိမ့်မလဲ၊ ငှက်ကြီးလည်း ဘယ်ရောက်သွားမှန်း မသိဘူး။ သဟာပေမင့် တော်ပါသေးရဲ့၊ အလာဟုအရှင် ကျေးဇူးတော်နှင့် လူနေသည့် မြို့ကြီးကို ရောက်လာပေတယ်" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ ကမာအာဇမန်ဟာ ချောင်းကလေးတစ်ခုထဲ ဆင်းပြီး မျက်နှာတို့၊ ခြေလက်တို့ကို ဆေးပြီး တစ်ခဏ အမောပြေ နားနေရပါသတဲ့။ ပြီးတော့ သူ့အဖြစ်ကို သူ ပြန်စဉ်းစားမိပြီး မျက်ရည်များ တွေတွေ တွေတွေ ဆင်းလာပါသတဲ့။ အဲသည်လို ခဏ နားလိုက်ရလို့ အမောပြေသွားတော့မှ ကမာအာဇမန်ဟာ မြို့ကြီး ရှိရာကို တဖြည်းဖြည်းချင်း လျှောက်သွားပါသတဲ့။ မြို့တံခါး ရောက်သွားတော့ ဘယ်သူမှလည်း မတွေ့ပါဘူးတဲ့။ အဲသဟာနှင့် အစဉ်အတိုင်း ကုန်းဘက် မြို့တံခါးက ဝင်ပြီး မြို့ထဲကို လျှောက်လိုက်သဟာဟာ ပင်လယ်ဘက် မြို့တံခါးကို ရောက်သွားပါသတဲ့။ သဟာပေ





မင့် မြို့ထဲမှာ လူဆိုလို့လည်း တစ်ယောက်မျှ မတွေ့ပါဘူးတဲ့။ အဲသဟာနှင့် ကုန်းဘက်တံခါးကို ပြန်လာပြီး ဥယျာဉ်တွေ ရှိသည့်ဘက်ကို ရောက်သွားပါသတဲ့။ အဲသဟာနှင့် ဥယျာဉ်ရှေ့ ရောက်သွားတော့ ဥယျာဉ်မှူးက ထွက်လာပြီး နှုတ်ဆက်ပါသတဲ့။ သည်တော့ သူကလည်း ပြန် နှုတ်ဆက်ပါသတဲ့။ သည်တော့ ဥယျာဉ်မှူးက 'အလာဟုအရှင်ရဲ့ ကျေးဇူးတော်ပဲ။ သည်မြို့ထဲ ရောက်သည့် လူမှန်လျှင် အပြင်ကို ထွက်လာနိုင်သည့် လူရယ်လို့ မရှိဘူး။ အခု သင် သည်လို ဘေးမသိ ရန်မခဘဲနှင့် ထွက်လာနိုင်သဟာဟာ အလာဟုအရှင် မ သဟာပဲ' လို့ ပြောပါသတဲ့။

သည်တော့ ကမာအာဇမန်က အံ့ဩသွားပြီး 'နေစမ်းပါဦး ဥယျာဉ်မှူးရယ်၊ သည်မြို့က လူတွေက ဘယ်လို လူမျိုးတွေလဲ၊ ပြောစမ်းပါဦး' လို့ မေးပါသတဲ့။ သည်တော့ ဥယျာဉ်မှူးက 'သည်မြို့က မွတ်ဆလင် မဟုတ်သည့် မဲဂျီလူမျိုးတွေ နေသဟာ။ အနို့ မောင်ကတော့ သည်မြို့ကို ဘယ်လို ရောက်လာသဟာလဲ၊ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ ကမာအာဇမန်က သူ့အဖြစ်အပျက်ကို စ လယ် အဆုံး ကုန်စင်အောင် ပြောပြပါသတဲ့။ သည်တော့ ဥယျာဉ်မှူးက အံ့ဩသွားပြီး 'သည်မြို့ဟာ မွတ်ဆလင်များ နေကြသည့် မြို့များနှင့် ခရီးအများကြီး ဝေးသည်။ ပင်လယ်ခရီးက သွားလျှင် လေးလ သွားရသည်။ ကုန်းကြောင်းက ဆိုလျှင် တစ်ဆယ့်နှစ်လ သွားရသည်။ သည်မြို့က တစ်နှစ်တစ်ခါ မွတ်ဆလင်မြို့တွေကို ကုန်တင်သည့်သင်္ဘော ထွက်သည်။ အဲသည် သင်္ဘောနှင့် လိုက်သွားလျှင် အေဗုံနီကျွန်းကို ရောက်သည်။ အဲသည်ကမှ တစ်ခါ ယှာဋ္ဌိမန်မင်းကြီး ပိုင်ဆိုင်သည့် နယ်ကို ရောက်နိုင်သည်' လို့ ပြောပါသတဲ့။

သည်တော့ ကမာအာဇမန်က "သည်လိုဆိုလျှင် ငါဟာ သည်ဥယျာဉ်မှူးဆီမှာပဲ လေးခိုင့်တစ်ခိုင် အခယူပြီး အလုပ်ဝင်လုပ်ပြီး သင်္ဘောထွက်သည့် အချိန်ထိအောင် စောင့်နေလျှင် ကောင်းမည်'" လို့ အောက်မေ့ပြီး 'သည်မှာ ဥယျာဉ်မှူး၊ ငါသည် သင့်ဆီမှာပဲ အလုပ် လုပ်ချင်ပါသည်။ ငါ့ကို အလုပ်ပေးပါလော့' လို့ ဆိုပါသတဲ့။ သည်တော့ ဥယျာဉ်မှူးက 'အလုပ်လိုချင်လျှင် ရသဟာပေါ့ မောင်ရယ်' လို့ ဆိုပြီး သစ်ပင်ရေလောင်းနည်း၊ ပေါင်းသင်နည်း၊ မြေဆွနည်း၊ မြေတောင်မြှောက်နည်း သင်ပေးပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်လည်း ဥယျာဉ် အလုပ်သမားတို့ ဝတ်ဆင်မြဲဖြစ်သည့် နံငယ်အပြာကို ဝတ်ပြီး ဥယျာဉ်မှူးရဲ့တပည့် လုပ်နေပါသတဲ့။ အလုပ်ကလည်း များလို့ နေ့မလပ် ညမလပ် လုပ်ရပါသတဲ့။ အဲသဟာနှင့် သူ ရောက်နေသည့် နိုင်ငံက သူ့စိုမ်းတစ်ရံဆံ နိုင်ငံလည်း ဖြစ်နေပြန်တော့ ကမာအာဇမန်ဟာ ဝမ်းနည်းပြီး ဗူဒူကို တမ်းတသည့် သီချင်းများကို ဆိုပြီး မျက်ရည်အိုင်ထွန်းအောင် ငိုပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

## [၂၀]
## အေဗုံနီမြို့မှ နုဖုမင်းသမီးကလေး

ကမာအာဇမန် အဖြစ်ကို သည်မှာရပ်ထားပြီး ဗုဒ္ဓအကြောင်းကို ပြောပြပါဦးမည်။ ဗုဒ္ဓက အိပ်ရာကနိုးလို့ ကြည့်လိုက်တော့ သူ့အတွင်းခံဘောင်းဘီ ခါးစည်းကြိုး ပြေပြီးနေသဟာကို တွေ့ရသတဲ့။ အဲသဟာနှင့် တစ်ခါ သေသေချာချာ ကြည့်လိုက်ပြန်တော့ ကျောက်မျက်ရတနာလည်း ပျောက်၊ ကမာအာဇမန်လည်း ပျောက်၊ ပျောက်နေသဟာကို တွေ့ရပြန်ပါသတဲ့။ သည်တော့ "ဩော် ချစ်သူနှယ် ဘယ်ဆီများ သွားနေပါလိမ့်၊ သူဟာ ငါ့အနားက ခွာနိုင်သဟာ မဟုတ်ဘူး။ သည်တော့ တစ်ခုခု ထူးထူးခြားခြား မဖြစ်ဘဲနှင့်တော့ သူဟာ သည်လို ပျောက်မသွားနိုင်ဘူး" လို့ ဗုဒ္ဓစိတ်ထဲက အောက်မေ့ပါသတဲ့။ အဲသဟာနှင့် တစ်ခါ ဗုဒ္ဓက စဉ်းစားမိပါသတဲ့။ "အခုနေ ငါ့မောင်တော် ကမာအာဇမန် ပျောက်သွားသည့် အကြောင်းကို ငါ့အခြွေအရံတွေကို ပြောလိုက်လို့ရှိလျှင် သူတို့တွေဟာ ငါ့အပေါ်မှာ တပ်မက်သည့် စိတ်တွေပေါ်လာပြီး ငါ့ကို အနှောင့်အယှက်ပေးကြလိမ့်မည်။ သည်တော့ သည်အကြောင်းကို သူတို့ သိစေလို့ မဖြစ်ဘူး" လို့။

အဲသဟာနှင့် ဗုဒ္ဓက ကမာအာဇမန်ရဲ့ အဝတ်တန်ဆာကို ဝတ်၊ ကမာအာဇမန် စီးသည့် ခြေနင်းကိုစီး၊ ကမာအာဇမန် ပေါင်းသည့် ဘောင်းတော်ကို ပေါင်းပြီး ကမာအာဇမန်ယောင်ဆောင်၊ ကျွန်မ တစ်ယောက်ကို သူ စီးသည့် ဝေါပေါ်မှာ သူ့အယောင်ဆောင် တင်ပြီး မြင်းစီးကာ ခရီးဆက်ပြီး ထွက်ပါသတဲ့။ အဲသည်အခါမှာ ဗုဒ္ဓနှင့် ကမာအာဇမန်က ရုပ်ရည်လည်း ဆင်သဟာနှင့် အမှတ်တမဲ့နှင့် ဘယ်သူကမှ ဗုဒ္ဓဟာ ကမာအာဇမန်ယောင် ဆောင်နေသဟာပဲ ဆိုသဟာကို မသိကြပါဘူးတဲ့။

အဲသဟာနှင့် နေ့ရောညပါ ခရီးဆက်ပြီး နှင်သွားတော့ ဆားပင်လယ် ကမ်းနားက မြို့ကြီးတစ်မြို့ကို ရောက်သွားပါသတဲ့။ သည်တော့ ဗုဒ္ဓက မြို့ပြင်မှာ စခန်းချပြီး သည်မြို့ဟာ ဘာမြို့လဲလို့ စုံစမ်းပါသတဲ့။ သည်တော့ သည်မြို့ဟာ အာမာနုပ်မင်းကြီး စိုးစံသည့် အေဗုံနီမြို့ ဖြစ်သည့်အကြောင်း၊ အာမာနုပ်မင်းကြီးမှာ ဟာယတ်အာနုဖု အမည်တော်ရှိသည့် သမီးတော်တစ်ပါး ရှိသည့်အကြောင်းကို သိရပါသတဲ့။

ပြီးတော့ ဗုဒ္ဓမင်းသမီးကလေးက အဲသည်လို စခန်းချနေသည့်အခါမှာ အာမာနုပ်မင်းကြီးက သတင်းကြားတော်မူပြီး သူ့မြို့ပြင်မှာ ရောက်နေသည့် မင်းဟာ ဘယ်တိုင်းဘယ်ပြည်က မင်းပါလဲလို့ မင်းလုလင် တစ်ယောက်ကို လွှတ်ပြီး မေးတော်မူပါသတဲ့။ သည်တော့ ဗုဒ္ဓမင်းသမီးကလေးရဲ့ အခြွေအရံများက သူတို့အရှင်ဟာ ကာလီဒန် ကျွန်းများရှင် ယှာဥ်မန်မင်းကြီးရဲ့သားတော် ကမာအာဇမန် ဖြစ်ပါသည်လို့ ပြန်ပြောလိုက်ပါသတဲ့။





အဲသည်အကြောင်းကို ကြားတော့ အာမာနုပ်မင်းကြီးက ကိုယ်တော်တိုင် မြို့ပြင်ထွက်တော်မူလာပြီး ဗုဒ္ဓမင်းသမီးကို လာကြိုပြီး ရွှေနန်းတော်ကို ခေါ်သွားပါသတဲ့။ ရွှေနန်းတော် ရောက်သည့်အခါကျတော့ မင်းအချင်းချင်း ပြုစုအပ်သည့် ဝတ္တရားအတိုင်း သိုက်သိုက်မြိုက်မြိုက် ဖွယ်ဖွယ်ရာရာ ဧည့်ခံ ပြုစုပါသတဲ့။ အဲသဟာနှင့် သုံးရက်လွန်သွားတော့ အာမာနုပ်မင်းကြီးက ဗုဒ္ဓမင်းသမီးကို တွေ့ဖို့ သူစံသည့် အဆောင်တော်ကို ကိုယ်တော်တိုင် လာပါသတဲ့။ အဲသည်အခါ မှာ ဗုဒ္ဓကလည်း ရေမိုး သန့်စင်ပြီးထားလို့ လပြည့်ဝန်းကြီးလို လှပတင့်တယ်ပါ သတဲ့။ ဗုဒ္ဓက မြင်သူငေးလောက်အောင် လှပါသတဲ့။

အဲသဟာနှင့် အာမာနုပ်မင်းကြီးက 'သည်မှာ သားတော်၊ ငါသည် အသက်အရွယ် လွန်စွာ အိုမင်းပြီး၊ ငါ့မှာ အလာဟုအရှင် မ တော်မမူလို့ သားရတနာလည်း မထွန်းကားဘူး။ သမီးတော်တစ်ယောက်သာ ထွန်းကားသည်။ ငါ့သမီးတော်သည် သင့်လောက်ပင် လှပါသည်။ ငါသည် ယခု အသက်အရွယ် ကြီးရင့်သဖြင့် တိုင်းပြည် အုပ်ချုပ်သည့် အလုပ်နှင့် မတန်တော့ပြီ။ ငါ့သမီးတော်သည် သင် သားတော်အဖို့ပင် ဖြစ်ပါသည်။ သည်တိုင်းပြည်မှာ သင် ပျော်ပါး၍ နေလိုသည်ဖြစ်မူ ငါသည် သင့်အား ငါ၏သမီးတော်နှင့် စုံဖက်ပြီးလျှင် ထီးမွေ နန်းမွေကို ပေးပါမည်။ သဟာကြောင့် သားတော် မငြင်းပါနှင့်တော့' လို့ ပြောပါသတဲ့။

အဲသည်လို အာမာနုပ်မင်းက အမိန့်တော်ရှိလိုက်တော့ ဗုဒ္ဓမင်းသမီးကလေးဟာ ဦးခေါင်းကိုညွတ်ကာ အရှိအသေပြုပြီး နဖူးက ရှက်ချွေးများ ပြန်လာပါသတဲ့။ ပြီးတော့ သူ့စိတ်ထဲက အောက်မေ့ပါသတဲ့။

"အဲသဟာမှ ခက်သဟာပဲ၊ ငါ ဘယ်လိုလုပ်ရပါ့မယ်၊ ငါလည်း မိန်းမ၊ သူကလည်း မိန်းမ။ မိန်းမက မိန်းမကို စုလျားရစ်ပတ်ရမည် ဆိုသဟာ ဘယ်ဖြစ်နိုင်မလဲ။ ငါက ငြင်းလိုက်ပြန်လျှင်လည်း မင်းတရားကြီးက အမျက်တော်ရှပြီး ငါ့အပြန်ကို လိုက်ပြီး အသတ်ခိုင်းလိမ့်မည်။ မငြင်းဘဲနှင့် သဘောတူလိုက်ပြန်လျှင်လည်း ငါ့အရှက် ကွဲရတော့မည်။ ခက်လိုက်ပါဘိသည်၊ ငါ့မှာ မောင်တော် ကမာအာဇမန် ဘယ်ဆီ ရောက်နေမှန်း မသိလို့ အခက်ကြုံနေရသည်။ သည်အထဲ သည်က တစ်ခက် ပေါ်လာပြန်ပြီ။ သည်တော့ တတ်နိုင်ပါဘူးလေ၊ နောက်တော့မှပဲ လျောက်လျား တော်သလို ကြည့်ပြီး ရှင်းရတော့မှာပဲ' လို့။ ပြီးတော့ ဗုဒ္ဓက 'မှန်လှပါ၊ အမိန့်တော်မြတ် နာခံရန် အသင့် ရှိကြောင်းပါ' လို့ လျှောက်လိုက်ပါသတဲ့။ သည်တော့ အာမာနုပ်မင်းကြီးက ရွှေဘောတော် တွေ့သွားပြီး မှူးကြီး မတ်ရာ သေနာပတိများကို ခေါ်ပြီး သူ့သမီးတော်နှင့် ဗုဒ္ဓကို စုလျားရစ်ပတ်ဖို့ အမိန့်တော် မှတ်လိုက်ပြီး လက်ထပ်ပွဲကြီး တခမ်းတနား ကျင်းပပါသတဲ့။ အဲသည်လို လက်ထပ်ပွဲကြီးပြီးတော့ ထီးနန်းစည်းစိမ်ကိုလည်း ဗုဒ္ဓကို တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း လွှဲအပ်လိုက်ပါသတဲ့။ သည်တော့ မှူးကြီးမတ်ရာ သေနာပတိတွေကလည်း ဗူဒူဟာ မိန်းမဖြစ်သည့်အကြောင်း ဘယ်သူမျှ မရိပ်မိကြပါဘူးတဲ့။ သူ လှသဟာကိုပဲ အံ့သြပြီး နေကြပါသတဲ့။

အဲသဟာနှင့် လက်ထပ်မင်္ဂလာ အခမ်းအနားပြီးတော့ ဗူဒူနှင့် ဟာယတ် အာနုဖ မင်းသမီးကလေးကို စက်ရာခန်း အပ်ကြပါသတဲ့။

ပြီးတော့ လက်ပါးစေများလည်း စက်ရာတော်များ ခင်းကျင်း၊ မီးရှူးတိုင်များ ထွန်း၊ စက်ရာခန်းကို ပိတ်ပြီး သူတို့ ဆိုင်ရာ ပြန်ကြပါသတဲ့ ။

စက်ရာခန်းထဲမှာ မင်းသမီးကလေးနှင့် ဗူဒူနှစ်ယောက်တည်း ကျန်နေတော့ ဗူဒူက သူ့မောင်တော် ကမာအာဇမန်ကို သတိရပြီး စိတ်မကောင်းဖြစ်ပါသတဲ့။

သဟာပေမင့် ကူ့ခြွေမပျက် မင်းသမီးကလေးရဲ့ ဘေးနားက ထိုင်ပြီး မင်းသမီးကလေးရဲ့ နှုတ်ခမ်းကို စုပ်ပါသတဲ့။ ပြီးတော့ ဖြုန်းခနဲ မင်းသမီးကလေး အနားက ထသွားပြီး ကိုယ်လက်သန့်စင်ပါသတဲ့။ ပြီးတော့ ဘုရားရှိခိုးပါသတဲ့။ ဘုရားရှိခိုးသဟာကလည်း ကြာလွန်းလို့ သူပြန်လာတော့ မင်းသမီးကလေးဟာ အိပ်ပျော်နေပါသတဲ့။ သည်တော့မှ ဗူဒူက အသာကလေး စောင်ထဲဝင်ပြီး မင်းသမီးကလေး အနားက ကျောချင်းကပ်ပြီး အိပ်လိုက်သဟာ မိုးလင်းသွားပါရောတဲ့။

အဲသဟာနှင့် မနက် မိုးလင်းတော့ အာမာနုပ်ဘုရင်နှင့် မိဖုရားကြီးက သမီးတော် နုဖုအဆောင်တော် လာပြီး 'ညတုန်းက ဘယ့်နှယ်လဲ သမီးတော်' လို့ မေးပါသတဲ့။ သည်တော့ နုဖုက ညတုန်းက ဖြစ်ပျက်ခဲ့သည့်အတိုင်း ပြန့်လျှောက်ပါသတဲ့။

အဲသည် အတောအတွင်းမှာ ဗူဒူမင်းသမီးက ရာဇပလ္လင်မှာ ထိုင်ပြီး မှူးကြီး မတ်ရာ သေနာပတိ အစုံအလင်နှင့် ညီလာခံ ကျင်းပနေပါသတဲ့။ မှူးကြီး မတ်ရာ သေနာပတိတို့ကလည်း မင်းတရားကြီး ဘုန်းတော်ကြီးလို့ သက်တော်ရှည်ပါစေ ဆိုသဟာကို ဝိုင်းပြီး ဆုတောင်းကြပါသတဲ့။ ဗူဒူကလည်း မှူးကြီးမတ်ရာ သေနာပတိတို့ကို ထိုက်သင့်သလို ဆုတော်လာဘ်တော်များ ပေးပြီး ချီးမြှင့်ပါသတဲ့။ အဲသဟာနှင့် မှူးတော်မတ်တော်များကလည်း ဗူဒူကို အားလုံးပဲ ကြည်ညို လေးစားကြပါသတဲ့။ မှူးတော်မတ်တော် ထီးရံနန်းရံများကလည်း ဗူဒူဟာ မိန်းမဖြစ်သည် ဆိုသဟာကို ဘယ်သူမှ မရိပ်မိပါဘူးတဲ့။ ဗူဒူကလည်း တစ်နေကုန် တစ်နေခန်း ရာဇပလ္လင်ပေါ်က မထဘဲနှင့် တရားစီရင်စရာ စီရင်၊ ဘေးမဲ့ ပေးသင့်သော အကျဉ်းသားများကို ဘေးမဲ့ပေး၊ လျှော့သင့်သည့် အခွန်တော် လျှော့ပြီး နေဝင်မှပဲ သူ့စက်တော်ဆောင်ကို ပြန်ပါသတဲ့။ စက်တော်ဆောင် ရောက်သွားတော့ နုဖု မိဖုရားကလေး ထိုင်နေသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် အပါးက ကပ်ထိုင်ပြီး ကျောကလေးကို အသာအယာ ပုတ်မြှူချော့ ပွေ့ဖက်ပြီး နဖူးကလေးကို နမ်းပါသတဲ့။

ပြီးတော့ ထိုင်ရာက ကပျာကယာ ထ၊ မျက်ရည်များကို သုတ်၊ ကိုယ်လက်





ဆေးကြောပြီး ဘုရား ဝတ်ပြုသဟာပါပဲတဲ့။ ဘုရား ဝတ်ပြုသဟာကလည်း ကြာလွန်းလို့ နုဖုမိဖုရားကလေးလည်း အိပ်ပျော်သွားပါရောတဲ့။ သည်တော့မှ ဗူဒူက နုဖု ဘေးနားမှာ အသာကလေးသွားပြီး မိုးလင်းအောင် အိပ်သဟာပါပဲတဲ့။ ပြီးတော့ တစ်ခါ မိုးသောက်ခါနီးတော့လည်း ဗူဒူက အိပ်ရာက ထပြီး ဘုရားဝတ်ပြု ပြန်ပါသတဲ့။ ပြီးတော့ တစ်ခါ ရွှေနန်းတော်ကို သွားပြီး တစ်နေကုန် မင်းဝတ်များကို ဆောင်ရွက်ပြန်ပါသတဲ့။

အဲ့သဟာနှင့် မနက်ကျတော့ နုဖုရဲ့ ခမည်းတော်နှင့် မယ်တော်က နုဖုဆီ သွားပြီး 'ဘယ့်နှယ်လဲဟေ့ သမီးတော်ရေ၊ ညတုန်းကတော့ ဟန်ရဲ့လားဟေ့' လို့ မေးပါသတဲ့။ သည်တော့ နုဖုကလည်း ဟုတ်သည့်အတိုင်း အကုန် ပြန်ပြောပြပါသတဲ့ ။ ပြီးတော့ နုဖုက ဆက်ပြီး ပြောပါသတဲ့။ 'သမီးတော်ရဲ့ ကြင်ရာတော်လို ကူ့ခြွေ စောင့်စည်းသည့် လင်ယောကျ်ားမျိုးဟာ ရှားပါလိမ့်မည်။ သူဟာ ငိုငိုနေသဟာ တစ်ခုပဲ ပြောစရာ ရှိပါသည်' လို့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ အာမာနုပ်မင်းကြီးက 'သည်တစ်ညတော့ ဆက်ပြီး သည်းခံလိုက်ပါဦး သမီးတော်ရယ်၊ သည်ညဆိုလျှင် သုံးညပေါ့။ သည်ညမှ သူ သမီးတော်ဆီကို ချဉ်းပြီး သမီးတော်ရဲ့ အပျိုရည်ကို မသိမ်းပိုက်ဘူးဆိုလျှင် သူ့ကို ခမည်းတော် ကြည့်ပြီး စီမံပြပါမည်။ သည်ညမှ သင်း မစွန်လျှင် သင်းကို နန်းချပြီး ပြည်မက နှင်ပစ်လိုက်မည်' လို့ ပြောပါသတဲ့။

မနက်မိုးလင်းတော့ ဗူဒူက ညီလာခံ ဝင်ပြီး ညမိုးချုပ်မှပဲ စက်ရာခန်းကို ပြန်လာပါသတဲ့။ အဲသည်တော့ စက်ရာခန်းမှာ မီးရှူးတိုင်များထွန်းပြီး နုဖုမိဖုရားက ဗူဒူအလာကို စောင့်နေပါသတဲ့။ ဗူဒူက စက်ရာခန်းထဲကို ရောက်လာတော့ သူ့ကြင်ရာတော် ကမာအာဇမန်ကို အောက်မေ့ပြီး ရှိုက်ကြီးတငင် ငိုတော့မည် ကြံနေတုန်းမှာ နုဖုက ဖြုန်းခနဲ ဗူဒူရဲ့ ပုဆိုးစကို ဆွဲပြီး 'ဘယ့်နှယ်လဲ မောင်တော်၊ မောင်တော်ဟာ နှမတော် အပေါ်မှာ ဘယ်လိုလုပ်သဟာလဲ။ မောင်တော်ဟာ ခမည်းတော်ရဲ့ ကျေးဇူးကို ထောက်ထားပြီး နှမတော်အပေါ်မှာ အခုလို ရက်စက်တော် မမူသင့်ပါဘူး' လို့ ပြောပါသတဲ့။

သည်တော့ ဗူဒူက ဣန္ဒြေမပျက် နုဖုနား အသာထိုင်ပြီး 'အို... ချစ်သူ၊ သင်သည် ဘာတွေကို ပြောနေဘိသနည်း' လို့ ဆိုပါသတဲ့။ သည်တော့ နုဖုက 'နှမတော် ပြောနေသဟာဟာ အခြား မဟုတ်ပါဘူး၊ မောင်တော့် စိတ်ထဲမှာ ဒွန္နယာကြီးမှာ မောင်တော်နှင့် အဖက်တန်သဟာ မရှိဘူးလို့ ထင်နေပါသလား ဆိုသဟာပါပဲ။ မောင်တော်ဟာ မိန်းမချော ရှိသမျှ စက်ဆုပ်စရာချည်းပဲလို့ မအောက်မေ့ထိုက်ပါဘူး။ အခု နှမတော် ပြောနေသဟာဟာ နှမတော်အပေါ်မှာ မောင်တော် စိတ်ညွတ်လာအောင် ပြောနေသဟာ မဟုတ်ပါဘူး။ မောင်တော့် ဘေးကို မြင်လို့သာ ပြောနေသဟာပါ။ ခမည်းတော်က မောင်တော့်ကို မနက်ဖြန်ခါ ဆိုလျှင် မင်း၏ အဆောင်အယောင်ကို ရုပ်သိမ်းပြီး ပြည်မှ နှင်ဖို့ ကြံနေပါသည်။ သည်ည မောင်တော်က နှမတော်ရဲ့ အပျိုရည်ကို မဆွတ်ခူးဘူးဆိုလျှင် မနက်ဖြန်ခါ မောင်တော် ပြည်နှင်ဒဏ် ခံရမည် သေချာပါသည်။ ပြည်နှင်ဒဏ်တွင် မဟုတ်ပါ၊ အသက်ပါ ဆုံးချင် ဆုံးရပါလိမ့်မည်။ နှမတော် ယခု ပြောနေသဟာဟာ မောင်တော့်ကို သနားလို့ သတိပေးတဲ့ သဘောနှင့် ပြောနေသဟာပါ။ မောင်တော် သတိထားထိုက်ပါသည်' လို့ ဆိုပါသတဲ့။

နုဖုက အဲသည်လို ပြောလိုက်တော့ ဗူဒူမင်းသမီးကလေးဟာ အကြံအိုက်သွားပြီး ခေါင်းငိုက်စိုက် ကျသွားပါသတဲ့။ အဲသဟာနှင့် သူ့စိတ်ထဲက "ငါတော့ အခုမှ ခက်ပြီ၊ နုဖုရဲ့ အပျိုရည်ကို ငါ မသိမ်းပိုက်ဘူးဆိုလျှင်လည်း ငါ့အသက် သေရမည်။ သိမ်းပိုက်ပါမည် ဆိုလျှင်လည်း ငါ အရှက်ကွဲရတော့မည်။ အခု ဆိုလျှင် ငါဟာ သည်မှာ ဘုရင်မပဲ။ သည်က ငါ ထွက်သွားရမည်ဆိုလျှင် မောင်တော် ကမာအာဇမန်နှင့် တွေ့ရဖို့ လမ်းရှိ





တော့မှာ မဟုတ်ဘူး။ သည်တော့ ငါ့တော့ ခက်ပြီ၊ ငါလည်း ယောကျ်ားမဟုတ်တော့ သူ့အပျိုရည်ကို ဘယ်နည်းနှင့်မျှ သိမ်းပိုက်နိုင်မှာ မဟုတ်ဘူး။ တတ်နိုင်ပါဘူးလေ၊ အလာဟု အရှင်ကိုပဲ အားကိုးရတော့မှာပဲ" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ ဗူဒူက သူ့မိဖုရားနုဖုကို ပြောပါသတဲ့။ 'အို... ချစ်သူ၊ ချစ်သူကို မောင်တော် လျစ်လျူပြုပြီး ရှောင်ဖယ်နေခြင်းဟာ ချစ်သူကို မောင်တော်က ဂရုမစိုက်လို့ မဟုတ်ပါဘူး။ မောင်တော့်မှာ မောင်တော့် အပူနှင့် မောင်တော်မို့ ချစ်သူကို ဂရုမစိုက်နိုင်သဟာပါ။ အဲသဟာကြောင့် မောင်တော့်အပေါ်မှာ ချစ်သူက ဇွဲမယူပါနှင့်' လို့။

ပြီးတော့ တစ်ခါ ဗူဒူက ဆက်ပြီး သူ့အဖြစ်အပျက် အမှန်ကို အကုန်လုံး အစအဆုံး ဖွင့်ပြောပြီး၊ သူဟာ တကယ်ဆိုတော့ ယောကျ်ားမဟုတ်ဘဲ မိန်းမသားသာ ဖြစ်သည် ဆိုသည့် အကြောင်းကိုလည်း သူ့ကိုယ်ကိုပြပြီး ပြောပါသတဲ့။ ပြီးတော့ ဗူဒူက 'အဲသဟာကြောင့်မို့ ချစ်သူက ဗူဒူပြောသည့် စကားများကို ဘယ်သူ့ကိုမှ မပြောပြဘဲ နှုတ်လုံပါစေနော်။ ဗူဒူ အခုလို လုပ်ရသဟာဟာ တခြားကြောင့် မဟုတ်ပါဘူး၊ ဗူဒူရဲ့ မောင်တော် ကမာအာဇမန်နှင့် ဗူဒူ ပြန်ပြီး ပေါင်းရဖို့အတွက်ကြောင့်သာပါ။ အလာဟုအရှင်ရဲ့ အလိုတော်အရ ဗူဒူဟာ ကမာအာဇမန်နှင့် ပြန်ပြီး ပေါင်းရလိမ့်မယ်လို့ မျှော်လင့်ပါသည်။ မောင်တော် ကမာအာဇမန်နှင့် ပြန်တွေ့ရပြီးသည့်နောက်တော့ ဗူဒူ သေချင်တောင် သေပါစေတော့၊ အရေးမကြီးတော့ပါဘူး' လို့ ဆက်ပြီး ပြောပါသတဲ့။

အဲသည်တော့ နုဖုမင်းသမီးကလေးက 'ဖြစ်မှဖြစ်ရပလေ မမရယ်၊ မမ အဖြစ်က အတော် ဆန်းကြယ်သဟာပဲ။ နုဖုလည်း မမအကြောင်းကို ကြားရသဟာ အများကြီး ကြေကွဲပါသည်။ သဟာကြောင့် နုဖုကလည်း မမနှင့် မမချစ်သူတို့ ပြန်ပြီး ပေါင်းကြပါစေ ဆိုသဟာ ကူပြီး ဆုတောင်းပေးပါမည်' လို့ ဆိုပါသတဲ့။ ပြီးတော့ နုဖုက သူဟာ နှုတ်လုံသူ ဖြစ်သည့် အကြောင်းကို သိသာစေရန် "အဖိုးတန်သူတို့ဟာ လျှို့ဝှက်စရာကို စောင့်စည်းသည်။ အဖိုးတန်သူတို့သာ လျှို့ဝှက်စရာကို စောင့်စည်းသည်။ အဖိုးတန်သူတို့သာ လျှို့ဝှက်မှုကို လုံခြုံစွာ ထိန်းသိမ်းသည်။ သော့ခတ်ထားပြီးနောက် သော့ပျောက်၍သွားသော အခန်းသည် လုံခြုံသကဲ့သို့ ငါ့ဆီ ရောက်လာသော လျှို့ဝှက်စရာတို့သည်လည်း လုံခြုံသည်" လို့ ဆိုသည့် ကဗျာကို ရွတ်ပြပါသတဲ့။ ပြီးတော့ နုဖုက ဆက်ပြီး ပြောပြန်ပါသတဲ့။ 'အမျိုးမှန်သူ၊ ရဲရင့်သူတို့ရဲ့ ရင်အုံဟာ လျှို့ဝှက်ခြင်းတို့ရဲ့ မြှုပ်နှံရာ သင်္ချိုင်းဖြစ်သည်' လို့။

ပြီးတော့ ဗူဒူနှင့် နုဖုမင်းသမီးကလေး နှစ်ပါးဟာ တစ်ယောက် တစ်ယောက် ဝမ်းသာအားရ ပွေ့ကြ ဖက်ကြ၊ နမ်းကြ ရှုပ်ကြပြီး အိပ်ကြပါသတဲ့။ လင်းအားကြီးလောက် ကျတော့ နုဖုက အိပ်ရာကထပြီး ခိုတစ်ကောင်ကို လည်လှီးသတ်ပြီး ခိုသွေးနှင့် သူ့ထဘီနှင့် သူ့တစ်ကိုယ်လုံးကိုသုတ်ပြီး ထဘီကို ချွတ်ချပြီး အကျယ်ကြီး အော်ငို



www.burmeseclassic.com

www.burmeseclassic.com



ပါသတဲ့။ သည်တော့ သူ့လူတွေက ကြားသွားပြီး အဆောင်ထဲ ပြေးဝင်လာကြပြီး 'ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ' လို့ ပြောကြပါသတဲ့။ ပြီးတော့ သူ့မယ်တော်က ဝင်လာပြီး မေးပါသတဲ့။ 'သမီးတော်ရေ ဟန်ပလားဟေ့' လို့။ ပြီးတော့ သူ့မယ်တော်လည်း ဝမ်းသာသဟာနှင့် ညနေထိအောင် သမီးတော်ဆီမှာပဲ စကားဖောင်နေပါသတဲ့။

ဗူဒူကတော့ အရှဏ်တက်မှာ အိပ်ရာကထပြီး၊ ရေမိုးသန့်စင်ပြီး၊ နန်းတော်ဝင်ပြီး တရားစီရင်ပါသတဲ့။

ခမည်းတော်မင်းကြီးကတော့ သူ့သမီးတော် အဆောင်တော်ဘက်မှာ ဝမ်းသာအားရ ဟစ်အော် ကြွေးကြော်ကြသည့် အသံတွေ ကြားရတော့ 'ဟဲ့ ဘယ်လို အကျိုးအကြောင်းများလဲ' လို့ မေးတော်မူပါသတဲ့။ အဲသဟာနှင့် မှူးမတ်များက 'သမီးတော်နဖုရဲ့ ထိမ်းမြားမှု ထမြောက်အောင်မြင်ခြင်းအတွက် ဩဘာပေးကြသည့် အသံများ ဖြစ်ပါသည်' လို့ လျှောက်ကြတော့ မင်းတရားကြီးက ရွှေဘောတော် တွေ့သွားပြီး အသက်ရှူများတောင် မှားသွားပါသတဲ့။ အဲသဟာနှင့် မင်းတရားကြီးက ထိမ်းမြားမှု အောင်ပွဲသဘင်ကို အရှည်အကြာ ဝှဲချီးကျင်းပတော် မူစေပါသတဲ့။

ဗူဒူတို့၊ နဖုတို့ အကြောင်းကို သည်မှာခဏရပ်ပြီး ကမာအာဇမန်ရဲ့ ခမည်းတော် ယှာဠိုမန် မင်းတရားကြီးအကြောင်းကို လျှောက်ပါဦးမည်ဟု ယှာဠဇတ်က လျှောက်ပါသတဲ့။

အဲသည် အတောအတွင်းမှာ ယှာဠိုမန် မင်းတရားကြီးက သားတော် ကမာအာဇမန်နှင့် ဆဲရာလေး မာဇဝန်တို့ တောကစား ထွက်သွားကြသဟာ ဟာ အချိန်တန် ပြန်မလာကြသဟာနှင့် လည်ပင်းတော် တရှည်ရှည်နှင့် မျှော်နေတော် မူပါသတဲ့။ ညမှာလည်း စက်တော်မခေါ်နိုင်ပါဘူးတဲ့။ နံနက်လင်းပြန်တော့လည်း သားတော်ကလေး ပေါ်လာနိုး ပေါ်လာနိုးနှင့် တမျှော်တည်း မျှော်နေလိုက်သဟာ နေသာ မွန်းတည့်သွားပါရောတဲ့။ သားတော်ကလေး ပေါ်မလာပါဘူးတဲ့။ အဲသဟာနှင့် ရွှေစိတ်တော် မကောင်းဖြစ်ပြီး ရှိုက်ကြီးတငင် ငိုတော်မူလိုက်သဟာ ဟာ ကိုယ်ဝတ်တော်များ စိုရွှဲကုန်သဟာပါပဲ တဲ့။

ပြီးတော့ ယှာဠိုမန်မင်းကြီးဟာ ရွှေမျက်ရည်တော်ကို သုတ်တော်မူပြီး တပ်တောင်တာဗိုလ်ထု လူစုပြီး သားတော်ကမာအာဇမန်ကို အရှာ ထွက်တော်မူပါသတဲ့။ မြို့ပြင် ရောက်သည့်အခါကျတော့ မင်းတရားကြီးက ရဲမက်တော်များကို ခြောက်စုခွဲပြီး အရှာလွှတ်ပါသတဲ့။ အဲသဟာနှင့် မင်းတရားကြီးက ရဲမက်တော်များ ခြောက်စုခွဲပြီး နောက်တစ်နေ့ မိုးသောက်မှ ချိန်းထားသည့်နေရာကို ပြန်ပြီး စုကြဖို့ အမိန့်တော် ထုတ်လိုက်ပါသတဲ့။

အဲသဟာနှင့် ရဲမက်တော်တွေလည်း ကမာအာဇမန် မင်းသားကလေးကို လိုက်





ရှာကြပါသတဲ့။ နောက်ဆုံးကျတော့ လမ်းဆုံလမ်းခွ ရောက်သွားပြီး၊ သွေး အလိမ်းလိမ်းပေပြီး စုတ်ပြတ်နေသည့် အဝတ်များနှင့် အပိုင်းပိုင်း ပြတ်နေသည့် အသားများကို တွေ့ကြပါသတဲ့။ သည်တော့ ယှာဠိုမန်မင်းကြီးက "တန်တော့ ငါ့သားတော်တော့ သေရှာပြီ" လို့ အောက်မေ့ပြီး 'အမလေး ဖြစ်မှဖြစ်ရလေခြင်း သားတော်ရဲ့' လို့ ဆိုပြီး ငိုတော်မူပါသတဲ့။ သည်တော့ ရဲမက်တော်များကလည်း ဝိုင်းပြီး ငိုကြပါသတဲ့။

ပြီးတော့ မင်းတရားကြီးကလည်း သူ့သားတော်တော့ဖြင့် ခိုးသားများ သတ်လို့ပဲ ဖြစ်ဖြစ်၊ သဟာမှ မဟုတ်လျှင်လည်း သားရိုင်းများ ကိုက်လို့ပဲ ဖြစ်ဖြစ် သေပြီလို့ အောက်မေ့တော်မူပြီး တပ်ခေါက်ပြီး နေပြည်တော်ကို ပြန်လာပါသတဲ့။

နေပြည်တော် ရောက်တော့ သားတော် ကမာအာဇမန်အတွက် တစ်တိုင်းလုံး တစ်ပြည်လုံး ဝမ်းနည်းသည့် အထိမ်းအမှတ် လုပ်ကြရမည် ဆိုပြီး အမိန့်တော် ထုတ်ပါသတဲ့။ ပြီးတော့ "ပူဆွေးတောက်လောင်" အဆောင်တော်ကို တည်တော်မူစေပြီး တနင်္လာနေ့နှင့် ကြာသပတေးနေ့ကို ချန်ပြီး ကျန်သည့် ငါးရက်မှာ မင်းတရားကြီးဟာ "ပူဆွေးတောက်လောင်" အဆောင်တော်မှာ သွား သွားပြီး စံတော်မူပါသတဲ့။

အဲသည် အတောအတွင်းမှာ ဗူဒူက အေဗုံနီကျွန်းများမှာပဲ ဘုရင်အဖြစ်နှင့် စိုးစံနေရပါသတဲ့။ ညညကျတော့ ဗူဒူက နဖုမင်းသမီးကလေးနှင့် စက်တော်ခေါ်ပြီး သူ့ချစ်သူ ကမာအာဇမန် မင်းသားကလေးအကြောင်း ပြောပြောပြီး မျက်ရည် တရွှဲရွှဲနှင့် ငို ငို နေပါသတဲ့။

အဲသည်လို ဗူဒူကလေးက အပူမီး ပွားနေခိုက်မှာ ကမာအာဇမန်မင်းသားကလေးလည်း ဥယျာဉ်မှူးအိမ်မှာ နေပြီး တရှုပ်ရှုပ်နှင့် ငိုနေသဟာပါပဲတဲ့။ သည်တော့ ဥယျာဉ်မှူးကလည်း တတ်နိုင်သမျှ ချော့မော့ထားပြီး 'သဟာလောက်တောင်လည်း မပူပါနှင့် မောင်ရယ်၊ နှစ်ကုန်တော့ မွတ်ဆလင်ပြည်ကို သည်က ကုန်သင်္ဘော ထွက်ပါလိမ့်မည်၊ သည်တော့ မောင် သွားနိုင်ရောပေါ့' ပြောပါသတဲ့။

အဲသဟာနှင့် ကမာအာဇမန်ဟာ ဥယျာဉ်ထဲက အလုပ်ကိုပဲ ဆက်ပြီး လုပ်နေရပါသတဲ့။ တစ်နေ့တော့ ဥယျာဉ်မှူးက သူ့ဆီလာပြီး 'ငါ့သား၊ အလုပ် မလုပ်ပါနှင့်၊ ဥယျာဉ်ကိုသာ ကြည့်ပြီး စောင့်နေနှင့်ပါ၊ ငါ ငါ့မိတ်ဆွေတွေဆီ အလည်သွားမည်။ ပြီးတော့ ငါ့သားအတွက် သင်္ဘောကိုလည်း စုံစမ်းခဲ့မည်' လို့ ပြောပါသတဲ့။ အဲသည်လို ပြောပြီးတော့ ဥယျာဉ်မှူးလည်း အဝတ်အစားလဲပြီး ထွက်သွားပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်လည်း ဥယျာဉ်ထဲမှာ တစ်ယောက်တည်း ကျန်နေရစ်ပါသတဲ့။ သည်တော့ ကမာအာဇမန်က သူ့ချစ်သူနှင့် ကွေကွင်းပြီး နေရသည့်အတွက် လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းလာပြီး သံကုန်ဟစ်ပြီး ငိုပါသတဲ့။ အဲသည်လို ငိုရင်းနှင့်ပဲ သတိလစ်ပြီး သွားပါသတဲ့။ သတိရလာတော့ "အခုနေ ငါ့ချစ်သူ ဗူဒူကလေးဟာ ဘယ်လိုများ



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် ကမာအာဇမန်က ကြည့်နေတော့ ငှက်တစ်ကောင်က တခြားတစ်ကောင်ရဲ့
လည်ပင်းကို နှုတ်သီးနှင့်ဆိတ်ပြီး တိခနဲနေအောင် ဖြတ်ပစ်လိုက်ပါသတဲ့။

နေရှာပါလိမ့်မည်" လို့ တွေးပြီး ဥယျာဉ်ထဲမှာ လမ်းသလားနေပါသတဲ့။ အဲသည်လို လမ်းသလားနေရင်းနှင့် ကမာအာဇမန်က သစ်မြစ်ကြီးတစ်ခုကို ဝင်တိုက်မိပြီး ခြေထောက်ကွဲသွားပါသတဲ့။ အဲသဟာနှင့် သူဟာ ဝမ်းနည်းလာပြီး ငိုလိုက်သဟာဟာ





မျက်ရည်နှင့် သွေးတွေ ရောကုန်သဟာပါပဲတဲ့။ ပြီးတော့ သူ့ခြေထောက်က အနာကို အဝတ်စုတ်နှင့် စည်းပြီး ဥယျာဉ်ထဲမှာ ဟိုတွေး သည်တွေးရင်း ဆက်ပြီး လမ်းသလား နေပါသတဲ့။

အဲသည်အခိုက်မှာ သစ်ပင်ကြီး တစ်ပင်အနား ရောက်သွားလို့ သစ်ပင်ခေါင်ဖျား ပေါ်ကို မော့ကြည့်လိုက်တော့ ငှက်နှစ်ကောင် ရန်ဖြစ်နေသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က ကြည့်နေတော့ ငှက်တစ်ကောင်က တခြား တစ်ကောင်ရဲ့ လည်ပင်းကို နှုတ်သီးနှင့် ဆိတ်ပြီး တိခနဲနေအောင် ဖြတ်ပစ်လိုက်ပါသတဲ့။ ပြီးတော့ ပြတ်သွားသည့် ဦးခေါင်းကို သုတ်ပြီး ပျံပြေးပါသတဲ့။ ပြီးတော့ ငှက်သေကောင်က မြေကြီးပေါ်ကို ကျလာပါသတဲ့။ အဲသည် အချိန်မှာ အခြား ငှက်ကြီးနှစ်ကောင်က ပျံလာပြီး ငှက်သေကောင်ရဲ့ ခေါင်းဘက်က တစ်ကောင်၊ ခြေဘက်က တစ်ကောင်၊ လည်တိုင်ဆန့်ပြီး နှုတ်သီးနှင့် အုပ်ပြီး ငိုကြပါသတဲ့။

သည်တော့ ကမာအာဇမန်ကလည်း "သြော်... ငါ့ ခမည်းတော်နှင့် ကြင်ရာ တော်ဟာလည်း သည်ငှက်နှစ်ကောင်လိုပဲ ပူရှာကြမှာပဲ" လို့ အောက်မေ့ပြီး ငှက် နှစ်ကောင်နှင့် ဝိုင်းငိုပါသတဲ့။ အဲသည်လို ငိုပြီး ကြည့်နေတုန်းမှာ ငှက်နှစ်ကောင်က မြေကြီးမှာ တွင်းတူးပြီး သူတို့အဖော်ရဲ့ အလောင်းကို မြှုပ်ကြသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ အဲသည်ငှက်နှစ်ကောင်လည်း ကောင်းကင်ကို ပျံတက်ပြီး ပျောက်သွားပါသတဲ့။ ပြီးတော့ တစ်ခါ အဲသည် ငှက်နှစ်ကောင်က သူတို့အဖော်ကို သတ်သွားသည့် ငှက်ကို ဖမ်းလာကြပြီး အဲသည်ငှက်ကို သူတို့အဖော် ငှက်သေကောင် မြှုပ်သည့် မြေပုံပေါ်မှာ ချပြီး၊ နှုတ်သီးနှင့် ဝိုင်းဆိတ်ပြီး သတ်ပစ်ကြပါသတဲ့။ ပြီးတော့ အဲဒီငှက်ရဲ့ သွေးကို သူတို့အဖော် ငှက်ရဲ့ မြေပုံပေါ်မှာ ဖျန်းကြပါသတဲ့။ ပြီးတော့ အဲ့ဒီငှက်ရဲ့ ဗိုက်ကို ဖောက်၊ အူတွေနုတ်ပြီး အရေတွေဆုတ်၊ အသားတွေဖဲ့ပြီး အနှံ့အပြား ကြဲပစ်ကြပါသတဲ့။

သည်တော့ ကမာအာဇမန်ကလည်း အံ့အားသင့်ပြီး ကြည့်နေပါသတဲ့။ နောက် ခဏနေလို့ ငှက်ကြီးနှစ်ကောင်က ဒုတိယငှက်ကို ဝိုင်းသတ်ကြသည့် နေရာကို ကမာ အာဇမန်က လှမ်းကြည့်လိုက်တော့ ဝင်းဝင်းပြောင်ပြောင် အရာတစ်ခုကို တွေ့ရပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က အနားသွားပြီး ကြည့်တော့ သေသွားသည့်ငှက်ရဲ့ အစာအိမ်ကို တွေ့ရပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က အဲသည်ငှက် အစာအိမ် ကို ယူပြီး ခွဲကြည့်လိုက်တော့ လား လား သူပျောက်သွားသည့် လက်ဝတ်ရတနာကို သွားတွေ့ပါသတဲ့။ သည်တော့ သူ့လက်ဝတ်ရတနာကို သူက တစ်ခါတည်း မှတ်မိ သဟာနှင့် 'အလာဟုအရှင် ကျေးဇူးတော်ပဲ၊ ငါတော့ ငါ့ချစ်သူနှင့် ပြန်တွေ့ရတော့ မယ်' လို့ ဆိုပါသတဲ့။ ပြီးတော့ ကမာအာဇမန်လည်း ဝမ်းသာလုံးဆို့ပြီး မူးလဲသွား ပါသတဲ့။ ခဏနေလို့ သတိရလာတော့ ကမာအာဇမန်က သူ့လက်ဝတ် ရတနာကို သေသေချာချာ ကြည့်ပြီး၊ 'သဟာဟာ ငါ့ဟာပဲ' လို့ ဆိုပြီး သူ့ လက်မောင်းမှာ ချည်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသတဲ့။ ပြီးတော့ သူ့ချစ်သူနှင့် ပြန်တွေ့ရဖို့ နီးပြီဆိုပြီး ဝမ်းသာလွန်းလို့ ပြုံးပြုံး ပြုံးပြုံးနှင့် ဖြစ်နေပါသတဲ့။ ပြီးတော့ ဥယျာဉ်ထဲမှာ ဟိုလျှောက် သည်လျှောက် လျှောက်နေရင်း ဥယျာဉ်မှူး ပြန်အလာကို စောင့်နေပါသတဲ့။ သဟာပေမင့် အဲသည်နေ့က ဥယျာဉ်မှူးက ပြန်မလာဘူးတဲ့။ အဲသဟာနှင့် ကမာအာဇမန်ကလည်း ညကျတော့ သူ အိပ်နေကျ နေရာမှာပဲ ဝင်အိပ်ပြီး မနက်မိုးလင်းတော့ သူ့ခါးဝတ်ကို လျှော်နှင့် ခိုင်အောင်ချည်ပြီး တောင်းနှင့် ပုဆိန်ကိုကိုင်ပြီး အလုပ်လုပ်ဖို့ ဥယျာဉ်ထဲကို ထွက်သွားပါသတဲ့။ ဥယျာဉ်ထဲ ရောက်တော့ သစ်ပင်တစ်ပင်ရဲ့ အမြစ်ကို ပုဆိန်နှင့် ပေါက်ပါသတဲ့။ သည်တော့ ပုဆိန်သွားက သစ်မြစ်ကို မစူးဘဲနှင့် ချွင်ခနဲဖြစ်ပြီး အပေါ် ခုန်တက်လာပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်လည်း သစ်ပင်ခြေမှာ ဘာများရှိပါလိမ့် ဆိုပြီး တူးကြည့်ပါသတဲ့။ သည်တော့ လှေကားအံဖုံးတစ်ခုကို သွားတွေ့ပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က အဖုံးကို ဖွင့်လိုက်တော့ မြေတိုက်ထဲ ဆင်းသည့် ကြောင်လိမ်လှေကားကို တွေ့ပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က လှေကား ဆုံးအောင် ဆင်းသွားတော့ ရှေးအင်မတန်ကျသည့် တိုက်ကြီးထဲကို ရောက်သွားပါ သတဲ့။ အဲသည် တိုက်ကြီးထဲမှာ ကြေးအိုးကြီးတွေလည်း အများကြီး တွေ့ပါသတဲ့။ အဲသည် ကြေးအိုးကြီးတွေကလည်း ဆီအိုးကြီးတွေလောက် ရှိပါသတဲ့။ ပြီးတော့ အဲသည် ကြေးအိုးကြီးတွေထဲမှာလည်း ရွှေတွေအပြည့် တွေ့ပါသတဲ့။

အဲသည်တော့ ကမာအာဇမန်က 'နိပ်ပဟ၊ နောက်ကို ဆင်းရဲရဖို့ မရှိတော့ဘူး၊ ချမ်းသာရဖို့ပဲ ရှိတော့မည်' လို့ ဆိုပြီး အပေါ်ကို ပြန်တက်လာပါသတဲ့။ အပေါ် ရောက်တော့ တံခါးအံဖုံးကို သူ့နဂိုရင်းအတိုင်း လက်ရာခြေရာမပျက်အောင် ပြန်ပိတ်ထားခဲ့ပြီး ဥယျာဉ်ထဲမှာ သူ့အလုပ် ရှိသဟာတွေကို ညနေထိအောင် ဆက်လုပ်နေပါ သတဲ့။

ညနေကျတော့ ဥယျာဉ်မှူးပြန်လာပြီး 'သားရေ ... ဝမ်းသာ သာပေတော့၊ သားတော့ မကြာတော့ဘူး၊ သားရဲ့နေရပ်ကို ပြန်ရတော့မည်။ နောက်သုံးရက် နေလျှင် အေဗုံနီကျွန်းကို သင်္ဘောထွက်လိမ့်မည်။ ကုန်သည်တွေလည်း ကုန်တင်လို့ ပြီးကုန်ကြပြီ။ မွတ်ဆလင်ပြည်ကို သွားမည်ဆိုလျှင် အဲသည် အေဗုံနီကျွန်းကို ပထမသွားပြီး အဲသည်ကမှ တစ်ခါ သွားရသည်။ အေဗုံနီကျွန်းကနေပြီး ယှာဋ္ဌိမန်မင်းကြီး နန်းစံသည့် ကာလိဒန်ကျွန်းကို ခြောက်လလောက် သွားရတယ်' လို့ ပြောပါသတဲ့။

သည်တော့ ကမာအာဇမန်က ဝမ်းသာသွားပြီး 'အို ... အဖေ၊ သင်က ငါ့ဆီကို သတင်းကောင်း ယူဆောင်လာသည့်နည်းတူ ငါကလည်း သင့်ကို သတင်းကောင်း ပေးပါဦးမည်' လို့ ဆိုပြီး မြေအောက်က တိုက်ကြီးနှင့် ရွှေအိုးကြီးတွေ တွေ့သည့် အကြောင်းကို ဥယျာဉ်မှူးကို ပြောပြပါသတဲ့။ သည်တော့ ဥယျာဉ်မှူးက 'အို သားမောင်၊





ငါသည် ဥယျာဉ်မှာနေသဟာ အနှစ်ရှစ်ဆယ် ရှိပြီ၊ ဘာတစ်ခုမျှ ငါ မတွေ့ဖူးဘူး။ အခု သင် သည်မှာနေသဟာ တစ်နှစ်မျှပင် မပြည့်သေးဘဲလျက် ရွှေအိုးများကို သင်တွေ့ရ သည်ဆိုတော့ သင့်အား ဘုရားသခင်က ဆင်းရဲခပ်သိမ်း ငြိမ်းပြီး သင့်ချစ်သူနှင့် ပြန်ပေါင်း မိဖို့အတွက် ဆုလာဘ် ပေးသနားတော်မူခြင်း ဖြစ်ရာသည်' လို့ ဆိုပါသတဲ့။

သည်တော့ ကမာအာဇမန်က 'သည်ရွှေအိုးများကို သင်နှင့် ငါနှင့် တစ်ဝက်စီ ခွဲ၍ ယူကြမည်။ ငါချည်း မယူလိုပါ' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က ဥယျာဉ်မှူးကို ခေါ်ပြီး ရွှေအိုးကြီးတွေကို ပြပါသတဲ့။ အားလုံးပေါင်း ရွှေအိုးကြီး အလုံးနှစ်ဆယ် ရှိပါသတဲ့။ ပြီးတော့ ကမာအာဇမန်က ဥယျာဉ်မှူးကို ရွှေအိုး ဆယ်လုံး ပေးပြီး သူက ဆယ်လုံး ယူပါသတဲ့။

သည်တော့ ဥယျာဉ်မှူးက 'ငါ့သား၊ သည်ဥယျာဉ်ထဲမှာ ပေါက်နေသည့် ဂမုန်းနံ့သာရွက်များကို ခူးပြီး သင့်သားရေဘူးတွေထဲမှာ ထည့်ပြီး ယူသွားပါ။ ဂမုန်းနံ့သာဟာ ငါတို့ဆီမှာသာ ပေါက်ပါသည်၊ သင်တို့ဆီမှာ မပေါက်ဘူး။ သင်တို့ဆီကို ရောက်သွားလျှင် အင်မတန် အဖိုးတန်လိမ့်မည်။ ငါတို့ဆီက ဂုန်သည်တွေလည်း သည်လိုပဲ သည်ဂမုန်းနံ့သာကို ခူးပြီး တခြားပြည်များကို သွား[illegible]း ကြသည်။ ပထမ သားရေဘူးတွေ ထဲမှာ ရွှေတွေကိုထည့်ပြီး အပေါ်ယံက ဂမုန်းနံ့သာရွက်တွေကို ထည့်ပါ' လို့ ပြောပါသတဲ့။

အဲသဟာနှင့် ကမာအာဇမန်လည်း သားရေဘူး ငါးဆယ်ကို ယူပြီး ဥယျာဉ်မှူး ပြောသလို ရွှေတွေကို အောက်ကထည့်ပြီး အပေါ်ယံက ဂမုန်းနံ့သာရွက်တွေနှင့် ဖုံးပါသတဲ့။ ပြီးတော့ သားရေဘူး တစ်ခုတည်းမှာတော့ အောက်ဆုံးက သူ့လက်ဝတ်ရတနာကို ထည့်ပြီး၊ အလယ်က ရွှေထည့်ပြီးတော့မှ အပေါ်ဆုံးက ဂမုန်းနံ့သာရွက်တွေနှင့် အုပ်ထားပါသတဲ့။

ပြီးတော့ ကမာအာဇမန်က ဥယျာဉ်မှူးနှင့် အားရဝမ်းသာ ထိုင်ပြီး စကားစမြည် ပြောနေပါသတဲ့။ ပြီးတော့ သူ့စိတ်ထဲကလည်း "ငါ အေဗုံနီကျွန်းကို ရောက်သွားလျှင် အဲသည်မှ ငါ့ခမည်းတော်ပြည်ကို သွားပြီး ငါ့ချစ်သူ ဗုဒ္ဓူ့သတင်းကို စုံစမ်းမည်။ ဗုဒ္ဓူဟာ ငါ့ခမည်းတော်ဆီကိုပဲ ဆက်သွားသလား၊ သဟာမှ မဟုတ်ဘဲနှင့် သူ့ခမည်းတော်ဆီကိုပဲ ပြန်သွားသလား၊ သဟာမှ မဟုတ်လျှင်လည်း လမ်းမှာ တစ်စုံတစ်ခု ဖြစ်နေသလားလည်း မသိရဘူး၊ သိချင်လိုက်သဟာနော်" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ ကမာအာဇမန်က ငှက်တွေ ရန်ဖြစ်ကြသည့် အကြောင်းကိုလည်း သူ မြင်ရသည့်အတိုင်း ဥယျာဉ်မှူးကို ပြန်ပြီး ပြောပြသတဲ့။ သည်တော့ ဥယျာဉ်မှူးက "တယ် ထူးဆန်းပါလား" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ မိုးချုပ်သဟာနှင့် နှစ်ယောက်သား အိပ်ကြပါရောတဲ့။ မနက်လင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဥယျာဉ်မှူးဟာ နေမကောင်းသဟာနှင့် အိပ်ရာက မထနိုင်ပါဘူးတဲ့။ နောက်တစ်နေ့ကျတော့လည်း သူ့ရောဂါက မသက်သာပါဘူးတဲ့။ တတိယနေ့ ကျတော့လည်း သူ့ရောဂါဟာ ပိုပြီး ဆိုးလာသဟာနှင့် ကမာအာဇမန်လည်း အများကြီး စိတ်မကောင်းဖြစ်နေပါသတဲ့။ အဲသည်တုန်းမှာ သင်္ဘောကပ္ပိတန်နှင့် သင်္ဘောသားများ ပေါက်လာပြီး ဥယျာဉ်မှူး ရှိသလားလို့ မေးပါသတဲ့။ သည်တော့ ကမာအာဇမန်က ဥယျာဉ်မှူး ဖျားနေလို့ အိပ်ရာက မထနိုင်သည့် အကြောင်းကို ပြောပြပါသတဲ့။

သည်တော့ ကပ္ပိတန်က အေဗုံနီကျွန်းကို လိုက်ချင်သည်ဆိုသည့် လုလင်ဟာ ဘယ်မှာလဲလို့ မေးပါသတဲ့။ သည်တော့ ကမာအာဇမန်က အေဗုံနီကျွန်းကို လိုက်ချင်သူဟာ သူပါပဲလို့ ပြောပြီး သူ့ဂမုန်းနံ့သာဘူးတွေကို သင်္ဘောပေါ်ကို ယူသွားဖို့ ပေးလိုက်ပါသတဲ့။ ပြီးတော့ ကပ္ပိတန်က သင်လည်း မြန်မြန်လိုက်ခဲ့နော်။ သင်္ဘောထွက်ဖို့ လေ အင်မတန် သင့်နေသည်လို ပြောပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်လည်း သူ သယ်စရာ၊ ယူစရာကလေးများကို သင်္ဘောပေါ် သယ်သွားပြီး ဥယျာဉ်မှူးကို နှုတ်ဆက်ဖို့ ပြန်လာပါသတဲ့။ အဲသည်တော့ ဥယျာဉ်မှူးကလည်း သေမလို့ အသက်ငင်နေပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က ဥယျာဉ်မှူးကြီးရဲ့ ခေါင်းရင်းနားမှာ မျက်စိမှိတ်ပြီး ထိုင်နေပါသတဲ့။ အဲသည် အတောအတွင်းမှာပဲ ဥယျာဉ်မှူးကြီးလည်း သေသွားပါသတဲ့။

အဲသဟာနှင့် ကမာအာဇမန်လည်း ဥယျာဉ်မှူးကြီးရဲ့ အလောင်းကို မြေမြှုပ်သင်္ဂြိုဟ်လိုက်ပါသတဲ့။ ပြီးတော့ ကမာအာဇမန်က သင်္ဘောကို ပြန်သွားပါသတဲ့။ သူ သင်္ဘောဆိပ် ရောက်တော့ သင်္ဘောထွက်သွားနှင့်ပါပြီတဲ့။ အဲသဟာနှင့် ကမာအာဇမန်က သင်္ဘောကို မိလိုမိငြားနှင့် ကမ်းနားက လျှောက်ပြီး လိုက်ပါသတဲ့။ နောက်ဆုံးကျလို့ သင်္ဘောကို မမြင်ရတော့မှဘဲ အားလျှော့လိုက်ပါသတဲ့။

အဲသဟာနှင့် ကမာအာဇမန်ဟာ သူ နေသည့် ဥယျာဉ်ကို ပြန်လာခဲ့ရပါသတဲ့။ သည်တော့ သူ့မှာ အဖော်ကလည်း မရှိ။ စိတ်ကလည်း ညစ်သဟာနှင့် ရှိုက်ကြီးတငင်ငိုပါသတဲ့။ ပြီးတော့ အဲသည်ဥယျာဉ်ကို လုပ်သားတစ်ယောက် ငှားပြီး ဆက်လုပ်ပါသတဲ့။ ပြီးတော့ မြေတိုက်ထဲကိုဆင်းပြီး ကျန်နေသည့် ရွှေအိုးကြီး ဆယ်လုံးကို တူးယူပါသတဲ့။ ယူပြီးသား ရွှေတွေကို ရေဘူးငါးဆယ်ထဲမှာ ပထမနည်းအတိုင်း ပြောင်းထည့်ပြီး အပေါ်ယံက ဂမုန်းနံ့သာရွက်တွေနှင့် ဖုံးထားပါသတဲ့။ ပြီးတော့ နောက်တစ်ပတ် သင်္ဘော ဘယ်တော့ထွက်မလဲ ဆိုသဟာကို စုံစမ်းကြည့်ပါသတဲ့။ စုံစမ်းကြည့်တော့ သင်္ဘောက တစ်နှစ်မှ တစ်ကြိမ်သာ ထွက်သည် ဆိုသဟာကို သိရသဟာနှင့် အကြံ အအိုက်ကြီး အိုက်သွားပါသတဲ့။ ပြီးတော့ ဗူဒူရဲ့ လက်ဝတ်ရတနာ သင်္ဘောပေါ် ပါသွားသည့် အတွက်လည်း သူ နည်းနည်းမျှ စိတ်မကောင်းပါဘူးတဲ့။ အဲသဟာနှင့် ကမာအာဇမန်ဟာ တငိုငို တယိုယို ဖြစ်နေပါသတဲ့။





အဲသည် အတောအတွင်းမှာ သူ ရွှေအပြည့် ထည့်ထားသည့် သားရေဘူးတွေကို တင်ပေးလိုက်သည့် သင်္ဘောက လေသင့်သဟာနှင့် အေဗုံနီကျွန်းကို ချောချောမောမော ရောက်သွားပါသတဲ့။

အဲသည်အချိန်မှာ ဗူဒူကလည်း နန်းတော်ပြတင်းပေါက်မှ ပင်လယ်ဘက်ကို ကြည့်နေခိုက်ဖြစ်တော့ သင်္ဘောဆိုက်သဟာကို မြင်လိုက်ပါသတဲ့။ အဲသည်တော့ သူ့စိတ်ထဲက သင်္ဘောကို သွားကြည့်ချင်သည့်စိတ် ပေါ်လာသဟာနှင့် နောက်ပါ အခြွေအရံတွေ ခေါ်ပြီး မြင်းနှင့် သွားပါသတဲ့။ သင်္ဘောပေါ်က ကုန်ထုပ်တွေကို ချပြီး ကုန်လှောင်ရုံထဲ သွင်းပြီးသည့် အချိန်ကျတော့ ဗူဒူက ကပ္ပိတန်ကို ခေါ်ပြီး ဘာကုန်တွေ ပါသလဲလို့ မေးပါသတဲ့။

သည်တော့ ကပ္ပိတန်က သူ့သင်္ဘောမှာ ပါလာသည့် ကုန်တွေကို တသီတတန်းကြီး လျှောက်ပြောပြီး၊ နောက်ဆုံးကျတော့ အင်မတန် အဖိုးထိုက်တန်သည့် ဂမုန်းနံ့သာလည်း ပါလာကြောင်းကို ပြောပါသတဲ့။ သည်တော့ ဗူဒူကလည်း ဂမုန်းနံ့သာ ဆိုသဟာ ကြားလိုက်တော့ အင်မတန် လိုချင်စိတ် ပေါက်လာပြီး 'သင့်ဆီမှာ ဂမုန်းနံ့သာ ဘယ်လောက်ပါလာသလဲ' လို့ မေးပါသတဲ့။ သည်တော့ ကပ္ပိတန်က 'ဘူးငါးဆယ် ပါလာပါသည်။ သဟာပေမင့် ဥစ္စာရှင်တော့ ပါမလာပါဘူး။ သည်တော့ သည်ထဲက မင်းတရားကြီး အလိုတော်ရှိသလောက် ယူနိုင်ပါသည်' ဟု ပြောပါသတဲ့။

သည်တော့ ဗူဒူက 'သဟာဖြင့် ငါ့ရှေ့တော်ကို ယူခဲ့စမ်း၊ ငါကြည့်မည်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် သင်္ဘောသားတွေက ဂမုန်းနံ့သာဘူးငါးဆယ်ကို ရှေ့တော် ယူလာပါသတဲ့။ သည်တော့ ဗူဒူက 'တစ်ဘူးဖွင့်စမ်း၊ ငါကြည့်ချင်လို့' ဆိုပါသတဲ့။ အဲသဟာနှင့် သင်္ဘောသားတွေက ဖွင့်ပြတော့ ဗူဒူက သဘောကျသွားပြီး 'သဟာဖြင့် ဘူးငါးဆယ်လုံး ငါ အကုန်ယူမယ်၊ ဘယ်လောက်ပေးရမလဲ' လို့ ဆိုပါသတဲ့။ သည်တော့ ကပ္ပိတန်က 'ငါတို့ ပြည်မှာတော့ ဂမုန်းနံ့သာဟာ ဘာမှ တန်ဖိုးမရှိပါဘူး။ သဟာထက် သူ့ဥစ္စာရှင်တော့ ပါမလာခဲ့ပါဘူး။ နောက်ကျသဟာနှင့် ကျန်နေခဲ့ပါသည်။ သူ့ ကြည့်ရသဟာကတော့ သူဆင်းရဲထဲက ပါပဲ' လို့ ပြောပါသတဲ့။

သည်တော့ ဗူဒူက 'သဟာဖြင့် သည်မှာ ပေါက်ဈေး ဘယ်လောက်ရှိသလဲ' လို့ မေးပါသတဲ့။ သည်တော့ ကပ္ပိတန်က 'သည်မှာတော့ အသပြာ တစ်ထောင် ဈေးရှိပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ ဗူဒူက 'ငါ အသပြာ တစ်ထောင် ပေးမည်၊ ဘူးအားလုံး ငါ့နန်းတော်ကို ပို့လိုက်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ညကျတော့ ဗူဒူက ဘူးအားလုံးကိုဖွင့်ပြီး ကြည့်ပါသတဲ့။ အဲသည် အချိန်မှာလည်း အဆောင်တော်ထဲမှာ သူနှင့်နဖု နှစ်ဦးသာ ရှိပါသတဲ့။ ပြီးတော့ ဘူးကိုဖွင့်ပြီး လင်ပန်းထဲ သွန်ချလိုက်တော့ ရွှေတွေ ထွက်လာပါသတဲ့။ သည်တော့ ဗူဒူက 'သည်မှာကြည့်စမ်း၊ သည်ဘူးထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတွေ ပါလာသည်’ လို့ နုဖုကို ပြောပါသတဲ့။ ပြီးတော့ ကျန်သည့် ဘူးတွေကို တစ်ခါ ယူပြီး ဖွင့်ကြည့်ပြန်တော့လည်း ပထမ ဘူးလိုပဲ ရွှေတွေနှင့် ပြည့်နေသဟာကို တွေ့ရပြန်ပါသတဲ့။ ပြီးတော့ တစ်ခါ အဲသည် ရွှေထဲမှာ သူ ပျောက်သွားသည့် လက်ဝတ်ရတနာကိုပါ တွေ့ရပါသတဲ့။ အဲသဟာနှင့် အဲသည် လက်ဝတ်ရတနာကို သေသေချာချာ ကြည့်တော့ သူ့ အတွင်းခံဘောင်းဘီ ခါးစည်းကြိုးက ကမာအာဇမန် တိတ်တိတ်ကလေး ဖြုတ်ယူသွားသည့် လက်ဝတ်ရတနာအစစ် ဖြစ်သဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် ဝမ်းသာလွန်းမက ဝမ်းသာပြီး ‘နေရာကျပြီ၊ နေရာကျပြီ’ လို့ အော်ပြီး သတိမေ့ပြီး လဲကျသွားပါသတဲ့။

ပြီးတော့ သတိရလာသဟာနှင့် တစ်ပြိုင်နက် နုဖုကို ပြောပါသတဲ့။ ‘မမဖုရားနှင့် မောင်တော် ကမာအာဇမန်တို့ အခုလို ကွဲကွာနေရသဟာ ဟာ သည်လက်ဝတ်ရတနာ ပျောက်ဆုံးလို့ပေါ့ ညီမတော်ရဲ့။ အခု သည်လက်ဝတ်ရတနာ ပြန်တွေ့သဟာ ဟာ မောင်တော် ကမာအာဇမန်နှင့် မမ ပြန်ပေါင်းရတော့မည်ဆိုသည့် နိမိတ်ပါပဲ’ လို့။

အဲသဟာနှင့် နောက်တစ်နေ့ မနက်မိုးလင်းတော့ ဗူဒူက နန်းတော်ထဲ ဝင်ပြီး သင်္ဘောကပ္ပိတန်ကို ‘ရှေ့တော် အခစားလာရမည်’ လို့ အမိန့်ထုတ်လိုက်ပါသတဲ့။ ကပ္ပိတန် ရောက်လာတော့ ဗူဒူက ‘သည် ဂမုန်းနံ့သာ ပိုင်ရှင်ဟာ ဘယ်မှာရှိသလဲ’ လို့ မေးပါသတဲ့။ သည်တော့ ကပ္ပိတန်က ‘မှန်လှပါ၊ ဂမုန်းနံ့သာ ပိုင်သည့်သူဟာ မာဂျီပြည်က ဥယျာဉ်လုပ်စားသူ ဖြစ်ပါကြောင်း’ လို့ လျှောက်ပါသတဲ့။

သည်တော့ ဗူဒူက ‘အဲသဟာဖြင့် ကောင်းပြီ၊ သင့် အသက်လည်း မသေချင်၊ သင့် သင်္ဘောလည်း မဆုံးချင်လျှင် အဲသည်သူကို ငါ့ရှေ့တော် ခေါ်ခဲ့ရမည်’ လို့ ဆိုပါသတဲ့။ ပြီးတော့ ဗူဒူက ကုန်ရုံမှာ ထားကြသည့် ကုန်တွေကို ဘဏ္ဍာတော်အဖြစ် သိမ်းထားဖို့ အမိန့်ချလိုက်ပါသတဲ့။ ပြီးတော့ ကုန်သည်တွေကို ‘အဲသည် ဂမုန်းနံ့သာ ရွက်တွေ ပိုင်ရှင်ဆီမှာ ငါ ရစရာ ကြွေးရှိသည်။ သဟာကြောင့် အဲသည်သူကို ငါ့ရှေ့တော်သို့ သင်တို့ အပါခေါ်ခဲ့ကြရမည်။ မခေါ်ခဲ့လျှင် သင်တို့ အားလုံးကို ငါ အဆုံးစီရင်ပြီး သင်တို့ပစ္စည်းကိုလည်း ငါ အကုန်သိမ်းယူမည်’ လို့ ပြောပါသတဲ့။

အဲသည်တော့ ကုန်သည်တွေက ကပ္ပိတန်ကို ဝိုင်းပြီး တောင်းပန်ကြပါသတဲ့။ ‘ကပ္ပိတန်ကြီးရယ် သင့်ကို ငါတို့ သင်္ဘောခ ပေးပါမည်၊ အဲသည်သူကို သွားခေါ်ပေးပါ။ သည်လိုမှ မဟုတ်လျှင် ငါတို့ဟာ သည်မင်းလက်မှ လွတ်ကြမယ် မဟုတ်ပါဘူး’ လို့။ သည်တော့ ကပ္ပိတန်က ‘ကောင်းပြီ’ လို့ ဝန်ခံပြီး မာဂျီပြည်ကို သင်္ဘောနှင့် ပြန်သွားပါသတဲ့။ အဲသဟာနှင့် အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးနှင့် ချောချောမောမောပဲ မာဂျီပြည်ကို ညကြီးမင်းကြီးမှာ ပြန်ရောက်သွားပါသတဲ့။

သည်တော့ ကမာအာဇမန်ကလည်း သူ့ချစ်သူ ဗူဒူအတွက် ရတက်များပြီး





အပူပွားနေသဟာနှင့် ဥယျာဉ်ထဲမှာ အိပ်မပျော်သေးပါဘူးတဲ့။ အဲသဟာနှင့် ကပ္ပိတန်က သင်္ဘောဆိုက်သည့် ညမှာပဲ ကမာအာဇမန်ဆီကို သွားပါသတဲ့။ တံခါးခေါက်သံကြားလို့ ကမာအာဇမန်က တံခါးကို ဖွင့်ပေးလိုက်တော့ သင်္ဘောသားတွေက ဘာမှ မပြောဘဲ ကမာအာဇမန်ကို အတင်းဖမ်း၊ သင်္ဘောပေါ် ခေါ်သွားပြီး ညတွင်းချင်းပဲ သင်္ဘောလွှင့်ခဲ့ကြပါသတဲ့။

အဲသဟာနှင့် ကပ္ပိတန်က သင်္ဘောကို နေ့ရောညရော မနားဘဲနှင့် အပြင်းခုတ်လာခဲ့လို့ နေ့ရက် အတော်ကြာသွားတော့ ကမာအာဇမန်က သူ့ကို ဘာဖြစ်လို့ ဖမ်းလာကြသဟာလဲလို့ မေးပါသတဲ့။ သည်တော့ ကပ္ပိတန်က ‘သင်ဟာ အာမာနုပ်မင်းရဲ့ သမက်တော်၊ အေဗုံနီကျွန်းများရှင်ရဲ့ ဘုရင်မင်းမြတ်ရဲ့ ဘဏ္ဍာတော်ကို ခိုးသည့်သူမို့ သင့်ကို ဖမ်းလာသဟာ၊ သင်တော့ သက်သာလိမ့်မည် မထင်နှင့်’ လို့ ပြောပါသတဲ့။ သည်တော့ ကမာအာဇမန်က ‘အဲသည် အေဗုံနီကျွန်းဆိုသဟာ ငါလည်း တစ်ခါမျှ မရောက်ဖူးရပါ။ ဘုရင်မင်းမြတ်ရဲ့ ဘဏ္ဍာတော်ကိုလည်း ငါ မခိုးရရိုး မှန်ပါသည်’ လို့ ပြောပါသတဲ့။

သည်တော့ ကပ္ပိတန်က ဘာမျှပြန်မပြောဘဲ သင်္ဘောကိုသာ အတွင်မောင်းပြီး ဗူဒူရှေ့ကို အရောက်ခေါ်သွားပါသတဲ့။ ဗူဒူကတော့ ကမာအာဇမန်ကို မြင်လိုက်သည် ဆိုသဟာနှင့် တစ်ပြိုင်နက် သူ့မောင်တော်ပဲ ဆိုသဟာ သိပြီး သင်းကွပ်တွေကို ခေါ်ပြီး ‘ဟဲ့ လာကြစမ်း၊ သည်သူကို ရေချိုးပေးလိုက်ကြစမ်း’ လို့ ဆိုပါသတဲ့။ ပြီးတော့ ဗူဒူက ကုန်သည်တွေဆီက ဘဏ္ဍာတော်အဖြစ် သူ သိမ်းထားသည့် ကုန်တွေကို ပြန်ပေးပြီး ကပ္ပိတန်ကိုတော့ အသပြာတစ်သောင်းတန်သည့် ဝတ်လုံတစ်ခု ဆုချပါသတဲ့။ ပြီးတော့ ညကျတော့ ဗူဒူက နုဖုဆီကိုသွားပြီး ဖြစ်သမျှ အကြောင်းတွေကို ကုန်စင်အောင် ပြောပြပါသတဲ့။ ပြီးတော့ ‘သည်မှာ နုဖုရေ၊ ငါ စီစဉ်ထားသဟာတွေ မပြီးခင် သည်အကြောင်းတွေကို ဘယ်သူ့ဆီမှ မပေါက်ကြားစေနှင့်နော်။ အားလုံး စီစဉ်ထားတာတွေကို ပြီးတော့မှ တို့ သေသွားပြီးသည့် နောက်တောင် မင်းရော ဆင်းရဲသားပါ ဖတ်ကြမှတ်ကြရဖို့ မှတ်တမ်းတင် ကျန်ရစ်မယ်’ လို့ ဗူဒူက နုဖုကို ပြောပါသတဲ့။

နောက်နေ့ကျတော့ သင်းကွပ်တွေက ကမာအာဇမန်ကို အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာများ ဝတ်ဆင်ပေးကြပြီး ဘုရင်မင်းမြတ် ရှေ့တော်ကို သွင်းကြပါသတဲ့။ သည်တော့ ဘုရင်မင်းမြတ်(ဗူဒူ) က သူ့မောင်တော် ကမာအာဇမန်ကို မြင်လိုက်တယ်ဆိုလျှင်ပဲ ချစ်စိတ်တွေ မွှန်သွားလို့ သူ့စိတ်ကို သူ အတော် ထိန်းထားရပါသတဲ့။ ပြီးတော့ ကမာအာဇမန်ကို အဆောင်အယောင် အခိုင်းအစေတွေ ထပ်ပြီး ချီးမြှင့်ပါသတဲ့။

ပြီးတော့တစ်ခါ ကမာအာဇမန် သုံးစွဲဖို့ ဘဏ္ဍာတော်တွေလည်း အများကြီး ထပ်ပြီးပေးပါသတဲ့။ ပြီးတော့ ရာထူးများလည်း တစ်ခုပြီးတစ်ခု ထပ်ချီးမြှင့်သဟာနှင့်



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးကျတော့ ကမာအာဇမန်ဟာ ဘဏ္ဍာတော်စိုး ဖြစ်သွားပါသတဲ့။ ပြီးတော့ ဖူဒူက ကမာအာဇမန်ကို အတွင်းတော်မှာ ခစားစေပါသတဲ့။ အဲသည်လို အတွင်းတော်မှာ အကျွမ်းတဝင် ခစားစေလိုသည့် အကြောင်းကိုလည်း ဖူဒူက သူ့မှူးကြီး မတ်ရာ သေနာပတိတွေကို ပြောပြပါသတဲ့။ အဲသဟာနှင့် နန်းတော်သူ နန်းတော်သား အားလုံးကပဲ ကမာအာဇမန်ကို ချစ်ကြပါသတဲ့။ ပြီးတော့ ကမာအာဇမန်ကို ဖူဒူကလည်း တစ်နေ့ထက် တစ်နေ့ တိုး တိုးပြီး မြှောက်စားပါသတဲ့။

သဟာပေမင့် ကမာအာဇမန် စိတ်ထဲကတော့ ဘာကြောင့် သူ့ကို မင်းတရားကြီးက သဟာလောက်တောင် မြှောက်စားပါလိမ့်မလဲ ဆိုသဟာကို မတွေးတတ်အောင် ဖြစ်နေပါသတဲ့။ အဲသဟာနှင့် သူ့ကို မြှောက်စားတော်မူသည့် ဘဏ္ဍာ ရွှေငွေတွေလည်း သူကတစ်ဆင့် ဝေငှပေးခြင်း လုပ်ပါသတဲ့။ ပြီးတော့ ကမာအာဇမန်က သူ့တာဝန်ရှိသည့် အလုပ်တွေကိုလည်း ကြိုးစားပြီး ထမ်းရွက်ပါသတဲ့။ အဲသဟာနှင့် သူ့ကို နဖုရဲ့ ခမည်းတော် မင်းကြီးနှင့် အားလုံးကလည်း ချစ်ခင်ကြပါသတဲ့။

သဟာပေမင့် ကမာအာဇမန် စိတ်ထဲမှာ မတွေးတတ်အောင်ဖြစ်ပြီး "ငါ့ကို သည်ရှင်ဘုရင်ကလေးဟာ ဘာလို့များ သဟာလောက်တောင် ချီးမြှင့်နေရပါလိမ့်မည်လဲ။ မဟုတ်မှလွဲရော၊ သည်ရှင်ဘုရင်လေးဟာ ငါ့ကို တစ်ခုခု မကောင်းကြံချင်လို့သာ သဟာလောက်တောင် ငါ့ကို မြှောက်စားသင့်သဟာထက် ပိုပြီး မြှောက်စားနေသဟာနှင့် တူသည်။ ငါတော့ သည်မှာ ကြာကြာနေလျှင် ကိုယ်ကျိုး နည်းလိမ့်မည် ထင်သည်။ မြန်မြန် လွတ်ရာကျွတ်ရာကို ပြေးမှပဲ" လို့ အောက်မေ့ပြီး ဖူဒူရှေ့တော်မှာ ဝင်ပြီး ခစားပြီး 'မှန်လှပါ၊ ငါ့အပေါ်ကို အရှင်မင်းတရားကြီး ချီးမြှင့် မြှောက်စားတော်မူခြင်းများဟာ အင်မတိ အင်မတန်မှ များလှပါသည်။ ငါဟာ သဟာလောက် ချီးမြှင့်မြှောက်စားခြင်း မခံထိုက်ပါဘူး။ သို့ဖြစ်ပါ၍ အရှင်မင်းတရားကြီး ချီးမြှင့်မြှောက်စားထားခြင်းများကို ရုပ်သိမ်းပြီးလျှင် ငါ့အား လိုရာသို့ သွားခွင့်ပေးတော်မူပါ' လို့ လျှောက်ပါသတဲ့။

သည်တော့ ဖူဒူကပြုံးပြီး 'ဘောက်မယ်ကြောင့် သင်ဟာ ငါ ချီးမြှင့်မြှောက်စားထားသည့် စည်းစိမ်များကို စွန့်ပစ်ပြီး ဆင်းရဲခြင်းကို ရှာချင်ရသနည်း' လို့ မေးပါသတဲ့။ သည်တော့ ကမာအာဇမန်က 'အရှင်မင်းကြီး၊ ယခု ငါ့အား အရှင်မင်းကြီး အကြောင်းမဲ့ ပေးသနားတော် မူထားသော စည်းစိမ်များသည် အံ့ဖွယ်လိလိပင် ဖြစ်ပါသည်။ စင်စစ်ဆိုသော် သည်စည်းစိမ်များသည် ငါကဲ့သို့ နုပျိုငယ်ရွယ်သူများနှင့် မထိုက်တန်ပါ။ သက်ကြီးဝါရင့်များနှင့်သာ ထိုက်တန်ပါသည်' လို့ ပြောပါသတဲ့။

သည်တော့ ဖူဒူက 'သဟာကတော့ သည်လိုပါလေ၊ သင့်ကို ငါချစ်လို့ ချီးမြှင့်မြှောက်စားသဟာပါ။ သင်က ချောလည်းချော၊ ချစ်စရာလည်း ကောင်းသည် မဟုတ်လား။ သည်တော့ သင့်ကို ငါ နောက်ထပ် ချီမြှင့် မြှောက်စားပါဦးမည်။ သင့်ကိုယ်ကို





ငါ အလိုတော်ရှိ အသုံးပြုဖို့သာ သင် ခွင့်ပြုပါ။ သင့်ကို ငါ နန်းရင်းဝန်ကြီးရာထူးကို ပေးပါမည်။ သင့်အသက် ငယ်သဟာဟာ ကိစ္စ မရှိဘူး။ ငါ့ကိုလည်း သင်လို ငယ်ငယ်ကလေးနှင့်ပဲ အားလုံးက ဝိုင်းပြီး ရှင်ဘုရင် တင်ထားကြသလိုပေါ့။ သဟာကြောင့် အခုခေတ်မှာ ကလေးတွေက ခေါင်းဆောင်နေသည် ဆိုသဟာ မဆန်းပါဘူး' လို့ ဆိုပါသတဲ့။

အဲသည်စကားကို ကြားလိုက်တော့ ကမာအာဇမန်ဟာ ခေါင်းနားပန်း ကြီးသွားပြီး 'ငါသည် မကောင်းမှုနှင့် ရင်းရမည့် ကြီးပွားချမ်းသာခြင်းကို အလို မရှိပါ။ ငါသည် ပစ္စည်းဥစ္စာ ချမ်းသာကြွယ်ဝခြင်းထက် ကောင်းမှုနှင့် ပြည့်စုံရခြင်းကို အလိုရှိပါသည်' လို့ ဖူဒူကို ပြန်ပြောပါသတဲ့။ သည်တော့ ဖူဒူက 'သဟာတွေကို ဟန်လုပ်ပြီး ပြောမနေပါနှင့်၊ ငါ မကြားချင်ပါဘူး' လို့ ဆိုပါသတဲ့။

သည်တော့ ကမာအာဇမန်က 'သည်အလုပ်မျိုးတွေကို ငါ တစ်ခါမျှ မလုပ်ဖူးဘူးပါ။ ပြီးတော့ ငါ့ထက် အသက်ကြီးသည့် သူများတောင် လုပ်ဖို့ ခဲယဉ်းသည့် အလုပ်မျိုး လုပ်ဖို့အတွက်လည်း ငါ့မှာ အရည်အချင်း မရှိပါဘူး။ ငါ့အသက်ကလည်း ငယ်ငယ်ကလေး ရှိပါသေးသည်' လို့ ပြောပါသတဲ့။ သည်တော့ ဖူဒူက ပြုံးပြီး 'သင်ဟာ ငယ်ပါသေးသည်၊ မစဉ်းစား မချင့်ချိန်နိုင်သေးပါဘူး။ သဟာကြောင့် သင့်မှာ မှားသဟာကို လုပ်လို့ တာဝန်မရှိပါဘူး။ သည်တော့ သင်က ဘာလို့ သဟာလောက်တောင် အပြစ်ကို ကြောက်နေရသဟာလဲ။ ပြီးတော့ သင်လည်း သိသည့်အတိုင်းပဲ ကလေးများ အမှားလုပ်လျှင် အပြစ်ဒဏ် ပေးကောင်းသဟာ၊ ဗွေယူကောင်းသဟာ မဟုတ်ဘူး မဟုတ်လား။ သည်တော့ စကားကို ကတ်ပြီး ပြောမနေချင်ပါနှင့်တော့။ ရှက်စရာ မဟုတ်ပါဘူး၊ အကျိုးရှိမည့် အကြံကို လိုက်ပါ။ အလာဟုအရှင်ရဲ့ အမိန့်တော်ဟာ အစကတည်းက တင်ကြိုပြီး ထုတ်ထားပြီးသားပါ။ အပြစ်ကြောက်ခြင်း ကြောက်လျှင် ငါကသာ သင့်ထက် ပိုပြီး ကြောက်ဖို့ရှိပါသည်' လို့ ပြောပါသတဲ့။

သည်လို ဖူဒူက ပြောလိုက်တော့ ကမာအာဇမန်ဟာ မျက်စိများ ပြာသွားပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က လျှောက်ပါသတဲ့။ 'ဘုရင်မင်းမြတ်၊ အသင်မင်းမြတ်၏ အိမ်တော်တွင် မိန်းမချော မိန်းမလှ၊ ကျွန်မ ချော၊ ကျွန်မ လှတွေ တစ်ပြုံတစ်ခေါင်းကြီး ရှိပါသည်။ ယခုခေတ်မှာ သူတို့တွေကို မီနိုင်သူ ရှာ၍ရမည် မဟုတ်ပါ။ သူတို့တွေနှင့် အရှင်မင်းမြတ် ရောင့်ရဲတော်မူဖို့ ကောင်းပါသည်။ သူတို့တွေကို အရှင်မင်းမြတ် ကြိုက်တော်မူရာကို ခေါ်တော်တင်နိုင်ပါသည်။ ဇာတ်တူသားချင်း မသင့်တော်သည့် အလုပ်မို့ ငါ့ကို ချမ်းသာပေးတော်မူစေလိုပါသည်' လို့ လျှောက်ပြန်ပါသတဲ့။

သည်တော့ ဖူဒူက 'သင် ပြောသဟာလည်း လျှောက်ပတ်ပါသည်။ သဟာပေမင့် သင့်ကို ချစ်သူသည် အခြားသူတို့နှင့် စပ်ယှက်ရ၍ သင့်အပေါ်၌ စွဲလမ်းသော



www.burmeseclassic.com

www.burmeseclassic.com



အာသာသည် ဖြေနိုင်လိမ့်မည် မဟုတ်ပါ။ ပြီးတော့ မကောင်းသဟာကို စိတ်သန်နေသော သူတို့သည် ကောင်းသောအကြံကို ခံယူလိုက်နာကြမြဲ မဟုတ်ပါ' လို့ ဆိုပါသတဲ့။

အဲသည်တော့ ကမာအာဇမန် စိတ်ထဲက "ရော . . . ခက်တော့သဟာပဲ၊ ငါတော့ ဘယ်နည်းနှင့်မျှ သူ့အကြံကို မလိုက်ဘဲနေလို့တော့ ရမှာမဟုတ်ဘူး" လို့ အောက်မေ့ပြီး 'ဘုရင်မင်းမြတ်၊ သင်သည် သင်၏အကြံကို ဘယ်နည်းနှင့်မျှ မဖျက်နိုင်ဘူးဆိုပါလျှင် ငါ ယခုတစ်ကြိမ် သင်၏အကြံကို လိုက်ပါမည်။ နောက်ကို အသက်ထက်ဆုံး ငါ့အပေါ်၌ သည်အလုပ်မျိုးကို မလုပ်ပါဘူးဟု ဝန်ခံတော်မူပါ။ သည်လိုဆိုလျှင် အလာဟုအရှင်သည် ငါ့အား အပြစ်လွှတ်တော် မူနိုင်ကောင်းပါသေးသည်' လို့ ဆိုပါသတဲ့။

သည်တော့ ဗူဒူက 'ငါကလည်း အလာဟု အရှင်၏ ခွင့်လွှတ်တော်မူခြင်းကို မျှော်ကိုး၍ သည်တစ်ခါပင် ပြုမှားဖို့ တာဝန်ခံပါသည်' လို့ ပြောပါသတဲ့။ ပြီးတော့ ဗူဒူက အလာဟုအရှင်ကို သက်သေထားပြီး ကမာအာဇမန်ကို သည်တစ်ကြိမ်သာ သည်လိုပြုပါမည်။ နောက်နောင် အသက်ထက်ဆုံး သည်လို မပြုပါဘူးလို့ နှစ်ဦး သဘောတူ ကတိပြုပါသတဲ့။ သည်တော့ ကမာအာဇမန်က 'ကောင်းပါပြီ၊ သည်လို ဆိုလျှင် သင့်အလိုကို ငါ လိုက်ပါမည်။ ဒွန္နယာကြီးမှာ အလာဟုအရှင်ထက် တန်ခိုးကြီးသူ မရှိပါ။ ဘယ်အရာမဆို အလာဟုအရှင်ရဲ့ အလိုတော်အတိုင်းသာ ဖြစ်ကြရပါသည်' လို့ ဆိုပါသတဲ့။

ပြီးတော့ ကမာအာဇမန်က 'ကိုင်း . . . သင် ပြုချင်သလို ပြုပါတော့' လို့ ဆိုပြီး ဗူဒူရဲ့ အဆောင်တော်ထဲကို လိုက်သွားပါသတဲ့။ အဆောင်တော်ထဲ ရောက်သွားတော့ ကမာအာဇမန်က ရှက်သဟာနှင့် မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလာပြီး ဘောင်းဘီကို ချွတ် လိုက်ပါသတဲ့။ သည်တော့ ဗူဒူက ပြုံးပြီး သလွန်ပေါ်ကို နှစ်ယောက်သား တက်ကြ ပါသတဲ့။ သလွန်ပေါ်ရောက်တော့ ဗူဒူက ကမာအာဇမန်ကို ပြောပါသတဲ့။ 'သည်ညက စပြီး သင့်စိတ်ထဲမှာ ရှက်စရာလို့ ထင်နေသဟာ ဟာ တစ်ခါတည်း ပျောက်သွားပါ လိမ့်မည်' လို့။ ပြီးတော့ ဗူဒူက ကမာအာဇမန်ကို နမ်းရှုပ်ပွေ့ဖက်လိုက်ပါသတဲ့။ သည်တော့ ဗူဒူရဲ့ ပေါင်များဟာ အင်မတိ အင်မတန် အိစက်ညက်ညောသဟာကို ကမာအာဇမန်က တွေ့တော့ 'အို . . . ဘုရင်မင်းမြတ်၊ သင်သည် အခြားယောကျ်ားများနှင့် တူသည်ကို ငါ မတွေ့ရပါ။ သဟာနှင့်ပင် သင်သည် အဘယ်ကြောင့် ငါ့ကို ယခုကဲ့သို့ ပြုတော်မူချင်ရပါသနည်း' လို့ ဆိုပါသတဲ့။ သည်တော့ ဗူဒူက ဟက်ဟက်ပက်ပက် ရယ်လိုက်သဟာ,ပက်လက်လန် လဲသွားပါသတဲ့။ ပြီးတော့မှ 'အို . . . ချစ်သူ၊ အဘယ် ကြောင့် သင်သည် ငါတို့နှစ်ယောက်သား အတူအိပ်ခဲ့ကြသည်များကို သဟာလောက် မေ့လွယ်ရပါသနည်း' လို့ ပြောပါသတဲ့။ ပြီးတော့ ဗူဒူက သူဟာ ကမာအာဇမန်ရဲ့ မိဖုရား ဗူဒူဖြစ်ကြောင်းကို ပြောပြပါသတဲ့။ သည်တော့မှပဲ ကမာအာဇမန်ကလည်း သူ့မိဖုရားမှန်း သိပါသတဲ့။





အဲသဟာနှင့် ကမာအာဇမန်နှင့် ဗူဒူဟာ ဝမ်းသာပြီး တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ထားလိုက်ကြသဟာ ခမည်းတော် မယ်တော်များကိုတောင်မှ မေ့သွားကြပါသတဲ့။ ပြီးတော့ ဗူဒူက သူ့အဖြစ်အပျက်ကို အကုန်အစင် ပြောပြပါ သတဲ့။ သည်တော့မှ ကမာအာဇမန်ကလည်း သူ ဖြစ်ရပုံတွေကို အကုန်လုံး စုံလင် အောင် ပြန်ပြောပြပါသတဲ့။ ပြီးတော့ ကမာအာဇမန်က တစ်ယောက်နှင့်တစ်ယောက် ပြန်တွေ့ကြပြီးသည့်နောက် ဘာကြောင့် သည်လို လုပ်နေရသေးသလဲဆိုပြီး အပြစ် တင်ပါသတဲ့။ သည်တော့ ဗူဒူက 'စိတ်မရှိပါနှင့် မောင်တော်ရယ်၊ သဟာကတော့ အချစ်နှာလန်ထကောင်းအောင် ကျီစယ်သဟာပါ' လို့ ဆိုပါသတဲ့။

ပြီးတော့ နံနက်မိုးသောက်တော့ ဗူဒူက နုဖုထိပ်ထားရဲ့ ခမည်းတော် အာမာ နုပ် မင်းကြီး ရှေ့တော်ဝင်ပြီး သူဟာ ယောကျ်ားမဟုတ်ပါဘူး၊ ကမာ အာဇမန် မင်းသားရဲ့ မိဖုရား ဗူဒူထိပ်ထား ဖြစ်ပါသည်လို့ ဆိုသဟာကို ကျိုးကြောင်း ကုန်စင်အောင် သံတော်ဦး တင်ပါသတဲ့။ ပြီးတော့ နုဖုထိပ်ထားနှင့် သူနှင့် အဖြစ်အပျက်ကိုလည်း လျှောက်ထားပါသတဲ့။ ပြီးတော့ နုဖုထိပ်ထားကလေးဟာ မိမွေးတိုင်း ဖမွေးတိုင်း အပျိုရည်မပျက် ရှိပါသည်လို့လည်း လျှောက်ထားပါသတဲ့။

သည်တော့ အာမာနုပ်မင်းကြီးက အံ့ဩတော်မူပြီး 'ဟဲ့ . . . သည်အဖြစ် အပျက်ကို နောင်လာနောက်သားများ မှတ်ကြရဖို့ ရွှေမင်နှင့် ကမ္ပည်းထိုးကြဟဲ့' လို့ မှူးမတ်များကို ခိုင်းပါသတဲ့။ ပြီးတော့ ကမာအာဇမန်ကို ခေါ်တော်မူပြီး 'အို . . . အမောင် မင်းသား ကမာအာဇမန်၊ အမောင်သည် အလိုရှိသည်ဖြစ်ပါမူ ငါ၏ သမီးတော်ကို သိမ်းပိုက်ပါလော့' ဟု ဆိုပါသတဲ့။ သည်တော့ ကမာအာဇမန်က 'သည်ကိစ္စမှာ ဗူဒူ အရေးပိုင်သော ကိစ္စဖြစ်သဖြင့် ဗူဒူနှင့် တိုင်ပင်ပါရစေဦး' လို့ ဆိုပါသတဲ့။

ပြီးတော့ ကမာအာဇမန်က ဗူဒူကို အကျိုးအကြောင်း ပြောပြပြီး တိုင်ပင် တော့ ဗူဒူက 'နုဖုထိပ်ထားကို သိမ်းပိုက်တော်မူပါ၊ သည်တော့ ဗူဒူက အထိန်းတော် အဖြစ်နှင့် ပြုစုပါမည်၊ နုဖုရဲ့ကျေးဇူး ဗူဒူ့အပေါ်မှာ အများကြီး ရှိပါသည်။ ပြီးတော့ နုဖုရဲ့ ခမည်းတော်က ယနေ့ထက်တိုင် စောင့်ရှောက်ပြုစု ကျွေးမွေးထားသည့် ကျေးဇူး တွေလည်း ရှိပါသည်' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ကမာအာဇမန်က ဗူဒူနှင့် နှစ်ဦးသား ကျေကျေနပ်နပ် တိုင်ပင်ပြီးတော့ အာမာနုပ်မင်းကြီးကို ဗူဒူ ပြောသည့်အတိုင်း ပြန်ပြီး ပြောပါသတဲ့။ သည်တော့ အာမာနုပ် မင်းကြီးလည်း ဝမ်းမြောက်ခြင်းမက ဝမ်းမြောက် တော်မူသွားပါသတဲ့။ ပြီးတော့ အာမာနုပ် မင်းကြီးက မှူးတော်မတ်တော်များကို ခေါ်တော် မူပြီး ဗူဒူရဲ့ အဖြစ်အပျက် အားလုံးကို ပြောပြပြီး 'အဲ့သဟာကြောင့်မို့ ငါသည် သမီးတော် နုဖုကို ကမာအာဇမန်နှင့် စုံဖက်၍ ပေးတော်မူပြီးလျှင် ကမာအာဇမန်ကို ဗူဒူ၏နေရာတွင် နန်းတက်စေမည်' လို့ ဆိုပါသတဲ့။ သည်တော့ မှူးတော်မတ်တော်များက သူတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ မင်းပြုသည်ကို ကျေနပ်ကြသလိုပဲ ကမာအာဇမန် မင်းသား မင်းပြုသည်ကိုလည်း ကျေနပ်ကြပါမည်လို့ လျှောက်ကြပါသတဲ့။

အဲသည်တော့ အာမာနုပ်မင်းကြီးက ရွှေဘောတော် တွေ့သွားပြီး မှူးကြီး မတ်ရာ သေနာပတိတွေကို ရှေ့တော်ခေါ်ပြီး သမီးတော် နုဖုနှင့် ကမာအာဇမန် မင်းသားကို စုလျားရစ်ပတ် ပေးလိုက်ပါသတဲ့။ ပြီးတော့ ဆင်းရဲချမ်းသာမရွေး စားပွဲတွေခင်းပြီး ကျွေးပါသတဲ့။ ပြီးတော့ အကျဉ်းသမားများကိုလည်း ဘေးမဲ့ပေးပါသတဲ့။

ကမာအာဇမန်ကလည်း မင်းအဖြစ်ကို ရသဟာနှင့် တစ်ချက်တည်း အခွန် အတုတ်တွေ လျှော့ပြီး ထောင်ထဲမှာ ကျန်နေသေးသည့် အကျဉ်းသားတွေကိုလည်း အကုန် လွှတ်ပစ်ပါသတဲ့။ ပြီးတော့ အမှုထမ်း အရာထမ်းများကိုလည်း ထိုက်လျောက်စွာ ချီးမြှင့်ပြီး တိုင်းပြည်ကိုလည်း တရားနှင့်အညီ အုပ်ချုပ်ပါသတဲ့။ ပြီးတော့ ဗုဒ္ဓနှင့် နုဖု မိဖုရားနှစ်ပါးနှင့် အလှည့်ကျ စက်တော်ခေါ်ပါသတဲ့။ အဲသလိုနှင့်ပဲ အရှည်အကြာ မိမိ၏အကျိုးနှင့် တိုင်းပြည်၏အကျိုးကို ကြည့်ပြီး မင်းလုပ် လိုက်သဟာ နောက်ဆုံး ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်းတို့ကို ဖျက်ဆီးပြီး ပေါင်းသင်းဆက်ဆံမှု အရပ်ရပ်ကို ဖြိုခွင်း ပစ်တတ်သည့် သေခြင်းက လာပြီး ခေါ်သွားသည်အထိ တိုင်ပါရောတဲ့။

*

ဤတွင် 'ဟင်… မမပုံကလည်း ဆုံးပြီးလား မမရဲ့၊ နောက် တိုတိုတစ်ပုံလောက် ထပ်ပြောပါဦး' လို့ ညီမ ဒွန်ယာဇတ်က ပြောပါသတဲ့။

သည်တော့ အစ်မကြီး ယှာဋ္ဌာဇတ်က 'မင်းတရားကြီးက ခွင့်ပြုတော်မူလျှင် တော့ ပြောရသဲဟာပေါ့ ညီမလေးရယ်' လို့ ဆိုသတတ်။

သည်တော့ ယှာဋ္ဌိယ မင်းကြီးက 'ပြောစေ… ပြောစေ' လို့ မိန့်တော်မူ သတဲ့။

## [၂၁]
## တေး အမျိုးသား ဟာတင်

'"တေး" အမျိုးသား ဟာတင် ပုံကို ပြောပါမည်။ မင်းတရားကြီးဘုရား နားဆင်တော် မူပါ' လို့ ယှာဋ္ဌာဇတ်က အစချီပြီး ဆိုလတ္တံ့သည့်အတိုင်း ပြောပြသည်။

တေး အမျိုးသား ဟာတင် ဆိုသဟာ သေသွားတော့ သူ့ဆွေမျိုးတွေက တောင်ထိပ်ပေါ်မှာ သွားပြီး သင်္ဂြိုဟ်ကြပါသတဲ့။ ပြီးတော့ သူ့သင်္ချိုင်းပေါ်မှာ ကျောက် ရေတံလျှောက်နှစ်ခုနှင့် လုံမငယ်နှစ်ယောက်ရဲ့ ကျောက်ရုပ်နှစ်ခု တည်ပြီး ထားကြပါ သတဲ့။ ပြီးတော့ တောင်ခြေမှာတော့ တသွင်သွင် စီးဆင်းနေသည့် ချောင်းတစ်ခု ရှိပါ





သတဲ့။ ခရီးသွားတွေ တောင်ခြေမှာ လာပြီး စခန်းချကြသည့် အခါမှာ ညတိုင်း ညတိုင်း ကျလျှင် တောင်ပေါ်က ကျယ်ကျယ်လောင်လောင် အော်သည့် အသံများကို ကြားကြရ ပါသတဲ့။ အဲသဟာနှင့် မနက်မိုးလင်းလို့ တောင်ပေါ် တက်ကြည့်တော့လည်း ကျောက်ရုပ် နှစ်ခုနှင့် ကျောက်ရေတံလျှောက် နှစ်ခုကိုပဲ တွေ့ပါသတဲ့။ သည့်ပြင် ဘာမျှ မတွေ့ကြ ပါဘူးတဲ့။

အဲသဟာနှင့် တစ်နေ့တော့ "ဟိများ" ပြည့်ရှင် ဇုကုရာက တိုင်းခန်း လှည့်ရင်းနှင့် အဲသည် တောင်ခြေ ရောက်သွားတော့ အဲသည် တောင်ခြေမှာပဲ စခန်းချတော်မူပါသတဲ့။ အဲသဟာနှင့် တောင်ပေါ်က ကျယ်ကျယ်လောင်လောင် အော်သည့် အသံတွေကြားတော့ ဇုကုရာမင်းက 'ဟဲ့ ငိုသံ ယိုသံတွေပါလားဟဲ့၊ ဘယ်လို အကြောင်းများလဲ' လို့ နောက် လိုက် နောက်ပါများကို မေးပါသတဲ့။ သည်တော့ နောက်လိုက်နောက်ပါများက 'တောင် ပေါ်မှာ ဟာတင်ရဲ့သင်္ချိုင်း ရှိပါသည်။ အဲသည် သင်္ချိုင်းမှာ ကျောက်ရေတံလျှောက်နှစ်ခုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင် ဖိုးရိုးဖားရားနှင့် ကျောက်လုံမရုပ်နှစ်ခု ရှိပါသည်။ သည့်ပြင်တော့ ဘာမျှ မရှိပါဘူး' လို့ လျှောက်ကြပါသတဲ့။

သည်တော့ ဓုကုရာမင်းက 'အို… တေးအမျိုးသား ဟာတင်၊ ဤညအဖို့ ငါတို့သည် သင်၏ ဧည့်သည်များ ဖြစ်ပါသည်။ ငါတို့မှာ ဆာလွန်းလို့ အူလိမ် နေရပါသည်' လို့ ကျိုးစယ်သည့် သဘောနှင့် ပြောလိုက်ပါသတဲ့။ အဲသည်လို ပြောပြီးတော့ ဓုကုရာမင်းဟာ အိပ်ပျော်သွားပါသတဲ့။ ပြီးတော့ ခဏနေတော့ ဓုကုရာမင်းက အိပ်ပျော် ရင်းနဲ့ 'လာကြပါဦး၊ ငါ့ ကုလားအုတ်ကို ကြည့်ပါဦး' လို့ လန့်ပြီး အော်ပါသတဲ့။

အဲသဟာနှင့် နောက်လိုက်နောက်ပါတွေက ထကြည့်ကြတော့ ရှင်ဘုရင် စီးတော် မူသည့် ကုလားအုတ်မ ဟာ ဒဏ်ရာနှင့်လဲပြီး သေနေသဟာကို တွေ့ပါသတဲ့။ အဲသဟာ နှင့် နောက်လိုက်နောက်ပါများက လည်လှီးပြီး အဲသည်ညပဲ သတ်စား လိုက်ကြပါသတဲ့။

ပြီးတော့ နောက်လိုက်နောက်ပါများက ဘယ်လိုဖြစ်သလဲလို့ ဓုကုရာမင်းကို မေးကြတော့ ဓုကုရာမင်းက ငါ အိပ်ပျော်နေတုန်း အိပ်မက်ထဲမှာ ဟာတင်က ဓားကြီး ကိုင်လာပြီး 'သည်ည သင်တို့ဟာ ငါ့ဧည့်သည် ဆိုသဟာကတော့ ဟုတ်ပါရဲ့။ သဟာ ပေမင့် ငါ့မှာ သင်တို့ကို ပေးစရာ ကျွေးစရာ ဘာမျှ မရှိဘူး' လို့ ပြောပြီး သည် ကုလားအုတ်မကို တစ်ခါတည်း ဓားနှင့် ခုတ်တော့သဟာပဲ။ သင်တို့က နောက်ထပ် လည်မလှီးပေမဲ့ သည်ကုလားအုတ်မ ဟာ ဟာတင်ရဲ့ဓားချက်နဲ့ပဲ သေမှာပဲလို့ ဓုကုရာ မင်းက ပြန်ပြောပါသတဲ့။

အဲသဟာနှင့် မနက်လင်းတော့ ဓုကုရာမင်းမှာ စီးစရာ ကုလားအုတ် မရှိတော့ သူ့နောက်လိုက်နောက်ပါ တစ်ယောက်ရဲ့ ကုလားအုတ်ကို တက်စီးပြီး ခရီးဆက်ပြီး ထွက်ရပါသတဲ့။ အဲသလို သူများ ကုလားအုတ်ကို ကပ်စီးပြီး ခရီးထွက်လာလို့ မွန်းတည့် လောက်ရောက်တော့ သူတို့နှင့် မျက်နှာချင်းဆိုင်အရပ်က လူတစ်ယောက်ဟာ ကုလား အုတ် တစ်ကောင်ကို စီး၊ အခြား ကုလားအုတ် တစ်ကောင်ကို ကြိုးနှင့် ချည်ဆွဲလာ သဟာကို တွေ့ပါသတဲ့။

သည်တော့ ဓုကုရာမင်းက အဲသည်လူကို 'သင် ဘယ်သူလဲ' လို့ မေးပါသတဲ့။ သည်တော့ အဲဒီလူက 'ငါသည် ဟာတင်၏သား အာဒိ ဖြစ်ပါသည်' လို့ ပြောပါသတဲ့။ ပြီးတော့ အဲသည်လူက 'အနို့ နေစမ်းပါဦး၊ ဓုကုရာမင်းဟာ ဘယ်ဟာလဲ' လို့ မေးပါ သတဲ့။ သည်တော့ ဓုကုရာမင်းက 'ဓုကုရာမင်း ဆိုသဟာ ငါပေါ့' လို့ ဆိုပါသတဲ့။ သည်တော့ အာဒိက 'သဟာဖြင့် ငါ့အဖေ ညက သင်တို့အဖို့ သတ်ပေးသည့် ကုလား အုတ်မ အတွက် ပေးသည် ကုလားအုတ်မကို အစားယူပေတော့' လို့ ဆိုပါသတဲ့။

သည်တော့ ဓုကုရာမင်းက 'နေပါဦး၊ သင့်ကို အဲသည်အကြောင်း ဘယ်သူ ကများ ပြောသလဲ' လို့ မေးပါသတဲ့။ သည်တော့ အာဒိက 'ညတုန်းက ငါ့အဖေက





ငါ့ကို အိပ်မက်ထဲမှာ လာပြောသည်။ "သည်မှာ ငါ့သား အာဒိရဲ့၊ ညတုန်းက ဓုကုရာမင်းက ဧည့်သည်တို့ကို ပြုစုအပ်သည့် ဝတ္တရားအတိုင်း သူ့ကို ကျွေးမွေး ပြုစုပါလို့ ဆိုလာသည်။ သည်တော့ ငါ့မှာလည်း သူတို့ကို ကျွေးစရာ မွေးစရာ ဘာမျှမရှိတော့ သူ့ကုလားအုတ်မကိုပဲ သတ်ပြီး ကျွေးလိုက်ရသည်။ သဟာကြောင့် ဓုကုရာမင်းကို သင်က ကုလားအုတ်မတစ်ကောင် အစားပေးလိုက်ပါ" လို့။ အဲသဟာကြောင့် ယခု ငါ ကုလားအုတ်မတစ်ကောင်ကို အသင်မင်းကြီးအဖို့ ယူလာပါသည်' လို့ ဓုကုရာကို အာဒိက ပြောပြပါသတဲ့။

သည်တော့ ဓုကုရာမင်းကြီးက "ဩော်… ဟာတင်ဟာ အသက်ရှင်နေတုန်း ကသာ မဟုတ်ဘဲ သေပြီးသည့်နောက်လည်း အပြုအစု အကျွေးအမွေး ရက်ရောတုန်း ရှိပါသေးသလား" လို့ အောက်မေ့ပြီး အံ့ဩတော်မူပါသတဲ့။

အဲသည်လို ပြောပြပြီးသည့်နောက် ယှာဋ္ဌာဇတ်က ဆက်ပြီး ပြောပြသတဲ့။ 'ရက်ရောသည့်အကြောင်း ပြော၍ ရက်ရောသည့် မြို့ဝန် မာအန်းရဲ့ ပုံကလေးကို သွား၍ သတိရပါသည်'

## [၂၂]
## မြို့ဝန် မာအန်း

မြို့ဝန်မာအန်းဟာ တစ်နေ့တွင် နောက်လိုက်နောက်ပါများနှင့် တောကစား ထွက်တော် မူသွားတော့ တောဆိတ်အုပ် တစ်အုပ်နှင့် တွေ့ပါသတဲ့။ အဲသဟာနှင့် မာအန်းမင်းက လူစုခွဲပြီးတော့ တောဆိတ်တစ်ကောင်ကို မိလို့ သတ်ပြီးနေတုန်းမှာ မြည်းတစ်ကောင်ကို စီးလာသည့် လူတစ်ယောက်နှင့် တွေ့ပါသတဲ့။ သည်တော့ မာအန်းက အဲဒီလူဆီ သွားပြီး 'အသင် ဘယ်က လာသလဲ' လို့ မေးပါသတဲ့။ သည်တော့ အဲသည်လူက 'ငါသည် ကူဇာပြည်က လာပါသည်။ ငါတို့ ကူဇာပြည်မှာ မိုး နှစ်နှစ်ခေါင်ပြီး သည် နှစ်တော့ မိုးပြန်ကောင်းလာသဟာနှင့် သခွားသီး အစောကြီး ပေါ်ပါသည်။ အဲသဟာနှင့် ငါ့သခွားခင်းက သခွားသီးများကို ဦးဦးဖျားဖျား ခူးပြီး မြို့ဝန်ကြီးမာအန်းထံ ဆက်သဖို့ ငါ လာခဲ့ပါသည်' လို့ ပြောပါသတဲ့။

သည်တော့ မာအန်းက 'သင့် သခွားသီးအတွက် မာအန်းထံမှ ဆုတော်ငွေ ဘယ်လောက်ရမည် ထင်သနည်း' လို့ မေးပါသတဲ့။ သည်တော့ မြည်းစီးလာသည့် လူက အသပြာတစ်ထောင်တော့ ရမှာပေါ့လို့ ဆိုပါသတဲ့။ သည်တော့ မာအန်းက အသပြာတစ်ထောင်ဆိုတော့ များလွန်းသည်လို့ ဆိုမှာပေါ့လို့ ပြောပါသတဲ့။ သည်တော့ များလွန်းလျှင်လည်း ငါးရာပေါ့လို့ ဆိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အနို့ ငါးရာကို များလွန်းသည် ဆိုလျှင်ကော...။

ငါးရာ များလွန်းသည်ဆိုလျှင် သုံးရာပေါ့။

သုံးရာ များလွန်းသည် ဆိုလျှင်ကော...။

တစ်ရာပေါ့။

တစ်ရာ များလွန်းသည် ဆိုလျှင်ကော...။

သည်တော့ ငါးဆယ်ပေါ့။





ငါးဆယ်ကိုပဲ များလွန်းသေးသည် ဆိုလျှင်ကော...။

သည်တော့ သုံးဆယ်ပေါ့။

အနို့... သုံးဆယ်ကိုပဲ များလွန်းသေးသည်လို့ မာအန်းမင်းက ဆိုလျှင် ကော။

သုံးဆယ်များသေးသည် ဆိုလျှင်တော့ သခွားသီးတွေ ထားပစ်ခဲ့ပြီး လက်ချည်းသက်သက် ဝမ်းနည်းပက်လက်နှင့် ပြန်လာခဲ့ရမှာပေါ့။

အဲသည်လို တောင်ယာရှင်က ပြောတော့ မြို့ဝန်မာအန်းက ဘာမျှမပြောဘဲ ရယ်ပြီး၊ သူ့လူတွေရှိရာ မြင်းနှင်ပြီး သူ့မြို့ကို ပြန်သွားပါသတဲ့။ မြို့ကို ရောက်တော့ သူ့ဘဏ္ဍာစိုးကို ခေါ်ပြီး 'သည်မှာ ဘဏ္ဍာစိုး၊ လူတစ်ယောက် မြည်းစီးပြီး သခွားသီး လာပို့လျှင် အဲသည်လူကို ငါ့ဆီကို သွင်းခဲ့' လို့ ဆိုပါသတဲ့။

နောက် မကြာခင်ဘဲ မြို့ဝန်အိမ်ကို တောင်ယာရှင်လည်း ရောက်လာပါသတဲ့။ အဲသဟာနှင့် အဲသည်လူကို မြို့ဝန်မာအန်းရဲ့ ရှေ့ကို သွင်းသွားကြပါသတဲ့။

သည်တော့ မာအန်းက အဆောင်အယောင် အခမ်းအနားတွေနှင့် ဖြစ်နေတော့ တောင်ယာရှင်က မာအန်းကို မမှတ်မိပါဘူးတဲ့။ အဲသဟာနှင့် မာအန်းက 'သင့် သခွားသီး ဘယ်လောက် ပေးရမလဲ' လို့ မေးပါသတဲ့။ သည်တော့ တောင်ယာရှင်က 'အသပြာ တစ်ထောင် ပေးပါ' လို့ ဆိုသတဲ့။

များလှချေလား။

သဟာဖြင့် ငါးရာပဲ ပေးပါ။

များသေးသဟာပဲ။

သုံးရာဆိုလျှင် တော်ပါပြီ။

သဟာလည်း များသေးသဟာပဲ။

နှစ်ရာပဲ ပေးပါတော့။

လျှော့ပါဦးလေ။

တစ်ရာဆို တော်ပါပြီ။

များပါသေးသည်။

သဟာဖြင့် ငါးဆယ်ပဲ ထားပါ။

များပါသေးသည်။

ကိုင်း... သုံးဆယ်ပဲ ပေးပါ။

သုံးဆယ်လည်း များသေးသဟာပဲ။

သုံးဆယ်အောက်တော့ မလျှော့နိုင်တော့ဘူး။ ငါ့အထင်တော့ ငါ လမ်းမှာ လူတစ်ယောက် တွေ့လာခဲ့ရသဟာ နိမိတ်မကောင်းဘူးနှင့် တူသည်။ မြို့ဝန်မင်းက သုံးဆယ်မှ မပေးနိုင်ဘူး ဆိုလျှင်တော့ ငါ့မြည်းကို တံခါးဝမှာ ချည်ထားခဲ့ရုံပဲ ရှိတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မြို့ဝန်မာအန်းက ရယ်ပြီး ဘာမျှမပြောဘဲ နေပါသတဲ့။ သည်တော့မှ တောင်ယာရှင်ကလည်း မြို့ဝန်မာအန်းဟာ တခြားသူ မဟုတ်ဘူး။ သူနှင့် တောထဲမှာ တွေ့ခဲ့သည့်လူ ဆိုသဟာကို သိပါသတဲ့။

ပြီးတော့ မာအန်းက သူ့ဘဏ္ဍာစိုးကို ခေါ်ပြီး သည်လူ့ကို အသပြာ တစ်ထောင် ရယ်၊ ငါးရာရယ်၊ သုံးရာရယ်၊ နှစ်ရာရယ်၊ တစ်ရာရယ်၊ ငါးဆယ်ရယ်၊ သုံးဆယ်ရယ် ပေးလိုက်။ ပြီးတော့ မြည်းနှင့် သခွားသီးတွေ ယူထားလိုက်လို့ ဆိုပါသတဲ့။

အဲသဟာနှင့် တောင်ယာရှင်ဟာ အံ့သြသွားပြီး အသပြာ နှစ်ထောင့်တစ်ရာ့ ရှစ်ဆယ် ရသွားပါသတဲ့။ (အလာဟုအရှင်သည် ရက်ရောသူများအား စောင်မတော်မူပါစေသတည်း။)

## [ ၂၃ ]
## အဗဒူလာနှင့် ကုလားအုတ်မ

တစ်နေ့တော့ အဗဒူလာဟာ သူ့ကုလားအုတ်မ ပျောက်လို့ လိုက်ပြီး ရှာပါသတဲ့။ အဲသဟာနှင့် အာလယာမန် သဲကန္တာရကြီးထဲကို ရောက်သွားတော့ အင်မတန် မြင့်သည့် မြို့ရိုးကြီး ကာထားသည့် မြို့ကြီးတစ်မြို့ကို သွားတွေ့ပါသတဲ့။

အဲသဟာနှင့် သူ့ကုလားအုတ်မ အကြောင်းစုံကို စုံစမ်းမည်လို့ အဲသည် မြို့ထဲ ဝင်ပြီးသွားတော့ အဲသည်မြို့ထဲမှာ လူဆိုလို့ တစ်ယောက်မှ မတွေ့ရဘဲ တိတ်ဆိတ်ပြီး နေသဟာကို တွေ့ရပါသတဲ့။

အဲသဟာနှင့် အဗဒူလာက သူ့ကိုယ်သူ စိတ်တင်းပြီး မြို့ကြီးဆီ သွားတော့ မြို့တံခါးကြီးနှစ်ခုကို တွေ့ပါသတဲ့။ အဲသည် မြို့တံခါးကြီးနှစ်ခုကလည်း သိပ်မြင့်ပြီး တံခါးရွက်တွေမှာလည်း အဖိုးထိုက် အဖိုးတန် ကျောက်သံပတ္တမြားတွေနှင့် မွမ်းမံ ခြယ်လှယ်ထားသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ မြို့တွင်းမှာ ရှိသည့် နန်းအဆောင် ဆောင် ဟာလည်း ကျောက်သံ ပတ္တမြားတွေနှင့် မွမ်းမံ ခြယ်လှယ်ထားသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ အဆောင်တွင်းက ကြမ်းပြင်တွေကိုလည်း စိန်တွေ ကျောက် တွေနှင့် စီထားသဟာကို တွေ့ရပါသတဲ့။

အဲသဟာနှင့် မြို့ထဲမှာလည်း လူတစ်ယောက်မှ မတွေ့တော့ အဗဒူလာဟာ သိပ်ကြောက်လာပြီး မူးလဲသွားမည်လို ဖြစ်သွားပါသတဲ့။ ပြီးတော့ အဗဒူလာက နန်းဆောင် ခေါင်မိုးပေါ်က တက်ကြည့်တော့ မြို့တွင်းမှာ မြစ်ကြီးတွေ စီးဆင်းနေသဟာ ကိုလည်း တွေ့ရပါသတဲ့။ ပြီးတော့ လမ်းမကြီးတွေ ဘေးမှာလည်း အသီးတွေ ဝေဝေ ဆာဆာ သီးနေသဟာကိုလည်း တွေ့ပါသတဲ့။ အဲသဟာနှင့် အဗဒူလာက အောက်မေ့





ပါသတဲ့။ "တန်တော့၊ သည်မြို့ဟာတော့ တခြား မဟုတ်ဘူး၊ နောက်ဘဝကို တို့ လားရမည့် ကောင်းကင်ဘုံနှင့် တူသည်" လို့။

အဲသဟာနှင့် အဗဒူလာဟာ မြို့တွင်းက ကျောက်သံပတ္တမြားတွေကို သူ သယ်နိုင်သလောက် သယ်ပြီး ပြန်လာခဲ့ပါသတဲ့။ ပြီးတော့ အဗဒူလာက သူ့ အသိ မိတ်ဆွေတွေကို အဲသည်မြို့ကြီးအကြောင်း ပြောပြပါသတဲ့။ အဲသဟာနှင့် အဲသည် သတင်းဟာ တစ်ယောက်စကား တစ်ယောက်နားနှင့် မူအာဝိယ ဘုရင့်နားတော် ပေါက်ကြားသွားပါရောတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မူအာဝိယဘုရင်က အဗဒူလာဆီကို မင်းစေတစ်ယောက် လွှတ်ပြီး အဲသည် မြို့ကြီးအကြောင်းကို စုံစမ်းခိုင်းပါသတဲ့။ သည်တော့ အဗဒူလာကလည်း သူ့ သိသမျှကို အကုန် ပြောပြလိုက်ပါသတဲ့။ သည်တော့ မင်းစေက မူအာဝိယဘုရင်ကို ပြန်ပြီး လျှောက်ပါသတဲ့။ သည်တော့ မူအာဝိယဘုရင်က ယုံကြည်တော်မူသဟာနှင့် အဗဒူလာကိုယ်တိုင်ကို ရှေ့တော်ခေါ်ပြီး မေးပါသတဲ့။ သည်တော့ အဗဒူလာကလည်း သူ့သိသမျှကို ဟုတ်မှန်သည့်အတိုင်း မူအာဝိယ မင်းကို လျှောက်ထားပါသတဲ့။ ပြီးတော့ အဗဒူလာက 'မယုံလျှင် ဟောသည်မှာ အဲသည်မြို့ကြီးထဲက ငါ ကောက်လာခဲ့သည့် ပုလဲလုံးတွေတောင် ပါပါသေးသည်' လို့ ဆိုပြီး သူ့ယူလာသည့် ပုလဲလုံးတွေကို ထုတ်ပြပါသတဲ့။ တချို့ ပုလဲတွေက အရောင်တောင် ဝါဖန့်ဖန့် ဖြစ်နေပါသတဲ့။

သည်တော့မှ မူအာဝိယဘုရင်က သုခမိန် ကာအပ်အာလအဗာကို ခေါ်ပြီး 'သည်မြို့ကြီးအကြောင်း သင်ကြားဖူးသလား' လို့ မေးပါသတဲ့။ သည်တော့ ကာအပ်အာလအဗာက 'မှန်လှပါ ကြားဖူးကြောင်းပါ၊ သည်မြို့ကြီးဟာ အတုမရှိသည့် အီရန်မြို့ကြီး ဖြစ်ပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ မူအာဝိယ က 'ကိုင်း... သဟာဖြင့် အီရန်မြို့ကြီးအကြောင်း သင်သိသလောက် ငါ့ကို လျှောက်ထားရမည်' လို့ ဆိုပါသတဲ့။ သည်တော့ ကာအပ်အာလအဗာက 'ယခင်က အဒ်မင်းတရားကြီးဆိုသဟာ ရှိပါသည်။ အဲသည် မင်းတရားကြီးမှာ ယှာဒစ်နှင့် ယှာဒက်ဆိုသည့် သားတော်နှစ်ပါး ရှိပါသည်။ ယှာဒစ်နှင့် ယှာဒက်တို့ဟာ ခမည်းတော် လွန်သည့်အခါမှာ တိုင်းပြည်ကို နှစ်ဦးပေါင်းပြီး အုပ်ချုပ်ကြပါသည်။ ကမ္ဘာပေါ်မှာ ရှိသမျှ ထီးဆောင်းမင်းအပေါင်းဟာ ယှာဒစ်နှင့် ယှာဒက်တို့ထံမှာ သစ္စာခံကြရပါသည်။

ပြီးတော့ ယှာဒစ်လွန်တော့ ယှာဒက်တစ်ပါးတည်း ဆက်ပြီး မင်းလုပ်ပါသည်။ ယှာဒက်ဘုရင်က ရှေးစာဟောင်းများကို များစွာ ဖတ်ဖို့ ဝါသနာပါ ပါသည်။ အဲသည်လို ရှေးစာဟောင်းများကို ဖတ်ရင်းနှင့် ကောင်းကင်ဘုံရဲ့ ကြီးကျယ် ခမ်းနားဟန်များကို ဖတ်မိပါသည်။

အဲသဟာနှင့် ယှာဒက်ဘုရင်ဟာ ကောင်းကင်ဘုံနှင့်တူသော မြို့ကြီး တစ်မြို့ကို တည်လိုသောစိတ် ပေါ်လာပါသည်။ အဲသဟာနှင့် သူ့လက်အောက်ခံ ထီးဆောင်းမင်း တစ်သိန်းကို သူ့ရှေ့တော်ခေါ်ပြီး 'ငါသည် ကောင်းကင်ဘုံနှင့် တူသော မြို့ကြီးတစ်မြို့ တည်လိုသည်။ သင်တို့ ငါ့ကို ဝိုင်းဝန်း ကူညီကြရမည်။ သဟာကြောင့် အဲသည်မြို့ကြီး တည်နိုင်ရန်အတွက် မင်္ဂလာ ကျက်သရေရှိသည့် မြေရာကြီးတစ်ခုကို ရှာ၍ပေးကြရမည်။ တွေ့သောအခါ အဲသည်နေရာတွင် ငါ အလိုရှိသော ကောင်းကင်ဘုံ မြို့ကြီးကို တည်ပြီးလျှင် တစ်မြို့လုံး အဖိုးတန် ကျောက်မျက်ရတနာများနှင့် မွမ်းမံ ခြယ်လှယ်ပေးရမည်' လို့ ဆိုပါသည်။





သည်တော့ မင်းအများက သည်မြို့ကြီး တစ်မြို့လုံးကို မွမ်းမံခြယ်လှယ်လောက်အောင် ဘယ်က ကျောက်သံပတ္တမြား ရနိုင်ပါမည်လဲလို့ ဆိုကြပါသည်။ သည်တော့ ယှာဒက်ဘုရင်က သင်တို့ တိုင်းသူပြည်သား လူအများထံမှာရှိသည့် ရွှေငွေ ကျောက်သံပတ္တမြားတွေကို အကုန်သိမ်းယူပြီး တည်ပေးရမည်လို့ ဆိုပါသည်။

အဲသဟာနှင့် မင်းအများက သူတို့နိုင်ငံမှာရှိသည့် တိုင်းသူပြည်သား လူအများထံမှ ရွှေငွေကျောက်သံပတ္တမြားကို စုဆောင်းကြသဟာဟာ အနှစ် နှစ်ဆယ် ကြာသွားပါသည်။ ပြီးတော့မှ ယှာဒက်ဘုရင်က ဗိသုကာ အကျော်အမော်တွေကို စုဆောင်းပြီး မြို့တည်ဖို့ နေရာကို ရှာပါသည်။ အဲသဟာနှင့် လူသူမနီးသည့် နေရာကြီး တစ်ခုကို တွေ့တော့ အပြည်ပြည် နိုင်ငံက ရွှေငွေကျောက်သံပတ္တမြားတွေကို ယာဉ်အမျိုးမျိုးနှင့် သယ်ပြီး မြို့ကြီးကို တည်ကြသဟာ အနှစ်သုံးရာ ကြာသွားပါသည်။

အဲသည်လို မြို့ကြီးတည်ပြီးတော့ ယှာဒက်မင်းကြီးရဲ့ သူ့သစ္စာတော်ခံ မင်းများက 'မြို့ကြီး တည်လို့ ပြီးကြောင်းပါ' ဆိုပြီး လျှောက်ထားကြပါသည်။ သည်တော့ ယှာဒက်မင်းကြီးက အီရန်မြို့ကြီးကို ပြောင်းပြီး စံတော်မူရန် မိဖုရားကြီးမှ စပြီး မှူးမတ် ဗိုလ်ပါ အကုန်လုံးကို စုရုံးတော်မူပါသည်။ အဲသလို ခရီးထွက်ဖို့ ပြင်ဆင်သဟာ ဟာ အနှစ်နှစ်ဆယ် ကြာသွားပါသည်။

အဲသဟာနှင့် ယှာဒက်မင်းကြီးဟာ နောက်လိုက်နောက်ပါ ဗိုလ်ပါ သင်းပင်း စုရုံးပြီး အီရန်မြို့သစ်ကြီးဆီကို ဝမ်းမြောက်ဝမ်းသာနှင့် ချီတော်မူလာပါသည်။ နောက်ဆုံး အီရန်မြို့ကြီးကို ရောက်ဖို့ တစ်နေ့နှင့်တစ်ည ခရီးအကျန်မှာ အလာဟု အရှင်က ကောင်းကင်ဘုံကနေပြီး ပြင်းထန်သော အသံကြီးကို လွှတ်လိုက်သဟာနှင့် ယှာဒက် မင်းကြီးရော သူ့နောက်လိုက်နောက်ပါတွေရော အကုန်လုံး တစ်ယောက်မကျန် အီရန်မြို့ကို မရောက်ရဘဲ ရောက်ခါနီးဆဲဆဲကလေးမှာ သေကုန်ကြပါသည်။

အဲသဟာတွင် မကသေးပါဘူး။ အလာဟုအရှင်က အီရန်မြို့ကြီးကို သွားသည့် လမ်းကိုပါ တစ်ခါတည်း ဖျောက်ပစ်တော်မူလိုက်ပါသည်။

အဲသည်လို ကာအပ်အာလအဗာက လျှောက်တော့ မူအာဝိယမင်းက 'အနို့ အဲသည် မြို့ကြီးကို လူသားထဲက ရောက်ဖူးသည့် သူများကော မရှိဘူးလား' လို့ မေးပါသည်။ သည်တော့ ကာအပ်အာလအဗာက 'တမန်တော် မိုဟာမက် သခင်ရဲ့ အပေါင်းအဖော်ထဲက ရောက်ဖူးသည့်သူ တစ်ယောက်တော့ ရှိပါသည်။ ပြီးတော့ ဟောသည် အဗဒူလာလည်း ရောက်ဖူးပါသည်' လို့ လျှောက်ပါသည်။ ပြီးတော့ ယှာဒက်မင်းရဲ့သားတော် ဟက်ဇမောက်နှင့် ဆဗာမြို့စား ယှာဒက် မင်းကလေးဟာ သူ့ခမည်းတော် ယှာဒက်မင်းကြီးရဲ့ သတင်းကို ကြားသဟာနှင့် အီရန်မြို့ကို အလုံးအရင်းနှင့် ချီသွားပါသည်။ ခမည်းတော်ရဲ့ အလောင်းတော်ကို တွေ့တော့ အခမ်းအနားနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဟက်ဇမောက်မြို့ကို ဆောင်ကြဉ်းလာပြီး တောင်ကြီးကို ဂူထွင်းပြီး သင်္ဂြိုဟ်လိုက်ပါသည်။

နောက် ကာလကြာတော့ ယှာဒက်မင်းရဲ့ ဂူကို ခရီးသွားနှစ်ယောက် သွားတွေ့လို့ အုတ်လှေကားက နေပြီး ဂူတော်ထဲ ဆင်းကြည့်ကြသည့်အခါမှာ အလျား အတောင်တစ်ရာ၊ အနံ အတောင်လေးဆယ်၊ အမြင့် အတောင်တစ်ရာ ရှိသည့် ခန်းမကြီးကို တွေ့ကြပါသည်။

အဲသည် ခန်းမကြီးရဲ့ အလယ်ကောင်မှာ ရွှေရာဇပလ္လင်ကြီး တစ်ခုရှိပြီး၊ အဲသည် ရွှေရာဇပလ္လင်ပေါ်မှာ ကိုယ်ကာယ အင်မတိ အင်မတန် ကြီးမားထွားကျိုင်းသည့် ယှာဒက်မင်းကြီး ထိုင်နေပါသည်။ သူ့တစ်ကိုယ်လုံးကိုလည်း အဖိုးထိုက် အဖိုးတန် ရွှေငွေကျောက်သံပတ္တမြားတွေနှင့် ခြယ်လှယ် မွမ်းမံထားပါသည်။ အဲသဟာနှင့် အဲသည် ခရီးသွားနှစ်ယောက်က သူတို့ အလိုရှိသလောက် ရွှေငွေ ကျောက်သံပတ္တမြားတွေကို ယူပြီး ထွက်လာခဲ့ကြပါသည်။

အဲသည်လို ကာအပ်အာလအဗာက မူအာဝိယဘုရင်ကို လျှောက်ပါသတဲ့။ ပြီးတော့ တစ်ခါ ယှာဋ္ဌာဇတ်က 'အခု မိုးလည်း မလင်းသေးပါဘူး၊ သဟာကြောင့် တံမြက်လှည်းနှင့် မင်းသမီးပုံကို ဆက်ပြောပါဦးမည်'ဟု ယှာဋ္ဌိယမင်းကြီးကို လျှောက်ပါသတဲ့။

## [၂၄]
## တံမြက်လှည်းနှင့် မင်းသမီး

တစ်နေ့တော့ မက္ကမြို့မှာ ဘုရားဖူးနေကြသည့် လူတွေ အမြောက်အမြားထဲက လူတစ်ယောက်က အူလိုက်သည်းလိုက် အလာဟု အရှင်ဆီမှာ ဆုတောင်းပါသတဲ့။ 'အို... အလာဟုအရှင်၊ ငါသည် ထိုအမျိုးသမီးနှင့် တွေ့ပါရစေခြင်း အကျိုးငှာ ထိုအမျိုးသမီးသည် သူ့လင်နှင့် နောက်ထပ် စိတ်ဆိုးအောင် စောင်မတော်မူပါ' လို့။

အဲသည်လို ဆုတောင်းသံကို ဘုရားဖူး ပရိသတ်ကြီးက ကြားတော့ အဲသည်လူကို ဝိုင်းရိုက်ပြီး မြို့ဝန်ထံ ခေါ်သွားကြပါသတဲ့။ မြို့ဝန်ဆီရောက်တော့ ဘုရားဖူးများက ပြောပါသတဲ့။ 'အို... မြို့ဝန်မင်း၊ ဤသူသည် ဤသို့ မဖွယ်ရာသော စကားကို ဆိုပါသည်' လို့။

အဲသည်တော့ မြို့ဝန်က 'ဟဲ့... သည်ကောင်ကို အဆုံးစီရင်လိုက်' လို့ အမိန့်ပေးပါသတဲ့။ သည်တော့ အဲဒီလူက 'အို... မြို့ဝန်မင်း၊ ငါ့ကို သတ်လိုလျှင် သတ်ပါ။ သို့သော် ရှေးဦးစွာ ငါ ပြောစရာ ရှိသည်ကို နားထောင်ပါဦး' လို့ ဆိုပါသတဲ့။ အဲသဟာနှင့်





မြို့ဝန်က 'ကိုင်း... သဟာဖြင့် သင် ဘာပြောချင်သလဲ၊ ပြောစမ်း မြန်မြန်' လို့ ဆိုပါသတဲ့။ သည်တော့ အဲသည်လူက 'အို... မြို့ဝန်မင်း၊ ငါသည် သိုးသတ်ရုံတွင် အညစ်အကြေး သိမ်းရသူ ဖြစ်ပါသည်။ တစ်နေ့တော့ သိုးသတ်ရုံက အညစ်အကြေးများကို ငါက မြည်းနှင့် တင်လာသောအခါ လမ်းတွင် ယောက်ယက်ခတ် ပြေးလွှားနေကြသူများထဲမှ တစ်ယောက်သောသူက "ဟဲ့... သည်လမ်းထဲ ဝင်ခဲ့ပါ၊ သင့်ကိုပါ ဆီးသတ်နေဦးမည်" လို့ ဆိုပါသည်။ သည်တော့ ငါက မေးပါသည်။ 'လူတွေဟာ ဟိုပြေးသည်ပြေးနှင့် ဘာဖြစ်ကြသဟာတုံး' လို့။

သည်တော့ အဲသည်နားရောက်လာတဲ့ သင်းကွပ်တစ်ယောက်က 'ဟဲ့ သည်ဟာဟာ မင်းဆွေမျိုး၊ စိုးမျိုးတစ်ယောက်ရဲ့ မိန်းမတွေ။ အဲသည်မိန်းမတွေ စောင့်သည့် သင်းကွပ်တွေက လာသမျှလူတွေ ဘယ်သူဘယ်ဝါ မရွေးဘဲ သူတို့ သခင်မဆီ မလာရအောင် ဆီးပြီး ရိုက်နေကြသည်' လို့ ပြောပါသည်။

အဲသဟာနှင့် ငါလည်း ငါ့မြည်းကို ဘေးလမ်းထဲမောင်းပြီး လူစုကွဲရအောင် ရပ်ပြီး စောင့်နေပါသည်။ အဲသည်တုန်းမှာ သင်းကွပ်တွေက တုတ်တွေကိုင်ပြီး ပြေးလာကြပါသည်။ သူတို့နောက်က ကျွန်မိန်းမ သုံးကျိပ်လောက် ပါလာပါသည်။ အဲသည် အထဲမှာ အင်မတိ အင်မတန် ချောသည့်၊ လှသည့်၊ ကျက်သရေ ရှိသည့် အမျိုးသမီးတစ်ယောက်လည်း ပါလာပါသည်။ ကျွန်မ သုံးကျိပ်က အဲသည် အမျိုးသမီး ပြောသမျှကို နာခံကြရပါသည်။

အဲသဟာနှင့် အဲသည် အမျိုးသမီးချောက ငါ ရပ်နေသည့် လမ်းဝနားရောက်တော့ တောင်ကြည့်မြောက်ကြည့် ကြည့်ပြီး သင်းကွပ်တစ်ယောက် နားနားကပ်ပြီး တိုးတိုး ပြောလိုက်သည်။ အဲသည်လိုလည်း ပြောလိုက်ကရော မပြောပါနှင့်တော့၊ အဲသည်သင်းကွပ်က ငါ့ဆီ တစ်ခါတည်း ပြေးလာပြီး ငါ့ကို ဖမ်းတော့သဟာပဲ။ ပြီးတော့ နောက်သင်းကွပ်တစ်ယောက်က ငါ့မြည်းကို လုယူသွားပါသည်။ ပြီးတော့ ပထမသင်းကွပ်က ငါ့ကို ကြိုးနှင့်ချည်ဆွဲပြီး ခေါ်သွားပါသည်။ အဲသည်တော့ အနားမှာ ရှိကြသည့် လူတွေကလည်း ငါ့နောက်က ဝိုင်းလိုက်လာကြပြီး 'ဟော့... အလာဟုအရှင် မကြိုက်သဟာကို မလုပ်ကြပါနှင့်။ သည်တံမြက်လှည်းသမားမှာ ဘာအပြစ်ရှိလို့ ကြိုးနှင့်တုပ် ခေါ်သွားရသဟာလဲ။ သနားပါသည်၊ လွှတ်လိုက်ပါ။ သည်တော့မှသာ သင့်ကိုလည်း အလာဟုအရှင်က သနားပါလိမ့်မည်' လို့ ဆိုကြပါသည်။

အဲသည် အတောအတွင်းမှာ ငါ့စိတ်ထဲက "ငါ့ကို သင်းကွပ်တွေက ဖမ်းကြသဟာဟာ ငါ ယူလာသည့် အညစ်အကြေးတွေဟာက သူတို့သခင်မ နှာခေါင်း မခံနိုင်လောက်အောင် နံလို့နှင့် တူပါသည်။ သူတို့သခင်မဟာ ကိုယ်ဝန်ပဲ ရှိနေလို့လား မပြောတတ်ပါဘူး။ သို့သော် ဒွန္နယာကြီးမှာ အလာဟု အရှင်မှတစ်ပါး အားကိုးစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူး။ အလာဟု အရှင်ကိုပဲ အားကိုးရမှာပဲလေ” လို့ အောက်မေ့ပြီး ငါ လိုက်သွားပါသည်။

အဲသဟာနှင့် ငါလည်း သင်းကွပ်နောက်က ကောက်ကောက်ပါအောင် လိုက်သွားတော့ အင်မတန် ကြီးကျယ်သည့် အိမ်ကြီးတစ်ဆောင်ကို ရောက်သွားပါသည်။ အဲသည် အိမ်ကြီးက ဘယ်လို ကြီးပုံကြီးမှန်းလည်း ငါ မပြောတတ်ဘူး။ အထဲမှာရှိသည့် အိမ်ထောင်ပစ္စည်းတွေကလည်း အဖိုးထိုက် အဖိုးတန်တွေချည်းပါပဲ။ ပြီးတော့ မိန်းမတွေကလည်း အကုန်လုံး အိမ်ထဲကို ဝင်လိုက်လာကြပါသည်။ အဲသဟာနှင့် ငါ့စိတ်ထဲက ငါ့ကိုတော့ သင်းတို့ ဝိုင်းသတ်ပြီး အလောင်း ရှာမတွေ့အောင် လုပ်ကြတော့မှာပဲ ထင်ပါရဲ့လို့ အောက်မေ့ပါသည်။

သဟာပေမင့် ငါ အောက်မေ့သလို မလုပ်ကြဘဲ ငါ့ကို ရေချိုးခန်းထဲကို ခေါ်သွားကြပါသည်။ ရေချိုးခန်းထဲ ရောက်သွားတော့ ကျွန်မကလေး သုံးယောက် ဝင်လာပြီး၊ ငါ့အနားမှာ ထိုင်ကြပြီး ‘ဟဲ့ . . . နင့် အဝတ်စုတ်တွေကို ချွတ်ပစ်လိုက်’ လို့ ခိုင်းပါသည်။ အဲသဟာနှင့် ငါလည်း သူတို့ခိုင်းသည့်အတိုင်း အင်္ကျီစုတ်၊ ဘောင်းဘီစုတ်များကို ချွတ်ပစ်လိုက်ပါသည်။ အဲသည်တော့ ကျွန်မကလေး တစ်ယောက်က ငါ့ခြေထောက်များကို ပွတ်တိုက်ပြီး ချေးတွန်းပေးပါသည်။ နောက်တစ်ယောက်က ငါ့ခေါင်းကို ဆေးကြောပေးပါသည်။ ကျန်တစ်ယောက်က ငါ့ကို နှိပ်နယ်ပေးပါသည်။

အဲသည်လို ငါ့ကို ဆေးကြော သုတ်သင်ပြီးတော့ ကျွန်မကလေး သုံးယောက်က ငါ့ဖို့ အဝတ်သစ် အစားသစ်များ ယူလာပြီး ‘ရော့ . . . သဟာတွေကို ဝတ်’ လို့ ပြောပါသည်။ သည်တော့ ငါက ‘ငါ ဘယ်လိုဝတ်ရမှန်း မသိဘူး’ လို့ ဆိုပါသည်။

အဲသဟာနှင့် သူတို့က ဝတ်ဆင်ပေးပါသည်။ ပြီးတော့ ငါ့အကြောင်း ပြောပြီး ရယ်နေကြပါသည်။ ပြီးတော့ နှင်းရည်ပုလင်းများ ယူလာပြီး ငါ့ကို ဆွတ်ဖျန်းပေးကြပါသည်။ ပြီးတော့ ငါ့ကို အခန်းကြီး တစ်ခုထဲသို့ ခေါ်သွားကြပါသည်။ အဲသည် အခန်းကြီးကလည်း ဘယ်လို ခမ်းနားကြီးကျယ်မှန်း မသိပါ။ အဖိုးထိုက် အဖိုးတန် ပစ္စည်းများ၊ ပန်းချီကားများဖြင့် ဆင်ပြင်မွမ်းမံထားပါသည်။ အဲသည် အခန်းကြီးထဲမှာ ဆင်စွယ်ခြေထောက်များ တပ်ထားသည့် ညောင်စောင်းပေါ်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော အမျိုးသမီးတစ်ယောက် ထိုင်နေပါသည်။ သူ့အနားမှာလည်း အမျိုးသမီးပျိုများ ဝန်းရံနေကြပါသည်။

အဲသည် အမျိုးသမီးက ငါ့ကိုမြင်တော့ ထပြီး ငါ့ကို သူ့ဆီလာဖို့ ခေါ်ပါသည်။ အဲသဟာနှင့် ငါက သူ့အနားသွားတော့ ငါ့ကို သူ့အနားမှာ ကပ်ပြီး အထိုင်ခိုင်းပါသည်။ ပြီးတော့ သူ့ကျွန်မများကို ငါစားဖို့ အစားအစာ အယူခိုင်းပါသည်။ သူတို့ ယူလာကြသည့် အစားအစာလောက် ကောင်းသည့် အစားအစာမျိုးကို ငါ





တစ်သက်လုံး မမြင်ဖူးဘူးပါ။ ဘာတွေလို့ ငါလည်း မခေါ်တတ်ပါ။ အဲသဟာနှင့် ငါလည်း ဝအောင် စားပါသည်။ စားပြီးတော့ ငါ့လက်များကို ဆေးပါသည်။ ပြီးတော့ တစ်ခါ သစ်သီးများ ယူလာကြပြန်ပါသည်။ သစ်သီးများ စားပြီးတော့ သေရည်အမျိုးမျိုး ယူလာကြပြန်ပါသည်။ ပြီးတော့ အခန်းတစ်ခုလုံးလည်း အမွှေးတိုင်တွေ ထွန်းထားလို့ မွှေးကြိုင်နေပါသည်။ ကချေသည်မများကလည်း သာယာနာပျော်ဖွယ် တီးမှုတ်နေကြပါသည်။ ပြီးတော့ လပြည့်ဝန်းကြီးလို ရှုချင်စဖွယ်ရှိသည့် မိန်းမပျိုတစ်ယောက်က သေရည်များကို ငှဲ့ပြီး ပေးပါသည်။ အဲသဟာနှင့် အိမ်ရှင်အမျိုးသမီးနှင့် ငါနှင့် သေရည်များကို မြိန်ရှက်စွာ သောက်ကြပါသည်။ အဲသဟာနှင့် သူရော ငါရော သေရည်ယစ်၍ နေကြပါသည်။ အဲသည် အတောအတွင်းမှာ ငါ့စိတ်ထဲက အိပ်မက် မက်နေသဟာလို့ပဲ အောက်မေ့နေပါသည်။

အဲသည်အခိုက်မှာ အိမ်ရှင်မက သူ့ကျွန်များကို သူနှင့်ငါနှင့် အိပ်ကြဖို့ အခန်းတစ်ခုထဲ၌ အိပ်ရာပြင်ခိုင်းပါသည်။ အိပ်ရာပြင်ပြီးသည် ဆိုသဟာနှင့် တစ်ပြိုင်နက် သူက ငါ့လက်ဆွဲပြီး အိပ်ရာထဲ ခေါ်သွားပြီး သူနှင့်အတူ အအိပ်ခိုင်းပါသည်။ သူ့ကို ငါ့ရင်ခွင်တွင်းသို့ ဖက်လိုက်သည့်အခါတိုင်း သူ့မှာ လိမ်းကျံထားသည့် ကတိုးနံ့များ၊



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးနံ့များဟာ ငါ့နှာခေါင်းတွင်းသို့ လုံး၍ ဝင်လာပါသည်။ ဘယ်လို စည်းစိမ်ရှိမှန်း မသိပါ။ ငါ့စိတ်ထဲမှာ နတ်ပြည်ကို ရောက်နေသလား၊ အိပ်မက် မက်နေသလား မပြောတတ်နိုင်အောင် ရှိပါသည်။

မိုးလင်းတော့ 'သင် ဘယ်မှာနေသလဲ' လို့ ငါ့ကို သူ မေးပါသည်။ သည်တော့ ငါက ငါနေသည့် နေရာကို ပြောပါသည်။ သည်တော့ သူက သင် ပြန်ပေတော့လို့ ဆိုပြီး ရွှေချည်ငွေချည်များဖြင့် မွမ်းမံထားသည့် ပဝါကို ပေးလိုက်ပါသည်။ အဲသည် ပဝါရဲ့ ထောင့်တစ်ထောင့်မှာ တစ်စုံတစ်ခု ထုပ်ထားသည်ကို တွေ့ရပါသည်။ ပြီးတော့ သူလည်း ထသွားပါသည်။ အဲသဟာနှင့် ငါလည်း သည်အထုပ်ထဲမှာ ကြေးပြားငါးပြားပဲ ပါပါ၊ ငါအဖို့ မနက်စာတော့ လုံလောက်ပြီလို့ အောက်မေ့ပြီး နတ်ပြည်မှ ထွက်ခွာလာသော သူလို ထွက်လာပြီး ငါ့ တဲစုတ်ကို ပြန်ခဲ့ပါသည်။ ငါ့တဲကို ရောက်လို့ ဖြေကြည့်လိုက်တော့ ရွှေအပြားငါးဆယ် တွေ့ရပါသည်။ အဲသဟာနှင့် အဲသည် ရွှေအပြားငါးဆယ်ကို ငါက မြေကြီးထဲမှာ မြှုပ်ထားပြီး ကြေးပြားနှစ်ပြားဖိုး မနက်စာ ဝယ်စားပါသည်။

အဲသည်လို မနက်စာ စားပြီးတော့ ငါလည်း ငါ့အဖြစ်အပျက်ကို ပြန်ပြီး စဉ်းစားနေပါသည်။ အဲသဟာနှင့် မွန်းတိမ်း ဘုရားရှိခိုးချိန်ကို ရောက်သွားပါသည်။ သည်တော့ လား လား ကျွန်မကလေးတစ်ယောက် ငါ့တဲကို ပေါက်လာပြီး 'သခင်မက သင့်ကို ခေါ်နေသည်' လို့ ငါ့ကို ပြောပါသည်။ အဲသဟာနှင့် ငါလည်း လိုက်သွားပါသည်။ အိမ်ရောက်သွားတော့ ငါ့ကို အိမ်ရှင်မ၏ ရှေ့သို့ ခေါ်သွားပါသည်။ သည်တော့ အိမ်ရှင်မက ငါ့ကို ပထမနေ့ကလိုပင် အစားအစာများ ကျွေး၊ သေရည်များတိုက်ပြီး သူနှင့် တစ်ညလုံး အအိပ်ခိုင်းပါသည်။

မိုးလင်းတော့ သူက ငါ့ကို ပဝါတစ်ပိုင် ထပ်ပေးလိုက်ပြန်ပါသည်။ အဲသည် ပဝါထဲမှာလည်း ရွှေအပြားငါးဆယ် ထပ်ပြီး ပါလာပါသည်။ အဲသဟာနှင့် အဲသည် ရွှေအပြားများကို ငါလည်း မြေကြီးထဲမှာ ပထမနေ့ကလိုပဲ မြှုပ်ထားလိုက်ပါသည်။

အဲသည်လိုနှင့်ပဲ ငါဟာ ရှစ်ရက်တိုင်တိုင် အဲသည် အမျိုးသမီးဆီမှာ ညည သွားအိပ်ပြီး မနက် မနက်မှ ပြန်လာပါသည်။ အဲသဟာနှင့် ရှစ်ရက်မြောက် ညကျတော့ သူနှင့်ငါ အိပ်နေကြတုန်းမှာ ကျွန်မကလေးတစ်ယောက်က ကမန်းကတန်းနှင့် ပြေးလာပြီး 'ထ ထ၊ ဟောဟိုအခန်းကလေးထဲ သွားပုန်းနေချေ' လို့ ပြောပါသည်။ အဲသဟာနှင့် ငါလည်း ကမန်းကတန်း ထပြီး ဝင်းတံခါး အပေါ်မှာ ရှိသည့် အခန်းကလေးထဲ သွားပုန်းနေပါသည်။

အဲသလို ငါလည်း အဲသည် အခန်းကလေးထဲလည်း ရောက်သွားရော၊ လမ်းဘက်က ဆူဆူညံညံ မြင်းခွာသံများ ကြားလာသဟာပဲ။ အဲသဟာနှင့် ငါက အခန်း





ကလေးထဲက ချောင်းကြည့်လိုက်တော့ လပြည့်နေ့မှာ ထွက်သည့် လဝန်းကြီးနှင့် တူသည့် လုလင်တစ်ယောက် အခြွေအရံ စစ်သည်တပ်သားများနှင့် မြင်းစီးပြီး အိမ်ဝင်းထဲ ဝင်လာသဟာ တွေ့ရပါသည်။

အဲသည်လုလင်ဟာ အင်မတန် ကြည့်လို့ကောင်းပါသည်။ သူ့အိမ်ထဲကို သူ ဝင်လာတော့ အိမ်ရှင်မက ပျူပျူငှာငှာ ဆီးပြီး စကားမပြောပါ။ လုလင်က ထိုအိမ်ရှင်မကို စိတ်ရှည်လက်ရှည် ချော့ပါသည်။ အိမ်ရှင်မ စိတ်ပြေသွားသောအခါ သူတို့လင်မယား အိပ်ကြပါသည်။ မိုးလင်းတော့ စစ်သည်တပ်သားများက သူ့ကို လာခေါ်ကြလို့ သူလည်း မြင်းစီးပြီး လိုက်သွားပါသည်။

အဲသည်တော့ အိမ်ရှင်မက ငါ့ဆီလာပြီး လုလင်ကို လက်ညှိုးထိုးပြပြီး 'ကြည့်စမ်း... ဟောဟို လူကို မြင်သည် မဟုတ်လား' လို့ မေးပါသည်။ ငါက 'မြင်ပါသည်' လို့ ပြောပါသည်။ သည်တော့ တစ်ခါ သူက 'အဲသဟာ တခြား မဟုတ်ဘူး၊ ငါ့လင်ပဲ။ သူနှင့်ငါနှင့် ဘယ်လို ဖြစ်ကြသည် ဆိုသဟာကို ငါ ပြောပြမည် နားထောင်။ တစ်နေ့တော့ သူနှင့်ငါနှင့် ဥယျာဉ်ထဲမှာ ထိုင်နေကြရင်းနှင့် ရုတ်တရက် သူ ပျောက်သွားသည်။ အဲသဟာနှင့် ငါလည်း ထိုင်ပြီး စောင့်နေသည်။ အတော်ကြာတော့ ငါလည်း စောင့်ရသဟာ ပျင်းလာပြီး ငါ့လင် နောက်ဖေးများ သွားနေ ထင်ပါရဲ့လေဆိုပြီး နောက်ဖေးကို လိုက်ရှာသည်။ နောက်ဖေးမှာလည်း မတွေ့ဘူး။ သဟာနှင့် ရေချိုးခန်းထဲ လိုက်ရှာပြန်သည်။ သည်တော့ ရေချိုးခန်းထဲမှာလည်း မတွေ့ဘူး။ အဲသဟာနှင့် မီးဖိုဘက် လိုက်သွားပြီး ကျွန်မတစ်ယောက်ကို မေးတော့ အဲသည် ကျွန်မက ငါ့လင်ရှိသည့် နေရာကို ပြသည်။ ငါ သွားကြည့်တော့ လား လား... ဘကြီးသား ငါ့လင်ဟာ ထမင်းချက်သည့် ကောင်မ တစ်ကောင်နှင့် ဖက်ပြီး အိပ်နေသဟာကို တွေ့ရပါသည်။ သည်တော့ ဘာပြောကောင်းမလဲ၊ "သင်းက ငါ့အပေါ် သည်လိုလုပ်ရင် ငါကလည်း ဗဂ္ဂဒက် တစ်မြို့လုံးမှာ အယုတ်ညံ့ဆုံးဆိုသည့် ယောက်ျားကို ရှာပြီး မျောက်မွေးမည်" ဆိုပြီး သစ္စာပြုလိုက်သည်။ အဲသဟာနှင့် အဲသလို အယုတ်ညံ့ဆုံးသော ယောက်ျားကို ငါ လိုက်ရှာတော့ သင့်ကို တွေ့သဟာပဲ။ သင့်ကို တွေ့တော့ ငါ လိုက်ရှာနေသဟာ လေးရက် ရှိနေပြီ။ အဲသဟာနှင့် သင်နှင့် ငါနှင့်ဟာ အလာဟုအရှင် ဗျာဒိတ်တော် ခတ်ထားသည့်အတိုင်း ဖြစ်ကြသဟာပဲ။ အခုတော့ အဲသည် သစ္စာပြုချက်က ငါ လွတ်ပြီ' လို့ ပြောပြပါသည်။

ပြီးတော့ အိမ်ရှင်မက ဆက်ပြီး ပြောပါသည်။ 'သဟာပေမင့် တကယ်လို့ ငါ့လင်ဟာ ဟို... ထမင်းချက်ကောင်မနှင့် သွားပြီး အိပ်ဦးမည်ဆိုလျှင် သင့်ကို ငါ ခေါ်လိုက်မည်' လို့။ အဲသည်လို ပြောလိုက်တော့ ငါလည်း ရှိုက်ကြီးတငင် ငိုတော့သဟာပါပဲ။ ပြီးတော့ သူက ငါ့ကို ရွှေအပြားငါးဆယ် ထပ်ပြီး ပေးပါသည်။ အဲသဟာနှင့်



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီက ငါ စုစုပေါင်း ရွှေအပြားလေးရာ ရပါသည်။ ပြီးတော့ သူက ငါ့ကို 'ကိုင်း... သွားပေတော့' လို့ ပြောပါသည်။ အဲသဟာနှင့် ငါလည်း နောက်ထပ် သူနှင့်သွားပြီး အိပ်ရအောင် သူ့လင်ဟာ ထမင်းချက်မိန်းမနှင့် သွားအိပ်ပါစေဦး ဆိုသဟာကို အလာဟု အရှင်ထံမှာ ဆုတောင်းဖို့အတွက် သည်ကို ဘုရားဖူးရောက်လာသဟာပါပဲလို့ တံမြက်လှည်းသမားက ပြောပါသတဲ့။

တံမြက်လှည်းက အဲသလို ပြောပြတော့ မြို့ဝန်က 'သည်လိုဆိုလျှင် အလာဟု အရှင့်တန်ခိုးနှင့် သည်ကောင် လွတ်စေ' လို့ ဆိုပါသတဲ့။

## [ ၂၅ ]
## ပါယှာပြည်သား အလီ

ယခု ပြောပြမှာက ပါယှာပြည်သား အလီ၏ပုံပါ။ ဟာရွှံအာရှာယှစ်မင်းကြီးဟာ တစ်ညမှာ စက်တော်ခေါ်မရသဟာနှင့် သူ့သက်တော်ရှည် အမတ်ကြီးကို ခေါ်တော် မူပြီး 'သည်မှာ အမတ်ကြီး ဂျက်ဖာ၊ ငါ ပျင်းရိတော်မူသည်။ ငါ့ကို သင် ကြံဖန်ပြီး အပျင်းတော် ဖြေရမည်' လို့ အမိန့်တော် မှတ်ပါသတဲ့။

သည်တော့ ဂျက်ဖာက 'အရှင်မင်းကြီး၊ ငါ့မှာ ပါယှာပြည်က အလီဆိုသည့် မိတ်ဆွေတစ်ယောက် ရှိပါသည်။ အလီဟာ ပုံအမျိုးမျိုး ပြောတတ်ပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ မင်းတရားကြီးက 'ကောင်းပြီ၊ သည်လိုဆိုလျှင် အလီကို ရှေ့တော်သွင်းပြီး ငါ့အား အငြိးတော် ဖြေစေရမည်' လို့ မိန့်ပါသတဲ့။

အဲသဟာနှင့် ဂျက်ဖာက အလီကို ရှေ့တော်သွင်းလာတော့ မင်းတရားကြီးက 'သည်မှာ အလီ၊ ငါဟာ အင်မတန် ငြီးငွေ့တော်မူသည်။ ငါ့ကို အငြိးတော် ပြေစေရန် သင်က ပုံပြောရမည်' လို့ မိန့်ပါသတဲ့။

သည်တော့ အလီက 'မှန်လှပါ၊ အရှင်မင်းကြီးအား ငါ မြင်ဖူးသဟာကို ပြောရမှာလား၊ ငါ ကြားဖူးသဟာကို ပြောရမှာလား' လို့ လျှောက်ပါသတဲ့။ သည်တော့ မင်းတရားကြီးက 'အို... အလီ၊ သင် မြင်ဖူးသဟာရှိလျှင် သင် မြင်ဖူးသဟာကိုပင် ငါ့ကို လျှောက်လော့' လို့ မိန့်ပါသတဲ့။

သည်တော့ အလီက 'မှန်လှပါ၊ ငါသည် လွန်ခဲ့သည့် လေးငါးဆယ်နှစ် လောက်တုန်းက ဤဗဂ္ဂဒက်နေပြည်တော်မှ ထွက်ပြီး လုလင်ငယ်တစ်ယောက်နှင့် ခရီးသွားပါသည်။ လမ်းတွင် ငါတို့ ဆရာတပည့်နှစ်ယောက်ဟာ အရောင်းအဝယ် လုပ်သွားကြပါသည်။ တစ်နေ့တော့ ငါတို့သည် ကုဋ္ဌ အမျိုးသား လူပွေတစ်ယောက်နှင့်





တွေ့ပါသည်။ အဲသည် လူပွေက ငါတို့ကို မြင်လျှင်မြင်ချင်း ဘာမပြော ညာမပြောနှင့် 'သည်ဟာ ငါ့သားရေအိတ်၊ အထဲက ပစ္စည်းတွေလည်း ငါ့ပစ္စည်းတွေ' လို့ ဆိုပြီး ငါ့သားရေအိတ်ကို အတင်းဆွဲလုပါသည်။ သည်တော့ ငါက 'ဟောသည်မှာ မွတ်ဆလင်ရို့၊ ငါ့ပစ္စည်းကို ဟောသည် သူယုတ်ဟာ အတင်း ဆွဲလုနေပါသည်။ ကယ်ကြပါ' လို့ အော်ပါသည်။ အဲသည်တော့ လူတွေက ဝိုင်းလာပြီး 'ကိုင်း... သင်တို့နှစ်ယောက်လုံး မြို့ဝန်ဆီ လိုက်ခဲ့ကြ၊ သင်တို့ အမှုကို မြို့ဝန်က ဆုံးဖြတ်လိမ့်မည်' လို့ ပြောပါသည်။ အဲသဟာနှင့် ငါကလည်း 'သည်လိုဆိုလျှင် ကောင်းပြီ' ဆိုပြီး ငါတို့မြို့ဝန်ရဲ့ အဆုံးအဖြတ်ကို နာခံရန် လိုက်သွားကြပါသည်။ မြို့ဝန်ဆီရောက်တော့ မြို့ဝန်က 'ဟေ့ သင်တို့ ဘာဖြစ်လာ ကြသလဲ၊ ကိုင်း ငါ့ကို မှန်သည့်အတိုင်း ပြောကြစမ်း' လို့ ဆိုပါသည်။ သည်တော့ ငါက 'သည်လိုပါ မြို့ဝန်ကြီး၊ ဤသူနှင့် ငါဟာ အချင်း ဖြစ်ပွားနေကြလို့ သင်၏ အဆုံးအဖြတ်ကို နာခံရန် ရောက်လာပါသည်' လို့ ပြောပါသည်။ သည်တော့ မြို့ဝန်က 'သင်တို့နှစ်ယောက်ဟာ ဘယ်သူက တရားလို၊ ဘယ်သူက တရားခံလဲ' လို့ မေးပါသည်။ သည်တော့ လူရှုပ်က အလျှင် စပြီး 'အို... မြို့ဝန်ကြီး၊ သင့်အား အလာဟု အရှင်သည် စောင်မပါစေသတည်း။ ငါသည် မှန်သောစကားကို ဆိုပါမည်။ ဤအိတ် သည် ငါ၏အိတ် ဖြစ်ပါသည်။ ဤအိတ်ထဲမှာ ပါသမျှလည်း ငါ့ပစ္စည်းချည်း ဖြစ်ပါ သည်။ ဤအိတ်ကို ငါ ပျောက်သွားရာ အခုမှ သည် ငါ၏ရန်သူ့ လက်ထဲတွင် ပြန်တွေ့ ရပါသည်' လို့ ပြောပါသည်။

သည်တော့ မြို့ဝန်က 'သင့်အိတ်ကို သင် ဘယ်တုန်းက ပျောက်သလဲ' လို့ မေးပါသည်။ သည်တော့ လူရှုပ်က 'ငါ့အိတ်ပျောက်သွားသဟာ ဟာ မနေ့ကပါ၊ အဲသဟာနှင့် ငါဟာ ညကလည်း တစ်ညလုံး မအိပ်နိုင်ပါ' လို့ ပြောပါသည်။ သည်တော့ မြို့ဝန်က 'သည်အိတ်ဟာ သင့်အိတ်လို့ဆိုလျှင် သည်အိတ်ထဲမှာ ဘာပစ္စည်းတွေ ပါသလဲ၊ ငါ့ကို ပြောစမ်း' လို့ ဆိုပါသည်။ သည်တော့ လူရှုပ်က 'ငါ့အိတ်ထဲမှာ မျက်တောင်မွေး ခြယ်သည့် ငွေစုတ်တံက နှစ်ချောင်း၊ မျက်စိအတွက် အသုံးပြုသည့် ဂျုတ်(သတ္တု) လက်ကိုင်ပဝါက တစ်ထည်၊ အဲသည် လက်ကိုင်ပဝါထဲမှာ ရွှေခွက်က နှစ်ခွက်၊ ဖယောင်းတိုင်က နှစ်တိုင်၊ ရွက်ထည်တဲက နှစ်တဲ၊ ပန်းကန်ပြားကြီးက နှစ်ချပ်၊ ဇွန်းက နှစ်ချောင်း၊ ခေါင်းအုံးက တစ်လုံး၊ သားရေနယ်က နှစ်ချပ်၊ ကရားက တစ်လုံး၊ ကြေးပန်းက တစ်ချပ်၊ ဇလုံက နှစ်လုံး၊ ထမင်းအိုး တစ်လုံး၊ ရေတာကောင်းက နှစ်လုံး၊ ယောက်မက တစ်ချောင်း၊ အပ်က တစ်ချောင်း၊ ကြောင်မက တစ်ကောင်၊ ခွေးမက နှစ်ကောင်၊ စဉ်းတီတုံးက တစ်တုံး၊ အိတ်က နှစ်လုံး၊ မြင်းကုန်းနှီးက နှစ်ခု၊ ဝတ်လုံက တစ်ထည်၊ မိန်းမဝတ် သားမွေးအင်္ကျီက နှစ်ထည်၊ နွားမက တစ်ကောင်၊ နွားကလေးက နှစ်ကောင်၊ ဆိတ်မက တစ်ကောင်၊ သိုးထီးက နှစ်ကောင်၊ သိုးမက တစ်ကောင်၊



www.burmeseclassic.com

www.burmeseclassic.com



သိုးကလေးက နှစ်ကောင်၊ အလံစိမ်းက နှစ်ခု၊ ကုလားအုတ်ထီးက တစ်ကောင်၊ ကုလားအုတ်မ က နှစ်ကောင်၊ ခြင်္သေ့မ က တစ်ကောင်၊ ခြင်္သေ့ထီးက နှစ်ကောင်၊ ဝက်ဝံမ က တစ်ကောင်၊ ခွေးအက နှစ်ကောင်၊ မွေ့ရာက တစ်ခု၊ မှိအုံးက နှစ်ခု၊ အိမ်အပေါ်ထပ်က တစ်ခု၊ အခန်းကြီးက နှစ်ခန်း၊ ဆင်ဝင်က တစ်ခု၊ ဧည့်ခန်းက နှစ်ခန်း၊ တံခါးနှစ်ခု တပ်ထားသည့် မီးဖိုဆောင်က တစ်ဆောင်။ ပြီးတော့ သည်အိတ်ဟာ ငါ့အိတ်ပါလို့ ဆိုသည့် အကြောင်းကို သက်သေခံကြမည့် ကုဋ္ဌဒအမျိုးသားက တစ်စုပါ ပါသည်’လို့ ပြောပါသည်။

သည်တော့ မြို့ဝန်က ငါ့ဘက်လှည့်ပြီး ‘ကိုင်း… သင်ကကော ဘာပြောမလဲ’ လို့ ဆိုပါသည်။ သည်တော့ ငါလည်း လူရှုပ်ပြောသဟာကို ကြားလို့ အတော်စိတ်ရှုပ်သွားသဟာနှင့် ‘အလာဟုအရှင်သည် မြို့ဝန်အား စောင့်ရှောက်တော်မူပါစေသတည်း။ ငါမှန်သည့်အတိုင်း အစစ်ခံရမည် ဆိုပါလျှင် ငါ့အိတ်ထဲ၌ အခြားဟာတော့ ဘာမျှ မပါပါ။ တစ်အိမ်ထောင် နေနိုင်သည့် အိမ်အိုက တစ်လုံး၊ တံခါးမရှိသည့်အိမ်က တစ်ဆောင်၊ ခွေးတင်းကုပ်က တစ်ခု၊ ယောကျ်ားကလေး စာသင်ကျောင်းက တစ်ဆောင်၊ ကလေးများ ကစားသည့် အန်စာက တစ်လုံး၊ ရွက်ထည်တဲများနှင့် ဆိုင်းကြိုးများ၊ ဗတ်ဆောဋ္ဌာမြို့နှင့် ဗဂ္ဂဒက်မြို့ကြီးက နှစ်မြို့၊ နန်းတော်က တစ်ဆောင်၊ ပန်းပဲဖို တစ်ဖို၊ ငါးဖမ်းသည့် ကွန်က တစ်ခု၊ တင်းပုတ်တွေ တုတ်ချွန်တွေက အများကြီး၊ ယောကျ်ားကလေးတွေ၊ မိန်းမကလေးတွေကလည်း အများကြီး၊ သည်အိတ်ဟာ ငါ့အိတ်ပါပဲဟု သက်သေခံကြမည့် ပြည့်တန်ဆာထိန်းက တစ်ထောင်’ လို့ ပြောပါသည်။

သည်တော့ လူရှုပ်က ရှိုက်ကြီးတငင် ငိုပြီး ‘အို… မြို့ဝန်ကြီး၊ သည်အိတ်ဟာ ငါ့အိတ်ဆိုသဟာကို လူတိုင်း သိပါသည်။ ငါ့အိတ်ဟာ ယီးတီးယားတားအိတ် မဟုတ်ပါ။ သည်ထဲမှာပါသည့် ပစ္စည်းတွေဟာလည်း အကျော်ဇေယျတွေချည်းပါ။ သည်အိတ်ထဲမှာ ရဲတိုက်ကြီးတွေ၊ ခံတပ်ကြီးတွေလည်း ပါပါသည်။ လည်တိုင်ရှည် ခြေတံရှည် ငှက်ကြီးတွေ၊ သားစားတိရစ္ဆာန်တွေလည်း ပါပါသည်။ စစ်တုရင် ထိုးနေကြသည့် လူတွေလည်း ပါပါသည်။ ကျားထိုးနေကြသူတွေလည်း ပါပါသည်။ မြည်းမတစ်ကောင်လည်း ပါပါသည်။ မြည်းကလေးနှစ်ကောင်လည်း ပါပါသည်။ မြင်းလားကြီးလည်း တစ်ကောင် ပါပါသည်။ မြင်းထီးမျိုးကောင်း နှစ်ကောင်လည်း ပါပါသည်။ လှံရှည်နှစ်စင်းလည်း ပါပါသည်။ ပြီးတော့ ခြင်္သေ့ တစ်ကောင်၊ ယုန်နှစ်ကောင်၊ မြို့ကြီးတစ်မြို့၊ ရွာနှစ်ရွာ၊ ပြည့်တန်ဆာမ တစ်ယောက်၊ မိန်းမထိန်းနှစ်ယောက်၊ ယောကျ်ားတစ်လှည့် မိန်းမတစ်လှည့်က တစ်ယောက်၊ ငှက်က နှစ်ကောင်၊ သူကန်းက တစ်ယောက်၊ မျက်စိ မကန်းသည့် ငနဲက နှစ်ယောက်၊ မစွမ်းမသန်သည့်





ငနဲက တစ်ယောက်၊ ခြေကျိုးက နှစ်ယောက်၊ ခရစ်ယာန် ဆရာတော်က တစ်ပါး၊ ဂိုဏ်းထောက်က တစ်ပါး၊ ဘုန်းကြီးက နှစ်ပါး၊ မြို့ဝန်က တစ်ယောက်၊ ပြီးတော့ သည်အိတ်ဟာ ငါ့အိတ်ပါ ဆိုသည့်အကြောင်း သက်သေခံမည့် အခွန်ဝန်က နှစ်ယောက်’ လို့ ပြောပါသည်။ သည်တော့ မြို့ဝန်က ‘ကိုင်း… အလီက ဘာပြောဦးမလဲ’ လို့ မေးပါသည်။ သည်တော့ ငါကလည်း စိတ်ဆိုးလာသဟာနှင့် ‘အလာဟုအရှင်သည် မြို့ဝန်ကြီးအား စောင်မတော်မူပါစေသတည်း’လို့ ဆိုပြီး ‘သည်အိတ်ထဲမှာ သံချပ်အင်္ကျီက တစ်ထည်၊ ဓားပြားကြီးက တစ်လက်၊ ရှေးက လက်နက်တွေက မျိုးစုံ၊ ကာလပေါ် လက်နက်က တစ်ထောင်၊ စားကျက် အပြည့်အစုံနှင့် သိုးခြံက တစ်ခု၊ ခွေးက တစ်ထောင်၊ ဥယျာဉ်တွေ၊ နွယ်ပန်းတွေ၊ နံ့သာပင်တွေ၊ ပန်းပုထည်တွေ၊ ပန်းချီကားတွေ၊ ကရားတွေ၊ တကောင်းတွေ၊ ကျွန်မလှလှတွေ၊ ကချေသည်မတွေ၊ ထိမ်းမြားမှုကျွေးမွေးပွဲတွေ၊ အောင်ပွဲဝင် ဓားပြတွေ၊ လှံ၊ ဓား၊ လေး၊ မြားကိုင် ကြောင်တောင်လူဆိုးတွေ၊ မိတ်ဆွေကောင်းတွေ၊ ချစ်ခင်သူတွေ၊ အကျဉ်းသားတွေ၊ သေသောက်တော်တွေ၊ ဗုံတွေ၊ ပလွေတွေ၊ အလံတွေ၊ ကြက်လျှာတွေ၊ ယောကျ်ားကလေးတွေ၊ မိန်းကလေးတွေ၊ တန်ဆာဆင်ထားသည့် သတို့သမီးတွေ၊ သီချင်းသည်မတွေ၊ အဗီဆီနီယတွေ၊ ပြီးတော့ ဟိန္ဒူမိန်းမပျိုက သုံးယောက်၊ မဒီနာမြို့သူ လုံမပျိုက လေးယောက်၊ ဂရိတ်အပျိုမက နှစ်ကျိပ်၊ ကုဋ္ဌဒ မိန်းမပျိုက ရှစ်ကျိပ်၊ ဂျော်ဂျီယာသူက ခုနစ်ကျိပ်၊ ပြီးတော့ တိဂရစ်မြစ်၊ ယူဖရိုတ်မြစ်၊ ငှက်ဖမ်းပိုက် တစ်ခု၊ မီးခတ်ကျောက်နှင့် မီးခတ်သံတုံးက တစ်ခု၊ လူရှုပ်နှင့် မိန်းမထိန်းက တစ်ထောင်၊ မြင်းပြိုင်ကွင်းက အများ၊ မြင်းစောင်းက အများ၊ ရေချိုးခန်း အများ၊ ပန်းရံက တစ်ယောက်၊ ပျဉ်က တစ်ချပ်၊ သံက တစ်ချောင်း၊ ပလွေကိုင် ကျွန်မည်း တစ်ယောက်၊ စစ်ဗိုလ်က တစ်ယောက်၊ ကုလားအုတ်ခေါင်းက တစ်ယောက်၊ မြို့ငယ်က အများ၊ မြို့ကြီးက အများ၊ အသပြာက တစ်သောင်း၊ ပစ္စည်းမျိုးစုံ ပါသည့် ဖာကြီးက နှစ်ဆယ်၊ ကျီကြီးက နှစ်ဆယ်၊ နန်းတော်က တစ်ခု၊ သောလမုန်မင်း နန်းတော်၊ အိန္ဒိယပြည်က အီဂျစ်ပြည်အရောက် မြေပြင်၊ ပြီးတော့ ချွေးခံ အင်္ကျီတွေ၊ ပုဆိုးတွေ၊ ပြီးတော့ မြို့ဝန်မုတ်ဆိတ်ရိတ်ရန် သင်တုန်းဓားတွေလည်း ပါပါသည်’လို့ ပြောပါသည်။

အဲသည်လို ကုဋ္ဌဒလူရှုပ်နှင့် ငါက ပြောကြသဟာတွေကို မြို့ဝန်က ကြားတော့ ‘သင်တို့နှစ်ယောက်ဟာ သိပ်ရှုပ်တဲ့ အကောင်တွေပဲ။ သင်တို့ကို ကြည့်ရသဟာ အလာဟုအရှင်ကို ယုံကြည်သည့် အကောင်တွေနှင့်လည်း မတူဘူး။ မြို့ဝန်တွေ၊ တရားသူကြီးတွေကိုလည်း သင်တို့ စိတ်ထဲက လှောင်စရာ ပြောင်စရာတွေလို့ အောက်မေ့နေကြဟန်တူသည်။ သင်တို့ ပြောသဟာမျိုးကို ဘယ်ပါးစပ်ကမှလည်း မပြောသေးဘူး၊ ဘယ်နားက



www.burmeseclassic.com

www.burmeseclassic.com



မှုလည်း မကြားဖူးသေးဘူး။ သင်တို့အိတ်ကို သမုဒ္ဒရာကြီးလို့များ သင်တို့စိတ်ထဲက ထင်နေကြသလား’ လို့ ပြောပြီး ‘အိတ်ကို ဖွင့်ပြစမ်း’ လို့ ငါကို ခိုင်းပါသည်။

အဲသဟာနှင့်ပဲ ငါက အိတ်ကို ဖွင့်ပြလိုက်တော့ အိတ်ထဲမှာ ထမင်းရယ်၊ သံပရာသီး တစ်လုံးရယ်၊ ဒိန်ခဲရယ်၊ သံလွင်သီးများရယ် တွေ့ပါသည်။ ပြီးတော့ ငါက အိတ်ကို ကုဋ္ဌဒလူ့ရှပ်ရှေ့ ပစ်ချခဲ့ပြီး ထွက်လာခဲ့ပါသည်။

အဲသလို ပါယှပြည်သား အလီက လျှောက်တော့ မင်းတရားကြီးက သဘောတော် ကျသွားပြီး ရယ်တော်မူလိုက်သဟာဟာ ပက်လက်လန် လဲကျသွားသဟာပါပဲတဲ့၊ နောက်ပြီးတော့ မင်းတရားကြီးက အလီကို ဆုတော်လာဘ်တော်များ ပေးသနားတော်မူလိုက်ပါသတဲ့။

# [ ၂၆ ]
# ရွှေစားခွက်ကို လှူသည့်ခွေး

နောက်ပြောမည့် ပုံကတော့ ရွှေခွက်နှင့် စားရသည့်ခွေးက သူ့စားခွက်ကို လူတစ်ယောက်ကို လှူလိုက်သည့် ပုံပါ။

လူတစ်ယောက်ဟာ ကြွေးတွေ ပူလွန်းလို့ သူ့ဆွေမျိုးနှင့် သူ့နေရပ်ကိုပါ စွန့်ပြီး စိတ်ညစ်ညစ်နှင့် တခြား တစ်မြို့တစ်ရွာကို ထွက်သွားပါသတဲ့။ အဲသည် လူဟာ မနားမနေ လျှောက်ပြီးသွားလိုက်သဟာဟာ နောက်ဆုံးကျတော့ မြို့ရိုး မြင့်မြင့်ကြီးနှင့် ခိုင်ခိုင်လုံလုံ ကာထားသည့် မြို့ကြီးတစ်မြို့ကို ရောက်သွားပါသတဲ့။

အဲသဟာနှင့် မြို့ထဲကို ဝင်သွားတော့ လူတွေ တစုတရုံးကြီး တစ်နေရာကို ရှေးရှုသွားနေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် အဲသည် လူကလည်း အဲသည် လူစုကြီး သွားသည့်အထဲ ဝင်ပြီး မယောင်မလည်နှင့် လိုက်သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ ရှင်ဘုရင့်နန်းတော်လို ကြီးကျယ်ခံ့ညားသည့် အဆောက်အအုံကြီး တစ်ခုထဲကို ရောက်သွားပါသတဲ့။

အဲသည် အဆောက်အအုံကြီးထဲ ရောက်သွားတော့ လူစုကြီးဟာက အတွင်းခန်းကြီး ရှိရာကို တောက်လျှောက် ဝင်သွားကြပါသတဲ့။ အဲသည်တော့ အခန်းကြီး ထိပ်ဘက်မှာ လက်ပါးစေတွေ၊ သင်းကွပ်တွေ၊ မှူးကြီးမတ်ကြီးသားတွေနှင့် တူသူတွေ ဝိုင်းပြီး နေသည့် ခံ့ညားတင့်တယ်သည့် လူတစ်ယောက် ထိုင်နေသဟာကို တွေ့ရပါသတဲ့။ အဲသည် အိမ်ရှင်ကြီးက လာသည့် ဧည့်သည်တွေကို ဂရုတစိုက် ဆီးပြီး ဧည့်ခံပါသတဲ့။

အဲသဟာနှင့် အခုတွင်က ပြောသည့် သူဆင်းရဲဟာက သူ့ဟာသူ စိတ်မလုံသဟာနှင့် နောက်နားက ချန်ပြီး နေရစ်ပါသတဲ့။ ပြီးတော့ လူသူလေးပါး မလာနိုင်လောက်သည့် ချောင်ကျသည့် နေရာမှာ ဝင်ပြီး ကုပ်ကုပ်ကလေး ထိုင်နေပါသတဲ့။

အဲသည်လို သူဆင်းရဲက ပုန်းပြီး ထိုင်နေတော့ သူထိုင်သည့် အခန်းထဲကို လူတစ်ယောက်က အံမဲလိုက်ခွေးကြီး လေးကောင်ကို ကြိုးနှင့်ဆွဲပြီး ဝင်လာပါသတဲ့။ ခွေးကြီးလေးကောင်ရဲ့ ကိုယ်မှာလည်း ရွှေကြိုး၊ ငွေကြိုး၊ ရွှေခြုံထည်၊ ငွေခြုံထည်တွေ ဝေနေအောင် ဆင်ထားပါသတဲ့။ သူတို့ လည်ပင်းမှာလည်း အဖိုးထိုက် အဖိုးတန် ရွှေလည်ပတ်၊ ငွေလည်ပတ်၊ ကျောက်စီလည်ပတ်တွေ ဆင်ထားပါသတဲ့။ ခွေးတွေကို ဆွဲလာသည့်လူက ခွေးလေးကောင်ကို ချောင်လေး ချောင်မှာ ချည်ထားခဲ့ပြီး ပြန်ထွက်သွားပါသတဲ့။ ခဏနေတော့ ရွှေစားခွက် လေးခုထဲမှာ အင်မတန် မြိန်ရှက်စရာကောင်းသည့် အစာတွေကို ထည့်ပြီး အခန်းထဲကို ပြန်ဝင်လာပါသတဲ့။ ပြီးတော့



www.burmeseclassic.com


www.burmeseclassic.com



ရွှေစားခွက်လေးခွက်ကို ခွေးကြီးတစ်ကောင်စီ တစ်ကောင်စီနားမှာ တစ်ခွက်စီ တစ်ခွက်စီ ချပစ်ခဲ့ပြီး အဲသည်လူလည်း ပြန်ထွက်သွားပါသတဲ့။

အဲသည်လို ခွေးစားခွက်တွေထဲက မြိန်ရှက်ဖွယ် အစာတွေကို မြင်ရတော့ သူဆင်းရဲက ခွေးစားခွက် တစ်ခုထဲ ဝင်ပြီး စားလိုက်ချင်သည့်စိတ် ပေါ်လာပါသတဲ့။ သပဟာပေမင့် ခွေးကြီးတွေ ကိုက်မှာ ကြောက်သပဟာနှင့် ဝင်မစားဝံ့ပါဘူး တဲ့။

အဲသည်လို သူဆင်းရဲဟာ သွားရည်တများများနှင့် ဖြစ်နေတုန်းမှာ ခွေးကြီး တစ်ကောင်က သူ့ကို မြင်သွားပါသတဲ့။ သည်တော့ ခွေးကြီးက အလာဟုအရှင်ရဲ့ တန်ခိုးတော်ကြောင့် အစာငတ်နေသည့် သူဆင်းရဲရဲ့ အဖြစ်ကို သိသွားပါသတဲ့။ အဲသဟာနှင့် အဲသည် ခွေးကြီးက သူ့စားခွက်နားက နောက်ဆုတ်သွားပြီး သူဆင်းရဲကို လာစားလှည့်လို့ အချက်ပြပြီး ခေါ်ပါသတဲ့။ သည်တော့ သူဆင်းရဲ ကလည်း ဆာဆာနှင့် ခွေးစားခွက်ရှိရာ သွားပြီး စားခွက်ထဲမှာရှိသည့် အစာကို ဗိုက်ကယ်သွားအောင် စားလိုက်ပါသတဲ့။ စားပြီးလို့ သူဆင်းရဲက သူ့နေရာသူ ပြန်သွားမည်လုပ်တော့ ခွေးက ကျန်နေသည့် အစာနှင့် ရွှေစားခွက်ကိုပါ ယူသွားဖို့ အချက်ပေးပြီး ရွှေစားခွက်ကို သူ့ရှေ့လက်နှင့် တွန်းပြီး ပေးပါသတဲ့။





အဲသဟာနှင့် သူဆင်းရဲလည်း ခွေးစားသည့် ရွှေစားခွက်ကို ယူပြီး အဲသည် အိမ်ကြီးထဲက ထွက်ပြီး ပြန်လာခဲ့ပါသတဲ့။ သူ့နောက်ကလည်း ဘယ်သူကမှ လိုက်မလာ ပါဘူးတဲ့။ အဲသဟာနှင့် သူဆင်းရဲဟာ ရွှေစားခွက်ကို ယူပြီး တခြားမြို့ကို သွားပြီး ရောင်းပါသတဲ့။ ပြီးတော့ ရောင်းရသည့် အသပြာနှင့် ကုန်များ ဝယ်ပြီး သူ့နေရပ်ကို ပြန်ပါသတဲ့။ သူ့နေရပ် ရောက်တော့ သူ ဝယ်လာသည့် ကုန်တွေ ရောင်းပြီး သူ့ကြွေးတွေ ကိုလည်း ဆပ်လိုက်ပါသတဲ့။ ပြီးတော့ သူလည်း တစ်နေ့တခြား စည်းစိမ်ဥစ္စာ တိုးတက် ပြီး လာပါသတဲ့။

အဲသဟာနှင့် နှစ်ကြာသွားတော့ အဲသည်လူက ငါ ရွှေစားခွက် ရလာသည့် မြို့ကို ပြန်သွားပြီး ခွေးရှင်ကို ထိုက်တန်သည့် ကျေးဇူးကို သွားပြီးဆပ်ရလျှင် ကောင်းမှာပဲလို့ အောက်မေ့မိပါသတဲ့။ အဲသဟာနှင့် ရွှေစားခွက်ရဲ့ တန်ဖိုးရယ်၊ နောက်ထပ် ပေးဖို့ လက်ဆောင်တွေရယ် ယူပြီး ခွေးရှင်ဆီကို ကျေးဇူးဆပ်ဖို့ အကြံနှင့် သူ့မြို့က ထွက်လာ ခဲ့ပါသတဲ့။ အဲသဟာနှင့် နေ့ရော ညရော ခရီးအတန်တန်သွားတော့ ခွေးရှင်ရှိသည့် မြို့ကို ရောက်သွားပါသတဲ့။ ရောက်သွားလို့ ခွေးရှင် နေသည့် နေရာကို ကြည့်လိုက်တော့ သူ ဟိုတုန်းက တွေ့ရသည့် နန်းတော်ကြီးတမျှ ခမ်းနားကြီးကျယ်သည့် အိမ်ကြီးဟာ မရှိတော့ဘဲ ပျက်စီး ယိုယွင်းနေသည့် အိမ်ပျက်ကြီးကိုပဲ တွေ့ရပါသတဲ့။ အိမ်ပျက်ကြီး ကလည်း အလျင်ကလို တင့်တင့်တယ်တယ် စည်စည်ကားကား မရှိတော့ဘဲ ကျီး တသောသော၊ ငှက် တသောသော ဖြစ်နေသပဟာကို တွေ့ရပါသတဲ့။

အဲသဟာနှင့် သူ့စိတ်ထဲက “ထိတ်လန့်ခြင်း၊ ကြည်ညိုခြင်းတို့၏ တည်ရာ ဖြစ်သော လူတို့၏ နှလုံးအိမ်သည် ဟာလာဟင်း ဖြစ်သည့်နည်းတူ၊ လူတို့ပိုင်သော ဘဏ္ဍာတိုက်ခန်းသည်လည်း ဟာလာဟင်းပင် ဖြစ်ပါတကားလား” လို့ အောက်မေ့ မိပါသတဲ့။

အဲသည်လို အချိန်၏ဒဏ်ကို မခံနိုင်လို့ ပျက်စီးခြင်း ရောက်သွားရသည့် အဖြစ်ကို မြင်တော့ အဲသည်လူက အကျိုးအကြောင်းကို ငါ လိုက်ပြီး စုံစမ်းလို့လည်း အကြောင်းထူးတော့မှာ မဟုတ်ဘူးဆိုကာ လှည့်ပြီးပြန်ဖို့ လုပ်ပါသတဲ့။ အဲသည်လို သူ လှည့်ပြီးပြန်မည် လုပ်တုန်းမှာ အင်မတိ အင်မတန် သနားစရာကောင်းသည့် သူဆင်းရဲ တစ်ယောက် လာသပဟာကို တွေ့ရပါသတဲ့။

အဲသဟာနှင့် အဲသည် သူဆင်းရဲကို မေးကြည့်ပါသတဲ့။ ‘သည်မှာ အဆွေ၊ သည်အိမ်ကြီးမှာ နေသည့် သူဌေးကြီးဟာ ဘယ်ရောက်သွားသလဲ။ သူ့ခြွေရံသင်းပင်း တွေကော၊ သူ့စည်းစိမ်ဥစ္စာတွေကော ဘယ်ရောက်ကုန်သလဲ။ သူ့အိမ်ကြီးလည်း ငှတ်တိုပဲ ကျန်ပါတော့ကလား’ လို့။

သည်တော့ သူဆင်းရဲက ‘အဲသည် သူဌေးကြီးဟာ တခြားသူ ဟုတ်ပါရိုးလား၊ ငါပေါ့။ ဒွန္နယာမှာ အလာဟုအရှင် အလိုတော်အတိုင်းသာ ဖြစ်ကြရသည်။ ငါသည်

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အလာဟုအရှင် မြော်ကက်စားတော်မူလိုခိုက်တွင် စည်းစိမ်ဥစ္စာ ခြွေရံသင်းပင်းနှင့် နေရသည်။ မမြော်ကက်စားတော်မူလိုသည့် နေ့တွင် သည်ကဲ့သို့ ဆင်းရဲကျပ်တည်းစွာ နေရသည်။ သည်ကဲ့သို့ ဖြစ်ရခြင်းသည် မဆန်း။ သို့ရာတွင် သင် အကြောင်းတစ်ခုခု ရှိ၍သာ စုံစမ်းဟန်တူသည်။ သင့်အကြောင်းကို ငါ့အား ပြောပါလော့' လို့ ဆိုပါသတဲ့။

သည်တော့ ဆင်းရဲနေရာမှ ရွှေစားခွက်ကို ရလို့ ချမ်းသာလာသည့် သူက ဆင်းရဲသွားသည့် သူဌေးကြီးကို သူ့အဖြစ်အပျက်နှင့် ပတ်သက်ပြီး အကုန်အစင် ပြန်ပြောပြီး 'အဲသဟာကြောင့်မို့ သင့်ကျေးဇူးကိုဆပ်ဖို့ ငါ လာခဲ့ပါသည်။ သင်၏ ရွှေစားခွက်တန်ဖိုးကိုလည်း ယခု ငါ ပေးပါမည်။ နောက်ထပ်လည်း သင် စိတ်ချမ်းသာနိုင်လောက်အောင် လက်ဆောင်များ ပေးပါမည်။ ငါဟာ သင့်ခွေးထံမှ ရွှေစားခွက်ကို ရလို့သာ အခုလို ချမ်းသာလာရပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ ဆင်းရဲသွားသည့် သူဌေးကြီးက ခေါင်းကို ယမ်းပြီး 'သင်ရှူးဘိသလော၊ သင် ပြောပုံသည် သူရူး၏ ပြောပုံတည်း။ ငါ၏ခွေးက သင့်ကို ရက်ရောစွာ ပေးကမ်းလိုက်သော ရွှေခွက်အတွက် ငါက အဘယ်သို့ ယုတ်ညံ့သော သဘောဖြင့် တန်ရာတန်ကြေးကို ယူထိုက်ပါအံ့နည်း။ ငါသည် ယခုထက်ပင် ပို၍ ဆင်းရဲသည် ဖြစ်စေကာမူ သင့်ထံမှ တစိုးတစိမျှ ယူလိုသောစိတ် မရှိပါ။ လက်သည်းခွံမျှသော ပစ္စည်းကိုမျှ သင့်ထံက ငါ အလိုမရှိပါ။ သင်သည် သင်၏ လာရာအရပ်သို့ ကျန်းမာချမ်းသာစွာဖြင့် ပြန်ပါတော့' လို့ မျက်ရည်စက်လက်နှင့် ပြောပါသတဲ့။

အဲသဟာနှင့် ကျေးဇူးဆပ်ချင်သူဟာလည်း ကျေးဇူးဆပ်ခွင့် မရဘဲ သူ့ရပ်ရွာကို ပြန်လာခဲ့ရပါသတဲ့။

## [၂၇]
## ကွက်ကျော် အိပ်မက်ပုံ

နောက်တစ်ပုံကတော့ တစ်ခါတုန်းက ဗဂ္ဂဒက်မြို့မှာ အင်မတန် ချမ်းသာသည့် သူဌေးကြီး တစ်ဦး ရှိပါသတဲ့။ အဲသည် သူဌေးကြီးဟာ တစ်နေ့တော့ ဆင်းရဲသွားပြီး ပန်းထိမ်းအလုပ်ကို လုပ်ပြီး စားရပါသတဲ့။

တစ်ညတော့ အဲသည် သူဌေးဟောင်း ပန်းထိမ်းက အလုပ်က ပြန်လာပြီး မောမောပန်းပန်းနှင့် အိပ်ပျော်သွားပါသတဲ့။ အဲသည်လို အိပ်ပျော်နေတုန်းမှာ သူ့ကို လူတစ်ယောက်က လာပြောပါသတဲ့။ 'သင် ချမ်းသာချင်လျှင် ကိုင်ရိုမြို့ကို သွားပါ။ အဲသည်သွားပြီး စီးပွားရှာလျှင် သင် ချမ်းသာပါလိမ့်မည်' လို့။

အဲသဟာနှင့် အဲသည် ပန်းထိမ်းစား ကိုင်ရိုမြို့ကို ထွက်သွားပါသတဲ့။ ကိုင်ရို





မြို့ ရောက်တော့ အချိန် မရှိတော့သဟာနှင့် ဗလီထဲမှာ ဝင်အိပ်ပါသတဲ့။ အဲသည်တုန်းမှာ အလာဟုအရှင်ရဲ့ အလိုတော်အရ ခိုးသားများက ဗလီထဲက ဖြတ်ပြီး အနားက အိမ်ကို ဝင်ခိုးကြပါသတဲ့။ သည်တော့ အိမ်ရှင်က နိုးပြီး 'သူခိုး၊ သူခိုး' လို့ အော်သဟာနှင့် ခိုးသားတွေဟာ ထွက်ပြေးကြပါသတဲ့။ အဲသည်တုန်းမှာ မြို့ဝန်ရောက်လာပြီး ဗလီထဲမှာ ပန်းထိမ်း အိပ်နေသဟာ တွေ့သဟာနှင့် ဖမ်းပြီး ဖူးရောင်ညိုမည်းနေအောင် ရိုက်ပါသတဲ့။ အဲသဟာနှင့် ပန်းထိမ်းလည်း မသေရုံတမည်ပဲ ကျန်ပါသတဲ့။ ပြီးတော့ မြို့ဝန်က ပန်းထိမ်းကို ထောင်ထဲမှာ သွင်းပြီး စစ်ပါသတဲ။ 'သင်က ဘယ်ကလဲ' လို့။ သည်တော့



www.burmeseclassic.com

www.burmeseclassic.com



ပခုံးထမ်းက 'ဗဂ္ဂဒက် မြို့ကပါ' လို့ ဖြေပါသတဲ့။ နောက်ထပ် မြို့ဝန်က 'သင် သည်ကို ဘာလာလုပ်သလဲ' လို့ မေးတော့ ပခုံးထမ်းက 'ငါ့ကို အိပ်မက်ထဲမှာ လူတစ်ယောက်က လာပြောသည်။ သင် ချမ်းသာချင်လျှင် ကိုင်ရိုမြို့ကို သွားပါ။ အဲသည် သွားပြီး စီးပွားရှာလျှင် ချမ်းသာပါလိမ့်မည်လို့။ အဲသဟာနှင့် အခု ငါ လာခဲ့တော့ ပစ္စည်းတော့ မရဘူး၊ သင် ရိုက်သဟာ ခံရသဟာပါပဲ' လို့ ပြောပါသတဲ့။

သည်တော့ မြို့ဝန်က ဟက်ဟက် ပါအောင် ရယ်ပြီး 'တယ်ဖျင်းသည့် လူပဲ၊ ငါ့ကို အိပ်မက်ထဲမှာ လူတစ်ယောက်က လာပြောသဟာ သုံးခါရှိပြီ။ ဗဂ္ဂဒက်မြို့မှာ သည်လို သည်လို အိမ်ကြီးတစ်ဆောင် ရှိသည်။ အဲသည် အိမ်ကြီးရဲ့ ဝင်းထဲက ရေပန်းတိုင်အောက်ကို တူးကြည့်လျှင် အသပြာတွေ အများကြီး တွေ့လိမ့်မယ်လို့။ သဟာပေမင့် ငါ မသွားဘူး၊ သင်ကတော့ အမြော်အမြင် မရှိလို့ အိပ်မက်ကို အားကိုးပြီး သည်ကို လာသည်။ အိပ်မက် ဆိုသဟာ အလကား ဟာမျိုးပဲ။ ရော့ ပြန်ဖို့စရိတ်၊ ဗဂ္ဂဒက်မြို့ကိုသာ ပြန်ပေတော့' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ပခုံးထမ်းလည်း မြို့ဝန် ပေးသည့် ခရီးစရိတ်ကို ယူပြီး သူ့မြို့ကို သူ ပြန်လာပါသတဲ့။

အဲသဟာနှင့် ပခုံးထမ်းက ဗဂ္ဂဒက်မြို့ ပြန်ရောက်လို့ ကိုင်ရိုမြို့ဝန် အိပ်မက်ထဲက ပါသည့် အိမ်ကိုကြည့်တော့ တခြားအိမ် မဟုတ်ဘဲ သူ့အိမ် ဖြစ်နေသဟာကို တွေ့ရပါသတဲ့။ အဲသ ဘာနှင့် ပခုံးထမ်းက မြေကြီးထဲ တူးကြည့်တော့ အလာဟု အရှင် အလိုတော်အရ အသပြာတွေ အများကြီးတွေ့ပြီး အလျင်ကလိုပဲ ပြန်ပြီး ချမ်းသာလာပါသတဲ့ဟု ပြောပြီးလျှင် ယှာဥ္ဇာဇတ်က သူ့ညီမ ဒွန်ယာဇတ်သို့ 'မိုးလည်း လင်းတော့မည် ညီမလေးရယ်၊ နောက်ထပ် ပုံပြောဖို့ အချိန် မရှိတော့ပါဘူး' ဟု ဆိုသည်။

'နောက်ထပ် တစ်ပုံ ပြောပါဦး မမရဲ့'ဟု ဒွန်ယာဇတ်က တောင်းပန်သည်။

'မင်းတရားကြီးက မမကို သည်နေ့ ထားတော်မူဦးမည် ဆိုလျှင်တော့ ညကျရင် မမ ပုံတစ်ပုံ ထပ်ပြောပါမည် ညီမလေးရယ်' ဟု ယှာဥ္ဇာဇတ်က တာဝန်ယူသည်။

ထိုအခါ ယှာဥ္ဇိယ မင်းကြီးက 'ညကျရင် နောက်ထပ် တစ်ပုံ ပြောစေ'ဟု အမိန့်တော်မှတ်သည်။

## [၂၈]
## စက်မြင်းပျံ

သည်ည မမ ပြောမည့် ပုံကတော့ စက်မြင်းပျံလို့ ခေါ်သည် ညီမလေးရဲ့...ဟု အစချီပြီးလျှင် ယှာဥ္ဇာဇတ်က အောက်ပါအတိုင်း ပြောပြသတဲ့။

ဟို့... ရှေးရှေးတုန်းက ပါယှပြည်မှာ မင်းထက်မင်း ဖြစ်တော်မူသည့် ဘုရင်ကြီး





တစ်ပါး နန်းစံပါသတဲ့။ သူ့ဘွဲ့တော်က သဗုဋ္ဌပါတဲ့။ သဗုဋ္ဌ ဘုရင်မင်းမြတ်ဟာ ပစ္စည်းဥစ္စာကလည်း ပေါ။ အုပ်စိုးရသည် နိုင်ငံတော်ကလည်း ကျယ်ဝန်းပြီး ဉာဏ်ပညာလည်း အထူး ရှိပါသတဲ့။ အပေးအကမ်းလည်း အင်မတန် ရက်ရော၊ ကြင်နာတတ်သည့် စိတ်လည်းရှိပြီး သူ့ဆီကို ခိုလှုံလာသည့် သူ မှန်လျှင်လည်း အားလုံးကိုပဲ ပေးကမ်းစွန့်ကြဲ လုပ်ပါသတဲ့။ သူ့ဆီလာလို့ လက်ချည်းသက်သက် ပြန်ရသည့် သူရယ်လို့ မရှိဘူးတဲ့။ စိတ်နှလုံး ပူပန်လာသည့် သူများကိုလည်း စိတ်နှလုံး သက်သာရာ ရစေပြီး၊ ဘေးတွေ့လို့ ခိုလှုံလာသူများကိုလည်း မညှိုးမငယ်ရအောင် စောင့်ရှောက် ပေးတော်မူပါသတဲ့။ ပြီးတော့ မရှိဆင်းရဲသူများကိုလည်း ချစ်ခင်တော်မူပါသတဲ့။ သူစိမ်းတစ်ရံဆံများကိုလည်း ပျူပျူငှာငှာ ပြုစုတော်မူပါသတဲ့။ ပြီးတော့ အနှိပ်စက် အညှဉ်းပန်းခံရသူများကိုလည်း ကာကွယ် စောင့်ရှောက်ပေးတော်မူပြီး နှိပ်စက်ကလူ ပြုမူသူများကိုလည်း တရားနှင့်အညီ စီရင်ပါသတဲ့။

သဗုဋ္ဌဘုရင်ကြီးမှာ သမီးတော်သုံးပါး ရှိသတဲ့။ အဲသည် သမီးတော်သုံးပါးကလည်း လပြည့်ဝန်းကြီးတွေလို တင့်တယ်ခြင်းရှိပြီး ဝေဝေဆာဆာ ပွင့်နေသည့် ပန်းဥယျာဉ်များလိုလည်း တင့်တယ်ပါသတဲ့။ သဗုဋ္ဌဘုရင်ကြီးဟာ အလှူတော်ကြီး နှစ်ခါ ပေးပါသတဲ့။ အလှူတော်ကြီးများ ပေးသည့်နေ့မှာ ဆိုလျှင်လည်း တိုင်းသူပြည်သားတွေကို ဆင်းရဲချမ်းသာမရွေး ရွှေနန်းတော်ကြီးကို ဖိတ်ပြီး ပြုစုကျွေးမွေးတော်မူပါသတဲ့။ နန်းတော်သူ နန်းတော်သား၊ မှူးထမ်း ရာထမ်းများကိုလည်း ဆုလာဘ် ချီးမြှင့်သင့်သူကို ဆုလာဘ် ချီးမြှင့်၊ ရာထူး တိုးသင့်သူကို တိုးပေးပါသတဲ့။ အဲသဟာနှင့် တိုင်းသူပြည်သားများကလည်း သဗုဋ္ဌ ဘုရင်ကြီးကို ချစ်ခင် ကြည်ညိုကြသဟာနှင့် လက်ဆောင်အမျိုးမျိုး ဆက်သကြပါသတဲ့။

ပြီးတော့ သဗုဋ္ဌ ဘုရင်ကြီးဟာ ပညာရှိများကိုလည်း အထူး ချီးမြှင့်မြှောက်စားပါသတဲ့။ အဲသဟာနှင့် ပွဲတော်နေ့ကြီး တစ်နေ့မှာ ပညာရှိကြီး သုံးဦး သူ့ဆီကို အခစား ရောက်လာပါသတဲ့။ အဲသည် ပညာရှိကြီးသုံးဦးဟာ အမျိုးမျိုး အဖုံဖုံ အတတ်များကိုလည်း သူမတူအောင် တတ်ကြပါသတဲ့။ တစ်ဦးက အိန္ဒိယသားပါတဲ့၊ တစ်ဦးက တော့ ယောနကတိုင်းသားပါတဲ့။ ကျန်တစ်ဦးကတော့ ဖာရစီ ခေါ် ပါယှတိုင်းသား ပါတဲ့။

အဲသည် ပညာရှိကြီး သုံးဦးအနက် အိန္ဒိယသား ပညာရှိက ကျောက်သံ ပတ္တမြား အမျိုးမျိုးဖြင့် စီခြယ် မွမ်းမံထားသည့် ရွှေရုပ်ကို ဆက်ပါသတဲ့။ အဲသည် ရွှေရုပ်ရဲ့ လက်ထဲမှာ တံပိုးကို ကိုင်ထားပါသတဲ့။ သည်တော့ သဗုဋ္ဌမင်းကြီးက 'အို... သုခမိန်၊ သင်၏ ရွှေရုပ်သည် မည်သို့ စွမ်းပါသနည်း' လို့ မေးပါသတဲ့။ သည်တော့ အိန္ဒိယသား ပညာရှိကြီးက 'မှန်လှပါ၊ ဤရွှေရုပ်ကို အရှင်မင်းကြီး၏ မြို့တံခါးဝတွင် ထားပါက



www.burmeseclassic.com

www.burmeseclassic.com



ရန်သူများလာလျှင် ဤရွှေရုပ်က တံပိုးကို မှုတ်ပါလိမ့်မည်။ ထိုအခါ ရန်သူများသည် အတုံးအရုံး လဲပြီး သေကုန်ပါလိမ့်မည်’ လို့ လျှောက်ပါသတဲ့။ သည်တော့ သဗ္ဗဋမင်းကြီးက ‘အို . . . သုခမိန်၊ သင် ယခု လျှောက်သည့် အတိုင်းသာ မှန်လျှင် ငါသည် သင့်အား အလိုရှိရာ ဆုကို ပေးမည်’ လို့ မိန့်တော်မူပါသတဲ့။

ပြီးတော့ ယောနကတိုင်းသား ပညာရှိကြီးက ငွေဖလားကြီးတစ်လုံးကို ဆက်သပါသတဲ့။ အဲသည် ငွေဖလား အလယ်ကောင်မှာ ရွှေဒေါင်းရုပ် ရှိပါသတဲ့။ ရွှေဒေါင်းရုပ်ရဲ့ ဘေးပတ်လည်မှာ ရွှေဖြင့် ပြုလုပ်ထားသည့် ဒေါင်းပေါက်စကလေး နှစ်ဆယ့်လေးကောင် ရှိပါသတဲ့။ သည်တော့ သဗ္ဗဋမင်းကြီးက မေးတော်မူပါသတဲ့။ ‘အို . . . သုခမိန်၊ သင်၏ ငွေဖလားနှင့် ရွှေဒေါင်းမိသားတစ်စုသည် အဘယ်သို့သော အစွမ်း ရှိပါသနည်း’ လို့။ သည်တော့ ယောနက သုခမိန်က ‘မှန်လှပါ၊ ဤရွှေဒေါင်းရုပ်သည် နေ့ရော ညဉ့်ပါ တစ်နာရီလျှင် တစ်ကြိမ် သူ့ သားငယ်များကို အလှည့်ကျ နှုတ်သီးဖြင့် ဆိတ်ပြီးလျှင် အတောင်ဟုန်ကို ပေးပါလိမ့်မည်။ တစ်လ တစ်လ ကုန်ဆုံးသော အခါတွင်လည်း သူ့နှုတ်သီးကို ဖွင့်၍ ပြပါလိမ့်မည်။ ထိုအခါ အရှင်မင်းကြီးသည် ဆန်းသစ်စ လ ရေးကို မြင်ရပါလိမ့်မည်’ လို့ လျှောက်ပါသတဲ့။ သည်တော့ သဗ္ဗဋမင်းကြီးက ‘အို . . . သုခမိန်၊ သင် ပြောသည့်အတိုင်းသာ မှန်ပါမူ ငါသည် သင့်အား သင် အလိုရှိရာ ဆုကို ပေးအံ့’ လို့ မိန့်တော်မူပါသတဲ့။

ပြီးတော့ ပါယုပညာရှိကြီးက ရွှေ ငွေ ကျောက်သံပတ္တမြား ခြယ်လှယ်ထားသည့် သစ်သားရုပ် မြင်းနက်ကြီးကို ဆက်ပါသတဲ့။ သည်တော့ သဗ္ဗဋမင်းကြီးက မြင်းရုပ်ကြီးကို အသေအချာ ကြည့်ပြီး အံ့သြတော်မူသွားပြီး ‘အို . . . သုခမိန်၊ ဤသစ်သားမြင်းရုပ်သည် အဘယ်သို့ စွမ်းပါသနည်း။ သူ့ကို စီးချင်တော့ ဘယ်လို လုပ်ရသနည်း’ လို့ မေးတော်မူပါသတဲ့။

သည်တော့ ပါယုသုခမိန်က ‘အရှင်မင်းကြီး၊ ဤမြင်းရုပ်သည် စီးသူအား ကောင်းကင်ခရီးဖြင့် လိုရာသို့ ဆောင်ပို့ ပေးနိုင်ပါသည်။ တစ်နှစ် သွားရမည့် ခရီးကို တစ်နေ့တည်းနှင့် ရောက်အောင် ပို့ပေးနိုင်ပါသည်’ လို့ လျှောက်ပါသတဲ့။ သည်တော့ သဗ္ဗဋမင်းကြီးက ‘အို . . . သုခမိန်၊ အခု သင် ပြောသည့် အတိုင်းသာ မှန်ခဲ့ပါလျှင် ငါသည် သင့်အား သင် အလိုရှိရာ ဆုကို သနားတော်မူမည်’ လို့ ဆိုပါသတဲ့။ ပြီးတော့ တစ်နေ့တည်းတွင် ထူးခြားသော လက်ဆောင်တော် သုံးခု ရောက်လာသဟာနှင့် သဗ္ဗဋမင်းကြီးလည်း အလွန်အကျူး အထူးပင် အားရ ဝမ်းသာ ဖြစ်တော်မူပြီး သုခမိန်ကြီး သုံးဦးအား သုံးရက်တိုင်တိုင် ခမ်းနားကြီးကျယ်စွာ ညှော်ခံ ကျွေးမွေးတော်မူပါသတဲ့။ ပြီးတော့ အိန္ဒိယပညာရှိကြီးက သူ့တံပိုးမှုတ် အရုပ်ကို တံပိုး မှုတ်ပြစေပါသတဲ့။ ပြီးတော့ ယောနက ပညာရှိကြီးက သူ့ဒေါင်းရုပ်ကို နာရီတီး အပြခိုင်းပါသတဲ့။ ပြီးတော့ ပါယု ပညာရှိကြီးက သူ့မြင်းနက်ရုပ်ကြီးကို သူကိုယ်တိုင် စီးပြီး ကောင်းကင် ပျံတက်ပြပါသတဲ့။





သည်တော့ သဗ္ဗဋမင်းကြီးက ဝမ်းသာတော်မူလွန်းလို့ ‘အို . . . သုခမိန် ကြီးတို့၊ သင်တို့ဘက်က သင်တို့ ပြောသည့်အတိုင်း တာဝန်ကျေကြပေပြီ။ ငါ့ဘက်က ငါ တာဝန်ခံသည့်အတိုင်း ဆုတော်လာဘ်တော် ပေးဖို့ပင် ကျန်တော့သည်။ သင်တို့ လိုရာ ဆုကို ပြောကြကုန်လော့’ လို့ ဆိုပါသတဲ့။ သည်တော့ ပညာရှိကြီး သုံးဦးကလည်း သဗ္ဗဋမင်းကြီးရဲ့ သမီးလှ သုံးပါးအကြောင်း သတင်းကြားထားသဟာနှင့် ‘မှန်လှပါ၊ အရှင်မင်းမြတ်ကြီးက လိုရာဆုကို တောင်းလို့ အမိန့်တော် မှတ်သည့်အတိုင်း ငါတို့ သုံးဦးအား အရှင်မင်းကြီး၏ သမီးတော်သုံးပါးနှင့် တစ်ဦးစီ တစ်ဦးစီ စုံဖက်၍ ပေးပြီးလျှင် သမက်တော်သုံးပါး အရာတွင် ထားစေလိုပါသည်။ ဤနည်းဖြင့် အရှင်မင်းကြီး၏ နိုင်ငံတော် လုံခြုံရေးသည် ဖြစ်ပါလိမ့်မည်’ လို့ ဆိုပါသတဲ့။ သည်တော့ သဗ္ဗဋမင်းကြီးက ‘ကောင်းပြီ၊ ငါ့ ဝန်ခံချက်အတိုင်း ငါ့စကားကို ငါ မဖျက်ဘူး။ သင်တို့ လိုသောဆုကို ငါ ပေးတော်မူမည်’ ဆိုပြီး သူ့သမီးတော် သုံးပါးနှင့် ပညာရှိကြီး သုံးဦးကို ထိမ်းမြားပေးရန် မြို့ဝန်ကို ခေါ်တော်မူပါသတဲ့။

အဲသည်အခိုက်မှာ သမီးတော် သုံးပါးကလည်း တင်းထိမ်အကြားမှ ချောင်းပြီး ကြည့်နေကြပါသတဲ့။ အဲသဟာနှင့် သမီးတော် အထွေးဆုံးက သူနှင့် ထိမ်းမြားရမည့် ကြင်ရာတော်လောင်းကို ကြည့်လိုက်တော့ လား လား အသက်ကလည်း တစ်ရာကျော်၊ အရုပ်ကလည်း အဆိုးဆုံး၊ ဆံဖြူ သွားကျိုး၊ သနှိုင်းကို မျက်စောင်းထိုးနေသည့် ရွတ်တွကြီး ဖြစ်နေသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ သမီးတော် သုံးပါးထဲမှာ အထွေးဆုံး သမီးတော်ကလေးကလည်း အလှဆုံး အချောဆုံးကလေး ဖြစ်ပါသတဲ့။ အရွယ်တော်ကလေးကလည်း ထိမ်းမြားဖို့ အကောင်းဆုံး အရွယ်တော်ကလေးပါတဲ့။

အဲသဟာနှင့် သမီးတော် အထွေးဆုံးကလေးဟာ သူနှင့် ထိမ်းမြားရမည့် အဘိုးကြီးကို မြင်လိုက်ရတော့ ကိုယ်ကျိုးတော့ နည်းပါပြီဆိုပြီး သူ့အဆောင်တော် ရှိရာကို ပြေးသွားပြီး ရင်ဘတ်စည်တီး ရှိုက်ကြီးတငင် ငိုရှာတော့ သဟာပါပဲတဲ့။ အဲသလို ငိုနေရှာတုန်းမှာ သူ့မောင်တော် ကမာဋ္ဌက်မာဋ္ဌကလည်း ခရီးသွားရာမှ ပြန်လာလို့ တွေ့တော့ ‘အလို . . . နှမတော်၊ အဘယ်ကြောင့် ဤမျှလောက် ငိုကြွေး၍ နေရပါသနည်း။ ဘာဇာကိုမျှ လျှို့ဝှက် မထားပါလင့်၊ အကြောင်းစုံကို မောင်တော့်အား ပြောပါလော့’ လို့ ဆိုပါသတဲ့။ ကမာဋ္ဌက်မာဋ္ဌ မင်းသားကလေးကလည်း သူ့နှမတော် သုံးပါးအနက် အထွေးဆုံးကလေးကို အချစ်ဆုံးပါပဲ တဲ့။

သည်တော့ မင်းသမီးကလေးက ‘အို . . . မောင်တော်၊ နှမတော်လေးမှာ မောင်တော် မသိအောင် လျှို့ဝှက်ထားစရာ အကြောင်းမရှိပါ။ ခမည်းတော်ဘုရားရဲ့ ရွှေနန်းတော်အရေး မရှုပ်ထွေးစေရန်အတွက် နှမတော်ကလေး တိုင်းပြည်မှ ထွက်ခွာပေးရမည် ဆိုလျှင်လည်း ထွက်ခွာပေးပါမည်။ အကယ်၍ ခမည်းတော် ဘုရားက



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို နားမထောင်သဖြင့် နှမတော်ကလေးအား သေခန်းဖြတ်မည် ဆိုလျှင်လည်း ဖြတ်ပါစေတော့' လို့ ဆိုပါသတဲ့။





သည်တော့ မင်းသားကလေးက 'အို... နှမတော်ကလေး၊ သင် စိတ်မချမ်းသာ ဖြစ်နေရသည့် အကြောင်းကိုသာ ငါ့အား အတိအလင်း ပြောပါလော့' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'နှမတော်ကလေးအား ခမည်းတော် ဘုရားသည် သစ်သား မြင်းနက်ရုပ်ကြီး ဆက်သလာသူ အဘိုးကြီးနှင့် ထိမ်းမြားဖို့ ကြံစည်နေပါသည်။ အဲသည် အဘိုးကြီးက သူတို့ မှော်အတတ်နှင့် ပြုစားထားပါသည်။ သည်အဘိုးကြီးနှင့် ထိမ်းမြားရမည်ဆိုလျှင် နှမတော်ကလေး လူမဖြစ် လာရခြင်းကပင် ကောင်းလိမ့်ပါဦးမည်' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက သူ့ခမည်းတော်ထံ သွားပြီး 'ဘုရားသားတော်၏ နှမတော်ကလေးကို ဘယ်က မှော်ဆရာနှင့် ထိမ်းမြားမည် ကြံပါသနည်း။ သူ ပေးသည့်လက်ဆောင် ဆိုသဟာက ဘယ်လောက်များ ကောင်းလို့ ဘုရားသားတော်၏ နှမတော်ကလေးရဲ့ အသက်ကို သေစေရန် ခမည်းတော်ဘုရားက ကြံတော်မူပါသနည်း။ ဤသို့ ပြုမူတော်မူရန် ကြံခြင်းသည် မတော်ပါ ဘုရား' လို့ လျှောက်ပါသတဲ့။

အဲသည်လို မင်းသားကလေးက သူ့ခမည်းတော်ကို လျှောက်နေသည့် အခါမှာ ပါယှသုခမိန်ကြီးကလည်း အနားမှာ ရှိနေတော့ မင်းသားကလေး စကားကို ကြားသွားပြီး အများကြီး ရှက်သွားပါသတဲ့။ သည်တုန်းမှာ သဗုဠ မင်းကြီးက သူ့သားတော်ကို ပြောပါသတဲ့။ 'အို သားတော်၊ သင်ဟာ ပါယှသုခမိန်ကြီးရဲ့ မြင်းနက်ရုပ်ကြီးကို မြင်ရလျှင် သင်ဟာ အအံ့သြကြီး အံ့သြ၍ သွားမည်သာတည်း' လို့။ ပြီးတော့ မြင်းနက်ရုပ်ကြီးကို ပါယှပညာရှိကြီးက ယူလာပါသတဲ့။ အဲသဟာ နှင့် မင်းသားကလေးကလည်း မြင်းစီးကောင်း ယောကျ်ားတစ်ယောက်ဖြစ်တော့ မြင်းနက်ရုပ်ကြီးကို မြင်သည်ဆိုလျှင်ပဲ တစ်ခါတည်း သဘောကျသွားပြီး ဘာမျှ မပြောဘဲ မြင်းနက်ရုပ်ကြီးကို တက်စီးပြီး ဘေးကို ခြေထောက်နှင့်ခတ်ပြီး မောင်းပါသတဲ့။ သဟာပေမင့် မြင်းနက်ရုပ်ကြီးက နေရာက မရွေ့ပါဘူးတဲ့။

သည်တော့ သဗုဠ မင်းကြီးက ပါယှသုခမိန်ကြီးကို 'အို... သုခမိန်၊ ငါ့ သားတော်ကို ကူညီပါလော့' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ပါယှ သုခမိန်ကြီးကလည်း မင်းသားကလေးကို ငြိုးငြိုးနှင့် 'ဟောသည် ခလုတ်ကို လှည့်လိုက်' လို့ ဆိုပြီး လက်ယာဘက်က အတက်ခလုတ်ကို လှည့်ပြီး ပြလိုက်ပါသတဲ့။ လက်ဝဲဘက်က အဆင်းခလုတ်ကိုတော့ တမင် မပြဘဲ ထားလိုက်ပါသတဲ့။

အဲသဟာနှင့် မင်းသားကလေးလည်း ရှေ့လောကြီးကြီးဖြင့် မြင်းရုပ်ကြီးပေါ် တက်ပြီး အတက်ခလုတ်ကို လှည့်လိုက်ပါသတဲ့။ သည်တော့ မြင်းရုပ်ကြီးက တစ်ခါတည်း ကောင်းကင် ပျံတက်သွားလိုက်သဟာ အောက်ကကြည့်လို့ မမြင်ရတော့ပါဘူးတဲ့။ သည်တော့ သဗုဠ မင်းကြီးက 'အို... သုခမိန်၊ ငါ့သားတော် ဘယ်လို ပြန်ဆင်း

www.burmeseclassic.com



တော့မလဲ' လို့ မေးပါသတဲ့။ သည်တော့ ပါယှသုခမိန်က 'အရှင်မင်းကြီး၊ ငါ အဘယ်သို့ တတ်နိုင်အံ့နည်း။ သင့်သားတော်သည် ဤတစ်သက်တွင် ပြန်၍ လာတော့မည် မဟုတ်။ သင့်သားတော်သည် မိုက်မဲခြင်း၊ ထောင်လွှားခြင်းဖြင့် ငါ့အား အဆင်းခလုတ် အကြောင်းကို မေး၍မသွား၊ ငါလည်း မေ့လျော့၍ မပြောလိုက်မိပါ' လို့ ဆိုပါသတဲ့။

သည်တော့ သဗုဋ္ဌမင်းကြီးက သိပ်စိတ်ဆိုးသွားပြီး ပါယှသုခမိန်ကို ကြိမ်ဒဏ်ခတ်ခိုင်းပြီး ထောင်သွင်း အကျဉ်းချထားဖို့ အမိန့်တော် မှတ်လိုက်ပါသတဲ့။ ပြီးတော့ သူကိုယ်တိုင်လည်း ရင်ဘတ်စည်တီးပြီး ငိုပါတော့သတဲ့။ ပြီးတော့ ရွှေစိတ်တော် မကောင်းသဟာနှင့် မိဖုရားကြီးနှင့် သမီးတော်များပါ နန်းတော်ထဲမှာ တံခါးပိတ်ပြီး ပူပွဲဆင်နေပါသတဲ့။

အဲသည်အတွင်းမှာ မင်းသားကလေး စီးသွားသည့် မြင်းနက်ရုပ်ကြီးကလည်း ပျံတက်သွားလိုက်သဟာ ဟာ နေနားကို ရောက်သွားသဟာပါပဲ တဲ့။ သည်တော့ မင်းသားကလေးက "သည်တစ်ခါတော့ ငါ ခက်ပြီ၊ ပါယှသုခမိန်ကြီးက ငါ့နှမတော် အထွေးဆုံးကလေးအတွက် ငါ့ကို သက်သက် သေအောင် လုပ်လိုက်သဟာပဲ။ သို့သော် ဒွန္နယာကြီးမှာ အလာဟု အရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိပြီ" လို့ အောက်မေ့ပါသတဲ့။ ပြီးတော့ သူဟာ စဉ်းစားမိပါသတဲ့ ။ "သည်မြင်းရုပ်မှာ တက်ဖို့ခလုတ် ရှိလျှင် ဆင်းဖို့ ခလုတ် ရှိရမည်" လို့။ အဲသဟာနှင့် အဆင်းခလုတ်ရှာတော့ လက်ဝဲဘက်မှာ ခလုတ်တစ်ခု သွားတွေ့ပါသတဲ့။ သည်တော့ မင်းသားကလေးက ခလုတ်သဘော သိရအောင် ပထမ ညာဘက်က ခလုတ်ကို လှည့်စမ်းပါသတဲ့။ သည်တော့ မြင်းရုပ်ကြီးက အထက်ကို တိုးပြီး တက်သွားပါသတဲ့။ အဲသဟာနှင့် တစ်ခါ လက်ဝဲဘက်က ခလုတ်ကို လှည့်စမ်း ပြန်ပါသတဲ့။ သည်တော့ မြင်းရုပ်ကြီးက အောက်ဘက်ကို တရွေ့ရွေ့နှင့် ဆင်းလာပါသတဲ့။ သည်တော့မှ မင်းသားကလေးဟာ ဝမ်းသာလာနိုင်ပြီး အလာဟု အရှင်ကို ကျေးဇူးတင်ပါသတဲ့။

အဲသဟာနှင့် မင်းသားကလေးဟာ အတက်ခလုတ်၊ အဆင်းခလုတ်ကို နားလည်လာသဟာနှင့် သူ့သဘောအတိုင်း မြင်းပျံကြီး စီးပြီး တက်လိုက် ဆင်းလိုက်နှင့် လုပ်နေပါသတဲ့။ ပြီးတော့မှ အဆင်းခလုတ်ကို လှည့်ပြီး တစ်နေ့လုံး မြေကြီးနား ရောက်အောင် ဆင်းလာပါသတဲ့။ ပြီးတော့ အပျင်းပြေသဘောနှင့် အပြည်ပြည် အမြို့မြို့ အပေါ်ကို ပျံပြီး လျှောက်ကြည့်ပါသတဲ့။ အဲသလို ကြည့်နေရင်းနှင့် ခပ်လှမ်းလှမ်းမှာ အင်မတိ အင်မတန် သာယာစိမ်းစိုသည့် မြို့ကြီးတစ်မြို့ကို မြင်ပါသတဲ့။ အဲသဟာနှင့် သူ့စိတ်ထဲက အဲသည်မြို့ကြီးဟာဖြင့် သိပ်သာယာသဟာပဲ။ ဘာမြို့လဲ ဆိုသဟာ ငါ သွားကြည့်ဦးမည်လို့ အကြံပေါက်လာပြီး အဲသည် မြို့ကြီးဘက်ကို မြင်းဦးလှည့်ပြီး ပျံသွားပါသတဲ့။ မြို့ကြီးပေါ် ရောက်သွားတော့ ရုတ်တရက် မဆင်းသေးဘဲ အပေါ်ကနေ ပတ်ချာလှည့်ပြီး ကြည့်ပါသတဲ့။





အဲသည်လို ကြည့်နေတုန်းမှာ ညနေစောင်းသွားပြီး နေကလည်း ဝင်ခါနီးမို့ နီရဲနေပါသတဲ့။ အဲသဟာနှင့် "အင်း . . . သည်ညတော့ ငါ သည်မြို့ကြီးမှာပဲ ဝင်နားပြီး မနက်မိုးလင်းမှပဲ ငါ့ခမည်းတော် နိုင်ငံကို ပြန်ပြီး ဖြစ်သမျှ အကျိုးအကြောင်းကို ပြောပြမည်" လို့ အောက်မေ့ပြီး သူ ဆင်းဖို့ကောင်းမည့် နေရာကို ကြည့်ပါသတဲ့။ အဲသည်တော့ မြို့လယ်ကောင်မှာ အင်မတန် ကြီးကျယ်သည့် နန်းတော်ကြီးကို တွေ့ပါသတဲ့။ အဲသည် နန်းတော်ကြီးကိုလည်း ကျွန်မည်းကြီး လေးကျိပ်က လက်နက် အပြည့်အစုံ ကိုင်ပြီး စောင့်နေကြပါသတဲ့။

အဲသဟာနှင့် မင်းသားကလေးက အဆင်းခလုတ်ကို လှည့်ပြီး မြို့ကြီးရှိရာကို ဆင်းသွားပြီး နန်းတော်ခေါင်မိုးပေါ်မှာ ရပ်ပါသတဲ့။ ပြီးတော့ မြင်းရုပ်ကြီးပေါ်က ဆင်းပြီး အလာဟုအရှင်အား ချီးမွမ်းခြင်းသည် ဖြစ်စေသတည်း။ (အာလလံ ဒိုလစ်လာ) လို့ ရွတ်ပါသတဲ့။ ပြီးတော့ မြင်းရုပ်ကိုယ်ကို အသေအချာ ကြည့်ပြီး သဘောကျနေပါသတဲ့။ ပြီးတော့ "အင်း . . . သည်မြင်းရုပ်ကြီး လုပ်သည့် သူဟာဖြင့် အင်မတိ အင်မတန်ကို တော်သည့် သူပါပေပဲ။ တကယ်လို့သာ ငါဟာ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးနှင့် ငါ့ခမည်းတော်နိုင်ငံကို ချောချောမောမော ပြန်ရောက်သွားမည်ဆိုလျှင် သည်မြင်းရုပ်ကြီးကို စီရင်သည့် သုခမိန်ကြီးကို ငါ ရက်ရက်ရောရော ဆုချမည်" လို့ အောက်မေ့ပါသတဲ့။

အဲသည်လို အောက်မေ့နေတုန်းမှာပဲ နေကလည်း စုပ်စုပ်ဝင်သွားပါသတဲ့။ ပြီးတော့ မင်းသားကလေးက နန်းတော်သူ နန်းတော်သားတွေ အိပ်ကုန်အောင် စောင့်နေပါသတဲ့။ ပြီးတော့ သူဟာ မြင်းပျံကြီးကို တက်စီးလာသည့် အချိန်က စပြီး အစာကလည်း မစားရ၊ ရေလည်း မသောက်ရသဟာဖြင့် ဆာလွန်း၊ ငတ်လွန်းလို့ "အင်း သည်နန်းတော်ကြီးထဲမှာတော့ စားစရာ၊ သောက်စရာ တစ်ခုခုတော့ ရှိမှာပဲ" လို့ အောက်မေ့ပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးဟာ မြင်းပျံကြီးကို နန်းတော် ခေါင်မိုးပေါ်မှာ ထားခဲ့ပြီး နန်းတော်ထဲမှာ အစာရှာဖို့ ဆင်းလာခဲ့ပါသတဲ့။ အဲသဟာနှင့် လှေကားတစ်ခုကို တွေ့ပါသတဲ့။ ပြီးတော့ ကျောက်ပြား ခင်းထားသည့် နန်းရင်ပြင်ကို တွေ့ပါသတဲ့။ အဲသဟာနှင့် နန်းတော်ကြီးရဲ့ သာယာဟန်ကို ကြည့်ပြီး လူရိပ်လူခြည်ကို ကြည့်ပါသတဲ့။ သဟာပေမင့် ဘာမျှ မတွေ့ရပါဘူး တဲ့။ အဲသဟာနှင့် ဘယ်သွားပြီး ဘာလုပ်ရမည် ဆိုသဟာကို ဝေခွဲလို့ မရအောင် ဖြစ်နေပါသတဲ့။ သူ့မြင်းကြီး ထားသည့်နေရာကို ပြန်အိပ်ပြီး မိုးလင်းမှပဲ သူ့ခမည်းတော် နိုင်ငံကို ပြန်တော့မည်လို့ အောက်မေ့သတဲ့။ အဲသည်လို ချီတုံချတုံ ဖြစ်နေတုန်းမှာ နန်းတော်ထဲကို လှမ်းကြည့်လိုက်တော့ မီးခွက်တစ်ခု လက်လက် လက်လက်နှင့် ထွန်းထားသဟာကို မြင်ပါသတဲ့။ အဲသဟာနှင့် မီးရောင်ရှိသည့်ဘက်ကို အသာကလေး အသံမကြားအောင် သွားကြည့်တော့ မိန်းမဆောင်အဝမှာ တုံးလုံးကြီး အိပ်ပျော်နေသည့် သင်းကွပ်ကြီးတစ်ယောက်ကို မြင်ပါသတဲ့။ သူ့မှာ အိမ်ထဲမှာ တပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ဓားရိုးကြီးကလည်း မီးရောင်ထဲမှာ လက်လက် လက်လက်နှင့် ဖြစ်နေပါသတဲ့။ ပြီးတော့ သင်းကွပ်ကြီးရဲ့ ခေါင်းရင်းမှာတော့ သားရေအိတ်တစ်လုံး ဆွဲထားသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးကလည်း ကြောက်လာပြီး အလာဟုအရှင်ကို တ ပါသတဲ့။ “အို . . . အလာဟုအရှင်၊ အရှင်သည် ယခုအချိန်ထိအောင် ငါ့အား စောင့်ရှောက် စောင်မတော်မူပါလော့” လို့။ အဲသည်လို ပြောပြီးတော့ မင်းသားကလေးက မိန်းမဆောင်စောင့် သင်းကွပ်ကြီးရဲ့ ခေါင်းရင်းမှာ ဆွဲထားသည့် သားရေအိတ်ကို ဆွဲယူလိုက်ပြီး ကြောက်ကြောက် ကြောက်ကြောက်နှင့် ဖွင့်ကြည့်လိုက်ပါသတဲ့။ အဲသည်တော့ အလာဟုအရှင်ရဲ့ ကျေးဇူးနှင့် သားရေအိတ်ထဲမှာ အကောင်းဆုံး အစားအစာတွေကို တွေ့ပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးဟာ ဆာလည်း ဆာသဟာနှင့် သားရေအိတ်ထဲမှာ တွေ့သည့် အစာတွေကို ဝအောင်စားပြီး ရေတို့ဘာတို့ သောက်ပါသတဲ့။

ပြီးတော့ သားရေအိတ်ကို သူ့နေရာမှာသူ ပြန်ချိတ်ထားလိုက်ပါသတဲ့။ သည်တော့ သင်းကွပ်ကြီးကလည်း အိပ်ရာက မနိုးပါဘူးတဲ့။ ပြီးတော့ မင်းသားကလေးဟာ “နောက်များ ဘယ်လိုများ ဖြစ်ဦးမလဲ၊ နောက်များ ဘယ်လိုများ ဖြစ်ဦးမလဲ” ဆိုပြီး တထိတ်ထိတ် ဖြစ်နေပါသတဲ့။ ပြီးတော့ မင်းသားကလေးက ဓားကြီးကိုင်ပြီး နန်းတော်ကြီး အတွင်းဘက်ကို ဆက်ဝင်သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ တင်းထိမ်ကာထားသည့် အတွင်းဆောင် တစ်ဆောင်ကို ရောက်သွားပါသတဲ့။ အဲသဟာနှင့် တင်းထိမ်ကို အသာကလေး လှပ်ကြည့်လိုက်တော့ အဆောင်ထဲက ကျောက်စီ ဆင်စွယ်သလွန်နားမှာ ကျွန်မကလေး လေးယောက် အိပ်နေသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် သလွန်ပေါ်မှာ ဘယ်သူများ ရှိပါလိမ့်လို့ အောက်မေ့ပြီး မင်းသားကလေးက ခြေသံမကြားအောင် သွားကြည့်တော့ လပြည့်ဝန်းကြီးလို လှပတင့်တယ်သည့် မိန်းမပျို တစ်ယောက် အိပ်နေသဟာကို တွေ့ပါသတဲ့။ အဲသည် မိန်းမပျိုရဲ့ နဖူးပြင်ကလေးကလည်း ပန်းပွင့်ကလေးလို ဖြူဖွေးနေပါသတဲ့။ ပါးကလေး နှစ်ဖက်ကလည်း သန္တာတုံးများလို ရဲလို့ပါတဲ့။ ပြီးတော့ ပါးပြင်ပေါ်က မှဲ့ကလေးတွေကလည်း ချစ်စရာကလေးတွေပါတဲ့။

အဲသဟာနှင့် မင်းသားကလေးက မိန်းမပျိုရဲ့ ချစ်စရာကောင်းပုံ၊ ကိုယ်ပေါက်ကိုယ်ရောက် ပြေပြစ်ပုံ၊ တင့်တယ်ပုံကို ကြည့်ပြီး အံ့သြမိပါသတဲ့။ ပြီးတော့ မင်းသားကလေးက ခြေတွေ လက်တွေ တတုန်တုန်နှင့် မိန်းမပျိုကလေး အနားကို သွားပြီး ကြောက်ရကောင်းမှန်းလည်း မသိတော့ဘဲနှင့် မိန်းမပျိုရဲ့ လက်ယာဘက် ပါးကလေးကို ငုံ့ပြီး နမ်းလိုက်ပါသတဲ့။ သည်တော့ မိန်းမပျိုလည်း ချက်ချင်း အိပ်ရာက နိုးလာပြီး မင်းသားကလေးကို မြင်တော့ ‘သင် ဘယ်သူလဲ၊ ဘယ်ကလဲ’ လို့ မေးပါသတဲ့။ သည်တော့ မင်းသားကလေးက ‘ငါသည် သင်၏ ကျွန်ပါ၊ သင်၏ အချစ်ပါ’ လို့ ပြောပါ





သတဲ့။ သည်တော့ မိန်းမပျိုက ‘အနို့ သင် သည်ကို ဘယ်လို ရောက်လာသလဲ’ လို့ မေးပါသတဲ့။ သည်တော့ မင်းသားကလေးက ‘အလာဟုအရှင်နှင့် ငါ့ကံက ပို့လို့ ငါ သည်ကို ရောက်လာပါသည်’ လို့ ပြောပါသတဲ့။ မိန်းမပျိုကလေးရဲ့ နာမည်က ယှံဆာလနာဟာဥ္စလို့ ခေါ်ပါသတဲ့။ ပြီးတော့ မိန်းမပျိုလေးက ‘သဟာဖြင့် သင်ဟာ မနေ့က ငါ့ခမည်းတော်ဆီမှာ ငါ့ကို လိုချင်သည်လို့ ပြောတော့ ငါ့ခမည်းတော်က ပယ်လိုက်သည် ဆိုသည့် သူများလား။ သည်လိုဆိုလျှင် ငါ့ခမည်းတော်က သင့်ကို မပယ်လိုက်ဘဲနှင့် ပယ်လိုက်သည်လို့ ပြောသဟာပေါ့။ ငါဖြင့် သင့်လို ချောသည့်သူကို မမြင်ဖူးပါဘူး’ လို့ ဆိုပါသတဲ့။ အဲသည်လို မိန်းမပျိုက ပြောသဟာက ယမန်နေ့က အိန္ဒိယမင်းသား တစ်ပါးက သူ့ခမည်းတော်ထံမှာ သူနှင့် ထိမ်းမြားဖို့ လာပြောလာတော့ သူ့ခမည်းတော်က သဘောမကျလို့ ပယ်လွှတ်လိုက်သည့်သူ မှတ်လို့ ပါတဲ့။ ပြီးတော့ မိန်းမပျိုကလည်း မင်းသားကလေးကို မြင်လိုက်သဟာနှင့် တစ်ပြိုင်နက် အချစ်မီးတောက်ကြီးဟာ တစ်ခါတည်း တောက်သွားပါသတဲ့။ အဲသဟာနှင့် သူတို့နှစ်ယောက်သား ချစ်စကား ပြောနေကြတုန်းမှာ သလွန်ဘေးမှာ အိပ်ပျော်နေကြသည့် ကျွန်မ လေးယောက်လည်း အိပ်ရာက နိုးလာကြပါသတဲ့။ သည်တော့ ကျွန်မတွေက ‘ထိပ်ထားရဲ့၊ သူက ဘယ်သူလဲ’ လို့ မေးကြပါသတဲ့။ သည်တော့ မင်းသမီးကလေးက ‘ထိပ်ထားလည်း ဘယ်သိပါ့မလဲ၊ ထိပ်ထား နိုးလာတော့ ထိပ်ထားနားမှာ ရောက်နေသဟာ သိသဟာပဲ။ မနေ့က ထိပ်ထားနှင့် စုံဖက်ဖို့ လာပြောလာသည့် ဆိုသဟာများလား မသိပါဘူး’ လို့ ဆိုပါသတဲ့။ သည်တော့ ကျွန်မတွေက ‘သဟာကတော့ မဖြစ်နိုင်ပါဘူး ထိပ်ထားရယ်၊ မနေ့က လာပြောလာသည်ဆိုသည့် အိန္ဒိယမင်းသားက အကျည်းတန် အရုပ်ဆိုးကြီးဟာပဲ။ သူကလေးလို ချောသဟာ လှသဟာမှ မဟုတ်ဘဲနှင့်’ လို့ ပြောပြပါ သတဲ့။

ပြီးတော့ ကျွန်မတွေက သင်းကွပ်ကို သွားနှိုးပြီး ရန်တွေ့ကြပါသတဲ့။ ‘ဟဲ့ . . . သင်းကွပ်ကြီး၊ သင်ဟာ သိပ်ပေါ့လျော့သည်။ သင်ဟာ ဘာမျှ ထိပ်ထားလေးရဲ့ အဆောင်တော်ကို ကြည့်ပြီး စောင့်ရှောက်ရမှန်း မသိဘူး။ အခု သင် ပေါ့လျော့လို့ တို့အဆောင်တော်ထဲကို ယောကျ်ားတစ်ယောက် ရောက်နေပြီ’ လို့။ သည်တော့မှ သင်းကွပ်လည်း အထိတ်တလန့် ထပြီး သူ့ဓားကို ဆွဲကြည့်ပါသတဲ့။ ဓားအိမ်ထဲမှာ ဓားမရှိသဟာ တွေ့တော့ ကြံရာမရဖြစ်ပြီး မင်းသမီးကလေး အဆောင်တော်ကို ပြေးသွားပါသတဲ့။ အဆောင်တော်ထဲ ရောက်လို့ မင်းသားကလေးက မင်းသမီးကလေးနှင့် စကားပြောနေသဟာကို တွေ့တော့ ‘အို . . . အရှင့်သား၊ အရှင့်သားသည် လူလော၊ သရဲလော’ လို့ မေးပါသတဲ့။

သည်တော့ မင်းသားကလေးက ‘ဟဲ့ . . . ကောင်မိုက်၊ ငါလို ရှင်ဘုရင်သားကို သင်က သရဲနှင့် နှိုင်းရသလော’ လို့ ဆိုပါသတဲ့။ ပြီးတော့ မင်းသားကလေးက ဓားကို



www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး သင်းကွပ်ကို ပြောပါသတဲ့။ 'ငါဟာ တခြားသူ မဟုတ်ဘူး၊ သင်တို့ မင်းကြီးရဲ့ သမက်တော်ပဲ။ ငါ့ကို သမီးတော်ဆီကို သွားချေရမည်လို့ အမိန့်တော် မှတ်လိုက်လို့ ငါ သည်ကို လာသဟာ' လို့။

သည်တော့ သင်းကွပ်က 'အို . . . အရှင်၊ အရှင်သည် အရှင် ပြောသည့်အတိုင်း မှန်ပါမူ အရှင်သည် ငါတို့ ထိပ်ထားနှင့် ထိုက်တန်ပါပေသည်' လို့ ပြောပြီး ရှင်ဘုရင့် ရှေ့တော်ကို ဒုန်းစိုင်းပြီး သွားပါသတဲ့။ ရှေ့တော် ရောက်တော့ တုန်တုန်ယင်ယင်နှင့် 'အရှင်မင်းကြီး၊ အရှင်မင်းကြီးရဲ့ သမီးတော်ကို သရဲ တစ်ကောင်က မင်းသားယောင်ဆောင်ပြီး သိမ်းပိုက်ထားပါသည်။ အရှင်မင်းကြီး ယခုပင် လိုက်၍ ကြည့်တော်မူပါလော့' လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'ဟယ် ကျွန်ယုတ်၊ သင့်ကို စောင့်ရှောက်ဖို့ ထားပါလျက်နှင့် အဘယ်ကြောင့် ငါ့သမီးတော် အဆောင်ကို သရဲ ဝင်ရသနည်း' လို့ ဆိုပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ကြီးက ကမန်းကတန်း ထပြီး သမီးတော်အဆောင်ကို လိုက်သွားပါသတဲ့။ သမီးတော်အဆောင် ရောက်တော့ ကျွန်မက သံတော်ဦးတင်ပါသတဲ့။ 'မှန်လှပါ၊ ဘုရား ကျွန်မတို့လည်း အိပ်ချင်ချင်နှင့် အိပ်ပျော်နေစဉ် ဤမင်းသားဟာ ထိပ်ထားရဲ့ အဆောင်တော်ထဲမှာ ရောက်နေပါသည် ဘုရား။ သည်လို ချောသည့် လှသည့် လူမျိုးကိုလည်း ဘယ်တော့ကမျှ ဘုရားကျွန်မတို့ မမြင်ဘူးပါ၊ အဲသဟာနှင့် ဘုရားကျွန်မတို့က သူ့ကို မေးတော့ သူက အရှင် မင်းတရားကြီးက သမီးတော်နှင့် စုလျားရစ်ပတ်ပေးလို့ သူ ရောက်လာကြောင်းနှင့် ပြောပြပါသည်။ ဘုရားကျွန်မတို့လည်း အဲသဟာပဲ သိပါသည်။ သူဟာ လူ ဖြစ်သည်၊ သရဲဖြစ်သည် မပြောနိုင်ပါ။ သဟာပေမင့် သူ့ကို ကြည့်ရသဟာ အများကြီး ယဉ်ကျေးသိမ်မွေ့ပါသည်။ ပြီးတော့ မလျော်မကန်သော အမှုကိုလည်း သူ ဘာမှ မလုပ်ရှာပါ' လို့။ အဲသည်လို ကျွန်မတွေက ပြောကြတော့ ရှင်ဘုရင်ကြီးဟာ အမျက်တော် ပြေသွားပြီး သမီးတော်ရဲ့ အဆောင်တော် တင်းထိမ်ကို ဆွဲပြီး အသာ ချောင်းကြည့်လိုက်ပါသတဲ့။ သည်တုန်းမှာ သူ့ သမီးတော်ဟာ မင်းသားကလေးနှင့် သလွန်ပေါ်မှာ ထိုင်ပြီး စကားပြောနေကြပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက မင်းသားကလေးဟာ သူ့သမီးတော်ကို ကျူးကျော်စော်ကားနေသည် ထင်ပြီး အမျက်တော် ပြင်းပြစွာ ထွက်လာသဟာနှင့် ရွှေဓားတော် ဆွဲပြီး သမီးတော်အဆောင်ထဲကို အတင်းတရကြမ်း ဝင်သွားပါသတဲ့။ သည်တော့ မင်းသားကလေးက မင်းသမီးကလေးကို မေးပါသတဲ့။ 'သဟာဟာ သင်၏ ခမည်းတော်လား' လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ဟုတ်ပါသည်' လို့ ပြောပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးကလည်း ဓားကိုဆွဲပြီး ကြောက်မက်ဖွယ်သော အသံကြီးနှင့် ရှင်ဘုရင်ကြီးကို ကြိမ်းဝါးပါသတဲ့။ ပြီးတော့ မင်းသားကလေးက ရှင်ဘုရင်ကြီးကို ဓားနှင့် ခုတ်သတ်လိုက်ဖို့





ကြံမိပါသေးသတဲ့။ နောက်တော့မှ ရှင်ဘုရင်ကြီးကလည်း အားမတန်သဟာနှင့် မာန်လျှော့ပြီး သူ့ဓားကို ဓားအိမ်ထဲ ပြန်ထည့်လိုက်သဟာ မြင်လို့ မင်းသားကလေးလည်း အကြံလျှော့ပြီး ရှင်ဘုရင်ကြီးဆီကို သွားပါသတဲ့။ သည်တော့ ဘုရင်ကြီးက ယဉ်ကျေးပျူငှာစွာနှင့် 'အို . . . အမောင်လုလင်၊ အမောင်သည် လူလော သရဲလော' လို့ မေးပါသတဲ့။

သည်တော့ မင်းသားကလေးက 'သင်သည် အဘယ်သို့သော စကားကို ဆိုဘိသနည်း။ သင်သည် အိမ်ရှင်ဖြစ်၍ အိမ်ရှင်၏ဂုဏ်ကို ငါ စောင့်ရှောက်လိုသည်လည်း တစ်ကြောင်း၊ သင့်သမီးတော်၏ဂုဏ်ကို ငါ စောင့်ရှောက်လိုသည်လည်း တစ်ကြောင်း ကြောင့်သာ သင့်ကို ငါ အရှင်ထားသည်။ သင်သည် ငါကဲ့သို့သော ဘုရင့်သားကို



www.burmeseclassic.com

www.burmeseclassic.com



သရဲနှင့် မနိုင်းသင့်။ ငါအလိုရှိလျှင် သင့်တိုင်းပြည်လိုဟာမျိုးကို ကျွမ်းသန္တာလန်အောင် လုပ်၍ ငါ သိမ်းပိုက်နိုင်သည်’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘အို လုလင်၊ သင်သည် သင် ဟိတ်ထုတ်သကဲ့သို့ ရှင်ဘုရင့်သား ဖြစ်ရိုးမှန်လျှင် သင်သည် အဘယ်ကြောင့် ငါ့ထံပါးမှာ အခွင့်မတောင်းဘဲနှင့် ငါ့နန်းတော်သို့လာ၍ ငါ့ဂုဏ်ကိုဖျက်ကာ ငါ့သမီးတော်ကို ငါက မပေးရဘဲလျက် သင့်ကို ပေးသည်ဟု လိမ်လည်၍ ပြောရသနည်း။ ငါသည် ဘုရင်မင်းများစွာနှင့် ဘုရင့်သားများစွာကို သတ်ခဲ့ဖူးသည်ဖြစ်သည်ကို သင် သတိမူရာသည်။ သင့်ကိုယ်ကို သင် ဘယ်လိုပင် အမွှမ်းတင်၍ ပြောနေသော်လည်း အကယ်၍ ငါ၏ အခြွေအရံများကို ဤကနေ၍ ငါ လှမ်းခေါ်လိုက်လျှင် သင်သည် မလှမပ သေရမည် မဟုတ်ပါလော။ အဲသည်အခါတွင် သင့်အား ဘယ်သူက ကယ်နိုင်မည်နည်း’ လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက ‘သင်သည် ထိုင်းမှိုင်း တွေဝေလေစွ၊ သင့်သမီးတော်အဖို့ ငါ့ထက်သာသော ကြင်ရာကို အဘယ်မှာ ရနိုင်အံ့နည်း။ သည့်ပြင်လည်း ငါ့ထက် ဘုန်းကြီးသောသူ၊ ငါ့ထက် မင်းလုပ်ထိုက်သော သူကိုလည်း အသင် ဘယ်မှာ ရှာ၍ တွေ့နိုင်ပါမည်နည်း’ လို့ ဆိုပါသတဲ့။ သည်တော့ တစ်ခါ ရှင်ဘုရင်ကြီးက ‘အို လုလင်၊ အကယ်ဆိုလျှင် သင်သည် ရှင်ဘုရင်တို့ ထုံးအတိုင်း ငါ၏ သမီးတော်ကို လူသိရှင်ကြား ငါ့ထံတွင် ပန်ကြား၍ စုလျား ရစ်ပတ် ယူသင့်ပေသည်။ ယခုတော့ သင်လုပ်ပုံမှာ ငါက တိတ်တိတ်ပုန်း ကျေနပ်မည် ဆိုသည့် တိုင်အောင်ပင် သင်သည် ငါ့သမီးတော်၏ ဂုဏ်ကို ဖျက်ခဲ့လေပြီ’ လို့ ဆိုပါသတဲ့။

သည်တော့ တစ်ခါ မင်းသားကလေးက ‘အို မင်းကြီး၊ အကယ်၍ အသင်မင်းကြီး ဟိတ်ထုတ်သလို ငါ့အား သင်၏ အခြွေအရံများကို ခေါ်၍ သတ်စေခဲ့သည် ဖြစ်ပါမူ သင်၏အရှက်ကို သင်ခွဲသည်နှင့် တူပါလိမ့်မည်။ သင် ဘယ်လို ပြောပြော သင့်စကားကို ယုံသူက တစ်ဝက်၊ ငါ့စကားကို ယုံသူက တစ်ဝက် ရှိကြမည်သာ ဖြစ်ပါသည်။ ထို့ကြောင့် သင် မင်းကြီးသည် စိတ်ရောက်မာန်ပါ မလုပ်ဘဲနှင့် ငါ ပေးသည့် အကြံကို ဆင်ခြင်သင့်ပါသည်’ လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက ‘သင်က ဘယ်လို အကြံပေးချင်သလဲ၊ ဆိုစမ်း’ လို့ မင်းသားကလေးကို ပြောပါသတဲ့။

သည်တော့ မင်းသားကလေးက ‘ငါ ပေးလိုသည့် အကြံက အခြား မဟုတ်ပါဘူး။ သင်နှင့်ငါနှင့် စီးချင်းထိုးလျှင် ထိုးပါ။ သို့ စီချင်းထိုးရာတွင် နိုင်သူက တိုင်းပြည် အုပ်ချုပ်တမ်းလုပ်ပါ။ သည်အကြံမှ မကြိုက်လျှင် သင့်တွင်ရှိသည့် မြင်းသည်တော်၊ ခြေသည်တော် အားလုံးနှင့် ငါတစ်ယောက်တည်း စစ်ထိုးခွင့် ပြုပါ။ ရှေးဦးစွာ သင့်၌ စစ်သည်တော် မည်မျှရှိသည်ကို ငါ့အား ပြောပါ’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်





ကြီးက ‘ငါ့မှာ မြင်းသည်တော် လေးသောင်း ရှိသည်၊ ခြေသည်တော်ကလည်း လေးသောင်း ရှိသည်’ လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက ‘မနက်ဖြန် မိုးသောက်လျှင် သင့်စစ်သည်တော် အားလုံးကို စုရုံးစေပြီး ငါတစ်ယောက်တည်းနှင့် စစ်ထိုးခိုင်းပါ။ ပြီးတော့ သင့်စစ်သည်တော်များကိုလည်း “ဤလုလင်သည် ငါ၏ သမီးတော်ကို စုံဖက်လိုသဖြင့် သင်တို့အားလုံးနှင့် စစ်ထိုးမည့်သူတည်း။ သင်တို့အားလုံးကို သူ တစ်ယောက်တည်းက နိုင်အောင် စစ်ထိုးနိုင်သည်ဟု ဤလုလင်က ဆိုသည်” ဟုလည်း ပြောကြားလိုက်ပါ။ ငါသည် သင့်စစ်သည်တော် အားလုံးကို နိုင်အောင် စစ်ထိုးနိုင်ပါသည်။ အကယ်၍ ငါရှုံး၍ သေခဲ့သော် သင့်၌ အရှက်ပြေဖို့ ဖြစ်ပါလိမ့်မည်။ အကယ်၍ ငါ နိုင်၍ သင့်စစ်သည်တော်များ တပ်လန်သွားခဲ့သော် ငါလို ယောကျ်ားမျိုးသည် ရှင်ဘုရင်တစ်ပါး၏ သမက်တော်ထိုက်သူ ဖြစ်ကြောင်း ထင်ရှားပါလိမ့်မည်’ လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက “သည်လောက် အပြောကြီးလှသည့် ကောင်ကလေးဟာ သေသဟာပဲ ကောင်းသည်၊ သူ သေသွားလျှင် ငါလည်း အရှက်ကွဲရတော့မည် မဟုတ်” လို့ အောက်မေ့ပြီး ‘ကိုင်း . . . ကောင်းပြီ၊ သင် ပြောသည့်အတိုင်း ငါ စီစဉ်၍ ပေးမည်’ လို့ ဆိုပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးက သူ့နန်းရင်းဝန်ကြီးကို ခေါ်ပြီး မနက် မိုးသောက်ချိန်မှာ စစ်သည်တော်များကို စုရုံးစေဖို့ အမိန့်ပေးလိုက်ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးကလည်း ဗိုလ်ချုပ်၊ ဗိုလ်မှူးတွေ ခေါ်ပြီး ရှင်ဘုရင် ပေးသည့် အမိန့်အတိုင်း စစ်သည်တော် အားလုံးကို စုရုံးဖို့ ခိုင်းလိုက်ပါသတဲ့။ နံနက်မိုးသောက်လို့ စစ်သည်တော်များကို စုရုံးပြီးသည့် အခါကျတော့ ရှင်ဘုရင်က ကောင်းမေ့ဆိုသည့် မြင်းတစ်စီးကို ကကြိုးတန်ဆာ ဆင်ပြီး မင်းသားကလေးကို ပေးပါသတဲ့။ သည်တော့ မင်းသားကလေးက ‘အို . . . မင်းကြီး၊ ငါ ယခု ဤမြင်းကို မစီးလိုပါ။ သင်၏ စစ်သည်တော်များကို ရှေးဦးစွာ ငါ ကြည့်ပါဦးမည်’ လို့ ဆိုပါသတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ကြီးက ‘သည်လိုဆိုလျှင် ကောင်းပြီ၊ သဘောအတိုင်း ကြည့်စေ’ လို့ ဆိုပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးနှင့် မင်းသားကလေးဟာ ခြေကျင် လျှောက်ပြီး စစ်သည်တော်များ ရှေ့သို့ရောက်တော့ ရှင်ဘုရင်ကြီးက စစ်သည်တော်များကို ‘အို . . . ငါ့ စစ်သည်တော်တို့၊ ဤလုလင်သည် ငါ၏ သမီးတော်နှင့် စုံဖက်လိုသူ ဖြစ်သည်။ သူက သင်တို့အားလုံးကို သူတစ်ယောက်တည်းက နိုင်အောင် စစ်ထိုးနိုင်သည်ဟု ဆိုသည်။ ဤကဲ့သို့ ရဲစွမ်းသတ္တိရှိသူကို ငါ မမြင်စဖူး။ သင်တို့ကို ဤလုလင်က ထိုးခုတ်ရန်လာလျှင် သင်တို့အားလုံးက ချွန်ထက်သော လက်နက်များဖြင့် ဝိုင်း၍ ထိုးကြ ခုတ်ကြကုန်လော့’ လို့ ပြောပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ကြီးက မင်းသားကလေးကို ‘ကိုင်း . . . သင်၏ အစွမ်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြလော့’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက ‘အို . . . မင်းကြီး၊ သင့်သည် တရားမျှတခြင်း မရှိပါတကား။ မြင်းပေါ်တွင် နေကြသော သင့် စစ်သည်တော်များအား ငါက ခြေကျင်လျှောက်ကာ တိုက်ရမည်ဆိုလျှင် တော်မည် မဟုတ်ပါ’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘အို လုလင်၊ ငါက မြင်းစီးဖို့ ပေးသည်ကို သင်ပင် ငြင်းခဲ့သည် မဟုတ်လော။ ငါ့မြင်းတော်ထဲမှာ သင်ကြိုက်ရာကို ယူလော့’ ဟု ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက ‘အို . . . မင်းကြီး၊ သင့်မြင်းတော်များကို တစ်ကောင်မျှ ငါ မကြိုက်၊ ငါ စီးလာခဲ့သော မြင်းသာ ငါ အလိုရှိသည်’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘သင့်မြင်းက ဘယ်မှာလဲ’ လို့ မေးပါသတဲ့။ သည်တော့ မင်းသားကလေးက ‘ငါ့မြင်းဟာ သင်၏ နန်းတော်ပေါ်တွင် ရှိပါသည်’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘အို . . . လုလင်၊ သင် ရူးသလော’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက ‘အို . . . မင်းကြီး၊ ငါ မရူး၊ မယုံလျှင် သွား၍ ကြည့်ပါလော့’ လို့ ဆိုပါသတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ကြီးက မှူးထမ်းရာထမ်းများ လွှတ်ပြီး အကြည့်ခိုင်းပါသတဲ့။ သည်အတောအတွင်းမှာ စစ်သည်တော်များက ‘ဆန်းပါ့ကွာ၊ ဘယ်လို ဟာများပါလိမ့်’ လို့ တစ်ယောက်နှင့်တစ်ယောက် ပြောနေကြပါသတဲ့။ မှူးထမ်း ရာထမ်းများက နန်းတော် ခေါင်ပေါ်မှာ မြင်းရုပ်ကြီး တွေ့တော့ ‘လုလင်ပျို ပြောသည့် မြင်းက သည်ဟာကို’ လို့ ဆိုပြီး ရယ်ကြပါသတဲ့။ တချို့ကလည်း ‘သည်လုလင်ဟာ ခေသဟာ မဟုတ်ဘူး၊ သူ့မြင်းမှာ ထူးခြားသဟာ တစ်ခုခုတော့ ရှိမှာပဲ’ လို့ ဆိုကြပါသတဲ့။

ပြီးတော့ အမှုထမ်း အရာထမ်းများက မင်းသားလေးရဲ့ မြင်းရုပ်ကြီးကို နန်းတော်ခေါင်မိုးပေါ်မှ ထမ်းချလာကြပြီး ရှင်ဘုရင်ရဲ့ ရှေ့တော်ကို ယူလာကြပါသတဲ့။ ရှေ့တော်ရောက်တော့ မှူးကြီးမတ်ရာ သေနာပတိတွေရော၊ စစ်မှုထမ်းတွေကရော ဝိုင်းကြည့်ကြပြီး ‘မြင်းရုပ်ကြီးကဖြင့် အချိုးအစား ကျပါပေ့ကွာ’ လို့ ဆိုကြပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးကလည်း မြင်းရုပ်ကြီးကို ကြည့်ပြီး သဘောတော် ကျနေပါသတဲ့။ ပြီးတော့မှ ရှင်ဘုရင်ကြီးက ‘သည်ဟာပဲလား၊ သင့်မြင်း ဆိုသဟာ’ လို့ မင်းသားကလေးကို မေးပါသတဲ့။

သည်တော့ မင်းသားကလေးက ‘ဟုတ်ပါသည်၊ သည်ဟာ ဟာ ငါ့မြင်း ပါပဲ။ ငါ့မြင်းဟာ ဘယ်လောက် အံ့သြစရာကောင်းသည် ဆိုသဟာ ငါ ပြမည်’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘သဟာဖြင့် သင့်မြင်းကို စီးပြစမ်းပါ’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက ‘သင့် စစ်သည်တော်များကို ဝေးဝေးကို အဆုတ်ခိုင်းပေးပါ။ သည်တော့မှ ငါ စီးပြနိုင်ပါမည်’ လို့ ဆိုပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်ကြီးက သူ့စစ်သည်တော်တွေကို နောက်သို့ လေးတစ်ကမ်း အဆုတ်ခိုင်းပါသတဲ့။ သည်တော့





မင်းသားကလေးက ‘အို . . . မင်းကြီး၊ ကြည့်တော်မူလော့၊ ငါ့မြင်းကိုစီး၍ သင့်စစ်သည်တော်များအား ဝဲယာ ကစဉ့်ကရဲ ဖြစ်စေပြီး သူတို့၏ နှလုံးသားကိုလည်း ငါ ဖောက်ခွဲ၍ ပစ်အံ့’ လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင် ကြီးက ‘အို . . . လုလင်၊ သင် ထင်တိုင်းပြုလော့။ ဘယ်သူ့ကိုမျှ မညှာလင့်၊ ဘယ်သူကမျှလည်း သင့်ကို ညှာလိမ့်မည် မဟုတ်’ လို့ ဆိုပါသတဲ့။ အဲသည် အတောအတွင်းမှာ စစ်သည်တော်များက တန်းစီပြီး စောင့်နေကြပါသတဲ့။ တချို့ ကလည်း ‘သည်ကောင်လေး ငါတို့ကြားထဲ ဝင်လာလျှင် လှံနှင့်သာ အသေထိုးလိုက်ကြ’ လို့ ဆိုပါသတဲ့။ တချို့ကလည်း ‘ငါတို့တော့ သည်လို ကောင်ချောကောင်လှကလေးကို သတ်ရမှာ စိတ်မပါ ပါဘူးကွာ’ လို့ ဆိုကြပါသတဲ့။ တချို့ကတော့လည်း ‘သည်ကောင်လေးကို ပေါ့ပေါ့ မထင်ကြနဲ့နော်၊ သူ့အစွမ်း သူ မယုံဘဲနှင့် သူ သည်လိုလုပ်မှာ မဟုတ်ဘူး’ လို့ ပြောကြပါသတဲ့ ။ သည်အခိုက်မှာ မင်းသားကလေးက မြင်းရုပ်ကြီးကို တက်စီးပြီး အတက်ခလုတ်ကို လှည့်လိုက်ပါသတဲ့။ သည်တော့ မြင်းရုပ်ကြီးက ဘယ်ယိမ်းညာယိမ်း ယိမ်းပြီး၊ ဗိုက်ကြီး ဖောင်းလာပြီး ကောင်းကင်ကို ပျံတက်သွားပါရောတဲ့။

သည်တော့မှ ရှင်ဘုရင်ကြီးက သူ့စစ်သည်တော်တွေကို ‘ဟဲ့ . . . ဘာလုပ်နေကြသလဲ။ ထိုးကြလဟယ်၊ ခုတ်ကြလဟယ်’ လို့ ဆိုပါသတဲ့။ သည်တော့ မှူးကြီးမတ်ရာတွေက ‘အို . . . မင်းတရားကြီး၊ ဘယ်သူသည် ကောင်းကင်ပျံနေသည့် ငှက်ကို လိုက်၍ ဖမ်းနိုင်အံ့နည်း။ ဤသူသည် မှော်ဆရာ သော်လည်းကောင်း၊ သရဲသဘက် သော်လည်းကောင်းသာ ဖြစ်ပါမည်။ အသင် မင်းတရားကြီးနှင့် ရဲမက်တော်တို့၏ အသက်ကို ချမ်းသာပေးခဲ့သည်ကိုပင် အလာဟု အရှင်ကို ကျေးဇူးတင်ပါလော့’ လို့ ဆိုကြပါသတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ကြီးလည်း သူ့နန်းတော်ကို ပြန်ပြီး၊ သမီးတော်ရဲ့ အဆောင်တော်သွားပြီး အကျိုးအကြောင်း အကုန်လုံးကို ပြောပြပါသတဲ့။ အဲသည်တော့ မင်းသမီးကလေးကလည်း မင်းသားကလေးနှင့် ခွဲခွာနေရသည့်အတွက် ငိုလားရယ်လားနှင့် အိပ်ရာထဲက မထနိုင်ဘဲ ဖြစ်နေပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက သူ့သမီးတော်ကို ပွေ့ဖက်ပြီး ‘အို . . . သမီးတော်၊ သည်ကောင်ယုတ်၏ လက်မှ လွတ်ရသည့်အတွက် အလာဟု အရှင်ကိုသာ ကျေးဇူးတင်ပေရော့။ သည်အကောင်ဟာ အတော်ယုတ်မာသည်။ သူ လာသဟာ ဟာ သူ့ခိုးဉာဏ်နှင့် သင့်ကို ဖျက်ဆီးဖို့လာသဟာ။ အခု သူ့လက်က လွတ်သဟာကိုပဲ သင် ဝမ်းသာပေရော့’ လို့ ဆိုပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးက မင်းသားကလေးကို ကျိန်ဆဲလိုက်သဟာလည်း ရစရာ မရှိပါဘူးတဲ့။ သဟာပေမင့် မင်းသမီးကလေးက သူ့ခမည်းတော် ပြောသဟာတွေကို တစ်လုံးမျှ နားမဝင်ဘဲနှင့် ပိုပြီး ငိုသထက် ငိုပါသတဲ့။ ပြီးတော့ သူ့ဟာသူ “သည်လုလင်ပျိုနှင့်သာ အလာဟု အရှင်



www.burmeseclassic.com

www.burmeseclassic.com



က ငါ့ကိုတွေ့အောင် ကူညီတော် မမူလျှင်တော့ ငါဟာ အစာလည်း မစားတော့ဘူး၊ ရေလည်း မသောက်တော့ဘူး" လို့ ကြံနေပါသတဲ့။

အဲသည် အတောအတွင်းမှာ မင်းသားကလေးက သူ့တိုင်းပြည်ဘက်ကို စက်မြင်းနှင့် သွားပါသတဲ့။ သည်အတွင်းမှာလည်း သူ့စိတ်ထဲက မင်းသမီးကလေးကိုပဲ အောက်မေ့နေပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျလို့ သူ့တိုင်းပြည် ပြန်ရောက်သွားတော့ သူ့ခမည်းတော်ရဲ့ ရွှေနန်းတော်ကြီးကို အားရအောင် ကောင်းကင်က လှည့်ကြည့်ပြီး၊ နန်းတော်ဆောင်ပေါ်မှာ မြင်းရုပ်ကြီးကို ထားပြီး နန်းတော်ထဲ ဝင်လာပါသတဲ့။ သည်တော့ နန်းတော်ထဲမှာ ပြာတွေ ဖြန့်ကြဲနေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် သူ့စိတ်ထဲက ငါ့ဆွေတော်မျိုးတော်ထဲက တစ်ယောက်ယောက်တော့ သေပြီလို့ အောက်မေ့ပါသတဲ့။ အဲ့သဟာနှင့် နန်းတော်ထဲကို ဝင်သွားတော့ သူ့ခမည်းတော်ရော၊ မယ်တော်ရော၊ နှမတော်တွေရော ငိုယိုနေကြသဟာကို တွေ့ရပါသတဲ့။ သူ ရောက်သွားတော့ သူ့ခမည်းတော်က သူ့သား ဟုတ်သလား၊ မဟုတ်ဘူးလား ဆိုသဟာကို သေသေချာချာ ကြည့်ပြီးမှ ဟုတ်မှန်းသိသဟာနှင့် တစ်ပြိုင်နက် 'အမယ်လေး မသေလို့ တွေ့ရသည် သားတော်ရဲ့' လို့ ဆိုပြီး ရှိုက်ကြီးတငင် ငိုပြီး မေ့သွားပါသတဲ့။ ပြီးတော့မှ ခမည်းတော်ရော၊ မယ်တော်ရော၊ နှမတော်တွေကရော ဝမ်းသာကြလွန်းလို့ သူ့ကို ဖက်ပြီး ငိုကြပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ကြီးက ဝမ်းသာတော်မူလွန်းလို့ ပျော်ပွဲသဘင် ဆင်ယင်ပြီး တိုင်းသူပြည်သားတွေကိုလည်း ဘေးမဲ့ပေးပါသတဲ့။

အဲသလို ပျော်ပွဲရွှင်ပွဲတွေ ပြီးသွားတော့ မင်းသားကလေးက 'ခမည်းတော်ဘုရား၊ ဤမြင်းရုပ်ကြီးကို စီမံသည့် ဆရာကြီးဟာ ယခု ဘယ်မှာပါလဲ ဘုရား' လို့ မေးပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'အို သားတော်၊ သည်ကြမ္မာကောင်ကြီးအကြောင်းကို မမေးပါလင့်။ သင်း ရောက်လာသည့်အတွက် ငါတို့မှာ ဤသို့ ဆင်းရဲခြင်းနှင့် တွေ့ရသည်။ သင်းကို ငါသားတော် ပျောက်သွားသည့် အချိန်က စပြီး၍ ထောင်သွင်းပြီး အကျဉ်းချထားလိုက်သည်' လို့ ဆိုပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးက ပါယ့်သုခမိန်ကြီးကို ထောင်ကလွှတ်ပြီး သူ့သမီးတော်နှင့် ထိမ်းမြားမပေး သဟာက လွဲပြီး အစစ အရာရာမှာ လျော်ပတ်အောင် ချီးမြှောက် ထောက်ပံ့တော်မူပါသတဲ့။ သဟာပေမင့် သုခမိန်ကြီးကတော့ သမီးတော်ကို မရသည့်အတွက် အများကြီး စိတ်ဆိုးနေပါသတဲ့။

ပြီးတော့ ရှင်ဘုရင်ကြီးက သားတော်ကို ခေါ်ပြီး နောင်ကို မြင်းရုပ်ကြီးနားကို မကပ်ဖို့ ပြောပါသတဲ့။ သည်တော့ မင်းသားကလေးက မြင်းရုပ်ကြီး သဘောကို သူ အကုန် နားလည်ပါသည်။ ဘာမျှ စိုးရိမ်စရာ မရှိပါလို့ လျှောက်ပါသတဲ့။ ပြီးတော့





မင်းသားကလေးက သူ့မင်းသမီးကလေးနှင့် တွေ့ခဲ့သည့် အကြောင်းကို ရှင်ဘုရင်ကြီးကို ပြောပြပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက အဲသည်တုန်းက 'သင့်ကို ဝိုင်းပြီး သတ်လိုက်ကြမည်ဆိုလျှင် သင်ခံရမှာပဲ၊ သင်ဟာ သေကံမရောက်သေးလို့သာ သည်ကို ပြန်လာနိုင်သဟာ' လို့ ဆိုပါသတဲ့။

ပြီးတော့ ပျော်ပွဲရွှင်ပွဲတွေ ပြီးသဟာနှင့် မြို့သူမြို့သားတွေလည်း သူတို့အိမ်သူတို့ ပြန်သွားကြပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးဟာ သူ့ ခမည်းတော်မယ်တော်များနှင့် နန်းတော်ထဲမှာ ပျော်ပျော်ပါးပါး စားသောက်ပြီး စကားစမြည် ပြောနေပါသတဲ့။ အဲသည်အခါမှာ အင်မတန် ချောသည့် လှသည့် လက်ပါးစေမကလေးတစ်ယောက်က "စောင်းတီးပြီး မျက်စိအောက်က ပျောက်သွားသော်လည်း မေ့သည်လို့ မထင်လိုက်ပါနှင့်၊ ဘယ်အခါမျှ မမေ့နိုင်ပါဘူး။ အချိန်သာ ကုန်ပါသည်၊ အချစ်သည် မပျောက်နိုင်ပါ။ သေလျှင်လည်း သင့်စိတ်၊ ရှင်လျှင်လည်း သင့်စိတ်ပါ" လို့ ဆိုသည့် သီချင်းကို သီဆိုပါသတဲ့။

အဲသည် အချစ်ဘွဲ့ သီချင်းသံကို ကြားလိုက်ရတော့ မင်းသားကလေးရဲ့ အသည်းနှလုံးဟာ အချစ်မီးတောက်ပြီး မင်းသမီးကလေးဆီ သွားလိုသည့်စိတ် ပေါ်လာပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးဟာ သူ့ခမည်းတော် မသိအောင် မြင်းရုပ်ကြီးဆီကို အလစ်ထွက်သွားပြီး၊ မြင်းရုပ်ကြီးပေါ် လွှားတက်ပြီး၊ အတက် ခလုတ်ကို လှည့်ပြီး ကောင်းကင်ကို ပျံတက်သွားပါသတဲ့။ နောက် မိုးသောက်ကျတော့ ရှင်ဘုရင်ကြီးက မြင်းရုပ်ကြီးရော၊ သူ့သားတော်ရော ပျောက်နေသဟာကို တွေ့တော့ 'အင်း ငါ့သားတော်တော့ သွားပြန်ပြီ၊ သည်မြင်းရုပ်ကြီးကို တစ်ခါတည်း ဖျက်ဆီးမထားလိုက်မိသဟာ မှားသဟာပဲ' လို့ အောက်မေ့ပြီး ရှိုက်ကြီးတငင် ငိုရှာပါသတဲ့။

သည်အတွင်းမှာ မင်းသားကလေးက မင်းသမီးကလေး နေသည့် တိုင်းပြည်ကို ရောက်သွားတော့ အလျင်တစ်ခါက နည်းအတိုင်း နန်းတော် ခေါင်ပေါ်မှာ မြင်းရုပ်ကြီးကို ထားပြီး မင်းသမီးကလေး အဆောင်တော်ကို တိတ်တိတ်ကလေး ဝင်သွားပါသတဲ့။ အဲသည်အခါမှာ အဆောင်တော်စောင့် သင်းကွပ်တွေလည်း တရှူးရှူးနှင့် အိပ်ပျော်နေကြပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက မင်းသမီးကလေးရဲ့ အဆောင်တော် တံခါးနားကို ကပ်ပြီး နားထောင်လိုက်တော့ မင်းသမီးကလေးဟာ တရှုပ်ရှုပ် ငိုနေသဟာကို ကြားရပါသတဲ့။ အဲသည်တော့ အပါးမှာ ရှိကြတဲ့ အပျိုတော်တွေက 'အိုထိပ်ထားကလည်း သူက ကိုယ့်မှ မချစ်လို့ ပစ်သွားသဟာ ဘာ့ပူနေရမှာလဲ ထိပ်ထားရဲ့။ သူကမှ ကိုယ့်ကိုယ် မချစ်ဘဲနှင့် ကိုယ်က ဘာလို့ ချစ်ရမှာလဲ' လို့ ပြောကြပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ညည်းတို့ မသိပါဘူးအေ၊ သူဟာ ငါ့ကို မေ့မည့် လူစားမျိုး မဟုတ်ပါဘူးအေ၊ ပြီးတော့ ငါကလည်း သူ့ကို မေ့လို့ မရပါဘူးအေ့' လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုပါသတဲ့။ ပြီးတော့ မင်းသမီးကလေးကလည်း ငိုရလွန်းလို့ မောပြီး အိပ်ပျော်သွားပါသတဲ့။ ပြီးတော့ အပါးမှာရှိသည့် အပျိုတော်တွေလည်း အိပ်ပျော်သွားပါ သတဲ့။

အဲသဟာနှင့် မင်းသားကလေးက ခြေသံ မကြားအောင် မင်းသမီးကလေးရဲ့ အဆောင်တော်ထဲ ဝင်သွားပါသတဲ့။ အဆောင်တော်ထဲ ရောက်တော့ မင်းသမီးကလေးက ခြုံလွှာမခြုံဘဲ အိပ်နေသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက အပါးကပ်ပြီး မင်းသမီးကလေးကို ကိုင်လိုက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးက နိုးလာပြီး မင်းသားကလေး မျက်နှာကို မော့ပြီး ကြည့်ပါသတဲ့။ သည်တော့ မင်းသားကလေးက 'အလကား ငိုမနေပါနှင့်ကွယ်' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက သူ့ချစ်သူမှန်း သိပြီး မင်းသားကလေးကို အားရပါးရ ဖက် ဖက်ပြီး နမ်းရှာ





ပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက 'မောင်တော့်ကို အောက်မေ့လို့ ငိုသဟာပေါ့' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက 'နှမတော်နှင့် ခွဲသွားရကတည်းက မောင်တော်လည်း တစ်နေ့မှ စိတ်မကောင်းပါဘူး' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'မောင်တော်သာ အခုထက် ကြာနေမည်ဆိုလျှင်တော့ နှမတော်တော့ သေမှာပဲ၊ မောင်တော်ဟာ အားကြီး ရက်စက်တာပဲ' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက 'နှမတော်ကသာ မောင်တော်ကို အပြစ်တင်နေသဟာကို၊ နှမတော်ရဲ့ ခမည်းတော် လုပ်ပုံကိုလည်း နှမတော်က ထည့်ပြီး စဉ်းစားဦးမှပေါ့။ နှမတော်ရဲ့ မျက်နှာကို ထောက်လို့သာပေါ့၊ နို့မို့ရင် နှမတော်ရဲ့ ခမည်းတော်ဟာ မောင်တော့် လက်ထဲမှာ အသက်တောင် ပျောက်သွားပါသေးရဲ့။ မောင်တော်ကတော့ နှမတော်ကို ချစ်သလိုပဲ နှမတော်ရဲ့ ခမည်းတော်ကိုလည်း ချစ်ပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ဘာပဲဖြစ်ဖြစ် နှမတော်ကိုတော့ ပစ်မသွားပါနှင့် မောင်တော်ရယ်' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက 'နှမတော်ကို ပစ်မသွားပါဘူး၊ စိတ်သာ ချပါ။ သဟာထက် မောင်တော် မနက်ကတည်းက ဘာမျှ မစားရသေးဘူး၊ ဆာလိုက်သဟာ' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက အပျိုတော်တွေကို နှိုးပြီး စားကောင်းသောက်ဖွယ်တွေကို အယူခိုင်းပါသတဲ့။ ပြီးတော့ နှစ်ယောက်သား ပျော်ပျော်ပါးပါး စားလိုက်ကြသဟာ မိုးလင်းခါနီးသွားပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက 'နှမတော်ရယ်၊ နှမတော်နှင့် နေရသဟာကတော့ ကောင်းပါရဲ့။ သဟာပေမင့် မောင်တော် ပြန်ဦးမှဖြစ်မည်။ တော်တော်ကြာလျှင် သင်းကွပ်တွေ နိုးလာလိမ့်မည်။ သူတို့ မနိုးခင် မောင်တော် ပြန်မှဖြစ်မည်။ မောင်တော် နောက်ကို တနင်္ဂနွေတစ်ပတ်ကို တစ်ခေါက်ကျသည်လိုပဲ မှန်မှန်လာပါမည်' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက ငိုပြီး 'မောင်တော်ရယ်၊ မောင်တော် အခု ဘယ်ကိုပြန်မှာလဲ' လို့ မေးပါသတဲ့။ သည်တော့ မင်းသားကလေးက 'မောင်တော်တို့ တိုင်းပြည်ကိုပေါ့ နှမတော်ရဲ့' လို့ ဆိုပါသတဲ့။ မင်းသမီးကလေးက 'နှမတော်ကိုပါ မောင်တော်သွားရာ တစ်ခါတည်း ခေါ်သွားပါလား မောင်တော်ရယ်။ မောင်တော် ဘယ်သွားသွား နှမတော် လိုက်ပါမည်၊ နှမတော် မောင်တော်နှင့် ခွဲပြီး မနေနိုင်ပါဘူး' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက 'နှမတော်က တကယ် လိုက်မှာလား' လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'တကယ် လိုက်မှာပေါ့ မောင်တော်ရဲ့' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက 'ကိုင်း... သဟာဖြင့် ထ၊ သွားမည်' လို့ ဆိုပါသတဲ့။

အဲသဟာနှင့် မင်းသမီးကလေးက အဖိုးထိုက် အဖိုးတန် တန်ဆာပလာများကို ဝတ်ဆင်ပြီး 'ကိုင်း... မောင်တော် သွားကြစို့' လို့ ဆိုပါသတဲ့။ အဲသည် အခါမှာ



www.burmeseclassic.com

www.burmeseclassic.com



အပျိုတော်တွေကလည်း အိပ်ပျော်နေကြပါသတဲ့။ သည်တော့ မင်းသားကလေးက မင်းသမီးကလေးရဲ့ လက်ကလေးကိုဆွဲပြီး အဆောင်တော်ထဲက ထွက်ကာ နန်းတော်ခေါင်ပေါ်ကို ခေါ်သွားပါသတဲ့။ နန်းတော်ခေါင်ပေါ် ရောက်တော့ မင်းသားကလေးက မြင်းရုပ်ကြီးပေါ်ကို လွှားတက်လိုက်ပြီး 'ကိုင်း . . . နှမတော် လာ၊ မောင်တော့်နောက်က ထိုင်။ မောင်တော့်ခါးကို နာနာဖက်ထား' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးကလည်း သူ့မောင်တော်နောက်က ထိုင်ပြီး ခါးကို ဖက်ထားပါသတဲ့။ ပြီးတော့ မင်းသားကလေးက 'ကိုင်း မောင်တော့် ခါးကို နာနာဖက်ထားနော်၊ မောင်တော် မြင်းနှင်တော့မည်' လို့ ဆိုပြီး အတက် ခလုတ်ကို လှည့်လိုက်ပါသတဲ့။ အဲသဟာနှင့် မြင်းရုပ်ကြီးဟာ မင်းသားကလေးနှင့် မင်းသမီးကလေးကို ဆောင်ပြီး ကောင်းကင်ကို ပျံတက်သွားပါရောတဲ့။

အဲသလို မင်းသားကလေးနှင့် မင်းသမီးကလေး ကောင်းကင် ရောက်သွားတော့မှ အပျိုတော်တွေက အိပ်ရာက နိုးလာပြီး မြင်ကြပါသတဲ့။ သည်တော့မှ အပျိုတော်တွေလည်း အလန့်တကြားအော်ပြီး မင်းသမီးကလေးရဲ့ ခမည်းတော်ဆီ သွားပြီး အကျိုးအကြောင်း လျှောက်ကြပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက ကောင်းကင်ကို မော့ကြည့်ပြီး 'အို မင်းသား၊ ငါ့ကို သနားပါဦး၊ ငါ့သမီးတော်ကို ခေါ်မသွားပါနှင့်' လို့ တောင်းပန်ပါသတဲ့။ သည်တော့ မင်းသားကလေးက ဘာမျှ စကားပြန်မပေးဘဲနှင့်၊ မင်းသမီးကလေးရဲ့ စိတ်ကို စမ်းကြည့်သည့် သဘောနှင့် 'အို နှမတော် အသို့နည်း၊ သင့်ခမည်းတော်နှင့် မယ်တော်ထံ ပြန်လိုသလော' လို့ မေးပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'အို မောင်တော်၊ ခမည်းတော်နှင့် မယ်တော်တို့ထံ ငါ မပြန်လိုပါ။ ငါသည် မောင်တော်နှင့် မခွဲမခွာ နေရခြင်းကိုသာ အလိုရှိပါသည်။ ငါ့အား မောင်တော် သွားရာကိုသာ ဆောင်ပါလော့။ ငါသည် ခမည်းတော် မယ်တော်တို့ကိုပင် မောင်တော်လောက် မခင်ပါ' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက သဘောတွေ့သွားပြီး ကောင်းကင်ခရီးဖြင့် မင်းသမီးကလေး နှစ်သိမ့်အောင် အေးအေးငြိမ့်ငြိမ့်ကလေး စက်မြင်းပျံကြီးကို မောင်းသွားပါသတဲ့။ အဲသလို မောင်းသွားရင်းနှင့် လမ်းခုလတ်ကို ရောက်တော့ စိမ်းစိမ်းစိုစိုရှိသည့် တောအုပ်ကြီး တစ်ခုကို တွေ့ပါသတဲ့။ အဲသဟာနှင့် အဲသည် တောအုပ်ကြီးထဲ ဆင်းပြီး နှစ်ယောက်သား စားဖွယ်သောက်ဖွယ်များကို စားသောက်ပြီး အပန်းဖြေကြပါသတဲ့။ ပြီးတော့မှ မြင်းပျံကြီးကိုစီးပြီး ခရီးဆက်နှင်ကြပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ မင်းသားကလေးရဲ့ ခမည်းတော် နိုင်ငံကို ရောက်သွားပါသတဲ့။ သည်တော့ မင်းသားကလေးကလည်း ဝမ်းသာသွားပြီး 'သည်ဟာပေါ့ နှမတော်ရဲ့၊ ငါတို့တိုင်းပြည်ဆိုသဟာ' လို့ ပြောပါသတဲ့။ ပြီးတော့ မင်းသား





ကလေးက မင်းသမီးကလေးကို သူ့ခမည်းတော် နန်းတော်ကို တိုက်ရိုက် ခေါ်မသွားသေးဘဲ မြို့ပြင်မှာရှိသည့် နွေရာသီစံ ဥယျာဉ်တော်ကို ခေါ်သွားပါသတဲ့။ ဥယျာဉ်တော်ထဲ ရောက်တော့ 'ကိုင်း နှမတော်၊ သည်ဥယျာဉ်တော်ထဲက ခဏ စောင့်နေပါ။ သည်မြင်းရုပ်ကြီးကိုလည်း ကြည့်ထားနှင့်ပါ။ မောင်တော်ဟာ ခမည်းတော်ရဲ့ နန်းတော်ကိုသွားပြီး နှမတော်ကို တင့်တယ် ခမ်းနားစွာ ကြိုဆိုဖို့ အကြိုတော်များကို သွားခေါ်ပါဦးမည်။ မောင်တော့်ဆီက တမန်တော်များ လာခေါ်မှ နှမတော် လိုက်ခဲ့ပါ' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးကလည်း "သြော် ငါ့မောင်တော်ဟာ ငါနှင့် ထိုက်တန်သည့် အခမ်းအနားဖြင့် ကြိုဆိုချင်ရှာလို့ ငါ့ကို ဥယျာဉ်တော်ထဲမှာ ထားခဲ့သဟာပဲ" လို့ အောက်မေ့ပြီး ဝမ်းသာစွာ နေရစ်ခဲ့ပါသတဲ့။

အဲသဟာနှင့် မင်းသားကလေး နန်းတော်ထဲ ရောက်သွားတော့ သူ့ ခမည်းတော်နှင့် မယ်တော်၊ နှမတော်တွေက သိပ်ပြီး ဝမ်းသာကြသဟာပါပဲတဲ့။ အဲသည်တော့မှ မင်းသားကလေးက 'ခမည်းတော်ဘုရား၊ ယခု သားတော်မှာ ယခင်က ခမည်းတော်ကို ပြောပြဖူးသည့် ကြင်ရာတော်မင်းသမီး ပါလာကြောင်းပါ ဘုရား။ သည်တော့ ခမည်းတော်ဘုရားက လျောက်ပတ်သော အဆောင်အယောင်များနှင့် ဥယျာဉ်တော်ကိုသွားပြီး အကြိုတော် ထောက်စေချင်ကြောင်းပါ ဘုရား' လို့ လျှောက်ပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီး ကိုယ်တော်တိုင် တပ်တောင်တာ ဗိုလ်ထုနှင့် လူစုပြီး ဥယျာဉ်တော်ကို ထွက်တော်မူပါသတဲ့။ သည်အတွင်းမှာ မင်းသားကလေး ကလည်း မင်းသမီးကလေး စီးဖို့ အဖိုးထိုက်အဖိုးတန် ဝေါတော်ကို ပြင်ဆင်ပြီး မွမ်းမံပြီး လိုက်လာပါသတဲ့။ အဲသဟာနှင့် အကြိုတော်များဟာ ဥယျာဉ်တော်ကို ရောက်သွားကြပါသတဲ့။ သည်တော့ မင်းသားကလေးက သူ ထားခဲ့သည့်နေရာမှာ မင်းသမီးကလေးကို သွားရှာပါသတဲ့။

သဟာပေမင့် မင်းသမီးကလေးရော မြင်းရုပ်ကြီးကိုရော မတွေ့တော့ပါဘူးတဲ့။ သည်တော့ မင်းသားကလေးဟာ ရင်ဘတ်စည်တီး ဖြစ်သွားရှာပါသတဲ့။ ပြီးတော့ မင်းသားကလေးဟာ ဥယျာဉ်တော်ထဲမှာ မင်းသမီးကလေးကို ရှာလိုက် သဟာဟာ ဒေါင်းတောက်နေသဟာပါပဲတဲ့။ ပြီးတော့ မင်းသားကလေးက စဉ်းစားပါသတဲ့။ "ငါ့နှမတော်ဟာ သည်မြင်းပျံ အကြောင်းကို ဘာမှ မသိဘူး၊ ငါလည်း ဘယ်လိုဘယ်လို လုပ်ရသည် ဆိုသဟာကို သူ့ကို ပြောမထားခဲ့ဘူး။ သည်တော့ သူ့ဟာသူတော့ ဘယ်နည်းနှင့်မျှ မြင်းပျံကြီးစီးပြီး သွားနိုင်မှာ မဟုတ်ဘူး။ တန်တော့ သဟာတော့ ပါယှသုခမိန်ကြီးရဲ့ လက်ချက်နှင့်ပဲ တူသည်။ ငါ့ခမည်းတော်က နှိပ်စက်သဟာနှင့် ပါယှသုခမိန်ကြီးက ငါ့အပေါ်မှာ လက်စားချေသည့် သဘောနှင့် ငါ့နှမတော်ကို ဆောင်ကြဉ်းသွားပြီ" လို့။ အဲသဟာနှင့် မင်းသားကလေးက ဥယျာဉ်မှူးဆီ သွားပြီး 'သည်ဥယျာဉ်တော်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ လာသဟာများ မြင်သလဲ ပြောစမ်း၊ မပြောလျှင် သင့်ကို အရှင်မထားဘူး' လို့ ဆိုပါသတဲ့။

သည်တော့ ဥယျာဉ်မှူးက 'သည်ဥယျာဉ်ထဲကို ဘယ်သူမှ လာသဟာ မတွေ့ပါဘူး။ ပါယှသုခမိန်ကြီးတစ်ယောက်တော့ ဆေးမြစ်တူးဖို့ ဆိုပြီး လာပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ မင်းသားကလေးက 'ဟုတ်ပါပြီ၊ ငါ့ နှမတော်ကို သည် ပါယှသုခမိန်ကြီး ခိုးသွားပါပြီ' လို့ အောက်မေ့ပြီး ဘယ်လို ကြံရမှန်း မသိဘဲ ဖြစ်သွားပါသတဲ့။ ပြီးတော့ အရှက်ကြီးလည်း ရှက်သွားပါသတဲ့။ အဲသဟာနှင့် သူ့ခမည်းတော်ကို 'ခမည်းတော်ဘုရား၊ သားတော်တော့ သည်ကိစ္စ မရှင်းသမျှ ပြန်မလာတော့ ပါဘူး' လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'သားတော်ရယ်၊ ခမည်းတော်ဘုရားနှင့် ပြန်လိုက်ခဲ့ပါ။ စိတ်နောက်ကိုယ်ပါ မလုပ်ပါနှင့်။ နောင် ဖြည်းဖြည်းကျတော့ သားတော် လိုချင်သည့် မင်းသမီးကို ပြပါ။ ခမည်းတော် ရအောင် စိမ်ပေးပါမည်' လို့ ဆိုပါသတဲ့။

သဟာပေမင့် မင်းသားကလေးက သူ့ခမည်းတော် စကားကို နားမထောင်ဘဲနှင့် သူ့ခမည်းတော်ကို ကန်တော့ပြီး ထွက်သွားပါသတဲ့။ အဲသဟာနှင့် ရှင်ဘုရင်ကြီးလည်း ရင်ထုမနာဖြစ်ပြီး သူ့ရွှေနန်းတော်ကို ပြန်ခဲ့ရပါသတဲ့။

မင်းသမီးကလေး ဖြစ်ပုံကတော့ သည်လိုပါတဲ့။ မင်းသားကလေးက မင်းသမီးကလေးကို ဥယျာဉ်ထဲမှာ ထားပစ်ခဲ့တုန်းမှာ ပါယှသုခမိန်ကြီးက ဆေးမြစ်တူးဖို့ ဥယျာဉ်ထဲ အမှတ်တမဲ့ ရောက်လာပါသတဲ့။ အဲ့သည်အခါမှာ မင်းသမီးကလေးက ကိုယ်မှာ လိမ်းကျံထားသည့် အမွှေးနံ့သာတွေက ဥယျာဉ်တော် တစ်ခုလုံး ကြိုင်လှိုင်နေသဟာနှင့် ပါယှသုခမိန်ကြီးက သည်အနံ့ ထွက်ရာကို လိုက်ရှာတော့ မင်းသမီးကလေးကို သွားတွေ့ပါသတဲ့။ ပြီးတော့ အနီးအနားမှာ တစ်ခါ ဆက်ကြည့်လိုက်တော့ မြင်းပျံကြီးကို သွားတွေ့ပါသတဲ့။ အဲသဟာနှင့် ပါယှသုခမိန်ကြီးက "သဟာဟာ ငါ့မြင်းပျံကြီးပဲ၊ သည်လုံမပျိုဟာ မင်းသားကလေး ဆောင်ကြဉ်းလာသည့် မင်းသမီးကလေးနှင့်ပဲ တူသည်။ ဥပါယ်တံမျဉ်နှင့် သင်းကို ငါ ဆောင်ကြဉ်းသွားမည်" လို့ ကြံပြီး မင်းသမီးကလေးဆီ သွားပြီး အရိုအသေ ပြုပါသတဲ့။ သည်တော့ မင်းသမီးကလေးက ပါယှသုခမိန်ကြီးကို ကြည့်ပါသတဲ့။ သူ့ရုပ်ကြီးကလည်း ကြောက်စရာ ရွံ့စရာကောင်းသဟာနှင့် မင်းသမီးကလေးက 'သင်က ဘယ်သူပါလဲ' လို့ မေးပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက 'ငါသည် ထိပ်တင်ကလေး စေလွှတ်လိုက်သော တမန်တော် ဖြစ်ပါသည်။ ထိပ်တင်ကလေးက သခင်မလေးကို ရွှေနန်းတော်နှင့် နီးသည့် ဥယျာဉ်တော်သို့ ပြောင်းရွှေ့ထားဖို့ စေလွှတ်လိုက်ပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'အနို့ မောင်တော် ဘယ်မှာလဲ' လို့ မေးပါသတဲ့။ သည်တော့ ပါယှသုခမိန်က 'ထိပ်တင်ကလေးသည် ရွှေနန်းတော်ကြီးတွင် ရှိပါသည်။ မကြာမီပင် သခင်မလေးကို ခမ်းနားကြီးကျယ်စွာ





လာ၍ ကြိုပါလိမ့်မည်' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'သဟာထက် နေစမ်းပါဦး၊ ငါ့ဆီကို မောင်တော်က အခေါ်လွှတ်ဖို့ သင့်ထက် အရုပ်ဆိုးသည့် သူကို ရှာမတွေ့ဘူးတဲ့လား' လို့ ဆိုပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက ဟက်ဟက်ပါအောင် ရယ်ပြီး 'မှန်လှပါ၊ သဟာကတော့ သည်လိုပါ ထိပ်ထားရယ်၊ ထိပ်တင်ကလေးက ထိပ်ထားအပေါ်မှာ အချစ်တော်ပိုသည့်အတွက် ရွှေစိတ်တော်မချ၍ အရုပ်ဆိုးဆုံး သူကို ရွေးပြီး လွှတ်လိုက်ခြင်း ဖြစ်ပါသည်။ ဘယ်လိုမျှ အောက်မေ့တော် မမူပါလင့်' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသမီးကလေးက ပါယှသုခမိန် ပြောသဟာကို ယုံကြည်သွားပြီး 'သည်လိုဆိုလျှင် ကောင်းပါပြီ အဖေ၊ ထိပ်ထား လိုက်ပါမည်။ အနို့ အဖေက ထိပ်ထားကို ဘာနှင့် ခေါ်မှာလဲ' လို့ ဆိုပါသတဲ့။ သည်တော့ ပါယှသုခမိန်က 'ထိပ်ထား စီးလာခဲ့သည် မြင်းပျံကြီးကိုစီးပြီး လိုက်တော်မူသဟာပေါ့' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ထိပ်ထားမှ မစီးတတ်ပဲ' လို့ ဆိုပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက ပြုံးပြီး ငါ့အကြံတော့ အောင်ပြီဆိုပြီး 'ကျွန်တော်မျိုး မောင်းပို့ပါမည်' လို့ ဆိုပြီး၊ မြင်းရုပ်ကြီးပေါ်ကို တက်စီးပြီး မင်းသမီးကလေးဆီကို လက်တစ်ဖက် ကမ်းလိုက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးက ပါယှသုခမိန်ကြီးရဲ့ နောက်က တက်စီးပါသတဲ့။ သည်တော့မှ ပါယှသုခမိန်ကြီးက အတက် ခလုတ်ကို ဖွင့်ပြီး မင်းသမီးကလေးကို ကောင်းကင်ခရီးဖြင့် ခိုးပြေးပါရောတဲ့။

သည်တော့ မင်းသမီးကလေးက 'အို . . . အဖေရဲ့၊ ဘယ်လို လုပ်သဟာလဲ၊ မတော်ပါဘူး။ အဖေ ပြောတုန်းကတော့ တစ်မျိုးပါလား၊ အခု ထိပ်ထားကို ဘယ်ခေါ်သွားမလို့လဲ။ အဖေက ထိပ်ထားကို မောင်တော့်ဆီ ပို့မလို့ဆို' လို့ ပြောပြီး ငိုရှာပါသတဲ့။

အဲသည်လို ပါယှသုခမိန်ကြီးက မင်းသမီးကလေးကို စက်မြင်းပျံနှင့် တင်ခိုးသွားတော့ မင်းသမီးကလေးက 'အခု ငါ့ကို ဘယ်ခေါ်သွားမှာလဲ၊ သင် ပြောတုန်းကတော့ ငါ့မောင်တော်က ခေါ်ခိုင်းလို့ဆို' လို့ ဆိုပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက 'သင့်မင်းသားဟာ အင်မတန် ယုတ်မာသည့်အကောင်၊ သည်ကောင့်လက်က သင့်ကို ငါ လွှတ်အောင် ခေါ်လာသဟာ' လို့ ဆိုပါသတဲ့။ သည်တော့ တစ်ခါ မင်းသမီးကလေးက 'သည်လိုဆိုတော့ သင်ဟာ ကိုယ့်သခင်ကို ကိုယ်သစ္စာဖောက်သည့်သူပေါ့' လို့ ဆိုပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက 'ငါ ဘယ်သူလဲ ဆိုသဟာကို သင် သိရဲ့လား၊ သင့် မင်းသားဟာ ငါ့သခင် မဟုတ်ဘူး' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'သဟာဖြင့် သင် ဘယ်သူလဲ' လို့ မေးပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက 'သင့်ကို သင့်မင်းသားကလေးက အခေါ်ခိုင်းလိုက်သည် ဆိုသဟာ ငါ လိမ်ပြောသဟာ။ အခု ငါတို့စီးလာသည့် စက်မြင်းပျံ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါစီးရင်သည့် စက်မြင်းပျံပဲ။ သင့်မင်းသားကလေးက ငါ့ဆီက ခိုးသွားသဟာ ကြာပြီ။ အခုတော့ ငါ့မြင်းပျံလည်း ငါပြန်ရပြီ၊ သင့်ကိုလည်း ငါရပြီ။ သင့် မင်းသားကလေးက ငါ့ကို စိတ်မချမ်းသာအောင် လုပ်သလိုပဲ ငါကလည်း သူ့ကို စိတ်မချမ်းသာအောင် လုပ်မည်။ သည်တစ်ခါတော့ ငါ့မြင်းပျံကို ငါ့လက်ထဲက အလွတ်မခံတော့ဘူး။ သည်တော့ သင်လည်း ငိုယိုမနေနှင့်၊ ငါနှင့်ပဲ ပျော်ပျော်ပါးပါးနေဖို့ စိတ်ကူးပေတော့။ ငါဟာ အစစ အရာရာမှာ သင့်မင်းသားကလေးထက် သာပါသည်။ သဘောလည်း ကောင်းပါသည်။ ပစ္စည်းဥစ္စာလည်း ပေါပါသည်။ ငါ့ကျေးကျွန်တွေကလည်း သင့်ကို သူတို့ရဲ့ သခင်မလို သဘောထားပြီး ရိုသေကျိုးနွံစွာ ပြုစုကြပါလိမ့်မည်။ ပြီးတော့ ငါ့ဆီမှာနေလျှင် သင်အလိုရှိသမျှ အဖိုးထိုက် အဖိုးတန် တန်ဆာများကိုလည်း ဝတ်ဆင်ရပါလိမ့်မည်' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'အမယ်လေး... အခုမှ မိဘလည်းဆုံး၊ ချစ်သူလည်း ဆုံးရပါပကော' လို့ ဆိုပြီး ငိုရှာပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက ဘာမျှ ပြန်မပြောဘဲ စက်မြင်းပျံကိုသာ ဆက်ပြီး ခရီးနှင်သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ ဂရိတ်ပြည်ကို ရောက်သွားပါသတဲ့။ ပြီးတော့မှ စက်မြင်းပျံကို မြစ်ချောင်းအသွယ်သွယ် စီးဆင်းနေသည့် သာယာစိမ်းစိုသည့် ကွင်းကြီးတစ်ခုထဲ မောင်းသွားပါသတဲ့။ အဲသည် ကွင်းကြီးနှင့် မနီးမဝေးမှာလည်း ဘုန်းကြီးသည့် ရှင်ဘုရင်တစ်ပါး နန်းစိုက်ပါသတဲ့။ အဲသည်လို ပါယှသုခမိန်ကြီးက မင်းသမီးကလေးကို ခိုးလာသည့် အချိန်မှာ ဂရိတ်ရှင်ဘုရင်ကြီးကလည်း တောကစား ထွက်လာသဟာနှင့် ပါယှသုခမိန်ကြီးကို စက်မြင်းပျံကြီးနှင့် မင်းသမီးကလေးရဲ့ ဘေးနားမှာ ရပ်နေသဟာကို တွေ့ပါသတဲ့။

သည်တော့ ဂရိတ်ရှင်ဘုရင်ကြီးရဲ့ အခြွေအရံများက ပါယှသုခမိန်ကြီးနှင့် မင်းသမီးလေးကို ဖမ်းပြီး သူတို့ ရှင်ဘုရင့် ရှေ့တော်ကို ခေါ်သွားကြပါသတဲ့။ သည်တော့ ဂရိတ်ရှင်ဘုရင်က "သည်အဘိုးကြီးကလည်း အရုပ်ဆိုးလိုက်သဟာ လွန်လို့၊ ဟိုသူငယ်မကတော့လည်း ချောလိုက်သဟာ လွန်လို့။ သူတို့နှစ်ယောက်ဟာ ဘယ်လိုများ တော်ကြပါလိမ့်မယ်" လို့ အောက်မေ့ပြီး 'အို... အမျိုးကောင်းသမီး၊ သင်နှင့် အဘိုးအိုနှင့် ဘယ်လို တော်ကြပါသနည်း' လို့ မေးပါသတဲ့။ သည်တော့ ပါယှသုခမိန်ကြီးက 'ဤ အမျိုးကောင်းသမီးသည် ငါ့ဦးလေး၏သမီး ငါ့ဇနီးပင်တည်း' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'ဘုရင်မင်းမြတ်၊ ဤအဘိုးအိုကိုလည်း ငါ မသိပါ၊ ငါသည်လည်း သူ့ဇနီး မဟုတ်ပါ။ ဤအဘိုးအိုသည် အောက်လမ်းဆရာ ဖြစ်ပါ သည်။ ငါ့ကို လှည့်ဖြား၍ ယူဆောင်လာပါသည်' လို့ လျှောက်ပါသတဲ့။

သည်တော့ ဂရိတ်ဘုရင်က ပါယှသုခမိန်ကြီးကို ဖမ်းပြီး အရိုက်ခိုင်းပါသတဲ့။





အဲသဟာနှင့် ဂရိတ်ရှင်ဘုရင်ရဲ့ အခြွေအရံတွေက ဝိုင်းပြီး ရိုက်လိုက်ကြသဟာ မသေရုံတမည်ပဲ ကျန်ပါတော့သတဲ့။ ပြီးတော့ ဂရိတ်ရှင်ဘုရင်က ပါယှ သုခမိန်ကြီးကို နေပြည်တော် ခေါ်သွားပြီး အကျဉ်းထောင်ထဲမှာ ချထားပါသတဲ့။ မင်းသမီးလေးကိုတော့ မိန်းမဆောင်မှာ ပို့ထားပြီး မြင်းပျံကြီးကိုတော့ ဘဏ္ဍာတိုက်ထဲမှာ သွင်းထားလိုက်ပါသတဲ့။ အဲသည် အတောအတွင်းမှာ မင်းသားကလေးက ခရီးသည်အဝတ်ကို ဝတ်ပြီး မင်းသမီးကလေးကို လိုက်ရှာနေပါသတဲ့။ မင်းသားကလေးက မင်းသမီးကလေးကို လိုက်ရှာနေသဟာဟာ အပြည်ပြည် အရွာရွာ နှံ့နေသဟာပါပဲ တဲ့။ အဲသဟာနှင့် နောက်ဆုံးတော့ မင်းသားကလေးဟာ ဂရိတ်ပြည်ကို ရောက်လာပါသတဲ့။ အဲသည်တော့ မင်းသားကလေးက ခရီးသည်တွေ စုဝေးသည့်နေရာကို သွားပြီး စနည်းနာပါသတဲ့။ အဲသည်အခါမှာ ခရီးသည် တစ်ယောက်က အခြား ခရီးသည်တစ်ယောက်ကို ပြောနေပါသတဲ့။ 'ငါကြားရသည့် သတင်းကဖြင့် သိပ်ဆန်းသဟာပါပဲကွာ။ အင်မတန် အကျည်းတန်၊ အင်မတန် အရုပ်ဆိုးသည့် အဘိုးကြီးတစ်ယောက်က အင်မတိ အင်မတန် လှသည့် မိန်းမပျိုကလေး တစ်ယောက်ကို မြင်းပျံကြီးနှင့် တင်ခိုးလာသဟာကို ရှင်ဘုရင်က တောကစားရင်း တွေ့တော်မူလာသဟာနှင့် အဘိုးကြီးကို ရိုက်နှက်ပြီး ထောင်ထဲ ချထားလိုက်ပြီး မိန်းမပျိုကလေးကိုတော့ နန်းတော်ထဲမှာ ခေါ်ပြီး သိမ်းထားသည် ဆိုပဲကွ။ ပြီးတော့ မြင်းပျံကြီးကိုတော့ ဘဏ္ဍာတိုက်ထဲမှာ ထည့်ထားလိုက်သတဲ့ကွ။ မဆန်းဘူးလားကွာ' လို့။

အဲသလို ပြောသဟာကို ကြားတော့ မင်းသားကလေးဟာ အင်မတိ အင်မတန် ဝမ်းသာသွားပြီး ဂရိတ်ရှင်ဘုရင် စံတော်မူသည့် နေရာကို မေးမြန်းပြီး သွားပါသတဲ့။ ဂရိတ်နေပြည်တော်ကို ရောက်သွားလို့ မြို့တံခါးကို ဝင်မည်လည်း လုပ်လိုက်ကရော၊ သူ့ကို တံခါးစောင့်တွေက ဝိုင်းပြီး ဖမ်းလိုက်ကြပါရောတဲ့။ အဲသည်လို ဖမ်းလိုက်သဟာက ဂရိတ်ပြည်ထုံးစံက ဧည့်သည်တစ်ယောက်ယောက် ရောက်လာသည်ဆိုလျှင် ဘယ်သူ ဘယ်ဝါ ဖြစ်သည်၊ ဘယ်လို ပညာတတ်သည်၊ ဘယ်လိုကိစ္စနှင့် လာသည် ဆိုသဟာကို ရှင်ဘုရင့် ရှေ့တော်မှာသွားပြီး လျှောက်ထားစေဖို့အတွက်ပါ တဲ့။

မင်းသားကလေး ရောက်သွားသည့် အချိန်ကလည်း ဂရိတ်ဘုရင် ညီလာခံသည့် အချိန် မဟုတ်လို့ တစ်ခါတည်း ရှေ့တော်ကို သွင်းမသွားနိုင်ပါဘူးတဲ့။ အဲသဟာနှင့် တံခါးစောင့်တွေက မင်းသားကလေးကို ထောင်ထဲကို ပို့လိုက်ကြပါသတဲ့။ ပထမတော့ သူ့ကို ထောင်ထဲမှာ ချုပ်ထားမယ်လို့ ကြံကြပါသတဲ့။ နောက်ကျတော့ သူ့ရုပ်ရည်က သနားကမားကလေး ဖြစ်နေသဟာနှင့် ထောင်စောင့်များက သူတို့နှင့်ပဲ အပြင်မှာ ထားကြပါသတဲ့။ ပြီးတော့ ညစာ စားချိန် ရောက်တော့လည်း သူတို့ စားသည့်အထဲကပဲ မင်းသားကလေးကို ကျွေးကြပါသတဲ့။ ပြီးတော့ 'သင် ဘယ်အရပ်ကလဲ၊ သင့် အမျိုး



www.burmeseclassic.com

www.burmeseclassic.com



အမည်က ဘာလဲ’ လို့ မင်းသားကလေးကို မေးကြပါသတဲ့။ သည်တော့ မင်းသားကလေးက ‘ငါက ဆောသဋ္ဌော လူမျိုးပါ’ လို့ ဆိုပါသတဲ့။ သည်တော့ ထောင်စောင့်တွေက ဝိုင်းရယ်ကြပြီး ‘ငါတို့လည်း လူအမျိုးမျိုးအကြောင်း ကြားဖူးပါသည်။ သဟာပေမင့် ငါတို့ထောင်ထဲမှာ အခု ရောက်နေသည့် ဆောသဋ္ဌောလူမျိုး တစ်ယောက်လို အကြွားသန်သဟာတော့ မတွေ့ဖူးပါဘူး’ လို့ ဆိုကြပါသတဲ့။ ပြီးတော့ နောက်တစ်ယောက်က ‘သည်လူလို အရုပ်ဆိုးသဟာ၊ အကျည်းတန် သဟာလည်း ငါတို့ မတွေ့ဖူးပါဘူး’ လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက ‘အဲသည်လူက ဘယ်လိုကြွားသလဲ ပြောစမ်းပါဦး’ လို့ ဆိုပါသတဲ့။ သည်တော့ ထောင်စောင့်တွေက ‘သူက သူဟာ ဧရာမ ပညာရှိကြီးလို့လည်း ပြောသည်။ ပြီးတော့ သူ့မြင်းနှင့် တင်ခေါ်လာသည့် လုံမပျိုလေး၊ အခု ရူးနေသဟာကိုလည်း ပျောက်အောင် မကုနိုင်ဘူး။ ရှင်ဘုရင်ကလည်း သည်လုံမပျိုကလေးကို မိဖုရားမြှောက်ချင်နေသည်။ အဲသည်လူဟာ တကယ် ပညာရှိသည်ဆိုရင် လုံမပျိုရဲ့ ရောဂါကို ပျောက်အောင် ကုနိုင်ရမှာပေါ့’ လို့ ပြောကြပါသတဲ့။

ပြီးတော့ ‘အဲသည် ပညာရှိကြီးဆိုသည့်လူဟာ ညတိုင်ညတိုင်ကျလျှင် တဆူဆူ တပူပူ ငိုယိုညည်းတွား လုပ်နေသဟာနှင့် သူတို့တောင် အိပ်လို့ မရဘူး’ လို့လည်း ထောင်စောင့်တွေက မင်းသားကလေးကို ပြောပြကြပါသတဲ့။

အဲသည်လို ထောင်စောင့်တွေ ပြောသဟာ ကြားရတော့ မင်းသားကလေးက သူ့ချစ်သူ မင်းသမီးကလေးဟာ ဂရိတ်ဘုရင်ဆီမှာ ရောက်နေပြီ ဆိုသဟာကို သိပြီး ဝမ်းသာသွားပါသတဲ့။ အဲသဟာနှင့် ညဥ့်နက်လာတော့ ထောင်စောင့်တွေကလည်း အိပ်ချင်လာကြသဟာနှင့် မင်းသားကလေးကို ထောင်ထဲ ပို့လိုက်ကြပါသတဲ့။ ထောင်ထဲရောက်သွားတော့ ပါယှသုခမိန်ကြီးက ပါးစပ်က ဗျစ်တောက် ဗျစ်တောက်နှင့် ပြောပြီး ငိုနေသဟာကို ကြားရပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက နားစွင့်ပြီးနေတော့ ပါယှသုခမိန်ကြီးက ‘အခုလို ငါ အကျဉ်းခံနေရ သဟာ ဟာ. . . သူများအပြစ် မဟုတ်ဘူး၊ ငါ့အပြစ်ပဲ။ ပြီးတော့ မင်းသားကလေး အပေါ်မှာ ငါ လုပ်ပုံဟာလည်း မှားသဟာပဲ။ တကယ်ဆိုတော့ ငါဟာ မင်းသမီးကလေးနှင့် တန်သဟာ မဟုတ်ဘူး၊ မင်းသမီးကလေးကလည်း ငါ့ကို ကြည်ဖြူသဟာ မဟုတ်ဘူး။ ဒွန္ဒယာကြီးမှာ ကိုယ်နှင့် မထိုက်တန်သဟာကို ကြံလျှင် ငါ့လိုပဲ နာခေါင်းကျည်ပွေ့ တွေ့ရမှာပဲ’ လို့ ငိုရင်း ပြောသဟာကို ကြားရပါသတဲ့။

အဲသဟာနှင့် မင်းသားကလေးက ပါယှသုခမိန်ကြီးကို ပါယှစကားနှင့် ပြောပါသတဲ့။ ‘သင်ဟာ သည်လိုပဲ တစ်သက်လုံး ငိုနေတော့မှာလား၊ ဒွန္ဒယာကြီးမှာ သင်လို အပူရှိသည့်လူမျိုး မရှိဘူးလို့ ထင်နေသလား’ လို့။





အဲသဟာနှင့် မနက်မိုးလင်းတော့ ထောင်စောင့်တွေက မင်းသားကလေးကို ရှင်ဘုရင့်ရှေ့တော်ကို သွင်းသွားကြပါသတဲ့။ သည်တော့ ရှင်ဘုရင်က ‘သင်ဟာ ဘယ်အရပ်က ဘာကိစ္စနှင့် သည်ကို ရောက်လာပါသလဲ’ လို့ မေးပါသတဲ့။ သည်တော့ မင်းသားကလေးက ‘ငါဟာ ပါယှလူမျိုး ဖြစ်ပါသည်။ ငါ့အမည်ကတော့ ဟာဋ္ဌာဇာလို့ ခေါ်ပါသည်။ ငါသည် အမှောင့်ပယောဂဆရာ ဖြစ်ပါသည်။ အထူးသဖြင့် အမှောင့်ပယောဂကြောင့် ဖြစ်သော ရူးသွပ်နာများကို ကောင်းစွာ ကုနိုင်ပါသည်။ ငါဟာ သည်လိုပဲ အပြည်ပြည် အရွာရွာကို လျှောက်ပြီး ကုနေပါသည်’ လို့ လျှောက်ပါသတဲ့။ အဲသည်လို မင်းသားကလေးက ပြောလိုက်တော့ ရှင်ဘုရင်က သိပ်ပြီး ဝမ်းသာသွားပြီး ‘နိပ်လိုက်လေ သုခမိန်ကြီးရယ်၊ သင် ရောက်လာသဟာ အချိန် သိပ်သင့်သဟာပဲ’ လို့ ဆိုပါသတဲ့။ ပြီးတော့ ရှင်ဘုရင်က မင်းသမီးကလေး ရူးနေပုံကို ပြောပြပြီး ‘သည်တော့ကာ သင်သုခမိန်ကြီးက သည်လုံမပျိုရဲ့ ရူးသွပ်သည့် ဝေဒနာကို ပျောက်အောင် ကုပေးစေလိုပါသည်။ အကယ်၍ ပျောက်အောင် ကုပေးနိုင်ပါလျှင် သင် လိုချင်ရာဆုကို ငါ ပေးပါမည်’ လို့ ဆိုပါသတဲ့။

သည်တော့ မင်းသားကလေးက ‘မင်းမြတ်၊ သင် ဆိုသည့်အတိုင်း လုံမပျို၏ ရူးသွပ်နာကို ငါ ကုပေးပါမည်။ ထို ရူးသွပ်နာ အကြောင်းခြင်းရာကို သင် သိသမျှ ငါ့အား ကြားလော့။ လုံမပျို ရူးသွပ်သည်မှာ ဘယ်လောက်ကြာပြီ ဆိုသည်ကိုလည်း ငါ သိလိုပါသည်။ လုံမပျိုရယ်၊ မြင်းကြီးရယ်၊ သုခမိန်ရယ် ဘယ်နည်းဘယ်ပုံနှင့် သည်ကို ရောက်လာသည် ဆိုသဟာကိုလည်း ငါ့အား ပြောကြားလော့’ လို့ လျှောက်ပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက လုံမပျိုရယ်၊ မြင်းကြီးရယ်၊ သုခမိန်ရယ် ရောက်လာပုံကို အစအဆုံး ကုန်စင်အောင် ပြောပြပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးက ‘ပါယှသုခမိန်ကြီးတော့ အခု ထောင်ထဲမှာ ရှိသည်’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက ‘အနို့. . . မြင်းကတော့ ဘယ်မှာလဲ’ လို့ မေးပါသတဲ့။ သည်တော့ ရှင်ဘုရင်က ‘အို လုလင်၊ မြင်းလည်း ငါ့ဆီမှာ ရှိသည်၊ ဘဏ္ဍာတိုက်ထဲ၌ ငါ ထည့်ထားသည်’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသားကလေးက “အင်း သည်လိုဆိုလျှင် ပထမဆုံး မြင်းကို ငါ ကြည့်ရမှ ဖြစ်မည်။ စက်မပျက်သေးဘူး ဆိုလျှင်တော့ ဟန်သည်။ မတော်တဆ စက်များ ပျက်နေသည် ဆိုလျှင်တော့ ငါ တစ်မျိုးတစ်မည် ကြံမှဖြစ်မည်” လို့ အောက်မေ့ပြီး ‘အို. . . မင်းမြတ်၊ သည်လိုဆိုလျှင် မြင်းကို ငါ ကြည့်လိုပါသည်။ မြင်းကို ငါ ကြည့်ရလျှင် လုံမပျို၏ ရောဂါကို ဘယ်လိုကုရမည်ကို ငါ သိနိုင်စရာ ရှိပါသည်’ လို့ ပြောပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက ‘ယခုပင် လာလော့၊ ငါ ပြအံ့’ လို့ ဆိုပြီး မင်းသားကလေးကို ဘဏ္ဍာတိုက်ထဲကို ခေါ်သွားပါသတဲ့။ သည်တော့ မင်းသား



www.burmeseclassic.com

www.burmeseclassic.com



ကလေးက မြင်းပျံကြီးကို သေသေချာချာ စစ်ဆေးကြည့်ပါသတဲ့။ မြင်းပျံကြီးကလည်း စက်မပျက်ပါဘူးတဲ့။ အဲသဟာနှင့် မင်းသားကလေးက ဝမ်းသာသွားပြီး 'အို… မင်းမြတ်၊ ယခုပင် လုံမပျိုကို ငါ သွား၍ ကြည့်ပါမည်။ အလာဟု အရှင်၏ ကျေးဇူးတော်ဖြင့် ဤမြင်းကို အကြောင်းပြုပြီး ငါသည် လုံမပျိုကို မိ မွေးတိုင်း ဖ မွေးတိုင်းဖြစ်အောင် ကုပေးနိုင်ဖို့ လမ်းရှိပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်က မင်းသားကလေးကို မင်းသမီးကလေး ရှိရာ အဆောင်တော်ကို ခေါ်သွားပါသတဲ့။ သည်တော့ မင်းသမီးကလေးက ငိုယိုပြီး သူ့အဝတ်တန်ဆာတွေကို ဆုတ်ဖြဲပစ်နေပါသတဲ့။ မင်းသားကလေးက သေသေချာချာ အနားကပ်ကြည့်တော့ မင်းသမီးကလေးဟာ တကယ် ရူးသဟာ မဟုတ်ဘဲ သူ့အနားကို ဘယ်ယောကျ်ားမှ မကပ်နိုင်အောင် ရူးချင်ယောင် ဆောင်နေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက အနားအသာကပ်ပြီး 'ငါဟာ သင့်မောင်တော်လေ' လို့ ပြောလိုက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးက ဝမ်းသာလုံးဆို့ပြီး တစ်ခါတည်း ရှိုက်ကြီးတငင် ငိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက မင်းသမီးကလေးဟာ အရူးထလာပြန်ပြီလို့ ထင်ပါသတဲ့။ သည်အတောအတွင်းမှာ မင်းသားကလေးက ရှင်ဘုရင်ကြီး မသိအောင် မင်းသမီးကလေး နား နားကပ်ပြီး 'သတိထားပါ နှမတော်၊ ဣန္ဒြေမပျက်ပါစေနှင့်။ သည်မင်း လက်က လွတ်အောင် မောင်တော် ကြံပါမည်၊ ဘာမျှ မပူပါနှင့်။ နှမတော်ကို သရဲဖမ်းစားထားသည်လို့ ရှင်ဘုရင်ကြီးကို မောင်တော် လျှောက်ပါမည်။ ပြီးတော့ သည်ရောဂါကို မောင်တော် ပျောက်အောင် ကုပေးမည်လို့လည်း လျှောက်ပါမည်။ သည်တော့ နှမတော်က ရှင်ဘုရင်ကြီးကို အလိုက်သင့် အလျားသင့် ချိုချိုသာသာ စကားလည်း ပြောလိုက်ပါ။ ပြီးတော့ နှမတော်ကို တုပ်နှောင်ထားသည့် ကြိုးများကိုလည်း ဖြေပေးဖို့ မောင်တော် ပြောပါမည်။ မောင်တော် ပြောသည့်အတိုင်း နှမတော် လုပ်ပါလျှင် မောင်တော်တို့ အကြံအောင်ဖို့သာ ရှိပါသည်' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ကောင်းပါပြီ၊ မောင်တော် မှာသည့်အတိုင်း လုပ်ပါမည်' လို့ ဆိုပါသတဲ့။

ပြီးတော့ မင်းသားကလေးက ရှင်ဘုရင်ကြီးကို လျှောက်ပါသတဲ့။ 'မှန်လှပါ၊ ဘုန်းဘော်ကြောင့် လုံမပျိုရောဂါကို ကုစား၍ ပြီးကြောင်းပါ။ အရှင်မင်းမြတ်သည် လုံမပျိုအပါးသို့ ချဉ်း၍ ချိုသာသော စကားကိုသာ အလိုက်သင့် ဆိုပါလော့။ အရှင်၏ အလိုတော် ပြီးမြောက်ပါလိမ့်မည်' လို့။

သည်တော့ ရှင်ဘုရင်က မင်းသမီးကလေး အနီးသို့ ချဉ်းသွားပါသတဲ့။ သည်တော့ မင်းသမီးကလေးကလည်း ပျာပျာသလဲ ထိုင်ရာမှထပြီး ရှင်ဘုရင်ကြီးကို အရိုအသေပြုပြီး 'အရှင်ကိုယ်တော်တိုင် ကြွရောက် အဖူးမြော်ခခြင်းကို ကျေးဇူးတင်၍





မဆုံးနိုင်အောင် ရှိကြောင်းပါ' လို့ လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်က ဘဝင်ခွေ့သွားပြီး 'ဟဲ့… လက်ပါးစေမတွေ လာကြစမ်း၊ သင်တို့ သခင်မကို ရေချိုးဆောင် ခေါ်ပြီး ရေချိုးပေးကြ။ ပြီးလျှင် အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာများ ဆင်ပေးကြ' လို့ ဆိုပါသတဲ့။ သည်တော့ လက်ပါးစေမတွေက မင်းသမီးကလေးကို ယုယုယယ ရေချိုးဆောင် ခေါ်ပြီး ရေချိုးပေးပြီး မင်းသုံးမင်းဆောင် အဝတ်တန်ဆာများ ဆင်ပေးပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ မင်းသမီးကလေးဟာ လပြည့်ဝန်းကြီးလိုပဲ ကြည့်လို့ မငြီးနိုင်အောင် ရှိပါသတဲ့။ ပြီးတော့ မင်းသမီးကလေးကို ရှင်ဘုရင်ကြီးရှေ့တော်ကို ခေါ်သွားကြပါသတဲ့။

သည်တော့ ရှင်ဘုရင်ကြီးက ရွှေဘောတော်ကျလွန်းလို့ ပြုံးပြုံးကြီး ဖြစ်နေပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးက မင်းသားကလေးကို ပြောပါသတဲ့။ 'အို... ပညာရှိ၊ အို... သုခမိန်၊ သင်၏ ဆေးပညာသည် စွမ်းလှပါဘိသည်။ သင့်ကျေးဇူးသည် ဆပ်၍ ကုန်နိုင်ဖွယ် မရှိပြီ' လို့။ သည်တော့ မင်းသားကလေးက 'အို... မင်းမြတ်၊ ငါသည် လုံမပျို၏ ရောဂါကို ကု၍ မပြီးသေးပါ။ ထို့ကြောင့် အပြီးတိုင် ကုစားနိုင်ရန်အတွက် သင်မင်းမြတ်သည် ရဲမက်တော်များနှင့်တကွ လုံမပျိုကို မူလတွေ့သည့် နေရာသို့ ပို့ပေးတော်မူပါ။ သစ်သားမြင်းရုပ်ကြီးကိုလည်း ထိုနေရာသို့ ဆောင်ကြဉ်းစေခဲ့ဖို့ မေ့တော်မမူပါလင့်။ လုံမပျိုကို ဖမ်းစားသည့် သရဲသည် ထိုမြင်းရုပ်ထဲတွင် ရှိပါသည်။ ထိုသရဲကို





ငါ ဖမ်းပြီး မချုပ်ခဲ့သော် လဆန်းတိုင်း လဆန်းတိုင်း ထိုသရဲသည် လုံမပျိုကို ပူးကပ်ဖမ်းစားပါလိမ့်မည်' လို့ လျှောက်ပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'အို... သုခမိန်တို့၏ ထိပ်တင် ပညာရှင်၊ သင် ပြောသည့်အတိုင်း ငါ ပြုအံ့' လို့ ဆိုပြီး မြင်းရုပ်ကြီးကို ထုတ်ပြီး နောက်ပါရဲမက်များနှင့်တကွ မင်းသမီးကလေးကိုပါ ခေါ်ပြီး ထွက်ချီတော်မူသွားပါသည်။ ရှင်ဘုရင်ကြီးက မင်းသားကလေးရဲ့ အကြံကို လုံးဝ မရိပ်မိပါဘူးတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ကြီးက ပထမ မြင်းရုပ်ကြီး တွေ့သည့်နေရာကို ရောက်သွားတော့ မင်းသားကလေးက 'မှန်လှပါ၊ လုံမပျိုနှင့် မြင်းရုပ်ကြီးကို မူလ တွေ့ရင်းနေရာမှာ ထားပေးတော်မူပါ' လို့ ဆိုပါသတဲ့။ သည်တော့ ရှင်ဘုရင်ကြီးက 'ကောင်းပြီ' လို့ ဆိုပြီး မင်းသားကလေး ပြောသည့်အတိုင်း ထားပေးပါ သတဲ့။ သည်တော့ မင်းသားကလေးက 'မှန်လှပါ၊ အရှင်မင်းမြတ် ခွင့်ပြုတော်မူပါလျှင် ငါသည် မြင်းရုပ်ကြီးရှိရာသို့ သွားပြီးလျှင် မန်းမှုတ်ပြီး သရဲကို ချုပ်ပါတော့မည်။ ထိုသို့ သရဲကို ချုပ်ပြီးနောက် ငါသည် မြင်းရုပ်ကြီးပေါ်သို့ တက်စီးပါမည်။ ထိုနောက် ငါ၏နောက်နားမှာ လုံမပျိုကို စီးစေပါမည်။ ထိုအခါ ငါ၏ မန်းမှုတ်မှု တန်ခိုးကြောင့် မြင်းရုပ်ကြီးသည် မီးအိမ်ပျံကဲ့သို့ ဖောင်းပွလာပြီးလျှင် ဟိုမှ သည်မှ ယိမ်းနွဲ့၍ အရှင်မင်းမြတ် ရှိရာသို့ လာပါလိမ့်မည်။ ထိုအခါ လုံမပျိုကို အရှင်မင်းမြတ် အလိုတော်ရှိသလို သုံး၍ရပါလိမ့်မည်' လို့ ဆိုပါသတဲ့။

သည်တော့ ရှင်ဘုရင်က ရွှေဘောတော် အင်မတန် ကျသွားပါသတဲ့။ အဲသဟာနှင့် မင်းသားကလေးက မြင်းရုပ်ကြီးဆီ သွားပြီး တက်စီးလိုက်ပါသတဲ့။ ပြီးတော့ မင်းသမီးကလေးကို သူ့နောက်က တက်စေပါသတဲ့။ ပြီးတော့ မင်းသားကလေးက အတက်ခလုတ်ကို လှည့်လိုက်ပါသတဲ့။ သည်တော့ မြင်းရုပ်ကြီးက ဖောင်းပွ ယိမ်းယိုင်လာပြီး အပေါ်ကို ပျံတက်သွားလိုက်သဟာဟာ ရှင်ဘုရင်နှင့် ရဲမက်တော်များ မော့ကြည့်လို့တောင် မမြင်ရတော့ပါဘူး တဲ့။

အဲသလို မင်းသားကလေးနှင့် မင်းသမီးကလေး စက်မြင်းပျံကို စီးပြီး ကောင်းကင်တက်သွားပေမင့် ရှင်ဘုရင့် စိတ်ထဲက တစ်ခါတည်း ထွက်ပြေးကြပြီလို့ မမှတ်သေးဘဲ ပြန်လာကြလိမ့်ဦးမည်လို့ အောက်မေ့ပြီး နေ့ဝက်တိုင်တိုင် စောင့်နေပါသေးသတဲ့။ သဟာပေမင့် မင်းသားကလေးနှင့် မင်းသမီးကလေးဟာ ပြန်မလာကြတော့ပါဘူး တဲ့။

အဲသဟာနှင့် ဂရိတ်ဘုရင်ဟာ ယူကျုံးမရဖြစ်ပြီး ရဲမက်တော်တွေနှင့် သူ့နန်းတော်ကို ပြန်လာရပါသတဲ့။ သူ့နန်းတော်ရောက်တော့ ပါယှသုခမိန်ကို ထောင်ထဲက အထုတ်ခိုင်းပြီး 'ဟဲ့... သစ္စာဖောက်၊ ကောင်ယုတ်မာ၊ သင် ဘာလို့ စက်မြင်းပျံအကြောင်းကို ငါ့ကို မလျှောက်ဘဲနှင့် ထိန်ချန်ထားရသလဲ။ အခု သင် ထိန်ချန်ထားသည့်အတွက် စက်မြင်းပျံဟာ ဟိုကောင်လိမ် လက်ထဲ ပါသွားရပြီ။ သဟာတွင်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်သေးဘူး၊ ရွှေတိုက်တော် တစ်ခုလုံးလောက် အဖိုးတန် ရတနာတွေ ဆင်ထားသည့် ကျွန်မတစ်ယောက်လည်း ပါသွားပြီ။ သလို ဖြစ်ရသဟာ ဟာ သင် မကောင်းလို့ မဟုတ်လား' လို့ ဆိုပါသတဲ့။

သည်တော့ ပါယ္သုခမိန်က စက်မြင်းပျံ အကြောင်းကို အစအဆုံး ရှင်ဘုရင်ကြီးကို လျှောက်ထားပါသတဲ့။ သည်တော့ ရှင်ဘုရင်က အမျက်တော် ထွက်လွန်းလို့ ပါယ္သုခမိန်ကို အဆုံးတောင် စီရင်ပစ်ချင်ပါသတဲ့။ ပြီးတော့ ရှင်ဘုရင်ကြီးဟာ စိတ်နှလုံး မချမ်းမမြေ့ဖြစ်ပြီး နန်းတော်ထဲက ဘယ်မှ ထွက်တော်မမူဘဲ နေပါသတဲ့။ နောက်မှ မှူးတော်မတ်တော်များက 'မှန်လှပါ၊ စက်မြင်းပျံကို ယူဆောင်သွားသူဟာ မှော်ဆရာ ဖြစ်ပါသည်။ ယခုလို အရှင်မင်းမြတ်ရဲ့ အသက်ကို ရန်မရှာခဲ့သည်ကိုပင် သူ့ကို ပြန်၍ ကျေးဇူးတင်ဖို့ ကောင်းပါသည်' လို့ လျှောက်ကြပါသတဲ့။

အဲသဟာနှင့် ရှင်ဘုရင်ဟာလည်း စိတ်တော်ကို ဖြေနိုင်သွားပါသတဲ့။

အဲသည် အတောအတွင်းမှာ မင်းသားကလေးကတော့ မင်းသမီးကလေးကို ဆောင်ပြီး သူ့ခမည်းတော်နိုင်ငံ ရောက်အောင် စက်မြင်းပျံကို မရပ်မနား ပျော်ရွှင်စွာ စီးသွားပါသတဲ့။ သူ့ခမည်းတော်နိုင်ငံ ရောက်သွားတော့ နန်းတော် ခေါင်မိုးပေါ်မှာ စက်မြင်းပျံကို ရပ်ပြီး မင်းသမီးကလေးရဲ့ ရွှေလက်တော်ကို ဆွဲပြီး နန်းတော်ကို ဝင်သွားပါသတဲ့။

သည်တော့ သူ့ခမည်းတော်နှင့် မယ်တော်ဟာ ဝမ်းသာလို့ မဆုံးနိုင်အောင် ဖြစ်သွားကြပါသတဲ့။ ပြီးတော့ မင်းသားကလေးက ပျော်ရွှင်သည့် အထိမ်းအမှတ်နှင့် မြို့သူမြို့သားတွေကို တစ်လလုံးလုံး စားပွဲကြီးတွေ ခင်းပြီး ကျွေးပါသတဲ့။ အဲသည်အခါမှာ သူ့ခမည်းတော်က စက်မြင်းပျံကို ယူပြီး တစ်ခါတည်း ထုခွဲ ဖျက်ဆီးပစ်လိုက်ပါသတဲ့။

ပြီးတော့ မင်းသားကလေးက မင်းသမီးကလေးရဲ့ ခမည်းတော်ဆီကို အကျိုးအကြောင်းကို စုံလင်အောင် စာနှင့်ရေးပြီး လျှောက်ထားပါသတဲ့။ သည်တော့ ယောက္ခမတော် မင်းကြီးက ဝမ်းသာတော်မူလွန်းလို့ သမက်တော်နှင့် သမီးတော်ဆီ အဖိုးထိုက် အဖိုးတန် လက်ဆောင်တော်များကို ပို့လိုက်ပါသတဲ့။ ပြီးတော့ မင်းသားကလေးကလည်း နှစ်စဉ်နှစ်စဉ် ယောက္ခမတော် မင်းကြီးထံ သဝဏ်စာလည်း ပါး၊ လက်ဆောင်ပဏ္ဏာတော်များလည်း အဆက်လွှတ်ပါသတဲ့။

အဲသလိုနှင့်ပဲ မင်းသားကလေးဟာ မင်းသမီးကလေးနှင့် ပျော်ပါးနေလိုက်ကြသဟာ နှစ်ပေါင်းများစွာ ကြာသွားတော့ ခမည်းတော်မင်းကြီး နတ်ရွာစံပါရောတဲ့။ သည်တော့ မင်းသားကလေးက ခမည်းတော် ရိုက်ရာကို ဆက်ခံပြီး မင်းကောင်းမင်းမြတ်တို့ထုံး နှလုံးသွင်းပြီး တိုင်းပြည်ကို အုပ်ချုပ်ပါသတဲ့။ အဲသဟာနှင့် တိုင်းသူ ပြည်သားလူအများကလည်း သူ့ကို ချစ်ခင် ကြည်ညိုကြပါသတဲ့။





အဲသလိုနှင့်ပဲ မင်းသားကလေးနှင့် မင်းသမီးကလေးဟာ ပျော်ရွှင်စွာ နေလိုက်ကြသဟာဟာ နောက်ဆုံး ပျော်ရွှင်ခြင်းကို ဖျက်သူ၊ ပေါင်းသင်းခြင်းကို ခွဲသူ၊ နန်းတော်တွေကို လုသူ၊ သင်္ချိုင်းဂူကို ဝိုင်းသူ (သေမင်း) က လာခေါ်သည့် အချိန်အထိပါပဲတဲ့။

*

'မမ ပုံကလည်း နားထောင်ကောင်းတုန်းမှာ ဆုံးသွားသဟာကို မမရဲ့၊ နောက်တစ်ပုံ ထပ်ပြောပါဦး' ဟု ညီမငယ် ဒွန်ယာဇတ်က ပြောသတဲ့။

ထိုအခါ အစ်မကြီး ယှာဠာဇတ်က 'သည်ပုံက ဘာဟုတ်သေးသလဲအေ၊ နောက်ပြောမည့်ပုံက သဟာ့ထက်တောင် ကောင်းပါသေးသည်' လို့ ဆိုသတဲ့။

'သဟာဖြင့် ပြောပါဦး မမရဲ့' လို့ ဒွန်ယာဇတ်က ဆိုသတဲ့။

ထိုအခါ ယှာဠာဇတ်က 'မမကတော့ ပြောချင်ပါရဲ့အေ၊ သဟာပေမင့် မမ သဘောမှ မဟုတ်ဘဲ ။ ဘဝရှင် မင်းတရားကြီးက ခွင့်ပြုတော်မူမည် ဆိုလျှင်တော့ မမ ပြောပါမည်' လို့ ဆိုသတတ်တဲ့။

ထိုအခါ ယှာဠိုယမင်းကြီးက 'ပြောစေဗျား' လို့ အမိန့်တော် မှတ်တော်မူသတဲ့။

## [ ၂၉ ]
## ကုန်းတွင်းသား ဆင်ဒဗတ်
## နှင့်
## ပင်လယ်ခရီးသွား ဆင်ဒဗတ်

'သည်နေ့ မမ ပြောမည် ဆိုသဟာက ဘာပုံလဲ မမရဲ့' ဟု ညီမငယ် ဒွန်ယာဇတ်က အစ်မကြီး ယှာဠာဇတ်ကို မေးသည်။

'သည်နေ့ မမ ပြောမည့်ပုံက ကုန်းတွင်းသား ဆင်ဒဗတ်နှင့် ပင်လယ်ခရီးသွား ဆင်ဒဗတ်ပုံတဲ့ ညီမလေးရဲ့' ဟု ယှာဠာဇတ်က ဆိုသည်။

သည်တော့ ဒွန်ယာဇတ်က 'ပြောမှာဖြင့်လည်း ပြောပါတော့ မမရယ်၊ ညီမလေး နားထောင်ချင်လှပြီ' လို့ ဆိုသည်။

ထိုအခါ ယှာဠာဇတ်က 'ဘဝရှင် မင်းတရားကြီးက အခွင့်ပြုတော်မူမည်ဆိုလျှင် ပြောရသဟာပေါ့အေ' ဟု ဆိုသည်။

ထိုအခါ ယှာဠိုယမင်းကြီးက 'ပြောစေ' ဟု မိန့်သည်။

ထိုအခါ ယှာဠာဇတ်က ဆိုလတ္တံ့သည့်အတိုင်း ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကုန်းတွင်းသား ဆင်ဒဗတ်နှင့် ပင်လယ်ခရီးသွား ဆင့်ဒဗတ်ပုံ

ဗဂ္ဂဒက် နေပြည်တော်ကို ဟာရွံအာရ္ဆာယှစ်မင်းကြီး မင်းပြုတော်မူစဉ် ဝန်ထမ်း[၁] အလုပ်ဖြင့် အသက်မွေးသည့် ဆင်ဒဗတ်ဆိုသည့် လူတစ်ယောက် ရှိပါသတဲ့။

နေ အလွန်ပူပြင်းသည့် နေ့တစ်နေ့မှာ ဆင်ဒဗတ်ဟာ အထုပ်ကြီးတစ်ထုပ်ကို ထမ်းပြီး လာပါသတဲ့။ အဲသဟာနှင့် မောလွန်းလို့ ချွေးဒီးဒီး ကျနေပါသတဲ့။ အဲသည်လို မောကြီးပန်းကြီးနှင့် အထုပ်ကြီးကို ထမ်းလာနေတုန်းမှာ ကုန်သည်ကြီးတစ်ဦးရဲ့ အိမ်ဝင်းတံခါးရှေ့ကို ရောက်သွားပါသတဲ့။ အဲသည် ဝင်းတံခါးနားမှာလည်း ခုံတန်းရှည်ကြီးတစ်ခု ခင်းထားပါသတဲ့။ အဲသဟာနှင့် ဆင်ဒဗတ်က အထုပ်ကြီးချပြီး ခုံတန်းပေါ်ထိုင်ပြီး အမောဖြေနေပါသတဲ့။

အဲသည်လို ထိုင်နေတုန်းမှာ အိမ်ဝင်းထဲက အင်မတိ အင်မတန် သာယာနာပျော်ဖွယ် ကောင်းသည့် သီချင်းသံ၊ တီးသံမှုတ်သံများကို ကြားရပါသတဲ့။ အဲသဟာနှင့် ဆင်ဒဗတ်က စည်းစိမ်နှင့် နားထောင်နေပါသတဲ့။ ပြီးတော့ ဝင်းတံခါးနား သွားပြီး အထဲကို ကြည့်လိုက်တော့ ပန်းမျိုးစုံ ပွင့်နေသည့် ဥယျာဉ်ကြီးကို တွေ့ရပါသတဲ့။ ပြီးတော့ အဲသည် ဝင်းကြီးထဲမှာ အိမ်ရှင်ရဲ့ အခိုင်းခံ အစေခံ တပည့်တပန်းတွေလည်း အများကြီး တွေ့ပါသတဲ့။ အဲသည် အိမ်ကြီးကလည်း မင်းနန်းတော်ကြီးလောက်ပဲ ကြီးကျယ် ခမ်းနားပါသတဲ့။ ပြီးတော့ ပန်းရနံ့တွေကလည်း လှိုင်၊ အမဲဟင်းလျာနံ့တွေကလည်း သင်းနေသဟာနှင့် ဆင်ဒဗတ်ဟာ နှာခေါင်းအရသာခံရင်းနှင့် ကောင်းကင်ဘုံ ဘက်ကို မျှော်ပြီး 'အို ဖန်ဆင်းတော်မူသော အလာဟုအရှင်၊ အရှင်သည် ဘုန်းတန်ခိုးကြီးမားပါပေသည်။ အရှင်သည် အရှင့်အလိုတော်အတိုင်း ပေးကမ်း ချီးမြှောက်ပါပေသည်။ အရှင်သည် ငါ၏အဖြစ်ကို သည်းခံ ခွင့်လွှတ်ပါလော့' လို့ ဆိုပါသတဲ့။

ပြီးတော့ ဆင်ဒဗတ်က 'ငါ၏ ဆင်းရဲခြင်းက မဆုံးနိုင်၊ ငါ၏ ဆင်းရဲခြင်းကို အမှီပြု၍ များစွာကုန်သော လူတို့သည် အေးချမ်းသာယာစွာ စည်းစိမ် ခံစားလျက်ရှိကြသည်။ ငါ့မှာတစ်မူ မျက်စိနှစ်လုံး ပွင့်လာသည်နှင့် တစ်ပြိုင်နက် ဆင်းရဲခြင်းကို ခံစားရသည်။ ငါ၏အဖြစ်မှာ ဆန်းဘိသည်။ ဆင်းရဲခြင်းကြောင့် ငါ့မှာ ညည်းညူရသည်။ များစွာကုန်သော သူတို့မှာကား ကံကောင်း၍ ဆင်းရဲခြင်းမှ ကင်းကြကုန်သည်။ သူတို့တွင် ဆင်းရဲခြင်းဝန်ထုပ် မရှိ။ နေ့တိုင်းနေ့တိုင်း စားကာသောက်ကာ အခွေအရံများစွာနှင့် စည်းစိမ်ခံလျက်သာ နေကြသည်။ အားလုံးသော သတ္တဝါတို့သည် သုက်သွေးပေါက်မှ ဖြစ်ပေါ်၍ လာကြသည်ချည်း ဖြစ်သည်။ သို့ဖြစ်လျက် ငါ၏ ဆင်းရဲခြင်းနှင့် ကံဆိုးခြင်း၊ သူတို့၏ ချမ်းသာခြင်းနှင့် ကံကောင်းခြင်းကား ကွာခြားလှဘိသည်။ သို့ရာတွင် အို အလာဟုအရှင်၊ ငါသည် အရှင်၏ အလိုတော်အတိုင်း သတ်မှတ်တော်မူထားသော အမိန့်တော်များကို မည်ကဲ့သို့မျှ အပြစ်မဆိုပါ' လို့ ဆိုသည့် ကဗျာကို ရွတ်နေပါသတဲ့။

၁။ ဝန်ထမ်း= သူတစ်ပါး ဝန်ထုပ်ဝန်ပိုးကို အခယူ၍ သယ်ဆောင်သူ။





အဲသည်ကဗျာနှင့် ညည်းပြီးတော့ ဆင်ဒဗတ်က ထိုင်ရာကထပြီး သူ့အထုပ်ကြီးကို ထမ်းပြီး သူ သွားစရာ ရှိသဟာကို ဆက်ပြီးသွားဖို့ လုပ်ပါသတဲ့။ အဲသည်အခါမှာ တံခါးပေါက်မှ သားသားနားနား အဝတ်တန်ဆာ ဆင်ယင်ထားသည့် အစေခံ လုလင်တစ်ဦး ထွက်လာပြီး 'သည်မှာ သင့်ကို ငါတို့သခင်က စကားပြောချင်လို့တဲ့၊ လိုက်ခဲ့ပါ' လို့ ဆိုပါသတဲ့။

သည်တော့ ဆင်ဒဗတ်က 'မလိုက်ချင်ဘူး' လို့ ငြင်းလိုက်မည် ကြံပါသတဲ့။ သဟာပေမင့် လုလင်က အတင်း ဆွဲခေါ်သွားသဟာနှင့် ကောက်ကောက် ကောက်ကောက်နှင့် ဝင်းထဲကို လိုက်သွားရပါသတဲ့။ အဲသဟာနှင့် ဝင်းထဲ ရောက်သွားတော့ အိမ်ကြီးကလည်း အင်မတိအင်မတန် ကြီးကျယ် ခမ်းနားသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ ပန်းဥယျာဉ်ကြီးထဲက ဖြတ်ပြီး လုလင်က ဆင်ဒဗတ်ကို ဧည့်ခန်းကြီးထဲ ရောက်အောင် ခေါ်သွားပါသတဲ့။

ဧည့်ခန်းကြီးထဲ ရောက်သွားတော့ ဂုဏ်သရေရှိသည့် ဧည့်သည်တွေလည်း အများကြီး ရောက်နေကြသဟာကို တွေ့ရပါသတဲ့။ ကချေသည်တွေကလည်း သီလို့ ကလို့၊ အတီးအမှုတ် သမားတွေကလည်း တီးလို့ မှုတ်လို့၊ စားပွဲသောက်ပွဲတွေကလည်း မြိုင်လို့ပါတဲ့။ အဲသဟာနှင့် ဆင်ဒဗတ်ဟာ ပူထူသွားပြီး "အင်း . . . တန်တော့ သည်နေရာဟာတော့ ကောင်းကင်ဘုံနှင့်ပဲ တူသည်။ သဟာမှ မဟုတ်လျှင်လည်း မင်းနန်းတော်လျှင် ဖြစ်မည်" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ ဆင့်ဒဗတ်က အိမ်ရှင်ကို လူမှုထုံးစံအတိုင်း အရိုအသေ ပြုပါသတဲ့။ သည်တော့ အိမ်ရှင်က ဆင်ဒဗတ်ကို ပျူပျူငှာငှာနှင့် ဖိတ်ကြားပြီး သူနှင့် နီးကပ်သည့် နေရာမှာ အထိုင်ခိုင်းပါသတဲ့။ ပြီးတော့ ချိုသာသော စကားကိုဆိုပြီး စားဖွယ်သောက်ဖွယ်တွေနှင့် လိုလေသေးမရှိအောင် တည်ခင်းကျွေးပါသတဲ့။ အဲသဟာနှင့် ဆင်ဒဗတ်လည်း အလာဟုအရှင့် ဂုဏ်ကျေးဇူးပဲလို့ အောက်မေ့ပြီး ဝအီသွားအောင် စားပါသတဲ့။ ပြီးတော့ ဆင်ဒဗတ်က ကျေးဇူးတင်ကြောင်း ပြောပြီး 'ဘယ်သူမဆို ကိုယ့်အခြေအနေဟာ ဘာပဲ ဖြစ်နေဖြစ်နေ အလာဟုအရှင်ကို ကျေးဇူးတင်ကြရမည်' လို့ ဆိုပါသတဲ့။

သည်တော့ အိမ်ရှင်က 'သင့်ကို ကျွေးရ မွေးရသဟာ ငါ ဝမ်းသာပါသည်။ သင်၏ လာခြင်းသည်လည်း ကောင်းသောလာခြင်း ပေတည်း။ သို့ရာတွင် သင်၏ နာမည်ကို ငါတို့ မသိရသေးပါ' ဟု ဆိုပါသတဲ့။ သည်တော့ ဆင်ဒဗတ်က 'အို . . . အရှင်၊ ငါ့နာမည်မှာ ဆင်ဒဗတ် ဖြစ်ပါသည်။ ငါသည် သူတစ်ပါး၏ ဝန်ထုပ်ဝန်ပိုးများကို သယ်ယူ ပို့ဆောင်ပေးခြင်းဖြင့် အသက်မွေးပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ အိမ်ရှင်က 'အို . . . ဝန်ထမ်း၊ ငါ့နာမည်လည်း သင့်နာမည်လိုပဲ ဆင်ဒဗတ်ပင်တည်း။ ငါက



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ခရီးသွားဖြစ်၍ ရေဆင်ဒဗတ် ဖြစ်သည်။ သင်ကား ကုန်းပေါ်တွင် အမြဲနေသူဖြစ်၍ ကုန်းဆင်ဒဗတ်ပေတည်း။ အဲသည်ဟာထက် ငါ၏ တံခါးဝ၌ သင် ရွတ်နေသည့် ကဗျာကို ငါ့ကို ပြန်ရွတ်ပြစမ်းပါ' လို့ ဆိုပါသတဲ့။

သည်တော့ ကုန်းဆင်ဒဗတ်က ရှက်သွားပြီး 'အိုအရှင် . . . သည်းခံတော်မူပါ။ လူများဟာ ဆင်းရဲနွမ်းပါးလို့ လက်ချည်းသက်သက် ဖြစ်နေသည့် အခါမှာ အမှုအရာ ရိုင်းစိုင်း၍ ပြောမိပြောရာကို လျှောက်ပြီး ပြောတတ်ပါသည်' လို့ ဆိုပါသတဲ့။

သည်တော့ ရေဆင်ဒဗတ်က 'အို . . . ဝန်ထမ်း၊ မရှက်ပါလင့်၊ သင့်ကဗျာကိုသာ ရွတ်ပြီး ပြပါ။ ငါသည် တံခါးဝမှာ သင် ရွတ်နေသံ ကြားကတည်းက များစွာ နှစ်သက်နေပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ ကုန်းဆင်ဒဗတ်က 'ဒွန္နယာကြီးမှာ သူလို ဆင်းရဲသူကတော့ အမြဲဆင်းရဲနေပြီး ချမ်းသာချင်သည့် သူကျတော့ အဘယ့်ကြောင့် အမြဲ ချမ်းသာနေသနည်း' လို့ အနက်ရှိသည့် ကဗျာကို ပြန်ပြီး ရွတ်ပြပါသတဲ့။ သည်တော့ အိမ်ရှင်ဆင်ဒဗတ်က သိပ်သဘောကျသွားပါသတဲ့။ ပြီးတော့ အိမ်ရှင်က 'အို . . . ငါနှင့် နာမည်တူ ကုန်းဆင်ဒဗတ်၊ ငါ့ အတွေ့အကြုံများသည် အင်မတန် ဆန်းကြယ်လှသဖြင့် ငါသည် သင့်အား ပြောပြလိုပါသည်။ ငါဟာ ယခု စည်းစိမ်ချမ်းသာနှင့် ပြည့်စုံ၍ နေသော်လည်း အမိမွေးကတည်းက စပြီး ချမ်းသာလာသဟာ မဟုတ်ပါဘူး။ ငါဟာ ဆင်းရဲခြင်း အမျိုးမျိုးကို တစ်ခုပြီးတစ်ခု တွေ့ကြုံ ခံစားရခဲ့ဖူးပါသည်။ ပင်လယ်ခရီးကိုလည်း ခုနစ်ကြိမ်တိုင်တိုင် သွားခဲ့ဖူးပါသည်။ ခုနစ်ကြိမ်လုံးလုံးလည်း ထူးဆန်းသော အတွေ့အကြုံများနှင့် တွေ့ကြုံခဲ့ရပါသည်။ ပြောလို့တောင် ယုံနိုင်စရာ မရှိပါဘူး။ ဒွန္နယာကြီးဟာ ကံကြမ္မာ ဖန်တီးသည့်အတိုင်းသာ ဖြစ်ရပါသည်။ အဲသဟာကြောင့် နားဆင်ပါ၊ ငါ၏ ပထမ ပင်လယ်ပြင်ခရီးကို ပြောပြပါမည်'

## [၃၀]
## ဆင်ဒဗတ် ၏
## ပထမပင်လယ်ခရီး

ငါ့အဖေဟာ ငါတို့ အရပ်မှာဆိုလျှင် အသပြာ ပေါများသည့် ကုန်သည်ကြီးတစ်ယောက်ပါ။ ငါ ငယ်ငယ်ကလေးမှာ ငါ့အဖေ သေသွားပါသည်။ သည်တော့ လယ်တွေ ယာတွေ၊ ပစ္စည်းဥစ္စာတွေ အများကြီး ကျန်ရစ်ခဲ့ပါသည်။ ငါ ကြီးပြင်းလာတော့ သည်ပစ္စည်းတွေကို ငါ အကုန်သိမ်းပိုက်ပြီး ငါဟာ ကောင်းကောင်း စားသည်၊ ကောင်းကောင်း ဝတ်သည်၊ ကောင်းကောင်း ပျော်သည်၊ ကောင်းကောင်း သုံးသည်၊ ကောင်းကောင်း ဖြုန်းသည်။ ငါနှင့် သက်တူရွယ်မျှ သူငယ်ချင်း အပေါင်းအဖော်များနှင့်လည်း ကောင်းကောင်း





လည်သည်။ ငါ့တစ်သက်တွင် ဘယ်နည်းနှင့်မျှ ငါဟာ ဆင်းရဲနိုင်လိမ့်မည်လို့ မထင်မိခဲ့ဘူး။ အဲသလိုနှင့်ပဲ ငါဟာ နှစ်ရှည်လများ ဖြုန်း သုံး ပျော်ပါးနေခဲ့သည်။ နောက်ဆုံးကျလို့ ငါ သတိရသည့် အချိန်မှာ ငါ့မှာရှိသည့် ပစ္စည်းတွေဟာ ပြုန်းပြုန်းပြုန်းကုန်သဟာကို တွေ့ရသည်။ သဟာနှင့် ငါလည်း ထိတ်လန့်သွားပြီး အရှင်သောလမုန် ပြောဖူးသည့် စကားပုံကို သွားသတိရသည်။ အရှင်သောလမုန် ပြောဖူးသည်၊ ဒွန္နယာကြီးမှာ ကောင်းခြင်းသုံးပါး ရှိသည်လို့။ အဲသည် ကောင်းခြင်းသုံးပါးက . . .

သေနေ့ဟာ မွေးနေ့ထက် ကောင်းသည်။

ခွေးအရှင်ဟာ ခြင်္သေ့အသေထက် ကောင်းသည်။

သင်္ချိုင်းဟာ ဆင်းရဲခြင်းထက် ကောင်းသည် . . . ဆိုသဟာပဲ။

အဲသဟာနှင့် ငါလည်း သတိရပြီး ကုန်သွယ်ဖို့အတွက် ငါ့လက်ထဲမှာ ကျန်နေသေးသည့် ပစ္စည်းကလေးများကို စုဆောင်းပြီး အသပြာသုံးထောင်နှင့် ထုခွဲလိုက်သည်။ ပြီးတော့ သုခမိန်တစ်ဦး စပ်ဆိုသည့် ကဗျာကိုလည်း ငါ သွားသတိရသည်။ အဲသည်ကဗျာက . . .

ကြိုးပမ်းခြင်းဖြင့် လူတို့သည် အမြင့်ကို တက်ရမည်။

ထင်ရှား ကျော်ကြားလိုသူတို့သည် ညတွင် မအိပ်ရ။

ပုလဲကို အလိုရှိသူတို့သည် ရေနက်ရာတွင် ငုပ်၍ ကောင်းကျိုး ချမ်းသာကို ရအောင် ယူရမည်။

ကြိုးပမ်းအားထုတ်မှုနှင့် မရင်းဘဲ ကျော်စော ထင်ရှားလိုသူတို့သည် အချိန်ဖြုန်းသူ၊ မဖြစ်နိုင်သည်ကို ကြံသူများသာ ဖြစ်သည် . . . တဲ့။

အဲသဟာနှင့် ငါလည်း ပင်လယ်ခရီး ထွက်ချင်ဇောနှင့် ကုန်တွေ ဝယ်ပြီး၊ အဲသည် ကုန်တွေကို သင်္ဘောပေါ် တင်ပြီး ဗတ်သောဋမြို့ကို တခြားကုန်သည်တွေနှင့် ခရီးထွက်ခဲ့သည်။ ဗတ်သောဋမြို့ကို ရောက်တော့ ငါ့မှာပါသည့် ကုန်တွေကို ရောင်းပြီး၊ နောက်ထပ် ကုန်အသစ်တွေ ဝယ်ပြီး နေ့တွေ ရက်တွေ အများကြီး တစ်ကျွန်းဝင် တစ်ကျွန်းထွက် ထွက်ပြီး ကုန်သွယ်ခဲ့သည်။ အဲသဟာနှင့် နောက်ဆုံးကျတော့ အင်မတန် သာယာရှုမောဖွယ်ရှိသည့် ကျွန်းကြီးတစ်ကျွန်းကို ရောက်သွားသည်။ အဲသည်ကျွန်းကြီးကို ရောက်သွားတော့ ကပ္ပိတန်က ကျောက်ချပြီး သင်္ဘောဆိုက်သည်။ ပြီးတော့ ကုန်းပေါင်တွေ ဘာတွေထိုးပြီး၊ သင်္ဘောပေါ်က ခရီးသည်တွေလည်း ကမ်းပေါ်တက်ပြီး မီးမွေးပြီး ချက်ကြပြုတ်ကြသည်။ တချို့ ခရီးသည်တွေကတော့ ကမ်းပေါ်တက်ပြီး လျှောက်ကြည့်ကြသည်။ သင်္ဘောသားတွေကတော့ ကမ်းပေါ်တက်ပြီး ပျော်ပျော်ပါးပါး စားကြ သောက်ကြသည်။ ငါကတော့ လျှောက်ကြည့်ကြသည့် လူတွေနှင့် လိုက်သွားသည်။ အဲသလို ငါတို့ လျှောက်ကြည့်နေတုန်းမှာ ကပ္ပိတန်က သင်္ဘောအပေါ်ထပ်က



www.burmeseclassic.com

www.burmeseclassic.com



စည်ပိုင်းတစ်ခုကို သွားတွေ့လို့ အသက်မသေဘဲ ကျန်ရစ်ခဲ့ရသည်။

နေပြီး ငါတို့ဆီကို လှမ်းပြီး အော်သည်။ 'ဟေ့ . . . ခရီးသည်တွေ၊ အသက်မသေချင်လျှင် မြန်မြန် ပြေးခဲ့ကြ၊ ဘာပစ္စည်းမှ ယူမနေကြနှင့်၊ ကိုယ်လွတ်ပြေးခဲ့ကြ။ သည်ကျွန်းဟာ ကျွန်းအစစ် မဟုတ်ဘူး၊ ရောမငါးကြီး အိပ်ပျော်နေလို့ သူ့အပေါ် သဲတွေပို့ပြီး သစ်ပင်တွေ ပေါက်နေလို့ ကျွန်းကြီးလို ဖြစ်နေသဟာ၊ အခုတော့ သင်တို့က မီးသွားမွေးလို့ ပူသဟာ မခံနိုင်လို့ ငါးကြီးဟာ လွန့်လာပြီ၊ ခဏနေလျှင် တစ်ခါတည်း ရေထဲငုပ်သွားလိမ့်မည်။ ဘာမှ ယူမနေကြနှင့်၊ ကိုယ်လွတ် ပြေးခဲ့ကြ' လို့။ အဲသဟာနှင့် ကပ္ပိတန် အော်သံ ကြားတော့ ခရီးသည်တွေဟာ ရှိသမျှပစ္စည်းတွေ ပစ်ပြီး သင်္ဘောပေါ်ကို အလုအယက် ပြေးတက်ကြသည်။ ကပ္ပိတန်လည်း ကျောက်နုတ်ပြီး သင်္ဘောလွှင့်သွားသည်။ အဲသဟာနှင့် တချို့လည်း သင်္ဘောပေါ်ကို အချိန်မီ မရောက်ဘဲ ကျန်နေခဲ့ကြသည်။ အဲသည် ကျန်နေရစ်သည့် သူတွေထဲမှာ ငါလည်း ပါသည်။ အဲသည်လို သင်္ဘောလည်း လွှင့်သွားရော ငါးကြီးကလည်း လွန့်ပြီး ရေထဲ ငုပ်သွားသဟာပဲ။ အဲသဟာနှင့် ငါတို့ တစ်တွေလည်း ငါးကြီးနှင့်အတူတူ ပင်လယ်ထဲ မြုပ်သွားသည်။ လူတွေလည်း အကုန်လုံး သေကုန်ကြသည်။ သည်အထဲမှာ ငါကတော့ အလာဟု အရှင်ရဲ့ ကျေးဇူးတော်နှင့် သင်္ဘောပေါ်က ကျ ကျန်ရစ်သည့် စည်ပိုင်းတစ်ခုကို သွားတွေ့လို့ အသက်မသေဘဲ ကျန်ရစ်ခဲ့သည်။

သည်တော့ ငါလည်း စည်ပိုင်းကို တက်စီးပြီး တအား ဖက်ထားသည်။ နောက်





တော့မှ အကြံရသဟာနှင့် ခြေနှစ်ချောင်းကို ဘေးချပြီး တက်နှင့် ခတ်သလို ခတ်ပြီး လှိုင်းတွေကြားထဲမှာ တဝဲလည်လည် ဖြစ်နေသည်။ သည်အတောအတွင်းမှာ ကပ္ပိတန်လည်း ပါသမျှလူနှင့် သင်္ဘောလွှင့်သွားသည်။ သူလည်း ကျန်ရစ်ခဲ့သည့် လူတွေအကြောင်းကို ထည့်မစဉ်းစားနိုင်ဘူး။ ငါလည်း သင်္ဘောနောက်က မီလိုမီငြား နှင့် ခြေထောက်နှစ်ချောင်းနှင့် ခတ်ပြီး လိုက်သွားသည်။ နောက်ဆုံးကျတော့ သင်္ဘောဟာ ဝေးသွားပြီး မမြင်ရတော့ဘူး။ အဲသဟာနှင့် ငါလည်း စိတ်နှလုံး တုံးတုံးချပြီး ငါ့ကိုယ်ငါ သေစာရင်း သွင်းလိုက်သည်။ နောက် ခဏနေတော့ မိုးချုပ်သွားသည်။ ငါလည်း မှောင်ကြီး မည်းကြီးထဲမှာ တစ်ညလုံး ဖုတ်ဖတ် ဖုတ်ဖတ်နှင့် ခြေနှင့်ခတ်ပြီး သွားသည်။ အဲသဟာနှင့် မနက်မိုးလင်းတော့ ငါဟာ ကံအားလျော်စွာ လှိုင်းလေမရှိသည့် ကျွန်းတစ်ကျွန်းအနီးကို ရောက်သွားသည်။ ရေကလည်း ရေတက်မို့ အဆင်သင့်ပဲ၊ သစ်ကိုင်းတွေဟာ ငါ့လက်လှမ်းမီရာ ရောက်နေသည်။ အဲသဟာနှင့် ငါလည်း သစ်ကိုင်းတွေဆွဲပြီး ကျွန်းပေါ်ကို တက်သွားသည်။ အဲသည်အခါမှာ ငါဟာ မောလွန်းလို့ မသေရုံတမည်ပဲ ကျန်သည်။ ပြီးတော့ အဲသလို ငါလည်း ကျွန်းပေါ်ရောက်သွားရော၊ ငါ့ခြေသလုံးတွေလည်း ကြွက်တက်ပြီး ငါဟာ ပစ်လဲသွားသဟာပဲ။ ပြီးတော့ ငါ့ဖနောင့်နှင့် ခြေဖျားကလေးတွေဟာလည်း ငါးတွေ ကိုက်ထားလို့ ပွဲရွှဲနေသဟာကို တွေ့ရသည်။ ပြီးတော့ ငါလည်း မောမောပန်းပန်းနှင့် မြေကြီးပေါ် လှဲအိပ်လိုက်တော့ ဘာမှ သတိမရဘဲ တစ်ခါတည်း အိပ်ပျော်သွားသည်။ မနက်မိုးလင်းမှပဲ နိုးသည်။ အိပ်ရာက နိုးတော့ ငါဟာ အတော် အမောပြေသွားသည်။ သဟာပေမင့် ငါ့ခြေဖျားတွေဟာ ရောင်နေလို့ လမ်းမလျှောက်နိုင်ဘူး။ အဲသဟာနှင့် ငါဟာ လေးဖက် ထောက်ပြီး သွားရသည်။ ပြီးတော့ ကံအားလျော်စွာ အဲသည်ကျွန်းမှာ သစ်သီးများလည်း ပေါ၊ ရေကြည်ရေကောင်းလည်း ပေါလို့ ဝအောင် စားရ သောက်ရသည့်အတွက် ငါဟာ အင်အား ပြည့်တင်းလာသည်။ အဲသည်လို နေရင်းနှင့် လေး ငါး ရက်လောက်ကြာတော့ ငါ့ခြေထောက်တွေ နာသဟာလည်း ပျောက်သွားပါသည်။ သည်တော့မှ အဲသည်ကျွန်းမှာ ဘာများရှိသလဲ သိရအောင် ငါ လျှောက်ကြည့်သည်။ လျှောက်ကြည့်တော့ ကမ်းနားမှာ ရေသတ္တဝါ တစ်မျိုးလိုလို ဘာလိုလို ခပ်လှမ်းလှမ်းက မြင်ရသည်။ သဟာနှင့် ငါလည်း သိချင်ဇောနှင့် အနားကို သွားကြည့်သည်။ သည်တော့ ငါ့စိတ်ထဲက ရေသတ္တဝါလိုလို ဘာလိုလို ထင်နေသည့် အကောင်ဟာ ရေသတ္တဝါ မဟုတ်ဘဲ ချည်တိုင်မှာ ချည်ထားသည့် မြင်းမ ဖြစ်နေသဟာကို တွေ့ရသည်။

အဲသဟာနှင့် ငါက မြင်းမ အနားကို ကပ်သွားတော့ မြင်းမက ကြောက်ခမန်းလန့်ခမန်း ဆီးပြီး ဟီသည်။ သည်တော့ ငါလည်း ကြောက်ကြောက် လန့်လန့်နှင့် လှည့်ပြီး ပြေးဖို့လုပ်သည်။ အဲသည်လို လှည့်ပြေးမည် လုပ်နေတုန်းမှာ မြေအောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပုန်းနေသည့် လူတစ်ယောက် ပြေးထွက်လာပြီး 'ဟော့ကောင် မင်း ဘယ်သူလဲ၊ သည်ကို မင်း ဘာကိစ္စ လာရသလဲ' လို့ မေးသည်။ သည်တော့ ငါက 'အို... အရှင်၊ ငါဟာ ရေနစ်ရာမှ မသေလို့ သည်ကို ရောက်လာပါသည်။ ငါနှင့်အတူ ရေနစ်ကြသည့် သူတွေတော့ သေကုန်ပြီ။ ငါကတော့ အလာဟုအရှင် ကျေးဇူးကြောင့် စည်ပိုင်းတစ်ခုကို ရပြီး မသေဘဲနှင့် သည်ကို ရောက်လာပါသည်' လို့ ပြောသည်။ သည်တော့ အဲသည်လူက ငါ့လက်ဆွဲပြီး 'ကိုင်း... သဟာဖြင့် သင် လိုက်ခဲ့' ဆိုပြီး ငါ့ကို မြေအောက်မှာရှိသည့် အခန်းကြီးထဲကို ခေါ်သွားသည်။ အဲသည် အခန်းကြီးထဲ ရောက်သွားတော့ အဲသည်လူက ငါ့ကို နေရာထိုင်ခင်း ပေးပြီး အစားအသောက်များ ကျွေးမွေးသည်။ အဲသဟာနှင့် ငါလည်း ဝ အောင် စားပြီး အသာ ထိုင်နေသည်။ သည်တော့မှ အဲသည်လူက ငါ့ အဖြစ်အပျက်ကို မေးသည်။ ငါကလည်း ငါ့အဖြစ်အပျက်ကို အစအဆုံး ပြန်ပြောပြ သည်။ သည်တော့ အဲသည်လူက အံ့သြပြီး နေသည်။ ပြီးတော့ ငါက 'အို... အရှင်၊ ငါသည် ငါ့အကြောင်းကို သင့်အား ပြောပြီးပါပြီ။ ယခုအခါ သင့်အကြောင်းကို ငါ့အား ပြောပါဦးလော့။ သင်သည် အဘယ်ကြောင့် ဤမြေအောက်အခန်းကြီး၌ နေပြီး ဟိုမြင်းမ ကိုလည်း ချည်တိုင်တွင်ချည်ပြီး ထားပါသနည်း' လို့ မေးသည်။

သည်တော့ အဲသည်လူက 'သည်ကျွန်းမှာ ငါ တစ်ယောက်တည်း မဟုတ် ဘူး၊ ငါလိုလူတွေ အများကြီး ရှိသေးသည်။ ငါတို့ဟာ မိဋ္ဌဇန်ဘုရင်ရဲ့ မြင်းတော်ထိန်း တွေ။ ငါတို့အလုပ်က လဆန်း ရေတက်မှာ မြင်းမပျိုတွေကို သည်ကျွန်းကို ခေါ်လာပြီး ကမ်းနား ဘယ်သူမှ မမြင်နိုင်သည့် နေရာမှာ လှန်ထားရသည်။ ပြီးတော့ ငါတို့က မြေအောက်ခန်းက ပုန်းပြီး စောင့်ကြည့်ရသည်။ အဲသည်လို ငါတို့က ချောင်းပြီး စောင့်နေ တုန်းမှာ ပင်လယ် မြင်းလားတွေက မြင်းမအနံ့ ရပြီး သူတို့ သဘောကျ ပေါင်းသင်းကြ သည်။ အဲသည်လို ပေါင်းသင်းပြီးတဲ့ အခါမှာ အဲသည် မြင်းလားတွေက မြင်းမတွေကို ခေါ်သွားကြသည်။ အဲသဟာနှင့် အဲသလို ခေါ်မသွားနိုင်အောင် မြင်းမတွေကို ချည်တိုင်မှာ ငါတို့က ခိုင်ခိုင်ကြီး ချည်ပြီး ထားရသည်။ အဲသည်လို မြင်းမတွေကို ခေါ်လို့ မရသည့် အခါမှာ ပင်လယ်မြင်းလားတွေက အော်ပြီး မြင်းမတွေကို ကိုက်ဖဲ့ကန်ကြောက် လုပ်ကြ သည်။ အဲသည်အခါမှာ ငါတို့က သူတို့ကိစ္စပြီးပြီ ဆိုသဟာ သိရပြီး ညာသံပေးပြီး သူတို့ကို ခြောက်လွှတ်ကြသည်။ သူတို့လည်း ကြောက်လန့်ပြီး ပင်လယ်ထဲ ပြန်ပြေး ကုန်ကြရော။ အဲသည်လို မြင်းလားတွေ လာပြီးသည့်နောက် မြင်းမတွေဟာ ဗီးရှိပြီး အဖိုးမဖြတ်နိုင်သည့် မြင်းကလေးတွေကို မွေးကြသည်။ သည်ရာသီဟာ ပင်လယ်မြင်းတွေ လာသည့် ရာသီပဲ။ သဟာကြောင့် ငါတို့ သည်မှာ လာစောင့်နေကြသဟာ။ ဘုရား သခင်ရဲ့ ဂုဏ်ကျေးဇူးပဲ၊ သင့်ကို ငါတို့ မိဋ္ဌဇန်မင်းကြီးဆီကို ခေါ်သွားမည်။ သင်ဟာ ငါတို့နှင့် တွေ့ရသဟာ ကံကောင်းသည်၊ သို့မဟုတ်လျှင် သင်ဟာ စေတ်သေမှာပဲ' လို့ ပြောသည်။





အို အရှင်၊ ငါဟာ ရေနစ်ရာမှ မသေလို့ သည်ကို ရောက်လာပါသည်။

သည်တော့ ငါက အဲသည် မြင်းထိန်းကြီးကို 'ကျေးဇူးတင်ပါသည်' လို့ ပြော သည်။ အဲသည်လိုလည်း ပြောလည်းပြီးရော၊ ပင်လယ်ထဲက မြင်းလားကြီးတစ်ကောင် ပေါ်လာပြီး ဟီပြီး မြင်းမဆီ ပြေးလာသဟာပဲ။ အဲသဟာနှင့် ငါတို့လည်း အသာ ချောင်းကြည့်နေကြသည်။ သည်တော့ မြင်းလားက သူ့အလိုရှိတိုင်း ပေါင်းသင်းပြီး မြင်းမကို ခေါ်သွားမလို့ လုပ်သည်။ သည်တော့ မြင်းမကလည်း အော်ပြီး ကန်ကျောက် လုပ်သည်။ အဲသည်တော့မှ မြင်းထိန်းက ဓားဆွဲ၊ ညာသံပေးပြီး ထွက်လိုက်ပြီး ဓားပြားနှင့် မြင်းလားကိုရိုက်သည်။ သည်အတောအတွင်းမှာ တခြား မြင်းထိန်းတွေလည်း ဓားတွေ လှံတွေ ကိုင်ပြီး ညာသံပေးပြီး ဝိုင်းလာကြသည်။ သည်တော့ မြင်းလားဟာ လန့်ပြီး ပင်လယ်ထဲဆင်းပြီး တစ်ခါတည်း ငုပ်သွားသည်။ ပြီးတော့ မြင်းထိန်းတွေက ကိုယ့်မြင်းမ ကိုယ်ဆွဲပြီး စုလာကြသည်။ ပြီးတော့ သူတို့က ငါ့ကို ဘယ်လို ရောက်လာသလဲ ဆိုသည့် အကြောင်းကို မေးကြသည်။ ငါကလည်း ပထမမြင်းထိန်းကို ပြောပြသလိုပဲ ပြန်ပြောပြသည်။ ပြီးတော့ သူတို့မှာ ပါသည့် အစားအစာကို စားကြသည်။ ငါ့ကိုလည်း ကျွေးကြသည်။ ပြီးတော့ သူတို့မြင်းမတွေ စီးပြီးပြန်ကြသည်။ ငါ့ကိုလည်း စီးဖို့ မြင်းမ တစ်ကောင် ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် မိဋ္ဌဇန်မင်းကြီး ရှေ့တော် ရောက်သွားတော့ မြင်းထိန်းတွေက ငါ့အကြောင်းကို သံတော်ဦး တင်ကြသဟာနှင့် မင်းကြီးက ငါ့ကို ခေါ်တော်မူပြီး ဆုတော် လာဘ်တော်များ ပေးပြီး ငါ့အကြောင်းကို မေးတော်မူသည်။ သည်တော့ ငါကလည်း ငါ့အဖြစ်အပျက်တွေကို အကုန်လုံး တစ်ခုမကျန် လျှောက်သည်။ သည်တော့ မင်းကြီးက အံ့ဩတော်မူပြီး 'အို... သားတော်၊ သင်သည် အလာဟု အရှင်ကိုပင် ကျေးဇူးတင် ပေတော့။ သင်သည် အသက်ရှည်စွာ နေရမည့်သူ ဖြစ်၍သာ ယခုကဲ့သို့ ဘေးမှ လွတ်ခဲ့ ရသည်' လို့ ပြောပါသည်။ ပြီးတော့ မင်းကြီးက ငါ့ကို သနား ကြည်ဖြူတော်မူသဟာနှင့် ငါ့ကို အကောက်ဝန် ခန့်ပြီး နိုင်ငံတော်ကို ရောက်လာသမျှ သင်္ဘောများကို အစစ်ဆေး ခိုင်းသည်။ ပြီးတော့ မင်းကြီးက ငါ့ကို ယုံကြည်တော်မူသဟာနှင့် မင်းကြီးရှေ့တော် ဝင်ချင် ထွက်ချင်သူများဟာလည်း ငါ့အကူအညီကို လာတောင်းကြရသည်။ အဲသည် လိုနှင့်ပဲ ငါဟာ မိဋ္ဌဇန်မင်းကြီးဆီမှာ နှစ်ရှည်လများ အမှုတော် ထမ်းရွက်နေသည်။ အဲသည် အတောအတွင်းမှာ ငါဟာ ငါ့နေရပ် ငါ သတိရသဟာနှင့် လာသမျှ သင်္ဘော ခရီးသည်တွေကို ဗတ်သော္ဌမြို့အကြောင်း မေးကြည့်သည်။ သဟာပေမင့် ဗတ်သော္ဌ မြို့အကြောင်း ကြားဖူးသည့် လူတစ်ယောက်မျှ မတွေ့ရဘူး။ ငါလည်း သူများနိုင်ငံမှာ ညှော်သည်လုပ်နေရသဟာ ပျင်းလာသည်။ နောက်ဆုံးကျတော့ မိဋ္ဌဇန်မင်းကြီး ရှေ့တော် မှာ အိန္ဒိယသားတစ်စုနှင့် သွားတွေ့သည်။ သည်တော့ သူတို့က ငါ့ကို 'ဘယ်ပြည်ကလဲ' လို့ မေးကြသည်။ သည်တော့ ငါက ဘာမျှ မပြောသေးဘဲနှင့် သူတို့ကို 'သင်တို့ကော ဘယ်ပြည်ကလဲ' လို့ မေးသည်။ သည်တော့ သူတို့က သူတို့ဟာ အိန္ဒိယပြည်ကတဲ့။ သူတို့ အိန္ဒိယပြည်မှာ ဇာတ်အမျိုးမျိုး ရှိသည်တဲ့။ သူတို့ကတော့ ခတ္တိယဇာတ် ဖြစ်သည် တဲ့။ သူတို့ဇာတ်ဟာ အမျိုးမြတ်ပြီး ဘယ်သူ့ကိုမှ နှိပ်စက်ညှဉ်းပန်း ပရမ်းပတာ မလုပ်ဘူး တဲ့။ ပြီးတော့ ဗြာဟ္မဏဆိုသည့် ဇာတ်လည်း ရှိသေးသည်တဲ့။ ဗြာဟ္မဏဇာတ်ဝင်တွေက သေရည်လည်း မသောက်ဘူးတဲ့။ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း နေကြပြီး ကုလားအုတ်တွေ၊ မြင်းတွေ၊ နွားတွေ မွေးကြသည်တဲ့။ ပြီးတော့ သူတို့ဆီမှာ အားလုံး ခုနစ်ဆယ့်နှစ်ဇာတ် ရှိသည်လို့ အိန္ဒိယသားတွေက ပြောကြသည်။ ပြီးတော့ မိဋ္ဌဇန်မင်းကြီး ပိုင်တော်မူသည့် နယ်နိမိတ်တွေထဲမှာ ကာသိဆိုသည့် ကျွန်းတစ်ကျွန်း ရှိသည်တဲ့။ အဲသည်ကျွန်းမှာ ညညကျလျှင် ဆိုင်းသံဗုံသံတွေကို ကြားရသည်တဲ့။ ပြီးတော့ အဲသည်မှာ နေကြသည့် လူတွေဟာ အသိဉာဏ်လည်းရှိ၊ ထကြွမှုနှင့်လည်း ပြည့်စုံသည် လို့လည်း အဲသည် အနီးအနားမှာ နေကြသည့် လူတွေက ပြောကြသည်။ ပြီးတော့ အဲသည် ကျွန်း နားက ပင်လယ်ထဲက ငါးကြီးတွေကလည်း အတောင်နှစ်ရာလောက် ရှည်ပြီး တံငါသည် တွေက အဲသည် ငါးကြီးတွေကို မြင်ပြီဆိုလျှင် ဆူဆူညံညံ အသံတွေပေးပြီး ခြောက် ခြောက် လွှတ်ကြသည်လို့လည်း ပြောကြသည်။ ပြီးတော့ ဓါးကွက်ခေါင်းမျိုးနှင့် ငါးတွေ





လည်း ရှိသေးသည်လို့ ပြောကြသည်။ သည့်ပြင် အံ့ဩစရာတွေ အများကြီး ပြောကြ သေးသည်။

အဲသဟာနှင့် ငါလည်း အဲသည်ကျွန်းကို သွားပြီး လည်သည်။ အဲသည် အခါမှာ သင်္ဘောကြီးတစ်စင်း ဝင်လာသည်။ အဲသဟာနှင့် ငါက ကမ်းနားက နေပြီး စောင့်နေ သည်။ သင်္ဘောသားတွေလည်း သင်္ဘောဆိုက်ပြီးလျှင် ချစရာ ကုန်တွေကို ကပျာကသီ ချကြသည်။ သည်တော့ ငါလည်း ငါ့တာဝန် ရှိသည့်အတိုင်း ကုန်များကို စာရင်းမှတ် နေသည်။ ပြီးတော့ ငါက 'သင်္ဘောပေါ်မှာ ကုန်ကျန်သေးသလား' လို့ မေးသည်။ သည်တော့ ကပ္ပိတန်က 'ကျန်သည့်ကုန်က ဥစ္စာရှင် ရေနစ်သေသွားလို့ သူ့ကုန်များကို ငါတို့က ရောင်းပြီး ဗတ်သော္ဌမြို့ကျမှ သူ့ဆွေမျိုးများကို ရသမျှ အသပြာကို ပေးရပါ မည်' လို့ ပြောသည်။ သည်တော့ ငါက 'နေစမ်းပါဦး ကပ္ပိတန်ရဲ့၊ အဲသည် ရေနစ် သေသည် ဆိုသည့် သူ့နာမည်က ဘယ်သူတဲ့လဲ' လို့ မေးသည်။ သည်တော့ ကပ္ပိတန်က 'သူ့နာမည်က ပင်လယ်ခရီးသွား ဆင်ဒဗတ်လို့ ခေါ်ပါသည်' လို့ ပြောသည်။ သည်တော့ ငါက ကပ္ပိတန်ကို သေသေချာချာ ကြည့်ပြီး 'အို... ဆင်ဒဗတ် ဆိုသဟာ ငါပါပဲ ကပ္ပိတန်ရဲ့' လို့ ပြောသည်။

သည်တော့ ကပ္ပိတန်က ဘာမျှ မပြောဘဲ ငါ ပြောသဟာကို မယုံကြည်သည့် မျက်နှာထားနှင့် ကြည့်နေသည်။ သည်တော့ တစ်ခါ ငါက 'တခြား ခရီးသည်တွေနှင့် အတူ ပါလာသဟာပါပဲ ကပ္ပိတန်ရဲ့။ တခြား ခရီးသည်တွေနှင့် သင်္ဘောသားတွေတော့ ငါးကြီးက တွန့်လိမ်လာလို့ သင်က အော်ပြီး သတိပေးလိုက်ပြီးတဲ့နောက် အကုန်လုံး ရေနစ် သေကုန်ကြပါသည်။ ငါတော့ အလာဟု အရှင်ရဲ့ ဂုဏ်ကျေးဇူးနှင့် စည်ပိုင်းကြီး တစ်ခု မျောလာသဟာကို တွေ့လို့ တက်စီးရလို့ အသက်ချမ်းသာရာ ရလာသဟာပါ။ ပြီးတော့ ကံအားလျော်စွာ မိဋ္ဌဇန် မင်းကြီးရဲ့ မြင်းထိန်းတော်များက ငါ့ကို ကယ်ပြီး မင်းကြီး ရှေ့တော်မှောက်ကို ပို့လို့ မင်းကြီးက ငါ့ကို သနားတော်မူပြီး အကောက်ဝန် ခန့်သဟာနှင့် အခု သည် သင်္ဘောဆိပ်ကို ရောက်လာရသဟာပါ။ သဟာကြောင့် သည်ကုန်တွေဟာ ငါ့ကုန်တွေပါ၊ ငါ့ကို ပေးပါ' လို့ ပြောပါသည်။ သည်တော့ ကပ္ပိတန် က ငါ့စကားကို မယုံလို့ 'အို... ဒွန္နယာကြီးမှာ လူတွေဟာ သဟာလောက်တောင် အကျင့် ဖောက်ပြန်ကုန်ကြပြီလား' လို့ ဆိုသည်။ သည်တော့ သူ ပြောသည့် စကားကို နားမလည်သဟာနှင့် ငါက 'ဘာလဲ ကပ္ပိတန်ရဲ့၊ သင့်စကားက ဘာ ဆိုလိုသဟာလဲ' လို့ မေးသည်။ သည်တော့ ကပ္ပိတန်က 'ငါ့စကားက ဘာဆိုလိုရမလဲ၊ ငါက သည်ကုန်တွေကို ပိုင်သည့် လူဟာ ရေနစ်ပြီး သေသွားသည် ပြောသဟာ ကြားသဟာနှင့် သင်က သည် ကုန်တွေကို မတရားလိုချင်လို့ ရေနစ် သေသူဟာ သင်ပါပဲလို့ ပြောနေသဟာ မဟုတ် လား။ သဟာပေမင့် သည်လို ပြောရုံနှင့် ဘာရမလဲ၊ ဟိုလူ ရေနစ်သေသွား သဟာ ဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ မျက်မြင်ပဲ။ အဲသည်တုန်းက တစ်ယောက်မှ အသက်ချမ်းသာ သဟာ မဟုတ်ဘူး။ သည်တော့ သည်ပစ္စည်းတွေကို သင် ရနိုင်ခွင့် မရှိဘူး' လို့ ပြောသည်။ သည်တော့ တစ်ခါ ငါက 'အို... ကပ္ပီတန်၊ ငါ့စကားကို ဂရုစိုက်ပြီး နားထောင်ပါ။ ငါဟာ လိမ်ပြောနေသဟာ မဟုတ်ပါ၊ လိမ်သည် ညာသည် ဆိုသဟာဟာ လူလိမ် လူညာတွေရဲ့ အလုပ်ပါ။ ငါလိုလူနှင့် မဆိုင်ပါဘူး' လို့ ပြောပြီးမှ ဖြစ်ကြောင်း ကုန်စင် တစ်ခုမျှ မကျန်အောင် ပြောပြပြီး ငါတို့ သင်္ဘောထွက်စဉ်က ဖြစ်ပျက်သည့် ကိစ္စများကိုလည်း ပြောပြလိုက်သည်။ သည်တော့မှ ကပ္ပီတန်နှင့်တကွ တခြား သင်္ဘောသားတွေကပါ ယုံကြည်လာပြီး ကပ္ပီတန်က 'ဟ... ဆင်ဒဗတ်ရဲ့၊ သည်လိုဆိုလျှင် သင်ဟာ သိပ်ကံကောင်းသဟာပေါ့။ သဟာကတော့ အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးပေါ့ကွာ။ ငါတို့လည်း တကယ်ပါပဲ၊ ဝမ်းသာပါသည်' လို့ ပြောပြီး ငါ့ကုန်တွေကို တစ်ခုမကျန် အကုန်ပြန်ပေးသည်။

အဲသဟာနှင့် ငါလည်း အားရဝမ်းသာနှင့် ကုန်ထုပ်တွေကို ယူပြီး အဲသည်အထဲက အဖိုးအထိုက်တန်ဆုံးဖြစ်သည့် ပစ္စည်းတွေကို မိဋ္ဌဇန်မင်း ရှေ့တော်ဝင်ပြီး ဆက်သပါသည်။ 'သည်တော့ မိဋ္ဌဇန်မင်းကြီးက နှစ်သက်တော်မူလွန်းလို့ အင်မတိအင်မတန် အဖိုးထိုက်တန်သည့် နန်းသုံးပစ္စည်းများနှင့် ငါ့ကို ဆုတော်များ ပေးသနားတော်မူသည်။ အဲသဟာနှင့် ငါလည်း ငါ့ကုန်များကို အကုန်လုံး ဈေးမှာ ချရောင်းလိုက်သဟာ၊ မြတ်လိုက်တာ သောက်သောက်လဲ သွားသဟာ ပါပဲ။ ပြီးတော့ အဲသည်လိုရောင်းရသည့် အသပြာတွေနှင့် မိဋ္ဌဇန်မင်းကြီး ပြည်ထွက်ထဲက ထူးပေ့ဆန်းပေ့ဆိုသည့် ပစ္စည်းတွေ ရွေးပြီး ငါ ဝယ်လိုက်သည်။ အဲသည်လို ဝယ်ပြီး မကြာခင်ဘဲ ကပ္ပီတန်က သင်္ဘောလွှင့်တော့မည် ပြောသဟာနှင့် မိဋ္ဌဇန်မင်းကြီးထံ ခွင့်ပန်ပြီး ဗဂ္ဂဒက်မြို့ကို ပြန်ရန် သင်္ဘောနှင့် လိုက်လာသည်။ အဲသဟာနှင့် အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့် ငါတို့သင်္ဘောဟာ ဘေးမသီ ရန်မခဘဲ ဗတ်သောဋ္ဌမြို့ကို ရောက်လာသည်။ အဲသဟာနှင့် ငါလည်း အားရဝမ်းသာ ဖြစ်ပြီး သုံးရက်လောက် ဗတ်သောဋ္ဌမြို့မှာ နေပြီး ဗဂ္ဂဒက်မြို့ကို ဆက်ပြီး ခရီးထွက်လာသည်။ ဗဂ္ဂဒက်မြို့ကိုလည်း အလာဟုအရှင်ရဲ့ ကျေးဇူးနှင့် ချောချော မောမောပဲ ရောက်လာသည်။ အဲသည်လို ငါ ပြန်ရောက်သည် ဆိုလျှင်ပဲ ငါ့မိတ်ဆွေတွေက ဝမ်းသာအားရနှင့် လာပြီး နှုတ်ဆက်ကြသည်။ ပြီးတော့ ငါ့မှာ ပါလာသည့် ကုန်တွေကို ဗဂ္ဂဒက်မြို့မှာ ချရောင်းတော့ တစ်ခါတည်း သောက်သောက်လဲအောင် မြတ်ပြန်သည်။ အဲသဟာနှင့် ငါလည်း ဥယျာဉ်တွေဝယ်၊ အိမ်ကြီးတွေဆောက်၊ ကျေးကျွန်တွေ၊ သင်းကွပ်တွေ၊ မောင်းမတွေ ဝယ်ပြီး ငါ့မိတ်ဆွေတွေနှင့် ခုံခုံကြီး စည်းစိမ်ခံပြီး နေသည်။ အဲသည်လိုနှင့်ပဲ ငါလည်း တွေ့ခဲ့ရသမျှ ဆင်းရဲပင်ပန်း သဟာတွေ အကုန်လုံး မေ့ပြီး သွားသဟာပဲ။ မမေ့လို့လည်း ဘယ်ခံနိုင်မလဲ။ ငါက အစား





ဆိုလည်း အကောင်းဆုံးစား၊ အဝတ်ဆိုလည်း အကောင်းဆုံးဝတ်၊ သောက်စရာဘက်ကလည်း အကောင်းဆုံးသောက်။ နားထောင်စရာဆိုလည်း အကောင်းဆုံး အတီးအမှုတ်ကို နားထောင်ပြီး စည်းစိမ်ခံချင့်တိုင်း ခံနေသဟာကိုး။ ပြီးတော့ ငါ့ပစ္စည်းကလည်း ဘယ်လောက် ပေါများသလဲဆိုလျှင် ဘယ်လိုသုံးသုံး မကုန်နိုင်လောက်အောင် ဖြစ်နေသည်။

အဲ အခု ငါ ပြောခဲ့သဟာတွေဟာ ငါ့ရဲ့ ပထမ ပင်လယ်ခရီးစဉ်ပဲ။ ကိုင်း... အင်ယှားလား၊ အလာဟုအရှင် ခွင့်ပြုတော်မူလျှင် ငါ့ရဲ့ဒုတိယ ပင်လယ်ခရီးစဉ်ကို ထပ်ပြောပြဦးမည်လို့ ရေဆင်ဒဗတ်က ပြောသည်တဲ့။

အဲသည်လို ပြောပြီးသည့်နောက် ရေဆင်ဒဗတ်က ကုန်းဆင်ဒဗတ်ကို 'သင်လာသဟာ ငါတို့ သိပ်ပျော်သည်' လို့ ပြောပြီး၊ စားသောက်ဖွယ်တွေ ကျွေးမွေးပြီး ရွှေဒင်္ဂါးပြားရေ တစ်ရာကိုလည်း ပေးလိုက်ပါသတဲ့။ သည်တော့ ကုန်းဆင်ဒဗတ်က ရွှေဒင်္ဂါးပြားတွေ ယူသွားပြီး ရေဆင်ဒဗတ် ပြောလိုက်သည့် အဖြစ်အပျက်တွေကို တပြုံးပြုံးနှင့် ပြန်တွေးပြီး သူ့အိမ်ကို ပြန်သွားပါသတဲ့။ ပြီးတော့ နံနက်လင်းသဟာနှင့် တစ်ပြိုင်နက် ကုန်းဆင်ဒဗတ်ဟာ အိပ်ရာက ထ၊ မျက်နှာသစ်ပြီး ရေဆင်ဒဗတ်အိမ်ကို သွားပါသတဲ့။ သည်တော့ ရေဆင်ဒဗတ်ကလည်း ပျူပျူငှာငှာ ဆီးကြိုပြီး၊ သူ့အနားမှာ အထိုင်ခိုင်းပြီး လေးလေးစားစား ပြုစုကျွေးမွေးပါသတဲ့။ ပြီးတော့ အားလုံး မိတ်ဆွေများ စုံလာသည့် အခါမှာ ရေဆင်ဒဗတ်က စားကောင်းသောက်ကောင်းများဖြင့် ဖွယ်ဖွယ်ရာရာ ပြုစု ကျွေးမွေးသတဲ့။ အဲသလို စားကောင်းသောက်ကောင်းများ စားသောက်ပြီးလို့ ပျော်ပျော်ရွှင်ရွှင် ဖြစ်နေကြသည့် အခါမှာ ရေဆင်ဗဒတ်က သူ့ရဲ့ နှစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြပါသတဲ့။

## [ ၃၁ ]
## ရေဆင်ဒဗတ် ၏
## နှစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ်

နားထောင်ကြနော် သားချင်းတို့၊ မနေ့က ငါပြောခဲ့သည့်အတိုင်းပဲ၊ အဲသလို ငါဟာ စည်းစိမ်ခံစားပြီး ပျော်ရွှင်နေရာက တစ်နေ့တော့ ငါ့စိတ်ထဲမှာ ကမ္ဘာကြီး တစ်ခုလုံးကို လျှောက်ပြီး လည်ပတ်ချင်၊ အရောင်းအဝယ် လုပ်ချင်၊ စီးပွားရှာချင်သည့် စိတ်တွေ ပေါ်လာပြန်သည်။ အဲသဟာနှင့် ငါလည်း ငါ့အသပြာတွေကို အမြောက်အမြား ယူလာပြီး ကုန်တွေဝယ်၊ ထုပ်ပိုးပြီး ခရီးသွားဖို့ လုပ်ပြန်သည်။ အဲသလို ပြင်ဆင်ပြီးတော့ ငါလည်း သင်္ဘောဆိပ်ကို ထွက်လာသည်။ သင်္ဘောဆိပ် ရောက်တော့ အဆင်သင့်ပဲ သင်္ဘောအသစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်စင်းဟာ ကျကျနန ရွက်သစ် ကြိုးသစ်တွေ ဆင်ပြီး ခရီးထွက်မလို့ လုပ်နေသဟာကို တွေ့သည်။ အဲသဟာနှင့် ငါလည်း အဲသည် သင်္ဘောနှင့်ပဲ ခရီးထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ အဲသည် သင်္ဘောမှာ ငါလိုပဲ တခြားကုန်သည်တွေလည်း အများပဲ ပါကြသည်။ အဲသဟာနှင့် ငါတို့သင်္ဘော လွှင့်လာပြီး၊ အမြို့မြို့ အကျွန်းကျွန်းကို ဆိုက်ပြီး ပါသည့် ကုန်တွေ ရောင်းလိုက်၊ ဆိုက်ရာ ဆိုက်ရာက ကုန်တွေ ပြန်ဝယ်လိုက်၊ တစ်ခါ ပြန်ရောင်းလိုက်နှင့် ငါတို့ဟာ အတော်ပဲ စီးပွားလမ်း ဖြောင့်နေကြသည်။ အဲသလိုနှင့်ပဲ တစ်နေ့တော့ ငါတို့ စီးလာသည့် သင်္ဘောဟာ အင်မတိ အင်မတန် သာယာရှုမော ရှိသည့် ကျွန်းတစ်ကျွန်းကို ရောက်သွားသည်။ အဲသည်ကျွန်းက သစ်ပင်ဝါးပင်တွေ ဆိုသဟာကလည်း ခက်ကျိုင်းစိမ်းညို နှစ်လိုဖွယ်အဆင်းနှင့် ပြည့်စုံကြသည်။ ကျေးငှက်အမျိုးမျိုးကလည်း သာယာစွာ တွန်ကျူးလျက် ရှိကြသည်။ သစ်ပင်ကြို သစ်ပင်ကြားက ချောင်းကလေး မြောင်းကလေးတွေကလည်း ရေကြည်ရေအေး တဖွေးဖွေးနှင့် တသွင်သွင် စီးဆင်းနေကြသည်။ အဲသည်လို သာယာပါလျက် အဲသည်ကျွန်းမှာ လူရိပ်လူခြည် ဘာမျှ မတွေ့ဘဲနှင့် မီးခိုးတိတ်နေသဟာကတော့ အတော်ပဲ ထူးခြားသည်။ အဲသဟာနှင့် ငါတို့ သင်္ဘောကပ္ပိတန်က ကျောက်ချပြီး သင်္ဘောကို အဲသည်ကျွန်းမှာ ဆိုက်လိုက်သည်။ အဲသည်လိုလည်း ဆိုက်လိုက်ကရော၊ ငါတို့ ခရီးသွားတွေလည်း တပျော်တပါးကြီး သင်္ဘောပေါ်က ဆင်းပြီး ကုန်းပေါ် တက်ကြည့်ကြသဟာပဲ။ ကုန်းပေါ် ရောက်သွားတော့ ငါလည်း သစ်ပင်တွေကြားမှာ စီးဆင်းနေသည့် ချောင်းကမ်းပါးနားမှာ ထိုင်ပြီး ချောင်းရေ အေးအေးကလေးကို သောက်ပြီး ငါ့မှာ ပါလာသည့် မသိုးထမင်း မသိုးဟင်းများကို ချပြီး စားသည်။ အဲသည် အခိုက်မှာပဲ လေချိုလေအေးလေးက တညင်းညင်းနှင့် တိုက်လာသည်။ အဲသဟာနှင့် ငါလည်း အိပ်ချင်သလိုလို ရှိလာပြီး ချောင်းကမ်းပါးပေါ်မှာ လှဲပြီး အိပ်လိုက်သည်။ နောက် ခဏနေလို့ အိပ်ရာကနိုးပြီး ကြည့်လိုက်တော့ ငါ့ခရီးသွားရဲဘော်တွေလည်း တစ်ယောက်မျှ မရှိကြတော့ဘူး။ သင်္ဘောလည်း မရှိတော့ဘူး။ ငါ့ခရီးဖော်တွေလည်း ငါ အိပ်နေသဟာ မသိကြဘူးနှင့် တူပါသည်။ အဲသဟာနှင့် လူသူတစ်ယောက်မျှ မရှိသည့် ကျွန်းပေါ်မှာ ငါတစ်ယောက်တည်း ကျန်နေရစ်ခဲ့တော့ ငါလည်း မျက်လုံးမျက်ဆန် ပြူးသွားသဟာပဲ။ အလျင်တစ်ခါတုန်းက အသက်ချမ်းသာပေမင့် သည်တစ်ခါတော့ ချမ်းသာဖို့လမ်း ရှိမည် မဟုတ်တော့ဘူး ဆိုပြီး ငါဟာ အားတစ်ခါတည်း လျှော့လိုက်သည်။ ပြီးတော့ သည်တစ်ခါ ငါ ခရီးထွက်လာ သဟာ တော့ဖြင့် မှားပြီ။ ငါ့ဟာငါ ငါ့အိမ်မှာ အစားကောင်းစား၊ အသောက်ကောင်းသောက်၊ အထည်ကောင်း ဝတ်၊ ပျော်ချင်သလိုပျော်၊ သုံးချင်သလိုသုံး နေရလျက်သားနှင့် ခရီး ထွက်လာမိသဟာဟာ ငါ့ကြမ္မာ ငါ ငင်သဟာပဲ ဆိုပြီး ငါဟာ ငါ့ကိုယ်ငါ အများကြီး စိတ်ဆိုးပြီး နောင်တ ဖြစ်မိသည်။ တကယ်ဆိုလျှင် ငါဟာ တစ်ခါသေဖူး ပျဉ်ဖိုးနားလည်





ဖို့ ကောင်းသည်။ ဗဂ္ဂဒက်မြို့ဟာ ကိုယ့်မြို့လည်း ဖြစ်သည်။ သာယာစည်ကားသည့် မြို့လည်းဖြစ်သည်။ သဟာနှင့်တောင် အေးအေး မနေနိုင်ဘဲ ဆတ်ဆော့မိလို့ သည်တစ်ခါ ငါတော့ဖြင့် အသက်ချမ်းသာဖို့လမ်း မရှိတော့ဘူးလို့ အောက်မေ့ပြီး ငါဟာ ချူသံပါအောင် ငိုတော့သဟာပဲ။ အဲသလို ငိုပြီးတော့ ငါဟာ ရပ်တည်ရာ မရနိုင်သဟာနှင့် တောင်လျှောက်၊ မြောက်လျှောက်၊ အရှေ့လျှောက်၊ အနောက်လျှောက်နှင့် ခွေးနာ လောက်ကိုက် သလို ဖြစ်နေသည်။ နောက်ဆုံးကျတော့ ငါလည်း ကြံရာမရသဟာ နှင့် သစ်ပင်မြင့်မြင့်ကြီး တစ်ပင်ပေါ်တက်ပြီး ပတ်ပတ်လည် မြင်နိုင်သမျှ အရပ်ရပ်ကို လှမ်းပြီး ကြည့်သည်။ ကြည့်ပေမင့် ဘာမှ မတွေ့ရဘူး။ မိုးကောင်းကင်ရယ်၊ သစ်ပင် တွေရယ်၊ ငှက်တွေရယ် သဟာပဲ မြင်ရသည်။ အဲသဟာနှင့် ငါလည်း စိတ်ပျက်လက်ပျက် ဖြစ်နေတုန်းမှာ ခပ်ဝေးဝေးမှာ ဖြူဖြူလုံးလုံးကြီး တစ်ခုကို မြင်ရသည်။ သဟာနှင့် ငါဟာ သစ်ပင်ပေါ်က ကပျာကယာဆင်းပြီး အဲသည် အဖြူလုံးကြီး ရှိသည့်နေရာကို မှန်းပြီးသွားသည်။ အနားရောက်သွားတော့ လား . . . လား အဖြူလုံးကြီးဟာ ရောမ ကျောက်တုံးကြီးလိုဟာ ဖြစ်နေသဟာကို တွေ့ရ သည်။ အပေါ်ဆုံးထိပ်ကို မြင်ရဖို့လည်း အတော်ကို မော့ပြီး ကြည့်ရသည်။ အဲသဟာနှင့် ငါလည်း ဘယ်လိုဟာကြီးလဲ ဆိုသဟာ သိရအောင် ပတ်ချာလှည့်ပြီး ကြည့်သည်။

နောက်ပြီးတစ်ခါ အဲသည် အလုံးကြီးဟာ လုံးပတ် ဘယ်လောက်ရှိသလဲ သိချင်သဟာနှင့် တစ်နေရာကို ခဲတစ်ခုနှင့် ချမှတ်ထားပြီး၊ အဲသည် အလုံးကြီးကို ခြေနှင့် လှမ်းပတ်ကြည့်တော့ အလှမ်းကျဲကျဲ ငါးဆယ်ရှိသဟာကို တွေ့ရသည်။ အဲသည် တော့ မိုးကလည်း ချုပ်ခါနီးနေပြီ။ ငါကလည်း သည်အဖြူလုံးကြီးဟာ ဘယ်လိုဟာ ပါလိမ့်မလဲလို့ အံ့သြနေတုန်း ဖြန်းခနဲဆို နေကို တိမ်တိုက်ကြီး ဖုံးသွားပြီး တစ်ခါတည်း မှောင်သွားသည်။ မိုးအခါလည်း မဟုတ်လို့ မိုးရိပ်မိုးသားလည်း မရှိဘဲနှင့် ဘယ့်နှယ် ကြောင့် နေကို မိုးရိပ် ဖုံးသွားရပါလိမ့်မလဲလို့ ငါ့စိတ်ထဲက အောက်မေ့နေတုန်း အသေ အချာ ကြည့်လိုက်တော့မှ လား . . . လား ငါ့စိတ်က မိုးရိပ်မိုးသားလို ထင်နေသည့် အရာဟာ လက်စသတ်တော့ ရောမ ငှက်ကြီး ဖြစ်နေသဟာကို တွေ့ရသဟာကိုး။ အဲသည် ငှက်ကြီးက ကြီးလိုက်သဟာ ဆိုသဟာလည်း မပြောပါနှင့်တော့။ သူ ပျံလာ သဟာနှင့် နေကိုအုပ်ပြီး မိုးကို အုံ့သွားသဟာပဲ။ သည်တော့မှ ငါလည်း လား . . . လား တန်တော့ဟ၊ သည်ငှက်ကြီးဟာ တခြားမဟုတ်ဘူး။ ငါ အလျင်တုန်းက ကြားဖူး သည့် ရုခ ဆိုသည့် ငှက်ကြီးပဲဆိုသဟာ သိရသည်။ ရုခငှက်ကြီးတွေဟာ သူတို့ သားငယ် သမီးငယ် ငှက်ကလေးတွေကို ဆင်ပြောင်ကြီးတွေကို ချီချီပြီး အစာကျွေးသည်လို့ ပြောကြ သည်တဲ့။ အဲသဟာနှင့် ငါလည်း အံ့သြခြင်းမက အံ့သြပြီး ငှက်ကြီး ပျံလာသည့်ဘက်ကို လှမ်းကြည့်လိုက်တော့ ငှက်ကြီးက ငါ့ဆီကို တည့်တည့်ပျံလာပြီး အဖြူလုံးကြီးပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ငှက်ကြီးရဲ့ ခြေထောက်မှာ ငါလည်း ပါသွားသည်။

ဝပ်တော့သဟာပဲ။ သည်တော့မှ ငါ့စိတ်ထဲမှာ ဘာမှန်းညာမှန်း ခွဲခြားမရသည့် အဖြူလုံးကြီးဟာ ရှခငှက်ကြီးရဲ့ဥ ဖြစ်နေမှန်း သိရသည်။ အဲသဟာနှင့် ငါလည်း အလာဟု အရှင်သည် ဖန်ဆင်းတော်မူတတ် ပါပေ၏၊ အလာဟုအရှင်သည် အံ့သြဖွယ် ကောင်းပါပေ၏လို့ ဆိုပြီး အလာဟု အရှင်ရဲ့ ဂုဏ်ကျေးဇူးများကို တတွတ်တွတ်နှင့် နှုတ်က ရွတ်လိုက်သည်။ အဲသည်လို ရှခငှက်ကြီးက သူ့ဥပေါ်မှာ ခြေထောက်နှစ်ချောင်း နောက်ပစ်ပြီး ဝပ်လိုက်တော့ ငါလည်း အကြံရပြီး ငါ့ခေါင်းက ခေါင်းပေါင်းကို ချွတ်၊ ကြိုးလို





လိမ်ကျစ်ပြီး ငါ့ခါးနှင့် ငှက်ကြီးရဲ့ ခြေထောက်ကို ခိုင်အောင် တစ်ခါတည်း တုပ်လိုက်သည်။ သည်လိုလုပ်သည့် အကြံကတော့ တခြားမဟုတ်ဘူး။ ငါ့စိတ်ထဲက သည်လို လူမရှိသည့် ကျွန်းပေါ်မှာ တစ်ယောက်ထီးတည်း နေရသဟာထက်တော့ ငှက်ကြီး ပျံရာကို လိုက်သွားရသဟာကမှ တစ်နေ့ လူနေသည့် မြို့ရွာကို ရောက်ချင် ရောက်ဦးမည်လို့ အောက်မေ့လို့ပဲ ။ အဲသဟာနှင့် ငါလည်း ငါ့ခါးနှင့် ငှက်ကြီး ခြေထောက်ကို ချည်ပြီး တစ်ညလုံး တထိတ်ထိတ်နှင့် စောင့်နေသည်။ အိပ်လို့လည်း မရဘူး။ အဲသည်လို တစ်ညလုံး တထိတ်ထိတ်နှင့် နေရင်းနှင့် နံနက် အလင်းရောင်လာတော့ ငှက်ကြီးက ကြောက်စရာ အသံကြီးကို မြည်ပြီး ကောင်းကင် ပျံတက်သွား သဟာပါပဲ။ ငါလည်း တွဲလောင်းတွဲလောင်းနှင့် ပါသွားသည်။ ငှက်ကြီးက သူ့ခြေထောက်မှာ ငါ ပါလာမှန်း သိတောင် မသိဘူး။ ငါလည်း ကြောက်လိုက်သဟာလေ မပြောပါနှင့်တော့။ ငှက်ကြီးကလည်းဟော့ ကောင်းကင်ပေါ်ကို ထိုးပျံသွားလိုက်သဟာ ငါ့အထင်ဖြင့် ကောင်းကင်ထိပ်ကို ရောက်သွားသည် ထင်သဟာပဲ။ အောက်ကို ကြည့်လို့လည်း ဘာဆိုလို့ ဘာကိုမှ မမြင်ရဘူး။

သည်အတွင်းမှာ ငါလည်း တထိတ်ထိတ်နှင့်ပဲ။ နောက်ဆုံးကျတော့မှ ငှက်ကြီးက တဖြည်းဖြည်း မြေပြင်ဘက်ကို သက် သက် လာပြီး တောင်ထိပ်တစ်ခုပေါ်မှာ နားသည်။ သည်တော့မှ ငါလည်း ကပျာကယာ ငါ့ခါးနှင့် သူ့ခြေထောက်နှင့် ချည်ထားသည့် ခေါင်းပေါင်းကို ဖြုတ်ပြီး တစ်ခါတည်း စုံကန်ပြီး လစ်ပြေးတော့သည်။ အဲသည်လို ငါ လစ်ပြေးပြီး ခဏလောက်နေတော့ ငှက်ကြီးက အလျားကလည်း အလွန့် အလွန်ရှည်၊ လုံးပတ်ကလည်း အလွန့်အလွန် တုတ်သည့် မြွေကြီးတစ်ကောင်ကို ခြေသည်းကြီးတွေနှင့် သုတ်ပြီး ကောင်းကင်ကို ပျံတက်သွားသည်။ အဲသဟာနှင့် ငါလည်း ငါ့ဟာငါ ဘယ်လို နေရာမျိုး ရောက်နေပါလိမ့်မလဲလို့ သိရအောင် လျှောက်ကြည့်တော့ တောင်ထိပ်ကြီး တစ်ခုပေါ် ရောက်နေသဟာကိုလည်း တွေ့ရသည်။ အဲသည် တောင်ထိပ်က အောက်ငုံ့ကြည့်လိုက်လျှင်လည်း အင်မတန် ကြောက်စရာကောင်းသည့် ချောက်ကြီး ကမ်းပါးကြီးတွေသာ မြင်ရသည်။ အဲသည်နားတစ်ဝိုက်မှာ ရှိသည့် တောင်တွေကလည်း မြင့်သည် မမြင့်သည် ဆိုသဟာ မပြောနှင့်တော့၊ တောင်ထိပ်ကို ကြည့်လို့ မမြင်ရဘူး။ အဲသဟာနှင့် ငါလည်း "အင်း ငါတော့ဖြင့် တစ်ခါ ထပ်ပြီးမှားပြန်ပြီ။ ဒီနေရာနှင့်စာလျှင် ဟို လူမရှိသည့်ကျွန်းကပဲ တော်ဦးမည်။ ဟိုနေရာမှာဆိုလျှင် သစ်သီးကလေး ဘာလေး ရှာစားလို့ ရသေးသည်။ သည်နေရာမှာဆိုလျှင် ဘာမျှ ရှာစားလို့လည်း ရမှာမဟုတ်ဘူး။ သစ်ပင်ဆိုလို့လည်း တစ်ပင်မျှ မရှိဘူး။ ရေသောက်ဖို့ ချောင်းတို့ မြောင်းတို့လည်း မရှိဘူး" လို့ အောက်မေ့ပြီး နောင်တရမိသည်။ အဲသဟာနှင့် ငါလည်း "တတ်နိုင်ပါဘူးလေ၊ အလာဟုအရှင်ကိုပဲ အားကိုးရတော့မှာပဲ" လို့ဆိုပြီး ကိုယ့်ဟာကိုယ် အားတင်း



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အဲသည်လိုနေရင်းနှင့် တောင်ကြားတစ်ခုထဲ ရောက်သွားတော့ အဲသည် တောင်ကြား တစ်ခုလုံးဟာ စိန်တုံးစိန်ခဲကြီးတွေ ဖြစ်နေသဟာကို တွေ့ရသည်။ ပြီးတော့ သည် တောင်ကြားထဲမှာ ထန်းလုံးလောက် တုတ်သည့် မြွေကြီးတွေကလည်း ပြည့်နေ သဟာပဲ။ အဲသည် မြွေကြီးတွေက နေ့တိုင်နေ့တိုင်ကျရင် ရှခင့်ကြီးတွေကို ကြောက်လို့ လုံခြုံရာမှာ ပုန်းပုန်းအိပ်နေကြပြီး ညညကျမှ အစာရှာ ထွက်ကြသည်။ အဲသဟာနှင့် ငါလည်း ကြောက်လွန်းလို့ ဆာမှန်းလောင်မှန်းလည်း မသိတော့ဘဲ ကြက်သီး ဖြန်းခနဲ ဖြန်းခနဲ ထ နေသည်။ အဲသဟာနှင့် နေကလည်း စောင်းလာတော့ အိပ်ဖို့နေရာ ကြည့် တော့ တောင်ကမ်းပါးယံမှာ ကျောက်ဂူ ခပ်ကျဉ်းကျဉ်းတစ်ခု တွေ့သည်။ အဲသဟာနှင့် ငါလည်း သည်တစ်ညတော့ ငါ့အသက် မသေသေးဘူးလို့ အောက်မေ့ပြီး အဲသည် ဂူထဲမှာပဲ ဝင်အိပ်ပြီး၊ ဂူဝကိုတော့ အဲသည် အနားမှာ တွေ့သည် ကျောက်တုံးတစ်ခုနှင့် ပိတ်ထားသည်။ အဲသဟာနှင့် ညကျလို့ ဂူရဲ့ အတွင်းဘက်ကို လှမ်းကြည့်လိုက်တော့ မြွေမကြီး တစ်ကောင်က ဥတွေပေါ်မှာ ဝပ်နေသဟာကို တွေ့ရသည်။ သည်တော့ ငါလည်း ဇောချွေးကြီး ပြန်လာသည်။ သဟာပေမင့် အပြင်လည်း မထွက်ဝံ့သဟာနှင့် အသာကလေး တစ်ညလုံး ငြိမ်နေရသည်။ အသက်တောင် ရှူမိလား၊ မရှူမိဘူးလား မပြောတတ်ဘူး။ အဲသလိုနှင့် ငါလည်း တစ်ညလုံး အိပ်လို့မရဘူး။ အဲသည်လို နေရင်းနှင့် မိုးလင်းစပြုတော့မှပဲ ဂူဝက ကျောက်တုံးကို ဖယ်ပြီး အပြင်ကို ငါ ထွက်လာသည်။ ငါဖြင့် မြေကြီးကို ခြေထောက်နှင့် နင်းရမှန်းတောင် မသိဘူး။ အဲသလိုနှင့်ပဲ ငါ တောင် ကြားထဲ လျှောက်လာတော့ ဖြုန်းဆို ကောင်းကင်က ဆိတ်သားတုံးကြီးတစ်တုံး ဗုန်းခနဲဆို ကျလာသည်။ သည်တော့ ငါဖြင့် ကြောက်လွန်းလို့ အသက် ဘယ်က ထွက်ရမှန်းတောင် မသိဘူး။ နောက်တော့မှ အဲသည်တောင်က စိန်တွေ ကျောက်တွေကို ဘေးအန္တရာယ် များလွန်းလို့ ဘယ်သူမျှ ရအောင် မယူနိုင်သဟာနှင့် တချို့က ဉာဏ်ကူပြီး ဆိတ်သားတုံး တွေကို တောင်ပေါ်ကနေ ပစ်ချပြီး၊ အဲသည် ဆိတ်သားတုံးတွေကို စွန်တွေက လာသုတ် လို့ စိန်တုံး ကျောက်တုံးတွေ ကပ်ပါလာသည့် အခါကျမှ စွန်တွေကို မောင်းပစ်ပြီး စိန်တုံး ကျောက်တုံးတွေကို ကောက်ယူကြသည်ကို ခရီးသွားတွေက ငါ့ကို ပြောဖူး သဟာကို ငါ သွားသတိရသည်။ အဲသဟာနှင့် ငါလည်း ဆိတ်သားတုံးကြီး ကျသွား သည့် ဆီကို သွားကြည့်တော့ စိန်တွေ ကျောက်တွေ ကပ်နေသဟာကို တွေ့ရသည်။ သဟာနှင့် ငါလည်း ရသမျှ စိန်တွေကျောက်တွေကို ခွာယူပြီး ငါ့မှာ ပါသည့် အဝတ် များနှင့် ကျစ်နေအောင် ထုပ်ထားသည်။

အဲသည်လိုနေတုန်းမှာ နောက်ထပ် ဆိတ်သားတုံးကြီးတစ်ခု ကျလာပြန်သည်။ သည်တော့ ငါလည်း အကြံရသဟာနှင့် အဲသည် ဆိတ်သားတုံးကြီးကို ကောက်ပြီး ငါ့ကိုယ်ပေါ်မှာ တင်ထားပြီး ငါက အောက်က ပက်လက်လှန်ပြီး ဆိတ်သားတုံးကြီးကို





မြဲမြဲဖက်ထားသည်။ ငါက အဲသည်လိုလည်း ဖက်ထားပြီးရော၊ စွန်ကြီးတစ်ကောင်က အဲသည် ဆိတ်သားတုံးကြီးကို လာပြီး သုတ်သွားသည်။ ငါလည်း ဆိတ်သားတုံးကြီး နှင့်အတူ စွန်သုတ်သွားရာကို ပါသွားသည်။ အဲသည် စွန်ကြီးက ဆိတ်သားတုံးကြီးကို တောင်ထိပ်တစ်ခုပေါ်မှာ ချပြီး ထိုးဆိတ်စားမည်လည်း လုပ်ကရော၊ ဘေးက ဉာသံ ပေးပြီး 'ဟဲ့စွန် . . . ဟဲ့စွန်' လို့ အနားမှာ ချောင်းပြီး စောင့်နေသည့် လူတစ်ယောက်က အော်သည်။ သည်တော့ စွန်ကြီးလည်း လန့်ပျံပြေးရော။ သည်တော့ ငါက ဆိတ်သား တုံး အောက်က ထွက်လာပြီး အနားမှာ ရပ်နေသည်။ သည်တော့ အဲသည်လူက ငါ့ကို မြင်ပြီး ကြောက်နေသည်။ ပြီးတော့ ဆိတ်သားတုံးကြီးနား သွားပြီး စိန်တွေ တွေ့မလားလို့ လှန်လှောကြည့်သည်။ ဘာစိန်မှ မတွေ့တော့မှ 'ဖြစ်မှ ဖြစ်ရပလေသည်နော်' လို့ အော်ပြီး ညည်းသည်။ သည်တော့ ငါက သူ့အနားကို ကပ်သွားသည်။ သည်တော့ အဲသည် လူက ငါ့ကို 'သင် ဘယ်သူလဲ၊ ဘယ်နည်းနှင့် သင် သည်ကို ရောက်လာသလဲ' လို့ မေးသည်။ သည်တော့ ငါက 'အို . . . ငါ့ကို မကြောက်ပါလင့်၊ ငါဟာ လူသား တစ်ယောက်ပါ။ ငါဟာ ရောင်းဝယ်စားပါသည်။ ပြီးတော့ ငါ့ အဖြစ်အပျက်ဟာလည်း အင်မတန် အံ့ဩစရာ ကောင်းပါသည်။ ငါ့အဖြစ်အပျက်ကို ငါ အကုန် ပြန်ပြောပြပါ မည်။ ပြီးတော့ သင့်အတွက်လည်း ဘာမှ မပူပါနှင့်။ သင့်တစ်သက် စားမကုန်နိုင် လောက်အောင် အဖိုးတန်သည့် စိန်တွေကို ငါ ပေးပါမည်။ ငါ့မှာ စိန်တွေ အများကြီး ပါ ပါသည်။ ငါ့ဆီက စိန်မျိုးဟာ တခြား ဘယ်မှာမှ မရနိုင်ပါဘူး။ ကိုင်း . . . ဘယ့်နှယ် လဲ၊ သဘောကျရဲ့လား' လို့ ပြောသည်။ သည်တော့ သူလည်း ဝမ်းသာအားရနှင့် ငါ့ကို အများကြီး ကျေးဇူးတင်ကြောင်း ပြောသည်။ အဲသလို သူနှင့်ငါနှင့် ဝမ်းသာစကား ပြောနေကြတုန်းမှာပဲ တခြားလူတွေ ထပ်ရောက်လာကြသည်။ သူတို့ဟာလည်း ပထမ လူလိုပဲ တောင်ပေါ်ကနေပြီး ဆိတ်သားတုံးတွေ ပစ်ချသည့် လူတွေပဲ။ အဲသဟာနှင့် ငါလည်း ငါ ရလာခဲ့သည့် စိန်တုံးတွေထဲက သူတို့ကို ခွဲဝေပေးလိုက်သည်။ သည်တော့ သူတို့လည်း ဝမ်းသာကြလွန်းလို့ ငါ့အသက် ချမ်းသာရာ ရသည့်အတွက် အလာဟု အရှင်ကို ကျေးဇူးတင်ကြသည်။ အဲသည်နေ့ ညက ငါတို့ဟာ ဘေးမရှိသည့် နေရာမှာ တစုတဝေးတည်း ပျော်ပျော်ပါးပါး အိပ်ကြသည်။ နံနက်လင်းတော့ ငါတို့ဟာ တောင်စဉ် တောင်တန်းကြီးတွေ ကျော်ပြီး အင်မတန် သာယာသည့် ကျွန်းကြီးတစ်ကျွန်းကို သွားကြ သည်။

အဲသည်ကျွန်းမှာ ပရုတ်ပင်ကြီးတွေ ရှိသည်။ အဲသည် ပရုတ်ပင်ကြီးတွေဟာ အရိပ်ကလည်း အင်မတန် ကောင်းသည်။ လူတစ်ရာနှစ်ရာလောက် သူတို့ အရိပ်အောက် မှာ ခိုနေနိုင်သည်။ အဲသည် ကျွန်းကြီးက လူတွေဟာ ပရုတ် လိုချင်သည့်အခါမှာ ပရုတ်ပင်ကြီးတွေကို သံချောင်းကြီးတွေနှင့် ထိုးဖောက်ပြီး အောက်က ခွက်နှင့် ခံထား.



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အဲသည်အခါကျမှ ပရုတ်ပင်က အဆီဟာ ထွက်လာပြီး ခွက်ထဲ ရောက်သည့်အခါမှာ ထင်းရှူးဆီများလို ခဲသွားသည်။ ပရုတ်ပင်ကြီးတွေဟာ အဆီကို ထုတ်ယူလိုက်သည့် အခါမှာ သေသွားသည်။ အဲသည်အခါမှာ ပရုတ်သားကို ထင်းလုပ် ဆိုက်ကြသည်။ ပြီးတော့ အဲသည် ကျွန်းကြီးထဲမှာ ငါတို့ဆီက နွားတွေ၊ မြင်းတွေလို တိရစ္ဆာန်မျိုးဖြစ်သည့် ကြံ့ဆိုသည့် အကောင်ကြီးတွေလည်း ရှိသည်။ သူတို့တွေဟာ သစ်ရွက်သစ်ခက်ကို စားကြသည်။ သူတို့ ချိုကြီးတွေက ဆယ်တောင်လောက် ရှည်သည်။ သူတို့ ချိုကလည်း ခေါင်းလယ် တည့်တည့်မှ တစ်ချောင်းတည်း ထွက်ပေါက်နေသည်။ အဲသည်ကြံ့ကြီးတွေဟာ တစ်ခါတလေ ဆင်ကြီးတွေကို ချိုနှင့်ထိုးပြီး၊ သူတို့ ခေါင်းပေါ်မှာ ဆောင်သွားပြီး သူတို့ဟာသူတို့ တောထဲမှာ လျှောက်ပြီး အစာရှာ စားကြသည်လို့ ခရီးသည်တွေက ပြောကြသည်။ အဲသည်လို ဆင်ကြီးတွေ ဦးခေါင်းပေါ်မှာ စွပ်ပါလာပေမဲ့ ကြံ့ကြီးတွေက မသိကြဘူးတဲ့။ နောက် ဆင်ကြီးတွေ သေပြီး နေပူလို့ ဆင်ဆီတွေ ပျော်ကျပြီး ကြံ့ရဲ့မျက်စိထဲ ဝင်သည့်အခါ ကြံ့လည်း မျက်စိကန်းသွားပြီး သေသည်အထိ တစ်ခါတည်း ဝပ်နေသည်တဲ့။ အဲသည်အခါကျမှ ရုခ ငှက်ကြီးတွေက ဆင်သေကောင်ရော၊ ကြံ့သေကောင်ရော သုတ်သွားပြီး သူတို့ သားငယ်၊ သမီးငယ်တွေကို ကျွေးကြသည်လို့လည်း ပြောကြသည်။ ပြီးတော့ အဲသည် ကျွန်းမှာ ရှိသည့် ကျွဲတွေ၊ နွားတွေကလည်း ငါတို့ဆီက ကျွဲတွေနွားတွေနှင့် မတူဘူး၊ တစ်မျိုးကြီးပဲ။ ငါလည်း ငါ့ဆီမှာရှိသည့် စိန်တွေကျောက်တွေကို တချို့ကို ရွှေနှင့်၊ တချို့ကို ငွေနှင့် ရောင်းသည်။ ပြီးတော့ အဲသည်ကျွန်းက ထွက်သည့် ကုန်တွေကို တစ်ခါ ပြန်ဝယ်ပြီး ကုန်သည်ဖော်တွေနှင့် တခြားမြို့တွေ ရွာတွေကို လည်ရင်းပတ်ရင်းနှင့် လျှောက်ရောင်းပြန်သည်။ အဲသဟာနှင့် နောက်ဆုံးကျတော့ ငါဟာ ဗတ်သောရမြို့ကို ပြန်ရောက်လာသည်။ ဗတ်သောရမြို့မှာ လေးငါးရက် နေပြီး ငါတို့ ဗဂ္ဂဒက်မြို့ကို ပြန်လာသည်။ ငါ ဗဂ္ဂဒက်မြို့ ပြန်ရောက်လာသည့် အခါမှာ ငါ့ဆီမှာ စိန်တွေ၊ ကျောက်တွေ၊ ကုန်တွေ၊ အသပြာတွေ အများကြီး ပါလာသည်။ အဲသဟာနှင့် ငါလည်း ဆွေမျိုးတွေ မိတ်ဆွေတွေကို ပေးကမ်းကျွေးမွေးလုပ်သည်။ ပြီးတော့ ငါဟာ အစားကောင်းတွေ စား၊ အသောက်ကောင်းတွေ သောက်၊ အထည်ကောင်းတွေ ဝတ်ပြီး ပျော်ပျော်ကြီး စည်းစိမ်ခံနေသည်။ ခရီးထွက်တုန်းက ဆင်းရဲခံရသဟာတွေကိုလည်း အမှတ် မရတော့ဘူး။ အဲသည်လို ငါဟာ စည်းစိမ်ချမ်းသာနှင့် နေသည့်အခါမှာ ငါ့မိတ်ဆွေတွေ၊ အပေါင်းအသင်းတွေက ငါ့ဆီလာလာပြီး ငါ ခရီးထွက်ခဲ့တုန်းက တွေ့ခဲ့ ကြုံခဲ့ရသည့် အကြောင်းတွေကို မေးကြသည်။ ပြီးတော့ အခုလို ငါ ကောင်းမွန် ချောမောစွာ ပြန်ရောက်လာသည့်အတွက် ဝမ်းသာကြောင်းလည်း ပြောကြသည်။ အဲ အခု ငါ ပြောသဟာတွေဟာ နှစ်ကြိမ်မြောက် ပင်လယ်ခရီး ထွက်ရင်းနှင့် ငါ တွေ့ခဲ့ရသည့် အဖြစ်အပျက်တွေပဲ။ အင်းယှားလား၊ အလာဟုအရှင်





အခွင့်ပြုတော်မူလျှင် မနက်ဖြန်ကျတော့ ငါ့ရဲ့ သုံးကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြဦးမည်' လို့ ရေ ဆင်ဒဗတ်က ပြောသည်တဲ့။

ပြီးလျှင် ရေဆင်ဒဗတ်သည် အခြား အဖော်များနှင့်တကွ ကုန်းဆင်ဒဗတ်ကို စားကောင်းသောက်ဖွယ်များ ကျွေးမွေးပြီး ရွှေဒင်္ဂါးပြားရေတစ်ရာ လက်ဆောင် ပေးပြန်သည်တဲ့။ အဲသည်တော့ ကုန်း ဆင်ဒဗတ်လည်း ရွှေဒင်္ဂါးများကိုယူပြီး ဝမ်းသာအားရနှင့် သူ့အိမ်ကို ပြန်သွားသတဲ့။ နောက်နေ့မိုးလင်းတော့ တစ်ခါ ကုန်းဆင်ဒဗတ်ဟာ အိပ်ရာမှ စောစောထပြီး၊ ဘုရား ဘာ ဘာ ဘာ ရှိခိုးပြီး ရေ ဆင်ဒဗတ်အိမ်ကို သွားပြန်ပါသတဲ့။ ရေဆင်ဒဗတ်ကလည်း ခါတိုင်းလိုပဲ ပျူပျူသလဲ ဆီးကြိုနှုတ်ဆက်ပြီး သူ့အနားမှာ ထိုင်စေသတဲ့။ ပြီးတော့ တခြား အဖော်တွေလည်း ရောက်လာကြသတဲ့။ အဲသည်အခါကျတော့ ရေ ဆင်ဒဗတ်က အစားကောင်း အသောက်ကောင်းတွေကို ခါတိုင်းလိုပဲ တည်ခင်း ကျွေးမွေးပြန်သတဲ့။ အဲသလို ပျော်ပျော်ပါးပါး စားသောက်ပြီးတော့မှ ရေဆင်ဒဗတ်က 'ကိုင်း... သားချင်းတို့၊ သုံးကြိမ်မြောက် ငါ့ရဲ့ ပင်လယ်ခရီးစဉ်ကို ပြောတော့မည်။ ဂရုစိုက်ပြီး နားထောင်ကြပေတော့။ သည်တစ်ခါ ပြောမည့် ငါ့ခရီးစဉ်က အလျင်က ပြောပြီးသည့် ခရီးစဉ်ထက်တောင် အံ့ဩစရာ ကောင်းသေးသည်' လို့ ဆိုသတဲ့။

## [၃၂]
## ရေဆင်ဒဗတ်၏
## သုံးကြိမ်မြောက် ပင်လယ်ခရီးစဉ်

သားချင်းတို့ နားထောင်ကြ၊ မနေ့က ငါ ပြောသလိုပဲ ငါဟာ နှစ်ကြိမ်မြောက် ပင်လယ်ခရီးက ပြန်လာသည့်အခါမှာ အလာဟုအရှင်ရဲ့ ကျေးဇူးကြောင့် အသက် မသေရုံတွင်မကသေးဘဲ ပစ္စည်းဥစ္စာတွေလည်း အမြောက်အမြား ရခဲ့သည်။ အဲသည် ပစ္စည်းဥစ္စာတွေနှင့် ငါဟာ ဗဂ္ဂဒက်မြို့မှာ အင်မတန် အင်မတန် စည်းစိမ် ခံစားနေခဲ့သည်။ ငါ့မှာ ဘာမျှ လိုလေသေး မရှိဘူး။ သဟာပေမင့် လူ့စိတ် ဆိုသဟာ တော်တော် ခက်သည့်အတိုင်း ငါလည်း အေးအေး မနေချင်ဘဲနှင့် စွန့်စားပြီး ခရီးထွက်ချင်သည့်စိတ်၊ စီးပွားရှာချင်သည့် စိတ်တွေ ပြန်ပေါ်လာပြန်သည်။ အဲသဟာနှင့် ငါဟာ ကုန်တွေ အမြောက်အမြား ဝယ်ပြီး ပင်လယ်ခရီး ထွက်ရန် ဗတ်သောရမြို့ကို ထွက်ခဲ့ပြန်သည်။ ဗတ်သောရမြို့ကို ရောက်တော့ ပင်လယ်ခရီး ထွက်ကြမည့် ကုန်သည်ဖော်တွေနှင့် ပင်လယ်ခရီးထွက်မည့် လူစုံ တက်စုံ သင်္ဘောတစ်စီးကိုလည်း အဆင်သင့် သွားတွေ့သည်။ အဲသဟာနှင့် ငါလည်း ကုန်သည်ဖော်တွေနှင့် အလာဟုအရှင်ရဲ့ မေတ္တာတော်ကို ခံယူပြီး သင်္ဘော



www.burmeseclassic.com

www.burmeseclassic.com



လွင့်ခဲ့ကြသည်။ ငါတို့သင်္ဘောဟာ အမြို့မြို့ အရွာရွာကို ရောက်ပြီး ငါတို့ဟာလည်း ရောင်းသည့်ကုန် ရောင်း၊ ဝယ်သည့်ကုန် ဝယ်နှင့် အပျော်ကြီး ပျော်နေကြသည်။ အဲသဟာနှင့် တစ်နေ့ကျတော့ ငါတို့ သင်္ဘောဟာ လှိုင်းလေ အင်မတန်ကြမ်းသည့် ပင်လယ်အလယ်ကောင်ကို ရောက်သွားသည်။ အဲသည်အခါမှာ သင်္ဘောဦးက အရပ်ရပ်မျှော်ပြီး ကြည့်နေသည့် ကပ္ပိတန်က 'အမယ်လေး သည်တစ်ခါတော့ ခက်ကြပြီ' လို့ ရင်ဘတ် စည်တီး အော်ပြီး ငိုသည်။ အဲသဟာနှင့် ငါတို့ကလည်း 'အို... ကပ္ပိတန်၊ အဘယ့်ကြောင့် ဤကဲ့သို့ ငိုကြွေးပါသနည်း' လို့ မေးကြသည်။ သည်တော့ ကပ္ပိတန်က 'အမယ်လေး... မမေးကြနှင့်တော့၊ သည်တစ်ခါတော့ ငါတို့ အကုန်လုံး သေကြဖို့ပဲ ရှိတော့သည်' လို့ ပြောသည်။ အဲသဟာနှင့် ငါတို့ကလည်း 'နေစမ်းပါဦး ကပ္ပိတန်ရဲ့၊ ဘယ်လို ဘယ်လိုဆိုတာ အကျိုးအကြောင်းကလေးလည်း ငါတို့ကို ပြောပြဦးမှပေါ့' လို့ ဆိုသည်။ သည်တော့ ကပ္ပိတန်က 'မမေးကြနှင့်တော့၊ မမေးကြနှင့်တော့။ ငါတို့ သင်္ဘောဟာ လမ်းမှားလာပြီ။ အခု သည်က မြင်ရသည့်တောင်ဟာ ရှုဿတောင် ခေါ်သည်။ အဲသည် တောင်မှာ မျောက်တွေရှိသည်။ အဲသည် မျောက်တွေဆီ ရောက်သည့်သူ မှန်လျှင် ဘယ်သူမျှ အသက်ရှင်ပြီး ပြန်ခွင့်မရဘူး။ သဟာကြောင့် ငါတို့ အကုန်လုံး သေကုန်ကြတော့မှာပဲလို့ ငါ ပြောသဟာပေါ့' လို့ ပြောသည်။ အဲသည်လို ကပ္ပိတန်ကလည်း ပြောပြီးရော၊ ငါတို့ သင်္ဘောဟာ ကမ်းနားရောက်သွားပြီး မျောက်တွေလည်း ပုရွက်ဆိတ်အုံကြီးလို ရှုရှုရှုရှုနှင့် ငါတို့ သင်္ဘောကို ဝိုင်းတက်ကြသည်။ အဲသည် မျောက်တွေ ကြည့်ရသဟာ ရွံစရာ ကြောက်စရာ သိပ်ကောင်းသည်။ အမွေးတွေကလည်း မည်းလို့၊ မျက်နှာကလည်း ဘယ်လိုမှန်း မသိဘူး၊ မျက်စိတွေကလည်း ဝါဝါကြီး၊ အရပ်ကတော့ သိပ်မမြင့်ဘူး၊ နှစ်ထွာလောက်ပဲ ရှိမည်။ ပြီးတော့ မျောက်တွေဟာ အအုပ်အစု ကောင်းလွန်းလို့ ငါတို့ဟာ ဘယ်လိုမှ မလုပ်ဝံ့ဘူး။ သူတို့ အော်ကြ ဟစ်ကြသည့် အသံတွေကလည်း ဘယ်လိုဟာတွေမှန်း မသိဘူး။ ပြီးတော့ သူတို့တွေက လူနားလည်း မကပ်ဘူး။ ပြီးတော့ သူတို့တွေက များလွန်းနေတော့ သူတို့ထဲက တစ်ကောင်ကောင်ကို ငါတို့က ရန်မူလိုက်လျှင် ကျန်သည့် အကောင်တွေက ငါတို့ကို ဝိုင်းပြီး ရန်မူကြမှာ စိုးသဟာနှင့် ငါတို့လည်း ရဲဂုဏ်ကို မပြဝံ့ကြဘူး။ အဲသဟာနှင့် ငါတို့လည်း မျောက်တွေကို ဘာမျှ မလုပ်ရဲကြဘဲ သူတို့ လုပ်ချင်သလို လုပ်ကြပစေဆိုပြီး ကြည့်နေကြရသည်။ အဲသလိုနှင့်ပဲ မျောက်တွေဟာ ငါတို့ သင်္ဘောမှာရှိသည့် ကြိုးတွေကို အကုန်လုံး ကိုက်ဖြတ်ပစ်ကြသည်။ နောက်ဆုံးကျတော့ ငါတို့သင်္ဘောလည်း သူတို့ကျွန်း ကမ်းစပ်မှာပဲ သောင်တင်သွားသည်။ အဲသလို ငါတို့သင်္ဘော သောင်တင်သွားတော့ မျောက်တွေက ငါတို့ကို ဖမ်းပြီး ကုန်းပေါ် ခေါ်သွားကြသည်။ ပြီးတော့ ငါတို့ သင်္ဘောပေါ်မှာ ပါလာသည့် ကုန်တွေ၊ ပစ္စည်းတွေကိုလည်း အကုန်လုံး ချယူသွားကြသည်။ ပြီးတော့ ငါတို့သင်္ဘော





ကိုလည်း တခြားကို ဆောင်သွားကြသည်။ ဘယ်ရယ်လို့တော့ ငါတို့လည်း မသိဘူး။ အဲသဟာနှင့် ငါတို့ဟာ အဲသည်ကျွန်းပေါ်က ဘယ်မျှ မသွားနိုင်ဘူး။ တွေ့ရာ သစ်ရွက် သစ်သီး စား၊ တွေ့ရာ ချောင်းရေ မြောင်းရေ သောက်ပြီး နေကြရသည်။ အဲသလိုနှင့်ပဲ ကြာသွားတော့ တစ်နေ့မှာ အဲသည် ကျွန်းအလယ်ကောင်မှာ ကံအားလျော်စွာ လူနေပုံ ရသည့် တိုက်ကြီး တစ်လုံးကို သွားတွေ့ကြသည်။ အဲသဟာနှင့် ငါတို့ဟာ အဲသည် တိုက်ကြီးရှိရာကို ရှေးရှုပြီး ခြေကုန်သုတ်သွားကြသည်။ အဲသဟာနှင့် အနားရောက်သွားတော့ အဲသည်တိုက်ကြီးဟာ ဘေးက အုတ်ရိုးကြီးတွေ ကာထားသည့် တိုက်ကြီး ဖြစ်နေသဟာကို တွေ့ရသည်။ ဝင်း အဝင်ဝက တံခါးကြီး နှစ်ချပ်ကလည်း ပွင့်လို့။ အတွင်း ဝင်သွားတော့လည်း လေးထောင့်ကွက်လပ်ကြီးကို တွေ့ရသည်။ အဲသည် ကွက်လပ်ကြီးရဲ့ အတွင်းဘက်မှာတော့ ကျောက်သားဖြင့် လုပ်ထားသည့် ထိုင်ခုံကြီး တစ်ခုနှင့် မီးဖိုတစ်ခု ရှိသည်။ ပြီးတော့ မီးလင်းဖို အပေါ်မှာလည်း ဟင်းအိုးတွေ တင်ထားသည်။ ပြီးတော့ အနား ပတ်ပတ်လည်မှာလည်း အရိုးတွေ ပုံလို့။ သဟာပေမင့် အနီးအနားမှာ လူတစ်ယောက်မျှ မတွေ့ဘူး။ အဲသဟာနှင့် ငါတို့လည်း အံ့ဩနေကြသည်။ ပြီးတော့ ငါတို့လည်း မောပန်းနေကြသဟာနှင့် အဲသည် ကွက်လပ်ကြီးထဲမှာပဲ ခဏ တုံးလုံး ပက်လက် လှဲနေကြသည်။ အဲသလိုနေရင်းနှင့် ငါတို့ အိပ်ပျော်သွားလိုက်ကြသဟာ ညနေစောင်းမှပဲ နိုးကြသည်။ အဲသလို နိုးကြသည့်အချိန်မှာ မြေငလျင်ကြီး လှုပ်သလို ဖြစ်ပြီး ကောင်းကင်ကလည်း ဟီးဟီး ဟီးဟီးနှင့် အသံကြီး ပေါ်လာသည်။ ငါတို့လည်း ဘယ်လိုဟာများ ပါလိမ့်လို့ တိုက်ကြီးဘက် ကြည့်လိုက်တော့၊ လားလား တိုက်ကြီးပေါ်က လူလိုလို မည်းမည်း အကောင်ကြီး ဆင်းလာသဟာကို တွေ့ရသည်။ သူ့အရပ်ကြီးကလည်း ရှည်လိုက်သဟာ ထန်းပင်ကြီးလားလို့ အောက်မေ့ရသည်။ မျက်စိကြီး နှစ်လုံးကလည်း မီးဖိုကြီး နှစ်ဖိုလား အောက်မေ့ရသည်။ အစွယ်ကြီး နှစ်ချောင်းကလည်း ဆင်စွယ်ကြီးတွေ ကြည့်တော့။ ပါးစပ်ကြီး ဖြဲထားလိုက်သဟာကလည်း ရေတွင်းကြီးလား မှတ်ရသည်။ နှုတ်ခမ်းကြီး နှစ်ခုကလည်း ရင်ဘတ်ပေါ်ရောက်အောင် တွဲကျနေသည်။ နားရွက်ကြီး နှစ်ဖက်ကလည်း အပြားလိုက်ကြီး ပခုံးကို ထောက်နေသည်။ လက်သည်းကြီးတွေကလည်း ခြသေ့်လက်သည်းကြီးတွေ အတိုင်းပဲ။ အဲသည် သရဲကြီးကို မြင်လိုက်ရသည် ဆိုလျှင်ပဲ ငါတို့ဟာ ကြောက်အားလန့်အားနှင့် ကိုယ့်ဟာကိုယ် အသက် ရှိမှန်းတောင် မသိကြတော့ဘူး။ အဲသဟာနှင့် ငါတို့ဟာ အကြောက်လွန်ပြီး သတိရ တစ်ချက်၊ မရတစ်ချက် ဖြစ်နေကြတုန်းမှာ အဲသည် သရဲကြီးက ကျောက်ခုံကြီး ရှိရာကို ရှတ်ရှတ် ရှတ်ရှတ်နှင့် လာပြီး စွင့်စွင့်ကြီး ထိုင်နေသည်။ ငါတို့အထဲကလည်း ဘယ်သူမျှ အသက်တောင် ပြင်းပြင်း မရှူရဲကြဘူး။ အဲသည်လို ငါတို့ ဖြစ်နေကြတုန်းမှာ သရဲကြီးဟာ ငါတို့ရှိရာကို စိုက်စိုက်ကြီး လာပြီး ငါ့ကို လည်ကုပ်ကို ကိုင်ပြီး ခေါ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါ့ကို အသားပြည့်ဝရဲ့လား၊ မပြည့်ဝဘူးလား သိရအောင် ဟိုဘက်လှည့်စမ်း၊ သည်ဘက် လှည့်စမ်း စမ်းပြီး ကြည့်နေသည်။ အဲသည်လို အတော်ကြာကြာ စမ်းပြီးတော့ ငါကလည်း ပိန်ညှော်နေသဟာနှင့် ငါ့ကို သဘောမကျသေးသည့် အမူအရာနှင့် ဖယ်ထားလိုက်ပြီး ငါတို့ထဲက လူတွေကို တစ်ယောက်ပြီးတစ်ယောက် စေ့အောင် ဘေးစမ်းနံ့စမ်း စမ်းပြီး ကြည့်သည်။ ဘယ်သူ့မှ သဘောကျပုံ မရဘူး၊ နောက်ဆုံး ငါတို့ရဲ့ ကပ္ပိတန်ကို တွေ့တော့မှ သဘောကျပုံ ရသွားသည်။ ငါတို့ ကပ္ပိတန်က ဝဝ ဖိုင့်ဖိုင့်၊ အားကောင်းကောင်းမို့ သရဲကြီးက သဘောကျသွားပြီး တစ်ခါတည်း ကုပ်က တွန်းလှဲလိုက်ပြီး လည်ပင်းကို ခြေနှင့်နင်း၍ သတ်ပစ်လိုက်သည်။ ပြီးတော့ သံတံစို့ကြီးတစ်ခု ယူလာပြီး ငါတို့ ကပ္ပိတန် အသေကောင်ကို စအိုက ဦးခေါင်းထိပ် ပေါက်သွားအောင် ထိုးလိုက်သည်။ ပြီးတော့ မီးဖိုပေါ်မှာတင်ပြီး ဆိတ်သား ကဗတ်ကင်သလို နီကျွတ်လာအောင် ကင်လိုက်သည်။ ပြီးတော့မှ လက်တွေ ခြေတွေကို တစ်ခုချင်း တစ်ခုချင်း ဖဲ့ဖဲ့ပြီး ကျွတ်ကျွတ် ကျွတ်ကျွတ်နှင့် ဝါးစားသည်။ နောက်ဆုံး အရိုးအရင်းလောက်သာ နည်းနည်းကျန်တော့သည်။

အဲသည်လို ကျန်နေသည့် အရိုးအရင်းတွေကို အုတ်ရိုးနား လွှင့်ပစ်ပြီး သရဲကြီးဟာ ခဏလောက် ကျောက်ခုံပေါ်မှာ မလှုပ်မယှက်ကြီး ထိုင်နေသည်။ ပြီးလို့ ခဏကြာသည့်အခါ တုံးလုံးကြီး လှဲပြီး အိပ်လိုက်သည်။ အိပ်ရင်းလည်း ဟောက်လိုက်သည်မှာ တရှူးရှူး တခေါခေါနှင့် ဖြစ်သည်။ အဲသလို သရဲကြီး အိပ်လိုက်သဟာ ဟာ မိုးလင်းမှပင် နိုးတော့သည်။ နိုးလာသည့် အခါကျတော့ သူ့တိုက်ကြီးပေါ် သူပြန်တက်သွားသည်။ သည်တော့မှပဲ ငါတို့လည်း တစ်ယောက်နှင့်တစ်ယောက် စကားပြောရဲကြတော့သည်။ ပြီးတော့ ငါတို့တစ်တွေဟာ ကိုယ့်အဖြစ် ကိုယ်တွေးပြီး ရှိုက်ကြီးတငင် ငိုကြသည်။ ပြီးတော့ ငါတို့စိတ်ထဲက တံစို့ထိုးပြီး မီးပေါ်မှာ အကင်ခံရခြင်းထက် ရေနစ်သေရခြင်း၊ မျောက်စား သေရခြင်းကပင် ကောင်းဦးမည်ဟု အောက်မေ့မိကြသည်။ သို့သော် ဒွန္တယာကြီးမှာ အလာဟုအရှင်၏ အလိုတော်အတိုင်းသာ ဖြစ်ရမှာဖြစ်လို့ ငါတို့မှာ မည်းတွားသာ။ ငါတို့မှာ လူမသိ သူမသိ အဖြစ်ဆိုးနှင့် သေကြရဖို့ သေချာနေသဖြင့် အလာဟု အရှင်ကိုသာ အားထားရတော့သည်။ ပြီးတော့ ငါတို့သည် ပုန်းအောင်းစရာ နေရာ တွေ့လိုတွေ့ငြား သို့မဟုတ် ထွက်ပြေးရန်လမ်းပေါက် တွေ့လို တွေ့ငြား စိတ်ကထားပြီး ကျွန်းပေါ်ကို အနှံ့အပြား ရောက်ရာပေါက်ရာ သွားနေကြသည်။ ငါတို့မှာ သေရမည်ကို မကြောက်ကြတော့သော်လည်း တံစို့ထိုးပြီး မီးဖိုပေါ် အကင်ခံရမည့် အဖြစ်ကို မတွေးဝံ့အောင် ဖြစ်၍နေကြသည်။ နောက်ဆုံးတွင် ပုန်းစရာ နေရာလည်း မတွေ့၊ ပြေးဖို့ လမ်းလည်း မမြင်သဖြင့် တိုက်ကြီး ရှိရာသို့ပင် စိတ်မချမ်းမသာဖြင့် ပြန်လာကြရသည်။ နောက်မကြာခင်ပင် မိုးလည်း ချုပ်၍လာသည်။ အဲသည်လို





မိုးချုပ်လာသည်နှင့် တစ်ပြိုင်နက် သရဲကြီးလည်း ပေါ်လာပြီးလျှင် ငါတို့ကို တစ်ယောက်စီ တစ်ယောက်စီ ဖမ်း၍ ဘေးစမ်းနံ့စမ်း စမ်း၍ ကြည့်ပြန်သည်။ နောက်ဆုံး သူ့အကြိုက် တစ်ယောက်ကို တွေ့သည့်အခါ၊ ယခင် ငါတို့ ကပ္ပိတန်နည်းတူ သတ်၍ တံစို့ထိုး ကင်ပြီးလျှင် ကျွတ်ကျွတ်ပါအောင် ဝါး၍ စားပြန်သည်။ ပြီးလျှင် သရဲကြီးသည် ယခင်ကနည်းတူ မိုးလင်းထိအောင် တရှူးရှူး တခေါခေါနှင့် ကျောက်ခုံကြီးပေါ်မှာ စန့်စန့်ကြီး အိပ်နေပြန်သည်။

ပြီးတော့ မိုးလင်းသည်နှင့် တစ်ပြိုင်နက် အိပ်ရာကထပြီး တိုက်ကြီးပေါ်သို့ တက်သွားသည်။ အဲသည်အခါမှာ ငါတို့ စုပြီး တိုင်ပင်ကြသည်။ တချို့က တံစို့ထိုး မီးကင်ခံရသဟာထက် ပင်လယ်ထဲ ဆင်းသေရသဟာက ကောင်းဦးမည်ဟု ပြောကြသည်။ တချို့ကလည်း သရဲကြီးကို ငါတို့ ချောင်းသတ်လိုက်လျှင် ငါတို့သည် အလာဟုအရှင်၏ တပည့်သားပီပီ အေးအေး နေကြရမည်လို့ ပြောကြသည်။ သည်တော့ ငါကသည်သရဲကြီးကို ငါတို့ သတ်ကြမည်ဆိုလျှင်၊ သတ်ပြီးလျှင် သည်ကျွန်းက ငါတို့ ထွက်ပြေးကြရန် သူ့ထင်းတွေနှင့် တခြား သစ်သားတွေကို ယူပြီး ငါတို့ ဖောင်လုပ်ကြမည်။ တကယ်လို့ သူ့ကို သတ်ဖို့ ငါတို့အကြံ အောင်မြင်လျှင် ပင်လယ်တွင်း ရောက်ချင်ရာရောက်၊ ငါတို့ ဖောင်နှင့် ပြေးကြမည်။ တကယ်လို့ မပြေးချင်လျှင်လည်း နောက်ကို သင်္ဘောတစ်စင်းစင်း လာသည့်တိုင်အောင် သည်ကျွန်းက နေပြီး စောင့်ကြမည်။ ပြီးတော့ တကယ်လို့ မပြောကောင်း၊ ပြောကောင်း သူ့ကိုသတ်ဖို့ အကြံမအောင်မြင်ဘူး ဆိုလျှင်လည်း ငါတို့ ပင်လယ်ထဲ ဆင်းသေရသဟာကပဲ မြတ်ဦးမည်လို့ ငါက ပြောသည်။ ငါက အဲသလို ပြောလိုက်တော့ အားလုံးကပဲ သည်အကြံ ကောင်းသည်ဟေ့၊ ဆင်ဒဗတ် ပြောသည့်အတိုင်း ငါတို့ လုပ်ကြမည်လို့ ဆိုသည်။ အဲသည်လိုပြော့ပြီး ငါတို့သည် ဖောင်လုပ်ရန် ရသမျှ ထင်းများ၊ သစ်များကို ကမ်းနားသို့ သယ်ပို့ကြသည်။ ပြီးတော့ ဖောင်လုပ်ပြီးလျှင် ကမ်းထိပ်မှာ ကြိုးနှင့်ချည်၍ အဆင်သင့်ထားကြသည်။ အဲသည်လို ငါတို့ ဖောင်လုပ်ပြီးသည်နောက် မိုးချုပ်စ ပြုလာသဖြင့် သဲသဲ သဲသဲနှင့် သရဲကြီး ပေါက်လာသည်။ ပြီးလျှင် ငါတို့ထဲက တစ်ယောက်ကို အလျှင်ကနည်းတူ တံစို့ ထိုး ကင်စားပြီး၊ ကျောက်ခုံရှည်ပေါ်မှာ ပက်လက်လှန်ပြီး ခေါခေါ ခေါခေါနှင့် ဟောက်ပြီး အိပ်ပျော်သွားသည်။ အဲသည်အခါမှာ ငါတို့သည် အနားမှာရှိသည့် သံတံစို့ကြီး နှစ်ချောင်းကို ယူပြီး အဖျားကို ရဲနေအောင် မီးဖုတ်ကြသည်။ ရဲနေသည့် အခါကျတော့မှ သံတံစို့ကြီး နှစ်ချောင်းနှင့် သရဲကြီး၏ မျက်လုံးနှစ်ခုကို အားလုံး ဝိုင်းပြီး တအားထိုးပြီး ဖောက်လိုက်ကြသည်။ သည်တော့ သရဲကြီးဟာ ငယ်သံပါအောင် အော်ပြီး ငါတို့နောက်ကို စမ်းပြီးလိုက်သည်။ သူ့မျက်စိနှစ်လုံးဟာ တစ်ခါတည်း ကန်းပြီးသွားသည်။ ငါတို့လည်း ကိုယ့်ဟာကိုယ် လွတ်အောင် လိမ္မာသလို ကြည့်၍ ရှောင်ကြရသည်။ ပြီးတော့ သရဲကြီး

www.burmeseclassic.com



ဟာ ဟိုစမ်းပြေး၊ သည်စမ်းပြေးနှင့် အုတ်ရိုးပြင်ဘက်ကို ရောက်သွားသည်။ ငါတို့လည်း မနီးမဝေးက သူ့နောက် နောက်ယောင်ခံ လိုက်သွားပြီး ငါတို့ဖောင် ရှိရာသို့ သွားကြသည်။ ပြီးတော့ ငါတို့အချင်းချင်း ပြောကြသည်။

တကယ်လို့ သည်သရဲကြီးဟာ မိုးချုပ်လို့မှ သူ့တိုက်ကြီးကို သူပြန်မလာလျှင် သေလို့ပဲ ဖြစ်ရမည်။ တကယ်လို့ ပြန်လာလျှင်တော့ ငါတို့ဟာ ဖောင်နှင့် တစ်ခါတည်း ပြေးကြမှ ဖြစ်မည်လို့။ အဲသည်လို ငါတို့ ပြောနေကြတုန်းမှာပဲ သရဲကြီးဟာ သူ့အဖော် သရဲနှစ်ကောင်နှင့် ပြန်၍လာသည်။ သည်တော့ ငါတို့လည်း သေမတတ်ပင် ကြောက်ကြသည်။ အဲသဟာနှင့် ငါတို့ဟာ ဖောင်ပေါ် တက်ပြီး ပင်လယ်ထဲကို ထွက်ပြေးကြသည်။ အဲသည်လို ငါတို့ ပြေးသဟာကို မြင်တော့ နောက်ပါလာသည့် သရဲနှစ်ကောင်က ငါတို့ကို တွေ့ရာ ကျောက်တုံး ကျောက်ခဲတွေနှင့် လှမ်းပြီးပေါက်ကြသည်။ တချို့ ကျောက်တုံး ကျောက်ခဲတွေဟာ ငါတို့ဖောင် အနီးအနားကို ကျပြီး၊ တချို့ ကျောက်တုံး ကျောက်ခဲတွေကတော့ ငါတို့ထဲက တချို့ကို မှန်သည်။ အဲသဟာနှင့် ငါတို့အထဲက တော်တော်များများ သေကုန်သည်။ ပြီးတော့ လှိုင်းလေကလည်း ကြမ်းသဟာနှင့် ငါတို့ထဲက နောက်ထပ် သေသည့် လူတွေလည်း သေကုန်ကြသည်။ အဲသဟာနှင့် နောက်ဆုံးကျတော့ အဖော်နှစ်ယောက်နှင့်ငါ၊ ပေါင်း သုံးယောက်သာ ကျန်တော့သည်။ အဲသလိုနှင့် ငါတို့သုံးယောက်ဟာ မောကလည်းမော၊ ဆာကလည်း ဆာနှင့် ခြေမသယ်နိုင် လက်မသယ်နိုင် ဖြစ်ပြီး နေကြသည်။ အဲသည်လို ဖြစ်နေသည့် အချိန်မှာ ကံအားလျော်စွာ ငါတို့ဖောင်ဟာ စိမ်းလန်းသာယာသည့် ကျွန်းတစ်ကျွန်းကို ရောက်သွားသည်။ အဲသည်ကျွန်းဟာ သစ်ပင်ဝါးပင် ပေါပြီး ချောင်းတွေ မြောင်းတွေက လည်း ပေါများသည်။ ငါတို့ သုံးယောက်သားဟာ သေဘေးမှ လွတ်လာကြသဟာနှင့် ဝမ်းမြောက်ကြပြီးလျှင် ကျွန်းပေါ်မှာရှိသည့် သစ်သီးသစ်ရွက်တွေကို ဝအောင် အီအောင် စားကြပြီး၊ ကြည်လင်သည့် ချောင်းရေ မြောင်းရေများကိုလည်း အလိုရှိသလောက် နှစ်ခြိုက်စွာ သောက်ကြသည်။ အဲသဟာနှင့် မိုးချုပ်သွားတော့ ငါတို့လည်း မြေကြီး ပေါ်မှာ လှဲပြီး အိပ်လိုက်ကြသဟာ တစ်ခါတည်းပင် အိပ်ပျော်သွားကြသည်။ အဲသည်လို မောမောပန်းပန်းနှင့် အိပ်ပျော်နေတုန်းမှာ လေချွန်သံလို အသံကြီးတစ်ခု ကြားသဟာနှင့် ငါတို့ အိပ်ရာမှ လန့်နိုးကြသည်။ အဲသဟာနှင့် ငါတို့လည်း ဘာသံကြီးပါလိမ့်လို့ အောက်မေ့ပြီး မျက်လုံး ဖွင့်ကြည့်လိုက်တော့ နဂါးကြီးလောက်ရှိသည့် ရောမ မြွေကြီး တစ်ကောင်ဟာ ငါတို့ဘေးက ပတ်ခွေနေသဟာကို တွေ့ရသည်။ ပြီးတော့ အဲသည် မြွေကြီးက ဖြန့်းခနဲဆို ခေါင်းကြီးကို ထောင်ပြီး ငါ့အဖော်နှစ်ယောက်ထဲက တစ်ယောက် ကို ခေါင်းကနေပြီး ပခုံးရောက်အောင် မျိုလိုက်သည်။ ခဏနေတော့ တစ်ကိုယ်လုံး မျိုပစ်လိုက်သည်။ အဲသည်လို မျိုပစ်လိုက်သောအခါ ငါတို့အဖော်ရဲ့ အရိုးများ ဖြောင်း





မြွေကြီးက ငါ့အဖော် နှစ်ယောက်ထဲက တစ်ယောက်ကို မျိုလိုက်သည်။

ဖြောင်းနှင့် ကျိုးသွားသံတောင် ငါတို့ ကြားလိုက်ရသည်။ ပြီးလျှင် မြွေကြီးလည်း ဝေးရာသို့ ဖယ်၍သွားသည်။ သည်တော့ ငါတို့စိတ်ထဲက "အင်း... ခက်တော့ သဟာပဲ၊ ငါတို့ ရင်ဆိုင်တွေ့ခဲ့ရသည့် သေဘေးကတော့ဖြင့် တစ်ခုထက်တစ်ခု ပိုပြီး ကြောက်စရာ ကောင်းသဟာချည်းပါလား။ သို့သော် ဒွန္နယာကြီးမှာ အလာဟုအရှင်၏ အလိုတော် အတိုင်းသာ ဖြစ်ရမှာပဲလေ" လို့ အောက်မေ့မိကြသည်။ အဲ့သဟာနှင့် မိုးလင်းသွားတော့ ငါတို့နှစ်ယောက်ဟာ ကျွန်းပေါ်မှာ လျှောက်ပြီး သစ်သီးသစ်ဖု ရှာစားကြသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး မိုးချုပ်လာတော့ ငါတို့ နှစ်ယောက်ဟာ သစ်ပင်ကြီးတစ်ပင်ပေါ်မှာ တက်ပြီး အိပ်ကြသည်။ ငါက သစ်ပင်ထိပ်ဖျားမှာ အိပ်သည်။ ငါ့အဖော်က ငါ့အောက်နားမှာ အိပ်သည်။

အဲသဟာနှင့် တော်တော်လေး ညဥ့်နက်လာတော့ မြွေကြီးက တက်လာပြီး ငါ့အဖော်ကို ခေါင်းကနေပြီး ပခုံးနှစ်ဖက်ထိ မျိုလိုက်သည်။ ပြီးတော့ သူ့အမြီးကို သစ်ကိုင်းကြီးနှင့် ပတ်ထားပြီး ငါ့အဖော်ကို သစ်ပင်လုံးနှင့် ရိုက်သည်။ အရိုးတွေ ကျွတ်ကျွတ်ကျွတ်နှင့် ကျိုးကုန်တော့မှ တစ်ကိုယ်လုံးကို မျိုချလိုက်သည်။ အဲသည်လို မျိုလည်းချပြီးရော မြွေကြီးလည်း သစ်ပင်ပေါ်က ဆင်းပြီးသွားရော။ အဲသဟာနှင့် ငါလည်း တစ်ညလုံး ကြောက်ပြီး မအိပ်နိုင်ဘူး။ မိုးလင်းတော့မှပဲ မြွေကြီးရဲ့ အရိပ်အခြည် ကြည့်လို့ ဘာမှ မတွေ့တော့မှ သစ်ပင်ပေါ်က ဆင်းပြီး "သဟာလောက်တောင် ရှိလှသဟာ မြွေအမျိုးခံပြီး သေရသဟာထက် ပင်လယ်ထဲ ဆင်းပြီး သေရသဟာကပဲ ကောင်းပါလိမ့်ဦးမည်"လို့ အောက်မေ့ပြီး ငါလည်း ပင်လယ်ကမ်းနားကို သွားသည်။ သဟာပေမင့် မသေဝံ့သဟာနှင့် ငါ့အကြံကို လျှော့ပိုက်ရသည်။ အဲသလို နေရင်းနှင့် ညနေစောင်းလာတော့ ငါဟာ ပျဉ်ပြားကြီး ငါးချပ်ကိုရှာပြီး တစ်ချပ်ကို ငါ့ခြေဖဝါး နှစ်ဖက်မှာ၊ တခြားနှစ်ချပ်ကို ငါ့ဘေး တစ်ဖက်တစ်ချက်မှာ၊ တစ်ချပ်ကို ငါရင်ဘတ်ပေါ်မှာ၊ တစ်ချပ်ကို ငါ့ခေါင်းပေါ်မှာ ကြိုးနှင့်ခိုင်အောင် ချည်ပြီး မြေကြီးပေါ်မှာ ပက်လက်လှန်ပြီး အိပ်နေသည်။ အဲသဟာနှင့် မိုးအတော်ချုပ်လာတော့ မြွေကြီးပေါက်လာပြီး ငါ့ကို မျိုမည်လို့ လုပ်သည်။ သဟာပေမင့် ငါက အကြံပိုင်လို့ အကာအကွယ် ကောင်းနေသဟာနှင့် မြွေကြီးဟာ ငါ့ကို မမျိုနိုင်ဘူး။ အဲသဟာနှင့်ပဲ မြွေကြီးဟာ ငါ့ကို ခေါင်းကစပြီး မျိုမည် ကြံလိုက်ရင်း၊ မမျိုနိုင်သဟာနှင့် ဖယ်သွားလိုက်ရင်းနှင့် တစ်ညလုံး ငါ့နားက မခွာဘူး။ ငါလည်း ကြောက်လွန်းလို့ အသက်တောင် မှန်အောင် မရှူနိုင်ဘူး။ နောက်တော့မှ ကံအားလျော်စွာ မိုးလင်းလာပြီး မြွေကြီးလည်း ရှူးရှူးရှားရှားနှင့် စိတ်ပျက်ပြီး ဖယ်သွားသည်။ အဲသည်တော့မှ ငါလည်း ငါ့ကိုယ်မှာ ပတ်ပြီး ချည်ထားသည့် ပျဉ်ပြားများကိုဖြုတ်ပြီး လဲလျောင်းရာမှ ထကာ ပင်လယ်ကမ်းနားဘက်သို့ ထွက်ခဲ့သည်။ ကမ်းနားရောက်လို့ ပင်လယ် ဘက်ကို မျှော်ကြည့်လိုက် သည့် အခါမှာ သင်္ဘောတစ်စင်း လွင့်လာသဟာကို တွေ့ရသည်။ အဲသဟာနှင့် ငါလည်း အားရဝမ်းသာနှင့် သစ်ကိုင်းတစ်ကိုင်းကို ချိုးပြီး သစ်ကိုင်းကို ယမ်းကာ ယမ်းကာ သင်္ဘောကို လှမ်း၍ အချက်ပြသည်။ အဲသည်လို လက်က အချက်ပြရင်းနှင့် ပါးစပ်ကလည်း သံကုန်ဟစ်ပြီး ခေါ်သည်။ သင်္ဘောသားများဟာ ငါ့ကိုမြင်ပြီး 'ဟိုက သစ်ကိုင်းနှင့် ရပ်ပြီး အချက်ပြနေသဟာ ဟာ လူနှင့် တူသည်။ ငါတို့ သွားကြည့်ကြရအောင်' လို့ အချင်းချင်း ပြောကြပြီး ငါရှိရာကို သင်္ဘောလှွင့်ပြီး လာကြသည်။ ပြီးတော့ ငါ့ကို သင်္ဘောပေါ် ခေါ်တင်ပြီး အကျိုးအကြောင်းကို မေးကြသည်။ ငါကလည်း ငါ့အဖြစ်အပျက်ကို အစအဆုံး တစ်ခုမကျန် ပြန်ပြောပြ





သည်။ ပြီးတော့ သင်္ဘောသားတွေက ငါ့အရှက်ကို ဖုံးရန် အဝတ်အထည်များ ပေးကြသည်။ ပြီးတော့ သူတို့၌ ပါလာသည့် အစာများကိုလည်း ငါ့ကို ကျွေးကြသည်။ ငါလည်း သူတို့ ပေးသည့် အစာနှင့်ရေကို စားရ သောက်ရသဟာနှင့် သေမလို ဖြစ်နေရာမှ အတော်အတန် အားအင် ပြည့်တင်းလာသည်။ အဲသဟာနှင့် ငါလည်း အလာဟုအရှင်၏ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ငါ တွေ့ကြုံခဲ့ရသမျှ ဆင်းရဲပင်ပန်းခြင်းများကို အိပ်မက်ပမာ မေ့ပြီး သွားသည်။ ပြီးတော့ ငါတို့သင်္ဘောဟာ "အလသာလဟိတ" ဆိုသည့် ကျွန်းကို ရောက်သွားသည်။ အဲသည်အခါမှာ သင်္ဘောသားများနှင့် ကုန်သည်များဟာ ကုန်းပေါ်တက်ပြီး၊ သူတို့တွင်ပါသော ကုန်များကို ရောင်းပြီး အလသာလဟိတကျွန်းမှာ တွေ့သည့် ကုန်များကို ဝယ်ကြသည်။ အဲသည်ကျွန်းမှာ စန္ဒကူး ပေါသည်။ သင်္ဘောဆိုက်လို့ လူတွေ ဆင်းကြ တက်ကြ လုပ်နေတုန်းမှာ ကပ္ပိတန်က ငါ့ဆီလာပြီး 'သည်မှာ ငါ့လူ၊ သင့်မှာ ရောင်းစရာ ဝယ်စရာလည်း ဘာမျှမရှိဘူး။ သည်တော့ သင် ငါ ပြောသလို လုပ်ပါလား၊ လုပ်လျှင် သင့်မှာ အကျိုးရှိလိမ့်မည်' လို့ ပြောသည်။ သည်တော့ ငါက 'ပြောသာ ပြောပါ ကပ္ပိတန်ရယ်၊ သင် ပြောသဟာကို ငါ လုပ်ပါမည်' လို့ ဆိုသည်။ သည်တော့ ကပ္ပိတန်က 'ငါ့ကို သင်က ငါ့အတွက် အလာဟု အရှင်ထံမှာ ဆုမွန်ကောင်းများကို တောင်းပေးပါ။ ငါကလည်း သင့်အကျိုးကို ပြန်ပြီး ဆောင်ရွက်ပေးပါမည်' လို့ ပြောသည်။

ပြီးတော့ ကပ္ပိတန်က 'ငါတို့ သင်္ဘောပေါ်မှာ ပါလာသည့် ခရီးသွားတစ်ယောက်ဟာ သေသလား၊ ရှင်သလား မသိရဘူး။ သူ့ကုန်တွေတော့ ငါတို့ဆီမှာ ကျန်နေရစ်သည်။ အဲသည် ကုန်များကို သင်က သည်ကျွန်းမှာ ကြည့်ပြီး ရောင်းပေးပါ။ သင့်ကိုလည်း ရောင်းခ တန်သလောက် ရပါစေမည်။ အဲသည်လို သင် ရောင်းခနုတ်ပြီးလို့ ကျန်သည့် အသပြာနှင့် မရောင်းရသည့် ကုန်များကို ငါတို့ ဗဂ္ဂဒတ်မြို့ ပြန်ရောက်သွားသည့်အခါ ပစ္စည်းရှင်ရဲ့ ဆွေမျိုးများကို မေးပြီးတော့ ပြန်ပေးမည်။ ကိုင်း ... ဘယ့်နှယ်လဲ၊ သင်က အဲသည်လူရဲ့ ကုန်များကို ငါ ပြောသလို ကြည့်ရောင်းပေးမလား' လို့ ပြောသည်။ သည်တော့ ငါက 'အို ... ကပ္ပိတန်၊ သင့် အမိန့်အတိုင်း တစ်သဝေမတိမ်းအောင် ငါ ရွက်ဆောင်ပေးပါမည်။ သင်၏ ကျေးဇူးသည်လည်း အထူးပင် ကြီးပါသည်' လို့ ပြောသည်။ ပြီးတော့ ကပ္ပိတန်က သင်္ဘောစာရေးကို ပျောက်သွားသော ခရီးသည်၏ ကုန်ထုပ်များကို ထုတ်ပေးရန် ပြောသည်။ သည်တော့ စာရေးက 'အဲသည် ကုန်များကို ဘယ်သူ့ ကုန်များလို့ စာရင်းပြရပါ့မလဲ ကပ္ပိတန်ရယ်' လို့ ပြောသည်။ သည်တော့ ကပ္ပိတန်က 'အို ... ငါတို့ ရုခကျွန်းမှာ ပျောက်ကျန်ရစ်ခဲ့သည့် ပင်လယ်ခရီးသွား ဆင်ဗဒတ်ရဲ့ ကုန်လို့ စာရင်းပြလိုက်ပေါ့။ သူ့သတင်းလည်း တို့ ဘာမျှ မကြားရဘူး' လို့ ပြောသည်။ သည်တော့ ငါက ကပ္ပိတန်ကို 'အို ... ကပ္ပိတန်၊ အဲသည် ဆင်ဒဗတ် ဆိုသည့်လူက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လို ပုံပန်းရှိသလဲ' လို့ မေးသည်။ သည်တော့ ကပ္ပိတန်က 'ငါလည်း သူ့အကြောင်း သေသေချာချာ မသိဘူး၊ ဗဂ္ဂဒက်မြို့က ပင်လယ်ခရီးသွား ဆင်ဒဗတ်လို့ ဆိုတာပဲ သိသည်။ အဲသည် ဆင်ဒဗတ်ဟာ ကျွန်းတစ်ကျွန်းကို ငါတို့ သင်္ဘောဆိုက်တုန်းက တခြားကုန်သည်တွေနှင့် ရေနစ်သေသွားသည် ဆိုသဟာပဲ ငါလည်း သိသည်။ သည့်နောက်လည်း သူ့အကြောင်း ဘာမျှ မကြားရတော့ဘူး' လို့ ပြောသည်။ သည်တော့ ငါက 'အို . . . ကပ္ပိတန်၊ အဲသည် ဆင်ဒဗတ် ဆိုသဟာ ငါပါပဲ။ အဲသည်ကျွန်းပေါ်မှာ ကျန်နေရစ်ခဲ့တုန်းက ငါ မသေပါဘူး၊ အိပ်ပျော်ပြီး ကျန်ရစ်ခဲ့သဟာပါ။ မယုံလျှင် စိန်တောင်ကြားက ကုန်သည်တွေကို မေးကြည့်ပါ။ အဲသည်တုန်းက သူတို့နှင့် တွေ့သဟာနှင့် ငါ့အဖြစ်အပျက်တွေကို သူတို့ကို အကုန်လုံး ပြောပြထားပါသည်' လို့ ငါက ပြောသည်။ အဲသလို ငါပြောသဟာ ကြားတော့ သင်္ဘောသားတွေ၊ ကုန်သည်တွေ အထဲက တချို့ကလည်း ယုံကြသည်၊ တချို့ကလည်း မယုံကြဘူး။ အဲသည်လို ယုံသူတစ်ဝက်၊ မယုံသူတစ်ဝက် ဖြစ်နေတုန်းမှာ ကုန်သည်တစ်ယောက်က ထပြီးပြောသည်။ 'အို . . . အဆွေတို့၊ ငါ ပြောသဟာကို နားထောင်ကြပါ။ သည်လူဟာ ပင်လယ်ခရီးသွား ဆင်ဒဗတ် ဆိုတာ အမှန်ပါပဲ။ ဟို စိန်တောင်ကြားမှာ ဆိတ်သားတုံးတွေ ပစ်ပစ်ချပြီး ငါတို့ စိန်ရှာကြတုန်းက သည်ဆင်ဒဗတ်က ငါ့ကို အဖိုးတန်စိန်တွေ အများကြီး ပေးဖူးပါသည်။ အဲသည်တုန်းက သူဟာ ကျွန်းပေါ်မှာ အိပ်ပျော် ကျန်ရစ်ခဲ့လို့ သင်္ဘောထွက်သွားသည့် အကြောင်းတွေ၊ နောက် ကျွန်းပေါ်မှာ သူ ဆင်းရဲရသည့် အကြောင်းတွေကိုလည်း ငါ့ကို ပြောပြဖူးပါသည်' လို့ ငါ့ဘက်က ဝင်ပြီး သက်သေခံသည်။ သည်တော့ ကပ္ပိတန်က ငါ့ကို ခြေဆုံးခေါင်းဆုံး ကြည့်ပြီး 'သဟာဖြင့် သင့် ကုန်ထုပ်တွေမှာ ဘာအမှတ်အသား ပါသလဲ' လို့ မေးသည်။ သည်တော့ 'ငါက သည်လို သည်လို အမှတ်အသားများ ပါ ပါသည်လို့ ပြောသည်။ သည်တော့ ကပ္ပိတန်လည်း ယုံကြည်သွားပြီး ငါ့လည်ပင်းကို အားရဝမ်းသာ ဖက်သည်။ ပြီးတော့ အလာဟုအရှင်ရဲ့ ကျေးဇူးပဲလို့ ပြောသည်။

ပြီးတော့ ငါလည်း ငါ့ကုန်တွေကို အမြတ် များနိုင်သမျှ များအောင် တင်ပြီး ရောင်းသည်။ ပြီးတော့ ရောက်လေရာ ဆိပ်ကမ်းတိုင်းမှာလည်း ငါဟာ ရောင်းလိုက် ဝယ်လိုက်၊ ဝယ်လိုက် ရောင်းလိုက်နှင့် အတော်ပဲ စီးပွားလမ်း ဖြောင့်သည်။ ပြီးတော့ ငါတို့သင်္ဘောဟာ အိန္ဒိယ သမုဒ္ဒရာထဲကိုလည်း ရောက်သေးသည်။ အဲသည် သမုဒ္ဒရာထဲမှာ နွားနှင့်တူသည့် ငါးတွေကို တွေ့ရသည်။ အဲသည် ငါးတွေဟာ သူတို့ကလေးတွေကို လူများလိုပဲ နို့တိုက်ကြသည်။ ပြီးတော့ တချို့ ငါးတွေဟာ မြည်းနှင့်တူပြီး၊ တချို့ကလည်း ကုလားအုတ်နှင့် တူသည်။ လိပ်ကြီးတွေကတော့လည်း ကန့်လန့်ဖြတ် အတောင်နှစ်ဆယ်





ရှိသည်။ ပြီးတော့ ပင်လယ်ခရုခွံထဲက ငှက်တစ်ကောင် ထွက်လာပြီး ရေပေါ်မှာ အသိုက်လုပ်ပြီး ဥကျင်းမှာ ဝပ်နေသဟာကိုလည်း ငါ မြင်ရသည်။ အဲသည်ငှက်ဟာ ကုန်းပေါ်ကို ဘယ်တော့မှ မလာဘူး၊ ပင်လယ်ထဲမှာပဲ အမြဲနေသည်။

ပြီးတော့ အဲသလို အမြို့မြို့ လှည့်လည်ရင်းနှင့် ငါတို့သင်္ဘောဟာ ဗတ်သောဋမြို့ကို ရောက်လာသည်။ အဲသဟာနှင့် ဗတ်သောဋမြို့မှာ သုံးလေးရက် နေပြီး နောက်ဆုံးကျတော့ ဗဂ္ဂဒက်မြို့ကို ငါ ပြန်ခဲ့သည်။ ဗဂ္ဂဒက်မြို့ကို ရောက်တော့ ငါ့အိမ်သူအိမ်သားတွေ၊ ဆွေမျိုးတွေ၊ အပေါင်းအသင်းတွေက သောင်းသောင်းဖျဖျ ဝိုင်းပြီး ကြိုကြသည်။ ပြီးတော့ သည်တစ်ခါ ငါ ခရီးထွက်သဟာမှာ အလျင်အခါတွေထက် စီးပွားဖြစ်လာသဟာနှင့် ငါလည်း ဆင်းရဲချမ်းသာမရွေး အကြီးအကျယ် ပေးကမ်းစွန့်ကြဲလုပ်သည်။ ပြီးတော့ ငါဟာ အလျင်တုန်းကလိုပဲ အကောင်းဆုံး အစာကို စား၊ အကောင်းဆုံး သောက်ဖွယ်ကို သောက်၊ အဖိုးအတန်ဆုံး အထည်ကို ဝတ်ပြီး ငါ၏ အပေါင်းအဖော်များနှင့် စည်းစိမ်အမျိုးမျိုး ခံနေသည်။ သည်လိုနှင့် ငါလည်း ယခင်က တွေ့ခဲ့ရသည့် ဆင်းရဲခြင်းများကို သတိမရတော့ဘူး။ အဲသဟာ ဟာ ငါရဲ့ သုံးကြိမ်မြောက် ပင်လယ်ခရီးစဉ်ပဲ။ အင်းယျားလား၊ အကယ်၍ အလာဟုအရှင်သည် ငါ့အား ခွင့်ပြုမည်ဆိုပါက မနက်ဖြန်ခါကျလျှင် ငါ၏ လေးကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို သင်တို့အား ငါ ပြောပြဦးမည်။ အဲသည် ခရီးစဉ်က ယခင်က ခရီးစဉ်များထက်ပင် ပို၍ အံ့သြစရာကောင်းသေးသည်လို့ ပင်လယ်ခရီးသွား ဆင်ဒဗတ်က ကုန်း ဆင်ဒဗတ်နှင့် တကွဖြစ်သော သူ၏ အဖော်များကို ပြောပြသည် တဲ့။

ပြီးတော့ ရေဆင်ဒဗတ်က ကုန်းဆင်ဒဗတ်အား ယခင်က နည်းတူ ရွှေဒင်္ဂါးပြားရေ တစ်ရာ ပေးပြန်သည်တဲ့။ သည်တော့ ကုန်းဆင်ဒဗတ်က ရွှေဒင်္ဂါး ပြားရေ တစ်ရာကို ဝမ်းမြောက်ဝမ်းသာနှင့် ယူသွားပြီး သူ့အိမ်ကို ပြန်သွားသည်တဲ့။ ပြီးတော့ ကုန်းဆင်ဒဗတ်က သူနှင့်နာမည်တူ ရေဆင်ဒဗတ်၏ အဖြစ်အပျက်များကို တွေးပြီး အံ့သြမိသည်တဲ့။ ပြီးတော့ ကုန်းဆင်ဒဗတ်ဟာ သူ့အိမ်မှာ ညအိပ်ပြီး နောက်နေ့ မိုးလင်းသဟာနှင့် တစ်ပြိုင်နက် ရေဆင်ဒဗတ်အိမ်ကို သွားပြန်သည်တဲ့။ သည်တော့ ရေဆင်ဒဗတ်ကလည်း ခါတိုင်း နေ့များမှာလိုပဲ ပျူပျူငှာငှာနှင့် ဆီးကြိုဝတ်ပြုပြီး သူ့ဘေးနားမှာ အထိုင်ခိုင်းသည်တဲ့။ ပြီးတော့ ကုန်းဆင်ဒဗတ်နှင့်တကွ တခြားအဖော်တွေ စုံသည့်အခါကျတော့ စားကောင်းသောက်ဖွယ်တွေကို ပျော်ပျော်ပါးပါး မြိန်ရှက်စွာ စားကြသည်တဲ့။ ပြီးတော့ ရေဆင်ဒဗတ်က 'ကိုင်း . . . သားချင်းတို့ နားဆင်ကြ၊ ငါ့ရဲ့ လေးကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြမည်' လို့ ဆိုပြီး ယခု ပြောပြတော့မည့်အတိုင်း စီကာပတ်ကုံး ပြောပြပြန်သည် တဲ့။

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၃ ]
# ရေ ဆင်ဒဗတ်၏
# လေးကြိမ်မြောက် ပင်လယ်ခရီးစဉ်

သားချင်းတို့ နားထောင်ကြ၊ ငါ့ရဲ့ လေးကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ငါ ပြောပြမည်။ မနေ့က ငါ ပြောခဲ့သလိုပဲ၊ ငါဟာ သုံးကြိမ်မြောက် ပင်လယ်ခရီး ထွက်ခဲ့ပြီးသည့်နောက် ငါ့အိမ်ကို ချောမောစွာ ပြန်ရောက်လာပြီး၊ ငါဟာ အင်မတိ အင်မတန် ချမ်းချမ်းသာသာနှင့် စည်းစိမ်ခံပြီး နေခဲ့သည်။ အဲသည်လို နေ နေရင်းမှာပဲ ခရီးသည်တစ်စုသည် ငါ့အိမ်ကို ရောက်လာပြီး ငါ့ကို ခရီးသွားဖို့ လာဆွယ်ကြပြန်သည်။ သည်တော့ ငါလည်း လူတို့ထုံးစံအတိုင်းပဲ အေးအေးဆေးဆေး မနေချင်ဘဲနှင့် ကမ္ဘာအရပ်ရပ်ကို လျှောက်လည်၊ လူအမျိုးမျိုးနှင့် ဆက်ဆံပြီး စီးပွားရှာချင်သည့် စိတ်တွေ ပေါ်လာပြန်သည်။ အဲသဟာနှင့် ငါလည်း ငါ့ကို လာဆွယ်သည့် ကုန်သည်တွေ စကား နားထောင်ပြီး လေးကြိမ်မြောက် ခရီးထွက်ဖို့ ဆုံးဖြတ်လိုက်သည်။ ပြီးတော့ ငါဟာ ဝယ်သင့်ဝယ်ရာ ကုန်တွေကို ဝယ်ပြီး ဗတ်သောဋမြို့ကို ထွက်ခဲ့သည်။ သည်တစ်ခါ ငါ ဝယ်သွားသည့် ကုန်တွေဟာ အလျင့်အလျင်က ဝယ်သွားသည့် ကုန်တွေထက်တောင် များသေးသည်။ ဗတ်သောဋမြို့ကို ရောက်တော့ ငါဟာ အလာဟုအရှင်ရဲ့ ကရုဏာတော်ကို ယုံကြည်ပြီး သင်္ဘောနှင့် ခရီးထွက်ခဲ့သည်။ အဲသလိုနှင့် ငါတို့သင်္ဘောဟာ ဘေးမသီ ရန်မခဘဲ တစ်မြို့ဝင် တစ်မြို့ထွက်နှင့် ခရီးအတော် ရောက်လာခဲ့သည်။ အဲသည်လို နေတုန်းမှာ တစ်နေ့တော့ လေပြင်းကြီးတိုက်ပြီး ပင်လယ်လှိုင်းတွေဟာ ကြောက်ခမန်း လန့်ခမန်း အလွန်ကြမ်းလာသည်။ အဲသဟာနှင့်ပဲ ငါတို့သင်္ဘော ကပ္ပိတန်က သင်္ဘော မှောက်မသွားအောင်လို့ ရေလယ်ကောင်မှာ ကျောက်ချပြီး သင်္ဘောကို ဆိုက်ထားသည်။ အဲသည်အခါမှာ ငါတို့လည်း အလာဟု အရှင်ကိုပဲ တ ပြီး နေကြရသည်။ အဲသည်လို နေတုန်းမှာ လေက ပြင်းသည်ထက် ပြင်းလာသဟာနှင့် နောက်ဆုံးကျတော့ ငါတို့ သင်္ဘောဟာ ရွက်တွေပြတ်ပြီး ရွက်တိုင်တွေ ကျိုးကုန်သည်။ နောက်ပြီး ကျောက်ကြိုးပါ ပြတ်ပြီး သင်္ဘောဟာ တစ်ခါတည်း မှောက်သွားသည်။ သည်တော့ ငါတို့အားလုံး လူရော ကုန်ရော အကုန်လုံး ပင်လယ်ထဲ လွင့်ကျကုန်ကြသည်။ အဲသဟာနှင့် ငါတို့ဟာ အသက်ဘေးမှ ချမ်းသာရာရအောင် တတ်နိုင်သမျှ ကြိုးစားပြီး ကူးကြသည်။ အဲသလို ကူးရင်းနှင့် နေ့တစ်ဝက်လောက် ကုန်သွားတော့ အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် သင်္ဘောပျက်ရာက ပျဉ်ပြားတစ်ခု မျောလာသဟာကို တွေ့သည်။ အဲသဟာနှင့် ငါလည်း ကပျာကယာ ပျဉ်ပြားပေါ်ကို တွယ်တက်လိုက်သည်။ အဲသည်အခါမှာ တခြား ငါလို ရေကူးနေကြသူတွေလည်း ဝိုင်းပြီး တက်ကြသည်။





ပြီးတော့ ငါတို့တွေဝိုင်းပြီး ခြေထောက်များနှင့် ပျဉ်ပြားကြီးကို လှော်ကြသည်။ အဲသည်လို ပျဉ်ပြားစီးပြီး လှော်နေကြသဟာ ဟာ တစ်နေ့နှင့်တစ်ည ကြာသွားသည်။ အဲသဟာနှင့် နောက်ဆုံးကျတော့ လေကလေးကလည်း ကူတိုက်ပေးသဟာနှင့် ငါတို့ဟာ ကျွန်းတစ်ကျွန်းကို ရောက်သွားသည်။ ကျွန်းပေါ်ကျတော့ ငါတို့ဟာ အစာငတ် ရေငတ်နှင့် ပင်ပန်းပြီး မသေရုံတမည်ပဲ ကျန်ကြသည်။ အဲသဟာနှင့် ငါတို့ဟာ ဆာဆာလောင်လောင်နှင့် ကျွန်းပေါ်မှာရှိသည့် သစ်သီးသစ်ရွက်တွေကို ရှာစားကြသည်။ ပြီးတော့ မောသဟာနှင့် ကမ်းနားမြေပြင်ပေါ်မှာ ငါတို့ လှဲပြီး အိပ်လိုက်ကြသည်။ မနက်မိုးလင်းတော့ ငါတို့ဟာ အိပ်ရာက ထပြီး တစ်ကျွန်းလုံးကို လျှောက်ကြည့်သည်။ အဲသဟာနှင့် နောက်ဆုံးကျတော့ ခပ်လှမ်းလှမ်းမှာ အိမ်တစ်ဆောင် မြင်ရသည်။ သည်တော့ ငါတို့ဟာ အားရဝမ်းသာနှင့် အဲသည် အိမ်ရှိရာကို ရှေးရှုသွားကြသည်။ အဲသည် အိမ်တံခါးဝ ငါတို့ ရောက်သွားတော့၊ လားလား ဘာမျှ မပြောပါနှင့်တော့၊ အိမ်ထဲက အဝတ်မဝတ်သည့် လူရိုင်းတွေ ပြေးထွက်လာပြီး ဘာမပြော ညာမပြောနှင့် ငါတို့ကို ဝိုင်းဖမ်းပြီး သူတို့ ရှင်ဘုရင်ဆီကို ခေါ်သွားကြသည်။ သူတို့ ရှင်ဘုရင်ဆီ ရောက်သွားတော့ သူတို့ ရှင်ဘုရင်က ငါတို့ကို လက်ပြခြေပြ လုပ်ပြီး အထိုင်ခိုင်းသည်။ ပြီးတော့ ငါတို့ကို စားဖွယ်သောက်ဖွယ်တွေ လာပေးသည်။ ဘယ်လိုဟာမျိုးတွေမှန်းလည်း မသိဘူး၊ ငါဖြင့် အဲသည်လိုဟာမျိုး တစ်ခါမျှ မမြင်ဖူးဘူး။ အဲသည်တော့ ငါနှင့်ပါသည့် အဖော်တွေက ငတ်ပြတ်နေသည့်အတွက် ချပေးသမျှ အစား အစာတွေကို လွေးလွေးပြီး စားကြသည်။ ငါကတော့ ရွံသဟာနှင့် ဘာမျှ မစားဘူး။ အဲသလို မစားသဟာလည်း အလာဟုအရှင်ရဲ့ ကျေးဇူးပဲ။ အဲသည်တုန်းကသာ ငါဟာ ငါ့အဖော်တွေလို စားလိုက်မိမည်ဆိုလျှင် ငါဟာ သည်နေ့ထိအောင် အသက်ရှင်နေတော့မှာ မဟုတ်ဘူး။ ငါ့အဖော်တွေဟာ လူရိုင်းတွေ ကျွေးသဟာကို စားလိုက်မိသဟာနှင့် ဏာစ်ပြိုင်နက် လူကောင်းစိတ် ပျောက်သွားပြီး လူရိုင်းတွေ ကျွေးသမျှကို စဉ်တိုက် ဆက်ဆက်ပြီး တစားတည်း စားနေကြသည်။

အဲသည်အခါမှာ လူရိုင်းတွေက အုန်းရည်ကို ထပ်တိုက်ကြသည်။ ငါ့ အဖော်တွေဟာ အုန်းရည်ကို သောက်ပြီးသည့်အခါ အလျင်က စားသဟာထက် ပိုပြီး စားကြပြန်သည်။ သည်တော့ ငါလည်း ငါ့အဖော်တွေအတွက် စိတ်မကောင်း ဖြစ်မိသည်။ သဟာတွင် မကသေးဘူး၊ ငါ့အတွက်လည်း ငါ စိတ်ပူသဟာပါပဲ။ အဲသဟာနှင့် ငါလည်း ငါ့အဖော်တွေရဲ့ အခြေအနေကို အသာကလေး စောင်းပါးရိပ်ခြည် ကြည့်နေသည်။ လူရိုင်းတွေကိုလည်း ကြောက်ရသေးသဟာကိုး။ နောက်ဆုံးကျတော့ သည်လူရိုင်းတွေဟာ မာဂီလို့ခေါ်သည့် လူသားစား လူရိုင်းတွေ ဖြစ်နေသဟာကို ငါ တွေ့ရသည်။ ပြီးတော့ အဲသည်လူရိုင်းတွေဟာ သူတို့ဆီ ရောက်လာသမျှ လူတွေကို အဲသည်လိုပဲ သူတို့ အစာတွေကို ကျွေး၊ သူတို့ အုန်းရည်တွေကို တိုက်ပြီး ဝဖြိုးလာသည့်အခါမှာ လည်လှီး



www.burmeseclassic.com

www.burmeseclassic.com



သတ်ပြီး သူတို့ ရှင်ဘုရင်ကို ကင်ပြီး ကျွေးကြသည်။ သူတို့ ကိုယ်တိုင်ကတော့ လူသားကို မီးတောင် ကင်မနေဘူး၊ သွေးရဲရဲ သံရဲရဲနှင့် အစိမ်းလိုက်ပဲ စားကြသည်။ အဲသည်တော့ ငါလည်း ငါ့အဖော်တွေ အတွက်ရော၊ ငါ့အတွက်ရော အများကြီး စိတ်မကောင်း ဖြစ်သည်။ အဲသည်လို လူရိုင်းတွေ ကျွေးသည့်အစာကို စားပြီးသည့် အချိန်ကစပြီး ငါ့အဖော်တွေဟာ လူစိတ်ပျောက်ကုန်ကြသည်။ အဲသဟာနှင့် ငါ့အဖော်တွေကို လူရိုင်း တစ်ယောက်က နေ့စဉ်နေ့စဉ် နွားများ ကျွဲများ ကျောင်းသလို စားကျက်ထဲ မောင်းမောင်း သွားပြီး ကျောင်းသည်။ ငါ့အဖော်တွေဟာ နွားတွေ ကျွဲတွေလို ဟိုလျှောက်စား၊ သည် လျှောက်စား စားသည့်အခါ စားကြပြီး သစ်ပင်ရိပ် တွေ့သည့်အခါလည်း နွားများ ကျွဲများလိုပဲ ဝပ်ဝပ်ပြီး အိပ်လိုက်ကြနှင့်၊ နေ့ရက် နည်းနည်းကြာသည့် အခါမှာ ဝဖီး လာကြသည်။ အဲသည်အခါမှာ ငါတော့ဖြင့် စိတ်ကလည်း မကောင်း၊ ကြောက်ကလည်း ကြောက်သဟာနှင့် ဘာမှ မစားနိုင်တော့ဘဲ တစ်နေ့တခြား ပိန်ပိန်လာသည်။ နောက်ဆုံး ကျတော့ ငါဟာ အရိုးပေါ် အရေတင်ထားသလို ဖြစ်နေသည်။ သည်တော့ လူရိုင်းတွေက ငါ့ကို ဂရုမစိုက်ကြတော့ဘူး။ အဲ့သလို ဖြစ်သဟာလည်း တစ်နည်းတော့ ငါဟာ ကံကောင်းသဟာပဲ။ အဲသဟာနှင့် လူရိုင်းတွေက ငါ့ကို လျစ်လျူပြုထားတော့ ငါလည်း အသာကလေး လစ်ပြီး သူတို့နှင့် ဝေးသည့် ပင်လယ်ကမ်းခြေကို ထွက်လာခဲ့သည်။ ပင်လယ်ကမ်းခြေ ရောက်သွားတော့ အဘိုးကြီးအိုတစ်ယောက်၊ ဆေးက ရေတွေ ဝိုင်းနေ သည့် ကုန်းမြင့်မြင့် တစ်ခုပေါ်မှာ ထိုင်နေသဟာကို တွေ့သည်။ အဲသဟာနှင့် ငါက အဲသည် အဘိုးကြီးအိုကို သေသေချာချာ ကြည့်တော့ တခြားသူ မဟုတ်ဘဲ ငါ့အဖော် တွေကို နွားလိုလုပ် ကျောင်းနေသည့်သူ ဖြစ်သဟာကို တွေ့ရသည်။ သူကလည်း ငါ့ကို မြင်လျှင်မြင်ချင်း ငါဟာ ငါ့အဖော်တွေလို သူရူးစိတ် ပေါက်မသွားဘဲ မိမွေးတိုင်း ဖမွေးတိုင်း စိတ်ကောင်းသူ ဖြစ်မှန်းကို သိသည်။ အဲသဟာနှင့် အဘိုးကြီးအိုက အဝေးက လက်နှင့် လှမ်းပြပြီး ငါ့ကို ညာဘက် ချိုးသည့် လမ်းကိုသွားဖို့ အချက်ပြသည်။ အဲသည် ညာဘက် သွားသည့် လမ်းဟာက မင်းလမ်းမကြီး ဖြစ်သည်။ ငါလည်း အဘိုးကြီး အချက်ပေးသည့်အတိုင်း ညာဘက်လမ်းကို ချိုးလိုက်သည်။

ပြီးတော့ ငါဟာ တစ်ခါတည်း ခြေကုန်သုတ်ပြေးသည်။ အဲသဟာနှင့် အဘိုးအို ကြီးကို မမြင်နိုင်သည့် နေရာဆီ ရောက်သွားတော့ မိုးချုပ်စ ပြုလာသည်။ သည်တော့ အဲသည်နေရာမှာပဲ ငါ ထိုင်ပြီး အိပ်မည် စိတ်ကူးသည်။ သဟာပေမင့် ကြောက်စိတ် မွှန်နေသဟာကြောင့် အိပ်လို့မရဘူး။ အဲ့သဟာနှင့် သန်းခေါင်လောက်ကျ တော့ တစ်ခါ ဆက်ပြီး သွားပြန်သည်။ အဲသဟာနှင့်ပဲ မိုးလင်းရော။ အဲသည်နား တစ်ဝိုက်ကလည်း အင်မတန် သာယာသည်။ ငါလည်း ဆာသဟာနှင့် တွေ့သမျှ သစ်သီးသစ်ရွက်တွေကို ခူးစားသည်။ ပြီးတော့ အဲသည်နေ့ နေ့ရောညပါ ဆက်ပြီးသွားသည်။ မနက်လင်းတော့





အလျှင်ကလိုပဲ တွေ့ရာ သစ်ရွက်တို့၊ မြက်တို့ကိုပဲ ငါ စားသည်။ ပြီးတော့ ခုနစ်နေ့နှင့် ခုနစ်ည မနားဘဲ ဆက်ပြီးသွားသည်။ ရှစ်ရက်မြောက်နေ့ကျတော့ ခပ်လှမ်းလှမ်းမှာ အရာဝတ္ထုတစ်ခုကို တွေ့သည်။ အဲသဟာနှင့် ငါလည်း အဲသည် အရာဝတ္ထု ရှိရာကို ရှေးရှုပြီး သွားသည်။ အနားရောက်တော့ ငရုတ်ကောင်းစေ့ ကောက်နေကြသည့် လူတစ်စု ဖြစ်နေသဟာကို တွေ့ရသည်။ အဲသဟာနှင့် အဲသည် ငရုတ်ကောင်းကောက် သမားတွေ က ငါ့ဆီကို လာကြပြီး 'သင် ဘယ်သူလဲ၊ ဘယ်က လာသလဲ' လို့ မေးကြသည်။ သည်တော့ ငါက 'ငါဟာ ရပ်ဝေးသားတစ်ယောက်ပါ' လို့ ပြောပြီး ငါ ဖြစ်ပျက် တွေ့ကြုံရခဲ့သဟာတွေကို ပြန်ပြောပြသည်။ သည်တော့ သူတို့က အံ့ဩသွားပြီး 'အနို့ အဲသည် လူရိုင်းတွေ လက်ထဲက သင် ဘယ်လိုကြံပြီး လွတ်လာသလဲ' လို့ မေးကြသည်။ သည်တော့ ငါက ငါ့အဖော်တွေ ဖြစ်ရပုံနှင့် နောက်ဆုံး ငါ ထွက်ပြေးလာခဲ့ပုံကို ပြန် ပြောပြသည်။ သည်တော့ သူတို့က ငါ့ကို သူတို့နားမှာ အထိုင်ခိုင်းပြီး သူတို့မှာ ပါသည့် အစားအစာတွေကို ကျွေးသည်။ ငါလည်း ဆာဆာနှင့် ဝအောင် စားသည်။ နောက်ဆုံး သူတို့ အလုပ်ပြီးတော့ ငါ့ကို သူတို့ ရှင်ဘုရင်ဆီကို ခေါ်သွားကြသည်။ ရှင်ဘုရင်ဆီ ရောက်တော့ ငါက ငါ့အဖြစ်အပျက်များကို ရှင်ဘုရင်ကို လျှောက်သည်။ သည်တော့ ရှင်ဘုရင်က အံ့ဩပြီး ငါ့ကို ဆုချသည်။ ပြီးတော့ ငါ့ကို စားကောင်းသောက်ဖွယ်တွေနှင့် ဧည့်ခံသည်။ ငါလည်း ငါ အလိုရှိသလောက် စားပြီး မြို့ထဲကို ထွက်လာခဲ့သည်။ အဲသည်မြို့ဟာ အလွန်သာယာပြီး အရောင်းအဝယ်လည်း အလွန်စည်ကားသည်။ အဲသဟာနှင့် ငါလည်း မြို့ထဲလျှောက်ပြီး ဟိုလျှောက် မိတ်ဆွေဖွဲ့၊ သည်လျှောက် မိတ်ဆွေဖွဲ့ လုပ်သည်။ နောက်ဆုံးကျတော့ တစ်မြို့လုံးကပဲ ငါ့ကို ခင်ကြမင်ကြသည်။ အဲသည်မြို့မှာ ထူးသဟာ တစ်ခုကို ငါ တွေ့သည်။ သူတို့ဆီမှာ မြင်းကောင်းတွေ သိပ်ပေါသည်။ လူတိုင်းလောက်လည်း မြင်းစီးကြသည်။ သဟာပေမင့် မြင်းကုန်းနှီး မတပ်ဘဲ ဗလာစီးကြသည်။ အဲသဟာနှင့် ငါက တစ်နေ့တော့ ရှင်ဘုရင်ကို လျှောက် သည်။ 'အို . . . အရှင်မင်းမြတ်၊ အရှင်မင်းမြတ်သည် အဘယ့်ကြောင့် မြင်းကို ကုန်းနှီး တပ်၍ မစီးပါသနည်း' လို့။ သည်တော့ ရှင်ဘုရင်က 'နေပါဦး၊ ကုန်းနှီးဆိုသဟာ ဘာလဲ၊ ငါဖြင့် သည်စကားကို သည်တစ်ခါပဲ ကြားဖူးသည်' လို့ ပြောသည်။ သည်တော့ 'သည်လိုဆိုလျှင် အရှင့်မြင်းကို သက်သောင့်သက်သာ စီးနိုင်စေရန် ငါ ကုန်းနှီးတစ်ခု လုပ်ပြီး ဆက်ပါမည်' လို့ ငါက လျှောက်သည်။ သည်တော့ ရှင်ဘုရင်က 'အေး . . . ကောင်းသည်၊ မြန်မြန် လုပ် ဆက်' လို့ ပြောသည်။ သည်တော့ ငါက 'သည်လိုဆိုလျှင် သစ်သား အနည်းငယ်နှင့် လိမ္မာသည့် လက်သမားတစ်ယောက်သာ ရှာပေးပါ' လို့ ဆိုသည်။ ပြီးတော့ လက်သမားကို ငါက ကုန်းနှီးအောက်ခံပုံစံ ရေးပြပြီး အလုပ်ခိုင်းသည်။ ပြီးတော့ အပေါ်က လုပ်စရာ ရှိသဟာတွေကို ငါက အကုန်လုပ်ပေးသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ကကြိုးတို့၊ ဇက်တို့၊ မေးတွတို့၊ ခြေနင်းကြိုးတို့ပါ စုံအောင် ငါက လုပ်ပေးသည်။ ပြီးတော့ မြင်းတော်တစ်ကောင်ကို ငါက ကုန်းနှီးတပ်၊ ကကြိုးဆင်ပြီး ပေးသည်။ သည်တော့ ရှင်ဘုရင်က အများကြီး သဘောကျသွားပြီး ငါ့ကို အသပြာ အမြောက်အမြား ဆုချသည်။ ပြီးတော့ နန်းရင်းဝန်ကြီးက တစ်ခါ၊ သူ့ကိုလည်း ကုန်းနှီးလုပ်ပေးပါဦး ဆိုလို့ လုပ်ပေးရသည်။ ပြီးတော့ မှူးကြီးမတ်ကြီးတွေ အကုန်လုံးကလည်း သူတို့အတွက် ကုန်းနှီးလိုချင်သည်ဆိုလို့ လုပ်ပေးရသည်။ အဲသဟာနှင့် ငါလည်း အတော်ကို စီးပွားဖြစ်နေသည်။ အဲသည်လို နေရင်းနှင့် တစ်နေ့တော့ ရှင်ဘုရင်က ငါ့ကိုခေါ်ပြီး 'သင့်ကို ငါတို့ သွေးသားလိုပဲ ချစ်ခင်သည်၊ သင်နှင့် ငါတို့ မခွဲနိုင်။ အဲသဟာကြောင့် ငါ အခု ပြောသဟာကို နားထောင်စေချင်သည်' လို့ ပြောသည်။

သည်တော့ ငါက 'အရှင့်အမိန့် နာခံပြီးသား ဖြစ်ကြောင်းပါ' လို့ လျှောက်သည်။ သည်တော့ ရှင်ဘုရင်က 'ငါ ပြောချင်သဟာက တခြား မဟုတ်ပါဘူး။ သင့်ကို ရုပ်လည်း ချော၊ ဥစ္စာလည်း ပေါ၊ စိတ်သဘောလည်း ကောင်း၊ အပြောအဆိုလည်း ချိုသာသည့် မိန်းမတစ်ယောက်နှင့် ထိမ်းမြားပေးချင်သည် ဆိုသဟာ ပါပဲ။ သည်တော့မှသာ သင်ဟာ ငါတို့ ပြည်သားဖြစ်ပြီး ငါတို့နှင့် မခွဲမခွာ နေရမည်။ ထိမ်းမြားပြီးလျှင် သင်တို့ကို ငါ့နန်းတော်ထဲမှာ ခေါ်ထားမည်။ ဘယ့်နှယ်လဲ၊ ငါ့စကား နားထောင်မည် မဟုတ်လား' လို့ မေးသည်။ သည်တော့ ငါက အများကြီး ရှက်သွားပြီး ဘာမှု ပြန်မပြောဘူး။ သည်တော့ ရှင်ဘုရင်က 'အို... သားတော်၊ အဘယ်ကြောင့် ငါမေးသည်ကို မဖြေသနည်း' လို့ ဆိုသည်။ သည်တော့ ငါက 'ငါသည် အရှင် အမိန့်ပေးသည့်အတိုင်း နာခံရမည့်သူ ဖြစ်ပါသည်' လို့ လျှောက်သည်။ သည်တော့ ရှင်ဘုရင်က မြို့ဝန်ကိုခေါ်ပြီး မှူးမျိုး မတ်မျိုးထဲက ရုပ်ကလည်း ချော၊ ဥစ္စာလည်း ပေါ၊ အလွန်လည်း လိမ္မာသည့် လုံမပျိုတစ်ယောက်နှင့် ငါ့ကို ထိမ်းမြားပေးသည်။ ပြီးတော့ ရှင်ဘုရင်က ငါ့ကို အိမ်ကြီးတစ်ဆောင်ရယ်၊ ကျေးကျွန် အဆောင်အယောင်တွေရယ်၊ ရိက္ခာတော်ရယ် ပေးတော်မူသည်။ သည်တော့ ငါဟာ ဘာမှု လိုလေသေး မရှိရအောင် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသွားပြီး ငါ တွေ့ခဲ့ရသည့် ဆင်းရဲပင်ပန်းမှုတွေကို အမှတ်မရတော့ဘူး။ ငါကလည်း ငါ့မယားကို ချစ်၊ သူကလည်း ငါချစ်သလောက် ငါ့ကို ချစ်သဟာနှင့် ငါတို့ လင်မယားဟာ နှစ်ကိုယ့်တစ်စိတ် ဖြစ်နေကြသည်။ အဲသဟာနှင့် ငါ့စိတ်ထဲက အောက်မေ့သည်။ ငါတို့မြို့ကို ငါပြန်လျှင် ငါ့မယားပါ ခေါ်သွားမည်လို့။ သဟာပေမင့် ဒွန္နယာကြီးမှာ ဖြစ်ဖို့ကြမ္မာ ရှိသည့်အတိုင်း ဖြစ်ရမှာချည်း ဖြစ်သည်။ ကြမ္မာကို ဘယ်သူမှု တားမထားနိုင်ဘူး။ အဲသဟာနှင့် ငါတို့လင်မယားဟာ ပျော်ပျော်ရွှင်ရွှင် နေကြသည်။ အဲသည်လို နေကြတုန်းမှာ ငါတို့အိမ်နီးချင်း တစ်ယောက်ရဲ့မယား သေသွားသည်။ သည်တော့ အဲသည်လူဆီသွားပြီး ငါက တရားနှင့်ဖြေဖို့ ပြောပြသည်။ သဟာပေမင့် သူ့ကြည့်ရသဟာ





အင်မတန် ပူဆွေးနေပုံ ရသည်။ အဲသဟာနှင့် 'သဟာလောက်တောင် မပူပါနှင့် မိတ်ဆွေ၊ သင့် မယားဟာ အလာဟုအရှင် သနားတော်မူလို့ ခေါ်သွားသဟာပဲ။ သင့်ကိုလည်း အလာဟုအရှင်က နောက်ထပ် သွားလေသူ သင့်မယားထက် သာသည့် မယား ရအောင် စောင်မတော်မူပါလိမ့်မည်။ အင်းယှားလား[၁]' လို့ ငါက ပြောသည်။ သဟာပေမင့် အဲသည်သူက ငါ့စကားကို နားမဝင်ဘဲ ရှိုက်ကြီးတငင် ငိုပြီး 'အို... အဆွေ၊ ငါသည် ယနေ့တစ်နေ့ပင် နေရတော့မည်။ သည်တော့ ငါ့ကို အလာဟု အရှင်က ဘယ့်နှယ်လုပ်ပြီး မလို့၊ ဘယ့်နှယ်လုပ် နောက်ထပ် မယားတစ်ယောက် ရအောင် စောင်မတော်မူနိုင်တော့မှာလဲ' လို့ ပြောသည်။ သည်တော့ ငါက 'အို... မိတ်ဆွေ၊ သင် ဘယ်လို ပြောရသနည်း၊ သင်သည် ကျန်းကျန်းမာမာ ဝဖြိုးနေသည့် လူတစ်ယောက်ဟာပဲ၊ သင် ဘယ့်နှယ်လုပ် သေနိုင်မည်လဲ' လို့ မေးသည်။ သည်တော့ တစ်ခါ အဲသည် လူက 'အို အဆွေ၊ သင် ငါ့ကို ယနေ့တစ်နေ့ပဲ မြင်ရတော့မည်။ မနက်ဖြန်ခါဆိုလျှင် ငါ့ကို သင် တွေ့ရတော့မည် မဟုတ်တော့ဘူး' လို့ ဆိုသည်။ သည်တော့တစ်ခါ ငါက 'မဟုတ်ပါဘူး မိတ်ဆွေရဲ့၊ ဘယ့်နှယ်ကြောင့်လဲ' လို့ ပြောသည်။ သည်တော့ သူက 'သည်နေ့ ငါ့မိန်းမအလောင်းကို မြှုပ်သဟာနှင့် တစ်ပြိုင်နက် ငါ့ကိုပါ ရောပြီး မြှုပ်ကြလိမ့်မည်။ သည်အရပ်က ထုံးစံက သည်လိုပဲ။ မယားသေလျှင် လင်ကိုပါ မြှုပ်သည်၊ လင်သေလျှင်လည်း မယားကိုပါ မြှုပ်သည်။ သဟာကြောင့် သည်အရပ်မှာ မုဆိုးဖိုရယ်၊ မုဆိုးမရယ်လို့ မရှိဘူး' လို့ ပြောသည်။ သည်တော့ ငါက "ဘုရားရေ၊ တယ်ဆိုး တယ်ယုတ်သည့် ထုံးစံပါလား" လို့ ညည်းမိသည်။ သည်အတွင်းမှာ အရပ်ထဲက လူတွေကလည်း မယားသေသွားသည့် သူ့ထံ ဝိုင်းလာကြပြီး သူတို့လည်း စိတ်မကောင်းကြသည့် အကြောင်းကို ပြောကြသည်။ ပြီးတော့ ငါ့အိမ်နီးချင်းနှင့် သူ့မယား အလောင်းကို အလောင်းစင်နှင့် တင်ပြီး မြို့ပြင်ကို ထမ်းထုတ်လာကြသည်။ အဲသဟာနှင့် ပင်လယ်ကမ်းနားမှာရှိသည့် တောင်ကို ရောက်သွားတော့ ကျောက်တုံးကြီးနှင့် ပိတ်ထားသည့်၊ အင်မတန် နက်သည့် တောင်ခေါင်းကြီးကို ဖွင့်လိုက်ကြသည်။ ပြီးတော့ သေသွားသည့် မိန်းမရဲ့အလောင်းကို အဲသည် တောင်ခေါင်းကြီးထဲကို ပစ်ချလိုက်ကြသည်။ ပြီးတော့မှ တစ်ခါ သေသူမိန်းမရဲ့ လင်ကို ချိုင်းကနေ ကြိုးနှင့်သိုင်းပြီး တောင်ခေါင်းကြီးထဲကို ချကြသည်။ ပြီးတော့တစ်ခါ အဲသည်လူ စားဖို့သောက်ဖို့ အစာနှင့်ရေကို ချပေးကြသည်။ အဲသည်လူကို တောင်ခေါင်းထဲ ချပြီးတော့ တောင်ခေါင်းဝကို အပေါ်က ကျောက်တုံးကြီးနှင့် ပိတ်ပြီး အရပ်ထဲက လူတွေ အိမ်ပြန်လာကြသည်။ သည်တော့ ငါလည်း စိတ်မကောင်းသဟာနှင့် ရှင်ဘုရင့်ရှေ့တော် ဝင်ပြီး 'အို... အရှင်မင်းမြတ်၊ အဘယ်ကြောင့် လူရှင်ကို လူသေနှင့်ရောပြီး မြှုပ်နှံရပါသနည်း' လို့ မေးသည်။ သည်တော့

၁။ အင်းယှားလားဆိုသည်မှာ ဘုရားသခင်က စောင်မပါလိမ့်မည်ဟု အဓိပ္ပာယ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



လူ့ပေါင်ရိုးကြီး တစ်ချောင်းနှင့် မိန်းမရဲ့ ထိပ်ကို တအား ရိုက်လိုက်သည်။

ရှင်ဘုရင်က 'အို . . . ဆင်ဒဗတ်၊ သဟာကတော့ ငါတို့ ဘိုးဘွားဘီဘင်က ဆင်းသက်လာသည့် ထုံးစံမို့ မြှုပ်နှံရသည်။ သည်တော့မှသာ လင်နှင့်မယားကို သေမကွဲ ရှင်မကွာဖြစ်မည် မဟုတ်လော' လို့ ပြောသည်။ သည်တော့ ငါက တစ်ခါ 'အို . . . မင်းမြတ်၊ တကယ်လို့ ငါကဲ့သို့သော နိုင်ငံခြားသားတစ်ယောက်ရဲ့ မယား သေလျှင်လည်း ဤသို့ပင် ပြုမည်လော' လို့ မေးသည်။ သည်တော့မှ ရှင်ဘုရင်က 'နိုင်ငံခြားသားကိုလည်း အခုလူကို လုပ်သည့်အတိုင်းပင် လုပ်မည်' လို့ ပြောသည်။ အဲသလို ရှင်ဘုရင်က ပြောသဟာကို ကြားရတော့ ငါဖြင့် ရူးချင်သလိုလို ဖြစ်သွားသည်။ ပြီးတော့ ငါ့စိတ်ထဲမှာလည်း ငါကိုယ်တိုင် တောင်ခေါင်းကြီးထဲကို ရောက်နေရသလိုပဲ အောက်မေ့ပြီး ငါ့ကို အရှင်လတ်လတ် မြှုပ်မှာစိုးလို့ ငါ့အလျင် ငါ့မယား သေမှာကိုပဲ စိုးရိမ်နေသည်။ အဲသဟာနှင့် ငါလည်း "အို . . . ကြမ္မာဆိုသဟာ သိနိုင်သဟာမျိုး မဟုတ်ပါဘူး၊ ငါက အလျင်သေချင်လည်း သေမှာပဲ၊ သလိုမှ မဟုတ်လျှင်လည်း ငါ့မယား မသေခင် ငါ့မြို့ ငါ





ပြန်ချင်လည်း ပြန်ရမှာပဲ" လို့ ကြံပြီး ဖြေနေရသည်။ ပြီးတော့ ငါ့ဟာငါ စိတ်ပျောက်လက်ပျောက်ရှိအောင် ဟိုအလုပ် လုပ်လိုက်၊ သည်အလုပ်ကို လုပ်လိုက် လုပ်နေရသည်။

အဲသည်လို လုပ်နေလို့ တယ်မကြာခင်ပဲ ငါ့မယားဟာ ဖြုန်းခနဲဆို ကောက်ကာငင်ကာ ဖျားပြီး အလာဟုအရှင် ခေါ်ပါလေရော။ အဲသည်တော့ သူတို့မြို့ရွာ ထုံးစံရှိသည့်အတိုင်း ရှင်ဘုရင်ရော၊ ငါ့မိတ်ဆွေတွေရော ငါ့ဆီလာပြီး သေသွားသူ ငါ့မယားအတွက်ရော၊ ငါ့အတွက်ရော စိတ်မကောင်းကြောင်း ပြောကြသည်။ ပြီးတော့ ရပ်ထဲရွာထဲက မိန်းမတွေက ငါ့မယားအလောင်းကို ရေချိုးပေးပြီး သူ ဝတ်နေကျဖြစ်သည့် အဖိုးထိုက် အဖိုးတန် ပုတီး၊ လက်ကောက်၊ နားတောင်း၊ ဘယက်တွေကို ဝတ်ဆင်ပေးကြသည်။ ပြီးတော့ အလောင်းကို ငါပြောသည့် တောင်ခေါင်းကြီးထဲ ယူသွားပြီး ပစ်ချကြသည်။ ပြီးတော့ ငါ့မယားဘက်က ဆွေမျိုးတွေနှင့် ငါ့မိတ်ဆွေတွေက ဝမ်းနည်းပန်းနည်း ငါ့ကို နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်ပြီး တရားနှင့်ဖြေဖို့ ပြောကြသည်။ သည်တော့ ငါလည်း ရှိုက်ကြီးတငင် ငိုပြီး 'အရပ်ကရို့၊ သင်တို့ ထုံးစံကို ငါ မကြိုက်ဘူး။ သည်လိုမှန်း အစက ငါ သိလျှင် သင်တို့ဆီမှာ ငါ မယား မယူပါဘူး။ လူအရှင်ကို အသေနှင့်ရောပြီး မြှုပ်သည် ဆိုသဟာကို အလာဟုအရှင်ကလည်း ခွင့်ပြုတော် မမူဘူး' လို့ ပြောသည်။ သဟာပေမင့် သူတို့က ငါ ပြောသဟာကို ဂရုမစိုက်ဘဲ ငါ့ကို အတင်းကိုင်၊ ကြိုးနှင့်ချည်ပြီး သူတို့ ထုံးစံရှိသည့်အတိုင်း ငါ စားဖို့ မုန့် သုံးယှက်နှင့် ငါသောက်ဖို့ ရေတကောင်း တစ်လုံးထဲမှာ ရေအပြည့်ထည့်ပြီး ငါ့ကို တောင်ခေါင်းထဲကို ကြိုးနှင့်ချည်ချလိုက်ကြသည်။ ငါ အောက်ကို ရောက်သွားတော့ သူတို့က ကြိုးကိုဖြေပြီး လွှတ်လိုက်ဖို့ အပေါ်ကနေ အော်ကြသည်။ သည်တော့ ငါကလည်း မုန်းမုန်းနှင့် ကြိုးကို ဖြေမလွှတ်လိုက်ဘူး။ အဲသဟာနှင့် သူတို့က ကြိုးကို ငါ့ခေါင်းပေါ် လွှတ်ချလိုက်ပြီး တောင်ခေါင်းဝကို ကျောက်တုံးကြီးနှင့် ပိတ်ပြီး ပြန်သွားကြသည်။ အဲသည် တောင်ခေါင်းကြီးထဲမှာ လူသေကောင်တွေ အများကြီး ရှိသည်။ ပုပ်စော်နံလိုက်သဟာကလည်း မပြောပါနှင့်တော့။ ပြီးတော့ မသေကြသေးသည့် လူတွေရဲ့ ညည်းသံတွေကလည်း ဆူညံနေသဟာပဲ။ သည်တော့ ငါက ငါ သည်လို ဖြစ်ရသဟာ သူများအပြစ် မဟုတ်ဘူး၊ ငါ့အပြစ်ပဲလို့ အောက်မေ့ပြီး ငါ့ကိုယ် ငါပဲ အပြစ်တင်မိသည်။ ပြီးတော့ မွတ်ဆလင်ပီပီ သေသည့်အခါမှာ အလောင်းကို ရေချိုးပြီး ပိတ်ဖြူနှင့်မှ ပတ်လိုက်ရတော့မည် မဟုတ်သည့်အတွက်လည်း ငါဟာ အထူးပဲ ဝမ်းနည်းမိသည်။ ပြီးတော့ တောင်ခေါင်းကြီးထဲမှာ မှောင်လွန်းလို့ နေနှင့်ညကို ခွဲခြားလို့ မရဘူး။ အဲသဟာနှင့် ငါလည်း အလာဟုအရှင်ကို တ ပြီး အရိုးပုံတစ်ခုပေါ် လှဲထိုင်လိုက်သည်။ ပြီးတော့ ငါ့ကိုယ်ငါ မြန်မြန်သေပါစေလို့ ဆုတောင်းသည်။ သဟာပေမင့် အစာ စားချိန်ကျတော့လည်း ငါ့ဝမ်းက ဆာလာသဟာနှင့် ငါ့မှာ ပါလာသည့် မုန့်ကလေးကို တစ်ကိုက်ကိုက်ပြီး ရေကလေး တစ်ငုံလောက်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ချလိုက်သည်၊ ပြီးတော့ ငါလည်း မအိပ်နိုင်သဟာနှင့် တောင်ခေါင်းကြီးထဲကို လျှောက်ပြီး ကြည့်သည်။ တောင်ခေါင်းကြီးထဲမှာ အနှစ်နှစ် အလလက လူသေကောင်တွေရဲ့ အရိုးတွေဟာလည်း ပုံနေသည်။

ပြီးတော့ တောင်ခေါင်းကြီးရဲ့ ဘေးဘက်တွေမှာ ကလိုင်လေးတွေ ရှိသဟာကိုလည်း တွေ့သည်။ အဲသဟာနှင့် ငါလည်း ကလိုင်လေး တစ်ခုထဲမှာ နေ့ရာထိုင်ခင်းလုပ်ပြီး နေသည်။ အဲသလိုနှင့် ရက်တွေ အတော်ကြာသွားတော့ ငါ့မှာ ပါလာသည့် အစာလည်း ကုန်ခါနီးသွားသည်။ အဲသလိုသာ ကုန်ခါနီးသည်၊ တကယ်ဆိုတော့ ငါဟာ နေ့တိုင်းနေ့တိုင်း မှန်မှန် အစာစားသဟာ မဟုတ်ဘူး။ ငါမသေခင် အစာကုန်သွားမှာစိုးလို့ တစ်ရက်ခြားတစ်ခါ၊ နှစ်ရက်ခြားတစ်ခါ ဆိုသလို အစာကလေး တစ်ကိုက်လောက် ကိုက်လိုက်၊ အာအခြောက်ပြေအောင် ရေကလေး တစ်ငုံလောက်သာ စားသဟာ သောက်သဟာ။ သည်အတွင်းမှာလည်း ငါ့ကို အလာဟုအရှင်က ကယ်တော်မူချင် ကယ်ဦးမှာပဲဆိုပြီး တမျှော်လင့်တည်း မျှော်လင့်လျက်ပဲ။ အဲသည့်လိုနေတုန်း တစ်နေ့တော့ တောင်ခေါင်းကြီးကို ပိတ်ထားသည့် ကျောက်တုံးကြီး ပွင့်သွားပြီး အလင်းရောင်တွေ တောင်ခေါင်းကြီးထဲ တိုးဝင်လာသည်။ သည်တော့ ငါက "အင်း၊ လူသေတစ်လောင်းနှင့် လူရှင်တစ်ယောက်တော့ လာပြန်ပြီ ထင်သည်"လို့ အောက်မေ့လိုက်သည်။ အဲသည်လို အောက်မေ့သည့်အတိုင်းပဲ အပေါ်က ယောကျ်ားအလောင်းတစ်ခု ကျလာသည်။ ပြီးတော့ အဲသည်အလောင်းရဲ့ နောက်က ထက်ကြပ် မိန်းမ အရှင် တစ်ယောက်လည်း ကြိုးတန်းလန်းနှင့် ကျလာသည်။ အဲသည်မိန်းမမှာ ခါတိုင်း လူရှင်တွေနှင့် မတူဘဲ အစားအသောက် တော်တော်များများကလေး ပါလာသည်။ အဲသည် မိန်းမဟာ အတော်ချောသည်။ ငါက သူ့ကို မြင်သည်။ သူကတော့ ငါ့ကို မမြင်ဘူး။ အဲသဟာနှင့် ငါက လူ့ပေါင်ရိုးကြီးတစ်ချောင်း ကောက်ပြီး အဲသည်မိန်းမရဲ့ ထိပ်ကို တအားရိုက်လိုက်သည်။ သည်တော့ မိန်းမလည်း တစ်ချက်အော်ပြီး လဲကျသွားသည်။ ပြီးတော့ ငါက နှစ်ချက်၊ သုံးချက် ဆင့်ရိုက်လိုက်သဟာနှင့် သေသွားသည်။ ပြီးတော့ သူ့မှာ ပါလာသည့် အစာနှင့် ရေကို ငါ ယူသည်။ ပြီးတော့ သူ့မှာ ဝတ်လာသည့် ပုတီးလက်ကောက်တွေကိုလည်း ငါ ဖြုတ်ယူသည်။ ပြီးတော့ သူ့ဆီမှရသည့် မုန့်နှင့်ရေကို ငါနေသည့် ကလိုင်ကလေးထဲ ယူပြီး သိမ်းထားသည်။ ပြီးတော့ ငါဟာ အဲသည် အစားအစာနှင့် ရေကို ခြစ်ခြုတ်နိုင်သမျှ ခြစ်ခြုတ်ပြီး စားသည်၊ သောက်သည်။ အဲသလိုနှင့်ပဲ ငါဟာ တောင်ခေါင်းထိပ်က ကျကျလာသည့် လူရှင်တွေကို သတ်သတ်ပြီး သူတို့မှာ ပါလာသည့် အစာနှင့် ရေကိုရော၊ ရွှေငွေပစ္စည်းကိုရော ယူယူပြီး နေလိုက်သဟာ ရက်တွေ လတွေတောင် အတော်ကြီး ကြာသွားသည်။ သည်အတွင်းမှာ ငါဟာ အလာဟု အရှင်ကိုတော့ တစ်နေ့မှ မမေ့ဘူး။ အဲသဟာနှင့် တစ်နေ့တော့ ငါ အိပ်နေတုန်းမှာ တောင်ခေါင်းကြီးရဲ့ ချောင်တစ်ချောင်





ဘက်ဆီက လူသေကောင်တွေ ကြားထဲမှ ကုတ်သံ၊ ခြစ်သံ၊ မြေကြီးကို ယက်သံလို ကြားသည်။ သည်တော့ ငါက "အင်းဟင်၊ သည်အသံနှယ် ထူးခြားလိုက်ပါဘိ၊ ဘာသံများပါလိမ့်"လို့ အောက်မေ့သည်။ အဲသဟာနှင့် ငါလည်း လူ့ရိုးတစ်ခု ကောက်ကိုင်ပြီး အသံကြားသည့်ဘက်ကို လိုက်သွားသည်။ သည်တော့ ဘာကောင်မှန်း မသိရသည့် အကောင်တစ်ကောင်ဟာ တောင်ခေါင်းအတွင်းဘက် ဝင်ပြေးသည်။ သည်တော့မှ တောခွေးတစ်ကောင် ဖြစ်နေသဟာကို ငါ တွေ့ရသည်။ အဲသဟာနှင့် ငါလည်း အဲသည် တောခွေး ပြေးသည့်ဘက်ကို နောက်က ကောက်ကောက်ပါအောင် လိုက်သွားသည်။ တောင်ခေါင်းရဲ့ အစွန်းဘက် ရောက်သွားတော့ မိုးပေါ်က ကြယ်လောက်ကလေးရှိသည့် အလင်းရောင်ကလေးကို မြင်ရသည်။ အဲသည် အလင်းရောင် ကလေးကလည်း ပျောက်သွားလိုက်၊ ပေါ်လာလိုက်ပဲ။ ပြီးတော့ အဲသည် အလင်းရောင်ကလေးနား နီးသွားတော့ အဲသည် အလင်းရောင်ကလေးက ပိုကြီးပြီး ပိုလင်းလာသည်။ နောက်ဆုံးကျတော့မှ တောင်ခေါင်းရဲ့ အပြင်နှင့် ဆက်နေသည့် ပပ်ကြားအက် ဖြစ်နေသဟာကို တွေ့ရသည်။ အဲသဟာနှင့် ငါလည်း အဲသည် ပပ်ကြားအက်ထဲကို တိုးပြီး ထွက်သွားတော့ အို... ဘာပြောကောင်းတော့မလဲဆို တောင်ခေါင်းကြီးရဲ့ အပြင်ဘက်ကို တစ်ခါတည်း ရောက်သွားသဟာပဲ။

သည်တော့ ငါလည်း သေပြီးသား အခြေအနေက ပြန်ပြီး ရှင်ရသလိုဖြစ်တော့ ဝမ်းသာလိုက်သဟာ မပြောပါနှင့်တော့။ အဲသဟာနှင့် ငါလည်း အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးတော်များဟာ အတိုင်းအဆ မရှိပါကလားလို့ အောက်မေ့မိသည်။ အဲသည် ပပ်ကြားအက် အပေါက်ဟာ မြို့နှင့် တောင်ကြီး တစ်ခုလုံး ခြားနေလို့ မြို့ကလူတွေ တစ်ယောက်မှ မမြင်နိုင်ဘူး။ သည်တော့ ငါ အသက်ရှင်ဖို့ဟာလည်း တစ်ခါတည်း သေချာသွားသည်။ သဟာပေမင့် ငါဟာ တစ်ခါတည်း အပြင်ကို ထွက်မသွားသေးဘဲနှင့် တောင်ခေါင်းကြီးထဲ ပြန်ဝင်သွားပြီး ငါ စုဆောင်းထားသည့် အစာတို့ ရေတို့ရယ်၊ ပြီးတော့ ရွှေငွေရတနာတွေရယ် အကုန်လုံး ထုပ်ပိုးလိုက်သေးသည်။ ပြီးတော့ လူသေတွေ ဝတ်ထားသည့် အဝတ်ကောင်း အထည်ကောင်း မှန်သမျှကိုလည်း ငါ အကုန်ချွတ်ယူသည်။ အဲသည်ပစ္စည်းတွေကို လူသေကောင်ကျပ်စည်းသည့် အဝတ်တွေနှင့် ကျစ်ကျစ်ပါအောင် ထုပ်ပြီး တောင်ခေါင်းကြီးပြင်ဘက် တစ်နေရာမှာ ငါ ထားသည်။ အဲသည် တောင်ခေါင်းကြီးပြင်ဘက် ငါ ထွက်သည့် ပပ်ကြားအက်ဘက်ကလည်း နေရာကောင်းပဲ၊ ပင်လယ်နှင့် ကပ်နေသည်။ အဲသဟာနှင့် ငါလည်း အင်းယှားလှား၊ အလာဟုအရှင်ဟာ ငါ့ကို မတော်မူမည်ဆိုလျှင် ပင်လယ်ထဲက သင်္ဘောတစ်စင်းစင်း လာမှာပဲ လို့ အောက်မေ့ပြီး ပျော်ရွှင်နေသည်။ ပြီးတော့ ငါဟာ တောင်ခေါင်းကြီးထဲ ဝင် ဝင်ပြီး မသာချလာသည့် အခါတိုင်း အခါတိုင်း အသက်ရှင်သည့်လူ ပါလာသမျှ ယောကျ်ားရယ် မိန်းမရယ်



www.burmeseclassic.com

www.burmeseclassic.com



မရွေးဘူး၊ အကုန်လုံး ရိုက်သတ်ပြီး သူတို့မှာ ပါလာသည့် အစာနှင့် အဝတ်ကန်ဆာတွေကို အကုန် ယူ ယူပြီး ကမ်းနား ငါ နေသည့်နေရာကို ယူယူလာသည်။ အဲသည်လိုနှင့်ပဲ ရက်တွေ လတွေ အတော်ကြာသွားတော့ ပင်လယ်ထဲက သင်္ဘောတစ်စင်း လွင့်လာသဟာကို တွေ့ရသည်။ အဲသဟာနှင့် ငါလည်း "အင်း . . . ငါ့ကိုတော့ဖြင့် အလာဟုအရှင် မပြီဟ" လို့ အောက်မေ့ပြီး ပုဆိုးစဖြူဖြူတစ်ခုကို တုတ်တစ်ချောင်းမှာ ချည်၊ ကမ်းပါးကို ပြေးပြီး သင်္ဘောသားတွေ မြင်အောင် ဝှေ့ ဝှေ့ပြသည်။ ပြီးတော့ ငါ့ပါးစပ်ကလည်း သူတို့ကြားအောင် အကျယ်ကြီး အော်ခေါ်သည်။ အဲသဟာနှင့် သင်္ဘောသားတွေက လှေကလေးတစ်စင်း ငါ့ဆီကို လွှတ်လိုက်ကြသည်။ အဲသည် လှေကလေး ကမ်းနားကို ရောက်တော့ ပါလာသည့် သင်္ဘောသားတွေက 'သင် ဘယ်သူလဲ၊ ဘယ်နည်းနှင့် သင် သည်တောင်ပေါ်ကို ရောက်နေသလဲ၊ ငါတို့ အသက်နှင့်တမျှ သည်တောင်ပေါ်မှာ လူတစ်ယောက်မျှ မတွေ့ဖူးဘူး' လို့ ပြောကြသည်။ သည်တော့ ငါက 'ငါဟာ လူကောင်းတစ်ယောက်ပါ၊ ကုန်သွယ်ရင်းနှင့် ဆင်းရဲ အမျိုးမျိုး တွေ့ပြီး သည်နေရာကို ရောက်လာရသဟာပါ' လို့ ပြောသည်။ ပြီးတော့ ငါက ဖြစ်ပျက် တွေ့ကြုံခဲ့ရ သဟာတွေကို ပြောပြသည်။ သည်တော့မှ သင်္ဘောသားတွေက ငါ့အထုပ်အပိုးတွေ အကုန်နှင့် လှေကလေးပေါ် တင်ပြီး ငါ့ကို ခေါ်သွားကြသည်။ သင်္ဘောပေါ်ရောက်တော့ ကပ္ပိတန်ကလည်း 'သည် လူသူမနီးသည့် တောကြီးခေါင်ခေါင်ထဲ သင် ဘယ်လို ရောက်လာသလဲ' လို့ မေးသည်။ သည်တော့ ငါက သင်္ဘောသားတွေကို ပြောပြသည့်အတိုင်း ကပ္ပိတန်ကို ပြန်ပြီး ပြောပြသည်။

သဟာပေမင့် မတော်တဆ ငါ့မယားရဲ့ မြို့က လူများ သင်္ဘောပေါ် ပါလာလိုပါလာငြား၊ ငါ့ကို တောင်ခေါင်းကြီးထဲမှာ အရှင်လတ်လတ် မြှုပ်လိုက်ကြသည့် အကြောင်းကိုတော့ မပြောဘဲနှင့် ချန်ထားသည်။ ပြီးတော့ ငါ့မှာ ပါလာသည့် အဖိုးအတန်ဆုံး ကျောက်မျက်ရတနာများကို ကပ္ပိတန်ကို လက်ဆောင်ပေးရင်း ငါက ကပ္ပိတန်ကို ပြောသည်။ 'အို . . . အရှင်၊ ငါ့မှာ အရှင်ကယ်သည့် အသက်ပဲ ရှိပါသည်။ သဟာကြောင့် အရှင့်ကျေးဇူးကို ဆပ်လိုလို့ သည်ပစ္စည်းများကို သင့်အား ပေးပါသည်' လို့ ပြောသည်။ သည်တော့ ကပ္ပိတန်က 'ငါတို့ဟာ အလာဟုအရှင်ကို ရိုသေမြတ်နိုးသည့်အတွက် သင်္ဘောပျက်ပြီး ဆင်းရဲပင်ပန်းနေသည့်သူ တစ်ယောက်ယောက်ကို တွေ့လျှင် သူ့အသက်ကို ကယ်ပြီး ငါတို့မှာ ရှိသည့် အစားအစာများကိုကျွေး၊ အဝတ်အထည်များကို ပေးပြီး ဆိပ်ကမ်းမြို့ကို ရောက်သည့် အခါကျတော့လည်း ငါတို့၏ အသပြာနှင့် ထိုက်သင့်သည့် လက်ဆောင်တွေကို ပေးပြီး လွှတ်လေ့ရှိသည်။ အဲသဟာကြောင့် သင် ပေးသည့် လက်ဆောင်များကို ငါတို့ လက်မခံဘူး' လို့ ပြောပြီး ငါ ပေးသည့် လက်ဆောင်များကို ပြန်ပေးသည်။ အဲသဟာနှင့် ငါလည်း ကပ္ပိတန်ကို ဆင်းရဲခြင်း ကင်းပြီး အသက်တစ်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပြီး သင်္ဘောပေါ်မှာ သူတို့နှင့်အတူ လိုက်ခဲ့သည်။





အဲသည် သင်္ဘောဟာ ဆိပ်ကမ်းအမျိုးမျိုးကို လျှောက်ဝင်ပြီး အိန္ဒိယပြည်နားက ကျွန်းတစ်ကျွန်းကို ရောက်သွားသည်။ အဲသည်ကျွန်းမှာ ပရုတ်တွေ ပေါသဟာနှင့် ငါလည်း ပရုတ်များကို ဝင်ပြီး တင်ခဲ့သည်။ အဲသလိုနှင့် ငါတို့ သင်္ဘောဟာ နောက်ဆုံးကျတော့ ဗတ်သောရာမြို့ကို ပြန်ရောက်လာသည်။ သဟာနှင့် ငါလည်း ဗတ်သောရာမြို့မှာ အလျင်ကလိုပဲ လေးငါးရက်နေပြီး ငါတို့ ဗဂ္ဂဒက်မြို့ကို ပြန်ခဲ့သည်။ ဗဂ္ဂဒက်မြို့ကို ရောက်တော့ ငါ့ဆွေမျိုးတွေ၊ ငါ့မိတ်ဆွေတွေက ဝိုင်းပြီး ဝမ်းသာအားရ ကြိုကြသည်။ ပြီးတော့ ငါ့မှာ ပစ္စည်းတွေ အများကြီး ပါလာသဟာနှင့် ငါလည်း မုဆိုးမတွေ၊ မိသက်ဆုံး ဖသက်ဆုံး ကလေးတွေ၊ သူတော်သူကောင်းတွေပါ မကျန် အကြီးအကျယ် ပေးကမ်း ကျွေးမွေးမှု လုပ်သည်။ ပြီးတော့ ငါ ကြုံတွေ့ခဲ့သမျှ ဆင်းရဲခြင်းတွေကို ငါ မေ့သွားပြီး ယခင်ကလို ပျော်ပျော်ရွှင်ရွှင်ကြီးနှင့် စည်းစိမ်အမျိုးမျိုးကို ခံပြီးနေသည်။ အခု ပြောသဟာဟာ ငါရဲ့ လေးကြိမ်မြောက် ပင်လယ်ခရီးစဉ်ပဲ။ သင်တို့ နားထောင်ချင်သေးလျှင် ငါးကြိမ်မြောက် ငါရဲ့ ခရီးစဉ်ကို မနက်ဖြန်ခါကျလျှင် ငါ ပြောဦးမည်။ ငါ့ ငါးကြိမ်မြောက် ခရီးစဉ်က အလျင်ခရီးစဉ် လေးခုထက်ပဲ အံ့သြစရာ ကောင်းသေးသည်လို့ ရေဆင်ဒဗတ်က ပြောပြသတဲ့။

ပြီးတော့ ရေဆင်ဒဗတ်က ကုန်းဆင်ဒဗတ်နှင့် တခြား မိတ်ဆွေတွေကို ညစာစားပွဲကြီး တည်ပြီး ကျွေးသည်။ ပြီးတော့ ရေဆင်ဒဗတ်က ကုန်း ဆင်ဒဗတ်ကို ရွှေဒင်္ဂါးပြားရေ တစ်ရာ လက်ဆောင်ပေးပြီး လွှတ်လိုက်သည်။ သည်တော့ ကုန်း ဆင်ဒဗတ်က ရေ ဆင်ဒဗတ်ကို အံ့သြရင်း ရွှေဒင်္ဂါးပြားရေ တစ်ရာကို ယူပြီး သူ့အိမ်ပြန်ပြီး အိပ်သည်။ နောက်နေ့ မိုးလင်းတော့ ကုန်းဆင်ဒဗတ်ဟာ ရေဆင်ဒဗတ်အိမ်ကို အစောကြီး ထလာပြန်သည်။ ရေဆင်ဒဗတ်ကလည်း ခါတိုင်းလိုပဲ ပျူပျူငှာငှာ ဆီးကြိုပြီး ခါတိုင်းလိုပဲ စားကောင်းသောက်ကောင်းတွေ ကျွေးပြန်သည်။ ပြီးတော့ ရေ ဆင်ဒဗတ်က သူ့ရဲ့ ငါးကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြပြန်သည် တဲ့။

## [၃၄]
## ဆင်ဒဗတ်၏
## ငါးကြိမ်မြောက် ပင်လယ်ခရီးစဉ်

'ကိုင်း . . . နားထောင်ကြ သားချင်းတို့၊ ငါ့ရဲ့ ငါးကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြမည်' လို့ ရေဆင်ဒဗတ်က ကုန်း ဆင်ဒဗတ်နှင့် သူ့အဖော်များကို ပြောသည်တဲ့။ ပြီးတော့ ရေဆင်ဒဗတ်က ဆိုလတ္တံ့သည့်အတိုင်း ဆက်ပြီး ပြောပြသည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



သားချင်းတို့ နားထောင်ကြ၊ ငါ့ရဲ့ ငါးကြိမ်မြောက် ခရီးစဉ်ကို ပြောပြမည်။ အဲသလို ငါဟာ စည်းစိမ်ချမ်းသာ ခံစားနေရင်းမှာပဲ၊ ပင်လယ်ခရီးထွက်ပြီး အရောင်းအဝယ် လုပ်ချင်သည့်စိတ် ပေါ်လာပြန်သည်။ အဲသဟာနှင့် ငါဟာ ပစ္စည်းဥစ္စာ အမြောက်အမြား ယူပြီး ဗတ်သောဋ္ဌမြို့ကို ထွက်ခဲ့သည်။ ဗတ်သောဋ္ဌမြို့ကို ရောက်တော့ ရွက်ကောင်း တက်ကောင်းနှင့် သင်္ဘောတစ်စင်းကို ဝယ်သည်။ ပြီးတော့ ကပ္ပိတန်နှင့် သင်္ဘောသား တွေကို ငါ ငှားပြီး အမောင်းခိုင်းသည်။ အဲသည် သင်္ဘောမှာ ငါ့ကုန်ထုပ်တွေ တင်ပြီးတော့ တခြားကုန်သည်တွေလည်း ငါ့သင်္ဘောနှင့် လိုက်ကြသည်။ ပြီးလျှင် ငါတို့ဟာ အလာဟု အရှင်ထံ ဆုမွန်ကောင်း တောင်းပြီး နေ့ကောင်းရက်သာ ရွေးပြီး ပင်လယ်ခရီး ထွက်ခဲ့ ကြသည်။ ငါတို့သင်္ဘောသည် လှိုင်းလေ မတွေ့ဘဲ အကျွန်းကျွန်း အမြို့မြို့ကို ရောက် သည်။ ရောက်ရာရောက်ရာ အရပ်တိုင်းမှာလည်း ငါတို့ လှည့်လည်ကြည့်ရှုကြပြီး ရောင်းသည့်ကုန်ကို ရောင်းပြီး၊ ဝယ်သည့်ကုန်ကို ဝယ်ကြသည်။ ငါတို့ဟာ အစစ အရာရာမှာ အကြောင်းညီညွတ် နေသည်။ အဲသည်လိုနှင့် သင်္ဘောပေါ်မှာ ငါတို့ဟာ အပျော်ကြီး ပျော်ပြီးနေကြသည်။ အဲသည်လိုနေကြရင်း တစ်နေ့တော့ ငါတို့သင်္ဘောဟာ လူစလူန မတွေ့ရသည့် ကျွန်းတစ်ကျွန်းကို ရောက်သွားသည်။ အဲသည်ကျွန်းဟာ စိမ်းလန်းစိုစွတ်ပြီး သာယာပျော်မွေ့ဖွယ် ကောင်းသည်။ အဲသဟာနှင့် ငါတို့ ကပ္ပိတန်က အဲသည်ကျွန်းမှာ သင်္ဘောဝင်ပြီး ဆိုက်သည်။ အဲသည်အခါမှာ သင်္ဘောခရီးသွားတွေဟာ ခရီး ညောင်းနေကြသဟာနှင့်၊ သင်္ဘောဆိုက်သဟာနှင့် တစ်ပြိုင်နက် ကျွန်းပေါ်တက်ပြီး လည်ကြပတ်ကြသည်။ သင်္ဘောပေါ်မှာ ငါတစ်ယောက်သာ အစောင့်ကျန်ခဲ့သည်။ အဲသည်လို လည်ကြပတ်ကြရင်းနှင့် ခရီးသည်တွေဟာ မြေကြီးထဲမှာ တစ်ဝက်မြုပ်ပြီး၊ အပေါ်မှာ တစ်ဝက်ပေါ်နေသည့် အဖြူလုံးကြီး တစ်ခုကို တွေ့ကြသည်။ အဲသဟာနှင့် အဲသည် အဖြူလုံးကြီးဟာ ဘာကြီးလဲလို့ သိရအောင် ငါတို့ ခရီးသည်တွေက တုတ်နှင့် ရိုက်သူကရိုက်၊ ကျောက်ခဲနှင့် ကောက်ပေါက်သူက ပေါက်ကြသည်။ အဲသည် အကြောင်း ကို သင်္ဘောသား တစ်ယောက်က ငါ့ကို လာပြောသဟာနှင့် ငါက 'အချင်းတို့၊ သည်လို မလုပ်ကြနှင့်။ သည်အဖြူလုံးကြီးဟာ တခြား မဟုတ်ဘူး၊ ရုခငှက်ဥကြီး ဖြစ်သည်။ ရုခငှက်ကြီးတွေဟာ အင်မတန် ကြီးမားပြီး သူတို့ဥကို အနှောင့်အယှက်ပေးလျှင် အကြီး အကျယ် ရန်မူတတ်သည်' လို့ ပြောသည်။

သဟာပေမင့် ငါတို့ ခရီးသည်တွေက ငါ့စကားကို နားမထောင်ကြဘဲနှင့် ရုခငှက်ဥကြီးကို ရိုက်ခွဲပြီး၊ အထဲက ရုခငှက်ကလေးကို လည်လှီးပြီး သတ်စားကြသည်။ အဲသဟာနှင့် ငါတို့တော့ ဘေးတွေ့တော့မှာပဲ ဆိုသဟာကို ငါက သိလို့ ကမန်းကတန်း ခရီးသည်တွေကို သင်္ဘောပေါ် ပြန်တက်ခိုင်းပြီး ကပ္ပိတန်ကို ပင်လယ်ပြင်ထဲရောက်အောင် အမြန် သင်္ဘော အလွှင့်ခိုင်းသည်။ အဲသလိုနှင့် ငါတို့သင်္ဘောဟာ ပင်လယ်ထဲသို့





ရုခငှက်ကြီး နှစ်ကောင်ဟာ ရောမ ကျောက်ခဲကြီးတွေကို ခြေသည်းနှင့် ကုပ်လာပြီး....။

ရောက်လည်း ရောက်ကရော၊ မိုးမှောင်ကြီး ကျသလို ကောင်းကင်တစ်ခုလုံး မှောင်မည်း သွားသည်။ အဲသလို မှောင်မည်းသွားသဟာဟာ တခြားကြောင့် မဟုတ်ဘူး၊ ရုခငှက်ကြီး ပျံလာလို့ သူ့အတောင်နှင့် နေကို ဖုံးသွားလို့ပဲ။ ပြီးတော့ ငှက်ကြီးဟာ သူ့ဥရှိရာ ပျံသွားပြီး သူ့ဥကြီး ကွဲနေသဟာကို တွေ့သည့်အခါမှာ ကြောက်စရာ အသံကြီးနှင့် အော်ပြီး ငါတို့သင်္ဘော နောက်သို့ လိုက်လာသည်။ သူ့အော်သံ ကြားသည့်အခါ သူ့ခင်ပွန်း ငှက်ထီးကြီးပါ ပေါ်ပြီးလာသည်။ အဲသဟာနှင့် ငါလည်း ကပ္ပိတန်ကို ရွက်ကုန်ဖွင့်ပြီး သင်္ဘောလွှင့်ဖို့ ပြောသည်။ ကပ္ပိတန်ကလည်း ကြိုးစားပြီး သင်္ဘောလွှင့်သည်။ အဲသည် အတောအတွင်းမှာ ရုခငှက်ကြီးနှစ်ကောင်ဟာ ရောမ ကျောက်ခဲကြီးတွေကို ခြေသည်းနှင့် ကုပ်လာပြီး၊ ငှက်ဖိုကစပြီး ကျောက်ခဲကြီးတစ်လုံးကို ငါဝို့ သင်္ဘောပေါ်ကို လွှတ်ချ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ သည်တော့ ကပ္ပိတန်က သင်္ဘောကို ဘေးကို တိမ်းပေးလိုက်သည်။ အဲသဟာနှင့် ကျောက်ခဲကြီးဟာ ဘင်္ဘောကို မထိဘဲ ဘေးနားကို ပွတ်ကျသွားသည်။ အဲသည်ကျောက်ခဲကြီးဟာ ဘုယ်လောက်ကြီးသည် မကြီးသည် မပြောနှင့်တော့၊ သူ ကျသွားသည့် နေရာက လှိုင်းလုံးကြီးဟာ တောင်လောက်ကို ရှိသည်။ သည်အခါမှာ ငါတို့ သင်္ဘောလည်း လှိုင်းထိပ်မှာ ပါသွားသည်။ ပြီးတော့ အဲသည် လှိုင်းလုံးကြီး နိမ့်ကျသွားတော့ ငါဖြင့် ငါတို့ သင်္ဘောဟာ ပင်လယ်အောက်ခြေကို ထိသွားသည်တောင် မှတ်လိုက်သည်။ အဲသည်အခါ ကပ္ပိတန်ကလည်း ကြိုးစားပြီး သင်္ဘောကို ပဲ့ကိုင်သည်။ သည်အတွင်းမှာ တစ်ခါ ရုခငှက်မက ထပ်ပြီး သူ ကုပ်လာသည့် ကျောက်ခဲကြီးကို ငါတို့ သင်္ဘောပေါ်ကို ချလိုက်ပြန်သည်။ သည်တစ်ခါတော့ ငါတို့ ကပ္ပိတန်လည်း မရှောင်နိုင်တော့ဘဲ ငှက်မက လွှတ်ချလိုက်သည့် ကျောက်ခဲကြီးဟာ ငါတို့သင်္ဘော ပဲ့ပေါ်ကို တည့်တည့်ကြီး ကျသည်။ အဲသဟာနှင့် ငါတို့သင်္ဘော တက်မကြီးဟာ တစ်ခါတည်း အစိတ်စိတ် အမြွှာအမြွှာ ကြေသွားသည်။ သည့်နောက် ငါတို့ သင်္ဘောဟာ လှိုင်းဒဏ်မခံနိုင်သဟာနှင့် တစ်ခါတည်း မှောက်သွားသည်။ သည်တော့ ငါလည်း ငါ့ အသက်မသေစေရန်အတွက် တအားကျုံးပြီး ကူးရသည်။ အဲသည်အတွင်းမှာ အလာဟုအရှင်မသဟာနှင့် သင်္ဘောပျက်ရာမှ ပျဉ်ပြားတစ်ချပ်ဟာ ငါ့ဆီကို မျောလာသည်။ သည်တော့ ငါလည်း ပျဉ်ပြားပေါ် တွယ်တက်ပြီး မလှမ်းမကမ်းမှာ ရှိသည့် ကျွန်းဘက်ကို ခြေနှစ်ဖက်နှင့် လှော်သွားသည်။ အဲသည်အခါမှာ လှိုင်းလေက သင့်သဟာနှင့် ငါဟာ ကျွန်းကမ်းခြေကို ချောချောမောမော ရောက်သွားသည်။ ကျွန်းပေါ်ကို တက်မိတော့ ငါဟာ မြော့မြော့ပဲ ရှိတော့သည်။ အဲသဟာနှင့် အမောပြေအောင် ခဏ နားပြီး ကျွန်းပေါ်ကို ငါ လျှောက်ကြည့်သည်။ ကံကောင်းချင်တော့ အဲသည်ကျွန်းဟာ ဥယျာဉ်ကြီးလို အင်မတန် သာယာပြီး သစ်သီးမျိုးစုံ၊ ပန်းမျိုးစုံ ပေါက်နေသဟာကို တွေ့ရသည်။ အဲသည်အခါမှာ ငါလည်း ဆာသဟာနှင့် ရွှေလိုဝင်းနေသည့် သစ်သီးမှည့်တွေကို ခူးပြီး တဝကြီး စားသည်။ ပြီးတော့ မိုးချုပ်ထိအောင် ဘယ်မျှမသွားဘဲ ငါ ထိုင်ပြီး နားနေသည်။ မိုးသာ ချုပ်သွားသည်။ လူစလူနလည်း မတွေ့ရဘူး။ အဲသဟာနှင့် ငါဟာ အဲသည်နားမှာပဲ တုံးလုံးလှဲပြီး အိပ်လိုက်သည်။ မနက်လင်းတော့ သစ်ပင်ကြို သစ်ပင်ကြား ငါ လျှောက်ကြည့်သည်။ အဲသလို ကြည့်ရင်းနှင့် ရေတွင်းတစ်ခုထဲ စီးဆင်းနေသည့် စမ်းချောင်းကလေး တစ်ခုကို တွေ့သည်။ ပြီးတော့ ရေတွင်းနားမှာလည်း အဘိုးကြီးအိုတစ်ယောက် ထိုင်နေသဟာကို တွေ့သည်။ အဲသဟာနှင့် ငါ့စိတ်ထဲက သည်အဘိုးကြီးအိုကြီးဟာ ငါလိုပဲ သင်္ဘောပျက်ပြီး သည်နေရာ ရောက်သဟာပဲလို့ ထင်သည်။ အဲသဟာနှင့် ငါက အဘိုးကြီးအိုဆီ သွားပြီး 'အို . . . ဘကြီး၊ သည်နေရာမှာ ဘာလာလုပ်နေသဟာလဲ' မေးသည်။ သည်တော့ အဘိုးကြီးက ဘာမျှ ပြန်မပြောဘဲ၊ သူ့ကို





ချောင်းတစ်ဖက် ရောက်အောင် ပို့ပေးပါလို့ လက်ပြခြေပြနှင့် ပြောသည်။ သည်တော့ ငါက "အင်း သည်အဘိုးကြီးအိုကို ငါ ကယ်မည်၊ အဲသလို ကယ်လျှင် ငါ့ကိုလည်း အလာဟုအရှင်က ကယ်မှာပဲ" လို့ အောက်မေ့ပြီး အဘိုးကြီးအိုကို ငါ့ကုပ်ပေါ် ခွအစီးခိုင်းပြီး 'ကိုင်း . . . ဘကြီး၊ ဘကြီး သွားချင်သည့် နေရာကို ငါ လိုက်ပို့မည်' လို့ ပြောသည်။ အဘိုးကြီးကလည်း ငါ့ကုပ်ပေါ် ခွစီးသည်။ ပြီးလို့ ချောင်းတစ်ဖက်ကမ်း ရောက်တော့ အဘိုးကြီးက ကုပ်ပေါ်က မဆင်းဘဲ သူ့ခြေနှစ်ချောင်းနှင့် ငါ့လည်ပင်းကို ချိတ်ထားသည်။ သူ့ခြေထောက်ကြီး နှစ်ချောင်းကလည်း ကျွဲခြေထောက်ကြီးတွေလိုပဲ ရှုံ့စရာ ကြောက်စရာကြီး။ သည်တော့ ငါက ကြောက်လာပြီး သူ့ကို ပစ်ချလိုက်မည် လုပ်သည်။ သည်တော့ သူက ငါ့လည်ပင်းကို ခြေထောက်နှစ်ချောင်းနှင့် ဖိပြီး ညှပ်ထားသည်။ သည်တော့ ငါလည်း လည်ဈေထောက်လာပြီး မျက်စိတွေ ပြာသွားပြီး တစ်ခါတည်းသာ မေ့ပြီး လဲသွားသည်။ အဲသည်လို လဲသွားလည်း သူက ငါ့ကုပ်ပေါ်က မဆင်းဘူး။ ပြီးတော့ ငါ့ကို သူက ရိုက်ကန်လည်း လုပ်သေးသည်။ အဲသဟာနှင့် ငါလည်း နာလွန်းမက နာတော့ လဲရာက ကုန်းထပြီး သွားရပြန်သည်။ အဲသလိုနှင့်ပဲ ငါလည်း သူ ခိုင်းသည့်အတိုင်း ဟိုသွားသည်သွားနှင့် တစ်သွားတည်း သွားနေရသည်။ မတော်လို့ ငါက ရပ်မိနားမိလျှင်လည်း သူက ငါ့ကို ရိုက်ပြန်သဟာပဲ။ အဲသလိုနှင့် အဘိုးကြီးအိုကြီးဟာ နေ့ရောညပါ ငါ့ကုပ်ပေါ်က မဆင်းတော့ဘူး။ အိပ်လည်း ငါ့ကုပ်ပေါ်မှာပဲ။ ပြီးတော့ အိပ်ရာက နိုးသဟာနှင့် တစ်ပြိုင်နက် ငါ့ကို ရိုက်ကန်ပြီး ဟိုသွားသည်သွား သွားခိုင်းပြန်သဟာပဲ။ အဲသဟာနှင့် ငါ့စိတ်ထဲမှာ "အင်း . . . သည်အဘိုးကြီးအိုကို ငါ သနားမိသဟာ ဟာ မှားသဟာပဲ။ နောက်များဆိုလျှင် ဘယ်သူ ဘာဖြစ်နေနေ ငါ မကယ်တော့ဘူး" လို့ အောက်မေ့မိသည်။ တစ်ခါတလေလည်း ငါဟာ စိတ်ညစ်လွန်းလို့ အလာဟုအရှင် မြန်မြန် ခေါ်တော်မူပါစေလို့ ဆုတောင်းမိသည်။ အဲသလိုနှင့် ငါဟာ အဘိုးကြီးအိုကို ကုပ်ပေါ်တင်ပြီး ကျွန်းပေါ်မှာ ဟိုသွားသည်သွား သွားနေတုန်း တစ်နေ့တော့ ဘူးသီးခြောက်တွေ သွားတွေ့သည်။ အဲသဟာနှင့် ငါဟာ ဘူးသီးခြောက် တစ်လုံးကို ခူး၊ အပေါက်ဖောက်၊ အထဲက အူတွေထုတ်ပြီး အဲသည် ဘူးသီးခြောက်ထဲကို စပျစ်သီးတွေ အပြည့်ခူးထည့်သည်။ ပြီးတော့ အပေါက်ကိုပိတ်ပြီး နေပူထဲမှာ လေးငါးဆယ်ရက် လှန်းထားသည်။ အဲသဟာနှင့် စပျစ်သီးတွေ အချဉ်ပေါက်လာပြီး သေရည်ဖြစ်သွားသည်။ သည်တော့မှ ငါလည်း မောသည့်ပန်းသည့် အခါနှင့် စိတ်ညစ်သည့် အခါမှာ အဲသည် စပျစ်သေရည်ကို သောက်သောက် ပေးသည်။ အဲသည်တော့မှ ငါလည်း သေရည်ယစ်ပြီး စိတ်ညစ်ရာတွေ မေ့ပြီး ပျော်ရွှင်လာသည်။ အဲသည်လို နေ့တိုင်းနေ့တိုင်း ငါ သေရည် သောက်သောက် နေသဟာကို တွေ့တော့ အဘိုးကြီးအိုက "အဲသဟာ ဘာလဲ"လို့ လက်ရိပ်ခြေရိပ် ပြပြီး မေးသည်။ သည်တော့ ငါက သည်အရည်ဟာ



www.burmeseclassic.com

www.burmeseclassic.com



စပျစ်သေရည် ဖြစ်သည့် အကြောင်း၊ သည်သေရည်ကို သောက်လိုက်လျှင် မောသဟာတွေ၊ စိတ်ညစ်သဟာတွေ အကုန်ပျောက်ပြီး ပျော်ရွှင်လာသည့် အကြောင်းကို ပြောပြသည်။ ပြီးတော့ ငါလည်း စပျစ်သေရည် ယစ်ပြီး ပျော်သဟာနှင့် ကခုန် မြူးထူးလုပ်သည်။ သည်တော့ အဘိုးကြီးအိုက သဘောကျသွားပြီး သည်လိုဆိုလျှင် 'နင့်စပျစ်သေရည် ပေးစမ်း၊ ငါ သောက်ကြည့်မည် . . . 'လို့ ဆိုသည်။ အဲသဟာနှင့် ငါက စပျစ်သေရည်ဘူးကို ပေးလိုက်တော့ ဘာပြောကောင်းသလဲ အဘိုးကြီးအိုဟာ အောက်က အနည်တောင်မကျန်အောင် အကုန်လုံး သောက်ချပစ်လိုက်သည်။ သည်တော့ သူလည်း မူးလာလို့ ပျော်ရွှင်ပြီး လက်ခုပ်လက်ဝါး တီးလာသည်။ ပြီးတော့ ငါ့ကျောပေါ် သေးတွေ ပေါက်ချလိုက်သဟာလည်း ငါ့တစ်ကိုယ်လုံး ရွှဲသွားသဟာပဲ။ ပြီးတော့ အဘိုးကြီးအိုဟာ သိပ်မူးလာပြီး လူမှန်း မသိတော့ဘူး။ သည်တော့မှ ငါလည်း သူ့ခြေထောက်နှစ်ချောင်းကို အသာဖြေပြီး သူ့ကို ငါ့ပခုံးပေါ်မှ အောက်ကို ပစ်ချလိုက်သည်။ သည်တော့ သူဟာ ဘာမှ သတိမရဘဲ မြေကြီးပေါ်မှာ စန့်စန့်ကြီး လဲနေသည်။ အဲသည်အခါကျတော့မှ ငါလည်း အနားမှာရှိသည့် ကျောက်ခဲကြီး တစ်ခုကို ကောက်ပြီး သူ့ခေါင်းကို တစ်ခါတည်း ပေါက်ခွဲလိုက်သည်။ အဲသဟာနှင့် အဘိုးကြီးအိုဟာ မပြန်လမ်းကို တစ်ခါတည်း မြန်းသွားသည်။ အဲသည်တော့မှ ငါလည်း ငါ နေသည့် နေရာကို စိတ်ချလက်ချ ပြန်လာပြီး ပင်လယ်ထဲက သင်္ဘောတစ်စင်းစင်း အလာကို စောင့်နေသည်။ အဲသလိုနှင့် တစ်နေ့ကျတော့ ငါလည်း ငါ့အဖြစ်အပျက်တွေကို တွေးပြီး စားမြို့ ပြန်နေတုန်းမှာ သင်္ဘောတစ်စင်းဟာ ငါ နေသည့် ကျွန်းကို လာဆိုက်သည်။ အဲသဟာနှင့် ငါလည်း သင်္ဘောဆိုက်သည့်နေရာ သွားတော့ သင်္ဘောပေါ်က ဆင်းလာကြသည့် ခရီးသည်တွေက ငါ့အနား ဝိုင်းလာပြီး သည်ကျွန်းပေါ်ကို ငါ ဘယ်လို ရောက်လာသည့် အကြောင်းကို မေးကြသည်။ သည်တော့မှ ငါကလည်း ငါ တွေ့ကြုံ ဖြစ်ပျက်ရသမျှတွေကို ပြန်ပြောပြသည်။ သည်တော့မှ သူတို့က အဲသည် အဘိုးကြီးအိုဟာ ပင်လယ် အဘိုးကြီးအိုလို့ ခေါ်သည့်အကြောင်း၊ အဲသည်အဘိုးကြီးအို ကုပ်ပေါ် ခွတက်စီး ခံရသည့် လူမှန်လျှင် ဘယ်သူမှ အသက်နှင့် ပြန်မလာရသည့်အကြောင်း၊ ငါ အခုလို မသေရသဟာ ဟာ အင်မတန် ကံထူးကြောင်း သူတို့က ပြောပြကြသည်။ ပြီးတော့ သင်္ဘောခရီးသည်တွေက ငါ့ကို အစားအစာကျွေးပြီး အဝတ်အထည် ပေးကြသည်။ ငါကလည်း သူတို့ ပေးသည့် အစာ စား၊ သူတို့ပေးသည့် အဝတ်နှင့် ငါ့အရှက်ဖုံးပြီး သူတို့သင်္ဘောနှင့် လိုက်သွားသည်။ အဲသဟာနှင့် တစ်နေ့ကျတော့ မြို့တစ်မြို့ကို ရောက်သွားသည်။ အဲသည် မြို့ကို မျောက်မြို့လို့ ခေါ်သည်။ အဲသည်တော့ ငါလည်း မျောက်ဆိုသည့် အသံကို ကြားလိုက်ရသဟာနှင့် တစ်ပြိုင်နက် ကြက်သီး ဖြန်းခနဲ ထသွားသည်။ အဲသည်မြို့က အိမ်ကြီးတွေက သိပ်မြင့်သည်။ ပြီးတော့ အဲသည်မြို့ကို သံတိုင်တွေနှင့် ကာထားသည်။ ဝင်ပေါက်





ထွက်ပေါက်တံခါးလည်း တစ်ခုတည်း ရှိသည်။ အဲသည်မြို့က လူတွေဟာ မျောက်တွေရဲ့ ရန်ကို ကြောက်ကြလို့ ညညကျလျှင် ပင်လယ်ထဲကို လှေနှင့် ဆင်းအိပ်ပြီး မိုးလင်းမှ သူတို့အိမ်ကို ပြန်ကြသည်။ သင်္ဘောဆိုက်နေတုန်းမှာ ငါလည်း ပျင်းသဟာနှင့် မြို့ထဲ လျှောက်ကြည့်သည်။ အဲသလို လျှောက်ကြည့်နေတုန်းမှာ သင်္ဘောထွက်သွားသဟာနှင့် ငါ ကျန်နေရစ်ခဲ့သည်။သည်တော့ ငါလည်း ခက်တော့သဟာပဲလို့ အောက်မေ့ပြီး အော်ဟစ်ပြီး ငိုသည်။ အဲသည်အခါမှာ မြို့ထဲက လူတစ်ယောက်က ငါ့ဆီလာပြီး 'အို . . . အဆွေ၊ သင်ဟာ ဧည့်သည်နှင့် တူသည်' လို့ ပြောသည်။ သည်တော့ ငါက 'ဟုတ်ပါသည်၊ ငါဟာ အခြေမလှသည့် ဧည့်သည်တစ်ယောက်ပါ။ ငါ စီးလာသည့် သင်္ဘောကလည်း ငါ့ကိုထားပြီး ထွက်သွားပါပြီ' လို့ ပြောသည်။ သည်တော့ အဲသည် လူက 'အို . . . အဆွေ၊ သည်လိုဆိုလျှင် သင် ငါတို့လှေနှင့် လိုက်ခဲ့ပေတော့။ ညမှာ သည်မှာ သင်နေလျှင် မျောက်တွေရန်ကြောင့် သင် သေလိမ့်မည်' လို့ ဆိုသည်။ သည်တော့ ငါက 'ကျေးဇူးပါပဲ'ဆိုပြီး သူတို့လှေထဲ တက်လိုက်သွားသည်။ အဲသဟာနှင့် သူတို့တွေဟာ ပင်လယ်ထဲ ကမ်းနှင့် အတော်ဝေးသည့် နေရာမှာ လှေတွေကို ကျောက်ချပြီး အိပ်ကြသည်။ မိုးလင်းတော့မှ သူတို့တွေဟာ ကိုယ့်အိမ်ကိုယ် ပြန်ပြီး ကိုယ့်အလုပ်ကိုယ်လုပ်ကြသည်။ သူတို့တွေဟာ မျောက်တွေရဲ့ရန်ကို ကြောက်သဟာနှင့် ညတိုင်း ညတိုင်း အဲသလိုပဲ ပင်လယ်ထဲ ထွက်ထွက် အိပ်ကြရသည်။ အဲသဟာနှင့် ငါလည်းပဲ သူတို့နှင့်အတူပင် ပင်လယ်ထဲ လိုက် လိုက်အိပ်ရသည်။ အဲသည်လို အိပ်သည့်အခါမှာ လူတစ်ယောက်က ငါ့ကို မေးသည်။ 'အို . . .အဆွေ၊ အဆွေဟာ လူမျိုးခြားတစ်ယောက် ဖြစ်သည် ဆိုသဟာကို ငါ သိပါသည်။ သဟာကြောင့် သင့်ကို ငါ တစ်ခု မေးပါရစေ။ သင်ဟာ အသက်မွေးမှု အတွက် ဘာအတတ်များ တတ်ခဲ့ပါသနည်း' လို့။ သည်တော့ ငါက အဲသည်လူကို 'အို . . . အမိရှင်မိတ်ဆွေ၊ ငါဟာ ကုန်သွယ် စားသည့် သူပါ။ ဥစ္စာလည်း ကြွယ်ဝပါသည်။ ငါ့မှာ ကုန်အပြည့်နှင့် သင်္ဘောတစင်းလည်း ရှိပါသည်။ သဟာပေမင့် အဲသည်သင်္ဘော ပင်လယ်ထဲမှာ မြုပ်သွားလို့ ကုန်ရော သင်္ဘောပါ ဆုံးသွားပါပြီ။ ငါ့အသက်တောင်မှ အလာဟုအရှင် မတော်မူသည့် ပျဉ်ပြားတစ်ချပ် ရလို့ မသေရပါသည်။ ငါဟာ အဲသလို ကုန်သွယ်သူ ဖြစ်သည့်အတွက် တခြား အသက်မွေးမှု မတတ်ပါ' လို့ ပြန်ပြောသည်။ သည်တော့ အဲသည် လူက 'သဟာဖြင့် သင်မပူပါနှင့်၊ သင့်ကို ငါ အိတ်တစ်ခု ပေးမည်။ အဲသည်အိတ်ကို ယူပြီး ကျောက်စရစ်ခဲတွေ ပြည့်အောင် ထည့်။ ပြီးတော့ ငါတို့ မြို့ထဲက လူတစ်စုနှင့် လိုက်သွား။ သင့်ကို သူတို့ဆီမှာ ငါ အပ်လိုက်မည်။ ပြီးတော့ သူတို့လုပ်သလို သင် လိုက်လုပ်၊ အဲသည်လို လုပ်လျှင် သင့်မြို့ကို ပြန်သည့်အခါ ယူသွားစရာ တစ်စုံတစ်ခု ရလိမ့်မည်' လို့ ပြောသည်။ ပြီးတော့ အဲသည် လူက ငါ့ကို ကမ်းနားခေါ်သွားပြီး သူ ပေးသည့် အိတ်ထဲကို ကျောက်စရစ်ခဲတွေ ကောက်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ခိုင်းသည်။ အဲသဟာနှင့် ငါလည်း ကျောက်စရစ်ခဲတွေ သေးသေးရော၊ ကြီးကြီးရော ပြည့်အောင် ကောက်ထည့်သည်။ အဲသည်အခါမှာ မြို့ထဲက လူတစ်စုဟာ ငါလိုပဲ လွယ်အိတ်ကြီးတွေ လွယ်ပြီး ထွက်လာကြသည်။ သည်တော့ ငါ့ မိတ်ဆွေက အဲသည် လူစုကို 'အို... အဆွေတို့၊ ယောသည် လူဟာ တစ်ရပ်သားပါ၊ သူ့ကို သင်တို့ ကြည့်ခေါ်သွားပြီး သူ့အသက်မွေးဖို့အတွက် သင်တို့ ရသဟာမျိုး ရအောင် စောင့်ရှောက်ပေးကြပါ။ အဲသည်လို စောင့်ရှောက်ပေးရသည့်အတွက် သင်တို့ကို အလာဟုအရှင် စောင်မတော်မူပါလိမ့်မည်' လို့ ပြောသည်။ အဲသဟာနှင့် အဲသည်လူစုက ငါ့ကို ကွင်းပြင်ကြီး တစ်ခုထဲ ခေါ်သွားကြသည်။ အဲသည် ကွင်းပြင်ကြီးထဲမှာ အကိုင်းအခက် မရှိသည့် ပင်လုံးချောချောနှင့် လူ မတက်နိုင်သည့် သစ်ပင်မြင့်မြင့်ကြီးတွေ အများကြီး ရှိသည်။ အဲသည် သစ်ပင်ကြီးတွေအောက်မှာ မျောက်တွေ အများကြီး စုအိပ်နေကြသည်။ အဲသည် မျောက်တွေဟာ ငါတို့ကို မြင်တော့ သစ်ပင်တွေအပေါ် တက်ပြေးကြသည်။ သည်တော့ ငါ့ကို ခေါ်လာသည့် လူတစ်စုက သူတို့လွယ်အိတ်ထဲ ပါလာသည့် ကျောက်စရစ်ခဲတွေနှင့် မျောက်တွေကို လှမ်းပေါက်ကြသည်။ သည်တော့ မျောက်တွေဟာ သစ်ပင်ကြီးတွေပေါ်က နေပြီး သစ်သီးတွေနှင့် ပြန်ပေါက်ကြသည်။ အဲသည် သစ်သီးတွေကို အိန္ဒိယသီးလို့ ခေါ်သည်။ အုန်းသီးလို့လည်း ခေါ်ကြသည်။ အဲသဟာနှင့် ငါလည်း အသီးများသည့် အုန်းပင်ပေါ်မှာရှိသည့် မျောက်တွေကို လှမ်းပြီး ကျောက်စရစ်ခဲတွေနှင့် ပစ်သည်။ သည်တော့ မျောက်တွေက အပေါ်ကနေပြီး အုန်းသီးတွေနှင့် ပြန်ပစ်ကြသည်။ အဲသဟာနှင့် ငါတို့ လွယ်အိတ်ထဲက ကျောက်စရစ်ခဲတွေ မကုန်ခင်ဘဲ ငါတို့မှာ ကိုယ်စီကိုယ်င အုန်းသီးတွေ အများကြီး ရကြသည်။ အဲသည်တော့ ငါတို့ဟာ ကိုယ်ရသည့် အုန်းသီးတွေကို ထမ်းပြီး မြို့ကို ပြန်ကြသည်။ မြို့ကို ညနေခင်း ပြန်ရောက်သွားတော့ ငါက ငါ ရလာသည့် အုန်းသီးတွေကို ငါ့ကျေးဇူးရှင် မိတ်ဆွေဆီ ယူသွားပြီး ပေးသည်။ သည်တော့ သူက 'သင် ရလာသည့် အုန်းသီးများကို ငါ မလိုချင်ဘူး၊ သင့်ဟာသင် ယူထားပြီး ရောင်းစားပါ' လို့ ပြောသည်။ ပြီးတော့ သူ့အိမ်ခန်း တစ်ခန်းကို ငါ့ပေးပြီး 'ရော့... ယောသည်မှာ သည်အခန်းကသော့၊ နေ့တိုင်း နေ့တိုင်း သင်သွားပြီး အုန်းသီး ရအောင် လုပ်၊ ရသည့်အခါမှာ သည်အခန်းထဲမှာ သိမ်းထား၊ ပြီးတော့ နည်းနည်းပါးပါး အနာအဆာပါသည့် အုန်းသီးတွေကို ချက်ချင်းရောင်းပစ်၊ ကောင်းသည့် အုန်းသီးတွေကို ဈေးကောင်းကောင်းနှင့် ရောင်းဖို့ချန်ထား၊ ရောင်းပြီးလို့ အသပြာ လုံလောက်အောင် ရတော့ သင့်မြို့ကို ပြန်သည့်အခါကျတော့ ယူသွား' လို့ ပြောသည်။ အဲသဟာနှင့် ငါလည်း ငါ့ကျေးဇူးရှင် ပြောသည့်အတိုင်း နေ့တိုင်း နေ့တိုင်း အုန်းသီး ကောက်ထွက်သည်။ ပြီးတော့ အဲသလိုနှင့် ရက် လ အတော်ကြာသွားတော့ ငါ့မှာ အုန်းသီးတွေ အများကြီး စုမိလာသည့်ပြင် အုန်းသီးရောင်းလို့ ရသည့် အသပြာလည်း တော်တော်





စုမိလာသည်။ အဲသည်လို စီးပွားလမ်း ဖြောင့်နေတုန်းမှာ ငါ နေသည့် မြို့ကို သင်္ဘောတစ်စင်း ဆိုက်လာသည်။ သည်တော့ သင်္ဘောပေါ်မှာ ပါလာသည့် ကုန်သည်တွေက သူတို့မှာ ပါလာသည့် ကုန်တွေကို ရောင်းပြီး အုန်းသီးတွေ ပြန်ဝယ်ကြသည်။ အဲသည် သင်္ဘောကိုမြင်တော့ ငါလည်း ငါ့မြို့ကို ငါ ပြန်ချင်သည့်စိတ် ပေါ်လာသည်။ အဲသဟာနှင့် ငါက ငါ့ကျေးဇူးရှင်ဆီ သွားပြီး 'အို... ကျေးဇူးရှင်၊ အခုလာသည့် သင်္ဘောနှင့် ငါ့မြို့ကို ပြန်ချင်ပါသည်။ သင်က ခွင့်ပြုပါမည်လော' လို့ မေးသည်။ သည်တော့ ငါ့ကျေးဇူးရှင်က 'အို... သဟာက သင့်သဘောအတိုင်းပေါ့၊ ငါ့သဘော မဟုတ်ပါဘူး' လို့ ဆိုသည်။ အဲသဟာနှင့် ငါလည်း ငါ့ကျေးဇူးရှင်ဆီ ခွင့်ပန်ပြီး ငါ့မှာ စုထားသည့် အုန်းသီးတွေကို သင်္ဘောနှင့် တင်ပြီး ငါ့မြို့ကို ပြန်ထွက်လာသည်။ အဲသဟာနှင့် ငါစီးသည့် သင်္ဘောဟာ လမ်းက ဆိပ်ကမ်းတွေကို လျှောက်ကပ်တော့ ကပ်သည့် မြို့တိုင်းကို ငါ ဆင်းပြီး အုန်းသီးတွေ ရောင်းသည်။ ပြီးတော့ အဲသည်မြို့တွေက ကုန်တွေကိုလည်း ပြန်ဝယ်တင်ခဲ့သည်။ နောက်ပြီး ငရုတ်ကောင်းတို့၊ ဇီရာတို့၊ ကရဝေးတို့ ပေါသည့် ကျွန်းတစ်ကျွန်းကိုလည်း ငါတို့သင်္ဘော ရောက်သွားသေးသည်။ အဲသည်ကျွန်းက လူတွေက ပြောသည်။ 'ငရုတ်ကောင်းဟာ သီးသည့်အခါမှာ အရွက် တစ်ရွက်က အသီးကို နေပူမိုးရွာ ကာကွယ်ပေးဖို့ အမြဲဖုံးနေသည်။ မိုးကုန်လို့ အသီး မှည့်လာသည့် အခါကျတော့ အဲသည်အရွက် ကြွေသွားသည်' လို့။ အဲသည်ကျွန်းက ငရုတ်ကောင်းတွေ၊ ဇီရာတွေ၊ ကရဝေးတွေ အများကြီးကို ငါ အုန်းသီးတွေနှင့် ဖလှယ်ယူခဲ့သည်။ ပြီးတော့ ငါတို့သင်္ဘောဟာ ဆေးပင်ဆေးမြစ် ပေါသည့် ကျွန်း တစ်ကျွန်းကိုလည်း ထပ်ရောက် သွားသေးသည်။ အဲသည်ကျွန်းမှာလည်း ငါဟာ ဆေးပင်ဆေးမြစ်တွေနှင့် အုန်းသီးနှင့် ဖလှယ်ပြီး ယူခဲ့သေးသည်။ 'အဲသည်ကျွန်းက လူတွေဟာ ဘုရားရှိမခိုးကြဘူး။ အဖိုအမ စပ်ယှက်ခြင်းနှင့် သေရည်သောက်ခြင်းကို အလွန်အကြူး နှစ်သက်ကြသည်' လို့ ပြောကြသည်။ ပြီးတော့ ငါတို့ ပုလဲကျွန်းတစ်ကျွန်းကို ရောက်သွားသေးသည်။ အဲသည်ကျွန်းကျတော့ ငါက ပုလဲငုပ်သည့် လူတွေကို အုန်းသီးပေးပြီး 'ကိုင်း... မိတ်ဆွေတို့၊ ငါ့အတွက် ကံစမ်းပြီး ပုလဲ ငုပ်ပေးစမ်းပါ' လို့ ပြောသည်။ သည်တော့ သူတို့က ကောင်းပြီ ဆိုပြီး ငါ့ကံကို စမ်းငုပ်ပေးသည်။ သည်အခါမှာ အင်မတိ အင်မတန် အဖိုးထိုက်တန်သည့် ပုလဲတွေ ရသည်။ သည်တော့ ပုလဲငုပ်သမားတွေက 'သင့်ကံဟာ အင်မတန် ကောင်းသည်၊ ကိုင်း... သည်ပုလဲတွေကို ယူသွားပေတော့' လို့ ဆိုပြီး ငါ့ကံစမ်းငုပ်လို့ ရသည့် ပုလဲတွေ အကုန်လုံး ငါ့ကို ပေးလိုက်ကြသည်။ ပြီးတော့ ငါတို့ သင်္ဘောဟာ အစဉ်အတိုင်း ထွက်လာခဲ့သည်။ အဲသဟာနှင့် နောက်ဆုံးကျ တော့ ဗတ်သောရမြို့ကို ရောက်လာသည်။ ဗတ်သောရမြို့မှာ ငါ သုံးလေးရက် နေပြီး ဗဂ္ဂဒက်မြို့ကို ပြန်ခဲ့သည်။ အဲသည်လို ငါ မသေမပျောက် ပြန်ရောက်လာသည့်အခါမှာ ငါ့ဆွေမျိုးတွေ ငါ့မိတ်ဆွေတွေက



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရ ဆီးကြိုကြသည်။ ပြီးတော့ ငါ့မှာ ပါလာသည့် ပစ္စည်းတွေ လုံခြုံအောင် သိမ်းဆည်းပြီး ဗဂ္ဂဒက်မြို့မှာ ရှိသည့် အလှူခံတွေကို အယုတ်အလတ် အမြတ်မရွေး ရက်ရက်ရောရော ပေးကမ်း စွန့်ကြဲလုပ်သည်။ အဲသည်လို အလာဟုအရှင် ကြိုက်တော်မူသည့် အလုပ်တွေကို လုပ်ပြီးတော့ ငါလည်း ငါ ယခင်က နေနည်းထိုင်နည်းအတိုင်း စည်းစိမ်အမျိုးမျိုး ခံပြီး ပျော်ပျော်ကြီး နေသည်။ အဲသဟာ ဟာ ငါ့ရဲ့ ငါးကြိမ်မြောက် ပင်လယ်ခရီးစဉ်ပဲ။ သင်တို့ နားထောင်ချင်သေးလျှင် မနက်ဖြန်ကျတော့ ငါ့ရဲ့ ခြောက်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြဦးမည်။ ငါ့ ခြောက်ကြိမ်မြောက် ခရီးစဉ်က ယခင့်ယခင်က ခရီးစဉ်တွေထက်တောင် ပိုပြီး အံ့သြစရာ ကောင်းသေးသည်လို့ ပင်လယ်ခရီးသွား ဆင်ဒဗတ်က ပြောပြသည် တဲ့။

ပြီးတော့ ရေဆင်ဒဗတ်က ကုန်းဆင်ဒဗတ်နှင့် တခြား အဖော်တွေကို စားကောင်း သောက်ကောင်းတွေ ကျွေးပါသတဲ့။ ပြီးတော့ တစ်ခါ ကုန်းဆင်ဒဗတ်ကို ရွှေဒင်္ဂါးပြားရေ တစ်ရာ လက်ဆောင်ပေးပါသတဲ့။ သည်တော့ ကုန်းဆင်ဒဗတ်က ရွှေဒင်္ဂါးပြားရေ တစ်ရာကို ယူပြီး သူ့အိမ် ပြန်အိပ်ပါသတဲ့။ နောက်နေ့ မိုးလင်းတော့ ကုန်းဆင်ဒဗတ်က အိပ်ရာကထပြီး ရေဆင်ဒဗတ် အိမ်ကို လာပြန်ပါသတဲ့။ သည်တော့ ရေဆင်ဒဗတ်က ဝမ်းသာအားရ ဆီးကြိုပြီး အဖော် စုံသည့်အခါမှာ စားကောင်း သောက်ဖွယ်တွေ တည်ခင်း ကျွေးမွေးပြန်ပါသတဲ့။ အဲသည်လို စားသောက်ပြီးတော့မှ ရေဆင်ဒဗတ်က သူ့ရဲ့ ခြောက်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြပါသတဲ့။

## [၃၅]

## ဆင်ဒဗတ်၏

## ခြောက်ကြိမ်မြောက် ပင်လယ်ခရီးစဉ်

ကိုင်း... နားထောင်ကြ သားချင်းတို့၊ ငါရဲ့ ခြောက်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ငါ ပြောပြမည်လို့ ဆိုပြီး ပင်လယ်ခရီးသွား ဆင်ဒဗတ်က သူ့ရဲ့ ခြောက်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြပါသည်တဲ့။

ငါဟာ အဲသည်လို ငါးကြိမ်မြောက် ပင်လယ်ခရီး ထွက်ရာက ပြန်လာပြီး စည်းစိမ်အမျိုးမျိုး ခံစားနေသည့်အခါမှာ အလျင်က ငါ တွေ့ကြုံခံစားခဲ့ရသည့် ဆင်းရဲမှု အမျိုးမျိုးတွေကို အကုန်လုံး မေ့သွားပါသည်။

အဲသည်လိုနှင့်ပဲ ငါဟာ ငါ့အပေါင်းအသင်းတွေနှင့် နေ့တိုင်းနေ့တိုင်း တစ်နေ့





မျှ မပြတ်ဘဲ အစားကောင်းတွေကို လှိုင်လှိုင်ကြီး စား၊ အသောက်ကောင်းတွေကို ဖောဖောကြီး သောက်ပြီး အပျော်ကြီး ပျော်နေပါသည်။

အဲသည်လို ပျော်ပျော်ကြီး နေရင်းနှင့် တစ်နေ့တော့ ငါ့စိတ်ထဲမှာ ကမ္ဘာကို လှည့်ပြီး စီးပွားရှာဖို့ ခရီးထွက်ချင်သည့်စိတ် ပေါ်လာပြန်သည်။ အဲသဟာနှင့် ငါဟာ ကုန်တွေကို အမျိုးမျိုးဝယ်ပြီး ဗတ်သောဋ္ဌ သင်္ဘောဆိပ်ကို ထွက်လာခဲ့သည်။

ဗတ်သောဋ္ဌ သင်္ဘောဆိပ်ကို ရောက်တော့ အဆင်သင့်ပဲ ခရီးထွက်ခါနီး သင်္ဘော တစ်စင်းကို သွားတွေ့သည်။ အဲသည် သင်္ဘောပေါ်မှာ ကုန်သည်တွေရော၊ မှူးကြီးမတ်ကြီး တွေရော ပါသည်။ အဲသဟာနှင့် ငါလည်း အဲသည် သင်္ဘောနှင့်ပဲ ခရီးထွက်ခဲ့သည်။ အဲသည်အခါမှာ လှိုင်းလေကလည်း ကင်းသဟာနှင့် ငါတို့ သင်္ဘောဟာ ဟိုမြို့ဝင်၊ သည်မြို့ဝင်၊ ဝင်ပြီးဆိုက်သည်။ ငါတို့လည်း ရောက်ရာ မြို့တိုင်းကို ဝင်ပြီး ငါတို့မှာ ပါသည့် ကုန်တွေကို ရောင်း၊ တွေ့သည့် ကုန်တွေကို ဝယ်နှင့် တော်တော်ပဲ ပျော်ကြသည်။

အဲသလိုနှင့် ခရီးထွက်လာခဲ့ကြတော့ တစ်နေ့မှာ ငါတို့ကပ္ပိတန်က သူ့ ခေါင်းက ခေါင်းပေါင်းကို သင်္ဘောကုန်းပတ်ပေါ် လွှင့်ပစ်ပြီး သည်တစ်ခါတော့ ခက်ကြပေါ့လို့ အော်ပြီး ရင်ဘတ်စည်တီး ငိုသည်။

သည်တော့ ငါတို့လည်း မျက်လုံးမျက်ဆန် ပြူးသွားပြီး 'အို...နေစမ်းပါဦး ကပ္ပိတန်ရဲ့၊ ဘာလို့ သဟာလောက်တောင် ရှိုက်ကြီးတငင်နှင့် ငိုရသဟာလဲ၊ ဘယ်လို အကြောင်း ဆိုသဟာကို ငါတို့လည်း ပြောပြဦးမှပေါ့' လို့ ဆိုသည်။ သည်တော့ ကပ္ပိတန် က 'မေးမနေကြပါနှင့်တော့၊ မေးမနေကြပါနှင့်တော့၊ ငါ့မယား မုဆိုးမ ဖြစ်ဖို့တော့ သေချာနေပါပြီ၊ ငါ့ကလေးတွေလည်း ဖသက်ဆုံး ဖြစ်ကြတော့မည်။ အခု ငါတို့သင်္ဘော ဟာ လမ်းမှားလာပြီး ဘယ်ဆီ ဘယ်စခန်း ရောက်နေမှန်း ငါလည်း မသိတော့ဘူး။ သဟာကြောင့် အလာဟုအရှင်ကိုသာ တကြပေတော့။ အလာဟုအရှင် ကယ်မှပဲ ငါတို့ အသက်ချမ်းသာကြတော့မည်' လို့ ဆိုသည်။

အဲသည်လို ပြောပြီးတော့ ကပ္ပိတန်ဟာ သင်္ဘောရွက်တိုင်ပေါ် တက်သွားပြီး တောင်မြောက်လေးပါးကို ကြည့်သည်။ အဲသလို ကြည့်ပြီး ရွက်စုံ နှင်မည်လို့ လုပ်နေ တုန်းမှာ လေမုန်တိုင်းကြီး ကျလာပြီး ငါတို့သင်္ဘောဟာ ချာချာလည်သွားသည်။ အဲသဟာနှင့် ကပ္ပိတန်လည်း ရွက်တိုင်ပေါ်က ပြန်ဆင်းလာရသည်။ အဲသည်အတွင်းမှာ လေမုန်တိုင်းလည်း ပိုပြီး ပြင်းထန်လာသဟာနှင့် ငါတို့သင်္ဘောဟာ လွင့်သည့်ဘက်ကို မသွားဘဲ လေထဲမှာ နောက်ပြန်ပါသွားပြီး နောက်ဆုံးကျတော့ တက်မ ပါ ကျိုးသွားသည်။ ပြီးတော့ တောင်ကမ်းကြီး တစ်ခုကို ဝင်တိုက်ပြီး ငါတို့သင်္ဘောဟာ စုံးစုံးမြုပ်သွားသည်။

အဲသဟာနှင့် ငါတို့လည်း ကမ်းပါးရှိရာကို ကြိုးစားပြီး ကူးကြသည်။ တချို့ လည်း လက်ပန်းကျပြီး သေကုန်ကြသည်။ တချို့တော့လည်း အလာဟု အရှင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးရူးနှင့် ကမ်းစပ်ကို ရောက်သွားကြသည်။ အဲသည်အထဲမှာ ငါလည်း တစ်ယောက် ပါသည်။

ငါတို့ဟာ ကမ်းပေါ်ကို တက်မိကြတော့ ကမ်းစပ်တစ်လျှောက်လုံးမှာ ယခင်က ပျက်သွားသည့် သင်္ဘောတွေက ကျန်နေသည့် ကုန်ပစ္စည်းတွေဟာ တင်းကျမ်းဖြစ်နေတာကို တွေ့ကြရသည်။ အဲသဟာနှင့် ငါလည်း ကမ်းစောက်ကြီးပေါ်ကို တက်ပြီး ကုန်းတွင်းဘက်ကို သွားသည်။ သည်တော့ တောင်ကြီးကို ဖောက်ပြီး စီးသွားသည့် ရေချိုချောင်း တစ်ခုကို တွေ့သည်။ တချို့ ခရီးသည်တွေကတော့ တခြားဘက်ကို သွားကြသည်။ သူတို့ သွားကြသည့်ဘက်မှာလည်း အလျင်က ပျက်သွားသည့် သင်္ဘောတွေက ကျန်ရစ်ခဲ့သည့် ကုန်စည်ပစ္စည်းတွေဟာ သောက်သောက်လဲ ပဲ။

အဲသဟာနှင့် ငါလည်း ချောင်းထဲကို ငုံ့ကြည့်လိုက်သည်။ သည်တော့ မပြောပါနှင့်တော့၊ လား လား ချောင်းအောက်ခြေမှာ ကျောက်သံပတ္တမြားတွေ တင်းကျမ်းပြည့်နေသဟာကို တွေ့ရသည်။ ပြီးတော့ ချောင်းကမ်းခြေတစ်လျှောက်မှာ အဖိုးတန်သစ်ပင်တွေ ပေါက်နေသဟာကိုလည်း တွေ့ရသည်။ ပြီးတော့ ငါးကြီးအန်ဖတ်တွေဟာလည်း ရေထဲမှာ ပေါလောမျောနေသဟာရော၊ ကမ်းခြေမှာ စုပုံနေသဟာရော ပြည့်နေသဟာကို တွေ့ရသည်။ အဲသဟာနှင့် ငါတို့ဟာ အံ့သြခြင်းမက အံ့သြပြီး ဟို လျှောက်ကြည့်၊ သည် လျှောက်ကြည့် ကြည့်ကြသည်။

ငါတို့ဟာ ကမ်းခြေက လျှောက်ပြီး ကောက်လို့ရသည် အစားအစာကလေးများကိုလည်း နောင်ရေးကို တွေးမျှော်ပြီး ချွေတာနိုင်သမျှ ချွေတာပြီး စားကြရသည်။ အဲသလို နေကြတုန်းမှာပဲ ငါ့ရဲ့ အဖော်တချို့ဟာ အစာကလည်း ဝအောင် မစားရ၊ လှိုင်းတောက်သည့် ဒဏ်ကလည်း မပျောက်သေးသဟာနှင့် မူးဝေအော့အန်ပြီး တစ်ယောက်ပြီး တစ်ယောက် သေကုန်ကြသည်။ အဲဒီလိုနှင့် နောက်ဆုံးကျတော့ ငါ တစ်ယောက်တည်းပဲ ကျန်တော့သည်။

အဲသည်အထဲမှာ စားစရာ ရိက္ခာကလည်း ကုန်ခါနီး ဖြစ်သွားပြန်သည်။ သည်တော့ ငါလည်း အားငယ်လာပြီး "ငါ့အဖော်တွေ အလျင် သေမည့်အစား ငါက အလျင်သေသွားလျှင် ကောင်းမှာပဲ၊ တကယ်လို့ ငါက သူတို့အလျင် သေမည်ဆိုရင် သူတို့ဟာ ငါ့အလောင်းကို ရေမိုးချိုးပြီး ကောင်းကောင်းမြှုပ်နှံကြမှာပဲ"လို့ အောက်မေ့မိသည်။ ပြီးတော့ "ဒွန္နယာကြီးဟာ အလာဟုအရှင် စီမံတော်မူသည့် အတိုင်းသာ ဖြစ်ရမှာချည်းမို့ အလာဟု အရှင်ကိုပင် အားကိုးရတော့မှာပဲ"လို့ အောက်မေ့ပြီး စိတ်ကို ဖြေရသည်။

အဲသလိုပဲ ငါတစ်ယောက်တည်း ကျန်နေသည့်အခါမှာ ငါ့စိတ်ထဲက "အင်း ငါလည်း မကြာမီ သေရတော့မှာပဲ"လို့ အောက်မေ့ပြီး တကယ်လို့ ငါ သေသွားလျှင်





ငါ့အလောင်းကို မြှုပ်ဖို့အတွက် ကမ်းနားမှာ ကျင်းကြီးကို တူးထားသည်။ ငါ့အကြံကတော့ ငါ သေတော့မည် ဆိုသဟာကို သိလျှင်သိချင်း ငါ့ကိုယ်ငါ ကျင်းကြီးထဲ လှဲချပြီး လေတိုက်သည့်အခါမှာ သဲတွေပို့လာပြီး မြှုပ်ပြီးသား တစ်ခါတည်း ဖြစ်နေစေဖို့ပဲ။ ပြီးတော့ ငါ့စိတ်ထဲက အများကြီး နောင်တဖြစ်ပြီး ကိုယ့်မြို့ကိုယ်ရွာမှာ ကောင်းကောင်းမွန်မွန် မနေဘဲနှင့် ပင်လယ်ခရီး ထွက်လာမိသဟာ မှားလေခြင်းလို့ အောက်မေ့မိသည်။ ပထမငါးကြိမ် ခရီးထွက်ခဲ့လို့ တစ်ကြိမ်ထက်တစ်ကြိမ် ဆင်းရဲမှုတွေ ပိုပိုတွေ့ရပါလျက် အမှတ်မရှိဘဲ ခု ခြောက်ကြိမ်မြောက် ခရီးကို ထွက်မိသည့်အတွက်လည်း ငါ့ကိုယ်ငါ အများကြီး အပြစ်တင်မိသည်။ ပြီးတော့ ငါ့မှာရှိသည့် ပစ္စည်းအကုန်ကို မဆိုထားနှင့်၊ တစ်ဝက်ကိုတောင် ငါ့တစ်သက်မှာ သုံးလို့ မကုန်နိုင်ဘူးဆိုသဟာ သိလျက်သားနှင့် သက်သက်မိုက်ပြီး ပြန်လမ်း မရှိသည့် အခု ခြောက်ကြိမ်မြောက်ခရီးကို ထွက်မိသည့်အတွက်လည်း ငါ့ကိုယ်ငါ အပြစ်တင်လို့ မဆုံးနိုင်အောင် ဖြစ်နေသည်။ အဲသလို ငါ့စိတ်ထဲမှာ နောင်တ ဖြစ်နေတုန်းမှာပဲ အလာဟုအရှင်က မ တော်မူသဟာနှင့် ငါ့စိတ်ထဲမှာ အကြံတစ်ခု ပေါ်လာသည်။ အဲသည်အကြံက ဘာလဲဆိုတော့ သည်ချောင်းဟာ အစရှိသလိုပဲ အဆုံးရှိရမှာပဲဆိုသည့် အကြံပဲ။ အဲသဟာနှင့် ချောင်းဆုံးလျှင် ရွာတော့ တွေ့မှာပဲ ဆိုသည့် အကြံကို အားကိုးပြီး လှေကလေးတစ်ခုလုပ်ပြီး ချောင်းထဲကို မျှောလိုက်သွားဖို့ ငါ ကြံလိုက်သည်။ အဲသည်အကြံဟာ ဟန်လို့ ငါ့အသက် ချမ်းသာလျှင်လည်း ချမ်းသာ၊ မချမ်းသာလို့ သေခြင်းသေလျှင်လည်း ချောင်းထဲမှာ သေရသဟာကပဲ ကောင်းလိမ့်မည်လို့ ငါ့စိတ်ထဲက အောက်မေ့သည်။

အဲသဟာနှင့် ငါတို့သင်္ဘောပျက်က ပျဉ်တိုပျဉ်စတွေ ကောက်၊ ကြိုးတို ကြိုးစတွေ ရှာပြီး ဖောင်ကလေးတစ်ခု ငါ လုပ်သည်။ ပြီးတော့ အနီးအနားမှာ ရှိသည့် ကျောက်သံပတ္တမြားတို့၊ ငါးကြီးအန်ဖတ်တို့နှင့် ရှိသမျှ အစားအစာကလေးကို ဖောင်ပေါ်တင်ပြီး ချောင်းထဲက စုန်လာခဲ့သည်။ အဲသည်အခါမှာ ငါ့စိတ်ထဲက ချောင်းဆုံးသည့် နေရာကျလျှင် လူနေသည့် နေရာကို တွေ့ရမှာပဲလို့လည်း ယုံကြည်သည်။ ပြီးတော့ ပညာရှိကြီးတစ်ယောက်ရဲ့ ကဗျာကလေးကို သွားပြီး ငါ သတိရသည်။ အဲသည် ပညာရှိကြီးက . . .

"ဆင်းရဲမှုများက ဝိုင်းဝန်း၍ သင့်ကို နှိပ်စက်နေသည့် အခါတွင် အသက်ရှိနေတုန်းကို လွတ်အောင် ပြေးပါ။ အိမ်ဆောက်သည့်သူ ဘယ်လို ဖြစ်သည်ကို အိမ်က ပြောရစ်ပါလိမ့်မည်။ အပြည်ပြည် အရွာရွာသို့ လျှောက်၍ သင် ရှာချင်လျှင် ရှာနိုင်သည်။ သို့ရာတွင် သင်သည် အသက် တစ်ခု အပြင်က အခြား အသက်တစ်ခု ထပ်၍ တွေ့လိမ့်မည် မဟုတ်။ ဆင်းရဲမှုတွေကို တွေ့ရသဟာနှင့် စိတ်မတိုပါနှင့်။ ဆင်းရဲမှု မှန်သမျှဟာ အနေးနှင့်အမြန် ဆုံးခန်းတိုင်ရမှာ



www.burmeseclassic.com

www.burmeseclassic.com



ချည်းပါပဲ။ ဘယ်သူမဆို သချိုင်းရှိသည့် အရပ်ကို မရောက်ဘဲနှင့် မနေနိုင်ပါဘူး။ ပြီးတော့ အရေးကြီးသည့် ကိစ္စများကိုလည်း မည်သူ့ကိုမျှ ယုံ၍ မပုံပါနှင့်။ သင့်အဖို့တွင် သင်၏ ဝိညာဉ်သည်သာလျှင် သင်နှင့်ပေါင်းဖို့ အကောင်းဆုံး မိတ်ဆွေ ဖြစ်ပါသည်" ... လို့ ပြောတယ်။

အဲသဟာနှင့် ငါ စီးလာသည့် ဖောင်ကလေးဟာလည်း ချောင်းရေလျှဉ်ထဲမှာ မျောလာပြီး ငါလည်း ငါ့အဖြစ်ကို တွေးလိုက်လာတယ်။ ပြီးတော့ ချောင်းရေဟာ တောင်ကြီးတစ်ခုအောက်ကို ဖောက်ပြီး စီးသွားတော့ ဖောင်ကလေးလည်း အမျောရပ်သွားသည်။ အဲသည်အခါမှာ မှောင်လိုက်သဟာကလည်း ပိန်းလို့ပဲ၊ ဘာဆိုလို့ ဘာမျှ မမြင်ရဘူး။ အဲသဟာနှင့် ငါလည်း ငါ့မှာ ပါလာသည့် တက်ကလေးနှစ်ချောင်းနှင့် စမ်းပြီး ခတ်ရသည်။ တောင်ခေါင်းကြီးထဲ ရောက်သွားသည့် အခါကျတော့ တောင်ခေါင်းကြီးကလည်း ကျဉ်းလွန်းလို့ ငါ့ဖောင်ကလေးဟာ ဟိုဘက်တိုက်၊ သည်ဘက်တိုက် ဖြစ်နေသည်။ ပြီးတော့ ငါ့ခေါင်းဟာလည်း တောင်ခေါင်းနှင့် တိုက်သဟာနှင့် ဖူးရောင်နေသဟာပဲ။ ပြီးတော့ ဘယ်နည်းနှင့်မျှ နောက်ကို ပြန်တုံ့လို့ မရသဟာကလည်း ငါ့အဖို့ အတော် အသက်ရှူကျပ်သည်။ အဲသဟာနှင့် ငါ့စိတ်ထဲက "အင်း... သည်တောင်ခေါင်းဟာ သည့်ထက်သည်များ ကျဉ်းသွားလို့ ဖောင်တစ်လစ် ဖြစ်နေလျှင်တော့ သည်တောင်ခေါင်းထဲမှာပဲ ငါ အသက်ပျောက်ရတော့မှာပဲ"လို့ အောက်မေ့ပြီး ပူလာမိသည်။ နောက်ဆုံးကျတော့ ငါဟာ ဖောင်ကလေးပေါ်မှာ မှောက်ပြီး လိုက်ရသည်။ တောင်ခေါင်းကြီးက မှောင်လွန်းမည်းလွန်းလို့ ငါဟာ နေ့မှန်းညမှန်းလည်း မသိတော့ဘူး။ ငါ့စိတ်ထဲမှာ ဘယ်တော့သေရမလဲ ဆိုတာကိုပဲ တွေးပူနေသည်။ အဲသည်လိုနှင့်ပဲ တောင်ခေါင်းကြီးဟာ ကျဉ်းလိုက်ကျယ်လိုက် ဖြစ်နေပြီး၊ ငါ့ဖောင်ကလေးဟာ မျောလာလိုက်သဟာ နောက်ဆုံးကျတော့ ငါလည်း မောပန်းပြီး အိပ်ပျော်သွားတော့ သဟာပါပဲ။ ဘယ်လောက်ကြာကြာ အိပ်ပျော်သွားသလဲ ဆိုသဟာကတော့ ငါလည်း မသိတော့ဘူး။ နောက်ဆုံး အိပ်ပျော်နေရာက နိုးလာလို့ ကြည့်လိုက်တော့ တောင်ခေါင်းကြီး မရှိတော့ဘဲ ငါ့ဖောင်ကလေးဟာ ချောင်းပြင်ကျယ် အလင်းရောင်ထဲက ကျွန်းတစ်ကျွန်းမှာ ဆိုက်နေသဟာကို တွေ့ရသည်။ အဲသည်ကျွန်းမှာ အိန္ဒိယလူမျိုးတွေနှင့် အဗီဆိနီယလူမျိုးတွေကို ငါ တွေ့ရသည်။ သူတို့က ငါ အိပ်ရာမှ နိုးလာသဟာကို မြင်တော့ ငါ့ဆီကိုလာပြီး သူတို့စကားနှင့် မေးကြသည်။ ငါကလည်း သူတို့ပြောသည့် စကားကို တစ်လုံးမျှ နားမလည်သဟာနှင့် ငါ့ဟာငါ အိပ်မက် မက်နေသလို အောက်မေ့သည်။ သဟာပေမင့် ချောင်းထဲက လွတ်လာသည့် အတွက်တော့ ငါ အများကြီး ဝမ်းသာသည်။

ငါက သူတို့ပြောသည့် စကားကို နားမလည်မှန်း သိတော့ သူတို့အထဲက တစ်ယောက်က ငါ့နားလာပြီး အာရဗီစကားနှင့် မေးသည်။ 'အို... သားချင်း၊ သင့်ဒွ





ဘေးရန်မရှိစေသတည်း။ သင်သည် ဘယ်သူဖြစ်၍ ဘယ်အရပ်က သည်ကို လာခဲ့သနည်း။ သည်ချောင်းထဲမှာ သင် ဘယ်လို ရောက်လာပြီး ဟို တောင်ကြီးတွေဘက်မှာ ဘယ်လိုတိုင်းပြည်မျိုး ရှိပါသလဲ။ ငါတို့ဆီကို အခု သင် လာခဲ့သည့် လမ်းအတိုင်း ဘယ်သူမျှ မလာဖူးဘူး' လို့။

သည်တော့ ငါက 'အို... သားချင်း၊ သင့်ဒွလည်း ဘေးမရှိသည် ဖြစ်စေသတည်း။ သင်သည် မည်သူဖြစ်၍ ဤတိုင်းပြည်သည် မည်သည့်တိုင်းပြည် ဖြစ်ပါသနည်း' လို့ ပြန်မေးသည်။ သည်တော့ အာရဗီစကား ပြောသူက 'အို... သားချင်း၊ ငါတို့တွေဟာ တောင်သူလယ်သမားတွေ ဖြစ်ပါသည်။ သည်အရပ်ကို ငါတို့ စိုက်ခင်းပျိုးခင်းများကို ရေသွင်းရန် ငါတို့ လာကြပါတယ်။ အဲသည်လို လာကြတုန်းမှာ ဖောင်ပေါ်မှာ သင် အိပ်ပျော်လာသဟာကို တွေ့သဟာနှင့် ငါတို့ဟာ သင့်ဖောင်ကို ဆယ်ပြီး ကမ်းနားမှာ ချည်ထားကြပါတယ်။ သဟာကြောင့်မို့ သည်အရပ်ကို သင် ဘယ်လို ရောက်လာသည် ဆိုသဟာ ငါတို့အား ပြောပြပါလော့' လို့ ဆိုသည်။

သည်တော့ ငါက 'အို... အရှင်၊ အလာဟု အရှင်၏ မျက်နှာတော်ကို ထောက်ပြီး ငါ့အား ရှေးဦးစွာ စားစရာ တစ်ခု တစ်ခုကို ပေးပါလော့။ ငါ အစာ ငတ်၍ လာခဲ့ပါသည်။ ပြီးတော့မှ သင်တို့ မေးသည်များကို ငါ ဖြေပါမည်' လို့ ပြောသည်။ အဲသဟာနှင့် အာရဗီစကား ပြောသူက စားစရာ သောက်စရာများ သွားယူပြီး ငါ့ကို ကျွေးသည်။ ငါလည်း ငတ်ငတ်နှင့် ဗိုက်ပြည့်အောင် စားလိုက်သည်။ သည်တော့မှ အားလေး ပြည့်လာသဟာနှင့် ငါလည်း အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးကို အောက်မေ့ပြီး ငါ့အဖြစ်အပျက်များကို ကုန်စင်အောင် ပြောပြလိုက်သည်။ အထူးသဖြင့် တောင်ခေါင်းကြီးထဲမှာ ငါ ဆင်းရဲရပုံတွေကို ပြောပြလိုက်သည်။

ပြီးတော့ သူတို့အချင်းချင်း တိုင်ပင်ပြီး တစ်ယောက်က ဤသူကို ငါတို့ ရှင်ဘုရင်၏ ရှေ့တော်သွင်းပြီး သူ့အဖြစ်အပျက်များကို လျှောက်စေမှ သင့်မည်လို့ ပြောသည်။ ပြီးတော့ ငါ့ကို ဖောင်ရော၊ ဖောင်ပေါ်ပါ ပစ္စည်းရော၊ အကုန်နှင့် သူတို့ ရှင်ဘုရင်ရှေ့တော်ကို သွင်းသွားကြသည်။ သူတို့ ရှင်ဘုရင်ဘွဲ့တော်က သာရန္ဒိတ်ဘုရင်လို့ ခေါ်သည်။

သာရန္ဒိတ်ဘုရင်က နှုတ်ဆက်စကား ပြောပြီး၊ ပျူပျူငှာငှာ ကြိုဆိုပြီး ငါ့ အဖြစ်အပျက်များကို အာရဗီစကား ပြောတတ်သူမှ တစ်ဆင့် မေးသည်။ သည်တော့ ငါကလည်း ငါ ဖြစ်ခဲ့ပုံကို အကုန်လုံး ပြောပြသည်။ သည်တော့ သာရန္ဒိတ်ဘုရင်က ယခုလို ငါ ဘေးအပေါင်းမှ လွတ်မြောက်လာသည့်အတွက် အလွန်အကြူး ဝမ်းသာကြောင်းကို ပြောသည်။

ပြီးတော့ ငါက ငါ့ဖောင်ပေါ် ပါလာသည့် အဖိုးထိုက် အဖိုးတန် ပစ္စည်းများ



www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်ဘုရင်ကို ဆက်သည်။ ရှင်ဘုရင်က ငါ ဆက်သည့် လက်ဆောင်များကို အားရဝမ်းသာ လက်ခံပြီး ငါ့ကို အင်မတန် အရေးတယူ ပြုစုသည်။ ပြီးတော့ ငါ့ကို သူ့နန်းတော်ထဲမှာပဲ တည်းခိုဖို့ အင်မတန် ကောင်းမွန်သည့် အဆောင် တစ်ဆောင်ကို ပေးထားသည်။ အဲသဟာနှင့် ငါလည်း နန်းတော်ကြီးထဲက ဘယ်မှ မထွက်ဘဲနေသည်။

အဲသည် ငါ ရောက်သွားသည့် ကျွန်းဟာ ကမ္ဘာရဲ့ အရှေ့အနောက် ဗဟိုမျဉ်းကြောင်းပေါ်မှာ တည်ရှိသည်။ အဲသည်ကျွန်းဟာ အလျား မိုင်နှစ်ရာ့လေးဆယ်ရှိပြီး အနံက မိုင်တစ်ရာ့ငါးဆယ် ရှိသည်။ အဲသည် ကျွန်းထဲမှာ တောင်တန်းကြီးတစ်ခုနှင့် တောင်ဝှမ်းကြီးတစ်ခု ရှိသည်။ အဲသည်တောင်ကြီးကို သုံးရက်ခရီးကနေပြီး မြင်နိုင်သည်။ အဲသည် တောင်ကြီးပေါ်မှာ အဖိုးထိုက် အဖိုးတန် ကျောက်မျက်ရတနာတွေလည်း ရှိသည်။ အဖိုးထိုက် အဖိုးတန် သီးပင် ပွင့်ပင်တွေလည်း ရှိသည်။ ပြီးတော့ မြေပြင်တစ်ခုလုံးဟာလည်း စိန်ကို ဖြတ်သည့်၊ သွေးသည့် အင်မာရိကျောက်တွေနှင့် ပြည့်နေသည်။ ပြီးတော့ ချောင်းထဲမှာ ဆိုလျှင်လည်း စိန်တွေ ပြည့်နေသဟာပဲ။ တောင်ဝှမ်းထဲမှာတော့ ပုလဲတွေ ရှိသည်။ တစ်နေ့တော့ တောင်ကြီးပေါ်ကို ငါ တက်ကြည့်သည်။ ရှုမြင်ကွင်းဟာ အံ့ဩစရာ ကောင်းလွန်းလို့ ငါဖြင့် ပြောတောင် မပြတတ်ဘူး။ တောင်ပေါ်က ဆင်းလာပြီးတော့ ရှင်ဘုရင် ရှေ့တော်မှာ ငါ ဝင်ခစားသည်။ အဲသည်အခါမှာ ရောက်နေကြသည့် ခရီးသွားတွေရော၊ ကုန်သည်တွေရောက ငါ့ဆီလာပြီး ငါတို့ဇာတိတိုင်းပြည် အကြောင်းနှင့် ဟာရွန်အာလ်ရာရှစ်မင်းကြီး အုပ်ချုပ်တော်မူပုံ အကြောင်းတွေကို မေးကြသည်။ သည်တော့ ငါက ဟာရွန်အာလ်ရာရှစ်မင်းကြီးရဲ့ ဂုဏ်သတင်း ကြီးပုံများကို ပြောပြသည်။ သည်တော့ သူတို့တွေက အားကြီး သဘောကျကြသည်။

ပြီးတော့ ငါကလည်း သူတို့တိုင်းပြည်များရဲ့ အကြောင်းကို ငါ သိချင်သမျှ မေးကြည့်သည်။ တစ်နေ့တော့ ရှင်ဘုရင်ကိုယ်တိုင်က ငါတို့တိုင်းပြည်ကို ဘယ်နည်း ဘယ်ပုံ အုပ်ချုပ်သည် ဆိုသည့် အကြောင်းကို မေးသည်။ သည်တော့ ငါက ငါတို့ ဗဂ္ဂဒက်နေပြည်တော်ကို ငါတို့ သာသနာ့ဒါယကာ ကာလိတ်ဘွဲ့ခံ မင်းကြီး အုပ်စိုးတော်မူပုံဟာ အင်မတန် တရားနှင့်ညီသည့် အကြောင်းကို ပြောပြသည်။ သည်တော့ ရှင်ဘုရင်က 'သင် ပြောပုံအတိုင်းဆိုတော့ သင်တို့ဘုရင်ဟာ အင်မတန် တရားနှင့် ညီသဟာပဲ။ သင် ပြောသဟာ ကြားရသဟာနှင့် သင်တို့ ရှင်ဘုရင်ထံကို ငါတောင် သင့်ဆီက တစ်ဆင့်နေပြီး လက်ဆောင်တော်များ ပို့ချင်သည့်စိတ် ပေါ်လာသည်' လို့ ပြောသည်။

သည်တော့ ငါက 'အရှင်မင်းမြတ် အလိုတော် ရှိသည့်အတိုင်း လက်ဆောင်တော်များ ပါးပေးပြီး အရှင်မင်းမြတ်က နှစ်ပြည့်တစ်ပြည် ရွှေလမ်း ငွေလမ်း ဖောက်ချင်သောစိတ် ရှိတော်မူသည့် အကြောင်းများကိုပါ ဟာရွန်အာလ်ရာရှစ်မင်းကြီးကို လျှောက်လိုက်ပါမည်' လို့ ပြောသည်။





ပြီးတော့ ငါဟာ သာရန္ဒိတ်မင်းကြီးရဲ့ ဧည့်သည်တော်အဖြစ်နှင့် နန်းတော်ထဲမှာ အရှည်အကြာ နေသည်။ အဲသဟာနှင့် တစ်နေ့တော့ ကုန်သည်တစ်စုဟာ ဗတ်သောဋ္ဌမြို့ကို ခရီးထွက်ဖို့ သင်္ဘောပြင်နေကြသည် ဆိုသည့် သတင်းကို ကြားသည်။ သည်တော့ ငါ့စိတ်ထဲက "အင်း... သည်လိုဆိုလျှင် ငါလည်း သူတို့ သင်္ဘောနှင့်ပဲ ဗတ်သောဋ္ဌမြို့ကို လိုက်သွားမှ ဖြစ်မည်"ဆိုသည့်အကြံ ပေါ်လာသည်။ အဲသဟာနှင့် ငါလည်း ရုတ်တရက် ဘုရင်မင်းမြတ် ရှေ့တော်ဝင်ပြီး 'အရှင်မင်းကြီး၊ ငါသည် ငါ၏ ဇာတိတိုင်းပြည်ကို အောက်မေ့ လွမ်းဆွတ်လှပြီဖြစ်၍ ငါ့အား ဗတ်သောဋ္ဌသွား ကုန်သည်များနှင့်အတူ လိုက်ခွင့်ပြုတော်မူပါ' လို့ လျှောက်သည်။

အဲသည်တော့ ဘုရင်မင်းမြတ်က 'သဟာကတော့ သင့်သဘောပေါ့။ သဟာပေမင့် သင်ဟာ ငါတို့ရဲ့ စိတ်နှလုံးကို ရွှင်ပျခြင်း ဖြစ်စေသည့်အတွက် သင် သည်မှာနေချင်သပ ဆိုလျှင်တော့ သင် ကြိုက်သလောက်ပဲ နေနိုင်ပါသည်' လို့ ပြောသည်။ သည်တော့ ငါက 'အို... အရှင်မင်းမြတ်၊ သင်သည် အလာဟု အရှင်၏ မျက်နှာတော်ကို ထောက်ထား၍ ငါ့အား အင်မတိ အင်မတန် ချီးမြှောက် ထောက်ပံ့တော်မူပါသည်။ သဟာပေမင့် ငါ့စိတ်ထဲမှာ ငါ့ဆွေမျိုးများ၊ ငါ့ အပေါင်းအသင်းများကို အောက်မေ့လှပြီ ဖြစ်သဖြင့် ငါ့အား ပြန်ခွင့်ပေးစေလိုပါသည်' လို့ ပြန်လျှောက်သည်။

အဲသည်လို ငါက လျှောက်လိုက်တော့ ဘုရင်မင်းမြတ်က ကုန်သည်တွေ ခေါ်တော်မူပြီး၊ ငါ့အတွက် သင်္ဘောခကို ပေးပြီး၊ ငါ့ကို ကောင်းကောင်းမွန်မွန် ကြည့်ရှုစောင့်ရှောက်ပြီး ခေါ်သွားရမည်လို့ အမိန့်ပေးလိုက်သည်။ ပြီးတော့ ဘုရင်မင်းမြတ်က ငါ့ကို အင်မတိ အင်မတန် အဖိုးထိုက်တန်သည့် လက်ဆောင်ပစ္စည်းများ ပေးတော်မူသည်။ ပြီးတော့ ချိပ်တံဆိပ်တော် ခတ်ထားသည့် သဝဏ်လွှာ တစ်စောင်ကို ငါ့လက်ထဲအပ်ပြီး 'ရော့... သည် သဝဏ်လွှာကို သင်တို့ ဟာရွန်အာလ်ရာရှစ် မင်းကြီးရဲ့ လက်တော်ထဲကို သင်ကိုယ်တိုင် ဆက်လိုက်' လို့ မှာသည်။

အဲသည် သဝဏ်လွှာထဲမှာ "အကြည်တော် မင်းမြတ်၊ သင့်အား ဘေးရန် ကင်းခြင်းသည် ဖြစ်ပါစေသတည်း။ ဤသဝဏ်လွှာသည် ဆင်တစ်ထောင်ရှင်၊ ကျောက်မျက်ရတနာရှင် သာရန္ဒိတ် ဘုရင်ထံမှ ဖြစ်သည်။ ငါတို့သည် သင့်ထံသို့ အဖိုးများစွာ မထိုက်တန်လှသော လက်ဆောင်ကလေး တစ်ခုကို ပါးလိုက်ပါသည်။ သင်သည် ငါတို့အဖို့တွင် ညီနောင်ရင်းပမာ၊ မိတ်ဆွေကောင်းပမာ ဖြစ်ပါသည်။ ငါတို့ နှလုံးတွင်း၌ သင့်အပေါ်တွင် ထားအပ်သော ချစ်ခင်စိတ်သည် အလွန်တရာ ကြီးပါသည်။ ထို့ကြောင့် ငါတို့အား သဝဏ်လွှာ ပြန်ကြားစေလိုပါသည်။ ငါတို့ ပါးလိုက်သော လက်ဆောင်တော်သည် သင်၏ ဘုန်းတန်ခိုးနှင့် စာလျှင် ပြောပလောက်အောင် မဟုတ်ပါ။ သို့ရာတွင် သဘောတော် ကြီးကြီးထား၍ လက်ခံတော်မူပါရန် တောင်းပန်လိုက်ပါသည်။ သင့်၌ ဘေးရန်ကင်းခြင်းသည် ဖြစ်ပါစေသတည်း။" လို့ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သာရန္တိတ်ဘုရင်က ဟာဠ်ုအာဠှာယှစ်မင်းကြီးထံ ပါးလိုက်သည့် လက်ဆောင်တော်ဟာက အမြင့်တစ်ထွာရှိပြီး အတွင်းက ပုလဲလုံးများ စီထားသည့် ပတ္တမြားကြုတ်ဖြစ်သည်။ အဲသည် ပတ္တမြားကြုတ်ကို ဆင်ကိုစားသည့် မြွေရဲ့ အရေနှင့် ထုပ်ထားသည်။ သည်မြွေရေပေါ်မှာ ထိုင်သည့်သူများဟာ ဘယ်အခါမျှ ဖျားခြင်း၊ နာခြင်း မဖြစ်နိုင်ဘူး။ ပြီးတော့ အဖိုးအနဌ ထိုက်တန်သည့် နံ့သာတုံးများလည်း ပါသေးသည်။ ပြီးတော့ လပြည့်ဝန်းကြီးလို ထွန်းလင်းတောက်ပသည့် ကျွန်မပျို တစ်ယောက်ကိုလည်း လက်ဆောင်တော် ပါးလိုက်သေးသည်။

အဲသပဟာနှင့် ငါလည်း သာရန္တိတ်မင်း တိုင်းပြည်မှာရှိသည့် ငါ့အသိ မိတ်ဆွေတွေကို နှုတ်ဆက်ပြီး အခုတွင်က ပြောခဲ့သည့် ကုန်သည်များနှင့် သင်္ဘောလွှင့်ခဲ့သည်။ ငါတို့ဟာ အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကြောင့် လှိုင်းလေ ကင်းရှင်းစွာနှင့် ဗတ်သောဠမြို့ကို ဆိုက်ရောက်လာသည်။ ဗတ်သောဠမြို့မှာ အထုပ်အပိုး ပြင်ဆင်ရင်း လေးငါးရက်လောက် ငါ နေသည်။ ပြီးတော့မှ ငြိမ်းချမ်းခြင်း နေပြည်တော်ဖြစ်သည့် ဗဂ္ဂဒက်မြို့တော်ကို ခရီးဆက်ထွက်ခဲ့သည်။ ဗဂ္ဂဒက် မြို့တော်ကို ရောက်သော ငါဟာ သာသနာ့ဒါယကာ ဘုရင်မင်းမြတ်ရှေ့တော် ဝင်ခစားပြီး လက်ဆောင်တော်များကို ဆက်သသည်။

ဘုရင်မင်းမြတ်က သာရန္တိတ်ဘုရင် ပါးလိုက်သည့် သဝဏ်လွှာကို ဖတ်တော်မူပြီး 'ဟဲ့ . . . ဆင်ဒဗတ်ရဲ့၊ သူ့စာထဲမှာ ရေးထားသဟာတွေဟာ အကုန်လုံး အမှန်ချည်းပဲလား' လို့ မေးသည်။ သည်တော့ ငါက 'အရှင်မင်းမြတ်၊ ငါ့မျက်မြင်ကို ပြောရမည်ဆိုလျှင် သာရန္တိတ်ဘုရင်မင်းမြတ်ရဲ့ သဝဏ်လွှာထဲမှာ ပါသည့်အကြောင်းဟာ မှန်သည်ထက် အများကြီး လျှော့ပေါ့ ပြောထားခြင်းသာ ဖြစ်ပါသည်။ သာရန္တိတ်ဘုရင်ဟာ မြို့ထဲသို့ ထွက်တော်မူသည့် အခါမှာ တစ်ဆယ့် တစ်တောင် အမြင့်ရှိသည့် ဆင်တော်ပေါ်မှာ ရာဇပလ္လင်ကြီး တင်ပြီး ထိုင်တော်မူပါသည်။ သူ့ဘေး တစ်ဖက်တစ်ချက်မှာ မှူးကြီးမတ်ရာများက ဝဲ ယာ ခြံရံပြီး မတ်တတ်ရပ်ပြီး လိုက်ရပါသည်။ သူ့ရှေ့ဘက်က မင်းလုလင်တစ်ယောက်က ရွှေလှံတံကို ကိုင်ပြီး လိုက်ရပါသည်။ သူ့နောက်ဘက်က မင်းလုလင် တစ်ယောက်ကတော့ လက်သန်းလောက်ရှိသည့် မြကြီးကို ထိပ်မှာတပ်ထားသည့် ကျိုင်းကို ကိုင်ပြီး လိုက်ရပါသည်။ သူ မြင်းစီးပြီး ထွက်တော်မူသည်ဆိုလျှင် ရွှေမိန်ချပ်ဝတ် မြင်းစီး စစ်သည့်တော်တစ်ထောင်က ခြံရံပြီး လိုက်ရပါသည်။ သူ ထွက်တော်မူသည့် အခါမှာလည်း သူ့ သံတော်ဆင့်က "ဘုန်းတော် အလွန်ကြီးလှသော ဘုရင်မင်းမြတ် ထွက်တော်မူလာပြီ" ဟု အော်ရပါသည်။ ပြီးတော့ ထိုသံတော်ဆင့်က ဘာတွေ ဆက်ပြောသည်ကိုတော့ မမှတ်မိပါ။ သဟာပေမင့် နောက်ဆုံးမှာ "ငါတို့ ဘုရင်မင်းမြတ် ဆောင်းတော်မူသော မကိုဋ်တော်မျိုးကို ဘယ်မင်း ဘယ်ရှင်ဘုရင်မှ မဆောင်းနိုင်ဘူး" ဟု အဆုံးသတ်လိုက်သည်ကို ငါ ကြားလိုက်ရပါသည်။ အဲသည်





သံတော်ဆင့် အသံတိတ်သွားသောအခါ နောက်သံတော်ဆင့် တစ်ယောက်က "သူဟာ သေမျိုးပဲ၊ သူဟာ သေမျိုးပဲ" ဟု အော်ပါသည်။ ပြီးတော့ နောက် သံတော်ဆင့် တစ်ယောက်က "သေခြင်း ကင်းတော်မူသော အလာဟုအရှင်သည်သာ ချီးမွမ်းဖွယ် ဖြစ်သည်" ဟု အော်ပါသည်။ ပြီးတော့ သာရန္တိတ်မင်းဟာ ပညာ အမြော်အမြင် ရှိပြီး တရားနှင့်အညီ အုပ်စိုးတော်မူသည့်အတွက် သူ့နိုင်ငံမှာ မြို့ဝန်များကိုတောင် ခန့်ထားဖို့ မလိုပါဘူး။ ပြီးတော့ သူ့သစ္စာတော်ကို ခံယူကြသည့် နေ့ဝင်ဘုရင်များတောင်ပင် အမှန်နှင့် အမှားကို ခွဲခြား၍ သိမြင်ကြပါသည်' လို့ ငါက ဗဂ္ဂဒက်ပြည့်ရှင် မင်းကြီးကို လျှောက်သည်။

သည်တော့ ဗဂ္ဂဒက်ပြည့်ရှင် မင်းကြီးက 'တကယ်ကို ဘုန်းကြီးသည့် မင်းပဲဟေ့၊ သူ့စာကို ဖတ်သဟာနှင့် ငါ သိသည်။ ပြီးတော့ သူ့နိုင်ငံတော် ကြီးကျယ်ခမ်းနား သဟာကိုလည်း သင်က မျက်မြင်သက်သေ အဖြစ်နှင့် ပြောပြလို့ ငါ သိရပြီ။ သာရန္တိတ်မင်းဟာ အလာဟု အရှင်၏ ကျေးဇူးတော်ကြောင့် နိုင်ငံတော် ကျယ်သလောက် ပညာ အမြော်အမြင်နှင့်လည်း ပြည့်စုံပါပေသည်' လို့ မိန့်တော်မူသည်။

ပြီးတော့ ဗဂ္ဂဒက်ပြည့်ရှင် မင်းကြီးက ငါ့ရဲ့ အဖြစ်အပျက်များကို အကြားအမြင် လိုလားသည့် နောင်လာနောင်သားများ သိမှတ်နိုင်ရန် အတွက်လည်း မှတ်တမ်းတင်၍ သိမ်းဆည်းထားရန် အမိန့်တော်မှတ်သည်။ ပြီးတော့ ငါ့ကိုလည်း ဆုတော်လာဘ်တော် အမြောက်အမြား ပေးတော်မူသည်။ ပြီးတော့ ငါလည်း ဘုရင်မင်းမြတ် သနားတော်မူသည့် ဆုလာဘ်များကို ယူပြီး ငါ့အိမ်ကို ပြန်လာသည်။

အဲသည်လို ငါ အိမ်ပြန်ရောက်လာသည့် သတင်းကို ကြားကြတော့ ငါ့အသိ မိတ်ဆွေတွေဟာ ငါ့ဆီကိုလာပြီး အားရဝမ်းသာ နှုတ်ဆက်ကြသည်။ သည်တော့ ငါကလည်း ငါ့မိတ်ဆွေများကို အဖိုးထိုက် အဖိုးတန် လက်ဆောင်များကို ပေးသည်။ ပြီးတော့ ငါကလည်း ငါ့မိတ်ဆွေများကို ရယ်စရာ မောစရာ၊ ပျော်စရာ ရွှင်စရာတွေ ပြောပြီး ငါ တွေ့ခဲ့ရသည့် ဆင်းရဲငြိုငြင်မှုတွေကို အကုန်လုံး မေ့သွားသည်။

သည်မှာ သားချင်းတို့၊ အခု ငါ သင်တို့ကို ပြောပြသဟာတွေဟာ ငါ ခြောက်ကြိမ်မြောက် ပင်လယ်ခရီး ထွက်စဉ်က တွေ့ခဲ့ရသည့် အဖြစ်အပျက်တွေပဲ။ မနက်ဖြန်ခါ ကျလို့ရှိလျှင် အင်းယှားလား၊ တကယ်လို့ အလာဟုအရှင် ခွင့်ပြုတော်မူမည် ဆိုလျှင် ငါ့ရဲ့ ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို သင်တို့အား ငါ ပြောပြပါဦးမည်။

ငါ့ရဲ့ ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ်က အခု သင်တို့ကို ငါ ပြောပြခဲ့သည့် ခြောက်ကြိမ်မြောက် ခရီးစဉ်ထက်တောင် အံ့ဩစရာ ကောင်းသေးသည်ဟု ပင်လယ်ခရီးသွား ဆင်ဒဗတ်က သူ၏ မိတ်ဆွေများကို ပြောပြပါသတဲ့။

ပြီးတော့ ပင်လယ်ခရီးသွား ဆင်ဒဗတ်က သူ့မိတ်ဆွေများကို စားပွဲကြီး ပြင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စားကောင်းသောက်ဖွယ် အမျိုးမျိုးတွေနှင့် ညှေ့ခံပါသတဲ့။ ပြီးတော့ ကုန်းဆင်ဒဗတ်ကိုလည်း အလျင်ကလိုပဲ ရွှေဒင်္ဂါးတစ်ရာ ဆုချလိုက်ပါသတဲ့။ အဲသဟာနှင့် ကုန်းဆင်ဒဗတ်ဟာ သူ့အိမ် ပြန်သွားပြီး အိပ်ပါသတဲ့။ နောက်နေ့ မိုးလင်းတော့ ကုန်းဆင်ဒဗတ်ဟာ အရုဏ်တက်မှာ အိပ်ရာက ထပြီး၊ အလာဟု အရှင်ကို အလေးပြုပြီး သူနှင့် နာမည်တူ ပင်လယ်ဆင်ဒဗတ် အိမ်ကို လာပါသတဲ့။ ပင်လယ်ဆင်ဒဗတ်အိမ်မှာ လူစုံကြတဲ့ အခါကျတော့ ပင်လယ်ဆင်ဒဗတ်က သူ့ရဲ့ ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးကို ဆိုလတ္တံ့သည့်အတိုင်း ပြောပြပါသတဲ့။

## [ ၃၆ ]
## ဆင်ဒဗတ်၏
## ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ်

နားထောင်ကြ အဆွေတို့၊ ငါဟာ ခြောက်ကြိမ်မြောက် ပင်လယ်ခရီးထွက်ပြီး ပြန်လာသည့်အခါမှာ ပစ္စည်းဥစ္စာတွေ အတော်များများကြီး ရလာခဲ့သည်။ အဲသဟာနှင့် ငါဟာ အလျင်ကလိုပဲ နေ့ရောညပါ ပျော်ပျော်ကြီး စည်းစိမ်ခံပြီး နေခဲ့သည်။ သဟာပေမင့် အဲသလို စည်းစိမ်ခံစားနေရ သဟာကို ငါ့စိတ်ထဲမှာက မရောင့်ရဲဘူး။ တစ်နေ့တော့ ငါ့စိတ်ထဲက ပင်လယ်ခရီးထွက်ပြီး တခြားနိုင်ငံတွေကို လျှောက်ကြည့်ချင်လာပြန်သည်။ အဲသဟာနှင့် ပင်လယ်ခရီးတစ်လျှောက်မှာ ရောင်းလို့ကောင်းမည့် အဖိုးထိုက်အဖိုးတန် ပစ္စည်းတွေကို ထုပ်ပိုးပြီး တခြား ကုန်သည်တွေနှင့်အတူ ဗဂ္ဂဒက်နေပြည်တော်က ဗတ်သောဋ္ဌ သင်္ဘောဆိပ်ကို ထွက်လာခဲ့သည်လို့ ပင်လယ်ခရီးသွား ဆင်ဒဗတ်က သူ့မိတ်ဆွေများကို ပြောပြပါသတဲ့။

ပြီးတော့ ဆင်ဒဗတ်က ဆိုလတ္တံ့သည့်အတိုင်း သူ့ရဲ့ ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးစဉ်ကို ပြောပြပါသတဲ့။

ဗတ်သောဋ္ဌမြို့ကို ရောက်တော့ ခရီးထွက်မည့် သင်္ဘောတစ်စင်းနှင့် ငါ သွားတွေ့သည်။ အဲသည် သင်္ဘောပေါ်မှာ ကုန်သည်တွေလည်း အတော်များများ ပါသည်။ အဲသဟာနှင့် ငါလည်း ခရီးသွားတွေနှင့် မိတ်ဆွေဖွဲ့ပြီး ငါ့ရဲ့ ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးကို ထွက်လာခဲ့သည်။ အဲသည်အခါတုန်းက ငါဟာ လူကလည်း ကျန်းမာ၊ လှိုင်းလေကလည်း အဆင်သင့်သဟာနှင့် ပင်လယ်ခရီး ထွက်ရသဟာ သိပ်ပျော်သည်။ အဲသလို ပျော်ပျော်ပါးပါးနှင့် သင်္ဘောလွှင့်လာရင်း ငါတို့ သင်္ဘောဟာ မကြာခင်ဘဲ မဒင်နတ် အာလဆိန်မြို့ကို ရောက်လာသည်။ ရာသီဥတုကလည်း ကောင်းသဟာနှင့် ငါတို့





သင်္ဘောဟာ အဲသည်မြို့မှာ ကြာကြာမဆိုက်ဘဲ ပျော်ပျော်ရွှင်ရွှင်နဲ့ ခရီးဆက်ပြီး ထွက်လာခဲ့ကြသည်။

အဲသည်လို ထွက်လာမိလို့ မကြာခင်ဘဲ ငါတို့ သင်္ဘောရဲ့ ရှေ့တူရူအရပ်က လေပြင်းမုန်တိုင်းကြီး ကျလာသည်။ အဲသဟာနှင့် ငါတို့တစ်တွေရော၊ ငါတို့ ကုန်တွေရော အကုန်လုံး မိုးတွေ ရွဲကုန်သည်။ ပြီးတော့ ငါတို့ဟာ ငါတို့ကုန်တွေကို ပျက်စီးမကုန်ရအောင်လို့ ငါတို့ တတ်နိုင်သမျှ ဖုံးအုပ်လာကြသည်။ ပြီးတော့ ငါတို့တစ်တွေဟာ နှိမ့်ကျသည့် စိတ်ထားနှင့် အလာဟုအရှင်ကို ဆည်းကပ်ကြသည်။

အဲသည် အတောအတွင်းမှာ ငါတို့ရဲ့ ကပ္ပိတန်က အလာဟုအရှင်ကို အလေးပြုပြီးတော့ ခါးစည်းကြိုးကို ခိုင်အောင်စည်း၊ ခါးတောင်းမြှောင်အောင် ကျိုက်ပြီး ရွက်တိုင်ပေါ်ကို တက်သွားသည်။ ရွက်တိုင်ပေါ် ရောက်သွားတော့ ကပ္ပိတန်က တောင်မြောက်လေးပါးကို လှမ်းကြည့်သည်။ ပြီးတော့ သင်္ဘောခရီးသွားတွေကို ကြည့်ပြီး စိတ်မချမ်းသာသည့်ဟန်နှင့် သူ့မျက်နှာကို သူ့လက်ဝါးနှင့် ရိုက်၊ သူ့မုတ်ဆိတ်မွေးကို သူ့လက်နှင့်သူ ဆွဲဆွဲနေသည်။ အဲသဟာနှင့် ငါတို့က 'အို . . . ကပ္ပိတန်၊ သင် ဘဟာလို ဖြစ်နေသဟာလဲ' လို့ မေးကြသည်။ သည်တော့ ကပ္ပိတန်က 'ကိုင်း . . . သင်တို့ အားလုံးဟာ အလာဟုအရှင်သာ တ ကြပေတော့၊ သည်တစ်ခါတော့ ခက်ကြပြီ၊ သည်ဘေးကတော့ ပြေးလို့ လွတ်တော့မှာ မဟုတ်ဘူး။ အချင်းချင်း တစ်ယောက်အပြစ်ကို တစ်ယောက် ခွင့်လွှတ်ကြဖို့သာ တောင်းပန်ကြပေတော့။ ငါတို့သင်္ဘောဟာ လေနောက်ကို ပါသွားပြီး သမုဒ္ဒရာတစ်ဖက်စွန်းသို့ ရောက်သွားပြီ' လို့ ပြောသည်။

ပြီးတော့ ကပ္ပိတန်က ရွက်တိုင်ပေါ်က ဆင်းလာပြီး၊ သူ့သေတ္တာကို ဖွင့်ပြီး လွယ်အိတ်အပြာကလေးကို ဆွဲထုတ်လိုက်သည်။ ပြီးတော့ အဲသည် လွယ်အိတ်ထဲက ပြာမှုန့်နှင့်တူသည့် အမှုန့်တွေကိုထုတ်ပြီး ပန်းကန်ပြားထဲမှာ ထည့်ပြီး ရေနှင့်ဖျော်သည်။ ပြီးတော့ တအောင့်လောက်နေပြီး အဲသည် ပန်းကန်ပြားထဲက ရေဖျော်ထားသည့် အမှုန့်ကို နမ်းကြည့်ပြီး စားသည်။ ပြီးတော့ စာအုပ်ကလေး တစ်ခုကို ထုတ်ဖတ်သည်။ ပြီးတော့ 'အို . . . ခရီးသွားတို့၊ သည်စာအုပ်ဟာ အင်မတန် အဖိုးတန်သည်။ သည်စာအုပ်ထဲမှာ သည်နေရာကို ရောက်လာသူ မှန်သမျှဟာ ပြန်လမ်းမရှိဘူး။ အကုန် သေလိမ့်မယ်လို့ ပါသည်။ သည်နေရာကို ဘုရင့်ပိုင်နက်လို့ ခေါ်သည်။ သည်နေရာမှာ အင်မတန် ကြောက်စရာကောင်းပြီး အင်မတန် ကြီးမားသည့် မြွေကြီးတွေ ရှိသည်။ ပြီးတော့ သည်နေရာကို ဘယ် သင်္ဘောပဲ ရောက်လာရောက်လာ၊ ရောက်လာသည့် သင်္ဘောကို ငါးကြီးတစ်ကောင်က လာပြီး သင်္ဘောရော လူပါ မျို မျိုပစ်သည်' လို့ ပြောသည်။

ကပ္ပိတန်က အဲသည်လို ပြောသဟာကို ကြားလိုက်ရတော့ ငါတို့တစ်တွေဟာ အအံ့သြကြီး အံ့သြသွားကြသည်။ ပြီးတော့ ကပ္ပိတန်က စကားပြောလို့ ဆုံးမည်မှ



www.burmeseclassic.com

www.burmeseclassic.com



မကြဲသေးဘူး၊ ငါတို့ သင်္ဘောဟာ အပေါ်မြောက်တက်သွားပြီး ဖြုန်းခနဲဆို ချက်ချင်းပဲ ရေထဲ ပြန်ကျသွားသည်။ သည်တော့ ငါတို့တစ်တွေဟာ ကြောက်ကြောက်နှင့် အလာဟု အရှင်ကိုပဲ တ နေကြသည်။ အဲသည်လို ဖြစ်နေကြတုန်းမှာ မိုးကြိုးများ ပစ်လိုက်သလို ပြင်းထန်သည့် အသံတစ်ခု ပေါ်လာသည်။ အဲသဟာနှင့် ငါတို့တစ်တွေဟာ အသက် တောင် ဘယ်လို ရှူရမှန်း မသိဘဲ ဖြစ်နေကြသည်။ ပြီးတော့ အင်မတန်မြင့်သည့်၊ တောင်ကြီးလောက်ရှိသည့် ငါးကြီးတစ်ကောင်ဟာ ငါတို့ဆီကို ရှေးရှုပြီး လာနေသဟာကို တွေ့ရသည်။ သည်တော့ ငါတို့တစ်တွေလည်း ကြောက်လန့်ပြီး ငိုသည့်လူငို၊ ယိုသည့်သူယို ဖြစ်ကုန်ကြသည်။ အဲသည်လို ဖြစ်နေတုန်းမှာပဲ တစ်ခါ ဒုတိယ ငါးကြီးတစ်ကောင် ထပ်ပေါ်လာပြန်သည်။ ဒုတိယငါးကြီးက ပထမငါးကြီးထက်တောင် ကြီးပြီး ကြောက်စရာ ကောင်းသေးသည်။ အဲသဟာနှင့် ငါတို့တော့ သေကြရတော့မှာ အမှန်ပဲဆိုပြီး တစ်ယောက် တစ်ယောက် နောက်ဆုံးအနေနှင့် နှုတ်ဆက်ကြသည်။ အဲသည်အချိန်မှာ ငါတို့ဟာ ကြောက်လွန်းလို့ ရူးသလိုလို ဖြစ်နေကြသည်။ အဲသည်လို ဖြစ်နေကြတုန်းမှာပဲ ဖြုန်းခနဲဆို တတိယငါးကြီးတစ်ကောင် ထပ်ပေါ်လာပြန်သည်။ အဲသည် တတိယ ငါးကြီးဟာက ပထမနှင့် ဒုတိယ ငါးကြီးနှစ်ကောင်ထက်တောင်မှ ပိုကြီးပြီး ပိုကြောက်စရာ ကောင်းသေးသည်။

အဲသည် ငါးကြီးသုံးကောင်ဟာ ငါတို့သင်္ဘောကို ပတ်ချာလှည့် ပြေးနေကြပြီး တတိယငါးကြီးက ငါတို့သင်္ဘောကို မျိုဖို့ သူ့ပါးစပ်ကြီးကို ဖြဲလိုက်သည်။ သည်တော့ ငါတို့ကလည်း ယောင်ပြီး သူ့ပါးစပ်ကြီးကို ကြည့်လိုက်သည်။ သည်တော့ သူ့ပါးစပ်ကြီးက မြို့တံခါးကြီးထက်တောင် ကြီးကျယ်ပြီး သူ့လည်ပင်းပေါက်ကြီးကလည်း တောင်ကြီးလားလို့တောင်ပင် အောက်မေ့ရလောက်အောင် ကျယ်သဟာကို တွေ့ရသည်။ အဲသဟာနှင့် ငါတို့လည်း ကြောက်ပြီး အလာဟု အရှင်ကို တ ကြသည်။ အဲသည်လို အလာဟုအရှင်ကို တ နေတုန်းမှာပဲ အင်မတန် ပြင်းထန်သည့်လေကြီး တိုက်လာပြီး ငါတို့သင်္ဘောဟာ အပေါ် မြောက်တက်သွားပြန်သည်။ ပြီးတော့ အောက်ပြန်ကျလာပြီး ကျောက်ဆောင်ကြီးနှင့် ဝင်တိုက်ပြီး တစ်ခါတည်း ကြေမွသွားသည်။ အဲသဟာနှင့် ငါတို့တွေဟာ အကုန်လုံး ပင်လယ်ထဲ လိမ့်ကျကုန်ကြသည်။ အဲသဟာနှင့် ငါလည်း ငါ့အပေါ်အင်္ကျီကို ချွတ်ပစ်ပြီး သင်္ဘောကပျက်လို့ ကျန်နေသည့် ပျဉ်ပြားတစ်ချပ်နားရောက်အောင် ကူးသွားသည်။ ပြီးတော့ ငါဟာ အဲသည်ပျဉ်ပြားကို မြင်းစီးသလို ခွစီးပြီး ပင်လယ်ထဲမှာ ဟိုမျော သည်မျော၊ လှိုင်းပုတ်တိုင်း မျောနေသည်။ အဲသည်အခါမှာ ဆာကလည်း ဆာ၊ ရေကလည်း ငတ်၊ ကြောက်ကလည်း ကြောက်နှင့် ငါ့အဖြစ်ဟာ အတော်ပဲ သနားစရာ ကောင်းသည်။ ပြီးတော့ အခုလို ခုနစ်ကြိမ်မြောက် ပင်လယ်ခရီး ထွက်လာမိသည့်အတွက် ငါ့ကိုယ်ငါ အပြစ်တင်ပြီး 'အို... ဆင်ဒဗတ်၊ ပင်လယ်





ငါတို့သင်္ဘောဟာ အပေါ် မြောက်တက်သွားပြန်သည်။ ပြီးတော့ အောက်ပြန်ကျလာပြီး ကျောက်ဆောင်ကြီးနှင့် ဝင်တိုက်ပြီး...။

ခရီးသွား ဆင်ဒဗတ်၊ သင်ဟာ အမှတ်ရှိသည့်သူ မဟုတ်ဘူး။ သင်ဟာ ဆင်းရဲမှု အမျိုးမျိုးတွေကိုလည်း တွေ့ခဲ့ရလှပြီ။ သဟာနှင့်လည်း သင်ဟာ နောင်တဖြစ်ပြီး ပင်လယ်ခရီး မသွားတော့ဘူးလို့ မရှိဘူး။ အခုနေမှာ သင့်ပါးစပ်က ငါ နောက်ကို မသွားတော့ပါဘူးလို့ ဆိုလျှင်လည်း သည်လို ဆိုသဟာ ဟာ သင့်ဝမ်းထဲက ပါလို့ ဆိုသဟာ ဟုတ်မှာ မဟုတ်ဘူး။ သည်တော့ သင့်မိုက်ပြစ်ကို သင် ကြိုးစားခံပေါ့' လို့ ပြောမိသည်။ အဲသည်လို ပြောပြီးတော့ ငါဟာ ငါ့ဟာငါ ချမ်းချမ်းသာသာ နေခဲ့ရသည့် အဖြစ်ကို ပြန်အောက်မေ့ပြီး၊ မျက်ရည်ဖြိုင်ဖြိုင် ကျလာပြီး အလာဟုအရှင်ကို တ မိသည်။ အဲသည်လိုနှင့်ပဲ ငါဟာ ပင်လယ်ထဲမှာ နှစ်ရက်တိုင်တိုင် မျောနေသည်။

နောက်ဆုံးကျမှ အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် ကျွန်းကြီးတစ်ကျွန်းကို ရောက်သွားသည်။ အဲသည် ကျွန်းကြီးပေါ်မှာ တောအုပ်ကြီးတွေနှင့် ချောင်းတွေ မြောင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ အများကြီး ရှိသည်။ အဲသဟာနှင့် ငါလည်း တောအုပ်ကြီးတွေထဲက ချောင်းရေ မြောင်းရေတွေကို ခပ်သောက်ပြီး အမောအပန်း ဖြေနေသည်။ နောက်ဆုံး စိတ်ရော ကိုယ်ရော အမောအပန်း ပြေသွားတော့ . . .

"သင်၏အရေး ရှုပ်ထွေးထုံးထစ်၍ နေချိန်တွင်
ကောင်းကင်ဘုံမှ ကြမ္မာက လာ၍ ဖြေရှင်းပေးတတ်သည်။
သင့်အရေး ရှုပ်ထွေးအောင် ဖန်သူက ရှင်းပေးပါလိမ့်မည်။
သင့်အရေး မရှင်းမချင်း သင့်စိတ်ကို အေးအေးထားပါ။"ဆိုသည့် ဆုံးမစာကို ငါ ရွတ်လိုက်သည်။

ပြီးတော့ ကျွန်းကြီးပေါ်မှာ လျှောက်သွားရင်းနှင့် ရေစီးသန်သည့် ရေချိုမြစ်ကြီး တစ်ခုကို ငါ သွားတွေ့သည်။ အဲသည်တော့ ငါ့စိတ်ထဲက ငါ လုပ်ဖူးတဲ့ ဖောင်ကို သွား သတိရပြီး "အင်း . . . သည်တစ်ခါလည်း ငါ ဖောင်လုပ်ပြီး ကူးရလိမ့်ဦးမည် ထင်သည်။ သည်တစ်ခါ သည်ဘေးက လွတ်လျှင်တော့ နောက်ကို ဘယ်တော့မှ ခရီးမထွက်တော့ ပါဘူး ဆိုသဟာကို အလာဟု အရှင်ထံမှာ ငါ ဝန်ခံတော့မည်။ တကယ်လို့ သည်ဘေးက မလွတ်လို့ သေလျှင်လည်း ငါ့အဖို့ သည်တစ်သက်မှာ အေးသွားမှာပဲ"လို့ အောက်မေ့ လိုက်သည်။

ပြီးတော့ ငါဟာ စန္ဒကူးတုံးတွေကို စုဆောင်းပြီး၊ နွယ်တွေနှင့် ချည်ပြီး ဖောင်ဖွဲ့သည်။ ပြီးတော့ ငါ့ စိတ်ထဲက သည်တစ်ခါ ငါမသေလျှင်တော့ အလာဟု အရှင်ရဲ့ ကျေးဇူးပဲလို့ အောက်မေ့ပြီး၊ စန္ဒကူးဖောင်ကို မြစ်ထဲချပြီး စုန်ခဲ့သည်။ အဲသဟာ နှင့် သုံးရက်လောက် ကြာသွားတော့ အစာလည်း မစားရသဟာနှင့် ငါဟာ အားအင် ကုန်ခန်းပြီး မူးဝေလာသည်။ ရေငတ်သည့် အခါကျတော့ မြစ်ထဲက ရေကို သောက်ရ လို့တော့ တော်ပါသေးသည်။

အဲသည် သုံးရက် လွန်သွားတော့ ငါ့ဖောင်ဟာ တောင်ကြီးတစ်ခုနား ရောက် သွားသည်။ မြစ်ကလည်း အဲသည်တောင်ကြီးကို ဖောက်စီးသွားသည်။ အဲသဟာကို မြင်လိုက်တော့ ငါ့စိတ်ထဲမှာ ငါ ခြောက်ကြိမ်မြောက် ခရီးထွက်တုန်းက တွေ့ဖူးသည့် တောင်ခေါင်းကြီးကို သွားသတိရပြီး အကြောက်ကြီး ကြောက်သွားသည်။ အဲသဟာနှင့် ငါဟာ ဖောင်ကို ရပ်ပြီး တောင်ကြီးပေါ် တက်သွားတော့မည်လို့ ကြံလိုက်သည်။ သဟာပေမင့် ရေစီးက သန်လွန်းလို့ ငါ့ဖောင်ဟာ တောင်ခေါင်းကြီးထဲ တစ်ခါတည်း မျောပါသွားသည်။ သည်တော့ ငါ့စိတ်ထဲက သည်တစ်ခါတော့ ငါ သေတော့မှာပဲလို့ အားလျှော့လိုက်ပြီး ဒွန္နယာကြီးမှာ အလာဟု အရှင်မှတစ်ပါး ကိုးကွယ်ရာ မရှိဘူးလို့ အောက်မေ့လိုက်သည်။

သဟာပေမင့် အလာဟုအရှင်ရဲ့ ကျေးဇူးတော်နှင့် ငါ့ဖောင်ဟာ မကြာခင်ပဲ တောင်ခေါင်းထဲက လွတ်လာပြီး အလင်းရောင်ရှိသည့် နေရာကို ရောက်လာသည်။





အဲသဟာနှင့် ရှေ့ကို လှမ်းကြည့်လိုက်တော့ အင်မတန် ကျယ်ဝန်းသည့် တောင်ကြားကြီး ကို မြင်လိုက်ရသည်။ ပြီးတော့ ငါ့ဖောင် မျောလာသည့် မြစ်ဟာလည်း အဲသည် တောင်ကြားထဲကို မိုးခြိမ်းသည့် အသံမျိုးနှင့် မြည်ပြီး ဝါးလုံးထိုး စိုက်ပြီး စီးသွားသည်။ သည်တော့ ငါ့ဖောင်ဟာလည်း ရေစီးနှင့် တစ်ခါတည်း ပါသွားသည်။ ငါလည်း လိမ့်ကျမှာ ကြောက်သဟာနှင့် ဖောင်ကို တအားကိုင်ပြီး လိုက်သွားသည်။ သည့်ပြင်လည်း ငါ ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ သဟာပေမင့် နောက်ဆုံးကျတော့ ငါ့ဖောင်ဟာ အင်မတန် လူနေ စည်ကားသာယာသည့် မြို့ကြီးတစ်မြို့ အနားသို့ ရောက်သွားသည်။

မြို့သူမြို့သားတွေက ငါ့ဖောင်ကိုမြင်တော့ ငါ့ဆီကို ကြိုးတစ်ချောင်း လှမ်းပစ် ပေးကြသည်။ သဟာပေမင့် ငါက မောပန်းပြီး မလှုပ်နိုင် မယှက်နိုင် ဖြစ်နေသဟာနှင့် သူတို့ ပစ်ပေးသည့်ကြိုးကို လှမ်းပြီး မဖမ်းနိုင်ဘူး။ အဲသဟာနှင့် တစ်ခါ မြို့သူမြို့သား တွေက ငါ့ဖောင်ကို ကွန်ကြီးနှင့် ပစ်ဖမ်းပြီး ကမ်းစပ်ကို ဆွဲယူကြသည်။ သည်တော့ ငါလည်း အစာကလည်း ငတ်၊ မောကလည်း မော၊ ကြောက်လည်းကြောက် ဖြစ်နေ သဟာနှင့် လူသေကောင်ကြီးလို မြေကြီးပေါ် လဲကျသွားသည်။ အဲသလို လဲကျသွားပြီးလို့ ခဏလောက်ကြာတော့ အင်မတန် အသက်အရွယ်ကြီးသည့် အဘိုးကြီးတစ်ယောက်က ပရိသတ်ထဲက ထွက်လာပြီး ငါ့ကို အဝတ်အထည်များနှင့် အုပ်ပေးသည်။ သည်တော့မှ ငါ့အရှက်လည်း လုံသွားသည်။ ပြီးတော့ အဘိုးကြီးက ငါ့ကို ရေချိုးခန်းကို ခေါ်သွားပြီး ရေများချိုးပေးသည်။ ပြီးတော့ အင်မတန် ချိုမြသည့် ဖျော်ရည်များကိုတိုက်ပြီး နံ့သာ ရည်များနှင့်လည်း ငါ့ကို ဖျန်းပေးသည်။ ပြီးတော့ ငါ ရေချိုးပြီးလို့ ထွက်လာသည့်အခါမှာ အဘိုးကြီးက သူ့အိမ်ကို ခေါ်သွားသည်။ အဲသည်အခါမှာ လူအများက ဝိုင်းပြီး အရေး တယူ ပြုစုကြသည်။ ပြီးတော့ အဘိုးကြီးက သက်သောင့်သက်သာ ဖြစ်မည့် နေရာမှာ ငါ့ကို အထိုင်ခိုင်းပြီး စားကောင်းသောက်ဖွယ်တွေကို ကျွေးသည်။ ငါလည်း ဆာဆာ ငတ်ငတ်နှင့် အဘိုးကြီးကျွေးသည့် အစာများကို မြိန်ရေရှက်ရေ စားပြီး အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကို အောက်မေ့ကာ နေသည်။ ပြီးတော့ အဘိုးကြီး၏ ယောကျ်ားအခိုင်း အစေများက လက်ဆေးဖို့ ရေနွေးယူပေးသည်။ အဘိုးကြီးရဲ့ မိန်းမအခိုင်းအစေများ ကတော့ ငါလက်သုတ်ဖို့ ပိုးလက်သုတ်ပဝါများ ယူပေးသည်။ ပြီးတော့ အဘိုးကြီးက ငါအိပ်ဖို့ အခန်းတစ်ခုပေးပြီး သူ့ ယောကျ်ားအခိုင်းအစေ၊ မိန်းမအခိုင်းအစေများကို ငါ့ကို ပြုစုပေးဖို့နှင့် ငါ လိုသဟာများကို ရှာကြံပေးဖို့ မှာထားသည်။ အဘိုးကြီးက ငါ့ကို ပေးထားသည့် အခိုင်းအစေများဟာ အင်မတန် ဝတ္တရားကျေပွန်ကြသည်။

အဲသဟာနှင့် ငါလည်း အဘိုးကြီး ပေးထားသည့် အခန်းမှာ သုံးရက်လောက် ဝဝအိပ်၊ စားပြီး စိတ်ချမ်းသာ လက်ချမ်းသာနေသည်။ လေးရက်မြောက်သည့် နေ့ကျ တော့ အဘိုးကြီးက ငါ့ဆီလာပြီး 'အို . . . သား၊ သင် ရောက်လာသည့်အတွက် ငါတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် စိတ်နှလုံး ပျော်ရွှင်ပါသည်။ သင် အခုလို ဘေးမသီ ရန်မခဘဲ ရောက်လာသည့် အတွက်လည်း အလာဟု အရှင်ကို ငါတို့ အများကြီး ကျေးဇူးတင်ပါသည်။ ဘယ့်နှယ်လဲ၊ သင် ငါနှင့် အခု ကမ်းနားနှင့် ဈေးကို လိုက်ပြီး သင့်မှာ ပါလာသည့် ကုန်တွေကို ရောင်းမလား။ ရောင်းပြီး ရသည့် အသပြာနှင့် သင်ကြိုက်သည့် ကုန်များကို ပြန်ဝယ်နိုင်ပါသည်။ သင့်ကုန်များကို ကုန်းပေါ်မှာ ချထားဖို့ ငါ့အစေအပါးများကို ပြောထားပြီးပါပြီ' လို့ ပြောသည်။

သည်တော့ ငါက အဘိုးကြီး ပြောသပဟာကို နားမလည်သပဟာနှင့် ဘာမျှ ပြန်မပြောဘဲ ငြိမ်နေသည်။ သည်တော့ အဘိုးကြီးက 'အို... သား၊ ဘာမျှ ပူပန်မနေပါနှင့်၊ ငါနှင့်သာ အခု လိုက်ခဲ့ပါ။ ပြီးတော့ ဈေးရောင်းလို့ သင် ကြိုက်သည့်ဈေး ရလျှင်လည်း သင့်ကုန်များကို ရောင်းပေါ့၊ ဈေးမကြိုက်သေးလည်း မရောင်းသေးနှင့်ပေါ့။ တကယ်လို့ သင် ကြိုက်ဈေး မရလို့ မရောင်းချင်သေးဘူးပ ဆိုလျှင်လည်း သင့်ကုန်များကို ငါ့ကုန်ရုံထဲမှာ သိမ်းထားပြီး နောက် ကြိုက်ဈေးရသည့် အခါကျမှပဲ ရောင်းသပဟာပေါ့' လို့ ပြောသည်။ သည်တော့ ငါ့စိတ်ထဲက သူ ပြောသည့်အတိုင်းပဲ လုပ်ပြီး ငါ့ကုန်တွေဟာ ဘာတွေဆိုသပဟာ ကြည့်ရသေးသပဟာပေါ့လို့ အောက်မေ့မိသည်။

အဲသပဟာနှင့် ငါက 'အို... ဦးလေး၊ သင် ပြောသည့်စကားကို ငါ မပယ်ပါဘူး။ သင် ကြိုက်သလို လုပ်ပါ။ သင် လုပ်သမျှတွေဟာ အလာဟုအရှင်ရဲ့ အကြိုက်ချည်း ပါပဲ' လို့ ပြောသည်။ ပြီးတော့ ငါလည်း အဘိုးကြီးနှင့် ဈေးကို လိုက်သွားသည်။ သည်တော့မှ ငါ ဖောင်လုပ်လာသည့် စန္ဒကူးတုံးတွေကို အဘိုးကြီးက ရောင်းဖို့ဖြုတ်ပြီး ပုံထားသပဟာကို တွေ့ရသည်။ ငါ ရောက်သွားသည့် အချိန်မှာ ပွဲစားတစ်ယောက်က စန္ဒကူးတုံးတွေကို ရောင်းဖို့ ဈေးတောင် ခေါ်နေသပဟာကို ငါ တွေ့ရသည်။ ပြီးတော့ အဲသည်လို ဈေးခေါ်နေရင်းနှင့် သူ့ထက်ငါ ဈေးတက်ပေးထားကြသပဟာနှင့် နောက်ဆုံးမှာ အသပြာ တစ်ထောင်ဈေးထိ ရောက်သွားသည်။

သည်တော့ အဘိုးကြီးက 'သည်မှာ သား၊ အခုခေတ်က ကျပ်တည်းသည့်ခေတ် ဖြစ်တော့ သင့်စန္ဒကူးတုံးတွေရဲ့ ပေါက်ဈေးဟာ သပဟာလောက်ပဲ ရှိမည်။ သပဟာ့ထက်တော့ ပိုပြီး ရလမ်း မရှိတော့ဘူး။ ဘယ်နှယ့်လဲ၊ သည်ဈေးနှင့်ပဲ ရောင်းချင်သလား။ သပဟာမှ မဟုတ်ဘဲနှင့် ငါ့ကုန်ရုံထဲမှာ ဈေးတက်လာသည့် အချိန်ရောက်အောင် လှောင်ထားချင်သေးသလား' လို့ မေးသည်။ သည်တော့ 'အို... အရှင်၊ ငါ့အလုပ်သည် သင့်လက်တွင်း၌ ရှိပါသည်။ သင် ကြိုက်သလိုသာ စီမံပါ' လို့ ငါက ပြောသည်။

သည်တော့ အဘိုးကြီးက 'အခုကုန်သည်တွေက ပေးကြသည့် ဈေးထက် ငါက အသပြာတစ်ရာ တိုးပေးမည်။ သင့်စန္ဒကူးတုံးတွေကို ငါ့ကို ရောင်းမလား' လို့ မေးသည်။ ငါက 'ကောင်းပါပြီ၊ ရောင်းပါမည်' လို့ ပြန်ပြောသည်။ သည်တော့ အဘိုးကြီးက





သူ့အခိုင်းအစေတွေကို ငါ့စန္ဒကူးတုံးတွေကို သူ့အိမ် သယ်သွားကြဖို့ အမိန့်ပေးလိုက်သည်။ သူ့အိမ်ရောက်တော့ ကျသင့်သည့် အသပြာကို ငါ့ကို ပေးပြီးတော့ သေတ္တာကြီးထဲမှာ ထည့်ပြီး သိမ်းထားဖို့ ပြောသည်။ နောက် လေး ငါးရက် ကြာတော့ အဘိုးကြီးက ငါ့ဆီလာပြီး 'သည်မှာ ငါ့သား၊ သင့်ကို ငါ ပြောစရာ တစ်ခု ရှိသည်။ ငါ့စကားကို သင် နားထောင်လိမ့်မည်လို့ ငါယုံတယ်' လို့ ပြောသည်။ သည်တော့ ငါက 'သင် ငါ့ကို ဘာပြောချင်သလဲ၊ ပြောပါ' လို့ ဆိုသည်။ သည်တော့ အဘိုးကြီးက 'ငါဟာ အသက်ကြီးလှပြီ၊ ငါ့မှာ သားလည်း တစ်ယောက်မှ မရှိဘူး၊ သမီးပျိုတစ်ယောက်တော့ ရှိသည်။ သည်သမီးက အသက်ကလည်း ငယ်ပြီး ရုပ်ရည်ကလည်း ချောသည်။ ပစ္စည်းဥစ္စာလည်း ပေါသည်။ သည်တော့ သင်လည်း သည်တိုင်းပြည်မှာပဲ နေရအောင် အဲသည် ငါ့သမီးနှင့် သင့်ကို ငါ ထိမ်းမြားပေးချင်သည်။ ထိမ်းမြားပြီးသည့်နောက် ငါ့ပစ္စည်းဥစ္စာတွေကို သင့်ကို ငါ အကုန်လုံး လွှဲပေးချင်သည်' လို့ ပြောသည်။ သည်တော့ ငါက ရုတ်တရက် ဘာမှ မပြောတတ်သပဟာနှင့် ငြိမ်နေသည်။ သည်တော့ အဘိုးကြီးက 'သည်ကိစ္စမှာတော့ ငါ့စကားကို သင် နားထောင်စေချင်သည် သား၊ ငါဟာ သင့်ကောင်းကျိုးကိုသာ လိုလားပါသည်။ ငါ့စကားကို နားထောင်မည်ဆိုလျှင်တော့ အခုချက်ချင်းပဲ ငါ့သမီးကို သင့်ဆီကို ငါ အပ်ပါမည်။ ပြီးတော့ ငါ့မှာရှိသမျှ ပစ္စည်းဥစ္စာတွေကိုလည်း သင့်ကို နာမည်တစ်ခါတည်း လွှဲပေးပါမည်။ ငါ့သမီးနှင့် ထိမ်းမြားပြီးသည့်နောက် သင့်တိုင်းပြည် သင်ပြန်ပြီး ကုန်သွယ်ချင်သေးသပ ဆိုလျှင်လည်း သွယ်နိုင်ပါသည်။ ငါ မတားပါဘူး။ သင့်ပစ္စည်းများကိုလည်း သင် ကြိုက်သလို လုပ်နိုင်ပါသည်' လို့ ပြောသည်။

သည်တော့ ငါက 'အို... ဦးလေး၊ သင်ဟာ ငါ့အဖို့မှာ အဖေဆိုလျှင်လည်း ဟုတ်ပါသည်။ ငါဟာ သည်အရပ်မှာ သူစိမ်းတစ်ရုံဆံလည်း ဖြစ်ပြန်၊ ဆင်းရဲမှု အမျိုးမျိုးနှင့်လည်း တွေ့လာရပြန်တော့ ငါ့ဟာငါ ဘာမျှ မဝေခွဲ မဆုံးဖြတ်နိုင်အောင် ဖြစ်နေပါသည်။ သပဟာကြောင့်မို့ သင် သဘောကျသလိုသာ စီမံပါ။ သင် စီမံသည့် အတိုင်း ငါ နားထောင်ပါမည်' လို့ ပြန်ပြောသည်။ သည်တော့ အဘိုးကြီးက မြို့ဝန်နှင့် သက်သေများကို ခေါ်ပြီး၊ အကြီးအကျယ် ကျွေးမွေးပြီး သူ့သမီးနှင့် ထိမ်းမြားပေးသည်။

အဲသပဟာနှင့် ငါ့ကို အခန်းအပ်လို့ အခန်းထဲ ဝင်သွားသည့် အခါကျတော့ ငါ့ဇနီးက တကယ့်ကိုချော၊ တကယ့်ကို လှသပဟာကို ငါ တွေ့ရသည်။ ရွှေတွေ ငွေတွေ၊ စိန်တွေ ကျောက်တွေ ပြင်ဆင်ထားလိုက်သပဟာကလည်း တစ်ကိုယ်လုံးကို ညွတ်နေသပဟာပဲ။ ပြီးတော့ ငါ့ဇနီးဟာက အင်မတန် ယဉ်ကျေးသိမ်မွေ့ပြီး ငါ့ကိုလည်း အင်မတန် ပြုစုသည်။ သည်တော့ ငါလည်း အင်မတန် ချမ်းသာပျော်ရွှင်ပြီး နေသည်။ အဲသည်လို နေကြတုန်းမှာ တစ်နေ့တော့ ငါ့ယောက္ခမကြီးကို အလာဟုအရှင် ခေါ်တော်မူသွားသည်။ သည်တော့ ငါတို့လည်း ယောက္ခမကြီး အလောင်းကို ကောင်းမွန်စွာ သင်္ဂြိုဟ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲသလို ငါ့ယောက္ခမကြီး သေသွားတော့ သူပိုင်သည့် ပစ္စည်းတွေ၊ သူပိုင်သည့် အခိုင်းအစေတွေဟာ အကုန်လုံး ငါ့ဆီ ရောက်လာသည်။

ပြီးတော့ ငါ့ယောက္ခမကြီးက ကုန်သည်တွေရဲ့ အသင်းက အကြီးအမှူးဖြစ်သဟာနှင့် ကုန်သည်တွေက ငါ့ကို ငါ့ယောက္ခမကြီး နေရာမှာ ဆက်ပြီး အကြီးအမှူးခန့်ကြသည်။ အဲသဟာနှင့် ကုန်သည်တွေနှင့် ငါဟာ ရင်းရင်းနှီးနှီး ဖြစ်လာတော့ ကုန်သည်တွေ အကြောင်းနှင့် ပတ်သက်လို့ အင်မတန် ထူးဆန်းသဟာ တစ်ခုကို ငါတွေ့ရသည်။

အဲသည် ကုန်သည်တွေဟာ လဆန်းသည့်အခါတိုင်း လဆန်းသည့်အခါတိုင်း အတောင်ပေါက်ပေါက်ပြီး ကောင်းကင်ကို ပျံ ပျံ သွားကြသည်။ အဲသည်အခါမှာ သူတို့အိမ်တွေမှာ ကလေးနှင့် မိန်းမတွေပဲ ကျန်ရစ်သည်။

အဲသဟာနှင့် ငါ့စိတ်ထဲက သည်တစ်ခါ လဆန်းလျှင်တော့ ကုန်သည်တွေ့ကို သူတို့ သွားသည့်နေရာကို ငါ့ကိုလည်း ခေါ်သွားပါ၊ ငါလည်း အပျင်းပြေ လိုက်ချင်ပါသည်လို့ ပြောမည်လို့ ကြံမိသည်။ သဟာနှင့် လဆန်းတော့ ငါက ကုန်သည်တစ်ယောက်ကို ကပ်ပြီး 'ငါ့ကို သင် သွားသည့်ဆီကို ခေါ်သွားစမ်းပါ။ ငါ ပျင်းလွန်းလို့ပါ' လို့ ပြောသည်။ ပထမတော့ အဲသည် ကုန်သည်က 'ဘယ်ဖြစ်မလဲ' လို့ ပြောသည်။ အဲသဟာနှင့် ငါက ထပ်ကာထပ်ကာ နားပူတော့မှ အဲသည် ကုန်သည်က 'ကောင်းပါပြီ၊ ခေါ်ပါမည်' လို့ ပြောသည်။ အဲသဟာနှင့် ငါလည်း ငါ့ဇနီးရော၊ ငါ့အခိုင်းအစေတွေရော တစ်ယောက်မျှ မပြောခဲ့ဘဲနှင့် အဲသည် ကုန်သည်ရဲ့ ကျောပေါ်က စီးပြီး ကောင်းကင်ကို ပျံလိုက်သွားတယ်။

သူတို့ ပျံတက်သွားသည့် နေရာဟာ မြင့်လွန်းလို့ ငါ့အထင်တော့ ကောင်းကင်ဘုံနားကို ကပ်သွားသည် ထင်သည်။ နတ်တွေက အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူးကို ချီးကျူးနေကြသည့် အသံတွေတောင် ငါကြားရသည်။ အဲသဟာနှင့် ငါ့စိတ်ထဲက ကြည်ညိုစိတ်ပေါ်လာပြီး 'အလာဟု အရှင်သည်သာလျှင် ချီးကျူးခြင်းကို ခံတော်မူထိုက်သည်။ အလာဟုအရှင်၏ စင်ကြယ်ခြင်းအား ငါ၏ ချီးကျူးခြင်းသည် ဖြစ်စေသတည်း' လို့ ယောင်ပြီး အော်လိုက်မိသည်။ အဲသလို အော်မိလို့ ပါးစပ်တောင် မပိတ်ရသေးဘူး ကောင်းကင်ဘုံမှ မီးလျှံကြီးတစ်ခု ပေါ်လာပြီး ကုန်သည်တွေဟာ သီသီကလေး သေဘေးမှ လွတ်သွားကြသည်။ အဲသဟာနှင့် ကုန်သည်တွေဟာ ငါ့ကို ကျိန်ဆဲပြီး မီးလျှံကြီးရဲ့ဘေးမှ လွတ်အောင် တစ်ခါတည်း ပြန်ပြေးကုန်ကြသည်။ ပြီးတော့ ငါ့ကိုလည်း ပစ်ထားခဲ့ကြသည်။ သည်တော့ ငါလည်း တစ်ယောက်တည်း တောင်ကြီးတစ်ခုပေါ်မှာ ကျပြီး ကျန်ရစ်ခဲ့သည်။

အဲသဟာနှင့် ငါ့စိတ်ထဲက နောင်တဖြစ်ပြီး ဒွန္တယာကြီးတွင် အလာဟု အရှင်မှ တစ်ပါး ဘုန်းတန်ခိုးကြီးသူ မရှိလို့ ညည်းမိသည်။ ပြီးတော့ ငါဟာ ဆင်းရဲမှုတစ်ခုကမှ





လွတ်မည်မှ မကြံသေးဘူး၊ နောက် ဆင်းရဲမှုတစ်ခုနှင့် ဆက်တွေ့နေရသည့်အတွက် စိတ်မကောင်း ဖြစ်နေသည်။ အဲသလို ဘယ်သွားလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေသည့်အခါမှာ လပြည့်ဝန်းလို ကျက်သရေရှိသည့် လုလင်ပျို နှစ်ယောက်ဟာ ရွှေတောင်ဝှေးကို ကိုင်ပြီး လာကြသဟာကို တွေ့ရသည်။ သည်တော့ ငါက လုလင်ပျိုနှစ်ယောက်ဆီ သွားပြီး 'သင်တို့နှစ်ယောက်အား အလာဟုအရှင်သည် မ တော်မူစေသတည်း။ သင်တို့သည် မည်သူမည်ဝါ ဖြစ်ကြပါသနည်း' လို့ မေးသည်။ သူတို့နှစ်ယောက်က 'ငါတို့နှစ်ယောက်သည် အလာဟုအရှင်၏ တပည့်များဖြစ်၍ ဤတောင်တွင် နေကြပါသည်' လို့ ပြောသည်။ အဲသလို ပြောပြီးတော့ သူတို့မှာ ပါလာသည့် ရွှေတောင်ဝှေးကို ငါ့ပေးထားခဲ့ပြီး သူတို့နှစ်ယောက်ဟာ သွားမြဲတိုင်း ဆက်သွားကြသည်။

အဲသဟာနှင့် ငါလည်း ရွှေတောင်ဝှေးနှင့် ထောက်သွားပြီး လုလင်ပျို နှစ်ယောက်အကြောင်းကို စဉ်းစားနေသည်။ အဲသလို စဉ်းစားနေတုန်းမှာ တောင်အောက်က မြွေမကြီးတစ်ကောင်ဟာ လူတစ်ယောက်ကို ပါးစပ်ထဲမှာ ချီပြီး တက်လာသဟာကို ငါတွေ့ရသည်။ အဲသည်အခါမှာ မြွေပါးစပ်ထဲက လူက 'ငါ့ကို ကယ်သည့်သူကို အလာဟုအရှင်က ကယ်ပါလိမ့်မည်' လို့ အော်သည်။ အဲသဟာနှင့် ငါက မြွေမကြီးကို တောင်ဝှေးနှင့် သွားပြီး ရိုက်လိုက်သည်။ သည်တော့ မြွေမကြီးက သူ့ပါးစပ်ထဲက လူကို လွှတ်ချလိုက်သည်။ ပြီးတော့ မြွေမကြီးကို ငါက တောင်ဝှေးနှင့် နောက်တစ်ချက် ဆက်ပြီး ရိုက်လိုက်သည်။ သည်တော့ မြွေမကြီးဟာ တစ်ခါတည်း ထွက်ပြေးသည်။

သည်တော့ မြွေမကြီး ပါးစပ်ထဲက ထွက်လာသည့် လူက ငါ့ဆီလာပြီး 'သင်က ငါ့ကို မြွေမကြီးရဲ့ဘေးမှ ကယ်လိုက်သည့်အတွက် ငါဟာ သည်တောင်ပေါ်မှာ သင်နှင့်ပဲ အတူတူ နေတော့မည်' လို့ ပြောသည်။ သည်တော့ ငါက 'ကောင်းပြီ' လို့ ပြောပြီး တောင်ပေါ်မှာ သူနှင့်အတူတူ နေကြသည်။ အဲသလို နေကြတုန်းမှာ ငါတို့ဟာ လူတစ်စုနှင့် သွားတွေ့သည်။ အဲသည် လူတစ်စုထဲမှာ ငါ့ကို ကျောပေါ်တင်ပြီး ကောင်းကင်ကို ခေါ်သွားသည့် လူလည်း ပါလာသည်။ အဲသဟာနှင့် ငါက သူ့ဆီသွားပြီး ငါ့ကို အခွင့်လွှတ်ဖို့ မျက်နှာချိုသွေးပြီး 'အို . . . အဆွေ၊ မိတ်ဆွေအချင်းချင်း ဆိုသဟာ တစ်ယောက်ကို တစ်ယောက် ဖွေမယူ ကောင်းပါဘူး' လို့ ပြောသည်။

သည်တော့ သူက 'သင် လုပ်ပုံကိုလည်း သင့်ဟာသင် ပြန်စဉ်းစားကြည့်စမ်းပါဦး။ ငါ့ကျောပေါ်မှာ စီးနေရင်းနှင့် သင်က အလာဟုအရှင်ကို ချီးကျူးလိုက်သည့်အတွက် ငါတို့ဟာ သီသီကလေးပဲ သေဘေးက လွတ်ကြရသည် မဟုတ်လား' လို့ ပြောသည်။ သည်တော့ ငါက 'သည်လို ဖြစ်တတ်သည် ဆိုသဟာကို ငါ မသိလို့ ချီးကျူးမိသဟာပါ။ ငါ့ကို စိတ်မဆိုးပါနှင့်၊ အခု ငါ့ကို သင်က ပြန်ခေါ်သွားမည်ဆိုလျှင် ငါ့ပါးစပ်ကို တစ်ခါတည်း ပိတ်ပြီး လိုက်ဖို့ ငါတာဝန်ခံပါသည်' လို့ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့မှ သူလည်း စိတ်ဆိုးပြေသွားပြီး ငါ့ကို ပြန်ခေါ်သွားမည်လို့ ပြောသည်။ ပြီးတော့ သူက 'သဟာပဲနော်၊ သင်ဟာ ငါ့ကျော ပေါ်မှာ စီးနေတုန်းမှာ အလာဟုအရှင်ကို ချီးကျူးသည့် စကားဆိုလို့ တစ်လုံးမျှ မပြောရဘူး။ အဲသဟာကို သင်တာဝန်ခံရမည်' လို့ ဆိုသည်။ သည်တော့ ငါကလည်း 'ကောင်းပါပြီ' လို့ ဝန်ခံလိုက်သည်။

ပြီးတော့ ငါ့လက်ထဲက ရွှေတောင်ဝှေးကို မြွေမကြီး ပါးစပ်ထဲက ငါ ကယ်တင်ထားသည့် လူကို ပေးထားခဲ့ပြီး ငါလည်း ငါ့မိတ်ဆွေရဲ့ ကျောပေါ် တက်စီးပြီး ငါ့အိမ်ကို ပြန်လိုက်လာသည်။ ငါ့အိမ် ပြန်ရောက်သွားတော့ ငါ့ဇနီးက အားရဝမ်းသာနှင့် ဆီးကြိုပြီး 'နောက်ကို သည်လူတွေနှင့် ဘယ်တော့မှ အပေါင်းအသင်း မလုပ်ပါနှင့်။ သူတို့တွေက ယှိုက်တန်(မာရ်နတ်)ဂိုဏ်းက လူတွေ။ အလာဟုအရှင်ကို ယုံကြည် ကိုးကွယ်သဟာ မဟုတ်ဘူး' လို့ ပြောသည်။ သည်တော့ ငါက 'အနို့... သင့်အဖေကတော့ ဘာလို့ သူတို့နှင့် ပေါင်းသလဲ' လို့ မေးသည်။ သည်တော့ ငါ့ဇနီးက 'ငါ့အဖေက သူတို့ဂိုဏ်းက မဟုတ်ဘူး၊ သူတို့နှင့်လည်း မတူဘူး။ ပြီးတော့ အခုဆိုလျှင် ငါ့အဖေလည်း ရှိတော့သဟာ မဟုတ်ဘူး။ သည်တော့ ငါတို့မှာ ရှိသည့် ပစ္စည်းတွေကို အကုန်လုံး ထုခွဲရောင်းချပြီး သင်တို့ တိုင်းပြည်ကို ငါတို့ ပြောင်းကြလျှင် ကောင်းမည် ထင်သည်၊ ငါလည်း လိုက်ပါမည်။ ငါ့အဖေ၊ ငါ့အမေ မရှိကတည်းက ငါလည်း သည်မြို့မှာ မနေချင်တော့ပါဘူး' လို့ ပြောသည်။

အဲသဟာနှင့် ငါလည်း အဘိုးကြီးရဲ့ ပစ္စည်းတွေကို တစ်ခုစီ တစ်ခုစီ ချချရောင်းပြီး ဗတ်သောဋ္ဌမြို့ဘက်ကို သွားမည့် အဖော်ကိုရှာသည်။ အဲသလို ရှာနေတုန်းမှာ ဗတ်သောဋ္ဌမြို့ကို သွားချင်သည့် လူတစ်စုကို တွေ့သည်။ သဟာပေမင့် သူတို့မှာ သင်္ဘောမရှိသဟာနှင့် မသွားနိုင်ကြဘူး။ အဲသဟာနှင့် သူတို့တွေဟာ သင်္ဘောကြီးတစ်စင်း စုပြီး တည်ကြသည်။ ငါတို့ လင်မယားလည်း သူတို့ သင်္ဘောနှင့်လိုက်ပြီး အားလုံးအတွက် သင်္ဘောခကို ငါက ပေးလိုက်သဟာ။ ငါတို့ မသယ်နိုင်သည့် ပစ္စည်းမှန်သမျှ အိမ်ရော ဘာရော ရောင်းချခဲ့ပြီး သယ်နိုင်သည့် ပစ္စည်းတွေကို သင်္ဘောမှာတင်ပြီး အကုန်ယူခဲ့သည်။ လှိုင်းလေကလည်း ငြိမ်သဟာနှင့် ငါတို့သင်္ဘောဟာ အမြို့မြို့ကို ဝင်ဆိုက်ပြီး နောက်ဆုံး ဗတ်သောဋ္ဌမြို့ကို ရောက်လာသည်။

ဗတ်သောဋ္ဌမြို့ကို ရောက်တော့ ငါတို့လင်မယား တခြားသင်္ဘောတစ်စင်းကို ပြောင်းစီးပြီး ဗဂ္ဂဒက်နေပြည်တော်ကို ပြန်ခဲ့သည်။ အဲသလို ငါ ပြန်ရောက်လာတော့ ငါ့မိတ်ဆွေတွေ၊ အသိအကျွမ်းတွေက ဝမ်းသာအားရနှင့် ငါ့ကိုလာပြီး နှုတ်ဆက်ကြသည်။ ပြီးတော့ ငါ့မှာ ပါလာသည့် ပစ္စည်းတွေကိုလည်း ကုန်လှောင်ရုံထဲ ထည့်ပြီးတော့ လုံလုံခြုံခြုံ သိမ်းထားလိုက်သည်။

ခုနစ်ကြိမ်မြောက် ပင်လယ်ခရီးကို ငါ ထွက်သွားသဟာ ဟာ နှစ်ဆယ့်နှင့် ခုနစ်နှစ်တောင် ကြာသဟာနှင့် ငါ့မိတ်ဆွေ အပေါင်းအသင်းတွေက ငါ့ကို သေပြီ





လို့ မှတ်နေကြသည်။ အဲသဟာနှင့် ပြန်ရောက်လာသည့် အကြောင်းကို ကြားကြတော့ ငါ့မိတ်ဆွေတွေဟာ တော်တော်ပဲ ဝမ်းသာသွားကြသည်။

ပြီးတော့ ခုနစ်ကြိမ်မြောက် ခရီးထွက်တုန်းမှာ ငါ တွေ့ကြုံ ဖြစ်ပျက်ခဲ့သမျှတွေကို ငါက အစုံအစေ့ ပြန်ပြောပြတော့ ငါ့မိတ်ဆွေတွေဟာ တော်တော်ပဲ အံ့သြသွားကြသည်။ ပြီးတော့ ငါလည်း ခရီးထွက်လိုသည့်စိတ် ကုန်သွားသဟာနှင့် နောက်ထပ် ဘယ်တော့မှ ခရီးမထွက်တော့ပါဘူးလို့ ဆိုပြီး အလာဟု အရှင်ထံမှာ ဝန်ခံလိုက်သည်။ ပြီးတော့ ဘေးမသီ ရန်မခဘဲနှင့် ငါ့ကို ငါ့မိတ်ဆွေ အပေါင်းအသင်း၊ ငါမွေးရာ မြို့ရွာကို ပြန်ပို့ပေးတော်မူသည့်အတွက် အလာဟုအရှင်ရဲ့ ကျေးဇူးတော်ကို ငါ အမြဲ အောက်မေ့နေသည်လို့ ဆင်ဒဗတ်က ပြောပြပါသတဲ့။

ပြီးတော့ ပင်လယ်ခရီးသွား ဆင်ဒဗတ်က 'အို... ကုန်းဆင်ဒဗတ်၊ အဲသဟာကြောင့်မို့ ငါဟာ အခုလို ချမ်းချမ်းသာသာ ကြွယ်ကြွယ်ဝဝ အဖြစ် မရောက်ခင် ဘယ်လို ဆင်းရဲပင်ပန်းခြင်းတွေနှင့် တွေ့လာခဲ့ရသည် ဆိုသဟာကို သင် စဉ်းစားကြည့်စေချင်ပါသည်' လို့ ကုန်းဆင်ဒဗတ်ကို ပြောပါသတဲ့။

သည်တော့ ကုန်းဆင်ဒဗတ်က 'အို... အရှင်၊ သင့်အပေါ်မှာ ငါ အထင်မှားမိသည့်အတွက် ငါ့ကို ခွင့်လွှတ်ပါ' လို့ ပင်လယ်ဆင်ဒဗတ်ကို တောင်းပန်ပါသတဲ့။

ပြီးတော့ ကုန်းဆင်ဒဗတ်နှင့် ပင်လယ်ဆင်ဒဗတ်ဟာ အစဉ်သဖြင့် မိတ်ဆွေဖြစ်သွားကြပြီး ပျော်ပျော်ရွှင်ရွှင် စားလားသောက်လားနှင့် စည်းစိမ်ခံပြီး နေလိုက်ကြသဟာဟာ နောက်ဆုံး ပျော်ရွှင်မှု မှန်သမျှကို ဖျက်ဆီးသူ၊ ပေါင်းသင်းဆက်ဆံမှု မှန်သမျှကို ဖြတ်တောက်သူ၊ နန်းတော် အိမ်တော် မှန်သမျှကို ဖြိုခွဲသူ၊ သချိုင်းတို့၏ အကြီးအမှူးဖြစ်သည့် သေမင်းက လာခေါ်သွားသည့် အချိန်ထိပါရောတဲ့ ဟု နန်းရင်းဝန်ကြီး၏ သမီးကြီး ယှာဋ္ဌာဇတ်က ယှာဋ္ဌိယမင်းကြီးကို လျှောက်ထားသတတ်။

သည်တော့ ညီမငယ် ဒွန်ယာဇတ်က 'မမ ပုံက သိပ်နားထောင်ကောင်းသဟာပဲ၊ သည်လိုပုံမျိုး ညီမလေးဖြင့် တစ်ခါမျှ မကြားဖူးဘူးပါ' ဟု ဆိုသတတ်။

သည်တော့ ယှာဋ္ဌာဇတ်က 'အမယ် သည်ပုံက ဘာဟုတ်သေးသလဲအေ၊ သည့်ထက် ကောင်းသည့်ပုံတွေ အများကြီး ရှိသေးသည်' ဟု ဆိုသတတ်။

သည်တော့ ဒွန်ယာဇတ်က 'သဟာဖြင့် နောက်ထပ် တစ်ပုံလောက် ပြောပါဦးလား မမရယ်' ဟု ဆိုသတတ်။

သည်တော့ ယှာဋ္ဌာဇတ်က 'အခုတော့ မိုးလည်း လင်းနေပါပြီအေ၊ ပြောချိန်မရှိတော့ပါဘူး။ မင်းတရားကြီးက မမကို ယနေ့ မသတ်သေးဘူးဆိုလျှင် ညကျတော့ မမ ပြောပါမည်' ဟု ဆိုသတတ်။

သည်တော့ ယှာဋ္ဌိယမင်းက 'ညကျတော့ ပြောစေဗျား' ဟု ဆိုသတတ်။

www.burmeseclassic.com

www.burmeseclassic.com

## [၃၇]
## အလာဒင်

ဘဝရှင်မင်းတရားကြီး ရွှေနားဆင်တော်မူပါ။

ရှေးရှေးတုန်းက စိန့်တိုင်း တရုတ်ပြည်မှာ အင်မတန် ဆင်းရဲနွမ်းပါးသည့် အပ်ချုပ်သည်တစ်ယောက်မှာ အလာဒင် အမည်ရှိသည့် သားကလေးတစ်ယောက် ရှိပါသတဲ့။ အဲသည် အလာဒင်ဆိုသည့် သူငယ်ကလေးဟာ ငယ်စဉ်အခါကပဲ စပြီး အလွန် အပျင်းထူပြီး ဘာဆိုလို့ ဘာမျှ အသုံးမကျပါဘူးတဲ့။ အလာဒင်ကလေး အသက် ဆယ်နှစ်ရှိတော့ သူ့အဖေက ဆင်းရဲလွန်းလို့ ကျောင်းလည်း မထားနိုင်သဟာနှင့် သူ တတ်သည့် အပ်ချုပ်အတတ်ကို သင်ပေးဖို့ လုပ်ပါသတဲ့။ သဟာပေမင့် အလာဒင်က ကောင်ပျင်းကလေး ဖြစ်တော့ သူ့အဖေ အလုပ် လုပ်သည့်နားမှာ တစ်နေ့မျှ မနေဘဲ အရပ်ထဲက ကောင်ဆိုးကောင်လေ ကလေးတွေနှင့် သွားပြီးသာ ကစားနေပါသတဲ့။ အလာဒင်ဟာ အပ်ချုပ်အတတ်ကို သင်ဖို့ လုံးလုံး စိတ်မကူးဘဲနှင့် သူ့အဖေ ကိစ္စတစ်ခုခု နှင့် အပြင်ထွက်ဖို့ကိုပဲ စောင့်ကြည့်နေပြီး၊ သူ့အဖေ လစ်သဟာနှင့် တစ်ပြိုင်နက် အရပ်ထဲ လျှောက်ပြီး သူ့အဖော် ကောင်လေ ကောင်လွင့်ကလေးတွေနှင့် အချိန်ဖြုန်း နေသဟာပါပဲ တဲ့။ သူ့အဖေနှင့် အမေက ဘယ်လို ဆုံးမဆုံးမ၊ ဘယ်လို ရိုက်ရိုက်၊ အလာဒင်က လုံးလုံး မဖြုပြပါဘူးတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ သူ့အဖေဟာ အလာဒင်အတွက် စိတ်မချမ်းမသာ ဖြစ်ပြီး သေသွားပါသတဲ့။ အဲသည်လို သူ့အဖေ သေသွားပေမင့် အလာဒင်ဟာ သူ့အမေကို ဘာမျှ ကူညီဖော် မရပါဘူးတဲ့။ အဲသဟာနှင့် သူ့အမေဟာ သူ့လင်ရဲ့ အမွေအနှစ်ဖြစ်တဲ့ အပ်ချုပ်ဆိုင်ကို နိုင်အောင် မထိန်းနိုင်သဟာနှင့် ရှိစုမဲ့စု ပစ္စည်းတွေပါ ရောင်းပစ်လိုက်ရပြီး ဗိုင်းငင်ပြီး စားရပါသတဲ့။

အလာဒင်ဟာ သူ့အဖေ သေသွားတော့ သူ့ကို ရိုက်မည့်နှက်မည့်သူ တစ်ယောက် လျော့သွားသည့်အတွက် ပိုပြီးဆိုးလာပြီး ထမင်းစားချိန်ကလွဲလို့ အိမ်ကို လုံးလုံးမကပ် တော့ပါဘူးတဲ့။ အဲသလိုနှင့်ပဲ အလာဒင်ဟာ သူ့အမေ ပင်ပင်ပန်းပန်း ဗိုင်းငင်ကျွေးသည့် အစာကို စားရင်းနှင့် အသက်တစ်ဆယ့်ငါးနှစ် အရွယ်သို့ ရောက်လာပါသတဲ့။

တစ်နေ့တော့ အလာဒင်ဟာ သူ့ တေဖော်တေဖက် ကလေးတွေနှင့် အရပ်ထဲ မှာ လျှောက်ပြီး တေနေရင်းနှင့် အနောက်ဘက်အရပ် မာဃရိုတ်ပြည်က လာသည့် သိုက်ဆရာကြီးတစ်ယောက်နှင့် တွေ့ပါသတဲ့။ အဲသည် သိုက်ဆရာကြီးက အလာဒင်နှင့် အဖော်တစ်စု ရှိသည့်အထဲက တခြားသူငယ်ကလေးတွေကို ဂရုမစိုက်ဘဲ အလာဒင်ကိုပဲ စူးစိုက်ပြီး ကြည့်ပါသတဲ့။ အဲသလို ကြည့်ပြီးတော့ "အင်း... သည်ကောင်ကလေး ကတော့ ငါ လိုချင်သည့် ကောင်ကလေးပဲ" လို့ အောက်မေ့ပါသတဲ့။

ရာပြည့်စာအုပ်တိုက်



တစ်နေ့တော့ အလာဒင်ဟာ မာဃရိုတ်ပြည်က လာတဲ့ သိုက်ဆရာကြီး တစ်ယောက်နဲ့ တွေ့ပါသတဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်လို ပြောလို့မှ စကားမဆုံးသေးဘူး၊ သိုက်ဆရာကြီးလည်း ရောက်လာပါရောတဲ့။ သူ့နောက်က ဝန်ထမ်းတစ်ယောက်က သေရည်အိုးများနှင့် သစ်သီးခြင်းတောင်းကို ရွက်ပြီး လိုက်လာပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက သူ့ခယ်မကို နှုတ်ဆက်စကား ပြောပြီး ‘ဘယ်မှာလဲ သင့်ခင်ပွန်း ထိုင်နေကျနေရာ’ လို့ မေးပါသတဲ့။ သည်တော့ အလာဒင့်အမေက သူ့လင် ထိုင်နေကျ နေရာကို ပြပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက အနားသေသေချာချာ သွားကြည့်ပြီး ငိုပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက ‘ညီလေးရယ်... ငါတို့မှာ သည်ညီအစ်ကိုနှစ်ယောက်ပဲ ရှိသဟာ။ အခု ညီလေး သေသွားပြီ ဆိုတော့ အစ်ကိုကြီး ဘယ်လိုဖြေရမှာလဲ ညီလေးရဲ့’ လို့ ပြောပြီး ငိုပြန်ပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးဟာ မဆည်နိုင် မဖြေနိုင် ဖြစ်ပြီး ဆက်တိုက် ငိုလိုက်သဟာဟာ နောက်ဆုံးကျတော့ သတိမေ့ပြီး လဲကျသွားပါရောတဲ့။ အဲသည်တော့မှ အလာဒင့်အမေက သိုက်ဆရာကြီးကို လာထူပြီး ‘အို... အစ်ကိုကြီးကလည်း ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲအောင် လုပ်နေလို့ ဘာအကျိုးရှိမှာလဲ၊ မငိုပါနှင့် တိတ်ပါ’ လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက မျက်ရည်များ သုတ်ပြီး ‘အင်း... ငါ့ခယ်မကတော့ ငါ့ညီ ရှိစဉ်အခါက ငါ့ကိုလည်း တစ်ခါမှ မမြင်ရ၊ ငါ့အကြောင်းလည်း တစ်ခါမှ မကြားရဖူးတော့ အံ့ဩမှာပေါ့နော်။ အံ့ဩမယ်ဆိုလည်း အံ့ဩစရာပါပဲ။ သဟာပေမင့် ငါ့အဖြစ်ကတော့ သည်လိုကိုး ခယ်မကြီးရဲ့။ လွန်ခဲ့သည့် အနှစ်လေးဆယ်လောက်က ငါဟာ ငါ့တို့ပြည်က ထွက်ပြီး ကမ္ဘာတစ်ဝန်းလုံးကို လျှောက်လည်နေခဲ့သည်။ နောက်ဆုံးကျတော့ အီဂျစ်ပြည်ကို ရောက်သွားသည်။ အဲသည်ကမှ တစ်ခါ နေဝင်ရာအရပ်ဖြစ်တဲ့ မာဃရိတ်လို့ ခေါ်သည့် ပြည်ကို ရောက်သွားသည်။ ငါသည် အဲသလို မာဃရိတ်ပြည်မှာ နေရင်းနှင့် တစ်နေ့တော့ ငါ့တိုင်းပြည် ငါပြန်ပြီး ငါ့ညီကို ငါ တွေ့လိုသည့်စိတ် ပေါ်လာသည်။ အဲသဟာနှင့် ငါဟာ ငိုယိုပြီး ငါဟာ သေခြင်းသေလျှင် ငါ့ပြည်မှာပဲ ပြန်သေမည်။ ငါ့မှာလည်း ညီတစ်ယောက်ပဲ ရှိသည်။ သည်ညီကို ငါ မသေခင် တွေ့ရအောင် ပြန်မည်။ ငါဟာ ခြေသလုံးအိမ်တိုင် အာဠဝီလူမျိုးလို လုပ်နေလို့ မတော်ဘူး။ ငါ မသေခင် ငါ့ညီကို မတွေ့လိုက်ရဘူးဆိုလျှင်လည်း အင်မတန် ဝမ်းနည်းစရာ ကောင်းလိမ့်မည်။ ပြီးတော့ တကယ်လို့ ငါ့ညီဟာ ဆင်းရဲနေလျှင်လည်း ငါက ထောက်ပံ့ ကူညီနိုင်မယ်လို့ အောက်မေ့ပြီး အခုလို ငါ့တိုင်းပြည်ကို ငါ ပြန်လာခဲ့ပါသည်။ အဲသဟာနှင့် ငါ့တိုင်းပြည် ငါ ပြန်ရောက်လာတော့ အလာဟုအရှင်ရဲ့ တန်ခိုးတော်နှင့် ဟောသည်က ငါ့တူကို လမ်းပေါ်မှာ အဆင်သင့် သွားပြီး တွေ့ပါသည်။ တွေ့တော့လည်း သွေးပြောလို့ ထင်ပါရဲ့၊ သည် သူငယ်ကလေးဟာ ငါ့တူပဲ ဆိုသဟာကို တစ်ခါတည်း ငါ သိပါသည်။ အဲသည်တော့ ငါဟာ ဝမ်းသာလွန်းလို့ ထပြီး ခုန်ချင်သလို ကချင်သလိုတောင် ဖြစ်သွားပါသည်။ အဲသလို ဝမ်းသာနေတုန်းမှာပဲ ဟောသည် ငါ့တူက သူ့အဖေ ငါ့ညီတစ်ယောက်တော့





ဆုံးရှာပြီလို့ ပြောသည်။ အဲသည်လို ပြောလိုက်တော့ ငါဟာ နှလုံးကွဲမတတ်ဖြစ်ပြီး မေ့တောင် လဲသွားပါသည်။ သည်အကြောင်းတွေကိုတော့ ငါ့ခယ်မကြီး ကြားပြီး ရောပေါ့’ လို့ ပြောပါသတဲ့။

သည်တော့ အလာဒင့် အမေကလည်း သူ့လင်ကို သူ သွားသတိရသဟာနှင့် ငိုပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးက သူ လိမ်စရာ ရှိသဟာကို ယုံကြည်လောက်အောင် လိမ်ပြီးသဟာက တစ်ကြောင်း၊ အလာဒင့်အမေ စိတ်ပြောင်းသွားစေချင် သဟာကလည်း တစ်ကြောင်းကြောင့် အလာဒင့်ဘက် လှည့်ပြီး ‘သည်မှာ သားလေး၊ သင့်အသက်မွေးမှုအတွက်ရော၊ သင့်အမေကို လုပ်ကျွေးဖို့ အတွက်ရော၊ သားလေး ဘာပညာများ သင်ပြီးပြီလဲ။ ပညာ တစ်ခုခုတော့ သင်ပြီးရောပေါ့နော်’ လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က ဘာပညာမျှ သူ မတတ်သဟာနှင့် ရှက်ပြီး ဘာမျှ စကားပြန်မပေးဘဲ ခေါင်းကြီး ငိုက်စိုက်ချနေပါသတဲ့။ သည်တော့မှ သူ့အမေက ဝင်ပြီး ‘အလာဒင်လား၊ အလာဒင်ဟာ ဘာပညာမျှ မတတ်ပါဘူး။ သဟာလောက် အသုံးမကျသည့် သားမျိုးလည်း ငါ တစ်ခါမျှ မတွေ့ဖူးပါဘူး။ တစ်နေ့ တစ်နေ့လည်း လမ်းထွက်ပြီး အရပ်ထဲက ကောင်လေ ကောင်လွင့်ကလေးတွေနှင့် အချိန်ဖြုန်းနေသဟာနှင့် ပြီးသဟာပဲ။ သူ့အဖေဟာလည်း သူ့အတွက်နှင့် စိတ်ညစ်ပြီး သေသွားရသည်။ အခု ငါ ဆိုသဟာလည်း သားအမိနှစ်ယောက် ထမင်းကလေးနှစ်နပ် မှန်မှန် စားရပါစေတော့ ဆိုပြီး ဗိုင်းငင် လိုက်ရသဟာ နေထွက်က နေဝင်အထိပဲ။ အလာဒင့်အကြောင်းကတော့ သည်အတိုင်း ပါပဲ ခဲအိုကြီး။ အိမ်ကိုလည်း ထမင်းစားချိန်ကျမှပဲ သတိရပါသည်။ တခြား အချိန်များ ဆိုလျှင်ဖြင့် အိမ်နားကိုတောင် လုံးလုံးကပ်ရကောင်းမှန်း မသိပါဘူး။ အခုဆိုလျှင်လည်း သူ့ကို သူ့ဟာသူ ရှာစားစေဖို့ ငါ့အိမ်ကတောင် နှင်ချဖို့ ငါ ကြံနေပါတယ်။ ပြီးတော့ ခဲအိုကြီး သိသည့်အတိုင်းပဲ၊ ငါဟာ အသက်ကြီးလို့ အမယ်အိုကြီး ဖြစ်နေတော့ နှစ်ယောက်စာ ရအောင် ရှာဖို့တော့ မပြောနှင့်၊ ငါ့တစ်ဝမ်းတစ်ခါးအတွက်တောင်မှ ရှာစားဖို့ အားမရှိတော့ဘူး’ လို့ ပြောပါသတဲ့။

သည်တော့ သိုက်ဆရာကြီးက အလာဒင်ဘက် လှည့်ပြီး ‘ဘာလို့ ငါ့တူ သည်လို ရှက်စရာကောင်းအောင် လုပ်နေရသဟာလဲ။ သင်လို လူမျိုးက သည်လို လုပ်နေသည် ဆိုလို့ ဘယ်တော်မလဲ။ သင်လို မိကောင်းဖခင်သား တစ်ယောက်ကို အမေအိုကြီးက ရှာကျွေးနေရသည် ဆိုသဟာဟာ အားကြီး ရှက်စရာကောင်းပါသည်။ အခု သင့်အသက်ဟာလည်း မငယ်တော့ဘူး။ သည်တော့ အလုပ်အကိုင် တစ်ခုခုကို လုပ်ဖို့တော့ စိတ်ကူးဦးမှပေါ့။ သည်တော့ကာ အာလဟံ ဒိုလီလာ (အလာဟု အရှင်အား ချီးမွမ်းခြင်းသည် ဖြစ်စေသတည်း)၊ ငါတို့မြို့မှာ အတတ်ပညာ ပေးနိုင်သည့် ဆရာတွေလည်း အမျိုးမျိုး ရှိသားပဲ။ သင် ကြိုက်သည့် ပညာကို သင်ပေးနိုင်သည့် ဆရာကို ကြည့်ပါ။ အဲသည်



www.burmeseclassic.com

www.burmeseclassic.com



ဆရာဆီမှာ သင့်ကို ငါ အပ်ပေးပါမည်။ သည်တော့မှလည်း သင် အသက်ကြီးလာသည့် အခါကျတော့ ကိုယ့်ဟာကိုယ် လုပ်ကိုင်စားနိုင်မှာပေါ့။ သင့်အဖေ တတ်သည့် အပ်ချုပ် အတတ်တော့ သင် ဝါသနာမရှိလည်း မသင်နှင့်ပေါ့။ သဟာပေမင့် တခြားအတတ် တစ်ခုခုကိုတော့ သင် သင်မှဖြစ်မည်။ ကိုင်း... သင် ဘာအတတ်ကို သင်ချင်သလဲ၊ ငါ့ကို ပြောစမ်း။ ငါ တတ်နိုင်သမျှ သင့်ကို စောင့်ရှောက်ပါမည်' လို့ ဆိုပါသတဲ့။

အဲသည်အခါမှာ အလာဒင်က ဘာမျှ ပြန်မပြောဘဲ ငြိမ်နေပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက အလာဒင်ဟာ ဘာအတတ်မျှ မသင်ဘဲ အလကား ထိုင်စားနေချင်မှန်း သိသဟာနှင့် 'သဟာဖြင့် ငါ့သား၊ ငါပြောသည့် အကြံကို ဖျက်လိုက်ပြီး အဖိုးထိုက် အဖိုးတန် ကုန်တွေရှိသည့် ဆိုင်တစ်ဆိုင်ကို ကြည့်။ အဲသည်ဆိုင်ကို ငါ ဝယ်ပေးမယ်၊ အရောင်းအဝယ် အလုပ်နှင့် ကြီးပွားအောင် လုပ်ပေါ့' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က ကုန်သည်တွေဟာ အဝတ်ကောင်းလည်း ဝတ်ရ၊ အစားကောင်းလည်း စားရသဟာကို သိသဟာနှင့် သဘောကျပြီး ဘာမျှ ပြန်မပြောဘဲ ပြုံးပြုံးကြီး လုပ်နေပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက အလာဒင်ကို ကြည့်ပြီး 'သင်ဟာ ကုန်သည်လုပ်ချင်သည်ဆိုလျှင် သင့်ကို ငါ ကုန်သည်အဖြစ်နှင့် လူတွင်ကျယ် တစ်ယောက် ဖြစ်အောင် ငါ လုပ်ပေးမည်။ သင်ကသာ ယောကျ်ားပီပီ ကြိုးစားပြပေတော့။ အင်းယှားလား၊ မနက်ဖြန်မနက်ပဲ သင့်ကို ငါ ဈေးကို ခေါ်သွားမည်။ ဈေးကျတော့ ကုန်သည်ဝတ်သည့် အဝတ်တစ်စုံ ဝယ်ပေးမည်။ ပြီးတော့ ငါ ကတိရှိသည့်အတိုင်း သင့်ဖို့ ဆိုင်တစ်ဆိုင်ကို ငါ ရှာမည်' လို့ ပြောပါသတဲ့။

သိုက်ဆရာကြီးက အလာဒင်ဖို့ ဆိုင်တည်ပေးမည်လို့ မပြောခင်တုန်းကတော့ အလာဒင့်အမေက သိုက်ဆရာကြီးက သူ့နှင့် ခဲအိုတော်သည်လို့ ပြောသဟာကို မယုံပါဘူးတဲ့။ အဲသလိုလည်း သိုက်ဆရာကြီးက သူ့သား အလာဒင်အတွက် ဆိုင်ကြီးတစ်ဆိုင် ခမ်းခမ်းနားနား တည်ပြီး ပေးမည်လို့လည်း ပြောလိုက်ရော၊ အလာဒင့်အမေက "အင်းပါ၊ ဟုတ်ပါသည်။ သူဟာ သူ့စိမ်းပြင်ပြင်ကြီးသာဆိုလျှင် သည်လို ငါ့သားကို အသပြာတွေ အများကြီး အကုန်ခံပြီး ဆိုင်ကြီး တည်ပေးမှာ မဟုတ်ပါဘူး။ အခုတော့ ငါ့ခဲအို အရင်းမို့သာ သည်လို ငါ့သားကို ဆိုင်ကြီး တည်ပေးမယ်လို့ ပြောသဟာပေါ့" လို့ အောက်မေ့ပါသတဲ့။ အဲသဟာနှင့် အလာဒင့် အမေက သူ့သားကို လိမ္မာရေးခြားရှိအောင် သွန်သင် ဆုံးမပြီး သူ့ဘကြီးရဲ့ စကားကိုလည်း မြေဝယ်မကျ နားထောင်ဖို့ ပြောပါသတဲ့။

ပြီးတော့ အလာဒင့်အမေက ထမင်းပွဲပြင်ပေးပြီး သုံးယောက်သား မြိန်မြိန် ရှက်ရှက် သောက်ကြစားကြပါသတဲ့။ အဲသည်လို စားကြသောက်ကြရင်းနှင့် သိုက်ဆရာကြီးက ဆိုင်ဖွင့်ဖို့ အစီအစဉ်များကို အလာဒင်နှင့် တိုင်ပင် ဆွေးနွေးပါသတဲ့။ အဲသလို သောက်စား ဆွေးနွေးပြီးလို့ မိုးချုပ်တော့ သိုက်ဆရာကြီးက အတော်လည်း သေရည်မူး





နေသဟာနှင့် သူ နေသည့်နေရာကို ပြန်သွားပါသတဲ့။ ပြီးတော့ ပြန်ခါနီးမှာလည်း သိုက်ဆရာကြီးက 'မနက်ကျလျှင် အလာဒင့်အတွက် ကုန်သည်များ ဝတ်လေ့ရှိသည့် ဝတ်စုံတစ်စုံ ဝယ်ပေးဖို့အတွက် သူ လာခဲ့ပါဦးမည်' လို့ အလာဒင့်အမေကို မှာခဲ့ပါသတဲ့။

အဲသည့်ညက သိုက်ဆရာကြီးဟာ သူ့အကြံ အောင်ပြီဆိုပြီး ဝမ်းသာလွန်းလို့ တစ်ညလုံး တစ်ရေးမှ မအိပ်နိုင်ပါဘူး တဲ့။ နောက်နေ့ မနက်ကျတော့ လင်းရောင် လာသဟာနှင့် တစ်ပြိုင်နက် သိုက်ဆရာကြီးက အလာဒင်တို့ အိမ်ကို ရောက်လာပါသတဲ့။ သဟာပေမင့် အိမ်ထဲ မဝင်ဘဲနှင့် သူ့အမေကို ပြောပြီး အလာဒင်ကို ဈေးတန်းကို ခေါ်သွားပါသတဲ့။ ဈေးတန်းကို ရောက်တော့ ကုန်အစုံ ဆုံး ဝတ်စုံဆိုင်ကြီး တစ်ခုထဲ ဝင်ပြီး သိုက်ဆရာကြီးက အလာဒင့်အတွက် အကောင်းဆုံး ဝတ်စုံတစ်စုံ ပြစမ်းပါလို့ ပြောပါသတဲ့။ သည်တော့ ဆိုင်ရှင်က ခေတ်အဆန်းဆုံး ဝတ်စုံတွေကို ထုတ်ပြပါသတဲ့။ အဲသည်အခါမှာ သိုက်ဆရာကြီးက 'ကိုင်း . . . ငါ့သား၊ သင်ကြိုက်သည့် ဝတ်စုံကိုသာ ယူပေတော့' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က သူအကြိုက်ဆုံး ဝတ်စုံတစ်စုံကို ရွေးယူလိုက်ပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက ဝတ်စုံဖိုးကို လက်ငင်း အသပြာ ပေးပြီး ချေလိုက်ပါသတဲ့။

ပြီးတော့ သိုက်ဆရာကြီးက အလာဒင်ကို ရေချိုးဆိပ်ကို ခေါ်သွားပြီး နှစ်ယောက် သား ရေချိုးကြပါသတဲ့။ ရေချိုးပြီးတော့ ဖျော်ရည် သောက်ကြပြီး အလာဒင်က သူ့ဝတ်စုံ အသစ်ကို ဝတ်ပါသတဲ့။ ပြီးတော့ အလာဒင်က ဝမ်းသာအားရနှင့် သူ့ဘကြီးကို ကျေးဇူး တင်ကြောင်း ပြောပြီး၊ သူ့ဘကြီးရဲ့ လက်ကို နမ်းပြီး အလေးပြုပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက အလာဒင်ကို ဈေးထဲ ခေါ်သွားပြီး ကုန်သည်တွေ ဘယ်လို ရောင်းကြ ဝယ်ကြပုံတွေကို ပြပါသတဲ့။ ပြီးတော့ 'ငါ့သား၊ အခု သင်ဟာ ကုန်သည်လုပ်တော့မှာ ဆိုတော့ ကုန်သည်တွေနှင့် ရင်းနှီးအောင် လုပ်ပြီး အရောင်းအဝယ် အတတ်ကို ကောင်းကောင်း လေ့လာပေတော့' လို့ ပြောပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက အလာဒင်ကို မြို့ထဲ လျှောက်ခေါ်သွားပြီး ကြည့်စရာ ရှုစရာတွေကိုလည်း စုံနေအောင် ပြပါသတဲ့။ ပြီးတော့ ဗလီကြီးတွေကိုလည်း နှံ့အောင် လိုက်ပြပါသတဲ့။ ပြီးတော့ ထမင်းဆိုင်ကြီး တစ်ဆိုင်ထဲဝင်ပြီး သူတို့နှစ်ယောက် အစားမျိုးစုံ၊ အသောက်မျိုးစုံကို စားကြ သောက်ကြပါသတဲ့။ ထမင်းဆိုင်ကြီးကလည်း ခမ်းနားကြီးကျယ်လွန်းလို့ အစား အသောက်တွေကို ငွေလင်ပန်းတွေ၊ ငွေပန်းကန်တွေနှင့် ထည့်ကျွေးပါသတဲ့။ ထမင်း ဆိုင်ကြီးထဲမှာ သူတို့နှစ်ယောက် မြိန်မြိန်ရှက်ရှက် ဝအောင် စားသောက်ကြပြီး၊ တစ်ခါ သိုက်ဆရာကြီးက အလာဒင်ကို မြို့ထဲက ကြီးကျယ်ခမ်းနားသည့် အဆောက်အအုံကြီး တွေ၊ ဗိမာန်ကြီးတွေကို လျှောက်ပြပါသတဲ့။ ပြီးတော့ စူလတန် ဘုရင်ရဲ့ နန်းတော်ထဲ ခေါ်သွားပြီး အင်မတိ အင်မတန် ခမ်းနားကြီးကျယ်သည့် နန်းတော်ဆောင်ကြီးတွေကို



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စုလတန်ဘုရင်ရဲ့ နန်းတော်ထဲကို ခေါ်သွားပြီး ပြပါသတဲ့…။

ပြပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက သူ တည်းခိုသည့် အဝေးရောက် ခရီးသည်များ စခန်းကို ခေါ်သွားပါသတဲ့။ အဲသည် စခန်းကို ရောက်တော့ သိုက်ဆရာကြီးက အဝေးရောက် ခရီးသည်တွေကို ထမင်း ဖိတ်ကျွေးပြီး အလာဒင်နှင့် မိတ်ဖွဲ့ပေးပါသတဲ့။ သိုက်ဆရာကြီးက အလာဒင်ကို ပြပြီး 'ဟောသည်ဟာ ငါ့တူ အလာဒင် ဆိုသဟာပေါ့' လို့ ထမင်းပွဲကို လာသည့် ကုန်သည်တွေကို ပြောပြပါသတဲ့။ ပြီးတော့ ထမင်းစားပွဲမှာ မြိန်မြိန်ရှက်ရှက် စားကြ သောက်ကြပြီး မိုးချုပ်လာသဟာနှင့် သိုက်ဆရာကြီးက အလာဒင်ကို သူ့အမေ အိမ်ကို ပြန်ပို့ပါသတဲ့။ အလာဒင့်အမေက ကုန်သည်အစစ်လို အလာဒင် ဝတ်စားလာသဟာ မြင်ရတော့ ဝမ်းသာလွန်းအားကြီးသဟာနှင့် ငိုပါသတဲ့။





ပြီးတော့မှ သူ့ခဲအိုအတု သိုက်ဆရာကြီးကို 'ခဲအိုကြီးရယ်၊ သင့်ကျေးဇူးကို ငါ့တစ်သက်တော့ ဆပ်လို့ ကုန်နိုင်တော့မည် မဟုတ်ပါဘူး။ ငါ့သားအပေါ်မှာ သင် သဟာလောက် စေတနာကောင်းထားပြီး ပြုစုသဟာများဟာလည်း ချီးမွမ်းလို့ ကုန်နိုင်စရာ မရှိပါဘူး' လို့ ပြောပါသတဲ့။

သည်တော့ သိုက်ဆရာကြီးက 'ခယ်မရယ်၊ ငါ့ကို ဘာမျှ ကျေးဇူးတင်စရာ မလိုပါဘူး။ သင့်သားဟာ ငါ့တူဆိုပေမယ်လို့ အခု သူ့အဖေ၊ ငါ့ညီ မရှိတော့ဘူးဆိုတော့ ငါ့ညီကို ရည်စူးပြီး၊ ငါ့သားအရင်းလိုပဲ သဘောထားပြီး ပြုစုရမယ် မဟုတ်လား။ သည်တော့ ငါ့ကို ဘာမျှ ကျေးဇူးတင်မနေပါနှင့်' လို့ ပြောသတဲ့။ သည်တော့ တစ်ခါ အလာဒင့်အမေက 'အို . . . ခဲအိုကြီး၊ သင်သည် အသက်ရှည်စွာ နေပြီး ငါတို့ သားအမိ နှစ်ယောက်ကို စောင့်ရှောက် စောင်မ နိုင်စေရန်အတွက် အလာဟု အရှင်ထံမှာ ငါ ဆုတောင်းပါသည်။ ငါ့ရဲ့ ဖတဆိုး သားကလေးဟာလည်း သင် ပြောသမျှ စကားကို နားထောင်ပြီး သင် မကြိုက်သဟာ မှန်သမျှကို ဘာမျှ မလုပ်စေရအောင် ငါ တာဝန် ခံပါသည်' လို့ ပြောပါသတဲ့။

သည်တော့ တစ်ခါ သိုက်ဆရာကြီးက 'ငါ့ညီ၏ ဇနီးသည် . . . အလာဒင်ဟာ အခု လိမ္မာလာပါပြီ။ သဟာကြောင့် သူဟာ မိကောင်း ဖခင်သားပီပီ သူ့ဖခင်၏ ခြေရာကို နင်းပြီး သင် စိတ်မချမ်းသာစရာ ဘာမျှ လုပ်လိမ့်မည်လို့ ငါ မထင်ပါ။ အို . . . သဟာ့ထက် ပြောရဦးမည်၊ မနက်ဖြန်ခါတော့ အလာဒင့်အတွက် ငါ ဆိုင်ဖွင့် ပေးနိုင်မှာ မဟုတ်သေးဘူး။ မနက်ဖြန်ခါဟာ သောကြာနေ့ဆိုတော့ ကုန်သည်တွေဟာ ဗလီတက်ကြလိမ့်မည်။ ဗလီက ဆင်းတော့လည်း သူတို့တွေဟာ ဆိုင်ပြန်မဖွင့်ကြဘဲနှင့် မြို့ထဲ လျှောက်လည်ကြလိမ့်မည်။ သည်တော့ အင်းယှားလား(အလာဟုအရှင် အလိုတော်ရှိလျှင်)၊ စနေနေ့ကျမှပဲ ငါ ဆိုင်ဖွင့်ပေးမည်။ သဟာပေမင့် မနက်ဖြန်ခါကျတော့ အလာဒင်ကို ငါ လာခေါ်ချင်သည်။ မြို့ပြင်က ဥယျာဉ်ကြီးတွေကို လိုက်ပြချင်လို့။ သည်ဥယျာဉ်ကြီးတွေကို သူ မြင်ဖူးမည် မထင်ဘူး။ ပြီးတော့ ကုန်သည်တွေလည်း အဲသည် ဥယျာဉ်ကြီးတွေကို အလည်ထွက်ကြလိမ့်မည်။ သည်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလိုပဲ အလာဒင်ကို ကုန်သည်တွေနှင့် ငါ မိတ်ဖွဲ့ပေးချင်သည်' လို့ ပြောပြီး သူ တည်းသည့် နေရာကို ပြန်သွားပါသတဲ့။ နောက်တစ်နေ့မနက် အစောကြီး ကျတော့ သိုက်ဆရာကြီးက အလာဒင်ကို လာခေါ်ပါသည် တဲ့။ အလာဒင်ကလည်း လွန်ခဲ့သည့်နေ့က အစားကောင်း အသောက်ကောင်းတွေ စားရသောက်ရ၊ မမြင်ဖူး သဟာတွေ မြင်ရ၊ မတွေ့ဖူးသည့် သူတွေနှင့် တွေ့ရ၊ မဝတ်ဖူးသည့် ဝတ်စုံအသစ်ကို ဝတ်ရ၊ နောက်နေ့ကျလျှင်လည်း မရောက်ဖူးသည့် ဥယျာဉ်ကြီးတွေကို ရောက်ရဦးမှာပဲ ဆိုသဟာတွေကို တွေးပြီး ဝမ်းအသာကြီး သာနေသဟာနှင့် တစ်ညလုံး တစ်ရေးမှ



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရ ကောင်းမှန်း မသိပါဘူး တဲ့။ အဲသဟာနှင့် သိုက်ဆရာကြီး ရောက်လာတော့ အလာဒင်က ကမန်းကတန်း ပြေးကြိုပြီး အားရပါးရ ဖက်ပြီး နမ်းပါသတဲ့။

သိုက်ဆရာကြီးက အလာဒင်ကို တွေ့တော့…

'ငါ့တူရေ၊ သည်နေ့ သင့်ကို သင့်တစ်သက်လုံး မမြင်ဖူးသဟာတွေကို ငါ ပြမဟေ့' လို့ ပြောပါသတဲ့။ ပြီးတော့ အလာဒင်ကို ရယ်စရာ မောစရာတွေ လျှောက်ပြောပြပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက အလာဒင်ကို မြို့ပြင် ခေါ်သွားပါသတဲ့။ မြို့ပြင်ရောက်တော့ အင်မတန် ဆန်းကြယ်သည့် ဥယျာဉ်ကြီးတွေ၊ မဏ္ဍပ်ကြီးတွေကို ပြပြီး 'ဘယ့်နှယ်လဲ သားရေ၊ သဘောကျရဲ့လားဟေ့' လို့ မေးပါသတဲ့။ အဲသည်အခါမှာ အလာဒင်က သူ့တစ်သက်လုံး ထ ခုန်ချင်၊ ကချင်သလို ဖြစ်နေပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးနှင့် အလာဒင်ဟာ သာယာရှုမောဖွယ် ရှိသဟာတွေကို မရပ်မနားဘဲ အကုန် လျှောက်ကြည့်နေကြသဟာ နောက်ဆုံး မောပန်းလာတော့မှပဲ အင်မတိအင်မတန် ဆန်းကြယ်သည့် ဥယျာဉ်ကြီးထဲမှာ ဝင်ပြီး နားကြပါသတဲ့။ အဲသည် ဥယျာဉ်ကြီးထဲမှာ တသွင်သွင် စီးနေသည့် စမ်းချောင်းကလေးတွေ ဆိုသဟာကလည်း မွှနေသဟာပါပဲတဲ့။ ပြီးတော့ ရွှေရောင် ထနေသည့် ကြေးခြသေ့်ရုပ်ကြီးတွေရဲ့ ပါးစပ်ထဲကလည်း ရေပန်းတွေ ပန်းထွက်နေပါသတဲ့။ ပြီးတော့ ပန်းပင်တွေကလည်း ပွင့်လိုက်သဟာ ဝေနေသဟာပါပဲတဲ့။ ပြီးတော့ အလာဒင်နှင့် သိုက်ဆရာကြီးဟာ နှစ်ယောက်သား ရေကန်ကလေး တစ်ခု ဘေးမှာထိုင်ပြီး အမောဖြေနေကြပါသတဲ့။ အဲသည်အခါမှာ အလာဒင်ကလည်း ပျော်လွန်းလို့ သိုက်ဆရာကြီးကို သူ့အဖေရဲ့ အစ်ကိုလို့ တကယ်ထင်ပြီး ရယ်စရာ မောစရာတွေ ပြောပြီး ကျီစယ်နေပါသတဲ့။

အဲသည်လို တအောင့်လောက် နားပြီးတော့ သိုက်ဆရာကြီးက သူ့ခါးမှာ ချည်ထားသည့် ထမင်းထုပ်ကို ဖြေပြီး 'ငါ့တူရေ… သင်လည်း ဆာရောပေါ့ကွာ၊ လာဟေ့ … ထမင်းစားကြရအောင်' လို့ ပြောပါသတဲ့။ ပြီးတော့ နှစ်ယောက်သား မြိန်မြိန်ရှက်ရှက် စားကြပါသတဲ့။ အဲသလို စားပြီးလို့ တအောင့်လောက် နားနေပြီးတော့ သိုက်ဆရာကြီးက 'ကိုင်း… ငါ့တူလည်း အမောပြေလောက်ရောပေါ့၊ ငါတို့ ရှေ့ဆက်သွားလိုက်ကြဦးစို့' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်ကလည်း သွက်သွက်လက်လက် ထပြီး သိုက်ဆရာကြီးနှင့် လိုက်ပါသွားပါသတဲ့။ အဲသည်လို နှစ်ယောက်သား တစ်ဥယျာဉ်ဝင်၊ တစ်ဥယျာဉ်ထွက်နှင့် သွားလိုက်ကြသဟာ ဟာ နောက်ဆုံးကျတော့ အင်မတန်မြင့်သည့် တောင်ကတုံးကြီး တစ်ခုကို ရောက်သွားပါသတဲ့။ အဲသည်တော့ အလာဒင်က သူ့တစ်သက်လုံး မြို့တွင်းက မြို့ပြင်ကို တစ်ခါမျှ မထွက်ဖူးဘဲနှင့် အဲသည်လို ခရီးဝေးဝေးကြီး လာရတော့ မောပန်းသွားပြီး 'ငါတို့ အခု ဘယ်ကို သွားကြမှာလဲ ဘကြီးရယ်၊ ငါတို့ဟာ ဥယျာဉ်တွေကို လွန်ခဲ့ပြီး သစ်ပင်ဝါးပင် မရှိသည့် တောင်တွေ





ဘက်ကို ရောက်လာကြပြီ။ ငါတော့ မောလွန်းလို့ ခြေထောက်တွေလည်း မသယ်နိုင်တော့ဘူး။ ရှေ့မှာ ဥယျာဉ်တွေလည်း မရှိတော့ပါဘူး၊ ပြန်ကြပါစို့ရဲ့' လို့ ပြောပါသတဲ့။

သည်တော့ သိုက်ဆရာကြီးက 'သားရယ်… ယောက်ျားပဲ၊ နည်းနည်း ကြိုးစားလိုက်ပါဦး၊ ရှေ့မှာ ဥယျာဉ်ကြီးတစ်ခု ကျန်ပါသေးသည်။ အဲသည် ဥယျာဉ်ကြီးကမှ တကယ့် ကြီးကျယ်ခမ်းနားသဟာ။ အဲသည် ဥယျာဉ်ကြီးနှင့် စာလျှင် ငါတို့အလျင်က တွေ့ခဲ့သည့် ဥယျာဉ်တွေဟာ အလကားဟာတွေပါ။ နည်းနည်း ကြိုးစားပြီး လျှောက်လိုက်ပါဦး သားရယ်၊ သင့်အသက်ဟာလည်း ငယ်တော့သဟာမှ မဟုတ်ဘဲနှင့်' လို့ ပြောပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက သူ့သိုက်စာကျသည့် နေရာရောက်အောင် အလာဒင်ကို ပုံတွေပတ်တွေ ဟုတ်သဟာရော၊ မဟုတ်သဟာရော အမျိုးမျိုးပြောပြီး ချော့ခေါ်သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ အာဖရိကတိုက် နေဝင်ပြည်က နေပြီး တရုတ်ပြည်က သူ လိုချင်သည့် နေရာကို ရောက်သွားပါသတဲ့။ သည်တော့မှ သိုက်ဆရာကြီး က 'ကိုင်း… သားရေ့၊ ငါတို့ လိုချင်သည့် နေရာကိုတော့ ရောက်ပြီ။ သည်နေရာမှာ ဘယ်သူမှ မမြင်ဖူးသည့် ဆန်းကြယ်သည့် အရာများကို ငါ ပြမည်။ အခု ခဏနေလျှင် သင် မြင်ရမည့် အရာများဟာ ဒွန္နယာကြီး တစ်ခုလုံးမှာ ဘယ်သူမှ မမြင်ဖူးသည့် အရာတွေချည်းပဲ။ သဟာပေမင့် ငါ့သား အမောပြေသွားအောင် ခဏတော့ နားလိုက်ပါဦး။ အဲသည်လို နားပြီးလို့ အမောပြေတော့ ငါတို့ မီးမွှေးရအောင် ငါ့သားက သစ်ကိုင်းခြောက် သေးသေးကလေးတွေကို ကောက်ပေးပါ။ ငါက ငါ့သားကို ဒွန္နယာကြီး တစ်ခုလုံး ဘယ်သူမျှ မမြင်ဖူးသေးသည့် ထူးဆန်းသည့် အရာများကို ပြပါမည်' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က သိုက်ဆရာကြီး ပြမည်ဆိုသည့် ထူးဆန်းသည့် အရာကို ကြည့်ချင်ဇောနှင့် အမောပြေသွားပြီး သစ်ကိုင်းခြောက်များ လျှောက်ကောက်ပါသတဲ့။ အဲသဟာနှင့် သစ်ကိုင်းခြောက် တော်တော်ရတော့ သိုက်ဆရာကြီးက 'တော်ပြီဟေ့ ငါ့သား၊ ယူခဲ့တော့' လို့ ပြောပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက အလာဒင် ကောက်လာသည့် သစ်ကိုင်းခြောက်တွေကို တစ်နေရာမှာ အပုံခိုင်းပြီး မီးမွှေးပါသတဲ့။ ပြီးတော့ သူ့အိတ်ထဲက ကြုတ်ကလေး တစ်ကြုတ်ကို ထုတ်လိုက်ပြီး၊ ကြုတ်ကလေးထဲက ဆေးမှုန့်ကို ထုတ်ပြီး မီးဖိုထဲ ပစ်ထည့်လိုက်ပြီး သူ့ပါးစပ်က တွတ်တွတ်တွတ်တွတ်နှင့် ဂါထာတွေ ရွတ်ပြီး မန်းပါသတဲ့။ အဲသည်တော့ မီးဖိုထဲက မီးခိုးလုံးကြီး ထွက်ပြီး မြေကြီးဟာ မြည်ဟည်းပြီး အက်ကွဲပြီး ငလျင်ကြီး လှုပ်သွားပါသတဲ့။

သည်တော့ အလာဒင်က လန့်သွားပြီး ထွက်ပြေးတော့မလို လုပ်ပါသတဲ့။ သည်တော့ အလာဒင် မရှိလျှင် သူ့သိုက်ပေါက်ပြီး ရွှေငွေ ကျောက်သံပတ္တမြားတွေ ရတော့မှာ မဟုတ်သဟာနှင့် သိုက်ဆရာကြီးက အများကြီး စိတ်ဆိုးသွားပြီး အလာဒင့်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို သူ့လက်နှင့် တအား ပိတ်ရိုက်လိုက်သဟာ အလာဒင့်ပါးစပ်ထဲက သွားတွေ ကျွတ်ကျမတတ် ဖြစ်သွားပြီး တစ်ခါတည်း မေ့ပြီး လဲကျသွားသတဲ့။ ခဏနေတော့မှ သိုက်ဆရာကြီးက ဆေးနှင့် ဖြေပေးလိုက်လို့ အလာဒင်ဟာ သတိပြန်ရလာပါသတဲ့။ သည်တော့ အလာဒင်က 'ရက်စက်လှချည်လား ဘကြီးရယ်၊ ငါက ဘာအပြစ်များ လုပ်ရလို့ ငါ့ကို သင်က သဟာလောက်တောင် ပြင်းပြင်းထန်ထန် ရိုက်ရသဟာလဲ' လို့ မေးပါသတဲ့။

သည်တော့ သိုက်ဆရာကြီးက 'ငါ့အပေါ် မကောင်းမထင်ပါနှင့်သား၊ သင့်ကို ငါက ကောင်းစေချင်လို့ ဆုံးမသဟာပါ။ သည်တော့ သင်က ငါ ပြောသည့် စကားကို နားထောင်ပြီး ငါ ခိုင်းသည့်အတိုင်း လုပ်ပါ။ မကြာခင်ဘဲ အင်မတန် ဆန်းကြယ်သည့် အရာများကို သင် မြင်ရပြီး သင် အဆင်းရဲခံရကျိုး နပ်ပါလိမ့်မည်' လို့ ချော့ပြီး ပြောပါ သတဲ့။

ပြီးတော့ သိုက်ဆရာကြီးက မန်းမှုတ်ပြီး မီးဖိုထဲ ဆေးမှုန့်ထည့်လိုက်လို့ မြေကြီး လည်း အက်ကွဲလာရော၊ မြေကြီးထဲက ကြေးကွင်း တပ်ထားသည့် ကျောက်ပြားကြီး တစ်ခုလည်း ပေါ်လာသဟာပါပဲ တဲ့။ သည်တော့ သိုက်ဆရာကြီးက 'ငါ ပြောသည့် အတိုင်း သင် လုပ်မည်ဆိုလျှင် သင်ဟာ ရှိသမျှ ဘုရင်တွေထက် ပစ္စည်းဥစ္စာ ပေါ်လာ လိမ့်မည်။ အဲသဟာကြောင့် သည်ပစ္စည်းတွေဟာ သင် မသိပေမယ့် သင် ရထိုက်သည့် ပစ္စည်းတွေဖြစ်လို့ ငါက သည်ပစ္စည်းများကို သင် ရပါစေဆိုပြီး သင့်ကို ရိုက်ရသဟာပါ။ အခု သင့်ဟာသင် သတိနည်းနည်းထားပြီး စဉ်းစားကြည့်မည်ဆိုလျှင် ငါက မြေကြီး အက်ကွဲလာအောင် မန်းလိုက်မှုတ်လိုက် သဟာကို သင် ပြန်သတိရပါလိမ့်မည်။ ငါ ပြောနေသည့် ပစ္စည်းဥစ္စာတွေဟာ အဲသည် ကျောက်ပြားကြီးအောက်မှာ ရှိပါသည်။ အဲသည် ကျောက်ပြားကြီးဟာ သင်က လွဲပြီး ဘယ်သူမျှ ဖွင့်လို့ မရပါဘူး။ ပြီးတော့ သည်ကျောက်ပြားကြီးအောက်က ရတနာတိုက်ခန်းကြီးထဲကိုလည်း သင်က လွဲပြီး ဘယ်လူသားမျှ ဝင်လို့ မရပါဘူး။ သဟာကြောင့် သင်က ကြေးကွင်းကို ဆွဲပြီး ကျောက်ပြားကြီးကို ဖွင့်လိုက်ပါ။ သဟာပေမင့် သင်ဟာ ငါ ပြောသမျှကိုတော့ တစ်သဝေ မတိမ်း လိုက်နာရလိမ့်မည်။ ငါ ပြောသဟာကို ဘာမှ သင်က ပြန်မေးနေလို့ မဖြစ်ဘူး။ သင့် အကျိုးအတွက် ငါက ပြောသဟာပါ။ သည်ရတနာ တိုက်ခန်းကြီးထဲမှာ ရှိသလောက် များပြားသည့် ရွှေငွေရတနာတွေကို ရှင်ဘုရင်တွေတောင်မှ မမြင်ဖူးကြ ဖူးဘူး။ အဲသဟာတွေဟာ သင်နှင့် ငါနှင့် နှစ်ယောက်အဖို့ချည်းပဲ၊ နားလည်ရဲ့လား' လို့ ပြောပါသတဲ့။

အဲသည်လို သိုက်ဆရာကြီးက ပြောလိုက်တော့ အလာဒင့်စိတ်ထဲက သူဟာ စုလတန်တွေထက် ချမ်းသာသည့်သူ ဖြစ်ရချေသေးရဲ့လို့ အောက်မေ့ပြီး သူ့ခေါင်းကို





မီးဖိုထဲသို့ ဆေးမှုန့်ထည့်လိုက်၍ ကြေးကွင်းတပ်ထားသည့်
ကျောက်ပြားကြီး ပေါ်လာရာ...။

သိုက်ဆရာကြီးက ရိုက်လို့ နာနေသဟာတွေ၊ မောပန်းနေသဟာတွေဟာ အကုန်လုံး ပျောက်သွားပါသတဲ့။ အဲသဟာနှင့် အလာဒင်က 'ငါ့ကို ဘကြီး သဘောကျသလို အလုပ်ခိုင်းပါ၊ ဘကြီး ပြောသဟာ ငါ အကုန်လုပ်ပါမည်' လို့ ပြောပါသတဲ့။

သည်တော့ သိုက်ဆရာကြီးက 'အို... သား၊ သင့်ကို ငါဟာ ငါ့သားအရင်း ထက်ပင် ချစ်ပါသေးသည်။ သင်ဟာ ငါ့သားဆိုလည်း ဟုတ်ပါသည်၊ ငါ့အမွေခံ အမွေစားဆိုလည်း ဟုတ်ပါသည်။ အခု ငါ အပင်ပန်း အဆင်းရဲခံနေသမျှတွေဟာ သူများ အတွက် မဟုတ်ပါဘူး။ သင် ချမ်းသာပြီး ကျော်ကြားစေဖို့ အတွက်ပါ။ သဟာကြောင့် ငါ့စကားကို ယုံယုံကြည်ကြည် နားထောင်ပြီး ငါ ခိုင်းသလို တစ်သဝေမတိမ်း လုပ်ပါ။ ကိုင်း... သွား၊ ကြေးကွင်းကို ဆွဲပြီး ကျောက်ပြားကြီးကို ဖွင့်ချေတော့' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က 'သည်ကြေးကွင်းကြီးက အလေးကြီးပဲ့၊ ဘယ် ငါ တစ်ယောက်တည်း ဖွင့်နိုင်ပါ့မလဲ။ ဘကြီးကလည်း ဝိုင်းပြီး ကူဆွဲပေးဦးမှပေါ့။ ငါ့ အသက်က ငယ်ငယ်လေး ရှိသေးသဟာပဲ' လို့ သိုက်ဆရာကြီးကို ပြောပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ သိုက်ဆရာကြီးက ‘ဝင်ကူလို့ မဖြစ်ဘူး သားရဲ့၊ ငါ ဝင်ကူလိုက်လျှင် ငါတို့ အကြံတွေ အကုန်ပျက်သွားလိမ့်မည်။ ဆွဲသာဖွင့်ပါ၊ သင်ဖွင့်လျှင် ချက်ချင်း ပွင့်သွားပါလိမ့်မည်။ ငါ ပြောသဟာကို ယုံပါ။ သည်ကျောက်ပြားကြီးဟာ သည့်ပြင်လူ ဖွင့်လို့ မရပါဘူး၊ သင် ဖွင့်မှသာ ရမှာပါ။ သဟာပေမင့် သင် အဲသလို ဆွဲဖွင့်သည့်အခါမှာ သင့်နာမည်ကိုလည်း သင့်ပါးစပ်က ရွတ်ပါ။ ပြီးတော့ သင့်အဖေ့ နာမည်နှင့် သင့်အမေ နာမည်ကိုလည်း ရွတ်ပါ။ အဲသည်လို ရွတ်လိုက်လျှင် ကျောက်ပြားကြီးဟာ ချက်ချင်း ပွင့်လာပါလိမ့်မည်။ သင် ဆွဲရမှန်းတောင် သိမှာ မဟုတ်ဘူး’ လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က သိုက်ဆရာကြီး ပြောသည့်အတိုင်း သူ့ပါးစပ်က သူ့နာမည်နှင့် သူ့အဖေ၊ အမေ နာမည်ကို ရွတ်ပြီး ယုံယုံကြည်ကြည်နှင့် ဆွဲဖွင့်လိုက်ပါသတဲ့။ သည်တော့ ကျောက်ပြားကြီးဟာ သိုက်ဆရာကြီး ပြောသည့်အတိုင်းပဲ အလွယ်နှင့် ပွင့်သွားပါသတဲ့။ အဲသလို ပွင့်သွားတော့ မြေတိုက်ကြီးထဲ ဆင်းသွားဖို့ လှေကားကြီး ပေါ်လာပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက ‘အလာဒင်ရေ၊ သင်ဟာ ငါ ပြောသမျှကို ဂရုစိုက်ပြီး သေသေချာချာ နားထောင်ပြီး ငါ ပြောသည့်အတိုင်း တစ်သဝေမတိမ်း လုပ်နော်။ သည် လှေကားအတိုင်း သင် ဆင်းသွားလျှင် အောက်ကျတော့ အခန်းကြီး လေးခန်း တွေ့လိမ့်မည်။ အဲသည် အခန်းကြီး လေးခန်းထဲမှာ ရွှေအိုးကြီးလေးလုံးနှင့် ငွေအိုးကြီးတွေ တွေ့လိမ့်မည်။ အဲသည်အခါမှာ သင်က ဘာမျှ သွားပြီး မယူလေနှင့်၊ သင့်လက်နှင့် တောင် သွားကိုင်မကြည့်နှင့်။ ကုန်ကုန် ပြောလိုက်မည်ကွယ်၊ သင့်အဝတ်နှင့်တောင်မှပဲ ရွှေအိုး ငွေအိုးတွေကိုရော၊ ထရံတွေကိုရော မထိမိစေနှင့်။ တစ်ခါတည်း လေးခုမြောက် ထရံကို ရောက်အောင်သာ မဆိုင်းမတွ ဝင်သွားပါ။ အခု ငါ မှာလိုက်သည့် စကားကို သင် နားမထောင်ဘူး ဆိုလျှင်တော့ သင်ဟာ ကျောက်တုံးမည်းမည်းကြီး ဖြစ်သွားလိမ့်မည်။ လေးခုမြောက် ထရံကိုရောက်တော့ တံခါးတစ်ခု တွေ့လိမ့်မည်။ အဲသည်တံခါးကို ဖွင့်ပြီး အတွင်းကို ဝင်သွား၊ အတွင်းကို ရောက်တော့ အသီးတွေ သီးနေသည့် သစ်ပင်တွေကို တွေ့လိမ့်မည်။ အဲသည် သစ်ပင်တွေ ကြားထဲမှာ အတောင်ငါးဆယ်ရှည်သည့် လမ်းတစ်ခု တွေ့လိမ့်မည်။ အဲသည် လမ်းအတိုင်း သင် လိုက်သွားလျှင် တံခါးမရှိသည့် အဆောင်တစ်ခုကို တွေ့လိမ့်မည်။ အဲသည် အဆောင်ထဲမှာ အထစ်သုံးထစ်ရှိသည့် လှေကားတစ်ခု တွေ့လိမ့်မည်။ ပြီးတော့ အဲသည်အဆောင်ရဲ့ မျက်နှာကြက်မှာ မီးခွက် တစ်ခု ဆွဲထားသဟာကို တွေ့လိမ့်မည်။ သည်အခါမှာ သင်က လှေကားနှင့်တက်ပြီး အဲသည် မီးခွက်ကို ဖြုတ်၊ ပြီးတော့ အဲသည် မီးခွက်ထဲက ဆီကိုသွန်ပြီး မီးခွက်ကို သင့်အင်္ကျီအိတ်ထဲမှာ ထည့်ယူခဲ့။ သင့်အင်္ကျီကို ပေကုန်မှာ မကြောက်ပါနှင့်။ မီးခွက်ထဲက ဆီက ရိုးရိုးဆီ မဟုတ်ပါဘူး။ သင် ပြန်ထွက်လာသည့် အခါကျတော့ ဥယျာဉ်ထဲက သင် ခူးချင်သည့် သစ်သီးတွေကို သင်နိုင်သလောက် ခူးချင် ခူးနိုင်သည်။ ဘာမျှ





မကြောက်နှင့်။ သင့်လက်ထဲမှာ မီးခွက်ရှိနေသမျှ အဲသည်ဟာတွေကို သင် အကုန် ပိုင်သည်’ လို့ ပြောပါသတဲ့။

အဲသည်လို ပြောပြီးတော့ သိုက်ဆရာကြီးက သူ့လက်က လက်စွပ်ကို ချွတ်ပြီး အလာဒင်ရဲ့ လက်ညှိုးမှာ ဝတ်ပေးလိုက်ပါသတဲ့။ ပြီးတော့မှ သိုက်ဆရာကြီးက ‘သည် လက်စွပ်ကို ဝတ်ထားသမျှ သင့်ကို ဘာဘေးရန်မှ မဖြစ်နိုင်ဘူး။ သဟာပေမင့် ငါ မှာလိုက်သည့် စကားတွေကိုတော့ တစ်သဝေမတိမ်း သင် နားထောင်မှ ဖြစ်မည်နော်။ ကိုင်း . . . သင့်စိတ်ကို ပိုင်ပိုင်ကြီး ဆုံးဖြတ်ပြီးတော့ ရဲရဲကြီးသာ သည်လှေကားအတိုင်း ဆင်းသွားပေတော့။ ပြီးတော့ သင်ဟာ အခုဆိုလျှင် ကလေး မဟုတ်တော့ဘူး၊ လူကြီး ဖြစ်လာပြီ၊ ဘာမျှ မကြောက်နှင့်တော့။ သင်ဟာ မကြာခင်ဘဲ အင်မတန် မြားမြောင်သည့် ရွှေ ငွေ ရတနာတွေကို ရပြီး ကမ္ဘာပေါ်မှာ အချမ်းသာဆုံးသူ ဖြစ်တော့မည်’ လို့ ပြောပါ သတဲ့။

အဲသည်တော့ အလာဒင်က မြေတိုက်ကြီးထဲကို ဆင်းပြီး သွားပါသတဲ့။ မြေတိုက်ကြီးထဲ ရောက်တော့ သိုက်ဆရာကြီး ပြောလိုက်သည့်အတိုင်းပဲ အခန်းကြီး လေးခန်းကိုလည်း တွေ့ပါသတဲ့။ အဲသည် အခန်းကြီးလေးခန်းထဲမှာ ရွှေအိုးကြီး လေးလုံး ကလည်း တစ်ခန်း တစ်ခန်းမှာ တစ်လုံးစီ တစ်လုံးစီ ရှိပါသတဲ့။ အလာဒင်က အဲသည် အခန်းကြီး လေးခန်းနှင့် ရွှေအိုးကြီးလေးလုံးကို သိုက်ဆရာကြီး မှာလိုက်သည့်အတိုင်း မထိမခိုက်မိအောင် ဂရုစိုက်ပြီး သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ အလာဒင် ဟာ ဥယျာဉ်ထဲက အဆောင်ကြီးကို ရောက်သွားပါသတဲ့။ အဲသည်အခါကျတော့ သိုက် ဆရာကြီး ပြောလိုက်သည့် အတိုင်းပဲ မျက်နှာကြက်မှာ ဆွဲထားသည့် မီးခွက်ကို တွေ့ပါ သတဲ့။ အဲသဟာနှင့် အလာဒင်က လှေကားနှင့်တက်ပြီး မီးခွက်ကိုဖြုတ်၊ မီးကိုငြိမ်း၊ မီးခွက်ထဲက ဆီကို သွန်ပြီး မီး႘ွက်ကို သူ့အင်္ကျီအိတ်ထဲမှာ ထည့်ပါသတဲ့။ အဲသလို မီးခွက်ကို ဖြုတ်ပြီးလို့ လှေကားပေါ်က ဆင်းလို့အလာမှာ အလာဒင်က ဥယျာဉ်ထဲက သစ်သီးမျိုးစုံ သီးနေသည့် သစ်ပင်တွေကို မြင်ပါသတဲ့။ အဲသည် သစ်ပင်တွေပေါ်မှာလည်း ငှက်အမျိုးစုံက သာယာစွာ တွန်ကျူးနေကြပါသတဲ့။ အဲသဟာနှင့် အလာဒင်က သစ်ပင် တွေကို သေသေချာချာ ကြည့်လိုက်တော့ သစ်သီးတွေဟာက ရိုးရိုးသစ်သီးတွေ မဟုတ်ဘဲ စိန်တွေ ကျောက်တွေ ဖြစ်နေသဟာကို တွေ့ရပါသတဲ့။ အဲသည် စိန်တွေ ကျောက်တွေ ကလည်း တစ်ပင်က သီးသည့် စိန်တွေ ကျောက်တွေနှင့် တစ်ပင်က သီးသည့် စိန်တွေ ကျောက်တွေဟာ အမျိုးမတူကြပါဘူး တဲ့။ အရောင်တွေကလည်း အစိမ်း၊ အဝါ၊ အနီ၊ အပြာ၊ အဖြူ၊ အရောင်မျိုး စုံပါပဲတဲ့။ အဲသည် အရောင်တွေကလည်း တောက်လိုက် ပြောင်လိုက်သဟာ ဟာ မွန်းတည့်နေရောင်တောင်မှ မှိန်သွားပါသတဲ့။ အဲသည် အပင် တွေက သီးနေသည့် စိန်ကျောက်အကြီးစားမျိုး ဆိုလျှင် ဘုရင်တကာ့ ဘုရင်ဆီမှာတောင်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါဘူးတဲ့။ အဲသည် စိန်ကျောက်တွေထဲက အကြီးဆုံး စိန်ကျောက်မျိုး ဆိုသဟာကိုတော့ မပြောနှင့်တော့၊ အလတ်စားလောက်ကိုတောင်မှ ပိုင်သည့် ရှင်ဘုရင် မရှိပါဘူးတဲ့။ သဟာပေမင့် အလာဒင်က အသက်ကလည်း ငယ်၊ အတွေ့အကြုံကလည်း နည်းသေးသဟာနှင့် သစ်ပင်တွေပေါ်မှာ သီးနေသည့် စိန်တွေ ကျောက်တွေကို စိန့်အစစ်တွေ၊ ကျောက်အစစ်တွေလို့ မထင်ဘဲ ဖန်လုံး ဖန်တုံးတွေလို့ ထင်ပါသတဲ့။ အဲသဟာနှင့် အလာဒင်က သူ အိမ်ပြန်ရောက်သည့် အခါကျတော့ ကစားဖို့အတွက် စိန်တွေ ကျောက်တွေကို အပင်တိုင်းက လျှောက်ခူးပြီး သူ့အင်္ကျီအိတ်တွေထဲရော၊ ခါးပိုက်ထဲရော ပြည့်ကျပ်နေအောင် ထည့်ပါသတဲ့။

ပြီးတော့ အလာဒင်က အချိန်ကြာနေလို့ရှိရင် သူ့ဘကြီးက စိတ်ဆိုးနေမှာ ကြောက်သဟာနှင့် ကမန်းကတန်း ဥယျာဉ်ထဲက ထွက်ပြီး ပြန်ခဲ့ပါသတဲ့။ အဲသည်လို ပြန်လာတော့ အခန်းကြီး လေးခန်းထဲက ရွှေအိုးကြီးလေးလုံးကိုလည်း တွေ့ပါသတဲ့။ အဲသည်အခါမှာ ရွှေအိုးကြီး လေးလုံးထဲက ရွှေများကို သူ ယူချင်လျှင် ယူနိုင်ပေမင့် အလာဒင်ဟာ အိတ်တွေထဲမှာ စိန်တွေ ကျောက်တွေနှင့် ပြည့်နေသဟာနှင့် မယူနိုင်တော့ပါဘူးတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ အလာဒင်ဟာ မြေတိုက်ကြီးထဲက ထွက်သည့် လှေကားကြီးဆီကို ရောက်လာပါသတဲ့။ မြေတိုက်ကြီး အပြင်ကို ရောက်ခါနီး နောက်ဆုံး လှေကားထစ်ကို ရောက်တော့ အလာဒင်ဟာ စိန်တွေ ကျောက်တွေကလည်း လေး၊ ဒူးကလည်း ညောင်းလာသဟာနှင့် မတက်နိုင်ဘဲ ဖြစ်နေပါသတဲ့။ အဲသဟာနှင့် အလာဒင်က သိုက်ဆရာကြီးကို 'ဘကြီးရေ၊ ငါ့ကို ဆွဲတင်ပါဦး၊ ငါ မောနေပြီ။ မတက်နိုင်တော့ဘူး' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'သားရေ၊ မီးခွက်က လေးနေလို့ သင် မတက်နိုင်သဟာ ထင်ပါရဲ့။ မီးခွက်ကို ငါ့ဆီ အလျင်ပေးလိုက်ပါ' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'ဘကြီးရေ၊ မီးခွက်က လေးသဟာ မဟုတ်ပါဘူး။ ငါ့ကို အပေါ်ရောက်အောင်သာ ဆွဲတင်ပါဦး။ အပေါ်ရောက်တော့ သင့်ကို ငါ မီးခွက် ပေးပါမည်' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက သူ့စိတ်ထဲမှာ မီးခွက်ရဖို့ တစ်ခုတည်းပဲ အရေးကြီးနေသဟာနှင့် 'မီးခွက်ကိုသာ အလျင်ပေးလိုက်ပါ သားရဲ့၊ ပြီးတော့ သင့်ကို ငါ ဆွဲတင်ပါမည်' လို့ ထပ်ပြောပါသတဲ့။ သည်တော့ အလာဒင်က 'မီးခွက်က ငါ့အိတ်ထဲမှာ အောက်ဆုံးက ရောက်နေပါသည်၊ ငါ နှိုက်လို့ မရဘူး၊ ငါ အပေါ် ရောက်ရောက်ချင်း မီးခွက်ကို ပေးပါမည်။ ငါ့ကိုသာ အလျင် ဆွဲတင်ပါ' လို့ ဆိုပါသတဲ့။ အဲသည်လို အလာဒင်က သူ့အိတ်ထဲမှာ စိန်တွေ ကျောက်တွေ ထည့်ထားလို့ မီးခွက်ကို နှိုက်မရလို့ ပြောပေမင့် သိုက်ဆရာကြီးက မီးခွက်သာ တမ်းတမ်းစွဲ လိုချင်နေသဟာနှင့် သူ့ကို အလာဒင်က လိမ်ပြောနေသည် ထင်ပြီး၊ အကြီးအကျယ် စိတ်ဆိုးလာပြီး၊ သူ့အိတ်ထဲက ဆေးမှုန့်ကို ထုတ်ပြီး ပါးစပ်က တွတ်တွတ် တွတ်တွတ်နှင့် မန်းပြီး မီးဖိုထဲကို ပစ်ထည့်လိုက်ပါရောတဲ့။





သည်တော့ ကျောက်ပြားကြီးက ဖြုန်းခနဲဆို မြေတိုက်အပေါက်ကို ပိတ်ပစ်လိုက်ပါသတဲ့။ သည်တော့ အလာဒင်ဟာ မြေတိုက်ထဲက မထွက်နိုင်တော့ပါဘူး တဲ့။ ပြီးတော့ သိုက်ဆရာကြီးက အစကလည်း အလာဒင်နှင့် သူနှင့် ဘာမှု ဆွေမျိုးတော်သဟာ မဟုတ်ဘဲ၊ အလာဒင်နှင့် ထိုက်တန်သည့် သိုက်ကို သူ လိုချင်လို့သာ အလာဒင်ကို လှည့်ဖြားပြီး ခေါ်လာသဟာ ဖြစ်သည့်အတွက်၊ သိုက်ပေါက်ကို မြေကြီးနှင့် ပြန်ဖုံးပစ်ခဲ့ပြီး သူ နေသည့် အာဖရိကတိုက် နေဝင်ပြည်ကို တစ်ခါတည်း ပြန်ပြေးပါသတဲ့။

အဲသည် သိုက်ဆရာကြီးက ငယ်ငယ်ကတည်းက ဂါထာ မန္တရားတွေလည်း လိုက်စား၊ သိုက်စာတွေကိုလည်း လေ့လာပြီးနေရင်း အနှစ်လေးဆယ်လောက် လေ့လာခဲ့တော့ တရုတ်ပြည်မှာ မြေတွင်း ရွှေငွေ ရတနာသိုက်ကြီး တစ်ခုရှိသည်။ အဲသည် ရတနာသိုက်ကြီးထဲမှာ လိုတရသည့် ဆေးမီးခွက် တစ်ခုလည်း ရှိသည်။ အဲသည်သိုက်ကို အလာဒင်လို့ ခေါ်သည့် ဆင်းရဲနွမ်းပါးသည့် သူငယ်နှင့် ပေါင်းပြီး ယူမှ ရမည်လို့ တွေ့သဟာနှင့် အခုတွင်က ပြောခဲ့သလို တရုတ်ပြည် အလာဒင်တို့ဆီကို လာပြီး သိုက်တူးသဟာပါတဲ့။ အဲသည် သိုက်ထဲမှာ ရွှေငွေ ရတနာတွေထက် ဆေးမီးခွက်က ပိုပြီး အရေးကြီးပါသတဲ့။ အဲသည် ဆေးမီးခွက်ကို ပိုင်သည့်သူဟာ ဘယ်မင်း ဘယ်ရှင်ဘုရင်မှ မပြိုင်နိုင်လောက်အောင် တန်ခိုးကြီးပြီး၊ ပစ္စည်းဥစ္စာဘက်က ဆိုလျှင်လည်း ဘယ်သူဌေး ဘယ်သူကြွယ်ကမှ မပြိုင်နိုင်လောက်အောင် ချမ်းသာပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးက တရုတ်ပြည်ကို လာပြီး၊ အလာဒင်ကို သွေးဆောင်ပြီး ဆေးမီးခွက်ကို အပိုင်စီးဖို့ ကြံသဟာပါတဲ့။ သဟာပေမင့် သူ ကြံလေသမျှဟာ ခဲလေသမျှ သဲရေကျ ဖြစ်သွားသည့်အတွက် အလာဒင်ကို မြေတိုက်ကြီးထဲမှာ ပိတ်ထားခဲ့ပြီး သူလည်း တစ်ခါတည်း လစ်ပြေးသဟာပါတဲ့။ ပြီးတော့ သူ့စိတ်ထဲက အလာဒင်ဟာတော့ မြေတိုက်ကြီးထဲက ဘယ်နည်းနှင့်မှ ပြန်ထွက်နိုင်တော့မှာ မဟုတ်ဘူး၊ မြေတိုက်ကြီးထဲမှာပဲ သေမှာပဲလို့ အောက်မေ့နေပါသတဲ့။

အဲသည်လို မြေတိုက်ကြီး အပေါက်ဝက ကျောက်ပြားကြီး ပိတ်သွားတော့ အလာဒင်က 'ဘကြီးရဲ့၊ ငါ့ကို ကယ်ပါဦး ဘကြီးရဲ့။ ငါ အပေါ် ရောက်လာလျှင် ရောက်ချင်း သင် လိုချင်သည့် မီးခွက်ကို ငါ ပေးပါမည်' လို့ အော်ပါသတဲ့။ သဟာပေမင့် အဲသည်အချိန်မှာ ကျောက်ပြားကြီးကလည်း ပိတ်သွားသဟာက တစ်ကြောင်း၊ သိုက်ဆရာကြီးကလည်း သူ့နေရင်း နေဝင်ပြည်ကို ပြန်ပြေးသဟာကလည်း တစ်ကြောင်း ကြောင့် အလာဒင်ဟာ ဘယ်လောက်ပဲ အော်အော် အလကားပါပဲတဲ့။ သည်တော့မှ အလာဒင်က သိုက်ဆရာကြီးဟာ သူ့ဘကြီး မဟုတ်ကြောင်း၊ သူ့ကို တမင်သက်သက် အကောက်ကြံသွားကြောင်းကို စဉ်းစားမိပါသတဲ့။ အဲသည် အခါကျတော့မှ အလာဒင်ဟာ နောင်တကြီးစွာဖြစ်ပြီး ချုံးချုံးချ ငိုပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အလာဒင်သည် အပေါက်ဝ ကျောက်ပြားကြီး ပိတ်သွား၍ သည်းထန်စွာ ငိုကြွေးလေ၏။

ပြီးတော့ အလာဒင်က အလာဟုအရှင်ရဲ့ တန်ခိုးတော်နှင့် မြေတိုက်ထဲမှ ထွက်ပေါက်များ တွေ့လို့တွေ့ငြား မြေတိုက်ကြီးထဲကို ဆင်းပြီး ဟိုဘက် လိုက်ကြည့်၊ သည်ဘက်လိုက်ကြည့် ကြည့်ပါသတဲ့။ သဟာပေမင့် သိုက်ဆရာကြီးက အလာဒင်ကို သေစေလိုသည့် အကြံနှင့် သူ့အတတ်နှင့် စီရင်ထားခဲ့သည့် အတွက် အလာဒင်ဟာ လေးဖက်လေးတန် ပိတ်ပြီး မိနေပါသတဲ့။ ဥယျာဉ်ဘက်ကို သွားသည့် တံခါးပေါက် တောင်မှပဲ ပိတ်နေပါတော့သတဲ့။ အဲသဟာနှင့် အလာဒင်ဟာ မြေတိုက်ကြီး အထွက်ဝ ဘက် သွားသည့် လှေကားပေါ် ပြန်တက်ပြီး သည်းထန်စွာ ငိုပါသတဲ့။ ပြီးတော့ အလာဒင်က အလာဟုအရှင်ရဲ့ ဂုဏ်ကျေးဇူး တွေကို အောက်မေ့ပြီး အလာဟုအရှင်ကို





တ လိုက်ပါသတဲ့။ ပြီးတော့ စိတ်ညစ်ညစ်နှင့် လက်ဝါးချင်း ပွတ်ပါသတဲ့။ အဲသည် အခါမှာ မြေတိုက်ထဲ ဆင်းခါနီးတုန်းက သူ့ကို ဘေးဆီးရန်ကာအတွက် သိုက်ဆရာကြီး က ဝတ်ပေးလိုက်သည့် လက်စွပ်ကို အမှတ်တမဲ့နှင့် ပွတ်မိသွားပါသတဲ့။ အဲသည်လိုလည်း လက်စွပ်ကို ပွတ်လည်း ပွတ်မိရော၊ လက်စွပ် စောင့်သည့် သရဲကြီး ပေါ်လာပြီး 'ငါဟာ လက်စွပ်ကို စောင့်ရသည့် သရဲပါ၊ ငါ့တာဝန်က လက်စွပ်ကို ပိုင်သူက ခိုင်းစေရာကို လုပ်ပေးရပါသည်။ သင် ဘာကို အလိုရှိပါသလဲ၊ သင် အလိုရှိရာ ပြောပါလော့' လို့ အလာဒင်ကို ဆိုပါသတဲ့။'

အဲသဟာနှင့် အလာဒင်က မော့ကြည့်လိုက်တော့ သရဲကြီးကို မြင်ပြီး လန့်ပြီး သတိမေ့သွားမလို ဖြစ်သွားပါသတဲ့။ သဟာပေမင့် သရဲကြီးက 'ငါဟာ သင့်လက်စွပ် စောင့်ပါ၊ သင် လိုချင်သဟာကို ပြောပါ၊ ငါ ဆောင်ကြဉ်းပေးပါမည်' လို့ ပြောလိုက်သည့် အသံကို ကြားလိုက်သဟာနှင့် အကြောက်ပြေသွားပြီး 'သည်မှာ လက်စွပ်စောင့် သရဲ၊ ငါ သည်မြေတိုက်ထဲက အမြန်ဆုံး ထွက်ချင်သည်။ ငါ့ကို အပြင်ရောက်အောင် အခု ချက်ချင်း ပို့ပေးပါ' လို့ ပြောပါသတဲ့။

အဲသည်လို ပြောလိုက်လို့ စကားလည်း ဆုံးရော၊ မြေတိုက်အဝက ကျောက်ပြား ကြီးဟာ ဖြုန်းခနဲ ပွင့်သွားပြီး အလာဒင်ဟာ မြေတိုက်ကြီး အပြင်ဘက်ကို တစ်ခါတည်း ရောက်သွားပါသတဲ့။ သဟာပေမင့် အလာဒင်ဟာ မြေတိုက်ကြီးထဲမှာ အလင်းရောင်ကို မမြင်ရဘဲနှင့် မှောင်ကြီးမည်းကြီးထဲမှာ သုံးရက်လုံးလုံး နေခဲ့ရသည့်အတွက် အပြင်ဘက် ကို ရောက်လာတော့ မျက်စိကျိန်းသဟာနှင့် သူ့မျက်စိများကို ချက်ချင်း မဖွင့်နိုင်ပါဘူးတဲ့။ အဲသဟာနှင့် သူ့မျက်စိကို အလင်းရောင်နှင့် အကျင့်ရအောင် တော်တော်ကြာအောင် မှိတ်ချည်ဖွင့်ချည် လုပ်နေရပါသတဲ့။ နောက် တော်တော်လေးကြာလို့ မျက်စိကို ဖွင့်ကြည့် လိုက်တော့ အစက သူနှင့် သိုက်ဆရာကြီး လာကြသည့် နေရာကို ပြန်ရောက်နေပါသတဲ့။ သဟာပေမင့် မြေတိုက်ကြီး အဝင်ဝမှာ ခြေရာမပျက်၊ လက်ရာမပျက် မြေကြီးတွေ ဖုံးလျက်ပဲ ရှိနေသဟာနှင့် သည်နေရာဟာ မြေတိုက်ကြီး အဝင်ဝနေရာ ဟုတ်မှ ဟုတ် ပါရဲ့လားလို့ သူ့စိတ်ထဲက အောက်မေ့မိပါသတဲ့။ နောက်မှ သူနှင့် သိုက်ဆရာကြီးတို့ မီးဖိုထားသည့် နေရာကို မြင်တော့မှ သူ့စိတ်ထဲက သင်္ကာရန့် ကင်းသွားပါသတဲ့။

ပြီးတော့ အလာဒင်ဟာ သူ ပြန်ရမည့်လမ်းကို ကောင်းကောင်း မမှတ်မိသဟာ နှင့် ဘယ်ဘက်ကွေ့လိုက်၊ ညာဘက်ကွေ့လိုက် ဖြစ်နေပါသတဲ့။ နောက်ဆုံးကျတော့မှ ဥယျာဉ်ကြီးတွေဘက်ကို ရောက်သွားပြီး သူ ပြန်ရမည့် လမ်းကို သိသွားပါသတဲ့။ အဲသဟာနှင့် သူနှင့် သိုက်ဆရာကြီးတို့ လာခဲ့သည့် လမ်းအတိုင်း လျှောက်ပြီး ပြန်သွား တော့ အလာဒင်ဟာ သူ့အိမ်ကို သူ ပြန်ရောက်သွားပါသတဲ့။ အဲသလို သူ့အိမ်ကို သူ ပြန်ရောက်သွားတော့ အလာဒင်ဟာ အစာကလည်း မစားရ၊ မောကလည်း မော၊



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းကလည်း ဟာသဟာနှင့် သူ့အမေဆီကို ပြေးသွားရင်းနှင့် မြေကြီးပေါ်ကို သတိမေ့ပြီး လဲကျသွားပါသတဲ့။ အဲသည်အခါမှာ သူ့အမေကလည်း အလာဒင် အိမ်က ပျောက်သွားသဟာနှင့် စိတ်ပူပြီး ငိုနေပါသတဲ့။ အဲသည်လို ငိုနေတုန်း မမျှော်လင့်ဘဲနှင့် ဖြုန်းခနဲ အလာဒင် ပြန်ရောက်လာတော့ သူ့အမေဟာ ဝမ်းအသာကြီး သာသွားပါသတဲ့။ အဲသည်လို ဝမ်းသာနေတုန်းမှာ အလာဒင်က မြေကြီးပေါ် သတိမေ့ပြီး လဲကျသွားပါသတဲ့။ သည်တော့ အလာဒင့် အမေဟာ တစ်ခါ အပူကြီး ပူသွားပြန်ပြီး သူ့သားရဲ့ မျက်နှာကို ရေနှင့်ဖျန်းပြီး နှာနှပ်ပေးရပါသတဲ့။

အလာဒင်ကလည်း သတိပြန်ရလာသဟာနှင့် တစ်ချက်တည်း 'အမေရယ်၊ ငါ ထမင်းမစားရသဟာ သုံးရက်တောင် ရှိပြီ။ ဆာလိုက်သဟာ' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင့် အမေက သူ့မှာရှိသည့် ထမင်းဟင်းကလေးကို ထည့်ကျွေးပြီး 'ကိုင်း စား သားရေ့၊ စားသောက်ပြီး အမောအပန်းကလေး ဘာလေး ပြေသွားတော့မှ ငါ့သား ဘယ်သွားနေသည် ဆိုသဟာကို အမေ့ကို ပြန်ပြောပြပေါ့' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် အလာဒင်က စားသောက်ပြီး အမောအပန်း ပြေသွားတော့ 'သည်မှာ အမေ၊ အမေ့ကိုပဲ ငါ စိတ်ဆိုးသည်။ ငါ့ကို ဘာလို့ ဟိုကောင်ကြီးနှင့် ထည့်လိုက်ရသဟာလဲ။ ဟိုကောင်ကြီးက ကောင်းသဟာ မဟုတ်ဘူး၊ ငါ့ကို သတ်ဖို့ ကြံနေသဟာ ကံကောင်းလို့ ငါ မသေသသည်။ အလာဟုအရှင် ကယ်ပေလို့ပေါ့။ သည်ကောင်ကြီးဟာ ငါတို့နှင့် ဘာမှ တော်သဟာ မဟုတ်ဘူး။ သိုက်လိုက်တူးနေသည့် ကောင်လိမ်ကောင်ညာကြီး။ ငါတို့ကို ချစ်စကား ခင်စကားတွေ ရွှန်းရွှန်း ဝေနေအောင် ပြောသဟာ ဟာလည်း အကောင်း မဟုတ်ဘူး။ ငါ့ကို သတ်ပြီး သူ့အကြံ အောင် အောင် လုပ်ဖို့ သက်သက် လိမ်နေသဟာ။ ငါ့ကို သည်ကောင်ကြီးက ဘယ်လို မကောင်းကြံသည် ဆိုသဟာကို ငါ ပြောပြမည်၊ နားထောင်' လို့ ပြောပြီး အလာဒင်က သူ့အဖြစ်အပျက်ကို ငိုပြီး အကုန်လုံး ပြန်ပြောပြပါသတဲ့။ ပြီးတော့ အလာဒင်က သူ ရလာခဲ့သည့် မီးခွက်ကို ထုတ်ပြပြီး 'ဟောသည် မီးခွက်ပေါ့ အမေရဲ့၊ မျက်နှာကြက်ပေါ်က ငါ တက်ဖြုတ်လာခဲ့သဟာ။ ပြီးတော့ ဟောသည် ဖန်သီးတွေကိုလည်း ကြည့်ပါဦး အမေ၊ လှလိုက်သဟာ' လို့ ပြောပါသတဲ့။

ပြီးတော့ အလာဒင်ဟာ မောသဟာနှင့် အိပ်ပျော်သွားလိုက်သဟာ နောက်နေ့ မွန်းတည့်မှပဲ နိုးပါသတဲ့။ အိပ်ရာကနိုးတော့ အလာဒင်က 'အမေရယ် ဆာလိုက်သဟာ၊ ဘာများ စားစရာ ရှိသလဲ' လို့ မေးပါသတဲ့။ သည်တော့ သူ့အမေက 'ငါတို့အိမ်မှာ သည်နေ့ ဘာမှ စားစရာမရှိဘူး သားရယ်၊ အမေ ငင်ထားသည့် ချည်ကလေး နည်းနည်း ရှိသည်။ အမေ သွားရောင်းပြီးတော့မှ ငါ့သားဖို့ စားစရာ တစ်ခုခု ဝယ်ခဲ့မည်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'အမေ့ ချည်ကို သွားရောင်းလို့ များများစားစား





သရဲကြီးဟာ ငွေလင်ပန်းကြီးထဲမှာ ရွှေလင်ပန်း တစ်ဆယ့်နှစ်ချပ်နှင့် ထည့်ထားသည့် စားဖွယ်များကို ယူပြီး အလာဒင့်ရှေ့ ရောက်လာပါသတဲ့။

ရမှာ မဟုတ်ပါဘူး။ မြေတိုက်ကြီးထဲက ငါ ရလာခဲ့သည့် မီးခွက်ကို ငါ ဈေးသွား ရောင်းပါမည်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် အလာဒင့်အမေက မီးခွက်ကို သွားယူပြီး ကြည့်လိုက်တော့ မီးခွက်က အများကြီး ပေကျံနေသဟာကို တွေ့ရပါသတဲ့။ သည်တော့ အလာဒင့် အမေက 'သားရေ၊ မီးခွက်က သိပ်ပေနေသကွယ်၊ ဈေးကောင်းကောင်း ရအောင် ငါ တိုက်လိုက် ချွတ်လိုက်ဦးမည်' လို့ ပြောပြီး မီးခွက်ကို သဲနှင့် တိုက်ပါသတဲ့။ အဲသည်လို မီးခွက်ကို သဲနှင့်လည်း တိုက်လည်း တိုက်လိုက်ကရော၊ အကောင်အထည်ကလည်း အင်မတန်ကြီး၊ မျက်နှာကြီးကလည်း အင်မတန် ကြောက်စရာ ကောင်းသည့် သရဲကြီး ပေါ်လာပြီး 'သင် ဘာကို အလိုရှိပါသလဲ၊ ငါဟာ သင့်လက်ထဲမှာ ရှိသည့် မီးခွက်ရဲ့ အစောင့်ပါ။ ငါတစ်ယောက်တည်းတွင် မဟုတ်ပါဘူး၊ ငါနှင့် စောင့်ဖော်စောင့်ဖက် တွေလည်း အများကြီး ရှိပါသည်။ သင် လိုချင်သဟာသာ ပြောပါ၊ ငါ ဆောင်ကြဉ်းပေး ပါမည်' လို့ ဆိုပါသတဲ့။ အဲသည်လို သရဲကြီးက ပြောလိုက်တော့ အလာဒင့်အမေဟာ



www.burmeseclassic.com

www.burmeseclassic.com



လန့်သွားပြီး ဘာမှ စကားပြန်မပြောနိုင်ဘဲ မေ့သွားပါသတဲ့။ သဟာပေမင့် အလာဒင်က သရဲကြီးရဲ့ အသံကို ကြားလိုက်တော့ သူ့အမေဆီ ကမန်းကတန်း ပြေးလာပြီး၊ သူ့အမေ လက်ထဲက မီးခွက်ကို ဆွဲယူလိုက်ပြီး 'ဟဲ့ . . . မီးခွက်စောင့်၊ ငါဆာသည်၊ စားစရာ တစ်ခုခု ခုချက်ချင်း သွားယူလိုက်၊ ငါတို့ စားနေကျ အစာထက် ကောင်းသဟာကို ယူခဲ့နော်' လို့ ပြောပါသတဲ့။ အဲသည်လို အလာဒင်က အချက်ကျကျ ပြောတတ်သဟာ ဟာက မြေတိုက်ကြီးထဲမှာတုန်းက လက်စွပ်စောင့် သရဲနှင့် တွေ့ဖူးသည့်အတွက် ပြောတတ်သဟာပါ တဲ့။

အလာဒင်က မီးခွက်စောင့်သရဲကို စားစရာ အယူခိုင်းလိုက်တော့ မီးခွက်စောင့် သရဲဟာ မျက်စိတစ်မှိတ်လောက် ပျောက်သွားပြီး ငွေလင်ပန်းကြီးကို ရွက်ပြီး ပြန်ပေါ် လာပါသတဲ့။ အဲသည် ငွေလင်ပန်းကြီးထဲမှာ ရွှေလင်ပန်း တစ်ဆယ့်နှစ်ချပ်နှင့် စားဖွယ် သောက်ဖွယ်ရာ အမျိုးမျိုး ပါပါသတဲ့။ ထမင်းက ဆိုလျှင်လည်း ဂွမ်းများလို ဖြူဖွေး နေသဟာပါပဲတဲ့။ ပြီးတော့ ဟင်းတွေကလည်း မွေးလို့ကြိုင်လို့ပါတဲ့။ ပြီးတော့ နှစ်ချို့ သေရည်တကောင်းတွေကလည်း အများကြီးပါပဲ တဲ့။

ပြီးတော့ သရဲကြီးက ငွေလင်ပန်းကြီးကို အလာဒင့်ရှေ့မှ ချခဲ့ပြီး ပြန်ပျောက် သွားပါသတဲ့။ သည်တော့ အလာဒင်က သူ့အမေ မေ့လဲနေသည့် နေရာကို သွားပြီး သူ့အမေမျက်နှာကို နှင်းရည်နှင့်ပက်ပြီး 'ထ လေ အမေ ထ၊ အလ္လာဟု အရှင်က ပေးသည့် အစားကောင်း အသောက်ကောင်းတွေကို စားကြရအောင်' လို့ ပြောပါသတဲ့။ အလာဒင့် အမေက သတိရလို့ ငွေလင်ပန်းကြီးနှင့် ရွှေလင်ပန်းတွေနှင့် ထည့်ထားသည့် စားကောင်း သောက်ဖွယ်တွေကို မြင်တော့ အံ့ဩသွားပြီး 'ဟဲ့ သားရဲ့၊ သည်ငွေလင်ပန်းကြီးနှင့် ရွှေလင်ပန်းထဲက စားကောင်း သောက်ဖွယ်တွေဟာ ဘယ်သူ လာပေးသဟာလဲ။ စူလတန်ဘုရင်က ငါတို့ကို ဆင်းရဲမှန်းသိလို့ သနားသဟာနှင့်များ လာပို့သဟာလား' လို့ မေးပါသတဲ့။ သည်တော့ အလာဒင်က 'အဆာပြေအောင် စားမှာကို အလျင်စားပါဦး အမေ၊ စားပြီးတော့ ငါ ပြောပြပါမည်' လို့ ဆိုပါသတဲ့။

ပြီးတော့ သားအမိနှစ်ယောက်ဟာ သရဲကြီး ယူလာသည့် အစားကောင်း အသောက်ကောင်းတွေကို ဆာဆာနှင့် ဝအိနေအောင် စားကြပါသတဲ့။ ပြီးတော့ နောက် တစ်နပ်စာနှင့် နောက်နေ့စာ အတွက်လည်း ချန်ထားကြပါသေးသတဲ့။ အလာဒင်တို့ သားအမိဟာ တစ်သက်လုံး ဆင်းဆင်းရဲရဲ နေလာခဲ့ရသဟာနှင့် ရွှေထည်ငွေထည်များကို မမြင်ဖူး မသုံးဖူးလို့ သရဲကြီး ယူလာသည့် ရွှေလင်ပန်း ငွေလင်ပန်းတွေဟာ အဖိုးတန် သလား မတန်ဘူးလား ဆိုသဟာကို မသိကြပါဘူး တဲ့။

သားအမိနှစ်ယောက်ဟာ ထမင်းစားပြီးကြတော့ စကားစမြည် နည်းနည်း ပြောကြပါသတဲ့။ အဲသည်အခါမှာ အလာဒင့်အမေက 'ကိုင်း . . . ငါ့သား၊ ထမင်း





လည်း စားပြီးပြီ။ ဆာသည် ဘာသည် ပြောနေဖို့အကြောင်း မရှိတော့ဘူး။ အခု ငါတို့ စားကြသည့် ထမင်းပွဲဟာ ဘယ်သူ့ဆီက ရသလဲ၊ အမေ့ကို မှန်မှန်ပြောစမ်း' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က သူ့အမေ သတိလစ်နေတုန်းက မီးခွက်စောင့် သရဲက ထမင်းပွဲကို ယူလာသည့် အကြောင်းကို ပြောပြပါသတဲ့။ သည်တော့ အလာဒင့် အမေက 'သဟာဖြင့် သည်သရဲဟာ ငါ့သားကို မြေတိုက်ကြီးထဲက လွတ်အောင် ကယ်လိုက်သည့် သရဲနှင့်တူသည်' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'မဟုတ်ဘူး အမေရဲ့၊ ဟိုသရဲက လက်စွပ်စောင့်သရဲ။ သည်သရဲကတော့ မီးခွက်စောင့်သည့်သရဲ' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင့်အမေက 'ဩော် . . . ငါ မြင်လိုက်ရလို့ လန့်ပြီး ငါ သေမလို ဖြစ်သွားသည့် မကောင်းဆိုးဝါးကြီးဟာ လက်စသတ်တော့ မီးခွက်ကို စောင့်သည့် သရဲကြီးကို' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'ဟုတ်သဟာပေါ့ အမေရဲ့' လို့ ဆိုပါသတဲ့။ သည်တော့ သူ့အမေက 'သားရယ်၊ သင့်ကို ငါ နို့တိုက်ပြီး မွေးလာခဲ့ရသည့် ကျေးဇူးကို ထောက်ထားပြီး သည်လက်စွပ်ကိုရော၊ မီးခွက်ကိုရော လွှတ်ရာကျွတ်ရာကို အမြန်ဆုံးသွားပြီး လွှတ်ပစ်လိုက်ပါကွယ်။ ငါ နောက်ထပ် သရဲတွေ နှင့် အဆက်အဆံ လုပ်မနေချင်ပါဘူး။ နောက်တစ်ခါ သူတို့ကို မြင်ရလျှင် ငါ သေရ ပါလိမ့်မည်။ ပြီးတော့ သရဲတွေနှင့် ဆက်ဆံသည့် အလုပ်ဟာလည်း အလ္လာဟုအရှင် ကြိုက်သည့်အလုပ် မဟုတ်ပါဘူး' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က 'အမေရယ်၊ အမေ့စကားကို နားမထောင်ဘူးလို့လည်း ငါ့ကို အပြစ်မတင်ပါနှင့်။ ငါတော့ သည်လက်စွပ်နှင့် သည်မီးခွက်ကို ဘယ်နည်းနှင့်မျှ မစွန့်ပစ်နိုင်ပါဘူး။ ပြီးတော့ အမေလည်း တစ်ခု စဉ်းစားကြည့်ပါ။ သိုက်ဆရာကြီးက ငါ့ကို မြေတိုက်ကြီးထဲကို လွှတ်လိုက်တုန်းကလည်း ဟိုမှာ ရှိသည့် ရွှေတွေ ငွေတွေကို ဘာမျှ ယူခဲ့ဖို့ မခိုင်းဘဲ သည်မီးခွက် တစ်ခုကိုသာ ယူခဲ့ဖို့ ခိုင်းပါသည်။ ပြီးတော့ သည်မီးခွက်ဟာ အဖိုးမတန်ဘူး ဆိုရင်လည်း သည်မှော်ဆရာကြီးဟာ သည်လောက် ဆင်းရဲခံပြီး လာမှာ မဟုတ်ပါဘူး။ ပြီးတော့ ငါ့ကို မှော်ဆရာကြီးက မြေတိုက်ထဲမှာ တံခါး ပိတ်ထားခဲ့သဟာလည်း သည်မီးခွက်ကို ငါက မပေးလို့သာပါ။ အဲသဟာကြောင့်မို့ သည်မီးခွက်ကို ငါတို့ သားအမိနှစ်ယောက် မပျောက်ပျက်အောင် သိမ်းထားထိုက်ပါသည် အမေ။ ပြီးတော့ သည်မီးခွက်အကြောင်းကို တခြားသူတွေကို အသိပေးလို့လည်း ဖြစ်မှာ မဟုတ်ပါဘူး။ တကယ်ဆိုတော့ ငါတို့မှာ သည်မီးခွက်ပဲ အားကိုးရှိပါသည်။ သည်မီးခွက် ဟာ ငါတို့ကို ကောင်းကျိုး အများကြီး ပေးပါလိမ့်မည်။ ပြီးတော့ လက်စွပ်ကိုလည်း ငါ ဘယ်နည်းနှင့်မျှ စွန့်ပစ်လို့ တော်မည် မဟုတ်ပါဘူး။ အခု ငါဟာ အမေနှင့် ပြန်တွေ့ရ သဟာလည်း သည်လက်စွပ်ရဲ့ ကျေးဇူးကြောင့်ပါ။ ပြီးတော့ နောက်ကိုဆိုရင်လည်း ငါတို့မှာ ဘယ်လို အဆင်းရဲမျိုး၊ အခက်အခဲမျိုးတွေနှင့် တွေ့ရမည်လို့ မပြောနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ အဲသည်လို အဆင်းရဲ အခက်အခဲမျိုးတွေနှင့် တွေ့ရသည့် အခါမှာ ငါတို့မှာ သည်လက်စွပ်နှင့် မီးခွက်က လွဲပြီး အားကိုးစရာ မရှိပါဘူး။ သဟာပေမင့် အမေက သည်လက်စွပ်နှင့် သည်မီးခွက်ကို ကြောက်သည်ဆိုလျှင် အမေ မမြင်ရအောင် တစ်နေရာမှာ ငါ သိမ်းထားပါမည်' လို့ အလာဒင်က ပြောသတဲ့။

အလာဒင် ပြောသဟာကို ကြားတော့ သူ့အမေက သူ့သား ပြောသဟာလည်း ဟုတ်သဟာပဲလို့ အောက်မေ့ပြီး 'သည်တော့ ငါ့သား ကြိုက်သလို လုပ်ပေါ့၊အမေတော့ သည်မီးခွက်ရော၊ သည်လက်စွပ်ရော၊ သူတို့အစောင့်ကောင်တွေရော မမြင်ချင်ပါဘူး' ဟု ပြောသည်။

ပြီးတော့ အလာဒင်တို့ သားအမိနှစ်ယောက်ဟာ သရဲ ယူလာသည့် အစာကို စားပြီး နေကြပါသတဲ့။ အဲသဟာနှင့် နှစ်ရက်ကြာတော့ အစာကုန်သွားပါသတဲ့။ အဲသည် အခါမှာ အလာဒင်က သရဲ ယူလာသည့် ရွှေပန်းကန်ပြားတစ်ချပ် ကိုင်ပြီး ဈေးထဲ သွားရောင်းသည်။ ဈေးထဲမှာ မာရ်နတ်ထက်ပင် ယုတ်မာသေးသည့် ရေဝတီ လူမျိုး တစ်ယောက်နှင့် သွားတွေ့သည်။ အလာဒင်က သူ့ရွှေပန်းကန်ပြားကို ရေဝတီကို ဝယ်မလားဟု မေးပါသတဲ့။ ရေဝတီက ရွှေအစစ် ဟုတ်သည် မဟုတ်သည်ကို သိရအောင် အသေအချာ ကြည့်ပြီး ရွှေအစစ် ဖြစ်မှန်းသိမှ အခြားသူများ မမြင်စေရန် အလာဒင်ကို သူ့အနားသို့ ခေါ်ပြီး 'အို . . . အရှင်၊ ဤပန်းကန်ပြားကို မည်မျှနှင့် ရောင်းချင်ပါသဲ' လို့ မေးပါသတဲ့။ သည်တော့ အလာဒင်က 'သည်ပန်းကန်ပြားဟာ ဘယ်လောက်တန်သည် ဆိုသဟာကို သင် အသိသားပဲ၊ ငါ့ကို မေးနေဖို့ မလိုပါဘူး' လို့ ပြောပါသတဲ့။ အဲသည်လို အလာဒင်က အလိမ္မာစကား ပြောလိုက်တော့ ရေဝတီကြီး စိတ်ထဲက "အနည်းဆုံး ဘယ်လောက်ပေးရ ကောင်းမလဲ၊ ငါနှင့် ဈေးမတည့်လျှင် အလာဒင်က တခြားကိုများ သွားရောင်းမလား" လို့ အောက်မေ့ပြီး ပူနေပါသတဲ့။ ပြီးတော့ သူ့စိတ်ထဲက အလာဒင်ဟာ နားလည်မည့် ကောင်ကလေး ဟုတ်မည် မထင်သဟာနှင့် ရေဝတီကြီးက သူ့အိတ်ထဲက ရွှေဒင်္ဂါးတစ်ပြား ထုတ်ပြီး အလာဒင်ကို ပေးလိုက်ပါသတဲ့။ သည်တော့ အလာဒင်က ရွှေဒင်္ဂါးကို ဝမ်းသာအားရ ယူပြီး ကမန်းကတန်း ထွက်သွားပါသတဲ့။ သည်တော့မှ ရေဝတီကြီးက အလာဒင်ဟာ ဘာမျှ နားမလည်ကြောင်း သိပြီး ကြေးပြားတစ်ပြားကို မပေးလိုက်မိဘဲနှင့် ရွှေဒင်္ဂါး တစ်ပြားကို ပေးလိုက်မိသည့်အတွက် နောင်တ ဖြစ်နေပါသတဲ့။

အဲသည်အချိန်မှာ အလာဒင်က ဈေးထဲက စားစရာ သောက်စရာတွေ ဝယ်ပြီး သူ့အိမ်ကို ပြန်သွားပါသတဲ့။ သူ့အိမ်ကို ရောက်တော့ အလာဒင်က ဈေးဆိုင်က ပြန်အမ်းလိုက်သည့် အသပြာတွေကို သူ့အမေ လက်ထဲထည့်ပြီး 'သည်မှာ အမေ၊ ဈေးထဲ သွားပြီး စားစရာ သောက်စရာ လုံလောက်အောင်သာ ဝယ်ပေတော့၊ ရော့ . . . ဟောသည်မှာ အသပြာတွေ' လို့ ပြောပါသတဲ့။





သည်တော့ သူ့အမေက ဈေးထဲသွားပြီး လိုချင်သဟာ ရှိသမျှကို သွားဝယ်ပြီး အိမ်မှာ သားအမိနှစ်ယောက် ပျော်ပျော်ရွှင်ရွှင် စားသောက်နေကြပါသတဲ့။ အဲသဟာနှင့် အလာဒင်တို့ သားအမိဟာ လက်ထဲမှာ အသပြာ ပြတ်သွားရင်း၊ ရွှေပန်းကန်ပြား တစ်ချပ်ကို သွားရောင်းလိုက်ရင်း၊ ထိုင်ပြီး စားကြ သောက်ကြရင်းနှင့်ပဲ နေကြပါသတဲ့။ အလာဒင်က ရွှေပန်းကန်ပြားတွေ လာရောင်းသည့် အခါမှာ ရေဝတီကြီးက ဈေးလျှော့ပြီး ပေးမည် ကြံပါသေးသတဲ့။ သဟာပေမင့် ပထမတစ်ချပ်ကို ရွှေဒင်္ဂါးတစ်ပြား ပေးထားသည့် လက်စရှိနေတော့ နောက် ပန်းကန်ပြားတွေကျတော့လည်း ရွှေဒင်္ဂါးတစ်ပြားထက် လျှော့ပြီး မပေးရဲပါဘူး တဲ့။

အဲသည်လိုနှင့်ပဲ တစ်နေ့ကျတော့ အလာဒင်တို့မှာ ရွှေပန်းကန်ပြားတွေ မကျန်တော့ဘဲ ငွေလင်ပန်းကြီး တစ်ခုပဲ ကျန်ပါတော့သတဲ့။ အဲသဟာနှင့် အလာဒင်က ရေဝတီကြီးကို သူ့အိမ် ခေါ်လာပြီး 'ဟောသည် လင်ပန်းကြီးကို ဘယ်လောက် ပေးမလဲ' လို့ မေးပါသတဲ့။ သည်တော့ ရေဝတီကြီးက လင်ပန်းကြီးကို အသေအချာ ကြည့်ပြီး လင်ပန်းကြီးကလည်း ငွေချိန် အများကြီး စီးသဟာနှင့် ရွှေဒင်္ဂါးဆယ်ပြား ထုတ်ပေးပါသတဲ့။ ပြီးတော့ ရေဝတီကြီးက အားရဝမ်းသာနှင့် ငွေလင်ပန်းကြီးကို ယူပြီး ပြန်သွားပါသတဲ့။ ပြီးတော့ အလာဒင်တို့ သားအမိဟာ ရွှေဒင်္ဂါးဆယ်ပြားနှင့် လိုသည့် ပစ္စည်းများ ဝယ်ပြီး ပျော်ပျော်ရွှင်ရွှင် စားသောက်နေကြပါသတဲ့။

အဲသဟာနှင့် တစ်နေ့ကျတော့ သူတို့မှာရှိသည့် အသပြာဟာ ကုန်သွားပြန်ပါရောတဲ့။ အဲသည်တော့ အလာဒင်က မီးခွက်ကို ယူပြီး သူ့လက်နှင့် ပွတ်လိုက်ပါသတဲ့။ အဲသည်လိုလည်း ပွတ်လိုက်ကရော၊ မီးခွက်စောင့်သရဲဟာလည်း ပထမ ပေါ်လာသလို တစ်ခါတည်း ပေါ်လာသဟာပါပဲတဲ့။ အဲသဟာနှင့် အလာဒင်က 'ငါ ဆာသည်၊ တစ်နေ့က သင် ယူလာသည့် လင်ပန်းမျိုးနှင့် စားစရာ သောက်စရာများ ယူခဲ့ရမည်' လို့ မီးခွက်စောင့်သရဲကို အမိန့်ပေးလိုက်ပါသတဲ့။ သည်တော့ သရဲကြီးက မျက်စိတစ်မှိတ်လောက် အတွင်းမှာ ငွေလင်ပန်းကြီးပေါ်မှာ ရွှေပန်းကန်ပြားကြီး တစ်ဆယ့်နှစ်ချပ်နှင့် စားစရာ သောက်စရာတွေကို စုံနေအောင် တင်ပြီး ယူလာပါသတဲ့။ အဲသည် အတော အတွင်းမှာ အလာဒင့်အမေက သရဲကို မကြည့်ရဲသဟာနှင့် တခြားမှာ သွားရှောင်နေပြီး သရဲပြန်သွားလောက်သည့် အချိန်ကျတော့မှ ပြန်လာပါသတဲ့။ ပြန်လာလို့ ငွေလင်ပန်းကြီးပေါ်မှာ ရွှေပန်းကန်ပြား တစ်ဆယ့်နှစ်ချပ်နှင့် စားစရာ သောက်စရာတွေကို ဖွယ်ဖွယ်ရာရာ ထည့်ထားသဟာကို မြင်တော့ အံ့သြပြီး ဝမ်းသာသွားပါသတဲ့။ သည်တော့ အလာဒင်က သူ့အမေကို ကြည့်ပြီး 'ဘယ့်နှယ်လဲ အမေ၊ အမေက သည်မီးခွက်ကို လွှင့်ပစ်ရမည်လို့ ပြောသည် မဟုတ်လား။ အခုတော့ သည်မီးခွက်က ကောင်းကျိုး အင်မတန် ပေးသည် ဆိုသဟာကို အမေ မြင်ပြီ မဟုတ်လား' လို့ ပြောပါသတဲ့။ သည်တော့ သူ့အမေက



www.burmeseclassic.com

www.burmeseclassic.com



'သဟာပေမင့် သားရယ်၊ အမေတော့ သည် သရဲမျက်နှာကို မကြည့်ရဲပါဘူး' လို့ ပြောပါသတဲ့။ ပြီးတော့ သားအမိနှစ်ယောက် မီးခွက်စောင့်သရဲ ယူလာသည့် ငွေလင်ပန်းကြီးထဲက အစားအသောက်တွေကို မြိန်မြိန်ရှက်ရှက် စားကြပါသတဲ့။ တချို့ စားစရာများကိုတော့ နောက်နေ့ဖို့ ချန်ထားကြပါသတဲ့။ စားသောက်ပြီးတော့ အလာဒင်က ရွှေပန်းကန်ပြား တစ်ချပ်ကို အဝတ်နှင့် ထုပ်ပြီး ရေဝတီကြီးဆီ သွားရောင်းဖို့ သူ့အိမ်က ထွက်သွားပါသတဲ့။ အဲသည်အခါမှာ အလာဒင်ဟာ ကံအားလျော်စွာ အလာဟုအရှင်ကို အင်မတန် ယုံကြည်မြတ်နိုးသည့် ရွှေကုန်သည်ကြီးတစ်ယောက် ဆိုင်ရှေ့ကို ရောက်သွားပါသတဲ့။ အဲသဟာနှင့် ရွှေကုန်သည်ကြီးက 'ဘာများ အလိုရှိပါသလဲ သားရယ်၊ ငါ့သားဟာ သည်ဆိုင်ရှေ့က ခဏခဏ ဖြတ်ဖြတ်ပြီး ရေဝတီကြီးတစ်ယောက်ဆီကို သွားသွားနေသဟာ အဖေ တွေ့ပါသည်။ ရေဝတီကြီးဆီကို ငါ့သားက သွားပြီး ကုန်အမျိုးမျိုး ရောင်းနေသဟာကိုလည်း အဖေ တွေ့ပါသည်။ အခုလည်း ငါ့သားမှာ ရေဝတီကြီးဆီကို သွားရောင်းစရာ ကုန်တစ်ခုခု ပါမှာပေါ့နော်' လို့ မေးပါသတဲ့။ ပြီးတော့ ရွှေကုန်သည်ကြီးက 'ရေဝတီတွေကို သတိထားပါသား၊ သူတို့ဟာ အလာဟု အရှင်ရဲ့ တပည့်သား မွှဆလင်တွေ အပေါ်မှာ ဘယ်အခါမျှ အကောင်း မကြံကြပါဘူး။ အထူးသဖြင့် ငါ့သား သွားသွား ဆက်ဆံနေသည့် ရေဝတီကြီးဟာ ပိုပြီး ဆိုးပါတယ်။ သူဟာ ကုန်ဝယ်လို့ ရှိလျှင်လည်း ဘယ်အခါမျှ တန်ရာတန်ကြေးကို ပေးလေ့ မရှိပါဘူး။ အဲသဟာကြောင့် အခု ငါ့သားမှာ ရောင်းစရာ တစ်ခုခုပါလို့ရှိလျှင် အဖေ့ကို ရောင်းပါ။ အဖေက အလာဟုအရှင်ရဲ့ မျက်နှာတော်ကို ထောက်ပြီး ငါ့သားရဲ့ကုန်ကို တန်ရာတန်ကြေး အပြည့် ပေးပါမည်' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က သူ ယူလာသည့် ရွှေပန်းကန်ပြားကို ထုတ်ပြပါသတဲ့။ သည်တော့ ရွှေကုန်သည်ကြီးက 'ရေဝတီကြီးဆီကို သင် သွားသွား ရောင်းသဟာ ဟာ သည်လို ပန်းကန်ပြားမျိုးပဲလား' လို့ မေးပါသတဲ့။ သည်တော့ အလာဒင်က 'ဟုတ်ပါသည်၊ သည်လို ပန်းကန်မျိုးပါပဲ။ အရွယ်လည်း အတူတူ ပါပဲ' လို့ ပြောပါသတဲ့။ သည်တော့ တစ်ခါ ရွှေကုန်သည်ကြီးက 'အနို့ သူက ဘယ်ဈေးပေးသလဲ' မေးပါသတဲ့။ သည်တော့ အလာဒင်က 'ရွှေဒင်္ဂါးတစ်ပြား ပေးပါသည်' လို့ ပြောပါသတဲ့။ သည်တော့ ရွှေကုန်သည်ကြီးက 'အို . . . အလာဟု အရှင်၊ ငါ့အား ယခုလို အရှင်ရဲ့ တပည့်သားများကို လိမ်လည်လှည့်ဖြား စားနေသည့် ကောင်ဆိုးကောင်ယုတ်များ ဘေးမှ ကယ်တော်မူပါ' လို့ ဆိုပါသတဲ့။ ပြီးတော့ အလာဒင့်ကို ကြည့်ပြီး 'အို . . . သား၊ သင့်ကို ဟိုရေဝတီကောင်က လိမ်လည်လှည့်ဖြားခဲ့ပြီ။ သည်ပန်းကန်ပြားဟာ ရွှေစင်နှင့် လုပ်ထားသည့် ပန်းကန်ပြား ဖြစ်သည်။ ငါ ချိန်ကြည့်သည့်အခါ ရွှေဒင်္ဂါးအပြား ခုနစ်ဆယ် တန်ကြောင်းကို တွေ့ရသည်။ သင့်ရဲ့ ပန်းကန်ပြားကို ငါ ရွှေဒင်္ဂါးအပြား ခုနစ်ဆယ် ပေးပါမည်၊ သင် ရောင်းလိုလျှင် ရောင်းပါ' လို့ ပြောပါသတဲ့။





အဲသဟာနှင့် အလာဒင်က ရောင်းဖို့ သဘောတူကြောင်း ပြောတော့ ရွှေကုန်သည်ကြီးက ရွှေဒင်္ဂါးအပြား ခုနစ်ဆယ်ကို ရေပြီး ပေးပါသတဲ့။ ပြီးတော့ အလာဒင်က ရွှေဒင်္ဂါးအပြား ခုနစ်ဆယ်ကိုယူပြီး ရေဝတီကြီး လိမ်ပုံကောက်ပုံကို ပြောပြသည့်အတွက် ရွှေကုန်သည်ကြီးကို ကျေးဇူးတင်စကား ပြောခဲ့ပါသတဲ့။ ပြီးတော့ အလာဒင်တို့ သားအမိဟာ ရွှေဝန်းကန်ပြားတွေကို တစ်ချပ်ပြီး တစ်ချပ် ရောင်းပြီး စားနေကြပါသတဲ့။ အဲသဟာနှင့် သူတို့သားအမိဟာ ချောင်ချောင်လည်လည်နှင့် နေနိုင်ကြပါသတဲ့။ သဟာပေမင့် သူတို့သားအမိနှစ်ယောက်ဟာ ဆင်းရဲသား ဘဝအတိုင်း အစားလည်း မကြူး၊ အဖြုန်းလည်း မရှိဘဲနှင့် နေကြပါသတဲ့။ အဲသည် အတောအတွင်းမှာ အလာဒင်ကလည်း အလျင်ကလို ကောင်လေ ကောင်လွင့်ကလေးတွေနှင့် မပေါင်းတော့ဘဲ လူကောင်းသူကောင်းများနှင့် ပေါင်းပြီး ကုန်းရောင်းကုန်ဝယ် အလုပ်ကို လေ့လာနေပါသတဲ့။ ကုန်သည်မှန်လျှင် အကြီးရော၊ အငယ်ရော မကျန်အောင် အလာဒင်က ပေါင်းပါသတဲ့။ ပြီးတော့ ဈေးတန်းထဲသွားပြီး ရွှေငွေကျောက်သံပတ္တမြား ကုန်သည်တွေနှင့်လည်း တည့်အောင်ပေါင်းပြီး ရွှေရည် ကျောက်ရည်များကို အကဲဖြတ်တတ်အောင် သင်ပါသတဲ့။ အဲသဟာနှင့် အလာဒင်ဟာ ရွှေငွေအကြောင်း၊ စိန် ကျောက်အကြောင်းများကို ကောင်းကောင်းကြီး နားလည်လာပါသတဲ့။ သည်တော့မှ မြေတိုက်ကြီးထဲက ဖန်တုံးဖန်လုံးတွေ မှတ်ပြီး သူ ယူလာခဲ့သည့် အရာတွေဟာ တကယ့် အဖိုးထိုက် အဖိုးတန် စိန်ကောင်း ကျောက်ကောင်းတွေ ဖြစ်နေသဟာကို သိရပါသတဲ့။ ပြီးတော့ စိန်ဆိုင် ကျောက်ဆိုင်တွေမှာ ရှိသည့် အကြီးဆုံး စိန်တွေ ကျောက်တွေဟာ သူ့ဆီမှာ ရှိသည့် အသေးဆုံး စိန်တွေ ကျောက်တွေလောက်တောင် အဖိုးမတန် သဟာကို အလာဒင် တွေ့ရပါသတဲ့။ တကယ်ဆိုတော့ သူ့ဆီမှာ ရှိသည့် စိန်တွေ ကျောက်တွေမျိုးဟာ ရှင်ဘုရင်တွေဆီမှာတောင် မရှိဘူးတဲ့။ အဲသဟာနှင့် အလာဒင်ဟာ နေ့တိုင်း နေ့တိုင်း ဈေးတန်းထဲသွားပြီး စိန်ဆိုင်ကျောက်ဆိုင်တွေမှာ စိန်ဈေး ကျောက်ဈေးတွေကို စုံစမ်းပြီး နေပါသတဲ့။ အဲသလို နေရင်းနှင့် တစ်နေ့တော့ အလာဒင်ဟာ အရုဏ်တက်မှာ အိပ်ရာက ထပြီး၊ အဝတ် အသစ်အလွင်များ ဝတ်ပြီး ဈေးတန်းဘက်ကို ထွက်ခဲ့ပါသတဲ့။ ဈေးတန်းဘက် ရောက်တော့ မင်းလုလင်တစ်ယောက်က မြို့ထဲလျှောက်ပြီး စူလတန်ဘုရင်ရဲ့ အမိန့်တော်ကို ပြန်နေသံကို ကြားရပါသတဲ့။ မင်းလုလင်က 'တိုင်းသူပြည်သား လူအများတို့လေး၊ အချိန်ကို အစိုးရတော်မူသော အသက်၏သခင်၊ ဒီရေတို့၏အရှင်၊ ဘုန်းတော်ကြီးလှသော စူလတန်ဘုရင် မင်းတရားကြီး၏ သမီးတော် ဗဒ္ဒရာဗူဒူထိပ်ထားသည် ယနေ့ ရေချိုးဆောင်သို့ ထွက်တော်မူမည် ဖြစ်သဖြင့် ဈေးဆိုင်ကနားတို့ကို အကုန်အစင် သော့ခတ်၍ ပိတ်ထားကြပြီးလျှင် အိမ်တွင်းမှ အိမ်ပြင်သို့ မထွက်ကြရ။ ဤအမိန့်တော်ကို မနာခံသူတို့ကို လည်ပင်းကိုဖြတ်၍ သေဒဏ် စီရင်တော်မူလိမ့်မည်။ စူလတန် ဘုရင့်



www.burmeseclassic.com

www.burmeseclassic.com



အလာဒင်သည် ဗဒ္ဒရာဗူဒူ ထိပ်ထားအား ရေချိုးဆောင်အတွင်း၌ တွေ့ရ၍…။

အမိန့်တော်' လို့ မြို့ထဲမှာ လျှောက်ပြီး အော်နေပါသတဲ့။ သည်တော့ အလာဒင့် စိတ်ထဲက "အင်း… စူလတန်ဘုရင်ကြီးရဲ့ သမီးတော်ကဖြင့် အင်မတိ အင်မတန် ချောသည် လှသည်လို့ ပြောနေကြသည်။ သည်တော့ သူ့မျက်နှာကို ငါ မြင်ဖူးအောင် ကြည့်ရရင် ငါ သေပျော်ပြီ" လို့ အောက်မေ့ပါသတဲ့။ အဲသဟာနှင့် အလာဒင်က ဗဒ္ဒရာဗူဒူရဲ့ မျက်နှာကို ကြည့်ရအောင် အကြံထုတ်ပြီး ရေချိုးဆောင် တံခါးကြားထဲမှာ ဝင်ပြီး ပုန်းနေပါသတဲ့။ အဲသလို အလာဒင် ရေချိုးဆောင်ထဲ ဝင်ပုန်းနေသဟာကိုလည်း ဘယ်သူမှ မမြင်လိုက်ပါဘူးတဲ့။

အဲသဟာနှင့် စူလတန်ဘုရင်ကြီးရဲ့ သမီးတော်က မြို့တွင်းလျှောက်ပြီး ရှုစားလို့ အားရတော့ ရေချိုးဆောင်ထဲကို မျက်နှာဖုံးပဝါကို လှစ်ပြီး ဝင်လာပါသတဲ့။ အဲသဟာနှင့် အလာဒင်က မင်းသမီးကလေးရဲ့ မျက်နှာကို မြင်လိုက်ရတော့ "သူ့ပုံသဏ္ဌာန်သည်





သူ့ကို ဖန်ဆင်းတော်မူသူ၏ တန်ခိုးတော်နှင့် လိုက်ပါပေသည်။ ဤကဲ့သို့ လှပတင့်တယ် ချစ်ခင်စဖွယ် ဖန်ဆင်းတော်မူပေသော အရှင်၏ ဘုန်းတန်ခိုးတော်သည် အတိုင်းမသိ ကြီးပါဘိသည်" လို့ အောက်မေ့မိပါသတဲ့။ ပြီးတော့ အလာဒင်ဟာ မင်းသမီးကလေးရဲ့ မျက်နှာကလေးကို မြင်လိုက်ရသည့် အချိန်က စပြီး စိတ်မနှံ့သလို ဖြစ်သွားပါသတဲ့။ ပြီးတော့ မင်းသမီးကလေးကို ချစ်သည့် စိတ်တွေဟာလည်း သူ့နှလုံးတစ်ခုလုံး ပြည့်သွားပါသတဲ့။ သူ့အိမ်ကို ပြန်ရောက်လာတော့လည်း သူ့စိတ်ထဲမှာ အင်မတိ အင်မတန် ပီတိဖြစ်ပြီး နေပါသတဲ့။ အဲသလို ဖြစ်နေသဟာနှင့် သူ့အမေက စကားပြောလည်း အလာဒင်က ဘာမျှ ပြန်မပြောပါဘူးတဲ့။ မနက်စာ စားချိန်တန်လို့ သူ့အမေက စားပွဲပြင် ပေး ပေမင့် အလာဒင်က မစားပါဘူးတဲ့။ အဲသလိုပဲ ဆက်ပြီး အလာဒင်က မစားနိုင် မသောက်နိုင် ဖြစ်နေတော့ သူ့အမေက 'ငါ့သားရယ်၊ သင် ဘယ်လို ဖြစ်လာသလဲ။ နေထိုင်မကောင်းရင်လည်း အမေ့ကို ပြောပြပါ။ အမေ့အပေါ်မှာ ဘာမှ ဖုံးဖိုက် မထားပါနှင့်။ ငါ့သားဟာ အလျင်က သည်လို မဟုတ်ပါဘူး၊ အမေ မေးရင် ပြန်ပြောဖော် ရပါသည်။ ဘာဖြစ်သလဲ၊ အမေ့ကို ပြောပြပါ သားရဲ့' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'ဘာမှ မဖြစ်ပါဘူး အမေ' လို့ ပြန်ပြောပါသတဲ့။ စူလတန်ဘုရင်ကြီးရဲ့ သမီးတော်ဟာ အင်မတိ အင်မတန် ချောသည်၊ လှသည် ဆိုသည့် သတင်းကို ကြားဖူး ပေမင့် အလာဒင့် စိတ်ထဲကတော့ မိန်းမမှန်သမျှဟာ သူ့အမေ့ ရုပ်မျိုးချည်းပဲလို့ အောက်မေ့နေပါသတဲ့။ စူလတန်ဘုရင့် သမီးတော်ကို မြင်ရတော့မှပဲ လှသည် ချောသည် ဆိုသည့် အဓိပ္ပာယ်ကို အလာဒင် နားလည်သွားပါသတဲ့။ အဲသလို အလာဒင်က မင်းသမီးကလေးကို စွဲလမ်းပြီး ထမင်းလည်း စားရကောင်းမှန်း မသိပါဘူး တဲ့။ အဲသဟာနှင့် သူ့အမေက အလာဒင်ကို ထမင်းစားဖို့ အတင်းခိုင်းရပါသတဲ့။ သဟာပေမင့် အလာဒင်က ထမင်းပွဲမှာ ထိုင်ရုံသာ ထိုင်ပြီး ဘာမှ မစားပါဘူးတဲ့။ ညကျတော့လည်း အိပ်ရာထဲမှာ စင်းစင်းကြီး ဝင်လှဲပြီး မနက်လင်းထိအောင် တစ်ရေးမှ အိပ်မပျော်ပါဘူး တဲ့။ နောက် တစ်နေ့ ကျတော့လည်း အလာဒင်ဟာ ပထမနေ့ကလိုပဲ ထမင်းလည်း မစားနိုင်၊ အိပ်လည်း မအိပ်နိုင်ပါဘူးတဲ့။ အဲသဟာနှင့် သူ့အမေက အလာဒင့်အတွက် စိတ်ပူပြီး 'ငါ့သား နေမကောင်းရင် အမေ့ကို ပြောပါ၊ အမေ ဆေးသမား ခေါ်ပေးပါမည်၊ စူလတန် ဘုရင်ကြီးက အာဋ္ဌဗီပြည်က ခေါ်ထားသည့် ဆေးသမားတစ်ယောက် ရောက်နေပါ တယ်။ အင်မတန် ဆေးကုကောင်းသည်လို့ ပြောကြပါသည်။ ဘယ့်နှယ်လဲ… အဲသည် ဆေးသမားကို အမေ သွားခေါ်ပေးရမလား' လို့ မေးပါသတဲ့။ သည်တော့ အလာဒင်က 'ငါ့ရောဂါက ကိုယ်မှာ ဖြစ်သည့်ရောဂါ မဟုတ်ပါဘူး အမေ၊ စိတ်မှာဖြစ်သည့် ရောဂါပါ။ အလျင်တုန်းကတော့ ငါ့စိတ်ထဲက မိန်းမဆိုသဟာ အမေ့ရုပ်မျိုးချည်းပဲလို့ အောက်မေ့ ပါသည်။ မနေ့က ဗဒ္ဒရာဗူဒူကို မြင်ခဲ့ရတော့မှ ချောသည်လှသည် ဆိုသည့် အဓိပ္ပာယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ နားလည် သွားပါသည်’ လို့ ပြောပြီး ရေချိုးဆောင်ထဲမှာ မင်းသမီးကလေးကို သူမြင်ခဲ့ရပုံရော၊ မင်းသမီးကလေး ရေချိုးဆောင်ကို ထွက်ခါနီးမှာ မင်းလုလင်က မြို့သူမြို့သားများအား အိမ်တံခါး ပိတ်ပြီး အိမ်ထဲက အိမ့်ပြင် မထွက်ကြဖို့ စူလတန်ဘုရင့် အမိန့်ကြေညာနေသည့် အကြောင်းရော အကုန် ပြန်ပြောပြပါသတဲ့။ ပြီးတော့ အလာဒင်က ‘အဲသဟာနှင့် အဲသလို ဗဒ္ဒရာဗူဒူရဲ့ မျက်နှာလေးကို မြင်လိုက်ရသည့် အချိန်ကစပြီး ငါ့တစ်ကိုယ်လုံး ခြေဆုံး ခေါင်းဆုံး အချစ်စိတ်တွေ ဝင်သွားပါသည် အမေ၊ သည်တော့ စူလတန်ဘုရင်ကြီးဆီ သွားပြီး ဗဒ္ဒရာဗူဒူကို ငါနှင့် တရားနှင့်အညီ စုလျားရစ်ပတ်ပေးဖို့ သွားပြောရပါလိမ့်မယ်’ လို့ အလာဒင်က ဆက်ပြီး ပြောပါသတဲ့။ သည်တော့ သူ့အရမကာ သူ့သား အလာဒင့်တော့ စိတ်မနှံ့တော့ဘူးလို့ အောက်မေ့ပြီး ‘လူကလေးရယ်၊ သင်ဟာ စိတ်မှ နှံ့သေးရဲ့လား။ သင့်ကို သရဲများ ဝင်ပူးနေသလား’ လို့ မေးပါသတဲ့။ သည်တော့ အလာဒင် က ‘ငါ စိတ်နှံ့ပါသည် အမေ၊ မရူးပါဘူး။ ငါ့အသည်းထဲမှာ စွဲနေသည့် ဗဒ္ဒရာဗူဒူ မင်းသမီးချောကလေးကိုမှ မရရင် ငါ စိတ်ချမ်းသာနိုင်မှာ မဟုတ်ပါဘူး။ သည်တော့ စူလတန်ဘုရင်ကြီးဆီကို သွားပြီး သမီးတော်နှင့် ငါ့ကို စုလျားရစ်ပတ်ပေးဖို့ ပြောရပါလိမ့်မည်’ လို့ ပြောပါသတဲ့။ သည်တော့ သူ့အမေက ‘မတော်သဟာတွေ မကြံစည်ပါနှင့် သားရယ်၊ သူများ ကြားသွားရင် ငါ့သားကို ရူးနေသည် ထင်နေကြပါမည်။ ပြီးတော့ သည်လို စကားမျိုးကို စူလတန်ဘုရင်ကြီး နားတော်ပေါက်အောင် ဘယ်သူက လျှောက်ဝံ့မှာတဲ့လဲ သားရဲ့။ ပြီးတော့ ငါ့သားက တကယ်ပြောနေသဟာ ဆိုရင်လည်း စူလတန် ဘုရင်ကြီးဆီကို ဘယ်သူ့ကို လွှတ်ပြီး နားဖောက်စေမည်လို့ ငါ့သားက ကြံပါသလဲ’ လို့ မေးပါသတဲ့။

သည်တော့ အလာဒင်က ‘အမေတစ်ယောက်လုံး ရှိနေမှပဲ၊ စူလတန် ဘုရင်ကြီးဆီကို နား သွားဖောက်ဖို့အတွက် တခြား ဘယ်သူ့ကို ရှာနေရဦးမှာလဲ အမေရဲ့။ အမေပဲ နား သွားဖောက်ရမှာပေါ့။ အမေက ငါ့ကို ချစ်သည်ဆိုရင် အမေကိုယ်တိုင်ပဲ စူလတန်ဘုရင်ကြီးဆီကို သွားပြီး ငါ့အတွက် သမီးတော်ကို တောင်းပေးရမှာပေါ့’ လို့ အလာဒင်က ပြောပါသတဲ့။ သည်တော့ တစ်ခါ သူ့အမေက ‘အလာဟုအရှင် တန်ခိုးတော်နှင့် သည်လို အလုပ်မျိုးကို အမေ မလုပ်ပါရစေနဲ့ သားရယ်။ အမေဟာ စိတ်မနှံ့သဟာ မဟုတ်ပါဘူး၊ ငါ့သား အကြံကို လျှော့လိုက်ပါ။ ငါ့သားက အင်မတန် ဆင်းရဲ ယုတ်ညံ့တဲ့ အပ်ချုပ်သမား သေသွားလို့ ကျန်ရစ်ခဲ့တဲ့ မုဆိုးမရဲ့ သားပါ။ အမေက ဆိုရင်လည်း ဆင်းရဲယုတ်ညံ့တဲ့ အမျိုးထဲကပါပဲ။ ပြီးတော့ ငါတို့ စူလတန်ဘုရင်ကြီးကလည်း သူများ ရှင်ဘုရင်တွေနှင့် တူသဟာ မဟုတ်ပါဘူး။ ဘုရင်မျိုးထဲကတောင်မှပဲ သူ့ထက် ဂုဏ်ငယ်တဲ့ ဘုရင်၊ သူ့ထက် ဂုဏ်ယုတ်တဲ့ ဘုရင့်သားများနှင့် သူ့သမီးတော်ကို စုလျားရစ်ပတ် ပေးချင်သဟာ မဟုတ်ပါဘူး။ သည်တော့ ငါ့သား အကြံကို လျှော့လိုက်ပါ သားရယ်၊ ငါ့သားနှင့် စူလတန်ဘုရင်ကြီးရဲ့ သမီးတော်နှင့် မတန်ပါဘူး’ လို့ ပြောပါသတဲ့။





သည်တော့ အလာဒင်က သူ့အမေ ပြောသဟာကို ဆုံးအောင် သည်းခံနားထောင်ပြီး ‘အမေ ခု ပြောသဟာတွေထဲမှာ ငါ မသိသဟာ တစ်ခုမှ မပါပါဘူး၊ ငါ အကုန် သိပြီးသားတွေချည်းပဲ။ ငါဟာ ဆင်းရဲသား လင်မယား ယား ဆိုသဟာလည်း ငါ့ကို အမေက အထူးပြောနေဖို့ မလိုပါဘူး၊ ငါ သိပါသည်။ သဟာပေမင့် ငါတော့ ဘယ်နည်းနှင့်မှ ငါ့အကြံကို မလျှော့နိုင်ပါဘူး။ ငါဟာ အမေ့သား ဖြစ်သည့်အတွက် အမေက ငါ့ကို တကယ်ချစ်သည် ဆိုရင် အမေက ငါ့အကြံကို လိုက်ပါ၊ နို့မို့ရင် ငါ သေရပါလိမ့်မည်။ ငါ သေသဟာကို အမေက မမြင်ချင်ဘူး မဟုတ်လား’ လို့ ပြောပါသတဲ့။

သည်တော့ အလာဒင့် အမေက ငိုပြီး ‘လူကလေးရယ်၊ လူကလေးဟာ အမေ့သား မှန်ပါသည်။ အမေ့မှာ လူကလေးက လွဲလို့ တခြားသား မရှိပါဘူး။ အမေ့စိတ်ထဲမှာလည်း ငါ့သားကို ငါ့သား မြတ်နိုးသည့် မိန်းမနှင့် ရပြီး ချမ်းချမ်းသာသာနေသဟာကိုပဲ မြင်ချင်ပါသည်။ တကယ်လို့ အမေက ငါ့သားအတွက် အမေတို့နှင့် ဂုဏ်တူတန်းတူထဲက မိန်းကလေးတစ်ယောက်နှင့် သွားစပ်တောင်မှပဲ အဲဒီမိန်းကလေးရဲ့ မိဘများက ငါ့သားမှာ သူတို့သမီးကို လုပ်ကျွေးဖို့အတွက် လယ်ယာက ဘယ်လောက်ရှိသလဲ၊ ပစ္စည်းဥစ္စာကကော ဘယ်လောက်ရှိသလဲ၊ ငါ့သား အလုပ်အကိုင်က ဘာလဲ ဆိုသဟာကို မေးကြဦးမှာပါပဲ။ အဲသည်လို အမေတို့နှင့် ဂုဏ်ရည်တူထဲက မိန်းကလေး မိဘများက မေးလို့တောင်မှ အမေတို့ဘက်က ဘာမှ တူတူတန်တန် ပြောစရာ မရှိဘဲနှင့် ငါ့သားအတွက် စူလတန်ဘုရင်ကြီးရဲ့ သမီးတော်ကို အမေက သွားတောင်းပေးရမည် ဆိုသဟာ ဟာ ဖြစ်နိုင်၊ မဖြစ်နိုင်ကို ငါ့သားပဲ စဉ်းစားကြည့်ပါတော့။ ဆင်းရဲသား ငမွဲတစ်ယောက်ရဲ့ သားက ဘုရင့်သမီးတော်ကို လိုချင်သည် ဆိုသဟာ ဟာ သူများ ကြားရင် ရယ်စရာကြီး ဖြစ်နေပါ့မယ်။ ပြီးတော့ တကယ်လို့ အမေကပဲ စူလတန်ဘုရင်ကြီးဆီကို သွားပြောပြီပဲ ထားပါဦး၊ စူလတန် ဘုရင်ကြီးက သဘောတူရင်တော့ တော်ပါသေးရဲ့။ သဘောမတူဘူးဆိုရင် အမေတို့ သားအမိနှစ်ယောက်အဖို့ အများကြီး ခက်သွားပါလိမ့်မည်။ စူလတန်ဘုရင်ကြီးက အမေတို့ သားအမိနှစ်ယောက်ကို အရှင်ထားချင်မှတောင် ထားမှာပါ။ ပြီးတော့ အမေက ကိုယ်တိုင် သွားပြောရမည့်သူ ဆိုတော့ စူလတန်ဘုရင်ကြီးကို ဘယ်လိုလုပ်ပြီး ဘာစကားက စ ပြောရမယ် ဆိုသဟာကိုလည်း အမေ စဉ်းစားလို့ မရပါဘူး။ ပြီးတော့ အမေ့အဖို့မှာ ဆိုရင်လည်း စူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ရောက်အောင် သွားရဖို့ အလုပ်ကိုက မလွယ်ပါဘူး။ ပြီးတော့လည်း အမေက စူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ရောက်အောင် သွားနိုင်ပြီး နားတော်ဖောက်နိုင်ပြီပဲ ဆိုပါဦးတော့။ စူလတန် ဘုရင်ကြီးက ငါ့သားရဲ့ အလုပ်အကိုင်နှင့် ပစ္စည်းဥစ္စာ အခြေအနေကို မေးရင် အမေက ဘယ်လိုလုပ်ပြီး ဖြေရမှာလဲ သားရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဆန်တစ်စလယ်နှင့် ငါးကြင်းခေါင်း မချိန်ချင်ပါနှင့် သားရယ်။ ပြီးတော့ အမေ့ကိုလည်း မအပ်မရာတဲ့စကား ပြောရကောင်းမလားဆိုပြီး ဗူလတန်ဘုရင်ကြီးက အရှူးမကြီးလို့ ထင်ချင်လည်း ထင်သွားပါလိမ့်မည်။ ပြီးတော့ တကယ်လို့ ဗူလတန် ဘုရင်ကြီးက အမေ့ကို ဖူးမြော်ခွင့်ပေးပြီ ထားပါဦးတော့။ အမေက ဗူလတန်ဘုရင်ကြီးနှင့် ထိုက်တန်သည့် ဘယ်လို ပဏ္ဏာလက်ဆောင်မှ ဆက်စရာ ရှိသဟာ မဟုတ်ဘူး မဟုတ်လား သားရဲ့။ ငါတို့ ဗူလတန်ဘုရင်ကြီးက စိတ်နှလုံးတော် အင်မတန် ပြည့်ဝလို့ ကျေးသား ရင်သား ခွဲခြားတော်မူလေ့ မရှိဘူး ဆိုသဟာကတော့ ဟုတ်ပါသည်။ တရားရာ ဖြစ်ချင်လို့ အခစား လာသည့်သူတို့၊ ခိုလှုံလိုလို့ လာသည့်သူတို့၊ ဆုတော်လာဘ်တော် လိုချင်လို့ လာသည့်သူတို့ မှန်လျှင် ဘယ်သူပဲဖြစ်ဖြစ် ရှေ့တော်ဝင်ပြီး ဖူးမြော်ခွင့် ပေးသည် ဆိုသဟာတွေလည်း ဟုတ်ပါသည်။ သဟာပေမင့် အဲသဟာတွေက စစ်မှုကို သက်စွန့်ကြိုးပမ်း ထမ်းရွက်သည့်သူများ၊ မြို့ကျိုး ရွာကျိုးကို ဆောင်ရွက်သူများ အတွက်သာ ဖြစ်ပါသည်။ အခုတော့ ငါ့သားဟာက စစ်ဘက်က အမှုထမ်းဖူးသဟာလည်း တစ်ခုမျှ မရှိဘူး၊ ပြီးတော့ မြို့ကျိုးရွာကျိုး ဆောင်ရွက်ဖူးသည် ဆိုသဟာလည်း တစ်ခုမျှ မရှိဘူး မဟုတ်လား။ သည်တော့ ငါ့သားအတွက် ဗူလတန်ဘုရင်ကြီး ရှေ့တော်ကို အမေ သွားဖို့ဆိုသဟာ အင်မတန် ခက်ပါသည် သားရယ်။ ပြီးတော့ ဗူလတန်ဘုရင်ကြီး ရှေ့တော်ကို ဝင်ဖူးသည် ဆိုသဟာလည်း ထိုက်တန်သည့် ပဏ္ဏာလက်ဆောင်ပါမှ ကောင်းပါသည်။ အခု ငါ့သား လိုချင်သည့်ဆုက အမေတို့ သားအမိနှင့် တန်သည့် ရသည့် ဆုလည်း မဟုတ်ပါဘူး။ ပြီးတော့ ဗူလတန်ဘုရင်ကြီးဘက်ကလည်း ပေးနိုင်သည့် ဆုမျိုး မဟုတ်ပါဘူး။ ပြီးတော့ အမေတို့က ဗူလတန်ဘုရင်ကြီးနှင့် ထိုက်တန်သည့် လက်ဆောင်ပဏ္ဏာတော် မပါဘဲနှင့် လက်ဖဝါး ခြေဖဝါးနှင့် သွားပြီး သမီးတော်ကို တောင်းမည်ဆိုရင် အမေတို့ သားအမိနှစ်ယောက်ဟာ သက်သက် သေပန်းပွင့်ရာ ကျနေပါလိမ့်မည်။ သေပန်း မပွင့်ချင်ပါနှင့် သားရယ်' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က 'ဟုတ်ပါသည် အမေ၊ အမေ ပြောသည့်စကားများဟာ အင်မတန် အဖိုးတန်ပါသည်။ ငါလည်း အကုန် စဉ်းစားကြည့်ပါမည်။ သဟာပေမင့် ဗူလတန်ဘုရင်ကြီးရဲ့ သမီးတော် ဗဒ္ဒရာဗူဒူရဲ့ အချစ်ငါးမျှားချိတ်ကတော့ ငါ့အသည်းမှာ စူးနေပါပြီ။ သူ့ကို မရရင်တော့ ငါ ဘယ်နည်းနှင့်မှ နေနိုင်တော့မှာ မဟုတ်ပါဘူး။ သဟာထက် အခု အမေ ပြောမှ ငါ စဉ်းစားကြည့်မိသည်။ ဗူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ဝင်ချင်သည်ဆိုရင် ထိုက်တန်သည့် လက်ဆောင်ပဏ္ဏာတော် ပါသွားမှ ကောင်းသည်ဆိုသဟာ ဟုတ်ပါသည်' လို့ ပြောပြီးတော့ အလာဒင်က ခဏ စဉ်းစား နေပါသတဲ့။ ပြီးတော့မှ 'သည်မှာ အမေ၊ ငါ အခုမှ သတိရသည်။ ငါ့မှာ ဗူလတန် ဘုရင်ကြီးကို ဆက်ဖို့ လက်ဆောင်ကောင်းကောင်း ရှိပါသည်။ အမေက ငါ့ကို မေးသည်





မဟုတ်လား၊ သင့်မှာ ဘာလက်ဆောင် ဆက်စရာ ရှိလို့လဲလို့။ အမေက သည်လို မေးသဟာဟာ မဆန်းပါဘူး၊ လောကဓမ္မတာအတိုင်းပါပဲ။ သဟာပေမင့် ငါ့မှာတော့ ဗူလတန် ဘုရင်ကြီးကို ဆက်ဖို့ အင်မတန် အဖိုးထိုက်တန်သည့် လက်ဆောင်ကောင်း ရှိပါသည်။ သည်လို အဖိုးတန်သည့် လက်ဆောင်မျိုးဟာ ဆင်းရဲသားထဲကတော့ မပြောနှင့်၊ ရှင်ဘုရင်တွေထဲမှာတောင်မှပဲ မရှိပါဘူး။ ရှင်ဘုရင်တွေဟာ ငါ့ လက်ဆောင်မျိုးကို ရှိဖို့ဆိုတာတော့ မပြောနှင့်၊ မြင်တောင် မြင်ဖူးမှာ မဟုတ်ဘူး' လို့ အလာဒင်က ပြောပါသတဲ့။

သည်တော့ သူ့အမေက 'သင့်ိလက်ဆောင်က ဘာမို့လဲ သားရယ်' လို့ မေးပါသတဲ့။ အလာဒင်က ပြုံးပြီး 'သည်မှာ အမေရဲ့၊ မြေတွင်းတိုက်ကြီးထဲက ငါ ယူလာသည့် ပြောင်ပြောင်လက်လက်နှင့် ဖန်လိုမှန်လို အရာတွေဟာ ဖန်တွေ မှန်တွေ မဟုတ်ဘူး အမေရဲ့။ တကယ့် ကျောက်သံပတ္တမြား အစစ်တွေ။ ငါက စိန်ကုန်သည်၊ ကျောက်ကုန်သည်တွေနှင့် မိတ်ဆွေဖွဲ့ပြီး စုံစမ်းကြည့်လို့ သိရသည်။ သည်တော့ အမေ ဘာမှ မပူပါနှင့်တော့ အမေ၊ ငါတို့မှာရှိသည့် ကြွေဇလုံကြီးကို သွားယူလိုက်ပါ။ အဲသည် ကြွေဇလုံကြီးနှင့်အပြည့် စိန်ကောင်း ကျောက်ကောင်းတွေကို ငါက ထည့်ပေးလိုက်ပါမယ်။ အမေက ဗူလတန် ဘုရင်ကြီးဆီကို သွားဆက်ပါ။ သည်တော့ ဗူလတန် ဘုရင်ကြီး ရှေ့တော်ကို ဝင်ရသဟာ အမေလည်း မျက်နှာလှရောပေါ့။ ငါ့စိန်တွေ ကျောက်တွေလောက်မှ အသွေးအရောင် မရှိသည့် စိန်တွေ ကျောက်တွေဟာတောင်မှ အဖိုး အင်မတန် ထိုက်တန်သဟာကို ငါ တွေ့ရပါသည်။ ငါ့စိန်တွေ ကျောက်တွေကို ဆိုရင် ဘယ်သူမှ တန်ဖိုးဖြတ်နိုင်မှာ မဟုတ်ပါဘူး။ သည်လို တန်ဖိုး မဖြတ်နိုင်သည့် စိန်တွေ ကျောက်တွေ ပါလာသည်ဆိုလျှင် ဗူလတန် ဘုရင်ကြီးကလည်း အမေ့ကို ဘယ်နည်းနှင့်မှ စိတ်ဆိုးမှာ မဟုတ်ပါဘူး။ ရွှေဘောတော်ကျပြီး ပြုံးစိပြုံးစိနဲ့ ဖြစ်နေမှာပါ အမေ။ သည်တော့ ဗူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ဝင်ဖို့ အမေ ဘာမှ မကြောက်ပါနှင့်။ သဟာနှင့်မှ အမေက ဗူလတန် ဘုရင်ကြီးရှေ့တော် ဝင်ပြီး ငါ့အလိုကို ရအောင် လုပ်မပေးဘူးဆိုရင် ငါတော့ ဗဒ္ဒရာဗူဒူစိတ်နှင့်ပဲ သေရပါလိမ့်မည်။ သည်တော့ အမေ... အမေ ဘာမှ မကြောက်ပါနှင့်၊ ငါ ပြောသည့်အတိုင်း ကြွေဇလုံကြီးကိုသာ သွားယူပါ' လို့ ဆိုပါသတဲ့။

အဲသည်တော့ အလာဒင့် အမေက ကြွေဇလုံကြီးကို သွားယူလာပြီး သူ့သား ရှေ့မှာ ချလိုက်ပါသတဲ့။ ပြီးတော့ သူ့သား ပြောသဟာ ဟာ မှန်ပါလိမ့်မယ် ထင်ပါရဲ့၊ မှန်ရင်တော့လည်း ကောင်းသဟာပါပဲလို့ အောက်မေ့ပါသတဲ့။ အလာဒင်က ကြွေဇလုံကြီး ထဲကို စိန်တွေ ကျောက်တွေကို အကြီးအငယ် အရွယ်အလတ် ရွေးပြီး အလိုက်သင့် စီထည့်ပါသတဲ့။ သဟာနှင့် ကြွေဇလုံကြီး တစ်ခုလုံး စိန်တွေ ကျောက်တွေ ပြည့်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



အလာဒင်က 'ကိုင်း. . . အမေ၊ ဟောသည် စိန်တွေ ကျောက်တွေကိုသာ စူလတန် ဘုရင်ကြီးဆီကို သွားဆက်ပါတော့' လို့ ဆိုပါသတဲ့။ အဲသည်လို အလာဒင်က စိန်တွေ ကျောက်တွေကို ကြွေဇလုံကြီးထဲမှာ ထည့်နေတော့ သူ့အမေက ဘေးနားက နေပြီး သေသေချာချာ ကြည့်နေပါသတဲ့။ သည်တော့ စိန်တွေ ကျောက်တွေက ပြိုးပြိုးပြက်ပြက် အရောင်တွေ ထွက်သဟာနှင့် အလာဒင့်အမေဟာ မျက်စိ ကျိန်းလာပြီး မကြည့်နိုင်လို့ မျက်စိကို လွှဲနေရပါသတဲ့။ အဲသည်တော့မှ အလာဒင်က 'ကိုင်း. . . အမေ၊ စူလတန် ဘုရင်ကြီး ရှေ့တော်ကိုသာ သွားပါတော့။ အမေ ဘာမှ ကြောက်ဖို့ မလိုပါဘူး၊ သည် စိန်တွေ ကျောက်တွေက အမေ့အတွက် စကားပြောပါလိမ့်မယ်' လို့ ဆိုသတဲ့။

သဟာပေမင့် အလာဒင့်အမေက စူလတန် ဘုရင်ကြီးရှေ့ကျရင် ဘယ်လို စကား စ ရမှန်း မသိသဟာနှင့် 'သားရယ်၊ သားရဲ့ စိန်တွေ ကျောက်တွေဟာ အဖိုး မဖြတ်နိုင်လောက်အောင် တန်ဖိုးရှိသည် ဆိုသဟာကိုတော့ အမေ ယုံပါပြီ။ သဟာပေမင့် စူလတန်ဘုရင်ကြီးက အမေ့ကို သင် ဘာအလိုရှိသလဲလို့ မေးရင် အမေက ငါ့သား အလာဒင်နှင့် စူလတန်ဘုရင်ကြီးရဲ့ သမီးတော်ကို စုလျားရစ်ပတ် ပေးစေလိုပါသည်လို့ ပြောဖို့ဟာကို အမေ့ပါးစပ်က ထွက်လို့ရမည် မဟုတ်ပါဘူး။ ပြီးတော့ စူလတန်ဘုရင်ကြီးက သင့်သားက ဘာအလုပ်အကိုင် လုပ်သလဲ၊ သင့်သားမှာ ပစ္စည်းဥစ္စာ ဘယ်လောက် ရှိသလဲလို့ မေးရင် အမေ ဘယ်လိုဖြေရမှန်း သိမည် မဟုတ်ပါဘူး။ တကယ်လို့ ငါ့သား အလိုရှိသလို သမီးတော် ဗဒ္ဒရာဗူဒူကို ငါ့သားနှင့် စုလျားရစ်ပတ် ပေးစေလိုပါသည်လို့ ပွင့်ပွင့်ကြီး ပြောလိုက်ပြန်ရင်လည်း အမေ့ကို စိတ်မနံ့ဘူးလို့ ထင်ကြပါလိမ့်မည်။ ပြီးတော့ စူလတန်ဘုရင်ကြီးက သဘောတော် မကျဘူးဆိုရင်လည်း အမေ တစ်ယောက်တည်းသာ အသက်ဆုံးရမှာ မဟုတ်ပါဘူး၊ ငါ့သားပါ အသက်ဆုံးရမှာပါ။ သည်တော့ ငါ့သား စဉ်းစားပါဦး' လို့ ပြောပါသတဲ့။

အဲသည်တော့ အလာဒင်က 'ဒါတွေကို ဘာမှ တွေးပြီး ပူမနေပါနှင့် အမေ။ ငါတို့ဆီက စိန်တွေ ကျောက်တွေကို မြင်လိုက်လို့ရှိရင် စူလတန်ဘုရင်ကြီးဟာ အခု အမေ တွေးပြီး ပူနေသလို ဘာမှ မေးတော့မှာ မဟုတ်ပါဘူး။ အခု အမေ ပူနေသဟာ တွေက အမေ့ဟာအမေ သက်သက် စိတ်ကူးနှင့် တွေးပူ နေသဟာတွေပါ။ သည်တော့ အမေက ဘာမျှတွေးပြီး ကြောက်မနေပါနှင့်၊ သည် ကြွေဇလုံကြီးနှင့် ထည့်ထားသည့် စိန်တွေ ကျောက်တွေကိုသာ စူလတန် ဘုရင်ကြီးဆီကို သွားဆက်ပြီး သမီးတော် ဗဒ္ဒရာဗူဒူနှင့် ငါနှင့် စုလျားရစ်ပတ်ပေးဖို့ လျှောက်ပါ။ ပြီးတော့ ငါတို့ရဲ့ မီးခွက်ဟာလည်း ဘယ်လောက် အားကိုးရသည် ဆိုသဟာကို အမေလည်း မြင်ဖူးသားပဲ။ ငါတို့မှာ သည်မီးခွက် ရှိနေသမျှ ပစ္စည်းဥစ္စာ မရှားနိုင်ပါဘူး။ နောက်ကိုလည်း သည်မီးခွက်ကိုပဲ ဆက်ပြီး အားကိုးပြီး စူလတန်ဘုရင်ကြီး မေးသဟာတွေကို ငါ ဖြေနိုင်ပါလိမ့်မည်' လို့ သူ့အမေကို အားပေးစကား ပြောပါသတဲ့။





သည်တော့ သူ့အမေကလည်း 'ကောင်းပြီ သား၊ စူလတန် ဘုရင်ကြီးဆီကို အမေ သွားပြီး ဟောသည် စိန်တွေ ကျောက်တွေကို ဆက်မည်။ ပြီးတော့ ငါ့သား အလိုရှိသည့်အတိုင်း သမီးတော် ဗဒ္ဒရာဗူဒူကို ငါ့သားနှင့် စုလျားရစ်ပတ် ပေးဖို့လည်း ပြောခဲ့မည်' လို့ ပြောပြီး၊ ကြွေဇလုံကြီးကို ကိုင်ပြီး စူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်မှောက်ကို သွားဖို့ စီစဉ်ပါသတဲ့။

အဲသည်တော့ အလာဒင်က 'သဟာထက် အမေ၊ အမေ့ကို ငါ တစ်ခု သတိပေးလိုက် ပါရစေ။ သည်မီးခွက် တန်ခိုးကြီးပုံနှင့် ပတ်သက်လို့တော့ အမေ ဘယ်သူ့ကိုမျှ သွားမပြောပါနှင့်။ ငါတို့မှာ သည်မီးခွက်ကိုပဲ အားကိုးစရာ ရှိပါသည်။ မတော်တဆ သည်မီးခွက်အကြောင်း ပေါက်ကြားသွားရင် မှော်ဆရာကြီး ကြားသွားပြီး ငါတို့ ခက်ကုန်ပါလိမ့်မယ်။ နှုတ်လုံပါစေနော် အမေ' လို့ သူ့အမေကို မှာပါသတဲ့။

သည်တော့ သူ့အမေက 'အမေ ကလေးမဟုတ်ပါဘူး သားရဲ့၊ စိတ်ချပါ။ သည်အကြောင်းကို အမေ ဘယ်သူ့ကိုမှ မပြောပါဘူး' လို့ ပြောပြီး စူလတန် ဘုရင်ကြီးရဲ့ ရှေ့တော်ကို သွားဖို့ အဝတ်တန်ဆာ အသစ်များ လဲပါသတဲ့။ ပြီးတော့ အလာဒင့်အမေက စိန်တွေ ကျောက်တွေ အပြည့်ထည့်ထားသည့် ကြွေဇလုံကြီးကို လုံလုံခြုံခြုံ ဖုံးအုပ်ပြီး စူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ဝင်ပြီး ခစားပါသတဲ့။

အလာဒင့် အမေက စူလတန်ဘုရင်ရဲ့ နန်းတော်ကြီးထဲ ရောက်သွားတော့ စူလတန်ဘုရင်ကြီးက ညီလာခံဆောင်ကို မထွက်သေးပါဘူး တဲ့။ မှူးကြီးမတ်ရာ သေနာပတိများသာ ရှိပါသတဲ့။ အဲသဟာနှင့် အလာဒင့်အမေက နောက်နားက နေပြီး စောင့်နေပါသတဲ့။ ခဏ နေတော့ စူလတန်ဘုရင်ကြီး ထွက်လာပြီး စီရင်စရာ အမှုအခင်းများကို စီရင်ပါသတဲ့။ အဲသဟာနှင့် အလာဒင့်အမေကလည်း သူ့ကို စူလတန် ဘုရင်ကြီးက ခေါ်နိုးခေါ်နိုးနှင့် စောင့်နေပါသတဲ့။ သဟာပေမင့် စူလတန်ဘုရင်ကြီးက ညီလာခံ ပြီးသဟာနှင့် တစ်ပြိုင်နက် ညီလာခံဆောင်က ထွက်တော်မူသွားပါသတဲ့။ အဲသဟာနှင့် အလာဒင့်အမေလည်း သူ့ဆီမှာ ပါလာသည့် စိန်တွေ ကျောက်တွေကို စူလတန်ဘုရင်ကြီးကို မဆက်သခဲ့ရဘဲနှင့် ပြန်လာခဲ့ရပါသတဲ့။ သူ့အိမ် ပြန်ရောက်လို့ စိန်တွေ ကျောက်တွေ ထည့်သည့် ကြွေဇလုံကြီး ပြန်ပါလာသဟာကို တွေ့တော့ အလာဒင်က "အင်း ငါ့အမေ တော့ မဟန်ခဲ့ဘူး ထင်သည်" လို့ အောက်မေ့ပြီး ဘာမှ မမေးဘဲနှင့် သူ့အမေကို အကဲခတ်ပြီး ကြည့်နေပါသတဲ့။ သည်တော့ အလာဒင့်အမေက စိန်တွေ ကျောက်တွေ ထည့်သည့် ကြွေဇလုံကြီးကို ချပြီး 'သားရေ၊ အမေတော့ စူလတန်ဘုရင်ကြီးရဲ့ ရှေ့တော် တော့ ရောက်ခဲ့ပါရဲ့' လို့ ပြောပါသတဲ့။ အဲသည်အခါမှာ အလာဒင်က 'ဘယ့်နှယ်လဲ အမေ၊ စူလတန်ဘုရင်ကြီးက လက်ဆောင်တော်များကို လက်မခံလိုက်ဘူးလား' လို့ မေးပါသတဲ့။ သည်တော့ သူ့အမေက 'သည်လိုလည်း မဟုတ်သေးပါဘူး သားရယ်' လို့



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နန်းတော်ထဲမှာ သူ ဖြစ်ခဲ့ရသည့်အတိုင်း ပြန်ပြောပြပါသတဲ့။ ပြီးတော့မှာ 'သဟာပေမင့် သားရယ် . . . စိတ်ပူမနေပါနှင့်၊ မနက်ဖြန်ခါကျတော့ အမေ တစ်ခါထပ်ပြီး သွားပါဦးမယ်။ မနက်ဖြန်ခါကျတော့ သည်နေ့ ဖြစ်သလို ဖြစ်မည် မဟုတ်ပါဘူး' လို့ ပြောပါသတဲ့။ သည်တော့မှ အလာဒင်က စိတ်အေးသွားပါသတဲ့။ နောက်နေ့ကျတော့ အလာဒင့် အမေက စူလတန်ဘုရင်ရဲ့ နန်းတော်ကို သွားပြန်ပါသတဲ့။ သဟာပေမင့် နန်းတော်က တံခါးများဟာ ပိတ်ထားပါသတဲ့။ အဲသဟာနှင့် အနီးအနားမှာ ရှိသည့် လူများကို မေးကြည့်တော့ စူလတန် ဘုရင်ကြီးဟာ နေ့တိုင်း ညီလာမခံဘူး၊ တနင်္ဂနွေ တစ်ပတ်မှာ သုံးခါပဲ ညီလာခံသည်လို့ ပြောကြပါသတဲ့။ အဲသဟာနှင့် အလာဒင့် အမေဟာ သူ့အိမ်ကို ပြန်လာခဲ့ရ ပြန်ပါရောတဲ့။ အဲသဟာနှင့် အလာဒင့်အမေဟာ ညီလာခံသည့်နေ့ ကျတိုင်းကျတိုင်း စူလတန်ဘုရင် ကြီးရဲ့ ရှေ့တော်မှာ သွား သွား စောင့်ပြီး ဘာမျှ မပြောဝံ့သဟာနှင့် နန်းတော်တံခါး ပိတ်သည့်အခါမှာ ပြန်ပြန် လာပါသတဲ့။ အဲသလိုနှင့်ပဲ တစ်လလောက် ကြာသွားပါသတဲ့။ နောက်ဆုံး တစ်ခေါက်ကျတော့ စူလတန်ဘုရင်ကြီးက ညီလာခံပြီးလို့ အနောက်ဆောင်ကို ထွက်တော်မူမည် လုပ်သည့် အခါမှာ နန်းရင်းဝန်ကြီးကို ခေါ်ပြီး 'သည်မှာ နန်းရင်းဝန်ကြီး၊ ဟိုနောက်နားက ရပ်နေသည့် မိန်းမဟာ ငါ့ညီလာခံကို လာသဟာ ခြောက်ခါ ခုနစ်ခါလောက် ရှိပြီ။ သူ့လက်ထဲမှာလည်း ပစ္စည်းတစ်ခုခုကို ပဝါနှင့် အုပ်ပြီး ကိုင်လာသဟာ တွေ့ရသည်။ အဲသည် မိန်းမဟာ ငါ့ဆီကို ဘယ်လိုကိစ္စနှင့် လာသည် ဆိုသဟာ သင် မသိဘူးလား' လို့ မေးတော်မူပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ မိန်းမ ဆိုသဟာမျိုးဟာ အင်မတန် ဉာဏ်နည်းပါသည်။ သည်တော့ သည်မိန်းမ အရှင့် ရှေ့တော်ကို လာခြင်းဟာ သူ့လင် အကြောင်းကို တိုင်တန်းချင်လို့ ဖြစ်ပါလိမ့်မည်။ သဟာမှ မဟုတ်ရင်လည်း တခြားသူ တစ်ယောက်ယောက် အကြောင်းကို တိုင်တန်းချင်လို့ ဖြစ်လိမ့်မည် ထင်ပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန်ဘုရင်ကြီးက သဘောတော် ကျတော်မမူသဟာနှင့် 'သည်မှာ နန်းရင်းဝန်ကြီး၊ နောက်တစ်ခါ သည်မိန်းမ လာလို့ရှိရင် ငါ့ရှေ့တော်ကို သွင်းခဲ့ရမည်' လို့ အမိန့်တော် မှတ်ပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'အမိန့်တော် အတိုင်းပါ' လို့ လျှောက်ပါသတဲ့။

အဲသဟာနှင့် အလာဒင့် အမေက ခါတိုင်းလိုပဲ နန်းတော်ထဲ ဝင်ပြီး ခစားတော့ စူလတန်ဘုရင်ကြီးက မြင်တော်မူသွားပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးကို ခေါ်တော်မူပြီး 'သည်မှာ နန်းရင်းဝန်ကြီး၊ ငါ ပြောသဟာ အဲသည် မိန်းမပေါ့။ ဘယ်လို ကိစ္စရှိလို့ ဆိုသဟာ သိရအောင် ငါ့ရှေ့တော်ကို သွင်းခဲ့ရမည်' လို့ မိန့်တော်မူသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက အလာဒင့် အမေကို ချက်ချင်းခေါ်ပြီး ရှေ့တော်ကို





အလာဒင့် အမေသည် စိန်တွေ ကျောက်တွေ အပြည့်ထည့်ထားသည့် ဇလုံကြီးနှင့် စူလတန်ဘုရင်ကြီး ရှေ့တော်သို့ ဝင်ပြီး ခစားရာ...။

သွင်းသွားပါသတဲ့။ ရှေ့တော်ကို ရောက်တော့ စူလတန် ဘုရင်ကြီးက 'အို . . . အမျိုးသမီး၊ သင်သည် ငါ့ညီလာခံသို့ ခဏ ခဏ လာနေသည်ကို ငါ တွေ့ရသည်။ ငါ့ကိုလည်း သင် ဘာမျှ မလျှောက်ထား။ သင် လိုချင်သောဆု ရှိလျှင် ငါ့ကို အခု ပြောလော့' လို့ မိန့်တော်မူပါသတဲ့။ သည်တော့ အလာဒင့် အမေက စူလတန်ဘုရင်ကြီးကို အရိုအသေ ပေးပြီး 'မှန်လှပါ . . . အသက်သခင် မင်းတရားကြီး၊ ငါ့တွင် အသင်မင်းကြီးအား လျှောက်ထားရန် ကိစ္စတစ်ခု ရှိပါသည်။ သို့ရာတွင် ငါ လျှောက်ထားလိုသည့် ကိစ္စမှာ ထူးဆန်းသောကိစ္စ ဖြစ်ပါသဖြင့် ဤကိစ္စကို ငါ လျှောက်ထား၍ အသင်မင်းတရားကြီး သဘောတော် မကျပါက ငါ့အသက်ကို ချမ်းသာပေးပါမည်ဟု ကတိတော် ပြုစေလိုပါသည်။ သို့မှသာ ငါသည် လျှောက်ထားဝံ့ပါမည်' လို့ ဆိုပါသတဲ့။

အဲသည်တော့ စူလတန် ဘုရင်ကြီးကလည်း အထူးပင် သနားကြင်နာစိတ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတော်မူသူ ဖြစ်သည့်အတွက် တစ်ကြောင်း၊ အလာဒင် အမေက လျှောက်ထားမည့် ကိစ္စကို သိလိုတော်မူသည်က တစ်ကြောင်းကြောင့် 'ကောင်းပြီ၊ သင် လျှောက်ချင်ရာကို လျှောက်နိုင်သည်။ အလာဟု အရှင်၏ မျက်နှာတော်ကို ထောက်၍ သင့်အား ငါ ခွင့်လွှတ်သည်' လို့ ပြောပြီး နန်းရင်းဝန်ကြီး တစ်ယောက်တည်း ချန်ထားပြီး တခြား မှူးကြီးမတ်ရာများကို ညီလာခံမှ ပြန်ခွင့်ပေးလိုက်ပါသတဲ့။ သည်တော့ အလာဒင့်အမေက 'အသင်မင်းကြီးသည် ငါ့အား ခွင့်လွှတ်တော်မူသည့်နည်းတူ အလာဟု အရှင်သည် အသင်မင်းကြီးအား ခွင့်လွှတ်တော် မူပါစေသတည်း။ ငါ လျှောက်ထားလိုသည့် အကြောင်းမှာ တခြား မဟုတ်ပါ။ ငါ့တွင် အလာဒင် အမည်ရှိသော သားကလေး တစ်ယောက် ရှိပါသည်။ အလာဒင်ဟာ အသင်မင်းကြီးရဲ့ သမီးတော် ဗဒ္ဒရာဗူဒူ ရေချိုးဆောင်သို့ ထွက်တော်မူစဉ်၊ သမီးတော်၏ မျက်နှာတော်ကို အင်မတိ အင်မတန် ကြည့်လိုဇော ပြင်းပါသဖြင့် အသင်မင်းကြီးက သမီးတော်အား မည်သူမျှ မကြည့်ရန် အမိန့်တော် ထုတ်ထားပါလျက် ရေချိုးဆောင် တံခါးကြားမှ ချောင်း၍ ကြည့်ခဲ့ပါသည်။ ထိုသို့ ကြည့်ပြီးသည့် အချိန်မှစ၍ ငါ့သား အလာဒင်သည် သမီးတော် ဗဒ္ဒရာဗူဒူ အပေါ်တွင် အစွဲလမ်းကြီး စွဲလမ်းပြီးလျှင် မစားနိုင် မသောက်နိုင် ဖြစ်၍ နေပါသည်။ သမီးတော်ကိုမှ မရလျှင် အမှန်ပင် သူ သေရပါလိမ့်မည် ဖြစ်ကြောင်းနှင့်လည်း အလာဒင်က ငါ့ကို ပြောပါသည်။ ထို့ကြောင့် ငါသည် ငါ့သား၏ အပူကို မကြည့်ရက်နိုင်သဖြင့် အသင်မင်းကြီးထံသို့ လျှောက်ထားရန် လာခဲ့ရပါသည်။ ထိုသို့ အတင့်ရဲစွာ လျှောက်ထားဝံ့ခြင်းအတွက် ငါနှင့်တကွ ငါ့သား၏ အသက်ကို ချမ်းသာပေးပါမည့် အကြောင်း' လို့ လျှောက်ပါသတဲ့။

အလာဒင့် အမေက အဲသလို လျှောက်လိုက်တော့ စူလတန် ဘုရင်ကြီးက စိတ်ဆိုးတော်မမူဘဲနှင့် ပြုံးရယ်တော်မူပြီး 'သင့်လက်ထဲက ပဝါနှင့် အုပ်ထားသည့် အဆုပ်က ဘာလဲ' လို့ မေးတော်မူပါသတဲ့။ အဲသည့်လို စူလတန် ဘုရင်ကြီးက စိတ်ဆိုးတော်မမူဘဲ ပြုံးရယ်ပြီး မေးတော်မူလိုက်တော့ အလာဒင့်အမေက အားတက်လာပြီး သူ ယူလာသည့် စိန်တွေ ကျောက်တွေ ထည့်သည့် ကြွေဇလုံကြီးကို ဖွင့်ပြီး ပြလိုက်ပါသတဲ့။ သည်တော့ ညီလာခံဆောင်ကြီး တစ်ခုလုံးဟာ စိန်ရောင် ကျောက်ရောင်တွေ ဟပ်ပြီး ဆီးမီးတန်ဆောင်များ ထွန်းထားသလို လင်းထိန်သွားပါသတဲ့။ သည်တော့ စူလတန် ဘုရင်ကြီးကလည်း အအံ့သြကြီး အံ့သြသွားပြီး 'ငါ့တစ်သက်လုံး သည်လို အဖိုးထိုက်တန်သည့် စိန်ကောင်း ကျောက်ကောင်းများကို မမြင်ဖူးဘူး။ ငါ့နန်းသုံး ကျောက်တွေထဲမှာလည်း သည်လောက် ကောင်းသဟာ တစ်လုံးမှ မရှိဘူး' လို့ ပြောပါသတဲ့။ ပြီးတော့ စူလတန် ဘုရင်ကြီးက နန်းရင်းဝန်ကြီးဘက် လှည့်ပြီး 'ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီး၊ သည်လောက်ကောင်းသည့် ကျောက်တွေများ သင့်တစ်သက်မှာ မြင်ဖူးရဲ့လား' လို့ မေးပါသတဲ့။





သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ ငါ့တစ်သက်မှာ သည်လောက် အဖိုးတန်သည့် ကျောက်ကောင်းရတနာများကို တစ်ခါမျှ မမြင်ဖူးဘူးပါဘူး။ အရှင်မင်းကြီးရဲ့ ဘဏ္ဍာတော်တိုက်ထဲမှာလည်း သည်လောက် အဖိုးထိုက်တန်သည့် ကျောက်ကောင်းရတနာများ တစ်လုံးမှ မရှိပါဘူး' လို့ လျှောက်ပါသတဲ့။ ပြီးတော့ စူလတန်ဘုရင်ကြီးက 'သည်လို ကျောက်ကောင်းရတနာများကို ဆက်သနိုင်သသူဟာ ငါ့သမီးတော် ဗဒ္ဒရာဗူဒူနှင့် စင်စစ် ထိုက်တန်သသူပဲ နန်းရင်းဝန်ကြီး။ ဒွန္နယာ တစ်ခုလုံးမှာ သူ့ထက် ငါ့သမီးတော်နှင့် ထိုက်တန်သသူဟာ ရှိနိုင်တော့မည် မဟုတ်ဘူး' လို့ မိန့်တော်မူပါသတဲ့။

အဲသလို စူလတန်ဘုရင်ကြီးက ပြောလိုက်သဟာကို ကြားတော့ နန်းရင်းဝန်ကြီးဟာ အင်မတန် စိတ်မချမ်းမသာ ဖြစ်သွားပြီး စကားမပြောနိုင်ပါဘူးတဲ့။ ဘာလို့ အဲသလို စကားမပြောနိုင်ဘဲ ဖြစ်သွားရသလဲဆိုတော့ စူလတန်ဘုရင်ကြီးက သမီးတော် ဗဒ္ဒရာဗူဒူကို သူ့သားနှင့် စုလျားရစ်ပတ်ပေးဖို့ ကတိပေးထားပြီး ဖြစ်နေလို့ပါ တဲ့။ အဲသဟာနှင့် ခဏနေတော့ နန်းရင်းဝန်ကြီးက 'အရှင်မင်းကြီး၊ အရှင်မင်းကြီးဟာ သမီးတော် ဗဒ္ဒရာဗူဒူကို ငါ့သားနှင့် စုလျားရစ်ပတ်ပေးဖို့ ကတိတော်ပြုပြီး ဖြစ်ပါသည်။ သဟာ့ကြောင့် အခု အလာဒင့်အမေ ဆက်သသော လက်ဆောင်တော်များထက် အဖိုးထိုက်တန်သည့် လက်ဆောင်တော်များကို ရှာနိုင်ရန်အတွက် ငါ့ကို သုံးလတာမျှ အချိန်ပေးသင့်ပါသည်' လို့ လျှောက်ပါသတဲ့။

သည်တော့ စူလတန်ဘုရင်ကြီးက သူ့နန်းရင်းဝန်ကြီးဟာ ဘယ်နည်းနှင့်မျှ အလာဒင့်အမေ ဆက်သသည့် လက်ဆောင်တော်များထက် အဖိုးထိုက်တန်သည့် လက်ဆောင်တော်များကို ရှာနိုင်မည် မဟုတ်မှန်း သိလျက်နှင့် သဘောတော် ပြည့်ဝကြောင်း ပြရန်အတွက် နန်းရင်းဝန်ကြီး တောင်းသည့် အချိန် သုံးလကို ခွင့်ပြုတော်မူလိုက်ပါသတဲ့။ ပြီးတော့ အလာဒင့်အမေဘက်သို့ လှည့်ပြီး 'သင့်သားကို ပြောလိုက်ပေတော့၊ ငါ့သမီးတော် စုလျားရစ်ပတ်ဖို့အတွက် ထိုက်တန်သည့် အသုံးအဆောင် ပစ္စည်းများ ငါ စီရင်ရမည်။ ပြီးတော့ ယခင်က နန်းရင်းဝန်ကြီးကို ငါ ကတိပြုထားတဲ့ အတွက် သုံးလတာမျှ စောင့်ဆိုင်းဖို့လည်း လိုလိမ့်မည်။ သည် အတောအတွင်းမှာ ယာယီအားဖြင့် ငါ့သမီးတော်ကို သင့်သားနှင့် စုလျားရစ်ပတ်ဖို့ ရည်မှန်းပြီးလို့ ငါ သဘောထားမည်' လို့ ပြောလိုက်ပါသတဲ့။

အဲသလို စူလတန် ဘုရင်ကြီးဆီက ပြန်သည့် စကားကိုရတော့ အလာဒင့် အမေဟာ နန်းတော်ကြီးက ခြေကုန်သုတ်ပြီး သူ့အိမ်ကို ပြန်လာပါသတဲ့။ သူ့ မျက်နှာကလည်း ပြုံးလို့ရွှင်လို့ပါပဲ တဲ့။ အဲသဟာနှင့် အလာဒင်က သူ့အမေ မျက်နှာကို အကဲခတ်ပြီး စိန်တွေ ကျောက်တွေ ထည့်ပေးလိုက်သည့် ကြွေဇလုံကြီးလည်း ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သဟာ မမြင်တော့ 'အလာဟုအရှင်ရဲ့ ကျေးဇူးပဲ၊ ဟန်လာခဲ့ပြီ မဟုတ်လား အမေ။ သဟာကြောင့် ငါ ပြောသဟာပေါ့၊ သည် စိန်တွေ ကျောက်တွေဟာ တန်ခိုး အင်မတန်ကြီးပါသည်လို့။ ကိုင်း . . . အမေ လျှောက်သဟာကို စူလတန်ဘုရင်ကြီးက သဘောတူလိုက်ပြီ မဟုတ်လား' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင့်အမေက စူလတန် ဘုရင်ကြီးရဲ့ ရှေ့တော်မှာ ဖြစ်ပျက်ခဲ့သမျှတွေကို အကုန်လုံး ပြောပြပြီး 'အဲသည်တော့ ငါ့သား၊ နန်းရင်းဝန်ကြီးက သင့်ကို မုန်းပြီး သင့်အပေါ်မှာ မကောင်းကြံမှာပဲ အမေ စိုးရိမ်သည်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'နန်းရင်းဝန်ကြီးက ဘယ်လိုပဲ မကောင်း ကြံချင်ကြံချင်၊ အလာဟုအရှင်လည်း ရှိပါသေးသည် အမေ။ သည်အတွက်ကတော့ အလာဟုအရှင် ကြည့်ပြီး စီမံပါလိမ့်မည်။ သုံးလတောင် စောင့်ရမည် ဆိုသဟာ ကတော့ အတော်ပဲ ကြာပါသည်။ သဟာပေမင့် အောင့်ပြီး စောင့်ရမှာပေါ့။ ငါ့အပေါ်မှာ အမေ့ကျေးဇူးဟာ အများကြီးကြီးပါသည်။ အမေကသာ ငါ့ကို အကူအညီ မပေးဘူးဆိုရင် အခုအချိန်ဆိုရင် ငါဟာ သင်္ချိုင်းကို ရောက်နေတော့မှာပါပဲ။ အခုဆိုတော့ ဒွန်နယာကြီးမှာ ငါလောက် စိတ်ချမ်းသာသည့်သူ၊ ငါလောက် ကံကောင်းသည့်သူ ရှာလို့ရမည် မဟုတ်တော့ပါဘူး' လို့ ဆိုပါသတဲ့။

ပြီးတော့ အလာဒင်ဟာ နှစ်လကျော် သုံးလအတွင်း ရောက်အောင် အောင့်ပြီး သမီးတော် ဗဒ္ဒရာဗူဒူကို စောင့်နေပါသတဲ့။ အဲသည်လို စောင့်နေတုန်း တစ်ညနေမှာ သူ့အမေက ဈေးတန်းထဲကို ဆီဝယ်ဖို့ သွားပါသတဲ့။ သည်တော့ ဈေးတန်းထဲက ဆိုင်တွေဟာ အကုန်လုံး ပိတ်ထားသဟာကို တွေ့ပါသတဲ့။ ပြီးတော့ မြို့သူမြို့သားတွေကလည်း သူတို့အိမ်တွေကို ဆီမီးတွေ ထိန်နေအောင် ထွန်းထားကြသဟာကို တွေ့ပါသတဲ့။ ပြီးတော့ စစ်သားတွေကလည်း လမ်းဆုံ လမ်းမတွေမှာ စောင့်နေကြသဟာကို တွေ့ပါသတဲ့။ အဲသဟာနှင့် အလာဒင့် အမေက မပိတ်ဘဲ ကျန်နေသည့် ကုန်စုံဆိုင် တစ်ဆိုင်ထဲ ဝင်သွားပြီး ဆိုင်ရှင်ကို 'ဦးလေးရယ်၊ သည်နေ့ ဘာနေ့မို့ ဆိုင်တွေကိုပိတ်၊ အိမ်တွေမှာ ဆီမီးတွေ ထွန်းပြီး အရပ်ထဲမှာ စစ်သားတွေ စောင့်နေကြသဟာလဲ' လို့ မေးပါသတဲ့။

သည်တော့ ဆိုင်ရှင်က 'အို . . . အမျိုးသမီး၊ သင်က သည်မြို့က မဟုတ်ဘူး၊ ဧည့်သည်နှင့် တူသည်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင့်အမေက 'ငါဟာ ဧည့်သည် မဟုတ်ပါဘူး၊ သည်မြို့သူပါပဲ' လို့ ပြောပါသတဲ့။ သည်တော့ ဆိုင်ရှင်က 'သည်မြို့သူလည်း ဖြစ်လျက်နှင့် သည်နေ့ည နန်းရင်းဝန်ကြီးသားနှင့် သမီးတော် ဗဒ္ဒရာဗူဒူကို စုလျားရစ်ပတ်တော့မည် ဆိုသဟာကို မသိဘူး ဆိုသဟာများ အံ့ပါရဲ့။ အခု နန်းရင်းဝန်ကြီးရဲ့ သားဟာ ရေချိုးဆောင်ကို သွားနေသည်။ ဟောသည် စစ်သည်





တွေဟာ သူ့အတွက် လာစောင့်နေကြသဟာတွေ။ ရေချိုးဆောင်က ပြန်လာသဟာနှင့် တစ်ပြိုင်နက် နန်းရင်းဝန်ကြီးရဲ့ သားကို ဟောသည် စစ်သည်တွေက ဝန်းရံပြီး သမီးတော် ဗဒ္ဒရာဗူဒူအဆောင်တော်ကို ပို့ကြလိမ့်မည်' လို့ ပြောပါသတဲ့။

အဲသည်လို ဆိုင်ရှင်က ပြောလိုက်တော့ အလာဒင့်အမေဟာ အတော် စိတ်မကောင်း ဖြစ်သွားပြီး သူ့သားကလေးကို သနားမိပါသတဲ့။ အဲသဟာနှင့် အလာဒင့်အမေဟာ သူ့အိမ်ကို ကမန်းကတန်း ပြန်လာပြီး 'သားရေ . . . သားကို မကောင်းသည့် သတင်းတစ်ခုတော့ အမေ ပြောရဦးမည်။ သားဆိုရင်တော့ မပြောနှင့်တော့၊ အမေတောင် အတော်ကို အခံရခက်သည့် သတင်းပဲ' လို့ ခရီး ရောက်မဆိုက် ပြောပါသတဲ့။

သည်တော့ အလာဒင်က 'ဘယ်လို မကောင်းသည့် သတင်းလည်း အမေရဲ့၊ ပြောစမ်းပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင့်အမေက 'မကောင်းသည့် သတင်းဆိုသဟာက တခြား ဟုတ်ပါရိုးလား သားရဲ့၊ စူလတန် ဘုရင်ကြီးက ငါ့သား အပေါ်မှာ ထားလိုက်တဲ့ ကတိကို ဖျက်ပြီး သမီးတော် ဗဒ္ဒရာဗူဒူကို အခုညပဲ နန်းရင်းဝန်ကြီးရဲ့ သားနှင့် စုလျားရစ်ပတ် ပေးတော့မလို့ဆိုသည့် သတင်းပေါ့' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'သည်အကြောင်းကို အမေက ဘယ်လိုလုပ် သိခဲ့သလဲ' လို့ သူ့အမေကို မေးပါသတဲ့။ သည်တော့ သူ့အမေက သူ့ကို ကုန်စုံဆိုင်ရှင်က ပြောလိုက်သည့် အကြောင်းတွေရော၊ သူ ကိုယ်တိုင် စစ်သားတွေကို မြင်ခဲ့ရသည့် အကြောင်းတွေရော၊ အိမ်တွေမှာ ဆီမီးထွန်းထားသည့် အကြောင်းတွေရော အကုန်လုံးကို အလာဒင်ကို ပြန်ပြောပါသတဲ့။

အဲသလို သူ့အမေက ပြောသဟာကိုလည်း ကြားလိုက်ကရော၊ အလာဒင်ဟာ စိတ်ကလည်း ညစ်ညစ်နှင့် အများကြီး မခံမရပ်နိုင်အောင် ဖြစ်သွားပါသတဲ့။ ပြီးလို့ ခဏနေတော့ အလာဒင်က သူ့မီးခွက်ကို သတိရပြီး သူ့အမေကို 'သည်မှာ အမေ၊ သမီးတော် ဗဒ္ဒရာဗူဒူဟာ အမေ ထင်သလို နန်းရင်းဝန်ကြီး သားရဲ့ လက်ထဲကို ဘယ်နည်းနှင့်မှ ရောက်မှာ မဟုတ်ပါဘူး။ သည်အတွက် ငါ့တာဝန်ထားပါ။ ကိုင်း . . . အမေ၊ ထမင်းစားဖို့သာ ပြင်ပေတော့။ ထမင်းစားပြီးရင် အခန်းထဲဝင်ပြီး ငါ ခဏနားမည်။ အားလုံးကုန် နေရာကျပါစေမည် အမေ၊ ဘာမှ ပူမနေပါနှင့်' လို့ ပြောပါသတဲ့။ အဲသဟာနှင့် သူ့အမေက ထမင်းပြင်ပေးတော့ အလာဒင်က မြိန်မြိန်ရှက်ရှက် စားပြီး သူ့အခန်းထဲ ဝင်သွားပြီး တံခါးကို ကန့်လန့် ထိုးထားပါသတဲ့။ တံခါးကို ကန့်လန့် ထိုးထားပြီးတော့ အလာဒင်က မီးခွက်ကို ယူပြီး လက်နှင့် ပွတ်လိုက်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ဖြုန်းခနဲ ပေါ်လာပြီး 'သင် အလိုရှိရာကို ပြောပါ၊ ငါသည် သင်၏ ကျွန်ဖြစ်ပါသည်။ ငါသည် မီးခွက် လက်ကိုင်ရှိသူ၏ ကျွန်ဖြစ်ပါသည်' လို့ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'နားထောင်၊ ငါ ပြောမည်။ ငါက စူလတန်ဘုရင့်ဆီ သွားပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့သမီးတော်ကို ငါနှင့် စုလျားရစ်ပတ်ပေးဖို့ ပြောသည်။ ရှူလတန်ဘုရင်က ကောင်းပါပြီ၊ သုံးလကြာသောအခါ စုလျားရစ်ပတ် ပေးပါမည်လို့ ကတိပြုလိုက်သည်။ သဟာပေမင့် ရှူလတန်ဘုရင်ဟာ ကတိမတည်ဘူး၊ သူ့သမီးတော်ကို နန်းရင်းဝန်ကြီး သားနှင့် စုလျားရစ်ပတ် ပေးလိုက်သည်။ အခုည နန်းရင်းဝန်ကြီးရဲ့သားဟာ ရှူလတန် ဘုရင်ရဲ့ သမီးတော်နှင့် သွားအိပ်လိမ့်မည်။ သည်တော့ သင်က မီးခွက်စောင့် ကျွန်ကောင်း တစ်ယောက်ပီပီ နန်းရင်းဝန်ကြီးရဲ့ သားနှင့် မင်းသမီးကလေး အိပ်ရာ ဝင်သည့်အခါမှာ သွားပြီး သူတို့နှစ်ယောက်လုံးကို အိပ်ရာပါ မပြီး ငါ့ဆီကို ချက်ချင်း ဆောင်ကြဉ်း လာခဲ့ရမည်။ အဲသဟာပဲ ငါ လိုချင်သည်' လို့ ပြောပါသတဲ့။

သည်တော့ မီးခွက်စောင့်သရဲက 'သင့်အမိန့်အတိုင်း ငါ နာခံပါမည်၊ သည်ကိစ္စ အပြင် အခြားကိစ္စများ ရှိသေးလျှင်လည်း ပြောပါဦး။ ငါ ဆောင်ရွက်ပေးပါမည်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'အခု သည်ကိစ္စကိုပဲ ပြီးအောင် ဆောင်ရွက်ပေး၊ နောက်ကိစ္စ ရှိတော့ ငါ ပြောမည်' လို့ ဆိုပါသတဲ့။

အဲသလို အလာဒင်က ပြောလိုက်တော့ သရဲဟာ ကွယ်သွားပါသတဲ့။ ပြီးတော့ အလာဒင်က သူ့အမေဆီကို သွားပြီး စကားပြောနေပါသတဲ့။ နောက် သရဲ ပြန်လာချိန် လောက်ကျမှ အလာဒင်က သူ့အခန်းထဲ သူ ကပျာကယာ ပြန်သွားပြီး စောင့်နေပါသတဲ့။ အဲသဟာနှင့် ခဏလောက် ကြာတော့ မီးခွက်စောင့် သရဲက သတို့သား နန်းရင်းဝန်ကြီး သားနှင့် သတို့သမီး မင်းသမီးကလေးကို သူတို့ အိပ်နေကြသည့် ခုတင်ကြီးပါ ထမ်းပြီး အလာဒင် အခန်းထဲကို ဝင်လာပါသတဲ့။ သည်တော့ အလာဒင်က ဝမ်းအသာကြီး သာသွားပြီး 'သွား... သည် သေမင်းကောင်ကို အိမ်သာထဲမှာ ပစ်ထားလိုက်' လို့ သရဲကို ခိုင်းပါသတဲ့။ သည်တော့ သရဲက နန်းရင်းဝန်ကြီး သားကို လေနှင့် ချမ်းတုန် သွားအောင် မှုတ်ပစ်လိုက်ပြီး အိမ်သာထဲကို သွားပြီး ပစ်ထားလိုက်ပါသတဲ့။ နန်းရင်းဝန် သားဟာလည်း ချမ်းလွန်းလို့ တုန်နေသဟာပါပဲ တဲ့။ ပြီးတော့ သရဲက အလာဒင်ကို 'နောက်ပြီးတော့ ငါ့ကို ဘာခိုင်းချင်သေးသလဲ၊ ခိုင်းချင်သဟာရှိရင် ပြောပါ။ ငါ လုပ်ပေး ပါမည်' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'သင် အခုပြန်တော့၊ မနက်ကျမှ သူတို့နှစ်ယောက်ကို ပြန်ပို့ဖို့ လာခဲ့' လို့ ဆိုပါသတဲ့။ သည်တော့ သရဲက 'အမိန့်အတိုင်း ပါ' လို့ ဆိုပြီး ကွယ်သွားပါသတဲ့။

အဲသလို သရဲ ကွယ်သွားတော့ အလာဒင်က ထိုင်ရာက ထပြီး သူ့အကြံဟာ သူ ထင်သဟာထက် ပိုပြီး အောင်မြင်နေသည့်အတွက် ဝမ်းအသာကြီး သာနေပါသတဲ့။ ပြီးတော့ သူ့အခန်းထဲမှာ ရောက်နေသည့် ဗဒ္ဒရာဗူဒူ မင်းသမီးကလေးကို ရင်တဖိုဖိုနှင့် ကြည့်နေပါသတဲ့။ သဟာပေမင့် ဘယ်လိုမှတော့ ကျူးကျူးလွန်လွန် မလုပ်ပါဘူးတဲ့။ ပြီးတော့ အလာဒင်က 'အို... အလှထိပ်တင်ကလေး၊ သင့်ကို ငါ့အိမ်ကို ခေါ်လာ





သဟာဟာ သင့်ကို ကျူးကျော်စော်ကားဖို့ မဟုတ်ပါဘူး။ အလာဟုအရှင် မကြိုက် သဟာကို ငါ မလုပ်ပါဘူး၊ သင့်ခမည်းတော်က သင့်ကို ငါနှင့် စုလျားရစ်ပတ်ပေးဖို့ ကတိပေးထားပြီး ဖြစ်တဲ့အတွက် မဆိုင်သည့်သူ လက်ထဲ ရောက်မသွားရအောင် ကာကွယ်ပေးဖို့အတွက် ခေါ်လာသဟာပါ။ ဘာမှ မကြောက်ပါနှင့်' လို့ ပြောပါသတဲ့။

သည်တော့ မင်းသမီးကလေးက သူ့ဟာသူ အလာဒင်ရဲ့ စုတ်ချာတဲ့ အခန်းထဲ ရောက်ပြီးနေသဟာကို တွေ့တော့ ကြောက်လွန်းလို့ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ပြီး ဘာမှ ပြန်မပြောနိုင်ပါဘူးတဲ့။ အဲသဟာနှင့် အလာဒင်က သူ့အပေါ်အင်္ကျီကို ချွတ်ပြီး၊ ဓားကို အလယ်ကထားပြီး မင်းသမီးကလေး ဘေးက ဝင်အိပ်ပါသတဲ့။ သဟာပေမင့် မင်းသမီးကလေးကိုတော့ မဟုတ်မတရား ဘာမှ မလုပ်ပါဘူးတဲ့။ မင်းသမီးကလေးကို သူ့ဆီကို ခေါ်လာသည့် အကြံကတော့ နန်းရင်းဝန်ကြီးရဲ့ သားနှင့် ကျူးကျူးလွန်လွန် ဖြစ်သွားမှာစိုးသည့် အတွက်ပါပဲ။ မင်းသမီးကလေးဟာ အဲသည်ညက ကြောက်လန့်ပြီး တစ်ညလုံး မအိပ်နိုင်ရှာပါဘူးတဲ့။ သူ့တစ်သက်မှာ သည်လောက်ကြီးတဲ့ ဆင်းရဲခြင်းမျိုး တစ်ခါမှ မတွေ့ဖူးပါဘူးတဲ့။ နန်းရင်းဝန်ကြီးရဲ့ သားကလည်း အိမ်သာထဲမှာ တစ်ညလုံး အိပ်မပျော်ပါဘူးတဲ့။ ပြီးတော့ သရဲကို ကြောက်သဟာနှင့် ညောင်းလို့ညာလို့တောင်မှ မလှုပ်ဝံ့ မလှုပ်ဝံ့ပါဘူး တဲ့။

မနက်မိုးလင်းတော့ အလာဒင်က မီးခွက်ကိုတောင် လက်နှင့် မပွတ်ရဘဲနှင့် သရဲက ပေါက်လာပြီး 'အို... အရှင်၊ တစ်စုံတစ်ခု အလိုရှိလျှင် ငါ့ကို ပြောပါလော့။ ငါ ဆောင်ရွက်ရန် အသင့်ပါ' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင် က 'သတို့သမီးနှင့် သတို့သားကို အိပ်ရာနှင့်အတူ သူတို့အဆောင်ကို ပြန်ပို့လိုက်' လို့ အမိန့်ပေးပါသတဲ့။ သည်တော့ သရဲက အလာဒင် ခိုင်းသည့်အတိုင်း သတို့သမီးနှင့် သတို့သားကို ဘယ်သူမှ မမြင်အောင် သူတို့နေရာကို မျက်စိတစ်မှိတ်ခန့် အတွင်းမှာ ပြန်ပို့လိုက်ပါသတဲ့။ နန်းရင်း ဝန်သားနှင့် မင်းသမီးကလေး နှစ်ယောက်ဟာ သည်နေရာက ဟိုနေရာ ရောက်လိုက်၊ ဟိုနေရာက သည်နေရာ ရောက်လိုက် ဖြစ်နေသဟာနှင့် ကြောက်ကြလွန်းလို့ အသက် တောင် မှန်အောင် မရှူနိုင်ကြပါဘူး တဲ့။

ပြီးတော့ သတို့သားနှင့် သတို့သမီးကို သူတို့အဆောင်ထဲ ပြန်ပို့ပြီးတော့ သရဲလည်း ပြန်သွားပါသတဲ့။ အဲသည် ခဏမှာပဲ ရှူလတန်ဘုရင်ကြီးက ပေါက်လာ ပြီး သမီးတော်ကို ဝမ်းသာစကား ပြောပါသတဲ့။ အဲသည်အခါမှာ နန်းရင်းဝန်ကြီး သားကတော့ တံခါးဖွင့်သံ ကြားကတည်းက သည်အချိန်မှာ တခြားသူတော့ လာမှာ မဟုတ်ဘူး၊ ရှူလတန်ဘုရင်ကြီးပဲ လာမှာပဲ ဆိုသဟာကို သိသဟာနှင့် အိပ်ရာပေါ်က ကောက်ကောက်ပါအောင် ဆင်းပြေးပြီး အဝတ်အစားများ ဝတ်ပါသတဲ့။ သူ့ခမျာမှာ ညတုန်းက အိမ်သာထဲမှာ အိပ်ရလို့ အချမ်းမပြေသေးသဟာနှင့် အိပ်ရာထဲက မထချင်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနှင့် ထပြေးရသဟာပါပဲတဲ့။ ရှုလတန် ဘုရင်ကြီးက သမီးတော်ရဲ့ အဆောင်တော်ထဲ ရောက်လာသည် ဆိုလျှင်ပဲ သမီးတော်ဆီ ကောက်ကောက်ပါအောင် သွားပြီး၊ သမီးတော်ရဲ့ နဖူးကလေးကို နမ်းပြီး 'ညက သတို့သားနှင့် ပျော်ပျော်ရွှင်ရွှင် ရှိကြရဲ့လား' လို့ မေးပါသတဲ့။ သည်တော့ သမီးတော်ကလေးက ဘာစကားမှ ပြန်မပြောဘဲ စိတ်ဆိုးသည့် မျက်နှာထားနှင့်သာ ရှုလတန်ဘုရင်ကြီးကို ကြည့်နေပါသတဲ့။ အဲသဟာနှင့် ရှုလတန် ဘုရင်ကြီးကလည်း သမီးတော်ကလေးကို ထပ်ကာထပ်ကာ မေးပါသတဲ့။ သဟာပေမင့် သမီးတော်ကလေးက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ တွေပြီးသာ ကြည့်နေပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ ရှုလတန်ဘုရင်ကြီးက လက်လျှော့ပြီး သူ့ မိဖုရားကြီးဆီကို ကမန်းကတန်း ပြန်သွားပါသတဲ့။ မိဖုရားကြီးဆီကို ရောက်တော့ ရှုလတန် ဘုရင်ကြီးက သမီးတော်ကလေး အကြောင်းကို စုံလင်အောင် ပြန်ပြောပြပါသတဲ့။

သည်တော့ မိဖုရားကြီးက ရှုလတန်ဘုရင်ကြီး စိတ်ဆိုးတော်မူမှာ စိုးသဟာနှင့် 'မိန်းကလေးများ ဆိုသဟာ ဟာ သည်လိုပဲ ရှက်တတ်ပါသည်။ သဟာ့ကြောင့်သာ ကျေးဇူးရှင် မင်းတရားကြီး မေးတော်မူသည်ကို ဘာမှ ပြန်မပြောခြင်း ဖြစ်ပါသည်။ စုလျားရစ်ပတ်ပြီးခါစ အခါမှာ သည်လိုပဲ ရှက်တတ်ပါသည်။ နောင် အရှက်ပြေလောက်သည့် အချိန်ကျတော့ နှုတ်လျှာသွက်လာပါလိမ့်မည်။ သဟာ့ကြောင့် အခုနေ အခါမှာ မင်းတရားကြီးက သမီးတော်ကလေးအပေါ်မှာ ဖွေယူတော် မမူထိုက်ပါဘူး။ အခုပင် ငါ ကိုယ်တိုင် သမီးတော်ကလေးဆီကို သွား၍ စုံစမ်းပါဦးမည်' လို့ လျှောက်ပါသတဲ့။ အဲသလို လျှောက်ပြီးတော့ မိဖုရားကြီးဟာ ကမန်းကတန်း အဝတ်တန်ဆာ လဲပြီး သမီးတော်ရဲ့ အဆောင်တော်ကို သွားပါသတဲ့။

သမီးတော်ရဲ့ အဆောင်တော်ကို ရောက်တော့ မိဖုရားကြီးက သမီးတော်ရဲ့ နဖူးပြင်ကလေးကို နမ်းပြီး 'ဘယ့်နှယ်လဲ သမီးတော်၊ ညက ပျော်ပျော်ရွှင်ရွှင် ရှိကြရဲ့လား' လို့ မေးပါသတဲ့။ သဟာပေမင့် သမီးတော်ကလေးက ဘာတစ်ခွန်းမှ ပြန်မပြောဘဲ သူ့မယ်တော်ကို ငေးကြည့်နေပါသတဲ့။ အဲသည်တော့မှ သူ့မယ်တော်က "အင်း... တန်တော့၊ ငါ့သမီးတော်တော့ တစ်စုံတစ်ခုတော့ ဖြစ်နေပြီ" လို့ အောက်မေ့ပြီး 'ဘယ်လို ဖြစ်သဟာလဲ သမီးတော်၊ ဘာမှလဲ မေးလို့ မရပါလား၊ သမီးတော်မှာ အကြောင်းကိစ္စ တစ်ခုခု ထူးသည်ဆိုရင် မယ်တော့်ကို ပြောပြမှပေါ့။ ပြောပါ သမီးတော်ရဲ့၊ ဘယ်လို ဖြစ်သဟာလဲ' လို့ မေးပါသတဲ့။ သည်တော့မှ သမီးတော်ကလေးက 'မယ်တော်က သမီးတော်ရဲ့ အဆောင်တော်ကို လာသည် ဆိုသဟာ ဟာ သမီးတော်အဖို့ အများကြီး ဂုဏ်ရှိပါသည်။ သမီးတော်ရဲ့ တာဝန်ကလည်း မယ်တော်ကို ရိုရိုသေသေနှင့် ကြိုဆို ညွှတ်ခံဖို့ပါပဲ။ သဟာပေမင့် သမီးတော် ဖြစ်ရပုံက အများကြီး ရှက်စရာ ကောင်းပါသည်။ ညကဆိုရင် သမီးတော်ဟာ သေတောင် သေလိုက်ချင်ပါသည်။ သမီးတော်တို့ဟာ





စက်ရာပေါ်မှာ လှဲလိုက်လျှင် လှဲလိုက်ချင်း အင်မတန် ကြောက်စရာကောင်းသည့် သရဲကြီး တစ်ကောင်ဟာ သမီးတော်တို့ အိပ်စက်သည့် သလွန်ကို တစ်ခါတည်း ထမ်းပြီး အင်မတန် မည်းမှောင်နေသည့် အိမ်စုတ်ကလေး တစ်ခုထဲကို ခေါ်သွားပါသည်' ဟု ပြောပြီးလျှင် သမီးတော်ကလေးက ညက အလာဒင့်အိမ်မှာ ဖြစ်ပျက်ခဲ့သမျှ အကြောင်းများကို သူ့မယ်တော်ကို ပြောပြပါသတဲ့။

ပြီးတော့မှ သမီးတော်ကလေးက 'အဲသဟာနှင့် မနက်မိုးလင်းတော့ သမီးတော်တို့ကို ညက ထမ်းသွားသည့် သရဲကြီးကပဲ ဟောသည် သမီးတော်ရဲ့ အဆောင်ကို ပြန်ပို့ပါသည်။ အဲသလို ပြန်ပို့ပြီးသဟာနှင့် တစ်ပြိုင်နက် သရဲကြီးလည်း ပျောက်ကွယ်သွားပါသည်။ အဲသလို သရဲကြီး ပျောက်ကွယ်သွားပြီးနောက် ခမည်းတော်လည်း ရောက်တော်မူလာသဟာပါပဲ' လို့ သူ့မယ်တော်ကို ဆက်ပြီး လျှောက်ပါသတဲ့။

ပြီးတော့ တစ်ခါ သမီးတော်ကလေးက 'အဲသဟာကြောင့် ခမည်းတော် လာတုန်းက သမီးတော်က ဘာမှ မလျှောက်ထားလိုက်နိုင်ပါဘူး။ အဲသည်အခါမှာ သမီးတော်ရဲ့ စိတ်တွေဟာလည်း အများကြီး တုန်လှုပ်ချောက်ချား နေပါသည်။ ခမည်းတော်ကတော့ သမီးတော်ကို အင်မတန် ရိုင်းပျသည်ထင်ပြီး စိတ်တော် ဆိုးသွားမည် ထင်ပါသည်။ အဲသဟာကြောင့် မယ်တော်က သမီးတော်ရဲ့ အဖြစ်အပျက်များကို စုံလင်အောင် မှန်ကန်သည့်အတိုင်း ခမည်းတော်ကို လျှောက်ကြားပြီး သမီးတော်အပေါ် ဖွေမယူပါရန် တောင်းပန် ပေးစေလိုပါသည်' လို့ လျှောက်ပါသတဲ့။

အဲသလို သမီးတော်ကလေးက လျှောက်ကြားတော့ သူ့မယ်တော်က 'အို... သမီးတော်ကလေး၊ သမီးတော်လေးရဲ့ စိတ်တွေကို အေးအေးထားစမ်းပါ။ အခု သမီးတော်လေး ပြောသည့်စကားဟာ ဘယ်သူ ကြားလို့မှ ယုံနိုင်စရာ မရှိပါဘူး။ သမီးတော်လေး ပြောသည့်စကားကို ကြားသည့်သူတိုင်းက ရှုလတန် မင်းမြတ်ရဲ့ သမီးတော်ဟာ စိတ်မနှံ့ရှာဘူးလို့ ပြောကြပါလိမ့်မည်။ အဲသဟာကြောင့် အခု သမီးတော်လေး ပြောသည့် စကားတွေကို သမီးတော်လေးရဲ့ ခမည်းတော်ကို မပြောလိုက်သဟာလည်း ကောင်းပါသည်။ နောက်ထပ်လည်း ပြောဖို့ စိတ်မကူးပါနှင့်။ ပြော၍လည်း ခမည်းတော်က ယုံကြည်မည် မဟုတ်ပါဘူး' လို့ ပြောပါသတဲ့။

အဲသည်တော့ သမီးတော် ဗဒ္ဒရာဗူဒူက 'အို... မယ်တော်၊ ငါ၏ စိတ်များသည် နှံ့ပါသည်။ ငါသည် ရူးသွပ်သည် မဟုတ်ပါ။ ငါ ပြောသော စကားများသည် အားလုံး မှန်ပါသည်။ မယ်တော် မယုံကြည်တော်မူလျှင် သတို့သား ကိုယ်တိုင်ကိုပင် မေးကြည့်တော်မူပါလော့' လို့ သူ့မယ်တော်ကို လျှောက်ပါသတဲ့။

သည်တော့ မယ်တော်က 'မဟုတ်သဟာတွေ လျှောက်တွေးမနေပါနှင့် သမီးတော်ရယ်၊ ထ ပါ၊ အဝတ်တန်ဆာ လဲပါ။ သမီးတော်ရဲ့ စုလျားရစ်ပတ်ပွဲအတွက်



www.burmeseclassic.com

www.burmeseclassic.com



ကျင်းပတဲ့ ပျော်ပွဲရွှင်ပွဲတွေကို လျှောက်ကြည့်ရအောင်ပါ။ နေပြည်တော် တစ်ခုလုံး သမီးတော်ရဲ့ စုလျားရစ်ပတ်ပွဲအတွက် ဆင်ယင် မွမ်းမံထားသဟာတွေဟာ အင်မတန် ကြည့်ချင်စဖွယ် ရှိပါသည်’ လို့ ပြောပါသတဲ့။ ပြီးတော့ အဲသလို ပြောပြီးသဟာနှင့် တစ်ပြိုင်နက် မင်းသမီးကလေးရဲ့ မယ်တော်က အထိန်းတော် အချီတော်များကို ခေါ်ပြီး သူ့သမီးတော်ကလေးကို အဝတ်တန်ဆာ ကောင်းများ ဝတ်ဆင်ပေးစေပါသတဲ့။ ပြီးတော့ စူလတန် ဘုရင်ကြီးရဲ့ရှေ့တော် ဝင်ပြီး သမီးတော်ကလေးဟာ စုလျားရစ်ပတ်သည့် ညက သွေးလေချောက်ချားပြီး ထိတ်လန့် ကြောက်ရွံ့ဖွယ် အိပ်မက်များ မြင်မက်ပါသည်လို့ လျှောက်ထားပါသတဲ့။ ပြီးတော့ မိဖုရားကြီးက ဆက်ပြီး ‘အဲသဟာကြောင့်မို့ သမီးတော်ကလေးက မင်းတရားကြီး မေးသည်ကို ပြန်မပြောသည့်အတွက် ရွှေစိတ်တော် မဆိုးသင့်ကြောင်းပါ’ လို့ လျှောက်ပါသတဲ့။

ပြီးတော့ မိဖုရားကြီးက သတို့သားကို တိတ်တဆိတ် လူလွတ် ခေါ်ပြီး ‘ငါ့ သမီးတော် ဗဒ္ဒရာဗူဒူ ပြောသည့် စကားတွေဟာ မှန်ရဲ့လား’ လို့ မေးပါသတဲ့။ သည်တော့ သတို့သားက မင်းသမီးကလေးကို လက်လွတ်သွားမှာ ကြောက်သဟာနှင့် ‘မှန်လှပါ၊ ယခု မယ်တော် ပြောသော အကြောင်းများကို သားတော် ဘာမျှ မကြားသိရသေးကြောင်းပါ’ လို့ လျှောက်ပါသတဲ့။ အဲသလို သတို့သားက ပြောလိုက်တော့ မိဖုရားကြီး စိတ်ထဲက “ဟုတ်ပါသည်၊ ငါ့သမီးတော်ဟာ သွေးလေချောက်ချားပြီး ကတောက်ကတက် အိပ်မက်တွေ မက်နေသဟာနှင့် တူပါသည်” လို့ အောက်မေ့ပါသတဲ့။

အဲသည်နေ့မှာ စုလျားရစ်ပတ်ပွဲအတွက် ပျော်ပွဲရွှင်ပွဲတွေဟာလည်း တစ်နေကုန် တစ်နေခန်း သော်သောည်းနေသဟာပါပဲ တဲ့။ သီကြ၊ ဆိုကြ၊ တီးကြ၊ မှုတ်ကြသည့် အသံတွေဟာလည်း နားထောင်လို့၊ ကြည့်ရှုလို့ မငြီးနိုင်အောင် ရှိပါသတဲ့။ မိဖုရားကြီး ရယ်၊ နန်းရင်းဝန်ကြီးရယ်၊ နန်းရင်းဝန်ကြီးရဲ့သား သတို့သားကလည်း မင်းသမီးကလေး စိတ်ပြေလက်ပျောက် ရှိဖို့အတွက် အစွမ်းကုန် ကြိုးစားပြီး ပျော်မှုရွှင်မှုတွေကို စီရင်ပေး ကြပါသတဲ့။ သဟာပေမင့်လည်း မင်းသမီးကလေးက ညတုန်းက သူ ဖြစ်ရပုံကို အမြဲ သတိရပြီး နည်းနည်းကလေးမျှ မပျော်နိုင် မရွှင်နိုင်ပါဘူး တဲ့။ သတို့သားကတော့ စုလျားရစ်ပတ်သည့် ညက အိမ်သာထဲမှာ အိပ်ရလို့ မင်းသမီးကလေးထက် ပိုပြီး စိတ်မချမ်းမသာ ဖြစ်ခဲ့ရပေမင့် မင်းသမီးကလေးကို လက်လွတ်သွားမှာ စိုးသဟာနှင့် ဘာမျှ မဖြစ်ချင်ယောင် ဆောင်ပြီး နေပါသတဲ့။ သူ့အဖို့မှာ ရှင်ဘုရင်ရဲ့ သမက် ဖြစ်ရသည့် ဂုဏ်ကို ရပြီး လူတိုင်းက အားကျစရာ ဖြစ်ရမှာမို့လည်း မင်းသမီးကလေးကို လက်မလွတ် ချင် သဟာပါ တဲ့။ ပြီးတော့ နောက်တစ်ကြောင်းကလည်း မင်းသမီးကလေးကလည်း မြင်သူ ငေးလောက်အောင် လှသည့်အတွက် လက်လွတ်ရမှာကို ကြောက်သဟာပါ တဲ့။





အဲသည်နေ့က အလာဒင်ကလည်း နေပြည်တော်တွင်းမှာ မင်းသမီးကလေးရဲ့ စုလျားရစ်ပတ်ပွဲအတွက် ကျင်းပတဲ့ ပျော်ပွဲရွှင်ပွဲတွေကို လျှောက်ကြည့်ပြီး၊ မြို့သူမြို့သား တွေက နန်းရင်းဝန်ကြီးရဲ့ သားဟာတော့ဖြင့် မင်းသမီးကလေးကို ရပြီး စူလတန် ဘုရင်ကြီးရဲ့ သမက်တော် ဖြစ်ရသဟာဟာ အင်မတန် ကံထူးသဟာပဲလို့ ပြောကြသည့် အသံတွေကို ကြားရတော့ ဟက်ဟက်ပက်ပက် ရယ်သဟာပါပဲတဲ့။ ပြီးတော့ အလာဒင် က သတို့သားကို အားကျနေကြသည့် မြို့သူမြို့သားတွေကို ကြည့်ပြီး “သူတို့ကတော့ သတို့သားကို အားကျကြမှာပေါ့ ကွာ။ ညတုန်းက သူ ဘာဖြစ်သည် ဆိုသဟာမှ မသိကြပဲကိုး” လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ မိုးချုပ်သွားလို့ အိပ်ချိန်ကျတော့ အလာဒင်က သူ့အိပ်ခန်းထဲ ဝင်သွား ပြီး သူ့ဆေးမီးခွက်ကို လက်နှင့် ပွတ်ပါသတဲ့။ အဲသည်လို ပွတ်လိုက်တော့ မီးခွက်စောင့် သရဲက ဖြုန်းခနဲဆို ပေါ်လာပါသတဲ့။ သည်တော့ အလာဒင်က နန်းရင်းဝန်ကြီးရဲ့ သားက မင်းသမီးကလေးရဲ့ အပျိုရည်ကို မသိမ်းပိုက်နိုင်ခင် မင်းသမီးကလေးရော သတို့သားကိုပါ သူ့ဆီကို ယူဆောင်လာရမည်လို့ မီးခွက်စောင့်သရဲကို ခိုင်းလိုက်ပါသတဲ့။ မီးခွက်စောင့် သရဲကလည်း အလာဒင်က အမိန့်ပေးလိုက်သဟာနှင့် တစ်ပြိုင်နက် ချက်ချင်း ပျောက်ကွယ်သွားပြီး ခဏလောက်နေတော့ မင်းသမီးကလေးနှင့် နန်းရင်း ဝန်ကြီးသား နှစ်ယောက် အိပ်နေကြသည့် ညောင်စောင်းကို ထမ်းပြီး ပြန်လာပါသတဲ့။ ပြီးတော့ မီးခွက်စောင့်သရဲက သတို့သားကို ပထမ ညတုန်းကလိုပဲ အိမ်သာထဲမှာ သွားပြီး စန့်စန့်ကြီး သိပ်ထားပါသတဲ့။ ပြီးတော့ အလာဒင်က ညောင်စောင်းပေါ် တက်ပြီး မင်းသမီးကလေးရဲ့ ဘေးနားက ဝင်အိပ်ပါသတဲ့။ သူနှင့် မင်းသမီးကလေးရဲ့ ကြားကိုတော့ သူ့ဓားနှင့် ခြားထားပါသတဲ့။

နံနက်မိုးလင်းတော့ မီးခွက်စောင့်သရဲက ပထမနေ့ကလိုပဲ မင်းသမီးကလေးနှင့် သတို့သားကို မင်းသမီးကလေးရဲ့ အဆောင်တော်ထဲကို ပြန်ပို့လိုက်ပါသတဲ့။ အလာဒင် ကတော့ နန်းရင်းဝန်ကြီးသား ညက အိမ်သာထဲမှာ ဆင်းဆင်းရဲရဲ အိပ်ရသဟာကို တွေးပြီး သဘောကျနေပါသတဲ့။ ပြီးတော့ စူလတန် ဘုရင်ကြီးကလည်း နံနက်လင်းလို့ စက်ရာတော်က နိုးတော့ သူ့သမီးတော် ညက ဘယ်လိုများ နေသလဲ ဆိုသဟာကို သိချင်သဟာနှင့် ကပျာကယာ ဝတ်လဲတော်များ လဲပြီး၊ သမီးတော်ရဲ့ အဆောင်ကို သွားပြီး အဆောင်တော်တံခါးကို ဖွင့်အပေးခိုင်းပါသတဲ့။ အဲသဟာနှင့် သတို့သားက ညောင်စောင်းပေါ်က ကပျာကယာ ထပြီး၊ အဝတ်တန်ဆာ လဲပြီး အဆောင်တော်တံခါး ကို ဖွင့်ပေးပါသတဲ့။ သူ့တစ်ကိုယ်လုံးဟာလည်း ညက အိမ်သာထဲမှာ ချမ်းချမ်းအေးအေး နှင့် အိပ်ရလို့ တုန်နေသဟာပါပဲတဲ့။

စူလတန် ဘုရင်ကြီးက သမီးတော်ရဲ့ အဆောင်တော်ထဲ ရောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



'ငါ့ကို အခုချက်ချင်း ပြောပြရင် ပြောပြ၊ ပြောမပြရင် သင့်ကို အရှင်မထားဘူး'

ကြာခြည်လှပ်ပြီး သမီးတော်ကို ကြည့်ပါသတဲ့။ ပြီးတော့ သမီးတော်ရဲ့ နဖူးကလေးကို နမ်းတော်မူပြီး စုလျားရစ်ပတ်မှု အောင်မြင်သည်၊ မအောင်မြင်သည်ကို မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက မျက်နှာတော်အိုပြီး ဘာမျှ ပြန်မပြောဘဲ စိတ်အင်မတန်ဆိုးပုံနှင့် စူလတန်ဘုရင်ကြီးကို ကြည့်နေပါသတဲ့။ သည်တော့ စူလတန်ဘုရင်ကြီးက သူ့သမီးတော်ကလေးတော့ တစ်စုံတစ်ခုတော့ မနှစ်မြို့ဖွယ်ရာ ဖြစ်ပြီလို့ အောက်မေ့ပြီး လက်ကိုင်တော်ဓားကို ဓားအိမ်ထဲက ဆွဲထုတ်ပြီး 'သင် ဘယ်လိုဖြစ်နေသဟာလဲ။ ငါ့ကို အခုချက်ချင်း ပြောပြရင် ပြောပြ၊ ပြောမပြရင် သင့်ကို ငါ အရှင်





မထားနိုင်ဘူး။ ငါက မေးနေပါလျက် ဘာတစ်ခွန်းမှ ပြန်ပြောဖော် မရသဟာဟာ ငါ့ကို စော်ကားသဟာပင် မဟုတ်လော' လို့ ဆိုပါသတဲ့။

အဲသဟာနှင့် မင်းသမီးကလေးက သူ့ခမည်းတော်က ဓားလွတ်ကိုင်ပြီး သူ့ကို ခုတ်သတ်မည် လုပ်နေသဟာကို တွေ့တော့ သူ့ရဲ့ဖြစ်ရပုံက ထူးဆန်းလို့ ကြောက်နေသည့် အကြောက်ဟာ ပြေသွားပြီး 'သည်းခံတော်မူပါ ခမည်းတော်၊ အလျင်စလို လုပ်တော်မမူပါလင့်။ သမီးတော်ရဲ့ အဖြစ်မှန်ကို ခမည်းတော် သိရလျှင် သမီးတော် အပေါ်မှာ ခမည်းတော် အမျက်တော် ပြေသွားပါလိမ့်မည်။ သဟာ့ကြောင့် ရွှေနားဆင်တော်မူပါ။ လွန်ခဲ့သည့် နှစ်ညက အဖြစ်အပျက်များကို သမီးတော် လျှောက်ထားပါမည်။ သမီးတော်ရဲ့ အဖြစ်မှန်ကို သိတော်မူရလျှင် ခမည်းတော်သည် အပြစ်တော် မတင်ဘဲနှင့် သမီးတော်အပေါ်မှာ သနားကြင်နာခြင်းပင် ဖြစ်၍ လာပါလိမ့်မည်' လို့ စူလတန်ဘုရင်ကြီးကို လျှောက်ပါသတဲ့။

ပြီးတော့ မင်းသမီးကလေးက လွန်ခဲ့သည့် နှစ်ညက ဖြစ်ရပုံတွေကို သူ့ခမည်းတော်ကို အကုန်အစင် ပြောပြပါသတဲ့။ ပြီးတော့မှ တစ်ခါ 'မှန်လှပါ၊ အခု သမီးတော် လျှောက်ထားသည်ကို ယုံတော်မမူပါလျှင် သမီးတော်ရဲ့ သတို့သားကို မေးကြည့်နိုင်ပါသည်။ သမီးတော်ကိုယ်တိုင်တော့ သူ့ကို သမီးတော်ဆီက ဘယ်ကိုခေါ်သွားပြီး ဘယ်လိုထားသည်၊ ဘယ်လိုလုပ်သည်လို့ မပြောတတ်ပါ' လို့ ပြောပါသတဲ့။

အဲသည်လို မင်းသမီးကလေးက ပြောလိုက်တော့ စူလတန်ဘုရင်ကြီးဟာ အကြီးအကျယ် စိတ်မချမ်းမသာ ဖြစ်သွားပြီး မျက်ရည်တွေ ဝိုင်းလာပါသတဲ့။ ပြီးသော့ သူ့လက်ကိုင်ဓားကို ဓားအိမ်ထဲ ပြန်သွင်းလိုက်ပြီး သမီးတော်လေးရဲ့ နဖူးလေးကို နမ်းပါသတဲ့။ ပြီးတော့ 'သည်လို ဖြစ်သဟာကို သမီးတော်က ဘာ့ဇာကြောင့် ခမည်းတော်ကို ပထမညကတည်းက ပြောမပြရသဟာလဲ။ သမီးတော်ကသာ သည်လို ဖြစ်ရင်ဖြစ်ချင်း ပြောပြမည်ဆိုရင် နောက်တစ်ည သည်လို မဖြစ်ရအောင် ခမည်းတော် အစောင့်တော်တွေ ချပေးမှာပေါ့။ အခုလည်း မပူပါနှင့်၊ ညကျရင် သမီးတော်ရဲ့ အဆောင်တော်မှာ ခမည်းတော် အစောင့်အရှောက်များ တိုးပြီး ချထားပေးပါမည်' လို့ သမီးတော်ကို အားပေးစကား ပြောပြီး စူလတန်ဘုရင်ကြီးဟာ ရွှေနန်းတော်ကို ပြန်သွားပါသတဲ့။

ရွှေနန်းတော်ကို ရောက်တော့ စူလတန် ဘုရင်ကြီးက နန်းရင်းဝန်ကြီးကို ခေါ်တော်မူပြီး 'သည်ကိစ္စကို ဘယ်လို လုပ်မလဲ နန်းရင်းဝန်ကြီး၊ သင်လည်း သင့်သားက ပြန်ပြောပြလို့ သိရောပေါ့' လို့ ဆိုပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ ငါ၏သားနှင့် ငါဟာ မနေ့ကရော၊ သည်ကနေ့ပါ မတွေ့ရသေးလို့ ဘာအကြောင်းမျှ မသိရသေးပါဘူး' လို့ ပြောပါသတဲ့။ အဲသဟာနှင့် စူလတန်ဘုရင်ကြီးက သူ့သမီးတော်နှင့် သူ့သမက်လောင်း သတို့သား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရပုံကို ပြောပြပြီး 'အဲသဟာကြောင့် သင့်သားဆီကို သွားပြီး အကျိုးအကြောင်းကို သင် အကုန် သွားစုံစမ်းကြည့်ပါ။ ငါ့သမီးတော်ကတော့ အကြောက်လွန်နေလို့ မှန်သည့် အတိုင်း ပြောတတ်ချင်မှ ပြောတတ်မည်။ သဟာပေမင့် ငါ့သမီးတော် ပြောသမျှ စကား တွေဟာတော့ အမှန်ချည်းပဲလို့ ငါ သဘောတော်ရသည်' လို့ ပြောပါသတဲ့။

အဲသည်တော့ နန်းရင်းဝန်ကြီးက ရှုလတန်ဘုရင်ကြီးရဲ့ ရှေ့တော်မှ ထွက်ခဲ့ပြီး သူ့သားကိုခေါ်ပြီး ရှုလတန်ဘုရင်ကြီးက သူ့ကို ပြောလိုက်သည့် အကြောင်းများဟာ မှန်သလား၊ မမှန်ဘူးလား ဆိုသဟာကို မေးပါသတဲ့။

သည်တော့ သူ့သားက 'အို... အဖေ၊ သမီးတော်လေး ပြောသည့်စကား များဟာ အကုန်လုံး မှန်ပါသည်။ မမှန်သဟာ တစ်လုံးမှ မပါပါဘူး။ ကုန်ခဲ့သည့် ည နှစ်ညဟာ ငါတို့နှစ်ယောက်အဖို့ ပျော်ရွှင်စရာညများ မဟုတ်ပါဘူး။ အင်မတန် စိတ်မချမ်းသာစရာ ညများ ဖြစ်ပါသည်။ ငါ့အဖို့ကတော့ သာပြီး ဆိုးပါသည်။ ငါဟာ မှောင်မည်းနေသည့် အိမ်သာခန်း ကျဉ်းကျဉ်းကလေးထဲမှာ မစင်နံ့ တထောင်းထောင်း ရှူပြီး အိပ်ရပါသည်။ ချမ်းလိုက်သဟာကလည်း ခိုက်ခိုက်တုန်နေသဟာပဲ' လို့ နန်းရင်း ဝန်ကြီးကို ပြောပြပါသတဲ့။ ပြီးတော့ တစ်ခါဆက်ပြီး 'အဲသဟာကြောင့် အဖေက ရှုလတန်ဘုရင်ကြီးဆီ သွားပြီး ငါ့ကို သမီးတော်နှင့် စုလျားရစ်ပတ်ထားခြင်းမှ ကင်းလွတ် ခွင့် ပြုပါရန် တောင်းပန်ပေးပါတော့။ ငါ့အဖို့မှာတော့ ရှုလတန်ဘုရင်ကြီးရဲ့ သမက်တော် ဖြစ်ရမည်ဆိုလျှင် အင်မတန် ဂုဏ်ရှိလိမ့်မည် ဆိုသဟာကတော့ မှန်ပါသည်။ သမီးတော် လေးရဲ့ ကြင်ဖက်တော် ဖြစ်ရသဟာလည်း အင်မတန် ဝမ်းသာစရာ ကောင်းမှာပါပဲ။ သဟာပေမင့် ငါဟာ အိမ်သာထဲမှာ နောက်ထပ် တစ်ညအိပ်ရဦးမည့် ဒဏ်ကိုတော့ ဆက်ပြီး ခံနိုင်စွမ်း ရှိတော့မည် မဟုတ်ပါဘူး' လို့ ပြောပါသတဲ့။

အဲသည်လို သူ့သားက ပြောသဟာကို ကြားလိုက်ရတော့ နန်းရင်းဝန်ကြီး ဟာ အင်မတိ အင်မတန် စိတ်ပူ ညှိုးနွမ်းသွားပါသတဲ့။ အကြောင်းကတော့ သူ့စိတ်ထဲက သူ့သားကို ရှုလတန်ဘုရင်ရဲ့ သမက်တော်ဖြစ်ဖို့ စီစဉ်ထားသည့် အကြံပျက်သွားမှာ စိုးလို့ပါတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးဟာ အကြံအိုက်သွားပါသတဲ့။ နောက်မှတစ်ခါ အကြံရပြီး 'သားရယ်၊ သည်တစ်ညတော့ သည်းခံပြီး စောင့်လိုက်ပါဦး။ အဖေတို့ကလည်း ပထမ နှစ်ညကထက် ပိုပြီး အစောင့်တွေကို ချပေးပါမည်။ ရှင်ဘုရင့်သမက် ဆိုသဟာ ဟာ အင်မတန် ဖြစ်ရခဲပါသည်။ ငါ့သား သာ ကံထူးလွန်းလို့ ဖြစ်ရသဟာပါ။ သဟာ့ ကြောင့် သည်တစ်ညတော့ သည်းခံပြီး စောင့်ကြည့်ပါဦး' လို့ သူ့သားကို အားပေးစကား ပြောပါသတဲ့။ ပြီးတော့ နန်းရင်း ဝန်ကြီးဟာ သူ့သားဆီမှ ပြန်ပြီး ရှုလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ဝင်ပြီး ခစားပါသတဲ့။

ပြီးတော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ သမီးတော်ထံမှ မင်းတရားကြီး





ကြားသိရသည့် စကားများဟာ အကုန်အစင် မှန်ကြောင်းပါ' လို့ လျှောက်ပါသတဲ့။ သည်တော့ ရှုလတန်ဘုရင်ကြီးက 'သဟာဖြင့် စုလျားရစ်ပတ်မှုကို အမြန်ဆုံး ဖျက်သိမ်း ပစ်ရမည်။ အချိန်ကြန့်ကြာနေလို့ မတော်ဘူး' လို့ အမိန့်တော် မှတ်လိုက်ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးက ရှုလတန်ဘုရင်ကြီးရဲ့ အမိန့်အတိုင်း စုလျားရစ်ပတ်မှုကို ဖျက်သိမ်းပြီး ပျော်ပွဲရွှင်ပွဲတွေကိုလည်း အကုန် ရုပ်သိမ်းပစ်လိုက်ရပါသတဲ့။

အဲသလို ပျော်ပွဲရွှင်ပွဲတွေကို ရုပ်သိမ်းပစ်လိုက်တော့ မြို့သူမြို့သားများကလည်း 'ဟယ် ...သမီးတော်ကလေးနှင့် နန်းရင်းဝန်ကြီးရဲ့သားနှင့် စုလျားရစ်ပတ်မှုကလည်း နှစ်ရက်နဲ့ တစ်မွန်းတည့်နှင့်ပဲ ဘယ်လို ဖြစ်သွားရသဟာပါလိမ့်' လို့ ပြောပြီး မတွေး တတ်အောင် ဖြစ်သွားကြပါသတဲ့။ တကယ်ဆိုတော့လည်း သမီးတော်လေးရဲ့ စုလျား ရစ်ပတ်မှု အခုလို ဖြစ်သွားရသည့် အကြောင်းမှန်ကို အလာဒင်တစ်ယောက်က လွဲလို့ ဘယ်သူမှ မသိကြပါဘူးတဲ့။ အဲသည်လို မြို့သူ မြို့သားတွေက မတွေးတတ်နိုင်အောင် ဖြစ်နေတုန်းအချိန်မှာ အလာဒင်ကတော့ သူ့အိမ်ကနေပြီး ကျိတ်ရယ်နေပါသတဲ့။ ပြီးတော့ အဲသလို သမီးတော်လေးရဲ့ စုလျားရစ်ပတ်မှုကို ဖျက်သိမ်းပစ်လိုက်ရပေမင့် ရှုလတန်ကြီး စိတ်ထဲမှာ သူ့သမီးတော်ကို အလာဒင်နှင့် စုလျားရစ်ပတ်ပေးဖို့ အလာဒင်ရဲ့ အမေကို သူ ကတိပေးလိုက်ဖူးသဟာကို ပြန်ပြီး သတိမရပါဘူးတဲ့။ ရှုလတန် ဘုရင်ကြီးသာ မကပါဘူး၊ နန်းရင်းဝန်ကြီးကလည်း သည်အကြောင်းကို ပြန်ပြီး သတိမရပါဘူး တဲ့။

အဲသဟာနှင့် အလာဒင်က ရှုလတန်ဘုရင်ကြီးက ကတိတော် ပေးထားသည့် သုံးလစေ့အောင် အောင့်အည်းသည်းခံပြီး စောင့်နေပါသတဲ့။ ရှုလတန် ဘုရင်ကြီး ပေးထားတော်မူသည့် သုံးလပြည့်သည် ဆိုဆိုချင်း အလာဒင်က သူ့ အမေကို ရှုလတန် ဘုရင်ကြီးဆီကို လွှတ်လိုက်ပါသတဲ့။ အဲသဟာနှင့် ရှုလတန် ဘုရင်ကြီးက ညီလာခံ သဘင်မှာ အလာဒင်ရဲ့ အမေကို မြင်တော့မှ သူ ပေးထားခဲ့သည့် ကတိတော်ကို ပြန်ပြီး သတိရပြီး နန်းရင်းဝန်ကြီးကို 'သည်မှာ နန်းရင်းဝန်ကြီး၊ ဟိုအမယ်အိုကို ငါ့ရှေ့တော်ကို သွင်းခဲ့ရမည်' လို့ အလာဒင်ရဲ့ အမေကို လက်ညှိုးထိုးပြပြီး ပြောပါသတဲ့။ အလာဒင့် အမေကလည်း ရှုလတန်ဘုရင်ကြီးရဲ့ ရှေ့တော် ရောက်သွားတော့ 'မှန်လှပါ၊ ကျန်းမာ ချမ်းသာတော်မူ၍ ရွှေဘုန်းတော် တိုးစေကြောင်း ဆုတောင်းလျက် ရှိကြောင်းပါ' လို့ လျှောက်ပါသတဲ့။

သည်တော့ ရှုလတန်ဘုရင်ကြီးက 'မယ်မင်း ဘာများ အလိုရှိသလဲ၊ အလိုရှိရာ လျှောက်ခဲ့စေ' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် အလာဒင့်အမေက 'မှန်လှပါ၊ မင်းတရားကြီး ကတိတော် ပေးထားသည့် သုံးလအချိန်ဟာ စေ့ရောက်ပါပြီ။ သို့ဖြစ်ပါ၍ မင်းတရား ကြီး၏ သမီးတော် ဗဒ္ဒရာဗူဒူကို ငါ့သား အလာဒင်နှင့် စုလျားရစ်ပတ် ပေးတော်မူပါ မည့် အကြောင်း' လို့ ပြောပါသတဲ့။ သည်တော့ ရှုလတန်ဘုရင်ကြီးက အလာဒင့်အမေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကြည့်ရသဟာ စုတ်စုတ်ပြတ်ပြတ် ဖြစ်နေတော့ သူ့သမီးတော်နှင့် အလာဒင်ကို စုလျားရစ်ပတ် ပေးတော်မူချင်သည့်စိတ် မရှိပါဘူးတဲ့။ သဟာပေမင့် အလာဒင့်အမေက သူ့ကို ဆက်သထားသည့် ကျောက်မျက် ရတနာတွေကတော့လည်း အဖိုးထိုက်တန် လွန်းသည့်အတွက် တန်ဖိုးကို ပြေလည်အောင် ပေးဆပ်ဖို့ မဖြစ်နိုင်သဟာကိုလည်း စဉ်းစားတော်မူမိပါ သတဲ့။

အဲသဟာနှင့် စူလတန်ဘုရင်ကြီးက နန်းရင်းဝန်ကြီးဘက်သို့ လှည့်ပြီး 'ကိုင်း... ဘယ်လို အကြံပေးမလဲ နန်းရင်းဝန်ကြီး၊ ငါ ကတိပေးလိုက်သဟာလည်း အမှန်ပဲ။ သဟာပေမင့် သူတို့က ဆင်းရဲနွမ်းပါးသည့်ထဲက ဖြစ်သည်။ ဂုဏ်ရှိသည့် အထဲက မဟုတ်ဘူး' လို့ အကြံတောင်းပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးကလည်း သူ့သားရဲ့ ဖြစ်ပုံအတွက် ဝမ်းနည်းပက်လက်ဖြစ်ပြီး မခံနိုင်စိတ်ကလည်း အင်မတန် ပြင်းထန် နေသဟာနှင့် "သမီးတော်ကလေးသာ ငါ့သား လက်ထဲက လွတ်သွားပြီး သည်ဆင်းရဲ သူမ သားရဲ့ လက်ထဲ ရောက်သွားရမည် ဆိုလို့တော့ မဖြစ်ဘူး" လို့ အောက်မေ့ပါသတဲ့။ အဲသဟာနှင့် နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ သည်ဆင်းရဲသူမရဲ့သား ဆိုသဟာက မင်းတရားကြီးရဲ့ သမီးတော်နှင့် တန်သဟာ မဟုတ်သည့်အတွက် မင်းတရားကြီးရဲ့ ကတိတော်ကို ရုပ်သိမ်းဖို့ မခဲယဉ်းကြောင်းပါ။ ပြီးတော့လည်း သည်ဆင်းရဲသူမရဲ့ သားဟာက ဘယ်လို အစားထဲက ဆိုသဟာကိုလည်း သိရသဟာ မဟုတ်ပါဘူး' လို့ သူနှင့် စူလတန်ကြီး ကြားလောက်ရုံ တိုးတိုးတိတ်တိတ် ပြောပါသတဲ့။

သည်တော့ စူလတန်ကြီးက 'သည်တော့ကာ ဘယ်လိုလုပ်ပြီး ငါ့ကတိကို ဖျက်ရမလဲ။ မင်းဆိုသဟာက စကားတည်ရမည် မဟုတ်လား' လို့ နန်းရင်းဝန်ကြီး ကို မေးပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'မင်းတရားကြီးလည်း စကား ပျက်ရာ မကျအောင် သည်လို လုပ်နိုင်ပါသည်။ သည် ဆင်းရဲသူမရဲ့ သားဆီက မင်းတရားကြီးက ယခင်က မင်းတရားကြီးကို ဆက်သပြီး ကျောက်သံပတ္တမြားမျိုး အပြည့်ထည့်ထားသည့် ရွှေစင်လင်ပန်းကြီး လေးဆယ်ကို အသားဖြူ ကျွန်မပျို လေးဆယ်ကို ရွက်စေပြီး မင်းတရားကြီးထံ ဆက်လာစေရမည်။ ပြီးတော့ ကျွန်မပျို လေးဆယ်နောက်က ကျွန်မည်း သင်းကွပ်လေးဆယ်က ခြံရံပြီး လိုက်စေရမည်လို့ အမိန့်တော် မှတ်လိုက်လျှင် ပြီးနိုင် ပါသည်' လို့ အကြံပေးပါသတဲ့။

သည်တော့ စူလတန်ကြီးက ရွှေဘောတော် ခွေ့သွားပြီး 'အို... နန်းရင်း ဝန်ကြီး၊ သင်သည် ပညာကြီးပေစွ၊ သင်၏ အကြံသည် လျောက်ပတ်လှပေသည်။ သင် အကြံပေးသည့်အတိုင်းဆိုလျှင် ဒင်းတို့သည် ဘယ်နည်းနှင့်မျှ ငါ အလိုတော် ရှိသည့် ရွှေလင်ပန်းလေးဆယ်နှင့် ကျောက်သံပတ္တမြားတို့ကို ဆက်သနိုင်မည် မဟုတ်သဖြင့် ငါသည် ငါ၏ကတိမှ ကင်းလွတ်ခွင့် ရပေတော့မည်' လို့ ဆိုပါသတဲ့။





ပြီးတော့ စူလတန်ကြီးက အားရဝမ်းသာနှင့် 'အို... ဆင်းရဲသူမ၊ ငါသည် ပြောပြီး စကားတစ်လုံးကို ဖျက်တတ်သူ မဟုတ်၊ ငါ ပြောပြီးသည့်အတိုင်း ငါ၏ သမီးတော်ကို သင်၏ သားနှင့် စုလျားရစ်ပတ်၍ ပေးပါအံ့။ သို့ရာတွင် ငါတို့မှာ ဘုန်းရှင် ကံရှင် ဖြစ်သဖြင့် သင်၏ သားသည် ငါ၏ သမီးတော်နှင့် ထိုက်တန်သော လက်ဆောင် တော်များကို ယူဆောင်၍ လာနိုင်ရပေလိမ့်မည်။ ငါသည် ငါ့သမီးတော် သုံးစွဲရန် အလို့ငှာ သင့်သားထံမှ ငါ့ကို ဆက်ပြီးသား ကျောက်သံပတ္တမြားမျိုး အပြည့်အမောက် ထည့်ထားသည့် ရွှေစင်လင်ပန်းကြီး လေးဆယ်ကို အလိုတော် ရှိသည်။ အဲသည် ရွှေစင် လင်ပန်းကြီး လေးဆယ်ကိုလည်း အသားဖြူ ကျွန်မပျို လေးဆယ်က ရွက်ဆောင်၍ လာခဲ့ရမည်။ ထိုကျွန်မပျိုလေးဆယ် နောက်ကလည်း ကျွန်မည်း သင်းကွပ်လေးဆယ်က ခြံရံ၍ လိုက်စေရမည်။ အဲသလို ငါ အလိုတော် ရှိသလို လက်ဆောင်တော်များကို ဆက်နိုင် သည် ဖြစ်မူ ငါသည် ငါ ပေးထားသော ကတိတော်အတိုင်း သင့်သားအား ငါ၏ သမီးတော် ဗဒ္ဒရာဗူဒူနှင့် စုလျားရစ်ပတ်၍ ပေးတော်မူမည်' လို့ မိန့်တော်မူပါသတဲ့။

အဲသည်လို စူလတန်ကြီးက အမိန့်တော် မှတ်လိုက်တော့ အလာဒင့်အမေက စိတ်လေးလေးနှင့် ခေါင်းခါပြီး သူ့အိမ်ကို ပြန်လာပါသတဲ့။ လမ်းမှာလည်း သူ့စိတ်ထဲက "ငါ့သားဟာ သည်ကျောက်သံ ပတ္တမြားတွေနှင့် ရွှေလင်ပန်းကြီး လေးဆယ်ကို ဘယ်က သွားရနိုင်ပါ့မလဲ၊ ဘယ်လိုနည်းနှင့်မျှ ရနိုင်မည် မဟုတ်ပါဘူး။ တကယ်လို့ မြေတွင်း သိုက်ကြီးထဲက သွားယူလို့ ကျောက်သံ ပတ္တမြားတွေနှင့် ရွှေလင်ပန်းကြီးလေးဆယ်ကို ရနိုင်သည်ပဲ ထားပါဦး၊ ကျွန်မပျို လေးဆယ်နှင့် ကျွန်မည်းလေးဆယ်ကို ဘယ်က ရနိုင်မလဲ" လို့ တွေးပြီး ပူလာပါသတဲ့။ အဲသဟာနှင့် သူ့အိမ်ကို ပြန်ရောက်တော့ အလာဒင်ကလည်း သူ လာသဟာကို အဆင်သင့် စောင့်နေသဟာနှင့် 'အဲသဟာကြောင့် အမေ ပြောသည်မဟုတ်လား သားရဲ့၊ ငါ့သားဟာ ဘယ်နည်းနှင့်မျှ သမီးတော် ဗဒ္ဒရာ ဗူဒူနှင့် ပေါင်းရလမ်း မရှိပါဘူးလို့။ တကယ်ဆိုတော့ ရှင်ဘုရင့် သမီးတော် ဆိုသဟာ မျိုးက ငါ့သားတို့လို ဆင်းရဲသားနှင့် တန်သဟာ မဟုတ်ပါဘူး' လို့ စိတ်ပျက်လက်ပျက် ပြောပါသတဲ့။

သည်တော့ အလာဒင်က 'စူလတန်ကြီးက ဘယ်လို ပြောလိုက်သလဲ ဆိုသဟာပဲ ငါ့ကို ပြန်ပြောစမ်းပါ အမေရဲ့၊ သည့်ပြင်ဟာတွေ ရှည်မနေပါနှင့်' လို့ သူ့အမေကို ပြောပါသတဲ့။ သည်တော့ သူ့အဇမက 'အို... သားရယ်၊ စူလတန်ကြီးကတော့ ထုံးစံအတိုင်းပဲ အမေ့ကို ဖော်ဖော်ရွေရွေနှင့် လက်ခံစကား ပြောပြီးတော့ အမေတို့ အပေါ်မှာလည်း မိတ်လိုဆွေလို သဘောထားပုံ ရပါသည်။ သဟာပေမင့် ဟိုသေမင်းငင် နန်းရင်းဝန်ကောင်ကြီးက ငါ့သားကို ရန်လုပ်နေပါသည်။ အမေက စူလတန်ကြီးကို "မှန်လှပါ၊ မင်းတရားကြီး သတ်မှတ်ပေးတော်မူသည့် သုံးလတာ အချိန်ဟာ ပြီးသွား



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ သမီးတော် ဗဒ္ဒရာဗူဒူကို ငါ့သားနှင့် စုလျားရစ်ပတ် ပေးတော်မူပါတော့” လို့ ပြောလိုက်တော့ စူလတန်ဘုရင်ကြီးက နန်းရင်းဝန်ကြီးဘက်သို့ လှည့်ပြီး တိုင်ပင်တော့ သဟာပါပဲ။ သည်တော့ နန်းရင်းဝန်ကြီးက စူလတန်ဘုရင်ကြီးကို တိုးတိုး တိုးတိုးနှင့် ဘယ်လိုလျှောက်လိုက်သည် မသိဘူး။ အမေ့ကို အခု ပြောသလိုပဲ ပြောလိုက်သဟာပါပဲ သားရယ်’ လို့ ပြောပြီး စူလတန်ဘုရင်ကြီးက မိန့်တော်မူလိုက်သမျှကို အလာဒင့်ကို အစုံအစေ့ ပြန်ပြောပါသတဲ့။

ပြီးတော့မှ အလာဒင့်အမေက အလာဒင်ကို စူလတန် ဘုရင်ကြီးက ကျောက်မျက် ရတနာ အပြည့်ထည့်ထားသော ရွှေစင်လင်ပန်းကြီး လေးဆယ်၊ ကျွန်မပျို လေးဆယ်နှင့် ကျွန်မည်းသင်းကွပ် လေးဆယ်ကို ဆက်သလှည့်ရမည်လို့ အမိန့်တော်ရှိလိုက်သည့် အကြောင်းများကို ပြောပြပါသတဲ့။ ပြီးတော့ အလာဒင့်အမေက ဆက်ပြီး ‘အဲသည် လက်ဆောင်တော်များကိုလည်း မဆိုင်းမတွ ဆက်သလှည့်ရမည်လို့ ဆိုတော်မူလိုပုံ ရပါသည် သား။ အမေ့ အထင်တော့ အမေတို့ဘက်က စူလတန် ဘုရင်ကြီး အလိုတော်ရှိသည့် လက်ဆောင်တော်များကို ဆက်သနိုင်လိမ့်မည်လို့ မထင်ပါဘူး’ လို့ ပြောပါသတဲ့။

အဲသည်လို သူ့အမေက ပြောလိုက်တော့ အလာဒင်က ရယ်ပြီး ‘အမေ့ အထင်က ငါတို့ဟာ ဘယ်နည်းနှင့်မှ စူလတန်ဘုရင်ကြီး အလိုတော်ရှိသည့် လက်ဆောင်တော်များကို ဆက်နိုင်မှာ မဟုတ်ဘူး။ သည်ကိစ္စဟာ အင်မတိ အင်မတန် ဖြစ်နိုင်ဖို့ ခက်သည် ဆိုပါတော့ အမေရာ။ သဟာပေမင့် အမေရာ၊ အမေ ဘာမှ မပူပါနှင့်။ စိတ် အေးအေး ကလေးထားပြီး ငါ့ကိုသာ ထမင်းစားဖို့ လုပ်ပေးစမ်းပါ။ ထမင်းစားပြီးတော့မှ အလာဟုအရှင်ရဲ့ အလိုတော်အရ စူလတန်ကြီးထံ ငါက ဘယ်လို ပြန်ကြားမည် ဆိုသဟာကို ငါ ပြောပြပါမည်။ စူလတန်ကြီးလည်းပဲ အခု အမေ ထင်သလိုပဲ သူ တောင်းသည့် လက်ဆောင်ကို ငါက ပေးနိုင်မှာ မဟုတ်ဘူးလို့ ထင်နေမှာပါပဲ။ သဟာပေမင့် တကယ်ဆိုတော့ စူလတန်ဘုရင်ကြီး တောင်းသည့် လက်ဆောင်ဟာ ငါ ထင်သဟာထက်တောင် အများကြီး နည်းနေပါသေးသည်။ အဲသည်တော့ အမေက သည်အတွက် ဘာမှ ပူမနေပါနှင့်၊ ငါ့တာဝန် ထားပါ။ စူလတန်ကြီးထံ ငါ လျှောက်ပတ်အောင် ပြန်ကြားပါမည်။ အခု ချက်ချင်းအဖို့တော့ အမေက ဈေးတန်းထဲ သွားပြီး ချက်စရာ ပြုတ်စရာတွေကို သွားဝယ်ချေပါ’ လို့ ပြောပါသတဲ့။

အဲသဟာနှင့် အလာဒင့်အမေက ချက်စရာ ပြုတ်စရာ ဝယ်ရန် ဈေးတန်းဘက်ကို ထွက်သွားပါသတဲ့။ သည်တော့မှ အလာဒင်က သူ့အခန်းထဲ သူ ဝင်ပြီး ဆေးမီးခွက်ကို လက်နှင့် ပွတ်ပါသတဲ့။ အဲသလို ပွတ်လည်း ပွတ်လိုက်ရော မီးခွက်စောင့်သရဲဟာ ချက်ချင်း ပေါ်လာပြီး ‘အရှင် . . . ဘာကို အလိုရှိသည်ကို ငါ့အား ပြောပါလော့’ လို့





ဆိုပါသတဲ့။ သည်တော့ အလာဒင်က ‘သည်မှာ တပည့်ကြီး၊ စူလတန်ရဲ့ သမီးတော်ကို ငါနှင့် စုလျားရစ်ပတ်ပေးဖို့ ငါက သွားတောင်းသည်။ သည်တော့ စူလတန်ကြီးက သူ့သမီးတော်ကို လိုချင်ရင် ရွှေလင်ပန်းကြီး လေးဆယ်နှင့် ကျောက်မျက်ရတနာ အပြည့်ထည့်ပြီး သူ့ဆီကို ကျွန်မပျို လေးဆယ်နှင့် ရွက်ပြီး ပို့လာစေရမည်။ ကျွန်မပျို လေးဆယ်ကို ကျွန်မည်းသင်းကွပ် လေးဆယ်က စောင့်ကြပ်ပြီး လိုက်ခဲ့စေရမည်လို့ အမိန့်ပေးလိုက်သည်။ အဲသဟာကြောင့် ကျောက်မျက်ရတနာ အပြည့်ထည့်ထားသည့် ရွှေလင်ပန်း လေးဆယ်ရယ်၊ ကျွန်မပျို လေးဆယ်ရယ်၊ ကျွန်မည်းသင်းကွပ် လေးဆယ်ရယ်၊ ငါ လိုချင်သည်’ လို့ ပြောပါသတဲ့။

အဲသည်လို ပြောလိုက်တော့ မီးခွက်စောင့်သရဲဟာ ပျောက်ကွယ်သွားပြီး တစ်နာရီလောက်နေတော့ အလာဒင် အလိုရှိသဟာတွေ အကုန် ဆောင်ကြဉ်းပြီး ပြန်လာပါသတဲ့။ သရဲက အလာဒင့်ရှေ့ ရောက်တော့ ‘အရှင် အလိုရှိသဟာများကို ငါ အကုန် အစင် ဆောင်ကြဉ်းလာပါပြီ၊ သည်ဟာများအပြင် နောက်ထပ် အလိုရှိသဟာများ ရှိသေးလျှင်လည်း ငါ့ကို ပြောပါဦး၊ ငါ ဆောင်ကြဉ်းပေးပါဦးမည်’ လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က ‘နောက်ထပ် ငါ ဘာမှ မလိုချင် သေးဘူး၊ လိုချင်သဟာရှိတော့ သင့်ကို ငါ ခေါ်ပြီး ပြောမည်။ အခု သင် ပြန်နိုင်ပြီ’ လို့ ပြောပါသတဲ့။ သည်တော့ သရဲက အလာဒင်ကို ဆလံပေးပြီး ပျောက်ကွယ်သွားပါသတဲ့။

အဲသည်လို သရဲကြီး ပျောက်ကွယ်သွားပြီးလို့ ခဏနေတော့ အလာဒင့် အမေကလည်း ဈေးတန်းထဲက ချက်စရာ ပြုတ်စရာများ ဝယ်ပြီး ပြန်ရောက်လာပါသတဲ့။ အဲသဟာနှင့် အိမ်ထဲကို ကြည့်လိုက်တော့ အိမ်ထဲမှာ အသားဖြူ ကျွန်မပျိုက လေးဆယ်၊ အသားမည်း ကျွန်သင်းကွပ်က လေးဆယ်၊ ကျောက်သံပတ္တမြား အပြည့်အမောက် ထည့်ထားသည့် ရွှေစင်လင်ပန်းကြီးက လေးဆယ်ကို တွေ့ရပါသတဲ့။

သည်တော့ အလာဒင့် အမေက ‘သည်ဟာတွေ အားလုံးဟာ ဆေးမီးခွက် တန်ခိုးပဲ မဟုတ်လား ငါ့သား’ လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က ဘာမျှ ပြန်မပြောဘဲ ပြုံးပြီး ‘ကိုင်း . . . အမေ၊ မောသည်လည်း မအောက်မေ့နှင့်၊ စူလတန် ဘုရင်ကြီး ရှေ့တော်ကို တစ်ခါတည်း ဆက်သွားပေတော့။ သူ လိုချင်သဟာတွေကို သွားပြီး ဆက်လိုက်ပါ။ နောက်ထပ် လိုချင်သေးရင်လည်း အများကြီး ရှိဦးမည်လို့လည်း ပြောလိုက်ပါ။ အမေ မြန်မြန်သွားပါ၊ တော်တော်ကြာရင် အနောက်ဆောင်ကို ဝင်သွားလို့ သည်နေ့ စူလတန်ကြီးနှင့် မတွေ့လိုက်ရဘဲ နေပါဦးမည်။ စူလတန်ကြီးနှင့် နန်းရင်းဝန်ကြီးတို့က သူတို့ လိုချင်သဟာတွေကို ငါက ဆက်သနိုင်မှာ မဟုတ်ဘူးလို့ ထင်နေကြသဟာ။ ငါ့အကြောင်းကို သိအောင် သည်ဟာတွေကို မြန်မြန်သွားပြီး ဆက်လိုက်စမ်းပါ’ လို့ ပြောပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသလိုလည်း ပြောပြီးရော အလာဒင်က ထိုင်ရာက ထတဲ့ပြီး တံခါးပေါက်ကို ဖွင့်လိုက်ပါသတဲ့။ သည်တော့ ကျွန်မပျို လေးဆယ်က ကျောက်သံပတ္တမြား ပန်းကြီး တစ်ခုစီ ရွက်ပြီး၊ နှစ်ယောက်စီ စဉ်ပြီး ထွက်လာကြပါသတဲ့။ သူတို့ရဲ့ ဘေးတစ်ဖက် တစ်ချက်ကတော့ ကျွန်မည်းသင်းကွပ်ကြီးတွေက ကျွန်မပျိုတစ်ယောက်ကို တစ်ယောက် စီ စောင့်ပြီး လိုက်ကြပါသတဲ့။ အလာဒင့်အမေ ကတော့ ရှေ့ဆုံးကနေပြီး လိုက်ပါသတဲ့။ ကျွန်မပျို လေးဆယ်ကလည်း ရွှေအတိ ပြီးသည့် အဝတ်တန်ဆာများကို ဝတ်ဆင်ထား ကြပါသတဲ့။ သူတို့ တစ်ယောက် တစ်ယောက် ဝတ်ဆင်ထားသည့် တန်ဆာပလာ များကလည်း ရွှေစ တစ်ထောင်စီ တစ်ထောင်စီလောက် တန်ပါသတဲ့။ အရွယ်ကလည်း ညီ၊ ချောကလည်း ချောသဟာနှင့် ရပ်ထဲရွာထဲက လူများကလည်း ဝိုင်းပြီး ရင်သပ်ရှုမော ကြည့်ကြပါသတဲ့။ ရပ်သူရွာသားတွေက ကျွန်မပျို လေးဆယ်ကိုသာ ကြည့်ပြီး အံ့သြကြ သဟာ မဟုတ်ပါဘူးတဲ့။ သူတို့ ရွက်လာကြသည့် ရွှေလင်ပန်းကြီးတွေကိုလည်း ကြည့်ပြီ အံ့သြကြပါသတဲ့။ ရွှေလင်ပန်းကြီးတွေဟာ အပေါ်က ရွှေဖျင်ငွေဖျင်တွေနှင့် အုပ်ထား ပေမင့်လည်း ကျောက်မျက်ရတနာတွေက အရောင်တောက်လွန်းလို့ နေရောင်ဟာတောင် မှိန်သွားပါသတဲ့။

အဲသဟာနှင့် အလာဒင် အမေက နန်းတော်ထဲ ရောက်သွားတော့ နန်းတော် တွင်းရှိ မှူးကြီးမတ်ရာ သေနာပတိ စစ်ဗိုလ်စစ်မှူးများကလည်း ရင်သပ်ရှုမော ဝိုင်းပြီး ကြည့်ကြပါသတဲ့။ ကျွန်မပျို လေးဆယ်ကလည်း ချောလိုက် လှလိုက် သဟာဟာ ရိုးရိုးလူများကို မဆိုထားနှင့်၊ တောပျော် ရသေ့များတောင် မိန်းမောကွေ့ဝေ သွားလောက် အောင် ပါပဲတဲ့။ ပြီးတော့ ရွှေလင်ပန်းကြီးတွေထဲက ကျောက်သံပတ္တမြားတွေကလည်း အရောင် တောက်လွန်းလို့ မျက်စိကို တစ်ခုခုနှင့် ဖုံးကွယ်မကြည့်ဘဲနှင့် မကြည့်နိုင်ပါဘူး တဲ့။

အဲသဟာနှင့် နန်းတော်တစ်ခုလုံး အုန်းအုန်းကျွက်ကျွက် ဖြစ်သွားတော့ စူလတန် ကြီးက ကြားသဟာနှင့် အလာဒင့်အမေနှင့် လက်ဆောင်တော်ရွက် ကျွန်မပျိုများကို သူ့ရှေ့တော်ကို ချက်ချင်း သွင်းခဲ့ရမည်လို့ အမိန့်တော် မှတ်ပါသတဲ့။ စူလတန်ကြီးရဲ့ ရှေ့တော်ကို ရောက်သွားတော့ ကျွန်မပျိုလေးဆယ်က ရွှေလင်ပန်းကြီးများကို ခေါင်းပေါ် က ချပြီး စူလတန်ဘုရင်ကြီးရဲ့ ခြေရင်းတော်မှာ ချထားပါသတဲ့။ ပြီးတော့ စူလတန် ဘုရင်ကြီး ဘုန်းတော်ကြီးလို့ သက်တော်ရှည်ပါစေလို့ ဆုတောင်းကြပါသတဲ့။ ကျွန်မပျို လေးဆယ်က ချောလှ၊ လှလှ သဟာနှင့် စူလတန် ဘုရင်ကြီးဟာ မိန်းမောတွေဝေသွားပြီး စကားတစ်ခွန်းမျှ မပြောနိုင်ဘဲ ဖြစ်သွားပါသတဲ့။ ပြီးတော့ သည်လောက်တောင် များသည့် ကျောက်သံပတ္တမြားတွေနှင့် ရွှေလင်ပန်းကြီးတွေကို တစ်ခဏချင်းနှင့် ရအောင် ရှာနိုင်သည့် အတွက်လည်း စူလတန်ဘုရင်ကြီးဟာ အအံ့သြကြီး အံ့သြသွားပါသတဲ့။ ပြီးတော့ ခဏနေလို့ စူလတန်ကြီးဟာ အံ့သြ တွေဝေနေရာက သတိရလာတော့





ကျွန်မပျို လေးဆယ်က ရွှေလင်ပန်းကြီးများကို ခေါင်းပေါ်က ချပြီး စူလတန် ဘုရင်ကြီးရှေ့မှာ ခစားကြပါသတဲ့။

အလာဒင့် အမေ၊ ကျွန်မပျိုနှင့် အခြံအရံ သင်းကွပ်လေးဆယ်ကို ရှေ့တော်တိုး ခစားဖို့ အမိန့်ပေးလိုက်ပါသတဲ့။

သည်တော့မှ အလာဒင့်အမေက 'မှန်လှပါ၊ သမီးတော် ဗဒ္ဒရာဗူဒူဟာ ယခု ယူလာသော လက်ဆောင်တော်များထက် အဆပေါင်းများစွာ ကြီးမားသော လက်ဆောင် တော်များနှင့် ထိုက်တန်သသူ ဖြစ်ပါကြောင်း' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန် ကြီးက နန်းရင်းဝန်ကြီးဘက်ကို လှည့်ပြီး 'ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီး၊ သည်မျှ အဖိုးထိုက်တန်သော လက်ဆောင်တော်များကို သည်မျှ တိုတောင်းသော အချိန်အတွင်း၌ ရှာ၍ ဆက်နိုင်သော ယောကျာ်းကို ငါ့သမီးတော်ကို သိမ်းပိုက်ပြီး စူလတန်၏ သမက် တော် မဖြစ်ထိုက်ဘူးလို့ ဆိုနိုင်ပါ့မလား' လို့ မေးတော်မူပါသတဲ့။

အဲသည်အခါမှာ နန်းရင်းဝန်ကြီးက စူလတန်ကြီးထက်ပင် အံ့သြတွေဝေခြင်း ဖြစ်နေသော်လည်း အလာဒင် အပေါ်မှာ မနာလို ဝန်တိုစိတ် အားကြီးနေသဟာနှင့် 'သည်သူဟာ သမက်တော် မဖြစ်ထိုက်ဘူးလို့ ဆိုနိုင်ကြောင်းပါ' လို့ ဇွတ်မှိတ်ပြီး လျှောက် တင်ပါသတဲ့။ ပြီးတော့ 'မှန်လှပါ၊ ဘုန်းတော်ကြောင့် တစ်လောကလုံးမှာ ရှိသည့် ရွှေငွေ ရတနာတွေ အကုန်လုံးဟာ မင်းတရားကြီး သမီးတော်ရဲ့ လက်သည်းခွံ တစ်ခု လောက်မျှ အဖိုးမတန်ကြောင်းပါ။ မင်းတရားကြီးသည် သည်ရွှေငွေ ရတနာများကို သမီးတော်ထက် အဖိုးထိုက်တန်သည်လို့ ထင်မှတ်တော်မူနေခြင်းဟာ မှားကြောင်းပါ' လို့ ဆက်ပြီး လျှောက်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သည်တော့ ဓူလတန်ကြီးက နန်းရင်းဝန်ကြီးဟာ မနာလို ဝန်တိုစိတ် အားကြီးနေကြောင်းကို သိတော်မူသဟာနှင့် အလာဒင့် အမေဘက်ကို လှည့်ပြီး 'အို… အမျိုးကောင်းသမီး၊ သင်သည် ယခုပင် သင့်သားဆီသို့ ပြန်၍ ငါသည် သင့်သားပို့ဆက်လိုက်သော လက်ဆောင်တော်များကို ခံယူ၍ ငါ ကတိပြုတော်မူသည့်အတိုင်း သင့်သားကို ငါ့သမီးတော်နှင့် စုလျားရစ်ပတ် ပေးတော်မူပြီးလျှင် သမက်တော်အရာ၌ ထားတော်မူမည်။ ငါသည် သင့်သားကို ရှုမြင်တော်မူလိုသဖြင့် သင့်သားကို ငါ့ရှေ့တော်သို့ ချက်ချင်း ဝင်၍ ခစားရမည်လို့ ပြောလိုက်ရမည်။ ငါသည် သင့်သားအား တစ်စုံတစ်ရာသော ဆားရန်ကို မပြုဘဲ အစွမ်းကုန် စောင့်ရှောက် ချီးမြှင့်တော်မူမည်။ သင့်သားအား နှောင့်နှေး ကြန့်ကြာ၍ မနေစေဘဲ ငါ့ရှေ့တော်သို့ အလျင်မြန်ဆုံး ဝင်၍ ခစားဖို့သာ ပြောလိုက်ပေတော့' လို့ မိန့်တော်မူပါသတဲ့။

အဲသည်လို ဓူလတန်ကြီးက မိန့်တော်မူလိုက်တော့ အလာဒင့် အမေဟာ ဓူလတန်ကြီးနှင့် ခမည်းခမက် တော်ရတော့မှာပဲ ဆိုပြီး ဝမ်းသာလွန်းလို့ အလာဒင့်ဆီကို လေမုန်တိုင်းလောက် လျင်မြန်သည့်အရှိန်နှင့် တစ်ခါတည်း ပြန်လာခဲ့ပါသတဲ့။ အဲသည်လို အလာဒင့်အမေ ပြန်သွားတော့ ဓူလတန်ကြီးက ညီလာခံကို တစ်ခါတည်း ရုပ်သိမ်းပြီး အလာဒင့်ဆီက ပို့လိုက်သည့် လက်ဆောင်တော်တွေကို ယူသွားပြီး သမီးတော်ကို သွားပြပါသတဲ့။ သမီးတော်ကလည်း ကျောက်သံ ပတ္တမြားတွေ အပြည့်အမောက် ထည့်ထားသည့် ရွှေစင်လင်ပန်း လေးဆယ်ကို မြင်လိုက်တော့ သဟာလောက်တောင် အဖိုးထိုက်တန်သည့် ကျောက်မျက်ရတနာတွေကို မမြင်ဖူးသဟာနှင့် အံ့အားသင့်ပြီး ကြက်သေ သေသွားပါသတဲ့။ ပြီးတော့ ကျွန်မပျိုလေးဆယ်ရဲ့ ပြေပြစ် တင့်တယ်ခြင်းကို မြင်ရပြန်တော့လည်း အံ့သြခြင်းမက အံ့သြသွားပြန်ပါသတဲ့။ ပြီးတော့ သည်လက်ဆောင်တော်တွေဟာ သူနှင့် စုလျားရစ်ပတ်ရမည့် ကြင်ရာတော်လောင်းထံက ပေးလိုက်သည် ဆိုသဟာကို သိရသဟာနှင့် အလွန့်အလွန် ဝမ်းမြောက်ရွှင်လန်း သွားပါသတဲ့။ အဲသည်အခါမှာ သူနှင့် မပေါင်းလိုက်ရသည့် ကြင်ဖက်ဟောင်း နန်းရင်းဝန်ကြီးသား ကိစ္စနှင့် ပတ်သက်လို့ စိတ်မချမ်းမသာ ဖြစ်နေရသဟာတွေလည်း အကုန်လုံး ပျောက်သွားပါသတဲ့။

အဲသည်လို သမီးတော်ကလေး ရွှင်ပျလာသဟာကို တွေ့ရတော့ ဓူလတန်ဘုရင်ကြီးဟာလည်း အင်မတန် ဝမ်းသာသွားပါသတဲ့။ အဲသဟာနှင့် ဓူလတန်ကြီးက 'ဘယ့်နှယ်လဲ သမီးတော်၊ စိတ်ချမ်းသာသွားပြီ မဟုတ်လား။ ငါ့အထင်တော့ အခု သမီးတော်နှင့် စုံဖက်ရမည့် သူဟာ နန်းရင်းဝန်ကြီးရဲ့သားထက် ဟန်ကျသည် ထင်သည်' လို့ ပြောပါသတဲ့။

ပြီးတော့ ယာဋ္ဌာဇတ်က 'မှန်လှပါ၊ အခု ပြောသဟာကတော့ ဓူလတန်





ဘုရင်ကြီးရဲ့ အကြောင်းပါ။ အလာဒင်ရဲ့ အကြောင်းကို ဆက်ပြီး ပြောပါဦးမည်။ နားဆင်တော်မူပါ' လို့ ယှာဋ္ဌယမင်းကြီးကို လျှောက်ပြီး ဆိုလတ္တံ့သည့်အတိုင်း ဆက်၍ ပြောသည်။

*

အဲသဟာနှင့် အလာဒင့်အမေက ဝမ်းသာအားရနှင့် ပြုံးပြီး သူ့အိမ်ထဲ ဝင်သွားတော့ အလာဒင်က သူ့ကိစ္စ ဟန်လာခဲ့ပြီ ဆိုသဟာကို ရိပ်မိသဟာနှင့် 'ဒွန္နယာကြီးမှာ အလာဟုအရှင်မှတစ်ပါး ချီးမွမ်းခံထိုက်သူ မရှိ။ ငါ၏အကြံသည် ပြီးပြည့်စုံပြီ' လို့ ဝမ်းသာစကား ဆိုပါသတဲ့။ သည်တော့ အလာဒင့်အမေက 'ဝမ်းသာပေတော့ သားရေ၊ အကြံတော့ အောင်ခဲ့ပြီ။ သားဆီက ပို့လိုက်သည့် လက်ဆောင်တော်တွေကို ဓူလတန်ကြီးက အားရဝမ်းသာနှင့် လက်ခံထားလိုက်ပြီ။ သမီးတော်လေးကိုလည်း ငါ့သား ပိုင်ပြီ။ အခု ညပဲ ငါ့သားဟာ သမီးတော်ရဲ့ အဆောင်တော်ကို ဝင်ရလိမ့်မည်။ ဓူလတန်ကြီးကလည်း ငါ့သားကို သူ့သမက်တော် အရာမှာ ထားမည် ဆိုသဟာကို လူသိသူသိ ကြေညာလိုက်ပြီ။ သည်ညမှာပဲ ငါ့သားကို အခန်းအပ်လိမ့်မည်။ ပြီးတော့ ဓူလတန်ကြီးက မှာလိုက်သေးသည်။ ငါ့သားကို သူ ကြည့်ချင်လို့ သူ့ဆီကို အမြန်ဆုံး လွှတ်ပါတဲ့။ ငါ့သားကို ဓူလတန်ကြီးက မြှောက်စားပြီး သူကောင်းပြုတော်မူလိမ့်မည်။ ကိုင်း… အမေ့တာဝန်တော့ ကုန်ပြီ၊ ငါ့သားဟာ ငါ့သား စီမံဖို့ တာဝန်ပဲ ကျန်တော့သည်' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က သူ့အမေကို ကျေးဇူးတင်ကြောင်း ပြဖို့အတွက် သူ့အမေရဲ့ လက်ဖမိုးကို ရိုသေလေးစားစွာ နမ်းပါသတဲ့။

ပြီးတော့ အလာဒင်က သူ့အခန်းထဲကို ဝင်သွားပြီး ဆေးမီးခွက်ကို ယူပြီး လက်နှင့် ပွတ်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ဖြုန်းခနဲ ပေါ်လာပြီး 'အို… မီးခွက်စောင့်သခင်၊ အလိုရှိရာကို ပြောပါတော့' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'အို… တပည့်ကောင်း၊ ငါ့အား ယခုပင် ဒွန္နယာမှာ ပြိုင်ဘက် မရှိသည့် ရေချိုးဆောင်သို့ ပို့ပါလော့။ ပြီးလျှင် ငါ ဝတ်ဆင်ရန်အတွက် ရှေးမင်းတို့ မဝတ်ဆင်ဖူးသေးသည့် ဝတ်စားတန်ဆာများကို ဆောင်ကြဉ်း၍ ပေးလော့' လို့ ဆိုပါသတဲ့။

သည်တော့ မီးခွက်စောင့်သရဲက 'အမိန့် အတိုင်းပါ' လို့ ပြောပြီး ဘယ်မင်း ဘယ်စိုးမှ မတွေ့ဖူး မမြင်ဖူးလောက်အောင် ကြီးကျယ်ခမ်းနားသည့် ရွှေငွေ ရတနာများဖြင့် မွမ်းမံ ခြယ်လှယ်ထားသည့် ကျောက်ဖြူဖြင့် တည်ဆောက်ထားသည့် ရေချိုးဆောင်ကြီးကို ခေါ်သွားပါသတဲ့။ ရေချိုးဆောင်ကြီးကလည်း အင်မတိ အင်မတန် တိတ်ဆိတ်နေပါသတဲ့။ အလာဒင်က ရေချိုးဆောင်ထဲကို ဝင်လိုက်သဟာနှင့် တစ်ပြိုင်နက် လူယောင်ဖန်ဆင်းထားသည့် သရဲတစ်ယောက်က ရေချိုးပြီး ချေးတွန်းပေးပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးတော့ အလာဒင့်ကို ခန်းမကြီးတစ်ခုထဲ ခေါ်သွားပြီး သူ ဝတ်ဆင်လာခဲ့သည့် အဝတ်တန်ဆာ အစား၊ ဘယ်မင်း ဘယ်ရှင်ဘုရင်မှ မဝတ်ဆင်ဖူးသည့် အဖိုး အင်မတိ အင်မတန် ထိုက်တန်သည့် အဝတ် တန်ဆာများကို ဝတ်ဆင်ပေးပါသတဲ့။ ပြီးတော့ အင်မတန် သင်းပျံ့အေးကြည်သည့် အဖျော်ရည်နှင့် ငါးကြီးအန်ဖတ်နှင့် စီရင်ထားသည့် ကော်ဖီကို တိုက်ပါသတဲ့။ ပြီးတော့ ကျွန်မည်းတစ်စုက အလာဒင်ကို အဖိုးမဖြတ်နိုင်သည့် အဝတ်တန်ဆာများ ဝတ်ဆင်ပေးပြီး အမွှေးနံ့သာရည်များနှင့် ပက်ဖျန်းပေးပါသတဲ့။

အလာဒင်ဟာ အင်မတန် ဆင်းရဲ နွမ်းပါးသည့် အပ်ချုပ်သမား၏သား ဖြစ်သည် ဆိုသဟာကို မြို့သူမြို့သားတွေက သိကြပေမင့် အဲသလို အဖိုးထိုက် အဖိုးတန် ဝတ်လဲ တန်ဆာများကို ဝတ်ဆင်ပြီးသည့် အခါမှာ ဘယ်သူကမှ သူ့ရဲ့ အဖြစ်ဟောင်းကို သတိ မရကြတော့ဘဲ၊ ဘုန်းတန်ခိုး အင်မတန် ကြီးမားသော မင်းညီမင်းသားလို့ပဲ အောက်မေ့ ကြပြီး 'မိမိ ကိုယ်တော်တိုင် ပြောင်းလွဲခြင်း မရှိဘဲ သူတစ်ပါးကိုသာ ပြောင်းလွဲ ပေးတော် မူတတ်သော အလာဟု အရှင်ကို ချီးမွမ်းခြင်းသည် ဖြစ်စေသတည်း' လို့ ဆိုကြသတဲ့။

ပြီးတော့ မီးခွက်စောင့်သရဲက အလာဒင်ကို ပြန်ဆောင်သွားပြီး 'နောက်ထပ် အရှင် အလိုရှိသဟာရှိလျှင် ပြောပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'ငါ့ကို အသားဖြူ ကျွန်ယောက်ျား လေးကျိပ်ရှစ်ယောက် ရှာပေးရမည်။ နှစ်ကျိပ်လေးယောက်က ငါ့ရှေ့က သွားစေရမည်။ နှစ်ကျိပ်လေးယောက်က ငါ့နောက်က လိုက်စေရမည်။ သူတို့ အားလုံး ဝတ်ဆင်ဖို့ အဝတ်တန်ဆာ အစုံနှင့် သူတို့ကိုယ်စီ စီးဖို့ ကကြိုးတန်ဆာ ဆင်ပြီး တိုက်မြင်းတစ်စီးစီလည်း ရှာပြီးပေးရမည်။ သူတို့ စီးကြမည့် တိုက်မြင်းများဟာ ဘယ်မင်း ဘယ်စိုးနှင့်မျှ မထိုက်တန်လောက်အောင် အဖိုးအနဂ္ဃ ထိုက်တန်သည့် မြင်း ရတနာများချည်း ဖြစ်စေရမည်။ ပြီးတော့ ငါကိုယ်တိုင် စီးဖို့ အတွက်ကတော့ အဲသည် မြင်းတွေထက် အဖိုးထိုက်တန်သည့် မြင်းကောင်းရတနာ ဖြစ်စေရမည်။ ပြီးတော့ ငါ အသုံးပြုဖို့အတွက်လည်း ရွှေသားအစစ်ကို ပြုလုပ်ပြီး ကျောက်မျက်ရတနာများ မွမ်းမံ ခြယ်လှယ်ထားသည့် အိမ်သုံးပစ္စည်းများကို ရှာပေးရမည်။ ပြီးတော့ ငါရဲ့ မြင်းသည်တော် လေးကျိပ်ရှစ်ယောက်အနက် တစ်ယောက်လျှင် တစ်ထောင်ကျစီ ဆောင်ယူကြဖို့အတွက် ရွှေစ လေးသောင်းရှစ်ထောင်ကိုလည်း ရှာ၍ ပေးရမည်။ အခု ငါဟာ စူလတန်ဘုရင်ကြီးရဲ့ ရှေ့တော်ကို ဝင်ပြီး ခစားချင်သည်။ အဲသဟာကြောင့် ငါ ပြောသည့် ပစ္စည်းများ မရရင် မဖြစ်ဘူး။ ပြီးတော့ ငါ့အမေကို ခြံရံပြီးလိုက်ဖို့ အပျိုတော် တစ်ကျိပ်နှစ်ယောက် ကိုလည်း လိုချင်သည်။ ချောလည်းချော၊ လှလည်း လှစေရမည်။ သူတို့ ဝတ်ဆင်ထား သည့် တန်ဆာပလာများဟာလည်း ဘုရင်မကြီးများ ဝတ်ဆင်မြဲ အဝတ်တန်ဆာလို ကောင်းစေရမည်' လို့ ပြောသတဲ့။

အဲသလို အလာဒင်က ပြောလိုက်တော့ မီးခွက်စောင့်သရဲက မျက်စိ တစ်မှိတ်၊





လျှပ်တစ်ပြက်လောက် ပျောက်ကွယ်သွားပြီး အလာဒင် အလိုရှိသဟာတွေကို အကုန်လုံး ဆောင်ကြဉ်းလာပါသတဲ့။ အလာဒင် စီးဖို့ မြင်းကြီးကလည်း အာဋ္ဌဗီ တစ်ပြည်လုံးမှာ သဟာလောက် ကောင်းသည့် မြင်းတစ်ကောင်မျှ မရှိပါဘူးတဲ့။ ကကြိုးတန်ဆာများ ကလည်း ရွှေစင်ဖြင့် ပြုလုပ်ထားသဟာချည်းပါတဲ့။ ပြီးတော့ အလာ င်က သူ့အမေကို ခေါ်ပြီး သူ့အမေ ဝတ်ရမည့် အဝတ်တန်ဆာများကို ပေးပါသတဲ့။ ပြီးတော့ သူ့အမေရဲ့ အခြွေအရံအဖြစ်နှင့် လိုက်ရမည့် ကျွန်မပျို တစ်ကျိပ်နှစ်ယောက်ကိုလည်း သူ့အမေကို အပ်ပါသတဲ့။ ပြီးတော့ အလာဒင်က အသားဖြူကျွန်တစ်ယောက်ကို ခေါ်ပြီး စူလတန် ဘုရင်ကြီး အနောက်ဆောင်မှ ထွက်လာပြီလား၊ ထွက်မလာသေးဘူးလား ဆိုသဟာကို သွားပြီး အကြည့်ခိုင်းပါသတဲ့။ အဲသည်တော့ သူ စေလွှတ်လိုက်သည့် အသားဖြူကျွန်က စူလတန် ဘုရင့်နန်းတော်ကို တစ်ဟုန်ထိုး ပြေးကြည့်ပြီး 'စူလတန်ကြီးဟာ အနောက် ဆောင်မှ ထွက်တော်မူလာပြီး အရှင်ရဲ့ အလာကို စောင့်နေပါသည်' လို့ အလာဒင်ကို ပြောပါသတဲ့။

အဲသည်တော့ အလာဒင်က သူ့မြင်းကို စီးပြီး နန်းတော်ကြီးကို သွားပါသတဲ့။ သူ့ရဲ့ အသားဖြူကျွန် လေးကျိပ်ရှစ်ယောက်က သူ့ရှေ့က နှစ်ကျိပ်လေးယောက်၊ သူ့ နောက်က နှစ်ကျိပ်လေးယောက် ခြံရံပြီး လိုက်ပါသတဲ့။ အလာဒင်ရဲ့ ရှေ့ကချီသည့် အသားဖြူကျွန် နှစ်ကျိပ်လေးယောက်က အလာဒင် ထွက်လာသည်ကို ကြည့်ဖို့ ထွက်လာ ကြသည့် မြို့သူမြို့သားများကို ရွှေစတွေ ကြဲပေးပါသတဲ့။ အလာဒင်နှင့် သူ့အခြံအရံ အသားဖြူကျွန် လေးကျိပ်ရှစ်ယောက်ကို ကြည့်ရသဟာ အင်မတန် ကျက်သရေ ရှိပါ သတဲ့။ သည်ထဲမှာတော့ အလာဒင်က ကျက်သရေ အရှိဆုံးပါပဲတဲ့။ အဲသလို ဖြစ်ရ သဟာကတော့ ဆေးမီးခွက်ရဲ့ တန်ခိုးကြောင့်ပါပဲတဲ့။ မြို့သူမြို့သားတွေကလည်း အလာဒင်ရဲ့ အစွန့်အကြဲ ရက်ရောပုံ၊ ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံပုံတွေကို ကြည့်ပြီး အံ့သြလို့ မဆုံးနိုင်အောင် ဖြစ်နေကြပါသတဲ့။ အလာဒင်ဟာ အပ်ချုပ်သမားရဲ့သား ဖြစ်သည် ဆိုသဟာကို သိကြပေမင့် ဘယ်သူကမျှ အလာဒင့် အပေါ်မှာ မနာလို ဝန်တို စိတ် မရှိကြပါဘူး တဲ့။ အဲသလို မနာလို ဝန်တိုစိတ် မရှိကြရုံသာ မကဘဲ အလာဒင်ဟာ အင်မတန် ကံထူးသည်လို့သာ ပြောကြပါသတဲ့။

အလာဒင်က အခြွေအရံများနှင့် သူ့အိမ်က ထွက်လာသည့် အချိန်မှာ စူလတန် ကြီးကလည်း မှူးကြီးမတ်ရာ သေနာပတိတွေကို စုရုံးပြီး အလာဒင်ကို ကြိုဖို့ နန်းတော် ထဲက အသင့် စောင့်နေပါသတဲ့။ ပြီးတော့ စူလတန်ကြီးက အလာဒင်ကို သူ့သမီးတော်နှင့် စုလျား ရစ်ပတ်ပေးဖို့ သူ ကတိပြုထားသည့် အကြောင်းကိုလည်း မှူးကြီးမတ်ရာ သေနာ ပတိတွေကို ပြောပြထားပါသတဲ့။ အဲသဟာနှင့် အလာဒင် ရောက်လာသည်ဆိုသည့် အကြောင်းကို ကြားတော့ မှူးကြီးမတ်ရာ သေနာပတိတွေက နန်းတော် တံခါးဝအထိ



www.burmeseclassic.com

www.burmeseclassic.com



အလာဒင် ရှေ့တော် ရောက်လာသဟာနှင့် တစ်ပြိုင်နက် စူလတန်ကြီးက ထိုင်တော်မူရာ ရာဇပလ္လင်ပေါ်က ဆင်းလာပြီး...။

ထွက်ပြီး ကြိုကြပါသတဲ့။ နန်းတော်တံခါးဝ ရောက်တော့ အလာဒင်က မြင်းပေါ်က ဆင်းပြီး ခြေကျင်လျှောက်လာမလို့ လုပ်ပါသတဲ့။ သည်တော့ စူလတန်ကြီးက အထူး အကြိုလွှတ်ထားသည့် အမတ်ကြီးတစ်ယောက်က 'အို... အရှင်၊ အရှင့်ကို ညီလာခံ ဆောင် တံခါးဝရောက်အောင် မြင်းစီးပြီး ဝင်လာခဲ့ဖို့ စူလတန် ဘုရင်ကြီးက အမိန့်တော် မှတ်ထားပါသည်။ မြင်းပေါ်က ဆင်းတော်မမူပါနှင့်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် အလာဒင်က မြင်းပေါ်က မဆင်းဘဲနှင့် ညီလာခံဆောင်ဘက်ကို မြင်းနှင်ပြီး လာခဲ့ပါသတဲ့။ အဲသည်အခါမှာ မှူးကြီးမတ်ရာ သေနာပတိတွေက အလာဒင်





ကို ဘေးက ဝိုင်းရံပြီး လိုက်လာကြပါသတဲ့။ အလာဒင် မြင်းပေါ်က ဆင်းဖို့ နေရာ ရောက်တော့ မှူးကြီးမတ်ရာ သေနာပတိတွေက ဝိုင်းပြီး မြင်းဇက်ကြိုးကို ကိုင်ပေးသူက ပေး၊ ခြေနင်းကွင်း ကိုင်ပေးသူက ပေး၊ ပွဲ့ပြီး ချသူက ချကြပါသတဲ့။ အဲသဟာနှင့် အလာဒင် ရှေ့တော်ရောက်လာသဟာနှင့် တစ်ပြိုင်နက် စူလတန်ကြီးက ထိုင်တော်မူရာ ရာဇပလ္လင်ပေါ်က ဆင်းလာပြီး အလာဒင်ကို ကော်ဇောပေါ်မှာ မထိုင်စေဘဲ ပွေ့ဖက် နမ်းရှုပ်ပြီး ရာဇပလ္လင်ပေါ်မှာ သူ့လက်ယာဘက်က ထိုင်စေပါသတဲ့။

သည်တော့ အလာဒင်က မင်းတို့ စောင့်စည်းအပ်သည့် ဣန္ဒြေကို စောင့်စည်းပြီး 'အို...ဘဝရှင် မင်းတရားကြီး၊ အရှင် မင်းတရားကြီးဟာ စိတ်နှလုံးတော် မြင့်မြတ် တော်မူသည့် အလျောက် ကတိတော်နှင့်အညီ ငါ့အား သမီးတော် ဗဒ္ဒရာဗူဒူနှင့် စုလျား ရစ်ပတ်ပေးရန် ကြံရွယ်ခြင်းမှာ အင်မတိ အင်မတန်ပင် ကျေးဇူးတင်စရာ ကောင်းပါ သည်။ သဟာပေမင့်... ငါသည် မင်းတရားကြီး၏ သမီးတော်နှင့် ထိုက်တန်သသူ ဖြစ်သည်ဟု ငါ သဘောမထားပါ။ အမှန်မှာ ငါသည် မင်းတရားကြီး၏ ကျွန်တော် များအနက် အနိမ့်ကျဆုံး ကျွန်တစ်ယောက်သာ ဖြစ်ပါသည်။ အလာဟု အရှင်သည် သင်မင်းတရားကြီးအား ဘုန်းတော်ကြီး၍ သက်တော်ရှည်စေရန် စောင်မတော်မူပါစေ သတည်း။ ယခု ငါ့အား သင် မင်းတရားကြီးက ချီးမြှင့် စောင်မတော်မူသည့် ကျေးဇူး များမှာ ထုတ်ဖော် ပြောဆို၍ မဖြစ်နိုင်လောက်အောင်ပင် များပြားပါသည်။ ယခုအခါ သင် မင်းတရားကြီးထံမှ သမီးတော် ဗဒ္ဒရာဗူဒူအတွက် အဆောင်တော် ဆောက်ရန် ငါ့အား မြေတစ်ကွက်ကိုသာ ပေးသနားတော်မူပါရန် လျှောက်ထားလိုပါသည်' လို့ ပြောပါသတဲ့။

အဲသည်တော့ စူလတန်ကြီးက အလာဒင်နှင့် သူ့အခြံအရံ အသားဖြူကျွန် လေးကျိပ်ရှစ်ယောက်ရဲ့ တင့်တယ်ခြင်းကို ကြည့်ပြီး. အံ့သြတော်မူပါသတဲ့။ ပြီးတော့ အလာဒင်ပြောသည့် စကားများကလည်း ပြေပြစ် ချိုသာလှသဟာနှင့် အင်မတိအင်မတန် ရွှေဘော်တော် ခွေ့သွားပါသတဲ့။ ပြီးတော့ ကျွန်မပျို တစ်ကျိပ် နှစ်ယောက် ခြံရံပြီး လာသည့် အလာဒင်ရဲ့ အမေကလည်း ကျက်သရေ မင်္ဂလာ ရှိလွန်းလို့ တကယ့် ဘုရင်မ ကြီးလားလို့တောင် အောက်မေ့တော်မူသွားပါသတဲ့။ စူလတန် ဘုရင်ကြီးသာ မဟုတ်ပါ ဘူးတဲ့၊ ညီလာခံကို ရောက်လာကြတဲ့ မှူးကြီးမတ်ရာ သေနာပတိများကပါ အလာဒင်နှင့် သူ့အခြံအရံများကိုရော၊ အလာဒင့် အမေနှင့် ကျွန်မပျို အခြွေအရံများကိုရော အင်မတိ အင်မတန် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည်လို့ အောက်မေ့ကြပါသတဲ့။

အဲသည်အခါမှာ နန်းရင်းဝန်ကြီးကတော့ အလာဒင့်အပေါ်မှာ မနာလို မရှုဆိတ် အားကြီးနေသဟာနှင့် သူ့ရင်ထဲမှာ မီးဟုန်းဟုန်း တောက်နေပါသတဲ့။ ပြီးတော့ စူလတန် ကြီးက အလာဒင်ကို နှစ်သက် မြတ်နိုးတော်မူလှသဟာနှင့် 'အို... သားတော်၊ သင်သည်



www.burmeseclassic.com

www.burmeseclassic.com



အဘယ်ကြောင့် ငါ့အပါးတော်သို့ စောစောက ကပ်၍ ယခု သင်ဆိုသော စကားမျိုးကို မဆိုပါသလဲ' လို့ ပြောတော်မူပြီး အလာဒင်ကို အားပါးတရ ပွေ့ဖက် နမ်းရှုပ်လိုက်တော့ နန်းရင်းဝန်ကြီးဟာ ပိုပြီး အခံရကျပ်သွားပါသတဲ့။ ပြီးတော့ စူလတန်ကြီးက အလာဒင်ကို သမက်တော် တော်ရမှာကို ဝမ်းသာတော်မူလှသဟာနှင့် တူရိယာသည်များကို ခေါ်ပြီး သောသောညံအောင် သီဆို တီးမှုတ်စေပါသတဲ့။

ပြီးတော့ စူလတန်ကြီးက အလာဒင်ကို နန်းတော်ဆောင်ထဲ ခေါ်သွားပြီး ပွဲတော်တည်ခိုင်းပါသတဲ့။ နန်းတော်ဆောင်ထဲမှာလည်း သင်းကွပ်တွေက စူလတန်ကြီးနှင့်တကွ အလာဒင်တို့ပါ အားလုံး စားကြသောက်ကြဖို့ စားပွဲ သောက်ပွဲတွေ ပြင်ထားပါသတဲ့။ စားပွဲသောက်ပွဲမှာ ထိုင်ကြသည့် အခါကျတော့ စူလတန်ကြီးက အလာဒင်ကို သူ့လက်ယာဘက်က ထိုင်စေပါသတဲ့။ ကျန်သည့် မှူးကြီးမတ်ရာ သေနာပတိ စစ်ဗိုလ်စစ်မှူးတွေကိုတော့ သူတို့ ရာထူးဂုဏ်ထူး အဆင့်အတန်းအလိုက် သူ့နေရာနှင့်သူ ထိုင်စေပါသတဲ့။ အဲသလို စုလျားရစ်ပတ်မှု စားပွဲကြီး ကျင်းပနေစဉ် အခါမှာ စူလတန်ကြီးက ပြုံးပြုံးပြုံးပြုံးနှင့် အလာဒင်နှင့်ပဲ စကားပြောနေပါသတဲ့။ အလာဒင်ကလည်း သူဆင်းရဲသား မဟုတ်ဘဲ ရွှေလင်ပန်းနှင့် အချင်းဆေးပြီး နန်းတော်ထဲမှာ မွေးလာခဲ့သည့် မင်းညီမင်းသားလိုပဲ စကားပြောရာမှာ အင်မတိအင်မတန် ဖွယ်ဖွယ်ရာရာ ရှိပါသတဲ့။ ပြီးတော့ စူလတန်ကြီး မေးတော်မူသမျှကိုလည်း နုတ်သွက်လျှာသွက်နှင့် ကောက်ကာငင်ကာ လျှောက်ပတ် ပြေပြစ်အောင် လျှောက်ထားတတ်ပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးက အလာဒင်နှင့် စကားပြောရလေလေ၊ အလာဒင့်အပေါ်မှာ ပိုမို သဘောတော်ကျလေလေ ဖြစ်နေပါသတဲ့။

အဲသဟာနှင့် နောက်ဆုံး စားပွဲကြီး ပြီးသွားသည့် အခါကျတော့ စူလတန်ကြီးက မြို့ဝန်တွေနှင့် သက်သေတွေကို ခေါ်တော်မူပြီး အလာဒင်ကို သမီးတော် ဗဒ္ဒရာဗူဒူနှင့် စုလျားရစ်ပတ် ပေးတော်မူလိုက်ပါသတဲ့။ အဲသလို စုလျားလက်ထပ်ပေးလို့လည်း ပြီးရော၊ အလာဒင်က ထွက်သွားမည် လုပ်ပါသတဲ့။ သည်တော့ စူလတန်ဘုရင်ကြီးက 'ငါ့သားက အခု ဘယ်ကို သွားမလို့တုံး၊ သင့်ကို သမီးတော်နှင့် စုလျားရစ်ပတ် ပြီးပြီဟာပဲ' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'မှန်လှပါ ခမည်းတော်မင်းတရားကြီး၊ ငါသည် သမီးတော် ဗဒ္ဒရာဗူဒူနှင့် ထိုက်တန်သည့် ရွှေနန်းဆောင်ကို ဆောက်၍ ပေးချင်ပါသေးသည်။ သည်ကဲ့သို့ ရွှေနန်းဆောင်ကို ဆောက်၍ မပေးရသေးမီ ငါသည် သမီးတော်ထံ မချဉ်းကပ်လိုသေးပါ။ သည်ကဲ့သို့ ရွှေနန်းဆောင်ကို ဆောက်ရာတွင် သားတော်၏ အားထုတ်မှုနှင့် ခမည်းတော်၏ ဘုန်းတော်ကြောင့် အချိန် ကြာမြင့်ဖွယ် မရှိပါ။ ငါသည် သမီးတော်နှင့် နီးကပ်စွာ နေလိုလှပြီမှာ မှန်ပါသည်။ သို့ပေမင့် သမီးတော် စံမြန်းဖို့ ရွှေနန်းဆောင်ကို ရှေးဦးစွာ ဆောက်ပေးရန် ငါ့မှာ တာဝန်ကြီး ရှိနေပါသေးသည်။





သဟာကြောင့် ငါ့အား ရွှေနန်းဆောင်ကို ဆောက်ပေးရန် ခွင့်ပြုတော်မူစေလိုပါသည်' လို့ ပြောပါသတဲ့။

သည်တော့ စူလတန်ကြီးက 'အို... သားတော်၊ သားတော် ကြိုက်သောနေရာကိုသာ ကြည့်ပါတော့။ သားတော် သဘောနှင့် သားတော် ကြိုက်သလို သမီးတော်အတွက် အဆောင်တော်ကို တည်ဆောက်နိုင်ပါသည်။ ငါ့သဘောကို ပြောရမည်ဆိုလျှင် ငါ့ ရွှေနန်းတော်ရှေ့က ကွင်းပြင်ကြီးသည် သားတော် တည်ဆောက်လိုသော ရွှေနန်းဆောင်အတွက် အကောင်းဆုံးလို့ ငါထင်သည်။ သားတော် ကြိုက်လျှင် အဲသည် ကွင်းပြင်ကြီးထဲမှာပင် ရွှေနန်းဆောင်ကို တည်ဆောက်ပါတော့' လို့ ပြောပါသတဲ့။

သည်တော့ တစ်ခါ အလာဒင်က 'သားတော်၏ အလိုဆန္ဒမှာ ခမည်းတော်နှင့် နီးကပ်စွာ နေရခြင်းပင် ဖြစ်ပါသဖြင့် သည်နန်းရင်ပြင်က ကွင်းကြီးထဲ၌ပင် သမီးတော်အတွက် အဆောင်တော်ကို တည်ဆောက်ပေးပါမည်' လို့ ပြောပါသတဲ့။ ပြီးတော့ အလာဒင်က စူလတန်ကြီးထံ ခွင့်ပန်ပြီး အသားဖြူကျွန် မြင်းသည်တော်များ ရှေ့နောက်ခြံရံပြီး နန်းတော်ကြီးက ထွက်ခဲ့ပါသတဲ့။ အဲသည်တော့ မြို့သူ မြို့သားတွေက လမ်းတစ်လျှောက်လုံး အလာဒင်ကို 'အလာဒင်ဟာ သမီးတော်ကလေးနှင့် သိပ်လိုက်သဟာပဲ' လို့ ဆိုပြီး ကောင်းချီး ပေးကြပါသတဲ့။ သူ့အိမ် ပြန်ရောက်သွားတော့ အလာဒင်က သူ့အခန်းထဲ ဝင်သွားပြီး ဆေးမီးခွက်ကို လက်နှင့် ပွတ်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ချက်ချင်း ပေါ်လာပြီး 'အရှင် အလိုတော်ရှိရာ အမိန့်ရှိပါ' လို့ အလာဒင်ကို ပြောပါသတဲ့။

သည်တော့ အလာဒင်က 'သည်တစ်ခါ ငါပြောချင်သဟာ ကတော့ အရေးတော်တော်ကြီးသည်။ သင် ဂရုစိုက်ပြီး နားထောင်ပါ။ စူလတန်ကြီးရဲ့ နန်းတော်ရှေ့က ကွင်းပြင်ကြီးထဲမှာ သမီးတော်ကလေးနှင့် ငါနှင့်နေဖို့ လျောက်ပတ်သည့် ရွှေနန်းဆောင်တစ်ဆောင်ကို အမြန် တည်ဆောက်ပေးရမည်။ မင်းသုံး မင်းဆောင် ပစ္စည်းတွေလည်း အပြည့်အစုံ ပါစေရမည်၊ ကြားလား' လို့ ပြောပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက 'အရှင် အလိုရှိသည့် အတိုင်း ဖြစ်ရပါစေမည်၊ စိုးရိမ်တော် မမူပါလင့်' လို့ ပြောပြီး ပျောက်ကွယ်သွားပါသတဲ့။ ပြီးတော့ နောက်တစ်နေ့ အရုဏ်တက်ကျတော့ သရဲက အလာဒင့်ဆီကို လာပြီး 'မှန်လှပါ၊ အရှင် အလိုရှိသည့် ရွှေနန်းဆောင် ဆောက်လုပ်ပြီးပါပြီ။ အရှင် ကိုယ်တိုင် စစ်ဆေး ကြည့်ရှုချင်လျှင် ယခု ငါနှင့်အတူ လိုက်နိုင်ပါသည်' လို့ ပြောပါသတဲ့။

အဲသဟာနှင့် အလာဒင်က 'အေး... သင့်အကြံ ကောင်းသည်။ ငါ လိုက်ကြည့်မည်' လို့ ပြောလိုက်တော့ သရဲက သူ ဆောက်ထားသည့် နန်းဆောင်ကို မျက်စိတစ်မှိတ်အတွင်းမှာ အလာဒင်ကို ရောက်အောင် ခေါ်သွားပါသတဲ့။ နန်းဆောင်ကို ရောက်သွား



www.burmeseclassic.com

www.burmeseclassic.com



တော့ အလာဒင်က အင်မတိ အင်မတန် သဘောကျသွားပြီး 'အေး . . . ကောင်းသည်ဟေ့၊ တပည့်ရေ့' လို့ ပြောပါသတဲ့။ ပြီးတော့ အလာဒင်က နန်းတော်ဆောင်ကို လျှောက်ကြည့်တော့ နန်းတော်ဆောင်ကို ကျောက်စိမ်းတို့၊ ကျောက်ဖြူတို့၊ ပယင်းတို့နှင့် ဆောက်ထားသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ သရဲက အလာဒင်ကို ဘဏ္ဍာတော်ခန်းကို ခေါ်ပြပါသတဲ့။ အဲသည် ဘဏ္ဍာတော်ခန်းထဲမှာ ရွှေ ငွေ ကျောက်သံ ပတ္တမြားတွေဟာ လိုလေသေး မရှိအောင် ပြည့်စုံနေသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ ဧည့်ခံဆောင်မှာလည်း နေရာထိုင်တို့၊ မှီအုံးတို့၊ စားပွဲတို့၊ မှန်တင်ခုံတို့မှ စလို့ လိုလေသေး မရှိအောင် ပြည့်စုံနေသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ စားဖိုဆောင်မှာ ဆိုရင်လည်း ရွှေအိုး ရွှေခွက်၊ ငွေအိုးငွေခွက်၊ ရွှေပန်းကန် ငွေပန်းကန်က စပြီး ဘာမှ လိုလေသေး မရှိအောင် ပြည့်စုံနေသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ အဝတ်တန်ဆာ ဆောင်ထဲမှာလည်း စိန့်ပြည်ဖြစ် အဝတ်တန်ဆာ၊ ဗာရတ်(အိန္ဒိယ) ပြည်ဖြစ် အဝတ်တန်ဆာမှစပြီး အင်မတိ အင်မတန် အဖိုးထိုက်တန်သည့် အဝတ်တန်ဆာတွေ ပြည့်နေသဟာကို တွေ့ရပါသတဲ့။ ပြီးတော့ အခြား အသုံးအဆောင် ပစ္စည်းတွေ ဆိုသဟာလည်း ပြောမပြနိုင်လောက်အောင် ကောင်းပါ များပါ သတဲ့။ ပြီးတော့ မြင်းဆောင်တော်ထဲမှာလည်း ကြန်အင်လက္ခဏာနှင့် အင်မတန် ပြည့်စုံသည့် မြင်းကျော် မြင်းမော်တွေလည်း တစုတပုံကြီးပါပဲတဲ့။ အဲသည် မြင်းကျော်မြင်းမော်တွေ ဆိုသဟာကလည်း ဘယ်မင်း ဘယ်စိုး လက်ထက်ကမှ မတွေ့ဖူး မမြင်ဖူးလောက်အောင် ထူးခြားသည့် မြင်းကျော်မြင်းမော်တွေပါတဲ့။ ပြီးတော့ မြင်းကကြိုး တန်ဆာခန်းကို သွားပြီး ကြည့်လိုက်ပြန်တော့လည်း ရွှေကုန်းနှီး ငွေကုန်းနှီး၊ ရွှေအုပ်ခွက် ငွေအုပ်ခွက်၊ ရွှေဇက်ကြိုး ငွေဇက်ကြိုး၊ ရွှေမြီးသိုင်း ငွေမြီးသိုင်းတွေက စပြီး အဖိုးထိုက် အဖိုးတန် ကျောက်မျက် ရတနာတွေနှင့် မွမ်းမံ ခြယ်လှယ်ထားသည့် ကကြိုးတန်ဆာတွေ ပြည့်လျှံနေသဟာကို တွေ့ရပါသတဲ့။ အဲသဟာတောင်မှပဲ မီးခွက်စောင့် သရဲက တစ်ညအတွင်းမှာ ဖန်ဆင်းထားသဟာပါပဲ တဲ့။ နှစ်ည သုံးည လောက်များ ဖန်ဆင်းလိုက်ရမည် ဆိုလျှင် ဘယ်လိုများနေမည် ဆိုသဟာကို မပြောနိုင်ပါဘူး တဲ့။

အဲသဟာနှင့် အလာဒင်ဟာလည်း အံ့သြ တွေဝေသွားပြီး စကားတောင် မပြောနိုင်လောက်အောင် ဖြစ်သွားပါသတဲ့။ ပြီးတော့ အဲသဟာတွေတင်-မကသေးပါဘူးတဲ့။ ကျွန်သင်းကွပ်တွေ၊ ကျွန်မပျိုတွေကလည်း သူ့နေရာနှင့် သူ အဆင်သင့် ရှိနေကြပါသတဲ့။ ပြီးတော့ ကျွန်မပျိုတွေ ဆိုသဟာကလည်း ရသေ့ ရဟန်းများတောင် ဖောက်ပြန်သွားလောက်အောင်ကို ချောပါလှပါသတဲ့။ အခု ပြောခဲ့သဟာတွေထက်ပဲ စိန် ကြောင် နီလာ သန္တာ ပုလဲက အစ ပတ္တမြားကျောက်များဖြင့် စီခြယ် မွမ်းမံထားသည့် ပြတင်းပေါက် နှစ်ဆယ့်လေးပေါက် ရှိသည့် လေသာဆောင်ဟာက ပိုပြီး အံ့သြစရာ ကောင်းပါသတဲ့။ သဟာပေမင့် အဲသည် ပြတင်းပေါက် နှစ်ဆယ့်လေးပေါက်အနက် တစ်ပေါက်





နန်းတော်ရင်ပြင်က ကွက်လပ်ကြီးထဲမှာ ထူးဆန်းကြီးကျယ်သည့် နန်းဆောင်ကြီးတစ်ခု ရောက်နေသဟာကို တွေ့ရပါသတဲ့ . . .။

ကိုတော့ အလာဒင်က အပြီးသတ်အောင် မလုပ်နှင့်လို့ မှာထားသဟာနှင့် မီးခွက်စောင့် သရဲက တစ်ဝက်တစ်ပျက်နှင့် ချန်ထားပါသတဲ့။ အဲသည်လို တစ်ဝက် တစ်ပျက်နှင့် ချန်ထားစေသဟာက စူလတန်ဘုရင်ကြီးမှာ အဲသည် ပြတင်းပေါက်ကို လက်စသတ်အောင် လုပ်နိုင်သည့်အစွမ်း မရှိကြောင်းကို သိသာအောင် လုပ်ဖို့ အတွက်ပါ တဲ့။

နန်းတော်ဆောင် တစ်ဆောင်လုံးကို အသေအချာ စစ်ဆေး ကြည့်ရှုပြီးတော့ အလာဒင်က အင်မတိ အင်မတန် ကျေနပ်ပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပါသတဲ့။ ပြီးတော့ အလာဒင်က မီးခွက်စောင့်သရဲကို 'သည်မှာ တပည့်၊ ငါ တစ်ခု မေ့သွားလို့ သင့်ကို မပြောမိဘူး။ အဲသဟာကို သင် ထပ်ပြီး လုပ်ပေးရမည်' လို့ ပြောပါသတဲ့။ သည်တော့ သရဲက 'အရှင် အလိုရှိသဟာ ပြောသာ ပြောပါ၊ ငါ ရအောင် လုပ်ပေးပါမည်' လို့ ပြောပါသတဲ့။ အဲသဟာနှင့် အလာဒင်က 'အင်မတန် နူးညံ့ ပျော့ပျောင်းပြီး ရွှေချည် ငွေချည်များနှင့် ရက်ထားသည့် ကော်ဇောကြီးတစ်ခု ငါ လိုချင်သည်။ အဲသည် ကော်ဇောကြီးဟာ ငါတို့ နန်းတော်ဆောင်က ဖြန့်ခင်းလိုက်လို့ရှိရင် စူလတန်ကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ရွှေနန်းတော်ကြီးကို ရောက်စေရမည်။ သဟာမှ သမီးတော်ကလေးဟာ မြေကြီးကို ခြေမနင်းရဘဲ အဲသည် ကော်ဇောကြီးပေါ်ကို နင်းပြီး ငါတို့ နန်းတော်ဆောင်ကို လာနိုင်မည်’ လို့ ပြောပါသတဲ့။ သည်တော့ သရဲက ခဏ ပျောက်သွားပြီး အပြန်ကျတော့ ‘ဟောသည်မှာ အရှင် အလိုရှိသည့် ကော်ဇော’ လို့ ပြောပြီး သူ ယူလာသည့် ကော်ဇော ကြီးကို ပြပါသတဲ့။ ကော်ဇောကြီးက ကောင်းလွန်းလို့ အလာဒင်က ကော်ဇောကြီးကို ကြည့်ပြီး မျက်လုံးပြူးသွားပါသတဲ့။ ပြီးတော့ သရဲက ကော်ဇောကြီးကို အလာဒင်တို့ နေမည့် နန်းတော်ဆောင်က စူလတန်ကြီး စံတော်မူသည့် ရွှေနန်းတော်ကြီးကို ရောက် အောင် ဖြန့်ခင်းလိုက်ပါသတဲ့။ ပြီးတော့ သရဲက အလာဒင်ကို ပခုံးပေါ် ထမ်းပြီး သူ့အိမ်ကို ပြန်ပို့လိုက်ပါသတဲ့။

မိုးထိန်ထိန်လင်းတော့ စူလတန်ကြီးက စက်ရာက ထပြီး ပြတင်းပေါက်ကို ဖွင့်ပြီး နန်းတော်ရင်ပြင်ဘက်ကို ကြည့်လိုက်ပါသတဲ့။ သည်တော့ နန်းတော် ရင်ပြင် ဘက်က ကွက်လပ်ကြီးထဲမှာ တစ်သက်နှင့်တစ်ကိုယ် မမြင်ဖူးလောက်အောင် ထူးဆန်း ကြီးကျယ်သည့် နန်းဆောင်ကြီးတစ်ခု ရောက်နေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးက သူ့မျက်စိက စက်ရာက ထ ခါစမို့ မှုန်ရီမှုန်ဝါး ဖြစ်နေလို့ များလားလို့ အောက်မေ့ပြီး မျက်စိနှစ်လုံးကို လက်နှင့်ပွတ်ပြီး၊ မျက်စိများကိုလည်း ဖွင့်နိုင်သမျှ ကျယ်အောင် ဖွင့်ပြီး ကြည့်ပါသတဲ့။ အဲသည်တော့မှ သူ မြင်ရသည့် နန်းဆောင်ဟာ သူ့မျက်စိက လှည့်စားလို့ မြင်ရသဟာ မဟုတ်ဘဲနှင့် တကယ့်နန်းဆောင်ကြီး ဖြစ်နေ သဟာကို သိရပါသတဲ့။ ပြီးတော့ သူ့ရွှေနန်းတော်ကြီးနှင့် အလာဒင်ရဲ့ နန်းတော်ဆောင် စပ်ကြားမှာလည်း ထူးဆန်းသည့် ကော်ဇောကြီး ခင်းထားသဟာကို တွေ့ရပြန်တော့ စူလတန်ကြီးဟာ ပိုပြီး အံ့သြသွားပြန်ပါသတဲ့။ ပြီးတော့ စူလတန်ကြီး အံ့သြသွားသလိုပဲ သူ့နန်းသူ့နန်းသားတွေရော၊ တံခါးဗိုလ် တံခါးမှူးတွေရော အံ့သြသွားကြပါသတဲ့။ အဲသည်လို စူလတန်ကြီးနှင့် နန်းတော်သူ နန်းတော်သားတွေဟာ အလာဒင်ရဲ့ နန်းတော် ဆောင်ကို ကြည့်ပြီး ရင်သပ်ရှုမော ဖြစ်နေကြသည့် အချိန်မှာ နန်းရင်းဝန်ကြီးက ရောက် လာပြန်တော့လည်း နန်းရင်းဝန်ကြီးက အလာဒင်ရဲ့ နန်းတော်ဆောင်ကြီးနှင့် ကော်ဇော ကြီးကို ကြည့်ပြီး အံ့သြပြီး မျက်လုံးမျက်ဆန်များ ပြူးသွားပါသတဲ့။

ပြီးတော့ နန်းရင်းဝန်ကြီးက စူလတန်ကြီး ရှေ့တော်ဝင်ပြီး ခစားပြန်တော့ လည်း စူလတန်ကြီးနှင့် သူတို့နှစ်ယောက်ဟာ တခြား အကြောင်းကို မပြောနိုင်ဘဲ အလာဒင်ရဲ့ နန်းတော်ဆောင်ကြီး ခမ်းနားကြီးကျယ်ပုံကိုသာ ပြောကြပါသတဲ့။ အဲသည် လို ပြောပြီးတော့ စူလတန်ကြီးနှင့် နန်းရင်းဝန်ကြီး နှစ်ဦးစလုံး စိတ်ထဲကပဲ “သည်လို နန်းတော်ဆောင်ကြီးမျိုးကို ဘယ်လိုမင်းမျိုးမှ ဆောက်နိုင်သဟာ မဟုတ်ဘူး။ အလာဒင် မို့သာ ဆောက်နိုင်သဟာ” လို့ သဘောရကြပါသတဲ့။ ပြီးတော့ စူလတန်ကြီးက





‘ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီး၊ အလာဒင်ဟာ ငါ့သမီးတော်ရဲ့ ကြင်ရာတော်ဖြစ်ဖို့ ထိုက်တန်သသူ ဖြစ်သည် ဆိုသဟာကို သင် ယုံပြီ မဟုတ်လား။ သည်လို ခမ်းနား ကြီးကျယ်သည့် နန်းတော်ဆောင်ဟာ ရိုးရိုး လူသားများအဖို့ ဆိုရင် တကယ် ဆောက်နိုင်ဖို့ ကို မဆိုထားနှင့်၊ စိတ်ကူးထဲထည့်ပြီး ကူးကြည့်ဖို့တောင် ခက်သည်’ လို့ ပြောပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက အလာဒင် အပေါ်မှာ မနာလို မရှုဆိတ် အားကြီး နေသေးသဟာနှင့် ‘မှန်လှပါ၊ သည်လောက် ခံ့ညားကြီးကျယ်သည့် နန်းတော်ဆောင် ကြီးကို စင်စစ်အားဖြင့် လူသားထဲကဆိုရင် ဘယ်လောက်ပဲ ပစ္စည်းဥစ္စာ ချမ်းသာချမ်းသာ၊ တန်ခိုးအာဏာ ကြီးကြီး၊ ဘယ်နည်းနှင့်မျှ ဆောက်နိုင်ဖို့ လမ်းမရှိပါ။ မကောင်းဆိုးဝါး သရဲသဘက်များရဲ့ အကူအညီ ရလို့သာ ဆောက်နိုင်ခြင်း ဖြစ်ပါပေလိမ့်မည်’ လို့ ပြောပါ သတဲ့။ သည်တော့ စူလတန်ကြီးက ‘အို . . . နန်းရင်းဝန်ကြီး၊ အဘယ်ကြောင့် သင်သည် အလာဒင့် အပေါ်တွင် မနာလိုစကားကို အမြဲဆိုဘိသနည်း။ အလာဒင်က ငါ့သမီးတော် စံတော်မူဖို့ နန်းတော်ဆောင် ဆောက်ချင်လို့ ငါ့ဆီမှာ မြေကွက်တောင်းတုန်းကလည်း သင် ရှိသည်။ အလာဒင့်အား မြေကွက်ကို ငါ ပေးတော်မူစဉ်ကလည်း သင် ရှိသည်။ ပြီးတော့လည်း ဘယ်မင်းဘယ်စိုးနှင့်မျှ မထိုက်တန်သော၊ အဖိုးအနဂ္ဃ ထိုက်တန်သော ကျောက်မျက်ရတနာများကို ငါ့သမီးတော်အဖို့ ဆက်သနိုင်စွမ်းရှိသော သူတစ်ယောက် သည် ဤကဲ့သို့သော နန်းတော်ဆောင်ကို ဆောက်၍ ပေးနိုင်စွမ်းရှိလိမ့်မည် မဟုတ်ဟု အဘယ်သို့လျှင် သင် ဆိုနိုင်ပါမည်နည်း’ လို့ ဆိုပါသတဲ့။

အဲသည်လို စူလတန်ကြီးက ပြောလိုက်တော့ နန်းရင်းဝန်ကြီး စိတ်ထဲက “အလာဒင်ကိုတော့ စူလတန်ကြီးက အလွန့်အလွန် မြတ်နိုးတော်မူနေပြီ။ သူ ထပ်ပြော လို့လည်း ဘာမျှ အကျိုးထူးတော့မည် မဟုတ်”ဆိုသဟာ သိသဟာနှင့် နောက်ထပ် ဘာမျှ မပြောတော့ဘဲ ငြိမ်နေပါသတဲ့။ အဲသည် အချိန်ဟာ မိုးထိန်ထိန် လင်းနေသည့် အချိန် ဖြစ်သဟာနှင့် အလာဒင်က စူလတန်ကြီးဆီကို အခစား ဝင်ချိန်တော်ပြီလို့ အောက်မေ့ပြီး သူ့အခန်းထဲ ဝင်သွားပြီး မီးခွက်ကို လက်နှင့် ပွက်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ပေါ်လာပြီး ‘အရှင် အလိုရှိရာကိုသာ မိန့်ပါ၊ ငါ ဆောင်ကြဉ်းပေးရန် အသင့် ရှိပါသည်’ လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က ‘သည်နေ့ သမီးတော်နှင့် စုလျားရစ်ပတ်ဖို့ ရွှေနန်း တော်ကို ငါ သွားရမည်။ သည်တော့ သင်က ငါ့ကို ရွှေစ တစ်သောင်း ရှာပေးရမည်’ လို့ ပြောပါသတဲ့။ အဲသဟာနှင့် မီးခွက်စောင့်သရဲက ဖြုန်းခနဲ ပျောက်ကွယ်သွားပြီး မျက်စိ တစ်မှိတ်လောက် အတွင်းမှာပဲ ရွှေစ တစ်သောင်းနှင့် ပြန်ပေါ်လာပြီး အလာဒင့် လက်ထဲ ကို ရွှေစတစ်သောင်း အပ်ပါသတဲ့။ ပြီးတော့ သရဲဟာ ပျောက်ကွယ်သွားပါသတဲ့။

အဲသဟာနှင့် အလာဒင်က ရွှေစ တစ်သောင်းကို ယူပြီး အသားဖြူကျွန်



www.burmeseclassic.com

www.burmeseclassic.com



မြင်းသည်ကျော် လေးကျိပ်ရှစ်ယောက် ရှေ့နောက် ခြံရံပြီး စူလတန်ကြီးရဲ့ နန်းတော်ဆီကို ထွက်လာပါသတဲ့။ လမ်းခုလတ်မှာ အလာဒင်က မြို့သူမြို့သားတွေကို ရွှေစတွေ ကြဲပြီး ပေးပါသတဲ့။ အဲသဟာနှင့် မြို့သူမြို့သားများက အလာဒင်ကို သိပ် သဘောကျကြပါသတဲ့။ အလာဒင်ဟာ နန်းတော်ကြီးနားကို နီးလာတော့ နန်းတော် တံခါးဝက ထွက်ကြိုနေကြသည့် မှူးကြီးမတ်ရာ သေနာပတိတွေက စူလတန်ကြီးဆီကို ပြေးပြီး အလာဒင် ရောက်ကြောင်းကို လျှောက်ကြပါသတဲ့။

သည်တော့ စူလတန်ကြီးက သူ့သမက်လောင်းကို သူကိုယ်တိုင် ထွက်ကြိုပြီး၊ သူ့အဆောင်တော်ထဲကို တစ်ခါတည်း ခေါ်သွားပြီး သူ့ရဲ့ လက်ယာဘက်က ကပ်ပြီး ထိုင်စေပါသတဲ့။ အဲသည် အချိန်မှာ နေပြည်တော် တစ်ခုလုံးဟာ သီကြဆိုကြ၊ တီးကြ မှုတ်ကြသည့် တူရိယာသံများဖြင့် သောသောညံနေပါသတဲ့။ နေမွန်းတည့်လို့ စားချိန် သောက်ချိန် ရောက်မှ စူလတန်ကြီး အမိန့်နှင့် သီဆို တီးမှုတ်ကြခြင်းများကို ရပ်လိုက်ကြပါသတဲ့။ ပြီးတော့ စူလတန်ကြီးက မင်းမှူးမတ် ပရိသတ်ကြီး စားသောက်ဖို့ စားပွဲများကို ပြင်စေပါသတဲ့။ အဲသည် စားပွဲ သောက်ပွဲကြီးမှာ တည်ခင်းကျွေးမွေးသဟာတွေက ဘုရင်မင်းမြတ်များနှင့် ထိုက်တန်သည့် အစားအစာတွေချည်း ဖြစ်ပါသတဲ့။ အဲသဟာနှင့် မှူးကြီးမတ်ရာ သေနာပတိ စသည့် ပရိသတ်ကြီးဟာ ပျော်ပျော်ပါးပါးနှင့် စားကြ သောက်ကြပါသတဲ့။ ပြီးတော့ ခရိုင်နယ်ပယ်တွေမှာလည်း မြို့စားနယ်စားတွေက နယ်ပယ်သူ နယ်ပယ်သားတွေ အတွက် ပျော်ပွဲသဘင်တွေကို ဆင်ယင် ကျင်းပါပေးကြပါသတဲ့။

အဲသည်လို ပျော်ရွှင်မြူးထူး နေကြသည့် ပရိသတ်ကြီးထဲမှာ စူလတန်ကြီးက ဘုရင်မကြီးလို ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည့် အဝတ်တန်ဆာများကို ဆင်မြန်းထားသည့် အလာဒင့်အမေကို မြင်တော်မူတော့ ယခင်က အလာဒင့် အမေဟာ ဆင်းရဲသူမ အဖြစ်နှင့် သူ့ရှေ့တော်ကို ဝင်ပြီး ခစားတုန်းက အဖြစ်ကို ပြန်ပြီး သတိရတော်မူပါသတဲ့။

ပြီးတော့ အလာဒင်တို့ စုလျားရစ်ပတ်ပွဲကို လာပြီး စားကြ သောက်ကြသည့် နေပြည်တော်သူ နေပြည်တော်သားတွေက ညတွင်းချင်း အလာဒင် ဆောက်ထားသည့် နန်းတော်ဆောင်ကြီးကို မြင်တော့ တအံ့သြကြီး အံ့သြသွားကြပြီး 'အလာဟုအရှင်သည် အလာဒင့်အား စောင်မတော်မူစေသတည်း' လို့ ဆုတောင်းမင်္ဂလာ ပြုကြပါသတဲ့။ စားပွဲကြီးပြီးတော့ အလာဒင်က စူလတန်ကြီးကို ဆလံပေးပြီး၊ မြင်းသည်တော်တွေ ရှေ့နောက် ခြံရံပြီး သမီးတော် ဗဒ္ဒရာဗူဒူကို စောင့်မျှော်ဖို့ သူ ဆောက်ထားသည့် နန်းတော်ဆောင်ကို ပြန်လာပါသတဲ့။ သည်တော့ စားပွဲလာသည့် ပရိသတ်ကြီးက အလာဒင့်နောက်က လိုက်လာကြပြီး 'အလာဒင်သည် သက်တော်ရာကျော် ရှည်ပါစေ၊ အလာဟု





အရှင်သည် အလာဒင်ကို စောင်မတော်မူပါစေ' လို့ အော်ကြပါသတဲ့။ အလာဒင်ကလည်း ပရိသတ်ကြီးထဲကို ရွှေစတွေ ပစ် ပစ်ပြီး ကြဲချပါသတဲ့။ ပြီးတော့ သူ့နန်းတော်ဆောင်ကို ရောက်သွားတော့ အလာဒင်က မြင်းပေါ်က ဆင်းပြီး သလွန်ပေါ်မှာ ထိုင်ပါသတဲ့။ သူ့အသားဖြူကျွန်းများကလည်း မြင်းပေါ်ကဆင်းပြီး အလာဒင့်ရှေ့မှာ လက်ပိုက်ပြီး စီတန်းနေကြပါသတဲ့။ ခဏလောက်နေတော့ အလာဒင့် အခိုင်းအစေများက သင်းပျံ့မွှေးကြိုင်သည့် အဖျော်များ ဖျော်ပြီး အလာဒင်ကို တိုက်ကြပါသတဲ့။ အဖျော်ရည် သောက်ပြီးတော့ အလာဒင်က သူ့အသားဖြူ ကျွန်များ၊ သင်းကွပ်များ၊ အသားဖြူကျွန်မပျိုများကို သမီးတော် ဗဒ္ဒရာဗူဒူကို ကြိုကြဖို့ အဆင်သင့် ပြင်ဆင်ထားရမည်လို့ အမိန့်ပေးပါသတဲ့။

ညနေစောင်းတော့ စူလတန်ကြီးက မှူးတော်မတ်တော်တွေ ခြံရံပြီး မြင်းကွင်းထဲ ထွက်ပြီး မြင်းရေးကျင့်ပါသတဲ့။ သည်တော့ အလာဒင်ကလည်း သူ့အသားဖြူကျွန် မြင်းသည်တော် လေးကျိပ်ရှစ်ယောက် ခြံရံပြီး မြင်းရေး ပြပါသတဲ့။ အလာဒင်က မြင်းရေး ကျင်လည်လွန်းလို့ သူ့ကို ဘယ်သူမှ မပြိုင်နိုင်ပါဘူး တဲ့။ အဲသလို အလာဒင်က မြင်းရေး ပြနေသည့်အခါမှာ သမီးတော်ကလေး က သူ့အဆောင်တော် ပြတင်းပေါက်က နေပြီး ကြည့်နေပါသတဲ့။ သည်တော့ အလာဒင်က ချောလည်းချော၊ လှလည်းလှ၊ မြင်းရေးကလည်း ကျင်လည်သဟာကို တွေ့ရသဟာနှင့် သမီးတော်ကလေးဟာ အလာဒင့် အပေါ်မှာ အချစ်စိတ်တွေ ယိုဖိတ်လာပြီး၊ ထပြီး က ချင်သလို ခုန် ချင်သလိုကို ဖြစ်လာပါသတဲ့။

ပြီးတော့ အဲသလို မြင်းရေးပြပြီးတော့ အလာဒင်က တခြား မြင်းသည်ကျော်များနှင့် ရောပြီး စူလတန်ဘုရင်ကြီးနှင့်အတူ နန်းတော်ကြီးထဲ လိုက်သွားပါသတဲ့။ ညနေချမ်းကျတော့ မှူးကြီးမတ်ကြီးတွေက အလာဒင်ကို ရေချိုးဆောင် ခေါ်သွားပြီး၊ ရေချိုးပြီး နံ့သာရည်များ ပက်ဖျန်းပေးပါသတဲ့။ ပြီးတော့မှ အဖိုးထိုက် အဖိုးတန် အဝတ်တန်ဆာများ ဝတ်ဆင်ပေးပြီး မှူးကြီးမတ်ကြီးများ၊ စစ်ဗိုလ် စစ်မှူးများ ခြံရံပြီး သူ့နန်းတော်ဆောင်ထိအောင် လိုက်ပို့ကြပါသတဲ့။ သူ့နန်းတော်ဆောင်ကို ရောက်သွားတော့ အလာဒင်က သူ့ကို လိုက်ပို့ကြသည့် နန်းတော်သူ နန်းတော်သား စစ်ဗိုလ်စစ်မှူးများကို သင်းပျံ့အေးကြည်သည့် အဖျော်ရည်များနှင့် ဧည့်ခံပါသတဲ့။ ပြီးတော့ သူ့နောက်က တစ်အုပ်ကြီး လိုက်လာကြသည့် မြို့သူ မြို့သားများအတွက် သူ့အသားဖြူကျွန်များကို ရွှေတွေ ကြဲချပေးစေပါသတဲ့။

ပြီးတော့ စူလတန်ကြီးကလည်း သူ့မှူးတော်မတ်တော် စစ်ဗိုလ် စစ်မှူးတွေကို အကုန်ခေါ်ပြီး အလာဒင်ရဲ့ နန်းတော်ဆောင်ကို လိုက်ပို့ရမည်လို့ အမိန့်တော် မှတ်ပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အဲသဟာနှင့် နန်းတော်ထဲမှာ ရှိသည့် သင်းကွပ်တွေ၊ ကျွန်မပျိုတွေ မကျန် အကုန်လုံး မီးရှူးမီးတိုင်တွေကို ကိုင်ပြီး သမီးတော်ကလေးကို အလာဒင့်ဆီကို လိုက်ပို့ကြပါသတဲ့။ အဲသည်အခါမှာ အလာဒင်ရဲ့အမေက မင်းသမီးကလေးရဲ့ အပါးက စောင့်ပြီး လိုက်လာပါသတဲ့။ သမီးတော်ကလေးကို အလာဒင်က ပေးထားသည့် ကျွန်မပျိုလေးကျိပ်ရှစ်ယောက် ခြံရံပြီး လာသဟာကို ကြည့်ရသဟာလည်း အင်မတန် ကျက်သရေရှိပါသတဲ့။ အဲသလို ခြံရံပြီး လိုက်လာကြသည့် အထဲမှာ မှူးကြီးမတ်ကြီး သမီးတွေ၊ စစ်ဗိုလ်စစ်မှူး သမီးတွေနှင့်တကွ အားလုံး နန်းတော်သူတွေ ပါကြပါသတဲ့။

အဲသဟာနှင့် အလာဒင်ရဲ့ နန်းတော်ဆောင်ကို ရောက်တော့ သမီးတော်ကလေးကို နန်းတော်ဆောင် အထက်ထပ်မှာ ရှိသည့် သူ့အဆောင်တော်ကို လိုက်ပို့ကြပါသတဲ့။ အဲသည်တော့မှ အလာဒင်က သမီးတော်ကလေးကို ပထမအကြိမ် သွားပြီး တွေ့ပါသတဲ့။ အဲသည်အခါမှာ အလာဒင့်အမေကလည်း မင်းသမီးကလေးရဲ့ အပါးမှာ ရှိပါသတဲ့။ အဲသဟာနှင့် အလာဒင်က မင်းသမီးရဲ့ ခေါင်းမြီးခြုံ အဝတ်ကို ဆွဲဖွင့်လိုက်တော့ မင်းသမီးကလေးက တကယ့်ကို ချောသဟာ လှသဟာကို အလာဒင့်အမေက မြင်ရပါသတဲ့။ ပြီးတော့ အလာဒင့်အမေက အလာဒင်ရဲ့ နန်းတော်ဆောင်ကို မျက်စိတစ်ဆုံး လျှောက်ကြည့်ပါသတဲ့။ သည်တော့ သူ့စိတ်ထဲက "အလျင်တုန်းကတော့ ငါ့စိတ်ထဲက စူလတန်ကြီးရဲ့ ရွှေနန်းတော်ကြီးဟာ ကြီးကျယ် ခမ်းနားလှပြီလို့ မှတ်နေသည်။ အခု ငါ့သားရဲ့ နန်းတော်ဆောင်ကို ကြည့်လိုက်တော့မှ စူလတန်ကြီးရဲ့ ရွှေနန်းတော်ကြီးဟာ ဘာမှ မဟုတ်သဟာကို သိရသည်" လို့ အောက်မေ့မိပါသတဲ့။

အလာဒင့်အမေက အဲသည်လို အလာဒင်ရဲ့ နန်းတော်ဆောင်ကို ကြည့်နေသည့် အချိန်မှာ မင်းသမီးကလေးကလည်း အလာဒင့်အမေ ကြည့်သလို ကြည့်မိပြီး သူ့အတွက် အလာဒင်က ဆောက်ပေးသည့် နန်းတော်ဆောင်ဟာ သူ့ခမည်းတော်ရဲ့ ရွှေနန်းတော်ကြီးထက် အဆပေါင်းများစွာ သာပါကလားလို့ အောက်မေ့ပါသတဲ့။

ပြီးတော့ အားလုံး ပရိသတ်တွေအတွက် စားပွဲတွေ ပြင်ပြီး မြိန်မြိန်ရှက်ရှက် ပျော်ပျော်ပါးပါး ကျွေးပါသတဲ့။ အဲသလို ကျွေးမွေးပြီးတော့ အပျိုတော်ရှစ်ကျိပ်က တူရိယာကိုယ်စီ ကိုင်ပြီး နားထောင်လို့ မငြီးနိုင်လောက်အောင် တီးကြပါသတဲ့။ အဲသည်တော့ သမီးတော်ကလေး စိတ်ထဲက "ငါ့တစ်သက်မှာ သဟာလောက် သာယာနာပျော်ဖွယ် ကောင်းသည့် တီးသံမှုတ်သံ၊ သီသံ ဆိုသံမျိုးကို တစ်ခါမှ မကြားရဖူးဘူး" လို့ အောက်မေ့ပြီး တူရိယာသံကို နားထောင်ချင်သဟာနှင့် အစားတောင်မှ ဆက်မစားတော့ပါဘူး တဲ့။

ပြီးတော့ အလာဒင်က သူကိုယ်တိုင် သေရည်ကို ဖန်ခွက်ထဲ ငှဲ့ထည့်ပြီး သမီးတော်ကလေးဆီကို ကမ်းလိုက်ပါသတဲ့။ အဲသည်အချိန်က စပြီး ပရိသတ်ကြီး





ဟာလည်း အပျော်ကြီး ပျော်ပြီး သေရည်ခွက် ကိုယ်စီကိုင်ပြီး သောက်ကြပါသတဲ့။ အဲသဟာနှင့် စားပွဲသောက်ပွဲကြီး ပြီးသွားတော့ အလာဒင်က သမီးတော်ကလေးဆီကို အဆောင်တော် ကူးသွားပါသတဲ့။ မနက်လင်းလို့ အလာဒင် စက်ရာက ထတော့ ရွှေတိုက်စိုး ဝန်ကြီးက အလာဒင်အတွက် အင်မတိ အင်မတန် အဖိုးတန်သည့် ဝတ်လဲတော် ပုဆိုးများ လာပြီး ဆက်သပါသတဲ့။ ပြီးတော့ အလာဒင်က ငါးကြီး အန်ဖတ်နှင့် စီရင်ထားသည့် ကော်ဖီကို သောက်ပြီး၊ အသားဖြူကျွန် လေးကျိပ်ရှစ်ယောက် ခြံရံပြီး မြင်းနှင့် စူလတန်ဘုရင်ကြီးထံကို အခစား ဝင်ပါသတဲ့။ အဲသည်လို အလာဒင် အခစားဝင်လာကြောင်းကို စူလတန်ကြီးက ကြားတော်မူတော့ စူလတန်ကြီးက အလာဒင့်ဆီကို ပြေးကြိုပြီး သူ့သားတော် အရင်းလို ပွေ့ဖက်ပြီး နမ်းတော်မူပါသတဲ့။ ပြီးတော့ စူလတန်ကြီးက အလာဒင်ကို သူ့လက်ယာဘက်မှာ ထိုင်စေပါသတဲ့။ ပြီးတော့ အလာဒင် ဘုန်းကြီးပြီး သက်ရှည်ဖို့ ဆုတောင်းပါသတဲ့။ သည်တော့ မှူးကြီးမတ်ကြီးတွေကလည်း စူလတန်ကြီး ဆုတောင်းသလို ဝိုင်းပြီး ဆုတောင်းကြပါသတဲ့။ ပြီးတော့ နံနက်စာပွဲတော် တည်ကြပါသတဲ့။ အဲသည်လို ပွဲတော်တည်လို့ ဝတော့ အလာဒင်က 'မှန်လှပါ၊ သည်နေ့ည ခမည်းတော် မင်းတရားကြီးနှင့်တကွ မှူးတော်မတ်တော် အားလုံးဟာ သားတော်နှင့် သမီးတော်တို့ရဲ့ နန်းတော်ဆောင်မှာ လာပြီး ညစာပွဲတော် တည်လှည့်ပါ' လို့ ဖိတ်ပါသတဲ့။

သည်တော့ စူလတန်ကြီးက 'သားတော်ဟာ အကျွေးအမွေးဘက်က တယ်ပြီး ရက်ရောပေတာပဲ' လို့ ချီးမွမ်းတော်မူပါသတဲ့။ ပြီးတော့ စူလတန်ကြီးက မှူးကြီး မတ်ရာများကို အလာဒင့် နန်းတော်ဆောင်ကို လိုက်ပါကြဖို့ အမိန့်တော် မှတ်ပါသတဲ့။ ပြီးတော့ စူလတန်ကြီးနှင့် မှူးတော်မတ်တော်များဟာ မြင်းကိုယ်စီ စီးပြီး အလာဒင် နန်းတော်ဆောင်ကို ထွက်လာကြပါသတဲ့။ အဲသည်အခါမှာ အလာဒင်နှင့် သူ့မြင်းတော် အခြံအရံများလည်း တစ်ပါတည်း ပါပါသတဲ့။ အလာဒင်ရဲ့ နန်းတော်ဆောင် ရောက်သွားတော့ စူလတန်ကြီးက နန်းရင်းဝန်ကြီးကို ခေါ်တော်မူပြီး 'ဘယ့်နှယ်လဲ နန်းရင်းဝန်ကြီး၊ ငါ့သားတော်လို ရွှေငွေ ရတနာနှင့် ပြည့်စုံသဟာ၊ ငါ့သားတော်ရဲ့ နန်းတော်ဆောင်လို ကြီးကျယ်ခမ်းနားသဟာ သင် မြင်ဖူးရဲ့လား' လို့ မေးတော်မူပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ ယခုကဲ့သို့ ရွှေငွေ ရတနာ ပေါများဖို့ ဆိုသဟာနှင့် ယခုလို ကြီးကျယ်ခမ်းနားသည့် နန်းတော်ဆောင်ကြီးကို တစ်ညတည်းနှင့် အပြီးဆောက်နိုင်ဖို့ ဆိုသဟာမျိုးက ရိုးရိုးလူသားတို့ အစွမ်းနှင့် ဆိုရင် ဖြစ်နိုင်ဖို့လမ်း မရှိကြောင်းပါ။ မကောင်းဆိုးဝါး သရဲသဘက်များနှင့် ပူးပြီး လုပ်ခြင်းကြောင့်သာ ဖြစ်နိုင်ခြင်း ဖြစ်ဖွယ်ရှိပါသည်' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန်ကြီးက 'တော်စမ်းပါ နန်းရင်းဝန်ကြီးရယ်၊ သင် ပြောလိုက်ရင် သည်လိုချည်းပါပဲ။ သင် ဘာကြောင့် သည်လို ပြောသည် ဆိုသဟာကိုလည်း ငါ သိပါသည်' လို့ ပြောပါသတဲ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အလာဒင်က စူလတန်ကြီးနှင့် မှူးတော်မတ်တော်များကို သူတို့ နန်းတော်ဆောင် အပေါ်ထပ်ကို ခေါ်ပြီး ပြပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးက ကျောက်သံပတ္တမြားတွေနှင့် မွမ်းမံ ခြယ်လှယ်ထားသည့် လေသာပေါက်တွေ၊ နေရောင်ခံ ပြတင်းပေါက်တွေကို ကြည့်ပြီး အအံ့သြကြီး အံ့သြနေတုန်းမှာ အပြီးသတ်အောင် မလုပ်ရသေးသည့် ပြတင်းပေါက် တစ်ခုကို သွားတွေ့ပါသတဲ့။ သည်တော့ စူလတန်ကြီးက 'ဟဲ့... သည်ပြတင်းပေါက်ကတော့ ပြီးအောင် မလုပ်ရသေးပါလား၊ ဘယ့်နှယ် ဟာတုံး' လို့ ဆိုပါသတဲ့။ ပြီးတော့ စူလတန်ကြီးက နန်းရင်းဝန်ကြီးဘက် လှည့်ပြီး 'သည်မှာ နန်းရင်းဝန်ကြီး၊ သည်ပြတင်းပေါက်ကို ဘာလို့ အပြီးသတ်အောင် မလုပ်ဘဲနှင့် ချန်ထားသည် ဆိုသဟာကို သင် တွေးကြည့်နိုင်ရဲ့လား' လို့ ပြောပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ အရှင်မင်းတရားကြီးက စုလျားရစ်ပတ်မှုကို အလျင်လိုသည့်အတွက် အလာဒင်ဟာ သည်ပြတင်းပေါက်ကို ပြီးအောင် လုပ်ချိန်မရလို့ ထင်ပါသည်' လို့ ပြောပါသတဲ့။ အဲသည်အချိန်မှာ အလာဒင်က သမီးတော် ဗဒ္ဒရာဗူဒူ အဆောင်တော်ကို သွားပြီး သူ့ခမည်းတော် စူလတန်ကြီး လာနေသည့် အကြောင်းကို သွားပြောနေပါသတဲ့။ အဲသဟာနှင့် အလာဒင် ပြန်ရောက်လာတော့ စူလတန်ကြီးက 'သည်မှာ သားတော်၊ သည် ပြတင်းပေါက်ကိုတော့ သင် ဘာလို့ ပြီးအောင် မလုပ်ရသလဲ' လို့ အလာဒင်ကို မေးပါသတဲ့။

အဲသည်တော့ အလာဒင်က 'မှန်လှပါ၊ စုလျားရစ်ပတ်ဖို့ အချိန်က အင်မတိ အင်မတန် နီးကပ်နေသည့်အတွက် သည်ပြတင်းပေါက်ကို ပြီးအောင် လုပ်ဖို့ ဗိသုကာ ရှာချိန် မရလို့ပါ' လို့ ပြောပါသတဲ့။ သည်တော့ စူလတန်ကြီးက 'သည်လိုဆိုလျှင် သည်ပြတင်းပေါက်ကို ငါက အပြီးသတ်အောင် လုပ်ပေးချင်သည်' လို့ မိန့်ပါသတဲ့။ သည်တော့ အလာဒင်က 'သည်လိုဆိုရင် အတိုင်းထက် အလွန် သင့်မြတ်ပါသည်။ သည်လိုသာဆိုရင် သမီးတော် စိတ်ထဲမှာလည်း ခမည်းတော်ရဲ့ ကျေးဇူးတော်ကို မေ့နိုင်ဖို့ အကြောင်းရှိမည် မဟုတ်ကြောင်းပါ' လို့ ပြောပါသတဲ့။

သည်တော့ စူလတန်ကြီးက သူ့ရွှေတိုက်တော်ထဲမှာ ရှိသည့် ကျောက်သံ ပတ္တမြားတွေကို ထုတ်စေပြီး၊ ဗိသုကာ အကျော်အမော်တွေကို ခေါ်ပြီး အပြီးသတ် အောင် မလုပ်ရသေးသည့် ပြတင်းပေါက်ကို အဆောတလျင် ပြီးအောင် အလုပ်ခိုင်း တော်မူပါသတဲ့။ အဲသည် အချိန်မှာပဲ သမီးတော်ကလေးက မျက်နှာထား ပြုံးပြုံး ကလေးနှင့် ခမည်းတော် စူလတန်ကြီးကို ဖူးရန် သူ့အဆောင်တော်ထဲက ထွက်လာ ပါသတဲ့။ သည်တော့ စူလတန်ကြီးက သမီးတော်ကလေးကို ကြင်နာယုယစွာ ပွေ့ဖက် နမ်းရှုပ်တော်မူပါသတဲ့။ ပြီးတော့ စူလတန်ကြီးနှင့် နောက်ပါ ပရိသတ် အားလုံးဟာ နန်းတော်ဆောင် ခန်းမထဲကို ဝင်သွားကြပါသတဲ့။ အချိန်ကလည်း မွန်းတည့်ချိန်မို့





ပွဲတော်တည်ရန် အချိန်ကျနေသဟာနှင့် စားပွဲများကိုလည်း အဆင်သင့် ပြင်ဆင်ထား သဟာကို တွေ့ကြရပါသတဲ့။

အဲသဟာနှင့် အလာဒင်က တည်ခင်း ကျွေးမွေးသည့် အစားကောင်း အသောက် ကောင်းတွေကို မြိန်မြိန်ရှက်ရှက်နှင့် ပျော်ပျော်ပါးပါးကြီး စားကြ သောက်ကြပြီးတော့ စူလတန်ကြီးက သူ့ဗိသုကာများကို လက်စသတ်အောင် လုပ်ဖို့ အမိန့်ပေးထားသည့် ပြတင်းပေါက်ကို သွားပြီး ကြည့်ပါသတဲ့။ သည်တော့ ဗိသုကာများက 'မှန်လှပါ၊ မင်းတရားကြီး၏ ရွှေတိုက်တော်ကလေးက ရတနာ ရွှေငွေများကို အကုန်ယူပြီး တပ်ဆင်သော်လည်း မလောက်သေးကြောင်းပါ' လို့ လျှောက်ကြပါသတဲ့။ သည်တော့ စူလတန်ကြီးက 'သည်လိုဆိုရင် ငါ့ရွှေတိုက်တော်ကြီးမှာ ရှိသည့် ကျောက်မျက် ရတနာ တွေကို အကုန်ယူပြီး လုပ်ကြ' လို့ အမိန့်တော် ပေးပါသတဲ့။

သဟာပေမင့် ရွှေတိုက်တော်ကြီးမှာ ရှိသည့် ကျောက်သံပတ္တမြား အကုန်နှင့် လည်း မလောက်သေးပါဘူးတဲ့။ အဲသဟာနှင့် စူလတန်ကြီးက သူ့ကို အလာဒင် ဆက်သ ထားသည့် ကျောက်သံပတ္တမြားတွေကိုပါ ထုတ်ပေးတော်မူပြန်ပါသတဲ့။ သဟာပေမင့် လည်း အလာဒင် လုပ်ထားသည့် ပြတင်းပေါက် နှစ်ဆယ့်သုံးပေါက်မှာ တပ်ဆင်ထား သည့် ကျောက်သံပတ္တမြားတွေလောက် မများပါဘူးတဲ့။ အဲသဟာနှင့် စူလတန်ကြီးက မှူးကြီးမတ်ရာတွေဆီမှာ ရှိသည့် ကျောက်သံ ပတ္တမြားတွေကိုပါ ထုတ်ပေးရမည်လို့ အမိန့်တော် မှတ်ပါသတဲ့။ သဟာပေမင့် မှူးကြီး မတ်ရာတွေဆီက ရသည့် ကျောက်သံ ပတ္တမြားတွေနှင့်လည်း မလောက်သေးပါဘူး တဲ့။

အဲသည် အတောအတွင်းမှာ အလာဒင်က လာပြီး ကြည့်တော့ ပြတင်းပေါက် ဟာ တစ်ဝက်တောင် မပြီးသေးသဟာကို တွေ့ရပါသတဲ့။ သည်တော့ အလာဒင်က စူလတန်ကြီးရဲ့ ဗိသုကာတွေ၊ ပန်းယိမ်ကျော်တွေကို 'သင်တို့ ထည့်ထားသည့် ကျောက်သံ ပတ္တမြားတွေကို အကုန် ပြန်ဖြုတ်ပြီး၊ စူလတန်ကြီးရဲ့ ကျောက်သံ ပတ္တမြားကို စူလတန် ကြီးကို ပြန်ဆက်လိုက်၊ မှူးကြီး မတ်ကြီးတွေဆီက ကျောက်သံ ပတ္တမြားတွေကို မှူးကြီး မတ်ကြီးတွေဆီကို ပြန်ပေးလိုက်' လို့ ခိုင်းပါသတဲ့။

သည်တော့ ဗိသုကာတွေနှင့် ပန်းထိမ်သည်တွေက စူလတန်ကြီး ရှေ့တော် ဝင်ပြီး သည်လို သည်လိုပဲ၊ အလာဒင်က ပြတင်းပေါက်မှာ စီခြယ်မွမ်းမံထားသည့် ကျောက်သံပတ္တမြားတွေကို အကုန်ဖြုတ်ပြီး ဥစ္စာရှင်များကို ပြန်ပေးရမည်လို့ ပြောပါ သည်လို့ လျှောက်ကြပါသတဲ့။ သည်တော့ စူလတန်ကြီးက 'နေကြစမ်းပါဦး၊ အလာဒင် က ပြင်တင်းပေါက်ကို ပြီးအောင် လုပ်ပေးသဟာကို မကြိုက်ဘူးတဲ့လား။ ဘာလို့ အခုလို တိုးလိုးတန်းလန်းနှင့် ပြန်အဖျက်ခိုင်းရ သဟာတဲ့လဲ' လို့ မေးတော်မူပါသတဲ့။ သည်တော့ ဗိသုကာတွေနှင့် ပန်းထိမ်သည်တွေက 'မှန်လှပါ၊ ဘယ်လို အကြောင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အဖျက်ခိုင်းသည် ဆိုသဟာတော့ မသိကြောင်းပါ၊ ငါတို့တော့ သူ အဖျက်ခိုင်းသဟာနှင့် ဖျက်ပြီး ကျောက်သံပတ္တမြားတွေကို ပြန်ပြီး ယူလာရပါသည်' လို့ လျှောက်ကြပါသတဲ့။

အဲသည်တော့ စူလတန်ကြီးက စီးတော်မြင်းကို အပြင်ခိုင်းပြီး အလာဒင်ရဲ့ နန်းတော်ဆောင်ဘက်ကို အဆောတလျင် ထွက်တော်မူသွားပါသတဲ့။ အဲသည် အတော အတွင်းမှာ အလာဒင်က သူ့အခန်းထဲ သူ ဝင်သွားပြီး ဆေးမီးခွက်ကို လက်နှင့် ပွတ်လိုက်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ဖြုန်းခနဲ ပေါ်လာပြီး 'အရှင် အလိုတော် ရှိသဟာကိုသာ မိန့်တော်မူပါ၊ ငါ ရအောင် ဆောင်ကြဉ်းပေးပါမည်' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'တပည့်ကြီးရေ၊ ငါတို့ အပြီးမသတ်သေးသည့် ပြတင်းပေါက်ကို ချက်ချင်း အပြီးသတ်အောင် လုပ်လိုက်ကွယ်' လို့ ပြောပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက 'အရှင် အလိုရှိသည့်အတိုင်း ဖြစ်ရပါစေမည်၊ ဘာမျှ စိုးရိမ်တော်မမူပါလင့်' ဆိုပြီး ပျောက်ကွယ်သွားပါသတဲ့။ ပြီးတော့ မျက်စိတစ်မှိတ် လျှပ်တမ်ပြက်လောက် အကြာမှာ သရဲက ပြန်ပေါ်လာပြီး 'မှန်လှပါ၊ အရှင် အလိုတော် ရှိသည့်အတိုင်း စီမံပြီးပါပြီ' လို့ ပြောပြီး ပျောက်ကွယ်သွားပါသတဲ့။

အဲသဟာနှင့် အလာဒင်က နန်းတော်ဆောင် အပေါ်ထပ် တက်ပြီး ကြည့်တော့ သရဲ ပြောသည့်အတိုင်းပဲ၊ ပြတင်းပေါက်ဟာ အပြီးသတ်နေသဟာကို တွေ့ရပါသတဲ့။ အဲသည်လို အလာဒင်က ပြတင်းပေါက်ကို ကြည့်နေတုန်းမှာပဲ သင်းကွပ်တစ်ယောက်က မောကြီးပန်းကြီးနှင့် အလာဒင့်ဆီကို ပြေးလာပြီး 'မှန်လှပါ၊ စူလတန်ကြီးဟာ မြင်းတော်စီးပြီး ရွှေနန်းတော်ကြီးက လာခဲ့လို့ ယခုအချိန်တွင် အရှင်၏ နန်းတော်ဆောင် တံခါးဝမှာ ရောက်နေကြောင်းပါ' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က ကမန်းကတန်း နန်းတော်ဆောင်ပေါ်က ပြေးဆင်းသွားပါသတဲ့။ နန်းတော်ဆောင် အောက်ထပ်ရောက်လို့ စူလတန်ကြီးနှင့် တွေ့တော့ စူလတန်ကြီးက 'ဘာဟာ့ကြောင့် နန်းတော်ဆောင် ပြတင်းပေါက်ကို အပြီးသတ်အောင် လုပ်ခွင့် မပြုရသဟာလဲ သားတော်ရဲ့၊ သားတော်က နန်းတော်ဆောင်ကို သည်လိုပဲ အပြီးမသတ်ဘဲ တန်းလန်းကြီး ထားချင်လို့လား' လို့ ရောက်မဆိုက် မေးတော်မူပါသတဲ့။ သည်တော့ အလာဒင်က 'ခမည်းတော် ဘုရင်၊ သားတော်ဟာ အကြံရှိ၍သာ နန်းဆောင် ပြတင်းပေါက်ကို ပြီးအောင် မလုပ်စေခြင်း ဖြစ်ပါသည်။ ပြီးအောင် လုပ်စေနိုင်စွမ်း မရှိ၍ မဟုတ်ပါ။ ထို့ပြင် ခမည်းတော်အား အပြီးမသတ်သော နန်းတော်သို့ လာတော်မူစေချင်၍လည်း မဟုတ်ပါ။ သားတော်သည် နန်းတော်ဆောင်ကို အပြီးသတ်အောင် လုပ်စေနိုင်စွမ်း ရှိသည်ကို ခမည်းတော် သိတော်မူလိုသည် ဖြစ်ပါမူ ယခုပင် နန်းတော်ဆောင် အပေါ်ထပ်သို့ ကိုယ်တော်တိုင် တက်၍ ကြည့်တော်မူနိုင်ပါသည်' လို့ လျှောက်ပါသတဲ့။





အဲသဟာနှင့် စူလတန်ကြီးက နန်းတော်ဆောင် အပေါ်ထပ်ကို အလာဒင်နှင့် အတူ လိုက်သွားပြီး ကြည့်ပါသတဲ့။ နန်းတော်ဆောင် အပေါ်ထပ် ရောက်သွားတော့ စူလတန်ကြီးက ရှိသမျှ ပြတင်းပေါက်တွေကို တစ်ခုပြီးတစ်ခု လျှောက်ပြီး ကြည့်ပါသတဲ့။ သဟာပေမင့် အပြီးမသတ်သည့် ပြတင်းပေါက်ရယ်လို့ တစ်ခုမှ မတွေ့ရဘဲ ပြတင်းပေါက် အားလုံးဟာ အကုန်လုံး အပြီးသတ်နေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးက အံ့အားအသင့်ကြီး သင့်သွားပြီး ဝမ်းသာအားရနှင့် အလာဒင်ကို ပွေ့ဖက်ပြီး နမ်းတော်မူသတဲ့။ ပြီးတော့ စူလတန်ကြီးက 'သားတော်ဟာ တကယ်စွမ်းသည့် ယောကျ်ားတစ်ယောက်ပါပေပဲ သားတော်၊ သားတော်ဟာ လူပေါင်းအမြောက်အမြား နေ့ရက်များစွာနှင့် ပြီးအောင် မလုပ်နိုင်သည့် အလုပ်ကို တစ်ညချင်းနှင့် ပြီးအောင် လုပ်နိုင်ပါသည်။ သားတော်သည် အတုမရှိသော ယောကျ်ားကောင်း တစ်ယောက်ပင် ဖြစ်ပါသည်' လို့ ပြောပါသတဲ့။ ပြီးတော့ စူလတန်ကြီးက နန်းတော်ဆောင် အပေါ်ထပ်က ဆင်းလာပြီး သမီးတော် ဗဒ္ဒရာဗူဒူ အဆောင်တော်ကို ဝင်ပြီး အပန်းဖြေတော်မူပါသတဲ့။ သမီးတော်လေးဟာ အင်မတန် ရွှင်လန်းဝမ်းမြောက်စွာနှင့် ကျက်သရေမင်္ဂလာ ပြည့်စုံသည့် အဆောင်တော်ထဲမှာ စံနေသဟာကို တွေ့ရတော့ စူလတန်ကြီးဟာ အင်မတန် ဝမ်းမြောက်တော်မူသွားပါသတဲ့။ အဲသဟာနှင့် သမီးတော်လေးရဲ့ အဆောင်တော်မှာ တအောင့်လောက် အပန်းဖြေတော်မူပြီး စူလတန်ကြီးဟာ သူ့ရွှေနန်းတော်ကြီးကို ပြန်ကြွသွားပါသတဲ့။

အလာဒင်ကတော့ သမီးတော်လေးနှင့် စုလျားရစ်ပတ်ပြီးသည့် နေ့ကစပြီး နေ့တိုင်းနေ့တိုင်း နေပြည်တော်ထဲကို မြင်းသည်တော် အသားဖြူကျွန်တွေ ရှေ့နောက် ခြံရံပြီး လမ်းသေးလမ်းမြွာမကျန် လျှောက်လျှောက် လည်ပါသတဲ့။ အဲသလို လည်ရင်းနှင့် တွေ့သမျှ လူတွေကို လူစိမ်းလူကျက်၊ ဆင်းရဲချမ်းသာ မရွေး ရွှေစများ ပေးကမ်း စွန့်ကြဲပါသတဲ့။ အဲသဟာနှင့် လူတိုင်းလူတိုင်းကပဲ အလာဒင့်ကို အပေးအကမ်း ရက်ရောသည်ဆိုပြီး ချစ်ကြခင်ကြပါသတဲ့။ ပြီးတော့ အလာဒင်က ရသေ့ရဟန်းများ၊ မရှိဆင်းရဲသားများကိုလည်း ဆတက်ထမ်းပိုး တိုးပြီး ပေးကမ်းစွန့်ကြဲခြင်း ပြုပါသတဲ့။ အဲသလို ပေးကမ်းစွန့်ကြဲသည့် အခါမှာလည်း သူများကို တစ်ဆင့် မခိုင်းဘဲနှင့် သူ ကိုယ်တိုင် ပေးကမ်း စွန့်ကြဲပါသတဲ့။ အဲသလို ကောင်းမှုတွေ ပြုသည့်အတွက် သူ့ဂုဏ်သတင်းဟာ တစ်တိုင်းလုံး တစ်ပြည်လုံး ကျော်ကြားနေပါသတဲ့။ မှူးကြီးမတ်ကြီးတွေထဲက ဆိုရင်လည်း သူ့အိမ်မှာ မဝင်ထွက် မစားသောက်ဖူးသည့် သူလို့ မရှိပါဘူးတဲ့။ ပြီးတော့ မြင်းရေးပြကွင်းကို သွားဖို့ကိုလည်း အလာဒင်က မမေ့ပါဘူးတဲ့။ အဲသဟာနှင့် အလာဒင်က မြင်းကိုစီးပြီး ခါးရေး လှံရေး ပြသည့်ဟာများကို သမီးတော်ကလေးက မြင်ရတော့ အင်မတိ အင်မတန် သဘောတော် ခွေ့ပြီး နန်းရင်းဝန်ကြီးသားနှင့် သူ



www.burmeseclassic.com

www.burmeseclassic.com



အလာဒင်ဟာ အသားဖြူကျွန်တွေ ခြံရံပြီး လမ်းသေးလမ်းမြှာမကျန် လျှောက်လည်ပါသတဲ့…။

အပျိုရည် မပျက်ခင် မကွဲ ကွဲအောင် ခွဲပေးဖော်ရသည့် သူကိုပဲ ဘယ်သူဘယ်ဝါ ဆိုတာ မသိဘဲနှင့် တွေးပြီး ကျေးဇူးတင်မိပါသတဲ့။ ပြီးတော့ အလာဒင်ဟာ စိတ်ထား သဘောထား မြင့်မြတ်သည့်အတွက် တစ်နေ့တခြား ချစ်ခင်သူတွေ များလာပါသတဲ့။ တစ်တိုင်းလုံး တစ်ပြည်လုံး မှူးကြီးမတ်ရာ သေနာပတိ သူဌေးသူကြွယ်က စပြီး ဆင်းရဲသူ ဆင်းရဲသား မကျန် အလာဒင်ကို ချစ်ခင်ကြပါသတဲ့။

အဲသလို နေတုန်းမှာ တစ်နေ့တော့ စူလတန်ကြီးရဲ့ နိုင်ငံတော်ကို ရန်သူများက မြင်းတပ်နှင့်လာပြီး တိုက်ကြပါသတဲ့။ သည်တော့ စူလတန်ကြီးက စစ်သည်တော်တွေ စုပြီး အလာဒင်ကို စစ်သေနာပတိတင်ပြီး ခုခံ တိုက်ခိုက်စေပါသတဲ့။ သည်တော့ အလာဒင်က စစ်သည် ဗိုလ်ပါတွေနှင့် ချီပြီး ရန်သူရှိရာကို သွားတိုက်ပါသတဲ့။ သည်တော့





ရန်သူများကလည်း အပြင်းအထန် ဆီးပြီး တိုက်ပါသတဲ့။ ဟိုဘက် သည်ဘက် သေလိုက်ကြသည့်သူတွေ ဆိုသဟာလည်း အတုံးအရုံးပါပဲတဲ့။ နောက်ဆုံးကျတော့ အလာဒင်က မြင်းရေးရော၊ ဓားရေး လှံရေးရော အင်မတိ အင်မတန် ကျွမ်းကျင်သဟာနှင့် ရန်သူများ မခံမရပ်နိုင်ဖြစ်ပြီး တပ်လန် သွားပါသတဲ့။ အဲသည်စစ်ပွဲမှာ အသေအပျောက် အပျက်အစီး များလွန်းလို့ သေသူဟာ ဘယ်နှယောက် ရှိသည်၊ ပျက်စီးသွားသည့် စီးပွားဥစ္စာဟာ ဘယ်လောက်များသည် ဆိုသဟာကို တွက်ချက်လို့တောင် မရနိုင်ပါဘူးတဲ့။ ရန်သူကို အပြီးတိုင် ချေမှုန်းပြီးလို့ အလာဒင်က စူလတန်ကြီးရဲ့ နေပြည်တော် ပြန်လာတော့ စူလတန်ကြီးနှင့်တကွ နေပြည်တော်သူ နေပြည်တော်သားများက ပွဲကြီးပါ ခြိမ့်ခြိမ့်ညံအောင် ခံပြီး ဆီးကြိုကြပါသတဲ့။

ပြီးတော့ စူလတန်ကြီးက အလာဒင်ကို ပွေ့ဖက် နမ်းရှုပ်ပြီးတော့ သမီးတော်ကလေး စံတော်မူသည့် နန်းတော်ဆောင်ကို ခေါ်သွားပါသတဲ့။ ပြီးတော့ စူလတန်ကြီးက တစ်တိုင်းလုံး တစ်ပြည်လုံး အောင်ပွဲကျင်းပဖို့ အမိန့်တော် မှတ်လိုက်ပါသတဲ့။ အဲသဟာနှင့် တစ်တိုင်းလုံး တစ်ပြည်လုံး အယုတ်အလတ် အမြတ်မရွေး အင်မတိ အင်မတန် ပျော်ရွှင်ကြပါသတဲ့။ ပြီးတော့ တိုင်းသူပြည်သားတွေကလည်း "မိုးပေါ်မှာ အလာဟ်၊ မိုးအောက်မှာ အလာဒင်"လို့ ပြောစမှတ် ပြုကြပါသတဲ့။ အဲသည်လို ပျော်ရွှင်ကြသူတွေထဲမှာတော့ သမီးတော်ကလေးက အပျော်ရွှင်ဆုံးပါပဲ တဲ့။

အဲသည်လို အလာဒင်နှင့် မင်းသမီးကလေးတို့ဟာ ပျော်မဆုံးနိုင်အောင် ဖြစ်နေတုန်းမှာ သိုက်ဆရာကြီးက သူ့တိုင်းပြည်ကို ပြန်ရောက်သွားပြီး မြေတွင်းတိုက်ကြီးထဲက ဆေးမီးခွက်ဟာ သူ့လက်ထဲ ရောက်ခါနီးကလေးကျမှ တော့ပြီး လွဲသွားရသည့်အတွက် ခဲလေသမျှ သဲရေကျဖြစ်ပြီး အများကြီး စိတ်မကောင်း ဖြစ်ပြီး အလာဒင့်အပေါ်မှာ အများကြီး စိတ်ဆိုးနေပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီး စိတ်ထဲက "ဟို အမျိုးယုတ်ကလေး မြေတွင်းတိုက်ကြီးထဲမှာ သေသွားသည့် အတွက်တော့ ဝမ်းနည်းစရာ မရှိပါဘူး။ ဆေးမီးခွက်ကို ငါ မရလိုက်သဟာပဲ နာပါသည်။ သဟာပေမင့် ဆေးမီးခွက်ဟာ မြေတွင်းတိုက်ကြီးထဲက ဘယ်မှ ပျောက်သွားနိုင်မှာမှ မဟုတ်ဘဲ။ တစ်နေ့တော့ ငါ့လက်ထဲ ရောက်လာဦးမှာပါပဲ" လို့ အောက်မေ့ပါသတဲ့။ အလာဒင်ဟာ မသေဘဲနှင့် ဆေးမီးခွက်ကို ရလာသဟာကိုတော့ သိုက်ဆရာကြီးက မသိပါဘူးတဲ့။

အဲသလို နေရင်းနှင့် သိုက်ဆရာကြီးက သူ့စိတ်ထဲက မြေတွင်းတိုက်ကြီးထဲမှာ ဆေးမီးခွက် ရှိသေးသလား၊ မရှိတော့ဘူးလား ဆိုသဟာကို သိရှိအောင်လို့ အင်းတွေချပြီး တွက်ချက်ကြည့်ပါသတဲ့။ သည်တော့ မြေတွင်းတိုက်ကြီးထဲမှာ ဆေးမီးခွက်ဟာ ပျောက်နေပြီ ဆိုသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးဟာ မွှန်ထူသွားပြီး မြေတွင်းတိုက်ကြီးထဲမှာ အလာဒင်ကော ရှိသေးသလား ဆိုသဟာကို သိရအောင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ တွက်ချက် ကြည့်ပြန်ပါသတဲ့။ သည်တော့ မြေတွင်းတိုက်ကြီးထဲမှာ ဆေးမီးခွက်သာ မဟုတ်ဘဲနှင့် အလာဒင်ပါ ပျောက်နေသဟာကို တွေ့ရပါသတဲ့။ သည်တော့ သိုက်ဆရာကြီးဟာ ပိုပြီး စိတ်ဆိုးလာပြီး အလာဒင် သေမသေ သိရအောင် ထပ်ပြီး တွက်ချက် ကြည့်ပြန်ပါသတဲ့။ အဲသည်တော့ အလာဒင်ဟာ အသက် မသေရုံတွင် မကဘဲနှင့် ဆေးမီးခွက်ပိုင်ရှင် ဖြစ်နေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီး စိတ်ထဲက "အင်း... ငါကတော့ သည်မီးခွက်ကို သူတစ်ပါးလက်ထဲ ရောက်မသွားဘဲ ငါ့လက်ထဲ ရောက်ပါစေတော့ဆိုပြီး အဆင်းရဲ အမျိုးမျိုးခံပြီး ကြိုးစားလိုက်ရသဟာ။ အခုတော့ ငါ ကြိုးစားခဲ့ရသမျှတွေဟာ သည် ကောင်ယုတ်မာကလေး ကောင်းစားဖို့ ဖြစ်နေပြီ။ သည်တော့ ငါ့မှာ တခြားနည်း မရှိတော့ဘူး။ သည် ကောင်ယုတ်မာကလေး မသေသေအောင် လုပ်ဖို့ တစ်နည်းပဲ ရှိတော့သည်" လို့ အောက်မေ့ပါသတဲ့။

ပြီးတော့ သိုက်ဆရာကြီးက အင်းတွေချပြီး တွက်ချက် ကြည့်လိုက်ပြန်တော့ အလာဒင်ဟာ အင်မတိ အင်မတန် ပစ္စည်းဥစ္စာတွေ ချမ်းသာကြွယ်ဝပြီး စူလတန်ကြီးရဲ့ သမီးနှင့် ညားနေပြီ ဆိုသဟာကို တွေ့ရပြန်ပါသတဲ့။ သည်တော့ သိုက်ဆရာကြီးဟာ နဂိုကမှ အလာဒင့် အပေါ်မှာ မနာလို မရှုဆိတ် ဖြစ်နေသဟာမို့ ပိုပြီး အမျက်မီး ဟုန်းဟုန်းတောက်သွား ပြန်ပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးဟာ အလာဒင် နေသည့် တရုတ်ပြည်ဘက်ကို တရကြမ်း ခရီးနှင်လာခဲ့ပါသတဲ့။ တရုတ်ပြည် ရောက်တော့ သိုက်ဆရာကြီးဟာ ခရီးသည်များ တည်းခိုသည့် နေရာမှာ ဝင်တည်းပြီး စူလတန်ကြီးရဲ့ နေပြည်တော်ထဲကို လှျောက်ပြီး စနည်းနာပါသတဲ့။ သည်တော့ လူစုပြီး စကားပြောကြသည့် နေရာတိုင်းမှာပဲ အလာဒင်ရဲ့ နန်းတော်ဆောင်ကြီး ကြီးကျယ်ခမ်းနားပုံ၊ အံ့ဩစရာကောင်းပုံ၊ အလာဒင်ဟာ ကျက်သရေရှိပုံ၊ စိတ်နှလုံး ကောင်းပုံ၊ အစွန့်ကြဲ ရက်ရောပုံ အကြောင်းတွေကိုချည်း ပြောနေကြသဟာကို ကြားရပါသတဲ့။

အဲသလို လှျောက်ပြီး စုံစမ်းရင်းနှင့် နောက်ဆုံးတော့ သိုက်ဆရာကြီးဟာ ကော်ဖီဝိုင်း တစ်ဝိုင်းကို ရောက်သွားပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက အာအကျယ်ဆုံး လူတစ်ယောက် အနားကပ်ပြီး 'အို... လုလင်၊ အခု သင်တို့ ပြောနေကြသည့် သူဟာ ဘယ်သူပါလဲ' လို့ မေးပါသတဲ့။ သည်တော့ လုလင်က 'အို... မိတ်ဆွေ၊ သင်သည် တခြား တစ်နိုင်ငံသား ဖြစ်ဟန်တူသည်။ ထို့ကြောင့်သာ သင်က ယခုကဲ့သို့ မေးခြင်းဖြစ်မည်။ အကယ်၍ သင်သည် ဝေးလံသော တိုင်းပြည်မှ လာခဲ့သူပင် ဖြစ်သည်ထားပါဦး၊ သင်သည် အလာဒင်မင်းသားရဲ့ သတင်းကို ကြားဖူးဖို့ သင့်ပါသည်။ ဒွန္တယာကြီးတွင် အလာဒင်မင်းသား၏ ဂုဏ်သတင်း မပျံ့နှံ့သော အရပ်ဟူ၍ မရှိပါ။ အလာဒင်မင်းသားရဲ့ နန်းမဆောင်ကြီး ကြီးကျယ်ခမ်းနားပုံဟာ လူတိုင်း ပါးစပ်ဖျားတွင် ရောက်နေပါသည်။ အလာဒင်မင်းသားရဲ့ နန်းတော်ဆောင်ဟာ ဒွန္တယာကြီးရဲ့ အံ့ဖွယ်တစ်ပါးပင် မဟုတ်ပါ





လော။ အလာဒင်ရဲ့ နာမည်နှင့် ဂုဏ်သတင်းကို သင် မကြားဖူးဘူး ဆိုသည်မှာ အံ့စရာကောင်းပါသည်' လို့ ပြောပါသတဲ့။

သည်တော့ သိုက်ဆရာကြီးက 'အို... လုလင်၊ ငါသည် အလာဒင် မင်းသား၏ နန်းတော်ဆောင်ကြီးကို အလွန်တရာ ကြည့်လိုပါသည်။ ငါ့အား လိုက်ပြပါလော့၊ ငါသည် တခြား တစ်နိုင်ငံက လာခဲ့သူ ဖြစ်ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ လုလင်က 'ယခုပင် ငါ လိုက်ပြပါမည် မိတ်ဆွေ' လို့ ပြောပြီး အလာဒင်ရဲ့ နန်းတော်ဆောင်ကို လိုက်ပြပါသတဲ့။ နန်းတော်ဆောင်ကြီးကို မြင်ရတော့ သိုက်ဆရာကြီးက သေသေချာချာ ကြည့်ပြီး "အင်း... ဟုတ်ပါသည်၊ သဟာဟာ ဆေးမီးခွက်ရဲ့ တန်ခိုးပါပဲ" လို့ အောက်မေ့ပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက "အင်း... ကံကောင်းတဲ့ အခါတော့ နေသေးဦးပေါ့ အလာဒင်ရာ၊ တစ်နေ့တော့လည်း ငါ့အလှည့် လည်ဦးမှာပေါ့။ အဲသည် အခါကျတော့ သင်လို ကောင်ယုတ်မာမျိုးကို ဘယ် ငါက အရှင်ထားလိမ့်မတဲ့လဲ။ သင့်ကို သတ်ပြီး သင့်အမေကိုတော့ ထမင်းငတ် ဘဝကို ပြန်ပို့လိုက်မှာပေါ့" လို့ ဝမ်းထဲက ကျိတ်ပြီး ကြိမ်းပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးဟာ အင်မတိ အင်မတန် မခံမရပ်နိုင်လောက်အောင် စိတ်ဆိုးပြီး သူ တည်းသည့် ခရီးသည် စခန်းကို ပြန်သွားပါသတဲ့။

ခရီးသည် စခန်းကို ရောက်တော့ သိုက်ဆရာကြီး ဇေဒင်တွေတွက်၊ အင်းတွေချပြီး အဲသည်အချိန်မှာ ဆေးမီးခွက် ဘယ်မှာရှိသည် ဆိုသဟာကို ကြည့်ပါသတဲ့။ သည်တော့ အလာဒင်ဟာ ဆေးမီးခွက်ကို သူနှင့်အတူ ဆောင်မထားဘဲ သူ့နန်းတော်ဆောင်ထဲမှာ သိမ်းထားသဟာကို တွေ့ပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက "ရွှေ့... နိပ်ဟ၊ သည်လိုဆိုတော့ သည်ကောင်ကို သတ်ဖို့ရာ ဘာမှ မခက်တော့ဘူး။ သည်ကောင်ကို သတ်ပြီးတော့မှ ဆေးမီးခွက်ကို ငါ ရအောင် ယူမယ်" လို့ သူ့ဟာသူ ပြောပါသတဲ့။

ပြီးတော့ သိုက်ဆရာကြီးက ကြေးပန်းထိမ်သည် တစ်ဦးဆီ သွားပြီး 'ငါ့ကို မီးခွက် လေးငါးဆယ်လုံး လုပ်ပေးစမ်းပါ။ သင် ကြိုက်သည့်ဈေးကို ပေးသည့်အပြင် နောက်ထပ်လည်း ငါ ပေးပါဦးမည်။ အမြန်ဆုံးသာ လုပ်ပေးပါ' လို့ ပြောပါသတဲ့။ သည်တော့ ပန်းထိမ်သည်က 'စိတ်သာချပါ၊ သင် လိုချင်သည့် မီးခွက်များကို ရပါစေမည်' လို့ ပြောပြီး နေ့ရော ညပါ ကြိုးစားပြီး လုပ်ပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးက ပန်းထိမ်သည် တောင်းသည့်ဈေးကို ပေးပြီး၊ မီးခွက်များကို ယူပြီး သူ တည်းခိုသည့် ခရီးသည်စခန်းကို ပြန်သွားပါသတဲ့။ ခရီးသည်စခန်းကို ရောက်တော့ သိုက်ဆရာကြီးက မီးခွက်တွေကို တောင်းတစ်တောင်းထဲမှာ ထည့်ပြီး၊ မြို့ပြင်လေးရပ်ကို အကုန်လှည့်ပြီး 'မီးခွက်ဟောင်းများကို မီးခွက်အသစ်နှင့် လဲသည်' လို့ အော်ပါသတဲ့။

အဲသည်လို သိုက်ဆရာကြီး အော်သံကို ကြားကြတော့ အရပ်ထဲက လူတွေက



www.burmeseclassic.com

www.burmeseclassic.com



'အင်း . . . တန်တော့ မီးခွက်ဟောင်းကို မီးခွက်သစ်နှင့် လဲမတဲ့ ဆိုတော့ သည်လူဟာတော့ စိတ်မနှံ့သည့်လူပဲ ဖြစ်မှာပဲ' လို့ ပြောကြပါသတဲ့။ ပြီးတော့ သည်လူဟာ လူဆန်းပဲ ဆိုပြီး အရပ်ထဲက လူတွေက သူ့နောက်က တစ်ပုံကြီး ဝိုင်းပြီး လိုက်ကြည့်ကြပါသတဲ့။ ကလေးတွေက ဆိုရင်လည်း တစ်အုပ်ကြီးပါပဲတဲ့။ သဟာပေမင့် သိုက်ဆရာကြီးက သူ့နောက်က ဝိုင်းလိုက်နေသည့် လူတွေကို ဂရုမစိုက်ဘဲ မြို့ထဲကို လျှောက်ပြီး 'မီးခွက်ဟောင်းများကို မီးခွက်သစ်နှင့် လဲသည်၊ မီးခွက်ဟောင်းများကို မီးခွက်သစ်နှင့် လဲသည်' လို့ အော်နေသဟာပါပဲတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ သိုက်ဆရာကြီးဟာ အလာဒင်ရဲ့ နန်းတော်ဆောင် အနီးကို ရောက်သွားပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'မီးခွက်ဟောင်းများကို မီးခွက်သစ်နှင့် လဲသည်၊ မီးခွက်ဟောင်းများကို မီးခွက်သစ်နှင့် လဲသည်' လို့ ပိုပြီး ကျယ်ကျယ်ကြီး အော်ပါသတဲ့။ သည်တော့ သူ့နောက်က ဝိုင်းလိုက်နေကြသည့် ကလေးတွေက 'အရူးကြီးဟေ့၊ အရူးကြီးဟေ့' လို့ အော်ပြီး လှောင်ကြပါသတဲ့။ အဲသည်အချိန်မှာ သမီးတော် ဗဒ္ဒရာဗူဒူက သူ့အဆောင်တော်ထဲက နေပြီး သိုက်ဆရာကြီး အော်သည့် အသံရယ်၊ ကလေးတွေကလည်း ညာသံပေးပြီး အော်ကြသည့် အသံတွေကို ကြားပါသတဲ့။ အဲသဟာနှင့် ဆူဆူညံညံနှင့် ဘာသံတွေပါလိမ့်လို့ အောက်မေ့ပြီး သမီးတော်ကလေးက သူ့ကျွန်မတစ်ယောက်ကို လွှတ်ပြီး ကြည့်ခိုင်းပါသတဲ့။ အဲသည်တော့ သိုက်ဆရာကြီးက 'မီးခွက်ဟောင်းရှိလျှင် မီးခွက်သစ်နှင့် လဲမည်၊ မီးခွက်ဟောင်းရှိလျှင် မီးခွက်သစ်နှင့် လဲမည်' လို့ အော်နေသဟာနှင့် သူ့နောက်က ကလေးတွေ တစ်ပုံကြီးက 'အရူးကြီးဟေ့၊ အရူးကြီးဟေ့' လို့ အော်ပြီး ရယ်နေကြသဟာကို သမီးတော်ကလေးဆီက လွှတ်လိုက်သည့် ကျွန်မက တွေ့ရပါသတဲ့။

အဲသဟာနှင့် ကျွန်မက သူ့သခင်မကို သည်လိုသည်လို အကြောင်း ဆိုသဟာကို ပြောပြပါသတဲ့။ သည်တော့ မင်းသမီးကလေးက ဟက်ဟက် ပါအောင် ရယ်ပါသတဲ့။ သဟာ့ထက် အဲသည်နေ့က အလာဒင်ကလည်း သတိမေ့ပြီး သူ့ဆေးမီးခွက်ကို ခါတိုင်းလို သေတ္တာထဲထည့်ပြီး လုံလုံခြုံခြုံ သိမ်းမထားခဲ့ပါဘူး တဲ့။ သည်တော့ ကျွန်မ တစ်ယောက်က 'ထိပ်ထားရယ်၊ ငါတို့သခင် အလာဒင့် အဆောင်တော်ထဲမှာ မီးခွက်ဟောင်းတစ်ခုကို ငါ မြင်မိပါသည်။ အဲသည် မီးခွက်ဟောင်းကို သည်လူကြီးဆီက မီးခွက်သစ်နှင့် လဲရရင် မကောင်းဘူးလား။ သည်လိုဆိုရင် သူ့စကားဟာ မမှန်ဘူး မှန်သည်ဆိုသဟာကို သိရမှာပေါ့' လို့ မင်းသမီးကလေးကို ပြောပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'အေး . . . ညည်းအကြံ ကောင်းသားပဲ။ သွား၊ ညည်းသခင် အဆောင်တော်ထဲကို သွားပြီး ညည်း ပြောသည့် မီးခွက်ကို သွားယူချေ' လို့ ခိုင်းပါသတဲ့။ အဲသဟာနှင့် ကျွန်မက သမီးတော်ကလေး ခိုင်းသည့်အတိုင်း အလာဒင်ရဲ့ ဆေးမီးခွက်ကို သွားပြီး ယူလာပါသတဲ့။ အဲသည့်အခါမှာ မင်းသမီးကလေးကလည်း





အလာဒင်ရဲ့ ဆေးမီးခွက် တန်ခိုးကြောင့် သူတို့ ဇနီး မောင်နှံ ပစ္စည်းဥစ္စာတွေ ပေါများပြီး ခမ်းနား ကြီးကျယ်သည့် နန်းတော်ဆောင်ကြီးနှင့် နေရသည် ဆိုသဟာကို မသိပါဘူးတဲ့။ သူ့စိတ်ထဲက မီးခွက်ရောင်းသည့် လူကြီးဟာ သူ ပြောသည့်အတိုင်း စကား တည်မတည် ဆိုသဟာပဲ သိရအောင် စမ်းကြည့်ချင်ပါသတဲ့။ အဲသဟာနှင့် သင်းကွပ်မှူးတစ်ယောက်ကို ခေါ်ပြီး အလာဒင်ရဲ့ ဆေးမီးခွက်ကို သိုက်ဆရာကြီးဆီက မီးခွက်သစ် တစ်ခုနှင့် လဲဖို့ရာ လွှတ်လိုက်ပါသတဲ့။ သင်းကွပ်မှူးက မီးခွက်သစ်ကို ယူပြီး ပြန်လာလို့ မင်းသမီးကလေးက အသေအချာ ယူကြည့်တော့ မီးခွက် အသစ်စက်စက်ကြီး ဖြစ်နေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးက ဟက်ဟက်ပါအောင် ရယ်ပါသတဲ့။ သူ့စိတ်ထဲက မီးခွက်သည်ကြီးဟာ တော်တော့်ကို စဉ်စားဉာဏ် မရှိသဟာပဲလို့ အောက်မေ့ပါသတဲ့။ သိုက်ဆရာကြီးဟာ အင်မတန် ဉာဏ်များသည် ဆိုသဟာကိုတော့ လုံးလုံး မရိပ်မိပါဘူး တဲ့။

သိုက်ဆရာကြီးက အလာဒင်ရဲ့ ဆေးမီးခွက်ကို ရတော့ အသေအချာ ကိုင်ကြည့်ပြီး သည်မီးခွက်ဟာ မြေတွင်းတိုက်ထဲက ဆေးမီးခွက်မှန်းကို သိသဟာနှင့် တစ်ပြိုင်နက် သူ့အတွင်းအိတ်ထဲ ထည့်ပြီး သိမ်းထားလိုက်ပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးက ကျန်သည့် မီးခွက်တွေကို လိုချင်သူ ယူဖို့ ပစ်ထားခဲ့ပြီး မြို့ပြင် ရောက်အောင် ခြေကုန်သုတ်ပြီး ပြေးသဟာပါပဲတဲ့။ မြို့ပြင်ရောက်တော့မှ ခြေလှမ်း မှန်မှန်လျှောက်ပြီး နောက်ဆုံး လူသူတစ်ယောက်မှ မရှိသည့် သဲကန္တာရကြီးထဲ ရောက်အောင် ဆက်ပြီး သွားပါသတဲ့။ အဲသည်လို သဲကန္တာရကြီးထဲကို ရောက်သွားလို့ စိတ်ချရသည့် အခါကျတော့မှ သိုက်ဆရာကြီးက ဆေးမီးခွက်ကို ထုတ်ပြီး လက်နှင့် ပွတ်ကြည့်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ဖြုန်းခနဲ ပေါ်လာပြီး 'အရှင် အလိုရှိရာကို မိန့်ပါ၊ ငါ ဆောင်ကြဉ်း၍ ပေးပါမည်' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'အလာဒင်ရဲ့ နန်းတော်ဆောင်ကို အထဲမှာရှိသည့် လူတွေပါ အကုန်လုံး ပါအောင် အခုရှိသည့် နေရာက ချွတ်ပြီး ငါ နေသည့် အာဖရိကတိုက်ကို ရောက်အောင် သယ်ပေးရမည်။ ငါ့ကိုလည်း ချန်မထားနှင့်၊ ငါလည်း တစ်ပါတည်း လိုက်မည်။ ငါ နေသည့် မြို့ကို သင် သိသည် မဟုတ်လား၊ အဲသည် မြို့နားမှာ ကပ်နေသည့် ဥယျာဉ်ထဲမှာ နန်းတော်ဆောင်ကို တည်ပေးရမည်' လို့ အမိန့်ပေးပါသတဲ့။ သည်တော့ မီးခွက်စောင့် သရဲက 'ကောင်းပါပြီ၊ အရှင် အလိုတော်ရှိသည့်အတိုင်း ဖြစ်ရပါစေမည်' လို့ ပြောပြီး မျက်စိ တစ်မှိတ်လောက် အတွင်းမှာပဲ အလာဒင်ရဲ့ နန်းတော်ဆောင်ကြီးကို အာဖရိကတိုက်ကို ဆောင်ကြဉ်းပေးလိုက်ပါသတဲ့။

အဲသည်လို သိုက်ဆရာကြီးက အလာဒင်ရဲ့ နန်းတော်ဆောင်ကြီးကို ဆောင်ကြဉ်းသွားသည့် နေ့မှာ စူလတန်ကြီးက နံနက်စောစော စက်ရာက ထပြီး အလာဒင်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နန်းတော်ဆောင် ရှိသည့်ဘက်ကို ပြတင်းပေါက်က နေပြီး ကြည့်လိုက်ပါသတဲ့။ သည်တော့ နန်းတော်ဆောင်ကြီးဟာ ပျောက်ချင်းမလှ ပျောက်နေပြီး နန်းတော်ဆောင်နေရာမှာ မူလ ကနဦးက ခါတိုင်း ကွင်းပြင်ကြီး ပြန်ဖြစ်နေသဟာကို တွေ့ရပါသတဲ့။

သည်တော့ စူလတန်ကြီးက မျက်လုံးမျက်ဆန် ပြူးသွားပြီး "ဟိုက် . . . ငါ့ သမီးတော်ရဲ့ နန်းတော်ဆောင်ကြီးဟာ ဘယ်ရောက်သွားပါလိမ့်၊ ခက်တော့သဟာပါပဲ၊ ငါ ဘယ်လို လုပ်ရပါ့" လို့ အောက်မေ့ပြီး စိတ်အများကြီး ပူသွားပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးက နန်းရင်းဝန်ကြီးကို ခေါ်တော်မူပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက စူလတန်ကြီး စိတ်မချမ်းမသာ ဖြစ်နေသဟာကို ကြည့်ပြီး 'မှန်လှပါ၊ ဘယ်လို အကြောင်းပါလဲ မင်းတရားကြီး' လို့ လျှောက်ပါသတဲ့။

သည်တော့ စူလတန်ကြီးက 'အို . . . နန်းရင်းဝန်ကြီးက တယ်ပြီး သတိ နည်းသဟာကိုး။ ဟိုဘက်ကို ကြည့်လိုက်စမ်းပါဦး၊ အလာဒင်ရဲ့ နန်းတော်ဆောင်ကြီးဟာ မရှိတော့ဘူး၊ ငါ့သမီးတော်လည်း ပါသွားပြီ၊ ဘယ်လို လုပ်ကြမတုံး' လို့ ပြောပါသတဲ့။ သည်တော့မှ နန်းရင်းဝန်ကြီးက အလာဒင်ရဲ့ နန်းတော်ဆောင်ဘက်ကို ကြည့်မိပါသတဲ့။ ပြီးတော့ နန်းရင်းဝန်ကြီးက 'သဟာကြောင့် သည်လို နန်းတော်ဆောင်မျိုး ဆိုသဟာ ဟာ ရိုးရိုးနှင့် တည်ဆောက်လို့ မဖြစ်နိုင်ဘူး။ နတ်ဆိုး နတ်ယုတ်များနှင့် ပူးပေါင်းပြီး တည်ဆောက်မှသာ ဖြစ်နိုင်စရာလမ်း ရှိပါသည်လို့ မင်းတရားကြီးကို ယခင်က ငါ လျှောက်ထားခဲ့ခြင်း ဖြစ်သည်' လို့ လျှောက်ပါသတဲ့။

အဲသည်လို နန်းရင်းဝန်ကြီးရဲ့ လျှောက်သံကို ကြားတော့ စူလတန်ကြီးဟာ အလာဒင် အပေါ်မှာ ရွှေစိတ်တော် အကြီးအကျယ် ဆိုးသွားပြီး 'အခု အလာဒင် ဘယ်မှာလဲ' လို့ နန်းရင်းဝန်ကြီးကို မေးပါသတဲ့။ သည်တော့ နန်းရင်းဝန်ကြီးက 'မှန်လှပါ၊ အလာဒင်မင်းသားဟာ တောကစား ထွက်နေကြောင်းပါ' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန်ကြီးက စစ်ဗိုလ် စစ်မှူးတွေကို ခေါ်တော်မူပြီး 'အလာဒင်ကို တောကစား ထွက်ရာ လိုက်ပြီး လက်ပြန်ကြိုးတုပ်ပြီး ရှေ့တော်ကို သွင်းခဲ့ရမည်' လို့ အမိန့်တော် မှတ်ပါသတဲ့။ သည်တော့ စစ်ဗိုလ် စစ်မှူးများက အလာဒင် တောကစားသည့် နေရာကို လိုက်သွားပြီး 'အို . . . အရှင့်သား၊ ငါတို့ အပေါ်မှာ ဘယ်လိုမျှ အပြစ်တော် မယူပါနှင့်။ ငါတို့သည် စူလတန်ကြီး၏ အမိန့်တော်အရ အရှင့်သားကို လက်ပြန်ကြိုး တုပ်ပြီး ရှေ့တော်ကို သွင်းသွားရပါလိမ့်မည်' လို့ ပြောကြပါသတဲ့။

သည်တော့ အလာဒင်က အံ့အားသင့်သွားပြီး 'နေကြပါဦး၊ ဘယ်လို အကြောင်းကြောင့် စူလတန်ကြီးက ငါ့ကို ဖမ်းဖို့ အမိန့်ထုတ်တော် မူရသဟာတဲ့လဲ။ သင်တို့ သိကြလျှင် ငါ့ကို ပြောပြကြပါဦး' လို့ ဆိုပါသတဲ့။ သည်တော့ စစ်ဗိုလ် စစ်မှူးများက 'မှန်လှပါ၊ ဘယ်လို အကျိုးအကြောင်း ဆိုသဟာ ငါတို့ လုံးဝ မသိကြပါဘူး။ ငါတို့သည်





စူလတန်ကြီးက စေခိုင်းလို့သာ လာခဲ့ကြရပါသည်' လို့ ပြောကြပါသတဲ့။ သည်တော့ အလာဒင်က 'သည်လိုဆိုရင်လည်း အမိန့်တော် ပါသည့်အတိုင်းပဲ ငါ့ကို ဖမ်းကြပါတော့၊ အမိန့်တော်ကို နာခံပါမည်' လို့ ပြောပါသတဲ့။ အဲသဟာနှင့် စစ်ဗိုလ် စစ်မှူးများက အလာဒင်ကို တင်းကျပ်နေအောင် လက်ပြန်ကြိုးတုပ်ပြီး နေပြည်တော်ထဲက ဖြတ်ပြီး စူလတန်ကြီး ရှေ့တော်ကို သွင်းသွားကြပါသတဲ့။

အဲသလို အလာဒင်ကို လက်ပြန်ကြိုးတုပ်ပြီး နန်းတော်ထဲ သွင်းသွားသဟာကို မြို့သူမြို့သားတွေက မြင်ကြတော့ စူလတန်ကြီးက အလာဒင့်ကို ဦးခေါင်းဖြတ်ပြီး သတ်ပစ်တော့မှာပဲ ဆိုသဟာကို သိကြသဟာနှင့် တုတ်တွေ၊ ဓားတွေ ကိုယ်စီကိုယ်င ကိုင်ပြီး အလာဒင်နောက်က စုပြီး နန်းတော်ထဲကို လိုက်သွားကြပါသတဲ့။ စူလတန်ကြီးကလည်း အလာဒင် သူ့ရှေ့ကို ရောက်လာသဟာနှင့် တစ်ပြိုင်နက် ပါးကွက် အာဏာသားကို ခေါ်ပြီး တစ်ခါတည်း ဦးခေါင်းကို ဖြတ်ပြီး သတ်ရမည်လို့ အမိန့်တော် မှတ်ပါသတဲ့။ အဲသလို စူလတန်ကြီးက အမိန့်တော် မှတ်လိုက်သဟာကို သိကြသဟာနှင့် တစ်ပြိုင်နက် မြို့သူမြို့သားတွေက ညာသံပေးပြီး 'အလာဒင်ကို အခုချက်ချင်း လွှတ်ရင်လွှတ်၊ မလွှတ်ရင် နန်းတော်ကြီး တစ်ခုလုံးကို မြေလှန်ပစ်မည်' လို့ ကြိမ်းကြပါသတဲ့။

သည်တော့ နန်းရင်းဝန်ကြီးက စူလတန်ကြီးကို 'မှန်လှပါ၊ မင်းတရားကြီးရဲ့ အမိန့်တော်ကို ချက်ချင်း ပြန်ရုပ်သိမ်းတော်မူပါ။ ရုပ်သိမ်းတော် မမူပါလျှင် မင်းတရားကြီးနှင့်တကွ တစ်နန်းတော်လုံး အသက် သေကုန်ကြရပါလိမ့်မည်။ နေပြည်တော်သူ နေပြည်တော်သားများဟာ အလာဒင်ကို မင်းတရားကြီးနှင့် ငါတို့ထက် ပို၍ ကြည်ညိုကြသည်' လို့ လျှောက်ပါသတဲ့။ အဲသည်အချိန်မှာ ပါးကွက် အာဏာသားကလည်း ဓားကြီး တဝင့်ဝင့်နှင့် အလာဒင်ကို ပတ်ချာလှည့်ပြီး ဓားရေး ပြနေပါသတဲ့။ စူလတန်ကြီးက အမိန့်တော် ပေးလိုက်သဟာနှင့် တစ်ချက်တည်း အလာဒင်ရဲ့ ဦးခေါင်းကို တိခနဲ နေအောင် ဖြတ်လိုက်ဖို့ အသင့်ပါပဲတဲ့။ အဲသည်အခိုက်မှာ နန်းတော်ဝက မြို့သူမြို့သားတွေကလည်း ထိန်းမရ သိမ်းမရဘဲ နန်းတော်ထဲကို အတင်း ထိုးဖောက်ဝင်ကြဖို့ တကဲကဲ လုပ်နေကြပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးက နန်းတော် တံခါးဝဘက်သို့ မျှော်ပြီး ကြည့်လိုက်တော့ မြို့သူမြို့သားတွေက 'ထိုးကြဟ၊ ခုတ်ကြဟ၊ တစ်ယောက်မှ အရှင် ချန်မထားနဲ့ဟ' လို့ ညာသံပေးပြီး နန်းတော်တံခါးဝကို အတင်း ဆွဲဖျက်ဖို့ လုပ်နေကြသဟာကို မြင်ရပါသတဲ့။ အဲသဟာနှင့် စူလတန်ကြီးဟာ ကြောက်စိတ်ဝင်လာပြီး သံတော်ဆင့်ကို ခေါ်ပြီး သမက်တော် အလာဒင်ကို အသက်ဘေးမှ ချမ်းသာပေးပြီး ရှေးယခင်က လိုပဲ ချီးမြှင့် မြှောက်စားမြဲ မြှောက်စားပါတော့မည်လို့ မြို့သူမြို့သားများကို သွားပြီး အပြောခိုင်းပါသတဲ့။

ပြီးတော့ စူလတန်ကြီးက ပါးကွက် အာဏာသားကို အလာဒင်မှာ ချည်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့် ကြိုးများကို အဖြုတ်ခိုင်းလိုက်ပါသတဲ့။ အဲသည်လို လက်ပြန်ကြိုးကို ဖြေလိုက်တော့ အလာဒင်က စူလတန်ကြီးကို 'မှန်လှပါ၊ ခမည်းတော်ဟာ သားတော် အပေါ်မှာ အမြဲပင် ချီးမြှင့် မြှောက်စားတော်မူခဲ့ပါသည်။ သည်လို ချီးမြှင့် မြှောက်စားခဲ့သည့် ကျေးဇူးတော်များကိုလည်း သားတော် ဘယ်တော့မှ မမေ့ပါဘူး။ ယခုအခါ သားတော်ကို သေဒဏ်ပေးလောက်အောင် သားတော်တွင် မည်ကဲ့သို့ အပြစ်မျိုးများ ရှိသည်ကို ခမည်းတော် မိန့်ကြားမှသာ သားတော် သိနိုင်ပါလိမ့်မည်' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန်ကြီးက အလာဒင့်ကို ကြည့်ပြီး 'ဟဲ့... သစ္စာဖောက်၊ ယခင်က ငါ့အပေါ်မှာ သင် သစ္စာတော် စောင့်ထိန်းခဲ့သည် ဆိုခြင်းမှာ မှန်သည်။ သ'ဟာပေမင့်' ဟု ပြောကာ စကားကို ဆက်မပြောဘဲ နန်းရင်းဝန်ကြီးဘက်သို့ လှည့်ပြီး 'သည်မှာ နန်းရင်းဝန်ကြီး၊ သည်ကောင်ကို ပြတင်းပေါက်နား ခေါ်သွားပြီး နန်းတော်ဆောင်ကြီး ဘယ်ရောက်သွားပြီလဲလို့ မေးစမ်း' လို့ ခိုင်းပါသတဲ့။ အဲသဟာနှင့် အလာဒင်က နန်းတော်ဆောင်ကြီး မရှိတော့ဘဲ အစ ကနဦးကအတိုင်း ကွင်းပြင်ကြီး ဖြစ်နေသဟာကို တွေ့ရပါသတဲ့။ သည်တော့ အလာဒင်က သူ့နန်းတော်ဆောင်ကြီး ဘယ်ပုံဘယ်နည်းနှင့် ပျောက်ကွယ်သွားသည် ဆိုသဟာကို မတွေးတတ်အောင် ဖြစ်သွားပါသတဲ့။

အဲသည်လို အလာဒင်ဟာ ကြံရာမရ ဖြစ်နေတုန်းမှာ စူလတန်ကြီးက အလာဒင်ကို 'ကိုင်း... သင်ကိုယ်တိုင်ပဲ ကြည့်စမ်းပါဦး၊ ဘယ်မှာလဲ သင့် နန်းတော်ဆောင်ကြီး၊ ဘယ်မှာလဲ ငါ့သမီးတော်ကလေး' လို့ မေးပါသတဲ့။ သည်တော့ အလာဒင်က 'မှန်လှပါ၊ နန်းတော်ဆောင်ကြီးဟာ ဘယ်ပုံဘယ်နည်းနှင့် ပျောက်သွားရသည်၊ သမီးတော်ကလေးဟာလည်း ဘယ်ဆီ ဘယ်စခန်း ရောက်သွားရသည် ဆိုသဟာကို သားတော် မတွေးတတ်အောင် ရှိကြောင်းပါ' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန်ကြီးက 'အို... အလာဒင်၊ သင်... သည်လို ပြောနေလို့ မရဘူး။ သည်ကိစ္စကို သင် သိရမည်။ အခု ချက်ချင်း ငါ့သမီးတော်ကို ပြန်ရအောင် ရှာပြီး ငါ့ဆီကို အပ်ရမည်။ သည်လိုမှ ငါ့သမီးတော်ကို ရအောင်ရှာပြီး သင်မအပ်နိုင်ဘူးဆိုရင် သင့်ခေါင်းနှင့်ကိုယ်ကို ငါ အတူတူ မထားနိုင်ဘူး' လို့ မိန့်ပါသတဲ့။

သည်တော့ အလာဒင်က 'မှန်လှပါ၊ သမီးတော်ကလေးကို သားတော် မတွေ့တွေ့အောင် ရှာပြီး ဆက်ပါမည်။ သားတော်ကို အရက်လေးဆယ်မျှ အချိန် ပေးတော်မူပါ။ အဲသည် အရက်လေးဆယ် အတွင်းမှာမှ သမီးတော်ကို တွေ့အောင် မရှာနိုင်ဘူး ဆိုပါလျှင် သားတော် အပေါ်တွင် ခမည်းတော် စီရင်တော်မူချင်သလို စီရင်ပါတော့' လို့ လျှောက်ပါသတဲ့။ သည်တော့ စူလတန်ကြီးက 'ကောင်းပြီ၊ သင် အလိုရှိသည့်အတိုင်း အရက်လေးဆယ် ငါ အချိန်ပေးမည်။ သည်အတွင်းမှာ ငါ့သမီးတော်ကို တွေ့အောင် ရှာပေးရမည်။ သဟာပေမင့် သင့်ကို ငါ သတိပေးလိုက်မည်။ သင် ထွက်ပြေးမည်တော့ မကြံ





လေနှင့်၊ သင်ဟာ မြေလျှိုးပြီး မိုးပျံနေတောင် ငါ့လက်ထဲက သင် လွတ်နိုင်မှာ မဟုတ်ဘူး' လို့ မိန့်ပါသတဲ့။

သည်တော့ အလာဒင်က 'မှန်လှပါ၊ အရက်လေးဆယ် အတွင်းမှာမှ သမီးတော်ကလေးကို တွေ့အောင် မရှာနိုင်ဘူးဆိုလျှင် သားတော်သည် ခမည်းတော် စီရင်သည့် အပြစ်ဒဏ်ကို ခံယူရန် အသင့်ရှိပါကြောင်း ထပ်လောင်းပြီး လျှောက်ထားပါသည်' လို့ ပြောပါသတဲ့။ အဲသည်လို ပြောပြီးတော့ အလာဒင်က စူလတန်ကြီးရဲ့ ရှေ့တော်မှ ထွက်ခဲ့ပါသတဲ့။ အဲသည်လို အလာဒင် အချုပ်အနှောင်က လွတ်လာသဟာကို တွေ့ကြရတော့ မြို့သူမြို့သားတွေက အင်မတိ အင်မတန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြပါသတဲ့။ သဟာပေမင့် အလာဒင်ကတော့ အရှက်တကွဲ အကျိုးနည်း ဖြစ်ရသည့်အတွက် မျက်နှာသိပ်ပူနေပါသတဲ့။ အဲသဟာနှင့် အလာဒင်က ဘယ်လို ကြံရဖန်ရမှန်းမသိ ဖြစ်ပြီး မြို့ထဲမှာ ခြေဦးတည့်ရာကို လျှောက်သွားနေပါသတဲ့။ အဲသဟာနှင့်ပဲ မြို့ထဲမှာ နှစ်ရက်ကြာသွားပါသတဲ့။ အဲသည် အတောအတွင်းမှာ မြို့သူမြို့သားတွေက အလာဒင်ကို စားစရာ သောက်စရာတွေကို တိတ်တိတ်ပုန်း လာပေးကြပါသတဲ့။ ပြီးတော့ နောက်တစ်နေ့ကျတော့ အလာဒင်က အကြံအိုက်သဟာနှင့် ရောက်ရာရောက်၊ ပေါက်ရာပေါက် ဆိုပြီး မြို့ပြင်ကို ထွက်သွားပါသတဲ့။ အဲသဟာနှင့် နောက်ဆုံးကျတော့ မြစ်ကြီးတစ်ခုနားကို ရောက်သွားပါသတဲ့။

သည်တော့ အလာဒင်က မကြံတတ်သဟာနှင့် မြစ်ထဲပဲ ဆင်းသေတော့မည်လို့ အောက်မေ့လိုက်ပါသတဲ့။ အဲသဟာနှင့် မသေခင် သူ့ကိုယ်သူ သန့်ရှင်းအောင် ရေချိုးဦးမည်လို့ အောက်မေ့ပြီး မျက်နှာသစ်ဖို့ လက်ခုပ်နှင့် ရေကို ကုန်းခပ်လိုက်ပါသတဲ့။ အဲသည်လို ရေကို ကုန်းခပ်လိုက်ရင်း အမှတ်တမဲ့နှင့် သူ့လက်ထဲမှာ ဝတ်ထားသည့် လက်စွပ်ကို သွားပြီး ပွတ်မိပါသတဲ့။

သည်တော့ လက်စွပ်စောင့် သရဲက ဖြုန်းခနဲ ပေါ်လာပြီး 'မှန်လှပါ၊ အရှင် အလိုရှိရာကို မိန့်တော်မူပါ။ ငါ ဆောင်ကြဉ်းပေးရန် အသင့်ရှိပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'အို... တပည့်၊ ငါ့ကြင်ရာတော်နှင့်တကွ ငါ့နန်းတော်ဆောင်ကို ယခုချက်ချင်း ငါ့ဆီ အမြန် ပြန်ရောက်အောင် လုပ်ပေးရမည်' လို့ ဆိုပါသတဲ့။ သည်တော့ လက်စွပ်စောင့်သရဲက 'အို... အရှင်၊ သည် ကိစ္စဟာ ငါ တတ်နိုင်သောကိစ္စ မဟုတ်ပါ။ မီးခွက်စောင့် သရဲသာ တတ်နိုင်သောကိစ္စ ဖြစ်ပါသည်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'သင့် ပြောသဟာ မှန်သည်၊ သည်ကိစ္စဟာ သင် တတ်နိုင်သည့် ကိစ္စ မဟုတ်ဘူး။ သို့ကလိုဆိုလျှင် သင်သည် ငါ့နန်းတော်ဆောင်နှင့် ငါ့ကြင်ရာတော် ရှိရာကို အဆောတလျင် ရောက်အောင် ပို့ပေးရမည်' လို့ ဆိုပါသတဲ့။ သည်တော့ လက်စွပ်စောင့် သရဲက 'အရှင့် အလိုရှိသည့်အတိုင်း ဖြစ်ရပါစေမည်' လို့ ဆိုပြီး မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



တစ်မှိတ်လောက် အတွင်းမှာ အလာဒင်ကို အာဖရိကတိုက်မှာ ရောက်နေသည့် သူ့နန်းတော်ဆောင် ရှေ့ကို ရောက်အောင် ပို့ပေးပါသတဲ့။ အဲသလို အလာဒင် ရောက်သွားသည့် အချိန်က နေဝင်ရီတရော အချိန်ပါတဲ့။ သဟာပေမင့် အလာဒင်က သူ့နန်းတော်ဆောင်ကို အသေအချာ မှတ်မိပါသတဲ့။ အလာဒင်ဟာ အဲသလို သူ့နန်းတော်ဆောင်ကို မြင်လိုက်ရတော့မှပဲ သူ့ချစ်သူ မင်းသမီးကလေးနှင့် ပြန်တွေ့တော့မှာပဲ ဆိုပြီး ဝမ်းအသာကြီး သာသွားပါသတဲ့။

အလာဒင်ဟာ သူ့နန်းတော်ဆောင်ကြီးနှင့် မင်းသမီးကလေး ပျောက်သွားပြီး လေးရက်လုံးလုံး မစားနိုင်၊ မအိပ်နိုင် ဖြစ်နေသဟာနှင့် ပင်ပန်းပြီး သူ့နန်းတော်ဆောင်ကြီး အနီးမှာ ရှိသည့် သစ်ပင်ကြီးတစ်ပင်အောက်မှာ အိပ်ပျော်သွားပါသတဲ့။ နံနက်မိုးသောက်ခါနီးကျတော့မှ ငှက်ကလေးတွေ မြည်သံတွန်သံ ကြားပြီး အိပ်ရာက နိုးပါသတဲ့။ ပြီးတော့ အလာဒင်ဟာ သူအိပ်သည့် သစ်ပင်ကြီးနှင့် မနီးမဝေးမှာ ရှိသည့် မြစ်ကမ်းပါးကို သွားပြီး၊ ရေမိုးချိုးပြီး အလာဟု အရှင်ကို ရှိခိုးပါသတဲ့။ ပြီးတော့မှ သူ့နန်းတော်ဆောင်ကြီး ရှိရာကို ပြန်လာခဲ့ပါသတဲ့။

အဲသည် အတောအတွင်းမှာ မင်းသမီးကလေးကလည်း သူ့ချစ်သူ အလာဒင်နှင့်လည်း ကွဲရ၊ သူ့ခမည်းတော်နှင့်လည်း ဝေးနေရလို့ စိတ်အင်မတန် မချမ်းမသာဖြစ်ပြီး ည ညမှာ မအိပ်နိုင်သဟာနှင့် အရုဏ်တက်ချိန်လောက်၊ အရုဏ်တက်ချိန်လောက်မှာ စက်ရာက ထ ထပြီး ပြတင်းပေါက်က ရော်ရမ်းပြီး ထွက် ထွက် မျှော်နေပါသတဲ့။ အဲသည်နေ့ နံနက်မှာတော့ ကံအားလျော်စွာပဲ မင်းသမီးကလေးရဲ့ အထိန်းတော်တစ်ယောက်က မင်းသမီးကလေးရဲ့ အပါးတော်က လိုက်လာပြီး ပြတင်းပေါက်က နေပြီး လှမ်းကြည့်လိုက်ပါသတဲ့။ သည်တော့ သစ်ပင်ကြီးအောက်မှာ အလာဒင်က ထိုင်ပြီး မှိုင်နေသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် အထိန်းတော်က ငမ်းသာအားရနှင့် 'သည်မှာ ထိပ်ထားရဲ့၊ ထိပ်ထားရဲ့မောင်တော် အလာဒင်ဟာ ဟိုအောက်မှာ ရောက်နေပါပကော။ ကြည့်စမ်းပါဦး' လို့ ဆိုပြီး အလာဒင်ကို လက်ညှိုးထိုးပြပါသတဲ့။

အဲသဟာနှင့် မင်းသမီးကလေးက အလာဒင်ရှိရာကို လှမ်းကြည့်လိုက်ပါသတဲ့။ အဲသည်အချိန်မှာ အလာဒင်ကလည်း မော့ပြီး ပြတင်းပေါက်ကို အကြည့်လိုက်နှင့် မင်းသမီးကလေးကို မြင်သွားပါသတဲ့။ သဟာနှင့် အလာဒင်နှင့် မင်းသမီးကလေးဟာ တစ်ယောက်နှင့်တစ်ယောက် လက်ရိပ်ပြပြီး နှုတ်ဆက်ကြပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက 'သည်မှာ မောင်တော် အလာဒင်ရဲ့၊ နောက်ဖေးပေါက်က နေပြီး တက်ခဲ့ပါ။ သေခြင်းဆိုးကြီး မရှိပါဘူး' လို့ ပြောပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက သူ့အထိန်းတော်ကို အောက်ဆင်းပြီး နောက်ဖေးပေါက်ကို ဖွင့်ပေးဖို့ ပြောပါသတဲ့။ အဲသဟာနှင့် အထိန်းတော်က နောက်ဖေးပေါက်ကို ဖွင့်ပေးလိုက်တော့ အလာဒင်က မင်းသမီးကလေး





ဆီ သွားပြီး အားရပါးရ ပွေ့ဖက်ထားပါသတဲ့။ ပြီးတော့ မင်းသမီးကလေးနှင့် အလာဒင်ဟာ နှစ်ယောက်သား ဝမ်းသာလုံးဆို့ပြီး ငိုကြပါသတဲ့။

ပြီးတော့ အလာဒင်က 'နန်းတော်ဆောင် တစ်နေရာမှာ မောင်တော် သိမ်းထားသည့် ကြေးမီးခွက်ကို နှမတော် ဘယ်လို လုပ်ပစ်လိုက်သလဲ' လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'အို . . . မောင်တော်၊ အခု နှမတော်တို့ သည်လို အခြေအနေမျိုး ရောက်ရသဟာ ဟာ သည်မီးခွက်ကြောင့်ပါပဲ' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'ဘယ်လို ဖြစ်ရသည် ဆိုသဟာကို မောင်တော့်ကို ပြန်ပြောပြစမ်းပါဦး' လို့ ဆိုပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးက ဖြစ်ကြောင်းကုန်စင်ကို ပြန်ပြောပြပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက 'အဲသည်လို မီးခွက်အဟောင်းကို မီးခွက်အသစ်နဲ့ လဲလည်း လဲလိုက်ကရော၊ နောက်နေ့ကျတော့ မောင်တော်နှင့် နှမတော်ဟာ တစ်ခါတည်း မတွေ့ကြရတော့ဘဲ ဖြစ်သွားသဟာပါပဲ။ အဲသလို ဖြစ်သဟာ ဟာ သိုက်ဆရာကြီးက သူ လုပ်လို့ ဖြစ်ရသဟာလို့ ပြောပါသည်။ အခု နှမတော်တို့ဟာ သိုက်ဆရာကြီးနေသည့် အာဖရိကတိုက်ကို ရောက်နေပါပြီ' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က 'သိုက်ဆရာကြီးက နှမတော် အပေါ်မှာ ဘယ်လို သဘောထားပြီး ဘာစကားများကို ပြောပါသလဲ' လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'သိုက်ဆရာကြီးဟာ နှမတော်ထံပါးကို တစ်နေ့ တစ်ခေါက်ကျ တစ်ခေါက်ကျပဲ လာပါသည်။ တစ်ခေါက်ကျ တစ်ခေါက်ကျထက် ပိုပြီး မလာပါဘူး။ ပြီးတော့ နှမတော်ကို ချစ်ဖို့ ကြိုက်ဖို့ ပြောပါသည်။ ပြီးတော့ မောင့်တော့်ကို စွန့်ပစ်ပြီး သူ့ကို ယူဖို့ ပြောပါသည်။ ပြီးတော့ မောင်တော်ဟာ ဆင်းရဲသူမ သား ဖြစ်ကြောင်း၊ ခမည်းတော် စုလတန်ကြီးက ချီးမြှောက်လို့သာ အခုလို အခြေအနေမျိုး ရောက်နေရသည့်အကြောင်း၊ အခုဆိုရင် မောင်တော်ကို ခမည်းတော်က ဦးခေါင်းကိုဖြတ်ပြီး သတ်လိုက်ပြီဖြစ်ကြောင်း၊ သဟာကြောင့် သိုက်ဆရာကြီးက သူနှင့်သာ စိတ်ချမ်းသာစွာ နေဖို့အကြောင်း ပြောပါသည်။ နှမတော့် ပါးစပ်ကတော့ သူ့ကို ချိုသာသည့်စကား တစ်ခွန်းမှ မပြောပါဘူး' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က 'အနို့ . . . အဲသည် မီးခွက်ကို သူ ဘယ်မှာထားသလဲ ဆိုသဟာ နှမတော် မသိဘူးလား' လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'သည်မီးခွက်ကို သူ့အိတ်ထဲက ဘယ်မှ မချပါဘူး၊ တစ်ခါတော့ နှမတော်ကို အဲသည် မီးခွက်ကို ထုတ်ပြဖူးသည်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က အင်မတိအင်မတန် ဝမ်းသာသွားပြီး 'ကိုင်း . . . သည်တော့ မောင်တော် အခုချက်ချင်းပဲ ပြန်မည်။ ပြီးတော့ ဟောသည်က မောင်တော်ရဲ့ အဝတ်ကိုလည်း မောင်တော် လဲပစ်လိုက်မည်။ သဟာကြောင့် မောင်တော် အဝတ်လဲပြီး အသွင်ပြောင်းနေသဟာကို တွေ့လျှင် နှမတော်



www.burmeseclassic.com

www.burmeseclassic.com



က ဘာမျှ မကြောက်ပါနှင့်။ နှမတော်ရဲ့ အထိန်းတော်တစ်ယောက်ကိုတော့ နောက်ဖေး ပေါက်နားမှာ အမြဲ အစောင့်ခိုင်းထားပြီး မောင်တော် လာသဟာနှင့် တစ်ပြိုင်နက် တံခါးကို ဖွင့်ပေးဖို့ ပြောထားပါ။ သည် သိုက်ဆရာကောင်ကြီးကို အဆုံးစီရင်ဖို့ မောင်တော် ကြံပါမည်' လို့ ပြောပြီး အလာဒင်ဟာ မင်းသမီးလေးဆီမှ သုတ်သီးသုတ်ပျာ ပြန်ခဲ့ပါသတဲ့။

ပြီးတော့ အလာဒင်က လမ်းမှာ လူတစ်ယောက် တွေ့သဟာနှင့် 'သည်မှာ အဆွေ၊ ဟောသည် ငါ့အဝတ်များကို သင် ယူပြီး သင့်အဝတ်များကို ငါ့ကို ပေးပါလော့' လို့ ပြောပါသတဲ့။ သည်တော့ အဲသည်သူက သူ့အဝတ်ကို မပေးနိုင်ဘူးလို့ ဆိုပါသတဲ့။ အဲသဟာနှင့် အလာဒင်က အဲသည်လူရဲ့ အဝတ်ကို အတင်း ချွတ်ယူပြီး သူ့အဝတ်ကို အဲသည်လူကို ပေးထားခဲ့ပါသတဲ့။ ပြီးတော့ အလာဒင်က မြို့ကြီးတစ်မြို့ကို သွားပြီး ဈေးထဲမှာ အလွန်ပြင်းထန်သည့် အဆိပ်ပုလင်း တစ်ပုလင်းကို ဝယ်ပါသတဲ့။ ပြီးတော့ အလာဒင်က မင်းသမီးကလေး နေသည့် နန်းတော်ဆောင်ကြီးကို ပြန်လာပါသတဲ့။ သည်တော့ သူမှာထားသည့်အတိုင်း အထိန်းတော်က နောက်ဖေး တံခါးကို ဖွင့်ပေးပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးနှင့် တွေ့တော့ အလာဒင်က 'သည်မှာ နှမတော်၊ နှမတော်ဟာ စိတ်ညစ်သည့် အမူအရာတွေကို အကုန်လုံး ဖျောက်ပြီး သိုက်ဆရာကြီး လာသည့်အခါမှာ ရွှင်ရွှင်ပျပျနှင့် ဆီးကြိုနှုတ်ဆက်ပါ။ ပြီးတော့ သူ့ကို ညစာစားပွဲ လာစားလှည့်ပါလို့ ဖိတ်ပါ။ ပြီးတော့ နှမတော်က မောင်တော် အလာဒင်ကိုရော၊ ခမည်းတော် စူလတန် ဘုရင်ကြီးကိုရော တစ်ခါတည်း မအောက်မေ့တော့ဘဲ မှော်ဆရာကြီးကို အလွန်အမင်း ချစ်ကြိုက်နေဟန်ဆောင်ပါ။ ပြီးတော့ အနီရောင်သေရည်ကို သိုက်ဆရာကြီးနှင့် သောက်ပါ။ သိုက်ဆရာကြီး ဝမ်းထဲကို သေရည်နှစ်ခွက် သုံးခွက် လောက် ဝင်သွားလို့ မူးလာတော့ ဟောသည်က အဆိပ်ရည်ကို သိုက်ဆရာကြီး နောက်ထပ် သောက်မည့် အရက်ခွက်ထဲမှာ ထည့်ပြီး တိုက်လိုက်ပါ။ အဲသည်လို အဆိပ်ကို ထည့်တိုက်လိုက်ရင် သိုက်ဆရာကြီးဟာ သတိလစ်ပြီး လဲကျသွားပါလိမ့်မည်' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'သည်လို မကောင်းသည့် အလုပ်မျိုးကို လုပ်ရမှာ နှမတော် သိပ်ဝန်လေးပါသည်။ သဟာပေမင့် သည်လိုမှ မလုပ်လျှင် နှမတော် ဟာ သည်မတရားကောင်ကြီး လက်ထဲမှာပဲ နစ်မွန်းပြီး မောင်တော်နှင့်လည်း ပြန်ပေါင်း ရမှာ မဟုတ်ပါဘူး။ သည်တော့ သည်လို မတရားကောင်ကြီးမျိုးကို သတ်သဟာဟာ အပြစ်မရှိဘူးလို့ သဘောထားပြီး မောင်တော် ပြောသည့်အတိုင်း နှမတော် လုပ်ပါမည်' လို့ ပြောပါသတဲ့။ ပြီးတော့ အလာဒင်က ဆာဆာနှင့် မင်းသမီးကလေးနှင့်အတူ မွန်မြတ်သည့် အစားအစာတွေကို စားပါသတဲ့။ ပြီးတော့ နှောင့်နှေး ကြန့်ကြာမနေဘဲ နန်းတော်ဆောင်ကြီးက တစ်ခါတည်း ထွက်ပြီး ပြန်ခဲ့ပါသတဲ့။





မင်းသမီးလေးက ပျူပျူငှာငှာ ဆီးကြိုလိုက်သည့်အတွက် သိုက်ဆရာကြီးက ပိုပြီး သဘောကျသွားပါသတဲ့…။

အဲသည်လိုလည်း အလာဒင်လည်း ပြန်သွားရော၊ မင်းသမီးကလေးက အပျိုတော်တစ်ယောက်ကို ခေါ်ပြီး သူ့ကို ပန်းနံ့သာ လိမ်းပြီး အဝတ်တန်ဆာ အသစ်များ ဝတ်ဆင်ပေးစေပါသတဲ့။ ပြီးတော့ တစ်ကိုယ်လုံး မွှေးကြိုင်နေအောင် ရေမွှေးများ ဆွတ်ဖျန်းထားပါသတဲ့။ အဲသည်လို ဖြီးလိမ်း ဝတ်ဆင်လည်းပြီးရော၊ သိုက်ဆရာကြီးက မင်းသမီးကလေးဆီကို ပေါက်လာသဟာပါပဲတဲ့။ ခါတိုင်းလို မှိုင်မှိုင်တွေတွေ မဟုတ်ဘဲ အဲသလို မင်းသမီးကလေးက ပျော်ပျော်ရွှင်ရွှင် ဖြီးလိမ်း ဝတ်ဆင်ထားသဟာကို တွေ့ရ တော့ သိုက်ဆရာကြီးက အများကြီး သဘောကျသွားပါသတဲ့။ ပြီးတော့ မင်းသမီး ကလေးက ပြုံးပြုံးရွှင်ရွှင် ပျူပျူငှာငှာနှင့် သူ့ကို ဆီးကြို နှုတ်ဆက်သည့် အတွက်လည်း



www.burmeseclassic.com

www.burmeseclassic.com



သိုက်ဆရာကြီးက ပိုပြီး သဘောကျသွားပြီး မင်းသမီးကလေး အပေါ်မှာ ပိုပြီး တပ်မက်သည့်စိတ် ဖြစ်သွားပါသတဲ့။

ပြီးတော့ မင်းသမီးကလေးက သိုက်ဆရာကြီးရဲ့ လက်ကို ဆွဲပြီး သူ့ဘေးနားမှာ ကပ်ပြီး အထိုင်ခိုင်းပါသတဲ့။ ပြီးတော့ 'သည်မှာ ချစ်သူ၊ သည်နေ့ည ချစ်သူဟာ သည်က ထိပ်ထားဆီမှာ လာပြီး ညစာ စားလှည့်ပါ၊ ဘယ့်နှယ်လဲ ... စားမည် မဟုတ်လား။ ထိပ်ထားဟာ သေသွားသည့် လူတစ်ယောက်အတွက်နှင့် အနှစ်တစ်ထောင် ပူနေပူနေ၊ အနှစ် နှစ်ထောင် ပူနေ ပူနေ၊ ဘာမှ အကျိုးထူးတော့မှာ မဟုတ်ပါဘူး။ ချစ်သူ ပြောသည့်အတိုင်းပဲ ထိပ်ထားရဲ့ ကြင်ဖက်တော် အလာဒင်ကို ခမည်းတော်က စိတ်တော်ညစ်ညစ်နှင့် ကွက်မျက်တော်မူလိုက်ပြီဆိုရင် သူ့အတွက် ပူပန်နေလို့ ထိပ်ထား ပင်ပန်းရုံပဲ ရှိမှာပါပဲ။ အဲသဟာကြောင့် ထိပ်ထားဟာ မနေ့ကနှင့် မတူဘဲ သည်နေ့ တစ်မူ ထူးခြားလာသဟာဟာ ဘာမှ အံ့ဖို့ မရှိပါဘူး။ အဲသည်တော့ ထိပ်ထားဟာ မပြန်လမ်းကို သွားသည့် ယောကျ်ားတစ်ယောက်အတွက် ပူမနေတော့ဘဲ ချစ်သူကိုပဲ မိတ်ရင်းဆွေရင်းတစ်ယောက် အဖြစ်နှင့် အားကိုးပါတော့မည်။ ထိပ်ထားမှာ ချစ်သူက လွဲပြီး အားကိုးရမည့်သူလည်း မရှိပါဘူး။ သဟာကြောင့် သည်နေ့ည ချစ်သူဟာ ဆက်ဆက်လာပြီး ညစာ စားလှည့်စေလိုပါသည်။ အထူးသဖြင့် ထိပ်ဘားက ချစ်သူနှင့် တွဲပြီး သေရည်သောက်ချင်ပါသည်။ ချစ်သူတို့ အရပ်က သေရည်က ထိပ်ထားတို့ တရုတ်ပြည်က သေရည်နှင့် မတူဘဲ အင်မတိ အင်မတန် အရသာရှိသည်လို့ ပြောသံကြားရသည့် အတွက်လည်း ချစ်သူတို့ အာဖရိကတိုက်ဖြစ် သေရည်ကို ထိပ်ထား သောက်ကြည့်ချင်ပါသည်။ ထိပ်ထားဆီမှာတော့ တရုတ်ပြည်ဖြစ် သေရည်တော့ ရှိပါသည်။ သဟာပေမင့် ချစ်သူတို့ပြည်ဖြစ် သေရည်တော့ မရှိပါဘူး' လို့ ပြောပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးက အဲသည်လို သိုက်ဆရာကြီးကို ချစ်ကြိုက်ဟန် အမူအရာ ပြလိုက်တော့ သိုက်ဆရာကြီးက အင်မတိ အင်မတန် သဘောတွေ့သွားပြီး 'စိတ်ချပါ ထိပ်ထား၊ ထိပ်ထား အလိုတော်ရှိသည့် အာဖရိကတိုက်ဖြစ် သေရည်ကို ညကျတော့ သည်က ချစ်သူက ယူလာခဲ့ပါမည်။ သည်က ချစ်သူဆီမှာ မြေကြီးထဲမှာ ရှစ်နှစ်ကြာအောင် မြှုပ်ပြီး အမြတ်တနိုး သိမ်းထားသည့် သေရည်တစ်အိုး အဆင်သင့် ရှိပါသည်။ သည်က ချစ်သူကိုယ်တိုင် အခုချက်ချင်း သွားပြီး သေရည်အိုးကို ယူပေးပါမည်' လို့ ပြောပါသတဲ့။

သည်တော့ မင်းသမီးကလေးက သိုက်ဆရာကြီးကို သူ့မာယာနှောင်ကြိုးနှင့် ခိုင်သည်ထက် ခိုင်အောင် ချည်လိုသည့် သဘောနှင့် 'ချစ်သူရယ်၊ ထိပ်ထားကို တစ်ယောက်တည်း ပစ်ထားခဲ့ပြီး ချစ်သူကိုယ်တိုင် သေရည်အိုးကို သွားမယူပါနှင့်။ ထိပ်ထားဟာ ချစ်သူနှင့် တစ်ခဏကလေးမှ ခွဲမနေချင်ပါဘူး။ သည်က သင်းကွပ်





တစ်ယောက်ယောက်ကို ချစ်သူရဲ့ သေရည်အိုးကို လွှတ်ပြီး အယူခိုင်းလိုက်ပါလား' လို့ ပြောပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'ချစ်သူကိုယ်တိုင် မသွားလို့ မဖြစ်ပါဘူး ထိပ်ထား၊ သည်က သေရည်အိုးထားသည့် နေရာကို ချစ်သူကိုယ်တိုင်က လွဲလို့ ဘယ်သူမှ မသိပါဘူး။ ထိပ်ထားဆီကို ချစ်သူ ချက်ချင်း ပြန်လာခဲ့ပါမည်။ မကြာစေရပါဘူး' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'သည်လိုဆိုရင်လည်း ချစ်သူကိုယ်တိုင်ပဲ သွားယူပေါ့၊ သဟာပေမင့် ကြာတော့ မနေစေနှင့်နော်' လို့ ပြောပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'စိတ်သာချပါ ထိပ်ထားရယ်၊ ချစ်သူ အခု ချက်ချင်း ပြန်ခဲ့ပါမည်' လို့ ပြောပြီး ကမန်းကတန်း နန်းတော်ဆောင်က ထွက်သွားပြီး သေရည်အိုးကို ထမ်းပြီး ကမန်းကတန်း ပြန်လာပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ချစ်သူက ထိပ်ထား အတွက် သိပ်ပြီး အပင်ပန်းခံသဟာကို၊ အားနာစရာ ကောင်းလိုက်သဟာ' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'အားနာတော်မူစရာ မရှိပါဘူး ထိပ်ထားရယ်၊ ထိပ်ထားရဲ့ အလိုတော်ကို ဆောင်ကြဉ်းပေးရသဟာဟာ သည်ကလူ အဖို့မှာ အင်မတန် ဂုဏ်ကြီးပါသည်' လို့ ပြောပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက စားပွဲမှာ သိုက်ဆရာကြီးနှင့် အတူတူ ယှဉ်တိုင်ပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက အထိန်းတော်ကို သူ့အတွက် သေရည်ထည့်ပေးဖို့ ပြောပါသတဲ့။ အဲသဟာနှင့် အထိန်းတော်က သေရည်ကို ခွက်ထဲမှာ ငှဲ့ပြီး ပေးလိုက်ပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီး အတွက်လည်း တစ်ခွက် ငှဲ့ပေးပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးက သေရည်ခွက်ကို ယူပြီး သိုက်ဆရာကြီး ကျန်းမာပါစေလို့ ဆုတောင်းပြီး သောက်ပါသတဲ့။ သည်တော့ သိုက်ဆရာကြီးကလည်း မင်းသမီးကလေး ကျန်းမာပါစေလို့ ဆုတောင်းပြီး သောက်ပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက စကားပြောကလည်း ကောင်းကောင်း၊ မာယာကလည်း ကြွယ်ကြွယ်နှင့် ရေလာမြောင်းပေး စကားတွေကို မဖောင်နေအောင် ပြောပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးက မင်းသမီးကလေးက သူ့ကို တကယ် ချစ်ခင်နေပြီ မှတ်ပြီး အင်မတန် ဝမ်းသာနေပါသတဲ့။ မင်းသမီးကလေးရဲ့ ဝမ်းထဲက အကြံကိုတော့ လုံးလုံး မရိပ်မိပါဘူးတဲ့။ အဲသည် အတောအတွင်းမှာ မင်းသမီးကလေးကလည်း ကန္တဲ့ကလျနှင့် ချစ်တင်းစကားကိုချည်းပဲ ဆိုနေပါသတဲ့။ သည်တော့ သိုက်ဆရာကြီးဟာ သေရည်ကလည်း ယစ်၊ မင်းသမီးကလေးအပေါ် တပ်မက်သည့် စိတ်တွေကလည်း ထိန်းမနိုင် သိမ်းမနိုင် ယိုဖိတ်လာပြီး ဘာမှ မစဉ်းစားနိုင်တော့ပါဘူး တဲ့။

အဲသည်လို ဖြစ်နေသဟာကို မင်းသမီးကလေးက တွေ့ရတော့ စားပွဲကလည်း ပြီးခါနီးအချိန် ဖြစ်သဟာနှင့် 'ချစ်သူတို့ တိုင်းပြည်က ထုံးစံကိုတော့ ထိပ်ထား မသိဘူး။ ထိပ်ထားတို့ တိုင်းပြည်မှာတော့ ချစ်သူနှစ်ဦး တွေ့ကြရင် လုပ်ရတဲ့ ထုံးစံတစ်ခု ရှိသည်' လို့ ပြောပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက 'ဘယ်လို လုပ်ရသည့် ထုံးစံလည်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားရဲ့၊ ပြောစမ်းပါ’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက ‘ထိပ်ထားတို့ တိုင်းပြည်မှာတော့ အခုလို ချစ်သူနှစ်ဦး ညစာ စားကြပြီဆိုရင် ပြီးခါနီးကျတော့ တစ်ဦးကို တစ်ဦး ချစ်မှန်းသိအောင် တစ်ဦးရဲ့ သေရည်ခွက်ကို တစ်ဦးရဲ့ သေရည်ခွက်နှင့်လဲပြီး သောက်ကြပါသည်’ လို့ ပြောပါသတဲ့။ သည်တော့ သိုက်ဆရာကြီးက ‘သည်လိုဆိုရင် ထိပ်ထားတို့ တိုင်းပြည်က ထုံးစံအတိုင်း လုပ်ပေါ့’ လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက အထိန်းတော်ကို သူ့သေရည်ခွက်ထဲမှာ သေရည် အထည့်ခိုင်းပြီး အဲသည် သေရည်ထဲမှာ သိုက်ဆရာကြီး မသိအောင် အဆိပ်ခတ်လိုက်ပါသတဲ့။

ပြီးတော့ မင်းသမီးကလေးက အဆိပ်ခတ်ထားသည့် သူ့သေရည်ခွက်ကို သိုက်ဆရာကြီးဆီကို လှမ်းပေးလိုက်ပြီး၊ သိုက်ဆရာကြီးရဲ့ သေရည်ခွက်ကို လှမ်းယူပြီး တစ်ခါတည်း အကုန် မော့သောက်လိုက်ပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက သေရည်ခွက် နှုတ်ခမ်းကို နမ်းပြီး သိုက်ဆရာကြီး ရှေ့မှာ ချထားလိုက်ပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးက အပြန်အလှန် သဘောနှင့် မင်းသမီးကလေးရဲ့ သေရည်ခွက်ကို မော့ပြီး သောက်ချလိုက်ပါသတဲ့။ အဲသည်လို သောက်ချလိုက်တော့ သိုက်ဆရာကြီးဟာ တစ်ခါတည်း မေ့ပြီး ကြမ်းပေါ်ကို လဲကျသွားပါသတဲ့။ သည်တော့မှ အထိန်းတော်က ကပျာကယာ ပြေးပြီး နောက်ဖေးပေါက်ကို ဖွင့်ပေးပါသတဲ့။ သည်တော့ အလာဒင်က ရုပ်ဖျက်ပြီး ဝင်လာပါသတဲ့။ အလာဒင် ဝင်လာတော့ မင်းသမီးကလေးက စားပွဲမှာ ထိုင်နေတုန်းပဲ ရှိပါသေးသတဲ့။ သူ့ရှေ့က ကြမ်းပေါ်မှာတော့ သိုက်ဆရာကြီးဟာ တုံးလုံးကြီး လဲနေပါသတဲ့။

အဲသဟာနှင့် အလာဒင်က ဝမ်းသာအားရနှင့် မင်းသမီးကလေးကို ပွေ့ဖက်နမ်းရှုပ်ပြီး ‘ကိုင်း . . . နှမတော်တို့ မိန်းမသားတွေ ဟိုဘက်အဆောင်ကို သွားနေကြ၊ သည်မှာ မောင်တော် လုပ်စရာကိစ္စ ရှိသေးသည်’ လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက အလာဒင် ပြောသည့်အတိုင်း သူ့အထိန်းတော်ကို ခေါ်ပြီး တခြား အဆောင်ဘက်ကို ထွက်သွားပါသတဲ့။ သည်တော့မှ အလာဒင်က တံခါးကို ကန့်လန့်ထိုးပြီး၊ သိုက်ဆရာကြီး အိတ်ထဲက ဆေးမီးခွက်ကို နှိုက်ပြီး ယူလိုက်ပါသတဲ့။ ပြီးတော့ အလာဒင်က သူ့ဓားအိမ်ထဲက ဓားကို ချွတ်ပြီး သိုက်ဆရာကြီးကို စလွယ်သိုင်း ပိုင်းသတ်လိုက်ပါသတဲ့။

ပြီးတော့ အလာဒင်က မီးခွက်ကို လက်နှင့် ပွတ်လိုက်ပါသတဲ့။ သည်တော့ မီးခွက်စောင့်သရဲက ဖြုန်းခနဲ ပေါ်လာပြီး ‘အရှင် အလိုရှိရာကို ပြောပါ၊ ငါ ရအောင် ဆောင်ကြဉ်းပေးပါမည်’ လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က ‘ဟောသည် နန်းတော်ဆောင်ကြီးကို ငါတို့ တရုတ်ပြည်ကို ပြန်သယ်သွားပြီး အစက ထားသည့် နန်းတော်ရှေ့က ကွက်လပ်ကြီးထဲမှာ ပြန်ထားပေးရမည်’ လို့ ပြောပါသတဲ့။ သည်တော့





မီးခွက်စောင့်သရဲက ‘အရှင် အလိုရှိသည့်အတိုင်း ဖြစ်ရပါစေမည်’ လို့ ပြောပြီး နန်းတော်ဆောင်ကြီးကို စုလတန်ကြီးရဲ့ နန်းတော်ကြီးရှေ့ကို ရောက်အောင် ပြန်ပြီး ဆောင်ကြဉ်းသွားပါသတဲ့။ အဲသည်အခါမှာ အလာဒင်နှင့် မင်းသမီးကလေးက တစ်ယောက်လည်ပင်း တစ်ယောက်ဖက်၊ တစ်ယောက်ပါး တစ်ယောက် တစ်ပြန် တစ်လှန်စီ နမ်းပြီး ချစ်တင်းဆိုရင်းနှင့် နန်းတော်ဆောင်ကြီးထဲက စည်းစိမ်နှင့် လိုက်သွားကြပါသတဲ့။ အဲသဟာနှင့် အလာဒင်တို့ ဇနီးမောင်နှံတို့ဟာ သူတို့ခမည်းတော် စုလတန်ကြီးနေသည့် တိုင်းပြည်ကို ပြန်ရောက်သွားကြပါရောတဲ့။

မင်းသမီးကလေးဟာ သိုက်ဆရာကြီး ခေါ်သွားလို့ အာဖရိကတိုက်မှာ ရောက်နေသည့် အတောအတွင်းမှာ စုလတန်ကြီးက သမီးတော်ကလေးကလည်း တစ်ယောက်တည်း ရှိသဟာနှင့် မျက်ရည်နှင့်မျက်ခွက် မပြတ်အောင် ငို ငိုနေပါသတဲ့။ ညညမှာလည်း လုံးလုံး မအိပ်စက်နိုင်ပါဘူးတဲ့။ အရုဏ်တက် အရုဏ်တက် ကျတော့လည်း ပြတင်းပေါက်က နေ နေပြီး မင်းသမီးကလေး စံနေသည့် နန်းတော်ဆောင် ရှိရာဘက်ကို မျှော် မျှော် ကြည့်ပြီး ဝမ်းနည်းပက်လက် ဖြစ်နေရှာပါသတဲ့။ အဲသလို နေရင်းနှင့်ပဲ အလာဒင်တို့ ပြန်ရောက်လာသည့် နံနက်ကျတော့ စုလတန်ကြီးက ခါတိုင်းလိုပဲ ပြတင်းပေါက်က နေပြီး အလာဒင်တို့ရဲ့ နန်းတော်ဆောင် ရှိရာဘက်ကို မျှော်ကြည့်လိုက်ပါသတဲ့။ သည်တော့ လား လား နန်းတော်ဆောင်ကြီး ပြန်ရောက် နေသဟာကို တွေ့ရပါသတဲ့။ သဟာပေမင့် စုလတန်ကြီးက ပထမတော့ သူ့မျက်စိကို သူ မယုံပါဘူးတဲ့။ နန်းတော်ဆောင်ကြီးဟာ တကယ် ပြန်ရောက်နေသဟာမှ ဟုတ်ပါ့မလားဆိုပြီး သူ့မျက်စိများကို သူ ပွတ်ကြည့်ပါသေးသတဲ့။ နောက်တော့မှ နန်းတော်ဆောင်ကြီး တကယ် ပြန်ရောက်နေကြောင်း သိပြီး၊ စီးတော်မြင်းကို အမြန်အပြင်ခိုင်းပြီး၊ အလာဒင်တို့ နန်းတော်ဆောင်ကြီး ရှိရာကို မြင်းနှင့် ဒုန်းစိုင်းပြီး သွားပါသတဲ့။ အဲသလို စုလတန်ကြီး လာသဟာကို မြင်တော့ အလာဒင်က နန်းတော်ဆောင်ပေါ်မှ ကမန်းကတန်း ဆင်းသွားပြီး စုလတန်ကြီးကို ကြိုပါသတဲ့။ မင်းသမီးကလေးကလည်း အလာဒင်လိုပဲ သူ့ခမည်းတော်ကို နန်းတော်ဆောင် ခန်းဝက လာပြီး ကြိုပါသတဲ့။

သည်တော့ စုလတန်ကြီးက ဝမ်းသာလုံးဆို့ပြီး သူ့သမီးတော်ကလေးကို သူ ဖက်ငိုပါသတဲ့။ ပြီးတော့ ဘယ်လို ဖြစ်ရသဟာလဲ ဆိုသည့် အကျိုးအကြောင်းကို မေးပါသတဲ့။ သည်တော့ သမီးတော်ကလေးက မနေ့ကမှ သူ့ကို အလာဒင်က လာကယ်လို့ လွတ်လာခဲ့ရသည့် အကြောင်း၊ တကယ်လို့ အလာဒင်သာ လာပြီး မကယ်ဘူးဆိုလျှင် သူဟာ သူ့ခမည်းတော်နှင့် သည်တစ်သက်မှာ တွေ့ရတော့မှာ မဟုတ်သည့် အကြောင်း၊ အခုဆိုရင် သူ့မှာ အလာဒင် ပေးသည့် အသက်သာ ရှိတော့ကြောင်း၊ သဟာကြောင့် သူဟာ အလာဒင်နှင့် တစ်သက်လုံး မခွဲတော့ဘူး ဆိုသည့်အကြောင်း၊ သိုက်ဆရာကြီးဟာ



www.burmeseclassic.com

www.burmeseclassic.com



အင်မတန် ဆိုးသွမ်းယုတ်မာသည့် အကြောင်းတွေကို စီကာပတ်ကုံး ပြောပြပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက ဘယ်လို သိုက်ဆရာကြီးက ဉာဏ်ဆင်ပြီး မီးခွက်အသစ်ကို ပေးပြီး အဟောင်းကို ယူသွားသည့် အကြောင်း၊ ပြီးတော့ အဲသည်လို မီးခွက်အဟောင်းကိုလည်း ပေးလိုက်ကရော၊ နောက်တစ်နေ့ကျတော့ သိုက်ဆရာကြီးက နန်းတော်ဆောင်ကြီးရော နန်းတော်ဆောင်ထဲမှာရှိသည့် လူအကုန်ရော အာဖရိကတိုက်ကို ဆောင်ကြဉ်းသွားသည့် အကြောင်း၊ တကယ်လို့သာ အလာဒင်က လိုက်ပြီး ကယ်သဟာ မစောလို့ ရှိလျှင် သူဟာ သိုက်ဆရာကြီးရဲ့ လက်ထဲတွင် ကိုယ်ကျိုးနည်းရမည့် အကြောင်းများကို စုံစေ့အောင် ပြန်ပြီး ပြောပြပါသတဲ့။

ပြီးတော့ တစ်ခါ မင်းသမီးကလေးက သိုက်ဆရာကြီးကို အဆိပ်ခတ်ပြီး သတ်ပုံကိုပါ ပြန်ပြောပြပါသတဲ့။ ပြီးတော့ တစ်ခါ 'အဲသည်လိုလည်း သိုက်ဆရာကြီးကိုလည်း အဆိပ်ခတ် သတ်ပြီးရော သမီးတော်ရဲ့ ကြင်ဖက်တော် အလာဒင်က အာဖရိကတိုက်က နေပြီး ခမည်းတော်ရဲ့ တိုင်းပြည်ကို ပြန်ခေါ်လာသဟာပါပဲ။ ဘယ်ပုံ ဘယ်နည်းနှင့် ခေါ်လာသည်ကိုတော့ သမီးတော်လည်း မလျှောက်တတ်ပါ ဘူး' လို့ ပြောပါသတဲ့။

ပြီးတော့ အလာဒင်က ဆေးမီးခွက်ကို သိုက်ဆရာကြီးဆီက ပြန်ယူပြီး ဆေးမီးခွက်တန်ခိုးနှင့် သူ့နန်းတော်ဆောင်ကြီးနှင့် သမီးတော်ကလေးကို ဘယ်လို ပြန်ပြီး ဆောင်ကြဉ်းလာခဲ့သည့် အကြောင်းတွေကို ဂူလတန်ကြီးကို ပြောပြပါသတဲ့။ ပြီးတော့ အလာဒင်က 'ခမည်းတော် မယုံတော်မူလျှင် ကြည့်ပါ၊ ဟိုမှာ သိုက်ဆရာကြီးရဲ့ အလောင်းတောင် ရှိပါသေးသည်' လို့ ပြောပြီး သိုက်ဆရာကြီးရဲ့ အလောင်းကို ပြပါသတဲ့။ သည်တော့ ဂူလတန်ကြီးက 'သည် ကောင်ယုတ်မာ အလောင်းကို မီးမြန်မြန်ရှို့ပြီး ပြာကို လေထဲ ကြဲဖြန့်ပစ်လိုက်' လို့ အမိန့်ပေးပါသတဲ့။

ပြီးတော့ ဂူလတန်ကြီးက အလာဒင်ကို ဖက်ပြီး 'ခမည်းတော် အပေါ်မှာ စိတ်မရှိပါနှင့် သားတော်ရယ်။ ခမည်းတော်က သားတော်ကို အဆုံးစီရင်ဖို့ အမိန့်ပေးရသဟာ ဟာ တကယ်ဆိုတော့ သားတော်ကို ခမည်းတော်က မုန်းလို့ မဟုတ်ပါဘူး။ သိုက်ဆရာ ကောင်ယုတ်မာကြီးက သက်သက်မဲ့ ဝင်ပြီး ခလောက်ဆန် လို့ပါ။ ပြီးတော့ ခမည်းတော်မှာလည်း သမီးတော်ကလေးက တစ်ယောက်တည်း ရှိတော့ သမီးတော်ကလေးအတွက် အင်မတိ အင်မတန် စိတ်မချမ်းမသာ ဖြစ်ပြီး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားလို့ပါ။ အဲသဟာကြောင့်မို့ သားတော်က ခမည်းတော် အပေါ်မှာ သည်းခံပြီး ခွင့်လွှတ်စေလိုပါသည်' လို့ ပြောပါသတဲ့။

သည်တော့ အလာဒင်က 'ခမည်းတော်က သားတော်အပေါ်မှာ အလာဟုအရှင်ရဲ့ တရားတော်နှင့် ဆန့်ကျင်ပြီး ပြုမူချက် တစ်စုံတစ်ရာ မရှိသည့်အတွက် ခမည်းတော်ကို သားတော်က ခွင့်လွှတ်ဖို့ မလိုကြောင်းပါ။ အခုလို ဖြစ်ရသဟာကို အကြောင်း





ရင်းကို ရှာလိုက်တော့ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး၊ သိုက်ဆရာကြီး မကောင်းသည့် အတွက် ဖြစ်ရသဟာပါ' လို့ ပြောပါသတဲ့။

သည်တော့ ဂူလတန်ကြီးက မင်းသမီးကလေးနှင့်အတူ ကြင်ဖက်တော် အလာဒင်တို့ ဘေးမသီ ရန်မခဘဲ ပြန်ရောက်လာကြသည့်အတွက် ဝမ်းမြောက်သည့် အထိမ်းအမှတ်နှင့် တစ်နိုင်ငံလုံး အရက်သုံးဆယ်မျှ ပျော်ပွဲရွှင်ပွဲများ ကျင်းပစေရန် အမိန့်တော် မှတ်ပါသတဲ့။ အဲသဟာနှင့် အလာဒင်တို့ ဇနီးမောင်နှံအတွက် ရန်အေးသွားပြီလို့ အောက်မေ့ရပေမင့် တကယ်ဆိုတော့ အလာဒင်တို့ ဇနီးမောင်နှံအတွက် ရန်ဟာ မအေးသေးပါဘူးတဲ့။ ဘာလို့လဲလို့ ဆိုတော့ ကွယ်လွန်သူ သိုက်ဆရာကြီးမှာ သူ့အတွက် ကလဲ့စားချေမည့် ညီတစ်ယောက် ကျန်နေသေးလို့ပါ တဲ့။ အဲသည် သိုက်ဆရာကြီးရဲ့ ညီကလည်း သူ့အစ်ကို သိုက်ဆရာကြီးလိုပဲ မှော်အတတ်၊ အင်းအတတ်၊ လက်ဖွဲ့ မန္တန်အတတ်တွေကို တစ်ဖက်ကမ်းခပ်အောင် တတ်ပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးရဲ့ညီက တစ်နေ့တော့ သူ့ အစ်ကို အကြောင်းကို သိချင်လို့ မှော်အတတ်၊ အင်းအတတ်တွေနှင့် တွက်ချက် ကြည့်လိုက်တော့ သူ့အစ်ကိုဟာ သေသွားပြီ ဆိုသဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် တစ်ခါ သိုက်ဆရာကြီးရဲ့ညီက သူ့အစ်ကိုဟာ ဘယ်ပုံဘယ်နည်းနှင့် သေရသည်၊ ဘယ်သူ့လက်ချက်နှင့် သေရသည် ဆိုသဟာကို သိရအောင် တွက်ချက် ကြည့်ပြန်ပါသတဲ့။ သည်တော့ သူ့အစ်ကိုဟာ သေွးရိုးသားရိုး သေရသဟာ မဟုတ်ဘဲနှင့် အလာဒင်ဆိုသည့်(လုလင်) တစ်ယောက်က ယုတ်မာစွာ လုပ်ကြံသတ်ဖြတ်လို့ သေသွားရသည် ဆိုသည့် အဖြစ်ကို တွေ့ရပါသတဲ့။

အဲသဟာနှင့် သိုက်ဆရာကြီးရဲ့ ညီက သူ့အစ်ကိုအတွက် အလာဒင့် အပေါ်မှာ လက်စားချေရအောင် ဂူလတန်ကြီး စိုးစံသည့် တရုတ်ပြည်ကို လိုက်လာပါသတဲ့။ တရုတ်ပြည်ကို ရောက်တော့ သိုက်ဆရာကြီး ညီက ရပ်ဝေးခရီးသည်များ တည်းခိုသည့် စခန်းမှာ အိမ်ကလေးတစ်ဆောင် ငှားပြီး တည်းခိုနေပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးရဲ့ ညီက အလာဒင့် အပေါ်မှာ ဘယ်လိုနည်းနှင့် လက်စား ချေရပါ့မလဲလို့ အောက်မေ့ပြီး မြို့ထဲကို ထွက်ပြီး လျှောက်ပါသတဲ့။ အဲသဟာနှင့် ကော်ဖီဆိုင်ကြီး တစ်ဆိုင်ကို ရောက်သွားတော့ ကော်ဖီဆိုင်ထဲမှာ တချို့က ကျားထိုး၊ တချို့က စစ်တုရင်ထိုး ထိုးပြီး နေကြသဟာကို တွေ့ရပါသတဲ့။ သည်တော့ သိုက်ဆရာကြီး ညီက လူစုနေသည့် အနားသို့ မသိမသာ ဝင်ထိုင်ပြီး သူတို့ ပြောကြဆိုကြ သဟာတွေကို နားထောင်နေပါသတဲ့။

သည်တော့ ကော်ဖီဆိုင်ထဲ ထိုင်နေသည့် လူတစ်ယောက်က အင်မတန် တန်ခိုးကြီးသည့် ဖာတီမာဆိုသည့် ရဟန်းမကြီး အကြောင်းကို ပြောနေပါသတဲ့။ အဲသည် ဖာတီမာ ရဟန်းမကြီးက တောထဲက ကျောင်းမှာနေပြီး မြို့ကိုတော့ တစ်လမှ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



'မအော်နှင့်၊ အော်ရင် တစ်ခါတည်း ဓားနှင့် ထိုးသတ်လိုက်မည်'

တစ်ခါ လာပြီး၊ တစ်ခါတစ်ခါ လာရင်လည်း နှစ်ရက် နှစ်ရက်ပဲ နေပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးရဲ့ ညီက "အင်း... နေရာကျပြီ၊ သည် ဖာတီမာ ရဟန်းမကြီးကို အကြောင်းပြုပြီး အလာဒင့်အပေါ်မှာ ငါ လက်စားချေဖို့ ကြံမည်"လို့ အောက်မေ့ပြီး ကော်ဖီဆိုင်ထဲက လူတစ်ယောက်ကို မေးပါသတဲ့။ 'သည်မှာ မိတ်ဆွေ၊ အခု သင်ပြောနေသည့် ဖာတီမာ ရဟန်းမကြီးက ဘယ်မှာ သီတင်းသုံးပါသလဲ' လို့။

သည်တော့ ကော်ဖီဆိုင်ထဲက လူက 'အံ့ဖွယ်ကောင်းစွ၊ ငါတို့ မြို့တွင်လည်း နေသေးရဲ့၊ ဖာတီမာ ရဟန်းမကြီးရဲ့ ဂုဏ်သတင်းကိုလည်း မကြားဖူးဘူးလို့ ဆိုသည်။ သင်သည် ဘယ်လို လူစားမျိုးနည်း၊ တန်တော့ သင်သည် တခြား နိုင်ငံသား ဖြစ်ရမည်။ အကယ်၍ သင်သည် ဤမြို့သားသာ ဖြစ်ပါမူ ဖာတီမာ ရဟန်းမကြီး၏ အကျင့်တရား ထူးခြားပုံကို ဘယ်နည်းနှင့်မျှ မကြားမသိဘဲ နေနိုင်မည် မဟုတ်' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးရဲ့ ညီက 'မှန်ပါသည် အဆွေ၊ ငါသည် တခြားနိုင်ငံသားပါ။ လွန်ခဲ့သည့် ညကမှ သည်မြို့ကို ငါ ရောက်လာပါသည်။ ငါသည် ကြီးစွာသော ဆင်းရဲမှုနှင့် တွေ့လာခဲ့သူ ဖြစ်သဖြင့် ဖာတီမာ ရဟန်းမကြီးကို ငါ ကိုးကွယ် ဆည်းကပ်လိုပါသည်။ ဖာတီမာ ရဟန်းမကြီးသည် ငါ့အား တရားပြ၍ ငါ၏ ပူပန်ခြင်းကို အေးချမ်းအောင် တတ်နိုင်လိမ့်မည်ဟု ငါ ထင်ပါသည်။ ငါ့အား ဖာတီမာ ရဟန်းမကြီး သီတင်းသုံးရာ အရပ်သို့ ကျေးဇူးပြု၍ ညွှန်ကြားပါလော့' လို့ ဆိုပါသတဲ့။

သည်တော့ ကော်ဖီဆိုင်ထဲက လူက 'ကောင်းပြီ၊ သည်လိုဆိုလျှင် ငါ ဖာတီမာ





ရဟန်းမကြီး သီတင်းသုံးသည့် နေရာကို ငါ လိုက်ပြမည်။ လာ၊ လိုက်ခဲ့' လို့ ဆိုပြီး သိုက်ဆရာကြီးရဲ့ ညီကို ဆွဲခေါ်သွားပြီး ရဟန်းမကြီး သီတင်းသုံးသည့် တောင်ထိပ်က ဂူကို ညွှန်ပြပါသတဲ့။ သည်တော့ သိုက်ဆရာကြီးရဲ့ ညီက ကျေးဇူး အထူးတင်ကြောင်းကို ပြောပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးရဲ့ ညီက သူ တည်းခိုသည့် ခရီးသည်စခန်းကို ပြန်လာခဲ့ပါသတဲ့။

နောက်နေ့ မနက်ကျတော့ ကံအားလျော်စွာ ဖာတီမာ ရဟန်းမကြီးက မြို့ထဲကို လာပါသတဲ့။ အဲသည်အချိန်မှာ မြို့သူမြို့သားတွေက စုရုံးပြီး ရဟန်းမကြီးကို ဆည်းကပ်ကြပါသတဲ့။ မမာမကျန်း ဖြစ်နေသည့် လူများဟာလည်း ဖာတီမာ ရဟန်းမကြီးက ထိလိုက် ကိုင်လိုက်သည် ဆိုရုံနှင့် ကျန်းမာသွားကြပါသတဲ့။ အဲသည်လို ဖာတီမာ ရဟန်းမကြီး လာသဟာကို လူတွေက စုရုံးစုရုံး နောက်က လိုက်နေကြတော့ သိုက်ဆရာကြီးရဲ့ ညီကလည်း နောက်ယောင်ခံပြီး အမြဲလိုက်ပြီး အကဲခတ်နေပါသတဲ့။ နောက်ဆုံး ရဟန်းမကြီး ပြန်သွားမှပဲ သူလည်း သူ့ ခရီးသည်စခန်းကို ပြန်လာခဲ့ပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးရဲ့ ညီဟာ ခရီးသည်စခန်းမှာ ညနေစောင်းအောင် နေပြီး ညနေစောင်းတော့မှ မြို့ထဲကို ထွက်လာခဲ့ပြီး သေရည်ဆိုင် တစ်ဆိုင်မှာ သေရည် ဝင်သောက်ပါသတဲ့။ ပြီးတော့ ဖာတီမာ ရဟန်းမကြီး သီတင်းသုံးသည့် ဂူကို သွားပါသတဲ့။ ဂူထဲကျတော့ ရဟန်းမကြီးက ဖျာပေါ်မှာ ပက်လက်လှန်ပြီး အိပ်ပျော်နေသဟာကို တွေ့ပါသတဲ့။ သည်တော့ သိုက်ဆရာကြီး ညီက ရဟန်းမကြီး ဗိုက်ပေါ် တက်ထိုင်ပြီး၊ သူ့ဓားမြှောင်ကို ဆွဲထုတ်ပြီး 'မအော်နှင့်၊ အော်ရင် တစ်ခါတည်း ဓားနှင့် ထိုးသတ်လိုက်မည်။ ထ... ငါ ခိုင်းသလို လုပ်' လို့ ပြောပါသတဲ့။ အဲသဟာနှင့် ရဟန်းမကြီးက အိပ်ပျော်နေရာက နိုးလာပြီး မျက်စိဖွင့်ကြည့်လိုက်တော့ ဓားကြီး တဝင့်ဝင့် လုပ်နေသည့် သိုက်ဆရာကြီး ညီကို မြင်ပါသတဲ့။ သည်တော့ ရဟန်းမကြီးဟာ အတော် တုန်လှုပ်ချောက်ချား သွားပါသတဲ့။ အဲသည်တုန်းမှာ သိုက်ဆရာကြီးရဲ့ ညီက 'ငါ ခိုင်းသည့်အတိုင်း လုပ်ရင် သင့်အသက်ကို ငါ ချမ်းသာပေးမည်' လို့ ပြောပြီး ရဟန်းမကြီး ဗိုက်ပေါ်က ဆင်းလိုက်ပါသတဲ့။ သည်တော့ ရဟန်းမကြီးကလည်း ထပြီး ထိုင်လိုက်ပါသတဲ့။ အဲသည်အခါမှာ သိုက်ဆရာကြီး ညီက 'သင့်အဝတ်များကို ငါ့အား ပေးပြီး ငါ့အဝတ်များကို သင် ယူရမည်' လို့ ဆိုပါသတဲ့။

သည်တော့ ဖာတီမာ ရဟန်းမကြီးက သိုက်ဆရာကြီးရဲ့ညီ ပြောသည့်အတိုင်း သူ့ခေါင်းအုပ်တဘက်နှင့် အတူတကွ သူ့အဝတ်များကို ပေးပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးညီက 'ပြီးတော့ သင့်မျက်နှာမှာ လိမ်းထားသည့်အတိုင်း ငါ့မျက်နှာကိုလည်း လိမ်းပေးဦး' လို့ ပြောပါသတဲ့။ သည်တော့ ရဟန်းမကြီးက ဂူအတွင်းခန်းထဲ ဝင်သွားပြီး သူ့မျက်နှာကို လိမ်းသည့် ဖယောင်းချက်ကို ယူလာပြီး၊ သူ့လက်ဝါးထဲ ထည့်ပွတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သိုက်ဆရာကြီးညီရဲ့ မျက်နှာကို လိမ်းပေးပါသတဲ့။ ပြီးတော့ ရဟန်းမကြီးက သိုက်ဆရာကြီးညီကို သူကိုင်သည့် တောင်ဝှေးကို ပေးပါသတဲ့။ ပြီးတော့ သူ့ စိပ်ပုတီးကိုလည်း သိုက်ဆရာကြီးညီရဲ့ လည်ပင်းကို စွပ်ပေးပါသတဲ့။ ပြီးတော့ သိုက်ဆရာကြီးရဲ့ ညီကို သူ့ သွားပုံလာပုံ အမူအရာကိုပါ ရဟန်းမကြီးက ပြပေးပါသတဲ့။ ပြီးတော့ ရဟန်းမကြီးက မှန်ကို ထုတ်ပေးပြီး 'ကိုင်း... မှန်ထဲမှာ ကြည့်စမ်းဦး၊ ငါ့အထင်တော့ ဘာမျှ မလိုတော့ဘူး ထင်သည်' လို့ ပြောပါသတဲ့။

သည်တော့ သိုက်ဆရာကြီးရဲ့ ညီက သူ့မျက်နှာကို မှန်ထဲမှာ ကြည့်စမ်းပါသတဲ့။ သည်တော့ သူ့မျက်နှာက ရဟန်းမကြီးရဲ့ မျက်နှာနှင့် တစ်ပုံတည်း တူနေသဟာကို တွေ့ရပါသတဲ့။

အဲသည်လို ရဟန်းမကြီးက သူ့အလိုကျ အကုန် လိုက်လုပ်ပေးပေမင့် သိုက်ဆရာကြီးညီက သူ ပေးထားသည့် ကတိကို ဖျက်ပြီး ရဟန်းမကြီးကို ကြိုးတစ်ချောင်း ရှာပေးရမည်လို့ ပြောပါသတဲ့။ အဲသဟာနှင့် ရဟန်းမကြီးက ကြိုးကို ယူလာတော့ သိုက်ဆရာကြီးရဲ့ ညီက အဲသည်ကြိုးနှင့် ရဟန်းမကြီးရဲ့ လည်ပင်းကို ချည်ပြီး ရဟန်းမကြီးကို သတ်ပစ်လိုက်ပါသတဲ့။ ပြီးတော့ ရဟန်းမကြီး အလောင်းကို အနီးအနားမှာ ရှိသည့် တွင်းတစ်ခုထဲ ပစ်ချလိုက်ပြီး သိုက်ဆရာကြီးရဲ့ ညီဟာ ဂူထဲကို ပြန်လာပြီး အိပ်ပါသတဲ့။ အဲသဟာနှင့် မိုးလင်းလာတော့ သိုက်ဆရာကြီးရဲ့ ညီက အိပ်ရာက ထပြီး၊ ဖာတီမာ ရဟန်းမကြီး ဟန်ဆောင်ပြီး အလာဒင်ရဲ့ ရွှေနန်းတော်ဆောင်နားမှာ သွားပြီး စောင့်နေပါသတဲ့။

သည်တော့ မြို့သူ မြို့သားတွေက ဖာတီမာ ရဟန်းမကြီးဆီကို ခါတိုင်း စုရုံးလာကြသလို စုရုံးလာကြပြီး သူတို့ အနာရောဂါများကို ပျောက်အောင် ကုပေးဖို့ ပြောကြပါသတဲ့။ သည်တော့ ရဟန်းမကြီးယောင် ဆောင်နေသည့် သိုက်ဆရာကြီးရဲ့ ညီက အလျင်နေ့က ရဟန်းမကြီးရဲ့ အမူအရာတွေကို မှတ်သားထားသည့် အတိုင်း မန်းမှုတ်ပြီး၊ ကိုရအန် ကျမ်းစာများကိုလည်း ရွတ်ပြပါသတဲ့။ အဲသလို အလာဒင်ရဲ့ နန်းတော်ဆောင်အနားမှာ လူတွေ စုရုံးပြီး ရုတ်ရုတ် ရုတ်ရုတ် ဖြစ်နေတော့ မင်းသမီးကလေးက သူ့အထိန်းတော်များကို 'ဟဲ့... အပြင်မှာ ရုတ်ရုတ် ရုတ်ရုတ်နှင့် ဘာသံတွေလဲ၊ သွားကြည့်ကြစမ်း' လို့ ဆိုပါသတဲ့။

သည်တော့ သင်းကွပ်မှူးက အပြင်ထွက်ကြည့်ပြီး 'မှန်လှပါ၊ ရဟန်းမကြီး ဖာတီမာ ရောက်နေလို့ လူတွေ ဝိုင်းနေကြသဟာပါ။ ထိပ်ထား အလိုတော်ရှိပါလျှင် ရဟန်းမကြီးထံမှ ဆုမွန်ကောင်းများ တောင်းနိုင်ရန် ရဟန်းမကြီးကို သည် နန်းတော်ဆောင်တွင်းသို့ ငါ ပင့်ပေးပါမည်' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'အေး... သင် ပြောသဟာ ကောင်းသည်၊ ရဟန်းမကြီးကို သင် သွားပင့်ပေးပါ။ သည်





ရဟန်းမကြီးရဲ့ တရားကို ငါ နာချင်နေသဟာ ကြာလှပြီ' လို့ ပြောပါသတဲ့။ သည်တော့ သင်းကွပ်မှူးက ရဟန်းမကြီး ဟန်ဆောင်နေသည့် သိုက်ဆရာကြီး ညီကို နန်းတော်ဆောင်ထဲကို ပင့်လာပါသတဲ့။ သိုက်ဆရာကြီးရဲ့ ညီကလည်း ရဟန်းမကြီးရဲ့ အမူအရာနှင့် မင်းသမီးလေးအတွက် ဆုမွန်ကောင်းများကို တောင်းပါသတဲ့။ မင်းသမီးလေးနှင့် သူ့ နန်းတော်သူ နန်းတော်သားများကလည်း သိုက်ဆရာကြီး ညီကို တကယ်ပဲ ရဟန်းမကြီးလို့ အောက်မေ့ကြပါသတဲ့။ ဘယ်သူကမျှ သိုက်ဆရာကြီးရဲ့ညီက ရဟန်းမကြီးယောင်ဆောင်လာသည် ဆိုသဟာကို မရိပ်မိကြပါဘူးတဲ့။

အဲသဟာနှင့် မင်းသမီးကလေးက သိုက်ဆရာကြီးရဲ့ညီကို အရိုအသေ ပေးပြီး သူ့နားမှာ ထိုင်စေပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက 'အို... အရှင်မကြီး ဖာတီမာ၊ ငါသည် အရှင်မကြီး၏ တရားများကို နာလိုသည်မှာ ကြာပါပြီ။ ငါ့အား တရားပြ၍ ပေးပြီးလျှင် ဤ ငါ၏ နန်းတော်ဆောင်မှာပင် အမြဲ သီတင်းသုံးပါလော့' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီး ညီက 'အို... ထိပ်ထား၊ ငါသည် ဆင်းရဲနွမ်းပါး၍ တရားအားထုတ်ကာ သဲကန္တာရအတွင်း၌ နေသသူ ဖြစ်ပါသည်။ ဤကဲ့သို့ ကြီးကျယ်ခမ်းနားသော နန်းဆောင်ကြီးတွင် သီတင်းသုံးရန် မတော်ပါ' လို့ ပြောပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'အို... ဖာတီမာ အရှင်မကြီး၊ သင် သီတင်းသုံးရန်အတွက် ငါ၏ နန်းတော်ဆောင်ကြီးတွင် အဆောင်တစ်ခု ခွဲ၍ ပေးထားပါမည်။ ဘာမျှ အားနာဖို့ မရှိပါ။ သင် တရားအားထုတ်ရန်အတွက် သည်နေရာထက် အေးချမ်းသည့် ကျောင်းသခ်မ်းမျိုး ရနိုင်မည် မဟုတ်ပါ' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးရဲ့ ညီက သဘောကျသွားပြီး 'ထိပ်ထားရဲ့ အလိုတော်ကို ငါ မလွန်ဆန်ပါ၊ ထိပ်ထားတို့လို စူလတန် ဘုရင်မင်းကြီး၏ သားတော် သမီးတော်တို့ရဲ့ အလိုတော်ကို မလွန်ဆန်ကောင်းပါ။ သို့ရာတွင် တစ်ခုတော့ ထိပ်ထားက ခွင့်ပြုရပါလိမ့်မည်။ ငါ စားသည့်သောက်သည့် အခါတွင် ငါ့အတွက် သက်သက်ပေးထားသော အဆောင်၌ ငါ့ဟာငါ တစ်ယောက်တည်း စားသောက်ခွင့် ပြုစေလိုပါသည်။ ငါသည် ကောင်းမြတ်သော အစာများကို အလို မရှိပါ။ ဆွမ်းတစ်ဆုပ်နှင့် ရေတစ်မှုတ်လောက်ကို ထိပ်ထားရဲ့ အထိန်းတော် တစ်ယောက်နှင့် ငါ့ဆီကို အပို့လွှတ်လျှင် တော်ပါပြီ။ ငါ စားသောက်သောအခါတွင် ငါ့အခန်းထဲ၌ ငါ့ဟာငါ တစ်ယောက်တည်း သတ်သတ် စားသောက်လိုပါသည်' လို့ ပြောပါသတဲ့။ အဲသည်လို သူ့ဟာသူ တစ်ယောက်တည်း စားလို သောက်လိုသဟာကတော့ တကယ်လို့ အစားအသောက် စားဖို့ သောက်ဖို့ မျက်နှာအုပ် တဘက်ကို ဖွင့်လိုက်လို့ရှိရင် သူ့မျက်နှာကို မြင်သွားပြီး သူဟာ ရဟန်းမ အစစ် မဟုတ်ဘဲ ယောကျ်ားက ရဟန်းမယောင်ဆောင်နေသဟာ ပေါ်သွားမှာ စိုးလို့ပါပဲတဲ့။

အဲသဟာနှင့် မင်းသမီးကလေးက 'အို... ဖာတီမာ အရှင်မကြီး၊ စိုးရိမ်တော်



www.burmeseclassic.com

www.burmeseclassic.com



မမူပါလင့်။ အစစ အရာရာတွင် အရှင်မကြီး အလိုတော် ရှိသည့်အတိုင်းချည်း ဖြစ်ရပါစေမည်။ ယခုပင် ထ၍ အရှင်မကြီး သီတင်းသုံးရန် အဆောင်သို့ ကြွတော်မူပါလော့' လို့ ပြောပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက ရဟန်းမကြီး ဖာတီမာယောင် ဆောင်လာသည့် သိုက်ဆရာကြီးရဲ့ညီကို သီးသန့်အဆောင် တစ်ခုထဲကို လိုက်ပို့ လိုက်ပါသတဲ့။ ပြီးတော့ တစ်ခါ မင်းသမီးကလေးက 'ဤ အဆောင်တွင် အရှင်မကြီး ချမ်းသာစွာ သီတင်းသုံးနိုင်ပါသည်။ ဤအဆောင်ကို အရှင်မ ဖာတီမာ အဆောင်လို့ ဘွဲ့တပ်ထားပါမည်' လို့ ပြောပါသတဲ့။ သည်တော့ သိုက်ဆရာကြီး ညီက မင်းသမီးကလေးအတွက် ဆုမွန်ကောင်းများ ပေးပြီး ကျေးဇူးတင်ကြောင်းကို ပြောပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက သိုက်ဆရာကြီးရဲ့ ညီကို ရတနာ ရွှေငွေအတိ မွမ်းမံ ခြယ်လှယ်ထားသည့် အဆောင်မှာ နေစေပါသတဲ့။ ပြီးတော့ မင်းသမီးကလေးက 'သည်အဆောင်ကြီးဟာ မကောင်းဘူးလား' လို့ မေးပါသတဲ့။ သည်တော့ သိုက်ဆရာကြီး ညီက 'အို . . . သမီး၊ ဗွန္ဓယာကြီးတွင် သည်ကဲ့သို့ ကြီးကျယ် ခမ်းနားသည့် အဆောင်တော်မျိုး မရှိနိုင်ပါ။ သည်အဆောင်ကြီးတွင် ချွတ်ယွင်းချက် တစ်ခုပဲ ရှိပါသည်' လို့ ပြောပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'ဤအဆောင်တွင် ဘာချွတ်ယွင်း၍ နေပါသနည်း၊ ငါ့ကို ပြောပြပါလော့။ ငါ့စိတ်ထဲတွင် ဤအဆောင်သည် အစစ ပြီးပြည့်စုံနေသော အဆောင်လို့သာ ထင်မှတ်ခဲ့ပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးရဲ့ ညီက 'ထိပ်ထား၊ ဤအဆောင်၏ အလယ်ကောင် မျက်နှာကြက်မှာ ရုခငှက်ကြီးရဲ့ ဥတစ်လုံးကို ချည်ဆွဲ၍ ထားလိုက်ပါမူ ဗွန္ဓယာကြီး တစ်ခုလုံး၌ ဤအဆောင်ကို တုပြိုင်နိုင်မည့် အဆောင်မျိုး ရှိနိုင်တော့မည် မဟုတ်ပါ' လို့ ဆိုပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'အို အရှင်မကြီး၊ ရုခငှက် ဆိုသည်မှာ ဘယ်လို ငှက်မျိုးဖြစ်၍ ဘယ်အရပ်တွင် ရှိပါသနည်း' လို့ မေးပါသတဲ့။ သည်တော့ သိုက်ဆရာကြီး ညီက 'အို . . . ထိပ်ထား၊ ရုခ ငှက်မျိုးသည် အင်မတန် ကြီးမားသော ငှက်မျိုးဖြစ်၍ ကုလားအုတ်များ၊ ဆင်များကိုပင် ထိုးသုတ်၍ သွားနိုင်ပါသည်။ ရုခငှက်မျိုးကို ကဖတောင်တွင် တွေ့နိုင်ပါသည်။ ဤနန်းတော်ဆောင်ကို ဆောက်လုပ်သော ဗိသုကာသည် ရုခ ငှက်ဥကို ရအောင် ရှာပေးနိုင်ပါလိမ့်မည်' လို့ ဆိုပါသတဲ့။

ပြီးတော့ ရဟန်းမ အတုကြီးနှင့် မင်းသမီးကလေးဟာ မွန်းတည့်စာ စားမည့်အကြောင်းကို ဆက်ပြီး ပြောကြပါသတဲ့။ အဲသည်အခါမှာ မင်းသမီးကလေးက သူ့အထိန်းတော်ကို စားပွဲ အပြင်ခိုင်းပြီး ရဟန်းမ အတုကြီးကို သူနှင့်အတူ စားဖို့ ပြောပါသတဲ့။ သည်တော့ ရဟန်းမ အတုကြီးက သူဟာ ဘယ်နည်းနှင့်မျှ မင်းသမီးကလေးနှင့် အတူ မစားနိုင်သည့် အဖြစ်ကို ပြောပြီးတော့ သူ့ဖို့ မင်းသမီးကလေးက ပေးထားသည့် အဆောင်ထဲကို ဝင်သွားပါသတဲ့။ အဲသဟာနှင့်ပဲ အထိန်းတော်များက စားပွဲကို ရဟန်းမ အတုကြီး ရှိရာကို သွားပို့ကြရပါသတဲ့။





အဲသဟာနှင့် အဲသည်နေ့ဟာ ညနေစောင်းသွားပါရောတဲ့။ အဲသလို ညနေစောင်းသွားတော့ အလာဒင်က တောကစား သွားရာမှ နန်းတော်ဆောင်ကြီးကို ပြန်ရောက်လာပါသတဲ့။ သည်တော့ မင်းသမီးကလေးက ဆီးပြီး ကြိုပါသတဲ့။ သည်တော့ အလာဒင်က အားရဝမ်းသာနှင့် မင်းသမီးကလေးကို ပွေ့ဖက်ပြီး နမ်းပါ ရှုပ်ပါသတဲ့။ သဟာပေမင့် မင်းသမီးကလေးရဲ့ မျက်နှာက ခါတိုင်းလို ရွှင်ရွှင်ပျပျ မရှိပါဘူး တဲ့။ အဲသဟာနှင့် အလာဒင်က 'သည်နေ့ ဘယ်လို ဖြစ်သဟာလဲ နှမတော်၊ မျက်နှာလည်း မသာပါလား' လို့ မေးပါသတဲ့။ သည်တော့ မင်းသမီးကလေးက 'ဘာမျှတော့ မဖြစ်ပါဘူး မောင်တော်ရယ်၊ သဟာပေမင့် နှမတော်တို့ရဲ့ နန်းတော်ဆောင်ကြီးထဲမှာ ရုခငှက်ဥ တစ်လုံး လိုနေပါသည်။ ရုခငှက်ဥ တစ်လုံးကိုသာ မျက်နှာကြက်က ချည်ပြီး ဆွဲထားလိုက်ရလျှင်တော့ ဗွန္ဓယာကြီး တစ်ခုလုံးမှာ နှမတော်တို့ရဲ့ နန်းတော်ဆောင်နှင့် တူသည့် နန်းတော်ဆောင် ရှိနိုင်တော့မှာ မဟုတ်ပါဘူး' လို့ ဆိုပါသတဲ့။

သည်တော့ အလာဒင်က 'အို . . . နှမတော်ကလည်း သည်လောက် သေးငယ်သည့် အရာကလေးအတွက် သည်လောက်တောင်ပဲ စိတ်မကောင်း ဖြစ်နေရသလား။ သည်ကိစ္စဟာ ဘာမျှ ဖြစ်လောက်သည့်ကိစ္စ မဟုတ်ပါဘူး။ အလွယ်ကလေးပါ၊ ဘာမျှ ပူမနေပါနှင့်။ နှမတော် လိုချင်သည့် အရာဆိုရင် ဘာဖြစ်ဖြစ် မောင်တော် ရအောင် ရှာပေးပါမည်။ နှမတော် ပါးစပ်က လိုချင်သည်လို့ တစ်ခွန်းတည်း ပြောလိုက်ရုံနှင့် မောင်တော်က ရအောင် ရှာပေးနိုင်ပါသည်။ ကမ္ဘာမြေကြီးရဲ့ အောက်ခြေမှာရှိသည့် အရာမျိုးကိုတောင်မှပဲ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း အချိန်လောက်မှာ မောင်တော် ရအောင် ဆောင်ကြဉ်းပေးပါမည်' လို့ အလာဒင်က ပြောပါသတဲ့။

အဲသည်လို မင်းသမီးကလေးအား နှစ်သိမ့်စရာ စကားများကို ပြောပြီး အလာဒင်က သူ့အဆောင်ထဲ သူ ဝင်သွားပါသတဲ့။ ပြီးတော့ ဆေးမီးခွက်ကို ယူပြီး လက်နှင့် ပွတ်ပါသတဲ့။ သည်တော့ ဖြုန်းခနဲ ဆေးမီးခွက်စောင့်သရဲ ပေါ်လာပြီး 'အရှင် အလိုရှိရာ မိန့်ပါ၊ ငါ ရအောင် ဆောင်ကြဉ်းပေးပါမည်' လို့ ဆိုပါသတဲ့။ သည်တော့ အလာဒင်က 'ရုခ ငှက်ဥတစ်လုံးကို ရှာပြီး ငါ့နန်းတော်ဆောင် မျက်နှာကြက်မှာ တွဲလဲဆွဲပြီး ပေးရမည်' လို့ ပြောပါသတဲ့။ သည်တော့ သရဲက မျက်နှာကြီး နီလာပြီး ကြောက်စရာအသံကြီးနှင့် 'သင်သည် သင်နှင့် ထိုက်တန်သလောက်ကိုသာ အလိုရှိသူ မဟုတ်။ ငါတို့ မီးခွက်စောင့်များက ရအောင် ဆောင်ကြဉ်းပေးသည်တို့နှင့်လည်း မကျေနပ်ဘဲ ယခု ငါတို့၏ သခင်မကိုပင် သင်တို့လင်မယားက မျက်နှာကြက်တွင် တွဲလဲဆွဲ၍ ထားချင်ပြန်သည်ဟု ပြောနေပြန်ပြီ။ သင်တို့ နှစ်ဦးလုံးအား ယခုချက်ချင်းပင် ပြာကျသွားအောင် လုပ်ပစ်ဖို့ ကောင်းတော့သည်။ သို့ရာတွင် သင်တို့သည် မသိနားမလည်သူများ ဖြစ်၍ သင်တို့အား သည်တစ်ခါ ငါ ချမ်းသာပေးဦးမည်။ တကယ်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ယခု အပြစ်မှာ သင်တို့အပြစ် မဟုတ်။ သိုက်ဆရာညီ၏ အပြစ်သာ ဖြစ်သည်။ သည်ကောင်သည် ယခု သင်တို့ နန်းတော်ဆောင် အတွင်း၌ ရောက်နေသည်။ သင့်မယားက ရခငှက်ဥကို ရှာပေးရမည် ဆိုခြင်းဟာလည်း သည်ကောင်က သင်ပေးလို့ ဆိုခြင်းသာ ဖြစ်သည်။ သည်ကောင်သည် ရဟန်းမကြီး ဖာတီမာကို သတ်ပြီး ရဟန်းမကြီး ဖာတီမာရဲ့ အဝတ်အစားကို ဝတ်၍ ရဟန်းမကြီး ဖာတီမာယောင် ဆောင်နေသည်။ ယခု သည်ကောင် သင်တို့ဆီကို ရောက်နေသည့် အကြောင်းကလည်း တခြားအကြောင်းကြောင့် မဟုတ်ဘူး။ 'သူ့အစ်ကို သိုက်ဆရာကို သင်က သတ်ပစ်လိုက်သည့်အတွက် လက်စားချေဖို့ ရောက်နေခြင်း ဖြစ်သည်' လို့ အသံနက်ကြီးနှင့် အော်ပြီး ပြောပါသတဲ့။ အဲသည်လို ပြောပြီးတော့ မီးခွက်စောင့်သရဲဟာ ပျောက်ကွယ်သွားပါသတဲ့။

အဲသည်လို မီးခွက်စောင့်သရဲက ကြောက်မက်ဖွယ် အသံနက်ကြီးနှင့် အော်ပြောသဟာတွေ ကြားရတော့ အလာဒင်ဟာ ကြောက်လန့်သွားပြီး တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသဟာပါပဲတဲ့။ သဟာပေမင့် အလာဒင်က သူ့စိတ်ကို တင်းပြီး၊ သူ့အခန်းထဲက ထွက်ပြီး မင်းသမီးကလေးရဲ့ အဆောင်ထဲကို သွားပါသတဲ့။ ပြီးတော့ အလာဒင်က သိပ်ပြီး ခေါင်းကိုက်ချင်ယောင်ဆောင်ပြီး သူ့ခေါင်းကို လက်နှစ်ဖက်နှင့် ကိုင်ထားပါသတဲ့။ အဲသည်လို ခေါင်းကိုက်ဟန်ဆောင်သဟာ က ရဟန်းမကြီး ဖာတီမာဟာ ခေါင်းကိုက်သဟာတွေ ဘာတွေကို အင်မတန် အကုကောင်းသည် ဆိုသဟာကို သိထားလို့ပါတဲ့။ အဲသည်လို အလာဒင်က ခေါင်းကိုက်ချင်ယောင်ဆောင်သဟာကို မင်းသမီးက မေးတော့ 'ငါ့ခေါင်းက သိပ်ကိုက်သဟာပဲ၊ သည့်ပြင်တော့လည်း ဘာမျှ မဖြစ်ပါဘူး' လို့ ပြောပါသတဲ့။ သည်တော့ မင်းသမီးကလေးက ချက်ချင်း ရဟန်းမကြီး ဖာတီမာကို လူလွှတ်ပြီး အခေါ်ခိုင်းလိုက်ပါသတဲ့။ သည်တော့ အလာဒင်က 'နေစမ်းပါဦး၊ သည်ဖာတီမာ ဆိုသဟာက ဘယ်သူလဲ' လို့ မေးပါသတဲ့။

သည်တော့ မင်းသမီးကလေးက 'ရဟန်းမကြီး ဖာတီမာ ဆိုသဟာဟာ အင်မတန် အကျင့်ကောင်းလို့ နှမတော် ကိုးကွယ်ဖို့ သည်နန်းတော်ဆောင်မှာ ပင့်ထားသည့် ရဟန်းမကြီးပါ' လို့ ပြောပါသတဲ့။ အဲသည်အတွင်းမှာ အထိန်းတော်များက ရဟန်းမကြီးယောင် ဆောင်နေသည့် သိုက်ဆရာကြီးရဲ့ညီကို သူ့အဆောင်က သွားပြီး အလာဒင့်ဆီကို ခေါ်လာကြပါသတဲ့။ သည်တော့ အလာဒင်က ဖာတီမာ အတုကြီးရဲ့ အကြောင်းကို ဘာမျှ မသိချင်ယောင်ဆောင်ပြီး အရိုအသေ ပေးပါသတဲ့။ ပြီးတော့ 'အို . . . အရှင်မကြီး ဖာတီမာ၊ အရှင်မကြီး၏ ဂုဏ်သတင်းသည် အင်မတန် ကြီးပါဘိသည်။ ငါ့အား သနားသောအားဖြင့် ကယ်မ ပေးတော်မူပါလော့။ ငါ၏ဦးခေါင်းသည် သည်းထန်စွာ ကိုက်လျက် ရှိပါသည်' လို့ ဆိုပါသတဲ့။ သည်တော့ သိုက်ဆရာကြီးရဲ့ ညီက သူ့အကြံအောင်ပြီ ဆိုပြီး ဝမ်းသာအားရနှင့် အလာဒင်ရဲ့ ခေါင်းပေါ်ကို သူ့





'ဘယ့်နှယ် လုပ်သဟာလဲ မောင်တော်၊ ဖာတီမာ အရှင်မကြီးဟာ သူတော်ကောင်းကြီးပါ'

ဘယ်ဘက်လက်ကို တင်လိုက်ပါသတဲ့။ ပြီးတော့ သူ့ညာဘက်လက်နှင့် သူ့ခါးထဲမှာ ဝှက်ယူလာသည့် ဓားမြှောင်ကို နှိုက်ယူလိုက်ပါသတဲ့။

အဲသည်အခါမှာ အလာဒင်က ဘာမျှ မသိချင်ယောင် ဆောင်နေပါသတဲ့။ သဟာပေမင့် အလာဒင်က သိုက်ဆရာကြီးရဲ့ ညီရဲ့ ညာဘက်လက်ကိုတော့ သတိထားပြီး အမြဲ စောင့်ကြည့်နေပါသတဲ့။ အဲသဟာနှင့် သိုက်ဆရာကြီးရဲ့ ညီက ဓားမြှောင်ကို နှိုက်ပြီး အလာဒင်ကို တစ်ချက်တည်းနှင့် သေရောဟဲ့ ဆိုပြီး တအား ထိုးလိုက်ပါသတဲ့။ သည်တော့မှ အလာဒင်က သူ့လက်ကို ဖမ်းလိမ်ပြီး သူ့ဓားမြှောင်နှင့် သူ့ကို ပြန်ထိုးလိုက်ပါသတဲ့။ သည်တော့ မင်းသမီးကလေးက ငယ်သံပါအောင် အော်ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



'ဘယ့်နှယ် လုပ်သဟာလဲ မောင်တော်၊ ဖာတီမာ အရှင်မကြီးဟာ သူတော်ကောင်းမကြီးပါ။ သူ့မှာ ဘာအပြစ်ရှိလို့ မောင်တော်က အခုလို ရက်ရက်စက်စက် ဓားနှင့်ထိုးသတ်လိုက်ရသလဲ။ သည်လို သူတော်ကောင်းမကြီးကို ပြစ်မှားသည့်အတွက် မောင်တော့်ကို အလာဟုအရှင်က အပြစ်ဒဏ် ခတ်တော့မှာပဲ' လို့ အပြစ်တင်ပါသတဲ့။

သည်တော့ အလာဒင်က 'မောင်တော်ဟာ ဖာတီမာ အရှင်မကြီးကို သတ်သဟာ မဟုတ်ပါဘူး။ အခု မောင်တော် သတ်လိုက်သည့် သူဟာ ဖာတီမာ အရှင်မကြီးကို သတ်ပြီး ဖာတီမာ အရှင်မကြီးရဲ့ အရေကို ခြုံနေသည့် ကောင်ယုတ်မာကြီးပါ။ သည်ကောင်ယုတ်မာကြီးဟာ နှမတော်ကို မတရားကျင့်ဖို့ အာဖရိကတိုက်ကို ခေါ်ဆောင်သွားသည့် သိုက်ဆရာ ကောင်ယုတ်မာကြီးရဲ့ ညီပါ။ သည် ကောင်ယုတ်မာဟာ သူ့အစ်ကိုကို သတ်လိုက်ရကောင်းမလား ဆိုပြီး မောင်တော့်အပေါ်မှာ လက်စားချေဖို့ ဖာတီမာ ရဟန်းမကြီးယောင် ဆောင်နေပါသည်။ သည်ကောင်က ရုခ ငှက်ဥကို မောင်တော်တို့ နန်းတော်ဆောင် မျက်နှာကြက်မှာ တွဲလဲဆွဲထားဖို့ နှမတော်ကို အကြံပေးသဟာကလည်း တခြားကြောင့် မဟုတ်ပါဘူး။ မောင်တော် အသက်သေအောင်လို့ အကြံပေးသဟာပါ။ အခု မောင်တော် ပြောသဟာတွေကို မယုံလို့ရှိရင် သည်ကောင်ကြီးရဲ့ မျက်နှာမှာ အုပ်ထားသည့် တဘက်ကို ဖွင့်ကြည့်ပါ' လို့ ပြောပြီး သိုက်ဆရာကြီးညီရဲ့ မျက်နှာကို ဖုံးထားသည့် တဘက်ကို အလာဒင်က ဆွဲပြီး လှန်ပြလိုက်ပါသတဲ့။

သည်တော့မှ ဖာတီမာ ရဟန်းမကြီးယောင်ဆောင်ပြီး သူတို့ နန်းတော်ဆောင်ထဲကို ရောက်နေသည့်သူဟာ ရဟန်းမကြီး ဖာတီမာ မဟုတ်ဘဲ၊ မုတ်ဆိတ်မွေးဖားဖားကြီးနှင့် သိုက်ဆရာကြီးရဲ့ညီ ဖြစ်နေသဟာကို မင်းသမီးကလေးက တွေ့ရပါသတဲ့။ သည်တော့မှ မင်းသမီးကလေးက သူ့စိတ်ထဲက ရဟန်းမကြီး ဖာတီမာ မှတ်ပြီး လိုက်လိုက်လှဲလှဲ ကြည်ညိုနေသည့် သူဟာ အလာဒင်ကို သတ်ဖို့ လာသည့် ရန်သူကြီးဖြစ်သဟာကို တွေ့ရပါသတဲ့။ အဲသဟာနှင့် မင်းသမီးကလေးက 'အို... မောင်တော်၊ နှမတော် မောင်တော့်ကို သေမင်းပါးစပ်ထဲ ပို့ခဲ့သဟာ နှစ်ခါတောင် ရှိပါပြီ' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က 'လွန်ပြီးသား ကိစ္စတွေအတွက် ဘာမျှ စိတ်အနှောင့်အယှက် ဖြစ်မနေပါနှင့် နှမတော်၊ မောင်တော့်အဖို့မှာ နှမတော်ကလေးရဲ့ ရွှေလမင်းကြီးနှင့် တူသည့် မျက်နှာတော်လေးကို ကြည့်နေရရင် ကျေနပ်သဟာပါပဲ' လို့ ဆိုပါသတဲ့။

သည်တော့ မင်းသမီးကလေးက အလာဒင်ကို အားရပါးရ ဖက်ပြီး နမ်းပါသတဲ့။ ပြီးတော့ 'မောင်တော်ဟာ နှမတော်လေး အပေါ်မှာ ဘယ်လောက်ချစ်သည် ဆိုသဟာကို နှမတော် သိပါသည်။ နှမတော်ရဲ့ အချစ်ဟာလည်း မောင်တော်ရဲ့ အချစ်ထက် မနည်းပါဘူး မောင်တော်' လို့ ပြောပါသတဲ့။ သည်တော့ အလာဒင်က သဘောကျသွားပြီး မင်းသမီးကလေးကို တအားဖက်ပြီး နမ်းပါသတဲ့။ အဲသည်လို မင်းသမီးကလေးနှင့် အလာဒင်တို့ အချစ်ပြိုင်နေကြတုန်းမှာ ဆူလတန်ဘုရင်ကြီးက ရောက်လာပါသတဲ့။





သည်တော့ မင်းသမီးကလေးနှင့် အလာဒင်က သူတို့ရဲ့ ဖြစ်ကြောင်းကုန်စင်ကို ဆူလတန်ကြီးကို အကုန်လုံး ပြောပြပါသတဲ့။ သည်တော့ ဆူလတန်ကြီးက သိုက်ဆရာကြီးညီရဲ့ အလောင်းကို အမြန်ဆုံး မီးရှို့ပြီး ပြာကို လေထဲမှာ ဖြန့်ကြဲပစ်လိုက်ဖို့ အမိန့်တော်မှတ်ပါသတဲ့။ အဲသည်အချိန်က စပြီး အလာဒင်နှင့် မင်းသမီးကလေးဟာ ဘေးမသိရန်မခတော့ဘဲ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်ကြီး နေကြရပါသတဲ့။ အဲသည်လို ပျော်တပြုံးပြုံးနှင့် နေကြတုန်းမှာ တစ်နေ့တော့ ဆူလတန်ဘုရင်ကြီးဟာ နတ်ရွာစံသွားပါသတဲ့။ သည်တော့ အလာဒင်က ထီးမွေ နန်းမွေကို ဆက်ခံပြီး တရားနှင့်အညီ အုပ်ချုပ်သဟာနှင့် သူတို့ ဇနီးမောင်နှံရော၊ တိုင်းနေပြည်သူများရောဟာ ရေချမ်းအိုးကြီးလို အေးချမ်းစွာ နေကြရပါသတဲ့။ အဲသလိုနှင့်ပဲ ချမ်းချမ်းသာသာ ပျော်ပျော်ရွှင်ရွှင်နှင့် နေလိုက်ကြသဟာဟာ နောက်ဆုံးမှာ ပျော်ရွှင်ခြင်း၊ ပေါင်းသင်းဆက်ဆံခြင်းတို့ကို ဖျက်ဆီးတတ်သည့် သေမင်းက လာပြီး ခေါ်သွားသည်အထိ ပါပဲ တဲ့။

*

'အလာဒင်ရဲ့ အကြောင်းက သဟာပါပဲ ညီမလေးရယ်' ဟု ယှာဇ္ဌာဇတ်က ပြောသည်။

'မမ ပုံကလည်း သဟာပဲလား မမရဲ့၊ နောက်တစ်ပုံ ထပ်ပြောပါဦး' ဟု ညီမငယ် ဒွန်ယာဇတ်က တောင်းပန်သည်။

'မိုးကလည်း လင်းခါနီးပါပြီ ညီမလေးရယ်... မင်းတရားကြီးက အခွင့်ပြုတော်မူလို့ရှိရင် နောက်တစ်နေ့ကျတော့ ပုံတစ်ပုံ မမ ထပ်ပြီး ပြောပြပါဦးမည်' ဟု ယှာဇ္ဌာဇတ်က ဆိုသည်။

'ပြောစေ... ပြောစေ၊ သဟာပေမင့် သိပ်တော့ မရှည်စေနှင့်' ဟု ယှာဠီယမင်းကြီးက ခွင့်ပြုသည်။

'နောက်ည မမ ပြောမည့်ပုံက ဘာပုံလဲ မမရဲ့' ဟု ဒွန်ယာဇတ်က မေးသည်။

'နောက်တစ်နေ့ မမ ပြောမည့်ပုံက "အလီဗာဗာနှင့် သူခိုးလေးဆယ်ပုံ" လို့ ခေါ်ပါသည် ညီမလေး' ဟု ယှာဇ္ဌာဇတ်က ဖြေသည်။

'အလီဗာဗာပုံက အလာဒင့်ပုံလိုပဲ ကောင်းရဲ့လား... မမရဲ့' ဟု ဒွန်ယာဇတ်က မေးသည်။

'အလာဒင့်ပုံ ကောင်းသည် ဆိုသဟာက ဘာဟုတ်သေးလဲ၊ အလီဗာဗာ ပုံကမှ ပိုပြီး ကောင်းသဟာ' ဟု ယှာဇ္ဌာဇတ်က ဖြေပြီးလျှင်၊ အလီဗာဗာနှင့် သူခိုးလေးဆယ်ပုံကို ဆိုလတ္တံ့သည့်အတိုင်း ရှန်းရှန်းဝေအောင် ပြောပြသည်။ ။

သခင်ဘသောင်း

www.burmeseclassic.com

www.burmeseclassic.com

## ရာပြည့်စာအုပ်တိုက်တွင် ရနိုင်သော စာအုပ်များ

| | | |
|---|---|---|
| ၁။ ပါရဂူ | သိဒ္ဓတ္ထ | ၂၀၀ ကျပ် |
| ၂။ ပါရဂူ | စိတ္တရလေခါ | ၃၅၀ ။ |
| ၃။ ပါရဂူ | နိဗ္ဗာန် | ၂၀၀ ။ |
| ၄။ ပါရဂူ | ဗုဒ္ဓဒိုင်ယာရီ | ၁၃၅ ။ |
| ၅။ ပါရဂူ | ခေါမ ဒဿနပညာရှင် | ၁၇၅ ။ |
| ၆။ ပါရဂူ | ပဏ္ဍိတ ကထာ | ၂၀၀ ။ |
| ၇။ ပါရဂူ | ညီတော်မင်းနန် | ၁၀၀ ။ |
| ၈။ ပါရဂူ | အမ္ဗပါလီ | ၂၅၀ ။ |
| ၉။ ပါရဂူ | ဗုဒ္ဓစကား | ၁၆၅ ။ |
| ၁၀။ ပါရဂူ | တမ္ဗပဏ္ဏိ | ၃၇၅ ။ |
| ၁၁။ ပါရဂူ | စရက | ၁၇၅ ။ |
| ၁၂။ ပါရဂူ | သားတော်ရာဟုလာ | ၂၀၀ ။, |
| ၁၃။ ဒေါက်တာကျော်စိန် | သင့်ဘဝတွက်တာ အသုံးချစိတ်ပညာ | ၃၅၀ ။ |
| ၁၄။ ဒေါက်တာကျော်စိန် | လူငယ်လမ်းညွှန် | ၂၅၀ ။ |
| ၁၅။ ဒေါက်တာကျော်စိန် | သင် သိလိုသမျှ စိုးရိမ်သောကအကြောင်း | ၁၅၀ ။ |
| ၁၆။ ဒေါက်တာကျော်စိန်(နှင့်–) | မသိစိတ်၏အစွမ်းသတ္တိနှင့် စိတ်ပညာပဒေသာ | ၂၀၀ ။ |
| ၁၇။ ဒေါက်တာကျော်စိန်(နှင့်–) | စိတ်နယ်လွန်ပညာနှင့် စိတ်ပညာပဒေသာ | ၃၅၀ ။ |
| ၁၈။ မောင်ပေါ်ထွန်း | ဟားဗတ်စီးပွားရေးတက္ကသိုလ်မှာ မသင်ခဲ့ရသမျှ | ၂၅၀ ။ |
| ၁၉။ မောင်ပေါ်ထွန်း | အဆင့်မြင့် အောင်မြင်သူတို့၏ အလေ့အထများ | ၁၅၀ ။ |
| ၂၀။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း(၁) | ၁၅၀ ။ |
| ၂၁။ မောင်ပေါ်ထွန်း | အမြန်ဆုံး သူဌေးဖြစ်နည်း(၂) | ၁၂၅ ။ |
| ၂၂။ မောင်ပေါ်ထွန်း | ကန္တာရ စမ်းရေအိုင် | ၁၀၀ ။ |
| ၂၃။ မောင်ပေါ်ထွန်း | စံပြ အရောင်းသမား | ၃၀၀ ။ |
| ၂၄။ မောင်ပေါ်ထွန်း | လုပ်ငန်းအောင်မြင်ရေး လျှို့ဝှက်ချက်များ | ၃၀၀ ။ |
| ၂၅။ မောင်ပေါ်ထွန်း | ကိုယ်စွမ်းကိုယ်စဖြင့် ကြီးပွားရေး | ၂၅၀ ။ |
| ၂၆။ မောင်ပေါ်ထွန်း | စွန့်စားမှ အောင်မြင်မည် | ၂၅၀ ။ |
| ၂၇။ မောင်ပေါ်ထွန်း | စီးပွားတက်အောင် လုပ်နည်း | ၂၀၀ ။ |
| ၂၈။ မောင်ပေါ်ထွန်း | ယက်ဖ်တူရှင်ကို (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ) | ၄၀၀ ။ |
| ၂၉။ သက်လုံ | ဘဝအောင်မြင်ရေး၊ ကျန်းမာပျော်ရွှင်မှုနှင့် စိတ်စွမ်းအင် | ၁၅၀ ။ |
| ၃၀။ ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ | ၂၀၀ ။ |
| ၃၁။ ဒဂုန်ဦးထွန်းမြင့် | ဗုဒ္ဓ၏ ဩဝါဒ အမြုတေ(၂) | ၂၀၀ ။ |
| ၃၂။ ကြည်အေး | နှမ်းလျှအိမ်ပြန် | ၁၀၀ ။ |
| ၃၃။ ကြည်အေး | ကေဖွဲ့ဆိုသိ | ၁၅၀ ။ |
| ၃၄။ ကြည်အေး | ဖူးငုံပွင့်သစ် | ၁၃၅ ။ |
| ၃၅။ ကြည်အေး | မေတ္တာမီးအိမ် | ၃၀၀ ။ |
| ၃၆။ ကြည်အေး | အိပ်မက်နှင်းမြူ ဝတ္ထုတိုစု | ၄၀၀ ။ |
| ၃၇။ ရွှေဥဒေါင်း | ပထမံ ဆရာသိန်း | ၃၅၀ ။ |
| ၃၈။ ရွှေဥဒေါင်း | လမ်းနှစ်သွယ် | ၃၀၀ ။ |
| ၃၉။ ရွှေဥဒေါင်း | ရတနာသိုက် | ၆၅၀ ။ |
| ၄၀။ ရွှေဥဒေါင်း | သူတော်စိန် | ၂၅၀ ။ |
| ၄၁။ ရွှေဥဒေါင်း | ဂမုန်းနက် | ၂၀၀ ။ |
| ၄၂။ ရွှေဥဒေါင်း | စောလမုန်သိုက် | ၂၅၀ ။ |
| ၄၃။ ရွှေဥဒေါင်း | ဘတ်စကာဗျိုလ် ခွေးကြီး | ၃၀၀ ။ |
| ၄၄။ ရွှေဥဒေါင်း | စေတစ်လုံးပိုင်ရှင် | ၃၅၀ ။ |
| ၄၅။ ရွှေဥဒေါင်း | စန္ဒာဒေဝီ | ၂၀၀ ။ |
| ၄၆။ ရွှေဥဒေါင်း | ဆင်စွယ်မင်းသမီး | ၂၅၀ ။ |
| ၄၇။ ရွှေဥဒေါင်း | ကာလယန္တရား | ၄၀၀ ။ |
| ၄၈။ ရွှေဥဒေါင်း | သူရဲကောင်းသုံးယောက် | ၈၀၀ ။ |
| ၄၉။ ရွှေဥဒေါင်း | ဝသုံးလုံး | ၃၀၀ ။ |
| ၅၀။ ရွှေဥဒေါင်း | ရုပ်ခွဲနာမ်ခွဲနှင့် အခြားဝတ္ထုတိုများ | ၆၀၀ : |
| ၅၁။ ရွှေဥဒေါင်း | ကိုယ်ရုံတော် | ၄၅၀ ။ |
| ၅၂။ ဇော်ဂျီ | မိုးကြယ်မှိုလားနှင့် နိဗ္ဗဆုရ ဝတ္ထုတိုများ | ၃၀၀ ။ |
| ၅၃။ ဇော်ဂျီ | လမ်းသစ်နှင့် နိဗ္ဗဆုရ ဝတ္ထုတိုများ | ၂၅၀ ။ |
| ၅၄။ ဇော်ဂျီ | နင်လားပဲ့ ချစ်ဒုက္ခနှင့် နိဗ္ဗဆုရ ဝတ္ထုတိုများ | ၂၅၀ ။ |
| ၅၅။ ဇော်ဂျီ | ဝတ္ထုတိုပေါင်းချုပ် | ၂၀၀ ။ |
| ၅၆။ ဇော်ဂျီ | မဟာဆန်ချင်သူ | ၃၅၀ ။ |
| ၅၇။ ခင်မောင်ညို | ကိုယ့်နောက်က လိုက်နေသည့်ငွေ | ၁၅၀ ။ |
| ၅၈။ ခင်မောင်ညို | ဘဝတစ်လျှောက် အောင်မြင်ပျော်ရွှင်နည်း | ၂၅၀ ။ |
| ၅၉။ ထွန်းသစ် | ထင်ပေါ်ကျော်ကြား၊ ကမ္ဘာ့ခေါင်းဆောင်များ | ၃၅၀ ။ |
| ၆၀။ ထွန်းသစ် | ခေါင်းဆောင်ကမ္ဘာ၊ ရုပ်ပုံလွှာ | ၃၀၀ ။ |
| ၆၁။ ထွန်းသစ် | ဇာတ်ခုံကမ္ဘာ၊ ဇာတ်ဆောင်ကမ္ဘာ | ၅၅၀ ။ |
| ၆၂။ မောင်ထင် | မှန်တိုင်းထဲက နမူးစာနှင့် အခြား ဝတ္ထုတိုများ | ၇၀ ။ |
| ၆၃။ မောင်ထင် | မိုပါဆွန်း ဝတ္ထုတိုများ | ၃၅၀ ။ |
| ၆၄။ မောင်ထင် | ဝတ္ထုတိုပေါင်းချုပ် | ၄၀၀ ။ |
| ၆၅။ မောင်ထင် | ကမ္ဘာ့ဝတ္ထုတိုများ | ၉၀၀ ။ |
| ၆၆။ မောင်ထင် | ဂါလီဗာ၏ ခရီးစဉ် | ၇၀၀ ။ |
| ၆၇။ ဒဂုန်တာရာ | ဖျတ်ခနဲ တွေ့ရသော ရုပ်ပုံလွှာ ကားချပ်များ | ၃၀၀ ။ |
| ၆၈။ ဦးရွှေအောင် | အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ် | ၁၀၀၀ ။ |
| ၆၉။ ကျော်အောင် | နေဝင်ဘုရင်များ | ၅၀၀ ။ |
| ၇၀။ ကျော်အောင် | အကောင်းမြင်သမား | ၂၅၀ ။ |
| ၇၁။ ကျော်အောင် | ဆမ်းမားဆက်မွမ်၏ ဝတ္ထုတိုများ | ၈၀၀ ။ |
| ၇၂။ တိုက်စိုး | မင်းတုန်းမင်း | ၁၅၀ ။ |
| ၇၃။ တိုက်စိုး | မင်္ဂလာပါ ဆရာမ | ၁၅၀ ။ |
| ၇၄။ တိုက်စိုး | ဇေယျ | ၂၅၀ ။, |
| ၇၅။ အောင်နိုင်(တက္ကသိုလ်) | လှတောသား၏ စကားအလင်္ကာ ပေါင်းချုပ် | ၃၀၀ ။ |
| ၇၆။ တက်တိုး | အေဗရာဟင် လင်ကွန်း | ၃၀၀ ။ |
| ၇၇။ တက်တိုး | အာဇာနည်စိတ်နှင့် အညွှန့်တလူလူ | ၁၇၅ ။ |
| ၇၈။ တက်တိုး | ဘဝပညာ | ၄၅၀ ။ |
| ၇၉။ သိန်းဖေမြင့် | ဝတ္ထုတိုပေါင်းချုပ်သစ် | ၁၂၀၀ ။ |
| ၈၀။ သိန်းဖေမြင့် | တစ်ခုသောငွေရတုသဘင်နှင့် ဘိုးဘိုးနှင့်ဘွားဘွား အချစ်ပွား | ၃၀၀ ။ |
| ၈၁။ ခင်နှင်းယု | လက်ရွေးစင် ဝတ္ထုတိုများ | ၃၅၀ ။ |
| ၈၂။ ဂျာနယ်ကျော်မမလေး | လက်ရွေးစင် ဝတ္ထုတိုများ | ၆၀၀ ။ |
| ၈၃။ ဂျာနယ်ကျော်မမလေး | သွေး | ၆၀၀ ။ |
| ၈၄။ ဂျာနယ်ကျော်မမလေး | သူလိုသူ | ၇၅၀ ။ |

www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| ၈၅။ ဂျာနယ်ကျော်မမလေး | မုန်း၍မဟူ | ၄၀၀ ။ |
| ၈၆။ ဂျာနယ်ကျော်မမလေး | ရင်နှင့်အောင်မွေး | ၁၃၀၀ ။ |
| ၈၇။ မြသန်းတင့် | မရဏာ အိပ်မက်တစ်ခု၏ မှတ်တမ်း | ၁၅၀ ။ |
| ၈၈။ မြသန်းတင့် | လွမ်းမောဖွယ် ကမ္ဘောဇ | ၆၀၀ ။ |
| ၈၉။ ခင်မာလာကြာဖြူ | နှလုံးသား အလှဗေဒ | ၂၀၀ ။ |
| ၉၀။ ဒေါက်တာနန်းဥမ္မာ | ဆယ်ကျော်သက် အမျိုးသမီးလမ်းညွှန် | ၂၅၀ ။ |
| ၉၁။ ဦးသာညွန့် | မှတ်ဉာဏ်ထက်သန်စေလိုသော် | ၂၅၀ ။ |
| ၉၂။ စာရေးဆရာများ | ပုဂံ | ၃၅၀ ။ |
| ၉၃။ ညွန့်ကြူး | ဖန်မီးအိမ် နန်းချည်ကျွမ်းအောင်နှင့် – | ၂၅၀ ။ |
| ၉၄။ ညွန့်ကြူး | ပင်လယ်ဝံပုလွေ | ၃၀၀ ။ |
| ၉၅။ ကောင်းသာ | ကနဲ့သတ်မဲ့ အောင်မြင်ရေး | ၂၀၀ ။ |
| ၉၆။ ဘာသာပြန်ဆရာများ | မြွေနှင့် နိုင်ငံတကာ ဝတ္ထုတိုများ | ၃၅၀ ။ |
| ၉၇။ နွယ်သစ် | ကမ္ဘာကျော် စာအုပ် ၁၀၀ | ၆၅၀ ။ |
| ၉၈။ လင်းယုန်မောင်မောင် | မာသာထရီဆာ | ၄၀၀ ။ |
| ၉၉။ မောင်ဆုရှင် | ပင်လယ်ပြာနှင့် တံငါအို | ၄၀၀ ။ |
| ၁၀၀။ ဒေါက်တာဇော်သန်း | ဖန္တမ်းပင် ဒိုင်ယာရီ | ၃၀၀ ။ |
| ၁၀၁။ ဘာသာပြန်ဆရာများ | ဂျိမ်းဂွိုက်(စ်)၏ ဝတ္ထုတိုများ | ၂၇၅ ။ |
| ၁၀၂။ ရာပြည့်စာတည်းအဖွဲ့ | ၂၀ ရာစု အကြီးကျယ်ဆုံး ပုဂ္ဂိုလ်များ | ၇၀၀ ။ |
| ၁၀၃။ နတ်နွယ် | မိမိနှင့် စာရေးဆရာများ | ၆၅၀ ။ |
| ၁၀၄။ ဒဂုန်ရွှေမျှား | မြို့ဝန်မင်း၏ ဘဝခရီး | ၂၅၀ ။ |
| ၁၀၅။ ရဲမြလွင် | ခြေမစုံလက်မစုံ ကျွန်တော့်ဘဝအတွေ့အကြုံ | ၃၇၅ ။ |
| ၁၀၆။ မောင်သာချို | သမီးဖတ်ဖို့ | ၂၅၀ ။ |
| ၁၀၇။ တက္ကသိုလ်ဘုန်းနိုင် | သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် ခိုင် | ၇၀၀ ။ |
| ၁၀၈။ ဗိုလ်အေးမောင် | လူလော နာနာဘာဝလော | ၂၅၀ ။ |
| ၁၀၉။ တင်မောင်မြင့် | မဒမ်ကျူရီ | ၃၅၀ ။ |
| ၁၁၀။ တင်မောင်မြင့် | လက်ထပ်ထိမ်းမြားခြင်း အနုပညာ | ၃၀၀ ။ |
| ၁၁၁။ ဒေါက်တာခင်လေးမြင့် | မင်းသားလေး | ၃၅၀ ။ |
| ၁၁၂။ မြတ်ငြိမ်း | တီထွင်တွေး | ၅၅၀ ။ |
| ၁၁၃။ ခင်မျိုးချစ် | မိုင်ကယ်အိန်ဂျယ်လို | ၇၀၀ ။ |
| ၁၁၄။ မြင့်သန်း | ဖရန့်(ဇ) ကာ(ဖ)ကာ၏ စာ | ၂၀၀ ။ |
| ၁၁၅။ ကြယ်နီ | ဝတ္ထုတိုပေါင်းချုပ် | ၁၂၀၀ ။ |
| ၁၁၆။ မောင်သိန်းအောင် | ဟာစ်တလာ၏ အမာခံလက်ရုံး ဒေါက်တာဂိုးဘဲလ် | ၆၀၀ ။ |
| ၁၁၇။ မောင်ရဲခိုင် | ဆည်းဆာ | ၂၅၀ ။ |
| ၁၁၈။ မောင်သန်းဆွေ(ထားဝယ်) | ကုန်းဘောင်ရှင်းတမ်း | ၇၀၀ ။ |
| ၁၁၉။ အင်္ဂလိပ်စာဆရာများ | စံပြ အင်္ဂလိပ်အက်ဆေးများ | ၁၅၀ ။ |
| ၁၂၀။ ဥတ္တရလမင်း | ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ (၁၉၉၉) | ၅၀၀ ။ |
| ၁၂၁။ ဥတ္တရလမင်း | ခံစားသူအကြိုက် မဂ္ဂဇင်းဝတ္ထုတိုများ(၂၀၀၀) | ၅၀၀ ။ |
| ၁၂၂။ ချစ်ဝင်းမောင် | အယ်ဒီတာ့စကား | ၅၀၀ ။ |
| ၁၂၃။ ဦးရွှေအောင် | ဘဝအကျဉ်းသား | ၂၀၀ ။ |
| ၁၂၄။ ဦးရွှေအောင် | အမြင်များ ပြောင်းလဲခြင်း | ၄၀၀ ။ |
| ၁၂၅။ ဦးရွှေအောင် | ကုသိုလ်နှင့် အကုသိုလ် | ၃၀၀ ။ |
| ၁၂၆။ ဦးရွှေအောင် | ဘဝအမြင်သစ် | ၃၅၀ ။ |
| ၁၂၇။ ဦးရွှေအောင် | ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း | ၃၀၀ ။ |
| ၁၂၈။ ဦးရွှေအောင် | ထေရဝါဒအုတ်မြစ် | ၃၀၀ ။ |

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

Today Book Store
3200.00Ks.
T00230

ရှေးကလူများ၏ အဖြစ်အပျက်
အတွေ့အကြုံများသည်
ယခုကာလ လူများအဖို့
မှတ်သားစံယူဖွယ်ရာ ဖြစ်သည်။
ရှေးကလူများ၏ ထူးခြားသော
အဖြစ်အပျက်များကို
ကြားသိရသဖြင့် ယခုကာလ
လူများသည် ဆင်ခြင်နိုင်သည်။
ရှေးကလူများ၏ အတွေ့အကြုံများကို
လေ့လာမှတ်သားရသဖြင့်
မဆင်မခြင်လုပ်မှုများမှ
ကင်းလွတ်နိုင်သည်။
ဆန်းကြယ်သော တစ်ထောင့်တစ်ည
ဝတ္ထုပုံပြင်များသည် ဤကဲ့သို့
မှတ်သားစံယူဖွယ်
ဝတ္ထုပုံပြင်များ ပေတည်း။



www.burmeseclassic.com